အရှင်ကေသရ (မော်ကွန်းထိန်း)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
အရှင်ပညာနန္ဒ (ပိဋကတ်တိုက်မှူး)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ပူးတွဲပြုစုအပ်သော

# ဇာတ်အဋ္ဌကထာနိဿယ

## တိံသနိပါတ်မှ ပဏ္ဏာသနိပါတ်အထိ

ဘာသာပြန်နှင့် ပုံနှိပ်ထုတ်ဝေရေးဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
မန္တလေးမြို့

ဗုဒ္ဓဝဿ - ၂၅၅၆ မရမ္မဝဿ - ၁၃၇၄ ခရစ္စဝဿ - ၂၀၁၂

အရှင်ကေသရ (မော်ကွန်းထိန်း)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
အရှင်ပညာနန္ဒ (ပိဋကတ်တိုက်မှူး)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ပူးတွဲပြုစုအပ်သော

# ဇာတ်အဋ္ဌကထာနိဿယ

## တိံသနိပါတ်မှ ပဏ္ဏာသနိပါတ်အထိ

ဘာသာပြန်နှင့် ပုံနှိပ်ထုတ်ဝေရေးဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
မန္တလေးမြို့

ဗုဒ္ဓဝဿ - ၂၅၅၆ မြမ္မဝဿ-၁၃၇၄ ခရစ္စဝဿ - ၂၀၁၂

ပုံနှိပ်ခြင်း
၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလ
ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
(မှတ်ပုံတင်အမှတ် - ၀၃၈၄၃/၀၂၄၀၅)က ထုတ်ဝေ၍
သာသနာရေးဦးစီးဌာနအတွက်
ဦးမောင်မောင်ထွန်း (စံထားမိုးအော့ဖ်ဆက်)
အမှတ်-၂၇၊ မာန်ပြေ ၂၁-လမ်း (အရှေ့)၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

## ဇာတ်အဋ္ဌကထာ ပဥ္စမအုပ်

# နိဿယ နိဒါန်း

ဇာတ်အဋ္ဌကာထာမှာ ဆဋ္ဌမူဆိုဒ်အနေအားဖြင့် ဧကကနိပါတ်အဖွင့် စာမျက်နှာ (၅၃၈)ပါရှိသော အဋ္ဌကထာပထမအုပ်၊ ဒုက, တိကနိပါတ်အဖွင့် စာမျက်နှာ (၄၀၈) ပါရှိသော အဋ္ဌကထာဒုတိယအုပ်၊ စတုက္ကနိပါတ်မှ နဝကနိပါတ် အထိဖွင့်ဆိုသော စာမျက်နှာ (၅၁၇)ပါရှိသော အဋ္ဌကထာ တတိယအုပ်၊ ဒသကနိပါတ်မှ ဝီသတိနိပါတ် အထိဖွင့်ဆိုသော စာမျက်နှာ (၅၀၄)ပါရှိသော အဋ္ဌကထာစတုတ္ထအုပ်၊ တိံသနိပါတ်မှ အသီတိနိပါတ် အထိဖွင့်ဆိုသော စာမျက်နှာ (၅၅၃)ပါရှိသော အဋ္ဌကထာပဥ္စမအုပ်၊ မဟာနိပါတ် **"တေ-ဇ-သု-နေ-မ"** ဇာတ်တော်ကြီးငါးခုကို ဖွင့်ဆိုသော စာမျက်နှာ (၃၃၂)ပါရှိသော အဋ္ဌကထာ ဆဋ္ဌအုပ်၊ မဟာနိပါတ် **"ဘူ-စံ-နာ-ဝိ-ဝေ"** ဇာတ်တော်ကြီး ငါးခုကို ဖွင့်ဆိုသော စာမျက်နှာ (၃၈၇)ပါရှိသော အဋ္ဌကထာသတ္တမအုပ်အားဖြင့် (၇)အုပ်ရှိသည်။ စုစုပေါင်း စာမျက်နှာ (၃၂၃၉)မျက်နှာရှိသည်။

ဤဇာတ်အဋ္ဌကထာကို သီဟိုဠ်ပညာရှင်များက အရှင်မဟာဗုဒ္ဓဃောသ ရေးသည် ဟု လက်ခံယုံကြည်ကြ၏။ ဗုဒ္ဓစာပေကိုလေ့လာသော အနောက်တိုင်း ပညာရှင်တို့ကမူ အရှင်မဟာဗုဒ္ဓဃောသရေးသည်ဟု ယုံကြည်မှုကို လက်မခံလိုကြပေ။ အနောက်တိုင်း ပညာရှင်တို့၏ အကြောင်းပြချက်များမှာ -

၁။ အရှင်မဟာဗုဒ္ဓဃောသရေးသော အဋ္ဌကထာကြီးများကို **"သမန္တပါသာဒိကာ၊ သုမင်္ဂလဝိလာသိနီ၊ အဋ္ဌသာလိနီ"**စသောအားဖြင့် နာမည်ပေးထားသည်ကို တွေ့ရ၏။ ဇာတ်အဋ္ဌကထာ၌ ထိုသို့နာမည်ပေးထားသည်ကို မတွေ့ရပေ။

၂။ ကျမ်းနိဂုံး၌ ကျမ်းပြုပုဂ္ဂိုလ်၏အမည်ကို **"ပရမဝိသုဒ္ဓသဒ္ဓါဗုဒ္ဓိဝီရိယ-ဂုဏပ္ပဋိမဏ္ဍိတေန(လ) ဗုဒ္ဓဃောသောတိ ဂရူဟိဂဟိတနာမဓေယျေန ကတာ"**ဟူသော စာပိုဒ်ကို ထည့်သွင်းရေးသားလေ့ရှိ၏။ ဇာတ်အဋ္ဌကထာ၌ ထိုသို့ကျမ်းပြုပုဂ္ဂိုလ်ကို ရည်ညွှန်းစာပိုဒ် မတွေ့ရပေ။

၃။ ကျမ်းပြီးဆုတောင်းခန်း၌လည်း အရှင်မဟာဗုဒ္ဓဃောသသည် **"သတ္တဝါ အားလုံးတို့သည် မြတ်စွာဘုရား၏ တရားတော်၏အရသာကို**

**ခံစားသုံး ဆောင်နိုင်ကြပါစေ၊ ကောင်းသောတရားတော် ကြာရှည်စွာ တည်တံ့ ပါစေ**”စသည်ဖြင့် အများနှင့်ဆိုင်သော ဆုတောင်းမှုကို ပြုလေ့ရှိ၏။ ဇာတ် အဋ္ဌကထာ၌ ဆုတောင်းပုံမှာ ပုဂ္ဂလိကဆန်လှသည်။ “**ငါသည် တုသိတာနတ် မှာမွေးဖွားပြီး အရိမေတ္တေယျ ဘုရား ပွင့်တော်မူသော အခါ ဘုရားဆု ဗျာဒိတ်ပန်းကို ဆင်မြန်းရလို၏**”ဟု ဆုတောင်းထား ပေသည်။

၄။ အရှင်မဟာဗုဒ္ဓဃောသရေးသော အဋ္ဌကထာများ၏အစ၌ ရတနာသုံးပါးကို ချီးမွမ်းခြင်း, ဆရာသမားတို့၏ဂုဏ်ကို ချီးမွမ်းခြင်းတို့သည် ဂါထာဖွဲ့နွဲ့ပုံ အရသော် လည်းကောင်း၊ အတွေးအခေါ်ပိုင်းအရသော်လည်းကောင်း အလွန် စွဲမက်ဖွယ် ကောင်းလှ သည်။ ဇာတ်အဋ္ဌကထာ၌ ထိုသို့သဘောရှိသော အဖွဲ့အနွဲ့ တစ်စုံတစ်ခုမျှ မတွေ့ရပေ။

၅။ အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာနိဒါန်းတို့၌ ထိုကျမ်းကိုရေးသားရာ၌ တောင်းပန်သော ပုဂ္ဂိုလ်တို့ကို ဖော်ပြလေ့ရှိ၏။ ထိုတောင်းပန်သော ပုဂ္ဂိုလ်များ အားလုံးသည် မဟာဝိဟာရဂိုဏ်းမှ ပုဂ္ဂိုလ်များဖြစ်ကြ၏။ ဇာတ်အဋ္ဌကထာ ရေးရန် တောင်းပန်သောပုဂ္ဂိုလ်(၃)ဦးတို့တွင် တစ်ဦးမှာ မဟိသာသကဂိုဏ်းဝင် ပုဂ္ဂိုလ် ဖြစ်နေသည်ကို တွေ့ရ၏။

၆။ ဇာတ်အဋ္ဌကထာ၌ပါဝင်သော ဘာသာစကား အသုံးအနှုန်းများနှင့် ရေးသားပုံ နည်းစနစ်များမှာ စရိုက်လက္ခဏာ အသွင်အပြင်သဘောအရ အရှင်ဗုဒ္ဓ ဃောသ၏ အခြားသော အဋ္ဌကထာကြီးများနှင့်မတူ ကွဲပြားလျက်ရှိသည်။

ဇာတ်အဋ္ဌကထာကို အရှင်မဟာဗုဒ္ဓဃောသရေးသည်ဟု ယုံကြည်လက်ခံသော ပညာရှင်များကမူ အရှင်မဟာဗုဒ္ဓဃောသရေးသည်ဟု အများလက်ခံထားသော “**ပရမတ္ထဇောတိကာ**” အမည်ရှိသော သုတ္တနိပါတ်အဋ္ဌကထာ၌ “**သာ ပနေသာ ဇာတက အဋ္ဌကထာယံ ဝုတ္တာတိ ဣဓ န ဝိတ္ထာရိတာ၊ တတော တတ္ထ ဝိတ္ထာရိတနယေနေဝ ဝေဒိတဗ္ဗာ(နှာ-၃)**”ဟု ဇာတ်အဋ္ဌကထာကို ညွှန်းဆိုထား သည်ကို ထောက်ပြကြ၏။

အနောက်တိုင်း ပညာရှင်များကမူ “**ဇာတ်အဋ္ဌကထာ၌ ကြည့်လေ**’ဟု ညွှန်းဆိုမှု သက်သက်ကိုသာပြုသည်၊ “**မိမိရေးသော**”ဟု စကားဝါကျ မပါရှိသည်ကို ထောက်ပြကြ၏။

အလားတူ ဇာတ်အဋ္ဌကထာကို ညွှန်းဆိုသော စကားရပ်များကို ရှင်မဓမ္မပါလရေး 'ပရမတ္ထ-ဒီပနီ' မည်သော စရိယာပိဋကအဋ္ဌကထာ(နှာ-၃)၊ ဥဒါန်းအဋ္ဌကထာ(နှာ-၁၀၉)၊ အမည်မသိဆရာရေး အပဒါန်အဋ္ဌကထာ(နှာ-၇၅)တို့၌ တွေ့ရသည်။ ဤဇာတ်အဋ္ဌကထာ နိဒါနကထာ၊ အဝိဒူရေနိဒါန်း၌ "ယံ ပန ဇာတကဋ္ဌကထာယံ 'တဒါ သတ္တာဟဇာတော ရာဟုလကုမာရော ဟောတီ'တိ ဝုတ္တံ၊ တံ သေသဋ္ဌကထာသု နတ္ထိ၊ တသ္မာ ဣဒမေဝ ဂဟေတဗ္ဗံ"ဟု ဇာတ်အဋ္ဌကထာကို ကိုးကားထားသော စာပိုဒ်ပါရှိသည်။ ထို့ကြောင့် ဤဇာတ်အဋ္ဌကထာ၏ရှေ့၌ အခြားဇာတ်အဋ္ဌကထာတစ်ခု ရှိခဲ့သည်မှာသေချာသည်။ ဤသို့လျှင် ဇာတ်အဋ္ဌကထာကို အရှင်မဟာဗုဒ္ဓဃောသရေးဟု ယူဆသောပက္ခနှင့် မဟုတ်ဟုယူဆသော ပက္ခနှစ်ခုလုံးတို့၌ အကြောင်းပြကိုယ်စီ ရှိကြသည်ကိုတွေ့ရ၏။ အခြား ထူးခြားချက်မှာ ဇာတ်အဋ္ဌကထာ အဝိဒူရေနိဒါန်းတစ်ခုလုံးလိုလို၌ ပါဝင်သောပုဒ်အများ စုမှာ အရှင်ဗုဒ္ဓဒတ္တ၏ မဓုရတ္ထဝိလာသိနီ*(မဓုရတ္ထပကာသနီ)*အဋ္ဌကထာ၌ ပါဝင်သော ပုဒ်များနှင့် တူညီနေသည်ကို တွေ့ရ၏။ ၎င်းတို့ကို **"ကလောင်တစ်ခုတည်းက ရေးသား ခြင်းလော၊** (သို့မဟုတ်) **ပို၍မူရင်းကျသော ကျမ်းတစ်ခုခုမှ ၎င်းတို့နှစ်ကျမ်းက ယူ၍ထား သလော"** ဆိုသည်ကို အတိအကျ မပြောနိုင်ပေ။

ဂန္ထဝံသကျမ်း(နှာ-၅၉)၌ အရှင်မဟာဗုဒ္ဓဃောသရေးသော ကျမ်းများစာရင်းတွင် ဇာတ် အဋ္ဌကထာကို ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရ၏။ ထို့အပြင် 'ဇာတတ္ထကီ- နိဒါန' မည်သော ကျမ်းကို စူဠဗုဒ္ဓဃောသမည်သော သီဟိုဠ်ဆရာတော်တစ်ပါး ရေးသားသည်ဟုလည်း ဖော်ပြထား၏။ ထိုဇာတတ္ထကီနိဒါနသည် ယခုအခါ ဇာတ်အဋ္ဌကထာ၏ နိဒါန်းအဖြစ် အသုံးပြုထားသည်ကို တွေ့ရ၏။ ထို့ကြောင့် စူဠဗုဒ္ဓဃောသသည်ပင် ဇာတ် အဋ္ဌကထာရေးသော ပုဂ္ဂိုလ်ဖြစ်လေမည်လားဟု တွေးမိသူများလည်းရှိကြသည်။

ဇာတ်အဋ္ဌကထာ၊ ဟတ္ထိပါလဇာတ်အဖွင့်၌ သီဟိုဠ်ကျွန်းရှိ ထင်ရှားသောမထေရ် (၆)ပါးတို့၏ ဘွဲ့အမည်များကို ဖော်ပြထားသည်ကိုတွေ့ရ၏။ ထိုအချက်ကိုထောက်၍ ဇာတကများ၌ အချို့သောအစိတ်အပိုင်းများမှာ သီဟိုဠ်ရောက်မှ ဖြည့်စွက်ထားခြင်း ဖြစ် မည်ဟု တွေးတောသူများလည်းရှိကြ၏။

## ဇာတ်အဋ္ဌကထာနိဿယများ

ဇာတ်အဋ္ဌကထာနိဿယနှင့် ပတ်သက်၍ ဦးယံ၏ ပိဋကတ်တော်သမိုင်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကိုတွေ့ရ၏။

၁။ **ကေနိပါတ်၊ ဇာတ်အဋ္ဌကထာနိဿယ** - သက္ကရာဇ် ၁၁၄၄-ခုနှစ်၊ အမရပူရ မြို့တည်နန်းတည် သိရီပဝရဝိဇယာနန္တ ယသတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ

မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံခံသော အောင်မြေလောကစေတီ ဒါယကာ မင်းလက်ထက် မဟာဒါန်ဝန်တိုက်ကျောင်းနေ ကေတုဓဇမဟာဓမ္မ ရာဇဂုရု တောင်တွင်းဆရာတော် စီရင်သည်။ ဗာဟိရနိဒါန်းအဖွင့် ဇာတ် အဋ္ဌကထာ နိဿယကိုလည်း ဇာတတ္ထကီနိဿယဟု ခေါ်ကြသည်။

၂။ **ဒုကနိပါတ်၊ ဇာတ်အဋ္ဌကထာနိဿယ** - မှာ ငင်းမင်းလက်ထက် ခေမာ စာရာဘိဓဇ မဟာဓမ္မရာဇဂုရု ပလိုင်းဆရာတော်စီရင်သည်။

၃။ **တိကနိပါတ်၊ ဇာတ်အဋ္ဌကထာနိဿယ** - မှာ ငင်းမင်းလက်ထက် မုနိန္ဒာ ဘိဓဇ မဟာဓမ္မရာဇဂုရု မဲထီးဆရာတော်စီရင်သည်။

၄။ **စတုက္ကနိပါတ်၊ ဇာတ်အဋ္ဌကထာနိဿယ** - မှာ ငင်းမင်းလက်ထက် ဂုဏ သာမိပရမ မဟာဓမ္မရာဇာဓိရာဇဂုရု ရွှေတောင်ဆရာတော် စီရင်သည်။

၅။ **ပဉ္စကနိပါတ်၊ ဇာတ်အဋ္ဌကထာနိဿယ** - မှာ ငင်းမင်းလက်ထက် ဂုဏ သာမိပရမ မဟာဓမ္မရာဇာဓိရာဇဂုရု ရွှေတောင်ဆရာတော် စီရင်သည်။

၆။ **ဆက္ကနိပါတ်၊ ဇာတ်အဋ္ဌကထာနိဿ** - မှာ ငင်းမင်းလက်ထက် အာဒိစ္စ ဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု တောင်လေးလုံးဆရာတော်စီရင်သည်။ (ရတနာပူရ စတုတ္ထမြို့တည် မင်းလက်ထက်ဟု မြစ်ကွေ့ဆရာတော် ပြင်ထား သည်။)

၇။ **သတ္တကနိပါတ်၊ ဇာတ်အဋ္ဌကထာနိဿယ** - မှာ ငင်းမင်းလက်ထက် အာဒိစ္စဝံသာဘိ ဓဇမဟာဓမ္မရာဇဂုရု တောင်လေးလုံးဆရာတော် စီရင်သည်။

၈။ **အဋ္ဌကနိပါတ်၊ ဇာတ်အဋ္ဌကထာနိဿယ** - မှာ ငင်းမင်းလက်ထက် သာသနဝံသ မဟာဓမ္မရာဇဂုရု ကတိုးဆရာတော် စီရင်သည်။

၉။ **နဝကနိပါတ်၊ ဇာတ်အဋ္ဌကထာနိဿယ** - မှာ ငင်းမင်းလက်ထက် သာသန ဝံသ မဟာဓမ္မရာဇဂုရု ကတိုးဆရာတော် စီရင်သည်။

၁၀။ **ဒသကနိပါတ်၊ ဇာတ်အဋ္ဌကထာနိဿယ** - မှာငင်းမင်းလက်ထက် ပုခန်း ကြီးမြို့ စီရင်စု၊ မြိုင်ရွာဇာတိ၊ တိပိဋကာလင်္ကာရ မဟာဓမ္မရာဇဂုရု ပထမ ဘားကရာဆရာတော် စီရင်သည်။ (သက္ကရာဇ် ၁၁၄၈-ခု စီရင်သည်။)

၁၁။ **ဧကာဒသကနိပါတ်၊ ဇာတ်အဋ္ဌကထာနိဿယ** - မှာ ငင်းမင်းလက်ထက် ပုခန်းကြီး မြို့စီရင်စု၊ မြိုင်ရွာဇာတိ၊ ပိဋကာလင်္ကာရ မဟာဓမ္မရာဇဂုရု ပထမ ဘားကရာဆရာတော် စီရင်သည်။

၁၂။ **ဒွါဒသနိပါတ်၊ ဇာတ်အဋ္ဌကထာနိဿယ** - မှာ ငင်းမင်းလက်ထက် နရိန္ဒာဘိ သိရီ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဆုံထားဆရာတော် စီရင်သည်။

၁၃။ **တေရသနိပါတ်၊ ဇာတ်အဌကထာနိဿယ** - မှာ ၎င်းမင်းလက်ထက် နရိန္ဒာဘိသိရီ သဒ္ဓမ္မဇေမဟာဓမ္မရာဇာဓိရာဇဂုရု ဆုံထားဆရာတော် စီရင် သည်။

၁၄။ **ပကိဏ္ဏကနိပါတ်၊ ဇာတ်အဌကထာနိဿယ** - မှာ ၎င်းမင်းလက်ထက် ဉာဏာဘိဝံသ ဓမ္မသေနာပတိ မောင်းထောင်သာသနာပိုင်ဆရာတော် စီရင် သည်။

၁၅။ **ဝီသတိနိပါတ်၊ ဇာတ်အဌကထာနိဿယ** - မှာ ၎င်းမင်းလက်ထက် ဝံသာ လင်္ကာရ သိရီဇေ မဟာဓမ္မရာဇဂုရု မုံတောဆရာတော် စီရင်သည်။

၁၆။ **တိံသနိပါတ်၊ ဇာတ်အဌကထာနိဿယ** - မှာ ၎င်းမင်းလက်ထက် ဝံသာ လင်္ကာရ သိရီဇေ မဟာဓမ္မရာဇဂုရု မုံတောဆရာတော် စီရင်သည်။

၁၇။ **စတ္တာလီသနိပါတ်၊ ဇာတ်အဌကထာနိဿယ** - မှာ ၎င်းမင်းလက်ထက် ကဝိန္ဒာဘိ သဒ္ဓမ္မဇေမဟာဓမ္မရာဇာဓိရာဇဂုရု ညောင်ကန်ဆရာတော် စီရင်သည်။

၁၈။ **ပဏ္ဏာသနိပါတ်၊ ဇာတ်အဌကထာနိဿယ** - မှာ ၎င်းမင်းလက်ထက် ကဝိန္ဒာဘိ သဒ္ဓမ္မဇေ မဟာဓမ္မရာဇာဓိရာဇဂုရု ညောင်ကန်ဆရာတော် စီရင် သည်။

၁၉။ **သဋ္ဌိနိပါတ်၊ ဇာတ်အဌကထာနိဿယ** - မှာ ၎င်းမင်းလက်ထက် ပရမ သိရီဇေ မဟာဓမ္မရာဇဂုရု မင်းရွာဆရာတော် စီရင်သည်။

၂၀။ **သတ္တတိနိပါတ်၊ ဇာတ်အဌကထာနိဿယ** - မှာ ၎င်းမင်းလက်ထက် ပရမသိရီဇေ မဟာဓမ္မရာဇဂုရု မင်းရွာဆရာတော် စီရင်သည်။

၂၁။ **အသီတိနိပါတ်၊ ဇာတ်အဌကထာနိဿယ** - မှာ ၎င်းမင်းလက်ထက် ပုခန်းကြီး မြို့ စီရင်စု၊ ဆင်တဲရွာဇာတိ၊ အမရပူရမြို့၊ မြောက်အတွင်းဝန်မင်းကြီး မဟာ သက်တော်ရှည် ဆောက်လုပ်သည့်ကျောင်းနေ ဉာဏာလင်္ကာရာဘိ သဒ္ဓမ္မဇေ မဟာဓမ္မရာဇဂုရု ပထမဆင်တဲဆရာတော် စီရင်သည်။ *(သက္ကရာဇ် ၁၁၄၈-ခု၊ တပေါင်းလဆန်း(၈)ရက်၊ စနေနေ့ ပြီးသည်။)*

၂၂။ **ဧကနိပါတ်မှ အသီတိနိပါတ်အထိ အစ-အဆုံး ဇာတ်အဌကထာ နိဿယ**-မှာ ၎င်းမင်းလက်ထက် ပုခန်းကြီးမြို့စီရင်စု၊ ဝက်ခုတ်ရွာဇာတိ၊ မဏိသာရဇေ မဟာဓမ္မရာဇဂုရု ဆရာတော်စီရင်သည်။ *(သက္ကရာဇ် ၁၁၆၀- ပြည့်နှစ်ပြီးသည်။)*

၂၃။ **ဇာတ်တော်ကြီး(၁၀)ခု၏ အဌကထာနိဿယ** - မှာ ပုခန်းကြီးမြို့စီရင်စု၊ မြိုင်ရွာဇာတိ၊ အမည်မသိမထေရ် စီရင်သည်။

၂၄။ **ဇာတ်တော်ကြီး(၁၀)ခုဏ် အဋ္ဌကထာနိဿယသစ်** - မှာ သက္ကရာဇ် ၁၁၂၅-ခု၊ ရတနာပူရ တတိယမြို့တည်နန်းတည် သိရီပဝရသုဓမ္မမဟာရာဇာ ဇနိန္ဒာဓိပတိ တံဆိပ်နာမံခံသော ရတနာသိယ်မြို့၊ နိဗ္ဗာန်ဆိပ်ဦးစေတီဒါယကာ ကုန်းဘောင်ဆင်ဖြူရှင်မင်းလက်ထက် ပင်းတလဲမြို့စီရင်စု၊ လှည်းကူးရွာမ ဇာတိ ဒန့်တိုင်ဆရာတော် အရှင်ဂုဏာလင်္ကာရ စီရင်သည်။

ဦးညွန့်မောင်၏ ပိဋကတ်တော်သမိုင်းသစ် စာအုပ်၌ကား အောက်ပါအတိုင်း ဇာတ် အဋ္ဌကထာနိဿယ ကျမ်းပြုပုဂ္ဂိုလ်များကို ဖော်ပြထားသည်။

၁။ **ကေနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ကန်တွင်းဆရာတော် အရှင်ဣန္ဒာသဘ ပြန်ဆို သည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၁၄၃၆၈)*

- **ငင်းနိဿယ** - ညောင်ကန်ဆရာတော် အရှင်ကဝိန္ဒ *(မင်္ဂလာဘုံကျော် ဆရာတော်ဟု လည်း ထင်ရှားသည်။)* ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့် တိုက်၊ ပေအမှတ်-၁၁၅၂၀၅)*
- **ငင်းနိဿယ** - ဘိုးတော်ဘုရားလက်ထက် တောင်တွင်းဆရာတော် ရှင်ကေတု ပြန်ဆိုသည်။ ဇာတတ္ထကီနိသျှဟုလည်း ခေါ်သည်။ *(တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၈၅၀၁)*
- **ငင်းနိဿယ** - ပိဋကနာထကျောင်းဆရာတော် ရှင်အဂ္ဂါစာရ ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၄၁၃၃)*
- **ဇာတတ္ထကီနိဿယ** - ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၄၃-ခု၊ ပိဋကနာထကျောင်းဆရာတော် ရှင်အဂ္ဂါစာရကဝိဓဇထေရ် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟို စာကြည့်တိုက်၊ ပေအမှတ်-၈၃၁၉)*
- **ကေနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ဗားကရာဆရာတော် ရှင်ဓမ္မာဘိနန္ဒ ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၁၂၈၃၈)*
- **ငင်းနိဿယ** - ရတနာသိယ်မြို့ ဝေယန်ဘုံကျော်ဆရာတော် ဇနိန္ဒာဘိ သိရီသဒ္ဓမ္မဓဇ မဟာရာဇဂုရု ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၁၉၆၃၄၂)*

* **ဧရင်းနိဿယ** - ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၅၀-တွင် ပန်းတွာဝက်ခုတ်ဆရာတော် မဏိမဥ္ဇူသထေရ် ပြန်ဆိုသည်။ *(ကမ္ဘာအေး ဗုဒ္ဓတက္ကသိုလ် စာကြည့်တိုက်-၅၀၈)*
* **ဧရင်းနိဿယ** - အနောမဒဿီထေရ် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၄၉၉၁)*

၂။ **ဒုကနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၄၃-ခုတွင် ပလိုင်းဆရာတော် ပြန်ဆိုသည်။ *(ရှင်ခေမာစာရ)*

* **ဧရင်းနိဿယ** - ဝက်ခုတ်ဆရာတော် ၁၁၅၂-ခုနှစ်တွင် ပြန်ဆိုသည်။ *(နိုင်ငံတော်ဗုဒ္ဓ သာသနာအဖွဲ့စာကြည့်တိုက်-၃၀)*
* **ဧရင်းနိဿယ** - အနောမဒဿီထေရ် ပြန်ဆိုသည်။ *(ရွှေတိဂုံစေတီတော် ပိဋကတ်တိုက်-၈၂)*

၃။ **တိကနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ဘိုးတော်ဘုရားလက်ထက် ဒုတိယမဲထီးဆရာတော် ရှင်ကဝိဝံသာဘိဓေ ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၁၁၉၉၈၄)* ဦးယံ-၌ မုနိန္ဒာဘိဓေဟု ဆို၏။ ဤအလို ပထမမဲထီး ဆရာတော်တည်း။

* **ဧရင်းနိဿယ** - ဝက်ခုတ်ဆရာတော် ၁၁၄၁-ခုနှစ်တွင် ပြန်ဆိုသည်။ *(ကမ္ဘာအေးဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက်-၃၇၉)*

၄။ **စတုက္ကနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ရွှေတောင်ဆရာတော် ရှင်ဂုဏာစာရီ ၁၁၄၈-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၄၄၃၀)*

* **ဧရင်းနိဿယ** - ပန်းတွာဝက်ခုတ်ဆရာတော် ၁၁၄၃-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၁၁၂၂၆၃)*

၅။ **ပဉ္စကနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ပန်းတွာဝက်ခုတ်ဆရာတော် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၁၅၆၆၁၆)*

* **ဧရင်းနိဿယ** - ရွှေတောင်ဆရာတော် ၁၁၄၉-ခုနှစ်တွင် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၄၄၃၀)*

၆။ **ဆက္ကနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - တောင်လေးလုံးဆရာတော် ရှင်ကလျာဏ စက္က ၁၁၄၉-ခုနှစ်တွင် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊*

*ပေအမှတ်-၉၅၉၃)* ဦးယံ၌ အာဒိစ္စဝံသာဘိဓဇ-ဟု ဆို၏။ တစ်ပါးတည်း နာမည်ကွဲ ဖြစ်ပုံရသည်။

* **ဋီကာ** - ဝက်ခုတ်ဆရာတော် ၁၁၄၅-ခုနှစ်တွင် ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၁၅၆၆၁၆)*

၇။ **သတ္တကနိပါတ်ဇာတအဋ္ဌကထာနိဿယ** - ညောင်ကန်ဆရာတော် ရှင်ကဝိန္ဒ ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၆၉၅၉)*

* **ဋီကာ** - တောင်လေးလုံးဆရာတော် ရှင်ကလျာဏစက္က ၁၁၄၉-ခုနှစ်တွင် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၉၅၉၃)* ငါးခုန်ဆရာတော်ပင်ဖြစ်မည်။
* **ဋီကာ** - ဝက်ခုတ်ဆရာတော် ၁၁၄၅-ခုနှစ် ပြန်ဆိုသည်။*(တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၁၃၉၃၂၁)*

၈။ **အဋ္ဌကနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ကတိုးဆရာတော် ရှင်သာသန ၁၁၄၈-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၅၉၁၅၂)*

* **ဋီကာ** - ဆုံထားဆရာတော် ရှင်နန္ဒမာလာ ၁၁၄၄-ခုနှစ်တွင် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၁၁၆၂၄၇)*
* **ဋီကာ** - ဗားကရာဆရာတော် ရှင်ဓမ္မာဘိနန္ဒ ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟို စာကြည့်တိုက်၊ ပေအမှတ်-၁၄၁၆၆၀)*
* **ဋီကာ** - ဝက်ခုတ်ဆရာတော် ၁၁၄၅-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟို စာကြည့်တိုက်၊ ပေအမှတ်-၅၆၀၂)*

၉။ **နဝကနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ကတိုးဆရာတော် ရှင်သာသန ၁၁၄၈-ခုနှစ်ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၉၁၅၂)*

* **ဋီကာ** - ဆုံထားဆရာတော် ၁၁၄၇-ခုနှစ် ပြန်ဆိုသည်။*(တက္ကသိုလ် ဗဟို စာကြည့်တိုက်၊ ပေအမှတ်-၁၁၆၂၄၇)*
* **ဋီကာ** - ပထမဗားကရာဆရာတော် ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟိုစာကြည့် တိုက်၊ ပေအမှတ်-၁၄၆၆၀)*
* **ဋီကာ** - ဗန့်ပိုးဆရာတော် ရှင်ဂုဏာသိရိ ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟို စာကြည့်တိုက်၊ ပေအမှတ်-၇၄၄၃)*
* **ဋီကာ** - ဝက်ခုတ်ဆရာတော် ပြန်ဆိုသည်။

၁၀။ **ဒသကနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ဆုံထားဆရာတော် ၁၁၄၄-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၁၁၆၂၄၇)*

- **ၡ** **ရင်းနိဿယ** - ဗားကရာဆရာတော် ၁၁၄၈-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟို စာကြည့်တိုက်၊ ပေအမှတ်-၁၄၁၆၆၀)*
- **ၡ** **ရင်းနိဿယ** - ဗန့်ပိုးဆရာတော် ရှင်ဂုဏာသိရီ ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟို စာကြည့်တိုက်၊ ပေအမှတ်-၇၄၄၃)*
- **ၡ** **ရင်းနိဿယ** - ရတနာသိယ်မြို့ ဝေယန်ဘုံကျော်ဆရာတော် ရှင်ဇနိန္ဒ ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၁၉၆၃၄၂)*
- **ၡ** **ရင်းနိဿယ** - ဝက်ခုတ်ဆရာတော် ပြန်ဆိုသည်။

၁၁။ **ဧကာဒသကနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ဆုံထားဆရာတော် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၄၁၉၁)*

- **ၡ** **ရင်းနိဿယ** - ဗားကံရာဆရာတော် ၁၁၄၈-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟို စာကြည့်တိုက်၊ ပေအမှတ်-၁၂၈၃၈)*
- **ၡ** **ရင်းနိဿယ** - ဗန့်ပိုးဆရာတော် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟို စာကြည့် တိုက်၊ ပေအမှတ်-၇၄၄၃)*
- **ၡ** **ရင်းနိဿယ** - ဝက်ခုတ်ဆရာတော် ၁၁၄၆-ခုနှစ်တွင် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟို စာကြည့်တိုက်၊ ပေအမှတ်-၁၁၂၂၆၅)*

၁၂။ **ဒွါဒသနိပါတ်ဇာတ်အဋ္ဌကထာနိဿ** - ဆုံထားဆရာတော်ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟို စာကြည့်တိုက်၊ ပေအမှတ်-၄၁၉၁)*

- **ၡ** **ရင်းနိဿယ** - ဗန့်ပိုးဆရာတော် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့် တိုက်၊ ပေအမှတ်-၇၄၄၃)*
- **ၡ** **ရင်းနိဿယ** - ဝက်ခုတ်ဆရာတော် ၁၁၄၆-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟို စာကြည့်တိုက်၊ ပေအမှတ်-၁၁၂၂၆၅)*

၁၃။ **တေရသနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ဆုံထားဆရာတော် ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၄၁၉၁)*

- **ၡ** **ရင်းနိဿယ** - ဗန့်ပိုးဆရာတော် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့် တိုက်၊ ပေအမှတ်-၇၄၄၃)*

* **ၚင်းနိဿယ** - ဝက်ခုတ်ဆရာတော် ၁၁၄၇-ခုနှစ် ပြန်ဆိုသည်။ *(ကမ္ဘာအေး ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက်-၃၀၆)*

၁၄။ **ပက်ိဏ္ဏကနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ဆုံထားဆရာတော် ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၄၁၉၁)*

* **ၚင်းနိဿယ** - သာသနာပိုင်မောင်းထောင်ဆရာတော် ဉာဏာဘိဝံသ ဓမ္မသေနာပတိ ၁၁၄၃-ခုနှစ် ပြန်ဆိုသည်။
* **ၚင်းနိဿယ** - ဝက်ခုတ်ဆရာတော် ၁၁၉၂-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟို စာကြည့်တိုက်၊ ပေအမှတ်-၁၄၁၆၅၀)*

၁၅။ **ဝီသတိနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ညောင်ကန်ဆရာတော် ရှင်ကဝိန္ဒ ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၇၃၈၅)*

* **ၚင်းနိဿယ** - မုံတောဆရာတော် ရှင်ဝီရိယာရမ္ဘ ၁၁၄၉-ခုနှစ် ပြန်ဆိုသည်။ မင်းပေး ဘွဲ့မှာ ဝံသာလင်္ကာရသိရီဓဇမဟာရာဇဂုရု ဖြစ်သည်။ *(တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၄၉၁၅)*
* **ၚင်းနိဿယ** - ဝက်ခုတ်ဆရာတော် ၁၁၉၂-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟို စာကြည့်တိုက်၊ ပေအမှတ်-၁၄၁၆၅၁)*

၁၆။ **တိံသနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - မုံတော်ဆရာတော် ၁၁၄၉-ခုနှစ် ပြန်ဆိုသည်။ *(နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့စာကြည့်တိုက်၊ ကိုယ်ပိုင်မရှိ)*

* **ၚင်းနိဿယ** - ဝက်ခုတ်ဆရာတော် ၁၁၅၅-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၁၀၆၂၄)*

၁၇။ **စတ္တာလီသနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ညောင်ကန်ဆရာတော် ရှင်ကဝိန္ဒ ၁၁၄၃-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၁၀၇၆၁)*

* **ၚင်းနိဿယ** - ဝက်ခုတ်ဆရာတော် ၁၁၃၈-ခုနှစ် ပြန်ဆိုသည်။ *(ကမ္ဘာအေး ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက်၊ ၁၀၂၀)*

၁၈။ **ပဏ္ဏာသနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ညောင်ကန်ဆရာတော် ရှင်ကဝိန္ဒ ၁၁၄၃-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၇၃၈၅)*

* **ဧငံးနိဿယ** - ဝက်ခုတ်ဆရာတော် ပြန်ဆိုသည်။ *(ကမ္ဘာအေးဗုဒ္ဓတက္ကသိုလ် စာကြည့်တိုက်၊ ၁၀၂၀)*

၁၉။ **သဋ္ဌိနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - မင်းရွာဆရာတော် ရှင်ဇာဂရ ၁၁၄၃-ခုနှစ် ပြန်ဆိုသည်။

* **ဧငံးနိဿယ** - ဝက်ခုတ်ဆရာတော် ပြန်ဆိုသည်။ *(ကမ္ဘာအေးဗုဒ္ဓတက္ကသိုလ် စာကြည့်တိုက်၊ ၁၀၂၀)*

၂၀။ **သတ္တတိနိပါတ်ဇာတ်အဋ္ဌကထာနိဿ** - မင်းရွာဆရာတော် ရှင်ဇာဂရ ပြန်ဆိုသည်။

* **ဧငံးနိဿယ** - ဝက်ခုတ်ဆရာတော် ပြန်ဆိုသည်။ *(ကမ္ဘာအေးဗုဒ္ဓတက္ကသိုလ် စာကြည့် တိုက်၊ ၁၀၂၀)*

၂၁။ **အသီတိနိပါတ်ဇာတ်အဋ္ဌကထာနိဿယ** - ဆင်တဲဆရာတော် ဉာဏသဒ္ဓမ္မထေရ် ၁၁၄၈-ခုနှစ် ပြန်ဆိုသည်။ *(တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ပေအမှတ်-၅၇၆၂)*

* **ဧငံးနိဿယ** - ဝက်ခုတ်ဆရာတော် ၁၁၄၈-ခုနှစ် ပြန်ဆိုသည်။ *(နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့စာကြည့်တိုက်၊ ၃၇)*

၂၂။ **တေ-ဇ-သု-နေ ဇာတ်တော်ကြီးအဋ္ဌကထာနိဿ** - ဒန့်တိုင်ဆရာတော် ရှင်ဂုဏာလင်္ကာရ၊ မြိုင်ရွာဆရာတော် ရှင်ဂုဏရံသာလင်္ကာရ၊ ရှင်ဥပါလိ။

- **မဟောသဓဇာတ်အဋ္ဌကထာနိဿယ** - ဒန့်တိုင်၊ နေရင်းဆရာတော် ရှင်အရိယာလင်္ကာရ၊ မြိုင်ရွာဆရာတော်၊ ရေစကြိုဆရာတော် ရှင်ဂန္ဓသာရ၊ ရှင်ဥပါလိ။
- **ဘူရိဒတ္တဇာတ်အဋ္ဌကထာနိဿယ** - ဒန့်တိုင်၊ ပိုက်သင်ဆရာတော် ရှင်နရိန္ဒ၊ မြိုင်ရွာ ဆရာတော်၊ ရေစကြိုဆရာတော် ရှင်ဂန္ဓသာရ၊ ရှင်ဥပါလိ။
- **စန္ဒကုမာရဇာတ်အဋ္ဌကထာနိဿယ** - ဒန့်တိုင်ဆရာတော်၊ ပိုင်သင် ဆရာတော်၊ မြိုင်ရွာဆရာတော်၊ ရှင်ဥပါလိ။
- **နာရဒဇာတ်အဋ္ဌကထာနိဿယ** - ဒန့်တိုင်၊ ပိုက်သင်၊ မြိုင်ရွာ၊ ရှင်ဥပါလိ။
- **ဝိဓူရဇာတ်အဋ္ဌကထာနိဿယ** - ဒန့်တိုင်၊ ပိုက်သင်၊ မြိုင်ရွာ၊ ရေစကြို ဆရာတော် ရှင်ဂန္ဓသာရ၊ ရှင်ဥပါလိ။

- **ဝေဿန္တရာဇာတ်အဌကထာနိဿယ** - ဒန့်တိုင်၊ ပိုက်သင်၊ မြိုင်ရွာ၊ ရေစကြို၊ ရှင်ဥပါလိ။

## ဒန့်တိုင်ဆရာတော်

ဒန့်တိုင်ဆရာတော်သည် ပင်းတလဲစီရင်စု၊ လှည်းကူးမရွာဇာတိဖြစ်ပြီး ၎င်းရွာသည် ယခုခေတ် မြင်းခြံခရိုင်၊ တောင်သာမြို့နယ်အတွင်းရှိသည်။ သစိုးမလည်ရွာလျှင် ဆွမ်းခံမှီရာရှိသည်ဖြစ်၍ ဒန့်တိုင်, သစ်ညိုကျောင်း နှစ်တိုက်တို့၌ သီတင်းသုံးတော်မူခဲ့သည်။ ကျမ်းပြုသက္ကရာဇ်ကိုကြည့်၍ ကုန်းဘောင်ဆင်ဖြူရှင်မင်း လက်ထက်ဟုသိနိုင်သည်။ ဖွားသက္ကရာဇ်နှင့် သက်တော်တို့ကိုမူ အတိအကျ မသိရပေ။ ဆရာတော်ကြီးသည် စာပေ အလွန် ဝါသနာပါပြီး စာပေအရေးကိစ္စဖြင့်သာ သီတင်းသုံးနေထိုင်ပြီး အချိန်ကို ကုန်လွန် စေသဖြင့် ကုဋီတက်ခြင်းကိစ္စပင် အလွန်နည်းပါးသဖြင့် အတူနေတပည့်များက **"ဒန့်တိုင် ဆရာတော်သည် တစ်လလောက်နေမှ တစ်ခါကုဋီတက်သည်"**ဟု ပြောစမှတ်ပြုခြင်း ခံရကြောင်း ပါးစပ်ရာဇဝင်ရှိသည်။

## ဒန့်တိုင်မူစိစစ်ချက်

ဒန့်တိုင်ဆရာတော်၏ဘွဲ့တော်ကို ဦးယံ၏ ပိဋကတ်တော်သမိုင်း၌ ရှင်ဂုဏာလင်္ကာရဟု ဖော်ပြထားသည်။ ထိုဖော်ပြချက်ကို မြစ်ကွေ့ဆရာတော်က ရှင်ဂုဏရံသာလင်္ကာရဟု ပြင်ဆင်ထား၏။ မြစ်ကွေ့ဆရာတော်၏ ပြင်ဆင်ချက်အရဆိုလျှင်မူကား ဒန့်တိုင်မူဖြစ်ပြီး ဘွဲ့တော်မှားနေ၍ ပြင်သည့်ပုံစံရောက်နေသည်ကို တွေ့ရ၏။ ဦးညွန့်မောင်၏မှတ်စု၌ ဒန့်တိုင်ဆရာတော်မှာ ရှင်ဂုဏာလင်္ကာရဖြစ်ပြီး ရှင်ဂုဏရံသာလင်္ကာရမှာ ဒန့်တိုင်မဟုတ်၊ ပုခန်းကြီးစီရင်စု၊ မြိုင်ရွာဆရာတော် ဖြစ်နေသည်။ ဦးယံ၏ ပိဋကတ် သမိုင်း၌ မြိုင်ရွာဆရာတော်ကို အမည်မသိဆရာတော်ဟု ဖော်ပြထား၏။ ကဝိမျက်မှန် ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေထားသော ဇာတ်ကြီးဆယ်ဘွဲ့အဌကထာနိဿယနိဂုံး၌ ကျမ်းပြုပုဂ္ဂိုလ်၏အမည်ကို ရှင်ဂုဏရံသာလင်္ကာရဟု ဆိုထားသဖြင့် ဦးညွန့်မောင်၏ တွေ့ရှိချက်အရဆိုသော် ထိုကဝိမျက်မှန်မူမှာ ဒန့်တိုင်မူမဟုတ်ဘဲ မြိုင်မူဖြစ်သည်။ နံမော်ဆရာတော်၏ သီလဝိသောဓနီကျမ်း၌လည်း ဒန့်တိုင်ဆရာတော်၏ဘွဲ့ကို ရှင်ဂုဏာ လင်္ကာရဟုပင် ဖော်ပြထားသည်ကို တွေ့ရ၏။

မုံရွေးဆရာတော်မှတ်စု၌ - **ဝိဓူရဇာတ်တွင် အံရေးအံချင်း၌ "အာယာစ၊ ခေါ်ဝေါ်ခြင်းတို့ကို၊ စတုဝီသတိ၊ နှစ်ဆယ့်လေးပါးအပြားရှိကုန်၏ဟူ၍၊ မူနိဒ္ဒေသ၊ မြတ်စွာဘုရားသည်၊ ပကာသိတာ၊ ပြအပ်ကုန်၏၊"**

**ဤသို့ဆိုလျှင် ၂၄-ပါးကဲ့သို့ရှိ၏၊ စတု၊ လေးပါးအပြားရှိကုန်သော၊ အာယာစ၊ ခေါ်ဝေါ်ခြင်းတို့ကို၊ ဝီသတိ၊ နှစ်ဆယ်အပြားရှိကုန်၏ဟူ၍၊ မူနိဒ္ဒေသ ပကာသိတာ၊ ၏၊ ဤအနက်သာ သင့်သောအနက်၊ *(မြိုင်နိဿယမှာရှု)* "**ဟု အဋ္ဌကထာနိဿယ အနက်ပေးမှားနေသည်ကို ညွှန်ပြထား၏။ ထိုညွှန်ပြချက်၌ "မြိုင်မူ နိဿယကိုကြည့်လေ"ဟု ဆိုထား၏။ အဋ္ဌကထာပါဌ်ကို အနက်ပေးထားပုံ ကြည့်သောအခါ ကဝိမျက်မှန်ပုံနှိပ်တိုက်ထုတ် နိဿယ၌ ပေးထားသောအနက်နှင့် လုံးဝ ထပ်တူဖြစ်နေ သည်ကို တွေ့ရ၏။ ကဝိမျက်မှန်ရိုက်နိဿယမှာ မြိုင်မူနိဿယဟု ဆိုရမည်။

**ဒန့်ကိုင်ဆရာတော်ရေးသောကျမ်းများ**

၁။ ခုဒ္ဒကပါဌ ပါဠိတော်နိဿယ (၁၁၂၅-ခု)

၂။ ဥဒါန ပါဠိတော်နိဿယ

၃။ စရိယပိဋကတ် ပါဠိတော်နိဿယ

၄။ မိလိန္ဒပဉှာပါဠိတော်နိဿယ (၁၁၂၇-ခု၊ ဝါခေါင်လပြည့်ကျော်(၁)ရက်၊ ကြာသပတေးနေ့ပြီး) မိလိန္ဒပဉှာဝတ္ထုတော်ကြီးနာမည်ဖြင့် ထုတ်ဝေထားသည်။ နိဿယမဟုတ်၊ စကားပြေအရေးအသားဖြစ်သည်။

၅။ သုတ္တနိပါက ပါဠိတော်နိဿယ (၁၁၃၄-ခု၊ ပထမဝါဆိုလဆန်း(၈)ရက်၊ တနင်္ဂနွေနေ့ပြီး)

၆။ ခုဒ္ဒကပါဌအဋ္ဌကထာနိဿယ (၁၁၂၉-ခု၊ သီတင်းကျွတ်လဆန်း)

၇။ သုတ္တနိပါတ်အဋ္ဌကထာနိဿယ (၁၁၃၄-ခု)

၈။ စရိယပိဋကအဋ္ဌကထာနိဿယ (၁၁၂၅-ခု)

၉။ ဇိနာလင်္ကာရနှင့် ဇိနာလင်္ကာရဋီကာနိဿယ

၁၀။ စတုဘာဏဝါရနိဿယ

၁၁။ ဒုဋ္ဌဒေါသဝိသောဓနီ

၁၂။ ပရိတ်ကြီးနိဿယ

၁၃။ မိစ္ဆာဝိနောဒနီကျမ်းတို့ ဖြစ်သည်။

## မြိုင်ရွာဆရာတော်

ပုခန်ကြီးမြို့စီရင်စု၊ မြိုင်ရွာဆိုသည်မှာ ပထမဟားကရာဆရာတော်၏ ဇာတိအရပ်ဖြစ်သည်။ *(ယခုခေတ် မြိုင်မြို့နယ်၊ အလယ်ကန်ရွာ)* ပထမဟားကရာ ဆရာတော်သည် ၁၁၄၈-ခုနှစ်တွင် ဒသကနိပါတ်နှင့် ဧကာဒသကနိပါတ် ဇာတ်အဋ္ဌကထာ နိဿယကို ရေးသားခဲ့သည်။ ထိုအချိန်က အမရပူရတွင် သီတင်းသုံးဆဲဖြစ်သည်။ ဘိုးတော်ဘုရင်သည် ထိုခေတ်အသုံးပြုနေသော ပြက္ခဒိန်အဟောင်းကို ပယ်ဖျက်၍ ပုံတော်ပြက္ခဒိန်ဟု အသစ်တီထွင်ခဲ့သည်။ ဘိုးတော်ဘုရင် တီထွင်သော ပုံတော်ပြက္ခဒိန်ကို ရဟန်းပညာရှိ၊ လူပညာရှိ အများစုတို့က လက်မခံလိုကြပေ။ ထိုအထဲတွင် ပထမဟားကရာဆရာတော်လည်း ပါဝင်သည်။ နောက်ပိုင်းတွင် ဆရာတော်သည် ဘိုးတော်ဘုရင်မင်းမြတ်နှင့် မသင့်မမြတ်ဖြစ်ခဲ့ကြသည်။

ဘိုးတော်ဘုရင်သည် ဟားကရာဆရာတော်ကို ပိတ်ဖြူလဲ၊ နေရပ်မြိုင်ရွာသို့ ပြန်ပို့စေခဲ့သည်။ ဆရာတော်သည် ဘုရင်မင်းမြတ်၏ ရာဇဒဏ်ကိုခံရင်း ပိတ်ဖြူအဝတ်ဖြင့်ပင် နေရပ်ဇာတိ မြိုင်ရွာ၌ အနိစ္စရောက်ခဲ့သည်။ အနိစ္စရောက်ချိန်ကို သက်တော်(၆၂)ဟု ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ်၌ ဖော်ပြသည်။ မြစ်ကွေ့ဆရာတော်၏မှတ်စု၌ကား (၅၇)ဟု ဖော်ပြသည်။ ပခုက္ကူသာသနာ့ဝင်ကျမ်း၌လည်း (၅၇)ဟုပင်ဖော်ပြ၏။ ပိတ်ဖြူ ဝတ်ဖြင့် မြိုင်ရွာ၌ သီတင်းသုံးနေစဉ် ဇာတ်အဋ္ဌကထာကို စာလိုက်တပည့်တို့အား ဆက်လက်ပို့ချခဲ့လေသလားဟု တွေးမိသည်။ ဇာတ်ကြီးဆယ်ဘွဲ့ ဇာတ်အဋ္ဌကထာ နိဿယ ကျမ်းပြု ရှင်ဂုဏာရံသာလင်္ကာရဆိုသည်မှာ ပထမဟားကရာဆရာတော်ကြီးထံ စာဝါတက် ခဲ့သော ဆရာတော်တပည့်တစ်ဦးများ ဖြစ်နေမလားဟုလည်း ဆက်၍တွေးမိ သည်။ ယနေ့ မြန်မာနိုင်ငံ၌ ပထမပြန် စာသင်သားများ လက်ကိုင်ထားအသုံးပြုနေသော ဟားကရာမူ သဂြိုဟ်နိဿယမှာ ဆရာတော်၏စာလိုက်တပည့် ကိုရင်ပုညသေဋ္ဌ ရေးမှတ်ခဲ့သော ကျမ်းဖြစ်သည်ကို ကြည့်၍ တွေးမိခြင်းဖြစ်သည်။ ကျမ်းပြီးခုနှစ်ပါလျှင် ထိုခုနှစ်ကို ကြည့်၍ တွေးတောချက် မှန်/မမှန် စဉ်းစားနိုင်၏။ သို့သော် ကျမ်းပြီးခုနှစ် မပါသဖြင့် မသေချာပေ။

**မြိုင်ရွာဆရာတော်ရေးကျမ်းများ**

၁။ ဇာတ်တော်ကြီးဆယ်ခု အဋ္ဌကထာနိဿယ (၁၀)ကျမ်း

၂။ ဝတ္ထုဒီပနီ တို့ဖြစ်သည်။

## ဥပါလိထေရ်

ဇာတ်တော်ကြီးဆယ်ခုတို့၏ အဋ္ဌကထာနိဿယ ကျမ်းပြုပုဂ္ဂိုလ်စာရင်းတွင် ဥပါလိထေရ်ဟု သာမန်အားဖြင့် ဖော်ပြထားသည်။ သုတ္တသင်္ဂဟပါဠိနိဿယကျမ်းပြုကို ပင်းယဥပါလိဟု ပိဋကတ်တော်သမိုင်း၌ ဆိုထား၏။ ပခုက္ကူ အရှင်ကေလာသရေး ပင်းယသာသနာဝင်ကျမ်း၌ ပင်းယဥပါလိရေးကျမ်းကို စူဠနိရုတ္တိဟု ဖော်ပြထား၏။ ပါဠိဘာသာရေးကျမ်းဖြစ်သည်။ ပင်းယခေတ်တွင် ပါဠိမှ မြန်မာသို့ ဘာသာပြန်ဆိုသော နိဿယကျမ်းများ အထွက်နည်းသေး၏။ ထို့ကြောင့် စဉ်းစားစရာရှိ၏။ ပါရာဇိကဏ် ပါဠိတော်နိဿယနှင့် ခုဒ္ဒသိက္ခာ, မူလသိက္ခာနိဿယ ရေးသော စကုမြို့ဇေတဝန်ကျောင်း ဥပါလိဟုလည်း ရှိသေး၏။ ၎င်းကို စကုခဲဘောင်ကြီး ရှင်မဟာဥပါလိဟုလည်းဆို၏။ ထို့ပြင် ပရိတ်ကြီးနိဿယရေး မြတောင်ဥပါလိဟူ၍လည်း ရှိသေး၏။ ထို့ကြောင့် ဇာတ်အဋ္ဌကထာ နိဿယရေးသောဥပါလိမှာ မည်သည့်ဥပါလိဖြစ်မည်ကို သုတေသနပြုစရာရှိသည်။ အင်းဝခေတ် တောင်ဖီလာဆရာတော်ကိုလည်း ဂန္ထဝင်ပုဂ္ဂိုလ်ကျော်၌ ဥပါလိဟု သုံးနှုန်းထားသည်ကို တွေ့ရ၏။

## အနောမဒဿီထေရ်

သလ္လာဝတီချင်းတွင်းမြစ်ကမ်း၊ ကြံ့ကျူးရန်နှိပ်နိဂုမ်း သုံးလူ့အဘ ဇမ္ဗူလစေတီတော်ခြေရင်း အနောက်တောင်အရပ်နေ အရှင်အနောမဒဿီထေရ်သည် ၁၀၃၄-ခုနှစ်တက်၍ သိရီပဝရတိဘဝနသီဟသူရအဂ္ဂပဏ္ဍိတမဟာဓမ္မ ရာဇာဘွဲ့တံဆိပ်ခံ ရမည်းသင်း မင်းရဲကျော်ထင် နေထွက်ဘုရင်လက်ထက် ၁၀၃၈-ခု၊ ဝါဆိုလပြည့်ကျော်(၆) ရက် အင်္ဂါနေ့ စီရင်၍ပြီးသော ဧကနိပါတ်အဋ္ဌကထာ နိဿယ။ [ရှေးခေတ်အခေါ် အားဖြင့် "ကြံ့ကူးကမ်းနိမ့်"၊ ယခုခေတ် အခေါ်အားဖြင့် "အနိမ့်"ဟု ခေါ်သည်။ မုံရွာခရိုင်၊ ချောင်းဦး မြို့နယ်အတွင်း၌ရှိသည်။ စေတီတော် ၏ဘွဲ့မှာ "သုံးလူ့အဘ သမ္ဗူလ"ဖြစ်သည်။ အနောမ ဒဿီထေရ် သီတင်းသုံးသောကျောင်းသည် ယခုအခေါ်အားဖြင့် 'တံတိုင်းရှည်' ကျောင်းဟု ခေါ်သည်။]

## ဤနိဿယဖြစ်ပေါ်လာပုံ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အိမ်တော်ရာစေတီတော်၏ တနင်္ဂနွေထောင့်ရှိ စိန်ရတနာပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် အရှင်သာသနသည် ပိဋကတ် သုံးပုံ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို မှီရာနိဿယကျမ်းနှင့်တကွ ကွန်ပျူတာ တွင်ထည့်သွင်း၍ ပိဋကတ်စာပေကိုလေ့လာခြင်း၊ ပို့ချခြင်း၊ သင်ယူခြင်း လုပ်ငန်းများကို ခေတ်မီလွယ်ကူစွာ ပြုလုပ်နိုင်ရန် **"ဗုဒ္ဓစေတမန်"**ဟု အမည်တပ်၍ အဖွဲ့တစ်ခုဖွဲ့ စည်းလျက် ကွန်ပျူတာဆော့ဝဲများ တီထွင်ပြုလုပ်ပြီး မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စာသင်တိုက်ကြီးများသို့ စီဒီခွေများ လှူဒါန်းခြင်း၊ ပရိယတ္တိဝန်ဆောင် ဆရာတော်များအား အိပ်ဆောင်ကွန်ပျူတာနှင့် အိုင်ပက်များလှူဒါန်းခြင်းစသော ပရိယတ္တိသာသနာ ပြုလုပ်ငန်းကို ကြိုးကြိုး စားစား ဆောင်ရွက်နေသော ဆရာတော် ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အချို့သော အဋ္ဌကထာနှင့် ဋီကာကျမ်းများမှာ နိဿယ မရှိခြင်း၊ ရှေးကဆရာတော်များ ရေးသားပြုစုခဲ့ကြသော်လည်း ထိုနိဿယများမှာ ယခုအခါ ရှာဖွေ၍မရနိုင်လောက်အောင် အခက်အခဲရှိခြင်းစသော အကြောင်းတို့ကြောင့် ပရိယတ္တိစာသင်တိုက်ကြီးများမှ ပိဋကတ်စာပေကျွမ်းကျင် တော်မူသော ပရိယတ္တိဝန်ဆောင် ဆရာတော်များကို မိမိကျောင်းတိုက်သို့ ပင့်ဖိတ်ပြီး နိဿယမရှိသေးသော အဋ္ဌကထာ, ဋီကာများကို စာရင်းပြုစုတင်ပြ၍ နိဿယကျမ်းများ ရေးသားတော်မူကြပါရန် ရိုသေစွာ လျှောက်ထား တောင်းပန်ခဲ့လေသည်။ ဆရာတော် အရှင်သာသန၏ တောင်းပန်လျှောက်ထားချက်အရ ကြွရောက်တော်မူကြသော ဆရာတော်များက နိဿယကျမ်းများ ရေးသား ပြုစုရန် အသီးအသီး တာဝန်ယူတော်မူခဲ့ ကြသည်။

## လိုအပ်သော ဋ္ဌ-နိဿယနှင့် ကျမ်းပြုမည့်ပုဂ္ဂိုလ်များ

| အစဉ် | ကျမ်းအမည် | ကျမ်းပြုမည့်ပုဂ္ဂိုလ် |
|---|---|---|
| (*) | ထေရီပဒါနဒီပနီ | ဗန်းမော်ဆရာတော်(မန္တလေး) |
| ၁။ | ထေရီဂါထာအဋ္ဌကထာ | ဒေါ်ကုသလဝတီ(စစ်ကိုင်း) |
| ၂။ | အပဒါန်အဋ္ဌကထာ(ပ) | အင်းစိန်ရွာမဆရာတော် |
| ၃။ | အပဒါန်အဋ္ဌကထာ(ဒု) | ဦးပါမောက္ခ(နု-ပ-သ) |
| ၄။ | ဗုဒ္ဓဝံသအဋ္ဌကထာ | ဦးနာရဒါဘိဝံသ |
| ၅။ | စရိယာပိဋကအဋ္ဌကထာ | ဦးထေရိန္ဒ(နု-ပ-သ) |
| ၆။ | ဇာတကအဋ္ဌကထာ(၁) | ဇယဝတီဆရာတော် |
| ၇။ | ဇာတကအဋ္ဌကထာ(၂) | ဦးကောဝိဒါဘိဝံသ |
| ၈။ | ဇာတကအဋ္ဌကထာ(၃) | ဦးဝိစာရ(ပုလဲမြို့သစ်) |
| ၉။ | ဇာတကအဋ္ဌကထာ(၄) | ဦးကောဝိဒါဘိဝံသ |
| ၁၀။ | ဇာတကအဋ္ဌကထာ(၅) | |
| ၁၁။ | မဟာနိဒ္ဒေသအဋ္ဌကထာ | ဦးကေတု(နု-ပ-သ) |
| ၁၂။ | စူဠနိဒ္ဒေသအဋ္ဌကထာ | ထေရဝါဒ-ပါချုပ်ဆရာတော် |

## လိုအပ်သော ဋီ-နိဿယနှင့် ကျမ်းပြုမည့်ပုဂ္ဂိုလ်များ

| အစဉ် | ကျမ်းအမည် | ကျမ်းပြုမည့်ပုဂ္ဂိုလ် |
|---|---|---|
| ၁။ | သီလက္ခန်ဋီကာ(ဟောင်း) | ဦးသာသနဝရ |
| ၂။ | ပါထိကဝဂ္ဂဋီကာ | ဦးဂါရဝ |
| ၃။ | မူလပဏ္ဏာသဋီကာ(ပ) | မစိုးရိမ်နာယကအဖွဲ့ |
| ၄။ | မူလပဏ္ဏာသဋီကာ(ဒု) | မစိုးရိမ်နာယကအဖွဲ့ |
| ၅။ | မဇ္ဈိမနှင့်ဥပရိပဏ္ဏာသဋီကာ | မစိုးရိမ်နာယကအဖွဲ့ |
| ၆။ | သံယုတ်ဋီကာ(ပ) | ဦးဣန္ဒာစာရာလင်္ကာရာဘိဝံသ |
| ၇။ | သံယုတ်ဋီကာ(ဒု) | ဦးဣန္ဒာစာရာလင်္ကာရာဘိဝံသ |
| ၈။ | အင်္ဂုတ္တရဋီကာ(ပ) | ဦးနန္ဒိမာလင်္ကာရ |
| ၉။ | အင်္ဂုတ္တရဋီကာ(ဒု) | ဦးနန္ဒိမာလင်္ကာရ |
| ၁၀။ | အင်္ဂုတ္တရဋီကာ(တ) | ဦးနန္ဒိမာလင်္ကာရ |
| ၁၁။ | ကင်္ခါဋီကာဟောင်း | |
| ၁၂။ | အနုဋီကာ၊ ၁ | |
| ၁၃။ | အနုဋီကာ၊ ၂ | |
| ၁၄။ | အနုဋီကာ၊ ၃ | |

အဆိုပါ ပရိယတ္တိဝန်ဆောင်ဆရာတော်များ အစည်းအဝေးသို့ တက်ရောက်သည့် ပုဂ္ဂိုလ်များတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပိဋကတ်တိုက်မှူး ဦးပညာနန္ဒလည်း ပါဝင်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဇာတ်အဋ္ဌကထာ(ပဥ္စမအုပ်)မှာ နိဿယရေးမည့်ပုဂ္ဂိုလ်မရှိသဖြင့် ဇယားတွင် ကွက်လပ်ဖြစ်နေသည်။ ဦးပညာနန္ဒသည် ထိုကွက်လပ်ကို ဖြည့်စွက်ရန်ဆန္ဒ ဖြစ်ခဲ့သည်။ သို့သော် သူတစ်ဦးတည်းဖြင့် တာဝန်မကျေ ဖြစ်မည်ကိုလည်း စိုးရိမ်မိသည်။ ထို့ကြောင့် ဆိတ်ဆိတ်နေခဲ့ရသည်။ ထိုအချိန်က မိမိ(န-ပ-သ(မန်း) မော်ကွန်းထိန်း)မှာ အစည်းအဝေးကိစ္စဖြင့် ရန်ကုန်သို့ ရောက်ရှိနေချိန်ဖြစ်သည်။ မိမိနှင့်တွေ့သည့်အခါ ထိုကိစ္စကိုပြောပြီး နှစ်ပါးပူးတွဲ တာဝန်ယူလိုကြောင်း ဆန္ဒပြုသဖြင့် မိမိကလည်း သဘောတူပါသည်ဟု ဝန်ခံခဲ့သည်။

ဤနည်းဖြင့် မိမိတို့ နှစ်ပါးခွဲဝေ၍ ရှေ့ပိုင်း ဝတ္ထုဇာတ်လမ်းများကို ဦးပညာနန္ဒရေးပြီး နောက်ပိုင်းဂါထာအဖွင့်များကို မိမိရေးခဲ့သည်။ အဋ္ဌကထာ၌ပါသော ပါဠိတော် ဂါထာများကိုမူ မိမိနိဿယမရေးတော့ဘဲ မိုးထိမူနိဿယကိုပင် ထည့်သွင်းဖော်ပြလိုက်သည်။ သို့သော် မိုးထိမူသည် ဆဋ္ဌမူနှင့်ပါဠိအနေမတူသဖြင့် အချို့နေရာများတွင် အနက်ပေးကွဲပြားနိုင်သည်။ ထိုကဲ့သို့သော နေရာများ၌ အောက်ခြေမှတ်ချက် ထည့်ပေးပါသည်။ အဋ္ဌကထာအဖွင့် မကိုက်ညီသော နေရာများ၌လည်း မှတ်ချက် ပြုထားပါသည်။ ပုဒ်ရှင်းလင်းရန် လိုအပ်သောနေရာများ၌ အောက်ခြေမှတ်ချက်ဖြင့် ရှင်းပြ ထားပါသည်။ နိဿယရေးသော မိမိတို့၏ဉာဏ်အားနည်းမှုကြောင့်လည်း အမှားအယွင်း ဖြစ်နိုင်ပါသည်။ ပြင်ဆင်ဖြည့်စွက်၍ နိဿယမူကောင်းဖြစ်အောင် တည့်မတ်ပေးတော် မူကြပါဟု အသိပေးအပ်ပါသည်။

**အရှင်ကေသရ**
**(မော်ကွန်းထိန်းဆရာတော်)**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်**
**မန္တလေး**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၁၆။ တိံသနိပါတ်** | |
| ၁။ | ကိံဆန္ဒဇာတ် (၅၁၁) | ၁ |
| ၂။ | ကုမ္ဘဇာတ် (၅၁၂) | ၃၁ |
| ၃။ | ဇယဒ္ဒိသဇာတ် (၅၁၃) | ၅၅ |
| ၄။ | ဆဒ္ဒန္တဇာတ် (၅၁၄) | ၉၂ |
| ၅။ | သမ္ဘဝဇာတ် (၅၁၅) | ၁၄၅ |
| ၆။ | မဟာကပိဇာတ် (၅၁၆) | ၁၇၅ |
| ၇။ | ဒကရက္ခသဇာတ် (၅၁၇) | ၁၉၆ |
| ၈။ | ပဏ္ဍရနာဂရာဇဇာတ် (၅၁၈) | ၁၉၆ |
| ၉။ | သမ္ဗုလာဇာတ် (၅၁၉) | ၂၃၂ |
| ၁၀။ | ဂန္ဓတိန္ဒုကဇာတ် (၅၂၀) | ၂၆၁ |
| | **၁၇။ စတ္တာလီသနိပါတ်** | |
| ၁။ | တေသကုဏဇာတ် (၅၂၁) | ၂၈၈ |
| ၂။ | သရဘင်္ဂဇာတ် (၅၂၂) | ၃၄၂ |
| ၃။ | အလမ္ဗုသာဇာတ် (၅၂၃) | ၄၁၆ |
| ၄။ | သင်္ခပါလဇာတ် (၅၂၄) | ၄၄၇ |
| ၅။ | စူဠသုတသောမဇာတ် (၅၂၅) | ၄၈၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

**၁၈။ ပဏ္ဏာသနိပါတ်**

| | | |
| --- | --- | --- |
| ၁။ | နိဂြိုနိကာဇာတ် (၅၂၆) | ၅၂၄ |
| ၂။ | ဥမ္မာဒန္တီဇာတ် (၅၂၇) | ၅၆၈ |
| ၃။ | မဟာဗောဓိဇာတ် (၅၂၈) | ၆၂၁ |

# အမြတ်ဆုံးအလှူ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။
တရားအရသာသည် အရသာ အားလုံးကို အောင်နိုင်၏။
တရား၌မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏။
တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံဆင်းရဲကို အောင်နိုင်၏။

(ဓမ္မပဒ)

## ဓမ္မဒါနကုသိုလ်ရှင်

ဖခင်ကြီး (ဦးတင်လှ) နှင့် မိခင်ကြီးဒေါ်စန်းရီ ကို
အမှူးထား၍
ဒေါက်တာခင်ခင်ရီ မိသားစု ကောင်းမှု။

# ဇာတ်အဋ္ဌကထာနိဿယ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

၁။ ဇာတကဋ္ဌကထာယာသုံ၊ ယေ ပေါရာဏကနိဿယာ၊
န ဒါနိ ပဿိတုံ သက္ကာ၊ ပေါတ္ထကတ္တံ အပတ္တတာ။

၂။ ဂန္ထာလယေသု အတ္ထိတိ၊ ဇာနန္တေဟိပိ ပဿိတုံ၊
သုဒုက္ကရာ ဂဟေတုံ စ၊ တတောဘိနဝ နိဿယံ။

၃။ ကာတုံ ယုဇ္ဇတိ ဘဒ္ဒန္တေ၊ ကာလာနုရူပသုန္ဒရံ၊
မဟာထေရေ နိမန္တေတွာ၊ ယာစတိ ဘိက္ခု သာသနော။

၄။ သာသနဿ စိရဋ္ဌိတိ-ဝုဍ္ဎိယာ အဘိကာမိနော၊
တတ္ထာဂတာ မဟာထေရာ၊ အကာသုံ ပဋိဇာနနံ။

၅။ တေသန္တောဂတဘူတောဟံ၊ ကေသရောဏ္ဏတိ နာမကော၊
မမ မိတ္တေန သဒ္ဓိ၀၊ ပညာနန္ဒေန ဘိက္ခုနာ။

၆။ ယထာဗလံ ကရိဿာမိ၊ ဇာတကဋ္ဌကထာယိမံ၊
သောတူနမတ္ထမာဝဟံ၊ အဘိက္ကန္တံ နိဿယံ နဝတ္တိ။

## ၁၆။ တိံသနိပါတ်

## ၁။ ကိံဆန္ဒဇာတ် (၅၁၁)

**ပစ္စုပ္ပန်ဝတ္ထု**

သတ္ထာ- မြတ်စွာဘုရားသည်၊ ကိံဆန္ဒော ကိမဓိပ္ပါယောတိ ဣဒံ- ကိံဆန္ဒော ကိမဓိပ္ပါယော အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကိံဆန္ဒ ဇာတ်တော်ကို၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော- သီတင်းသုံး နေတော်မူစဉ်၊ ဥပေါသထကမ္မံ- ဥပုသ်ဆောက်တည်ခြင်းအမှုကို၊ အာရဗ္ဘ- အကြောင်း

ပြု၍၊ ကထေသိ- ဟောကြားတော်မူပြီ၊ ဟိ သစ္စံ- ထိုစကားသည် မှန်၏၊ ဧကဒိဝသံ- တစ်နေ့သ၌၊ သတ္ထာ- သည်၊ ဓမ္မသဝနတ္ထာယ- တရားနာခြင်း၏ အကျိုးငှာ၊ အာဂန္တွာ- လာကုန်၍၊ ဓမ္မသဘာယံ- တရားသဘင်၌ နိသိန္နေ- ထိုင်နေကုန်သော၊ ဥပေါသထိကေ- ဥပုသ်ဆောက်တည်ကုန်သော၊ ဗဟူ- များစွာကုန်သော၊ ဥပါသကေ စ- ဒါယကာ ယောကျ်ားတို့ကိုလည်းကောင်း၊ ဥပါသိကာယောစ- ဒါယိကာမိန်းမတို့ကိုလည်းကောင်း၊ "ဥပါသကာ- ဥပါသကာတို့ (တုမှေ- သင် ဒါယကာ ဒါယိကာမတို့သည်) ဥပေါသထိကာ- ဥပုသ်ဆောက်တည်ကြကုန်သည်၊ အတ္ထ- ဖြစ်ကုန်သလော၊" ဣတိ- ဤသို့ ပုစ္ဆိတွာ- မေးတော်မူ၍၊ "ဘန္တေ- ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အာမ- ဥပုသ်ဆောက်တည်ကုန်သည် မှန်ပါကုန်၏"။ ဣတိ- ဤသို့ ဝုတ္တေ- နားတော်လျှောက်အပ်လတ်သော်၊ "ဥပေါသထံ- ဥပုသ်ဆောက်တည်ခြင်းကို၊ ကရောန္တေဟိ- ပြုကုန်သော၊ ဝေါ- သင်ဒါယကာ ဒါယိကာမတို့သည်၊ သာဓု- ကောင်းသောအမှုကို၊ ကတံ- ပြုအပ်ပြီ၊ ပေါရာဏကာ- ရှေးသူကောင်းတို့သည်၊ ဥပမ္ပုပေါသထကမ္မဿ- ထက်ဝက်သော ဥပုသ်ကံ၏၊ နိဿန္ဒေန- အကျိုးဆက်ကြောင့်၊ မဟန္တံ- များစွာသော၊ ယသံ- စည်းစိမ် အခြံအရံကို၊ ပဋိလဘိံသု- ရဖူးကုန်ပြီ"၊ ဣတိ- ဤသို့ ဝတွာ- မိန့်တော်မူ၍၊ တေဟိ- ထိုဒါယကာ ဒါယိကာမတို့သည်၊ ယာစိတော- တောင်းပန်အပ်သည် ဖြစ်၍၊ အတီတံ- အတိတ်ကို၊ အာဟရိ- ဆောင်တော်မူပြီ။

**အတိတ်ဝတ္ထု**

အတီတေ- လွန်လေပြီးသောအခါ၌၊ ဗာရာဏသိယံ- ဗာရာဏသီပြည်၌၊ ဗြဟ္မဒတ္တော- ဗြဟ္မဒတ်အမည်ရှိသောမင်းသည်၊ ဓမ္မေန- တရားသဖြင့်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ဝါ- တိုင်းပြည်ကို၊ ကာရေန္တော- ပြုစေသည်ရှိသော်၊ ဝါ- အုပ်ချုပ်သည်ရှိသော်၊ သဒ္ဓေါ- သဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍၊ ဒါနသီလဥပေါသထကမ္မေသု- အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ဥပုသ်ဆောက်တည်ခြင်း အမှုတို့၌၊ အပ္ပမတ္တော- မမေ့မလျော့သည်၊ အဟောသိ- ဖြစ်ပြီ၊ သော- ထိုဗြဟ္မဒတ်မင်းသည်၊ သေသေ- မင်းမှုကြွင်းကုန်သော၊ အမစ္စာဒယောပိ- မှူးမတ်စသော သူတို့ကိုလည်း၊ ဒါနာဒိသု- အလှူပေးခြင်းအစရှိသည်တို့၌၊ သမာဒပေသိ- ဆောက်တည်စေပြီ၊ အသဿ- ထိုဗြဟ္မဒတ်မင်း၏၊ ပုရောဟိတောပန- ပုရောဟိတ်ပုဏ္ဏားသည်ကား၊ ပရပိဋ္ဌိမံသိကော- သူတစ်ပါးတို့၏ ကျောက်ကုန်းသားကို စားတတ်သော၊ လဉ္စခါဒကော- တံစိုးစားတတ်သော၊ ကူဋဝိနိစ္ဆယိကော- စဉ်းလဲသောတရားသူကြီးသည်၊ အဟောသိ-

ဖြစ်ပြီ၊ ရာဇာ- မင်းသည်၊ ဥပေါသထဒိဝသေ- ဥပုသ်နေ့၌၊ အမစ္စာဒယော- မှူးမတ်အစရှိသော သူတို့ကို၊ ပက္ကောသာပေတွာ- ခေါ်စေ၍၊ "(တုမှေ- သင်တို့သည်၊) ဥပေါသထိကာ- ဥပုသ်ဆောက်တည်ကြကုန်သည်၊ ဟောထ- ဖြစ်ကုန်လော့"၊ ဣတိ- ဤသို့ အာဟ- ဆိုပြီ၊ ပုရောဟိတော- ပုရောဟိတ်ပုဏ္ဏားသည်၊ ဥပေါသထံ- ဥပုသ်ကို၊ န သမာဒိယိ- မဆောက်တည်ပြီ၊ အထ- ထိုအခါ၌၊ ဒိဝါ- နေ့အခါ၌၊ လဉ္စံ- တံစိုးလက်ဆောင်ကို၊ ဂဟေတွာ- ယူ၍၊ ကူဋဍ္ဍံ- စဉ်းလဲသောတရားကို၊ ကတွာ- စီရင်၍၊ ဥပဋ္ဌာနံ- အနီးကပ် ခစားရာ အရပ်သို့၊ အာဂတံ- လာသော၊ နံ- ထိုပုရောဟိတ်ပုဏ္ဏားကို၊ ရာဇာ- မင်းသည်၊ "တုမှေ- သင်တို့သည်၊ ဥပေါသထိကာ- ဥပုသ်ဆောက်တည်ကုန်၏လော၊" ဣတိ- ဤသို့၊ အမစ္စေ- မှူးမတ်တို့ကို၊ ပုစ္ဆန္တော- မေးလတ်သော်၊ "အာစရိယ- ဆရာ၊ တွံမ္ပိ- သင်ဆရာသည်လည်း၊ ဥပါသထိကော- ဥပုသ်ဆောက်တည်၏လော၊" ဣတိ- ဤသို့ ပုစ္ဆိ- မေးပြီ၊ သော- ထိုပုရောဟိတ်သည်၊ အာမ- အရှင်မင်းကြီး ဆောက်တည် ပါ၏၊ ဣတိ- ဤသို့၊ မုသာဝါဒံ- မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းကို၊ ကတွာ- ဆို၍၊ ပါသာဒါ- ပြာသာဒ်မှ၊ ဩတရိ- သက်ဆင်းပြီ။။

အထ- ထိုအခါ၌၊ နံ- ထိုပုရောဟိတ်ကို၊ ဧကောအမစ္စော- တစ်ယောက်သော အမတ်သည်၊ "တုမှေ- သင်ဆရာတို့သည်၊ န ဥပေါသထိကာနနု- ဥပုသ် မဆောက်တည်ကုန်သည်မဟုတ်လော၊" ဣတိ- ဤသို့၊ စောဒေသိ- မေးပြီ၊ သော- ထိုပုရောဟိတ်သည်၊ "အဟံ- ငါသည်၊ ဝေလာယမေဝ- နံနက်အခါ၌သာ၊ ဘုဉ္ဇိ- စားပြီ၊ ဂေဟံပန- အိမ်သို့ကား၊ ဂန္တွာ- သွား၍၊ ဝါ- ရောက်လတ်သော်၊ မုခံ- ခံတွင်းကို၊ ဝိက္ခာလေတွာ- ဆေးပြီး၍၊ ဥပေါသထံ- ဥပုသ်ကို၊ အဓိဋ္ဌာယ- ဆောက်တည်၍၊ သာယံ- ညအခါ၌၊ န ဘုဉ္ဇိဿာမိ- မစားအံ့၊ ရတ္တိံ- ညအခါ၌၊ သီလံ- သီလကို၊ ရက္ခိဿာမိ- စောင့်အံ့၊ ဧဝံ- ဤသို့ စောင့်သည်ရှိသော်၊ မေ- ငါ့အား၊ ဥပမ္မုပေါသထကမ္မံ- ထက်ဝက်သော ဥပုသ်ဆောက်တည်မှုသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ အာစရိယ- ဆရာ၊ သာဓု- ကောင်းပြီ၊ ဣတိ- ဤသို့၊ (အာဟ- ဆိုပြီ၊) သော- ထိုပုရောဟိတ်သည်၊ ဂေဟံ- အိမ်သို့ ဂန္တွာ- သွား၍၊ တထာ- ထိုဆိုသည့်အတိုင်း၊ အကာသိ- ပြုပြီ၊ ပုန- တစ်ဖန်၊ ဧကဒိဝသံ- တစ်နေ့သ၌၊ တသ္မိံ- ထိုပုရောဟိတ်သည်၊ ဝိနိစ္ဆယေ- တရားဆုံးဖြတ်ရာ၌၊ နိသိန္နေ- ထိုင်နေသည်ရှိသော်၊ အညတရာ- တစ်ယောက်သော၊ သီလဝတီ- သီလရှိသော၊ ဣတ္ထိ- မိန်းမသည်၊ အဍ္ဍံ- အမှုကို

(တရားကို)၊ ကရောန္တိ- ပြုသည်ရှိသော်၊ ယရံ- အိမ်သို့ ဂန္တုံ- သွားခြင်းငှာ၊ အလဘမာနာ- မရသည်ဖြစ်၍၊ "အဟံ- ငါသည်၊ ဉပေါသထကမ္မံ- ဉပုသ်ဆောက်တည်ခြင်းအမှုကို၊ နာတိက္ကမိဿာမိ- မလွန်စေအံ့၊" ဣတိ- ဤသို့၊ (စိန္တေတွာ- ကြံ၍၊) ဉပကဋ္ဌေ- မွန်းတည့်ခါနီးသော၊ ကာလေ- အခါ၌၊ မုခံ- ခံတွင်းကို၊ ဝိက္ခာလေတုံ- ဆေးခြင်းငှာ၊ အာရဘိ- အားထုတ်ပြီ၊ တသ္မိံခဏေ- ထိုခဏ၌၊ ဗြာဟ္မဏဿ- ပုရောဟိတ်ပုဏ္ဏား အတွက်၊ သုပက္ကာနံ- ကောင်းစွာ မှည့်ကုန်သော၊ အမ္ဗဖလာနံ- သရက်သီးတို့၏၊ အမ္ဗပိဏ္ဍိံ- သရက်ခိုင်ကို၊ အာဟရိယိတ္ထ- ဆောင်ယူအပ်ခဲ့ပြီ၊ သော- ထိုပုရောဟိတ် ပုဏ္ဏားသည်၊ တဿာ- ထိုမိန်းမ၏၊ ဉပေါသထိကဘာဝံ- ဉပုသ်ဆောက်တည်သည်၏ အဖြစ်ကို၊ ဉတွာ- သိ၍၊ "(တွံ- သင်သည်၊) ဣမာနိ (အမ္ဗဖလာနိ)- ဤသရက်သီး တို့ကို၊ ခါဒိတွာ- စား၍၊ ဉပေါသထိကာ- ဉပုသ်ဆောက်တည်သည်၊ ဟောတိ- ဖြစ်လော၊" ဣတိ- ဤသို့၊ (အမ္ဗဖလာနိ- သရက်သီးတို့ကို၊) အဒါသိ- ပေးပြီ၊ သာ- ထိုမိန်းမသည်၊ တထာ- ထိုပုရောဟိတ်ပုဏ္ဏားဆိုတိုင်း၊ အကာသိ- ပြုပြီ၊ ဧတ္တကံ- ဤမျှသရက်သီးပေးခြင်းသည်၊ ဗြာဟ္မဏဿ- ပုရောဟိတ်ပုဏ္ဏား၏၊ ကမ္မံ- ကောင်းမှု တည်း။

သော- ထိုပုဏ္ဏားသည်၊ အပရဘာဂေ- နောက်အဖို့၌၊ ကာလံကတွာ- စုတေ၍၊ ဟိမဝန္တပဒေသေ- ဟိမဝန္တာအရပ်၌၊ ကောသိကိဂင်္ဂါယ- ကောသိကီမည်သော ဂင်္ဂါမြစ်၏၊ တီရေ- ကမ်းနား၌၊ တိယောဇနိကေ- သုံးယူဇနာရှိသော၊ အမ္ဗဝနေ- သရက်ဉယျာဉ်၌၊ ရမဏီယေ- မွေ့လျော်ဖွယ်ရှိသော၊ ဘူမိဘာဂေ- မြေအဖို့၌၊ သောဘဂ္ဂပ္ပတ္တေ- တင့်တယ်ခြင်းသို့ရောက်သော၊ ကနကဝိမာနေ- ရွှေဗိမာန်၌၊ အလင်္ကတသိရိသယနေ- တန်ဆာဆင်အပ်သော ကျက်သရေရှိသော အိပ်ရာ၌၊ အလင်္ကတပဋိယတ္တော- တန်ဆာဆင်ခြင်းနှင့် စပ်သော၊ ဉတ္တမရူပဓရော- မြတ်သော အဆင်းကိုဆောင်သော၊ သောဠသသဟဿဒေဝကညာပရိဝါရော- တစ်သောင်း ခြောက်ထောင်သော နတ်သမီးအခြံအရံရှိသည်၊ ဟုတွာ- ဖြစ်၍၊ သုတ္တပ္ပဗုဒ္ဓေါဝိယ- အိပ်ပျော်ရာမှနိုးသောသူကဲ့သို့၊ နိဗ္ဗတ္တိ- ဖြစ်ပြီ။

သော- ထိုပုဏ္ဏားသည်၊ ရတ္တဉေဝ- ညဉ့်၌သာလျှင်၊ တံသိရိသမ္ပတ္တိံ- ထိုသို့သော ကျက်သရေနှင့်ပြည့်စုံသော စည်းစိမ်ချမ်းသာကို၊ အနုဘောတိ- ခံစားရ၏၊ ဟိ သစ္စံ- ထိုစကားသည် မှန်၏၊ အဿ- ထိုပုဏ္ဏားအား၊ ဝေမာနိကပေတဘာဝေန- ဝေမာနိက ပြိတ္တာ၏ အဖြစ်ဖြင့်၊ ကမ္မသရိက္ခကော- ကံနှင့်တူသော၊ ဝိပါကော- အကျိုးသည်၊

အဟောသိ- ဖြစ်ပြီ၊ တသ္မာ- ထိုကြောင့်၊ အရုဏေ- အရုဏ်သည်၊ ဥဂ္ဂစ္ဆန္တေ- တက်လတ်သော်၊ အမ္ဗဝနံ- သရက်ဥယျာဉ်သို့၊ ပဝိသတိ- ဝင်ရ၏၊ ပဝိဋ္ဌက္ခဏေယေဝ- ထိုသို့ဝင်သောခဏ၌ပင်၊ အဿ- ထိုပုဏ္ဏားအား၏၊ ဒိဗ္ဗတ္တဘာဝေါ- နတ်၌ဖြစ်သော ကိုယ်အဖြစ်သည်၊ အန္တရဓာယတိ- ကွယ်ပျောက်၏၊ အသီတိဟတ္ထတာလက္ခန္ဓပ္ပမာဏော- အတောင်ရှစ်ဆယ်ထန်းပင် ပမာဏရှိသော၊ အတ္တဘာဝေါ- အတ္တဘောရှိသည်၊ နိဗ္ဗတ္တတိ- ဖြစ်၏၊ သကလသရီရံ- အလုံးစုံသော ကိုယ်သည်၊ ဈာယတိ- လောင်၏၊ သုပုပ္ဖိတကိံသုကောဝိယ- ပင်လုံးကျွတ်ပွင့်သော ပေါက်ပင်ကဲ့သို့၊ ဟောတိ- ဖြစ်၏၊ ဒွီသုဟတ္ထေသု- လက်နှစ်ဖက်တို့၌၊ ဧကေကာ- တစ်ချောင်းစီသာဖြစ်သော၊ အင်္ဂုလိ- လက်ချောင်းသည်၊ ဟောတိ- ရှိ၏၊ တတ္ထ- ထိုလက်ချောင်းတို့၌၊ မဟာကုဒ္ဒါလပ္ပမာဏာ- ပေါက်တူးကြီးပမာဏရှိကုန်သော၊ နခါ- လက်သည်းတို့သည်၊ ဟောန္တိ- ရှိကုန်၏၊ တေဟိနခေဟိ- ထိုလက်သည်းတို့ဖြင့်၊ အတ္တနော- မိမိ၏၊ ပိဋ္ဌိမံသံ- ကျောက်ကုန်းသားကို၊ ဖာလေတွာ- ခွဲ၍၊ ဥပ္ပါဋ္ဋေတွာ- ထုတ်နုတ်၍၊ ခါဒန္တော- စားလျက်၊ ဝေဒနာပ္ပတ္တော- ဆင်းရဲဝေဒနာသို့ ရောက်သည်ဖြစ်၍၊ မဟာရဝံ- ကြီးစွာသော အသံကို၊ ရဝန္တော- မြည်တမ်းလျက်၊ ဒုက္ခံ- ဆင်းရဲကို၊ အနုဘောတိ- ခံရ၏၊ သူရိယေ- နေသည်၊ အတ္ထင်္ဂတေ- ဝင်သည်ရှိသော်၊ တံသရီရံ- ထိုကိုယ်သည်၊ အန္တရဓာယတိ- ကွယ်၏၊ ဒိဗ္ဗသရီရံ- နတ်၌ဖြစ်သောကိုယ်သည်၊ နိဗ္ဗတ္တတိ- ဖြစ်၏၊ အလင်္ကတပဋိယတ္တာ- တန်ဆာဆင်ခြင်းနှင့် စပ်ယှဉ်ကုန်သော၊ ဒိဗ္ဗနာဋကိတ္ထိယော- တစ်သောင်းခြောက်ထောင်ကုန်သော နတ်သမီးတို့သည်၊ နာနာတူရိယာနိ- အထူးထူးသော တီးမှုတ်မျိုးတို့ကို၊ ဂဟေတွာ- ကိုင်၍၊ ပရိဝါရေန္တိ- ခြံရံကုန်၏၊ သော- ထိုပုဏ္ဏားသည်၊ မဟာသမ္ပတ္တိံ- ကြီးစွာသော စည်းစိမ်ကို၊ အနုဘဝန္တော- ခံစားလျက်၊ ရမဏီယေ- မွေ့လျော်ဖွယ်ရှိသော၊ အမ္ဗဝနေ- သရက်ဥယျာဉ်၌၊ ဒိဗ္ဗပါသာဒံ- နတ်၏ပြာသာဒ်သို့၊ အဘိရုဟတိ- တက်၏၊ ဣတိ- ဤသို့၊ သော- ထိုပုဏ္ဏားသည်၊ ဥပေါသထိကာယ- ဥပုသ်ဆောက်တည်သော၊ ဣတ္ထိယာ- မိန်းမအား၊ အမ္ဗဖလဒါနဿ- သရက်သီးပေးလှူခြင်း၏၊ နိဿန္ဒေန- အကျိုးဆက်ကြောင့်၊ တိယောဇနိကံ- သုံးယူဇနာရှိသော၊ အမ္ဗဝနံ- သရက်ဥယျာဉ်ကို၊ ပဋိလဘတိ- ရ၏၊ လဉ္ဇံ- တံစိုးလက်ဆောင်ကို၊ ဂဟေတွာ- ယူ၍၊ ကူဋဋ္ဋ-ကရဏနိဿန္ဒေန ပန- စဉ်းလဲသောတရားကို စီရင်သော အကျိုးဆက်ကြောင့်ကား၊ ပိဋ္ဌိမံသံ- မိမိကျောက်ကုန်းသားကို၊ ဥပ္ပါဋ္ဋေတွာ- နုတ်၍၊ ခါဒတိ- စားရ၏။ ဥပမုပေါ-သထဿ- ထက်ဝက်သော ဥပုသ်၏၊ နိဿန္ဒေန- အကျိုးဆက်ကြောင့်၊ ရတ္တိံ-

ညှဉ့်အခါ၌၊ သမ္ပတ္တိံ- စည်းစိမ်ကို၊ အနုဘောတိ- ခံစားရ၏၊ သောဠသသဟဿနာ-
ဋကိတ္ထီဟိ- တစ်သောင်းခြောက်ထောင်သော နတ်သမီးကချေသည်အပေါင်းတို့သည်၊
ပရိဝုတော- ခြံရံအပ်သည်ဖြစ်၍၊ ပရိစာရေသိ- မွေ့လျော်ရပြီ။

တသ္မိံ ကာလေ- ထိုအခါ၌၊ ဗာရာဏသိရာဇာ- ဗာရာဏသီမင်းသည်၊
ကာမေသု- ကာမဂုဏ်တို့၌၊ ဒေါသံ- အပြစ်ကို၊ ဒိသွာ- မြင်၍၊ ဣသိပဗ္ဗဇ္ဇံ- ရသေ့
ရဟန်းကို၊ ပဗ္ဗဇိတွာ- (ရသေ့ရဟန်း)ပြု၍၊ အဓောဂင်္ဂါယ- ဂင်္ဂါအကြေ၌၊ ရမဏီယေ-
မွေ့လျော်ဖွယ်ရှိသော၊ ဘူမိပဒေသေ- မြေအရပ်၌၊ ပဏ္ဏသာလံ- သစ်ရွက်မိုးသော
ကျောင်းကို၊ ကာရေတွာ- ပြုစေ၍ ဥဉ္ဆာစရိယာယ- ဆွမ်းခံသော အကျင့်ဖြင့်၊
ယာပေန္တော- မျှတလျက်၊ ဝိဟာသိ- နေတော်မူပြီ၊ အထ- ထိုအခါ၌၊ ဧကဒိဝသံ-
တစ်နေ့သ၌၊ တမှာ အမ္ဗဝနာ- ထိုသရက်ဥယျာဉ်မှ၊ မဟာဃဋပ္ပမာဏံ- အိုးစရည်းကြီး
ပမာဏရှိသော၊ အမ္ဗပက္ကံ- သရက်သီးမှည့်သည်၊ ဂင်္ဂါယ- ဂင်္ဂါမြစ်၌၊ ပတိတွာ- ကျ၍၊
သောတေန- မြစ်ရေအလျဉ်ဖြင့်၊ ဝုယှမာနံ- မျောလျက်၊ တဿ တာပသဿ-
ထိုရသေ့၏၊ ပရိဘောဂတိတ္ထာဘိမုခံ- နေရာကျောင်းသို့ ရှေးရှုလျက်၊ အဂမာသိ-
ရောက်လေပြီ၊ သော- ထိုရသေ့သည်၊ မုခံ- မျက်နှာကို၊ ဓောဝန္တော- သစ်သည်ရှိသော်၊
နဒိယာ- မြစ်၏၊ မဇ္ဈေ- အလယ်၌၊ အာဂစ္ဆန္တံ- မျော၍လာသော၊ တံ (အမ္ဗဖလံ)-
ထိုသရက်သီးကို၊ ဒိသွာ- မြင်၍၊ ဥဒကံ- ရေသို့၊ တရန္တော- ကူးလျက်၊ ဂန္တွာ- သွား၍၊
အာဒါယ- ယူ၍၊ အဿမပဒံ- သင်္ခမ်းကျောင်းသို့၊ အာဟရိတွာ- ဆောင်ခဲ့ပြီး၍၊
အဂျာဂါရေ- မီးတင်းကုပ်၌၊ ဌပေတွာ- ထား၍၊ သတ္ထကေန- ဓားငယ်ဖြင့်၊ ဖာလေတွာ-
ခွဲ၍၊ ယာပနမတ္တံ- မျှလောက်ရုံကိုသာ၊ ခါဒိတွာ- စား၍၊ သေသံ- အကြွင်းကို၊
ကဒလိပဏ္ဏေဟိ- ငှက်ပျော်ရွက်တို့ဖြင့်၊ ပဋိစ္ဆာဒေတွာ- ဖုံးလွှမ်း၍၊ ပုနပ္ပုနံ-
အဖန်တလဲလဲ၊ ဒိဝသေဒိဝသေ- နေ့တိုင်း နေ့တိုင်း၊ ယာဝ ပရိက္ခယာ- ကုန်သည်တိုင်အောင်၊
ခါဒိ- စားရပြီ၊ တသ္မိံ- ထိုသရက်သီးသည်၊ ခီဏေပန- ကုန်လတ်သော်ကား၊ အညံ-
တစ်ပါးသော၊ ဖလာဖလံ- သစ်သီးကြီးငယ်ကို၊ ခါဒိတုံ- စားခြင်းငှာ၊ နာသက္ခိ-
မစွမ်းနိုင်ပြီ၊ ရသတဏှာယ- ရသတဏှာဖြင့်၊ ဗဒ္ဓိတွာ- နှောင်ဖွဲ့၍၊ "တမေဝ အမ္ဗပက္ကံ-
ထိုသရက်သီးမှည့်ကိုသာလျှင်၊ ခါဒိဿာမိ- ငါစားအံ့၊" ဣတိ- ဤသို့၊ (စိန္တေတွာ-
ကြံ၍)၊ နဒီတီရံ- မြစ်ကမ်းနားသို့၊ ဂန္တွာ- သွား၍၊ နဒိံ- မြစ်ကို၊ ဩလောကေန္တော-
ကြည့်လျက်၊ "အမ္ဗံ- သရက်သီးကို၊ အလဘိတွာ- မရမူ၍၊ န ဥဋ္ဌဟိဿာမိ- ငါ မထအံ့၊"
ဣတိ- ဤသို့၊ သန္နိဋ္ဌာနံ- ဆုံးဖြတ်ခြင်းကို၊ ကတွာ- ပြု၍၊ နိသီဒိ- ထိုင်နေပြီ။

သော- ထိုရသေ့သည်၊ တတ္ထ- ထိုမြစ်နား၌၊ နိရာဟာရော- အာဟာရကင်းသည်ဖြစ်၍၊ ဧကမ္ပိဒိဝသံ- တစ်နေ့ပတ်လုံးလည်းကောင်း၊ ဒွေပိ ဒိဝသာနိ- နှစ်ရက်တို့ပတ်လုံးလည်းကောင်း၊ တီဏိပိဒိဝသာနိ- သုံးရက်တို့ပတ်လုံးလည်းကောင်း၊ စတုပိဒိဝသာနိ- လေးရက်တို့ပတ်လုံးလည်းကောင်း၊ ပဉ္စပိဒိဝသာနိ- ငါးရက်တို့ပတ်လုံးလည်းကောင်း၊ ဆပိဒိဝသာနိ- ခြောက်ရက်တို့ပတ်လုံးလည်းကောင်း၊ (နိရာဟာရော- အစာအာဟာရကင်းလျက်)၊ ဝါတာတပေန- လေ နေပူကြောင့်၊ ပရိသုဿန္တော- ခြောက်ကပ်လျက်၊ အမ္ဗံ- သရက်သီးကို၊ ဩလောကေန္တော- ကြည့်လျက်၊ နိသီဒိ- ထိုင်နေပြီ၊ အထ- ထိုအခါ၌၊ သတ္တမေဒိဝသေ- ခုနစ်ရက်မြောက်သော နေ့၌၊ နဒီဒေဝတာ- မြစ်စောင့်နတ်သမီးသည်၊ အာဝဇ္ဇမာနာ- ဆင်ခြင်လတ်သော်၊ တံ ကာရဏံ- ထိုအကြောင်းကို၊ ဉတ္វာ- သိ၍၊ "အယံ တာပသော- ဤရသေ့သည်၊ တဏှာဝသိကော- တဏှာအလိုသို့ လိုက်သည်၊ ဟုတွာ- ဖြစ်၍၊ သတ္တာဟံ- ခုနစ်ရက်ပတ်လုံး၊ နိရာဟာရော- အစာကင်းသည်ဖြစ်၍၊ ဂင်္ဂံ- မြစ်ကို၊ ဩလောကေန္တော- ကြည့်လျက်၊ နိသီဒိ- ထိုင်နေပြီ၊ ဣမဿ- (တာပသဿ)- ဤရသေ့အား၊ အမ္ဗပက္ကံ- သရက်သီးမှည့်ကို၊ အဒါတုံ- မပေးခြင်းငှာ၊ န ယုတ္တံ- မသင့်၊ (အမ္ဗပက္ကံ- ကို) အလဘန္တော- မရလတ်သော်၊ မရိဿတိ- သေလတ္တံ့၊ တဿ- ထိုရသေ့အား၊ ဒဿာမိ- ငါပေးအံ့"၊ ဣတိ- သို့၊ (စိန္တေတွာ- ကြံ၍၊) အာဂန္တွာ- သွား၍၊ ဂင်္ဂါယ- ဂင်္ဂါမြစ်၏၊ ဥပရိ အာကာသေ- အထက်ကောင်းကင်၌၊ ဌတွာ- ရပ်၍၊ တေန- ထိုရသေ့နှင့်၊ သဒ္ဓိံ- အတူတကွ၊ သလ္လပန္တီ- စကားပြောလိုသည်ဖြစ်၍၊ "ကိံ ဆန္ဒော (ပ) အတ္ထေန ဗြာဟ္မဏာ"တိ- ကိံ ဆန္ဒော (ပ) အတ္ထေန ဗြာဟ္မဏဟူသော၊ ပဌမံ- ရှေးဦးစွာသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ၊ (ကိံ- အဘယ်သို့၊ အာဟ- ဆိုသနည်း၊)

၁။ ဗြာဟ္မဏ- မကောင်းမှုကို အပပြုပြီးသောရှင်ရသေ့၊ ကိံ ဆန္ဒော- အဘယ်ကို အလိုရှိသည်ဖြစ်၍၊ ကိံ အဓိပ္ပါယော- အဘယ်စိတ်ရှိသည်ဖြစ်၍၊ ကိံ ပတ္ထယာနော- အဘယ်ကိုတောင့်တသည်ဖြစ်၍၊ ကိံ- အဘယ်ကို၊ ဧသံ ဧသန္တော- ရှာသည်ဖြစ်၍၊ ကေန အတ္ထေန- အဘယ်အကြောင်းကြောင့်၊ (တွံ- သင်ရှင်ရသေ့သည်၊) ဧကော- တစ်ယောက်အထီးတည်း၊ ဃမ္မနိ- ပူစွာသော နွေအခါ၌၊ သမ္မသိ- နေဘိသနည်း။

တတ္ထ- ထိုကိံဆန္ဒောစသော ဂါထာ၌၊ **ဆန္ဒော**တိ- ဆန္ဒောဟူသည်ကား၊ အဇ္ဈာသယော- အလိုတည်း၊ **အဓိပ္ပါယော**တိ- အဓိပ္ပါယောဟူသည်ကား၊ စိတ္တံ- စိတ်တည်း၊

**သမ္ဗသီ**တိ- သမ္ဗသိဟူသည်ကား၊* အစ္ဆသိ- နေ၏၊ **ယမ္ဗုနီ**တိ- ယမ္ဗုနိဟူသည်ကား၊ ဂိမှေ- နွေဥတု၌၊ **သေန္တိ**- သေံဟူသည်ကား၊ **သေန္တော**- ရှာမှီးလျက်၊ ပဗ္ဗဇိတတ္တာ- ရသေ့ပြုထားသည်၏အဖြစ်ကြောင့်၊ တာပသံ- ရသေ့ကို၊ **ဗြာဟ္မဏာ**တိ- ဗြာဟ္မဏာ ဟူ၍၊ အာလပတိ- ခေါ်ဝေါ်၏၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ ဗြာဟ္မဏ- အိုရသေ့၊ တွံ- သင်သည်၊ ကိံ- အဘယ်ကို၊ အဓိပ္ပါယော- အလိုရှိသည်၊ ကိံ- အဘယ်ကို၊ စိန္တေန္တော- ကြံစည်သည်၊ ကိံ- အဘယ်ကို၊ ပတ္ထေန္တော- တောင့်တသည်၊ ကိံ- အဘယ်ကို၊ ဂဝေသေန္တော- ရှာမှီးသည်၊ (ဟုတွာ- ဖြစ်၍၊) ကေနတ္ထေန- အဘယ်အကျိုးတရားကြောင့်၊ ဣမသ္မိံ ဂင်္ဂါတီရေ- ဤဂင်္ဂါမြစ်ကမ်းနား၌၊ ဂင်္ဂံ- ဂင်္ဂါမြစ်ကို၊ ဩလောကေန္တော- ကြည့်လျက်၊ နိသိန္နော- နေဘိသနည်း၊ တံ (ဝစနံ)- ထိုနတ်သမီးစကားကို၊ သုတွာ- ကြား၍၊ တာပသော- ရသေ့သည်၊ (နဒီဒေဝတာယ- မြစ်စောင့်နတ်သမီးအား၊) နဝ- ကိုးပါးကုန်သော၊ ဂါထာ- ဂါထာတို့ကို၊ အဘာသိ- မိန့်ဆိုပြီ၊ ကိံ- အဘယ်သို့၊ အဘာသိ- မိန့်ဆိုသနည်း။

၂။ အမလမဇ္ဈိမေ- အညစ်အကြေးကင်းသော ခါးရှိသော နတ်သမီး၊ [ဝါရိစရော(ဝါရီစရော)]- ရေကိုဆောင်သော၊ [သုပရိဏာဟဝါ(သုပရိဏာမဝါ)]- ကောင်းသောသဏ္ဌာန်ရှိသော၊ မဟာကုမ္ဘောယထာ- အိုးကြီးကဲ့သို့၊ တထူပမံ- ထိုအိုးကြီးနှင့်တူသော၊ ဝဏ္ဏဂန္ဓရသုတ္တမံ- အဆင်းအနံ့ အရသာနှင့် ပြည့်စုံသော။

၃။ သောတေန- မြစ်ရေအလျဉ်သည်၊ ဝုယှမာနံ- မျောအပ်သော၊ အမ္ဗပက္ကံ- သရက်သီးမှည့်ကို၊ ဒိသွာန- မြင်သည်ဖြစ်၍၊ [တံ(နံ)]- ထိုသရက်သီးမှည့်ကို၊ [ပဏီဘိ(ပါဏိဘိ)]- လက်တို့ဖြင့်၊ ဂဟေတွာ- ယူ၍၊ အဂျာယတနံ- မီးတင်းကုပ်သို့၊ [အာဟရိ(အာဟရိ)]- ဆောင်ပြီ။

၄။ ဒေဝမိတေ- နတ်သမီး၊ တတော- ထိုသို့ဆောင်ယူပြီးမှ၊ ကဒလိ-ပတ္တေသု- ငှက်ပျောရွက်တို့၌၊ နိက္ခိပိတွာ- ထား၍၊ အဟံ- ငါသည်၊ သယံ- ကိုယ်တိုင်၊ နံ- ထိုသရက်သီးကို၊ သတ္ထေန- ဓားငယ်ဖြင့်၊ ဝိကပ္ပေတွာ- လှီး၍၊ ခါဒိ- စားပြီ၊ အမ္ဗော- သက်သီးသည်၊ မေ- ငါ၏၊ ခုပ္ပိပါသံ- မွတ်သိပ်ခြင်းကို၊ [အဟာသိ(ပဟာသိ)]- ပယ်ပြီ။

* သမ္ဗသိ-သမ် ဓာတ်- ငြိမ်သက်ခြင်း၊ နေခြင်းအနက်ဟော၊ ဒွိဝါဒိ- မျ-ကို မ္ဗပြု- ဝိဘက်ဆက်။

၅။ ဒေဝဓိတေ- နတ်သမီး၊ [အပေတဒရထော(အပေ့တဒရထော)]- ကင်းသောပူပန်ခြင်းရှိသော၊ သောအဟံ- ထိုငါသည်၊ [ဗျန္တိဘူတော (ဗျန္တီဘူတော)]- ကုန်ပြီးသောသရက်သီးရှိသည်ဖြစ်၍၊ [ဒုခက္ခမော (ဒုက္ခက္ခမော)]- ကောင်းသောအရသာကိုမရခြင်းကြောင့် ကိုယ်၏မခန့်ခြင်းရှိလျက်၊ ကေသုစိ- အချို့ကုန်သော၊ အညေသု- သရက်သီးကြီးမှ တစ်ပါးကုန်သော၊ ဖလေသု- ၄ှက်ပျောသီး, ပိန္နဲသီးအစရှိသော သစ်သီးတို့၌၊ အဿာဒံ- ကောင်းမြတ်သော အရသာကို၊ နာဓိဂစ္ဆာမိ- မရ။

၆။ ဒေဝဓိတေ- နတ်သမီး၊ ယံဖလံ- အကြင်သရက်သီးသည်၊ မမ- ငါ၏၊ သာဒု- ချိုမြိန်ခြင်းသည်၊ အဿ- ဖြစ်ရာ၏၊ မဟဏ္ဏဝေ- နက်ကျယ်သော များသောရေရှိသော မြစ်ကြီး၌၊ ဝုယှမာနံ- မျှောသော၊ ယံ အမ္ဗံ- အကြင် သရက်သီးကို၊ ဥဒဓိသ္မာ- မြစ်မှ၊ [ဥဒ္ဓရိ(ဥဒ္ဓရိ)]- ဆယ်တင်ပြီ၊ တံအမ္ဗံ- ထိုသရက်သီးသည်၊ မမံ- ငါကို၊ သောသေတွာ- ခြောက်ကပ်စေ၍၊ မရဏံ- သေခြင်းသို့၊ အာဝဟိဿတိနုန- ဆောင်အံ့သည်တကား။

၇။ ဒေဝဓိတေ- နတ်သမီး၊ ယသ္မာ- အကြင့်ကြောင့်၊ အဟံ- ငါသည်၊ ဥပဝသာမိ- မွတ်သိပ်ခြင်း ချင်ခြင်းတို့ကြောင့် အနီးသို့ ကပ်၍နေ၏၊ တံ သဗ္ဗံ- ထိုအလုံးစုံသောအကြောင်းကို၊ တေ- သင်နတ်သမီးအား၊ မယာ- ငါသည်၊ အက္ခာတံ- ကြားအပ်ပြီ၊ အယံနဒီ- ဤမြစ်သည်၊ ပုထုလောမာ- ယုတာ- ကြီးစွာသော နူတ်သီးအမွေးရှိကုန်သော ငါးတို့နှင့် ယှဉ်၏၊ ပုထု- အပြောကျယ်၏၊ ရမ္မံ- မွေ့လျော်ဖွယ်ရှိသော မြစ်ကို၊ [ပတိ(ပဋိ)]- စွဲ၍၊ နိသိန္နော- နေသည်၊ အသ္မိ- ဖြစ်၏။

၈။ [အပလာယိနိ (အပလာယိနီ)]- မသွားမူ၍ ငါ၏ရှေ့ရှုရပ်သော နတ်သမီး၊ တွဥ္စခေါ- သင်သည်သာလျှင်၊ မေ- ငါအား၊ အတ္တာနံဇဝေ- မိမိကိုယ်ကို သာလျှင်၊ အက္ခာဟိ- ကြားလော၊ တွံ- သင်သည်၊ ကာဝါ- အဘယ်သူသည်မူ လည်း၊ အသိ- ဖြစ်သနည်း၊ [ကလျာဏိ (ကလျာ-ဏော)]- ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံသော၊ သုမဇ္ဈိမေ- တင့်တယ်သော ခါးရှိသော နတ်သမီး၊ တွံ- သင်နတ်သမီးသည်၊ ကိဿဝါ- အဘယ်အကြောင်းကြောင့်၊ ဣဓ- ဤအရပ်သို့၊ အာဂတာ- လာသနည်း။

၉။ ဒေဝဓိတေ- နတ်သမီး၊ တွံ- နတ်သမီးသည်၊ [ရုပ္ပပဋ္ဌပလိမဋ္ဌိဝ (ရူပပဋ္ဌလမဋ္ဌိဝ)]- ကောင်းစွာ ချောမောပြေပြစ်သော ရွှေပျားကဲ့သို့လည်း

ကောင်း၊ [ဂိရိသာနုဇာ(ဂိရိယာနုဇာ)]- တောင်လျက် တောင်ဝှမ်း၌ဖြစ်သော၊ ဗျဂ္ဃိက္ကဝ- တင့်တယ်စမွယ်ခြင်းနှင့် ပြည့်စုံသော ကျားမကဲ့သို့လည်းကောင်း၊ သောဘတိ- တင့်တယ်၏၊ ဒေဝေသု- နတ်တို့တွင်၊ ဒေဝါနံ- နတ်ပြည် ခြောက်ထပ်နတ်တို့၏၊ ပရိစာရိကာ- အလုပ်အကျွေးဖြစ်ကုန်သော၊ [ယာနာရိယော(ယာနာရီယော)]- အကြင်မိန်းမတို့သည်လည်း ကောင်း။

၁၀။ မနုဿလောကသ္မိံ- လူ့ပြည်၌၊ ယာနိရိယောစ- အကြင်မိန်းမတို့သည် လည်းကောင်း၊ သန္တိ- ရှိကုန်၏၊ ဒေဝေသုစ- နတ်ပြည်ခြောက်ထပ်တို့၌ လည်းကောင်း၊ ဂန္ဓဗ္ဗေသုစ- အမြစ်နံ့သာ အရွက်နံ့သာ အခေါက်နံ့သာ အစရှိ သည်တို့ကို မှီကုန်သော ဂန္ဓဗ္ဗနတ်တို့၌လည်းကောင်း၊ မနုဿလောကေစ- လူ့ပြည်တို့၌လည်းကောင်း၊ ဇာတာသု- ဖြစ်ကုန်သော မိန်းမတို့တွင်၊ တေ- သင်နှင့်၊ ရူပေန- အဆင်းအားဖြင့်၊ အနုဂတာ- တူသောအဖြစ်သို့ ရောက်ကုန် သော၊ က္လတ္ထိယော- မိန်းမတို့ သည်၊ နတ္ထိ- မရှိကုန်၊ တေ- သင်နှင့်၊ ရူပေန- အလုံးအရပ်သဏ္ဌာန်အားဖြင့်၊ သဒိသီ- တူသောမိန်းမတို့သည်၊ နတ္ထိ- မရှိကုန်၊ [စာရုပုဗ္ဗင်ဂီ(စာရူပုဗ္ဗင်ဂီ)]- ရွှေအဆင်းနှင့်တူသော ဥရုလက္ခဏာနှင့် ပြည့်စုံသော နတ်သမီး၊ တံ- သင်ကို၊ မေ- ငါသည်၊ ပုစ္ဆော- မေးအပ်သည်၊ အသိ- ဖြစ်၏၊ မေ- ငါအား၊ ဗြူဟိ- ဆိုဘိလော၊ နာမဥ္စ- အမည်အနွယ်ကို လည်းကောင်း၊ ဗန္ဓဝေစ- အမျိုးကိုလည်းကောင်း၊ မေ- ငါအား၊ အက္ခာဟိ- ကြားဘိလော။

တတ္ထ- ထိုယထာမဟာဝါရိဓရေရာစသောဂါထာ၌၊ **ဝါရိဓရော ကုမ္ဘော**တိ- ဝါရိဓရောကုမ္ဘောဟူသည်ကား၊ ဥဒကဃဋော- ရေအိုးတည်း၊ **သုပရိဏာဟဝါ**တိ- သုပရိဏာဟဝါဟူသည်ကား၊ သုသဏ္ဌာနော- ကောင်းသောသဏ္ဌာန်ရှိသော၊ **ဝဏ္ဏ- ဂန္ဓရသုတ္တမန္တိ**- ဝဏ္ဏဂန္ဓရသုတ္တမံဟူသည်ကား၊ ဝဏ္ဏဂန္ဓရသေဟိ- အဆင်းအနံ့ အရသာတို့ဖြင့်၊ ဥတ္တမံ- မြတ်သော၊ **ဒိဿနာ**တိ- ဒိဿနာဟူသည်ကား၊ ဒိဿ- မြင်၍၊ **အမလမဏ္ဍိမေ**တိ- အမလမဏ္ဍိမေဟူသည်ကား၊ နိမ္မလမဏ္ဍေ- အညစ်အကြေး ကင်းစင်သော ခါးရှိသောနတ်သမီး၊* ဒေဝတံ- နတ်သမီးကို၊ အာလပန္တော- ခေါ်ဆို သည်၊ (ဟုတ္ဂာ- ဖြစ်၍၊) ဧဝံ- ဤသို့ အာဟ- ဆိုပြီ၊ ပါဏိဘိတိ- ပါဏိဘိဟူသည်ကား၊

*နိမ္မလမဏ္ဍေ=အမလ-ကို နိမ္မလ-ဟုဖွင့်ခြင်းမှာ ရိုးရှင်းသော ဖွင့်ခြင်းဖြစ်သည်၊ မဏ္ဍိမေ- ကို မဏ္ဍေ-ဟုဖွင့်ခြင်းမှာ ထူးဆန်းသည်ဟုဆိုရမည်၊ မဏ္ဍ-သဒ္ဒါ အလယ် အလတ်အရပ်-ကိုသာ ဟောရိုးရှိ၏၊ မဏ္ဍိမ-သဒ္ဒါကသာ ခါးကိုဟောရိုးတည်း၊ အညစ်အကြေးဆိုသည်မှာ ခါးအရပ်၌

ဟတ္ထေဟိ- လက်တို့ဖြင့်၊ **အဂ္ဂါယတန မာဟရိန္တိ**- အဂ္ဂါယတ နမာဟရိ ဟူသည်ကား၊ အတ္တနော- မိမိ၏၊ အဂ္ဂိဟုတသာလံ- ယဇ်ပူဇော်ရာ မီးတင်းကုပ်သို့၊ အာဟရိ- ဆောင်ခဲ့ပြီ၊ **ဝိကပ္ပေတွာ**တိ- ဝိကပ္ပေတွာဟူသည်ကား၊ ဝိစ္ဆိန္ဒိတွာ- ခွဲစိတ်၍၊ "ဝိကန္တေတွာ"တိပိ- ဝိကန္တေတွာဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ (အတ္ထိ- ရှိ၏၊) "ခါဒိ"န္တိ- ခါဒိဟူသည်ကား၊ ပါဌသေသော- ပါဌ်ကြွင်းတည်း၊ **အာဟာသိမေ**တိ- အာဟာသိမေ ဟူသည်ကား၊ တံ- ထိုသရက်သီးကို၊ ဇိဝှဂ္ဂေ- လျှာဖြား၌၊ ဌပိတမတ္တမေဝ- ထားအပ်မျှသော်သာ၊ သတ္တရသဟရဏိ သဟဿာနိ- ခုနစ်ထောင်သော အရသာကိုဆောင်သော အကြောတို့ကို၊ ဖရိတွာ- နှံ့၍၊ မမ- ငါ၏၊ ခုဒ္ဒဥ္စ- ဆာလောင်ခြင်းကိုလည်းကောင်း၊ ပိပါသဥ္စ- မွတ်သိပ်ခြင်းကိုလည်းကောင်း၊ ဟရိ- ပယ်ရှားခဲ့ပြီ၊ **အပေတဒရထော**တိ- အပေတဒရထောဟူသည်ကား၊ ဝိဂတကာယစိတ္တဒရထော- ကင်းသော ကိုယ်စိတ်နှစ်ပါး ပူပန်ခြင်းရှိသည်၊ ဟိ- မှန်၏၊ သုဓာဘောဇနံ- သုဓာဘုတ်သည်၊ ဘုတ္တသာ- စားသော သူ၏၊ သဗ္ဗဒရထံ- အလုံးစုံသော ပူပန်ခြင်းကို၊ အပဟရိဝိယ- ပယ်ရှားဘိ သကဲ့သို့ (တထာ- ထို့အတူ) တဿ- ထိုသရက်သီးကို စားသောရသေ့၏၊ (သဗ္ဗဒရထံ- အလုံးစုံသော ပူပန်ခြင်းကို၊ အပဟရိ- ပယ်ရှားပြီ၊) **ဗျန္တိဘူတော**တိ- ဗျန္တိဘူတော ဟူသည်ကား၊ တဿ အမ္ဗပက္ကဿ- ထိုသရက်သီးမှည့်၏၊ ဝိဂတန္တော- ကင်းကွာခြင်း သည်၊ ဇာတော- ဖြစ်ခဲ့ပြီ၊ ပရိက္ခီဏအမ္ဗပက္ကော- ကုန်သော သရက်သီးမှည့်ရှိသည်၊ ဟုတွာ- ဖြစ်၍၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ဒုခက္ခမော**တိ- ဒုခက္ခမော ဟူသည်ကား၊ ဒုက္ခေန- ဆင်းရဲသော၊ အသာတေန- သာယာဖွယ် မကောင်းသော၊ ကာယက္ခမေနစေဝ- ကိုယ်၏သည်းခံမှုနှင့်လည်းကောင်း၊ စိတ္တက္ခမေနစ- စိတ်၏ သည်းခံမှုနှင့် လည်းကောင်း၊ သမန္နာဂတော- ပြည့်စုံသည်၊ ပန- ဆက်၍ဆိုဦးအံ့၊ အညေသု- အခြားကုန်သော၊ ကဒလိပနသာဒိသု- ငှက်ပျော်သီး ပိန္နဲသီးအစရှိကုန် သော၊ ဖလေသု- သစ်သီးတို့၌၊ ပရိတ္တကမ္ပိ- အနည်းငယ်မျှလည်းဖြစ်သော၊ အဿာဒံ- သာယာမှုကို၊ နာဓိဂစ္ဆာမိ- ငါမရ၊ မေ- ငါ၏၊ ဇိဝှါယ- လျှာပေါ်၌၊ ဌပိတမတ္တာနိ- ထားအပ်ကာမျှဖြစ်ကုန်သော၊ သဗ္ဗာနိ- အလုံးစုံသော သစ်သီးတို့သည်၊ တိတ္တကာ- နေဝတိတ္တကာနိဧဝ- ခါးကုန်သည်သာလျှင်၊ သမ္ပဇ္ဇန္တိ- ဖြစ်ကုန်၏၊ က္ကတိ- ဤအနက်ကို၊ ဒီပေတိ- ပြ၏။

---

• စုဝေးတတ်သော အဆီပြင် များတည်း၊ ၎င်းတို့ကြောင့် ခါးမှာမသေးသွယ်ဘဲတုတ်ဝ၍နေသဖြင့် အမျိုးသမီးတို့အလှအပကို ဖျက်ဆီးရာရောက်သည်။

**သောသေတ္တာ**တိ- သောသေတွာဟူသည်ကား၊ နိရာဟာရတာယ- အာဟာရ ကင်းသည်၏အဖြစ်ကြောင့်၊ သောသေတွာ သုက္ခာပေတွာ- ခြောက်သွေ့စေ၍၊ **တံ မမန္တိ**- တံ မမံဟူသည်ကား၊ တံ- ထိုသရက်သီးသည်၊ မမ- ငါ၏၊ **ယဿာ**တိ- ယဿဟူသည်ကား၊ ယံ- အကြင် သရက်သီးသည်၊ အဿ- ဖြစ်ခဲ့ပြီ၊ အဟောသိ- ဖြစ်ခဲ့ပြီး၊ က္ကတိ- ဤကား၊ အတ္တော- အနက်တည်း၊ က္ကဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ ယံ ဖလံ- အကြင်အသီးသည်၊ မမ- ငါ့ဖို့၊ သာဒု- သာယာဖွယ်သည်၊ အဟောသိ- ဖြစ်ခဲ့ပြီ၊ ဂမ္ဘီရေ- နက်စွာသော၊ ပုထုလဥဒကက္ခန္ဓ- သဏ္ဌိတေ- များသော ရေအစုဟုဆိုအပ်သော၊ မဟဏ္ဏဝေ- ကြီးစွာသော ရေအလျဉ်၌၊ ဝုယှမာနံ- မျောပါနေသော၊ ယံ- အကြင်သရက်သီးကို၊ အဟံ- ငါသည်၊ တတော ဥဒဓိသ္မာ- ထိုရေအလျဉ်မှ၊ ဥဒ္ဓရိံ- ထုတ်ဆယ်ခဲ့ပြီ၊ တံ အမ္ဗံ- ထိုသရက်သီးသည်၊ မမ- ငါ၏၊ မရဏံ- သေခြင်းကို၊ အာဝဟိဿတိ- ဆောင်ယူလတ့ံ၊ က္ကတိ- ဤသို့၊ မညာမိ- မှတ်ထင်၏၊ တံ- ထိုသရက်သီးကို၊ အလဘန္တဿ- မရသော်၊ မယှံ- ငါ၏၊ ဇီဝိတံ- အသက်ရှင်ခြင်းသည်၊ နပ္ပဝတ္တိဿတိ- မဖြစ်တော့လတ့ံ၊ က္ကတိ- ဤသို့ (ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊) **ဥပဝသာမီ**တိ- ဥပဝသာမိဟူသည်ကား၊ ခုပ္ပိပါသာဟိ- ဆာလောင်ခြင်း မွတ်သိပ်ခြင်းတို့မှ၊ ဥပဂတော- ကင်းလျက်၊ ဝသာမိ- နေရ၏၊ **ရမ္မံ ပတိ နိသိန္နောသ္မီ**တိ- ရမ္မံပတိနိသိန္နောသ္မိဟူသည်ကား၊ ရမဏီယံ- မွေ့လျော်ဘွယ် ကောင်းသော၊ နဒိံ- မြစ်ကို၊ ပတိ- စွဲ၍၊ အဟံ- ငါသည်၊ နိသိန္နော- နေခဲ့၏၊ **ပုထုလောမာယုတာ ပုထူ**တိ- ပုထုလောမာယုတာပုထူဟူသည်ကား၊ အယံ နဒီ- ဤမြစ်သည်၊ ပုထုလောမေဟိ- များသောအမွေးရှိကုန်သော၊* မစ္ဆေဟိ- ငါးတို့ဖြင့်၊ အာယုတာ- ပြည့်နှက်၏၊ ပုထု- များ၏၊ ဝိပုလာ- ပြန့်ပြော၏၊ က္ကတော- ဤမြစ်မှ၊ မေ- ငါ၏၊ သောတ္ထိ- ချမ်းသာခြင်းသည်၊ အပိနာမ ဘဝေယျ- ဖြစ်ငြားအံ့လည်း မသိ၊ က္ကတိ- ဤကား၊ အဓိပ္ပါယော- အဓိပ္ပါယ်တည်း၊ **အပလာယိနီ**တိ- အပလာယိနီ ဟူသည်ကား၊ အပလာယိတွာ- ထွက်မပြေးမူ၍၊ မမ- ငါ၏၊ သမ္မုခေ- မျက်မှောက်၌၊ ဌိတေ- တည်သူ၊ က္ကတိ- ဤသို့ တံဒေဝတံ- ထိုနတ်သမီးကို၊ အာလပတိ- ခေါ်ဝေါ်၏၊ "အပလာသိနီ"တိပိ- အပလာသိနီဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ (အတ္ထိ- ရှိ၏၊) ပလာသရဟိတေ- အညှံ့အဖျင်းမှ ကင်းသော၊ အနဝဇ္ဇ သရီရေ- အပြစ်မရှိသော

* လောမသဒ္ဒါ အမွေးကိုဟောသော်လည်း ငါးသတ္တဝါဖြစ်၍ ဆူးတောင် (သို့) ကြေးခွံကို ဟော၏ဟု ယူဆသင့်။

ကိုယ်ရှိသော၊ က္ကတိ- ဤကား၊ အတ္တော- အနက်တည်း၊ **ကိံဿဝါ**တိ- ကိံဿဝါ ဟူသည်ကား၊ ကိံဿ ဝါ ကာရဏာ- အဘယ်အကြောင်းကြောင့်၊ က္ကစ- ဤအရပ်သို့၊ အာဂတာ- လာသည်၊ အသိ- ဖြစ်သနည်း၊ က္ကတိ- ဤသို့၊ ပုစ္ဆတိ- မေး၏။

ထိုလေသည်လည်း၊ နတ္ထိ- မရှိ၊ တေန- ထို့ကြောင့်၊ ဧဝံ- ဤသို့၊ အာဟ- ပြောပြီ၊ **ကမသီ**တိ- ကမသိဟူသည်ကား၊ ပဝတ္တေသိ- ဖြစ်စေ၏၊ **အဃမှိ**တိ- အဃမှိဟူသည်ကား၊ အပ္ပဋိဃေ- ထိခိုက်အပ်သော ဝတ္ထုမရှိသော၊ အာကာသေ- ကောင်းကင်၌၊ **ဝတ္ထုကတာ**တိ- ဝတ္ထုကတာဟူသည်ကား၊ ဝတ္ထု ဝိယ- တည်ရာကဲ့သို့၊ ပတိဋ္ဌာ ဝိယ- တည်ရာကဲ့သို့ ကတာ- ပြုအပ်ပြီ၊ **အနဒ္ဓဂူနံ အပိ ဒေဝတာနန္တိ**- အနဒ္ဓဂူနံအပိဒေဝတာနံ ဟူသည်ကား၊ ပဒသာ- ခြေဖြင့်၊ အဒ္ဓါနံ- အဝွန့်ရှည်သော ခရီးကို၊ အဂမနေန- မသွားခြင်းကြောင့်၊ အနဒ္ဓဂူနံ- အနဒ္ဓဂူဟူ၍ ခေါ်ဆိုအပ်ကုန်သော၊ (ဝါ) ခြေဖြင့် ခရီးကို မသွားတတ်ကုန်သော၊* ဒေဝတာနံ- နတ်တို့၏၊ ယာက္ကဒ္ဓိ- အကြင်တန်ခိုးသည်၊ (အတ္ထိ- ရှိ၏၊) တဝ- သင်၏၊ သာ အပိ(က္ကဒ္ဓိ)- ထိုတန်ခိုးမျိုးသည်လည်း၊ သုဘာဝိတာ- ကောင်းစွာ ပွားစေအပ်သလော၊ က္ကတိ- ဤသို့ ပုစ္ဆတိ- မေး၏၊ **ဝေဟာယသံ ဂမ္မမာဂမ္မာ**တိ- ဝေဟာယသံ ဂမ္မမာဂမ္မဟူသည်ကား၊ အာကာသေ- ကောင်းကင်၌၊ ပဝတ္တံ- ဖြစ်သော၊ ပဒဝီတိဟာရံ- ခြေလှမ်းကို၊ ပဋိစ္စ- စွဲ၍၊ နိဿာယ- မှီ၍၊ "တိဋ္ဌသီ"တိ- တိဋ္ဌသိဟူသော၊ က္ကမဿ- ဤပုဒ်၏၊ "ကော ဝါ တုဝ"န္တိ- ကောဝါ တုဝံဟူသော၊ က္ကမိနာ- ဤပုဒ်နှင့်၊ သမ္ဗန္ဓော- ဆက်စပ်ခြင်းသည်၊ (ဟောတိ- ဖြစ်၏၊) ဧဝံ- ဤသို့၊ တိဋ္ဌမာနော- တည်သော၊ တွံ- သင်သည်၊ ကော ဝါ- အဘယ်သူနည်း၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ယမေတမတ္ထန္တိ**- ယမေတမတ္ထံဟူသည်ကား၊ ယံ ဧတံ- အကြင်စကားကို၊ ဝဒသိ- ဆို၏၊ က္ကမဿ- ဤယမေတမတ္ထံဟူသော ပုဒ်၏၊ "ကိဿ ဝါ တာယ"န္တိ- ကိဿ ဝါ တာယံဟူသော၊ က္ကမိနာ- ဤပုဒ်နှင့်၊ သမ္ဗန္ဓော- စပ်ခြင်းသည်၊ (ဘဝတိ- ဖြစ်၏၊) ယံ ဧတံ ကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြပါ၊ က္ကတိ- ဤသို့၊ ဝဒသိ- ဆိုဘိ၏၊ တေ- သင်၏၊ အယံ ကုမ္ဘော- ဤအိုးသည်၊ ကိဿဝါ- အဘယ် ဝတ္ထု၏မူလည်း၊ (ကုမ္ဘော- အိုးနည်း၊) က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း။

တတော- ထို့နောင်မှ၊ သက္ကော- သိကြားမင်းသည်၊ (ဒေဝ- မြတ်သော မင်းကြီး၊) "တေနဟိ- ထိုသို့ဖြစ်လျှင်၊ သုဏာဟိ- နာလော၊" က္ကတိ- ဤသို့၊ ဝတွာ- ဆို၍၊ သုရာယ- သေရည်ကို သောက်ခြင်း၏၊ ဒေါသေ- အပြစ်တို့ကို၊ ဒဿေန္တော- ပြလိုသည်ရှိသော်၊ "န သပ္ပကုမ္ဘော (ပ) သဗ္ဗ မိတ္တာ"တိ- "န သပ္ပကုမ္ဘော (ပ)

---

* အဒ္ဓ= ခရီး-ဂူ-သွားသူ=ခရီးကိုခြေဖြင့် သွားသောသတ္တဝါ။ နတ်တို့ကား ခရီးကိုခြေဖြင့် မသွားသောကြောင့် အနဒ္ဓဂူဟုဆိုသည်။

သဗ္ဗမိတ္တာ"-ဟူသော၊ (စတုဝီသတိ- နှစ်ဆယ့်လေးခုသော၊ ဣမာဂါထာ- ဤဂါထာ တို့ကို၊) အာဟ- ဆိုပြီ။

၃၆။ မဟာရာဇ- မြတ်သောမင်းကြီး၊ အယံ- ဤအိုးသည်၊ နသပ္ပိကုမ္ဘော- ထောပတ်အိုးလည်းမဟုတ်၊ နာပိတေလကုမ္ဘော- ဆီအိုးလည်းမဟုတ်၊ ဖာဏိတဿ- တင်လဲ၏၊ ကုမ္ဘော- အိုးသည်၊ မဓုရဿ- ပျား၏၊ ကုမ္ဘော- အိုးသည်၊ န- မဟုတ်၊ ကုမ္ဘဿ- အိုး၏၊ ဝဇ္ဇာနိ- အပြစ်တို့သည်၊ အနပ္ပကာနိ- များစွာကုန်၏၊ ဗဟူ- များစွာကုန်သော၊ ကုမ္ဘဂတေ- အိုး၌ဖြစ်ကုန်သော၊ ဒေါသေ- အပြစ်တို့ကို၊ သုဏာထ- နာကုန်လော့။

၃၇။ မဟာရာဇ- မြတ်သောမင်းကြီး၊ ယံ- အကြင်သေကို၊ ပိဝိတွာ- သောက်၍၊ ဂစ္ဆန္တော- သွားသည်ရှိသော်၊ ဂဠေယျ- ဖဝါးလှမ်းတိုင်း လှမ်းတိုင်းလည်းရာ၏၊ ပပါတံ- ကမ်းပါးပြတ်သို့လည်းကောင်း၊ သောဗ္ဘံ- တွင်းသို့လည်းကောင်း၊ ဂုဟံ- လိုဏ်ဂူသို့လည်းကောင်း၊ [စန္ဒနိယံ (စန္ဒနီယံ)]- ညွန်စေရွံ့သို့လည်း ကောင်း၊ ဩဠိဂလ္လံ- ဆန်ဆေးရေ စသည်တို့ကို သွန်ရာခရီးသို့လည်းကောင်း၊ ပတေ- ကျရာ၏၊ အဘောဇနေယျံ- မစားသင့်သော ဝတ္ထုကို၊ ဗဟုံပိ- များစွာလည်း၊ ဘုဉ္ဇေယျ- စားမိရာ ၏၊ ယာကုမ္ဘိ- အကြင်အိုးသည်၊ ဧဝရူပါ- ဤသို့သဘောရှိ၏၊ တဿာကုမ္ဘိယာ- ထိုအိုး၏၊ ဝဇ္ဇာနိ- အပြစ်တို့ကို၊ သုဏာထ- နာကုန်လော၊ တဿာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ဣမံကုမ္ဘိံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်။

၃၈။ မဟာရာဇ- မြတ်သော မင်းကြီး၊ ယံ- အကြင်သေကို၊ [ပိတွာ (ပိဝိတွာ)]- သောက်သောကြောင့်၊ စိတ္တသ္မိံ- စိတ်၌၊ အနေသမာနော- အစိုးမရသည် ဖြစ်၍၊ [ဘက္ခသာဒိ(ဘက္ခသာရိ)]- အဟောင်းဖြစ်သော မြက်ဖက်ကို စားသော၊ ဂေါရိဝ- နွားကဲ့သို့၊ ဧဝရူပေါ- ဤသို့သဘောရှိ၏၊ အနာထမာနော- ကိုးကွယ်ရာမရှိသောသူကဲ့သို့ [အာဟိဏ္ဍတိ (အာဟိဏ္ဍတိ)]- လည်းတတ်၏၊ ဥပဂါယတိစ- သီလည်း သီတတ်၏၊ နစ္စတိစ- ကလည်း ကတတ်၏၊ ယာသုရာ- အကြင်သေသည်၊ ဧဝရူပါ- ဤသို့သဘောရှိ၏၊ တဿာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ဣမံကုမ္ဘိံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော့။

၃၉။ မဟာရာဇ- မြတ်သော မင်းကြီး၊ ယံ- အကြင်သေကို၊ ပိဝိတွာ- သောက်သောကြောင့်၊ ဝေ- စင်စစ်၊ အစေလောဝ- တက္ကတွန်းကဲ့သို့ နဂ္ဂေါ- အဝတ်မဝတ်ဘဲ ဂါမေ- ရွာ၌လည်းကောင်း၊ ဝိသိခန္တရာနိ- လမ်းခရီးအလယ်သို့

လည်းကောင်း၊ စရေယျ- သွားမိရာ၏၊ [သမ္ဗုဋ္ဌစိတ္တော (သံမုဋ္ဌစိတ္တော)]- တွေဝေသော စိတ်ရှိသည်ဖြစ်၍၊ အတိဝေလသာယီ- အတိုင်းအရှည်ထက် လွန်စွာအိပ်ခြင်းသို့ ရောက်ရာ၏၊ တဿာ- ထိုများသော အပြစ်ရှိသော သေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ဣမံကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၄၀။ မဟာရာဇ- မြတ်သောမင်းကြီး၊ ယံ- အကြင်သေကို၊ [ပိတွာ (ပိဝိတွာ)]- သောက်သောကြောင့်၊ ဥဋ္ဌာယ- ထ၍၊ ပဝေဓမာနော- တုန်လှုပ်လျက်၊ သီသဉ္စ- ဦးခေါင်းကိုလည်းကောင်း၊ [ဗာဟုဉ္စ(ဗာဟုံစ)]- လက်ရုံးကိုလည်းကောင်း၊ ပစာလယန္တော- လှုပ်လျက်၊ သော- ထိုသေ သောက်သောသူသည်၊ ဒါရုကဋ္ဋလ္လကောဝ- သစ်သားဖြင့် လုပ်အပ်သော ယန္တရားရုပ်ကဲ့သို့၊ နစ္စတိ- က၏၊ တဿာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ဣမံကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၄၁။ မဟာရာဇ- မြတ်သော မင်းကြီး၊ ယံ- အကြင်သေကို၊ ပိဝိတွာ- သောက်သောကြောင့်၊ ဝေ- စင်စစ်၊ အဂ္ဂိဒဍ္ဍာ- မီးလောင်ကုန်လျက်၊ သယန္တိ- အိပ်ရကုန်၏၊ အထော- ထိုမှတစ်ပါး၊ သိင်္ဂါလေဟိပိ- မြေခွေးတို့ သည်လည်း၊ [ခါဒိတာသေ(ခါဒိတာ)]- စားအပ်ကုန်၏၊ ဗန္ဓံ- နှောင်ဖွဲ့ခြင်းသို့လည်းကောင်း၊ ဝဓံ- သတ်ပုတ်ညှဉ်းဆဲခြင်းသို့လည်းကောင်း၊ ဘောဂဇာနိံစ- စည်းစိမ် ယုတ်ခြင်းသို့လည်းကောင်း၊ ဥပေန္တိ- ရောက်ကုန်၏၊ တဿာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ဣမံကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၄၂။ ယံ- အကြင်သေကို၊ ပိဝိတွာ- သောက်သောကြောင့်၊ သဘာယံ- သဘင်၌၊ အဘာသနေယျံ- မဆိုအပ်သော စကားကို၊ ဘာသေယျ- ဆိုမိရာ၏၊ အပေတဝတ္ထော- အဝတ်မှကင်းသည်၊ သမာနော- ဖြစ်လျက်၊ ဝန္တဂတော- မိမိအန်ဖတ်၌လည်းသည်ဖြစ်၍၊ [သမ္ဗက္ခိတော (သမက္ခိ- တော)]- အန်ဖတ်ဖြင့် လိမ်းကျံလျက်၊ ဗျသန္နော- နစ်သောအဖြစ်သို့ ရောက်သည်ဖြစ်၍၊ သယတိ- အိပ်ရ၏၊ တဿာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ဣမံကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၄၃။ ယံ- အကြင်သေကို၊ ပိဝိတွာ- သောက်သောကြောင့်၊ ဝေ- စင်စစ်၊ ဥက္ကဋ္ဌော- ငါ့ကား အလွန်မြတ်သောသူတည်း (ဝါ) ငါနှင့်တူသော သူမရှိဟု၊ ဘာသေယျ- ကြုံးဝါးပြောဆိုရာ၏၊ အာဝိလက္ခော- နီသော မျက်စိရှိသည်

ဖြစ်၍၊ [သဗ္ဗပထဝိ(သဗ္ဗာပထဝီ)]- အလုံးစုံသော မြေသည်၊ မမေဝ- ငါ၏ သာလျှင်၊ ပထဝီ- မြေတည်း၊ မေ- ငါနှင့်၊ သမော- တူသော၊ စာတုရန္တော- သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသော မြေ၌အစိုးရသော၊ ရာဇာပိ- မင်းသည်လည်း၊ နတ္ထိ- မရှိ၊ က္ကတိ- ဤသို့၊ မဒေ- ထင်မှတ်တတ်၏၊ တဿာ- ထိုသို့သော အပြစ်ရှိသော သေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ကုမ္ဘံ- အိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၄၄။ ယာသုရာ- အကြင်သေသည်၊ မာနာတိမာနာ- ပကတိသောမာန် အလွန်သောမာန်မူခြင်းတို့ကိုပြုတတ်ကုန်၏၊ ကလဟာနိ- ငြင်းခုံးခြင်းတို့ကို လည်း ပြုတတ်ကုန်၏၊ ပေသုဏီ- ဂုံးတိုက်ချောပစ်ခြင်းကိုလည်း ပြုတတ်၏၊ ဒုဗ္ဗဏ္ဏိနီ- အဆင်းမလှခြင်းကိုလည်း ပြုတတ်၏၊ နိဂ္ဂယိနီ- အဝတ် မရှိသည်ကိုလည်း ပြုတတ်၏၊ ပလာယိနီ- ပြေးခြင်းကိုလည်း ပြုတတ်၏၊ စောရာနံ- ခိုးသူတို့၏လည်းကောင်း၊ ဓုတ္တာနံ- သေသောက်ကြူးတို့၏ လည်းကောင်း၊ [ဂတိ(ဂတိ)]- ရောက်ရာလည်းဖြစ်၏၊ နိကေတော- နေရာလည်း ဖြစ်၏၊ တဿာ- ထိုသို့သော အပြစ်ရှိသော သေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ က္ကမံကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၄၅။ လောကေ- လူ့ပြည်၌၊ ဣဒ္ဓါနိ- ပြည့်စုံကုန်သော၊ ဖီတာနိ- အဝတ်တန်းဆာ ထက်ဝန်းကျင်ဥစ္စာတို့ဖြင့် ပွင့်လန်းကုန်သော၊ အနေက- သဟဿဓနာနိ- အထောင်မကများစွာသော ဥစ္စာရှိကုန်သော၊ ယာနိကု- လာနိ- အကြင်အမျိုးတို့သည်၊ [အဿု(အာသုံ)]- ဖြစ်ကုန်၏၊ တာနိကု- လာနိ- ထိုအမျိုးတို့ကို၊ က္ကမာယ- ဤသေသည်၊ ဥစ္ဆိန္နဒါယဇ္ဇကတာနိ- ပြတ်သော အမွေခံရှိသည်တို့ကို ပြုတတ်ကုန်၏၊ တဿာ- ထိုသို့သော အပြစ်ရှိသော သေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ က္ကမံကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၄၆။ ယံ- အကြင်အမျိုးကို၊ နိဿာယ- မှီ၍၊ ယတ္ထ- အကြင်အမျိုး၌၊ ဓည- စပါးသည်လည်းကောင်း၊ ဓနံ- ဥစ္စာသည်လည်းကောင်း၊ ရဇတံ- ငွေသည် လည်းကောင်း၊ ဇာတရူပံ- ရွှေသည်လည်းကောင်း၊ ခေတ္တံ- လယ်သည်လည်း ကောင်း၊ ဂဝံ- နွားသည်လည်းကောင်း၊ ပတိဋ္ဌိတာ- တည်ကုန်၏၊ တတ္ထ- ထိုအမျိုး၌၊ တဿ- ထိုသူ၏၊ ဗဟူနိ- များစွာကုန်သော ဥစ္စာတို့သည်၊ က္ကမာယ- ဤသေကြောင့်၊ ဝိနာသယန္တိ- ပျက်စီးကုန်၏၊ ကုလာနံ-

အမျိုးတို့၏၊ [ဥစ္ဆေဒနိဝိတ္တဝတံ (ဥစ္ဆေဒနိဝိတ္တဂတံ)]- ပြတ်ခြင်း ဥစ္စာမရှိခြင်းသို့ ရောက်ခြင်းကို၊ ဣမာယ- ဤသေသည်၊ ကတံ- ပြုအပ်၏၊ တသ္မာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ဣမံကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၄၇။ ယံ- အကြင်သေကို၊ ပိဝိတွာ- သောက်သောကြောင့်၊ ဝေ- စင်စစ်၊ ပေါသော- ယောကျ်ားသည်၊ ဒိတ္တရူပေါ- မာန်စောင်တတ်သော သဘောရှိသည် ဖြစ်၍လျှင်၊ မာတရဉ္စ- အမိကို လည်းကောင်း၊ ပိတရဉ္စ- အဘကိုလည်း ကောင်း၊ အက္ကောသတိ- ဆဲရေးမိတတ်၏၊ [သဿုမ္ပိ (သဿုရံပိ)]- ယောက္ခမကိုလည်း၊ ဂဏ္ဍေယျ- ကိလေသာ၏ အစွမ်းဖြင့် ဆွဲငင်မိရာ၏၊ အထော- ထိုမှတစ်ပါး၊ သုဏှမ္ပိ- ချွေးမကိုလည်း၊ ဂဏ္ဍေယျ- ကိလေသာ၏ အစွမ်းဖြင့် ဖမ်းမိရာ၏၊ တသ္မာ- ထိုသို့သော အပြစ်ရှိသော သေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ဣမံ ကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၄၈။ ယံ- အကြင်သေကို၊ ပိဝိတွာ- သောက်သောကြောင့်၊ ဝေ- စင်စစ်၊ နာရီ- မိန်းမသည်၊ ဒိတ္တရူပါ- စောင်းမာန်တတ်သော သဘောရှိသည်ဖြစ်၍ လျှင်၊ သဿုရဉ္စ- ယောက္ခမတို့လည်းကောင်း၊ သာမိကဉ္စ- လင်ကိုလည်း ကောင်း၊ အက္ကောသတိ- ဆဲရေးမိတတ်၏၊ [ဒါသမ္ပိ (ဒါသံပိ)]- မိမိကျွန်ကိုသော်လည်း၊ ဂဏ္ဍေယျ- ကိလေသာ၏အစွမ်းဖြင့် လင်ထင်မှတ်၍ ဖမ်းငင်မိရာ၏၊ [ပရိစာရိကမ္ပိ(ပရိစာရိကံပိ)]- အလုပ်အကျွေးဖြစ်သော သူကိုလည်း၊ ဂဏ္ဍေယျ- ကိလေသာ၏အစွမ်းဖြင့် ဆွဲငင်မိရာ၏၊ တသ္မာ- ထိုသို့သော အပြစ်ရှိသော သေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ဣမံကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၄၉။ ယံ- အကြင်သေကို၊ ပိဝိတွာ- သောက်သောကြောင့်၊ ဝေ- စင်စစ်၊ ပေါသော- ယောကျ်ားသည်၊ ဓမ္မေ- မြတ်သော အကျင့်တရား၌၊ [ဌိတံ(ဌိတံ)]- တည်သော၊ သမဏံဝါ- ရဟန်းကိုလည်းကောင်း၊ ဗြာဟ္မဏံဝါ- ပုဏ္ဏားကို လည်းကောင်း၊ ဟနေယျ- သတ်ပုတ်ညှဉ်းဆဲရာ၏၊ တတောနိဒါနံ- ထိုသို့ သတ်ပုတ်ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့်၊ အပါယမ္ပိ- အပါယ်လေးပါးသို့၊ [ဂစ္ဆေ(ဂစ္ဆေယျ)]- ရောက်ရာ၏၊ တသ္မာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ဣမံကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၅၀။ ယံ- အကြင်သေကို၊ ပိဝိတွာ- သောက်သောကြောင့်၊ ဝေ- စင်စစ်၊ ကာယေနစ- ကိုယ်ဖြင့်လည်းကောင်း၊ ဝါစာယစ- နှုတ်ဖြင့်လည်းကောင်း၊

စေတသာစ- စိတ်ဖြင့်လည်းကောင်း၊ ဒုစ္စရိတံ- မကောင်းသော အကျင့်ကို၊ စရန္တိ- ကျင့်မိတတ်ကုန်၏၊ ဒုစ္စရိတံ- မကောင်းသော အကျင့်ကို၊ စရိတွာ- ကျင့်မိသောကြောင့်၊ နိရယံ- ငရဲသို့၊ ဝဇန္တိ- ရောက်ရကုန်၏၊ တဿာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ကုမ္ဘံ- ကြမ်းကို၊ ဝိရဝ်- ဝယ်ကြကုန်လော။

၅၁။ ပုဗ္ဗေ- ရှေး၌၊ သုရံ- သေကို၊ အပိဝန္တံ- မသောက်သော၊ ယံပုရိသံ- အကြင်ယောက်ျားကို၊ ဗဟုံ- များစွာသော၊ [ဟိရညမ္ပိ (ဟိရညံပိ)]- ရွှေကိုလည်း၊ ပရိစ္စဇန္တာ- ပေးကုန်လျက်၊ အလိကံ- မဟုတ်မမှန်သော စကားကို၊ ဘဏ- သင်ဆိုလော၊ ဣတိ- ဤသို့ဆိုကုန်၍၊ ယာစမာနာပိ- တောင်းပန်ကုန်သော်လည်း၊ နလဘန္တိ- မရကုန်၊ တံ- ထိုသေကို၊ ပိဝိတွာ- သောက်ပြီး၍၊ ဋ္ဌိတော- တည်သော၊ သော- ထိုယောက်ျားသည်၊ အလိကံ- မဟုတ်မမှန်သော စကားကို၊ [ဘဏာတိ (ဘဏတိ)]- ဆိုတတ်၏၊ တဿာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ကုမ္ဘံ- ကြမ်းကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၅၂။ ယံ- အကြင်သေကို၊ ပိဝိတွာ- သောက်သောကြောင့်၊ ဝေ- စင်စစ်၊ ပေသနေ- စေပါးဖွယ်၌၊ ပေသိယန္တော- စေသည်ရှိသော်၊ အစ္စာယိကေ- အဆောတလျင်ပြုအပ်သော၊ ကရဏီယမှိ- ပြုဘွယ်ကိစ္စသည်၊ ဇာတေ- ဖြစ်လတ်သည်ရှိသော်၊ ကေန- အဘယ်အကြောင်းကြောင့်၊ အာဂတော- လာသနည်း၊ ဣတိ- ဤသို့ ဝုတ္တော- ဆိုအပ်သော၊ သော- ထိုသေသောက်သော သူသည်၊ အတ္ထံပိ- မှာလိုက်သောစကား အနက်မျှကိုလည်း၊ [နပ္ပဇာနာတိ (နာဝဇာနာတိ)]- မသိ၊ တဿာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ကုမ္ဘံ- ကြမ်းကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၅၃။ [ဟိရီမနာပိ(ဟိရိမနာပိ)]- ရှက်ကြောက်တတ်ကုန်သော သူတို့သည်လည်း၊ မဒနာယ- သေဖြင့်၊ မတ္တာ- ယစ်ကုန်သည်ဖြစ်၍၊ အဟိရီကဘာဝံ- အရှက်အကြောက်ကင်းသောအဖြစ်ကို၊ [ပါတုံ ကရောန္တိ (ပါတုကရောန္တိ)]- ထင်ရှားပြုတတ်ကုန်၏၊ ဓီရာ- ပညာရှိတို့သည်၊ သန္တာပိ- ရှိကုန်လျက်လည်း၊ ဗဟုကံ- များစွာသော စကားကို၊ ဘဏန္တိ- ဆိုမိတတ်ကုန်၏၊ တဿာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ကုမ္ဘံ- ကြမ်းကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၅၄။ ယံ- အကြင်သေကို၊ ပိဝိတွာ- သောက်သောကြောင့်၊ ဝေ- စင်စစ်၊ ဧကထူပါ- ဝက်သငယ်တို့ကဲ့သို့ အမျိုးယုတ်သောသူနှင့် တပေါင်းတည်းဖြစ်ကုန်၍၊ သယန္တိ- အိပ်ကုန်၏၊ အနာသကာ- ကင်းသောမိမိ အာဟာရရှိကုန်သည်ဖြစ်၍၊ [ထဏ္ဍိလဒုက္ခသေယျံ(ထဏ္ဍိလဒုက္ခသေ- ယျဥ္စ)]- မြေ၌ဆင်းရဲစွာသော အိပ်ခြင်းသို့လည်းကောင်း၊ ဒုဗ္ဗဏ္ဏိယဥ္စ- အဆင်းမလှခြင်းသို့လည်းကောင်း၊ အာယသကျဥ္စ- ကဲ့ရဲ့ခြင်းသို့လည်းကောင်း၊ ဥပေန္တိ- ရောက်ကုန်၏၊ တဿာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ဣမံကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၅၅။ ယံ- အကြင်သေကို၊ ပိဝိတွာ- သောက်သောကြောင့်၊ ဝေ- စင်စစ်၊ ပတ္တက္ခန္ဓာ- ငိုက်ဆိုက်ကျသောလည်ရှိသည်ဖြစ်၍၊ ကုဋှဟတာ- လည်၌ဖွဲ့အပ်သော ယန္တရားဖြင့် ညှဉ်းဆဲအပ်ကုန်သော၊ ဂါဝေါဂါဝီက္ကဝ- န္တားမတို့ကဲ့သို့၊ သယန္တိ- အိပ်ကုန်၏၊ ဝါရုဏိယာ- လေ၏၊ ဝေဂေါက္ကဝ- အဟုန်ကဲ့သို့၊ [နရေန(နရေ)]- လူတို့ကို၊ သုသဟော- ပြင်းစွာနှိပ်စက်တတ်သော၊ ဝေဂေါ- အဟုန်သည်၊ နဟိအတ္ထိ- မရှိသလျှင်ကတည်း၊ တဿာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ဣမံကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၅၆။ ယံသုရံ- အကြင်သေကို၊ ဃောရဝိသံ- ပြင်းသော အဆိပ်ရှိသော၊ သပ္ပံက္ကဝ- မြွေကဲ့သို့၊ မနုဿာ- လူတို့သည်၊ ဝိဝဇ္ဇေန္တိ- ရှောင်ကြဉ်ကုန်၏၊ လောကေ- လူ့ပြည်၌၊ ဝိသသမာနံ- အဆိပ်နှင့်တူသော၊ တံသုရံ- ထိုသေကို၊ ကောနရော- အဘယ်သူသည်၊ ပါတုံ- သောက်ခြင်းငှာ၊ အရဟာတိ- ထိုက်အံ့နည်း။

၅၇။ မဟာရာဇ- မြတ်သောမင်းကြီး၊ ယံ- အကြင်သေကို၊ ပိဝိတွာ- သောက်သောကြောင့်၊ ဝေ- စင်စစ်၊ [အန္ဓကဝေဏ္ဍုပုတ္တာ (အဏ္ဍကဝေဏ္ဍု- ပုတ္တာ)]- အဏ္ဍကဝဏ္ဍုသားဖြစ်ကုန်သော တစ်ကျိတ်ကုန်သော မင်းညီနောင်တို့သည်၊ သမုဒ္ဒတီရေ- သမုဒ္ဒရာကမ်းနား၌၊ [ပရိစာရယန္တာ (ပရိဝါရ-ယန္တာ)]- ခြံရံကုန်လျက်၊ မုသလေဟိ- ကျည်ပွေ့တို့ဖြင့်၊ အညမညံ- အချင်းချင်း၊ ဥပက္ကမုံ- ရိုက်ပုတ်ကြကုန်၊ တဿာ- ထိုသေဖြင့်၊ ပုဏ္ဏံ- ပြည့်သော၊ ဣမံကုမ္ဘံ- ဤအိုးကို၊ ကိဏာထ- ဝယ်ကြကုန်လော။

၅၈။ မဟာရာဇ- မြတ်သောမင်းကြီး၊ ယံ- အကြင်သေကို၊ [ပိတွာ (ပိဝိတွာ)]- သောက်သောကြောင့်၊ [သမာယ(သမာယာ)]- မယားနှင့်တကွ ကုန်သော၊ ပုဗ္ဗဒေဝါ- အသူရာနတ်တို့သည်၊ ဝေ- စင်စစ်၊ ပမတ္တာ- သေယစ်ကုန်သည် ဖြစ်၍၊ သဿတိယာ- နှစ်လရှည်လျှားသောကြောင့် မြဲသည်ဟု သမုတ်အပ်သော၊ တိဒိဝါ- တာဝတိံသာနတ်ပြည်မှ၊ စုတာ- ရွေလျှော၍ကျကုန်၏၊ တာဒိသံ- ထိုသို့သဘောရှိသော၊ ဣမံမဇ္ဇံ- ဤသေ ကို၊ တံ- ထိုသေသည်၊ နိရတ္ထကံ- အကျိုးမရှိ၊ ဣတိ- ဤသို့၊ ဇာနံဇာနန္တော- သိသော သင်မင်းကြီးသည်၊ ကထံ- အဘယ်ကြောင့်၊ ပိဝေယျ- သောက်အံ့နည်း။

၅၉။ သဗ္ဗမိတ္တ- သဗ္ဗမိတ္တအမည်တော်ရှိသော၊ မဟာရာဇ- မြတ်သောမင်းကြီး၊ တေ- အရှင်မင်းကြီး၏၊ ဣမသ္မိံ- ဤသို့သဘောရှိသော၊ ဣမံကုမ္ဘံ- အိုး၌၊ ဒဓိဝါ- နို့ဓမ်းသည်လည်းကောင်း၊ မဓုဝါ- ပျားသည်လည်းကောင်း၊ န- မဟုတ်၊ ဧဝံ- ဤသို့အပြစ်များသောအဖြစ်ကို၊ အဘိညာယ- သိ၍၊ ကိဏာဟိ- ဝယ်လော၊ ဧဝံဟိ- ဤသို့လျှင်၊ [ကုမ္ဘဂတာ(ကုမ္ဘဂတံ)]- အိုး၌ တည်သောအဖြစ်ကို၊ ဣမံ- ဤသေကို၊ တဝ- အရှင်မင်းကြီးအား၊ မယာ- ငါသည်၊ အက္ခာတရူပံ- သဘော အားဖြင့်ကြားအပ်ပြီ။

တတ္ထ- ထိုနသပ္ပိကုမ္ဘောစသော ဂါထာတို့၌၊ **ဝဇ္ဇာနီ**တိ- ဝဇ္ဇာနိဟူသည်ကား၊ အာဒီနဝါ- အပြစ်တို့သည်၊ **ဂစ္ဆေယျာ**တိ- ဂစ္ဆေယျဟူသည်ကား၊ ဂစ္ဆန္တော- သွားသည်ရှိသော်၊ ပဒေ ပဒေ- ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌၊ ပရိဝတ္တေယျ- ယိုင်ထိုးရာ၏၊ **ယံ ပိတွာ ပတေ**တိ- ယံပိတွာ ပတေဟူသည်ကား၊ ယံ- အကြင်အရာကို၊ ပိဝိတွာ- သောက်၍၊ ပတေယျ- လဲကျရာ၏၊ **သောဗ္ဘန္တိ**- သောဗ္ဘံဟူသည်ကား၊ အာဝါဋံ- တွင်းသို့၊ **စန္ဒနိယောဠိဂလ္လန္တိ**- စန္ဒနိယောဠိကလ္လံဟူသည်ကား၊ စန္ဒနိကဥ္စ- ရွံ့ညွန်အိုင်သို့လည်းကောင်း၊ ဩဠိဂလ္လဥ္စ- ဆန်ဆေးရေစသည်တို့ကို သွန်ရာ ရွံ့ညွန်အိုင်သို့လည်းကောင်း၊ **အဘောဇနေယျန္တိ**- အဘောဇနေယျံဟူသည်ကား၊ ဘုဉ္ဇိတုံ- စားခြင်းငှာ၊ အယုတ္တံ- မသင့်သော၊ **အနေသမာနော**တိ- အနေသမာနော ဟူသည်ကား၊ အနိဿရော- အစိုးမရသည်ဖြစ် ၍၊ **ဂေါရိဝါ**တိ- ဂေါရိဝါဟူသည်ကား၊ ဂေါဏောဝိယ- နွားကဲ့သို့၊ **ဘက္ခသာဒီ**တိ- ဘက္ခသာဒိဟူသည်ကား၊ ပုရာဏကသဋ္ဌခါဒကော- အဟောင်းဖြစ်သော မြက်ဖတ်ကိုစားတတ်သော၊ သော- ထိုနွားသည်၊ တတ္ထ တတ္ထ- ထိုထိုအရပ်၌၊ ဘက္ခသံ- အစာကို၊ ပရိယေသန္တော- ရှာလျက်၊

အာဟိဏ္ဍတိယထာ- လှည့်လည်ဘိသကဲ့သို့၊ ဧဝံ- ဤအတူ၊ အာဟိဏ္ဍတိ- လှည့်လည်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **အနာထမာနော**တိ- အနာထမာနောဟူသည်ကား၊ နိရဝဿယော- မှီခိုရာမရှိသော၊ အနာထော ဝိယ- ခိုကိုးရာမဲ့သူကဲ့သို့၊ **ဥပဂါယတီ**တိ- ဥပဂါယတိဟူသည်ကား၊ အညံ- တစ်ပါးသော၊ ဂါယန္တံ- သီဆိုသူကို၊ ဒိသွာ- မြင်၍၊ ဥပဂန္တွာ- အနီးသို့သွား၍၊ ဂါယတိ- သီဆို၏၊ **အစေလောဝ**ါတိ- အစေလောဝါဟူသည်ကား၊ အစေလကော ဝိယ- အဝတ်မဝတ်သော အစေလကကဲ့သို့၊ **ဝိသိခန္တရာနီ**တိ- ဝိသိခန္တရာနိဟူသည်ကား၊ အန္တရဝီထိယော- ခရီးလမ်းအကြားတို့သို့၊ အတိဝေလသာယီတိ- အတိဝေလသာယီဟူသည်ကား၊ အတိစိရမ္ပိ- အလွန်ကြာမြင့်စွာလည်း၊ နိဒ္ဒံ- အိပ်ပျော်ခြင်းသို့ ဩက္ကမေယျ- သက်ရောက်ရာ၏၊ “အတိဝေလစာရီ”တိပိ- အတိဝေလစာရီဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ (အတ္ထိ- ရှိ၏၊) အတိဝေလစာရီ- အချိန်အခါမဲ့၌သွားလာသည်၊ ဟုတွာ- ဖြစ်၍၊ စရေယျ- လှည့်လည်ရာ၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

**ဒါရုကဋ္ဌလ္လကောဝ**ါတိ- ဒါရုကဋ္ဌလ္လကောဝါဟူသည်ကား၊ ဒါရုမယယန္တရူပကံ ဝိယ- သစ်သားဖြင့်ပြီးသော စက်ရုပ်ကဲ့သို့၊ ဘောဂဇာနိဥ္စ'ပေန္တိတိ- ဘောဂဇာနိဥ္စပေန္တိဟူသည်ကား၊ ဘောဂဇာနိဥ္စ- စည်းစိမ်၏ယုတ်လျော့ခြင်းသို့လည်း၊ ဥပေန္တိ- ကပ်ရောက်ကုန်၏၊ ပါဏာတိပါတာဒီနိ- ပါဏာတိပါတအစရှိသည်တို့ကို၊ ကတွာ- ပြု၍၊ ဒဏ္ဍာပိဋိတာ- ဒဏ်ဖြင့်နှိပ်စက်အပ်သည်ဖြစ်၍၊ ဓနဇာနိဥ္စ- ဥစ္စာဆုတ်ယုတ်ခြင်းသို့လည်းကောင်း၊ အညံ- အခြားသော၊ ဝဓဗန္ဓနာဒိဒုက္ခဥ္စ- အသတ်ခံရခြင်း အနှောင်အဖွဲ့ခံရခြင်းအစရှိသော ဆင်းရဲသို့လည်းကောင်း၊ ပါပုဏန္တိ- ရောက်ကုန်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ဝန္တဂတော**တိ- ဝန္တဂတောဟူသည်ကား၊ အတ္တနော- မိမိ၏၊ ဝန္တသ္မိံ- အန်ဖတ်၌၊ ဂတော- လဲကျသည်၊ **ဗျသန္နော**တိ- ဗျသန္နောဟူသည်ကား၊ ဗျသနာပန္နော- ပျက်စီးခြင်းသို့ရောက်သည်၊ “ဝိသန္နော”တိပိ- ဝိသန္နောဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ အတ္ထိ- ရှိ၏၊ တသ္မိံ ဝန္တေ- ထိုအန်ဖတ်၌၊ ဩသန္နော- နစ်သည်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ဥတ္တဌ္ဌော**တိ- ဥက္ကဋ္ဌောဟူသည်ကား၊ အဟံ- ငါသည်၊ မဟာယောဓော- စစ်သူကြီးတည်း၊ မယာ- ငါနှင့်၊ သဒိသော- တူသော၊ ကော- အဘယ်သူသည်၊ အတ္ထိ- ရှိအံ့နည်း၊ ဣတိ ဧဝံ- ဤသို့၊ ဥက္ကံသဂတော- ကြီးဝါးခြင်းသို့ ရောက်သည်၊ ဟုတွာ- ဖြစ်၍၊ **အာဝိလက္ခော**တိ- အာဝိလက္ခော ဟူသည်ကား၊ ရတ္တက္ခော- နီသောမျက်လုံးရှိသည်ဖြစ်၍၊ **သဗ္ဗပထဝီ**တိ- သဗ္ဗပထဝီ

ဟူသည်ကား၊ သဗ္ဗာ- အလုံးစုံသော၊ ပထဝီ- မြေသည်၊ "သဗ္ဗပုထုဝီ"တိပိ- သဗ္ဗပုထုဝီ ဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ အတ္ထိ- ရှိ၏၊ စာတုရန္တောတိ- စာတုရန္တောဟူသည်ကား၊ စတုသမုဒ္ဒပရိယန္တာယ- သမုဒ္ဒရာလေးစင်းအဆုံးရှိသော၊ ပထဝိယာ- မြေပြင်၏၊ ဣဿရော- အစိုးရသူသည်၊ မာနာတိမာနာတိ- မာနာတိမာနာဟူသည်ကား၊ မာနကာရိကာ- မာနကိုပြုတတ်ကုန်၏၊ သေသပဒေသုပိ- ကြွင်းသောပုဒ်တို့၌လည်း၊ ဧသေဝနယော- ဤနည်းသည်သာလျှင်၊ (ဘဝတိ- ဖြစ်၏၊) **ဂတီ**တိ- ဂတိဟူသည်ကား၊ နိပ္ဖတ္တိ- ဖြစ်ခြင်းတည်း၊ **နိကေတော**တိ- နိကေတောဟူသည်ကား၊ နိဝါသော- နေရာတည်း၊ **တဿာ ပုဏ္ဏန္တိ**- တဿာပုဏ္ဏံဟူသည်ကား၊ ယာ- အကြင် အရာဝတ္ထုသည်၊ ဧဝရူပါ- ဤသို့သဘောရှိ၏၊ တဿာ- ထိုအရာဝတ္ထု၏၊ ပုဏ္ဏံ- ပြည့်သောအိုးတည်း၊ **ဣဒ္ဓါနီတိ**- ဣဒ္ဓါနိဟူသည်ကား၊ သမိဒ္ဓါနိ- ပြည့်စုံကုန်၏၊ ဖီတာနီတိ- ဖီတာနိဟူ သည်ကား၊ ဝတ္ထာလင်္ကာရကပ္ပဘဏ္ဍေဟိ- အဝတ်တန်ဆာ အပ်စပ်သောဘဏ္ဍာတို့ဖြင့်၊ ပုပ္ဖိတာနိ- ပွင့်လန်းကုန်သော၊ **ဥဠ္ဍိန္နဒါယဇ္ဇကတာနီ**တိ- ဥဠ္ဍိန္နဒါယဇ္ဇကတာနိ ဟူသည်ကား၊ ဥဠ္ဍိန္နဒါယာဒါနိ- ပြတ်သောအမွေခံရှိသည်တို့ကို၊ နိဒ္ဒနာနိ- ဥစ္စာမရှိ သည်တို့ကို၊ ကတာနိ- ပြုတတ်ကုန်၏၊ **ယတ္ထ ဝိနာသယန္တိ**တိ- ယတ္ထဝိနာသယန္တိ ဟူသည်ကား၊ ယံ- အကြင် အမျိုးကို၊ နိဿာယ- မှီ၍၊ ယတ္ထ- အကြင်အမျိုး၌၊ ပတိဋ္ဌိတာ- တည်ကုန်၏၊ ဧဝံ- ဤသို့၊ ဗဟုမ္ပိ- များစွာလည်းဖြစ်သော၊ နေဧညာဒိ- သာပတေယျံ- ဥစ္စာစပါးအစရှိသော စည်းစိမ်ဥစ္စာကို၊ နာသယန္တိ- ပျက်စီးစေကုန်၏၊ ကပဏာ- အထီးကျန်သူတို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

**ဒိတ္တရူပေါ**တိ- ဒိတ္တရူပေါဟူသည်ကား၊ ဒပ္ပိတရူပေါ- ထောင်လွှားသော သဘောရှိသည်ဖြစ်၍၊ **ဂဏှေယျာ**တိ- ဂဏှေယျဟူသည်ကား၊ ဘရိယသညာယ- မယားဟူသော အမှတ်ဖြင့်၊ ကိလေသဝသေန- ကိလေသာ၏အစွမ်းဖြင့်၊ ဟတ္ထေ- လက်၌၊ ဂဏှေယျ- ကိုင်ဆွဲရာ၏၊ **ဒါသမ္ပိ ဂဏှေ**တိ- ဒါသမ္ပိ ဂဏှေဟူသည်ကား၊ အတ္တနော- မိမိ၏၊ ဒါသမ္ပိ- ကျွန်ကိုလည်း၊ ကိလေသဝသေန- ကိလေသာ၏ အစွမ်းဖြင့်၊ မေ- ငါ၏၊ သာမိကော- အရှင်တည်း၊ ဣတိ- ဤသို့မှတ်ထင်၍၊ ဂဏှေယျ- ဆွဲငင်ရာ၏၊ **ပိဝိတ္တာနာ**တိ- ပိဝိတ္တာနဟူသည်ကား၊ ပိဝိတ္တာ- သောက်၍၊ **ဒုစ္စရိတံ စရိတ္တွာ**တိ- ဒုစ္စရိတံ စရိတွာဟူသည်ကား၊ ဧဝံ- ဤသို့၊ တီဟိ- သုံးပါးကုန်သော၊ ဒွါရေဟိ- ဒွါရတို့ဖြင့်၊ ဒသဝိဓမ္ပိ- ဆယ်ပါးအပြားရှိသည်လည်းဖြစ်သော၊ အကုသလံ- အကုသိုလ်ကို၊ ကတွာ- ပြု၍၊ **ယံယာစမာနာ**တိ- ယံယာစမာနာ ဟူသည်ကား၊ ပုဗ္ဗေ-

ရှေး၌၊ သုရံ- သေကို၊ အပိဝန္တိ- မသောက်သော၊ ယံ ပုရိသံ- အကြင်ယောက်ျားကို၊ ဗဟုံ- များစွာသော၊ ဟိရညံ- ရွှေငွေကို၊ ပုရိစ္စဇန္တာ- စွန့်၍၊ မုသာဝါဒံ- မုသာဝါဒကို၊ ကရောဟိ- ပြုလော့၊ ဣတိ- ဤသို့၊ ယာစမာနာ- တောင်းခံသော်လည်း၊ န လဘန္တိ- မရကုန်၊ **ပိတွာ**တိ- ပိတွာဟူသည်ကား၊ ပိဝိတွာ- သောက်၍၊ ဋ္ဌိတော- တည်သော၊ **နပ္ပဇာနာတိ ဝုတ္တော**တိ- နပ္ပဇာနာတိ ဝုတ္တောဟူသည်ကား၊ ကေနဋ္ဌေန- အဘယ် အကျိုးဖြင့်၊ အာဂတော- ရောက်လာသည်၊ အသိ- ဖြစ်သနည်း၊ ဣတိ- ဤသို့ ဝုတ္တော- မေးသည်ရှိသော်၊ သာသနဿ- အမှာစကား၏၊ ဒုဂ္ဂဟိတတ္တာ- မကောင်းသဖြင့် ယူအပ်သည်၏ အဖြစ်ကြောင့်၊ တံ အတ္ထံ- ထိုမှာလိုက်သော စကား၏အနက်ကို၊ န ဇာနာတိ- မသိ၊ **ဟိရီမနာပီ**တိ- ဟိရီမနာပိဟူသည်ကား၊ ဟိရီယုတ္တစိတ္တာပိ- ဟိရီနှင့် ယှဉ်သော စိတ်ရှိကုန်သော၊ **ဧကထူပါ**တိ- ဧကထူပါဟူသည်ကား၊ သူကရပေါတကာ ဝိယ- ဝက်ကလေးတို့ကဲ့သို့ ဟီနဇစ္စေဟိပိ- ယုတ်ညံ့သော ဇာတ်ရှိသောသူတို့နှင့်လည်း၊ သဒ္ဓိံ- အတူ၊ ဧကရာသိ- တပေါင်းတည်းသည်၊ ဟုတွာ- ဖြစ်၍၊ **အနာသကာ**တိ- အနာသကာဟူသည်ကား၊ နိရာဟာရာ- အစာအာဟာရ မရှိသည်ဖြစ်၍၊ **ထဏ္ဍိလဒုက္ခသေယျန္တိ**- ထဏ္ဍိလဒုက္ခ-သေယျံဟူသည်ကား၊ ဘူမိယံ- မြေပြင်၌၊ ဒုက္ခသေယျံ- ဆင်းရဲစွာ အိပ်ရခြင်းကို၊ သယန္တိ- အိပ်ရကုန်၏၊ အာယသကျန္တိ- အာယသကျံဟူသည်ကား၊ ဂရဟံ- ကဲ့ရဲ့ခြင်းသို့။

**ပတ္တခန္ဓာ**တိ- ပတ္တခန္ဓာဟူသည်ကား၊ ပတိတက္ခန္ဓာ- ကျသောပခုံးရှိသည်ဖြစ်၍၊ **ကူဋ္ဌဟတာဝ**ါတိ- ကူဋ္ဌဟတာဝါဟူသည်ကား၊ ဂီဝါယ- လည်၌၊ ဗဒ္ဓေန- ဖွဲ့အပ်သော၊ ကူဋ္ဌေန- ယန္တရားဖြင့် (ဝါ) ဒုတ်ကောက်ဖြင့်၊* ဟတာ- ညှင်းဆဲအပ်သော၊ ဂါဝေါ ဝိယ- နွားကဲ့သို့၊ ယထာ- အကြင်အခြင်းအရာအားဖြင့် ပြုသည်ရှိသော်၊ တာ- ထိုနွားမသည်၊ တိဏံ- မြက်ကို၊ အခါဒန္တိယော- မစားနိုင်မူ၍၊ ပါနီယံ- သောက်ရေကို၊ အပိဝန္တိယော- မသောက်နိုင်မူ၍၊ သယန္တိ- အိပ်ရ၏၊ တထာ- ထိုအခြင်းအရာအားဖြင့်၊ သယန္တိ- အိပ်ရ၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ယောရဝိသမိဝ**ါတိ- ယောရဝိသမိဝဟူသည်ကား၊ ယောရဝိသံဝိယ- ပြင်းသော အဆိပ်ကဲ့သို့ **ဝိသသမာနန္တိ**-

* နွားသည်မြက်စားသည့်အခါ၊ ရေသောက်သည့်အခါတို့၌ အောက်သို့ခေါင်းငုံ့၍ စားရသောက်ရ၏၊ ထိုသို့ဦးခေါင်းကို အောက်သို့ငုံ၍ မရအောင် ဒုတ်ကောက်ကို လည်ပင်းနှင့် ပူးတွဲ၍ ချည်နှောင်ထားကြ ထိုဒုတ်ကောက်ကခုခံနေသဖြင့် ငုံ့၍မရဘဲဖြစ်နေသည် ထို့ကြောင့် စားမရ သောက်မရဖြစ်ရသည်။

ဝိသသမာနံဟူသည်ကား၊ ဝိသသဒိသံ- အဆိပ်နှင့် တူသော၊ **အန္ဓကဝေဏ္ဍုပုတ္တာ**တိ- အန္ဓကဝေဏ္ဍုပုတ္တာဟူသည်ကား၊ ဒသ- တစ်ကျိပ်ကုန်သော၊ ဘာတိကရာဇာနော- ညီအစ်ကိုတော်သော မင်းတို့သည်၊ **ဥပက္ကမုန္တိ**- ဥပက္ကမုံဟူသည်ကား၊ ပဟရိံသု- ပုတ်ခတ်ကြကုန်ပြီ၊ **ပုဗ္ဗဒေဝါ**တိ- ပုဗ္ဗဒေဝါဟူသည်ကား၊ အသုရာ- အသုရာနတ်တို့သည်၊ တိဒိဝါတိ- တိဒိဝါဟူသည်ကား၊ တာဝတိံသဒေဝလောကာ- တာဝတိံသာနတ်ပြည်မှ၊ **သဿတိယာ**တိ- သဿတိယာဟူသည်ကား၊ သဿတာ- မြဲသည်ဟုသမုတ်အပ်သော၊ ဒီဃာယုကဘာဝေန- ရှည်သောအသက်ရှိသည်၏အဖြစ်ကြောင့်၊ နိစ္စသမ္မတာ- မြဲ၏ဟုသမုတ်အပ်သော၊ ဒေဝလောကာ- နတ်ပြည်မှ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **သမာယာ**တိ- သမာယာဟူသည်ကား၊ အသုရမာယာဟိ- အသုရာတို့၏ မာယာတို့နှင့်၊* သဒ္ဓိံ- အတူ၊ **ဇာနန္တိ**- ဇာနံဟူသည်ကား၊ ဧဝံ- ဤသို့၊ ဧတံ- ဤအရာသည်၊ နိရတ္ထကံ- အကျိုးမရှိ၊ ဣတိ- ဤသို့၊ ဇာနန္တော- သိလျက်၊ တုမှာဒိသော- သင်သို့ သဘောရှိသော၊ ပဏ္ဍိတော- ပညာရှိသော၊ ပုရိသော- ယောကျ်ားသည်၊ ကထံ- အဘယ့်ကြောင့်လျှင်၊ ပိဝေယျ- သောက်ရအံ့နည်း၊ **ကုမ္ဘဂတာ မယာ**တိ- ကုမ္ဘဂတာ မယာဟူသည်ကား၊ ကုမ္ဘဂတံ- အိုး၌တည်သော အရာကို၊ မယာ- ငါသည်၊ အယမေဝ ဝါ- ဤကုမ္ဘဂတာမယာဟူသည်ပင်လျှင်၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ- ဖြစ်၏၊) **အက္ခာတရူပန္တိ**- အက္ခာတရူပံဟူသည်ကား၊ သဘာဝတော- သဘောအားဖြင့်၊ (ဝါ) အမှန်အားဖြင့်၊ အက္ခာတံ- ပြောကြားအပ်ပြီ။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ရာဇာ- သဗ္ဗမိတ္တမင်းကြီးသည်၊ သုရာယ- သေရည်အရက်၏၊ အာဒီနဝံ- အပြစ်ကို၊ ဉတွာ- သိ၍၊ တုဋ္ဌော- နှစ်သက်သည်ဖြစ်၍၊ သက္ကဿ- သိကြားမင်းအား၊ ထုတိံ- ချီးမွမ်းခြင်းကို၊ ကရောန္တော- ပြုလိုသည်ရှိသော်၊ "န မေ ပိတာ (ပ) မမတ္ထကာမော" တိ- "န မေ ပိတာ (ပ) မမတ္ထကာမော"ဟူကုန်သော၊ ဒွေ ဂါထာ- နှစ်ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၆၀။ ဗြာဟ္မဏ- ပုဏ္ဏား၊ မေ- ငါ၏၊ ပိတာဝါ- အဘသည်လည်းကောင်း၊
အထ- ထိုမြို့၊ မာတာဝါပိ- အမိသည်လည်းကောင်း၊ ဧတာဒိသာ- ထိုသို့
သဘောရှိကုန်သည်၊ နဟောန္တိ- မဖြစ်ကုန်၊ ယာဒိသကော- အကြင်သို့သော

* အသုရမာယာဟိ- အသူရာတို့ယာ-ဟူသည် အသူရာနတ်တို့တန်ခိုးဣဒ္ဓိပါဒ်(ဝါ) တန်ခိုးဖြင့် ဖန်ဆင်းထားအပ်သော ဥယျာဉ် ဘုံ ဗိမာန်စသည်တို့တည်း။

သဘောရှိသော၊ တုဝံ- သင်သည်၊ မေ- ငါ၏၊ [ဟိတာနု-ကမ္ပီ(ဟိတာနုကမ္ပီ)]- အစီးအပွားကို အလိုရှိသည်၊ အသိ- ဖြစ်၏၊ တာဒိသာ- ထိုသို့သဘောရှိသော၊ တုဝံ- သင်သည်၊ မေ- ငါ၏၊ ပရမတ္ထကာမော- မြတ်သော အကျိုးကို အလိုရှိသည်၊ အသိ- ဖြစ်၏၊ သော အဟံ- ထိုငါသည်၊ အဇ္ဇ- ယခုအခါ၌၊ တဝ- သင်၏၊ ဝစနံ- စကားကို၊ ကရိဿံ- လိုက်နာပါအံ့။

၆၁။ ဗြာဟ္မဏ- ပုဏ္ဏား၊ ပဉ္စဂါမဝရာနိ- အခွန်တစ်သိန်းထွက်သော ငါးရွာတို့ကိုလည်းကောင်း၊ ဒါသီသတံ- ကျွန်မတစ်ရာကိုလည်းကောင်း၊ သတ္တဂဝံသတနိ- ခုနှစ်ရာသောနွားတို့ကိုလည်းကောင်း၊ အာဇညယုတ္တေ- အာဇာနည်မြင်းကကုန်သော၊ ဣမေဒသရထေစ- ဤဆယ်စီးကုန်သော ရထားတို့ကိုလည်းကောင်း၊ တေ- သင်အား၊ အဟံ- ငါသည်၊ ဒဒါမိ- ပေး၏၊ တွံ- သင်သည်၊ မမ- ငါ၏၊ အတ္ထကာမော- အကျိုးစီးပွားကို အလိုရှိသော၊ အာစရိယော- ဆရာသည်၊ အဟောသိ- ဖြစ်ပေ၏။

တတ္ထ- ထိုနမေပိတာစသော ဂါထာ၌၊ **ဂါမဝရာနီ**တိ- ဂါမဝရာနိဟူသည်ကား၊ ဗြာဟ္မဏ- အိုပုဏ္ဏား၊ အာစရိယဿ- ဆရာအတွက်၊ အာစရိယဘာဝေါ နာမ- ဆရာ၏အဖိုးမည်သည်ကို၊ ကာတုံ- ပြုခြင်းငှာ၊ ဝိစိတ္တတထော- အလိုရှိအပ်၏၊ သံဝစ္ဆရေ သံဝစ္ဆရေ- နှစ်စဉ် နှစ်စဉ်၊ သတသဟဿုဋ္ဌာနကေ- အသပြာတစ်သိန်းထွက်သော၊ ပဉ္စ- ငါးခုကုန်သော၊ ဂါမေ- ရွာတို့ကို၊ တုယှံ- သင့်အား၊ ဒဒါမိ- ငါပေး၏၊ ဣတိ- ဤသို့ ဝဒတိ- ပြောဆို၏၊ ဒသ ဣမေတိ- ဒသဣမေဟူသည်ကား၊ ပုရတော- ရှေ့၌၊ ဌိတေ- တည်ကုန်သော၊ ကဉ္စနဝိစိတ္တေ- ရွှေဖြင့် အဆန်းတကြယ်ပြုအပ်ကုန်သော၊ ဒသ- ဆယ်ခုကုန်သော၊ ဣမေ ရထေ- ဤရထားတို့ကို၊ ဒဿေန္တော- ပြလျက်၊ ဧဝံ- ဤသို့၊ အာဟ- ပြောပြီ။ တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ သက္ကော- သိကြား မင်းသည်၊ ဒေဝတ္တဘာဝံ- နတ်၏ကိုယ်အဖြစ်ကို၊ ဒဿေတွာ- ပြ၍၊ အတ္တာနံ- မိမိကိုယ်ကို၊ ဇာနာပေန္တော- သိစေလိုသည်ရှိသော်၊ အာကာသေ- ကောင်းကင်၌၊ ဌတွာ- ရပ်၍၊ "တဝေဝ ဒါသီသတမတ္ထုရာဇ (ပ) သဂ္ဂမုပေဟိ ဌာန"န္တိ- "တဝေဝ ဒါသီသတမတ္ထုရာဇ (ပ) သဂ္ဂမုပေဟိ ဌာနံ"ဟူကုန်သော၊ ဒွေ ဂါထာ- နှစ်ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၆၂။ ရာဇ- မင်းမြတ်၊ ဒါသီသတံ- သင်မင်းမြတ်၏ ကျွန်မတစ်ရာသည်၊ တဝေဝ- သင်မင်းမြတ်အားသာလျှင်၊ အတ္ထု- ဖြစ်စေသတည်း၊ ဂါမာစ- ရွာငါးရွာတို့သည်လည်းကောင်း၊ ဂါဝေါစ- ခုနှစ်ရာသော နွားတို့သည်

လည်းကောင်း၊ တဝေဝ- သင်မင်းမြတ်အားသာလျှင်၊ ဟောန္တု- ဖြစ်စေ
ကုန်လော၊ အာဇညယုတ္တာ- အာဇာနည်းမြင်းကကုန်သော၊ ရထာစ-
ရထားတို့သည်လည်း၊ တဝေဝ- သင်မင်းမြတ်အားသာလျှင်၊ ဟောန္တု-
ဖြစ်စေကုန်လော၊ အဟံ· ငါသည်၊ တိဒသာနံ- တာဝတိံသာနတ်တို့ကို၊
ဣန္ဒော- အစိုးရသော၊ သက္ကော- သိကြားမင်းသည်၊ [အသ္မိ(အသ္မိ)]- ဖြစ်၏။
၆၃။ ဇနိန္ဒ- လူတို့ကို အစိုးရတော်မူသော မင်းမြတ်၊ တွံ- သင်မင်းမြတ်သည်၊
မံသောဒနံ- သားပွဲမ်းထမင်းကိုလည်းကောင်း၊ သပ္ပိပါယာသံ- ယနာထမင်းကို
လည်းကောင်း၊ ဘုဥ္ဇ- စားလော၊ [မဓုမာသ(မဓုနာ)]- ပျားနှင့်၊ (သဟ)-
တက္ကွ၊ ပူဝေစ- မုံ့တို့ကိုလည်းကောင်း၊ ခါဒဿု- စားလော၊ ဧဝံ- ဤသို့
အထူးထူးသော မြတ်သော အရသာရှိသော ခဲဘွယ်ဘောဇဉ်ကို စား၍
သောက်ခြင်းမှ ကြဉ်ရှောင်လျက်၊ ဓမ္မရတော- သုစရိုက်တရား၌
မွေ့လျော်သည်ဖြစ်၍၊ အနိန္ဒိတော- မကဲ့ရဲ့အပ်သည်ဖြစ်၍၊ တုဝံ-
သင်မင်းမြတ်သည်၊ သဂ္ဂံ- ရှုပါရုံစသည်ဖြင့် မြတ်သော၊ ဌာနံ- နတ်ပြည်သို့၊
[ဥပေဟိ(ဥပေတိ)]- ရောက်ရလတ္တံ့၊

တတ္ထ- ထိုတဝေဝစသော ဂါထာတို့၌၊ **ဧဝံ တုဝံ ဓမ္မရတောတိ**- ဧဝံ တုဝံ ဓမ္မရတောဟူသည်ကား၊ ဧဝံ- ဤသို့လျှင်၊ တွံ- သင်သည်၊ နာနဂ္ဂရသဘောဇနံ- အမျိုးမျိုးသော ကောင်းမြတ်သော အရသာရှိသော ဘောဇဉ်ကို၊ ဘုဥ္ဇန္တော- စားလျက်၊ သုရာပါနာ- သေသောက်ခြင်းမှ၊ ဝိရတော- ရှောင်ကြဉ်လျက်၊ တီဏိ- သုံးပါးကုန်သော၊ ဒုစ္စရိတာနိ- ဒုစရိုက်တရားတို့ကို၊ ပဟာယ- ပယ်၍၊ တိဝိဓသုစရိတဓမ္မရတော- သုံးပါးအပြားရှိသော သုစရိုက်တရားနှင့် မွေ့လျော်သည်၊ ဟုတွာ- ဖြစ်၍၊ ကေနစိ- တစ်စုံတစ်ယောက်သည်၊ အနိန္ဒိတော- မကဲ့ရဲ့အပ်သည်ဖြစ်၍၊ သဂ္ဂဋ္ဌာနံ- နတ်ပြည်သို့ ဥပေဟိ- ကပ်ရောက်ပါလော၊ ဣတိ- ဤကား၊ (အတ္ထော- အနက်တည်း။)

ဣတိ- ဤသို့လျှင်၊ သက္ကော- သိကြားနတ်မင်းသည်၊ တဿ- ထိုသဗ္ဗမိတ္တမင်းအား၊ ဩဝါဒံ- အဆုံးအမကို၊ ဒတွာ- ပေးပြီး၍၊ သကဋ္ဌာနမေဝ- မိမိနေရာတာဝတိံသာနတ်ပြည်သို့သာလျှင်၊ ဂတော- သွားလေပြီ၊ သောပိ- ထိုသဗ္ဗမိတ္တမင်းသည်လည်း၊ သုရံ- သေရည်အရက်ကို၊ အပိဝိတွာ- မသောက်မူ၍၊ သုရာဘာဇနာနိ- သေရည်အိုးတို့ကို၊ ဘိန္ဒာပေတွာ- ခွဲစေပြီး၍၊ သီလံ- သီလကို၊ သမာဒိယ- ဆောက်တည်၍၊ ဒါနံ- အလှူကို၊ ဒတွာ- ပေး၍၊ သဂ္ဂပရာယဏော- နတ်ပြည်လျှင်

လည်းလျောင်းရာရှိသည်၊ အဟောသိ- ဖြစ်ပြီ၊ ဇမ္ဗုဒီပေပိ- ဇမ္ဗုဒိပ်ကျွန်းအလုံး၌ လည်း၊ အနုက္ကမေန- အစဉ်သဖြင့်၊ သုရာပါန့်- သေရည်အရက်ကို သောက်ခြင်းသည်၊ ဝေပုလ္လပ္ပတ္တံ- ပြန့်ပွားသည်၏အဖြစ်သို့ ရောက်သည်၊ ဇာတံ- ဖြစ်ပြီ။

သတ္ထာ- မြတ်စွာဘုရားသည်၊ ဣမံ ဓမ္မဒေသနံ- ဤကုမ္ဘဇာတ် ဓမ္မဒေသနာ တော်ကို၊ အာဟရိတွာ- ဆောင်တော်မူ၍၊ "တဒါ- ထိုအခါ၌၊ ရာဇာ- သဗ္ဗမိတ္တမင်း သည်၊ (ဣဒါနိ- ယခုအခါ၌၊) အာနန္ဒော- အရှင်အာနန္ဒာသည်၊ အဟောသိ- ဖြစ်ပြီ၊ (တဒါ- ၌၊) သက္ကောပန- သိကြားနတ်မင်းသည်ကား၊ (ဣဒါနိ- ၌၊) အဟမေဝ- ငါဘုရားသည်သာလျှင်၊ အဟောသိ- ဖြစ်ခဲ့ပြီ၊" ဣတိ- ဤသို့ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ။ ဒုတိယာ- နှစ်ခုမြောက်ဖြစ်သော၊ ကုမ္ဘဇာတက- ဝဏ္ဏနာ- ကုမ္ဘဇာတကအဖွင့်သည်၊ နိဋ္ဌိတာ- ပြီးပြီ။

❁ ❁ ❁

## ၃။ ဇယဒ္ဒိသဇာတ် (၅၁၃)

### ပစ္စုပ္ပန်ဝတ္ထု

သတ္ထာ- သည်၊ စိရဿ ဝတ မေတိက္ကဒံ- ကို၊ ဇေတဝနေ- ၌၊ ဝိဟရန္တော- သော်၊ ဧကံ- တစ်ပါးသော၊ မာတုပေါသကဘိက္ခုံ- အမိအဘကို လုပ်ကျွေးသော ရဟန်းကို၊ အာရဗ္ဘ- ၍၊ ကထေသိ- ပြီ၊ ပစ္စုပ္ပန္နဝတ္ထု- ပစ္စုပ္ပန်ဝတ္ထုသည်၊ သာမဇာ- တကသဒိသံ- သုဝဏ္ဏသာမဇာတ်နှင့်တူ၏၊ ပန- အထူးကား၊ တဒါ- ထိုအခါ၌၊ သတ္ထာ- ဘုရားရှင်သည်၊ "(ဘိက္ခဝေ- တို့) ပေါရာဏကပဏ္ဍိတာ- ရှေးပညာရှိတို့သည်၊ ကဋ္ဌနမာလံ- ရွှေပန်းကိုလည်းကောင်း၊ သေတစ္ဆတ္တံ- ထီးဖြူကိုလည်းကောင်း၊ ပဟာယ- စွန့်၍၊ မာတာပိတရော- မိဘတို့ကို၊ ပေါသေသုံ- လုပ်ကျွေးဖူးကုန်ပြီ၊" ဣတိ- ဤသို့၊ အတီတံ- အတိတ်ကို၊ အာဟရိ- ဆောင်တော်မူပြီ။

### အတိတ်ဝတ္ထု

အတီတေ- ၌၊ ကပိလရဋ္ဌေ- ကပိလတိုင်း၌၊ ဥတ္တရပဉ္စာလနဂရေ- ဥတ္တရ ပဉ္စာလမြို့၌၊ ပဉ္စာလောနာမ- ပဉ္စာလမည်သော၊ ရာဇာ- မင်းသည်၊ အဟောသိ- ဖြစ်ပြီ၊ တဿ- ထိုမင်း၏၊ အဂ္ဂမဟေသီ- မိဖုရားကြီးသည်၊ ဂဗ္ဘံ- ကိုယ်ဝန်ကို၊

ပဋိလဘိတွာ- ရ၍၊ ပုတ္တံ- သားကို၊ ဝိဇာယိ- မွေးဖွားပြီ၊ တဿာ- ထိုမိဖုရားကြီး အား၊ ပုရိမဘဝေ- ရှေးဘဝ၌၊ ဧကာ- တစ်ယောက်သော၊ သပတ္တိကာ- ရန်သူမိန်းမ သည်၊ ကုဇ္ဈိတွာ- အမျက်ထွက်၍၊ "တုယှံ- သင်၏၊ ဇာတံဇာတံ- ဖွားတိုင်း ဖွားတိုင်း သော၊ ပဇံ- သားကို၊ ခါဒိတုံ- စားခြင်းငှာ၊ သမတ္ထာ- စွမ်းနိုင်သည်၊ ဘဝိဿာမိ- ဖြစ်ရလိုအံ့၊" ဣတိ- ဤသို့၊ ပတ္ထနံ- ဆုတောင်းခြင်းကို၊ ဌပေတွာ- ဖြစ်စေ၍၊ ယက္ခိနီ- ဘီလူးမသည်၊ အဟောသိ- ဖြစ်ပြီ၊ တာ- ထိုဘီလူးမသည်၊ တဒါ- ထိုအခါ၌၊ ဩကာသံ- အခွင့်ကို၊ လဘိတွာ- ရ၍၊ တဿာ- ထိုမိဖုရားကြီးသည်၊ ပဿန္တိယာဝ- မြင်စဉ်သာလျှင်၊ အလ္လမံသပေသိဝဏ္ဏံ- စိုသော အသားစိုင်နှင့်တူသော၊ တံကုမာရကံ- ထိုသားငယ်ကို၊ ဂဟေတွာ- ယူ၍၊ မုရုမုရာယန္တီ- ကျွတ်ကျွတ်ဝါးလျက်၊ ခါဒိတွာ- စား၍၊ ပက္ကာမိ- သွားလေပြီ၊ ဒုတိယဝါရေပိ- နှစ်ကြိမ်မြောက် သားဖွားရာ၌လည်း၊ တထေဝ- ထိုအတူသာလျှင်၊ အကာသိ- ပြုပြီ၊ တတိယဝါရေပန- သုံးကြိမ်မြောက်၌ကား၊ တဿာ- ထိုမိဖုရားကြီးအား၊ ပသူတိဃရံ- သားဖွားအိမ်သို့၊ ပဝိဋ္ဌကာလေ- ဝင်သောအခါ၌၊ ဂေဟံ- အိမ်ကို၊ ပရိဝါရေတွာ- ခြံရံ၍၊ ဂါဠှံ- မြဲမြံစွာ၊ အာရက္ခံ- စောင့်ရှောက်ခြင်းကို၊ အကံသု- ပြုကုန်ပြီ၊ ဝိဇာတဒိဝသေ- သားဖွားသော နေ့၌၊ ယက္ခိနီ- ဘီလူးမသည်၊ အာဂန္တွာ- လာ၍၊ ပုန- တစ်ဖန်၊ ဒါရကံ- သူငယ်ကို၊ အဂ္ဂဟေသိ- ယူပြီ၊ ဒေဝီ- မိဖုရားကြီးသည်၊ "ယက္ခိနီ- ဘီလူးမ၊" ဣတိ- ဤသို့၊ မဟာသဒ္ဒံ- ကျယ်စွာသော အသံကို၊ အကာသိ- ပြုပြီ၊ အာဝုဓဟတ္ထာ- လက်နက် လက်၌ရှိကုန်သော၊ ပုရိသာ- ယောကျ်ားတို့သည်၊ အာဂန္တွာ- လာကုန်၍၊ ဒေဝိယာ- မိဖုရားကြီးသည်၊ ဒိန္နသညာယ- ပေးအပ်သော အမှတ်ဖြင့်၊ ယက္ခိနီ- ဘီလူးမကို၊ အနုဗန္ဓိံသု- လိုက်ကုန်ပြီ။

သာ- ထိုဘီလူးမသည်၊ ခါဒိတုံ- စားခြင်းငှာ၊ ဩကာသံ- အခွင့်ကို၊ အလဘန္တီ- မရသည်ဖြစ်၍၊ တတော- ထိုနေရာမှ၊ ပလာယိတွာ- ပြေး၍၊ ဥဒကနိဒ္ဓမနံ- ရေပြွန် ပေါက်သို့၊ ပါဝိသိ- ဝင်ပြီ၊ ဒါယကော- သူငယ်သည်၊ မာတုသညာယ- အမိအမှတ်ဖြင့်၊ တဿာ- ထိုဘီလူးမ၏၊ ထနံ- နို့ကို၊ မုခေန- ခံတွင်းဖြင့်၊ ဂဏှိ- ယူပြီ၊ သာ- ထိုဘီလူးမသည်၊ ပုတ္တသိနေဟံ- သားကဲ့သို့ချစ်ခြင်းကို၊ ဥပ္ပါဒေတွာ- ဖြစ်စေ၍၊ တတော- ထိုနေရာမှ၊ ပလာယိတွာ- ပြေး၍၊ သုသာနံ- သုသာန်သို့၊ ဂန္တွာ- သွား၍၊ ဒါရကံ- သူငယ်ကို၊ ပါသာဏလေဏေ- ကျောက်ဂူလိုဏ်ခေါင်း၌၊ ဌပေတွာ- ထား၍၊ ပဋိဇဂ္ဂိ- ကျွေးမွေးပြီ၊ အထ- ထိုအခါ၌၊ အနုက္ကမေန- အစဉ်သဖြင့်၊ ဝၶမာနဿ-

ကြီးလာသော၊ အသ- ထိုသူငယ်အား၊ မနုဿမံသံ- လူသားကို၊ အာဟရိတွာ- ဆောင်၍၊ အဒါသိ- ပေးပြီ၊ ဥဘောပိ- နှစ်ယောက်ကုန်သော သူတို့သည်လည်း၊ မနုဿမံသံ- လူသားကို၊ ခါဒိတွာ- စား၍၊ တတ္ထ- ထိုကျောက်ဂူလိုဏ်ခေါင်း၌၊ ဝသိံသု- နေကုန်ပြီ၊ ဒါရကော- သူငယ်သည်၊ အတ္တနော- မိမိ၏၊ မနုဿဘာဝံ- လူ၏အဖြစ်ကို၊ န ဇာနာတိ- မသိ၊ "ယက္ခိနိပုတ္တော- ဘီလူးမ၏သားသည်၊ အသ္မိ- ဖြစ်၏၊" ဣတိ- ဤသို့၊ သညာယ- အမှတ်ဖြင့်၊ (ဇာနာတိ- သိ၏၊) သော- ထိုမင်းသားသည်၊ အတ္တဘာဝံ- မိမိကိုယ်အဖြစ်ကို၊ ဇဟိတွာ- စွန့်၍၊ အန္တရဓာယိတုံ- ကွယ်ပျောက်ခြင်းငှာ၊ န သက္ကောတိ- မတတ်နိုင်၊ အထ- ထိုအခါ၌၊ အဿ- ထိုမင်းသားအား၊ သာ- ထိုဘီလူးမသည်၊ အန္တရဓာနတ္ထာယ- ကွယ်ပျောက်ခြင်းအကျိုးငှာ၊ ဧကံ- တစ်ခုသော၊ မူလံ- ဆေးမြစ်ကို၊ အဒါသိ- ပေးပြီ၊ သော- ထိုမင်းသားသည်၊ မူလာနုဘာဝေန- ဆေးမြစ်၏ အာနုဘော်ကြောင့်၊ အန္တရဓာယိတွာ- ကွယ်ပျောက်၍၊ မနုဿမံသံ- လူ၏အသားကို၊ ခါဒန္တော- စားလျက်၊ ဝိစရတိ- သွားလာ၍နေလေ၏၊ ယက္ခိနီ- ဘီလူးမသည်၊ ဝေဿဝဏဿ- ဝေဿဝဏ်မည်သော၊ မဟာရာဇဿ- နတ်မင်းကြီး၏၊ ဝေယျာဝစ္စတ္ထာယ- အမှုကိစ္စကို ဆောင်ခြင်းအကျိုးငှာ၊ ဂတာ- သွားသည်ရှိသော်၊ တတ္ထေဝ- ထိုဝေဿဝဏ်နတ်မင်းကြီးအထံ၌သာလျှင်၊ ကာလံ- သေခြင်းကို၊ အကာသိ- ပြုပြီ၊ ဒေဝီပိ- မိဖုရားကြီးသည်လည်း၊ စတုတ္ထဝါရေ- လေးကြိမ်မြောက်သောအခါ၌၊ အညံ- တစ်ပါးတစ်ယောက်သော၊ ပုတ္တံ- သားကို၊ ဝိဇာယိ- ဖွားပြန်ပြီ၊ သော- ထိုမင်းသားသည်၊ ယက္ခိနိယာ- ဘီလူးမမှ၊ မုတ္တတ္တာ- လွတ်သည်၏အဖြစ်ကြောင့်၊ အရောဂေါ- ရောဂါမရှိသည်၊ အဟောသိ- ဖြစ်ပြီ၊ အဿ- ထိုမင်းသားအား၊ ပစ္စာမိတ္တံ- ရန်သူဖြစ်သော၊ ယက္ခိနိံ- ဘီလူးမကို၊ ဇိနိတွာ- အောင်၍၊ ဇာတတ္တာ- ဖွားသည်၏အဖြစ်ကြောင့်၊ "ဇယဒ္ဒိသကုမာရော"တိ နာမံ- ဇယဒိသမင်းသားဟူသော အမည်ကို၊ အကံသု- မှည့်ကုန်ပြီ၊ သော- ထိုမင်းသားသည်၊ ဝယပ္ပတ္တော- အရွယ်ရောက်သည်ဖြစ်၍၊ သဗ္ဗသိပ္ပေသု- အလုံးစုံသော အတတ်တို့၌၊ နိပ္ဖတ္တိံ- အပြီးသို့၊ ပတွာ- ရောက်၍၊ ဆတ္တံ- ထီးဖြူကို၊ ဥဿာပေတွာ- ဆောင်၍၊ ရဇ္ဇံ- တိုင်းပြည်ကို၊ အနုသတိ- ဆုံးမ၏။

တဒါ- ထိုအခါ၌၊ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ တဿ- ထိုမင်း၏၊ အဂ္ဂမဟေသိယာ- မိဖုရားကြီး၏၊ ကုစ္ဆိမှိ- ဝမ်း၌၊ နိဗ္ဗတ္တိ- ဖြစ်ပြီ၊ အဿ- ထိုဘုရားလောင်းအား၊ "အလီနသတ္တု ကုမာရော"တိနာမံ- "အလီနသတ္တုမင်းသား"ဟူသော အမည်ကို၊ ကရိံသု- မှည့်ကုန်ပြီ၊ သော- ထိုဘုရားလောင်းသည်၊ ဝယပ္ပတ္တော-

အရှယ်သို့ရောက်သည်ဖြစ်၍၊ ဥဂ္ဂဟိတ သဗ္ဗသိပ္ပေါ- အလုံးစုံသင်အပ်ပြီးသော အတတ်ရှိသည်ဖြစ်၍၊ ဥပရာဇာ- အိမ်ရှေ့မင်းသည်၊ အဟောသိ- ဖြစ်ပြီ၊ ယက္ခိနီ- ပုတ္တော- ဘီလူးမ၏သားဖြစ်သော၊ သောပိ- ထိုမင်းသားသည်လည်း၊ အပရဘာဂေ- နောက်အဘို့၌၊ ပမာဒေန- မေ့လျော့သဖြင့်၊ တံ မူလံ- ထိုဆေးမြစ်ကို၊ နာသေတွာ- ပျက်စီးစေ၍၊ အန္တရ ဓာယိတုံ- ကွယ်ပျောက်ခြင်းငှာ၊ အသက္ကောန္တော- မတတ်နိုင် သည်ဖြစ်၍၊ ဒိဿမာနရူပေါဝ- ကိုယ်ထင်ပြလျက်သာလျှင်၊ သုသာနေ- သုသာန်၌၊ မနုဿမံသံ- လူ၏အသားကို၊ ခါဒိ- စားပြီ၊ မနုဿာ- လူတို့သည်၊ တံ- ထိုဘီလူး ကို၊ ဒိသွာ- မြင်ကုန်၍၊ ဘီတာ- ကြောက်လန့်ကုန်သည်ဖြစ်၍၊ အာဂန္တွာ- လာလတ် ၍၊ ရညော- မင်းအား၊ ဥပက္ကောသိံသု- လျှောက်ကြားကုန်ပြီ၊ "ဒေဝ- အရှင်မင်းကြီး၊ ဧကော- တစ်ယောက်သော၊ ယက္ခော- ဘီလူးသည်၊ ဒိဿမာနရူပေါ- ကိုယ်ထင်ပြ သည်ဖြစ်၍၊ သုသာနေ- သုသာန်၌၊ မနုဿမံသံ- လူ၏အသားကို၊ ခါဒတိ- စား၏၊ သော- ထိုဘီလူးသည်၊ အနုက္ကမေန- အစဉ်သဖြင့်၊ နဂရံ- မြို့တွင်းသို့၊ ပဝိသိတွာ- ဝင်၍၊ မနုဿေ- လူတို့ကို၊ မာရေတွာ- သတ်၍၊ ခါဒိဿတိ- စားလတ္တံ့၊ တံ- ထိုဘီလူးကို၊ ဂါဟာပေတုံ- ဖမ်းစေခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊" ဣတိ- ဤသို့၊ ဥပက္ကောသိံသု- လျှောက်ကြားကုန်ပြီ၊ ရာဇာ- မင်းသည်၊ "သာဓူ"တိ- ကောင်းပြီဟု၊ ပဋိသုဏိတွာ- ဝန်ခံပြီး၍၊ "နံ- ထိုဘီလူးကို၊ ဂဏှထ- ဖမ်းကြကုန်လော၊" ဣတိ- သို့၊ အာဏာပေသိ- စေခိုင်းပြီ၊ ဗလကာယော- ဗိုလ်ပါအပေါင်းသည်၊ ဂန္တွာ- သွား၍၊ သုသာနံ- သုသာန်ကို၊ ပရိဝါရေတွာ- ဝန်းရံ၍၊ အဋ္ဌာသိ- တည်နေပြီ၊ ယက္ခိနီပုတ္တော- ဘီလူးမသားသည်၊ နဂ္ဂေါ- အဝတ်မရှိသည်ဖြစ်၍၊ ဥဗ္ဗိဂ္ဂရူပေါ- ထိတ်လန့်သော သဘောရှိသည်ဖြစ်၍၊ မရဏဘယဘီတော- သေဘေးမှကြောက်သည်ဖြစ်၍၊ ဝိရဝန္တော- မြည်တမ်းလျက်၊ မနုဿာနံ- လူတို့၏၊ အန္တရံ- အကြားသို့၊ ပက္ခန္ဒိ- ပြေးပြီ၊ မနုဿာ- လူတို့သည်၊ "ယက္ခော"တိ- ဘီလူးဟူ၍၊ မရဏဘယဘီတာ- သေဘေးမှ ကြောက်လန့်ကုန်သည်ဖြစ်၍၊ ဒွိဓာ- နှစ်ဖြာအားဖြင့်၊ ဘိဇ္ဇိံသု- ကွဲကုန်ပြီ၊ သောပိ- ထိုဘီလူးမသားသည်လည်း၊ တတော- ထိုသုသာန်မှ၊ ပလာယိတွာ- ပြေး၍၊ အရညံ- တောသို့၊ ပါဝိသိ- ဝင်ပြီ၊ ပုန- တစ်ဖန်၊ မနုဿပထံ- လူတို့၏ ခရီးသို့၊ န အာဂစ္ဆိ- မသွားပြီ၊ သော- ထိုဘီလူးမသားသည်၊ ဧကံ- တစ်ခုသော၊ မဟာဝတ္တနိ အဋဝိံ- မဟာဝတ္တနီမည်သော တောအုပ်ကို၊ နိဿာယ- မှီ၍၊ မဂ္ဂမဗ္ဗဋိပန္နေသု- ခရီးသွားကုန်သော၊ မနုဿေသု- လူတို့တွင်၊ ဧကေကံ- တစ်ယောက်စီကို၊ ဂဟေတွာ- ဖမ်းယူ၍၊ အရညံ-

တောသို့ ပဝိသိတွာ- ဝင်၍၊ မာရေတွာ- သတ်၍၊ ခါဒန္တော- စားလျက်၊ ဧကသ္မိံ- တစ်ခုသော၊ နိဂြောဓမူလေ- ပညောင်ပင်ရင်း၌၊ ဝါသံ- နေခြင်းသို့ ကပ္ပေသိ- ပြုပြီ။

အထ- ထိုအခါ၌၊ ဧကော- တစ်ယောက်သော၊ သတ္ထဝါဟဗြာဟ္မဏော- လှည်းကုန်သည်မျိုးဖြစ်သော ပုဏ္ဏားသည်၊ အဋဝိပါလာနံ- တောအုပ်ကို စောင့်ကုန်သော လူတို့အား၊ သဟဿံ- တစ်ထောင်သော ဥစ္စာကို၊ ဒတွာ- ပေး၍၊ ပဥ္စဟိ သကဋသတေဟိ- လှည်းငါးရာတို့ဖြင့်၊ တံ မဂ္ဂံ- ထိုခရီးကို၊ ပဋိပဇ္ဇိ- သွားပြီ၊ မနုဿ- ယက္ခော- လူဖြစ်သော ဘီလူးသည်၊ ဝိရဝန္တော- ကြွေးကြော်လျက်၊ ပက္ခန္ဒိ- ပြေးလာပြီ၊ ဘီတာ- ကြောက်ကုန်သော၊ မနုဿာ- လူတို့သည်၊ ဥရေန- ရင်ဖြင့်၊ နိပဇ္ဇိံသု- ဝပ်ကုန်ပြီ၊ သော- ထိုလူဖြစ်သော ဘီလူးသည်၊ ဗြာဟ္မဏံ- ပုဏ္ဏားကို၊ ဂဟေတွာ- ယူ၍၊ ပလာယန္တော- ပြေးသည်ရှိသော်၊ ခါဏုနာ- ရှားငုတ်ဖြင့်၊ ပါဒေ- ခြေတို့ကို၊ ဝိဒ္ဓေါ- ထိုးမိသည်ဖြစ်၍၊ အဋဝိပါလေသု- တောအုပ်စောင့်ကုန်သော လူတို့သည်၊ အနုဗန္ဓန္တေသု- လိုက်ကုန်သည်ရှိသော်၊ ဗြာဟ္မဏံ- ပုဏ္ဏားကို၊ ဆဍ္ဍေတွာ- စွန့်၍၊ အတ္တနော- မိမိ၏၊ ဝသနဋ္ဌာနရုက္ခမူလေ- နေရာအရပ် ပညောင်ပင်ရင်း၌၊ နိပဇ္ဇိ- အိပ်ပြီ၊ တတ္ထ- ထိုပညောင်ပင်ရင်း၌ နိပန္နဿ- အိပ်သော၊ တဿ- ထိုဘီလူးအား၊ သတ္တမေဒိဝသေ- ခုနစ်ရက်မြောက်သော နေ့၌၊ ဇယဒ္ဒိသရာဇာ- ဇယဒိသမင်းသည်၊ မိဂဝဓံ- သမင်ကိုသတ်ခြင်းကို၊ အာဏာပေတွာ- စေခိုင်း၍၊ နဂရာ- မြို့မှ၊ နိက္ခမိ- ထွက်ပြီ၊ နဂရာ- မြို့မှ၊ နိက္ခန္တမတ္တမေဝ- ထွက်ကာမျှသာလျှင်ဖြစ်သော၊ တံ- ထိုမင်းကို၊ တက္ကသိလဝါသီ- တက္ကသိုလ်ပြည်၌နေသော၊ နန္ဒော နာမ- နန္ဒမည်သော၊ ပါတုပေါသကဗြာဟ္မဏော- အမိအဘကို လုပ်ကျွေးသော ပုဏ္ဏားသည်၊ စတဿော- လေးခုကုန်သော၊ သတာရဟဂါထာယော- တစ်ဂါထာလျှင် တစ်ရာစီထိုက်ကုန်သော ဂါထာတို့ကို၊ အာဒါယ- ယူ၍၊ အာဂန္တွာ- လာလတ်၍၊ ရာဇာနံ- မင်းကို၊ အဒ္ဒသ- ဖူးမြင်ပြီ၊ ရာဇာ- မင်းသည်၊ "နိဝတ္တိတွာ- ပြန်နစ်၍၊ သုဏိဿာမိ- ငါနားအံ့၊" ဣတိ- သို့ (ဝတွာ- ဆို၍၊) တဿ- ထိုနန္ဒပုဏ္ဏားအား၊ နိဝါသဂေဟံ- နေရာအိမ်ကို၊ ဒါပေတွာ- ပေးစေပြီး၍၊ မိဂဝဓံ- သမင်တောသို့ ဂန္တွာ- သွား၍၊ "ယဿ- အကြင်သူ၏၊ ပဿေန- နံပါးဖြင့်၊ မိဂေါ- သမင်သည်၊ ပလာယတိ- ပြေးအံ့၊ တဿေဝ- ထိုသူအား သာလျှင်၊ ဂီဝါ- အစားတည်း၊" ဣတိ- ဤသို့ အာဟ- ဆိုပြီ၊ အထ- ထိုအခါ၌၊ ဧကော- တစ်ကောင်သော၊ ပသဒမိဂေါ- သမင်ပြောက်သည်၊ ဥဋ္ဌဟိတွာ- ထ၍၊ ရညော- မင်း၏၊ အဘိမုခေါ- ရှေးရှုသည်ဖြစ်၍၊ ဂန္တွာ- သွား၍၊ ပလာယိ- ပြေးပြီ၊

အမစ္စာ- မှူးမတ်တို့သည်၊ ပရိဟာသံ- ပြက်ရယ်ခြင်းကို၊ ကရိံသု- ပြုကုန်ပြီ၊ ရာဇာ- ဇယဒ္ဒိသမင်းသည်၊ ခဂ္ဂံ- သန်လျက်ကို၊ ဂဟေတွာ- ကိုင်၍၊ တံ- ထိုချောကောင်ကို၊ အနုဗန္ဓိတွာ- လိုက်သည်ရှိသော်၊ တိယောဇနမတ္တကေ- သုံးယူဇနာထက်၌၊ ပတွာ- ရောက်၍ (မှီ၍၊) ခဂ္ဂေန- သန်လျက်ဖြင့်၊ ပဟရိတွာ- ခုတ်သတ်၍၊ ဒွေ ခဏ္ဍာနိ- နှစ်ပိုင်းတို့ကို၊ ကရိတွာ- ပြုပြီး၍၊ ကာဇေန- ထမ်းပိုးဖြင့်၊ အာဒါယ- ထမ်း၍၊ အာဂစ္ဆန္တော- လာလတ်သော်၊ မနုဿယက္ခဿ- လူဖြစ်သော ဘီလူး၏၊ နိပန္နဋ္ဌာနံ- လျောင်းနေရာအရပ်သို့၊ ပတွာ- ရောက်၍၊ ဒိဗ္ဗတိဏေသု- နေဇာမြက်ပေါ်တို့၌၊ နိသီဒိတွာ- နေ၍၊ ထောကံ- အတန်ငယ်၊ ဝိဿမိတွာ- အပန်းဖြေပြီး၍၊ ဂန္တုံ- သွားခြင်းငှာ၊ အာရဘိ- အားထုတ်ပြီ၊ အထ- ထိုအခါ၌၊ နံ- ထို ဇယဒ္ဒိသမင်းကို၊ သော- ထိုဘီလူးသည်၊ ဥဋ္ဌာယ- ထ၍၊ "တိဋ္ဌ- ရပ်လော၊ ကုဟိံ- အဘယ်သို့၊ ဂစ္ဆတိ- သွားအံ့နည်း၊ မေ- ငါ၏၊ ဘက္ခော- အစာသည်၊ အသိ- ဖြစ်ပြီ" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) ဟတ္ထေ- လက်၌၊ ဂဟေတွာ- ကိုင်၍၊ (တဿ- ထိုမင်းအား၊ ပုစ္ဆန္တော- မေးလိုသည်ရှိသော်၊) "စိရဿံဝတ (ပ) ဝိဒိတော ယထာသိ"တိ- "စိရဿံဝတ (ပ) ဝိဒိတော ယထာ"-ဟူသော၊ ပဌမံ- ရှေးဦးစွာသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆို၏။

၆၄။ ဘောပုရိသ- အိုယောက်ျား၊ စိရဿံဝတ- ကြာမြင့်လေစွတကား၊ မေ- ငါ့အား၊ အဇ္ဇ- ယနေ့ [သတ္တမိ(သတ္တမီ)]- အစာမစားရသည် ခုနစ်ရက်ရှိပြီ၊ ဘတ္တကာလေ- အစာစားချိန်ကာလ၌၊ မဟာဘက္ခော- မြတ်သောအစာသည်၊ ဥဒပါဒိ- ဖြစ်ပေ၏၊ တွံ- သင်သည်၊ ကုတော- အဘယ်မှ၊ အာဂတော- လာသည်၊ အသိ- ဖြစ်သနည်း၊ တွံ- သင်သည်၊ ကောဝါ- အဘယ်သူသည် မူလည်း၊ အသိ- ဖြစ်သနည်း၊ ဣဃ- ငါတိုက်တွန်း၏၊ တံ- ထိုငါမေးသော အကြောင်းကို၊ ဗြူဟိ- သင်ဆိုလော၊ ယထာ- အကြင်အခြင်းဖြင့်၊ တယာ- သင်သည်၊ ဇာတိံ- ဇာတ်ကို၊ ဝိဒိတော- သိအပ်သည်၊ အသိ- ဖြစ်၏၊ တထာ- ထိုအခြင်းဖြင့်၊ အာစိက္ခ- ငါ့အားကြားလော။

တတ္ထ- ထိုစိရဿံဝတစသော ဂါထာ၌၊ **ဘက္ခော မဟာ**တိ- ဘက္ခောမဟာဟူသည်ကား၊ မဟာဘက္ခော- ကောင်းမြတ်သော အစာသည်၊ **သတ္တမိဘတ္တကာလေ**တိ- သတ္တမိဘတ္တကာလေဟူသည်ကား၊ ပါဋိပဒတော- အထွက်တစ်ရက်နေ့မှ၊ ပဋ္ဌာယ- စ၍၊ နိရာဟာရဿ- အစားအစာကင်းသော ငါ့အဖို့၊ သတ္တမိယံ- ခုနစ်ရက်မြောက်သော၊ ဘတ္တကာလေ- အစာစားချိန်၌၊ **ကုတောသိ**တိ- ကုတောသိဟူသည်ကား၊

ကုတော- အဘယ်အရပ်မှ၊ အာဂတော- လာသည်၊ အသိ- ဖြစ်သနည်း၊ ဣတိ- ဤကား၊ (အတ္ထော- အနက်တည်း။)

ရာဇာ- ဇယဒိသမင်းသည်၊ ယက္ခံ- ဘီလူးကို၊ ဒိသွာ- မြင်၍၊ ဘီတော- ကြောက်သည်ဖြစ်၍၊ ဦရုတ္ထမ္ဘံ- ပေါင်၏တောင့်တင်းခြင်းသို့၊ ပတွာ- ရောက်၍၊ ပလာယိတုံ- ပြေးခြင်းငှာ၊ နာသက္ခိ- မတတ်နိုင်ပြီ၊ ပန- ထိုသို့ ပေါင်တောင့်တင်းသဖြင့် ပြေးသွားခြင်းငှာ မတတ်နိုင်သော်လည်း၊ သတိံ- သတိကို၊ ပစ္စုပ္ပဋ္ဌာပေတွာ- ဖြစ်စေ၍၊ (ယက္ခဿ- ဘီးလူး၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ အဘိယာ- စန္တော- တောင်းပန်လိုသည်ရှိသော်၊) "ပဉ္စာလရာဇာ (ပ) မမ'ဇ္ဇမုဋ္ဌာ"တိ- "ပဉ္စာလရာဇာ (ပ) မမ'ဇ္ဇမုဋ္ဌာ"ဟူသော၊ ဒုတိယံ- နှစ်ခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၆၅။ ယက္ခ- ဘီလူး၊ အဟံ- ငါသည်၊ ပဉ္စာလရာဇာ- ပဉ္စာလမင်းသည်၊ အသ္မိ- ဖြစ်၏၊ မိဂဝံ- သမင်တောသို့၊ ပဝိဋ္ဌော- ဝင်လာ၏၊ အဟံ- ငါသည်၊ [ဇယဒ္ဒိသောနာမ(ဇယဒိသောနာမ)]- ဇယဒိသအမည်ရှိ၏၊ ယဒိ- အကယ်၍၊ တေ- သင်သည်၊ သုတော- ကြားဘူးအံ့သတည်း၊ အဟံ- ငါသည်၊ ကစ္ဆာနိစ- တောင်ခြေရင်းသို့လည်းကောင်း၊ ဝနာနိစ- တောသို့ လည်းကောင်း၊ စရာမိ- သွား၏၊ အဇ္ဇ- ယခုအခါ၌၊ ဣမံပသဒံ- ဤချေကို၊ ခါဒ- စားလော၊ မမ- ငါ့အား၊ မုဥ္စ- လွှတ်လော။

တတ္ထ- ထိုပဉ္စာလရာဇာစသော ဂါထာ၌၊ မိဂဝံ ပဝိဋ္ဌောတိ- မိဂဝံပဝိဋ္ဌောဟူသည်ကား၊ မိဂဝဓာယ- သားကောင်ကို သတ်ရန်အလို့ငှာ၊ ရဋ္ဌာ- တိုင်းနိုင်ငံမှ၊ နိက္ခန္တော- ထွက်၍၊ ကစ္ဆာနီတိ- ကစ္ဆာနိဟူသည်ကား၊ ပဗ္ဗတပဿာနိ- တောင်ခြေရင်းတို့သို့၊ ပသဒန္တိ- ပသဒံဟူသည်ကား၊ ပသဒမိဂံ- ချေကို။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ယက္ခော- ဘီလူးသည်၊ (ရညော- မင်းအား၊ ပဋိဘာဿန္တော- စကားတုံ့ပြောလိုလတ်သော်၊) "သေနေဝ တွံ ပဏာသိ (ပ) န ဝိလာပကာလော"တိ- "သေနေဝ တွံ ပဏာသိ (ပ) န ဝိလာပကာလော" ဟူသော၊ တတိယံ- သုံးခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၆၆။ ဇယဒိသ- ဇယဒိသမင်းမြတ်၊ တွံ- သင်သည်၊ [သဿမာနော (သယှမာနော)]- ငါ့ကို နှိပ်စက်လိုသည်ဖြစ်၍၊ သေနေဝ- ငါ့ဥစ္စာဖြင့်သာ

လျှင်၊ ပဏာသိ- မိမိကိုယ်ကို ဖလှယ်၏၊ သောပသဒေါ- ဤချေသည်၊ မမ- ငါ၏၊ ဘက္ခော- အစာတည်း၊ ယံပသဒံ- အကြင်ချေကို၊ ခါဒ- စားပါလော၊ က္ကတိ- ဤသို့ ဝဒေသိ- ဆို၏၊ တံပသဒံ- ထိုချေကို၊ ခါဒိယာန- စားဦး၍၊ ဇိဃည်- စားခြင်းငှာ အလိုရှိသောအခါ၌၊ တံ- သင့်ကို၊ ပစ္ဆာ- နောက်၌၊ ခါဒိဿံ- စားအံ့၊ အယံကာလော- ဤအခါသည်၊ နဝိလာပကာလော- ငိုမြည်တမ်းရအံ့သောအခါမဟုတ်။

တတ္ထ- ထိုသေနေဝစသော ဂါထာ၌၊ သေနေဝါတိ- သေနေဝဟူသည်ကား၊ မမ- ငါ၏၊ သန္တကေနေဝ- ဥစ္စာဖြင့်သာလျှင်၊ ပဏာသီတိ- ပဏာသိဟူသည်ကား၊ ဝေါဟရသိ- အရောင်းအဝယ်ပြုဘိ၏၊ အတ္တာနံ- မိမိကိုယ်ကို၊ ဝိက္ကိဏာသိ- ဝယ်ဘိ၏၊ သဿမာနောတိ- သဿမာနောဟူသည်ကား၊ ဝိဟိံသယမာနော- ညှင်းဆဲလိုသည်ဖြစ်၍၊ တံ ခါဒိယာနာတိ- တံခါဒိယာနဟူသည်ကား၊ တံ- ထိုချေကို၊ ပဌမံ- ရှေးဦးစွာ၊ ခါဒိတွာ- စား၍၊ ဇိဃည္တိ- ဇိဃည်ဟူသည်ကား၊ ယသိတုကာမော- စားခြင်းငှာအလိုရှိသည်၊ ခါဒိဿန္တိ- ခါဒိဿံဟူသည်ကား၊ ဇတံ- ထိုဇယဒ္ဒိသမင်းကို၊ ပစ္ဆာ- နောက်ကာလ၌၊ ခါဒိဿာမိ- စားအံ့၊ န ဝိလာပကာလောတိ- နဝိလာပ- ကာလောဟူသည်ကား၊ မာ ဝိလပိ- မမြည်တမ်းပါလင့်၊ အယံ- ဤအချိန်သည်၊ နဝိလာပကာလော- မြည်တမ်းရမည့်အချိန်မဟုတ်၊ က္ကတိ- ဤသို့ ဝဒတိ- ဆို၏။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ရာဇာ- ဇယဒိသမင်းသည်၊ နန္ဒပြာဟ္မ- ဏံ- နန္ဒပုဏ္ဏားကို၊ သရိတွာ- အောက်မေ့၍၊ (ယက္ခံ- ဘီလူးကို၊ အဘိယာစန္တော- တောင်းပန်လိုသည်ရှိသော်၊) "န စတ္ထိ မောကော (ပ) ပုနရာဝဇိဿ"န္တိ- "န စတ္ထိ မောက္ခော (ပ) ပုနရာဝဇိဿံ"ဟူသော၊ စတုတ္ထံ- လေးခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၆၇။ ယက္ခ- ဘီးလူး၊ မမ- ငါအား၊ နိက္ကယေန- ဝယ်သဖြင့်၊ မောက္ခော- လွတ်ခြင်းသည်၊ နစအတ္ထိ- မရှိသလျှင်ကတည်း၊ ဂန္တာန- ပြည်သို့သွား၍၊ ပဏ္ဍော- နက်ဖြန်နံနက်စောစော၌၊ ပစ္စာဂမနာယ- တစ်ဖန်ပြန်လာခြင်းငှာ၊ ပဋိည်- ဝန်ခံခြင်းကို၊ ဂဏှာဟိ- ယူလော၊ ဗြာဟ္မ-ဏဿ- နန္ဒပုဏ္ဏားအား၊ [ယံသင်္ဂရံ(ယံသင်္ကရံ)]- အကြင်အချိန်း အချက်ကို၊ မယာ- ငါသည်၊ ကတံ- ပြုအပ်၏၊ တံသင်္ကရံ- ထိုအချိန်းအချက်ကို၊ [ပဒါယ(သမ္ပဒါယ)]-

ပြည့်စုံစေ၍၊ သစ္စာနုရက္ခီ- သစ္စာကို စောင့်လျက်၊ ပုနရာဝဇိဿံ- တစ်ဖန် ငါလာအံ့။

တတ္ထ- ထိုနစတ္တိစသော ဂါထာ၌၊ န စတ္ထိတိ- နစတ္ထိဟူသည်ကား၊ မယှံ- ငါ့အဖို့ နိက္ကယေန- ဝယ်သဖြင့်၊ ဝိမောက္ခော- လွတ်ခြင်းသည်၊ န စ အတ္ထိ- အကယ်၍မရှိအံ့၊ ဂန္တွာနာတိ- ဂန္တွာနဟူသည်ကား၊ ဧဝံ သန္တေ- ဤသို့ဖြစ်သည်ရှိသော်၊ အဋ္ဌ- ယနေ့ ဣမံ မိဂမံသံ- ဤချေသားကို၊ ခါဒိတွာ- စား၍၊ မမ- ငါ၏၊ နဂရံ- မြို့သို့၊ ဂန္တွာ- သွား၍၊ ပဘာတေတိ- ပဘာတေဟူသည်ကား၊ ပဂေယေဝ- စောစော၌ပင်လျှင်၊ သွေ၀- နက်ဖြန်၌သာလျှင်၊ ပါတရာသကာလေ- နံနက်စောစောအခါ၌၊ ပစ္စာဂမနတ္ထာယ- တစ်ဖန် ပြန်လာခြင်းငှာ၊ ပဋိညံ- ဝန်ခံခြင်းကို၊ ဂဏှာဟိ- ယူလော၊ ဣတိ- ဤကား၊ အဓိပ္ပါယော- အဓိပ္ပါယ်တည်း၊ တံ သင်္ဂရန္တိ- တံသင်္ဂရံဟူသည်ကား၊ မယာ- ငါသည်၊ တေ- သင့်အား၊ ဓနံ- ဥစ္စာကို၊ ဒဿာမိ- ပေးအံ့၊ ဣတိ- ဤသို့၊ ဗြာဟ္မဏဿ- ပုဏ္ဏားအား၊ သင်္ဂရော- အချိန်းအချက်ကို၊ ကတော- ပြုအပ်ပြီ၊ တံ- ထိုဥစ္စာကို၊ တဿ- ထိုပုဏ္ဏားအား၊ ဒတွာ- ပေး၍၊ မယာ- ငါသည်၊ ဝုတ္တံ- ဆိုအပ် သော၊ ဣဒံ သစ္စံ- ဤသစ္စာစကားကို၊ အနုရက္ခန္တော- စောင့်လျက်၊ အဟံ- ငါသည်၊ ပုန- တစ်ဖန်၊ အာဂမိဿာမိ- ပြန်လာအံ့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ယက္ခော- ဘီလူးသည်၊ (ကာရဏံ- အကြောင်းကို၊ သလ္လာပေတွာ- ပြောဆိုစေ၍၊ အဘိ ယာစနံ- တောင်းပန်ခြင်းကို၊ ပဋိဇာနန္တော- ဝန်ခံလိုသည်ရှိသော်၊) "ကိံ ကမ္မဇာတံ (ပ) အာဂမနာယ ပဘာတေ"တိ- "ကိံ ကမ္မဇာတံ (ပ) အာဂမနာယ ပဘာတေ"ဟူသော၊ ပဉ္စမံ- ငါးခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၆၈။ ဇယဒိသ- ဇာယဒိသမင်းမြတ်၊ မရဏဿ- သေခြင်း၏၊ သမီပံ- အနီးသို့ ပတ္တံ- ရောက်ပြီးသော၊ ရာဇာ- ပြည့်ရှင်မင်းဖြစ်သော၊ တွံ- သင်မင်းမြတ်သည်၊ ကမ္မဇာတံ- ကံသည်လျှင်ပြုပြင်အပ်သော အမှုကို၊ ကိံ- အဘယ့်ကြောင့်၊ [အနုတပ္ပတေ(အနုတပ္ပသိ)]- စိုးရိမ်ဘိသနည်း၊ ဇေတံ- ထိုစိုးရိမ်ခြင်း၏ အကြောင်းကို၊ မေ- ငါအား၊ အာစိက္ခ- ကြားလော၊ တံ- ထိုအကြောင်းကို၊ သုတွာ- ကြားရ၍၊ ပဘာတေ- နက်ဖြန်နံနက်အခါ၌၊ အာဂမနာယ- လာခြင်းကို၊ အနုဇာနိတုံ- ခွင့်ပြုခြင်းငှာ၊ အပိသက္ကုဏေမု- တတ်နိုင်ကုန်ငြားအံ့လည်း မသိ။

တတ္ထ- ထိုကိံကမ္မဇာတံစသော ဂါထာ၌၊ ကမ္မမေဝ- ကံသည်ပြုအပ်သော အမှုသည်ပင်လျှင်၊ **ကမ္မဇာတံ**- ကမ္မဇာတမည်၏၊ **အနုတပ္ပတေ**တိ- အနုတပ္ပတေဟူသည်ကား၊ တံ- ထိုကံသည်ပြုအပ်သောအမှုကို၊ **အနုတပ္ပ**တိ- စိုးရိမ်ဘိ၏၊ **ပတ္တန္တိ**- ပတ္တံဟူသည်ကား၊ ဥပဂတံ- ရောက်လာသော၊ **အပိ သတ္တုဏောမုခ**တိ- အပိ သတ္တုဏောမု ဟူသည်ကား၊ တဝ- သင်၏၊ တံသောကကာရဏံ- ထိုသောကဖြစ်ခြင်းအကြောင်းကို၊ သုတွာ- ကြား၍၊ ပါတောဝ- စောစော၌သာလျှင်၊ အာဂမနာယ- ပြန်လာခြင်းငှာ၊ တံ- သင့်ကို၊ အနုဇာနိတုံ- ခွင့်ပြုခြင်းငှာ၊ အပိ နာမ သတ္တုဏောယျာမ- ခွင့်ပြုခြင်းငှာ စွမ်းနိုင်ငြားအံ့လည်းမသိ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ရာဇာ- ဇယဒိသမင်းသည်၊ တံ ကာရဏံ- ထိုအကြောင်းကို၊ (ယက္ခဿ- ဘီလူးအား၊) ကထေန္တော- ပြောကြားလိုသည်ရှိသော်၊ "ကတာ မယာ (ပ) ပုနရာဇိဿ"န္တိ- "ကတာမယာ (ပ) ပုနရာဇိဿံ"ဟူသော၊ ဆဋ္ဌံ- ခြောက်ခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၆၉။ ယက္ခ- ဘီလူး၊ မယာ- ငါသည်၊ ဗြာဟ္မဏဿ- နန္ဒပုဏ္ဏားအား၊ ဓနဿာ- ဥစ္စာ၌တပ်မက် မောခြင်းကို၊ ကတာ- ပြုအပ်၏၊ သင်္ကရံ- ဥစ္စာ ပေးအံ့ဟု ဝန်ခံခြင်းကို၊ ပဋိမုက္ကံ- ကိုယ်၌စွပ်ထားအပ်၏၊ [တံသင်္ဂရံ (တံသင်္ကရံ)]- ထိုကိုယ်၌စွပ်၍ ထားအပ်သော ဝန်ခံခြင်းမှ၊ နမုတ္တံ- မလွတ်ပါသေး၊ ဗြာဟ္မဏဿ- နန္ဒပုဏ္ဏားအား၊ [တံသင်္ဂရံ(တံသင်္ကရံ)]- ထိုဝန်ခံခြင်းကို၊ [ပဒါယ(သမ္ပဒါယ)]- ပြည့်စုံစေ၍၊ သစ္စနုရက္ခီ- သစ္စာကိုစောင့်လျက်၊ ပုနရာဝဇိဿံ- တစ်ဖန် သင့်ထံသို့ ငါလာအံ့။

တတ္ထ- ထိုကတာမယာစသော ဂါထာ၌၊ **ပဋိမုက္ကံ န မုတ္တန္တိ**- ပဋိမုက္ကံ န မုတ္တံဟူသည်ကား၊ စတသော- လေးပါးကုန်သော၊ သတာရဟာ- အသပြာတရာ ထိုက်တန်ကုန်သော၊ ဂါထာ- ဂါထာတို့ကို၊ သုတွာ- ကြားနာရ၍၊ တေ- သင့်အား၊ ဓနံ- ဥစ္စာကို၊ ဒဿာမိ- ပေးအံ့၊ ဣတိ- ဤသို့၊ ပဋိညာယ- ဝန်ခံခြင်းဖြင့်၊ မယာ- ငါသည်၊ အတ္တနိ- မိမိ၌၊ ပဋိမုဉ္စိတွာ- စွပ်၍၊ ဌပိတံ- ထားအပ်ပြီး၊ ဓနဿ- ဥစ္စာ၏၊ အဒိန္နတ္တာ- မပေးအပ်သည်၏အဖြစ်ကြောင့်၊ တံ- ထိုစွပ်ထားအပ်သော ဝန်ခံမှုသည်၊ န ပန မုတ္တံ- မလွတ်သေး။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ယက္ခော- ဘီလူးသည်၊ (တံ ရာဇာနံ- ထိုမင်းကို၊ မောစေတွော- လွှတ်လိုသည်ရှိသော်၊) "ယာ တေ ကတာ (ပ) ပုနရာဝဇဿူ"တိ- "ယာ တေ ကတာ (ပ) ပုနရာဝဇဿု"ဟူသော၊ သတ္တမံ- ခုနစ်ခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၇၀။ ဇယဒိသ- မင်းမြတ်ဇယဒိသ၊ ဗြဟ္မဏဿ- နန္ဒပုဏ္ဏားအား၊ ယာနေသာ- အကြင်ဥစ္စာ၌ တပ်မက်မောခြင်းကို၊ တေ- သင်သည်၊ ကတာ- ပြုအပ်၏၊ [တံသင်္ဂရံ(တံသင်္ကရံ)]- ထိုဥစ္စာပေးအံ့ဟု ဝန်ခံခြင်းကို၊ ပဋိမုက္က- ကိုယ်၌စွပ်၍ထားအပ်၏၊ တံ- ထိုကိုယ်၌စွပ်၍ ထားအပ်သော ဝန်ခံခြင်းကို၊ ကတံ- သင်ပြုအပ်၏၊ တံ- ထိုဝန်ခံခြင်းကို၊ [ပဒါယ (သမ္ပဒါယ)]- [ပဒါယ (သမ္ပဒါယ)]- ပြည့်စုံစေပြီး၍၊ သစ္စာနုရက္ခီ- သစ္စာကိုစောင့်လျက်၊ ပုနရာဝဇဿု- သင်လာခဲ့လော။

တတ္ထ- ထိုယာတေစသော ဂါထာ၌၊ ပုနရာဝဇဿူတိ- ပုနရာဝဇဿုဟူသည်ကား၊ ပုန- တစ်ဖန်၊ အာဂစ္ဆဿု- ပြန်လာလော့။

ပန- အဖို့တစ်ပါးကား၊ ဧဝံ- ဤသို့သော စကားကိုလည်း၊ ဝတွာ- ဆိုပြီး၍၊ ရာဇာနံ- ဇယဒိသမင်းကို၊ ဝိဿဇ္ဇေသိ- လွှတ်လိုက်ပြီ၊ သော- ထိုဇယဒိသမင်းကို၊ တေန- ထိုဘီလူးသည်၊ ဝိဿဋ္ဌော- လွှတ်အပ်သည်ရှိသော်၊ "တွံ- သင် ဘီလူးသည်၊ မာစိန္တယိ- မစိုးရိမ်လင့်၊ အဟံ- ငါသည်၊ ပါတောဝ- နံနက်စောစော၌ပင်၊ အာဂမိဿာမိ- လာအံ့၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ မဂ္ဂနိမိတ္တာနိ- ခရီးနိမိတ်တို့ကို၊ သလ္လက္ခေန္တော- မှတ်လျက်၊ အတ္တနော- မိမိ၏၊ ဗလကာယံ- ဗိုလ်ပါရှိရာသို့၊ ဥပဂန္တွာ- သွား၍၊ ဗလကာယပရိဝုတော- ဗိုလ်ပါအပေါင်းသည်ခြံရံလျက်၊ နဂရံ- မြို့သို့၊ ပဝိသိတွာ- ဝင်၍၊ နန္ဒဗြာဟ္မဏံ- နန္ဒပုဏ္ဏားကို၊ ပက္ကောသာပေတွာ- ခေါ်စေပြီး၍၊ မဟာရဟေ- မြတ်သော အဖိုးများစွာထိုက်သော၊ အာသနေ- နေရာ၌၊ နိသီဒါပေတွာ- နေစေ၍၊ တာဂါထာ- ထိုလေးဂါထာတို့ကို၊ သုတွာ- နာပြီး၍၊ စတ္တာရိသဟဿာနိ- လေးထောင်ကုန်သော ဥစ္စာတို့ကို၊ ဒတွာ- ပေး၍၊ ယာနံ- ယာဉ်ထက်သို့၊ အာရောပေတွာ- တက်စေ၍၊ "ဣမံ- ဤပုဏ္ဏားကို၊ တက္ကသိလမေဝ- တက္ကသိုလ်ပြည်သို့သာလျှင်၊ နေထ- ဆောင်ကြကုန်လော့၊" ဣတိ- ဤသို့၊ မနုဿေ- လူတို့ကို၊ ဒတွာ- ပေး၍၊ ဗြာဟ္မဏံ- ပုဏ္ဏားကို၊ ဥယျောဇေတွာ- လွှတ်လိုက်၍၊ ဒုတိယဒိဝသေ- နက်ဖြန်နေ့၌၊ (ယက္ခဿသန္တိကံ- ဘီလူးထံသို့) ပဋိဂန္တု-

ကာမော- ပြန်သွားခြင်းငှာ အလိုရှိသည်၊ ဟုတွာ- ၍၊ ပုတ္တံ- သားတော် အလီနသတ္တု မင်းသားကို အာမန္တေတွာ- ခေါ်၍၊ အနုသာသိ- ဆုံးမတော်မူပြီ တမတ္ထံ- ထိုအကြောင်းကို ဒီပေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်၊ "မုတ္တော စ သော (ပ) ပေါရိသာဒဿ ဥပတ္တေ"တိ- "မုတ္တော စ သော (ပ) ပေါရိသာဒဿ ဥပတ္တေ"ဟူကုန်သော၊ ဒွေ ဂါထာ- နှစ်ဂါထာတို့ကို၊ အဘာသိ- ဟောတော်မူပြီ။

၇၁။ ဘိက္ခဝေ- ရဟန်းတို့ ပေါရိသာဒဿ- ပေါရိသာဒ၏၊ ဟတ္ထာ- လက်မှ၊ မုတ္တော- လွတ်ပြီးသော၊ သောစ- ထိုဇယဒိသမင်းသည်ကား၊ [ကာမကာမိ (ကာမကာမီ)]- ကာမဂုဏ်တို့ဖြင့် မွေ့လျော်ဖွယ်ရှိသော၊ သကံမန္ဒိရံ- မိမိနန်းသို့၊ ဂန္တွာ- သွား၍၊ ပြဟွဏာဿ- နန္ဒပုဏ္ဏားအား၊ [တံသက်ရံ (တံသက်ရ်)]- ထိုအချိန်းအချက်ကို၊ သမ္ပဒါယ- ပြည့်စုံစေ၍၊ အလီနသတ္တုံ- အလီနသတ္တုအမည်ရှိသော၊ ပုတ္တံ- သားကို၊ [အာမန္တယိ (အာမန္တေသိ)]- ခေါ်၏။

၇၂။ ပုတ္တ- ချစ်သား၊ တေ- သင်ချစ်သားအား၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ဒဒါမိ- ငါပေး၏၊ အရ္ဋ္ဌေဝ- ယနေ့ပင်လျှင်၊ အဘိသိဥ္စယဿု- အဘိသိက် သွန်းစေလော၊ [သေသုစ(သေသေစ)]- မိမိကိုယ်၌လည်းကောင်း၊ ပရေသုစ- သူတစ်ပါးတို့၌လည်းကောင်း၊ ဓမ္မံ- တရားကို၊ စရေ- ကျင့်လော၊ ရဋ္ဌေ- တိုင်းနိုင်ငံ၌၊ အဓမ္မကာရော- မကောင်းသော အကျင့်ကို ကျင့်ခြင်းသည်၊ တေ- သင်ချစ်သားအား၊ မာအဟု- မဖြစ်စေလင့်၊ အဟံ- ငါသည်၊ ပေါရိသာဒဿ- ပေါရိသာဒ၏၊ [ဥပတ္တေ(ဥပန္တေ)]- အထံသို့၊ ဂစ္ဆာမိ- သွားရအံ့။

တတ္ထ- ထိုမုတ္တောစသော ဂါထာတို့၌၊ အလီနသတ္တုန္တိ- အလီနသတ္တုံဟူသည်ကား၊ ဧဝံနာမကံ- ဤသို့ အလီနသတ္တုဟု အမည်ရှိသော၊ ကုမာရံ- မင်းသားကို၊ ပါဠိယံ ပန- ပါဠိတော်၌ကား၊ "အရိနသတ္တု"န္တိ- အရိနသတ္တုံဟူ၍၊ လိခိတံ- ရေးအပ်၏၊ အဇ္ဇေဝရဇ္ဇန္တိ- အဇ္ဇေဝရဇ္ဇံဟူသည်ကား၊ ပုတ္တ- ချစ်သား၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ တေ- သင့်အား၊ ဒမ္မိ- ပေး၏၊ တွံ- သင်သည်၊ အဇ္ဇေဝ- ယနေ့၌ပင်၊ မုဒ္ဓနိ- ဦးထိပ်၌၊ အဘိသေကံ- အဘိသိက်ကို၊ အဘိသိဥ္စယဿု- သွန်းလော၊ ဥပတ္တေတိ- ဥပတ္တေ ဟူသည်ကား၊ အဘျာသေ- အထံသို့၊ သန္တိကေ- အနီးသို့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုအကြောင်းကို၊ သုတွာ- ကြား၍၊ ကုမာရော- သားတော် အလီနသတ္တု မင်းသားသည်၊ (ရာဇာနံ- ခမည်းတော်မင်းကြီးကို၊ ပုစ္ဆန္တော- မေးလျှောက်လိုလတ်သော်၊) “ကိံ ကမ္မ ကြုဗ္ဗံ (ပ) တယာ ဝိနာဟ”န္တိ- “ကိံ ကမ္မ ကြုဗ္ဗံ (ပ) တယာ ဝိနာဟံ”ဟူသော၊ ဒသမံ- ဆယ်ခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၇၃။ ဒေဝ- ခမည်းတော်မင်းကြီး၊ တဝ- သင်ခမည်းတော်မင်းကြီး၏၊ [ပါဝ (ပါဒေ)]- ခြေတော်ရင်း၌၊ ကိံကမ္မံ- အဘယ်အမှုကို၊ [ကုဗ္ဗံ(ကြုဗ္ဗံ)]- ပြုမိသည်ဖြစ်၍၊ နာရာဓယိ- နှစ်သက်တော်မမူသနည်း၊ ယံယေန- အကြင်မနှစ်သက်ကြောင်းဖြစ်သော အမှုကြောင့်၊ မံ- အကျွန်ုပ်ကို၊ တုဝံ- ခမည်းတော်မင်းကြီးသည်၊ အဇ္ဇ- ယနေ့၊ ရဇ္ဇမှိ- မင်းအဖြစ်၌၊ ဥဒဿယေ- တည်စေ၏၊ တံ- ထိုမနှစ်သက်ကြောင်းဖြစ်သော အမှုကို၊ အဟံ- အကျွန်ုပ်သည်၊ သောတုံ- နာခြင်းငှာ၊ ဣစ္ဆာမိ- အလိုရှိပါ၏၊ အဟံ- အကျွန်ုပ်သည်၊ တယာ- ခမည်းတော်မင်းကြီးနှင့်၊ ဝိနာ- ကင်း၍၊ ရဇ္ဇံပိ- မင်းအဖြစ်ကိုလည်း၊ [နိစ္ဆေယျံ(နဣစ္ဆေယျ)]- အလိုမရှိနိုင်။

တတ္ထ- ထိုကိံကမ္မစသော ဂါထာ၌၊ ကြုဗ္ဗန္တိ- ကြုဗ္ဗံဟူသည်ကား၊ ကရောန္တော- ပြုလျက်၊ ယမဇ္ဇာတိ- ယမဇ္ဇာဟူသည်ကား၊ ယေနအနာရာဓကေမ္မေန- အကြင်မနှစ်သက်ကြောင်းဖြစ်သော အမှုကြောင့်၊ အဇ္ဇ- ယနေ့၊ မံ- ငါ့ကို၊ ရဇ္ဇမှိ- မင်းအဖြစ်၌၊ တွံ- သင်သည်၊ ဥဒဿယေ- တည်စေဘိ၏၊ ဥဿာပေသိ- တည်စေဘိ၏၊ ပတိဋ္ဌာပေသိ- တည်စေဘိ၏၊ တံ- ထိုမနှစ်သက်ကြောင်းဖြစ်သောအမှုကို မေ- ငါ့အား၊ အာစိက္ခ- ပြောကြားလော့၊ ဟိ- အကြောင်းကား၊ အဟံ- ငါသည်၊ တယာ- သင်ဘခင်နှင့်၊ ဝိနာ- ကင်း၍၊ ရဇ္ဇမ္ပိ- မင်းအဖြစ်ကိုလည်း၊ န ဣစ္ဆာမိ- အလိုမရှိ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ရာဇာ- ခမည်းတော် ဇယဒိသမင်းကြီးသည်၊ (အတ္တနော- မိမိ၏၊ ကာရဏံ- အကြောင်းကို၊ ကုမာရဿ- သားတော်အား၊ ကထေန္တော- ပြောကြားလိုသည်ရှိသော်၊) “န ကမ္မုနာ ဝါ (ပ) ပုနာဟံ ဂမိဿ”န္တိ- “န ကမ္မုနာ ဝါ (ပ) ပုနာဟံ ဂမိဿ”ဟူသော၊ အနန္တရံ- အခြားမဲ့သော၊ ဂါထာ- ဂါထာကို၊ အာဟ- ဆိုပြီ။

၇၄။ တာတ- ချစ်သား၊ ကမ္မုနာဝါ- ကိုယ်အမှုအရာမှလည်းကောင်း၊ ဝစသာဝါ- စကားမှလည်းကောင်း၊ ဣတော- ဤကိုယ်နှုတ်နှစ်ပါးမှ၊ တုဝိယံ-

သင့်အထံ၌ဖြစ်သော၊ [အပရာဓိတော(အပရာဓံ)]- အပြစ်ကို၊ အဟံ- ငါသည်၊ နသရာမိ- ရှိ၏ဟူ၍မအောက်မေ့၊ ပေါရိသာဒကေနစ- ပေါရိသာဒနှင့်မူကား၊ [သန္ဓိ(သဒ္ဓိံ)]- တကွ၊ သစ္စံ- သစ္စာကို၊ ကတွာ- ပြု၍၊ အာဂတော- လာ၏၊ သစ္စာနုရက္ခီ- ပြုအပ်သော သစ္စာကို စောင့်လိုသည်ဖြစ်၍၊ ပုန- တစ်ဖန်၊ အဟံ- ငါသည်၊ ဂမိဿံ- ပေါရိသာဒအထံသို့ သွားအံ့။

တတ္ထ- ထိုကမ္ဘာနာစသော ဂါထာ၌၊ **အပရာဓိတော**တိ- အပရာဓိတော ဟူသည်ကား၊ ဣတော- ဤကိုယ်နှုတ်အမှုမှ၊ အပရာဓံ- အပြစ်သည်၊ တုဝိယန္တိ- တုဝိယံဟူသည်ကား၊ တဝ- သင်၏၊ သန္တကံ- ဥစ္စာဖြစ်သော၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ တာတ- ချစ်သား၊ အဟံ- ငါသည်၊ တဝ- သင်၏၊ ဣတော ကမ္မတော ဝါ- ဤကိုယ်ဖြင့် ပြုအပ်သောအမှုမှလည်းကောင်း၊ တဝ- သင်၏၊ ဣတော ဝစနတော ဝါ- ဤနှုတ်ဖြင့်ပြောအပ်သော စကားမှလည်းကောင်း၊ ကိဉ္စိ- တစ်စုံတစ်ခုသော၊ မမ- ငါသည်၊ အပ္ပိယံ- မနှစ်သက်အပ်သော၊ အပရာဓံ- အပြစ်ကို၊ န သရာမိ- မအောက်မေ့၊ (ဝါ) အမှတ်မရ၊ ဣတိ- ဤကား၊ (အတ္ထော- အနက်တည်း။) **သန္ဓိဥ္စ ကတွာ**တိ- သန္ဓိဥ္စ ကတွာဟူသည်ကား၊ ပန- စင်စစ်သော် ကား၊ မိဂဝံ- သားကောင်ရှိရာတောသို့၊ ဂတံ- သွားသော၊ မံ- ငါ့ကို၊ ဧကော- တစ်ယောက်သော၊ ယက္ခော- ဘီလူးသည်၊ "ခါဒိဿာမိ"တိ- စားအံ့ဟူ၍၊ ဂဏ္ဍိ- ဖမ်းခဲ့ပြီ၊ အထ- ထိုအခါ၌၊ အဟံ- ငါသည်၊ ဗြာဟ္မဏဿ- ပုဏ္ဏားရ၏၊ ဓမ္မကထံ- တရားစကားကို၊ သုတွာ- ကြားရ၍၊ တဿ- ထိုပုဏ္ဏားအား၊ သက္ကာရံ- အရိုအသေ ကို၊ ကတွာ- ပြု၍၊ သွေ- နက်ဖြန်၊ ပါတရာသကာလေ- နံနက်စောစောအချိန်၌၊ တဝ- သင်၏၊ (သန္တိကံ- အထံသို့) အာဂမိဿာမိ- ပြန်လာအံ့၊ ဣတိ- ဤသို့၊ တေန ပုရိသာဒကေန- ထိုပေါရိသာဒအမည်ရှိသော ဘီလူးနှင့်၊ သန္ဓိံ- အစပ်ကို၊ သစ္စံ- သစ္စာကို၊ ကတွာ- ပြု၍၊ အာဂတော- ပြန်လာ၏၊ တသ္မာ- ထို့ကြောင့်၊ တံ သစ္စံ- ထိုသစ္စာကို၊ အနုရက္ခန္တော- စောင့်လိုသည်ဖြစ်၍၊ ပုန- တစ်ဖန်၊ တတ္ထ- ထိုပေါရိသာဒရှိရာတောသို့ ဂမိဿာမိ- ပြန်သွားအံ့၊ တွံ- သင်သည်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေဟိ- ပြုစေလော့၊ ဣတိ- ဤသို့၊ ဝဒတိ- ပြောဆို၏။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ကုမာရော- သားတော် အလီနသတ္တု မင်းသည်၊ (ပိတရံ- ခမည်းတော်ကို၊ ဥပေတွာ- ထား၍၊ ပေါရိသာဒဿ- ပေါရိသာဒ ၏၊ သန္တိကံ- အထံသို့၊ အတ္တနော- မိမိ၏၊ ဂစ္ဆန္တံ- သွားလိုကြောင်းကို၊ ကထေန္တော-

တင်လျှောက်လိုသည်ရှိသော်၊) "အဟံ ဂမိဿာမိ (ပ) ဥဘော န ဟောမာ"တိ- "အဟံ ဂမိဿာမိ (ပ) ဥဘော န ဟောမ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၇၅။ မဟာရာဇ- မြတ်သော ခမည်းတော်မင်းကြီး၊ အဟံ- အကျွန်ုပ်သည်၊ ဂမိဿာမိ- ပေါရိသာဒအထံသို့ သွားပါအံ့၊ တုဝံ- သင် ခမည်းတော်မင်းကြီးသည်၊ က္ခေမ- ဤနန်းတော်၌သာလျှင်၊ ဟောတိ- ဖြစ်တော်မူလော၊ တုဝံ- သင်ခမည်းတော်မင်းကြီးသည်၊ သစေဂစ္ဆသိ- အကယ်၍ သွားတော်မူအံ့၊ တတော- ထိုပေါရိသာဒအထံမှ၊ ဇီဝတော- အသက်ရှင်သော ခမည်းတော်မင်းကြီးအား၊ ဝိပ္ပမောက္ခော- သေးဘေးမှလွတ်ခြင်း မည်သည်၊ နတ္ထိ- မရှိ၊ ရာဇ- ခမည်းတော်မင်းမြတ်၊ တုဝံ- သင်ခမည်းတော်မင်းမြတ်သည်၊ သစေဂစ္ဆသိ- အကယ်၍သွားတော်မူအံ့၊ အဟံပိ- အကျွန်ုပ်သည်လည်း၊ ဂစ္ဆာမိ- သွားအံ့၊ ဥဘော- နှစ်ယောက်ကုန်သော သားအဘတို့သည်၊ နဟောမ- ဘီလူးစာ မဖြစ်ကြစေကုန်လင့်၊ တသ္မာ- ထိုကြောင့်၊ အဟံဧဝ- အကျွန်ုပ်သည်သာလျှင်၊ ဂစ္ဆမိ- သွားပါအံ့။

တတ္ထ- ထိုအဟံဂမိဿာမိစသော ဂါထာ၌၊ က္ခေမဝါတိ- က္ခေမဟူသည်ကား၊ တွံ- သင်သည်၊ က္ခေမ- ဤနန်းတော်၌သာလျှင်၊ ဟောဟိ- ဖြစ်ပါလော၊ တတောတိ- တတောဟူသည်ကား၊ တဿ- ထိုဘီလူး၏၊ သန္တိကာ- အထံမှ၊ ဇီဝန္တဿ- အသက်ရှင်လျက်၊ မောက္ခော နာမ- လွတ်သောသူမည်သည်၊ နတ္ထိ- မရှိ (တတော- ထို့ကြောင့်၊) ဥဘောတိ- ဥဘောဟူသည်ကား၊ ဧဝံ သန္တေ- ဤသို့ဖြစ် သည်ရှိသော်၊ ဥဘောပိ- အကျွန်ုပ်တို့နှစ်ယောက်လုံးသည်လည်း၊ န ဘဝိဿာမ- ဘီလူးစာမဖြစ်ကုန်အံ့။

တံ- သားတော်တင်လျှောက်သော ထိုစကားကို၊ သုတွာ- ကြား၍၊ ရာဇာ- ခမည်းတော် ဇယဒိသမင်းကြီးသည်၊ (ဂမနေ- သွားခြင်း၌၊ အပရာဓံ- အပြစ်ကို၊ ကုမာရဿ- သားတော်အား၊ သလ္လပန္တော- ပြောလိုသည်ရှိသော်၊) "အဒ္ဓါ ဟိ တာတ (ပ) ဘိဒါ ရုက္ခမူလေ"တိ- "အဒ္ဓါဟိ တာတ (ပ) ဘိဒါ ရုက္ခမူလေ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၇၆။ တာတ- ချစ်သား၊ ဧဝဧသော- ဤသို့ အဘကိုယ်စားသွား၍ ဘီလူးအစားခံခြင်းသည်၊ အဒ္ဓါ ဟိ- စင်စစ်လျှင်၊ [သတာန်(သန္တာနံ)]- ပညာရှိသူတော်ကောင်းတို့၏၊ ဓမ္မော- သဘောတည်း၊ အပိစ- ထိုသို့ ဖြစ်ငြားသော်လည်း၊ ယဒါ- အကြင်အခါ၌၊ တံ- သင်ချစ်သားကို၊ ကမ္မာသ-

ပါဒေါ- ကွဲသောခြေရှိသော ပေါရိသာဒသည်၊ ရုက္ခသူလေ- ထက်စွာသော တစို့၌၊ ဘိဒါ- ထိုး၍၊ ပစိတွာ- ကင်၍၊ ပသယှ- နှိပ်စက်ညှဉ်းဆဲ၍၊ ခါဒေ- စားရာ၏၊ တဒါ- ထိုသို့စားသောအခါ၌၊ မေ- ငါ၏၊ မရဏာစ- သေသည် ထက်လည်း၊ တဝ- သင်ချစ်သား၏၊ မရဏံ- သေခြင်းသည်၊ ဒုက္ခတရံ- အလွန်ဆင်းရဲစွာသည်၊ အဿ- ဖြစ်ရာ၏။

တဿ- ထိုဂါထာ၏၊ အတ္ထော- အနက်ကား၊ တာတ- ချစ်သား၊ အဒ္ဓါ ဧကံသေန- စင်စစ်အားဖြင့်၊ ဧသ- ဤသည်ကား၊ **သတာနံ** ပဏ္ဍိတာနံ- ပညာရှိ သူတော်ကောင်းတို့၏၊ **ဓမ္မော** သဘာဝေါ- ပင်ကိုသဘောတည်း၊ တွံ- သင်သည်၊ ယုတ္တံ- သင့်သည်ကို၊ ဝဒသိ- ဆိုဘိ၏၊ အပိ စ- သို့သော်လည်း၊ ခေါ ပန- စင်စစ်၊ ဧတံ- ထိုသင်ချစ်သား၏သေခြင်းသည်၊ မယှံ- ငါ၏၊ မရဏတောပိ- သေခြင်း ထက်လည်း၊ ဒုက္ခတရံ- ပို၍ဆင်းရဲသည်၊ အဿ- ဖြစ်ရာ၏၊ ယဒါ- အကြင်အခါ၌၊ တံ- သင်ချစ်သားကို၊ သော ကမ္မာသပါဒေါ- ထိုပြောက်ကျားသော ခြေရှိသော ပေါရိသာဒသည်၊ **ဘိဒါ ရုက္ခသူလေ**တိ- ဘိဒါရုက္ခသူလေဟူသည်ကား၊ တိခိဏရုက္ခ- သူလေ- ထက်သောသစ်သားတံကျင်၌၊ ဘိတွာ- ထိုးစိုက်၍၊ ပစိတွာ- ကျက်စေ၍၊ ပသယှ- အနိုင်အထက်ပြု၍၊ ဗလက္ကာရေန- အင်အားသုံး၍၊ ခါဒေယျ- ခဲစားရာ၏၊ ဣတိ- ဤကား၊ (အတ္ထော- အနက်တည်း။)

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ကုမာရော- သားတော် အလီနသတ္တု မင်းသားသည်၊ (ပုန- တစ်ဖန်၊ အတ္တနော- မိမိ၏၊ ဂစ္ဆန္တံ- သွားလိုသောအကြောင်းကို၊ ရညော- ခမည်းတော်မင်းကြီးအား၊ ပဋိကထေန္တော- လျှောက်တင်ပြန်လိုသည်ရှိသော်၊) "ပါဏေန တေ ပါဏမဟံ (ပ) ဇီဝိတဿ ဝဏ္ဏေမိ"တိ- "ပါဏေန တေ ပါဏမဟံ (ပ) ဇီဝိတဿ ဝဏ္ဏေမိ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၇၇။ မဟာရာဇ- မြတ်သောမင်းကြီး၊ အဟံ- အကျွန်ုပ်သည်၊ ပါဏေန- အကျွန်ုပ်အသက်ဖြင့်၊ တေ- သင်ခမည်းတော်မင်းကြီး၏၊ ပါဏံ- အသက်ကို၊ နိမိဿံ- ဖလှယ်ပါအံ့၊ တွံ- ခမည်းတော်မင်းကြီး သည်၊ ပေါရိသာဒဿ- ပေါရိသာဒ၏၊ [ဉတ္တေ(ဉပန္တေ)]- အထံသို့၊ မာအဂါ- သွားတော်မမူပါလင့်၊ ဧတံပါဏံ- ထိုအကျွန်ုပ်အသက်ကို၊ တေ- သင်ခမည်းတော်မင်းကြီး၏၊ ပါဏေန- အသက်ဖြင့်၊ နိမိဿံ- ဖလှည်အံ့၊ တသ္မာ- ထိုကြောင့်၊ တဝ-

သင်ခမည်းတော်မင်းမြတ်၏၊ ဇီဝိတဿ- အသက်ရှင်ခြင်း၏၊ အတ္ထာယ- အကျိုးငှာ၊ မမ- အကျွန်ုပ်၏၊ မတံ- သေခြင်းကို၊ ဝဏ္ဏေမိ- အလိုရှိပါ၏။

တတ္ထ- ထိုပါဏေနစသော ဂါထာ၌၊ **နိမိဿန္တိ**- နိမိဿံဟူသည်ကား၊ အဟံ- ငါသည်၊ ဣဓေဝ- ဤတောအရပ်၌ပင်၊ တဝ- သင်မင်းကြီး၏၊ ပါဏေန- အသက်ဖြင့်၊ မမ- ငါ၏၊ ပါဏံ- အသက်ကို၊ ပရိဝတ္တေဿံ- ဖလှယ်အံ့၊ တသ္မာတိ- တသ္မာဟူသည်ကား၊ ယသ္မာ- အကြင့်ကြောင့်၊ ဧတံ ပါဏံ- ထိုငါ၏အသက် ကို၊ တဝ- သင်မင်းကြီး၏၊ ပါဏေန- အသက်ဖြင့်၊ အဟံ- ငါသည်၊ နိမိဿံ- ဖလှယ်အံ့၊ တသ္မာ- ထို့ကြောင့်၊ တဝ- သင်ဖခင်၏၊ ဇီဝိတဿ- အသက်၏၊ အတ္ထာယ- အကျိုးငှာ၊ မမ- ငါ၏၊ မရဏံ- သေခြင်းကို၊ ဝဏ္ဏေမိ- ချီးမွမ်း၏၊ မရဏမေဝ- သေခြင်းကိုသာလျှင်၊ ဝရေမိ- တောင့်တ၏၊ ဣစ္ဆာမိ- အလိုရှိ၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- သားတော်လျှောက်တင်သော ထိုစကားကို၊ သုတွာ- ကြား၍၊ ရာဇာ- ခမည်းတော် ဇယဒိသမင်းကြီးသည်၊ ပုတ္တဿ- သားတော်၏၊ ဗလံ- အစွမ်းကို၊ ဇာနန္တော- သိတော်မူသည်ဖြစ်၍၊ "တာတ- ချစ်သား၊ သာဓု- ကောင်းပြီ၊ (တွံ- သင်ချစ်သားသည်၊) ဂစ္ဆာဟိ- သွားလေလော၊" ဣတိ- ဤသို့၊ သမ္ပဋိစ္ဆိ- ဝန်ခံပြီ၊ သော- ထိုသားတော် အလီနသတ္တုမင်းသားသည်၊ မာတာပိတရော- မယ်တော်ခမည်းတော်တို့ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ နဂရမှာ- မြို့မှ၊ နိက္ခမိ- ထွက်ပြီ၊ တမတ္ထံ (တံ+အတ္ထံ)- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်၊ "တတော ဟဝေ (ပ) ပိတုစ ပါဒေ"တိ- "တတော ဟဝေ (ပ) ပိတုစ ပါဒေ"ဟူသော၊ ဥပဍ္ဎဂါထံ- ထက်ဝက်သော ဂါထာကို၊ အာဟ- ဟောတော်မူပြီ။

၇၈။ ဘိက္ခဝေ- ရဟန်းတို့၊ တတောတဒါကာလေ- ထိုအခါ၌၊ ဟဝေ- စင်စစ်သဖြင့်၊ ဓိတိမာ- ပညာရှိသော၊ ရာဇပုတ္တော- အလီနသတ္တုမင်းသားသည်၊ မာတုစ- မယ်တော်၏လည်းကောင်း၊ ပိတုစ- ခမည်းတော်မင်းကြီး၏လည်းကောင်း၊ ပါဒေ- ခြေတော်တို့ကို၊ ဝန္ဒိတွာ- ရှိခိုးပြီး၍၊ နိက္ခန္တော- မြို့မှထွက်လေ၏၊ ဘိက္ခဝေ- ရဟန်းတို့၊ အဿ- ထိုအလီနသတ္တုမင်းသား၏၊ မာတာ- မယ်တော်မိဘုရားကြီးသည်၊ [ဒုခီနိ(ဒုက္ခီနိ)]- စိတ်ပင်ပန်းခြင်း ဆင်းရဲသည် နှိပ်စက်အပ်သည်ဖြစ်၍၊ ပထဗျာ- မြေ၌၊ [နိပတာ(နိပတိတာ)]- လဲကျ၏၊ အဿ- ထို အလီနသတ္တုမင်းသား၏၊ ပိတု-

ခမည်းတော်ဇယဒိသမင်းကြီးသည်လည်း၊ ဘုဇာနိ- လက်နှစ်ဘက် တို့ကို၊ ပဂ္ဂယှ- မြှောက်၍၊ ကန္ဒတိ- ငိုကြွေး၏။

တတ္ထ- ထိုတတောဟာဝေစသော ဂါထာ၌၊ ပါဒေတိ- ပါဒေဟူသည်ကား၊ ပါဒေ- ခြေတို့ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ နိက္ခန္တော- ထွက်ခဲ့ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

အထ- ထိုသို့ အလီနသတ္တုမင်းသား မြို့မှထွက်သောအခါ၌၊ အဿ- ထိုမင်းသား၏၊ မာတာပိတရောပိ- မယ်တော်မိဖုရား, ခမည်းတော်မင်းကြီးတို့သည်လည်းကောင်း၊ ဘဂိနီပိ- နှမတော်သည်လည်းကောင်း၊ ဘရိယာပိ- မယားသည်လည်းကောင်း၊ အမစ္စပရိဇနေဟိ- မှူးမတ်အခြံအရံအပေါင်းတို့နှင့်၊ သဒ္ဓိံယေဝ- အတူတကွသာလျှင်၊ နိက္ခမိံသု- ထွက်ကြကုန်ပြီ၊ သော- ထိုမင်းသားသည်၊ နဂရာ- မြို့မှ၊ နိက္ခမိတွာ- ထွက်၍၊ ပိတရံ- ခမည်းတော်ကို၊ မဂ္ဂံ- လမ်းခရီးကို၊ ပုစ္ဆိတွာ- မေးပြီး၍၊ သုဋ္ဌု- ကောင်းစွာ၊ ဝဝတ္ထပေတွာ- ပိုင်းခြားသတ်မှတ်စေ၍၊ မာတာပိတရော- မယ်တော် ခမည်းတော်တို့ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ သေသာနံ- (မယ်တော် ခမည်းတော်တို့မှ) ကြွင်းကုန်သော၊ (ပရိသာနံ- ပရိသတ်တို့အား၊) ဩဝါဒံ- အဆုံးအမကို၊ ဒတွာ- ပေးပြီး၍၊ အစ္ဆမ္ဘိတော- မကြောက်မရွံ့သော၊ ကေသရသီဟော- ဝိယ- ကေသရရာဇာခြင်္သေ့မင်းကဲ့သို့၊ မဂ္ဂံ- ခရီးကို၊ အာရုယှ- သက်၍၊ ယက္ခာ- ဝါသံ- ဘီလူး၏ နေရာသို့၊ ပါယာသိ- ရောက်လေပြီ၊ ဂစ္ဆန္တံ- သွားလေသော၊ တံ- ထိုသားတော်ကို၊ ဒိသွာ- မြင်၍၊ မာတာ- မယ်တော်မိဖုရားကြီးသည်၊ သကဘာဝေ- န- မိမိကိုယ်အဖြစ်ဖြင့်၊ သဏ္ဌာတုံ- ကောင်းစွာတည်ခြင်းငှာ၊ အသက္ကောန္တီ- မတတ်နိုင်သည်ဖြစ်၍၊ ပထဝိယံ- မြေ၌၊ ပတိ- လဲကျ၏၊ ပိတာ- ခမည်းတော်မင်း ကြီးသည်၊ ဗာဟာ- လက်မောင်းနှစ်ဖက်တို့ကို၊ ပဂ္ဂယှ- မြှောက်ချီ၍၊ မဟန္တေန- ကြီးစွာသော၊ သဒ္ဒေန- အသံဖြင့်၊ ကန္ဒိ- ငိုကြွေးပြီ၊ တမ္ပိ အတ္ထံ- ထိုအကြောင်း ကိုလည်း၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- မြတ်စွာဘုရားသည်၊ "သုခိနိ'ဿမာတာ (ပ) ဘုဇာနိ ကန္ဒတီ"တိ- သုခိနိ'ဿမာတာ (ပ) ဘုဇာနိ ကန္ဒတိ ဟူသော၊ (ဥပၯဂါထံ- ထက်ဝက်သောဂါထာကို) အာဟ- ဟောတော်မူပြီ။)

ဥပၯဂါထံ- ထက်ဝက်သော ဂါထာကို၊ ဝတွာ- ဟောတော်မူပြီး၍၊ တဿ- ထိုအလီနသတ္တုမင်းသား၏၊ ပိတရာ- ခမည်းတော် ဇယဒိသမင်းကြီးသည်၊ ပယုတ္တံ-

အားထုတ်အပ်သော၊ အာသီသဝါဒံ္စ- တောင့်တခြင်းနှင့် ယှဉ်သော စကားကိုလည်း ကောင်း၊ အဘိဝါဒနဝါဒဥ္စ- အရိုအသေပြုခြင်းနှင့် ယှဉ်သော စကားကိုလည်းကောင်း၊ မာတရာစ- မယ်တော်မိဖုရားကြီးသည်လည်းကောင်း၊ ဘဂိနီဘရိယာဟိစ- နှမတော်, မင်းသား၏ မယားတို့သည်လည်းကောင်း၊ ကတံ- ပြုအပ်သော၊ သစ္စကိရိ-ယံ- သစ္စာပြုခြင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ (သတ္ထာ- ဘုရားရှင်သည်၊) "တံ ဂစ္ဆန္တံ တာဝ ပိတာ (ပ) သောတ္ထိ ပစ္စေဟိ သာမိ"တိ- "တံ ဂစ္ဆန္တံ တာဝ ပိတာ (ပ) သောတ္ထိ ပစ္စေဟိ သာမိဟူ"ကုန်သော၊ အပရာပိ- အခြားလည်းဖြစ် ကုန်သော၊ စတဿောဂါထာ- လေးဂါထာတို့ကို၊ အာဟ- ဟောတော်မူပြီ။

၇၉။ ဘိက္ခဝေ- ရဟန်းတို့၊ တာဝ- ရှေးဦးစွာ၊ ပိတာ- ခမည်းတော် ဇယဒိသ မင်းကြီးသည်၊ သော- ထိုငါသားတော်သည်၊ ပရမ္မုခေါ- တစ်ပါးသို့ မျက်နှာမူ လျက်၊ ဂစ္ဆတိ- သွား၏၊ ဂစ္ဆန္တံ- သွားလေသော၊ တံ- ထိုသားတော်ကို၊ ဝိဒိတွာ- သိ၍၊ [ပဥ္စလီကော(အဉ္ဇလီ)]- လက်အုပ်ချီလျက်၊ ဒေဝတာ- သောမနတ် စသော နတ်တို့ကို၊ ဝန္ဒတိ- ရှိခိုး၏၊ သောမော- သောမအမည်ရှိသော၊ ရာဇာစ- နတ်မင်းသည်လည်းကောင်း၊ ဝရုဏော- ဝရုဏအမည်ရှိသော၊ ရာဇာစ- နတ်မင်းသည်လည်းကောင်း၊ ပဇာပတိ- ပဇာပတ်အမည်ရှိသော၊ ရာဇာစ- နတ်မင်းသည်လည်းကောင်း၊ စန္ဒိမာစ- လနတ်သားသည်လည်း ကောင်း၊ သူရိယောစ- နေနတ်သားသည်လည်းကောင်း၊ သန္တိ- ရှိကုန်၏၊ ဧတေ- ထိုနတ်တို့ကို၊ အဟံ- ငါသည်၊ ဝန္ဒာမိ- ရှိခိုး၏၊ တာတ- ချစ်သား၊ ဧတေဟိ- ထိုနတ်တို့သည်၊ ဂုတ္တော- စောင့်ရှောက်အပ်သည်ဖြစ်၍၊ အနုညာတော- ပေါရိသာဒသည် အနူးအညွတ် ခွင့်လွှတ်အပ်သည်ဖြစ်၍၊ တွံ- သင်ချစ်သားသည်၊ သောတ္ထိ- ချမ်းသာစွာ၊ ပေါရိသာဒကမှာ- ပေါရိသာဒအထံမှ၊ [ပစ္စေဟိ(မုစ္စေဟိ)]- လွတ်စေသတည်း၊

၈၀။ ဒဏ္ဍကိရညော- ဒဏ္ဍကီမင်း၏၊ ဝိဇိတေ- နိုင်ငံ၌၊ ကုမ္ဘဝတီနဂရံ- ကုမ္ဘဝတီပြည်သို့ ဂတဿ- သွားသော၊ ရာမဿ- အမိအဘကို လုပ်ကျွေးသော ရာမမင်း၏၊ မာတာ- အမိသည်၊ သုဂုတ္တာ- ကောင်းစွာ စောင့်ရှောက်အပ်သည် ဖြစ်၍၊ ယံ- အကြင်သို့သဘောရှိသော၊ သောတ္ထာ-နံ- ချမ်းသာသည်၏ အဖြစ်ကို၊ အကာသိ- ပြုဖူးလေပြီ၊ ပုတ္တ- ချစ်သား၊ တေ- သင်ချစ်သားအား၊ တံ- ထိုသို့သဘောရှိသော၊ သောတ္ထာနံ- ချမ်းသာသည်၏အဖြစ်ကို၊ အဟံ- ငါသည်၊ ကရောမိ- ပြု၏၊ ဧတေန-သစ္စေန- ထိုမှန်သော စကားကြောင့်၊

ဒေဝါ- နတ်တို့သည်၊ သရန္တု- အောက်မေ့စေကုန်သတည်း၊ အနုညာတော- ပေါရိသာဒသည် အနုးအညွတ် ခွင့်လွှတ်အပ်သည်ဖြစ်၍၊ သောတ္ထိ- ချမ်းသာစွာ၊ တွံ- သင်ချစ်သားသည်၊ [ပစ္စေဟိ(မုစ္စေဟိ)]- လွတ်စေသတည်း။

၈၁။ ဇာတု- စင်စစ်သဖြင့်၊ အလီနာသတ္တေ- ငါမောင်တော် အလီနသတ္တု မင်းသား၌၊ အဟံ- ငါသည်၊ အာဝိဝါ- မျက်မှောက်၌လည်းကောင်း၊ ရဟောဝါပိ- မျက်ကွယ်၌လည်းကောင်း၊ မနောပဒေါသံပိ- စိတ်ဖြင့် ပြစ်မှားခြင်းကိုလည်း၊ နသရေ- မအောက်မေ့၊ [ဘာတိက(ဘာတု)]- မောင်ကြီး နန်းလျာဥပရာ၊ ဧတေနသစ္စေန- ဤသစ္စာကြောင့်၊ ဒေဝါ- နတ်တို့သည်၊ သရန္တု- အောက်မေ့စေကုန်သတည်း၊ အနုညာတော- ပေါရိသာဒသည် အနုးအညွတ် ခွင့်ပြုအပ်သည်ဖြစ်၍၊ သောတ္ထိ- ချမ်းသာစွာ၊ တွံ- သင် မောင်ကြီးနန်းလျာဥပရာသည်၊ [ပစ္စေဟိ(မုစ္စေဟိ)]- လွတ်ပါစေသတည်း။

၈၂။ သာမိ- ချစ်လင်နန်းလျာဥပရာ၊ ယသ္မာစ- အကြင့်ကြောင့်လည်း၊ မေ- ငါ၏၊ တွံ- သင်ချစ်လင်သည်၊ အနမိမာနောပိ- ကျွန်ုပ်ကို တို့လွှတ်၍ သူတစ်ပါးကို စိတ်နှလုံးဖြင့်လည်း မတောင့်တစဘူး၊ ယသ္မာစ- အကြင့် ကြောင့်လည်း၊ မေ- ငါအား၊ မနသာပိ- စိတ်နှစ်လုံးဖြင့်လည်း၊ အပ္ပိယော- မုန်းခြင်းသည်၊ နစအသိ- မဖြစ်ဘူးသည်သာတည်း၊ တသ္မာ- ထိုကြောင့်၊ ဧတေသစ္စေန- ဤသစ္စာကြောင့်၊ ဒေဝါ- နတ်တို့သည်၊ သရန္တု- အောက်မေ့စေ ကုန်တည်း၊ သာမိ- ချစ်လင်နန်းလျာဥပရာ၊ အနုညာတော- ပေါရိသာဒသည် အနူးအညွတ်ခွင့်ပြုအပ်သည်ဖြစ်၍၊ သောတ္ထိ- ချမ်းသာစွာ၊ တွံ- သင်လင်နန်းလျာ ဥပရာသည်၊ [ပစ္စေဟိ(မုစ္စေဟိ)]- လွတ်ပါစေသတည်း။

တတ္ထ- ထိုတံဂစ္ဆန္တံစသော ဂါထာတို့၌၊ **ပရမ္မုခေါ**တိ- ပရမ္မုခေါဟူသည်ကား၊ မေ- ငါ၏၊ အယံ ပုတ္တော- ဤသားသည်၊ ပရမ္မုခေါ- မျက်ကွယ်ပြုလျက်၊ မာတာပိတရော- မိဘတို့ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ ဂစ္ဆတိ- သွား၏၊ ဣတိ- ဤသို့၊ ဧတံ ပရမ္မုခံ- ထိုမျက်ကွယ်ပြုလျက်၊ ဂစ္ဆန္တံ- သွားသောသားကို၊ ဒိသွာ- ကြည့်၍၊ ဝိဒိတွာ- သိ၍၊ **ပဉ္စလီကော**တိ- ပဉ္စလီကောဟူသည်ကား၊ တသ္မိံ ကာလေ- ထိုအချိန်၌၊ သိရသိ- ဦးခေါင်း၌၊ အဉ္စလိံ- လက်အုပ်ကို၊ ဌပေတွာ- ထား၍၊ ဝန္ဒတိ- ရှိခိုး၏၊ ဒေဝတာ- နတ်တို့ကို၊ နမဿတိ- ရှိခိုး၏၊ ပုရိသာဒကမှာတိ- ပုရိသာဒကမှာဟူသည်ကား၊ ပုရိသာဒဿ- ပေါရိသာဒ၏၊ သန္တိကာ- အထံမှ၊ တေန- ထိုပေါရိသာဒသည်၊

အနုညာတော- ခွင့်လွှတ်အပ်သည်ဖြစ်၍၊ သောတ္ထိနာ- ချမ်းသာစွာ၊ ပစ္စေဟိ- ပြန်လာပါလော့။

**ရာမဿကာသီ**တိ- ရာမဿကာသိဟူသည်ကား၊ ရာမဿ- ရာမမင်း၏၊ (သောတ္ထာနံ- ချမ်းသာသည်၏အဖြစ်ကို) အကာသိ- ပြုခဲ့ဘူးပြီ ကိရ- ကြားဖူးသည်ကား၊ ဧကော- တစ်ယောက်သော၊ ဗာရာဏသိဝါသီ- ဗာရာဏသိမြို့၌နေသော၊ မာတုပေါသကော- အမိကိုမွေးမြူသော၊ ရာမော နာမ- ရာမအမည်ရှိသော မင်းသည်၊ မာတာပိတရော- အမိအဘတို့ကို၊ ပဋိဇဂ္ဂန္တော- ကျွေးမွေးပြုစုလိုသည်ဖြစ်၍၊ ဝေါဟာရတ္ထာယ- အရောင်းအဝယ်အလို့ငှာ၊ ဂတော- သွားသည်ရှိသော်၊ ဒက္ခကိရညော- ဒက္ခကီမင်း၏၊ ဝိဇိတေ- နိုင်ငံ၌၊ ကုမ္ဘဝတီနဂရံ- ကုမ္ဘဝတီမြို့သို့၊ ဂန္တွာ- သွား၍၊ နဝဝိဓေန- ကိုးပါးအပြားရှိသော၊ ဝဿေန- မိုးသည်၊ သကလရဋ္ဌေ- အလုံးစုံသောတိုင်းနိုင်ငံကို၊ ဝိနာသိယမာနေ- ပျက်စီးစေအပ်သည်ရှိသော်၊ မာတာပိတူနံ- အမိအဘတို့၏၊ ဂုဏံ- ဂုဏ်ကျေးဇူးကို၊ သရိ- အောက်မေ့မိ၏၊ အထ- ထိုအခါ၌၊ နံ- ထိုရာမမင်းကို၊ မာတုပဋ္ဌာနကမ္မဿ- အမိကို လုပ်ကျွေးသော ကံ၏၊ ဖလေန- အကျိုးကြောင့်၊ ဒေဝတာ- နတ်တို့သည်၊ သောတ္ထိနာ- ချမ်းသာစွာ၊ အာနယိတွာ- ဆောင်ယူ၍၊ မာတုအမိကို၊ အဒံသု- ပေးခဲ့ဘူးကြပြီ၊ တံ ကာရဏံ- ထိုအကြောင်းအရာကို၊ သုတဝသေန- အကြား၏အစွမ်းဖြင့်၊ အာဟရိတွာ- ဆောင်၍၊ ဧဝံ- ဤသို့၊ အာဟ- ဆိုခဲ့ပြီ၊ **သောတ္ထာနန္တိ**- သောတ္ထာနံဟူသည်ကား၊ သောတ္ထိဘာဝံ- ချမ်းသာသည်၏အဖြစ်ကို၊ ပန- ဆက်၍ဆိုဦးအံ့၊ တံ- ထိုချမ်းသာသည်၏အဖြစ်ကို၊ ဒေဝတာ- နတ်တို့သည်၊ ကိဥ္စာပိ ကရိံသု- အကယ်၍ကား ပြုခဲ့ကုန်အံ့၊ မာတုပဋ္ဌာနံ- အမိကို လုပ်ကျွေးခြင်းကို၊ နိဿာယ- မှီ၍၊ နိပ္ဖတ္တတ္တာ ပန- ဖြစ်သည်၏အဖြစ်ကြောင့်ကား၊ မာတာ- အမိသည်၊ အကာသိ- ပြုခဲ့ပြီ၊ ဣတိ- ဤသို့၊ ဝုတ္တံ- ဆိုအပ်ပြီ၊ တံ တေ အဟန္တိ- တံတေအဟံ ဟူသည်ကား၊ အဟမ္ပိ- ငါသည်လည်း၊ တေ- သင်ချစ်သား၏၊ တမေဝ သောတ္ထာနံ- ထိုချမ်းသာသည်၏ အဖြစ်ကိုသာလျှင်၊ ကရောမိ- ပြု၏၊ မံ- ငါ့ကို၊ နိဿာယ- မှီ၍၊ တထေဝ- ထိုရာမမင်းအတူ၊ တဝ- သင်ချစ်သား၏၊ သောတ္ထိဘာဝေါ- ချမ်းသာသည်၏ အဖြစ်သည်၊ ဟောတု- ဖြစ်စေသတည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ အထ ဝါ- တနည်းကား၊ ကရောမီတိ- ကရောမိဟူသည်ကား၊ ဣစ္ဆာမိ- အလိုရှိ၏၊ ဧတေန သစ္စေနာတိ- ဧတေနသစ္စေနာဟူသည်ကား၊ ဒေဝတာဟိ- နတ်တို့သည်၊ တဿ- ထိုရာမမင်း၏၊ သောတ္ထိနာ- ချမ်းသာစွာ၊ အာနီတဘာဝေါ- ဆောင်ယူအပ်

သည်၏အဖြစ်သည်၊ သစေ သစ္စော- အကယ်၍မှန်သည်ဖြစ်အံ့၊ ဧတေန သစ္စေန- ထိုမှန်သော သစ္စာစကားကြောင့်၊ မမ- ငါ၏၊ ပုတ္တံပိ- သားကိုလည်း၊ ဒေဝါ- နတ်တို့သည်၊ သရန္တု- အမှတ်ရကြစေကုန်သတည်း၊ ရာမံ ဝိယ- ရာမမင်းကဲ့သို့၊ တမ္ပိ- ထိုငါ့သား အလီနသတ္တုကိုလည်း၊ အာဟရိတွာ- ဆောင်ယူ၍၊ မမ- ငါ့အား၊ ဒဿန္တု- ပြကုန်လော၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း၊ အနုညာတောတိ- အနုညာတော ဟူသည်ကား၊ ပုတ္တ- ချစ်သား၊ ပေါရိသာဒေန- ပေါရိသာဒသည်၊ ဂစ္ဆ- သွားလော၊ က္ကတိ- ဤသို့၊ အနုညာတော- ခွင့်ပြုအပ်သည်ဖြစ်၍၊ ဒေဝတာနံ- နတ်တို့၏၊ အာနုဘာဝေန- အာနုဘော်ဖြင့်၊ သောတ္ထိ- ချမ်းသာစွာ၊ ပဋိအာဂစ္ဆ- ပြန်လာခဲ့လော၊ က္ကတိ- ဤသို့၊ ဝဒတိ- ဆို၏။

**ဇာတု မလီနသတ္တေ**တိ- ဇာတုမလီနသတ္တေဟူသည်ကား၊ ဇာတု ဧကံသေန- စင်စစ်အားဖြင့်၊ မမ- ငါ၏၊ ဘာတိကေ- အစ်ကိုဖြစ်သော၊ အလီနသတ္တေ- အလီနသတ္တုမင်းသား၌၊ အဟံ- ငါသည်၊ သမ္မုခါ ဝါ- မျက်မှောက်၌လည်းကောင်း၊ ပရမ္မုခါ ဝါ- မျက်ကွယ်၌လည်းကောင်း၊ မနောပဒေါသံ- စိတ်ဖြင့် ပြစ်မှားခြင်းကို၊ န သရာမိ- အမှတ်မရ၊ မယာ- ငါသည်၊ တမှိ- ထိုအလီနသတ္တုမင်းသား၌၊ မနောပဒေါသော- စိတ်ဖြင့် ပြစ်မှားခြင်းကို၊ နကတပုဗ္ဗော- မပြုခဲ့ဘူး၊ က္ကတိ ဧဝံ- ဤသို့၊ အဿ- ထိုအလီနသတ္တုမင်းသား၏၊ ကနိဋ္ဌာ- နှမငယ်သည်၊ သစ္စံ- သစ္စာကို၊ အကာသိ- ပြုခဲ့ပြီ၊ **ယသ္မာ စ မေ အနဓိမနောသိ သာမီ**တိ- ယသ္မာစမေ အနဓိမနောသိ သာမိ ဟူသည်ကား၊ မမ- ငါ၏၊ သာမိ- အရှင်သခင်ဖြစ်သော၊ အလီနသတ္တု- အလီနသတ္တုမင်းသား၊ ယသ္မာ- အကြင့်ကြောင့်၊ တွံ- သင်သည်၊ အနဓိမနော- ငါ့ကိုလွန်၍သူတစ်ပါးကိုစိတ်ဖြင့် မတောင့်တဘူးသည်၊ အသိ- ဖြစ်၏၊ မံ- ငါ့ကို၊ အဘိဘဝိတွာ- လွှမ်းမိုး၍၊ အတိက္ကမိတွာ- ကျော်လွန်၍၊ အညံ- အခြားသော သူကို၊ မနေန- စိတ်ဖြင့်၊ န ပတ္ထေသိ- မတောင့်တဘူး၊ **န စာပိ မေ မနသာ အပ္ပိယောသီ**တိ- န စာပိ မေ မနသာ အပ္ပိယောသိဟူသည်ကား၊ မယှမ္ပိ စ- ငါ့အားလည်း၊ မနသာ- စိတ်ဖြင့်၊ တွံ- သင်သည်၊ အပ္ပိယော- မုန်းသည်၊ န ဟောသိ- မဖြစ်ဘူး၊ မယံ- ငါတို့သည်၊ အညမညံ- အချင်းချင်း၊ ပိယသံဝါသာဝ- ချစ်သဖြင့်တကွ ပေါင်းဖေါ်ကြကုန်သည်သာ၊ (ဟောန္တိ- ဖြစ်ကုန်၏၊) က္ကတိ ဧဝံ- ဤသို့၊ အဿ- ထိုအလီနသတ္တုမင်းသား၏၊ အဂ္ဂမဟေသီ- အဂ္ဂမဟေသီသည်၊ သစ္စံ- သစ္စာကို၊ အကာသိ- ပြုခဲ့ပြီ။

ကုမာရောပိ- သားတော်အလီနသတ္တုမင်းသားသည်လည်း၊ ပိတရာ- ခမည်းတော်မင်းကြီးသည်၊ အက္ခာတနယေန- ကြားအပ်သော နည်းဖြင့်၊ ယက္ခာဝါသမဂ္ဂ- ပေါရိသာဒဘီလူးနေရာခရီးသို့ ပဋိပဇ္ဇိ- သွားပြီ၊ ယက္ခောပိ- ဘီလူးသည်လည်း၊ "ခတ္တိယာ နာမမင်းမည်သည်တို့ကား၊ ဗဟုမာယာ- များသော မာယာရှိကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ ကော- အဘယ်သူသည်၊ ဇာနာတိ- သိနိုင်အံ့နည်း၊ ကိံ- အဘယ်သို့၊ ဘဝိဿတိ- ဖြစ်လတ္တံ့နည်း၊" ဣတိ- ဤသို့၊ (စိန္တေသိ- ကြံပြီ၊ စိန္တေတွာ- ၍၊) ရုက္ခံ- သစ်ပင်သို့၊ အဘိရုဟိတွာ- တက်၍၊ ရညော- မင်း၏၊ အာဂမနံ- လာခြင်းကို၊ ဩလောကေန္တော- မျှော်ကြည့်လျက်၊ နိသီဒိ- ထိုင်နေပြီ၊ သော- ထိုဘီလူးသည်၊ အာဂစ္ဆန္တံ- လာသော၊ ကုမာရံ- မင်းသားကို၊ ဒိသွာ- မြင်၍၊ "ပိတရံ- အဘကို၊ နိဝတ္တေ တွာ- ပြန်စေ၍၊ ပုတ္တော- သားသည်၊ အာဂတော- လာသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ မေ- ငါ့အား၊ ဘယံ- ဘေးသည်၊ နတ္ထိ- မရှိပြီ" ဣတိ- ဤသို့၊ (စိန္တေတွာ- ကြံ၍၊) ရုက္ခာ- သစ်ပင်မှ၊ ဩတရိတွာ- သက်ဆင်း၍၊ တဿ- ထိုမင်းသားအား၊ ပိဋ္ဌိံ- ကျောကို၊ ဒဿေန္တော- ပြလျက်၊ နိသီဒိ- နေလင့်ပြီ၊ သော- ထိုမင်းသားသည်၊ အာဂန္တွာ- လာ၍၊ တဿ- ထိုဘီလူး၏၊ ပုရတော- ရှေ့၌၊ အဋ္ဌာသိ- ရပ်ပြီ၊ အထ- ထိုသို့ရပ်သော အရပ်၌၊ ယက္ခော- ဘီလူးသည်၊ (တံ- ထိုမင်းသားကို၊ ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍၊) "ဗြဟာ ဥဋူ စာရုမုခေါ (ပ) မိတာ ဝဇေယျာ"တိ- "ဗြဟာ ဥဋူ စာရုမုခေါ (ပ) ပိတာ' ဝဇေယျ" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၈၃။ မာဏာဝ- လုလင်၊ တွံ- သင်ကား၊ ဗြဟာ- ကြီးသော ကိုယ်လည်းရှိ၏၊ ဥဋူ- ဖြောင့်မတ်သော ကိုယ်လည်းရှိ၏၊ စာရုမုခေါ- ရွှေအဆင်းနှင့်တူသော မျက်နှာလည်းရှိ၏၊ ကုတော- အဘယ်အရပ်က၊ အာဂတော- လာသည်၊ အသိ- ဖြစ်သနည်း၊ ဝနေ- တောအရပ်၌၊ ဝသန္တံ- နေသော၊ မံ- ငါကို၊ နပဇာနာသိ- သင်မသိလော၊ လုဒ္ဒံ- ကြမ်းကြုတ်စွာသော၊ မံ- ငါကို၊ ပေါရိသာဒကောတိ- လူသားစားဟူ၍၊ ဥ တွာ- သိပြီးလျက်၊ သောတ္ထိံ- ချမ်းသာသည်၏အဖြစ်ကို၊ ဇာနံဇာနန္တော- သိသည်ဖြစ်၍၊ ဣစ္ဆန္တော- ချမ်းသာကို အလိုရှိအပ်သော၊ ကော- အဘယ် သူသည်၊ ဣဓ- ဤငါနေရာ အရပ်သို့၊ အာဝဇေယျ- လာရာအံ့နည်း။

တတ္ထ- ထိုဗြဟာ ဥဋူစသော ဂါထာ၌၊ **ကော သောတ္ထိမာဇာန မိတာဝဇေယျာတိ**- ကောသောတ္ထိမာဇာန မိတာဝဇေယျာဟူသည်ကား၊ ကုမာရ- မင်းသား၊ ကော နာမ-

အဘယ်မည်သော၊ ပုရိသော- ယောကျ်ားသည်၊ အတ္တနော- မိမိ၏၊ သောတ္ထိဘာဝံ- ချမ်းသာသည်၏အဖြစ်ကို၊ ဇာနန္တော- သိလျက်၊ ကုစ္ဆန္တော- အလိုရှိလျက်၊ ကာလ- ဤအရပ်သို့၊ အာဂစ္ဆေယျ- လာရာသနည်း၊ တွံ- သင်သည်၊ အဇာနန္တော- မသိသည် ဖြစ်၍၊ အာဂတော မညေ- လာသည်ထင်၏၊ ဣတိ- ဤကား၊ (အတ္ထော- အနက် တည်း။)

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ကုမာရော- အလီနသတ္တုမင်းသားသည်၊ (အတ္တနော- မိမိ၏၊ အာဂတံကာရဏံ- လာသောအကြောင်းကို၊ သုတွာ- ကြား၍၊ ယက္ခဿ- ဘီလူးအား၊ ခါဒိတုံ- စားခြင်းငှာ၊ ပဋိဇာနန္တော- ခွင့်ပြုလတ်သော်၊) "ဇာနာမိ လုဒ္ဒ, (ပ) ပိတုနော ပမောက္ခာ"တိ- "ဇာနာမိ လုဒ္ဒ, (ပ) ပိတုနော ပမောက္ခာ" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၈၄။ လုဒ္ဒ- သွေးရှင်သောက်ထုတ်လွန်ကြမ်းကြုတ်သည့် တော်အုပ်ပျော်မြူး နောင်ဘီလူး၊ တံ- သင့်ကို၊ ပေါရိသာဒကောတိ- လူသားစားဟူ၍၊ ဇာနာမိ- ငါသိ၏၊ ဝနေ- တော၌၊ ဝသန္တံ- နေသော၊ တံ- သင့်ကို [နဇာနာမိ(နပဇာနာမိ)]- မသိသည်ကား၊ န- မဟုတ်၊ ဇာနာမိဧဝ- သိသည်သာလျှင်တည်း၊ အဟဉ္စ- ငါသည်ကား၊ [ဇယဒ္ဒိသဿ (ဇယဒိသဿ)]- မင်းမြတ်ဇယဒိသ၏၊ ပုတ္တော- ရွှေရင်တော်နှစ် သားတော်စစ်သည်၊ အသ္မိ- ဖြစ်၏၊ အဇ္ဇ- ယခုအခါ၌၊ ပိတုနော- ခမည်းတော်မင်းမြတ်၏၊ ပမောက္ခာ- သင့်လက်မှ လွတ်ခြင်းဟူသော အကြောင်းကြောင့်၊ အာဂတော- လာ၏၊ မံ- ငါကို၊ ခါဒ- သင်စားလော။

တတ္ထ- ထိုဇာနာမိစသော ဂါထာ၌၊ **ပမောက္ခာ**တိ- ပမောက္ခာဟူသည်ကား၊ ပမောက္ခဟေတု- ဖခင်၏အသက်ဘေးမှ လွတ်မြောက်ခြင်းဟူသောအကြောင်း ကြောင့်၊ အဟံ- ငါသည်၊ ပိတု- ဖခင်အား၊ ဇီဝိတံ- အသက်ကို၊ ဒတွာ- ပေး၍၊ ကာလ- ဤအရပ် သို့၊ အာဂတော- လာခဲ့၏၊ တသ္မာ- ထို့ကြောင့်၊ တံ- ထိုဖခင်ကို၊ မုဉ္စ- လွတ်လော၊ မံ- ငါ့ကို၊ ခါဒါဟိ- စားလော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တတော- ထိုနောင်မှ၊ ယက္ခော- ဘီလူးသည်၊ (ကုမာရံ- မင်းသားကို၊ ဝဏ္ဏယန္တော- ချီးမွမ်းလိုလတ်သော်) "ဇာနာမိ ပုတ္တောသိ (ပ) ပိတုနော ပမောက္ခာ" တိ- "ဇာနာမိ ပုတ္တောသိ (ပ) ပိတုနော ပမောက္ခာ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၈၅။ ရာဇပုတ္တ- အရှင်မင်းသား၊ တံ- သင့်ကို၊ ဇာနာမိ- ငါသိ၏၊ တွံ- သင်သည်၊ [ဇယဒ္ဒိသဿ(ဇယဒိသဿ)]- ဇယဒိသမင်း၏၊ [ပုတ္တောတိ] (ပုတ္တော)- သားတော်သည်၊ (အသိ)- ဖြစ်၏၊ ဉဘိန္န- နှစ်ယောက်ကုန်သော၊ ဝေါ- သင်သားအဘတို့၏၊ မုခဝဏ္ဏော- မျက်နှာအဆင်းသဏ္ဌာန်သည်၊ တထာဟိ- တူကြသလျှင်ကတည်း၊ ယောတွံ- အကြင် သင်သည်၊ ပိတုနော- ခမည်းတော်၏၊ ပမောက္ခာ- လွတ်ခြင်းဟူသော ကြောင်းကြောင့်၊ [မတ္တုံ(မတံ)]- သေခြင်းကို၊ ဣစ္ဆေ- အလိုရှိ၏၊ တဝ- အရှင်မင်းသား၏၊ ကတံ- ပြုအပ်သော၊ ဣဒံ- ဤအမှုသည်၊ [သုဒုက္ကရညေဝ(သုဒုက္ကရဉ္စေဝ)]- အလွန်ပြုနိုင်ခဲသည်သာလျှင်တည်း။

တတ္ထ- ထိုဇာနာမိစသော ဂါထာ၌၊ တထာ ဟိ ဝေါတိ- တထာ ဟိ ဝေါဟူသည်ကား၊ ဉဘိန္နမ္ပိ- နှစ်ဦးလည်းဖြစ်ကုန်သော၊ ဝေါ တုမှာကံ- သင်သားအဖတို့၏၊ တာဒိသော- ထိုသို့သဘောရှိသော၊ မုခဝဏ္ဏော- မျက်နှာအဆင်းသည်၊ သဒိသော- ဝ- တူသည်သာလျှင်၊ ဟောတိ- ဖြစ်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ကတံ တဝေဒန္တိ- ကတံ တဝေဒံဟူသည်ကား၊ တဝ- သင်၏၊ ဣဒံ ကမ္မံ- ဤအမှုသည်၊ သုဒုက္ကရံ- ပြုနိုင်ခဲသော အမှုတည်း။

တတော- ထိုနောင်မှ၊ ကုမာရော- အလီနသတ္တုမင်းသားသည်၊ (တံ ဝစနံ- ထိုဘီလူးချီးမွမ်းသော စကားကို၊ ဗျာကရောန္တေန- ဖြေဆိုသဖြင့်၊ ပတိပိတုနော- အဘ ၏ကိုယ်စား၊ အတ္တနော- မိမိ၏၊ အာဂမနေ- လာခြင်း၌၊ ကာရဏံ- အကြောင်းကို၊ ယက္ခဿ- ဘီလူးအား၊ ဘာသန္တော- ပြောကြားလိုလတ်သော်၊) "န ဒုက္ကရံ ကိဉ္စိ (ပ) သဂ္ဂေန စ သမ္ဘယုတ္တော"တိ- "န ဒုက္ကရံ ကိဉ္စိ (ပ) သဂ္ဂေန စ သမ္ဘယုတ္တော"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၈၆။ ပေါရိသာဒ- လူသားစားတတ်သော ပေါရိသာဒ၊ ယော- အကြင် ပုဂ္ဂိုလ်သည်၊ ပိတုနော- အဘ၏၊ [မတ္တုံ(မတ)]ပမောက္ခာ- သေဘေးမှ လွတ်ခြင်းဟူသော အကြောင်းကြောင့်လည်းကောင်း၊ မာတု- အမိ၏၊ ဟေတု- အကြောင်းကြောင့်လည်းကောင်း၊ ပရလောကံ- တမလွန်ဘဝသို့၊ ဂန္တာ- သွားရသည်ရှိသော်၊ သဂ္ဂေန- နတ်ပြည်၌ဖြစ်သော၊ သုခေန- ချမ်းသာနှင့်၊ သမ္ဘယုတ္တော- ယှဉ်သည်၊ ဘဝိတုံ- ဖြစ်ခြင်းငှာ၊ ဣစ္ဆေ- အလိုရှိ၏၊ တဿ- ထိုပုဂ္ဂိုလ်သည်၊ ကိဉ္စိ- တစ်စုံတစ်ခုသော အမှုကို၊ ဒုက္ကရံ- ပြုနိုင်ခဲ၏ဟူ၍၊

နမသေ- မအောက်မေ့၊ မယှံပိ- ငါသည်လည်း၊* ဧတ္ထ- ဤအမိ အဖတို့၏ အကျိုးငှာ အသက်ကိုစွန့်ရာ၌၊ ကိဉ္စိ- တစ်စုံတစ်ခုကို၊ ဒုက္ကရံ- ပြုနိုင်ခဲ၏ဟူ၍၊ နမသေ- မအောက်မေ့။

တတ္ထ- ထိုနဒုက္ကရံစသောဂါထာ၌၊ ကိဉ္စိ မဟေတ္ထ မသေတိ- ကိဉ္စိ မဟေတ္ထ မသေဟူသည်ကား၊ အဟံ- ငါသည်၊ ဧတ္ထ- ဤအဘအတွက်အသက်ကိုစွန့်ရာ၌၊ ကိဉ္စိ- တစ်စုံတစ်ခုကိုမျှ၊ န မညာမိ- မအောက်မေ့၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ ယက္ခ- ဘီလူး၊ ယော ပုဂ္ဂလော- အကြင်ပုဂ္ဂိုလ်သည်၊ ပိတု- ဘခင်၏၊ ပမောက္ခတ္ထာယ ဝါ- အသက်ဘေးမှလွတ်ခြင်းအကျိုးငှာလည်း ကောင်း၊ မာတု- အမိ၏၊ ဟေတု ဝါ- အကြောင်းကြောင့်သော်လည်းကောင်း၊ ပရလောကံ- တမလွန်လောကသို့၊ ဂန္တွာ- သွား၍၊ သုခေန- ချမ်းသာစွာ၊ သဂ္ဂေ- နတ်ပြည်၌၊ နိဗ္ဗတ္တနကသုခေန- ဖြစ်သောချမ်းသာဖြင့်၊ သမ္ဗယုတ္တော- ယှဉ်သည်၊ ဘဝိတုံ- ဖြစ်ခြင်းငှာ၊ မတ္တုံ- သေခြင်းငှာ၊ ဣစ္ဆေ- အလိုရှိ၏၊ မရိတုံ- သေခြင်းငှာ၊ ဣစ္ဆတိ- အလိုရှိ၏၊ တသ္မာ- ထို့ကြောင့်၊ အဟံ- ငါသည်၊ မာတာပိတူနံ- အမိအဘ တို့၏၊ အတ္ထာယ- အကျိုးငှာ၊ ဧတ္ထ ဇီဝိတပရိစ္စာဂေ- ဤအသက်ကိုစွန့်ရာ၌၊ ကိဉ္စိ- တစ်စုံတစ်ခုကိုမျှ၊ ဒုက္ကရံ- ခဲယဉ်း၏ဟူ၍၊ န မညာမိ- မထင်၊ ဣတိ- ဤကား၊ (အတ္ထော- အနက်တည်း။)

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ယက္ခော- ပေါရိသာဒဘီလူးသည်၊ "ကုမာရ- မင်းသား၊ မရဏဿ- သေခြင်းမှ၊ အဘယာနကသတ္တောနာမ- မကြောက်သော သတ္တဝါမည်သည်၊ နတ္ထိ- မရှိ၊ တွံ- သင်မင်းသားသည်၊ ကသ္မာ- အဘယ်ကြောင့်၊ (မရဏမှာ- သေခြင်းမှ၊) န ဘာယသိ- မကြောက်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ၊ သော- ထိုမင်းသားသည်၊ တဿ- ထိုဘီလူးအား၊ (မရဏဿ- သေခြင်းမှ၊ အဘယနကကာရဏံ- မကြောက်သောအကြောင်းကို၊) ကထေန္တော- ပြောကြားလို သောကြောင့်၊ "အဟဉ္စ ခေါ အတ္တနော (ပ) မယှံ တွမဒေသိ မံသ"န္တိ- အဟဉ္စ ခေါ အတ္တနော (ပ) မယှံ တွ မဒေသိ မံသံ- ဟူကုန်သော၊ ဒွေ ဂါထာ- နှစ်ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

---

* ဆဋ္ဌမူ၌ မဟေတ္ထ-ဟုပါဋ္ဌ်ရှိ မ-ဗျည်းကား အာဂုံတည်း၊ အဟံ+ဧတ္ထ-ဟု ပုဒ်ဖြတ်ရမည်၊ ထို့ကြောင့် မယှံပိ-ဟု နိဿယ၌ ပါဋ္ဌ်ရှိခြင်းသည်မကောင်းပေ။

၈၇။ ယက္ခ- ဘီလူး၊ အဟာဠခေါ- ငါသည်ကား၊ အာဝိဝါ- မျက်မှောက်၌လည်းကောင်း၊ ရဟောဝါပိ- မျက်ကွယ်၌လည်းကောင်း၊ အတ္တနော- မိမိ၏၊ ပါပကိရိယံ- ကိုယ်နှုတ်နှလုံးဖြောင့်စွာ မကျင့်ခြင်းကို၊ ဇာတု- စင်စစ်သဖြင့်၊ နသရေ- မအောက်မေ့၊ အဟံ- ငါသည်၊ [သန်္တဓာတီမရဏော (သန်္တဓာတိမရဏော)]- ဉာဏ်ဖြင့်ကောင်းစွာ ပိုင်းခြားအပ်သော ဇာတိမရဏရှိသော သူသည်၊ အသ္မိ- ဖြစ်၏၊ မေ- ငါအား၊ ဣဓ- ဤပစ္စုပ္ပန်လောက၌၊ မရဏာ- သေခြင်းမှ၊ မုတ္တိ- လွတ်ခြင်းသည်၊ နတ္ထိယထာ- မရှိသကဲ့သို့၊ တထာ- ထိုအတူ၊ ပရတ္ထ- တမလွန်လောက၌လည်း၊ မရဏာ- သေခြင်းမှ၊ မုတ္တိနာမ- လွတ်ခြင်းမည်သည်၊ နတ္ထိ- မရှိ။

၈၈။ မဟာနုဘာဝ- ကြီးသောအာနုဘော်ရှိသော၊ ယက္ခ- ဘီလူး၊ အဇ္ဇ- ယခု၊ မံ- ငါ့ကို၊ ခါဒ- စားလော၊ ကိစ္စာနိ- ငါ၏ကိုယ်ဖြင့် ပြုအပ်သော အမှုတို့ကို၊ ဒါနိက္ခဒါနိ- ယခုအခါ၌၊ ကရဿု- သင်ပြုလော၊ တေ- သင်အား၊ ဣမံသရီရံ- ဤငါ၏ကိုယ်ကို၊ နိဿဇ္ဇာ- ငါစွန့်၏၊ ရုက္ခဿ- သစ်ပင်၏၊ အဂ္ဂါဝါ- အဖျားမှ မှုလည်း၊ ပပတာမိ- ငါခုန်ချ၍သေအံ့၊ တွံ- သင်သည်၊ ဆာဒယမာနော- နှစ်သက်သည်ဖြစ်၍၊ မယှံ- ငါ၏၊ မံသံ- အသားကို၊ အဒေသိ- စားရာ၏။

တတ္ထ- ထိုအဟာဠခေါစသော ဂါထာတို့၌၊ **သရေ န ဇာတူ**တိ- သရေ န ဇာတု ဟူသည်ကား၊ ဧကံသေနေဝ- စင်စစ်အားဖြင့်သာလျှင်၊ န သရာမိ- မအောက်မေ့၊ **သန်္တဓာတီမရဏောဟမသ္မီ**တိ- သန်္တဓာတီမရဏောဟမသ္မိဟူသည်ကား၊ အဟံ- ငါသည်၊ ဉာဏေန- ဉာဏ်ဖြင့်၊ သုပရိစ္ဆိန္နဇာတိမရဏော- ကောင်းစွာ ပိုင်းဖြတ်အပ်ပြီးသော မွေးခြင်း သေခြင်းရှိ၏၊ ဇာတသတ္တော- မွေးဖွားသော သတ္တဝါသည်၊ အမရဏဓမ္မော နာမ- မသေသောသဘောရှိသည်မည်သည်၊ နတ္ထိ- မရှိ ဣတိ- ဤသို့၊ ဇာနာမိ- သိ၏၊ ယထေဝ မေ ဣဓာတိ- ယထေဝ မေ ဣဓာဟူသည်ကား၊ ဣဓ- ဤလောက၌၊ မမ- ငါ၏၊ (မရဏာတော- သေခြင်းမှ၊ မုတ္တိနာမ- လွတ်ခြင်း မည်သည်၊) နတ္ထိ ယထေဝ- မရှိသကဲ့သို့၊ တထာ- ထို့အတူ၊ ပရလောကေ- တမလွန်လောက၌၊ (မရဏာတော- သေခြင်းမှ၊ မုတ္တိနာမ- လွတ်ခြင်းမည်သည်၊ နတ္ထိ- မရှိ) ပရလောကေ- တမလွန်လောက၌၊ (မရဏာတော- သေခြင်းမှ၊ မုတ္တိနာမ- လွတ်ခြင်းမည်သည်၊) နတ္ထိယထာ စ- မရှိသကဲ့သို့လည်း၊ တထာ- ထို့အတူ၊ ဣဓာပိ- ဤဘဝ၌လည်း၊ မရဏာတော- သေခြင်းမှ၊ မုတ္တိ နာမ- လွတ်ခြင်းမည်သည်၊ နတ္ထိ- မရှိ ဣတိ- ဤသို့၊

က္ခဒမ္ပိ- ဤသေခြင်းမှ မလွတ်ခြင်းကိုလည်း၊ မမ- ငါ၏၊ ဉာဏေန- ဉာဏ်ဖြင့်၊ သုပရိစ္ဆိန္နံ- ပိုင်းခြားအပ်ပြီ၊ **ကရဿု ကိစ္စာနိ**တိ- ကရဿု ကိစ္စာနိဟူသည်ကား၊ က္ခမိနာ သရီရေန- ဤငါ၏ ခန္ဓာကိုယ်ဖြင့်၊ ကတ္တဗ္ဗကိစ္စာနိ- ပြုဖွယ်ကိစ္စတို့ကို၊ ကရ- ပြုလော့၊ တေ- သင့်အား၊ မယာ- ငါသည်၊ က္ခမံ သရီရံ- ဤခန္ဓာကိုယ်ကို၊ နိဿဋ္ဌံ- စွန့်အပ်ပြီ၊ **ဆာဒယမာနော မယှံ တွမဒေသိ မံသန္တိ**- ဆာဒယမာနော မယှံ တွမဒေသိ မံသံဟူသည်ကား၊ မယိ- ငါသည်၊ ရုက္ခဂ္ဂါ- သစ်ပင်အဖျားမှ၊ ပတိတွာ- ကျ၍၊ မတေ- သေသည်ရှိသော်၊ မမ- ငါ၏၊ သရီရတော- ကိုယ်မှ၊ တွံ- သင်သည်၊ ဆာဒယမာနော- ဆာသည်ဖြစ်၍၊ ရောစယမာနော- နှစ်သက်သည်ဖြစ်၍၊ ယံ ယံ- အကြင် အကြင် အသားကို၊ က္ခစ္ဆသိ- အလိုရှိ၏၊ တံ တံ မံသံ- ထိုထို အသားကို၊ အဒေသိ- စားလော၊ ခါဒေယျာသိ- စားလော၊ က္ခတိ- ဤကား၊ အတ္ထော- အနက်တည်း။

ယက္ခော- ပေါရိသာဒဘီလူးသည်၊ တဿ- ထိုအလီနသတ္တုမင်းသား၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ ဘီတော- အလွန်ကြောက်သည်၊ ဟုတွာ- ဖြစ်၍၊ “(အဟံ- ငါသည်) က္ခမဿ- ဤမင်းသား၏၊ မံသံ- အသားကို၊ ခါဒိတုံ- စားခြင်းငှာ၊ န သက္ကာ- မတတ်ကောင်း၊ ဥပါယေန- တစ်စုံတစ်ခုသော ဥပါယ်တမျဉ် ဖြင့်၊ နံ- ထိုမင်းသားကို၊ ပလာပေဿာမိ- ပြေးစေအံ့၊” က္ခတိ- ဤသို့ စိန္တေတွာ- ကြံ၍၊ (ပလာပေန္တော- ပြေးစေလိုလတ်သော်၊) “က္ခဒဥ္စ တေ ရုစ္စတိ (ပ) ဇလေဟိ အဂ္ဂိ”န္တိ- က္ခဒဥ္စ တေ ရုစ္စတိ (ပ) ဇလေဟိ အဂ္ဂိ- ဟူသော၊ က္ခမံ ဂါထံ- ဤဂါထာကို၊ အာဟ- ဆိုပြီ။

၈၉။ ရာဇပုတ္တ- မင်းသား၊ တေ- သင်၏၊ က္ခဒဥ္စ- ဤစကားသည်လျှင်၊ ရုစ္စတိ- သင့်လျော်ပေ၏၊ ပိတုနော- အဘ၏၊ ပမောက္ခာ- သေဘေးမှ လွတ်ခြင်းဟူသော အကြောင်းကြောင့်၊ ပါဏံ- မိမိအသက်ကို၊ စဇေသိ- သင်စွန့်၏၊ တသ္မာ- ထိုကြောင့်လျှင်၊ သောတွံ- ထိုသင်သည်၊ တရမာန- ရှုပေါ်- လျင်မြန်စွာ၊ ကဋ္ဌာနိ- ထင်းတို့ကို၊ [သမ္မာဥ္စ(သမ္မာဥ္စိ)]- ချိုးလော၊ အဂ္ဂိ- မီးကို၊ [ဇလေဟိ(ဇာလေဟိ)]- ညှိလော။

တတ္ထ- ထိုက္ခဒဥ္စသော ဂါထာ၌၊ ဇလေဟီတိ- ဇလေဟိဟူသည်ကား၊ အရည်- တောသို့- ပဝိသိတွာ- ဝင်၍၊ သာရဒါရူနိ- အနှစ်ရှိသော ထင်းတို့ကို၊ အာဟရိတွာ- ဆောင်၍၊ အဂ္ဂိ- မီးကို၊ ဇာလေတွာ- တောက်စေ၍၊ နိဒ္ဓူမေ- အခိုးမရှိသော၊ အင်္ဂါရေ- မီးကျီးတို့ကို၊ ကရ- ပြုလော့၊ တတ္ထ- ထိုမီးကျီးထဲ၌၊ တေ- သင်၏၊ မံသံ- အသားကို၊ ပစိတွာ- ကျက်စေ၍၊ ခါဒိဿာမိ- စားအံ့၊ က္ခတိ- ဤအနက်ကို၊ ဒီပေတိ- ပြ၏။

သော- ထိုအလီနသတ္တုမင်းသားသည်၊ တထာ- ထိုဘီလူးဆိုတိုင်း၊ ကတွာ- ပြု၍၊ တဿ- ထိုဘီလူး၏၊ သန္တိကံ- အထံသို့၊ အဂမာသိ- သွားပြီ၊ တံ ကာရဏံ- ထိုအကြောင်းကို၊ ပကာသန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်၊ "တတော ဟဝေ (ပ) မဟာ'ယ မဂ္ဂိ"တိ- "တတော ဟဝေ (ပ) မဟာ'ယ မဂ္ဂိဟူသော၊ ဣတရံ- တစ်ပါးသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဟောတော်မူပြီ။

၉၀။ ဘိက္ခဝေ- ရဟန်းတို့၊ တတော- ထိုနောင်မှ၊ ဟဝေ- စင်စစ်သဖြင့်၊ ဓိတိမာ- ပညာရှိသော၊ ရာဇပုတ္တော- မင်းသားသည်၊ ဒါရုံ- ထင်းကို၊ သမာဟရိတွာ- ဆောင်ယူ၍၊ မဟန္တံ- ကြီးစွာသော၊ အဂ္ဂိံ- မီးကို၊ [သန္ဒိပယိတွာ(သဒီပယိတွာ)]- ပြင်းစွာ ပွားစေပြီး၍၊ မဟာယက္ခ- ဘီလူးကြီး၊ ဒါနိက္ခဒါနိ- ယခုအခါ၌၊ အဂ္ဂိံ- မီးကို၊ အဒီပိတော- ညှိအပ်ပြီ၊ ဣတိ- ဤသို့၊ ပဋိဝေဒယိတ္ထ- ကြားလေ၏။

ယက္ခော- ပေါရိသာဒဘီလူးသည်၊ အဂ္ဂိံ- မီးကို၊ ကတွာ- ညှိပြီး၍၊ အာဂတံ- လာသော၊ ကုမာရံ- မင်းသားကို၊ ဩလောကေတွာ- ကြည့်၍၊ "အယံ- ဤမင်းသား သည်၊ ပုရိသသီဟော- ကေသရရာဇာခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်းရှိသော ယောက်ျား တည်း၊ အဿ- ထိုမင်းသား၏၊ မရဏာပိ- သေခြင်းမှလည်း၊ ဘယံ- ကြောက်ခြင်း သည်၊ နတ္ထိ- မရှိ မယာ- ငါသည်၊ ဧတ္တကံ- ဤမျှလောက်သော၊ ကာလံ- ကာလပတ်လုံး၊ ဧဝံ- ဤသို့၊ နိဗ္ဘယော နာမ- ရဲရင့်ခြင်းနှင့် ပြည့်စုံသောသူမည်သည်ကို၊ ဝါ- ကြောက်ခြင်းမှ ကင်းသောသူမည်သည်ကို၊ န ဒိဋ္ဌပုဗ္ဗော- မမြင်အပ်စဘူး၊ ဣတိ- ဤသို့၊ (စိန္တယိတွာ- ကြံမှိုင်၍၊) လောမဟံသဇာတော- ကြက်သီးမွေးညှင်းထခြင်းရှိ သည်ဖြစ်၍၊ ကုမာရံ- မင်းသားကို၊ ပုနပ္ပုနံ- အဖန်တလဲလဲ၊ ဩလောကေန္တော- ကြည့်လျက်၊ နိသီဒိ- နေပြီ၊ ကုမာရော- မင်းသားသည်၊ တဿ- ထိုဘီလူး၏၊ ကိရိယံ- အမူအရာကို၊ ဒိသွာ- မြင်၍၊ (တံ- ထိုဘီလူးကို၊ ခါဒိတုံ- စားခြင်းငှာ၊ ဥယျောဇေန္တော- တိုက်တွန်းလိုသည်ရှိသော်၊) "ခါဒ'ဇ္ဇ မံ ဒါနိ (ပ) ဆာဒယမာနော အဒေသိ"တိ- ခါ'ဒဇ္ဇ မံ ဒါနိ (ပ) ဆာဒယမာနော အဒေသိ-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၉၁။ [ပသယှကာရိ(ပသယှကာရီ)]- နိုင်ထက်ကလူမူတတ်သော ဘီလူး၊ မံ- ငါကို၊ မုဟုံ- အဖန်တလဲလဲ၊ ဟဋ္ဌလောမော- ကြက်သီးမွေးညှင်းထလျက်၊ ကိံ- အဘယ်ကြောင့်၊ ပေက္ခသိ- ကြည့်ဘိသနည်း၊ ဒါနိ- ယခုအခါ၌၊ မံ-

ငါ့ကို၊ [ဆာဒယမာနော(ခါဒမာနော)]- စားလိုသောသင်သည်၊ ယထာ ယထာ- အကြင်အကြင်သို့သော အခြင်းအရာဖြင့်၊ [အဒေသိ(ခါဒေသိ)]- စားလတ္တံ့၊ တထာတထာ- ထိုထိုသို့သော သင်စားလိုသောအခြင်းအရာဖြင့်၊ ဝဒေဟိ- ဆိုလော၊ တုယှံ- သင်၏၊ ဝစနံ- စကားကို၊ အဟံ- ငါသည်၊ ကရောမိ- လိုက်နာ၍ပြုအံ့၊ အဇ္ဇ- ယခု၊ ခါဒ- စားလော။

တတ္ထ- ထိုခါဒဇ္ဇမံစသော ဂါထာ၌၊ မုဟုတ္တံ- မုဟုံဟူသည်ကား၊ ပုနပ္ပုနံ- အဖန်ဖန်၊ တထာ တထာ တုယှမဟန္တိ- တထာ တထာ တုယှမဟံဟူသည်ကား၊ ယထာ ယထာ- အကြင် အကြင်အခြင်းအရာအားဖြင့်၊ မံ- ငါ့ကို၊ ဆာဒယမာနော- စာလောင်သည်ဖြစ်၍၊ ရောစယမာနော- နှစ်သက်သည်ဖြစ်၍၊ (တွံ- သင်သည်၊) အဒေသိ- စားလတ့်၊ ခါဒိဿသိ- စားလတ့်၊ တထာ တထာ- ထိုထိုအခြင်းအရာအားဖြင့်၊ အဟံ- ငါသည်၊ တုယှံ- သင်၏၊ ဝစနံ- စကားကို၊ ကရောမိ- ပြုအံ့၊ ဣဒါနိ- ယခုအခါ၌၊ ကိံ- အဘယ်ကို၊ ကရိဿာမိ- ပြုရအံ့နည်း၊ တသ္မာ- ထို့ကြောင့်၊ အဇ္ဇ- ယခု၊ မံ- ငါ့ကို၊ ခါဒ- စားလော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

အထ- ထိုသို့တိုက်တွန်းသောအခါ၌၊ အဿ- ထိုမင်းသား၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ ယက္ခော- ပေါရိသာဒဘီလူးသည်၊ (အတ္တနော- မိမိ၏၊ ကာရဏံ- မဝံ့သောအကြောင်းကို၊ ကုမာရဿ- မင်းသားအား၊ ကထေန္တော- ပြောဆိုလိုသည်ရှိသော်၊) "ကော တာဒိသံ (ပ) သစ္စဝါဒိံ အဒေယျာ"တိ- "ကော တာဒိသံ (ပ) သစ္စဝါဒိံ အဒေယျာ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၉၂။ ရာဇပုတ္တ- မင်းသား၊ ဓမ္မေ- သူတော်ကောင်းတရား၌၊ ဌိတံ- တည်သော၊ သစ္စဝါဒိံ- မှန်သောစကားကို ဆိုလေ့ရှိသော၊ ဝဒညုံ- သူတစ်ပါး ပြောဆိုသော စကားကို သိလွယ်တတ်သော၊ တာဒိသံ- သင်ကဲ့သို့သောသူကို၊ ကော- အဘယ်သူသည်၊ ခါဒိတာယေ- စားခြင်းငှာ၊ အရဟတိ- ထိုက်အံ့နည်း၊ ယော- အကြင်သူသည်၊ တာဒိသံ- သင်ကဲ့သို့သဘောရှိသော၊ သစ္စဝါဒိံ- မှန်သောစကားကို ဆိုလေ့ရှိသောသူကို၊ ခါဒေယျ- စားငြားအံ့၊ တဿ- ထိုသူ၏၊ မုဒ္ဓါပိ- ဦးခေါင်းသည်လည်း၊ သတ္တဓာ- ခုနှစ်စိတ်၊ [ဝိဖလေယျ (ဖာလေယျ)]- ကွဲရာ၏။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ကုမာရော- အလီနသတ္တုမင်းသားသည်၊ "(တွံ- သင်ဘီလူးသည်၊) မံ- ငါ့ကို၊ န ခါဒိတုကာမော- စားခြင်းငှာ အလိုမရှိသည်၊

သစေ အသိ- အကယ်၍ဖြစ်အံ့၊ အထ- ထိုသို့မစားလိုဘဲလျက်၊ ကသ္မာ- အဘယ်ကြောင့်၊ ဒါရုနိ- ထင်းတို့ကို၊ ဘဥ္ဇာပေတွာ- ချိုးစေ၍၊ အဂ္ဂိ- မီးကို၊ ကာရေသိ- ညှိစေဘိသနည်း၊” ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ “ပလာယိဿတိနုခေါ- ပြေးလတ္တံ့လော၊ နော ပလာယိဿတိနုခေါ- မပြေးလတ္တံ့လော၊ ဣတိ- ဤသို့၊ တဝ- သင့်ကို၊ ပရိဂ္ဂဏှနတ္ထာယ- စုံစမ်းခြင်းအကျိုးငှာ၊ အဂ္ဂိ- မီးကို၊ ကာရေသိ- ညှိစေပြီ၊” ဣတိ- ဤသို့၊ ဝုတ္တေ- ဆိုအပ်သည်ရှိသော်၊ “တွံ- သင်သည်၊ ဣဒါနိ- ယခုအခါ၌၊ မံ- ငါ့ကို၊ ကထံ- အဘယ်ကြောင့်၊ ပရိဂ္ဂဏှိဿတိ- စုံစမ်းဘိသနည်း၊ ယောဟံ (ယော အဟံ)- အကြင်ငါသည်၊ တိရစ္ဆာနယောနိယံ- တိရစ္ဆာန်အမျိုး၌၊ နိဗ္ဗတ္တော- ဖြစ်လျက်၊ ဒေဝရဉ္ဇော- နတ်မင်းဖြစ်သော၊ သက္ကဿ- သိကြားမင်းအား၊ အတ္တာနံ- မိမိကိုယ်ကို၊ ပရိဂ္ဂဏှိတုံ- စုံစမ်းခြင်းငှာ၊ နာဒါသိ- မပေးစဘူး၊” ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ (တံ- ထိုအကြောင်းကို၊ ပေါရိသာဒဿ- ပေါရိသာဒအား၊ ကထေန္တော- ပြောဆိုလတ်သော်၊) “ဣဒံ ဟိ သော ဗြာဟ္မဏံ (ပ) ကာမဒုဟာဋ္ဌ ယက္ခ”တိ- “ဣဒံ ဟိ သော ဗြာဟ္မဏံ (ပ) ကာမဒုဟာဋ္ဌ ယက္ခ”ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဆိုပြီ။

၉၃။ ယက္ခ- ဘီလူး၊ ဟိယသ္မာ- အကြင့်ကြောင့်၊ သောသသော- ထိုယုန်ပညာရှိသည်၊ ဗြာဟ္မဏံ- ပုဏ္ဏားဟူသောအမှတ်ကို၊ မညမာနော- ထင်မှတ်၍၊ [ဣဒံ(ဣမံ)]- ဤငါ၏ ကိုယ်ကို၊ ခါဒိတွာ- စား၍၊ ဣဓ- ဤအရပ်၌၊ ဝသာဟိ- နေလော၊ ဧဝံ- ဤသို့၊ သကေသရီရေ- မိမိကိုယ်ကို၊ ခါဒိတွာ- စားစေ၍၊ အဝါသေသိ- နေစေ၏၊ တသ္မာ- ထို့ကြောင့်၊ သက္ကော- သိကြားမင်းသည်၊ ပဗ္ဗတရသံ- တောင်၏အရည်ကို၊ ပီလေတွာ- ညှစ်ယူ၍၊ စန္ဒမဏ္ဍလေ- လဝန်း၌၊ သသလက္ခဏံ- ယုန်ရေးတံဆိပ်ကို၊ အကာသိ- ပြု၏၊ တေနေဝ- ထိုယုန်ရေးတံဆိပ်ကြောင့်လျှင်၊ သောစန္ဒိမာဒေဝပုတ္တော- ထိုလနတ်သားသည်၊ အဇ္ဇ- ယခုအခါ၌၊ [သသတ္ထုကော (သသတ္တကော)]- ယုန်တံဆိပ်အမှတ်ရှိသည်ဖြစ်၍၊ သသိ- သသိအမည်ရှိသည်ဖြစ်၍၊ [ကာမဒုဟဋ္ဌ(ကာမရူဟော)]- လူအပေါင်း၏ ချစ်ခြင်းကို ပွားစေလျက်၊ ဝိရောစတိ- ထွန်းပ၏။

တဿ- ထိုဂါထာ၏၊ အတ္ထော- အနက်ကား၊ ဟိ- မှန်၏၊ သော သသပဏ္ဍိတော- ထိုယုန်ပညာရှိသည်၊ သော- ဤအလှူခံပုဂ္ဂိုလ်သည်၊ ဗြာဟ္မဏော- ပုဏ္ဏားတည်း၊ ဣတိ- ဤသို့၊ ဗြာဟ္မဏံ- ပုဏ္ဏားဟူသော အမှတ်ကို၊ မညမာနော-

မှတ်ထင်သည်ဖြစ်၍၊ "အဇ္ဇ- ယနေ့၊ ဣမံ သရီရံ- ဤငါ၏ကိုယ်ကို၊ ခါဒိတွာ- စား၍၊ ဣဓေဝ- ဤအရပ်၌ပင်၊ ဝသ- နေလော၊" ဣတိ ဣဒံ- ဤစကားကို၊ ဝတ္တုံ- ဆိုအပ်ပြီ၊ ဧဝံ- ဤသို့လျှင်၊ သကေ- မိမိဥစ္စာဖြစ်သော၊ သရီရေ- ကိုယ်ကို၊ အတ္တနော- မိမိ၏၊ သရီရံ- ကိုယ်ကို၊ ဒါတုံ- ပေးခြင်းငှာ၊ အဝိဿေသိ ဝသာပေသိ- နေစေခဲ့ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ယက္ခ- ဘီလူး၊ စ- ထို့အပြင်၊ သရီရဋ္ဌ- ခန္ဓာကိုယ်ကိုလည်း၊ အဿ- ထိုပုဏ္ဏားအား၊ ဘက္ခတ္ထာယ- စားခြင်းငှာ၊ အဒါသိ- ပေးခဲ့ပြီ၊ သက္ကော- သိကြားသည်၊ ပဗ္ဗတရသံ- မြင်းမိုရ်တောင်အဆီကို၊ ပီဠေတွာ- ညှစ်၍၊ အာဒါယ- ယူ၍၊ စန္ဒမဏ္ဍလေ- လဝန်း၌၊ သသလက္ခဏံ- ယုံအမှတ်ကို၊ အကာသိ- ပြုခဲ့ပြီ။ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ တေနေဝ သသလက္ခဏေန- ထိုယုန်အမှတ်ဖြင့်သာလျှင်၊ သော စန္ဒိမာ ဒေဝပုတ္တော- ထိုလနတ်သားကို၊ "သသီ သသီ"တိ- "သသီ သသီ"ဟူ၍၊ ဧဝံ- ဤသို့လျှင်၊ သသတ္ထုတော- ယုံအမှတ်တံဆိပ်ရှိသည်ဖြစ်၍၊ လောကဿ- လူအပေါင်း၏၊ ကာမဒုဟော ပေမဝဍ္ဎနော- ချစ်ခြင်းကို ပွားစေသည်ဖြစ်၍၊* အဇ္ဇ- ယနေ့တိုင်၊ ဝိရောစတိ- တင့်တယ်၏။ ဟိ- မှန်၏၊ ဧတံ ပါဋိဟာရိယံ- ယုန်အမှတ်တံဆိပ်တည်းဟူသော တန်ခိုးသည်၊ ကပ္ပဋ္ဌိယံ- ကမ္ဘာတည်သ၍ တည်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ယက္ခော- ပေါရိသာဒဘီလူးသည်၊ ကုမာရံ- မင်းသားကို၊ ဝိဿဇ္ဇေန္တော- လွှတ်လိုလတ်သော်၊ "စန္ဒော ယထာ ရာဟုမုခါ (ပ) သဗ္ဗော စ တေ နန္ဒတု ဉာတိပက္ခော"တိ- "စန္ဒော ယထာ ရာဟုမုခါ (ပ) သဗ္ဗော စ တေ နန္ဒတု ဉာတိပက္ခော"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၉၄။ မဟာနုဘာဝ- ကြီးသောအာနုဘော်ရှိသောမင်းသား၊ ပန္နရသေ- တစ်ဆယ့်ငါးရက်မြောက်သော နေ့၌၊ ရာဟုမုခါ- ရာဟုခံတွင်းမှ၊ ပမုတ္တော- လွတ်သော၊ စန္ဒော၀- လသည်လည်းကောင်း၊ [ဘာဏုမာဝ(ဘာနုမာ-ဝါ)]- နေသည်လည်းကောင်း၊ ဝိရောစတိယထာ- တင့်တယ်သကဲ့သို့၊ ဧဝံ- ဤအတူ၊ တုဝံ- သင်သည်၊ ပေါရိသာဒါ- လူသားစားသော ငါ၏ထံမှ၊

---

* ကာမဒုဟော- ဒုဟ - ဓာတ် ညှစ်ခြင်း၊ ပြည့်စေခြင်းကိုဟော ဤ၌ပြည့်စေခြင်း အနက်ကိုယူ၊ မိမိ အပေါ် သတ္တဝါတို့ တိုးပွားများပြားလာအောင် ပြုလုပ်တတ်သည်ဟုဆိုလိုသည်။

ပမုတ္တော- လွတ်သည်ဖြစ်၍၊ ကပိလေ- ကပိလတိုင်း၌၊ ဝိရောစ- ထွန်းပလေလော၊ ပိတရဥ္စ- အဘကိုလည်းကောင်း၊ မာတရဥ္စ- အမိကိုလည်းကောင်း၊ အာမောဒယံ- ဝမ်းမြောက်စေလျက်၊ တေ- သင်၏၊ သဗ္ဗော- အလုံးစုံသော၊ ဉာတိပက္ခော- အဆွေအမျိုး အဆွေခင်ပွန်း အပေါင်းသည်လည်း၊ နန္ဒတု- နှစ်သက်စေသတည်း။

တတ္ထ- ထိုစန္ဒောစသော ဂါထာ၌၊ **ဘာဏုမာ**တိ- ဘာဏုမာဟူသည်ကား၊ သူရိယော- နေသည်၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ ပန္နရသေ- တဆယ့်ငါးရက်မြောက်သော နေ့၌၊ ရာဟုမုခါ- ရာဟုခံတွင်းမှ၊ မုတ္တော- လွတ်သော၊ စန္ဒော ဝါ- လသည်လည်းကောင်း၊ ဘာဏုမာ ဝါ- နေသည်လည်းကောင်း၊ ဝိရောစတိယထာ- တင့်တယ်ဘိသကဲ့သို့၊ ဧဝံ- ဤအတူ၊ တွမ္ပိ- သင်သည်လည်း၊ မမ- ငါ၏၊ သန္တိကာ- အထံမှ၊ မုတ္တော- လွတ်၍၊ ကပိလရဋ္ဌေ- ကပိလတိုင်း၌၊ ဝိရောစ- တင့်တယ်လော့၊ မဟာနုဘာဝ- ကြီးသောအာနုဘော်ရှိလော့၊ ဣတိ- ဤသို့ (ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊) နန္ဒတူတိ- နန္ဒတုဟူသည်ကား၊ တုဿတု- နှစ်သက်လော။

(ဣတိ- ဤသို့၊ ဝတွာ- ဆိုပြီး၍၊ ယက္ခော- ပေါရိသာဒဘီလူးသည်၊) မဟာဝီရ- ကြီးမြတ်သော ဝီရိယရှိသော မင်းသား၊ ဂစ္ဆ- သွားလေလော၊ ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) မဟာသတ္တံ- ဘုရားလောင်းအလီနသတ္တုမင်းသားကို၊ ဥယျောဇေသိ- လွှတ်လိုက်ပြီ၊ သောပိ- ထိုဘုရားလောင်းအလီနသတ္တုမင်းသားသည်လည်း၊ တံ- ထိုဘီလူးကို၊ နိဗ္ဗိသေဝနံ- ယဉ်ကျေးသည်ကို၊ ကတွာ- ပြု၍၊ ပဉ္စသီလာနိ- ငါးပါးကုန်သော သီလတို့ကို၊ ဒတွာ- ပေးပြီး၍၊ "ဧသ ဧသော- ဤပေါရိသာဒသည်၊ ယက္ခောနုခေါ- ဘီလူးစင်စစ်ပင်လော၊ နော ယက္ခောနုခေါ- ဘီလူးစင်စစ်ပင် မဟုတ်သလော၊" ဣတိ- ဤသို့၊ ပရိဂ္ဂဏှန္တော- စုံစမ်းသည်ရှိသော်၊ "ယက္ခာနံ- ဘီလူးတို့၏၊ အက္ခီနိ- မျက်လုံးတို့သည်၊ ရတ္တာနိစ- နီကုန်သည်လည်းကောင်း၊ အနိမ္မိသာနိစ- မမှိတ်ကုန်သည်လည်းကောင်း၊ ဟောန္တိ- ဖြစ်ကုန်၏၊ ဆာယာ- အရိပ်သည်၊ န ပညာယတိ- မထင်၊ အစ္ဆမ္ဘိတာ- မကြောက်မလန့်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ အယံ- ဤပေါရိသာဒသည်၊ န ယက္ခော- ဘီလူးစစ်မဟုတ်၊ ဧသော- ဤပေါရိသာဒသည်၊ မနုဿော- လူသားစင်စစ်တည်း၊ မယှံ- ငါ၏၊ ပိတု- ခမည်းတော်၏၊ တယောဘာတရော- နောင်တော်သုံးယောက်တို့ကို၊ ယက္ခိနိယာ-

ဘီလူးမသည်၊ ဂဟိတာကိရ- ယူအပ်ကုန်သတတ်၊ တေသု- ထိုနောင်တော် သုံးယောက်တို့တွင်၊ ဧတာယ- ဤဘီလူးမသည်၊ ဒွေ- နှစ်ယောက်ကုန်သော သူတို့ကို၊ ခါဒိတာ- စားအပ်ကုန်သည်၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့၊ ဧကော- တစ်ယောက်သည်၊ ဝါ- တစ်ယောက်ကို၊ ပုတ္တသိနေဟေန- သားကဲ့သို့ချစ်ခြင်းသည်၊ ပဋိဇဂ္ဂိတော- ကျွေးမွေးအပ်သည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဣမိနာ- ဤပေါရိသာဒသည်၊ တေန- ထိုကျွေးမွေးသော သူသည်ပင်၊ ဘဝိတဗ္ဗံ- ဖြစ်ရာ၏၊ ဣမံ- ဤပေါရိသာဒကို၊ နေတွာ- ဆောင်ယူ၍၊ မယှံ- ငါ၏၊ ပိတု- ခမည်းတော်မင်းကြီးအား၊ အာစိက္ခိတွာ- လျှောက်ကြား၍၊ ရဇ္ဇေ- မင်းအဖြစ်၌၊ ပတိဋ္ဌာပေဿာမိ- တည်စေအံ့၊” ဣတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ “အမ္ဘော- အချင်းပေါရိသာဒ၊ ဧဟိ- လာလှည့်၊ တွံ- သင်သည်၊ န ယက္ခော- ဘီလူးစင်စစ်မဟုတ်၊ (တွံ- သင်သည်၊) မေ- ငါ၏၊ ပိတု- ခမည်းတော်မင်းကြီး၏၊ ဇေဋ္ဌဘာတိကော- အစ်ကိုကြီးသည်၊ အသိ- ဖြစ်၏၊ ဧဟိ- လာလှည့်၊ မယာ- ငါနှင့်၊ သဒ္ဓိံ- အတူတကွ၊ ဂန္ဒာ- သွား၍၊ ကုလသန္တကေ- အမျိုးတို့၏ ဥစ္စာဖြစ်သော၊ ရဇ္ဇေ- မင်း၏အဖြစ်၌၊ ဆတ္တံ- ထီးဖြူကို၊ ဥဿာပေဟိ- ဆောင်းလော့၊” ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ဣတရေန- တစ်ပါးသော ပေါရိသာဒသည်၊ “အဟံ- ငါသည်ကား၊ န မနုဿော- လူမဟုတ်၊” ဣတိ- ဤသို့၊ ဝုတ္တေ- ဆိုအပ်လတ်သော်၊ “တွံ- သင်သည်၊ မယှံ- ငါ့အား၊ ဝါ- ငါ၏၊ (ဝစနံ- စကားကို၊ န သဒ္ဒဟာသိ- မယုံကြည်အံ့၊ ယဿ- အကြင်သူအား၊ (တွံ- သင်သည်၊) သဒ္ဒဟာသိ- ယုံကြည်၏၊ သော- ထိုယုံကြည်သော သူသည်၊ အတ္ထိပန- ရှိသလော၊” ဣတိ- ဤသို့၊ ပုစ္ဆိတွာ- မေး၍၊ “အသုကဋ္ဌာနေ- ဤမည်သော အရပ်၌၊ ဒိဗ္ဗစက္ခုကတာပသော- ဒိဗ္ဗစက္ခုရသေ့သည်၊ အတ္ထိ- ရှိ၏၊” ဣတိ- ဤသို့၊ ဝုတ္တေ- ဆိုအပ်လတ်သော်၊ တံ- ထိုပေါရိသာဒကို၊ အာဒါယ- ခေါ်၍၊ တတ္ထ- ထိုဒိဗ္ဗစက္ခု ရသေ့အထံသို့၊ အဂမာသိ- သွားပြီ၊ တာပသော- ဒိဗ္ဗစက္ခုရသေ့သည်၊ တေ- ထိုသူနှစ်ယောက်တို့ကို၊ ဒိသွာဝ- မြင်၍သာလျှင်၊ “ကိံ- အဘယ်အမှုကို၊ ကရောန္တာ- ပြုလိုကုန်သည်ဖြစ်၍၊ ပိတာပုတ္တာ- ဘကြီး, သားတို့သည်၊ အရညေ- တော၌၊ စရထ- လှည့်လည်ကြကုန်သနည်း၊” ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ တေသံ- ထို နှစ်ယောက်တို့၏၊ ဉာတိဘာဝံ- ဆွေမျိုးအဖြစ်ကို၊ ကထေသိ- ပြောဆိုပြီ၊ ပေါရိသာဒေါ- ပေါရိသာဒသည်၊ တဿ- ထိုဒိဗ္ဗစက္ခုရသေ့၏၊ (ဝစနံ- စကားကို၊) သဒ္ဒဟိတွာ- ယုံကြည်၍၊ “တာတ- ချစ်သား၊ တွံ- သင်ချစ်သားသည်၊ ဂစ္ဆ- သွားလေလော့၊ အဟံ- ငါသည်၊ ဧကသ္မိံ ဒေဟေ- တစ်ဘဝတည်း၌သာလျှင်၊ အတ္တဘာဝေ-

အတ္တဘောဉ္ဟိ၊ ဒွိဓာ- နှစ်ပါးပြားသောအားဖြင့်၊ ဇာတော- ဖြစ်ပြီ၊ မေ- ငါ့အား၊ ရဌေနမင်းအဖြစ်ဖြင့်၊ န အတ္ထော- အလိုမရှိပြီ၊ အဟံ- ငါသည်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုအံ့၊" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) တာပသဿ- ဒိဗ္ဗစက္ခု ရသေ့၏၊ သန္တိကေ- အထံ၌၊ ဣသိပဗ္ဗဇ္ဇံ- ရသေ့ရဟန်းအဖြစ်ကို၊ ပဗ္ဗဇိ- ပြုပြီ၊ အထ- ထိုအခါ၌၊ ကုမာရော- သားတော်အိမ်ရှေ့မင်းဖြစ်သော အလီနသတ္တုမင်းသားသည်၊ နံ- ထိုဘကြီးတော် ပေါရိသာဒကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ နဂရံ- နေပြည်တော်သို့ အဂမာသိ- ပြန်ခဲ့ပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင် သည်၊ "တတော ဟဝေ (ပ) ကပိလ'မလီနသတ္တာ"တိ- "တတော ဟဝေ (ပ) ကပိလ'မလီနသတ္တာ"ဟူသော၊ (ဂါထံ- ဂါထာကို၊) အာဟ- ဟောတော်မူပြီ။

၉၅။ ဘိက္ခဝေ- ရဟန်းတို့၊ တတောတဒါ- ထိုအခါ၌၊ ဟဝေ- စင်စစ်သဖြင့်၊ ဓိတိမာ- ပညာနှင့်ပြည့်စုံသော၊ အလီနသတ္တော- အလီနသတ္တု အမည်ရှိသော၊ ရာဇပုတော- မင်းသားသည်၊ ပေါရိသာဒံ- ပေါရိသာဒကို၊ [ကတဉ္စလီ (ကတဉ္စလိ)]- လက်အုပ်ကို၊ [ပရိယာယ(ပဂ္ဂယှ)]- ချီ၍၊ အနုညာတော- ပေါရိသာဒသည် အနုးအညွတ် လွှတ်အပ်သည်ဖြစ်၍၊ သောတ္ထိ- ချမ်းသာစွာ၊ သုခီ- ဆင်းရဲခြင်းမရှိသည်ဖြစ်၍၊ အရောဂါ- အနာမရှိသည်ဖြစ်၍၊ ကပိလံ- ကပိလတိုင်းသို့၊ ပစ္စာဂမာ- တစ်ဖန် ပြန်လာ၏။

ဂါထံ- ဂါထာတော်ကို၊ ဝတွာ- ဟောတော်မူပြီး၍၊ နဂရံ- နေပြည်တော်သို့ ဂတဿ- တစ်ဖန်ပြန်လာသော၊ တဿ- ထိုအလီနသတ္တုမင်းသားအား၊ နေဂမာဒီဟိ- ရွာနိဂုံးနေသူအစရှိသော သူတို့သည်၊ ကတကိရိယံ- ပြုအပ်သော အခြင်းအရာကို၊ ဒဿေန္တော- ပြတော်မူလိုသော၊ (သတ္ထာ- ဘုရားရှင်သည်၊) "တံ နေဂမာ (ပ) တေ ဒုက္ကရကာရကောသီ"တိ- "တံ နေဂမာ (ပ) တေ ဒုက္ကရကာရကောသီ"ဟူသော၊ ဩသာန ဂါထံ- အဆုံးဖြစ်သော ဂါထာကို၊ အာဟ- ဟောတော်မူပြီ။

၉၆။ ဘိက္ခဝေ- ရဟန်းတို့၊ သဗ္ဗေ- ခပ်သိမ်းကုန်သော၊ နေဂမာစ- နိဂုံးရွာသူတို့သည် လည်းကောင်း၊ ဇနပဒါစ- ဇနပုဒ်ရွာသူတို့သည်လည်းကောင်း၊ ဟတ္ထာရောဟာစ- ဆင်းစီးသူရဲတို့သည်လည်းကောင်း၊ ရထိကာစ- ရထားစီး သူရဲတို့သည်လည်းကောင်း၊ ပတ္တိကာစ- ခြေသည်သူရဲတို့သည်လည်းကောင်း၊ နမဿမာနာ- ရှိခိုးကုန်လျက်၊ ပဥ္စလိကာ- လက်အုပ်ချီကုန်လျက်၊ တေ- ရှင်မင်းသားအား၊ နမော- ရှိခိုးခြင်းသည်၊ အတ္ထု- ဖြစ်စေသတည်း၊

ဒုက္ကရကာရကော- အလွန်ပြုနိုင်ခဲသောအမှုကို ပြုသည်၊ အသိ- ဖြစ်၏၊ ဣတိ- ဤသို့၊ ဝတွာ- ဆိုကုန်၍၊ တံ- ထိုအလီနသတ္တုမင်းသားသို့၊ ဥပါဂမုံ- ကပ်လာကုန်၏။

ရာဇာ- ခမည်းတော်ဇယဒိသမင်းကြီးသည်၊ "ကုမာရော- သားတော်မင်းသားသည်၊ အာဂတောကိရ- လာပြီသတတ်၊" ဣတိ- ဤသို့၊ သုတွာ- ကြား၍၊ ပစ္စုဂ္ဂမန်- ခရီးဦးကြိုဆိုခြင်းကို၊ အကာသိ- ပြုတော်မူပြီ၊ ကုမာရော- သားတော် အလီနသတ္တုမင်းသားသည်၊ မဟာဇနပရိဝါရော- များစွာသော လူအပေါင်း ခြံရံသည်ဖြစ်၍၊ ဂန္တွာ- လာလတ်၍၊ ရာဇာနံ- ခမည်းတော်မင်းကြီးကို၊ ဝန္ဒိ- ရှိခိုးပြီ၊ အထ- ထိုသို့ရှိခိုးသော အခါ၌၊ နံ- ထိုသားတော်ကို၊ သော- ထိုခမည်းတော်ဇယဒိသမင်းကြီး သည်၊ "တာတ- အမောင်၊ (တွံ- သင်သည်၊) ကထံ- အဘယ်အကြောင်းကြောင့်၊ တာဒိသာ- ထိုသို့ ကြမ်းကြုတ်စွာသော၊ ပေါရိသာဒါ- ပေါရိသာဒဘီလူးလက်မှ၊ မုတ္တော- လွတ်သည်၊ အသိ- ဖြစ်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ၊ "တာတ- မြတ်သော ခမည်းတော် မင်းကြီး၊ အယံ- ဤပေါရိသာဒသည်၊ နယက္ခော- ဘီလူးမဟုတ်၊ တုမှာကံ- ခမည်းတော်ဘုရားတို့၏၊ ဇေဋ္ဌဘာတိကော- နောင်တော်တည်း၊ ဧသ ဧသော- ဤပေါရိသာဒသည်၊ မယှံ- အကျွန်ုပ်၏၊ ပေတ္တေယျော- ဘကြီးတော်တည်း၊" ဣတိ- ဤသို့၊ သဗ္ဗံ- အလုံးစုံသော၊ ပဝတ္တိံ- အကြောင်းကို၊ အာရောစေတွာ- လျှောက်တင်၍၊ "တုမှေဟိ- ခမည်းတော်မင်းကြီးတို့သည်၊ မမ- အကျွန်ုပ်၏၊ ပေတ္တေယျံ- ဘကြီးတော်ကို ဒဋ္ဌုံ- ဖူးမြင်ခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊" ဣတိ- ဤသို့၊ အာဟ- လျှောက်တင်ပြီ၊ ရာဇာ- ခမည်းတော်ဇယဒိသမင်းကြီးသည်၊ တင်္ခဏေယေဝ- ထိုခဏ၌ပင်၊ ဘေရိံ- စည်ကို၊ စရာပေတွာ- လည်စေ၍၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံဖြင့်၊ တာပသာနံ- ရသေ့တို့၏၊ သန္တိကံ- အထံသို့၊ အဂမာသိ- သွားပြီ၊ မဟာတာပသော- ဒိဗ္ဗစက္ခုရသေ့ကြီးသည်၊ တဿ- ထိုပေါရိ သာဒအား၊ ယက္ခိနိယာ- ဘီလူးမသည်၊ အာနေတွာ- ဆောင်ယူ၍၊ အခါဒိတွာ- မစားမူ၍၊ ပေါသိတကာရဏဥ္စ- ကျွေးမွေးထား အပ်သောအကြောင်းကိုလည်းကောင်း၊ ယက္ခဘာဝကာရဏဥ္စ- ဘီလူးမဟုတ်ခြင်း၏ အကြောင်းကိုလည်းကောင်း၊ တေသံ- ထိုပေါရိသာဒနှင့် ဇယဒိသမင်းတို့၏၊ ဉာတိဘာဝဉ္စ- ဆွေမျိုးအဖြစ်ကိုလည်းကောင်း၊ သဗ္ဗံ- အလုံးစုံကို၊ ဝိတ္ထာရတော- အကျယ်အားဖြင့်၊ ကထေသိ- ပြောဆိုပြီ၊ ရာဇာ- ဇယဒိသမင်းကြီးသည်၊ "ဘာတိက- နောင်တော် မင်းမြတ်၊ ဧဟိ- လာလှည့်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေဟိ- ပြုစေလော၊" ဣတိ-

ဤသို့ အာဟ- ဆိုပြီ၊ မဟာရာဇ- မြတ်သောမင်းကြီး၊ အလံ- မသင့်၊ ဣတိ- ဤသို့၊ (ပဋိပက္ခိ- ပယ်ပြီ) တေနဟိ- ထိုသို့ဖြစ်လျှင်၊ ဧထ- လာလှည့်ကုန်၊ ဥယျာနေ- ဥယျာဉ်တော် ၌၊ ဝသိဿထ- နေတော်မူကုန်လော၊ အဟံ- အကျွန်ုပ်သည်၊ ဝေါ- သင်နောင် တော်တို့အား၊ စတုဟိပစ္စယေဟိ- ပစ္စည်းလေးပါးတို့ဖြင့်၊ ဥပဋ္ဌဟိဿာမိ- လုပ်ကျွေး ပါအံ့၊ ဣတိ- ဤသို့၊ (အာဟ- ဆိုပြီ) မဟာရာဇ- မြတ်သောမင်းကြီး၊ (အဟံ- ငါသည်) န အာဂစ္ဆာမိ- မလိုက်ပါ၊ ဣတိ- ဤသို့ (အာဟ- ဆိုပြီ) ရာဇာ- ဇယဒိသမင်းကြီးသည်၊ တေသံ- ထိုရသေ့တို့၏၊ အဿမပဒတော- သခ်မ်းကျောင်းမှ၊ အဝိဒူရေ- မနီးမဝေးသော အရပ်၌၊ ဧကံ- တစ်ခုသော၊ ပဗ္ဗတန္တရံ- တောင်ကြားကို၊ ဗန္ဓိတွာ- ဆည်ဖွဲ့၍၊ မဟန္တံ- ကြီးစွာသော၊ တဠာကံ- တစ်ဘက်ဆည်ကန်ကို၊ ကာရေတွာ- ပြုစေပြီး၍၊ ကေဒါရေ- လယ်တို့ကို၊ သမ္ပါဒေတွာ- ပြည့်စေ၍၊ မဟာဇ- ကုလသဟဿံ- မြတ်သော ကြွယ်ဝ(ချမ်းသာ)သော အမျိုးတစ်ထောင်ကို၊ အာနေ- တွာ- ဆောင်ယူပြီး၍၊ မဟာဂါမံ- ကြီးစွာသောရွာကို၊ နိဝါသေတွာ- တည်ထောင်၍၊ တာပသာနံ- ရသေ့တို့၏၊ ဘိက္ခာစာရံ- ဆွမ်းဝတ်ကို၊ ပဋ္ဌပေသိ- ဖြစ်စေပြီ၊ သောဂါမော- ထိုရွာသည်၊ စူဠကမ္မာသဒမ္မနိဂမောနာမ- ပြောက်ကျားသော ခြေရှိသော ပေါရိသာဒယ်ကို ဆုံးမရာနိဂုံးမည်သည်၊ ဇာတော- ဖြစ်ပြီ၊ သုတသောမ- မဟာသတ္တေန- သုတသောမအမည်ရှိသော ဘုရားလောင်းသည်၊ ပေါရိသာဒဿ- ပေါရိသာဒကို၊ ဒမိတပဒေသော ပန- ဆုံးမအပ်သော အရပ်ကိုကား၊ မဟာကမ္မာ- သဒမ္မနိဂမောတိ- မဟာကမ္မာသဒမ္မနိဂုံးမည်၏ဟူ၍၊ ဝါ- ပေါရိသာဒကြီးကို ဆုံးမရာ နိဂုံးမည်၏ဟူ၍၊ ဝေဒိတဗ္ဗော- သိအပ်၏။

သတ္ထာ- ဘုရားရှင်သည်၊ ဣမံ ဓမ္မဒေသနံ- ဤ"ဇယဒ္ဒိသဇာတ်"တရား ဒေသနာတော်ကို၊ အာဟရိတွာ- ဆောင်တော်မူပြီး၍၊ သစ္စာနိ- သစ္စာတို့ကို၊ ပကာသေတွာ- ပြတော်မူ၍၊ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်း တော်မူပြီ၊ သစ္စပရိယောသာနေ- သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌၊ မာတုပေါသ- ကတ္ထေရော- အမိအဘကို လုပ်ကျွေးသော မထေရ်သည်၊ သောတာပတ္တိဖလေ- သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌဟိ- တည်ပြီ၊ တဒါ- ထိုအခါ၌၊ မာတာပိတရော- မယ်တော်ခမည်းတော်တို့သည်၊ (ဧတရဟိ- ယခုအခါ၌၊) မဟာရာဇကုလာနိ- ·မြတ်သော သာကီဝင်မင်းမျိုးတို့သည်၊ အဟေသုံ- ဖြစ်ကုန်ပြီ (တဒါ- ၌၊) တာပသော- ဒိပ္ပစက္ခုရသေ့သည်၊ (ဧတရဟိ- ၌၊) သာရိပုတ္တော- သာရိပုတ္တရာမထေရ်သည်၊

(အဟောသိ- ပြီ၊) (တဒါ- ၌၊) ပေါရိသာဒေါ- ပေါရိသာဒသည်၊ (ဧတရဟိ- ၌၊) အင်္ဂုလိမာလော- အင်္ဂုလိမာလမထေရ်သည်၊ (အဟောသိ- ပြီ၊) (တဒါ- ၌၊) ကနိဋ္ဌာ- နုမယ်သည်၊ (ဧတရဟိ- ၌၊) ဥပ္ပလဝဏ္ဏာ- ဥပ္ပလဝဏ်သည်၊ (အဟောသိ- ပြီ၊) (တဒါ- ၌၊) အဂ္ဂမဟေသီ- အိမ်ရှေ့မိဖုရားကြီးသည်၊ (ဧတရဟိ- ၌၊) ရာဟုလမာတာ- ရာဟုလမယ်တော်သည်၊ (အဟောသိ- ပြီ၊) (တဒါ- ၌၊) အလီနသတ္တုကုမာရောပန- အလီနသတ္တုမင်းသားသည်ကား၊ (ဧတရဟိ- ၌၊) အဟမေဝ- ငါဘုရားသည်သာလျှင်၊ အဟောသိ- ဖြစ်ခဲ့ပြီ၊ ဣတိ- ဤသို့၊ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ။ တတိယာ- သုံးခုမြောက်သော၊ ဇယဒ္ဒိသဇာတကဝဏ္ဏနာ- ဇယဒိသဇာတ်၏ အဖွင့်သည်၊ နိဋ္ဌိတာ- ပြီးပြီ။။

❖ ❖ ❖ ❖ ❖

## ၄။ ဆဒ္ဒန္တဇာတ် (၅၁၄)

### ပစ္စုပ္ပန်ဝတ္ထု

သတ္ထာ- သည်၊ ကိနုသောစသီတိ ဣဒံ- ကို၊ ဇေတဝနေ- ၌၊ ဝိဟရန္တော- စဉ်၊ ဧကံ- တစ်ပါးသော၊ ဒဟရဘိက္ခုနိံ- ရဟန်းမငယ်ကို၊ အာရဗ္ဘ- ၍၊ ကထေသိ- ပြီ၊ ကိရ- ခဲ့ဦးအံ့၊ သာ- ထိုရဟန်းမငယ်သည်၊ သာဝတ္ထိယံ- သာဝတ္ထိပြည်၌၊ ကုလဓီတာ- အမျိုးကောင်းသမီးသည်၊ (ဟုတ္ဝာ- ၍၊) ယရာဝါသေ- အိမ်ရာတည်ထောင် လူ့ဘောင်၌၊ အာဒီနဝံ- အပြစ်ကို၊ ဒိသွာ- မြင်၍၊ သာသနေ- သာသနာတော်၌၊ ပဗ္ဗဇိတွာ- ရဟန်းပြု၍၊ ဧကဒိဝသံ- တစ်နေ့သည်၌ ဘိက္ခုနိဟိ- ရဟန်းမတို့နှင့်၊ သဒ္ဓိံ- တကွ၊ ဓမ္မသဝနာယ- တရားနာခြင်းငှာ၊ ဂန္တွာ- သွား၍၊ အလင်္ကတဓမ္မာသနေ- တန်ဆာဆင်အပ်သော တရားဟောပလ္လင်၌၊ နိသီဒိတွာ- နေ၍၊ ဓမ္မံ- တရားကို၊ အပရိမာဏပုညပဘာဝါဘိနိဗ္ဗတ္တံ- အတိုင်းအရှည်မရှိသော ဘုန်းတော် ပါရမီတော်ကြောင့် ဖြစ်သော၊ ဥတ္တမရူပသမ္ပတ္တိ ယုတ္တံ- မြတ်သောအဆင်းတော်၏ ပြည့်စုံခြင်းနှင့် ယှဉ်သော၊ အတ္တဘာဝံ- ကိုယ်တော်ကို၊ ဩလောကေတွာ- ကြည့်၍၊ "ဘဝသို့- သံသရာ၌၊ ဝိစရန္တိယာ- ကျင်လည်ရသော၊ မေ- ငါသည်၊ ဣမဿမဟာပုရိသဿ- ဤယောကျ်ားမြတ်၏၊ ပါဒပရိစာရိကာ- ခြေရင်းအလုပ်အကျွေးသည်၊ ဝါ- မယားသည်၊ ပရိစိဏ္ဏပုဗ္ဗာနုခေါ- ဖြစ်ခဲ့ဘူးသလော၊" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ၊

အထ တခ်ဏာညေ၀- ထိုသို့ကြံသော ခဏာ၌သာလျှင်၊ အဿာ- ထိုရဟန်းမငယ်၏၊ ဇာတိဿရဉာဏံ- ဘ၀ဟောင်းကို အောက်မေ့နိုင်သော ဉာဏ်သည်၊ ဥပ္ပဇ္ဇိ- ဖြစ်ပြီ၊ (ကိံ ဥပ္ပဇ္ဇိ- နည်း၊) "ဆဒ္ဒန္တဝါရဏကာလေ- ဆဒ္ဒန်ဆင်မင်းဖြစ်တော်မူသော အခါ၌၊ အဟံ- ငါသည်၊ ဣမဿ မဟာပုရိသဿ- ဤယောက်ျားမြတ်၏၊ ပါဒပရိ-စာရိကာ- မယားသည်၊ ဘူတပုဗ္ဗာ- ဖြစ်ဘူးပြီ၊" ဣတိ- ဤသို့၊ ဇာတိဿရဉာဏံ- ဇာတိဿရဉာဏ်သည်၊ ဥပ္ပဇ္ဇိ- ဖြစ်ပြီ၊ အထ- ထိုအခါ၌၊ သရန္တိယာ- ဇာတိဿရ ဉာဏ်ဖြင့် အောက်မေ့သော၊ အဿာ- ထိုရဟန်းမငယ်အား၊ မဟန္တ- အားကြီးစွာ သော၊ ပီတိပါမောဇ္ဇံ- နှစ်သက် ဝမ်းမြောက်ခြင်းသည်၊ ဥပ္ပဇ္ဇိ- ဖြစ်ပြီ။

သာ- ထိုရဟန်းမငယ်သည်၊ ပီတိဝေဂေန- ဖြစ်သောပီတိအဟုန်ဖြင့်၊ မဟာ-ဟသိတံ- ပြင်းစွာသော ရယ်ခြင်းကို၊ ဟသိတွာ- ရယ်ပြီး၍၊ ပုန- တစ်ဖန်၊ စိန္တေသိ- ကြံပြန်ပြီ၊ (ကိံ စိန္တေသိ- နည်း၊) "ပါဒပရိစာရိကာ နာမ- မယားမည်သည်ကား၊ သာမိကာနံ- လင်တို့၏၊ ဟိတဇ္ဈာသယာ- အစီးအပွားကို အလိုရှိသည်၊ အပ္ပကာ- နည်းလှစွာ၏၊ အဟိတဇ္ဈာသယာ၀- အစီးအပွားကို အလိုမရှိသည်သာ၊ ဗဟုတရာ- အလွန်များလှစွာ၏၊ အဟံ- ငါသည်၊ ဣမဿ မဟာပုရိသဿ- ဤယောက်ျား မြတ်၏၊ ဟိတဇ္ဈာသယာ- အစီးအပွားကိုအလိုရှိသည်၊ အဟောသိံနုခေါ- ဖြစ်လေ သလော၊ အဟိတဇ္ဈာသယာ- အစီးအပွားကို အလိုမရှိသည်၊ အဟောသိံနုခေါ- ဖြစ်လေသလော၊ ဣတိ- ဤသို့၊ (စိန္တေသိ- ပြီ၊) သာ- ထိုမိန်းမငယ်သည်၊ အနုဿ-ရမာနာ- အစဉ်အတိုင်း အောက်မေ့သည်ရှိသော်၊ "အဟံ- ငါသည်၊ အပ္ပမတ္တကံ- အနည်းငယ်မျှဖြစ်သော၊ ဒေါသံ- အပြစ်ကို၊ ဟဒယေ- စိတ်၌၊ ဌပေတွာ- အငြိုးထား ၍၊ ဝိသရတနသတိကံ- အတောင်တစ်ရာ့နှစ်ဆယ်ရှိသော၊ ဆဒ္ဒန္တမဟာဂဇိဿရံ-များစွာသော ဆင်တို့ကို အစိုးရသောဆဒ္ဒန်ဆင်ကို၊ သောနုတ္တရံနာမ- သောနုတ္တရ မည်သော၊ နေသာဒံ- မုဆိုးကို၊ ပေသေတွာ- စေလွှတ်၍၊ ဝိသပီတသလ္လေန-အဆိပ်လူးသော မြားဖြင့်၊ ဝိဇ္ဈာပေတွာ- ပစ်ခတ်စေ၍၊ ဇီဝိတက္ခယံ- အသက်ကုန်ခြင်းသို့ ပါပေသိံ- ရောက်စေမိပြီ၊" ဣတိ- ဤသို့၊ အဒ္ဒသ- မြင်လေပြီ၊ အထ- ထိုသို့ မြင်သောအခါ၌၊ အဿာ- ထိုရဟန်းမငယ်အား၊ သောကော- စိုးရိမ်ခြင်းသည်၊ ဥဒပါဒိ- ဖြစ်ပြီ၊ ဟဒယံ- စိတ်နှလုံးသည်၊ ဥဏှံ- ပူသည်၊ အဟောသိ- ဖြစ်ပြီ၊ (သာ-ရဟန်းမငယ်သည်၊) သောကံ- စိုးရိမ်ခြင်းကို၊ သန္ဓာရေတုံ- တည်စေခြင်းငှာ၊ အသက္ကောန္တီ- မတတ်နိုင်သည်ဖြစ်၍၊ အဿသိတွာ- ထွက်သက်ကို ပြင်းစွာရှူ၍၊

ပဿသိတွာ- ဝင်သက်ကို ပြင်းစွာရှူ၍၊ မဟာသဒ္ဒေန- ကြီးစွာသော အသံဖြင့်၊ ပရောဒိ- ငိုပြီ၊ တံ- ထိုရဟန်းမငယ်ကို၊ ဒိသွာ- မြင်တော်မူ၍၊ သတ္ထာ- ဘုရားရှင်သည်၊ သိတံ- ပြုံးခြင်းကို၊ ပါတု- ထင်ရှားစွာ၊ ကရိတွာ- ပြု၍၊ "ဘန္တေ- ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဟေတု- အကြောင်းကား၊ ကောနုခေါ- အဘယ်နည်း၊ သိတဿ- ပြုံးတော်မူခြင်း၏၊ ပါတုကမ္မာယ- ထင်စွာပြုခြင်းငှာ၊ ပစ္စယော- အထောက်အပံ့သည်၊ ကောနုခေါ- အဘယ်နည်း၊" ဣတိ- ဤသို့၊ ဘိက္ခုသံဃေန- ရဟန်းအပေါင်းသည်၊ ပုဋ္ဌော- မေးလျှောက်အပ်သည်ဖြစ်၍၊ "ဘိက္ခဝေ- တို့၊ အယံ ဒဟရ ဘိက္ခုနီ- ဤရဟန်းမငယ်သည်၊ ပုဗ္ဗေ- ရှေးဘဝ၌၊ မယိ- ငါ၌၊ ကတံ- ပြုမိအပ်သော၊ အပရာဓံ- အပြစ်ကို၊ သရိတွာ- အောက်မေ့၍၊ ရောဒတိ- ငို၏၊" ဣတိ- ဤသို့ ဝတွာ- မိန့်တော်မူပြီး၍၊ အတီတံ- အတိတ်ကို အာဟရိ- ဆောင်တော်မူပြီ။

**အတိတ်ဝတ္ထု**

အတီတေ- လွန်လေပြီးသောအခါ၌၊ ဟိမဝန္တပဒေသေ- ဟိမဝန္တာအရပ်၌၊ ဆဒ္ဒန္တဒဟံ- ဆဒ္ဒန်အိုင်ကို၊ ဥပနိဿာယ- မှီ၍၊ အဋ္ဌသဟဿာ- ရှစ်ထောင်ကုန်သော၊ ဣဒ္ဓိမန္တာ- တန်ခိုးကြီးကုန်သော၊ ဝေဟာသင်္ဂမာ- ကောင်းကင်၌ ပျံသွားနိုင်ကုန်သော၊ ဟတ္ထိနာဂါ- ဆဒ္ဒန်ဆင်မျိုးတို့သည်၊ ဝသိံသု- နေကုန်ပြီ၊ တဒါ- ထိုအခါ၌၊ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ ဇေဋ္ဌဝါရဏဿ- အကြီးဖြစ်သောဆင်မင်း၏၊ ပုတ္တော- သားသည်၊ ဟုတွာ- ၍၊ နိဗ္ဗတ္တိ- ဖြစ်ပြီ၊ သော- ထိုဘုရားလောင်းသည်၊ အပရဘာဂေ- နောက်အဖို့၌၊ ဝုဍ္ဍိပ္ပတ္တော- ကြီးခြင်းသို့ရောက်သည်၊ အဋ္ဌာသီတိဟတ္ထုဗ္ဗေဓော- ရှစ်ဆယ့်ရှစ်တောင် အစောက်မြင့်သည်၊ ဝီသရတနသတာယာမော- အလျားအတောင်တစ်ရာ့နှစ်ဆယ်ရှိသည်၊ အဟောသိ- ဖြစ်ပြီ၊ အဋ္ဌပဏ္ဏာသဟတ္ထာယ- ငါးဆယ့်ရှစ်တောင်ရှိသော၊ ရဇတဒါမသဒိသာ- ငွေပန်းဆိုင်နှင့်တူသော၊ သောဏ္ဍာယ- နှာမောင်းနှင့်၊ သမန္နာဂတော- ပြည့်စုံသည်၊ (အဟောသိ- ပြီ) အဿ- ထိုဘုရားလောင်း၏၊ ဒန္တာပန- အစွယ်တို့သည်ကား၊ ပရိက္ခေပတော- လုံးပတ်အားဖြင့်၊ ပန္နရသဟတ္ထာ- တစ်ဆယ့်ငါးတောင်ရှိကုန်သည်၊ အဟေသုံ- ဖြစ်ကုန်ပြီ၊ ဒီဃတော- အလျားအားဖြင့်၊ တိံသဟတ္ထာ- အတောင်သုံးဆယ်ရှိကုန်သည်၊ ဆဗ္ဗဏ္ဏရံသိဟိ- ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တို့နှင့်၊ သမန္နာဂတာ- ပြည့်စုံကုန်သည်၊ အဟေသုံ- ဖြစ်ကုန်ပြီ၊ သော- ဘုရားလောင်းဆင်မင်းသည်၊ အဋ္ဌန္နံနာဂသဟဿာနံ-

ရှစ်ထောင်ကုန်သော ဆင်တို့၏၊ ဇေဋ္ဌကော- အကြီးသည်၊ အဟောသိ- ဖြစ်ပြီ၊ ပဉ္စသတေ- ငါးရာကုန်သော၊ ပစ္စေကဗုဒ္ဓေ- ပစ္စေကဗုဒ္ဓါတို့ကို၊ ပူဇေသိ- ပူဇော်ပြီ၊ တဿ- ထိုဘုရားလောင်းဆင်မင်းအား၊ စူဠသုဘဒ္ဒါစ- စူဠသုဘဒ္ဒါလည်းကောင်း၊ မဟာသုဘဒ္ဒါ- မဟာသုဘဒ္ဒါလည်းကောင်း၊ ဣတိ- ဤသို့၊ ဒွေ အဂ္ဂမဟေသိယော- မိဖုရားကြီးနှစ်ယောက်တို့သည်၊ အဟေသုံ- ရှိကုန်ပြီ၊ နာဂရာဇာ- ဆဒ္ဒန်ဆင်မင်းသည်၊ အဋ္ဌနာဂသဟဿပရိဝါရော- ရှစ်ထောင်သော ဆင်အပေါင်းကို ခြံရံသည်ဖြစ်၍၊ ကဉ္စနဂုဟာယံ- ရွှေဂူ၌၊ ဝသတိ- နေ၏၊ သော ပန ဆဒ္ဒန္တဒဟော- ထိုဆဒ္ဒန်အိုင်သည်ကား၊ အာယာမတောစ- အလျားအားဖြင့်လည်းကောင်း၊ ဝိတ္ထာရတောစ- အနံအားဖြင့်လည်းကောင်း၊ ပဏ္ဏာသယောဇနော- ယူဇနာငါးရာစီရှိသည်၊ ဟောတိ- ၏၊ တဿ- ထိုဆဒ္ဒန်အိုင်၏၊ မဇ္ဈေ- အလယ်၌၊ ဒွါဒသယောဇနပ္ပမာဏော- တစ်ဆယ့်နှစ်ယူဇနာ အတိုင်းအရှည်ရှိသော၊ ဌာနေ- အရပ်၌၊ သေဝါလောစ- မှော်သည်လည်းကောင်း၊ ပဏကာံဝါ- ရေညှိသည်လည်းကောင်း၊ နတ္ထိ- မရှိ၊ မဏိက္ခန္ဓဝဏ္ဏဥဒကမေဝ- မြခဲ မြတုံးအဆင်းနှင့် တူသောရေသည်သာလျှင်၊ သန္တိဋ္ဌတိ- ကောင်းစွာ တည်၏၊ တဒနန္တရံ- ထိုမြခဲ မြတုံးအဆင်းနှင့်တူသော ရေ၏အခြားမဲ့၌၊ ယောဇနဝိတ္ထတံ- တစ်ယူဇနာအနံရှိသော၊ သုဒ္ဓံ- သက်သက်သော၊ ကလ္လဟာရဝနံ- ကြာသိမ်တောသည်၊ (အတ္ထိ- ရှိ၏၊) တံ ဥဒကံ- ထိုမြခဲ မြတုံးအဆင်းနှင့်တူသော ရေကို၊ ပရိက္ခိပိတွာ- ခြံရံ၍၊ ဌိတံ- တည်ပြီ၊ တဒနန္တရံ- ထိုကြာသိမ်တော၏ အခြားမဲ့၌၊ ယောဇနဝိတ္ထတမေဝ- အနံတစ်ယူဇနာရှိသည်သာလျှင်ဖြစ်သော၊ သုဒ္ဓံ- သက်သက်သော၊ နီလုပ္ပလဝနံ- ကြာညိုတောသည်၊ (အတ္ထိ- ရှိ၏၊) တံ- ထိုကြာညိုတောကို၊ ပရိက္ခိပိတွာ- ခြံရံ၍၊ ဌိတံ- တည်ပြီ၊ တတော- ထိုနောင်မှ၊ ယောဇနဝိတ္ထတာနေဝ- အနံတစ်ယူဇနာစီရှိသည် သာလျှင်ဖြစ်ကုန်သော၊ ရတ္တုပ္ပလသေတုပ္ပလရတ္တ ပဒုမသေတပဒုမကုမုဒဝနာနိ- ကြာနီတော, ကြာပုဏ္ဏရိက်တော, ကြာပဒုမာနီတော, ကြာပဒုမာဖြူတော, ကုမုဒြာကြာတောတို့သည်၊ ပုရိမံ ပုရိမံ- ရှေးရှေးဖြစ်သော ကြာတောကို၊ ပရိက္ခိပိတွာ- ခြံရံ၍၊ ဌိတာနိ- တည်ကုန်၏၊ သတ္တန္နံ- ခုနစ်ပါးကုန်သော၊ ဣမေသံ ဝနာနံ- ဤကြာတောတို့၏၊ အနန္တရံ ပန- အခြားမဲ့၌ကား၊ သဗ္ဗေသမ္ပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ တေသံ ကလ္လဟာရာဒိဝနာနံ- ထိုကြာသိမ်တောအစရှိကုန်သော ကြာတို့၏၊ ဝသေန- အစွမ်းအားဖြင့်၊ ဩမိဿကဝနံ- အရောဖြစ်သောတောသည်၊ ယောဇနဝိတ္ထတမေဝ- အနံတစ်ယူဇနာရှိသည်သာလျှင်ဖြစ်သော၊ တာနိ- ထိုခုနှစ်ထပ်

ကုန်သော ကြာတောတို့ကို၊ ပရိက္ခိပိတွာ- ခြံရံ၍၊ ဌိတံ- တည်ပြီ၊ တဒနန္တရံ- ထိုအရာဖြစ်သော ကြာတောတို့၏ အခြားမဲ့၌၊ နာဂါနံ- ဆင်တို့၏၊ ကဋိပ္ပမာဏေ- ခါးအတိုင်းအရှည်ရှိသော၊ ဥဒကေ- ရေ၌၊ ယောဇနဝိတ္ထတမေဝ- အနံတစ်ယူဇနာ ရှိသည်သာလျှင်ဖြစ်သော၊ ရတ္တသာလိဝနံ- သလေးနီတောသည်၊ (ဌိတံ- တည်ပြီ၊) တဒနန္တရံ- ထိုသလေးနီတော၏ အခြားမဲ့ဖြစ်သော၊ ဥဒကပရိယန္တေ- ရေ၏အဆုံး၌၊ ယောဇနဝိတ္ထတမေဝ- အနံတစ်ယူဇနာရှိသည်သာလျှင်ဖြစ်သော၊ နီလပီတလောဟိတဩဒါတသုရဘိသုခုမကုသုမသမာကိဏ္ဏံ- အညို, အရွှေ, အနီ, အဖြူဖြစ်သော ကောင်းစွာ ပျံ့လှိုင်သော သိမ်မွေ့သော ပန်းတို့ဖြင့် ထက်ဝန်းကျင်ပြွမ်းသော၊ ခုဒ္ဒကဂစ္ဆဝနံ- ပန်းချုံငယ်တောသည်၊ (ဌိတံ- တည်ပြီ၊) ဣတိ- ဤသို့ (ဝုတ္တမာနာနိ- ဆိုအပ်ခဲ့ပြီးကုန်သော၊) ဒသ- ဆယ်ထပ်ကုန်သော၊ ဣမာနိဝနာနိ- ဤတောတို့သည်၊ ယောဇနဝိတ္ထ-တာနေဝ- အနံတစ်ယူဇနာစီ ရှိကုန်သည်သာလျှင်။ (ဟောန္တိ- ကုန်၏။)

တတော- ထိုပန်းချုံငယ်တော၏အပြင်မှ၊ ခုဒ္ဒကရာဇမာသ မဟာရာဇမာသ မုဂ္ဂဝနံ- ပဲလွန်းငယ်, ပဲလွန်းကြီး, ပဲနောက်တောသည်၊ (ဌိတံ- တည်ပြီ၊) တဒနန္တရံ- ထိုပဲနောက်တော၏ အခြားမဲ့၌၊ တိပုသလာဗုကုမ္ဘဏ္ဍဝလ္လိဝနာနိ- သခွါး ပြေုတ်, သခွါးကြောင်, အိမ်ဘူး, ဖရုံနွယ်တောတို့သည်၊ ဌိတာနိ- တည်ကုန်ပြီ၊ တတော- ထိုသခွါး, ဘူး, ဖရုံတောတို့၏အပြင်မှ၊ ပူဂရုက္ခပ္ပမာဏံ- ကွမ်းသီးပင် အတိုင်းအရှည်ရှိသော၊ ဥစ္ဆုဝနံ- ကြံတောသည်၊ (ဌိတံ- တည်ပြီ) တတော- ထိုကြံတော၏ အပြင်မှ၊ ဟတ္ထိဒန္တပ္ပမာဏဖလံ- ဆင်စွယ်(ဆင်သွား) အတိုင်းအရှည်ရှိသော အသီးရှိသော၊ ကဒလိဝနံ- ငှက်ပျောတောသည်၊ (ဌိတံ- တည်ပြီ၊) တတော- ထိုငှက်ပျောတော၏ အပြင်မှ၊ သာလဝနံ- အင်ကြင်းတောသည်၊ (ဌိတံ- တည်ပြီ၊) တဒနန္တရံ- ထိုအင်ကြင်း တော၏ အခြားမဲ့၌၊ စာဋိပ္ပမာဏဖလံ- အိုးစရည်းကြီးအတိုင်းအရှည် အသီးရှိသော၊ ပနသဝနံ- ပိန္နဲတောသည်၊ (ဌိတံ- တည်ပြီ၊) တတော- ထိုပိန္နဲတော၏အပြင်မှ၊ မဓုရဖလံ- ချိုသော အသီးရှိသော၊ စိဉ္စဝနံ- မန်ကျည်းတောသည်၊ (ဌိတံ- တည်ပြီ၊) တတော- ထိုမန်ကျည်းတော၏ အပြင်မှကား၊ (မဓုရဖလံ- ချိုသော အသီးရှိသော၊) အမ္ဗဝနံ- သရက်တောသည် (ဌိတံ- တည်ပြီ) တတော- ထိုသရက်တော၏ အပြင်မှကား၊ ကပိဋ္ဌဝနံ- သီးတောသည်၊ (ဌိတံ- တည်ပြီ၊) တတော- ထိုသီးတော၏ အပြင်မှကား၊ ဩမိဿကော- အရောဖြစ်သော၊ မဟာဝနသဏ္ဍော- ကြီးစွာသော တောအုပ်သည်၊

(ဌိတော- တည်ပြီ) တတော- ထိုတောအုပ်၏ အပြင်မှကား၊ ဝေဠုဝနံ- ဝါးတောသည်၊ (ဌိတံ- တည်၏၊) အယံ- ဤဆိုအပ်ခဲ့ပြီးသည်ကား၊ တသ္မိံကာလေ- ထိုဆဒ္ဒန်ဆင်မင်း ဖြစ်တော်မူသောကာလ၌၊ အဿ- ထိုဆဒ္ဒန်ဆင်မင်း၏၊ သမ္ပတ္တိ- ပြည့်စုံခြင်းတည်း၊ သံယုတ္တဋ္ဌကထာယံပန- သံယုတ္တနိကာယ်အဋ္ဌကထာ၌ကား၊ ဣဒါနိ- ယခုအခါ၌၊ ပဝတ္တမာနသမ္ပတ္တိယေဝ- ဖြစ်သောပြည့်စုံခြင်းကိုသာလျှင်၊ ကထိတာ- ဆိုအပ်ပြီ။

ဝေဠုဝနံပန- ထိုဝါးတောကိုကား၊ သတ္တ- ခုနစ်လုံးကုန်သော၊ ပဗ္ဗတာ- တောင်တို့သည်၊ ပရိက္ခိပိတွာ- ခြံရံ၍၊ ဌိတာ- တည်ကုန်ပြီ၊ တေသံ- ထိုတောင် ခုနစ်လုံးတို့၏၊ ဗာဟိရန္တတော- အစွန်အပမှ၊ ပဋ္ဌာယ- စ၍၊ ပဌမော- ရှေးဦးစွာသော တောင်သည်၊ စူဠကာဠပဗ္ဗတောနာမ- စူဠကာဠတောင်မည်၏၊ ဒုတိယော- နှစ်ခု မြောက်သော တောင်သည်၊ မဟာကာဠပဗ္ဗတောနာမ- မဟာကာဠတောင်မည်၏၊ တတော- ထိုနောင်မှ၊ (တတိယော- သုံးခုမြောက်သောတောင်သည်၊) ဥဒကပဗ္ဗတောနာမ- ဥဒကပဗ္ဗတတောင်မည်၏၊ တတော- ထိုဥဒကပဗ္ဗတတောမှ၊ (အဗ္ဘန္တရိမော- အတွင်း၌ဖြစ်သော တောင်သည်၊) စန္ဒိမပဿပဗ္ဗတောနာမ- စန္ဒိမပဿတောင် မည်၏၊ တတော- ထိုစန္ဒိမပဿတောင်မှ၊ (အဗ္ဘန္တရိမော- အတွင်းဖြစ်သောတောင် သည်၊) သူရိယပဿပဗ္ဗတော နာမ- သူရိယပဿတောင်မည်၏၊ တတော- ထိုသူရိယပဿ တောင်မှ၊ (အဗ္ဘန္တရိမော- အတွင်းဖြစ်သောတောင်သည်၊) မဏိပဿ- ပဗ္ဗတောနာမ- မဏိပဿတောင်မည်၏၊ သတ္တမော- ခုနစ်ခုမြောက်သော တောင် သည်၊ သုဝဏ္ဏပဿပဗ္ဗတောနာမ- သုဝဏ္ဏပဿတောင် မည်၏။

သော- ထိုသုဝဏ္ဏပဿတောင်သည်၊ ဥဗ္ဗေဓတော- အစောက်အားဖြင့်၊ သတ္တယောဇနိကော- ခုနစ်ယူဇနာရှိသည်ဖြစ်၍၊ ဆဒ္ဒန္တဒဟံ- ဆဒ္ဒန်အိုင်ကို၊ ပရိက္ခိ- ပိတွာ- ခြံရံ၍၊ ပတ္တဿ- သပိတ်၏၊ မုခဝဋ္ဋိဝိယ- အနာရေးကဲ့သို့၊ ဌိတော- တည်ပြီ၊ တဿ- ထိုသုဝဏ္ဏပဿတောင်၏၊ အဗ္ဘန္တရိမံ- အတွင်းဖြစ်သော၊ ပဿံ- နံပါးသည်၊ သုဝဏ္ဏဝဏ္ဏံ- ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏၊ တတော- ထိုတောင်၏နံပါးမှ၊ နိက္ခန္တေန- ထွက်သော၊ ဩဘာသေန- အရောင်ဖြင့်၊ ဆဒ္ဒန္တဒဟော- ဆဒ္ဒန်အိုင်သည်၊ သမုဂ္ဂတဗာလသူရိယောဝိယ- ထွက်သစ်သော နေလုလင်ကဲ့သို့၊ ဟောတိ- ဖြစ်၏၊ ဗာဟိရပဗ္ဗတေသု- သုဝဏ္ဏပဿတောင်မှ အပဖြစ်သော တောင်စဉ်ခြောက် ထပ်တို့တွင်၊ ဧကော ပန- တစ်ထပ်သော တောင်သည်ကား၊ ဥဗ္ဗေဓတော- အစောက်

အားဖြင့်၊ ဆယောဇနိကော- ခြောက်ယူဇနာရှိ၏၊ ဧကော- တစ်ထပ်သောတောင်သည်၊ (ဥဗ္ဗေဓတော- အစောက်အားဖြင့်၊) ပဉ္စယောဇနိကော- ငါးယူဇနာရှိ၏၊ ဧကော- တစ်ထပ်သောတောင်သည်၊ (ဥဗ္ဗေဓတော- အားဖြင့်၊) စတ္တာရိယောဇနိကော- လေးယူဇနာရရှိ၏၊ ဧကော- တစ်ထပ်သောတောင်သည် တိဏိယောဇနိကော- သုံးယူဇနာရှိ၏၊ ဧကော- တစ်ထပ်သောတောင်သည်၊ ဒွေ ယောဇနိကော- နှစ်ယူဇနာရှိ၏၊ ဧကော- တစ်ထပ်သောတောင်သည် ယောဇနိကော- တစ်ယူဇနာ ရှိ၏၊ ပန- ဆက်ဦးအံ့ ဧဝံ- ဤသို့ သတ္တပဗ္ဗတပရိက္ခိတ္တဿ- တောင်စဉ်ခုနစ်ထပ်တို့ဖြင့် ခြံရံအပ်သော၊ တဿဒဟဿ- ထိုဆဒ္ဒန်အိုင်၏၊ ပုဗ္ဗုတ္တရကဏ္ဍေ- အရှေ့မြောက်ထောင့်၌၊ ဥဒကဝါတပ္ပဟရဏောကာသေ- ရေမှတက်သောလေဖြင့်ခပ်ရာ အရပ်၌၊ မဟာနိဂြောဓရုက္ခော- ပညောင်ပင်ကြီးသည်၊ အတ္ထိ- ရှိ၏၊ တဿ- ထိုပညောင်ပင်၏၊ ခန္ဓော- ပင်စည်သည်၊ ပရိက္ခေပတော- လုံးပတ်အားဖြင့်၊ ပဉ္စယောဇနိကော- ငါးယူဇနာရှိ၏၊ ဥဗ္ဗေဓတော- အစောက်အားဖြင့် သတ္တယောဇနိကော- ခုနစ်ယူဇနာရှိ၏၊ စတူသုဒိသာသု- အရပ်လေးမျက်နှာတို့၌၊ စတဿော- လေးခုကုန်သော၊ သာခါ- ခက်မတို့သည်၊ ဆယောဇနိကာ- ခြောက်ယူဇနာစီရှိကုန်၏၊ ဥဒ္ဓံ- အထက်သို့၊ ဥဂ္ဂတသာခါပိ- တက်သောခက်မတို့သည်လည်း၊ ဆယောဇနိကာဝ- ခြောက်ယူဇနာရှိကုန်သည်သာလျှင် တည်း၊ ဣတိ- ဤသို့၊ ဝါ- ဤသို့ပင်စည် ခုနစ်ယူဇနာ, အထက်သို့တက်သော ခက်မခြောက်ယူဇနာရှိသောကြောင့်၊ သော- ထိုပညောင်ပင်သည်၊ မူလတော- အမြစ်ရင်းမှ၊ ပဋ္ဌာယ- စ၍၊ ဥဗ္ဗေဓေန- အစောက်အားဖြင့်၊ တေရသယောဇနိကော- တစ်ဆယ့်သုံးယူဇနာရှိ၏၊ သာခါနံ- ခက်မလေးဖြာတို့၏၊ ဩရိမန္တတော- ဤမှာဘက်အစွန်းမှ၊ ယာဝ ပါရိမန္တာ- ထိုမှာဘက်အစွန်းတိုင်အောင်၊ ဒွါဒသယောဇနိကော- တစ်ဆယ့်နှစ်ယူဇနာရှိ၏၊ အဋ္ဌဟိ ပါရောဟ သဟဿေဟိ- ရှစ်ထောင်ကုန်သော ပါးပျဉ်းတို့ဖြင့်၊ ပဋိမဏ္ဍိတော- တန်ဆာဆင်အပ်၏၊ မုဏ္ဍမဏိပဗ္ဗတောဝိယ- ဦးပြည်းသော မြတောင်ကဲ့သို့၊ ဝိလာသမာနော- တင့်တယ်လျက်၊ တိဋ္ဌတိ- တည်၏၊ ပန- ဆက်ဦးအံ့၊ ဆဒ္ဒန္တဒဟဿ- ဆဒ္ဒန်အိုင်၏၊ ပစ္ဆိမဒိသာ ဘာဂေ- အနောက်အရပ်မျက်နှာအဖို့ဖြစ်သော၊ သုဝဏ္ဏပဿပဗ္ဗတေ- ရွှေနံပါးတောင်၌၊ ဒွါဒသယောဇနိကာ- တစ်ဆယ့်နှစ်ယူဇနာရှိသော၊ ကဉ္စနဂုဟာ- ရွှေဂူသည်၊ တိဋ္ဌတိ- တည်၏၊ ဆဒ္ဒန္တောနာမ- ဆဒ္ဒန်အမည်ရှိသော၊ နာဂရာဇာ- ဆင်မင်းသည်၊ ဝဿာရတ္တေ- မိုးလအခါ၌လည်းကောင်း၊ ဟေမန္တေ- ဆောင်းလအခါ၌လည်းကောင်း၊ အဋ္ဌသ-

ဟာဿ- နာဂပရိဝုတော- ရှစ်ထောင်သောဆင်တို့ဖြင့် ခြံရံလျက်၊ ကဥ္စနဂူဟာယံ- ရွှေဂူ၌၊ ဝသတိ- နေ၏၊ ဂိမှကာလေ- နွေအခါ၌၊ ဥဒကဝါတံ- ရေမှတက်သော လေညှင်းကို၊ သမ္ပဋိစ္ဆမာနော- ခံလျက်၊ နိဂြောဓမူလေ- ပညောင်ပင်ကြီးရင်း၌၊ ပါရောဟန္တရေ- ပါးပျဉ်းကြား၌၊ တိဋ္ဌတိ- တည်၏။

အထ- ထိုအခါ၌၊ အဿ- ထိုဆဒ္ဒန်ဆင်မင်းအား၊ ဧကဒိဝသံ- တစ်နေ့သ၌၊ "မဟာသာလဝနံ- များစွာသော အင်ကြင်းတောသည်၊ ပုပ္ဖိတံ- ကောင်းစွာ ပွင့်ပြီ" ဣတိ- ဤသို့၊ တရုဏနာဂါ- အခြံအရံဆင်ပျိုတို့သည်၊ အာဂန္တွာ- လာကုန်၍၊ အာရောစယိံသု- ပြောကြားကုန်ပြီ၊ သော- ထိုဆဒ္ဒန်ဆင်မင်းသည်၊ သပရိဝါရော- အခြံအရံနှင့် တကွဖြစ်သည်၊ (ဟုတွာ- ဖြစ်၍၊) "သာလကီဠံ- အင်ကြင်းပင်တော သဘင် ကစားခြင်းကို၊ ကီဠိဿာမိ- ကစားအံ့၊" ဣတိ- ဤသို့၊ သာလဝနံ- အင်ကြင်းတောသို့၊ ဂန္တွာ- သွား၍၊ သုပုပ္ဖိတံ- ကောင်းစွာ ပွင့်သော၊ ဧကံ- တစ်ခု သော၊ သာလရုက္ခံ- အင်ကြင်းပင်ကို၊ ကုမ္ဘေန- ဦးကင်းဖြင့်၊ ပဟာရိ- ခိုက်(ခတ်)ပြီ၊ တဒါ- ထိုအခါ၌၊ စူဠသုဘဒ္ဒါ- စူဠသုဘဒ္ဒါမည်သော မိဖုရားသည်၊ ပဋိဝါတပဿေ- လေညာနံပါး၌၊ ဌိတာ- တည်နေ၏၊ တဿာ- ထိုစူဠသုဘဒ္ဒါ မိဖုရား၏၊ သရီရေ- ကိုယ်ပေါ်၌၊ သုက္ခဒဏ္ဍကမိဿကာနိ- ခြောက်သောသစ်ခက်နှင့်ရောကုန်သော၊ ပုရာဏပဏ္ဏာနိစေဝ- သစ်ရွက်ရော်တို့သည်လည်းကောင်း၊ တမ္ဗကိပိလ္လိကာနိစ- ခါချဉ်တို့သည်လည်းကောင်း၊ ပတိံသု- ကျကုန်ပြီ၊ မဟာသုဘဒ္ဒါ- မဟာသုဘဒ္ဒါ မိဖုရားသည်၊ အဓောဝါတပဿေ- လေကြေနံပါး၌၊ ဌိတာ- တည်နေပြီ၊ တဿာ- ထိုမဟာသုဘဒ္ဒါမိဖုရား၏၊ သရီရေ- ကိုယ်ပေါ်၌၊ ပုပ္ဖရေဏုကိဉ္ဇက္ခပတ္တာနိ- ပန်းဝတ်မှုံ, ဝတ်ဆံ, ပွင့်ချပ်တို့သည်၊ ပတိံသု- ကျကုန်ပြီ၊ စူဠသုဘဒ္ဒါ- စူဠသုဘဒ္ဒါ သည်၊ "အယံ နာဂရာဇာ- ဤဆဒ္ဒန်ဆင်မင်းသည်၊ အတ္တနော- မိမိ၏၊ ပိယဘရိယာယ- ချစ်သော မယား၏၊ ဥပရိ- အပေါ်၌၊ ပုပ္ဖရေဏုကိဉ္ဇက္ခပတ္တာနိ- ပန်းဝတ်မှုံ, ဝတ်ဆံ, ပွင့်ချပ်တို့ကို၊ ပါတေသိ- ကျစေပြီ၊ မမ- ငါ၏၊ သရီရေ- ကိုယ်ပေါ်၌၊ သုက္ခဒဏ္ဍကမိဿာနိ- သစ်ခက်ခြောက်နှင့် ရောကုန်သော၊ ပုရာဏပဏ္ဏာနိစေဝ- သစ်ရွက်ရော်တို့ကို လည်းကောင်း၊ တမ္ဗကိပိလ္လိကာနိစ- ခါချဉ်တို့ကိုလည်းကောင်း၊ ပါတေသိ- ကျစေဘိပြီ၊ ဟောတု- ဖြစ်စေ၊ ကာတဗ္ဗံ- ပြုသင့်သောအမှုကို၊ ဇာနိဿာမိ- သိရလတ္တံ့၊" ဣတိ- ဤသို့၊ မဟာသတ္တေ- ဘုရားလောင်း၌၊ ဝေရံ- ရန်ငြိုးကို၊ ဗန္ဓိ- ဖွဲ့ပြီ။

အပရမ္ပိဒိဝံ- တစ်ပါးသော နေ့၌လည်း၊ နာဂရာဇာ- ဆဒ္ဒန်ဆင်မင်းသည်၊ သပရိဝါရော- အခြံအရံနှင့် တကွဖြစ်သည်၊ (ဟုတ္វာ- ၍၊) နှာနတ္ထာယ- ရေချိုးခြင်း အကျိုးငှာ၊ ဆဒ္ဒန္တဒဟံ- ဆဒ္ဒန်အိုင်သို့၊ ဩတရိ- သက်ဆင်းပြီ၊ အထ- ထိုအခါ၌၊ ဒွေ- နှစ်စီးကုန်သော၊ တရုဏနာဂါ- ဆင်ပျိုတို့သည်၊ သောဏ္ဍာဟိ- နှာမောင်းတို့ဖြင့်၊ ဥသိရကလာပေ- ပန်းရင်စည်းတို့ကို၊ ဂဟေတွာ- ကိုင်၍၊ ကေလာသကူဋံ- ငွေတောင်ထွဋ်ကို၊ မဇ္ဇန္တာဝိယ- သုတ်သင်ကုန်သကဲ့သို့၊ နှာပေသုံ- ရေချိုးစေကုန်ပြီ၊ တသ္မိံ- ထိုဆဒ္ဒန်ဆင်မင်းသည်၊ နှတွာ- ရေချိုးပြီး၍၊ ဥတ္တိဏ္ဏေ- တက်လတ်သော်၊ ဒွေ- နှစ်ဦးကုန်သော၊ ကရေဏုယော- စူဠသုဘဒ္ဒါ, မဟာသုဘဒ္ဒါ ဆင်မမိဖုရားတို့ကို၊ နှာပေသုံ- ရေချိုးစေကုန်ပြီ၊ တာပိ- ထိုမိဖုရားဆင်မတို့သည်လည်း၊ (နှတွာ- ရေချိုးပြီး၍၊) ဥတ္တရိတွာ- တက်လတ်၍၊ မဟာသတ္တဿ- ဘုရားလောင်း၏၊ သန္တိကေ- အထံ၌၊ အဋ္ဌံသု- နေကုန်ပြီ၊ တတော- ထိုနောင်မှ၊ အဋ္ဌသဟဿနာဂါ- ရှစ်ထောင်ကုန်သော ဆင်တို့သည်၊ သရံ- ဆဒ္ဒန်အိုင်သို့၊ ဩတရိတွာ- သက်ဆင်းကုန်၍၊ ဥဒကကီဠံ- ရေကစားခြင်းကို၊ ကီဠိတွာ- ကစားပြီး၍၊ သရတော- အိုင်မှ၊ နာနာပုပ္ဖာနိ- အထူးထူးသော ပန်းတို့ကို၊ အာဟရိတွာ- ဆောင်ခဲ့ကုန်၍၊ ရဇတထူပံ- ငွေစေတီကို၊ အလင်္ကရောန္တာဝိယ- တန်ဆာဆင်ကုန်သကဲ့သို့၊ မဟာသတ္တံ- ဘုရားလောင်းကို၊ အလင်္ကရိတွာ- တန်ဆာဆင်ကုန်ပြီး၍၊ ပစ္ဆာ- နောက်မှ၊ ဒွေ- နှစ်ဦးကုန်သော၊ ကရေဏုယော- စူဠသုဘဒ္ဒါ, မဟာသုဘဒ္ဒါ မိဖုရားတို့ကို၊ အလင်္ကရိံသု- တန်ဆာဆင်ကုန်ပြီ အထ- ထိုအခါ၌၊ ဧကော- တစ်စီးသော၊ ဟတ္ထီ- ဆင်သည်၊ သရေ- ဆဒ္ဒန်အိုင်၌၊ ဝိစရန္တော- လှည့်လည်လတ်သော်၊ သတ္တုဿဒယံနာမ- ပွင့်ချပ် ခုနစ်ဆင့်ရှိသော သတ္တုဿဒယမည်သော၊ မဟာပဒုမံ- ကြီးစွာသော ပဒုမာကြာပွင့်ကို၊ လဘိတွာ- ရ၍၊ အာဟရိတွာ- ဆောင်ယူခဲ့၍၊ မဟာသတ္တဿ- ဘုရားလောင်းအား၊ အဒါသိ- ပေးပြီ၊ ဝါ- ဆက်ပြီ၊ သော- ထိုဘုရားလောင်းဆဒ္ဒန်ဆင်မင်းသည်၊ တံ- ထိုကြာပွင့်ကို၊ သောဏ္ဍာယ- နှာမောင်းဖြင့်၊ ဂဟေတွာ- ယူ၍၊ ရေဏုံ- ဝတ်မှုံ ဝတ်ဆံကို၊ ကုမ္ဘေ- ဦးကင်း၌၊ ဩကိရိတွာ- ကြဲပြီး၍၊ ဇေဋ္ဌကာယ- မိဖုရားကြီးဖြစ်သော၊ မဟာသုဘဒ္ဒါယ- မဟာသုဘဒ္ဒါအား၊ အဒါသိ- ပေးပြီ၊ တံ- ထိုသို့ပေးသည်ကို၊ ဒိသွာ- မြင်၍၊ ဣတရာ- တစ်ပါးသော စူဠသုဘဒ္ဒါသည်၊ "သတ္တုဿဒယံ- ပွင့်ချပ်ခုနစ်ဆင့်ရှိသော၊ ဣဒမ္ပိ မဟာပဒုမံ- ဤပဒုမာကြာပွင့်ကြီးကိုလည်း၊ အတ္တနော- မိမိ၏၊ ပိယဘရိယာယဧဝ- ချစ်မြတ်နိုးသော မယားအားသာလျှင်၊ အဒါသိ- ပေးပြီ၊ မယှံ- ငါ့အား၊ န အဒါသိ-

မပေးပြီ၊” က္လတိ- ဤသို့ (ဟဒယေ- နှလုံး၌၊ ဌပေတွာ- ထား၍၊) ပုနပိ- တစ်ဖန်လည်း၊ တသ္မိံ- ထိုဘုရားလောင်း၌၊ ဝေရံ- ရန်ငြိုးကို၊ ဗန္ဓိ- ဖွဲ့ပြီ။

အထ- ထိုအခါ၌၊ ဧကဒိဝသံ- တစ်နေ့သ၌၊ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ မဓုရဖလာနိစေဝ- ချိုစွာသော သစ်သီးတို့ကိုလည်းကောင်း၊ ဘိသမုဠာလာနိစ- ကြာစွယ် ကြာရင်းတို့ကိုလည်းကောင်း၊ ပေါက္ခရမဓုနာ- ကြာပျားရည်နှင့်၊ ယောဇေတွာ- ယှဉ်စေ၍၊ ပဥ္စသတေ- ငါးရာကုန်သော၊ ပစ္စေကဗုဒ္ဓေ- ပစ္စေကဗုဒ္ဓါတို့ကို၊ ဘောဇေန္တေ- လုပ်ကျွေးလတ်သော်၊ စူဠသုဘဒ္ဒါ- စူဠသုဘဒ္ဒါသည်၊ အတ္တနာမိမိသည်၊ လဒ္ဓဖလာဖလံ- ရအပ်သော သစ်သီးကြီးငယ်ကို၊ ပစ္စေကဗုဒ္ဓါနံ- အရှင်ပစ္စေကဗုဒ္ဓါတို့အား၊ ဒတွာ- လှူ၍၊ “ဘန္တေ- အရှင်ဘုရားတို့ (အဟံ- အကျွန်ုပ်သည်၊) ဣတော- ဤဘဝမှ၊ စဝိတွာ- စုတေ၍၊ မဒ္ဒရာဇကုလေ- မဒ္ဒရာဇ်မင်းမျိုး၌၊ နိဗ္ဗတ္တိတွာ- ဖြစ်၍၊ သုဘဒ္ဒါနာမ- သုဘဒ္ဒါအမည်ရှိသော၊ ရာဇကညာ- မင်းသမီးသည်၊ ဟုတွာ- ဖြစ်၍၊ ဝယပ္ပတ္တာ- အရွယ်သို့ရောက်သည်ဖြစ်၍၊ ဗာရာဏသိရညော- ဗာရာဏသီမင်း၏၊ အဂ္ဂမဟေသိဘာဝံ- မိဖုရားကြီး၏အဖြစ်သို့ ပတွာ- ရောက်၍၊ တဿ- ထိုဗာရာဏသီမင်း၏၊ ပိယာ- ချစ်အပ်သူသည်၊ မနာပါ- နှလုံးကို တိုးပွားစေတတ်သူသည်၊ (ဟုတွာ- ၍၊) တံ- ထို ဗာရာဏသီမင်းကို၊ အတ္တနော- မိမိ၏၊ ရုစိံ- နှစ်သက်သော အလိုကို၊ ကာရေတုံ- ပြုစေခြင်းငှာ၊ သမတ္ထာ- စွမ်းနိုင်သည်ဖြစ်၍၊ တဿ- ထိုဗာရာဏသီမင်းအား၊ အာစိက္ခိတွာ- ပြောကြား၍၊ ဧကံ- တစ်ယောက်သော၊ လုဒ္ဒကံ- မုဆိုးကို၊ ပေသေတွာ- စေလွှတ်၍၊ ဣမံဟတ္ထိံ- ဤ ဆင်မင်းကို၊ ဝိသပီတေန- အဆိပ်လူးသော၊ သလ္လေန- မြားဖြင့်၊ ဝိဇ္ဈာပေတွာ- ပစ်သတ်၍၊ ဇီဝိတက္ခယံ- အသက်ကုန်ခြင်းသို့ ပါပေတွာ- ရောက်စေပြီး၍၊ ဆဗ္ဗဏ္ဏရံသိံ- ခြောက်သွယ်သောအဆင်းရှိသော ရောင်ခြည်တော်ကို၊ ဝိဿဇ္ဇေန္တေ- လွှတ်ကုန်သော၊ ယမကဒန္တေ- အစုံဖြစ်ကုန်သော စွယ်တော်တို့ကို၊ အာဟရာပေတုံ- ဆောင်ယူစေခြင်းငှာ၊ သမတ္ထာ- စွမ်းနိုင်သည်၊ ဟောမိ- ဖြစ်ရပါလို၏၊” က္လတိ- ဤသို့ ပတ္ထနံ- ဆုတောင်းခြင်းကို၊ ဌပေသိ- ထားပြီ၊ သာ- ထိုစူဠသုဘဒ္ဒါသည်၊ တတော- ထိုဆုတောင်းသောအခါမှ၊ ပဋ္ဌာယ- စ၍၊ ဂေါစရံ- အစာကို၊ အဂ္ဂဟေတွာ- မယူမူ၍၊ သုဿိတွာ- ခြောက်ကပ်၍၊ နစိရဿေဝ- မကြာမြင့်မီသာလျှင်၊ ကာလံ- သေခြင်းကို၊ ကတွာ- ပြု၍၊ မဒ္ဒရဋ္ဌေ- မဒ္ဒရာဇ်တိုင်း၌၊ ရာဇအဂ္ဂမဟေသိယာ- မဒ္ဒရာဇ်မင်းကြီး၏ မိဖုရားကြီး၏၊ ကုစ္ဆိမှိ- ဝမ်း၌၊ နိဗ္ဗတ္တိ- ဖြစ်ပြီ၊ အဿာ- ထိုမင်းသမီးအား၊ သုဘဒ္ဒါတိ- သုဘဒ္ဒါဟူသော၊ နာမံ- အမည်ကို၊ ကရိံသု- မှည့်ကုန်

ပြီ၊ အထ- ထိုအခါ၌၊ ဝယပ္ပတ္တံ- အရွယ်သို့ ရောက်သော၊ နံ- ထိုသုဘဒ္ဒါမင်းသမီးကို၊ ဗာရာဏသိရညော- ဗာရာဏသီမင်းအား၊ အဒါသုံ- ပေးကုန်ပြီ၊ သာ- ထိုသုဘဒ္ဒါမင်းသမီးသည်၊ တဿ- ထိုဗာရာဏသီမင်း၏၊ ပိယာ- ချစ်အပ်သူသည်၊ မနာပါ- စိတ်နှလုံးကို တိုးပွားစေတတ်သူသည်၊ အဟောသိ- ဖြစ်ပြီ၊ သောဠသန္နံ ဣတ္ထိသဟဿာနံ- တစ်သောင်းခြောက်ထောင်ကုန်သော မိန်းမတို့၏၊ ဇေဋ္ဌကာ- အကြီးသည်၊ ဟုတွာ- ဖြစ်၍၊ ဇာတိဿရဉာဏဥ္စ- ရှေးအဖြစ်ကို သိတတ်သော ဇာတိဿရ ဉာဏ်ကိုလည်း၊ ပဋိလဘိ- ရပြီ။

သာ- ထိုသုဘဒ္ဒါ မိဖုရားသည်၊ "မေ- ငါ၏၊ ပတ္ထနာ- ဆုတောင်းခြင်းသည်၊ သမိဒ္ဓါ- ပြည့်စုံပြီ၊ ဣဒါနိ- ယခုအခါ၌၊ တဿ နာဂဿ- ထိုဆင်မင်း၏၊ ယမကဒန္တေ- အစုံဖြစ်ကုန်သော အစွယ်တို့ကို၊ အာဟာရပေဿာမိ- ဆောင်ယူစေအံ့၊" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ၊ တတော- ထိုသို့ ကြံပြီးသည်မှ၊ သရီရံ- ကိုယ်ကို၊ တေလေန- ဆီဖြင့်၊ မက္ခေတွာ- လိမ်းကျံ၍၊ ကိလိဋ္ဌဝတ္ထံ- ညစ်နွမ်းသော အဝတ်ကို၊ နိဝါသေတွာ- ဝတ်၍၊ ဂိလာနာကာရံ- ဖျားနာသောအခြင်းအရာကို၊ ဒဿေတွာ- ပြ၍၊ သိရိဂဗ္ဘံ- ကျက်သရေရှိသော တိုက်ခန်းသို့၊ ပဝိသိတွာ- ဝင်၍၊ ပဉ္စကေ- ညောင်စောင်းငယ်၌၊ နိပဇ္ဇိ- အိပ်ပြီ၊ ရာဇာ- မင်းသည်၊ "သုဘဒ္ဒါ- သုဘဒ္ဒါသည်၊ ကုဟိံ- အဘယ်မှာနည်း၊" ဣတိ- ဤသို့၊ ဝတွာ- မေး၍၊ "ဂိလာနာ- ဖျားနာသည်၊ (အသိ- ဖြစ်၏၊)" ဣတိ- ဤသို့၊ သုတွာ- ကြားရ၍၊ သိရိဂဗ္ဘံ- ကျက်သရေရှိသော တိုက်ခန်းသို့၊ ပဝိသိတွာ- ဝင်၍၊ မဉ္စကေ- ညောင်စောင်းငယ်၌၊ နိသီဒိတွာ- ထိုင်၍၊ တဿာ- ထိုမိဖုရား၏၊ ပိဋ္ဌိ- ကျောကို၊ ပရိမဇ္ဇန္တော- သုံးသပ်လျက်၊ (ကာရဏံ- အကြောင်းကို၊ ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍၊ "ကိံ နု သောစသိ'နုစ္စင်္ဂိ (ပ) ပရိမဒ္ဒိတာ" တိ- "ကိံ နု သောစသိ'နုစ္စင်္ဂိ (ပ) ပရိမဒ္ဒိတာ"ဟူသော၊ ပဌမံ- ရှေးဦးစွာသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၉၇။ [အနုစ္စင်္ဂိ(အနုစ္စင်္ဂီ)]- ရွှေအဆင်းကဲ့သို့ ဝင်းဝင်းငြီးသော ကိုယ်ရှိသော သုဘဒ္ဒါမိဖုရား၊ တွံ- ရှင်မိဖုရားသည်၊ ကိံ- အဘယ်ကို၊ သောစသိနု- စိုးရိမ်ဘိသနည်း၊ [ဝရဝဏ္ဏိနိ(ဝရဝဏ္ဏနီ)]- မြတ်သော အဆင်းရှိသော မိဖုရား၊ တွံ- ရှင်မိဖုရားသည်၊ ပဏ္ဍု- ဖက်ရွက်ကဲ့သို့ ဖြော့တော့သော ကိုယ်ရှိသည်၊ အသိ- ဖြစ်ဘိ၏၊ ဝိသာလက္ခိ- တင့်တယ်သောမျက်နှာရှိသော သုဘဒ္ဒါ

မိဖုရား၊[၁] တွံ- ရှင်မိဖုရားသည်၊ ပရိမဒ္ဒိတာ- လက်ဖြင့် ဆုပ်နယ်အပ်သော၊ မာလာဝ- ပဒုမ္မာကြာပန်းကဲ့သို့ မိလာယသိ- ညှိုးနွမ်း ဘိ၏။

တတ္ထ- ထိုကိံနုသောစသိစသော ဂါထာ၌၊ အနုစ္စင်္ဂီတိ- အနုစ္စင်္ဂီဟူသည်ကား၊[၂] ကဥ္စနသန္နိဘသရီရေ- ရွှေအဆင်းကဲ့သို့ တောက်ပသော ကိုယ်ရှိသော မိဖုရား၊ မာလာဝ ပရိမဒ္ဒိတာတိ- မာလာဝပရိမဒ္ဒိတာဟူသည်ကား၊ ဟတ္ထေဟိ- လက်တို့ဖြင့်၊ ပရိမဒ္ဒိတာ- ဆုပ်နယ်အပ်သော၊ ပဒုမမာလာ ဝိယ- မဒုမ္မာကြာပန်းကဲ့သို့။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ သာ- ထိုသုဘဒ္ဒါမိဖုရားသည်၊ ဣတရံ- တစ်ပါးသောမင်းကို၊ (ကာရဏံ- မိမိအကြောင်းကို၊ ကထေန္တော- ပြောကြား လိုသည်ဖြစ်၍၊) "ဒေါဟဠော မေ မဟာရာဇ (ပ) ယာဒိသော မမ ဒေါဟဠော"တိ- "ဒေါဟဠော မေ မဟာရာဇ (ပ) ယာဒိသော မမ ဒေါဟဠော"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၉၈။ မဟာရာဇ- မြတ်သောမင်းကြီး၊ မေ- အကျွန်ုပ်အား၊ ဒေါဟဠော- ချင်ခြင်းသည်၊ ဥပ္ပဇ္ဇိ- ဖြစ်၏၊ သုပိနန္တေန- အိမ်မက်၌၊ ဥပဗ္ဗဂါ- မြင်မက် သော၊ မယာ- ကျွန်ုပ်သည်၊ ဒိဋ္ဌော- မြင်မက်သော၊ အစ္ဆရိယော- အံ့ဘွယ် သရဲသည်၊ အတ္ထိ- ရှိ၏၊ ယာဒိသော- အကြင်သို့သဘောရှိသော၊ မမ- အကျွန်ုပ်၏၊ ဒေါဟဠော- ချင်ခြင်းသည်၊ ဥပ္ပဇ္ဇတိ- ဖြစ်၏၊ သော-တာဒိသော- ထိုသို့သဘောရှိသော ချင်ခြင်းသည်၊ သုလဘရူပေါဝ- ရလွယ်သော သဘောရှိ သကဲ့သို့၊ နဟောတိ- မဖြစ်။

တတ္ထ- ထိုဒေါဟဠောစသော ဂါထာ၌၊ န သောတိ- နသောဟူသည်ကား၊ ယာဒိသော- အကြင်သို့ သဘောရှိသော၊ မမ- ငါ၏၊ သုပိနန္တေန- အိမ်မက်၌၊ ဥပဗ္ဗဂါ- မြင်မက်သော၊ သုပိနေ- အိမ်မက်၌၊ ပဿန္တိယာ- မြင်မက်သော၊ မယာ- ငါသည်၊ ဒိဋ္ဌော- မြင်အပ်သော၊ ဒေါဟဠော- ချင်ခြင်းသည်၊ (အတ္ထိ- ရှိ၏၊) သော- ထိုချင်ခြင်းသည်၊

---

၁။ ဝိသာလ- ကျယ်ပြန့်သော၊ အက္ခိ- မျက်စိ၊ ဝိုင်းဝိုင်းစက်စက် ကျက်သရေရှိသော မျက်လုံးပိုင်ဟု ဆိုလိုသည်။

၂။ အနုစ္စင်္ဂီ=အန+ဥဇု+အင်္ဂ+ဤ =အနုဇ္ဇင်္ဂီ-ဟုရှိသော်လည်း ဇဗျည်းမှ ဇ-ဗျည်းသို့ အသံပြောင်းသွားသည်၊ မဖြောင့်သော ခန္ဓာကိုယ်ပုံစံရှိသူ၊ အကွေ့အဝိုက်တို့ဖြင့် လှပသော ခန္ဓာကိုယ်ရှိသော အမျိုးသမီးဟု ဆိုလိုသည်၊ အဌကထာအဖွင့်ကား အဓိပ္ပါယတ္ထသာ။

သုလဘာရူပေါ ဝိယ- ရလွယ်သော သဘောရှိသကဲ့သို့ န ဟောတိ- မဖြစ်၊ သော- ထိုချင်ခြင်းသည်၊ ဒုလ္လဘော- ရနိုင်ခဲ၏၊ ပန- ဆက်၍ဆိုဦးအံ့၊ တံ- ထိုချင်ခြင်းကို၊ အလဘန္တိယာ- မရသော၊ မယှံ- ငါ၏၊ ဇီဝိတံ- အသက်ရှင်ခြင်းသည်၊ နတ္ထိ- မရှိ၊ ဣတိ- ဤသို့- အဝစ- ပြောပြီ။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ရာဇာ- မင်းကြီးသည်၊ (မဟောသိယာ- မိဖုရားကြီး၏၊ ဒေါဟဠံ- ချင်ခြင်းကို၊ ပဋိဇာနန္တော- ဝန်ခံလိုသည်ဖြစ်၍၊) "ယေ ကေစိ မာနုသာ ကာမာ (ပ) အဟံ တေ ဒမ္မိ ဒေါဟဠ"န္တိ- "ယေ ကေစိ မာနုသာ ကာမာ (ပ) အဟံ တေ ဒမ္မိ ဒေါဟဠံ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၉၉။ သုဘဂ္ဂေ- သုဘဂ္ဂါမိဖုရား၊ ဣမလောကမှိ- ဤလူ့ရွာ၌၊ မာနုသာ- လူတို့သည်၊ ကာမာ- တောင့်တအပ်ကုန်သော၊ ယေကေစိ- ခပ်သိမ်းကုန်သော ရတနာခုနှစ်ပါး ကာမဂုဏ်ငါးပါးတို့သည်၊ သန္တိ- ရှိကုန်၏၊ နန္ဒနေ- နှစ်သက်ဖွယ် ရှိသော သုဘဂ္ဂါမိဖုရား၊ သဗ္ဗေ- ခပ်သိမ်းကုန်သော၊ တေ- ထိုဝတ္ထုကာမဂုဏ် ကိလေသာကာမဂုဏ်တို့သည်၊ မယှံ- ငါအား၊ ပစုရာ- များစွာ ရလွယ်ကုန်၏၊ အဟံ- ငါသည်၊ တေ- သင်အား၊ ဒေါဟဠံ- ချင်ခြင်းဖြစ်သော ဝတ္ထုကို၊ ဒမ္မိ- ပေးအံ့။

တတ္ထ- ထိုယေကေစိစသော ဂါထာ၌၊ ပစုရာတိ- ပစုရာဟူသည်ကား၊ ဗဟူ- များစွာ၊ သုလဘာ- ရလွယ်ကုန်၏။

တံ- မင်းကြီးဆိုသော ထိုစကားကို၊ သုတွာ- ကြား၍၊ ဒေဝီ- သုဘဂ္ဂါမိဖုရားသည်၊ "မဟာရာဇ- မြတ်သောမင်းကြီး၊ မမ- အကျွန်ုပ်၏၊ ဒေါဟဠော- ချင်ခြင်းသည်၊ ဒုလ္လဘော- အလွန်ရခဲ၏၊ (အဟံ- အကျွန်ုပ်သည်၊) တံ- ထိုချင်ခြင်းကို၊ ဣဒါနိ- ယခုအခါ၌၊ နကထေမိ- မပြောဆိုသေး၊ ပန- စင်စစ်သော်ကား၊ တေ- အရှင်မင်းကြီး၏၊ ဝိဇိတေ- နိုင်ငံတော်အတွင်း၌၊ ယာဝတ္တကာ- အကြင်မျှလောက်ကုန်သော၊ လုဒ္ဒါ- မုဆိုးတို့သည်၊ (သန္တိ- ရှိကုန်၏၊) (တုမ္ဟေ- သင်အရှင်မင်းကြီးတို့သည်၊) တေသဗ္ဗေ- ထိုအလုံးစုံကုန်သော မုဆိုးတို့ကို၊ သန္နိပါတေထ- စည်းဝေးစေတော်မူကုန်လော့၊ တေသံ- ထိုမုဆိုးတို့၏၊ မဇ္ဈေ- အလယ်၌၊ ကထေဿာမိ- ပြောဆိုပါအံ့၊" ဣတိ- ဤသို့ ဒီပေန္တီ- ပြလိုသည်ဖြစ်၍၊ "လုဒ္ဒါ ဒေဝ သမာယန္တု (ပ) ယာဒိသော မမ ဒေါဟဠော"တိ- "လုဒ္ဒါ ဒေဝ သမာယန္တု (ပ) ယာဒိသော မမ ဒေါဟဠော"ဟူသော၊ အနန္တရံ- အခြားမဲ့ဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၁၀၀။ ဒေဝ- အရှင်မင်းကြီး၊ တဝ- အရှင်မင်းကြီး၏၊ ဝိဇိတေ- နိုင်ငံတော်၌၊ ယေကေစိ- အလုံးစုံကုန်သော၊ လုဒ္ဒါ- မုဆိုးတို့သည်၊ သန္တိ- ရှိကုန်၏၊ တေသဗ္ဗေ- ထိုအလုံးစုံသော မုဆိုးတို့သည်၊ သမာယန္တု- ညီညွတ်လာစေကုန်သတည်း၊ ဧတေသံ- ထိုမုဆိုးတို့အား၊ မမ- အကျွန်ုပ်၏၊ ယာဒိသော- အကြင်သို့ သဘောရှိသော၊ ဒေါဟဠော- ချင်ခြင်းသည်၊ အတ္ထိ- ရှိ၏၊ တာဒိသံ- ထိုသို့သဘောရှိသော ချင်ခြင်းကို၊ အဟံ- အကျွန်ုပ်သည်၊ အက္ခိဿံ- ကြားပါအံ့။

ရာဇာ- မင်းကြီးသည်၊ "သာဓူ"- ကောင်းပြီ၊ ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) သိရိဂဗ္ဘာ- ကျက်သရေရှိသော တိုက်ခန်းမှ၊ နိက္ခမိတွာ- ထွက်ခဲ့ပြီး၍၊ "ယာဝတိကာ- အကြင်မျှလောက်ကုန်သော၊ တိယောဇနသတိကေ- ယူဇနာသုံးရာရှိသော၊ ကာသိကရဋ္ဌေ- ကာသိတိုင်း၌၊ လုဒ္ဒါ- မုဆိုးတို့သည်၊ (သန္တိ- ရှိကုန်၏၊) တေသံ- ထိုအလုံးစုံကုန်သော မုဆိုးတို့အား၊ သန္နိပါတတ္ထာယ- စည်းဝေးခြင်း၏အကျိုးငှာ၊ ဘေရိံ- စည်ကို၊ စရာပေထ- လည်စေကုန်လော၊" ဣတိ- ဤသို့ အမစ္စေ- မှူးတော်မတ်တော်တို့ကို၊ အာဏာပေသိ- စေခိုင်းပြီ၊ တေ- ထိုမှူးတော်မတ်တော်တို့သည်၊ တထာ- ထိုမင်းကြီးဆိုတိုင်း၊ အကံသု- ပြုကုန်ပြီ၊ နစိရဿေဝ- မကြာမြင့်မီသာလျှင်၊ ကာသိရဋ္ဌဝါသိနော- ကာသိတိုင်း၌နေကုန်သော၊ လုဒ္ဒါ- မုဆိုးတို့သည်၊ ယထာဗလံ- အစွမ်းအားအလျောက်၊ ပဏ္ဏာကာရံ- လက်ဆောင်ပဏ္ဏာကို၊ ဂဟေတွာ- ယူကုန်၍၊ အာဂန္တွာ- လာကုန်၍၊ အာဂတဘာဝံ- လာသည်၏အဖြစ်ကို၊ ရညော- မင်းကြီးအား၊ အာရောစာပေသုံ- လျှောက်တင်စေကုန်ပြီ၊ တေ သဗ္ဗေပိ- ထိုအလုံးစုံကုန်သော မုဆိုးတို့သည်လည်း၊ သဋ္ဌိသဟဿမတ္တာ- ခြောက်သောင်း အတိုင်းအရှည်ရှိကုန်သည်၊ အဟေသုံ- ဖြစ်ကုန်ပြီ၊ ရာဇာ- မင်းကြီးသည်၊ တေသံ- ထိုမုဆိုးတို့၏၊ အာဂတဘာဝံ- လာသည်၏အဖြစ်ကို၊ ဉတွာ- သိ၍၊ ဝိတပါနေ- လေသာပြူတင်း၌၊ ဌိတော- ရပ်လျက်၊ ဟတ္ထံ- လက်ကို၊ ပသာရေတွာ- ဆန့်၍၊ တေသံ- ထိုမုဆိုးတို့၏၊ အာဂတဘာဝံ- လာသည်၏အဖြစ်ကို၊ ဒေဝိယာ- မိဖုရား အား၊ ကထေန္တော- ပြောလိုသည်ဖြစ်၍၊ "ဣမေ တေ လုဒ္ဒကာဒေဝိ (ပ) မမ'တ္တေ စတ္တဇီဝိတာ"တိ- "ဣမေ တေ လုဒ္ဒကာဒေဝိ (ပ) မမ'တ္တေ စတ္တဇီဝိတာ" ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဆိုပြီ။

၁၀၁။ ဒေဝိ- မိဖုရား၊ ဣမေလုဒ္ဒကာ- ဤမုဆိုးတို့သည်၊ ကတ-ဟတ္ထာ- ထိုးပစ်ခြင်း သတ်ဖြတ်ခြင်းတို့၌ ကောင်းစွာ သင်အပ်ပြီးသော အတတ်ရှိကုန်၏၊

ဝိသာရဒါ- ကြောက်ရွံ့ခြင်း ကင်းကုန်သည်ဖြစ်၍ အလွန်ရဲရင့်ကုန်၏၊ ဝနညျူစ- တောကိုလည်း သိကုန်၏၊ မိဂညျူစ- သားကိုလည်း သိကုန်၏၊ တေ- ထိုအလုံးစုံသော မုဆိုးတို့သည် မမ- ငါ၏၊ အတ္တေ- အကျိုးစီးပွားတော်၌၊ စတ္တဇီဝိတာ- စွန့်အပ်ပြီးသော အသက်ရှိကုန်၏။

တတ္ထ- ထိုဣကမေတေစသော ဂါထာ၌၊ ဣကမေ တေတိ- ဣကမေတေဟူသည်ကား၊ ယေ- အကြင်မုဆိုးတို့ကို၊ တွံ- သင်သည်၊ သန္နိပါတာပေသိ- စုဝေးစေခဲ့ပြီ၊ တေ- ထိုမုဆိုးတို့သည်၊ ဣကမေ- ဤသူတို့တည်း၊ ကတဟတ္ထာတိ- ကတဟတ္ထာဟူသည်ကား၊ ဝိဇ္ဈနဆေဒနေသု- ထိုးပစ်ခြင်း ဖြတ်တောက်ခြင်းတို့၌၊ ကတဟတ္ထာ- ပြုအပ်ပြီးသော လက်ရှိကုန်၏၊ ကုသလာ- ကျွမ်းကျင်ကုန်၏၊ သုသိက္ခိတာ- ကောင်းစွာ လေ့ကျင့်အပ်ပြီးကုန်၏၊ ဝိသာရဒါတိ- ဝိသာရဒါဟူသည်ကား၊ နိဗ္ဘယာ- ကြောက်ရွံ့ခြင်း ကင်းကုန်၏၊ ဝနညျူ စ မိဂညျူ စာတိ- ဝနညျူ စ မိဂညျူစဟူသည်ကား၊ ဝနာနိ စ- တောတို့ကိုလည်းကောင်း၊ မိဂေ စ- သားကောင်တို့ကိုလည်းကောင်း၊ ဇာနန္တိ- သိကုန်၏၊ မမတ္တေတိ- မမတ္တေဟူသည်ကား၊ သဗ္ဗေပိစ- အလုံးစုံလည်း ဖြစ်ကုန်သော၊ ဧတေ- ထိုမုဆိုးတို့သည်၊ မမတ္တေ- ငါ၏အကျိုးစီးပွား၌၊ စတ္တဇီဝိတာ- စွန့်အပ်ပြီးသော အသက်ရှိကုန်၏၊ ယံ- အကြင်အရာကို၊ အဟံ- ငါသည်၊ ဣစ္ဆာမိ- အလိုရှိ၏၊ တံ- ထိုအရာကို၊ ကရောန္တိ- ပြုကုန်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- မင်းကြီးဆိုသော ထိုစကားကို၊ သုတွာ- ကြား၍၊ ဒေဝီ- သုဘဒ္ဒါမိဖုရားသည်၊ တေ- ထိုမုဆိုးတို့ကို၊ အာမန္တေတွာ- ခေါ်စေ၍၊ (တေသံ- ထိုမုဆိုးတို့အား၊ အတ္တနော- မိမိ၏၊ ဒေါဟဠံ- ချင်ခြင်းကို၊ ကထေန္တော- ပြောကြားလိုသည်ဖြစ်၍၊) "လုဒ္ဒပုတ္တာ နိသာမေထ (ပ) အလာဘေ နတ္ထိ ဇီဝိတ"န္တိ- "လုဒ္ဒပုတ္တာ နိသာမေထ (ပ) အလာဘေ နတ္ထိ ဇီဝိတ"ဟူသော၊ ဣတရံ- တစ်ပါးသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၁၀၂။ ဘောန္တောလုဒ္ဒပုတ္တာ- အိုမုဆိုးသားတို့၊ ဧတ္ထ- ဤအရပ်၌၊ ယာဝန္တော- အကြင်မျှလောက်ကုန်သော သင်တို့သည်၊ သမာဂတာ- အညီအညွတ် စည်းဝေးကုန်၏၊ တာဝန္တော- ထိုမျှလောက်ကုန်သော သင်တို့သည်၊ မေ- ငါ၏၊ ဝစနံ- စကားကို၊ နိသာမေထ- နာကြကုန်၊ အဟံ- ငါသည်၊ ဆဗ္ဗိသာဏံ- ခြောက်ပါးသော အရောင်နှင့် ပြည့်စုံသော အစွယ်ရှိသော၊ သေတံ-

ကိုယ်လုံးဖြူသော၊ ဂဇံ- ဆင်မင်းကို၊ သုပိနေ- အိပ်မက်၌၊ အဒ္ဒသံ- မြင်မက်၏၊ တဿ- ထိုဆင်မင်း၏၊ ဒန္တေဟိ- အစွယ်တို့ဖြင့်၊ မေ- ငါသည်၊ အတ္ထော- အလိုရှိ၏၊ အလာဘေ- မရသည်ရှိသော်၊ ဇီဝိတံ- ငါ၏အသက်သည်၊ နတ္ထိ- မရှိပြီ။

တတ္ထ- ထိုလုဒ္ဒပုတ္တာစသော ဂါထာ၌၊ **နိသာမေထာတိ**- နိသာမေထဟူသည် ကား၊ သုဏာထ- နားထောင်ကြကုန်လော၊ **ဆဗ္ဗိသာဏန္တိ**- ဆဗ္ဗိသာဏံဟူသည် ကား၊ ဆဗ္ဗဏ္ဏဝိသာဏံ- အရောင်ခြောက်မျိုးရှိသော အစွယ်ရှိသော။

တံ- ထိုမိဖုရားစကားကို၊ သုတွာ- ကြား၍၊ လုဒ္ဒပုတ္တာ- မုဆိုးသားတို့သည်၊ (တံ ကာရဏံ- ထိုအကြောင်းကို၊ ဒေဝိယာ- မိဖုရားအား၊ ပုစ္ဆိတ္ဗာ- မေးလျှောက် လိုကုန်သည်ဖြစ်၍၊ "န နော ပိတူနံ (ပ) ယာဒိသော ဟတ္ထိနာဂေါ"တိ- "န နော ပိတူနံ (ပ) ယာဒိသော ဟတ္ထိနာဂေါ"ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟံသု- ဆိုကုန်ပြီ။

၁၀၃။ [ရာဇပုတ္တိ(ရာဇပုတ္တိ)]- မင်းသမီး၊ ယံ- အကြင်သို့ သဘောရှိသော ဆင်ကို၊ တွံ- အရှင်မိဖုရားသည်၊ သုပိနေ- အိပ်မက်၌၊ [အဒ္ဒသာ (အဒ္ဒသံ)]- မြင်မက်၏၊ သော- ထိုသို့သဘောရှိသော၊ ဆဗ္ဗိသာဏော- ခြောက်ပါးသော အဆင်းရှိသော အရောင်နှင့် ပြည့်စုံသော အစွယ်ရှိသော၊ ကုဉ္ဇရော- ဆင်ကို၊ နော- အကျွန်ုပ်တို့၏၊ ပိတူနံ- အဘတို့သည်လည်းကောင်း၊ ပိတာမဟာနံ- အဘိုးတို့သည်လည်းကောင်း၊ နဒိဋ္ဌော- မြင်လည်း မမြင်စဘူး၊ နသုတော- ကြားလည်း မကြားစဘူး၊ ယာဒိသော- အကြင်သို့သဘောရှိသော၊ ဟတ္ထိနာဂေါ- ဆင်မင်းကို၊ တယာ- အရှင်မိဖုရားသည်၊ ဒိဋ္ဌော- မြင်အပ်၏၊ တာဒိသံ- ထိုသို့သဘောရှိသော၊ ဟတ္ထိနာဂံ- ဆင်မင်းကို၊ နော- အကျွန်ုပ်တို့အား၊ အက္ခာဟိ- ကြားတော်မူလော။

တတ္ထ- ထို န နော ပိတူနံစသော ဂါထာ၌၊ ပိတူနန္တိ- ပိတူနံဟူသည်ကား၊ ကရဏတ္ထေ- ကရိုဏ်းအနက်၌၊ သာမိဝစနံ- ဆဋ္ဌီဝိဘတ်သက်သော ပုဒ်တည်း၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ ဒေဝိ- မိဖုရား၊ အမှာကံ- ငါတို့၏၊ ပိတူဟိ- အဘတို့သည်၊ ဧဝရူပေါ- ဤသို့သဘောရှိသော၊ ကုဉ္ဇရော- ဆင်ကို၊ နေဝ ဒိဋ္ဌပုဗ္ဗော- မမြင်ဘူးချေ၊ ပိတာမဟေဟိ- အဘိုးတို့သည်၊ ဧဝရူပေါ- ဤသို့သဘော ရှိသော၊ ကုဉ္ဇရော- ဆင်ကို၊ န ဒိဋ္ဌပုဗ္ဗော- မမြင်ဘူးချေ၊ အမှေဟိ- ငါတို့သည်၊ ပဂေဝ-

အဘယ်မှာမြင်ဘူးပါအံ့နည်း၊ တသ္မာ- ထို့ကြောင့်၊ အတ္တနာ- ကိုယ်တိုင်၊ ဒိဋ္ဌလက္ခဏ-
ဝသေန- မြင်အပ်သော အမှတ်အသား၏ အစွမ်းဖြင့်၊ နော- ငါတို့အား၊ အက္ခာဟိ-
ပြောကြားပါလော့၊ တယာ- သင်သည်၊ ဒိဋ္ဌော- မြင်အပ်ဘူးသော၊ ဟတ္ထိနာဂေါ-
ဆင်ပြောင်ကြီးသည်၊ ယာဒိသော- အကြင်သို့ သဘောရှိ၏၊ (တာဒိသော-
ထိုသို့သဘောရှိသော ဆင်ပြောင်ကြီးကို အက္ခာဟိ- ပြောကြားပါလော၊) ဣတိ- ဤသို့
ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏။

(ဣမာယ ဂါထာယ- ဤဂါထာဖြင့်၊ ပုစ္ဆိတွာ- မေးလျှောက်ကုန်ပြီး၍၊ ပုန-
တစ်ဖန်၊ တံ ဟတ္ထိဌာနံ- ထိုဆင်ရှိရာအရပ်ကို၊ ပုစ္ဆန္တာ- မေးလျှောက်ပြန်ကုန်သည်ဖြစ်
၍၊) "ဒိသာ စတဿော ဝိဒိတာ (ပ) သုပိနေ ဆဗ္ဗိသာဏ"န္တိ- "ဒိသာ စတဿော
ဝိဒိတာ (ပ) သုပိနေ ဆဗ္ဗိသာဏံ"ဟူသော၊ အနန္တရဂါထာပိ- အခြားမဲ့ဂါထာကိုလည်း၊
တေဟေဝ- ထိုမုဆိုးတို့သည်သာလျှင်၊ ဝုတ္တာ- ဆိုအပ်ပြန်ကုန်ပြီ။

၁၀၄။ ဒေဝိ- ရှင်မိဖုရား၊ စတဿော- လေးပါးကုန်သော၊ ဒိသာ- တူရူအရပ်
မျက်နှာတို့လည်းကောင်း၊ စတဿော- လေးပါးကုန်သော၊ ဝိဒိသာ-
အထောင့်အရပ်တို့လည်းကောင်း၊ ဥဒ္ဓံ- အထက်အရပ်လည်းကောင်း၊
အဓော- အောက်အရပ်လည်းကောင်း၊ ဣတိ- ဤသို့ ဒသ- ဆယ်ပါးကုန်သော၊
ဣမာယောဒိသာ- ဤအရပ်မျက်နှာတို့သည်၊ သန္တိ- ရှိကုန်၏၊ တွံ-
အရှင်မိဖုရားသည်၊ ယံ- အကြင်သို့သဘောရှိသော၊ ဆဗ္ဗိသာဏံ- အရောင်
ခြောက်ပါးနှင့် ပြည့်စုံသော အစွယ်ရှိသော ဆင်မင်းကို၊ သုပိနေ- အိပ်မက်၌၊
[အဒ္ဒသာ(အဒ္ဒသံ)]- မြင်မက်တော်မူ၏၊ သောနာဂ-ရာဇာ- ထိုဆင်မင်းသည်၊
တာဒိသာနိ- ထိုဆယ်ပါးသော အရပ်မျက်နှာတို့တွင်၊ ကတမံဒိသံ- အဘယ်
အရပ်၌၊ တိဋ္ဌတိ- တည်သနည်း။

တတ္ထ- ထိုဒိသာစတဿောစသော ဂါထာ၌၊ ဒိသာတိ- ဒိသာဟူသည်ကား၊
ဒိသာသု- အရပ်မျက်နှာတို့၌၊ ကတမန္တိ- ကတမံဟူသည်ကား၊ ဧတာသု ဒိသာသု-
ထိုအရပ်မျက်နှာတို့၌၊ ကတမာယ- အဘယ်မည်သော၊ ဒိသာယ- အရပ်မျက်နှာ၌၊
ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့၊ ဝုတ္တေ- မုဆိုးတို့သည် မေးလျှောက်အပ်သည်ရှိသော်၊ သုဘဒ္ဒါ-
သုဘဒ္ဒါမိဖုရားသည်၊ သဗ္ဗေ- အလုံးစုံကုန်သော၊ လုဒ္ဒေ- မုဆိုးတို့ကို၊ ဩလောကေတွာ-
ကြည့်၍၊ တေသံ- ထိုမုဆိုးတို့၏၊ အန္တရေ- အလယ်၌၊ ပတ္ထဋပါဒံ- ကြီးသော

ခြေဖဝါးရှိသော၊ ဘတ္တပုဋသဒိသဇယ်- ထမင်းထုပ်နှင့်တူသော သလုံးသားရှိသော၊ မဟာဇာဏုကံ- ကြီးစွာသော ပုဆစ်ဒူးရှိသော၊ မဟာဖာသုကံ- ကြီးသော နံရိုးရှိသော၊ ဗဟာလမဿုတမ္ဗဒါဌိကံ- တခဲနက်ထူသော ဖွားရရားထသော မုတ်ဆိတ် ကျင်စွယ်ရှိသော၊ နိဗ္ဗိဒ္ဓပိင်္ဂလံ- ထုတ်ချင်းလျှိုကြောင်သော မျက်စိရှိသော၊ ဒုဿဏ္ဌာနံ- မကောင်းသော အဆင်းသဏ္ဌာန်ရှိသော၊ ဗီဘစ္ဆံ- ကြောက်မက်ဖွယ်သော အဆင်းရှိသော၊ သဗ္ဗေသံ- အလုံးစုံကုန်သော မုဆိုးတို့၏၊ မတ္ထကမတ္ထကေန- ဦးခေါင်းအထက်ဖြင့်၊ ပညာယမာနံ- ထင်ရှားသော၊ မဟာသတ္တဿ- ဘုရားလောင်း ၏၊ ပုဗ္ဗဝေရိံ- ရှေးဘဝ၌ ရန်သူဖြစ်ဘူးသော၊ သောနုတ္တရံနာမ- သောနုတ္တိုရ်မည်သော၊ နေသာဒံ- မုဆိုးကို၊ ဒိသွာ- မြင်၍၊ "ဧသဧသော- ဤမုဆိုးသည်၊ မမ- ငါ၏၊ ဝစနံ- စကားကို၊ ကာတုံ- လိုက်နာခြင်းငှာ၊ သက္ခိဿတိ- တတ်နိုင်လတ္တံ့၊" ဣတိ- ဤသို့ (စိန္တေတွာ- ကြံ၍၊) ရာဇာနံ- မင်းကို၊ အနုဇာနာပေတွာ- ခွင့်ပြုစေပြီး၍၊ တံ- ထိုသောနုတ္တိုရ်မုဆိုးကို၊ အာဒါယ- ခေါ်၍၊ သတ္တဘူမိကပါသာဒဿ- ဘုံခုနစ်ဆင့်ရှိ သောပြာသာဒ်၏၊ ဉပရိမတလံ- အထက်အပြင်သို့၊ အာရုယှ- တက်ပြီး၍၊ ဉတ္တရ-သီဟပဥ္ဇရံ- ခြသေ့်ခံသောမြောက်လေသွန်တံခါးကို၊ ဝိဝရိတွာ- ဖွင့်၍၊ ဉတ္တရဟိမ- ဝန္တာဘိမုခံ- မြောက်ဟိဝမန္တာသို့ရှေးရှု၊ ဟတ္ထံ- လက်ကို၊ ပသာရေတွာ- ဆန့်၍၊ (နာဂရာဇဌာနံ- ဆင်မင်းရှိရာအရပ်ကို၊) သောနုတ္တရဿ- သောနုတ္တိုရ်မုဆိုးအား၊ နိဒ္ဒိသန္တော- ညွှန်ပြလိုသည်ဖြစ်၍၊) "ဣတော ဥဇုံ ဥတ္တရာယံ (ပ) နာဿ ရဇာေပိ တဿာ"တိ- "ဣတော ဥဇုံ ဥတ္တရာယံ (ပ) နာဿ ရဇာေပိ တဿာ"ဟူကုန်သော၊ စတဿောဂါထာ- လေးဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၁၀၅။ လုဒ္ဒပုတ္တ- အိုအမောင်မုဆိုးသား၊ သောတွံ- ထိုသင်သည်၊ ဣတော- ဤအရပ်မှ၊ ဉတ္တရာယံ- မြောက်ဖြစ်သော၊ ဒိသာယံ- အရပ်မျက်နှာသို့၊ ဥဇုံ- ဖြောင့်ဖြောင့်၊ ဂစ္ဆဟိ- သွားလေလော၊ ပြဟန္တေ- ကြီးကျယ်ကုန်သော၊ သတ္တဂိရိံ- တောင်စဉ်ခုနစ်ထပ်တို့ကို၊ အတိက္ကမ္မ- လွန်၍၊ သုဝဏ္ဏပဿော နာမ- သုဝဏ္ဏပဿမည်သော၊ [ဂရိ(ဂိရိ)]- တောင်သည်၊ အတ္ထိ- ရှိ၏၊ သော- ထိုသုဝဏ္ဏပဿတောင်သည်၊ ဉဠာရော- ခြောက်ထပ်သော တောင်တို့ထက်ကြီးမြင့်၏၊ သုပုပ္ဖိတော- ကောင်းစွာပွင့်သော ပန်းရှိသော တောအုပ်လည်းရှိ၏၊ [ကိမ္ပုရိသာနုစိဏ္ဏော(ကိံပုရိသာနု-စိဏ္ဏော)]- ကိန္နရာတို့၏ မပြတ်ကျက်စားရာလည်း ဖြစ်၏။

၁၀၆။ ကိန္နရာနံ- ကိန္နရာတို့၏၊ ဘဝနံ- နေရာဖြစ်သော၊ သေလံ- သုဝဏ္ဏ ပဿတောင်ထိပ်သို့၊ အာရုယှ- တက်၍၊ ပဗ္ဗတပါဒမူလံ- တောင်ခြေရင်းသို့၊ ဩလောကယ- သင်ကြည့်လော၊ အထ- ထိုသို့ကြည့်သည်ရှိသော်၊ မေဃ- သမာနဝဏ္ဏံ- တိမ်ညိုအဆင်းနှင့်တူသော အဆင်းရှိသော၊ [အဋ္ဌသဟဿပါဒံ (အဋ္ဌသဟဿပေါရဲ)]- ရှစ်ထောင်သော ပါးပျဉ်းရှိသော၊ နိဂြောဓရာဇံ- ပညောင်ပင်မင်းကို၊ [ဒက္ခသီ(ဒက္ခသိ)]- သင်မြင်ရလတ္တံ့။

၁၀၇။ တတ္ထ- ထိုပညောင်ပင်ရင်း၌၊ ဆဗ္ဗိသာဏော- အရောင်ခြောက်ပါးနှင့် ပြည့်စုံသော အစွယ်ရှိသော၊ သဗ္ဗသေတော- ကိုယ်လုံးဖြူသော၊ ပရေဘိ- သူတစ်ပါးတို့သည်၊ ဒုပ္ပဟော- နှိပ်စက်ခြင်းငှာ စွမ်းနိုင်ခဲသော၊ ကုဥ္ဇရော- ဆင်းမင်းသည်၊ ဂိမှသမယေ- နွေကာလ၌၊ [အစ္ဆတီ (အစ္ဆတိ)]- နေ၏၊ နံ- ထိုဆင်မင်းကို၊ အဋ္ဌသဟဿနာဂါ- ရှစ်ထောင်သောဆင်တို့သည်၊ ရက္ခန္တိ- စောင့်ရှောက်ကုန်၏၊ တေနာဂါ- ထိုရှစ်ထောင်သော ဆင်တို့သည်၊ ဤသာဒန္တာ- ရထားလှည်းသန်နှင့် တူသော အစုံဖြစ်သော အစွယ်ရှိကုန်၏၊ ဝါတဇဝပ္ပဟာရိနော- လေ၏လျင်ခြင်းနှင့် တူသော လျင်ခြင်းဖြင့် လိုက်၍ ရန်သူတို့ကို သတ်တတ်သော သဘောရှိကုန်၏။

၁၀၈။ တေ- ထိုဆင်တို့သည်၊ တုမူလံ- ကြောက်မက်ဘွယ်သော ပြင်းစွာသော အသံကို အစဉ်လိုက်သော ထွက်သက်ကို၊ ပဿသန္တာ- လွှတ်ကုန်လျက်၊ တိဋ္ဌန္တိ- တည်ကုန်၏၊ ဧရိတဿ- လေခတ်သော မြက် သစ်ရွက်အစရှိသည် ၏၊ ယံဧရိတံ- အကြင်အသံသို့ အစဉ်လိုက်သော တုန်လှုပ်ခြင်းသည်၊ အတ္ထိ- ရှိ၏၊ တဿပိဝါ- ထိုမြက်သစ်ရွက်စသည်၏ အသံဖြင့် တုန်လှုပ်ခြင်းကိုလည်း၊ ကုပ္ပန္တိ- အမျက်ထွက်ကုန်၏၊ တတ္ထ- ထိုအရပ်သို့၊ အာဂတံ- ရောက်လာ သော၊ မနုဿဘူတံပန- လူဖြစ်သောသူကိုကား၊ ဒိသွာ- မြင်သည်ရှိသော်၊ ဘသ္မံ- ပြာကို၊ ကရေယျုံ- ပြုကုန်ရာ ၏၊ တဿ- ထိုနှာခေါင်းလေဖြင့် ဖျက်၍ ပြာကို ပြုအပ်သော လူ၏၊ ရဇောပိ- မြူမှုသည်လည်း၊ တတ္ထ- ထိုအရပ်၌၊ နအဿ- ရှိသည်မဖြစ်ရာ။

တတ္ထ- ထိုက္ကတော ဥဇုံစသော ဂါထာတို့၌၊ ဣတောတိ- ဣတောဟူသည် ကား၊ ဣမမှာ ဌာနာ- ဤနေရာမှ၊ ဥတ္တရိယန္တိ- ဥတ္တရိယံဟူသည်ကား၊ ဥတ္တရာယ- မြောက်အရပ်၌၊ ဥဥ္ဇာရောတိ- ဥဥ္ဇာရောဟူသည်ကား၊ မဟာ- ကြီးမား၏၊ ဣတရေ- ဟိ- အခြားကုန်သော၊ ဆဟိ- ခြောက်ခုကုန်သော၊ ပဗ္ဗတေဟိ- တောင်တို့ထက်၊

ဥစ္စတရော- မြင့်၏၊ ဩလောကယာတိ- ဩလောကယာဟူသည်ကား၊ အာလော-ကေယျာသိ- ကြည့်လော့၊ တတ္ထစ္ဆတီတိ- တတ္ထစ္ဆတိဟူသည်ကား၊ တသ္မိံ နိဂြောဓမူ-လေ- ထိုပညောင်ပင်ရင်း၌၊ ဂိမှသမယေ- နွေဥတု၌၊ ဥဒကဝါတံ- ရေနှင့်တကွသောလေကို၊ သမ္ပဋိစ္ဆန္တော- ခံလင့်လျက်၊ တိဋ္ဌတိ- တည်၏၊ ဒုပ္ပသဟောတိ-ဒုပ္ပသဟောဟူသည်ကား၊ အညေ- အခြားသော ဆင်တို့သည်၊ တံ- ထိုဆင်ပြောင်ကြီးသို့၊ ဥပဂန္တွာ- ကပ်၍၊ ပသယှကာရံ- အနိုင်အထက် ပြုမူခြင်းကို၊ ကာတုံ- ပြုခြင်းငှာ၊ သမတ္ထာ နာမ- စွမ်းနိုင်သည်မည်သည်၊ နတ္ထိ- မရှိ၊ ဣတိ- ဤသို့လျှင်၊ ပရေဟိ-တစ်ပါးသောသူတို့သည်၊ ဒုပ္ပသဟော- နှိပ်စက်ခြင်းငှာ စွမ်းနိုင်ခဲ၏၊ ဤသာဒန္တာတိ-ဤသာဒန္တာဟူသည်ကား၊ ရထီသာယ- ရထာလှည်းသံနှင့်၊ သမာနဒန္တာ- တူသောအစွယ်ရှိကုန်၏၊ ဝါတဇဝပ္ပဟာရိနောတိ- ဝါတဇဝပ္ပဟာရိနောဟူသည်ကား၊ ဝါတဇ-ဝေန- လေအဟုန်ဖြင့်၊ ဂန္တွာ- ပြေးသွား၍၊ ပစ္စာမိတ္တေ- ရန်သူတို့ကို၊ ပဟာရဏသီ-လာ- ပုတ်ခတ်ခြင်း အလေ့ရှိကုန်သော၊ ဧဝရူပါ- ဤသို့သဘောရှိကုန်သော၊ အဋ္ဌ-သဟဿနာဂါ- ရှစ်ထောင်သော ဆင်တို့သည်၊ နာဂရာဇာနံ- ဆဒ္ဒန်ဆင်မင်းကို၊ ရက္ခန္တိ- စောင့်ရှောက်ကြကုန်၏၊ တုမူလန္တိ- တုမူလံဟူသည်ကား၊ ဘိံသနကံ-ကြောက်မက်ဖွယ် ကောင်းသော၊ မဟာသဒ္ဒါနုဗန္ဓံ- ကြယ်လောင်သော အသံသို့ အစဉ်လိုက်သော၊ အဿာသံ- ထွက်သက်ကို၊ မုဉ္စန္တာ- လွှတ်ကုန်လျက်၊ တိဋ္ဌန္တိ- တည်ကုန်၏၊ ဧရိတဿာတိ- ဧရိတဿဟူသည်ကား၊ ဝါတပဟာရိတဿ- လေသည် တိုက်ခိုက်အပ်သော သစ်ခက်သစ်ရွက်၏၊ သဒ္ဒါနုဗန္ဓံ- အသံသို့ အစဉ်လိုက်သော၊ ယံ ဧရိတံ စလနံ ကမ္ပနံ- အကြင် လှုပ်ခတ်ခြင်းသည်၊ (အတ္ထိ- ရှိ၏၊) တဿပိ- ထိုလေကြောင့် လှုပ်ခတ်အပ်သော သစ်ခက် သစ်ရွက်ကိုလည်း၊ ကုပ္ပန္တိ- အမျက်ထွက်တတ်ကုန်၏၊ တေ နာဂါ- ထိုဆင်တို့သည်၊ ဧဝံဖရုသာ- ဤမျှကြမ်းတမ်းကုန်၏၊ နာဿာတိ- နာဿာဟူသည်ကား၊ တဿ- ထိုဆင်၏၊ နာသဝါတေန- နှာမောင်းလေဖြင့်၊ ဝိဒ္ဓံသေတွာ-ဖျက်ဆီး၍၊ ဘသ္မံ- ပြာကို၊ ကတဿ- ပြုအပ်သော၊ တဿ- ထိုယောကျ်ား၏၊ ရဇောပိ- မြူမှုံသည်လည်း၊ န ဘဝေယျ- မရှိနိုင်ရာ၊ ဣတိ- ဤကား၊ (အတ္ထော-အနက်တည်း။)

တံ- ထိုမိဖုရားစကားကို၊ သုတွာ- ကြား၍၊ သောနုတ္တရော- သောနုတ္တိုရ်မုဆိုးသည်၊ မရဏဘယဘီတော- သေဘေးမှကြောက်သည်ဖြစ်၍၊ (တဿာ-ထိုမိဖုရားအား၊ ပဋိကထေန္တော- ပြန်လျှောက်လိုသည်ရှိသော်၊) "ဗဟူဟိ'မေ

ရာဇကုလမှိ (ပ) ယတေဿသိ လုဒ္ဒပုတ္တော”တိ- “ဗဟုဟိ’မေ ရာဇကုလမှိ (ပ) ယတေဿသိ လုဒ္ဒပုတ္တော”ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဆိုပြီ။

၁၀၉။ ဒေဝိ- အရှင်မိဖုရား၊ ဟိယဿ္မာ- အကြင့်ကြောင့်၊ ရာဇကုလမှိ- မင်း၏နန်းတော်၌၊ ဇာတရူပဿ- ရွှေငွေ၏၊ ဗဟူ- များးစွာကုန်သော၊ ပိဠန္ဓနာ- တန်ဆာတို့သည်လည်းကောင်း၊ မုတ္တာမဏိဝေဠုရိယာမယာစ- ပုလဲပတ္တမြား ကျောက်မျက်ရွဲဖြင့်ပြီးကုန်သော၊ ပိဠန္ဓနာ- တန်ဆာတို့သည် လည်းကောင်း၊ ဣမေ- ဤအလုံးစုံသော ရတနာတန်ဆာတို့သည်၊ သန္တိ- ရှိကုန်၏၊ တသ္မာ- ထိုကြောင့်၊ ဒန္တပိဠန္ဓနေန- ဆင်စွယ်တန်ဆာဖြင့်၊ ကိံ ကာဟသိ- အသို့ပြုအံ့နည်း၊ ဆဗ္ဗိသာဏံ- ရောင်ခြည်ခြောက်ပါးနှင့် ပြည့်စုံသော အစွယ်ရှိသော၊ ကုဥ္ဇရံ- ဆင်မင်းကို၊ မာရေတုကာမာ- သေစေလိုသည်ဖြစ်၍၊ ယာတေဿသိ- သတ်စေသလော၊ ဥဒါဟု- ထိုသို့မဟုတ်မူကား၊ ပိဠန္ဓနာပဒေသေန- တန်ဆာကို အကြောင်းပြုသဖြင့်၊ လုဒ္ဒပုတ္တေ- မုဆိုးသားတို့ကို၊ ယာတေဿသိ- သတ်စေလိုသလော။

တတ္ထ- ထိုဗဟူ ဟိမေစသော ဂါထာ၌၊ ပိဠန္ဓနာတိ- ပိဠန္ဓနာဟူသည်ကား၊ အာဘရဏာနိ- အဆင်တန်ဆာတို့သည်၊ ဝေဠုရိယာမယာတိ- ဝေဠုရိယာမယာဟူသည်ကား၊ ဝေဠုရိယမယာနိ- ကြောင်မျက်ရွဲဖြင့်ပြီးကုန်သော၊ ယာတေဿသီတိ- ယာတေဿသိဟူသည်ကား၊ ဥဒါဟု- ထိုသို့မဟုတ်၊ ပိဠန္ဓနာပဒေသေန- အဆင်တန်ဆာကိုအကြောင်းပြု၍၊ လုဒ္ဒပုတ္တေ- မုဆိုးသားတို့ကို၊ ယာတာပေတုကာမာ- သတ်စေခြင်းငှာအလိုရှိသည်၊ အသိ- ဖြစ်သလော၊ ဣတိ- ဤသို့၊ ပုစ္ဆတိ- မေး၏။

တတော- ထိုနောင်မှ၊ ဒေဝီ- သုဘဒ္ဒါမိဖုရားသည်၊ (အတ္တနော- မိမိ၏၊ ဆန္ဒံ- အလိုကို၊ သောနုတ္တရဿ- သောနုတ္တိုရ်မုဆိုးအား၊ သာဝေတွာ- ကြားစေ၍၊ ပယောဇေန္တော- တိုက်တွန်းလိုသည်ဖြစ်၍၊) “သာ ဣဿိတာ ဒုက္ခိတာ (ပ) ဒဿာမိ တေ ဂါမဝရာနိ ပဉ္စာ”တိ- “သာ ဣဿိတာ ဒုက္ခိတာ (ပ) ဒဿာမိ တေ ဂါမဝရာနိ ပဉ္စာ”ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဆိုပြီ။

၁၁၀။ လုဒ္ဒ- အမောင်မုဆိုး၊ သာအဟံ- ထိုငါသည်၊ ဣဿိတာ- ငြူစူခြင်းရှိသည်ဖြစ်၍၊ ဒုက္ခိတာစ- စိတ်၏ ဆင်းရဲခြင်းဖြင့် နှိပ်စက်အပ်သည်လည်း၊ အသ္မိ- ဖြစ်၏၊ တေန- ထိုဆင်းမင်းသည်၊ ကတံ- ပြုအပ်သော၊ ဝေရံ- ရန်ကို၊ [အနုဿရန္တိ(အနုဿရန္တီ)]- အဖန်တလဲလဲ အောက်မေ့သော ငါသည်၊

ဣဿာဝသေန- ငြူစူခြင်း၏ အစွမ်းဖြင့်၊ [ဥဒ္ဒဥ(ဥဒ္ဒစ)]- ငါပျံ့လွင့်၍၊ သုဿာမိ- ခြောက်ကပ်၏၊ လုဒ္ဒက- အမောင် မုဆိုး၊ မေ- ငါ၏၊ တေမတ္တံ- ဤအကျိုးစီးပွားကို၊ ကရောဟိ- သင်ပြုလော၊ တေ- သင်အား၊ ပဉ္စဂါမဝရာနိ- တစ်နှစ်လျှင် အခွန်တစ်သိန်းစီထွက်သော ငါးရွာတို့ကို၊ ဒဿာမိ- ငါပေးအံ့။

တတ္ထ- ထိုသာ ဣဿိတာစသော ဂါထာ၌၊ သာတိ- သာဟူသည်ကား၊ သာ အဟံ- ထိုငါသည်၊ **အနုဿရန္တီ**တိ- အနုဿရန္တိဟူသည်ကား၊ တေန ဝါရဏေန- ထိုဆင်ပြောင်ကြီးသည်၊ ပုရေ- ရှေးအခါ၌၊ မယိ- ငါ့အပေါ်၌၊ ကတံ- ပြုအပ်သော၊ ဝေရံ- ရန်ကို၊ အနုဿရမာနာ- အဖန်တလဲလဲ အောက်မေ့သော၊ **ဒဿာမိ တေ**တိ- ဒဿာမိ တေဟူသည်ကား၊ တေသံ့ အတ္ထေ- ထိုအကျိုးတရားကို၊ နိပ္ဖါဒိတေ- ပြီးစေအပ်သည်ရှိသော်၊ တေ- သင့်အား၊ သံဝစ္ဆရေ- တစ်နှစ်၌၊ သတသဟဿုဋ္ဌာ- နကေ- အခွန်အတုတ်တစ်သိန်းထွက်သော၊ ပဉ္စ- ငါးခုကုန်သော၊ ဂါမဝရေ- ရွာကြီးတို့ကို၊ ဒဒါမိ- ပေးအံ့၊ ဣတိ- ဤကား၊ (အတ္ထော- အနက်တည်း။)

စပန- ဆက်၍ ဆိုဦးအံ့၊ ဧဝံ- ဤသို့သော စကားကို၊ ဝတ္ဂာ- ဆိုပြီး၍၊ "သမ္မလုဒ္ဒပုတ္တ- အမောင်မုဆိုး၊ အဟံ- ငါသည်၊ 'ဧတံ ဆဒ္ဒန္တဟတ္ထိံ- ထိုဆဒ္ဒန် ဆင်မင်းကို၊ မာရာပေတွာ- သတ်စေ၍၊ ယမကဒန္တေ- စွယ်တော်အစုံတို့ကို၊ အာဟာ- ရာပေတုံ- ဆောင်ယူစေခြင်းငှာ၊ သမတ္ထာ- စွမ်းနိုင်သည်၊ ဟောမိ- ဖြစ်ရလို၏၊" ဣတိ- ဤသို့၊ ပုဗ္ဗေ- ရှေးအခါ၌၊ ပစ္စေကဗုဒ္ဓါနံ- အရှင်ပစ္စေကဗုဒ္ဓါတို့အား၊ ဒါနံ- အလှူကို၊ ဒတွာ- ပေး၍၊ ပတ္တနံ- ဆုတောင်းခြင်းကို၊ ပဋ္ဌပေသိံ- ဖြစ်စေပြီ၊ မယာ- ငါသည်၊ သုပိနန္တေန- အိပ်မက်ဖြင့်၊ ဒိဋ္ဌနာမ- မြင်မက်အပ်သောမည်သည်၊ နတ္ထိ- မရှိ၊ မယာပန- ငါသည်ကား၊ သာ ပတ္တိတပတ္ထနာ- ထိုတောင့်တအပ်သော ဆုတောင်းခြင်းသည်၊ သမိဇ္ဈိဿတိ- ပြည့်စုံလတ္တံ၊ တွံ- သင်သည်၊ ဂစ္ဆန္တော- သွားလတ်သော်၊ မာ ဘာယိ- မကြောက်လင့်၊" ဣတိ- ဤသို့၊ တံ- ထိုမုဆိုးကို၊ သမဿာပေတွာ- နှစ်သိမ့်စေ၍၊ ပေသေသိ- စေလွှတ်ပြီ၊ သော- ထိုသောနုတ္တိုရ် မုဆိုးသည်၊ "အယျေ- အရှင်မိဖုရား၊ သာဓု- ကောင်းပြီ၊" ဣတိ- ဤသို့၊ တဿ- ထိုသုဘဒ္ဒါမိဖုရား၏၊ ဝစနံ- စကားကို၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ "တေန ဟိ- ထိုသို့ဖြစ်လျှင်၊ မေ- အကျွန်ုပ်အား၊ ပါကဋံ- ထင်ရှားစွာ၊ ကတွာ- ပြု၍၊ တဿ- ထို ဆင်မင်း၏၊ ဝသနဋ္ဌာနံ- နေရာအရပ်ကို၊ ကထေဟိ- ပြောကြားတော်မူလော၊" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) ပုစ္ဆန္တော- မေးလျှောက်လိုသည်ဖြစ်၍၊ "ကတ္ထ'စ္ဆတီ ကတ္ထမုပေတိ ဌာနံ (ပ) ဝိဇာနေမု ဂတိံ

ဂဇဿာ"တိ- "ကတ္ထ'စ္ဆတိ ကတ္ထမုပေတိ ဌာနံ (ပ) ဝိဇာနေမု ဂတိံ ဂဇဿာ"တိ ဟူသော၊ ဣမံ ဂါထံ- ဤဂါထာကို၊ အာဟ- ဆိုပြီ။

၁၁၁။ ဒေဝိ- အရှင်မိဖုရား၊ နာဂရာဇာ- ဆင်မင်းသည်၊ ကတ္ထ- အဘယ်အရပ်၌၊ [အစ္ဆတိ(အစ္ဆတိ)]- နေသနည်း၊ ကတ္ထ- အဘယ်အရပ်၌၊ ဌာနံ- တည်ရာသို့၊ ဥပေတိ- ကပ်သနည်း၊ နာနုဂတဿ- ရေချိုးသွားသော၊ အဿ- ထိုဆင်မင်း၏၊ ကာဝီထိ- အဘယ်ခရီးသည်၊ ဟောတိ- ဖြစ်သနည်း၊ ကထံဟိ- အသို့လျှင်၊ သောနာဂရာဇာ- ထိုဆင်မင်းသည်၊ နှာယတိ- ရေချိုးသနည်း၊ ကထံ- အသို့လျှင်၊ ဂဇဿ- ဆင်မင်း၏၊ ဂတိံ- ရေချိုးသွားရာကို၊ မယံ- အကျွန်ုပ်တို့သည်၊ ဝိဇာနေမု- သိရကုန်အံ့နည်း။

တတ္ထ- ထိုကတ္ထစ္ဆတိစသော ဂါထာ၌၊ ကတ္ထစ္ဆတီတိ- ကတ္ထစ္ဆတိဟူသည်ကား၊ ကတ္ထ- အဘယ်အရပ်၌၊ ဝသတိ- နေသနည်း၊ ကတ္ထ မုပေတီတိ- ကတ္ထ မုပေတိဟူသည်ကား၊ ကတ္ထ- အဘယ်အရပ်၌၊ ဥပေတိ- ချဉ်းကပ်သနည်း၊ ကတ္ထ- အဘယ်အရပ်၌၊ တိဋ္ဌတိ- တည်သနည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ဝီထိဿကာတိ- ဝီထိဿကာဟူသည်ကား၊ နှာနုဂတဿ- ရေချိုးသွားသော၊ တဿ- ထိုဆင်ပြောင်ကြီး၏၊ ဝီထိ- သွားရာလမ်းသည်၊ ကာ- အဘယ်မည်သော လမ်းသည်၊ ဟောတိ- ဖြစ်သနည်း၊ ကတရမဂ္ဂေန- အဘယ်လမ်းဖြင့်၊ သော- ထို ဆင်ပြောင်ကြီးသည်၊ ဂစ္ဆတိ- သွားသနည်း၊ ကထံ ဝိဇာနေမု ဂတိန္တိ- ကထံ ဝိဇာနေမု ကတိံဟူသည်ကား၊ တယာ- သင်မိဖုရားသည်၊ အကထိတေ- မပြောသည်ရှိသော်၊ မယံ- ငါတို့သည်၊ ကထံ- အဘယ်သို့လျှင်၊ တဿ နာဂရာဇဿ- ထိုဆင်မင်း၏၊ ဂတိံ- သွားရာလမ်းကို၊ ဝိဇာနိဿာမ- သိနိုင်ကုန်အံ့နည်း၊ တသ္မာ- ထို့ကြောင့်၊ နော- ငါတို့အား၊ ကထေဟိ- ပြောပါလော့၊ ဣတိ- ဤကား၊ အတ္ထော- အနက် တည်း။

တတော- ထို့နောင်မှ၊ သာ- ထိုသုဘဒ္ဒါမိဖုရားသည်၊ ဇာတိဿရဉာဏေန- ရှေးအဖြစ်ကိုသိသော ဇာတိဿရဉာဏ်ဖြင့်၊ ပစ္စက္ခတော- မျက်မှောက်အားဖြင့်၊ ဒိဋ္ဌဌာနံ- မြင်အပ်သော အရပ်ကို၊ တဿ- ထိုမုဆိုးအား၊ အာစိက္ခန္တီ- ပြောကြားလိုသည်ဖြစ်၍၊ "တတ္ထေဝ သာ ပေါက္ခရဏီ (ပ) မဟေသိံ သဗ္ဗဘဒ္ဒ"န္တိ- "တတ္ထေဝ သာ ပေါက္ခရဏီ (ပ) မဟေသိံ သဗ္ဗဘဒ္ဒံ"ဟူကုန်သော၊ ဒွေ ဂါထာ- နှစ်ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၁၁၂။ လုဒ္ဒ- အမောင်မုဆိုး၊ တတ္ထေဝ- ထိုဆင်မင်းနေရာအရပ်၌လျှင်၊ အဝိဒူရေ- အနီး၌၊ သာပေါက္ခရဏီ- ထိုဆဒ္ဒန်အိုင်သည်၊ အတ္ထိ- ရှိ၏၊ ရမ္မာစ- မွေ့လျော်ဖွယ်ရှိ၏၊ သုတိတ္ထာစ- သာယာသော ဆိပ်လည်း ရှိ၏၊ [မဟောဒိကာစ (မဟောဒကာစ)]- များသောရေလည်းရှိ၏၊ [သမ္ပုပ္ဖိတာ (သံပုပ္ဖိတာ)]- ကြာမျိုးငါးပါးတို့ဖြင့် ထက်ဝန်းကျင်မှ ကောင်းစွာ ပွင့်ခြင်းရှိ၏၊ ဘမရဂဏာ- နုစိဏ္ဏာ- ပျားပိတုန်းအပေါင်းတို့၏ မပြတ်ကျက်စားရာဖြစ်၏၊ ဧတ္ထ- ဤဆဒ္ဒန်အိုင်၌၊ သောနာဂရာဇာ- ထိုဆင်းမင်းသည်၊ နှာယတိ- ရေချိုး၏။

၁၁၃။ [သီသံ နဟာတော(သီသံန္ဟာတော)]- ဦးခေါင်းနှင့်တကွ ရေချိုးပြီး၍၊ ဥပ္ပလမာလဘာရီ- ကြာအစရှိသော ရေပန်းကြည်ပန်းတို့ကို ဆင်ယင်လျက်၊ ပုဏ္ဍရီကတ္တစင်္ဂီ- ကြာဖြူအဆင်းနှင့်တူသော အရေဟုဆိုအပ်သော ဖြူသော အင်္ဂါနှင့် ပြည့်စုံသည်ဖြစ်၍၊ သဗ္ဗသေတော- ကိုယ်လုံးဖြူသော ဆဒ္ဒန်ဆင်မင်းသည်၊ အာမောဒမာနော- နှစ်လိုဝမ်းသာ၊ သဗ္ဗဘဒ္ဒံ- သဗ္ဗဘဒ္ဒါ အမည်ရှိသော၊ မဟေသိံ- မိဖုရားကြီးကို၊ [ပုရက္ခတွာ(ပုရေက္ခိတွာ)]- ရှေ့ထား၍၊ သန္တိကေတံ- မိမိနေရာအရပ်သို့၊ ဂစ္ဆတိ- သွား၏။

တတ္ထ- တတ္ထေဝသာစသော ဂါထာတို့၌၊ တတ္ထေဝါတိ- တတ္ထေဝဟူသည်ကား၊ တဿ- ထိုဆင်မင်း၏၊ ဝသနဋ္ဌာနေယေဝ- နေရာအရပ်၌ပင်လျှင်၊ ပေါက္ခရဏီတိ- ပေါက္ခရဏီဟူသည်ကား၊ ဆဒ္ဒန္တဒဟံ- ဆဒ္ဒန်အိုင်ကို၊ သန္ဓာယ- ရည်ရွယ်၍၊ အာဟ- ပြောပြီ၊ သမ္ပုပ္ဖိတာတိ- သမ္ပုပ္ဖိတာဟူသည်ကား၊ ဒုဝိဓေဟိ- နှစ်ပါးအပြားရှိကုန်သော၊ ကုမုဒေဟိ- ကုမုဒ္ဒရာကြာတို့ဖြင့်၊ တိဝိဓေဟိ- သုံးပါးကုန်သော၊ ဥပ္ပလေဟိ- ဥပ္ပလကြာတို့ဖြင့်၊ ပဥ္စဝဏ္ဏေဟိ- အဆင်းငါးမျိုးရှိကုန်သော၊ ပဒုမေဟိ စ- ပဒုမ္မာကြာတို့ဖြင့် လည်းကောင်း၊ သမန္တတော- ထက်ဝန်းကျင်မှ၊ ပုပ္ဖိတာ- ပွင့်ခြင်းရှိ၏၊ ဧတ္ထ ဟိ သောတိ- ဧတ္ထ ဟိ သောဟူသည်ကား၊ သော နာဂရာဇာ- ထိုဆင်မင်းသည်၊ ဧတ္ထ ဆဒ္ဒန္တဒဟေ- ဤဆဒ္ဒန်အိုင်၌၊ နှာယတိ- ရေချိုး၏၊ ဥပ္ပလမာလဘာရီတိ- ဥပ္ပလမာလဘာရီ ဟူသည်ကား၊ ဥပ္ပလာဒီနံ- ဥပ္ပလအစရှိကုန်သော၊ ဇလဇထလဇာနံ- ရေ၌ဖြစ်ကုန် ကုန်း၌ဖြစ်ကုန်သော၊ ပုပ္ဖါနံ- ပန်းတို့၏၊ မာလံ- ပန်းကုံးကို၊ ဓာရေန္တော- ဆောင်လျက်၊ ပုဏ္ဍရီကတ္တစင်္ဂီတိ- ပုဏ္ဍရီကတ္တစင်္ဂီဟူသည်ကား၊ ပုဏ္ဍရီကသဒိသတစေန- ပုဏ္ဍရိတ် ကြာနှင့် တူသော အရေအဆင်းရှိသော၊ ဩဒါတေန- ဖြူဖွေးသော၊ အင်္ဂေန- ကိုယ်အင်္ဂါနှင့်၊ သမန္နာဂတော- ပြည့်စုံသော၊ အာမောဒမာနောတိ- အမောဒမာနော

ဟူသည်ကား၊ အာမောဒိတပမောဒိတော- ဝမ်းသာပျော်မြူးသည်ဖြစ်၍၊ သန္နိကေတန္တိ-
သန္နိကေတံဟူသည်ကား၊ အတ္တနော- မိမိ၏၊ ဝသနဋ္ဌာနံ- နေရာအရပ်သို့၊
ပုရက္ခတ္វာတိ- ပုရက္ခတွာဟူသည်ကား၊ သဗ္ဗဘဒ္ဒံ နာမ- သဗ္ဗဘဒ္ဒအမည်ရှိသော၊
မဟေသိံ- မိဖုရားကို၊ ပုရတော- ရှေ့မှ၊ ကတွာ- ပြု၍၊ အဋ္ဌဟိ နာဂသဟဿေဟိ-
ရှစ်ထောင်သောဆင်တို့သည်၊ ပရိဝုတော- ခြံရံ လျက်၊ အတ္တနော- မိမိ၏၊ ဝသနဋ္ဌာနံ-
နေရာအရပ်သို့ ဂစ္ဆတိ- သွား၏၊ ဣတိ- ဤကား၊ (အတ္ထော- အနက်တည်း။)

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ သောနုတ္တရော- သောနုတ္တိုရ်မုဆိုးသည်၊
"အယျေ- အရှင်မိဖုရား၊ သာဓု- ကောင်းပြီ၊ အဟံ- အကျွန်ုပ်သည်၊ တံ ဝါရဏံ-
ထိုဆင်မင်းကို၊ မာရေတွာ- သတ်၍၊ တဿ- ထိုဆင်မင်း၏၊ ဒန္တေ- အစွယ်တို့ကို၊
အာဟရိဿာမိ- ဆောင်ပါအံ့၊" ဣတိ- ဤသို့ သမ္ပဋိစ္ဆိ- ဝန်ခံပြီ၊ အထ- ထိုအခါ၌၊
အဿ- ထိုမုဆိုးအား၊ သာ- ထိုသုဘဒ္ဒါမိဖုရားသည်၊ တုဋ္ဌာ- အလွန်နှစ်သက်သည်
ဖြစ်၍၊ သဟဿံ- အသပြာတစ်ထောင်ကို၊ ဒတွာ- ပေး၍၊ "တာဝ- ရှေးဦးစွာ၊ ဂေဟံ-
အိမ်သို့၊ ဂစ္ဆ- သွားချေဦးလော၊ ဣတော- ဤနေ့မှ၊ သတ္တာဟစ္စယေန- ခုနစ်ရက်လွန်
သဖြင့်၊ တတ္ထ- ထိုဆဒ္ဒန်အိုင်သို့၊ ဂမိဿတိ- သွားရ လတ္တံ့၊" ဣတိ- ဤသို့၊ (ဝတွာ-
ဆို၍၊) တံ- ထိုမုဆိုးကို၊ ဥယျောဇေတွာ- လွှတ်လိုက်ပြီး၍၊ ကမ္မာရေ- ပန်းဘဲတို့ကို၊
ပက္ကောသာပေတွာ- ခေါ်စေ၍၊ "တာတာ- အမောင်တို့၊ အမှာကံ- ငါတို့အား၊*
ဝါသိဖရသုကုဒ္ဒါလနိခါဒနမုဋ္ဌိက ဝေဠုဂုမ္ဗစ္ဆေဒန သတ္တတိဏလာယန အသိလောဟ-
ဒဏ္ဍကကစခါဏုကအယသိယ်ာဋကေဟိ- ပဲခွပ်, ပုဆိန်, ပေါက်တူး, ဆောက်,
ဆောက်ပုတ်, ဝါးရုံဖြတ်စရာ ဓားမ, မြက်ရိတ်စရာ တံစဉ်, သံမယ်နု, လွှ, သံတံတင်း,
သံကက္ကူဆူးတို့ဖြင့်၊ အတ္ထော- အလိုရှိ၏၊ သဗ္ဗံ- အလုံးစုံကို၊ သီဃံ- လျင်မြန်စွာ၊
ကတွာ- ပြု၍၊ အာဟရထ- ဆောင်ခဲ့လော၊" ဣတိ- ဤသို့၊ အာဏာပေတွာ-
စေခိုင်း၍၊ စမ္မကာရေ- သားရေနယ်သမားတို့ကို၊ ပက္ကောသာ- ပေတွာ- ခေါ်စေပြီး၍၊
"တာတာ- အမောင်တို့ အမှာကံ- ငါတို့အား၊ ကုမ္ဘဘာရဂါဟိတံ- တစ်ကုမ္ဘသောဝန်ကို
ဆောင်နိုင်သော၊ စမ္မဘတ္တံ- သားရေအိပ် ကို၊ ကာတုံ- ပြုခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊
စမ္မယောတ္တဝရတ္တ ဟတ္ထိပါဒဥပါဟန စမ္မဆတ္တေဟိပိ- သားရေလွန်ကြိုး, သားရေ

---

* အမှာကံ- ရှေးနိဿယတို့၌ စတုတ္ထီဝိဘတ်ဟု မှတ်ယူ၍ ငါတို့အားဟု အနက်ပေးလေ့ရှိ
ဆဋ္ဌီဝိဘတ်ဟု မှတ်ယူမှသင့်သည်၊ ငါတို့အတွက်ဟု အနက်ပေးရမည်။

လွှန်ငယ်, ဆင်ခြေဖိနပ်, သားရေထီးတို့ဖြင့်လည်း၊ နော- ငါတို့အား၊ အတ္ထော- အလိုရှိ၏၊ သဗ္ဗံ- အလုံးစုံကို၊ သီဃံ- လျင်မြန်စွာ၊ ကတွာ- ပြုလုပ်၍၊ အာဟရထ- ဆောင်ခဲ့လော့၊" ဣတိ- ဤသို့၊ အာဏာပေသိ- စေခိုင်းပြီ၊ တေဥဘောပိ- ထိုနှစ်ဦး ကုန်သော ပန်းဘဲ, သားရေနယ် သမားတို့သည်လည်း၊ သဗ္ဗာနိ- အလုံးစုံကုန်သော၊ တာနိ- ထိုအဆောက်အဦတို့ကို၊ သီဃံ- လျင်မြန်စွာ၊ ကတွာ- ပြုလုပ်၍၊ အာဟရိတွာ- ဆောင်ယူခဲ့၍၊ အဒံသု- ပေးဆက်ကုန်ပြီ၊ သာ- ထိုသုဘဒ္ဒါမိဖုရားသည်၊ တဿ- ထိုမုဆိုးအား၊ ပါထေယျံ- ရိက္ခာကို၊ သံဝိဒဟိတွာ- စီရင်၍၊ အရဏိသဟိတံ- ပွတ်ခုံ ပွတ်ကျည်ကို၊ အာဒိံကတွာ- အစပြု၍၊ သဗ္ဗံ- အလုံးစုံသော၊ ဥပကရဏဥ္စ- အဆောက် အဦကိုလည်းကောင်း၊ ဗဒ္ဓသတ္တုမံ- လှော်သောမုံ့လုံး (မုံ့ဆုပ်)ကို၊ အာဒိံကတွာ- အစပြု၍၊ ပါထေယျဥ္စ- ရိက္ခာကိုလည်းကောင်း၊ စမ္မဘသ္တာယံ- သားရေအိပ်၌၊ ပက္ခိပိ- ထည့်ပြီ၊ တံ သမ္ဗမ္ပိ- ထိုအလုံးစုံသည်လည်း၊ ကုမ္ဘဘာရမတ္တံ- တစ်ကုမ္ဘအတိုင်းအရှည် ရှိသည်၊ အဟောသိ- ဖြစ်ပြီ (တစ်ကုမ္ဘကား နှစ်ဆယ့်ခုနစ်တင်း နှစ်စိတ်ရှိသည်ဟူ၏။)

သောနုတ္တရောပိ- သောနုတ္တိုရ်မုဆိုးသည်လည်း၊ အတ္တနော- မိမိ၏၊ ပရိ-ဝစ္ဆံ- ခရီးအဆောက်အဦကို၊ ကတွာ- ပြု၍၊ သတ္တမေဒိဝသေ- ခုနစ်ရက်မြောက်သော နေ့၌၊ အာဂန္တာ- လာပြီး၍၊ ဒေဝိံ- မိဖုရားကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ အဋ္ဌာသိ- တည်ပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုမုဆိုးကို၊ သာ- ထိုသုဘဒ္ဒါမိဖုရားသည်၊ "သမ္မ- အမောင်မုဆိုး၊ တေ- သင်၏၊ သဗ္ဗူပကရဏံ- အလုံးစုံသော အဆောက်အဦသည်၊ နိဋ္ဌိတံ- ပြီးပြီ၊ တာဝ- ရှေးဦးစွာ၊ ဣမံ ပသိဗ္ဗကံ- ဤသားရေအိပ်ကို၊ ဂဏှ- သင်ယူလော၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ သော ပန- ထိုသောနုတ္တိုရ်မုဆိုးသည်ကား၊ မဟာထာမော- ကြီးသော ခွန်အားရှိသည်ဖြစ်၍၊ ပဉ္စန္နံ- ငါးစီးကုန်သော၊ ဟတ္ထီနံ- ဆင်ပြောင်တို့၏၊ ဗလံ- အားကို၊ ဓာရေတိ- ဆောင်နိုင်၏၊ တသ္မာ- ထိုကြောင့်၊ တမ္ဗူလပသိဗ္ဗကံ- ကွမ်းအိတ်(ကွမ်းထုပ်)ကိုကဲ့သို့၊ ဥက္ခိပိတွာ- ကောက်ယူ၍၊ ဥပကစ္ဆန္တရေ- လက်ကတီး ကြား၌၊ ဌပေတွာ- ထား၍၊ ရိတ္တဟတ္ထောဝိယ- လက်ချည်းသည်ကဲ့သို့၊ အဋ္ဌာသိ- တည်ပြီ၊ သုဘဒ္ဒါ- သုဘဒ္ဒါမိဖုရားသည်၊ လုဒ္ဒဿ- မုဆိုး၏၊ ပုတ္တဒါရာနံ- သားမယား တို့အား၊ ပရိဗ္ဗယံ- ရိက္ခာကို၊ ဒတွာ- ပေး၍၊ ရညော- မင်းအား၊ အာစိက္ခိတွာ- လျှောက်ကြားပြီး၍၊ သောနုတ္တရံ- သောနုတ္တိုရ်မုဆိုးကို၊ ဥယျောဇေသိ- လွှတ်လိုက်ပြီ။

သောပိ- ထိုသောနုတ္တိုရ်မုဆိုးသည်လည်း၊ ရာဇာနဥ္စ- မင်းကိုလည်းကောင်း၊ ဒေဝိဥ္စ- မိဖုရားကိုလည်းကောင်း၊ ဝန္ဒိတွာ- ရှိခိုး၍၊ ရာဇနိဝေသနာ- နန်းတော်မှ၊

ဩရုယှ- သက်ဆင်းခဲ့ပြီး၍၊ ရထေ- ရထား၌၊ ဌတွာ- တည်၍၊ (တစ်နည်း) ရထေဌတွာ- ရထားစီး၍၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံဖြင့်၊ နဂရာ- မြို့မှ၊ နိက္ခမိတွာ- ထွက်၍၊ ဂါမနိဂမဇနပဒပရမ္ပရာယ- ရွာ, မြို့ကလေး, လူနေ ကျေးရွာ အဆက်ဆက်ဖြင့်၊ ပစ္စန္တံ- ပစ္စန္တရစ်သို့၊ (ဝါ- မြို့စွန်သို့) ပတွာ- ရောက်၍၊ ဇာနပဒေ- ဇနပုဒ်သားတို့ကို၊ နိဝတ္တေတွာ- ပြန်လည်စေ၍၊ ပစ္စန္တဝါသိဟိ- ပစ္စန္တရစ်ရွာသားတို့နှင့်၊ သဒ္ဓိံ- တကွ၊ အရညံ- တောသို့၊ ပဝိသိတွာ- ဝင်၍၊ မနုဿပထံ- လူတို့၏ခရီးကို၊ အတိက္ကမ္မ- လွန်၍၊ ပစ္စန္တဝါသိနောပိ- ပစ္စန္တရစ် ရွာသားတို့ကိုလည်း၊ နိဝတ္တေတွာ- ပြန်လည်စေ၍၊ ဧကကော၀- မိမိတစ်ယောက်တည်း၊ ဂစ္ဆန္တော- သွားသည်ရှိသော်၊ တိံသယောဇနံ- ယူဇနာသုံးဆယ်သို့ ပတွာ- ရောက်လေ၍၊ ပဌမံ- ရှေးဦးစွာ၊ ဒဗ္ဗဂဟနံ- နေဇာမြက်တောလည်းကောင်း၊ ကာသဂဟနံ- သမန်းမြက်တောလည်းကောင်း၊ တိဏဂဟနံ- မြက်သာမညတောလည်းကောင်း၊ တုလသိဂဟနံ- ရုံးရိုင်းတောလည်း ကောင်း၊ သရဂဟနံ- ကုလားမြက် တောလည်းကောင်း၊ တိရိဝစ္ဆဂဟနံ- ကြာမြက် တောလည်းကောင်း၊ ဣတိ- ဤသို့ ဆဂဟနာနိ- ခြောက်ပါးကုန်သော တောတို့လည်း ကောင်း၊ ကဏ္ဍကဝေဠုဂုမ္ဗဂဟနာနိ- ကြခပ်, ဝါးရုံတောတို့လည်းကောင်း၊ ဝေတ္တဂဟနံ- ကြိမ်ပိုက်တောလည်းကောင်း၊ ဩမိဿကဂဟနံ- အရောဖြစ်သောတောလည်းကောင်း၊ နဠဂဟနံ- ကျူတောလည်းကောင်း၊ သရဂဟနသဒိသံ- ကုလားမြားတောနှင့်တူသော၊ ဉရဂေနပိ- မြွေသည်လည်း၊ ဒုပ္ပဝိနိဝိဇ္ဈံ- ထွင်နိုင်ခဲသော မြက်တောလည်းကောင်း၊ ဃနဝနဂဟနံ- တစ်ခဲနက်သော တောအုပ်လည်းကောင်း၊ ရုက္ခဂဟနံ- မထူလွန်းသော သစ်ပင်တောလည်းကောင်း၊ ဝေဠုဂဟနံ- ဝါးတောလည်းကောင်း၊ အပရမ္ပိ- ထိုမှတစ်ပါးလည်း၊ ဝေဠုဂုမ္ဗဂဟနံ- ဝါးရုံချုံတောလည်းကောင်း၊ ကလလဂဟနံ- ညွန်တောလည်းကောင်း၊ ဥဒကဂဟနံ- ရေတောလည်းကောင်း၊ ပဗ္ဗတဂဟနံ- တောင်ခုနစ် ထပ်ထူသော တောလည်းကောင်း၊ ဣတိ- ဤသို့ အဋ္ဌာရသ- တစ်ဆယ့် ရှစ်ထပ်ကုန်သော၊ ဂဟနာနိ- တောတို့သို့၊ ပဋိပါဋိယာ- အစဉ်အားဖြင့်၊ ပတွာ- ရောက်၍၊ (ဉပဂန္ဒွာ- ချဉ်းကပ်၍၊) ဒဗ္ဗဂဟနာဒီနိ- နေဇာမြက်တောအစရှိသည်တို့ကို၊ အသိတေန- တံစဉ်ဖြင့်၊ လာယိတွာ- ရိတ်၍၊ တုလသိဂဟနာဒီနိ- ရုံးရိုင်းတောအစရှိ သည်တို့ကို၊ ဝေဠုဂုမ္ဗစ္ဆေဒနသတ္တေန- ဝါးရုံဖြတ်သော ဓားဖြင့်၊ ဆိန္ဒိတွာ- ဖြတ်၍၊ ရုက္ခေ- သစ်ပင်တို့ကို၊ ဖရသုနာ- ပုဆိန်ဖြင့်၊ ကောဋ္ဋေတွာ- ပေါက်၍၊ အတိမဟန္တေ- အလွန်ကြီးကုန်သော၊ ရုက္ခေ- သစ်ပင်တို့ကို၊ နိခါဒနေန- ဆောက်ဖြင့်၊ ဝိဇ္ဈိတွာ-

ထွင်း၍၊ မဂ္ဂံ- ခရီးလမ်းကို၊ ကရောန္တော- ပြုလျက်၊ ဝေဠုဝနေ- ဝါးတော၌၊ နိသေဏိံ- လှေကားကို၊ ကတွာ- ပြု၍၊ ဝေဠုဂုမ္ဗံ- ဝါးရုံချုံသို့၊ အာရုယှ- တက်ပြီး၍၊ ဝေဠုံ- ဝါးရုံချုံကို၊ ဆိန္ဒိတွာ- ဖြတ်၍၊ အပရသ- တစ်ပါးသော၊ ဝေဠုဂုမ္ဗသ- ဝါးရုံချုံ၏၊ ဥပရိ- အပေါ် ၌၊ ပါတေတွာ- ကျစေ၍၊ ဝေဠုဂုမ္ဗမတ္ထကေန- ဝါးရုံချုံတို့၏ အပေါ်ဖြင့်၊ ဂန္တွာ- သွား၍၊ ကလလဂဟနေ- ညွန်တော၌၊ သုက္ခရုက္ခပဒရံ- ခြောက်သော သစ်သားကို၊ အတ္ထရိတွာ- ခင်း၍၊ တေန- ထိုသစ်သားတို့၏ အပေါ်ဖြင့်၊ ဂန္တွာ- သွား၍၊ အပရံ- တစ်ခုသော ပျဉ်ချပ်ကို၊ အတ္ထရိတွာ- ခင်းပြန်၍၊ ဣတရံ- တစ်ပါးသော နင်း၍ လာခဲ့သော ပျဉ်ချပ်ကို၊ ဥက္ခိပိတွာ- မြှောက်ချီယူ၍၊ ပုန- တစ်ဖန်၊ ပုရတော- ရှေ့မှ၊ အတ္ထရန္တော- ခင်းလျက်၊ တံ- ထိုညွန်တောကို၊ အတိက္ကမိတွာ- လွန်၍၊ ဥဒကဂဟနေ- ရေတော၌၊ ဒေါဏိံ- ပျဉ်ချပ်ကို၊ ကတွာ- စားကျင်းထွင်း၍၊ တာယ- ထိုစားကျင်းဖြင့်၊ ဥဒကဂဟနံ- ရေတောကို၊ တရိတွာ- ကူး၍၊ ပဗ္ဗတပါဒေ- တောင်ခြေရင်း၌၊ ဌတွာ- ရပ်၍၊ အယသိင်္ဃာဋကံ- သံချိပ်ကို၊ ဝါ- သံဆူးကို၊ ယောတ္တေန- လွန်ဖြင့်၊ ဝါ- ကြိုးဖြင့်၊ ဗန္ဓိတွာ- ချည်ပြီး၍၊ ဥဒ္ဓံ- တောင်ထိပ်သို့ ခိပိတွာ- ပစ်လိုက်၍၊ ပဗ္ဗတေ- တောင်၌၊ လဂ္ဂါပေတွာ- ငြိစေ၍၊ ယောတ္တေန- လွန်ဖြင့်၊ အာရုယှ- တက်၍၊ ဝဇိရ-ဂ္ဂေန- ဝရဇိန်အဖျားနှင့် တူသော၊ လောဟဒဏ္ဍေန- တံစို့ဖြင့်၊ ပဗ္ဗတံ- တောင်ကို၊ ဝိဇ္ဈိတွာ- ထွင်း၍၊ ခါဏုကံ- သံတံသင်းကို၊ ကောဋ္ဋေတွာ- နှက်ပြီး၍၊ တတ္ထ- ထိုသံတံတင်း၌၊ ဌတွာ- ရပ်၍၊ သိင်္ဃာဋကံ- သံချိပ်ကို၊ အာကဍ္ဎိတွာ- ဆွဲငင်၍၊ ပုန- တစ်ဖန်၊ ဥပရိ- အထက်၌၊ လဂ္ဂါပေတွာ- ငြိပြန်စေ၍၊ တတ္ထ- ထိုသံတံသင်း၌၊ ဌိတော- ရပ်လျက်၊ စမ္မယောတ္တံ- သားရေလွန်ကို၊ ဩလမ္ဗေတွာ- ဆွဲ၍၊ တံ- ထို သားရေလွန်ကို၊ အာဒါယ- ယူပြီး၍၊ ဩတရိတွာ- သက်ဆင်း၍၊ ဟေဋ္ဌိမခါဏုကေ- အောက်သံတင်း၌၊ ဗန္ဓိတွာ- ချည်၍၊ ဝါမဟတ္ထေန- လက်ဝဲလက်ဖြင့်၊ ယောတ္တံ- လွန်ကို၊ ဂဟေတွာ- ကိုင်၍၊ ဒက္ခိဏဟတ္ထေန- လက်ျာလက်ဖြင့်၊ မုဂ္ဂရံ- ဆောက်ပုတ်ကို၊ အာဒါယ- ယူ၍၊ ယောတ္တံ- လွန်ကို၊ ပဟရိတွာ- ခတ်၍၊ ခါဏုကံ- သံတံသင်းကို၊ နီဟရိတွာ- နုတ်၍၊ ပုန- တစ်ဖန်၊ အဘိရုဟတိ- တက်ပြန်၏၊ ဧတေနု ပါယေန- ဤနည်းဖြင့်၊ ပဗ္ဗတမတ္ထကံ- တောင်ထိပ်သို့၊ အဘိရုယှ- တက်၍၊ ပရတော- ဟိုမှာဘက်သို့၊ ဩတရန္တော- သက်သည်ရှိသော်၊ ပုရိမနယေနေဝ- ရှေးနည်းဖြင့်သာလျှင်၊ ပဌမံ- ရှေးဦးစွာ၊ ပဗ္ဗတမတ္ထကေ- တောင်ထိပ်၌၊ ခါဏုကံ- သစ်ငုပ်ကို၊ ကောဋ္ဋေတွာ- နှက်၍၊ စမ္မပသိဗ္ဗကေ- သားရေအိတ်၌၊ ယောတ္တံ- လွန်ကို၊ ဗန္ဓိတွာ- ချည်၍၊ ခါဏုကေ-

သစ်ငုတ်တို့ကို၊ ဝေဌေတွာ- ရစ်၍၊ သယံ- မိမိသည်၊ အန္တောပသိဗ္ဗကေ- အိတ်တွင်း၌၊ နိသီဒိတွာ- နေ၍၊ မက္ကဋကာနံ- ပင့်ကူ တို့၏၊ မက္ကဋသုတ္တဝိဿဇ္ဇနာကာရေန- ပင့်ကူချည်လွှတ်သော အခြင်းအရာဖြင့်၊ ယောတ္တံ- လွန်ခွေကို၊ ဝိနိဝေဌေန္တော- ဖြေသည်ဖြစ်၍၊ ဩတရတိ- သက်ဆင်း၏၊ စမ္မဆတ္တေန- သားရေထီးဖြင့်၊ ဝါတံ- လေကို၊ ဂါဟာပေတွာ- ယူစေ၍၊ သကုဏောဝိယ- ငှက်သည်ကဲ့သို့၊ ဩတရတိ- သက်ဆင်း၏၊ ဣတိပိ- ဤသို့လည်း၊ ဝဒန္တိယေဝ- ဆိုကြကုန်၏သာလျှင်တည်း။

ဧဝံ- ဤသို့၊ တဿ- ထိုသောနတ္တိုရ်မုဆိုး၏၊ (အာရုဠ္ဍဘာဝံ-၌စပ်) သုဘဒ္ဒါယ- သုဘဒ္ဒါမိဖုရား၏၊ ဝစနံ- စကားကို၊ အာဒါယ- ယူပြီး၍၊ နဂရာ- မြို့မှ၊ နိက္ခမိတွာ- ထွက်ခဲ့၍၊ သတ္တရသဂဟနာနိ- တစ်ဆယ့်ခုနစ်ထပ်ကုန်သော တောတို့ကို၊ အတိက္ကမိတွာ- လွန်၍၊ ပဗ္ဗတဂဟနံ- တောင်တောသို့ ပတွာ- ရောက်၍၊ တတြာပိ- ထိုတောင် တော၌လည်း၊ ဆပဗ္ဗတေ- တောင်ခြောက်ထပ်တို့ကို၊ အတိက္ကမိတွာ- လွန်၍၊ သုဝဏ္ဏပဿပဗ္ဗတမတ္ထကံ- သုဝဏ္ဏပဿ တောင်ထိပ်သို့ အာရုဠ္ဍဘာဝံ- တက်သည်၏ အဖြစ်ကို၊ အာဝိကရောန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- မြတ်စွာဘုရားသည်၊ "တတ္တော ဝ သော (ပ) ပယောဇိတော စိတ္တဝသာ နုယာဂါ"တိ- "တတ္တော ဝ သော (ပ) ပယောဇိတော စိတ္တဝသာနုယာဂါ"ဟူကုန်သော၊ (ပဉ္စဂါထာ- ငါးဂါထာတို့ကို) အာဟ- ဟောတော်မူပြီ။

၁၁၄။ ဘိက္ခဝေ- ရဟန်းတို့၊ သောလုဒ္ဒေါ- ထိုသောနတ္တိုရ်မုဆိုးသည်၊ တတ္တော ဝ- ထိုဘုံခုနှစ်ဆင့်ရှိသော ပြာသာဒ်အပြင်၌လျှင်၊ ဋ္ဌိတာယ- တည်သော၊ တဿာ- ထိုမိဖုရား၏၊ ဝါကျံ- စကားကို၊ ဥဂ္ဂဟေတွာန- ယူ၍၊ [တူဏိဉ္စ(တူဏ္ဍိဉ္စ)]- မြားတောင့်ကိုလည်းကောင်း၊ ဓနုဉ္စ- ဗိုလ်တစ်ထောင် တင်သောလေးကြီးကိုလည်းကောင်း၊ အာဒါယ- ယူ၍၊ ပဗ္ဗတဂဟနံ- တောင်တောသို့ ပတွာ- ရောက်၍၊ ဗြဟန္တေ- ကြီးမြင့်ကုန်သော၊ သတ္တဂိရိ- တောင်စဉ်ခုနစ်ထပ်တို့ကို၊ [ဝိတုရိယတိ(ဝိတူရိယတိ)]- စုံစမ်း၏၊ တီရေန္တော- စုံစမ်းသည်ရှိသော်၊ သုဝဏ္ဏပဿံနာမ- သုဝဏ္ဏပဿအမည်ရှိသော၊ ဥဠာရံ- ကြီးမြင့်စွာသော၊ ဂိရိံ- တောင်ကို၊ ဒိသွာ- မြင်၍။

၁၁၅။ ကိန္နရာနံ- ကိန္နရာတို့၏၊ ဘဝနံ- နေရာဖြစ်သော၊ သေလံ- သုဝဏ္ဏပဿ တောင်ထိပ်သို့၊ အာရုယှ- တက်၍၊ ပဗ္ဗတပါဒမူလံ- တောင်ခြေရင်းသို့၊ [ဩလောကယိ(ဩလောကယိ)]- ကြည့်၏၊ တတ္ထ- ထိုတောင်ခြေရင်း၌၊

မေဃသမာနဝဏ္ဏံ- တိမ်ညိုအဆင်းနှင့်တူသော အဆင်းရှိသော၊ [အဠ္ဌသ- ဟာယပါဒံ(အဠ္ဌသဟာယပေါရံ)]- ရှစ်တောင်သော ပါးပျဉ်းရှိသော၊ နိဂြောဓရာဇံ- ပညောင်ပင်မင်းကို၊ [အဒ္ဒသာ (အဒ္ဒသ)]- မြင်လေ၏။

၁၁၆။ ဘိက္ခဝေ- ရဟန်းတို့ တတ္ထ- ထိုပညောင်ပင်ရင်း၌၊ ဌိတံ- တည်သော၊ ဆဗ္ဗိသာဏံ- ရောင်ခြည်ခြောက်ပါးနှင့် ပြည့်စုံသော အစွယ်ရှိသော၊ သဗ္ဗသေတံ- ကိုယ်လုံးဖြူသော၊ ကုဥ္စရံ- ဆင်မင်းကို၊ [အဒ္ဒသာ (အဒ္ဒသ)]- မြင်လေ၏။ ပရေဘိ- သူတစ်ပါးတို့သည်၊ ဒုပ္ပသဟံ- နှိပ်စက် ခြင်းငှာ မတတ်ကောင်းသော၊ ဤသာဒန္တာ- ရထားလှည်းသန်နှင့် တူသော အစုံဖြစ်သော အစွယ်ရှိကုန်သော၊ ဝါတဇဝပ္ပဟာရိနော- လေ၏လျင်ခြင်းနှင့် တူသော လျင်ခြင်းဖြင့် လိုက်၍ ရန်သူတို့ကို သတ်တတ်သော သဘောရှိ ကုန်သော၊ အဠ္ဌသဟဿနာဂါ- ရှစ်ထောင်သော ဆင်တို့သည်၊ နံ- ထိုဆင်မင်းကို၊ ရက္ခန္တိ- စောင့်ကုန်၏။

၁၁၇။ ဘိက္ခဝေ- ရဟန်းတို့ တတ္ထ- ထိုသုဝဏ္ဏပဿတောင်၏ အတွင်း၌၊ [အဒူရေ(အဝိဒူရေ)]- ပညောင်ပင်မင်း၏အနီးသို့ ပတွာ- ရောက်၍၊ ယတ္ထ- အကြင်ဆဒ္ဒန်အိုင်၌၊ သောနာဂရာဇာ- ထိုဆဒ္ဒန်ဆင်မင်းသည်၊ နှာယတိ- ရေချိုး၏၊ ရမ္မံ- မွေ့လျော်ဖွယ်ရှိသော၊ သုတိတ္ထဉ္စ- ကောင်း သောဆိပ်လည်း ရှိထသော၊ [မဟောဒိကဉ္စ(မဟောဒကဉ္စ)]- များသောရေလည်း ရှိထသော၊ သမ္ပုပ္ဖိတံ- ကြာမျိုးငါးပါးတို့ဖြင့် ထက်ဝန်းကျင်မှ ကောင်းစွာပွင့်သော၊ ဘမရဂဏာနုစိဏ္ဏံ- ပျားပိတုန်းအပေါင်းတို့ဖြင့် ထက်ဝန်းကျင်မှ ပြည့်ထသော၊ တံပေါက္ခရဏီ- ထိုဆဒ္ဒန်အိုင်ကို၊ [အဒ္ဒသာ (အဒ္ဒသ)]- မြင်လေ၏။

၁၁၈။ ဘိက္ခဝေ- ရဟန်းတို့ နာဂဿ- ဆဒ္ဒန်ဆင်မင်း၏၊ ဂတိဉ္စ- သွားရာကို လည်းကောင်း၊ [ဋ္ဌိတိဉ္စ(ဋ္ဌိတဉ္စ)]- တည်ရာကိုလည်းကောင်း၊ ယာဝိထိ- အကြင်ခရီးသည်၊ နှာနဂတဿ- ရေချိုးသွားသော၊ အဿ- ထို ဆင်မင်း၏၊ ဝိထိ- ခရီးသည်၊ ဟောတိ- ဖြစ်၏၊ တဉ္စ- ထိုရေချိုးသွားရာ ခရီးကိုလည်း ကောင်း၊ သဗ္ဗံ- အလုံးစုံကို၊ ဒိသွာန- မြင်ပြီး၍၊ အနရိယရူပေါ- မကောင်းမှုကို မရှက်မကြောက်တတ်သည်၏အဖြစ်ကြောင့် ယုတ်မာသော သဘောရှိသော မုဆိုးကို၊ စိတ္တဝသာနုဂါယ- စိတ်၏အလိုသို့ လိုက်တတ်သော၊ တာယ- ထိုသုဘဒ္ဒါမိဖုရားသည်၊ ပယောဇိတော- စေအပ်သောကြောင့်၊ ဩပါတံ- တွင်းကို၊ အာဂစ္ဆိ- စီရင်၏။

တတ္ထ- ထိုတဗ္ဗော သောစသော ဂါထာ၌၊ သောတိ- သောဟူသည်ကား၊ ဘိက္ခဝေ- ရဟန်းတို့၊ သော လုဒ္ဒေါ- ထိုမုဆိုးသည်၊ တဗ္ဗော- ထိုအရပ်၌ပင်၊ သတ္တဘူမိကပါသာဒတလေ- ဘုံခုနှစ်ဆင့်ရှိသောပြာသာဒ်အပြင်၌၊ ဌိတာယ- တည်သော၊ တဿာ သုဘဒ္ဒါယ- ထိုသုဘဒ္ဒါမိဖုရား၏၊ ဝစနံ- စကားကို၊ ဥဂ္ဂဟေတွာ- နာယူ၍၊ သရတူဏ်ိဋ္ဌ- မြားတောင့်ကိုလည်းကောင်း၊ မဟာဓနုဋ္ဌ- လေးကြီးကိုလည်းကောင်း၊ အာဒါယ- ယူ၍၊ ပဗ္ဗတဂဟနံ- တောင်တောသို့၊ ပတွာ- ရောက်၍၊ သုဝဏ္ဏပဿပဗ္ဗတော နာမ- သုဝဏ္ဏပဿအမည်ရှိသော တောင်မည်သည်၊ ကတရော နု ခေါ- အဘယ်တောင်ဖြစ်သနည်း၊ က္လတိ- ဤသို့၊ သတ္တ- ခုနှစ်ခုကုန်သော၊ မဟာပဗ္ဗတေ- တောင်ကြီးတို့ကို၊ ဝိတုရိယတိ- စုံစမ်း၏၊ တသ္မိံ ကာလေ- ထိုအခါ၌၊ တုလေတိ- ချိန်ဆ၏၊ တီရေတိ- စုံစမ်း၏၊ သော- ထိုမုဆိုးသည်၊ ဧဝံ- ဤသို့၊ တီရေန္တော- စုံစမ်းသည်ရှိသော်၊ သုဝဏ္ဏပဿံ နာမ- သုဝဏ္ဏပဿအမည်ရှိသော၊ ဥဋ္ဌာရံ- မြတ်သော၊ ဂိရိံ- တောင်ထွဋ်ကို၊ ဒိသွာ- မြင်၍၊ အယံ- ဤတောင်ထွဋ်သည်၊ သော- ထိုသုဝဏ္ဏပဿမည်သောတောင်ထွဋ်သည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ က္လတိ- ဤသို့၊ စိန္တေသိ- ကြံစည်မိ၏၊ ဩလောကယီတိ- ဩလောကယိဟူသည်ကား၊ ကိန္နရာနံ- ကိန္နရာတို့၏၊ ဘဝနဘူတံ- နေရာဘုံဌာနဖြစ်သော၊ တံ ပဗ္ဗတံ- ထိုသုဝဏ္ဏပဿတောင်သို့၊ အာရုယှ- တက်၍၊ သုဘဒ္ဒါယ- မိဖုရားသည်၊ ဒိန္နသညာဝသေန- ပေးအပ်သော အမှတ်သညာ၏အစွမ်းဖြင့်၊ ဟေဋ္ဌာ- အောက်သို့၊ ဩလောကေသိ- ကြည့်ခဲ့ပြီ၊ တတ္ထာတိ- တတ္ထာဟူသည်ကား၊ တသ္မိံ ပဗ္ဗတပါဒ-မူလေ- ထိုတောင်ခြေ၌၊ အဝိဒူရေဃေဝ- အနီး၌ပင်လျှင်၊ တံ နိဂြောဓံ- ထိုပညောင်ပင်ကို၊ အဒ္ဒသ- မြင်လေပြီ။

တတ္ထာတိ- တတ္ထာဟူသည်ကား၊ တသ္မိံ နိဂြောဓရုက္ခမူလေ- ထိုပညောင်ပင်ရင်း၌၊ ဌိတံ- တည်သော၊ တတ္ထာတိ- တတ္ထဟူသည်ကား၊ တဗ္ဗော အန္တောပဗ္ဗတေ- ထိုတောင်၏အနီး၌ပင်လျှင်၊ တဿ နိဂြောဓဿ- ထိုပညောင်ပင်၏၊ အဝိဒူရေ- အနီး၌၊ ယတ္ထ- အကြင်ဆဒ္ဒန်အိုင်၌၊ သော- ထိုဆင်မင်းသည်၊ နှာယတိ- ရေချိုး၏၊ တံ ပေါက္ခရဏိံ- ထိုဆဒ္ဒန်အိုင်ကို၊ အဒ္ဒသ- မြင်လေပြီ၊ ဒိသွာနာတိ- ဒိသွာနဟူသည်ကား၊ သုဝဏ္ဏပဿပဗ္ဗတာ- သုဝဏ္ဏပဿတောင်မှ၊ ဩရုယှ- ဆင်းသက်၍၊ ဟတ္ထီနံ- ဆင်တို့၏၊ (သန္တိကေ- အထံသို့) ဂတကာလေ- သွားသောအခါ၌၊ ဟတ္ထိ-

ပါဒုပါဟန်- ဆင်ခြေသဏ္ဍာန်ရှိသော ဖိနပ်ကို၊ အာရုယှ- စီး၍၊ တဿနာဂရညော- ထိုဆင်မင်း၏၊ ဂတဋ္ဌာနံ- သွားရာအရပ်ကို၊ နိဗဒ္ဓဝသနဋ္ဌာနံ- အမြဲနေရာအရပ်ကို၊ ဥပဓာရေန္တော- စူးစမ်းသည်ရှိသော်၊ ဣမိနာ မဂ္ဂေန- ဤလမ်းဖြင့်၊ ဂစ္ဆတိ- သွား၏၊ ဣဓ- ဤအရပ်၌၊ နှာယတိ- ရေချိုး၏၊ နှတွာ- ရေချိုးပြီး၍၊ ဥတ္တိဏ္ဏော- ကမ်းသို့ တတ်၏၊ ဣဓ- ဤအရပ်၌၊ တိဋ္ဌတိ- တည်၏၊ ဣတိ- ဤသို့၊ သဗ္ဗံ- အလုံးစုံကို၊ ဒိသွာ- မြင်၍၊ အဟိရိကဘာဝေန- အရှက်မရှိသည်၏အဖြစ်ကြောင့်၊ အနရိယရူပေါ- ယုတ်မာသော သဘောရှိသော မုဆိုးကို၊ စိတ္တဝသာနုဂါယ- စိတ်အလိုသို့ လိုက်သော၊ တာယ- ထိုသုဘဒ္ဒါမိဖုရားသည်၊ ပယောဇိတော- စေခိုင်းအပ်ပြီ၊ တသ္မာ- ထိုသို့မိဖုရား၏ စေခိုင်းအပ်သောကြောင့်၊ ဩပါတံ- တွင်းကို၊ အာဂစ္ဆိ- တူးခဲ့ပြီ၊ ပဋိပဇ္ဇိ- တူးခဲ့ပြီ၊ အာဝါဋံ- တွင်းကို၊ ခဏိ- တူးခဲ့ပြီး၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တတြ- ထိုသို့သောနုတ္တိုရ်မုဆိုးသည် တွင်းကိုစီရင်ရာ၌၊ အယံ- ဤဆိုလတ္တံ့ သည်ကား၊ အနုပုဗ္ဗိကထာ- အစဉ်ဖြစ်သောစကားတည်း၊ "ကိရ- တစ်ဆင့်စကား ကြားဖူးသည်ကား၊ သော- ထိုသောနုတ္တိုရ်မုဆိုးသည်၊ မဟာသတ္တဿ- ဘုရား လောင်းဆဒ္ဒန်ဆင်မင်း၏၊ ဝသနောကာသံ- နေရာအရပ်သို့ သတ္တမာသာဓိကေဟိစ- ခုနစ်လအလွန်တို့ဖြင့်လည်းကောင်း၊ သတ္တဟိ သံဝစ္ဆရေဟိစ- ခုနစ်နှစ်တို့ဖြင့်လည်း ကောင်း၊ သတ္တဟိ ဒိဝသေဟိ စ- ခုနစ်ရက်တို့ဖြင့်လည်းကောင်း၊ ပတွာ- ရောက်၍၊ ဝုတ္တနယေနေဝ- ဆိုအပ်ပြီးသောနည်းဖြင့်သာ၊ တဿ- ထိုဘုရားလောင်းဆင်မင်း ၏၊ ဝသနောကာသံ- နေရာအရပ်သို့ သလ္လက္ခေတွာ- မှတ်၍၊ "ဣဓ- ဤအရပ်၌၊ အာဝါဋံ- တွင်းကို၊ ခဏိတွာ- တူး၍၊ တသ္မိံ- ထိုတွင်း၌၊ ဌိတော- နေလျက်၊ ဝါရဏာဓိပတိံ- ဆင်မင်းကို၊ ဝိသပီတေန- အဆိပ်လူးသော၊ သလ္လေန- မြားဖြင့်၊ ဝိဇ္ဈိတွာ- ပစ်ပြီး၍၊ ဇီဝိတက္ခယံ- အသက်ကုန်ခြင်းသို့ ပါပေဿာမိ- ရောက်စေအံ့၊" ဣတိ- ဤသို့၊ ဝဝတ္ထပေတွာ- မှတ်၍၊ အရညံ- တောသို့ ပဝိသိတွာ- ဝင်၍၊ ထမ္ဘာ- ဒီနံ- တိုင်အစရှိသည်တို့၏၊ အတ္ထာယ- အကျိုးငှာ၊ ရုက္ခေ- သစ်ပင်တို့ကို၊ ဆိန္ဒိတွာ- ခုတ်ဖြတ်၍၊ ဒဗ္ဗသမ္ဘာရေ- အဆောက်အဦတို့ကို၊ သဇ္ဇေတွာ- စီရင်၍၊ ဟတ္ထီသု- ဆင်တို့သည်၊ နှာနတ္ထာယ- ရေချိုးခြင်းအကျိုးငှာ၊ ဂတေသု- သွားကုန်လတ်သော်၊ တဿ- ထိုဆင်မင်း၏၊ ဝသနောကာသေ- နေရာအရပ်၌၊ မဟာကုဒ္ဒါလေန- ကြီးစွာ သောပေါက်တူးဖြင့်၊ စတုရဿံ- လေးထောင့်ရှိသော၊ အာဝါဋံ- တွင်းကို၊ ခဏိတွာ-

တူး၍၊ ဥဒ္ဒတပံသုံ- တူးအပ်သော တွင်းစာဖြစ်သော မြေမှုန့်ကို၊ ဗီဇံ- မျိုးစေ့ကို၊ ဝပန္တောဝိယ- ကြဲသကဲ့သို့ ဥဒကေန- ရေဖြင့်၊ ဝိကိရိတွာ- ကြဲ၍၊ ဥဒုက္ခလပါသာဏာနံ- ကျောက်ဆုံတို့၏၊ ဥပရိ- အပေါ်၌၊ ထမ္ဘေ- တိုင်တို့ကို၊ ပတိဋ္ဌပေတွာ- စိုက်၍၊ တုလာစ- ထုပ်လျောက်ကိုလည်းကောင်း၊ ကာဧစ- ထမ်းပိုးတို့ကို လည်းကောင်း၊ ဒတွာ- ပေး၍၊ ဝါ- တင်၍၊ ပဒရာနိ- ပျဉ်ချပ်တို့ကို၊ အတ္ထရိတွာ- ခင်းပြီး၍၊ ကဏ္ဏပ္ပမာဏံ- မြားထွက်လောက်ရုံမျှသော၊ ဆိဒ္ဒံ- အပေါက်ကို၊ ကတွာ- ဖောက်၍၊ ဥပရိ- အပေါ်၌၊ ပံသုဉ္စ- မြေမှုန့်ကိုလည်းကောင်း၊ ကစဝရဉ္စ- အမှိုက်ကို လည်းကောင်း၊ ပက္ခိပိတွာ- ဖုံးလွှမ်း၍၊ ဧကေန- တစ်ဖက်သော၊ ပဿေန- နံပါးဖြင့်၊ အတ္တနော- မိမိ၏၊ ပဝိသနဋ္ဌာနံ- ဝင်ရာအရပ်ကို၊ ကတွာ- ပြု၍၊ ဇဝံ- ဤသို့၊ အာဝါဋေ- တွင်းသည်၊ နိဋ္ဌိတေ- ပြီးလတ်သော်၊ ပစ္စူသကာလေယေဝ- မိုးလင်းသောအချိန်၌သာ၊ ပတိသီသကံ- ခေါင်းစွပ်ကို၊ ပဋိမုဉ္စိတွာ- စွပ်ပြီး၍၊ ကာသာယာနိ- ဖန်ရည်စွန်းသော အဝတ်တို့ကို၊ ပရိဒဟိတွာ- ဝတ်၍၊ ဝိသပီတေန- အဆိပ်လူးသော၊ သလ္လေန- မြားနှင့်၊ သဒ္ဓိံ- တကွ၊ ဓနုံ- လေးကို၊ အာဒါယ- ယူ၍၊ အာဝါဋံ- တွင်းသို့၊ ဩတရိတွာ- သက်ဆင်း၍၊ အဋ္ဌာသိ- တည်နေပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- မြတ်စွာဘုရားသည်၊ “ခဏိတွာန ကာသုံ မလကေဟိ (ပ) အရဟာဒ္ဓဇော သမ္မိ အဝဇ္ဈရူပေါ”တိ- “ခဏိတွာန ကာသုံ မလကေဟိ (ပ) အရဟာဒ္ဓဇော သမ္မိ အဝဇ္ဈရူပေါ”ဟူကုန်သော၊ (က္ကမာတိသောဂါထာ- ဤသုံးဂါထာတို့ကို၊) အာဟ- ဟောတော်မူပြီ။

၁၁၉။ ဘိက္ခဝေ- ရဟန်းတို့၊ ဒုက္ကဋ္ဌကမ္မကာရီ- မကောင်းသောအမှုကို ပြုလေ့ရှိသော၊ လုဒ္ဒေါ- သောနုတ္တိုရ်မုဆိုးသည်၊ ကာသုံ- တွင်းကို၊ ခဏိ- တွာန- တူးပြီး၍၊ ဓနုဉ္စ- လေးကိုလည်းကောင်း၊ သရဉ္စ- မြားကိုလည်းကောင်း၊ အဗ္ဘန္တရေ- တွင်းထဲ၌၊ ကတွာ- ထားသည်ကိုပြု၍၊ ဖလကေ- ဟိ- ပျဉ်တို့ဖြင့်၊ ဆာဒယိ- မိုး၏၊ အတ္တာနံ- မိမိကိုယ်ကို၊ ဩဓာယ- သွင်း၍၊ ပဿာဂတံ- မိမိ၏တွင်းအနီးသို့လာသော၊ နာဂံ- ဆင်မင်းကို၊ ပုထုသလ္လေန- ကြီးသောဆိပ်လူးမြားဖြင့်၊ [သမပ္ပယိ(သမ္မပ္ပယိ)]- ပစ်၏။

၁၂၀။ ဘိက္ခဝေ- ရဟန်းတို့၊ ဝိဒ္ဓေါ- သောနုတ္တိုရ်မုဆိုးသည် ပစ်အပ်သော၊ နာဂေါစ- ဆင်မင်းသည်လည်း၊ ဃောရံ- ပြင်းစွာသော၊ ကောဉ္စံ- ကြိုးကြာသံကို၊ တိက္ခတ္တုံ- သုံးကြိမ်၊ အနာဒိ- ဟီး၏၊ သဗ္ဗေ- အလုံးစုံကုန်သော၊ နာဂါစ-

ရှစ်ထောင်ကုန်သော ဆင်တို့သည်လည်း၊ ဃောရရူပံ- ကြောက်မက်ဖွယ်သော သဘောရှိသော၊ [နိန္နဒုံ(နိန္နာဒံ)]- ပဲ့တင်သံကို၊ ကရိံသု- ပြုကုန်၏၊ တေ- ထိုရှစ်ထောင်ကုန်သော ဆင်တို့သည်၊ တိဏဉ္စ- မြက်ကိုလည်းကောင်း၊ ကဋ္ဌဉ္စ- သစ်ခက်သစ်ရွက်ကိုလည်းကောင်း [ရဏံ (စုဏ္ဏံ)]- မှုန့်မှုန့်ညက်ညက်၊ ကရောန္တာ- ပြုကုန်လျက်၊ သမန္တတော- ထက်ဝန်းကျင်မှ၊ အဋ္ဌဒိသာ- အရပ် ရှစ်မျက်နှာတို့သို့၊ ဓာဝိံသု- ပြေးကုန်၏။

၁၂၁။ ဘိက္ခဝေ- ရဟန်းတို့ သော- ထိုဆဒ္ဒန်ဆင်မင်းသည်၊ နံ- ထိုသောနုတ္တိုရ် မုဆိုးကို၊ ဝဓိဿာမီတိ- သတ်အံ့ဟူ၍၊ ပရာမသန္တော- သုံးသပ်သည်ရှိသော်၊ က္လသီနံ- သီလက္ခန္ဓအစရှိသော ကျေးဇူးအပေါင်းကို ရှာမှီးလေ့ရှိကုန်သော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏၊ ဓဇံ- တံခွန်သဖွယ်ဖြစ်သော၊ ကာသာဝံ- သင်္ကန်းကို၊ အဒ္ဒက္ခိ- မြင်လေ၏၊ အထ- ထိုသို့မြင်သည်ရှိသော်၊ ဒုက္ခေန- ဆင်းရဲသည်၊ ဖုဋ္ဌဿ- နှိပ်စက်အပ်သော ဘုရားလောင်းအား၊ အရဟဒ္ဓဇော- အရဟတ္တဖိုလ်၏ တံခွန်မည်သည်ကို၊ သဗ္ဘိ- ပညာရှိသူတော်ကောင်းတို့သည်၊ အဝဇ္ဈရူပေါ- မသတ်အပ်သော သဘောရှိ၏၊ အညဒတ္ထု- စင်စစ်သဖြင့်ကား၊ သက္ကာတဗ္ဗောယေဝ- ပူဇော်အပ်သည်သာလျှင်တည်း၊ က္လတိ အယံသညာ- ဤသို့သောအမှတ်သည်၊ ဥဒပါဒိ- ထင်ရှားဖြစ်၏။

တတ္ထ- ထိုခဏိတ္တာနစသော ဂါထာတို့၌၊ **ဩဓာယာတိ**- ဩဓာယဟူသည်ကား၊ ဩဒဟိတွာ- ထား၍၊ ပဝေသေတွာ- သွင်း၍၊ **ပဿာဂတန္တိ**- ပဿာဂတံဟူသည်ကား၊ အတ္တနော- မိမိ၏၊ အာဝါဋဿ- တွင်း၏၊ ပဿံ- နဘေးသို့၊ အာဂတံ- ရောက်လာသော၊ ကိရ- ဆိုဦးအံ့၊ သော- ထိုဆင်မင်းသည်၊ ဒုတိယဒိဝသေ- နှစ်ရက်မြောက်သော နေ့၌၊ အာဂန္ဒာ- လာ၍၊ နှတွာ- ရေချိုးပြီး၍၊ ဥတ္တိဏ္ဏော- တက်လတ်သော်၊ တသ္မိံ မဟာဝိသာလမာလကေ နာမ- ထိုမဟာဝိသာလမာလက အမည်ရှိသော၊ ပဒေသေ- အရပ်၌၊ အဋ္ဌာသိ- ရပ်တည်ခဲ့ပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုဆင်မင်း၏၊ သရီရ- တော- ကိုယ်မှ၊ ဥဒကံ- ရေသည်၊ နာဘိပဒေသေန- ချက်အရပ်ဖြင့်၊ ဩဂလိတွာ- တွဲလျားကျ၍၊ တေန ဆိဒ္ဒေန- ထိုမုဆိုးဖောက်ထားသော အပေါက်ဖြင့်၊ လုဒ္ဒဿ- မုဆိုး၏၊ သရီရေ- ကိုယ်ပေါ်၌၊ ပတိ- ကျခဲ့ပြီ၊ တာယ သညာယ- ထိုအမှတ်ဖြင့်၊ သော- ထိုမုဆိုးသည်၊ မဟာသတ္တဿ- အလောင်းတော်ဆင်မင်း၏၊ အာဂန္ဒာ- လာ၍၊ ဌိတဘာဝံ- တည်သည်၏အဖြစ်ကို၊ ဥတွာ- သိ၍၊ တံ ပဿာဂတံ- ထိုအနီးသို့

ရောက်လာသော ဆင်ကို၊ ပုထုနာ- ကြီးစွာသော၊ သလ္လေန- မြားဖြင့်၊ သမပ္ပယိ- ပြစ်ခဲ့ပြီ၊* ဝိဇ္ဈိ- ထိုးပစ်ခဲ့ပြီ၊ ဒုက္ကဋ္ဌကမ္မကာရီတိ- ဒုက္ကဋ္ဌကမ္မကာရီဟူသည်ကား၊ တဿမဟာသတ္တဿ- ထိုအလောင်းတော်ဆင်မင်း၏၊ ကာယိကစေတသိကဿ- ကိုယ်စိတ်၌ဖြစ်သော၊ ဒုက္ခဿ- ဆင်းရဲ၏၊ ဥပ္ပါဒနေန- ဖြစ်ခြင်းကြောင့်၊ ဒုက္ကဋ္ဌဿ- မကောင်းသဖြင့်ပြုအပ်သော၊ ကမ္မဿ- အမှုကို၊ ကာရကော- ပြုတတ်သည်၊ (ဟောတိ- ဖြစ်၏။)

ကောဉ္စမနာဒီတိ- ကောဉ္စမနာဒီဟူသည်ကား၊ ကောဉ္စနာဒံ- ကြိုးကြာမည်သံကို၊ အကရိ- ပြုခဲ့ပြီ၊ ကိရ- ဆက်၍ဆိုဦးအံ့၊ တဿ- ထိုမုဆိုး၏၊ တံ သလ္လံ- ထိုမြားသည်၊ နာဘိယံ- ချက်၌၊ ပဝိသိတွာ- ဝင်၍၊ ပိဟကာဒီနိ- အဖြင်းအစရှိသည်တို့ကို၊ သဉ္စုဏ္ဏေတွာ- မှုန်မှုန်ညက်ကြေစေ၍၊ အန္တာနိ- အူတို့ကို၊ ဆိန္ဒိတွာ- ဖြတ်၍၊ ပိဋ္ဌိဘာဂံ- ကျောကုန်းအဘို့ကို၊ ဖရသုနာ- ပုဆိန်ဖြင့်၊ ပဒါလေန္တံ ဝိယ- ခွဲဖြတ်ဘိသကဲ့သို့၊ ဥဂ္ဂန္တွာ- အထက်သို့တတ်၍၊ အာကာသေ- ကောင်းကင်၌၊ ပက္ခန္ဒိ- ပြေးသွားခဲ့ပြီ၊ ဘိန္နရဇတ- ကုမ္ဘတော- ကွဲသောဆိုးရည်အိုးမှ၊ ရဇနံ ဝိယ- ဆိုးရည်ကဲ့သို့၊ ပဟာရမုခေန- မြားဖောက်ထွင်းသော အပေါက်ဖြင့်၊ လောဟိတံ- သွေးသည်၊ ပဃ္ဃရိ- ယိုကျခဲ့ပြီ၊ ဗလဝဝေဒနာ- ပြင်းထန်သော ဝေဒနာသည်၊ ဥပ္ပဇ္ဇိ- ဖြစ်ခဲ့ပြီ၊ သော- ထိုဆင်မင်းသည်၊ ဝေဒနံ- ဝေဒနာကို၊ အဓိဝါသေတုံ- သည်းခံခြင်းငှာ၊ အသက္ကောန္တော- မစွမ်းနိုင်သည် ဖြစ်၍၊ ဝေဒနာပ္ပတ္တော- ဆင်းရဲသော ဝေဒနာသို့ရောက်သည်ဖြစ်၍၊ သကလပဗ္ဗတံ- အလုံးစုံသောတောင်ကို၊ ဧကနိန္နာဒံ- တခဲနက်သော မည်သံကို၊ ကရောန္တော- ပြုလျက်၊ တိက္ခတ္တုံ- သုံးကြိမ်၊ မဟန္တံ- ကြီးစွာသော၊ ကောဉ္စနာဒံ- ကြိုးကြာမည်သံကို၊ နဒိ- မည်ခဲ့ပြီ၊ သဗ္ဗေစာတိ- သဗ္ဗေစဟူသည်ကား၊ သဗ္ဗေပိ- အလုံးစုံလည်းဖြစ်ကုန်သော၊ တေအဋ္ဌသဟဿနာဂါ- ထိုရှစ်ထောင်သောဆင်တို့သည်၊ တံ သဒ္ဒံ- ထိုဆင်မင်း၏ မည်သံကို၊ သုတွာ- ကြား၍၊ မရဏဘယဘီတာ- သေဘေးဖြင့် ကြောက်ကုန်သည် ဖြစ်၍၊ ဃောရရူပံ- ကြောက်မက်ဖွယ်သော သဘောရှိသော၊ နိန္နဒံ- ပဲ့တင်သံကို၊ အနုရဝံ- အတုလိုက်၍မြည်ဟီးခြင်းကို၊ ကရိံသု- ပြုခဲ့ကြကုန်ပြီ၊ ရဏံ ကရောန္တာတိ- ရဏံကရောန္တာဟူသည်ကား၊ တေန သဒ္ဒေန- ထိုဆင်မင်း၏ မြည်သံကြောင့်၊ ဂန္တွာ-

* သမ္ပယိ= သမ်+အာပ+အယ=ဤ- အာ-ကို အ-ပြု- ပ-ဒွေးဘောလာ- ဤ-ဝိဘက်ကို ဣ-သို့ကျ၍ ရုပ်ပြီးသည်။

သွား၍၊ ဆဒ္ဒန္တဝါရဏံ- ဆဒ္ဒန်ဆင်မင်းကို၊ ဝေဒနာပ္ပတ္တံ- ဆင်းရဲသောဝေဒနာသို့ ရောက်သည်ကို၊ ဒိသွာ- မြင်၍၊ ပစ္စာမိတ္တံ- ရန်သူကို၊ ဂဏှိဿာမ- ဖမ်းကုန်အံ့၊ ဣတိ- ဤသို့၊ တိဏာနိစ- မြက်ကိုလည်းကောင်း၊ ကဋ္ဌာနိစ- သစ်သားကိုလည်းကောင်း၊ စုဏ္ဏဝိစုဏ္ဏံ- မှုန့်မှုန့်ညက်ညက်၊ ကရောန္တာ- ပြုကုန်လျက်၊ သမန္တာ- ထက်ဝန်းကျင်မှ၊ ဓာဝိံသု- ပြေးသွားကြကုန်ပြီ။

**ဝဓိဿမေတန္တိ**- ဝဓိဿမေတံဟူသည်ကား၊ ဘိက္ခဝေ- ရဟန်းတို့၊ သော ဆဒ္ဒန္တဝါရဏော- ထိုဆဒ္ဒန်ဆင်မင်းသည်၊ ဒိသာ- အရပ်မျက်နှာတို့သို့၊ နာဂေသု- ရှစ်ထောင်သော ဆင်တို့သည်၊ ပက္ကန္တေသု- ဖဲသွားကုန်သည်ရှိသော်၊ သုဘဒ္ဒါယ- မဟာသုဘဒ္ဒါအမည်ရှိသော၊ ကရေဏုယာ- ဆင်မသည်၊ ပဿေ- နဘေး၌၊ ဌတွာ- ရပ်တည်၍၊ သန္ဓာရေတွာ- ကောင်းစွာ ဆောင်ထား၍၊ သမဿာ သယမာနာယ- သက်သာရာရစေသည်ရှိသော်၊ ဝေဒနံ- ဆင်းရဲဝေဒနာကို၊ အဓိဝါသေတွာ- သည်းခံ၍၊ ကဏ္ဍဿ- မြား၏၊ အာဂတဋ္ဌာနံ- လာရာအရပ်ကို၊ သလ္လက္ခေန္တော- စူးစမ်းသည် ရှိသော်၊ သစေ- အကယ်၍၊ ကဏ္ဍံ- ဤမြားသည်၊ ပုရတ္ထိမဒိသာဒီဟိ- အရှေ့အရပ် စသည်တို့မှ၊ အာဂတံ- လာသည်၊ အဘဝိဿ- ဖြစ်အံ့၊ ကုမ္ဘာဒီဟိ- ဦးကင်းအစရှိ သည်တို့မှ၊ ပဝိသိတွာ- ဝင်၍၊ ပစ္ဆိမကာယာဒီဟိ- နောက်ပိုင်းကိုယ် အစရှိသည်တို့မှ၊ နိက္ခမိဿ- ထွက်ရာ၏၊ ပန- စင်စစ်သော်ကား၊ ကဏ္ဍံ- ဤမြားသည်၊ နာဘိယာ- ချက်မှ၊ ပဝိသိတွာ- ဝင်၍၊ အာကာသံ- ကောင်းကင်သို့ ပက္ခန္ဒိ- ပြေးသွားခဲ့ပြီ၊ တသ္မာ- ထို့ကြောင့်၊ ပထဝိယံ- မြေ၌၊ ဌိတေန- တည်သောသူသည်၊ ဝိဿဋ္ဌံ- ပစ်အပ်သည်၊ ဘဝိဿတိ- ဖြစ်လတ့်၊ ဣတိ- ဤသို့ ဥပဓာရေတွာ- မှတ်သား၍၊ ဌိတဋ္ဌာနံ- တည်ရာ အရပ်ကို၊ ဥပပရိက္ခိတုကာမော- စူးစမ်းခြင်း ငှာအလိုရှိသည်ဖြစ်၍၊ ကော- အဘယ်သူသည်၊ ဇာနာတိ- သိသနည်း၊ ကိံ- အဘယ်သည်၊ ဘဝိဿတိ- ဖြစ်လတ့်နည်း၊ သုဘဒ္ဒံ- မဟာသုဘဒ္ဒါကို၊ အပနေတုံ- ဖယ်ရှားခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊ ဣတိ- ဤသို့ စိန္တေတွာ- ကြံစည်၍၊ ဘဒ္ဒေ- ရှင်မသုဘဒ္ဒါ၊ အဋ္ဌသဟဿနာဂါ- ရှစ်ထောင်သော ဆင်တို့သည်၊ မမ- ငါ၏၊ ပစ္စာမိတ္တံ- ရန်သူကို၊ ပရိယေသန္တာ- ရှာကုန်လျက်၊ ဒိသာ- အရပ်မျက်နှာတို့သို့ ပက္ခန္ဒာ- ပြေးသွားကြကုန်ပြီ၊ တွံ- သင်သည်၊ ဣဓ- ဤအရပ်၌၊ ကိံ- အဘယ်ကို၊ ကရောသိ- ပြုဘိသနည်း၊ ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ဒေဝ- အရှင်၊ အဟံ- ငါသည်၊ တုမှေ- သင်တို့ကို၊ သန္ဓာရေတွာ- ဆောင်ထား၍၊ သမဿာသေန္တီ- သက်သာရာရစေလျက်၊ ဌိတာ- တည်နေပါ၏၊ မေ- ငါ့အား၊ ခမထ-

သည်းခံပါ၊ ဣတိ- ဤသို့၊ တိက္ခတ္တုံ- သုံးကြိမ်၊ ပဒက္ခိဏံ- အရိုအသေကို၊ ကတွာ- ပြု၍၊ စတူသု- လေးပါးကုန်သော၊ ဌာနေသု- အရပ်တို့၌၊ ဝန္ဒိတွာ- ရှိခိုး၍၊ တာယ- ထိုမဟာသုဘဒ္ဒါဆင်မသည်၊ အာကာသံ- ကောင်းကင်သို့၊ ပက္ခန္ဒာယ- ပျံသွားသည် ရှိသော်၊ နာဂရာဇာ- အလောင်းတော်ဆင်မင်းသည်၊ ဘူမိံ- မြေကို၊ ပါဒနခေန- ခြေသည်းဖြင့်၊ ပဟာရိ- ယက်ခဲ့ပြီ၊ ပဒရံ- ပျဉ်ချပ်သည်၊ ဥပ္ပတိတွာ- ကွာကျ၍၊ ဂတံ- သွားခဲ့ပြီ၊ သော- ထိုဆင်မင်းသည်၊ ဆိဒ္ဒေန- အပေါက်ဖြင့်၊ ဩလောကေန္တော- ကြည့်သည်ရှိသော်၊ သောနုတ္တရံ- သောနုတ္တိုရ်မုဆိုးကို၊ ဒိသွာ- မြင်၍၊ နံ- ထိုမုဆိုးကို၊ ဝဓိဿာမိ- သတ်အံ့၊ ဣတိ- ဤသို့၊ စိတ္တံ- စိတ်ကို၊ ဥပ္ပါဒေတွာ- ဖြစ်စေပြီး၍၊ ရဇတဒါမဝဏ္ဏသောဏ္ဍံ- ငွေပန်းဆိုင်အဆင်းရှိသော နှာမောင်းကို၊ ပဝေသေတွာ- သွင်း၍၊ ပရာမသန္တော- သုံးသပ်သည်ရှိသော်၊ ဗုဒ္ဓါနံ- ဘုရားရှင်တို့၏၊ ဣသီနံ- ရသေ့ သူတော်စင်တို့၏၊ ဓဇံ- တံခွန်သဖွယ်ဖြစ်သော၊ ကာသာဝံ- သင်္ကန်းကို၊ အဒ္ဒက္ခိ- မြင်ခဲ့ပြီ၊ လုဒ္ဒေါ- မုဆိုးသည်၊ ကာသာဝံ- သင်္ကန်းကို၊ မဟာသတ္တဿ- အလောင်းတော် ဆင်မင်း၏၊ ဟတ္ထေ- လက်၌၊ ဌပေသိ- ထားခဲ့ပြီ၊ သော- ထိုဆင်မင်းသည်၊ တံ- ထိုသင်္ကန်းကို၊ ဥက္ခိပိတွာ- မြှောက်၍၊ ပုရတော- ရှေ့၌၊ ဌပေသိ- ချထားပြီ၊ အထ- ထိုအခါ၌၊ တထာရူပေန- ထိုသို့သဘောရှိသော၊ တေန ဒုက္ခေနပိ- ထိုပြင်းပြသော ဆင်းရဲဝေဒနာဖြင့်လည်း၊ ဖုဋ္ဌဿ- ထိတွေ့အပ်သော၊ အဿ- ထိုအလောင်းတော် ဆင်မင်း၏(ဝါ) ဆင်မင်းအဖို့၊ အရဟဒ္ဓဇော နာမ- အရဟတ္တဖိုလ်၏တံခွန်မည် သည်ကို၊ သန္တိ- သူတော်ကောင်းတို့သည်၊ ပဏ္ဍိတေဟိ- ပညာရှိတို့သည်၊ အဝဇ္ဈရူပေါ- မပြစ်မှားအပ်သော သဘောရှိ၏၊ အညဒတ္ထု- စင်စစ်၊ သက္ကာတဗ္ဗော- အရိုအသေ ပြုအပ်သည်သာ၊ ဂရုကာတဗ္ဗောယေဝ- အလေးအမြတ် ပြုအပ်သည်သာ၊ ဣတိ- ဤသို့၊ အယံ သညာ- ဤအမှတ်သညာသည်၊ ဥဒပါဒိ- ဖြစ်ခဲ့ပြီ။

သော- ထိုဘုရားလောင်းသည်၊ တေန- ထိုမုဆိုးနှင့်၊ သဒ္ဓိံ- တကွ၊ သလ္လပန္တော- စကားပြောလိုသည်ဖြစ်၍၊ “အနိက္ကသာဝေါ ကာသာဝံ (ပ) သ ဝေ ကာသာဝမရဟတိ” တိ- “အနိက္ကသာဝေါ ကာသာဝံ (ပ) သ ဝေ ကာသာဝမရဟတိ”ဟူသော၊ ဂါထာဒွယံ- ဂါထာနှစ်တို့၏ အပေါင်းကို၊ အာဟ- ဆိုပြီ။

၁၂၂။ သမ္မလုဒ္ဒပုတ္တ- အချင်းမုဆိုးသား၊ အနိက္ကသာဝေါ- မကင်းသော ရာဂရှိသော ကိလေသာဟူသော ဖန်ရည်လည်းရှိထသော၊ ဒမသစ္စေန- စက္ခုစသော ဣန္ဒြေကို ဆုံးမခြင်း သစ္စာစောင့်ခြင်းမှ၊ အပေတော- ကင်းသော၊

ယော- အကြင်ပုဂ္ဂိုလ်သည်၊ ကာသဝံ- ဖန်ရည်စွန်းသော၊ ဝတ္ထံ- အဝတ်ကို၊ [ပရိဒဟိဿတိ(ပရိဒဟတိ)]- ဝတ်ရုံ၏၊ သော- ထိုပုဂ္ဂိုလ်သည်၊ ကာသာဝံ- သင်္ကန်းကို၊ နအရဟတိ- မထိုက်။

၁၂၃။ သမ္မလုဒ္ဒပုတ္တ- အချင်းမုဆိုးသား၊ ယောစ- အကြင်ပုဂ္ဂိုလ်သည်ကား၊ ဝန္တကာသာဝေါ- အန်အပ်ပြီးသော ကိလေသာဟူသော ဖန်ရည်ရှိသည်၊ အဿ- ဖြစ်ရာ၏၊ သီလေသု- စတုပါရိသုဒ္ဓိသီလတို့၌၊ သုသမာဟိတော- ပြည့်စုံသော သီလအကျင့်ရှိသည်၊ အဿ- ဖြစ်ရာ၏၊ ဒမသစ္စေန- စက္ခုစသော ဣန္ဒြေကို ဆုံးမခြင်း သစ္စာစောင့်ခြင်းနှင့်၊ ဥပေတော- ပြည့်စုံသည်၊ အဿ- ဖြစ်ရာ၏၊ သော- ထိုအန်အပ်ပြီးသော ကိလေသာဟူသော ဖန်ရည်ရှိသော ပုဂ္ဂိုလ်သည်၊ ဝေ- စင်စစ်၊ ကာသာဝံ- သင်္ကန်းကို၊ အရဟတိ- ထိုက်၏။

တဿ- ထိုဂါထာ၏၊ အတ္ထော- အနက်ကား၊ သမ္မ လုဒ္ဒပုတ္တ- အချင်းမုဆိုး၊ ယော ပုရိသော- အကြင်ယောကျ်ားသည်၊ ရာဂါဒီဟိ- ရာဂအစရှိကုန်သော၊ ကသာဝေဟိ- ဖန်ရည်တို့မှ၊ အနိက္ကသာဝေါ- မထုတ်ပယ်အပ်သော ဖန်ရည်ရှိသည်၊ ဣန္ဒြိယဒမေန စေဝ- ဣန္ဒြေကို ဆုံးမခြင်းမှလည်းကောင်း၊ ဝစီသစ္စေန စ- မှန်သော စကားကို ပြောဆိုခြင်းမှလည်းကောင်း၊ အပေတော- ကင်းသည်၊ တေဟိ ဂုဏေဟိ- ထိုဂုဏ်တို့ဖြင့်၊ အနုပဂတော- မပြည့်စုံသည်၊ ဟုတွာ- ဖြစ်၍၊ ကသာဝရသပီတံ- ဖန်ရည်ကိုသောက်သော၊ ကာသာဝဝတ္ထံ- ဖန်ရည်ဆိုးထားသော အဝတ်ကို၊ ပရိဒဟတိ- ဝတ်ရုံ၏၊ သော- ထိုယောကျ်ားသည်၊ တံ ကာသာဝံ- ထိုဖန်ရည်ဆိုးထားသော အဝတ်ကို၊ နာရဟတိ- မထိုက်၊ သော- ထိုယောကျ်ားသည်၊ တဿ ဝတ္ထဿ- ထိုဖန်ရည်ဆိုးထားသော အဝတ်အား၊ နာနုစ္ဆဝိကော- မလျောက်ပတ်၊ ပန- အဖို့တစ်ပါးကား၊ ယော- အကြင်ယောကျ်ားသည်၊ တေသံ ကသာဝါနံ- ထိုရာဂအစရှိသော ဖန်ရည်တို့ကို၊ ဝန္တတ္တာ- ထွေအန်ပြီးသည်၏အဖြစ်ကြောင့်၊ ဝန္တကသာဝေါ- ထွေးအန်အပ်ပြီးသော ဖန်ရည်ရှိသည်၊ အဿ- ဖြစ်ရာ၏၊ သီလေသု- သီလတို့၌၊ သုသမာဟိ-တော သုပတိဋ္ဌိတော- ကောင်းစွာတည်သည်၊ ပရိပုဏ္ဏသီလာစာရော- ပြည့်စုံသော သီလအကျင့်ရှိသည်၊ အဿ- ဖြစ်ရာ၏၊ သော- ထိုယောကျ်ားသည်၊ တံ ကာသာဝံ- ထိုဖန်ရည်ဆိုးသော အဝတ်ကို၊ အရဟတိ နာမ- ထိုက်သည်မည်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့၊ ဝတွာ- ဆိုပြီး၍၊ မဟာသတ္တော- ဘုရားလောင်းသည်၊ တသ္မိံ- ထိုမုဆိုး၌၊ (ဥပ္ပန္နံ- ဖြစ်သော၊) စိတ္တံ- ဒေါသစိတ်ကို၊ နိဗ္ဗာပေတွာ- ငြိမ်းစေ၍၊ "သမ္မ- အချင်းမုဆိုး၊ တွံ- သင်သည်၊ ကိမတ္ထံ- အဘယ်အကျိုးငှာ၊ မံ- ငါ့ကို၊ ဝိဇ္ဈသိ- ပစ်သနည်း၊ အတ္တနော- မိမိ၏၊ အတ္ထာယ- အစီးအပွားအလို့ငှာ၊ ကိံ- အဘယ်နည်း၊ ဥဒါဟု- ထိုသို့မဟုတ်၊ အညေန- တစ်ပါးသော သူသည်၊ ပယောဇိတော- စေခိုင်းအပ်သည်၊ အသိ- ဖြစ်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ အာဝိကရောန္တော- ထင်စွာပြတော်မူလိုသော၊ သတ္ထာ- မြတ်စွာဘုရားသည်၊ "သမပ္ပိတော ပုထုသလ္လေန (ပ) ကဿဝါ'ယံ ပယောဂေါ"တိ- "သမပ္ပိတော ပုထု သလ္လေန (ပ) ကဿဝါ'ယံ ပယောဂေါ"ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဟောတော်မူပြီ။

၁၂၄။ ဘိက္ခဝေ- ရဟန်းတို့ ပုထုသလ္လေန- ကြီးစွာသော မြားဖြင့်၊ သမပ္ပိတော- မုဆိုးသည်ပစ်အပ်သော၊ နာဂေါ- ဆင်မင်းသည်၊ အဒုဋ္ဌ-စိတ္တော- ပြစ်မှားခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍၊ လုဒ္ဒကံ- မုဆိုးကို၊ အဇ္ဈဘာသိ- ဆို၏၊ သမ္မ- အချင်းမုဆိုး၊ ကိံ- အဘယ်ကို၊ [အတ္ထယံ (ပတ္ထယံ)]- တောင့်တသည်ဖြစ်၍၊ မမံ- ငါ့ကို၊ အဝဓိ- သတ်ဘိသနည်း၊ ကိဿဝါဟေတု- အဘယ်အကြောင်းကြောင့်မူလည်း၊ အဝဓိ- သတ်ဘိသနည်း၊ အယံ- ဤပယောဂသည်၊ ကဿဝါ- အဘယ်သူ၏လည်း၊ ပယောဂေါ- ပယောဂနည်း။

တတ္ထ- ထိုသမပ္ပိတောစသော ဂါထာ၌၊ ကိမတ္ထယန္တိ- ကိမတ္ထယံဟူသည်ကား၊ အာယတိံ- နောင်အခါ၌ဖြစ်လတ့်သော၊ ကိံ- အဘယ်အကျိုးကို၊ ပတ္ထေန္တော- တောင့်တသည်ဖြစ်၍၊ ကိဿ ဝါတိ- ကိဿဝါဟူသည်ကား၊ ကိဿ ဟေတု- အဘယ်အကြောင်းကြောင့်၊ ကေန- အဘယ်မည်သော၊ ကာရဏေန- အကြောင်းကြောင့်၊ တဝ- သင်၏၊ မယာ- ငါနှင့်၊ သဒ္ဓိံ- အတူ၊ ဝေရံ- ရန်သည်၊ ကိံ နာမ- အဘယ်မည်သနည်း၊ ဣတိ- ဤကား၊ အဓိပ္ပါယော- အဓိပ္ပါယ်တည်း၊ ကဿ ဝါတိ- ကဿဝါဟူသည်ကား၊ ကဿ ဝါ- အဘယ်မည်သော၊ အညဿ- အခြားသောသူ၏၊ အယံ ပယောဂေါ- ဤပယောဂသည်၊ (ဟောတိ- ဖြစ်သလော၊) ကေန- အဘယ်သူသည်၊ ပယောဇိတော- စေခိုင်းအပ်သည်ဖြစ်၍၊ မံ- ငါ့ကို၊ အဝဓိ- သတ် သနည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

အထ- ထိုသို့ ဘုရားလောင်းဆင်မင်း မေးသောအခါ၌၊ အဿ- ထိုဘုရားလောင်းအား၊ အာစိက္ခန္တော- ပြောဆိုလိုသော၊ လုဒ္ဒေါ- မုဆိုးသည်၊ "ကာသိဿ ရညော (ပ) ဒန္တေဟိ အတ္တောတိစ မံ အဝေါစာ"တိ- "ကာသိဿ ရညော (ပ) ဒန္တေဟိ အတ္တောတိစ မံ အဝေါစာ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၁၂၅။ [ဘာဒန္တေ(ဘဒ္ဒန္တေ)]- အရှင်ဆင်မင်း၊ ကာသိကရညော- ကာသိကမင်း၏၊ မဟေသီ- မိဖုရားကြီးသည်၊ သုဘဒ္ဒါ- သုဘဒ္ဒါအမည်ရှိ၏၊ သာ- ထိုသုဘဒ္ဒါမိဖုရားကြီးကို၊ ရာဇကုလေ- မင်းအိမ်၌၊ ပူဇိတာ- ပူဇော်အပ်၏၊ သာ- ထိုမိဖုရားသည်၊ တံ- ထိုအရှင်ဆင်မင်းကို၊ အဒ္ဒသ- အိပ်မက်၌မြင်မက်၏၊ [သာစ(သာဝ)]- ထိုသုဘဒ္ဒါမိဖုရားကြီးသည်လျှင်၊ မံ- အကျွန်ုပ်ကို၊ အသံသိ- ပြောဆို၏၊ ဒန္တေဟိ- အရောင်ခြောက်ပါးနှင့် ပြည့်စုံသော အစွယ်တို့ဖြင့်၊ အတ္ထော- ငါအလိုရှိ၏၊ ဣတိ- ဤသို့၊ မမံ- အကျွန်ုပ်ကို၊ အဝေါစ- ဆို၏။

တတ္ထ- ထိုကာသိဿရညောစသော ဂါထာ၌၊ ပူဇိတာတိ- ပူဇိတာဟူသည်ကား၊ အဂ္ဂမဟေသိဋ္ဌာနေ- အဂ္ဂမဟေသိရာထူး၌၊ ဌပေတွာ- ထား၍၊ ပူဇိတာ- ပူဇော်အပ်ပြီ၊ အဒ္ဒသာတိ- အဒ္ဒသာဟူသည်ကား၊ သာ- ထိုမိဖုရားခေါင်ကြီးသည်၊ တံ- ထိုဆင်မင်းကို၊ သုပိနန္တေ- အိမ်မက်၌၊ အဒ္ဒသ ကိရ- မြင်ခဲ့သတဲ့၊ အသံသီတိ- အသံသိဟူသည်ကား၊ သာ စ- ထိုမိဖုရားခေါင်ကြီးသည်လည်း၊ မမ- ငါ့အတွက်၊ သက္ကာရံ- ပူဇော်သက္ကာရကို၊ ကာရေတွာ- ပြုစေ၍၊ ဟိမဝန္တပဒေသေ- ဟိမဝန္တာအရပ်၌၊ ဧဝရူပေါနာမ- ဤသို့သဘောရှိသော၊ နာဂေါ- ဆဒ္ဒန်ဆင်မင်းသည်၊ အသုကသ္မိံ နာမ- ဤမည်သော၊ ဌာနေ- အရပ်၌၊ ဝသတိ- နေ၏၊ ဣတိ- ဤသို့၊ မမံ- ငါ့ကို၊ အာစိက္ခိ- ပြောကြားခဲ့ပြီ၊ ဒန္တေဟီတိ- ဒန္တေဟိဟူသည်ကား၊ တဿ နာဂဿ- ထိုဆဒ္ဒန်ဆင်မင်း၏၊ ဆဗ္ဗဏ္ဏရံသိ- သမုဇ္ဇလာ- ခြောက်ပါးသောရောင်စဉ် တို့ဖြင့်တောက်ပသော၊ ဒန္တာ- အစွယ်တို့သည်၊ (အတ္ထိ- ရှိ၏၊) တေဟိ- ထိုအစွယ် တို့ဖြင့်၊ မမ- ငါ၏၊ အတ္ထော- အလိုသည်၊ (ဟောတိ- ဖြစ်၏၊) ပိဋန္ဓနံ- ပန်ဆင်ခြင်း ကို၊ ကာရေတုကာမာ- ပြုစေခြင်းငှာအလိုရှိသည်၊ အမှိ- ဖြစ်၏၊ တေ- ထိုအစွယ်တို့ ကို၊ မေ- ငါ့အတွက်၊ အာဟရ- ဆောင်ယူခဲ့ပါ၊ ဣတိ- ဤသို့၊ မံ- ငါ့ကို၊ အဝေါစ- ပြောခဲ့ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုမုဆိုးပြောဆိုသော စကားကို၊ သုတွာ- ကြား၍၊ "ဣဒံ- ဤအမှုသည်၊ စူဠသုဘဒ္ဒါယ- စူဠသုဘဒ္ဒါ၏၊ ကမ္မံ- အမှုတည်း၊" ဣတိ- ဤသို့၊ ဉတွာ- သိ၍၊ မဟာသတ္တော- ဘုရားလောင်းသည်၊ ဝေဒနံ- ပြင်းစွာသော ဝေဒနာကို၊ အဓိဝါသေတွာ-

သည်းခံ၍၊ "တဿာ- ထိုသုဘဒ္ဒါသည်၊ မမ- ငါ၏၊ ဒန္တေဟိ- အစွယ်တို့ဖြင့်၊ အတ္ထော- အလိုရှိသည်၊ နတ္ထိ- မဟုတ်၊ ပန- စင်စစ်သော်ကား၊ မံ- ငါ့ကို၊ မာရေတုကာမတာယ- သတ်ခြင်းငှာ အလိုရှိသည်၏အဖြစ်ကြောင့်၊ ပဟိဏိ- စေခိုင်းပြီ၊" ဣတိ- ဤသို့၊ (နေသာဒဿ- မုဆိုးအား၊) ဒီပေန္တော- ပြောပြလိုသည်ဖြစ်၍၊ "ဗဟူဟိမေ ဒန္တယုဂါ သဋ္ဌာရာ (ပ) နာဂေါ ဟတော ဟန္ဒ ဣမ'ဿ ဒန္တာ"တိ- "ဗဟူဟိမေ ဒန္တယုဂါ သဋ္ဌာရာ (ပ) နာဂေါ ဟတော ဟန္ဒ ဣမ'ဿ ဒန္တာ"ဟူသော၊ ဂါထာဒွယံ- ဂါထာနှစ်ခု တို့၏ အပေါင်းကို၊ အာဟ- ဆိုပြီ။

၁၂၆။ သမ္မလုဒ္ဒ- အချင်းမုဆိုး၊ ဟိ- စင်စစ်၊ မေ- ငါ၏၊ ပိတူနဉ္စ- အဘတို့၏လည်းကောင်း၊ ပိတာမဟာနဉ္စ- အဘိုးတို့၏လည်းကောင်း၊ ဥဋ္ဌာရာ- ကောင်းမြတ်ကုန်သော၊ ယေဒန္တယုဂါ- အကြင်ရွှေဂူ၌ ကောင်းစွာ စု၍ ထားအပ်ကုန်သော အစွယ်အစုံတို့သည်၊ ဗဟူ- များစွာကုန်၏၊ တေ- ထိုအစွယ်တို့ကို၊ ကောနေ့ာ- အမျက်ဒေါသနိုင်ငံသို့ လိုက်တတ်သော၊ သာရာဇပုတ္တီ- ထိုမင်းသမီးသုဘဒ္ဒါသည်၊ ဇာနာတိ- သိသည်သာတည်း၊ ဝဓတ္ထိကာ- သတ်ခြင်းငှာ အလိုရှိသည်ဖြစ်၍၊ ဗာလာ- အမိုက်မသည်၊ ဝေရံ- ရန်ငြိုးဖွဲ့ခြင်းကို၊ အကာသိ- ပြု၏။

၁၂၇။ သမ္မလုဒ္ဒ- အချင်းမုဆိုး၊ တွံ- သင်သည်၊ ဥဋ္ဌေဟိ- ထလော၊ ခရံ- လွှကို၊ ဂဟေတွာ- ယူ၍၊ [ပုရာ မရာမိ(ပုရာမရာမီ)]- ငါမသေမီ၊ ဣမေဒန္တေ- ဤငါ့အစွယ်တို့ကို၊ ဆိန္ဒ- ဖြတ်လော၊ ကောဓနံ- အမျက် ဒေါသနိုင်ငံသို့ လိုက်တတ်သော၊ တံရာဇပုတ္တိံ- ထိုမင်းသမီးသုဘဒ္ဒါကို၊ နာဂေါ- ဆင်မင်းကို၊ ဟတော- ငါသတ်ခဲ့ပြီ၊ ဟန္ဒ- ယခု၊ ဣမေ- ဤ အစွယ်တို့သည်၊ အဿ- ထိုဆင်မင်း၏၊ ဒန္တာ- အစွယ်တို့တည်း၊ ဣတိ- ဤသို့၊ ဝဇ္ဇာသိ- ငါမှာ လိုက်သည်ဟု သင်ပြောလော။

တတ္ထ- ထိုဗဟူဟိမေစသော ဂါထာ၌၊ ဣမေတိ- ဣမေဟူသည်ကား၊ ကိရ- ဆက်၍ဆိုဦးအံ့၊ တဿ- ထိုဆဒ္ဒန်ဆင်မင်း၏၊ ပိတု ပိတာမဟာနံ- အဘ အဘိုးတို့၏၊ ဒန္တာ- အစွယ်တို့သည်၊ မာ ဝိနဿန္တု- မပျက်စီးစေကုန်သတည်း၊ ဣတိ- ဤသို့၊ ဂုဟာယံ- လိုဏ်ဂူ၌၊ သန္နိစိတာ- သိုမှီးထားခဲ့ပြီ၊ တေ- ထိုသိုမှီးထားသောအဘ အဘိုးတို့၏အစွယ်တို့ကို၊ သန္ဓာယ- ရည်ရွယ်၍၊ ဧဝံ- ဤသို့၊ အာဟ- ပြောပြီ၊ ဇာနာတီတိ- ဇာနာတိဟူသည်ကား၊ ဗဟူနံ- များစွာကုန်သော၊ ဝါရဏာနံ- ဆင်တို့

၏၊ ဣဓ- ဤအရပ်၌၊ သန္ဒိစိဟေ- သိုမှီးထားအပ်ကုန်သော၊ ဒန္တေ- အစွယ်တို့ကို၊ ဇာနာတိ- သိ၏၊ ဝဓတ္တိကာတိ- ဝဓတ္တိကာဟူသည်ကား၊ ပန- စင်စစ်သော်ကား၊ ကေဝလံ- သက်သက်၊ သာ- ထိုစူဠသုဘဒ္ဒါသည်၊ မံ- ငါ့ကို၊ မာရေတုကာမာ- သတ်ခြင်းငှာ အလိုရှိသည်ဖြစ်၍၊ အပ္ပမတ္တကံ- အနည်းငယ်သော၊ ဒေါသံ- အပြစ်ကို၊ ဟာဒယေ- နှလုံး၌၊ ဌပေတွာ- ထား၍၊ အတ္တနော- မိမိ၏၊ ဝေရံ- ရန်ကို၊ အကာသိ- ပြုခဲ့ပြီ၊ ဝေရူပေန- ဤသို့သဘောရှိသော၊ ဖရုသကမ္မေန- ကြမ်းကြုတ်သောအမှုဖြင့်၊ မတ္ထကံ- အထွတ်အထိပ်သို့ ပါပေသိ- ရောက်စေခဲ့ပြီ၊ ခရန္တိ- ခရံဟူသည်ကား၊ ကကစံ- လွှကို၊ ပုရာ မရာမီတိ- ပုရာ မရာမိဟူသည်ကား၊ ယာဝ န မရာမိ- ငါမသေမီ၊ ဝဇ္ဇာသီတိ- ဝဇ္ဇာသိဟူသည်ကား၊ ဝဒေယျာသိ- ပြောလော့၊ ဟန္ဒ ဣမေ ဒန္တာတိ- ဟန္ဒ ဣမေ ဒန္တာဟူသည်ကား၊ မယာ- ငါသည်၊ သော နာဂေါ- ထိုဆဒ္ဒန်ဆင်မင်းကို၊ ဟတော- သတ်အပ်ပြီ၊ တေ- သင်မိဖုရား၏၊ မနောရထော- စိတ်အလိုသည်၊ မတ္ထကပ္ပတ္တော- အထွတ်အထိပ်သို့ ရောက်ပြီ၊ ဂဏှ- ယူပါလော့၊ ဣမေ- ဤသည်တို့ကား၊ တဿ- ထိုဆင်မင်း၏၊ ဒန္တာ- အစွယ်တို့ပါတည်း၊ ဣတိ- ဤသို့ ဝဒေယျာသိ- ပြောလော့။

သော- ထိုသောနုတ္တိုရ်မုဆိုးသည်၊ တဿ- ထိုဘုရားလောင်း၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ နိသီဒနဋ္ဌာနာ- ထိုင်နေရာမှ၊ ဝုဋ္ဌာယ- ထ၍၊ ကကစံ- လွှကို၊ အာဒါယ- ယူ၍၊ "ဒန္တေ- အစွယ်တို့ကို၊ ဆိန္ဒိဿာမိ- ဖြတ်အံ့၊" ဣတိ- ဤသို့၊ (စိန္တေတွာ- ကြံ၍၊) တဿ- ထိုဘုရားလောင်း၏၊ သန္တိကံ- အထံသို့၊ ဥပဂ-တော- ချဉ်းကပ်ပြီ၊ သော ပန- ထိုဘုရားလောင်းဆင်မင်းသည်ကား၊ ဥဗ္ဗေဓတော- အစောက်အားဖြင့်၊ အဋ္ဌာသီတိဟတ္ထော- အတောင်ရှစ်ဆယ့် ရှစ်တောင်ရှိသည်၊ ရဇတပဗ္ဗ-တောဝိယ- ငွေတောင်ကြီးကဲ့သို့၊ ဌိတော- တည်သည်၊ (ဟောတိ- ဖြစ်၏၊) တေန- ထို့ကြောင့်၊ သော- ထိုသောနုတ္တိုရ်မုဆိုးသည်၊ အဿ- ထိုဘုရားလောင်း၏၊ ဒန္တဋ္ဌာနံ- အစွယ်ရှိရာသို့၊ န ပါပုဏိ- မရောက်နိုင်၊ အထ- ထိုသို့မရောက်နိုင်သောကြောင့်၊ မဟာသတ္တော- ဘုရားလောင်းဆင်မင်းသည်၊ ကာယံ- ကိုယ်ကို၊ ဥပနာမေန္တော- ညွတ်စေလျက်၊ ဟေဋ္ဌာသီသကော- အောက်၌ ဦးခေါင်းရှိသည်ဖြစ်၍၊ ဝါ-ဦးစောက်သည်၊ နိပဇ္ဇိ- ဝပ်ပြီ၊ တဒါ- ထိုဦးစောက် ဝပ်သောအခါ၌၊ နေသာဒေါ-သောနုတ္တိုရ်မုဆိုးသည်၊ မဟာ သတ္တဿ- ဘုရားလောင်း၏၊ ရဇတဒါမသဒိသံ- ငွေပန်းဆိုင်းနှင့်တူသော၊ သောဏ္ဍံ- နှာမောင်းကို၊ မဒ္ဒန္တော- နင်းလျက်၊ အဘိရုဟိ-

တွာ- တက်၍၊ ကေလာသကူဋ္ဌေဝိယ- ငွေတောင်ထွတ်၌ရပ်သကဲ့သို့၊ ကုမ္ဘော- ဦးကင်းပေါ်၌၊ ဌတွာ- ရပ်၍၊ မုခကောဋိမံသံ- ခံတွင်းအစွန်းသားကို၊ ခနုကေန- လေးဖြင့်၊ ပဟာရိတွာ- ပစ်ခတ်၍၊ (ဇာဏုနာ- ပုဆစ်ဖြင့်၊ ပဟာရိတွာ- ကန်၍၊) အန္တော- ခံတွင်းထဲသို့၊ ပက္ခိပိတွာ- ထည့်၍၊ ကုမ္ဘတော- ဦးကင်းပေါ်မှ၊ ဩရုယှ- သက်၍၊ ကကစံ- လွှကို၊ အန္တောမုခေ- ခံတွင်းထဲ၌၊ ပဝေသေသိ- သွင်းပြီ၊ ဥဘောဟိ ဟတ္ထေဟိ- လက်နှစ်ဖက်တို့ဖြင့်၊ ဒဠှံ- မြဲမြံစွာ၊ အပရာပရံ- ထိုမှ ဤမှ၊ ကမိ- ချိုင်ငင်ပြီ၊ မဟာသတ္တဿ- ဘုရားလောင်းအား၊ ဗလဝဝေဒနာ- ပြင်းစွာသော ဝေဒနာသည်၊ ဥပ္ပဇ္ဇိ- ဖြစ်ပြီ၊ မုခံ- ခံတွင်းသည်၊ လောဟိတေန- သွေးဖြင့်၊ ပူရိ- ပြည့်ပြီ၊ နေသာဒေါ- မုဆိုးသည်၊ ဣတောစိတောစ- ထိုမှ ဤမှ၊ သဥ္စာရန္တော- တိုက်သည်ရှိသော်၊ ကကစေန- လွှဖြင့်၊ ဆိန္ဒိတုံ- ဖြတ်ခြင်းငှာ၊ နာသက္ခိ- မတတ်နိုင်၊ အထ- ထိုအခါ၌၊ နံ- ထိုမုဆိုးကို၊ မဟာသတ္တော- ဘုရားလောင်းသည်၊ မုခတော- ခံတွင်းမှ၊ လောဟိတံ- သွေးကို၊ ဆဍ္ဍေတွာ- ထွေး၍၊ ဝေဒနံ- ဆင်းရဲဝေဒနာကို၊ အဓိဝါသေတွာ- သည်းခံ၍၊ "သမ္မ- အချင်းမုဆိုး၊ ကိံ- အသို့နည်း၊ ဆိန္ဒိတုံ- ဖြတ်ခြင်းငှာ၊ န သက္ကောသိ- မတတ်နိုင်သလော၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ၊ သာမိ- အရှင်၊ အာမ- မတတ်နိုင်ပါ၊ ဣတိ- ဤသို့ (အာဟ- ဆိုပြီ) မဟာသတ္တော- ဘုရားလောင်းသည်၊ သတိံ- သတိကို၊ ပစ္စုပဋ္ဌပေတွာ- ဖြစ်စေ၍၊ "သမ္မ- အချင်းမုဆိုး၊ တေနဟိ- ထိုသို့ဖြစ်လျှင်၊ မမ- ငါ၏၊ သောဏ္ဍံ- နှာမောင်းကို၊ ဥက္ခိပိတွာ- ချီ၍၊ ကကစကောဋိံ- လွှအစွန်းကို၊ ဂဏှာပေဟိ- ကိုင်စေလော၊ မမ- ငါ့အား၊ သယံ- မိမိအလိုလို၊ သောဏ္ဍံ- နှာမောင်းကို၊ ဥက္ခိပိတုံ- ချီခြင်းငှာ၊ ဗလံ- အားသည်၊ နတ္ထိ- မရှိပြီ၊" ဣတိ- ဤသို့ အာဟ- ဆိုပြီ၊ နေသာဒေါ- မုဆိုးသည်၊ တထာ- ထိုဘုရားလောင်းဆိုတိုင်း၊ အကာသိ- ပြုပြီ။

မဟာသတ္တော- ဘုရားလောင်းသည်၊ သောဏ္ဍာယ- နှာမောင်းဖြင့်၊ ကကစံ- လွှကို၊ ဂဟေတွာ- ကိုင်၍၊ အပရာပရံ- ထိုမှ ဤမှ၊ စာရေသိ- ဖြတ်ပြီ၊ ဒန္တာ- အစွယ်တို့သည်၊ ကဠီရာဝိယ- သစ်မြစ်နုတို့ကဲ့သို့၊ ဆိဇ္ဇိံသု- ပြတ်ကုန်ပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုမုဆိုးကို၊ တေ- ထိုအစွယ်တို့ကို၊ အာဟာရာပေတွာ- ဆောင်စေပြီး၍၊ ဂဏှိတွာ- (နှာမောင်းဖြင့်)ကိုင်၍၊ "သမ္မလုဒ္ဒပုတ္တ- အချင်းမုဆိုး၊ ဣမေဒန္တေ- ဤအစွယ်တို့ကို၊ တုယှံ- သင်အား၊ ဒဒမာနော- ပေးလျှသော၊ အဟံ- ငါသည်၊ 'မယှံ- ငါ့အား၊ အပ္ပိယာ- မချစ်မနှစ်သက်အပ်သော အစွယ်တို့တည်း၊ ဣတိ- ဤသို့၊ (မနသိကတွာ- နှလုံးသွင်း၍၊) နေဝဒမ္မိ- ငါ မပေး၊" သက္ကတ္တမာရတ္တဗြဟ္မတ္တာနိ-

သိကြားမင်းအဖြစ်, မာရ်မင်းအဖြစ်, ဗြဟ္မာမင်းအဖြစ်တို့ကို၊ ဝါ- သိကြားမင်းစည်းစိမ်, မာရ်နတ်မင်းစည်းစိမ်, ဗြဟ္မာမင်းစည်းစိမ်တို့ကို၊ ပတ္ထယန္တော- တောင့်တသည်ဖြစ်၍၊ နဒမ္ဟိ- ငါမပေး၊ ပန- စင်စစ်သော်ကား၊ မေ- ငါသည်၊ ဣမေဟိဒန္တေဟိ- ဤအစွယ်တို့ ထက်၊ သတဂုဏေန- အဆအရာဖြင့်လည်းကောင်း၊ သဟဿဂုဏေန- အဆအထောင် ဖြင့်လည်းကောင်း၊ သတသဟဿဂုဏေန- အဆအသိန်းဖြင့်လည်းကောင်း၊ သဗ္ဗညု- တဉာဏဒန္တာဝ- သဗ္ဗညုတဉာဏ်တည်းဟူသော အစွယ်တို့ကိုသာလျှင်၊ ပိယတရာ- အလွန်ချစ်မြတ်နိုးအပ်ကုန်၏၊ မေ- ငါ၏၊ ဣဒံ ပုညံ- ဤကောင်းမှုသည်၊ သဗ္ဗညုတ- ဉာဏပ္ပဋိဝေဓာယ- သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိခြင်း၏၊ ပစ္စယော- အကြောင်း သည်၊ ဟောတု- ဖြစ်စေသတည်း၊" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) ဒန္တေ- အစွယ်တို့ကို၊ ဒတွာ- ပေး၍၊ "သမ္မ- အချင်းမုဆိုး၊ (တွံ- သင်သည်၊) ဣဒံ ဌာနံ- ဤအရပ်သို့ ကိတ္တကေန- အဘယ်မျှလောက်သော၊ ကာလေန- အချိန်ကာလဖြင့်၊ အာဂတော- လာရသည်၊ အသိ- ဖြစ်သနည်း၊" ဣတိ- ဤသို့ ပုစ္ဆိတွာ- မေး၍၊ "သတ္တမာသသတ္တ- ဒိဝသာဓိကေဟိ- ခုနစ်လ, ခုနစ်ရက် အပိုအလွန်ရှိကုန်သော၊ သတ္တဟိသံဝစ္ဆရေဟိ- ခုနစ်နှစ်တို့ဖြင့်၊ ဝါ- ခုနစ်နှစ်တို့ပတ်လုံး၊ အာဂတော- လာရပါသည်၊ (အမှိ- ဖြစ်၏၊)" ဣတိ- ဤသို့၊ ဝုတ္တေ- ဆိုအပ်လတ်သော်၊ (တွံ- သင်သည်၊) "ဂစ္ဆ- သွားလေလော၊ ဣမေသံ ဒန္တာနံ- ဤအစွယ်တို့၏၊ အာနုဘာဝေန- အာနုဘော်ကြောင့်၊ သတ္တဒိဝ- သဗ္ဘန္တရေယေဝ- ခုနစ်ရက်အတွင်း၌သာလျှင်၊ ဗာရာဏသိံ- ဗာရာဏသီပြည်သို့၊ ပါပုဏိဿသိ- ရောက်လတ္တံ့၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ တဿ- ထိုမုဆိုးအား၊ ပရိတ္တံ- ပရိတ်အရံအတားကို၊ ကတွာ- ပြု၍၊ တံ- ထိုမုဆိုးကို၊ ဥယျောဇေသိ- လွှတ်လိုက်ပြီ၊ စ- ဆက်ဦးအံ့၊ ဥယျောဇေတွာပန- လွှတ်လိုက်ပြီး၍ကား၊ တေသုနာ- ဂေသုစ- ရှစ်ထောင်ကုန်သော အခြံအရံ ဆင်တို့သည်လည်းကောင်း၊ အနာဂတေသု ယေဝ- မလာကုန်မီသာလျှင်၊ သုဘဒ္ဒါယစ- မဟာသုဘဒ္ဒါမိဖုရားကြီး ဆင်မသည် လည်းကောင်း၊ အနာဂတာယ- မလာမီ (နာဂရာဇာ- ဆင်မင်းသည်၊) ကာလံ- သေခြင်းကို အကာသိ- ပြုပြီ။

တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်၊ "ဥဋ္ဌာယသော လုဒ္ဒေါ (ပ) တတောဟိ ခိပ္ပ"န္တိ- ဥဋ္ဌာယ သော လုဒ္ဒေါ (ပ) တတောဟိ ခိပ္ပံ-ဟူသော၊ (ဣမံဂါထံ- ဤဂါထာကို၊) အာဟ- ဟောတော်မူပြီ။

၁၂၈။ ဘိက္ခဝေ- ရဟန်းတို့ သောလုဒ္ဒေါ- ထိုသောနုတ္တိုရ်မုဆိုးသည်၊ ဥဋ္ဌာယ- ထလတ်၍၊ ခရံ- လွှကို၊ ဂဟေတွာ- ယူ၍၊ ဂဇုတ္တမဿ- ဆဒ္ဒန်ဆင်မင်း၏၊ ဒန္တာနိ- အစွယ်တို့ကို၊ ဆေတွာန- ဖြတ်ပြီး၍၊ ဝဂ္ဂူ- တင့်တယ်စမွယ်ခြင်းနှင့် ပြည့်စုံကုန်သော၊ သုဘေ- ကောင်းမွန် တင့်တယ်ကုန်သော၊ ပထဗျာ- မြေအပြင်၌၊ အပ္ပဋိမေ- တစ်ပါးသောအစွယ်နှင့် မတူကုန်သော အစွယ်တို့ကို၊ အာဒါယ- ယူ၍၊ တတော- ထိုဝိသာလမာလက အမည်ရှိသော အရပ်မှ၊ ခိပ္ပံ- လျင်စွာ၊ ပက္ကာမိ- ဖဲသွားလေ၏။

တတ္ထ- ထိုဥဋ္ဌာယသောစသော ဂါထာ၌၊ ဝဂ္ဂူတိ- ဝဂ္ဂူဟူသည်ကား၊ ဝိလာသဝန္တေ- တင့်တယ်ခြင်းရှိကုန်သော၊ သုဘေတိ- သုဘေဟူသည်ကား၊ သုန္ဒရေ- ကောင်းကုန်သော၊ အပ္ပဋိမေတိ- အပ္ပဋိမေဟူသည်ကား၊ ဣမိဿံ ပထဝိယံ- ဤမြေအပြင်၌၊ အညေဟိ- အခြားကုန်သော၊ ဒန္တေဟိ- အစွယ်တို့ဖြင့်၊ အသဒိသေ- မတူကုန်သော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တသ္မိံ- ထိုသောနုတ္တိုရ်မုဆိုးသည်၊ ပက္ကန္တေ- သွားသည်ရှိသော်၊ တေ နာဂါ- ထိုရှစ်ထောင်ကုန်သောဆင်တို့သည်၊ ပစ္စာမိတ္တံ- ရန်သူကို၊ အဒိသွာ- မမြင်ကုန်၍၊ အာဂမိံသု- လာကုန်ပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်၊ "ဘယဋ္ဋိတာ နာဂဝေခေန (ပ) သော နာဂ ရာဇာ"တိ- ဘယဋ္ဋိတာ နာဂဝေခေန (ပ) သော နာဂရာဇာ-ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဟောတော်မူပြီ။

၁၂၉။ ဘိက္ခဝေ- ရဟန်းတို့ နာဂဝေခေန- ဆင်သတ်မုဆိုးသည်၊ ဘယဋ္ဋိတာ- သေဘေးဖြင့် နှိပ်စက်အပ်သည်ဖြစ်၍၊ အဋ္ဋာ- ဆင်းရဲခြင်းသို့ ရောက်ကုန်သော၊ ယေနာဂါ- အကြင်ရှစ်ထောင်ကုန်သော ဆင်တို့သည်၊ အဋ္ဌဒိသာ- အရပ်ရှစ်မျက်နှာတို့သို့ ဝိဓာဝုံ- ပြေးလာကုန်၏၊ တေနာဂါ- ထိုရှစ်ထောင်ကုန် သော ဆင်တို့သည်၊ ဂဇပစ္စာမိတ္တံ- ဆင်မင်းရန်သူဖြစ်သော၊ ပေါသံ- လူကို၊ အဒိသွာန- မမြင်သောကြောင့်၊ ယေန- အကြင်ဝိသာလမာလက အမည်ရှိ သော အရပ်၌၊ သောနာဂရာဇာ- ထိုဆဒ္ဒန်ဆင်မင်းသည်၊ အတ္ထိ- ရှိ၏၊ တံဌာနံ- ထိုဆင်မင်းရှိရာအရပ်သို့ ပစ္စာဂမုံ- ပြန်ခဲ့ကုန်၏။

တတ္ထ- ထိုဘယဋ္ဋိတာစသော ဂါထာ၌၊ ဘယဋ္ဋိတာတိ- ဘယဋ္ဋိတာဟူသည်ကား၊ မရဏဘယေန- သေဘေးဖြင့်၊ ဥပဒ္ဒုတာ- နှိပ်စက်အပ်သည်ဖြစ်၍၊ အဋ္ဋာတိ-

အဋ္ဋာဟူသည်ကား၊ ဒုက္ခိတာ- ဆင်းရဲခြင်းရှိကုန်သည်ဖြစ်၍၊ ဂဇပစ္စမိတ္တန္တိ- ဂဇပစ္စမိတ္တံဟူသည်ကား၊ ဂဇဿ- ဆင်မင်း၏၊ ပစ္စာမိတ္တံ- ရန်သူကို၊ ယေန သောတိ- ယေန သောဟူသည်ကား၊ ယတ္ထ- အကြင်အရပ်၌၊ ဝိသာလမာလကေ- ဝိသာလ- မာလကအမည်ရှိသော အရပ်၌၊ သော နာဂရာဇာ- ထိုဆင်မင်းသည်၊ ကာလံ- သေခြင်းကို၊ ကတ္ဘာ- ပြု၍၊ ကေလာသပဗ္ဗတော ဝိယ- ကေလာသတောင်ထွဋ်ကဲ့သို့၊ ပတိတော- တည်ခဲ့ပြီ၊ တံ ဌာနံ- ထိုဝိသာလမာလကအမည်ရှိသော အရပ်သို့ ပစ္စာဂမုံ- ပြန်ခဲ့ကြကုန်ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ပန- ဆက်ဦးအံ့၊ တေဟိ- ထိုရှစ်ထောင်ကုန်သော ဆင်တို့နှင့်၊ သဒ္ဓိံ- တကွ၊ မဟာသုဘဒ္ဒါပိ- မဟာသုဘဒ္ဒါမိဖုရားကြီး ဆင်မသည်လည်း၊ အာဂတာ- လာပြီ၊ သဗ္ဗေပိ- အလုံးစုံလည်းဖြစ်ကုန်သော၊ တေ အဋ္ဌသဟဿနာဂါ- ထိုရှစ်ထောင်ကုန် သော ဆင်တို့သည်၊ တတ္ထ- ထိုဝိသာလမာလကအရပ်၌၊ ရောဒိတွာ- ငိုကြွေးကုန်၍၊ ကန္ဒိတွာ- မြည်တမ်းကုန်၍၊ မဟာသတ္တဿ- ဘုရားလောင်းဆင်မင်း၏၊ ကုလုပကာနံ- အိမ်သို့ ကပ်လေ့ရှိတော်မူကုန်သော၊ ဝါ- ဆရာဖြစ်ကုန်သော၊ ပစ္စေကဗုဒ္ဓါနံ- အရှင်ပစ္စေကဗုဒ္ဓါတို့၏၊ သန္တိကံ- အထံသို့ ဂန္တွာ- သွားကုန်၍၊ "ဘန္တေ- အရှင်ဘုရားတို့ တုမှာကံ- အရှင်ဘုရားတို့၏၊ ပစ္စယဒါယကော- ပစ္စည်းလေးပါးကို လှူဒါန်းသော ဒါယကာဆင်မင်းသည်၊ ဝါ- ကို၊ ဝိသပီတေန- အဆိပ်လူးသော၊ သလ္လေန- မြားဖြင့်၊ (လုဒ္ဒေန- မုဆိုးသည်၊) ဝိဒ္ဓေါ- ပစ်အပ်သည် ဖြစ်၍၊ ကာလကတော- သေခဲ့ပြီ၊ အဿ- ထိုဆင်မင်း၏၊ သီဝထိကဒဿနံ- သင်္ချိုင်း၌ အသုဘရှုခြင်းကို၊ (ကာတုံ- ပြုခြင်းငှာ၊) အာဂစ္ဆထ- ကြွတော်မူပါကုန်လော၊" ဣတိ- ဤသို့ ဝဒိံသု- ပင့်လျှောက်ကုန်ပြီ ပဉ္စသတာ- ငါးရာကုန်သော၊ ပစ္စေကဗုဒ္ဓါပိ- အရှင်ပစ္စေကဗုဒ္ဓါတို့သည်လည်း၊ အာကာသေန- ကောင်းကင်ဖြင့် အာဂန္တွာ- ကြွလာတော်မူကုန်၍၊ ဝိသာလမာလကေ- ဝိသာလမာလက အရပ်၌၊ ဩတရိံသု- သက်ဆင်းတော်မူကုန်ပြီ၊ တသ္မိံ ခဏေ- ထိုခဏ၌၊ ဒွေ- နှစ်ကောင်ကုန်သော၊ တရုဏနာဂါ- ဆင်ပျိုတို့သည်၊ နာဂရညော- ဆင်မင်း၏၊ သရီရံ- အလောင်းကို၊ ဒန္တေဟိ- အစွယ်တို့ဖြင့်၊ ဥက္ခိပိတွာ- ချီမ၍၊ ပစ္စေကဗုဒ္ဓေ- အရှင် ပစ္စေကဗုဒ္ဓါတို့ကို၊ ဝန္ဒာပေတွာ- ရှိခိုးစေပြီး၍၊ စိတကံ- ထင်းပုံထက်သို့ အာရောပေတွာ- တင်စေ၍၊ ဈာပယိံသု- မီးသင်္ဂြိုဟ်ကုန်ပြီ၊ ပစ္စေကဗုဒ္ဓါ- အရှင်ပစ္စေကဗုဒ္ဓါတို့သည်၊ သဗ္ဗရတ္တိံ- ညဉ့်သုံးယာမ်ပတ်လုံး၊ အာဠာဟနေ- ဆင်မင်း သင်္ချိုင်း၌၊ ဓမ္မသဇ္ဈာယံ- တရားသရဇ္ဈာယ်ခြင်းကို၊ အကံသု- ပြုကုန်ပြီ၊ အဋ္ဌသဟဿနာဂါ- ရှစ်ထောင်ကုန်သော

ဆင်တို့သည်၊ အာဠှာဟနံ- သင်္ချိုင်းမီးကို၊ နိဗ္ဗာပေတွာ- ငြိမ်းစေ၍၊ ဝန္ဒိတွာ- ရှိခိုး၍၊ နှတွာ- ရေချိုးပြီး၍၊ မဟာသုဘဒ္ဒံ- မဟာသုဘဒ္ဒါမိဖုရားကြီးဆင်မကို၊ ပုရတော- ရှေ့မှ၊ ကတွာ- ပြု၍၊ အတ္တနော- မိမိ၏၊ ဝသနဋ္ဌာနံ- နေရာအရပ်သို့၊ အဂမိံသု- သွားကုန်ပြီ၊ တမတ္ထံ- ထိုအကြောင်း ကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်၊ "တေ တတ္ထ ကန္ဒိတွာ (ပ) ပုရက္ခတွာ မဟေသိံ သဗ္ဗဘဒ္ဒန္တိ- တေ တတ္ထ ကန္ဒိတွာ (ပ) ပုရက္ခတွာ မဟေသိံ သဗ္ဗဘဒ္ဒံ- ဟူသော၊ (က္လမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဟောတော်မူပြီ။

၁၃၀။ ဘိက္ခဝေ- ရဟန်းတို့၊ တေနာဂါ- ထိုရှစ်ထောင်ကုန်သော ဆင်တို့သည်၊ တတ္ထ- ထိုဝိသာလမာလကအရပ်၌၊ ကန္ဒိတွာ- မြည်တမ်းကုန်၍၊ ရောဒိတွာန- ငိုကြွေးကုန်၍၊ သကေသီသေ- မိမိတို့ဦးခေါင်း၌၊ ပံသုကံ- သင်းချိုင်းပြာကို၊ ဩကိရိတွာ- ကြဲမြှောက်ကုန်၍၊ သဗ္ဗဘဒ္ဒံ- သဗ္ဗဘဒ္ဒအမည်ရှိသော၊ မဟေသိံ- မိဖုရားကြီးကို၊ ပုရက္ခိတွာ- ခြံရံကုန်၍၊ သကံနိကေတံ- မိမိ နေရာသို့၊ [အဂမံသု(အာဂမိံသု)]- လာလတ်ကုန်၏။

တတ္ထ- ထိုတေ တတ္ထစသော ဂါထာ၌၊ ပံသုကန္တိ- ပံသုကံဟူသည်ကား၊ အာဠှာဟနပံသုကံ- သင်္ချိုင်းမြေမှုန့်ကို။

သောနုတ္တရောပိ- သောနုတ္တိုရ်မုဆိုးသည်လည်း၊ သတ္တမေဒိဝသေ- ခုနစ်ရက်မြောက်သော နေ့သည်၊ အပ္ပတ္တေယေဝ- မရောက်မီပင်၊ ဒန္တေ- ဆင်မင်းအစွယ်တို့ကို၊ အာဒါယ- ယူ၍၊ ဗာရာဏသိံ- ဗာရာဏသီပြည်သို့၊ သမ္ပာပုဏိ- ကောင်းစွာရောက်လေပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်၊ "အာဒါယ ဒန္တာနိ (ပ) နာဂေါ ဟတောဟန္ဒ က္လမ'ဿဒန္တာ"တိ- အာဒါယ ဒန္တာနိ (ပ) နာဂေါဟတော ဟန္ဒ က္လမ'ဿ ဒန္တာ- ဟူသော၊ (က္လမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဟောတော်မူပြီ။

၁၃၁။ ဘိက္ခဝေ- ရဟန်းတို့၊ သောလုဒ္ဒကော- ထိုမုဆိုးသည်၊ ဂဇုတ္တမဿ- ဆင်မင်း၏၊ ဝဂ္ဂု- တင့်တယ်စမွယ်ခြင်းနှင့် ပြည့်စုံကုန်သော၊ သုဘေ- ကောင်းမွန် တင့်တယ်ကုန်သော၊ ပထဗျာ- မြေအပြင်၌၊ အပ္ပဋိမေ- တစ်ပါးသော ဆင်စွယ်တို့နှင့် မတူကုန်သော၊ သုဝဏ္ဏရာဇီဟိ- ရွှေအရေးတို့မှ ထွက်သော ရောင်ခြည်တို့ဖြင့်၊ သမန္တမောဒရေ- ထက်ဝန်းကျင်မှ ထွန်းတောက်ပလျက် အလုံးစုံသော တောအုပ်တို့ကို ရွှေအဆင်းကဲ့သို့ ပြုတတ်ကုန်သော၊ ဒန္တာနိ-

အစွယ်တို့ကို၊ အာဒါယ- ယူ၍၊ ကာသိပုရံ- ဗာရာဏသီပြည်သို့၊ ဥပါဂမိ- ရောက်လေ၏၊ သော- ထိုသောနုတ္တိုရ်မုဆိုးသည်၊ အယျေ- အရှင်မိဖုရား၊ နာဂေါ- ဆဒ္ဒန်ဆင်မင်းကို၊ မယာ- အကျွန်ုပ်သည်၊ ဟတော- သတ်အပ်ခဲ့ပြီ၊ ဟန္ဒ- ယခု၊ ဣမေ- ဤအစွယ် တို့သည်၊ အဿ- ထိုဆင်မင်း၏၊ ဒန္တာ- အစွယ်တို့တည်း၊ ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ရာဇကညာယ- မင်းသမီး သုဘဒ္ဒါမိဖုရားအား၊ ဒန္တေ- အစွယ်တို့ကို၊ ဥပနေသိ- ဆက်၏။

တတ္ထ- ထိုအာဒါယ ဒန္တာနိစသော ဂါထာ၌၊ သုဝဏ္ဏရာဇီဟိတိ- သုဝဏ္ဏရာဇီဟိ ဟူသည်ကား၊ သုဝဏ္ဏရာဇိရံသီဟိ- ရွှေအရေးတို့မှထွက်သော အရောင်တို့ဖြင့်၊ သမန္တမောဒရေတိ- သမန္တမောဒရေဟူသည်ကား၊ သမန္တတော- ထက်ဝန်းကျင်မှ၊ ဩဘာသန္တေ- တောက်ပကုန်လျက်၊ သကလဝနသဏ္ဍံ- တစ်ခဲနက်သော တောအုပ်ကို၊ သုဝဏ္ဏဝဏ္ဏံ ဝိယ- ရွှေအဆင်းရှိဘိသကဲ့သို့၊ ကရောန္တေ- ပြုကုန်လျက်၊ ဥပနေသီတိ- ဥပနေသိဟူသည်ကား၊ အဟံ- ငါသည်၊ ဆဒ္ဒန္တဝါရဏဿ- ဆဒ္ဒန်ဆင်မင်း၏၊ ဆဗ္ဗဏ္ဏရံသိဝိသဇ္ဇနေ- ခြောက်ပါးသော ရောင်စဉ်တို့ကို လွှတ်တတ်သော၊ ယမကဒန္တေ- အစုံဖြစ်သော အစွယ်တို့ကို၊ အာဒါယ- ယူ၍၊ အာဂစ္ဆာမိ- ပြန်လာပါ၏၊ နဂရံ- မြို့ကို၊ အလင်္ကာရာပေထ- တန်းဆာဆင်စေပါလော့၊ ဣတိ- ဤသို့၊ ဒေဝိယာ- မိဖုရား၏အထံသို့၊ သာသနံ- သတင်းစကားကို၊ ပေသေတွာ- စေ၍၊ တာယ- ထိုမိဖုရားသည်၊ ရညော- မင်းအား၊ အာရောစာပေတွာ- တင်လျှောက်စေ၍၊ ဒေဝနဂရံ ဝိယ- နတ်မြို့ကဲ့သို့၊ နဂရေ- မြို့၌၊ အလင်္ကာရာပိတေ- တန်းဆာဆင်အပ်ပြီးသည် ရှိသော်၊ သောနုတ္တရောပိ- သောနုတ္တိုရ်မုဆိုးသည်လည်း၊ နဂရံ- မြို့သို့၊ ပဝိသိတွာ- ဝင်၍၊ ပါသာဒံ- ပြာသာဒ်သို့၊ အာရုဟိတွာ- တက်၍၊ ဒန္တေ- အစွယ်တို့ကို၊ ဥပနေသိ- ဆက်သခဲ့ပြီ၊ ပန- ဆက်၍ဆိုဦးအံ့၊ ဥပနေတွာ စ- ဆက်သပြီး၍ကား၊ အယျေ- အရှင်မ၊ တုမှေ- အရှင်မတို့သည်၊ ယဿ- အကြင်ဆင်မင်း၏၊ အပ္ပမတ္တကံ- အနည်းငယ်မျှသော၊ ဒေါသံ- အပြစ်ကို၊ ဟဒယေ- နှလုံး၌၊ ကရိတ္ထ ကိရ- ပြုခဲ့သတဲ့၊ သော နာဂေါ- ထိုဆင်မင်းသည်၊ မယာ- ငါသည်၊ ဟတော- သတ်အပ်သည်ဖြစ်၍၊ မတော- သေခဲ့ပြီ၊ မေ- ငါ၏၊ မတဘာဝံ- သေသည်၏အဖြစ်ကို၊ အာရောစေယျာသိ- မိဖုရားအားပြောကြားပါလော့၊ ဣတိ- ဤသို့၊ အာဟ- ပြောခဲ့ပြီ၊ တဿ- ထို ဆင်မင်း၏၊ မတဘာဝံ- သေသည်၏အဖြစ်ကို၊ တုမှေ- သင်တို့သည်၊ ဇာနာထ- သိတော်မူလော့၊ တဿ- ထိုဆင်မင်း၏၊ ဣမေ ဒန္တာ- ဤအစွယ်တို့ကို၊ ဂဏှထ- ယူတော်မူလော့၊ ဣတိ- ဤသို့၊ ဒန္တေ- အစွယ်တို့ကို၊ အဒါသိ- ဆက်သခဲ့ပြီ။

သာ- ထိုသုဘဒ္ဒါမိဖုရားသည်၊ မဟာသတ္တဿ- ဘုရားလောင်း၏၊ ဆဗ္ဗဏ္ဏရံသိဝိစိတ္တဒန္တေ- ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တို့ဖြင့် ဆန်းကြယ်ကုန်သော အစွယ်တို့ကို၊ မဏိတာလဝဏ္ဋေန- ပတ္တမြားစီယပ်ဖြင့်၊ ဂဟေတွာ- ခံ၍၊ ဦရူသုပေါင်ပေါ်၌၊ ဌပေတွာ- ထား၍၊ ပုရိမဘဝေ- ရှေးဘဝ၌၊ အတ္တနော- မိမိ၏၊ ပိယသာမိကဿ- ချစ်လှစွာသော လင်၏၊ ဒန္တေ- ဆင်မင်း အစွယ်တို့ကို၊ ဩလောကေန္တီ- ကြည့်သည်ရှိသော်၊ "ဧဝရူပံ- ဤသို့သဘောရှိသော၊ သောဘဂ္ဂပတ္တံ- တင့်တယ်ခြင်းအစုသို့ ရောက်သော၊ ဝါရဏံ- ချစ်လင်ဆင်မင်းကို၊ ဝိသပီတေန- အဆိပ်လူးသော၊ သလ္လေန- မြားဖြင့်၊ ဇီဝိတက္ခယံ- အသက်၏ ကုန်ခြင်းသို့ ပါပေတွာ- ရောက်စေပြီး၍၊ ဣမေဒန္တေ- ဤအစွယ်တို့ကို၊ ဆိန္ဒိတွာ- ဖြတ်ယူ၍၊ သောနုတ္တရော- သောနုတ္တိုရ်မုဆိုးသည်၊ အာဂတော- လာခဲ့ပြီတကား၊" ဣတိ- ဤသို့၊ (စျာယိတွာ- ကြံမှိုင်၍၊) မဟာသတ္တံ- ဘုရားလောင်းကို၊ အနုဿရန္တီ- အောက်မေ့လျက်၊ သောကံ- စိုးရိမ်ပူဆွေးခြင်းကို၊ ဥပ္ပါဒေတွာ- ဖြစ်စေ၍၊ အဓိဝါသေတုံ- သည်းခံခြင်းငှာ၊ နာသက္ခိ- မတတ်နိုင်ပြီ၊ အထ- ထိုသို့ မတတ် နိုင်သောအခါ၌၊ အဿာ- ထိုသုဘဒ္ဒါမိဖုရား၏၊ ဟဒယံ- နှလုံးသည်၊ တတ္ထေဝ- ထိုအရပ်၌ပင်၊ ဖလိ- ကွဲပြီ၊ တံဒိဝသမေဝ- ထိုနေ့၌ပင်လျှင်၊ ကာလံ- သေခြင်းသို့၊ အကာသိ- ပြုပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်၊ အာဟ- မိန့်တော်မူပြီ၊ (ကိံ အာဟ- နည်း၊) "ဒိသွာန ဒန္တာနိ ဂဇုတ္တမဿ (ပ) ဧဝံ ဓာရေထ ဇာတက"န္တိ- ဒိသွာန ဒန္တာနိ ဂဇုတ္တမဿ (ပ) ဧဝံ ဓာရေထ ဇာတကံ-ဟူကုန်သော၊ ဣမာဂါထာ- ဤဂါထာတို့ကို၊ ဒသဗလဿ- ဘုရားရှင်၏၊ ဂုဏေ- ဂုဏ်တော်တို့ကို၊ ဝဏ္ဏေန္တေဟိ- ဖွင့်ဆိုကုန်သော၊ ဓမ္မသင်္ဂါဟကတ္ထေရေဟိ- တရားတော်တို့ကို သိမ်းကျုံးစုပေါင်းကုန်သော ထေရ်တို့သည်၊ ဝါ- သင်္ဂါယနာတင်ထေရ်တို့သည်၊ ဌပိတာ- ထားအပ်ကုန်ပြီ။

၁၃၂။ ဘိက္ခဝေ- ရဟန်းတို့၊ ပုရိမာယဇာတိယာ- ရှေးဘဝ၌၊ ဘတ္တု- လင်ဖြစ်ဘူးသော၊ ပိယဿ- ချစ်စွာသော၊ ဂဇုတ္တမဿ- ဆင်မင်း၏၊ ဒန္တာနိ- အစွယ်တို့ကို၊ ဒိသွာန- မြင်ရ၍၊ တတ္ထေဝ- ထိုနေရာ၌လျှင်၊ တဿ- ထိုသုဘဒ္ဒါမိဖုရား၏၊ ဟဒယံ- နှလုံးသည်၊ အဖာလိ- ကွဲ၏၊ တေနေဝ- ထိုနှလုံးသည်ကွဲသောကြောင့်သာလျှင်၊ သာဗာလာ- ထို အမိုက်မသည်၊ ကာလမကာသိ- သေ၏။

၁၃၃။ သမ္ဗောဓိပတ္တော- သဗ္ဗညုတအဖြစ်သို့ ရောက်တော်ပြီးသော၊ သမဟာနုဘာဝေါ- ကြီးသော အာနုဘော်ရှိတော်မူသော ထိုမြတ်စွာဘုရားသည်၊ ပရိသာယမဇ္ဈေ- ပရိသတ်လေးပါးအလယ်၌၊ သိတံ- ပြုံးခြင်းကို အကာသိ- ပြုတော်မူ၏၊ ဗုဒ္ဓါ- မြတ်စွာဘုရားတို့သည်၊ အကာရဏေ- အကြောင်းမရှိဘဲ၊ နပါတုကရောန္တိ- ပြုံးခြင်းကိုပြုတော်မမူကုန်၊ သုဝိမုတ္တစိတ္တာ- ကိလေသာမှ ကောင်းစွာ လွတ်ပြီးသော စိတ်ရှိကုန်သော၊ ဘိက္ခူ- ရဟန္တာကြီးတို့သည်၊ ပုစ္ဆိံသု- မေးလျှောက်ကုန်၏။

၁၃၄။ ဘိက္ခဝေ- ရဟန်းတို့၊ ဧတရဟိ- ယခုအခါ၌၊ ဒဟရိံ- အရွယ်သို့ ရောက်သော၊ ကာသာယဝတ္ထံ- ဖန်းရည်စွန်းသော သင်္ကန်းကိုဝတ်သော၊ အနဂါရိယံ- ရဟန်းအဖြစ်သို့ကပ်သော၊ စရန္တိံ- ငါဘုရား အဆုံးအမကို ကျင့်သော၊ ယံကုမာရိံ- အကြင်ရဟန်းမိန်းမငယ်ကို၊ [အဒ္ဒသာထ (အဒ္ဒသထ)]- မြင်ကြကုန်၏လော၊ သာ- ထိုရဟန်းမငယ်သည်၊ ခေါ- စင်စစ်၊ တဒါ- ထိုအခါ၌၊ ရာဇကညာ- မင်းသမီးသုဘဒ္ဒါသည်၊ အဟောသိ- ဖြစ်ဘူးပြီ၊ ဧတရဟိ- ယခုအခါ၌၊ အဟံ- ငါဘုရားသည်၊ တဒါ- ထိုအခါ၌၊ နာဂရာဇာ- ဆဒ္ဒန်ဆင်မင်းသည်၊ အဟောသိ- ဖြစ်ဘူးပြီ။

၁၃၅။ ဘိက္ခဝေ- ရဟန်းတို့၊ ဝဂ္ဂူ- တင့်တယ်ခြင်းရှိကုန်သော၊ သုဘေ- ကောင်းမွန်စွာ တင့်တယ်ကုန်သော၊ ပထဗျာ- မြေအပြင်၌၊ အပ္ပဋိမေ- တစ်ပါးသော ဆင်တို့၏အစွယ်နှင့် မတူကုန်သော၊ ဂဇုတ္တမဿ- ဆင်မင်း၏၊ ဒန္တာနိ- အစွယ်တို့ကို၊ ယောလုဒ္ဒကော- အကြင် သောနုတ္တိုရ်မုဆိုးသည်၊ အာဒါယ- ယူ၍၊ ကာသိပုရံ- ဗာရာဏသီပြည်သို့၊ ဥပါဂမိ- သွားလေ၏၊ တဒါ- ထိုအခါ၌၊ သောခေါလုဒ္ဒကော- ထိုသောနုတ္တိုရ်မုဆိုးသည်လျှင်၊ ဧတရဟိ- ယခုအခါ၌၊ ဒေဝဒတ္တော- ဒေဝဒတ်သည်၊ အဟောသိ- ဖြစ်ဘူးပြီ။

၁၃၆။ ဘိက္ခဝေ- ရဟန်းတို့၊ စိရရတ္တာသံသိတံ- တစ်ပါးမကများစွာသော နှစ်ကုဋေထက်၌ ကျင်လည်လေ့ကျက်ဖူးသည်ကို၊ ပုဗ္ဗေ- နံနက်အခါ၌၊ ကတံ- ပြုအပ်သည်ကို၊ အနာဝသူရံ- နေမဝင်မီ၊ သရတိဝိယ- အောက်မေ့နိုင်သကဲ့သို့၊ ဝီတဒ္ဒရော- ရာဂအစရှိသော ပူပန်ခြင်းတို့၏ ကင်းခြင်းကြောင့် ဝီတဒ္ဒရမည်တော်မူသော၊ ဝီတသောကော- အဆွေအမျိုး စည်းစိမ်အစရှိသည်တို့ကြောင့် စိုးရိမ်ခြင်း၏ မရှိခြင်းကြောင့် ဝီတသောက မည်တော်မူသော၊ [ဝိသလ္လော(ဝီတသလ္လော)]- ရာဂအစရှိသော မြားတို့၏ ကင်းခြင်းကြောင့်

ဝိတသလ္လမည်တော်မူသော၊ ဗုဒ္ဓေါ- သင်တို့ဆရာ ငါဘုရားသည်၊ ပုရာဏ-ရေး၌ဖြစ်သော၊ [ဥစ္စာဝစံ(ဥစ္စာနိစံ)]- မိမိ၏ အကျင့်၏ အစွမ်းဖြင့် မြင့်မြတ်သည်၏အဖြစ် သုဘဒ္ဒါမိဖုရား သောနုတ္တိုရ် မုဆိုးတို့၏ ကျင့်အားဖြင့် ယုတ်သည်၏အဖြစ်ကြောင့် အယုတ်အမြတ်ဖြစ်သော၊ ဣဒံစရိတ-ဤအကျင့်ကို၊ သယံ- ကိုယ်တော်တိုင်၊ အဘိညာယ- သိ၍၊ အဘာသိ-ဟောတော်မူ၏။

၁၃၇။ ဘိက္ခဝေါ- ရဟန်းတို့၊ တေကာလေန- ထိုအခါ၌၊ တတ္ထ- ထိုဆဒ္ဒန် အိုင်၌၊ အဟံ- ငါဘုရားသည်၊ အဟောသိ- ဖြစ်တော်မူပြီ၊ ဟောန္တောစ ပန-ဖြစ်တော်မူသော်လည်း၊ အညော- မထင်ရှားသော၊ ကောစိ- အမှတ်မရှိသော ဆင်သည်၊ တဒါ- ထိုအခါ၌၊ နအဟောသိ- မဖြစ်၊ အထခေါ- စင်စစ်သော်ကား၊ နာဂရာဇာ- ဆင်မင်းသည်၊ [ဟောမိ(အဟောမိ)]- ဖြစ်၏၊ ဘိက္ခဝေ-ရဟန်းတို့၊ ဝေါတုမှေ- သင် ရဟန်းအပေါင်းတို့သည်၊ ဧဝံ- ဤသို့၊ ဇာတက-ဇာတ်ပေါင်းခြင်းကို၊ ဓာရေထ- မှတ်လေကုန်။

ဣမာ ဂါထာ- ဤဂါထာတို့ကို၊ ဒသဗလဿ- မြတ်စွာဘုရား၏၊ ဂုဏေ-ဂုဏ်တို့ကို၊ ဝဏ္ဏေန္တေဟိ- ချီးမွမ်းကုန်သော၊ ဓမ္မသင်္ဂါဟကတ္ထေရေဟိ- သင်္ဂါယနာ တင်မထေရ်တို့သည်၊ ဌပိတာ- ထားအပ်ပြီ။

တတ္ထ- ထိုဒိသွာန ဒန္တာနိစသော ဂါထာတို့၌၊ သိတံအကာသီတိ- သိတံ-အကာသိဟူသည်ကား၊ သမ္ဗောဓိပ္ပတ္တော- ဘုရားအဖြစ်သို့ရောက်သော၊ မဟာနုဘာဝေါ-ကြီးမားသောအာနုဘော်ရှိသော၊ သော သတ္ထာ- ထိုဆရာဖြစ်တော်မူသော မြတ်စွာ ဘုရားသည်၊ အလင်္ကတဓမ္မသဘာယံ- တန်းဆာဆင်အပ်သော ဓမ္မသဘင်၌၊ အလင်္ကတဓမ္မာသနေ- တန်းဆာဆင်အပ်သော တရားပလ္လင်ထက်၌၊ ပရိသမဇ္ဈေ-ပရိသတ်အလယ်၌၊ နိသိန္နော- ထိုင်နေတော်မူလျက်၊ ဧကဒိဝသံ- တစ်နေ့သ၌၊ သိတံ-ပြုံးခြင်းကို၊ အကာသိ- ပြုခဲ့ပြီ၊ နာကာရဏေတိ- နာကာရဏေ ဟူသည်ကား၊ ဘန္တေ-မြတ်စွာဘုရား၊ ဗုဒ္ဓါ နာမ- ဘုရားရှင်တို့မည်သည်၊ အကာရဏေ- အကြောင်းမဲ့ သိတံ-ပြုံးခြင်းကို၊ န ကရောန္တိ- ပြုတော်မမူကုန်၊ တုမှေဟိ စ- အရှင်တို့သည်လည်း၊ သိတံ-ပြုံးခြင်းကို၊ ကတံ- ပြုအပ်ပြီ၊ တေန နု ခေါ- အဘယ်မည်သော၊ ကာရဏေန-အကြောင်းကြောင့်၊ သိတံ- ပြုံးခြင်းကို၊ ကတံ- ပြုအပ်ပါသနည်း၊ ဣတိ- ဤသို့ မဟာခီဏာသဝါ- ရဟန္တာအရှင်မြတ်ကြီးဖြစ်ကုန်သော၊ ဘိက္ခူ- ရဟန်းတို့သည်၊ ပုစ္ဆိံသု-

မေးလျှောက်ကုန်ပြီ ယမဒ္ဒသာထာတိ- ယမဒ္ဒသာထဟူသည်ကား၊ ဧဝံ- ဤသို့ ပုဗ္ဗေ- မေးလျှောက်အပ်သည်ရှိသော်၊ အာဝုသော- ငါ့ရှင်တို့၊ သတ္ထာ- မြတ်စွာဘုရားသည်၊ အတ္တနော- မိမိ၏၊ သိတကာရဏံ- ပြုံးခြင်း၏အကြောင်းကို၊ အာစိက္ခန္တော- ပြောကြားလိုသည်ဖြစ်၍၊ ဧကံ- တစ်ယောက်သော၊ ဒဟရဘိက္ခုနိံ- ငယ်ရွယ်သော ဘိက္ခုနီမကို၊ ဒဿေတွာ- ညွှန်ပြ၍၊ ဧဝံ- ဤသို့ အာဟ- မိန့်ခဲ့ပြီ၊ ဘိက္ခဝေ- ရဟန်းတို့ ဧကံ- တစ်ယောက်သော၊ ဒဟရံ- ငယ်သော၊ ယောဗ္ဗနပ္ပတ္တံ- နုပျိုသောအရွယ်သို့ ရောက်သော၊ ကာသာယဝတ္ထံ- ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်သော၊ အနဂါရိယံ- ရဟန်းဘောင်သို့ ဥပေတံ- ကပ်ရောက်သော၊ ပဗ္ဗဇိတွာ- ရဟန်းပြု၍၊ ဣမသ္မိံ သာသနေ- ဤသာသနာတော်၌၊ စရန္တိံ- ကျင့်သော၊ ယံ ကုမာရိံ- အကြင် အမျိုးသမီးငယ်ကို၊ အဒ္ဒသာထ ပဿထ- မြင်ကြသလော၊ သာ- ထိုအမျိုးသမီးငယ်သည်၊ တဒါ- ထိုဆဒ္ဒန်ဆင်မင်းဖြစ်သော ဘဝ၌၊ ဝိသပီတေန- အဆိပ်သောက်အပ်သော၊ သလ္လေန- မြားဖြင့်၊ နာဂရာဇံ- ဆင်မင်းကို၊ ဝိဇ္ဈိတွာ- ထိုးပစ်၍၊ ဝဓေဟိ- သတ်လော၊ ဣတိ- ဤသို့ သောနုတ္တရဿ- သောနုတ္တိုရ်မုဆိုးကို၊ ပေသေတာ- စေခိုင်းသော၊ ရာဇကညာ- မင်းသမီးသည်၊ အဟောသိ- ဖြစ်ခဲ့ပြီ၊ တေန- ထိုသို့စေခိုင်းသောကြောင့်၊ ဂန္ဒာ- သွား၍၊ ဇီဝိတက္ခယံ- အသက်ကုန်ခြင်းသို့ ပါပိတော- ရောက်စေအပ်သော၊ အဟံ- ငါသည်၊ တဒါ- ထိုအခါ၌၊ သော နာဂရာဇာ- ထိုဆင်မင်းသည်၊ အဟောသိံ- ဖြစ်ခဲ့ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ဒေဝဒတ္တောတိ- ဒေဝဒတ္တောဟူသည်ကား၊ ဘိက္ခဝေ- ရဟန်းတို့၊ ဣဒါနိ- ယခုအခါ၌၊ ဒေဝဒတ္တော- ဒေဝဒတ်သည်၊ တဒါ- ထိုအခါ၌၊ သော လုဒ္ဒကော- ထိုသောနုတ္တိုရ်မုဆိုးသည်၊ အဟောသိ- ဖြစ်ခဲ့ပြီ။

အနာဝသူရန္တိ- အနာဝသူရံဟူသည်ကား၊ အဝသူရံ- နေ၏ကွယ်ပျောက်ခြင်းသို့ န- မရောက်မီ၊ အနတ္ထင်္ဂတသူရိယံ- နေမဝင်မီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ စိရရတ္တသံသိတန္တိ- စိရရတ္တသံသိတံဟူသည်ကား၊ ဣတော- ဤကမ္ဘာမှ၊ စိရရတ္တေ- ကြာမြင့်စွာသော ညဉ့်ရှိသော၊ အနေကဝဿကောဋိမတ္ထကေ- များစွာသော နှစ်ကုဋေ၏ အထက်၌၊ သံသိတံ သံသရိတံ- ကျင်လည်ခဲ့ပြီ၊ အနုစိဏ္ဏံ- လေ့ကျက်ခဲ့ပြီ၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏။ အာဝုသော- ငါ့ရှင်တို့၊ ဣတော- ဤမှ၊ အနေကဝဿကောဋိမတ္ထကေ- နှစ်ကုဋေပေါင်းများစွာ၏ အထက်၌၊ သံသရိတမ္ပိ- ကျင်လည်အပ်သည်ဖြစ်ပါသော်လည်း၊ ပုဗ္ဗဇော- နံနက်အခါ၌၊ ကတံ- ပြုအပ်သောအမှုကို၊ တံ ဒိဝသမေဝ- ထိုနေ့၌ပင်လျှင်၊ သာယနှေ-

ညချမ်းအခါ၌၊ သရန္တော ဝိယ- အမှတ်ရဘိသကဲ့သို့ အတ္တနော- မိမိ၏၊ စရိတဝသေန- အကျင့်၏အစွမ်းဖြင့်၊ ဥစ္စတ္တာ- မြင့်သည်၏ အဖြစ်ကြောင့်၊ တာယ ရာဇဓီတာယ စ- ထိုမင်းသမီး၏လည်းကောင်း၊ သောနုတ္တရဿ စ- သောနုတ္တိုရ်၏လည်းကောင်း၊ စရိတဝသေန- အကျင့်၏အစွမ်းအားဖြင့်၊ နီစတ္တာ- နိမ့်သည်၏အဖြစ်ကြောင့်၊ ဥစ္စာနီစံ- အမြင့်အနိမ့်ဖြစ်သော၊ ပုရာဏံ- အဟောင်းဖြစ်သော၊ ဣဒံ စရိတံ- ဤအကျင့်ကို၊ ရာဂါဒီနံ- ရာဂအစရှိကုန်သော၊ ဒရာနံ- ပူပန်ခြင်းတို့၏၊ ဝိဂတတာယ- ကင်းသည်၏ အဖြစ်ကြောင့်၊ ဝီတဒ္ဒရော- ကင်းသော ပူပန်ခြင်းရှိသော၊ ဉာတိခေနသောကာဒီနံ- ဆွေမျိုးဥစ္စာကြောင့်ဖြစ်သော ပူပန်မှုအစရှိသည်တို့၏၊ အဘာဝေန- မရှိခြင်းကြောင့်၊ ဝီတသောကော- ကင်းသောစိုးရိမ်ခြင်းရှိသော၊ ရာဂသလ္လာဒီနံ- ရာဂငြောင့်အစရှိသည် တို့၏၊ ဝိဂတတ္တာ- ကင်းသည်၏အဖြစ်ကြောင့်၊ ဝိသလ္လော- ကင်းသောရာဂတည်း ဟူသော ငြောင့်ရှိသော၊ ဗုဒ္ဓေါ- မြတ်စွာဘုရားသည်၊ အတ္တနာဝ- ကိုယ်တိုင်ပင်၊ ဇာနိတွာ- သိ၍၊ အဘာသိ- ဟောတော်မူပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

အဟံ ဝေါတံ ဇေတ္ထ- အဟံဝေါဟူသော ဤပါဋ္ဌ၌၊ ဝေါတိ- ဝေါဟူသည်ကား၊ နိပါတမတ္တံ- နိပါတ်မျှတည်း၊ ဘိက္ခဝေ- ရဟန်းတို့၊ အဟံ- ငါသည်၊ တေန ကာလေန- ထိုဆဒ္ဒန်ဆင်မင်းဖြစ်ရာအခါ၌၊ တတ္ထ ဆဒ္ဒန္တဒဟေ- ထိုဆဒ္ဒန်အိုင်၌၊ အဟောသိံ- ဖြစ်ခဲ့ပြီ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ နာဂရာဇာတိ- နာဂရာဇာဟူသည်ကား၊ ပန- ဆက်၍ဆိုဦးအံ့၊ တဒါ- ထိုအခါ၌၊ ဟောန္တော စ- ထိုဆဒ္ဒန်အိုင်၌ဖြစ်စဉ် အခါ၌လည်း၊ အညော- မထင်ရှားသော၊ ကောစိ- တစ်စုံတစ်ခုသော ဆင်သည်၊ န ဟောမိ- မဖြစ်၊ အထ ခေါ- စင်စစ်သော်ကား၊ နာဂရာဇာ- ဆင်မင်းသည်၊ ဟောမိ- ဖြစ်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ဧဝံ ဓာရေထာတိ- ဧဝံ ဓာရေထဟူသည်ကား၊ တုမှေ- သင်တို့သည်၊ တံ ဇာတကံ- ထိုဇာတ်ကို၊ ဧဝံ- ဤသို့၊ ဓာရေထ- ဆောင်ကြကုန်လော၊ ဥဂ္ဂဏှာထ- မှတ်ကြကုန်လော၊ ပရိယာပုဏာထ- သင်ယူကြကုန်လော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ပန- အကျိုးကိုဆိုဦးအံ့၊ ဣမဥ္စ ဓမ္မဒေသနံ- ဤတရားဒေသနာတော်ကိုလည်း၊ သုတွာ- ကြားနာရသောကြောင့်၊ ဗဟူ- များစွာကုန်သော သူတို့သည်၊ သောတာပန္နာဒယော- သောတာပန်အစရှိသည်တို့သည်၊ အဟေသုံ- ဖြစ်ကုန်ပြီ၊ သာပန ဘိက္ခုနီ- ထိုရဟန်းမငယ်သည်ကား၊ ပစ္ဆာ- နောက်မှ၊ ဝိပဿိတွာ- ဝိပဿနာကို ပွားစေ၍၊ အရဟတ္တံ- အရဟတ္တဖိုလ်သို့၊ ပတ္တာ- ရောက်ပြီ၊ ဣတိ- ဤကား အပြီးတည်း။

စတုတ္ထာ- လေးခုမြောက်သော၊ ဆဒ္ဒန္တဇာတကဝဏ္ဏနာ- ဆဒ္ဒန္တဇာတ်၏ အဖွင့်သည်၊ နိဋ္ဌိတာ- ပြီးပြီ။

❖ ❖ ❖

## ၅။ သမ္ဘဝဇာတ် (၅၁၅)

### ပစ္စုပ္ပန်ဝတ္ထု

**ရဇ္ဇဉ္စ ပဋိပန္နာသ္မာတိ**- ရဇ္ဇဉ္စ ပဋိပန္နာသ္မာအစရှိသော၊ ဣဒံ- ဤသမ္ဘဝဇာတ်ကို၊ သတ္ထာ- မြတ်စွာဘုရားသည်၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော- နေတော်မူစဉ်၊ ပညာပါရမိံ- ပညာပါရမီကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ- ဟောကြားတော်မူပြီ၊ ပစ္စုပ္ပန္နဝတ္ထု- ပစ္စုပ္ပန်ဇာတ်ကြောင်းသည်၊ မဟာဥမင်္ဂဇာတကေ- မဟာဥမင်္ဂဇာတ်၌၊ (ဇာ၊ ၂၊ ၂၂၊ ၅၉၀-အာဒယော) အာဝိ- ထင်စွာ၊ ဘဝိဿတိ- ဖြစ်လတ္တံ့။

### အတိတ်ဝတ္ထု

ပန- ဆက်ဦးအံ့၊ အတီတေ- လွန်လေပြီးသောအခါ၌၊ ကုရုရဋ္ဌေ- ကုရုတိုင်း၌၊ ဣန္ဒပတ္ထနဂရေ- ဣန္ဒပတ္ထနဂိုရ်မြို့၌၊ ဓနဉ္စယကောရဗျောနာမ- ဓနဉ္စယကောရဗျ မည်သော၊ ရာဇာ- မင်းသည်၊ ရဇ္ဇံ- မင်း၏အဖြစ်ကို၊ ကရေသိ- ပြုစေပြီ၊ တဿ- ထိုဓနဉ္စယကောရဗျမင်းအား၊ သုစိရတောနာမ- သုစိရတမည်သော၊ ပုရောဟိတော- ပုရောဟိတ်ဖြစ်သော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ အတ္ထဓမ္မာနုသာသကော- အကြောင်း အကျိုးကို ဆုံးမတတ်သည်၊ အဟောသိ- ဖြစ်ပြီ၊ ရာဇာ- ဓနဉ္စယကောရဗျ မင်းသည်၊ ဒါနာဒီနိ- ဒါနအစရှိကုန်သော၊ ပုညာနိ- ကောင်းမှုတို့ကို၊ ကရောန္တော- ပြုလျက်၊ ဓမ္မေန- တရားသဖြင့်၊ ရဇ္ဇံ- တိုင်းပြည်ကို၊ အနုသာသိ- ဆုံးမပြီ၊ သော- ထိုဓနဉ္စယကောရဗျမင်းသည်၊ ဧကဒိဝသံ- တစ်နေ့သ၌၊ ဓမ္မယာဂံနာမ- တရားကို ပူဇော်ကြောင်း မည်သော၊ ပဉှံ- ပြဿနာကို၊ အဘိသင်္ခရိတွာ- စီရင်ပြီး၍၊ သုစိရတံ နာမ- သုစိရတမည်သော၊ ပုရောဟိတံ- ပုရောဟိတ်မည်သော၊ ဗြာဟ္မဏံ- ဆရာပုဏ္ဏားကို၊ အာသနေ- နေရာ၌၊ နိသီဒါပေတွာ- နေစေ၍၊ သက္ကာရံ- ပူဇော်သက္ကာရကို၊ ကတွာ- ပြု၍၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍၊ "ရဇ္ဇဉ္စ ပဋိပန္နာ'သ္မ (ပ)

ဗြာဟ္မဏာ'ကွာဟိ ပုစ္ဆိတော"တိ- ရဋ္ဌဉ္စ ပဋိပန္နာ'သ္မ (ပ) ဗြာဟ္မဏာ' ကွာဟိ ပုစ္ဆိတော- ဟူကုန်သော၊ စတဿော- လေးခု ကုန်သော၊ ဂါထာယော- ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၁၃၈။ [သုစီရတ(သုစိရတ)]- ဆရာသုစိရတ၊ မယံ- ငါတို့သည်၊ ရဋ္ဌဉ္စ- ခုနစ်ယူဇနာရှိသော ကွန္ဒပတ္တနတိုင်းပြည်၌ မင်းအဖြစ်ကိုလည်းကောင်း၊ အာမိပစ္စဉ္စ- ယူဇနာသုံးရာရှိသော ကုရုတိုင်း၌ အစိုးရသောအဖြစ်ကိုလည်း ကောင်း၊ ပဋိပန္နာ- ရကုန်သည်၊ အသ္မာ- ဖြစ်ကုန်၏၊ မဟတ္တံ- မြတ်သော အဖြစ်သို့၊ ပတ္တုံ- ရောက်ခြင်းငှာ၊ ဣစ္ဆာမိ- ငါအလိုရှိ၏၊ ဣမံပထဝိံ- ဤမြေ အပြင်ကို၊ ဝိဇေတုံ- တရားနှင့်အညီအောင်ခြင်းငှာ၊ ဣစ္ဆာမိ- ငါအလိုရှိ၏၊

၁၃၉။ သုစီရတ- ဆရာသုစရိတ- ဓမ္မေန- တရားသဖြင့်၊ ဝိဇေတုံ- အောင်ခြင်းငှာ၊ ဣစ္ဆာမိ- ငါအလိုရှိ၏၊ အဓမ္မေန- မတရားသဖြင့်၊ ဝိဇေတုံ- အောင်ခြင်းငှာ၊ နောဣစ္ဆာမိ- ငါအလိုမရှိ အဓမ္မော- တရားမဟုတ်သည်ကို၊ မေ- ငါသည်၊ နရုစ္စတိ- မနှစ်သက်အပ်၊ စရိတော- ကျင့်အပ်သော၊ ဓမ္မော- တရားသည်၊ ရညော- မင်း၏၊ ကိစ္စော၀- ပြုအပ်သောအမှုသည် သာလျှင်၊ ဟောတိ- ဖြစ်၏၊

၁၄၀။ ဗြာဟ္မဏ- ဆရာပုဏ္ဏား၊ ယေန- အကြင်အကြောင်းဖြင့်၊ မယံ- ငါတို့သည်၊ ဣဓစေဝ- ဤပစ္စုပ္ပန်လောက၌လည်း၊ အနိန္ဒိတာ- သူတော်ကောင်း တို့သည် မကဲ့ရဲ့အပ်ကုန်၊ ယေန- အကြင်အကြောင်းဖြင့်၊ မယံ- ငါတို့သည်၊ ပေစ္စ- တမလွန်ဘဝ၌လည်း၊ အနိန္ဒိတာ- သူတော်ကောင်းတို့သည် မကဲ့ရဲ့ အပ်ကုန်၊ ယေန- အကြင်အကြောင်းဖြင့်၊ ဒေဝမနုဿေသု- နတ်လူတို့၌၊ ယသံ- အစိုးရခြင်းတင့်တယ်ခြင်းသို့၊ ပပ္ပေါမ- ရောက်ရကုန်၏၊ တံ- ထိုအကြောင်းကို၊ နော- ငါတို့အား၊ ကထေဟိ- ဟောပါလော။

၁၄၁။ ဗြာဟ္မဏ- ဆရာပုဏ္ဏား၊ ယောအဟံ- အကြင်ငါသည်၊ အတ္ထဉ္စ- အကျိုးကိုလည်းကောင်း၊ ဓမ္မဉ္စ- အကြောင်းကိုလည်းကောင်း၊ ကတ္တုံ- ဆောက်တည်၍ကျင့်ခြင်းငှာ၊ ဣစ္ဆာမိ- အလိုရှိ၏၊ ဗြာဟ္မဏ- ဆရာပုဏ္ဏား၊ တံအတ္ထဉ္စ- ထိုအကျိုးကိုလည်းကောင်း၊ တံဓမ္မဉ္စ- ထိုအကြောင်းကို လည်းကောင်း၊ ပုစ္ဆိတော- မေးအပ်သော၊ တွံ- သင်ဆရာပုဏ္ဏားသည်၊ မေ- ငါအား၊ အက္ခာဟိ- ကြားလော။

တတ္ထ- ထိုရဇ္ဇမှ စသော ဂါထာတို့၌၊ **ရဇ္ဇန္တိ-** ရဇ္ဇံဟူသည်ကား၊ အာစရိယ-ဆရာ၊ မယံ- ငါတို့သည်၊ သတ္တယောဇနိကေ- ခုနစ်ယူဇနာရှိသော၊ ကုမသ္မိံ ကုရုပတ္ထနဂရေ- ဤကုရုပတ္ထမြို့၌၊ ရဇ္ဇသ္သ- မင်း၏အဖြစ်ကိုလည်းကောင်း၊ တိယောဇနသတိကေ- ယူဇနာသုံးရာရှိသော၊ ကုရုရဋ္ဌေ- ကုရုတိုင်း၌၊ ဣဿရဘာဝသင်္ခါတံ-အစိုးရသည်၏အဖြစ်ဟုဆိုအပ်သော၊ အာဓိပစ္စသ္သ- အကြီးအမှူးအဖြစ်ကိုလည်းကောင်း၊ **ပဋိပန္နာသ္မာတိ-** ပဋိပန္နာသမာဟူသည်ကား၊ အဓိဂတာ- ရကုန်သည်၊ ဘဝါမ-ဖြစ်ကုန်၏၊ **မဟတ္တန္တိ-** မဟတ္တံဟူသည်ကား၊ ဣဒါနိ- ယခုအခါ၌၊ မဟန္တဘာဝံ-မြတ်သောအဖြစ်သို့၊ **ပတ္တုမိစ္ဆာမိ ဝိဇေတုန္တိ-** ပတ္တုမိစ္ဆာမိ ဝိဇေတုံဟူသည်ကား၊ ဣမံ ပထဝိံ- ဤမြေအပြင်ကို၊ ဓမ္မေန- တရားသဖြင့်၊ အဘိဘဝိတုံ- လွှမ်းမိုးခြင်းငှာ၊ အဇ္ဈောတ္ထရိတုံ- လွှမ်းမိုးခြင်းငှာ၊ ဣစ္ဆာမိ- အလိုရှိ၏၊ **ကိစ္စောဝါတိ-** ကိစ္စောဝဟူသည်ကား၊ အဝသေသဇနေဟိ- ကြွင်းသော လူတို့ထက်၊ ရညော- မင်း၏၊ စရိတော- ကျင့်အပ်သော၊ ဓမ္မော- တရားသည်၊ ကိစ္စော- ပြုအပ်သော အမှုသည်၊ ကရဏီယတရော-သာလွန်၍ ပြုအပ်သောအမှုသည်၊ (ဟောတိ- ဖြစ်၏၊) ဟိ- မှန်၏၊ လောကော-လောကသည်၊ ရာဇာနုဝတ္တကော- မင်းသို့အစဉ်လိုက်၏၊ တသ္မိံ- ထိုမင်းသည်၊ ဓမ္မိကေ-တရားစောင့်သည်ရှိသော်၊ သော သဗ္ဗောပိ- ထိုမင်းမှကြွင်းသော အလုံးစုံသော လူအပေါင်းသည်လည်း၊ ဓမ္မိကော- တရားစောင့်သည်၊ ဟောတိ- ဖြစ်၏၊ တသ္မာ-ထို့ကြောင့်၊ ဧသ ဓမ္မောနာမ- ဤတရားမည်သည်၊ ရညောဝ- မင်း၏သာလျှင်၊ ကိစ္စော-ပြုဘွယ်ကိစ္စတည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

**ဣဓ စေဝါနိန္ဒိတာတိ-** ဣဓ စေဝါနိန္ဒိတာဟူသည်ကား၊ ယေန- အကြင်အကြောင်းဖြင့်၊ မယံ- ငါတို့သည်၊ ဣဓလောကေစ- ဤလောက၌လည်းကောင်း၊ ပရလောကေ စ- တမလွန်လောက၌လည်းကောင်း၊ အနိန္ဒိတာ- သူတော်ကောင်းတို့သည် မကဲ့ရဲ့အပ်ကုန်၊ **ယေန ပပ္ပေါမှုတိ-** ယေန ပပ္ပေါမုဟူသည်ကား၊ ယေန-အကြင်အကြောင်းဖြင့်၊ မယံ- ငါတို့သည်၊ နိရယာဒီသု- ငရဲအစရှိသည်တို့၌၊ အနိဗ္ဗတ္တိတွာ- မဖြစ်မူ၍၊ ဒေဝေသု စ- နတ်ပြည်တို့၌လည်းကောင်း၊ မနုဿေသု စ- လူပြည်တို့၌လည်းကောင်း၊ ယသံ- အခြံအရံများခြင်းသို့၊ ဣဿရိယံ- အစိုးရသူ၏အဖြစ်သို့၊ သောဘဂ္ဂံ- တင့်တယ်ခြင်းသို့၊ ပါပုဏေယျာမ- ရောက်ရကုန်ရာ၏၊ နော-ငါတို့အား၊ တံ ကာရဏံ- ထိုအကြောင်းကို၊ ကထေဟိ- ပြောပါလော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ယောဟန္တိ-** ယောဟံဟူသည်ကား၊ ဗြာဟ္မဏ- ဆရာပုဏ္ဏား၊

ယော အဟံ- အကြင်ငါသည်၊ ဖလဝိပါကသခ်ါတံ- အကျိုးတရားဟု ဆိုအပ်သော၊ အတ္ထဉ္စ- အကျိုးကိုလည်းကောင်း၊ တဿ အတ္ထဿ- ထိုအကျိုးတရား၏၊ ဟေတုဘူတံ- အကြောင်းဖြစ်သော၊ ဓမ္မဉ္စ- အကြောင်းတရားကိုလည်းကောင်း၊ ကတ္တုံစ- ပြုခြင်းငှာလည်းကောင်း၊ သမာဒါယ- ဆောက်တည်၍၊ ဝတ္တိတုံစ- ကျင့်ခြင်းငှာလည်းကောင်း၊ ဥပ္ပါဒေတုဉ္စ- ဖြစ်စေခြင်းငှာလည်းကောင်း၊ ကုစ္ဆာမိ- အလိုရှိ၏၊ တံ တွန္တိ- တံ တွံဟူသည်ကား၊ တဿ တွံ- ထိုသင်သည်၊ သုခေနေဝ- ချမ်းသာစွာသာလျှင်၊ နိဗ္ဗာန-ဂါမိမဂ္ဂံ- နိဗ္ဗာန်ရောက်ကြောင်းလမ်းသို့ အာရုယှ- တက်ရောက်၍၊ အပဋိသန္ဓိကဘာဝံ- တစ်ဖန် ပဋိသန္ဓေမနေရသည်၏ အဖြစ်ကို၊ ပတ္တေန္တဿ- တောင့်တသော၊ မယှံ- ငါ့အား၊ တံ အတ္ထဉ္စ- ထိုအကျိုးတရားကိုလည်းကောင်း၊ ဓမ္မဉ္စ- ထိုအကြောင်းတရားကိုလည်းကောင်း၊ ပုစ္ဆိတော- မေးအပ်သည်ဖြစ်၍၊ အက္ခာဟိ- ကြားပါလော၊ ပါကဋံ- ထင်ရှားသည်ကို၊ ကတွာ- ပြု၍၊ ကထေဟိ- ပြောပါလော့၊ ဣတိ- ဤသို့၊ ဗြာဟ္မဏံ-ပုဏ္ဏားကို၊ ဓမ္မယာဂပဉှံ- တရားနှင့်ယှဉ်သော ပြဿနာကို၊ ပုစ္ဆိ- မေးပြီ။

အယံ ပန ပဉှော- ဤဓမ္မယာဂပြဿနာသည်ကား၊ ဂမ္ဘီရော- အလွန်နက်နဲ၏၊ ဗုဒ္ဓဝိသယော- သဗ္ဗညုဘုရားရှင်တို့၏ အရာဖြစ်၏၊ သဗ္ဗညုဗုဒ္ဓမေဝ- သဗ္ဗညုဘုရားရှင်ကိုသာလျှင်၊ တံ- ထိုဓမ္မယောဂပြဿနာကို၊ ပုစ္ဆိတုံ- မေးခြင်းငှာ၊ ယုတ္တံ- သင့်၏၊ တသ္မိံ-ထိုသဗ္ဗညုဘုရားရှင်သည်၊ အသတိ- မရှိလတ်သော်၊ သဗ္ဗညုတဉာဏပရိယေသကံ-သဗ္ဗညုတဉာဏ်တော်ကိုရှာသော၊ ဗောဓိသတ္တံ- ဘုရားလောင်းကို၊ (တံ- ထိုဓမ္မယာဂပြဿနာကို၊) ပုစ္ဆိတုံ- မေးခြင်းငှာ၊ ယုတ္တံ- သင့်၏၊ ဣတိ- ဤသည်ကားအဖြေတည်း၊ သုစိရတောပန- သုစိရတပုဏ္ဏားသည်ကား၊ အတ္တနော- မိမိ၏၊ အဗောဓိသတ္တတာယ-ဘုရားလောင်းမဟုတ်သည်၏ အဖြစ်ကြောင့်၊ ပဉှံ- ဓမ္မယာဂပြဿနာကို၊ ကထေတုံ-ဖြေခြင်းငှာ၊ နာသက္ခိ- မတတ်နိုင်ပြီ၊ အသက္ကောန္တောစ- မတတ်နိုင်သော်လည်း၊ ပဏ္ဍိတမာနံ- ငါပညာရှိဟူသော မာန်ကို၊ အကတွာ- မပြုမူ၍၊ အတ္တနော- မိမိ၏၊ အသမတ္ထဘာဝံ- မစွမ်းနိုင်သည်၏အဖြစ်ကို၊ (ရညော- မင်းအား၊) ကထေန္တော-တင်လျှောက်လိုသည် ဖြစ်၍၊ "နာညတြ ဝိဓုရာ ရာဇ (ပ) ကတ္တုမိစ္ဆသိ ခတ္တိယာ"တိ-"နာညတြ ဝိဓုရာ ရာဇ (ပ) ကတ္တုမိစ္ဆသိ ခတ္တိယာ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ-ဆိုပြီ။

၁၄၂။ ရာဇ- အရှင်မင်းမြတ်၊ ယံအတ္ထဉ္စ- အကြင်အကျိုးကိုလည်းကောင်း၊ ယံဓမ္မဉ္စ- အကြင်အကြောင်းကိုလည်းကောင်း၊ ကတ္တုံ- ဆောက်တည်၍

ကျင့်ခြင်းငှာ၊ တွံ- သင်မင်းမြတ်သည်၊ ကလ္လသိ- အလိုရှိတော်မူ၏၊ ခတ္တိယ- ရေမြေရှင်ဖြစ်တော်မူသော မင်းမြတ်၊ တေ- ထို အကြောင်းကို၊ ဝိဓူရာ- ဝိဓူရအမည်ရှိသော ပုဏ္ဏားကို၊ အညတြ- ထား၍၊ အညော- ဝိဓူရမှ တစ်ပါးသော သူသည်၊ အက္ခာတုံ- ဖြေခြင်းငှာ၊ န အရဟတိ- မထိုက်။

တဿ- ထိုဂါထာ၏၊ အတ္ထော- အနက်ကား၊ မဟာရာဇ- မြတ်သော မင်းကြီး၊ ဧသပဉှော- ဤပြဿနာသည်၊ မာဒိသာနံ- ငါကဲ့သို့သော သူတို့၏၊ အဝိသယော- အရာမဟုတ်၊ ဟိ- မှန်၏၊ အဟံ- ငါသည်၊ အဿ- ထိုပြဿနာ၏၊ အာဒိံ- အစကို၊ န ပဿာမိ- မမြင်၊ ပရိယောသာနံ- အဆုံးကို၊ န ပဿာမိ- မမြင်၊ အန္ဓကာရံ- အမိုက်မှောင်သို့၊ ပဝိဋ္ဌော ဝိယ- ဝင်ရောက်သူကဲ့သို့ ဟောမိ- ဖြစ်၏၊ ပန- ဆက်ဦးအံ့၊ ဗာရာဏသိရညော- ဗာရာဏသီမင်း၏၊ ပုရောဟိတော- ပုရောဟိတ်ဖြစ်သော၊ ဝိဓုရော နာမ- ဝိဓုရမည်သော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ အတ္ထိ- ရှိ၏၊ သော- ထိုပုဏ္ဏားသည်၊ ဧတံ- ဤပြဿနာကို၊ အာစိက္ခေယျ- ပြောနိုင်ရာ၏။ ယံ တွံ- အကြင် သင်သည်၊ အတ္တဒ္ဓ- အကျိုးတရားကိုလည်းကောင်း၊ ဓမ္မဉ္စ- အကြောင်းတရားကို လည်းကောင်း၊ ကတ္တုံ- ပြုကျင့်ခြင်းငှာ၊ ကလ္လသိ- အလိုရှိ၏၊ တံ- ထိုပုဏ္ဏားကို၊ ဌပေတွာ- ထား၍၊ ဧတံ- ဤပြဿနာကို၊ အက္ခာတုံ- ဖြေကြားခြင်းငှာ၊ အညော- အခြားသူ သည်၊ န အရဟတိ- မထိုက်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ရာဇာ- ဓနဉ္စယကောရဗျမင်းသည်၊ တဿ- ထိုသုစိရတပုရောဟိတ်ပုဏ္ဏား၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ "ဗြာဟ္မဏ- ဆရာပုဏ္ဏား၊ တေနဟိ- ထိုသို့ဖြစ်လျှင်၊ ခိပ္ပံ- လျင်စွာ၊ တဿ- ထိုဝိဓူရ၏၊ သန္တိကံ- အထံသို့၊ ဂစ္ဆာဟိ- သွားချေလော၊" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) ပဏ္ဏာကာရံ- လက်ဆောင်ကို၊ ဒတွာ- ပေး၍၊ တံ- ထိုပုရောဟိတ် သုစိရတပုဏ္ဏားကို၊ ပေသေတုကာမော- စေခိုင်းခြင်းငှာ အလိုရှိသည်၊ ဟုတွာ- ၍၊ "ဧဟိ ခေါ ပတိစတာ ဂစ္ဆ (ပ) အတ္ထဓမ္မာ နုသိဋ္ဌိယာ"တိ- ဧဟိ ခေါ ပတိစတာ ဂစ္ဆ (ပ) အတ္ထဓမ္မာနုသိဋ္ဌိယာ- ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၁၄၃။ သုစိရတ- ဆရာသုစိရတ၊ ဧဟိ- လာလှည့်၊ ပဟိတော- စေအပ်သော သင်သည်၊ ဝိဓူရဿ- ဝိဓူရပညာရှိ၏၊ ဥပန္တိကံ- အထံသို့၊ ဂစ္ဆ- သွားချေ၊ သုဝဏ္ဏဿ- ရွှေ၏၊ ဣမံ နိက္ခဉ္စ- ဤနိက္ခတထောင် ကိုလည်း၊ ဟရံ ဟရန္တော- ဆောင်လျက်၊ ဂစ္ဆ- သွားချေ၊ အတ္ထဓမ္မာ နုသိဋ္ဌိယာ- အကျိုးအကြောင်းဖြင့် ဆုံးမစိမ့်သောငှာ၊ ဣမံ အဘိဟာရံ- ဤဆောင်သောရွှေနိက္ခ တစ်ထောင်ကို၊ ဒဇ္ဇ- ပေးပါလော။

တတ္ထ- ထိုဇဟိ ခေါ စသော ဂါထာ၌၊ ဥပန္တိကန္တိ- ဥပန္တိကံဟူသည်ကား၊ သန္တိကံ- အထံသို့၊ နိက္ခန္တိ- နိက္ခံဟူသည်ကား၊ ပဉ္စသုဝဏ္ဏော- ရွှေချိန်ငါးခုသည်၊ ဧကော- တစ်ခုသော၊ နိက္ခော- နိက္ခတည်း၊ ပန- ဆက်ဦးအံ့၊ အယံ- ဤမင်းသည်၊ ရတ္တသုဝဏ္ဏဿ- နီသောရွှေ၏၊ နိက္ခသဟဿံ- နိက္ခတစ်ထောင်ကို၊ ဒတွာ- ပေး၍၊ ဧဝံ- ဤသို့၊ အာဟ- ပြောပြီ၊ ဣမံ ဒဇ္ဇာတိ- ဣမံ ဒဇ္ဇာဟူသည်ကား၊ တေန- ထိုဝိဓုရပညာရှိသည်၊ ဣမဿ မဗ္ယာဂပဉှေ- ဤတရားနှင့်ယှဉ်သော ပြဿနာကို၊ ကထိတေ- ပြောကြားအပ်သည်ရှိသော်၊ တဿ- ထိုဝိဓုရပညာရှိအား၊ အတ္ထဓမ္မာ- နုသိဋ္ဌိယာ- အကျိုးအကြောင်းနှင့် စပ်သော တရားစကားကို ဆုံးမခြင်းကြောင့်၊ အဘိဟာရပူဇံ- ဆောင်ယူအပ်သော ဉာဏ်ပူဇော်မှုကို၊ ကရောန္တော- ပြုသည်ဖြစ်၍၊ ဣမံ နိက္ခသဟဿံ- ဤနိက္ခတစ်ထောင်ကို၊ ဒဒေယျာသိ- ပေးပါလော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ပန- ဆက်၍ ဆိုဦးအံ့၊ ဧဝဉ္စ- ဤသို့သော စကားကိုလည်း၊ ဝတွာ- ဆိုပြီး၍၊ ပဉှဝိဿဇ္ဇနဿ- ပြဿနာအဖြေကို၊ လိခနတ္ထာယ- ရေးခြင်း၏အကျိုးငှာ၊ သတသဟဿဂ္ဃနကံ- အဖိုးတစ်သိန်းထိုက်သော၊ သုဝဏ္ဏပဋ္ဋဉ္စ- ရွှေပြားကိုလည်းကောင်း၊ ဂမနတ္ထာယ- သွားခြင်း၏အကျိုးငှာ၊ ယာနဉ္စ- ယာဉ်ကိုလည်းကောင်း၊ ပရိဝါရတ္ထာယ- အခြံအရံ၏အကျိုးငှာ၊ ဗလကာယဉ္စ- ဗိုလ်ပါအပေါင်းကိုလည်းကောင်း၊ တဉ္စ ပဏ္ဏာကာရံ- ထိုလက်ဆောင်ပဏ္ဏာကိုလည်းကောင်း၊ ဒတွာ- ပေး၍၊ တခ်ဏညေဝ- ထိုခဏ၌ပင်၊ ဥယျောဇေသိ- လွှတ်လိုက်ပြီ၊ သော ပန- ထိုသုစိရတပုဏ္ဏားသည်ကား၊ ဣန္ဒပတ္ထနဂရာ- ဣန္ဒပတ္ထနဂိုရ်မြို့မှ၊ နိက္ခမိတွာ- ထွက်ခဲ့ပြီး၍၊ ဥဇုကမေဝ- ဖြောင့်ဖြောင့်သာလျှင်၊ ဗာရာဏသိံ- ဗာရာဏသီပြည်သို့၊ အဂန္ဒာ- မသွားမူ၍၊ ယတ္ထ ယတ္ထ- အကြင် အကြင်အရပ်၌၊ ပဏ္ဍိတာ- ပညာရှိတို့သည်၊ ဝသန္တိ- နေကုန်၏၊ သဗ္ဗာနိ- အလုံးစုံကုန်သော၊ တာနိ ဌာနာနိ- ထိုအရပ်တို့သို့၊ ဥပသင်္ကမိတွာ- ချဉ်းကပ်လေ၍၊ သကလဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌၊ ပဉှဿ- အမေးပြဿနာ၏၊ ဝိဿဇ္ဇေတာရံ- ဖြေရှင်းခြင်း၏ အကြောင်းကို၊ အလဘိတွာ- မရ၍၊ အနုပုဗ္ဗေန- အစဉ်သဖြင့်၊ ဗာရာဏသိံ- ဗာရာဏသီပြည်သို့၊ ပတွာ- ရောက်၍၊ ဧကသ္မိံ ဌာနေ- တစ်ခုသောအရပ်၌၊ နိဝါသံ- နေရာကို၊ ဂဟေတွာ- ယူ၍၊ ကတိပယေဟိ- နှစ်ယောက်သုံးယောက်ကုန်သော၊ ဇနေဟိ- လူတို့နှင့်၊ သဒ္ဓိံ- တကွ၊ ပါတရာသဘုဉ္ဇနဝေလာယ- နံနက်စာစားချိန်အခါ၌၊ ဝိဓုရဿ- ဝိဓုရ၏၊ နိဝေသနံ- အိမ်သို့၊ ဂန္ဒာ- သွား၍၊

အာဂတဘာဝံ- လာသည်၏အဖြစ်ကို၊ အာရောစာပေတွာ- ကြားစေ၍၊ တေန- ထိုဝိဓုရသည်၊ ပက္ကောသာပိတော- ခေါ်စေအပ်သော၊ (ပြာဟ္မဏော- သုစိရတပုဏ္ဏားသည်၊) သကေယရေ- မိမိအိမ်၌၊ ဘုဥ္ဇမာနံ- နံနက်စာစားနေသော၊ တံ- ထိုဝိဓုရကို၊ အဒ္ဒသ- မြင်လေပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ အာဝိကရောန္တော- ထင်စွာပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်၊ "သွာ'ဓိပ္ပါဂါ ဘာရဒ္ဒါဇော (ပ) အသမာနံ သကေယရေ"တိ- "သွာ'ဓိပ္ပါဂါ ဘာရဒ္ဒါဇော (ပ) အသမာနံ သကေယရေ"ဟူသော သတ္တမံ- ခုနစ်ခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဟောတော်မူပြီ။

၁၄၄။ ဘိက္ခဝေ- ရဟန်းတို့ ဘာရဒ္ဒါဇော- ဘာရဒ္ဒါဇအနွယ်ဖြစ်သော၊ သော- ထိုသုစီရတပုဏ္ဏားသည်၊ ဝိဓူရဿ- ဝိဓူရပညာရှိ၏၊ ဥပန္တိကံ- အထံသို့၊ အဓိပ္ပါဂါ- သွားလေ၏၊ မဟာပြဟ္မာ- မြတ်သောပုဏ္ဏားဖြစ်သော သုစီရတသည်၊ သကေ ယရေ- မိမိအိမ်၌၊ အသမာနံ- နံနက်စာစားသော၊ တံ- ထိုဝိဓူရကို အဒ္ဒသ- မြင်လေ၏။

တတ္ထ- ထိုသွာဓိပ္ပါဂါစသော ဂါထာ၌၊ **သွာဓိပ္ပါဂါ**တိ- သွာဓိပ္ပါဂါဟူသည်ကား၊ ဘာရဒ္ဒါဇဂေါတ္တော- ဘာရဒ္ဒါဇအနွယ်၌ဖြစ်သော၊ သော သုစိရတော- ထိုသုစိရတသည်၊ အဓိပ္ပါဂါ- သွားခဲ့ပြီ၊* ဂတော- သွားခဲ့ပြီ၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း၊ မဟာပြဟ္မာတိ- မဟာပြဟ္မာဟူသည်ကား၊ မဟာပြာဟ္မဏော- မြတ်သောပုဏ္ဏားဖြစ်သော၊ အသမာနန္တိ- အသမာနံဟူသည်ကား၊ ဘုဥ္ဇမာနံ- နံနက်စာစားနေစဉ်။

သော ပန- ထိုဝိဓုရသည်ကား၊ တဿ- ထိုသုစိရတပုဏ္ဏား၏၊ ဗာလသဟာယကော- ငယ်အခါမှ ပေါင်းဖော်ခဲ့သော အဆွေခင်ပွန်းသည်၊ (ဟုတွာ- ဖြစ်၍၊) ကောစရိယကုလေ- တစ်ဆရာတည်းအမျိုး၌၊ ဥဂ္ဂဟိတသိပ္ပေါ- သင်အပ် ပြီးသော အတတ်ရှိ၏၊ တသ္မာ- ထို့ကြောင့်၊ တေန- ထိုသုစိရတပုဏ္ဏားနှင့်၊ သဒ္ဓိံ- အတူတကွ၊ ဧကတော- တပေါင်းတည်း၊ ဘုဥ္ဇိတွာ- စား၍၊ ဘတ္တကိစ္စ ပရိယောသာနေ- ထမင်းစားခြင်းကိစ္စ၏ အဆုံး၌၊ သုခနိသိန္နော- ချမ်းသာစွာ နေလျက်၊ "သမ္မ- အဆွေ သုစိရတ၊ ကိမတ္ထံ- အဘယ်အကျိုးငှာ၊ အာဂတော- လာသည်၊ အသိ- ဖြစ်ခဲ့သနည်း၊" က္ကတိ- ဤသို့၊ ပုစ္ဆော- မေးအပ်လတ်သော်၊ အာဂမနကာရဏံ- မိမိလာခြင်း၏

---

* အဓိပ္ပါဂါ= အဓိ+ပြ+အဂါ၊ ပြ-ကို ပ္ပ-ပြု- အ-ကို အာ-ပြု အဓိပ္ပါဂါပြီး၏၊ အဂါ= ဂမ်-ဓာတ်-အဇ္ဇတနီ တ်-ဗျည်းဝိဘတ်ဆက်- ဓာတ်၏အဆုံး ဗျည်းချေ၊ ရှေ့သရ ဒီဃပြု- အဂါတ်-ဟု သက္ကတရုပ်ဖြစ်- ပါဠိ၌ ဗျည်းဆုံးကို ချေထားသည်။

အကြောင်းကို၊ အာစိက္ခန္တော- (ဝိဓုရအား) ပြောလို သည်ဖြစ်၍၊ "ရညောဟံ ဂဟိတော ဒူတော (ပ) ဝိဓုရ'က္ခာဟိ ပုစ္ဆိတော"တိ- "ရညောဟံ ဂဟိတော ဒူတော (ပ) ဝိဓုရ'က္ခာဟိ ပုစ္ဆိတော"ဟူသော၊ အဍ္ဍမံ- ရှစ်ခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၁၄၅။ သမ္မ- အဆွေဝိဓုရ- အဟံ- ငါသည်၊ ကောရဗျဿ- ကောရဗျ အမည်ရှိသော၊ ယသဿိနော- များသောအခြံအရံရှိသော၊ ရညော- ငါတို့ အရှင်မင်းသည်၊ ပဟိတော- စေတော်မူအပ်သော၊ ဒူတော- တမန်တည်း၊ ယုဓိဋ္ဌိလော- ယုဓိဋ္ဌိလအနွယ်ဖြစ်သော ဓနဥ္စယကောရဗျမင်းသည်၊ အတ္ထဥ္စ- အကျိုးကိုလည်းကောင်း၊ ဓမ္မဥ္စ- အကြောင်းကိုလည်းကောင်း၊ ပုစ္ဆေသိ- မေးချေလော၊ ဣတိ- ဤသို့၊ အဗြဝိ- ဆို၏၊ [ဝိဓုရ(ဝိဓူရ)]- ဝိဓူရပညာရှိ၊ ပုစ္ဆိတော- မေးအပ်သော၊ တွံ- သင်သည်၊ တံအတ္ထဥ္စ- ထိုအကျိုးကို လည်းကောင်း၊ တံဓမ္မဥ္စ- ထိုအကြောင်းကိုလည်းကောင်း၊ မေ- ငါအား၊ အက္ခာဟိ- ကြားပါလော။

တတ္ထ- ထိုရညောဟံစသော ဂါထာ၌၊ **ရညောဟန္တိ**- ရညောဟံဟူသည်ကား၊ အဟံ- ငါသည်၊ ကောရဗျဿ- ကောရဗျအမည်ရှိသော၊ ယသဿိနော- များသော အခြံအရံရှိသော၊ ရညော- မင်း၏၊ ဒူတော- တမန်တည်း၊ ပဟိတောတိ- ပဟိတော ဟူသည်ကား၊ တေန- ထိုကောရဗျမင်းသည်၊ ပေသိတော- စေခိုင်းအပ်သည်ဖြစ်၍၊ ဣဓ- ဤအရပ်သို့၊ အာဂမိံ- ရောက်လာပါ၏၊ **ပုစ္ဆေသီ**တိ- ပုစ္ဆေသိဟူသည်ကား၊ ယုဓိဋ္ဌိလဂေါတ္တော- ယုဓိဋ္ဌိလအနွယ်၌ဖြစ်သော၊ သော ဓနဉ္စယရာဇာ- ထိုဓနဥ္စယမင်း သည်၊ မံ- ငါ့ကို၊ ဓမ္မယာဂပဉ္ဟံ နာမ- တရားနှင့်ယှဉ်သော ပြဿနာမည်သည်ကို၊ ပုစ္ဆိ- မေးခဲ့ပြီ၊ အဟံ- ငါသည်၊ ကထေတုံ- ပြောကြားခြင်းငှာ၊ အသက္ကောန္တော- မစွမ်းနိုင်သည်ဖြစ်၍၊ တွံ- သင်ဝိဓုရသည်၊ သက္ခိဿသိ- စွမ်းနိုင်လတ့်၊ ဣတိ- ဤသို့၊ ဥတ္တာ- သိ၍၊ တဿ- ထိုမင်းအား၊ အာရောစေသိံ- ပြောကြားခဲ့ပြီ၊ သော စ- ထိုမင်းသည်လည်း၊ ပဏ္ဏာကာရံ- လက်ဆောင်ကို၊ ဒတွာ- ပေး၍၊ ပဉှပုစ္ဆနတ္ထာယ- ပြဿနာမေးမြန်းခြင်းအကျိုးငှာ၊ မံ- ငါ့ကို၊ တဝ- သင်၏၊ သန္တိကံ- အထံသို့ ပေသေန္တော- စေလိုသည်ဖြစ်၍၊ ဝိဓုရဿ- ဝိဓုရ၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ ဣမဿ ပဉှဿ- ဤပြဿနာ၏၊ အတ္ထဥ္စ- အကျိုးကို လည်းကောင်း၊ ပါဠိဓမ္မဥ္စ- အကြောင်းကို လည်းကောင်း၊ ပုစ္ဆေယျာသိ- မေးလော၊ ဣတိ- ဤသို့၊ အဗြဝိ- ပြောခဲ့ပြီ၊ တံ တွံ- ထိုဝိဓုရပညာရှိသည်၊ ဣဒါနိ- ယခုအခါ၌၊ မယာ- ငါသည်၊ ပုစ္ဆိတော- မေးအပ်သည် ဖြစ်၍၊ အက္ခာဟိ- ပြောပါလော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တဒါပန- ထိုအခါ၌ကား၊ သော ပြဟ္မဏော- ထိုဝိဓုရပုဏ္ဏားသည်၊ "မဟာဇနဿ- လူများ၏၊ စိတ္တံ- စိတ်ကို၊ ဂဏှိဿာမိ- ယူအံ့၊" ဣတိ- ဤသို့၊ (စိန္တေတွာ- ကြံ၍၊) ဂင်္ဂ- ဂင်္ဂါမြစ်ကို၊ ပိဒဟန္တောဝိယ- ပိတ်သကဲ့သို့ ဝိနိစ္ဆယံ- အဆုံး အဖြတ်ကို၊ ဝိစာရေတိ- စီရင်၏၊ တဿ- ထိုဝိဓုရပုဏ္ဏား၏၊ ပဉှဝိဿဇ္ဇနေ- အမေးကိုဖြေခြင်း၌၊ ဩကာသော- အခွင့်သည်၊ နတ္ထိ- မရှိ၊ သော- ထိုဝိဓုရပုဏ္ဏားသည်၊ တမတ္ထံ- ထိုအကြောင်းကို၊ အာစိက္ခန္တော- (သုစိရတပုဏ္ဏားအား) ပြောကြားလိုသည်ဖြစ်၍၊ "ဂင်္ဂ မေ ပိဒဟိဿန္တိ (ပ) အတ္ထံ ဓမ္မဉ္စ ပုစ္ဆိတော"တိ- "ဂင်္ဂ မေ ပိဒဟိဿန္တိ (ပ) အတ္ထံ ဓမ္မဉ္စ ပုစ္ဆိတော" ဟူသော၊ နဝမံ- ကိုးခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၁၄၆။ ဗြာဟ္မဏ- သုစိရတပုဏ္ဏား၊ ဂင်္ဂ- လူအပေါင်း၏ အထူးထူးသော
စိတ်အလိုဟု ဆိုအပ်သော မြစ်ကြီးကို၊ ပိဒဟိဿံ- ငါပိတ်အံ့၊ ဣတိ- ဤသို့၊
မေ- ငါ၏၊ ဗျာပါရော- ကြောင့်ကြသည်၊ ဥပ္ပန္နော- ဖြစ်၏၊ တံမဟာသိန္ဓုံ-
ထိုလူအပေါင်း၏ အထူးထူးသော စိတ်အလိုဟု ဆိုအပ်သော မြစ်ကြီးကို၊
အပိဓေတုံ- ပိတ်ခြင်းငှာ၊ နသက္ကောမိ- ငါမတတ်နိုင်၊ ယသ္မာ- အကြင်
ကြောင့်၊ အတ္ထဉ္စ- အနက်ကိုလည်းကောင်း၊ ဓမ္မဉ္စ- ပါဠိကိုလည်းကောင်း၊
တေ- သင်သည်၊ ပုစ္ဆိတော- မေးအပ်သော ငါသည်၊ အက္ခာတုံ- ဖြေဆိုခြင်းငှာ၊
နသက္ကောမိ- မတတ်နိုင်၊ တံ တသ္မာ- ထိုကြောင့်၊ သော ဩကာသော-
ထိုဖြေအံ့သော အခွင့်သည်၊ ကထံ- အသို့လျှင်၊ ဘဝိဿတိ- ဖြစ်လတ္တံ့နည်း။

၁၉၃။ ယသ္မာစ- အကြင်ကြောင့်ကား၊ ဝါရိ- ရေသည်၊ ဂမ္ဘီရံ- အတောင် ခြောက်ဆယ်နက်၏၊ တသ္မာ- ထိုကြောင့်၊ သမံ- မြေညီရာသို့၊ နပဋ္ဌိသံ- မသွားနိုင်၊ တတ္ထ- ထိုအရပ်၌၊ နိရာနန္ဒော- နှလုံးနှစ်သက်ခြင်း ကင်းသည် ဖြစ်၍၊ အနူနာ- မယုတ်ကုန်သော၊ ဒသရတ္တိယော- ဆယ်ညဥ့်တို့ပတ်လုံး၊ အဟံ- အကျွန်ုပ်သည်၊ [သေသိံ(သေသိ)]- အိပ်ရပြီ။

၁၉၄။ မဟာရာဇ- မင်းကြီး၊ အထ- ထိုနောင်မှ၊ ဂေါနင်္ဂုဋ္ဌော- နွားတို့၏ အမြီးနှင့် တူသော အမြီးရှိသော၊ ဒရီစရော- ချောက်ကမ်းပါးပြတ်၌ ကျက်စားသော၊ ကပိ- မျောက်မင်းသည်၊ သာခါဟိ- သစ်ခက်တို့မှ၊ သာခံ- သစ်ခက်သို့၊ ဝိစရန္တော- သွားလျက်၊ ဒုမပ္ဖလံ- သစ်သီးကို၊ ခါဒမာနော- စားသည်ဖြစ်၍၊ ဧတ္ထ- ဤအရပ်သို့၊ [အာဂစ္ဆိ(အာဂစ္ဆိ)]- ရောက်လာ၏။

၁၉၅။ မဟာရာဇ- မြတ်သောမင်းကြီး၊ သောကပိရာဇာ- ထိုမျောက်မင်းသည်၊ ကိသံ- ကြုံသော၊ ပဏ္ဍုံ- ဖြော့တော့သော ကိုယ်ရှိသော၊ မံ- အကျွန်ုပ်ကို၊ ဒိသွာ- မြင်၍၊ မယိ- အကျွန်ုပ်၌၊ ကာရုညံ- သနားခြင်းကို၊ အကရံ- ပြုပေ၏၊ မဟာရာဇ- မြတ်သောမင်းကြီး၊ သောကပိရာဇာ- ထိုမျောက်မင်းသည်၊ မံ- အကျွန်ုပ်ကို၊ အမ္ဘော- အိုလူ၊ တွံ- သင်ကား၊ ကောနာမ- အဘယ်မည်သော သူသည်၊ အသိ- ဖြစ်သနည်း၊ ဧတ္ထ- ဤအရပ်၌၊ ဧဝံ- ဤသို့၊ ဒုက္ခေန- ဆင်းရဲဖြင့်၊ အဋ္ဌိတော- နှိပ်စက်အပ်၏။

၁၉၆။ မနုဿောဝါ- လူလော၊ အမနုဿောဝါ- ဘီလူးလော၊ အတ္တာနံ- မိမိကိုယ်ကို၊ မေ- ငါအား၊ ပဝေဒယ- ကြားလော၊ ဣတိ- ဤသို့၊ ပုစ္ဆိ- မေး၏၊ တဿ- ထိုမျောက်မင်းအား၊ အဉ္ဇလိံ- လက်ဆယ်ချောင်းကို၊ ပဏာမေတွာ- ညွတ်၍၊ ဣဒံဝစနံ- ဤစကားကို၊ အဗြဝိံ- ဆိုပြီ။

၁၉၇။ ဝါနရိန္ဒ- မျောက်မင်း၊ အဟံ- အကျွန်ုပ်ကား၊ မနုဿော- လူတည်း၊ [ဗျယံ(ဝယံ)]- ပျက်စီးခြင်းသို့၊ ပတ္တော- ရောက်၏၊ ဣတော- ဤအရပ်မှ၊ အညာ- တစ်ပါးသော၊ သာဂတိ- ထိုသွားစရာသည်၊ မေ- ငါအား၊ နတ္ထိ-

မရှိ တံတသ္မာ- ထိုကြောင့်၊ တေ- သင်မျောက်မင်းကို၊ အဟံ- အကျွန်ုပ်သည်၊ ဝဒါမိ- ဆို၏၊ ဝေါ- အရှင်မျောက်မင်းတို့အား၊ ဘဒ္ဒံ- ကောင်းခြင်းသည်၊ ဟောတု- ဖြစ်စေသတည်း၊ တွဉ္စ- သင်မျောက်မင်းသည်သာလျှင်၊ မေမမ- အကျွန်ုပ်၏၊ သရဏံ- ကိုးကွယ်ရာသည်၊ ဘဝ- ဖြစ်ပါလော၊ ဣတိ- ဤသို့၊ အဟံ- အကျွန်ုပ်သည်၊ ဝဒါမိ- ဆို၏။

၁၉၈။ မဟာရာဇ- မြတ်သောမင်းကြီး၊ ကပိ- မျောက်မင်းသည်၊ ပဗ္ဗတေ- တောင်၌၊ [ဝိစရိ(ဝိစရိတွာ)]- သွား၍၊ ဂရုံ- လေးစွာသော၊ သိလံ- ကျောက်ကို၊ ဂဟေတွာန- ယူ၍၊ သိလာယ- ကျောက်ဖြင့်၊ [ယောဂ္ဂ(ယောဂံ)]- ယှဉ်ခြင်းကို၊ ကတွာန- ပြုဦး၍၊ နိသဘော- ယောကျ်ားမြတ်ဖြစ်သော မျောက်မင်းသည်၊ ဇတံ- ဤသို့သော စကားကို၊ အဗြဝိ- ဆို၏။

၁၉၉။ ဘောပုရိသ- အိုယောကျ်ား၊ ဇဟိ- လာလှည့်၊ မေ- ငါ၏၊ ပိဋ္ဌိ- ကျောက်ကုန်း၌၊ အာရုယှ- စီး၍၊ ဂီဝံ- လည်ကို၊ [ဗဟုဟိ(ဗဟာဟိ)]- လက်နှစ်ဘက်တို့ဖြင့်၊ ဂဏှာဟိ- ဘက်လော၊ အဟံ- ငါသည်၊ တံ- သင့်ကို၊ ဂိရိဒုဂ္ဂတော- တောင်ကမ်းပါးပြတ်မှ၊ ဝေဂသာ- အဟုန်ဖြင့်၊ ဥဒ္ဓရိဿာမိ- ထုတ်ဆောင်အံ့၊ ဣတိ- ဤသို့၊ အဗြဝိ- ဆို၏။

၂၀၀။ မဟာရာဇ- မြတ်သောမင်းကြီး၊ အဟံ- အကျွန်ုပ်သည်၊ တဿ- ထိုမျောက်မင်း၏၊ တံဝစနံ- ထိုစကားကို၊ သုတွာ- ကြား၍၊ သိရီမတော- ဘုန်းကျက်သရေရှိသော၊ ဓီရဿ- ပညာနှင့်ပြည့်စုံသော၊ ဝါနရိန္ဒဿ- မျောက်မင်း၏၊ ပိဋ္ဌိ- ကျောက်ကုန်း၌၊ အာရုယှ- စီး၍၊ [ဗဟုဟိ (ဗဟာဟိ)]- လက်နှစ်ဘက်တို့ဖြင့်၊ ဂီဝံ- လည်ကို၊ အဂ္ဂဟိံ- ဘက်၏။

၂၀၁။ မဟာရာဇ- မြတ်သောမင်းကြီး၊ တေဇသီ- တန်ခိုးရှိသော၊ ဗလဝါ- ခွန်အားကြီးသော၊ သောကပိ- ထိုမျောက်မင်းသည်၊ ဝိဟညမာနော- ပင်ပန်းလျက်၊ ကိစ္ဆေန- ငြိုငြင်သဖြင့်၊ မံ- အကျွန်ုပ်ကို၊ တတော ဂိရိဒုဂ္ဂတော- ထိုတောင်ကမ်းပါးပြတ်မှ၊ ဝေဂသာ- အဟုန်ဖြင့်၊ သမုဒ္ဓာသိ- ကယ်တင်ပေ၏။

၂၀၂။ မဟာရာဇ- မြတ်သော မင်းကြီး၊ မံ- အကျွန်ုပ်ကို၊ ဥဒ္ဓရိတွာန- ကယ်တင်ပြီး၍၊ သန္တော- ပညာရှိသော၊ နိသဘော- ယောကျ်ားမြတ်ဖြစ်သော မျောက်မင်းသည်၊ ဇတံ- ဤသို့သော စကားကို၊ အဗြဝိ- ဆို၏၊ သမ္မ- အချင်း၊ ဣင်္ဃ- ငါတိုက်တွန်း၏၊ မံ- ငါကို၊ ရက္ခဿု- သင်စောင့်လော၊ မုဟုတ္တကံ- တခဏမျှ၊ ပသုပိဿံ- ငါအိပ်အံ့။

၂၀၃။ သီဟာစ- ခြင်္သေ့တို့သည်လည်းကောင်း၊ ဗျဂ္ဃါစ- ကျားတို့သည်လည်းကောင်း၊ ဒီပိစ- သစ်တို့သည်လည်းကောင်း၊ အစ္ဆကောကတရစ္ဆယောစ- ဝံသစ်ကြုပ်ကျားသစ်တို့သည်လည်းကောင်း၊ သန္တိ- ရှိကုန် ၏၊ တေ- ထိုသားရဲတို့သည်၊ ပမတ္တံ- မေ့လျော့သော၊ မံ- ငါကို၊ ဟိံသေယျုံ- ညှဉ်းဆဲကုန်ရာ၏၊ တေ- ထိုသားရဲတို့ကို၊ တွံ- သင်သည်၊ ဒိသွာ- မြင်၍၊ နိဝါရယ- မြစ်လော။

၂၀၄။ မဟာရာဇ- မြတ်သောမင်းကြီး၊ ဧဝံ- ဤသို့၊ သော- ထိုမျောက်မင်းသည်၊ မေ- အကျွန်ုပ်ကို၊ [ပရိတ္တာတုန (ပရိတ္တာတုန)]- မိမိ၏ အစောင့်အရှောက်ကို ပြု၍၊ မုဟုတ္တကံ- တခဏမျှ၊ [ပသုပီ(ပသုပိ)]- အိပ်၏၊ တဒါ- ထိုသို့ မျောက်မင်းအိပ်သောအခါ၌၊ ယောအဟံ- အကြင် အကျွန်ုပ်သည်၊ အယောနိသော- မသင့်သော နှလုံးသွင်းခြင်းဖြင့်၊ ပါပိကံ- ယုတ်မာသော၊ ဒိဋ္ဌိံ- အယူကို၊ ပဋိလစ္ဆိံ- ရ၏။

၂၀၅။ ဝနေ- တော၌၊ အညေ- တစ်ပါးကုန်သော၊ မိဂါ- သားတို့သည်၊ မနုဿာနံ- လူတို့၏၊ ဘက္ခာ- အစာတို့သည်၊ ဟောန္တိယထာ- ဖြစ်ကုန်သကဲ့သို့၊ တထာ- ထိုအတူ၊ အယံ- ဤမျောက်မင်းသည်၊ ဘက္ခော- စားအပ်သည်နှင့် ယှဉ်၏၊ အဟံ- ငါသည်၊ ဆာတော- ဆာမွတ်၏၊ ယ္ကန္ဒံဝါနရံ- ဤမျောက်မင်းကို၊ ဝဓိတွာန- သတ်၍၊ ယံနူန- အကယ်၍၊ ခါဒေယျ- စားအံ့။

၂၀၆။ မဟာရာဇာ- မြတ်သောမင်းကြီး၊ အသိတောစ- ကောင်းစွာဝသည်ဖြစ်၍သာလျှင်၊ သမ္ဗလံ- ရိက္ခာဖြစ်သော၊ မံသံ- မျောက်သားကို၊ အာဒါယ- ယူ၍၊ ဂမိဿာမိ- သွားပါအံ့၊ ကန္တာရံ- ခရီးခဲမှ၊ [နိတ္ထရိဿာမိ (နိဒ္ဓရိဿာမိ)]- ထွက်အံ့၊ မေ- ငါအား၊ ပါထေယျံ- ရိက္ခာသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဣတိ- ဤသို့ကြံမိ၏။

၂၀၇။ မဟာရာဇာ- မြတ်သောမင်းကြီး၊ တတော- ထိုသို့ကြံပြီးသော နောက်မှ၊ သိလံ- ကျောက်ကို၊ ဂဟေတွာန- ယူ၍၊ မတ္ထကံ- ဦးခေါင်းကို၊ [သန္နိတာဠယိံ (သန္နိတာလယိ)]- ထု၏၊ ဂတ္တာကိလန္တဿ- ပင်ပန်းသော ကိုယ်ရှိသော၊ မမ- အကျွန်ုပ်၏၊ ပဟာရော- ထုခြင်းသည်၊ ဒုဗ္ဗလော- အားနည်းသည်၊ အဟု- ဖြစ်၏။

၂၀၈။ မဟာရာဇ- မြတ်သောမင်းကြီး၊ သောစကပိ- ထိုမျောက်မင်းသည်လည်း၊ ဝေဂေန- လျင်မြန်စွာ၊ ဥဒပ္ပတ္တော- ထသည်ဖြစ်၍၊ ရုဟိရမက္ခိတော- သွေးဖြင့်

လိမ်းကျံလျက်၊ အဿုပဏ္ဏေဟိ- မျက်ရည်တို့ဖြင့် ပြည့်ကုန်သော၊ နေတ္တေဟိ- မျက်စိတို့ဖြင့်၊ ရောဒန္တော- ငိုလျက်၊ မံ- အကျွန်ုပ်ကို၊ ဥဒိက္ခတိ- ကြည့်၏။

၂၀၉။ အယျော- အရှင်၊ တေ- သင်အား၊ ဘဒ္ဒံ- ကောင်းခြင်းသည်၊ အတ္ထု- ဖြစ်စေလော၊ မံ- ငါကို၊ ဧဝံ- ဤသို့၊ မကရိ- မပြုသင့်၊ တွဥ္စနာမ- ငါသည် ချောက်ကမ်းပါးပြတ်မှ ဆယ်တင်အပ်သော သင်ကဲ့သို့သော သူသည်လည်း၊ ဧဒိသံ- ဤသို့သဘောရှိသော ကြမ်းကြုတ်စွာသော အမှုကို၊ ကရိ- ပြုဘိ၏၊ ဒီဃာဝု- အသက်ရှည်သော အရှင်၊ တွဥ္စနာမ- သင်သို့သော သူမည်သည်ကား၊ အညေ- တစ်ပါးသော ရန်သူတို့ကို၊ ခေါ- စင်စစ်သဖြင့်၊ ဝါရေတုံ- တားမြစ်ခြင်းငှာ၊ အရဟသိ- ထိုက်သေ၏။

၂၁၀။ ဒုက္ကရကာရက- အလွန်မကောင်းစွာသောအမှုကိုပြုတတ်သော၊ ရေပုရိသ- အိုယောက်ျား၊ အဟောဝတ- ဩော်အံ့ဖွယ်ရှိသော၊ ဧဒိသာ- ဤသို့သဘောရှိသော၊ ဝိသမာ- မညီမညွတ်သော၊ ဒုဂ္ဂါ- တက်နိုင်ခဲသော၊ ပပါတာ- ကမ်းပါးပြတ်မှ၊ မယာ- ငါသည်၊ ဥဒ္ဓတော- ထုတ်ဆယ်အပ်၏။

၂၁၁။ ဘောပုရိသ- ထိုယောက်ျား၊ တံ- သင်ကို၊ ပရလောကာ- တမလွန်ဘဝမှ၊ အာနိတောဣဝ- ဆောင်အပ်သကဲ့သို့ မယာ- ငါသည်၊ အာနိတော- ဆောင်အပ်လျက်၊ ပါပေန- ယုတ်မာစွာသော သင်သည်၊ တံပါပံ- ထိုမကောင်းသော အကြံကို၊ စိန္တိတံ- ကြံဘိ၏၊ တေန- ထိုသို့သဘောရှိသော၊ ပါပဓမ္မေန- ယုတ်မာသော သဘောဖြင့်၊ မံ- ငါကို၊ ဒုဗ္ဘေယျံ- ပြစ်မှားအပ်၏ဟူ၍၊ အမညထ- အောက်မေ့ဘိ၏။

၂၁၂။ အဓမ္မဋ္ဌ- အကျင့်မဟုတ်သည်၌ တည်သော သူ၊ ဧဝံသန္တေပိ- ဤသို့ ကျင့်မိသော်လည်း၊ ကဋုကံ- ဆင်းရဲစွာသော၊ ဝေဒနံ- ဝေဒနာကို၊ အဟံ- ငါသည်၊ ဖုသ- တွေ့ရ၏၊ ဧဒိသံ- ဤသို့သဘောရှိသော၊ ကဋုကံ- ဆင်းရဲစွာသော၊ ဝေဒနံ- ဝေဒနာကို၊ တွံ- သင်သည်၊ မာဖုသ- မတွေ့စေလင့်၊ ဖလံ- ဝါးသီးသည်၊ ဝေဠုံ- ဝါးပင်ကို၊ ဝဓိဣဝ- သတ် သကဲ့သို့၊ တံပါပကမ္မံ- ထိုမကောင်းမှုသည်၊ တံဧဝ- သင့်ကိုကိုသာလျှင်၊ မာဝဓိ- မသတ်စေလင့်။

၂၁၃။ ပါပဓမ္မ- ယုတ်မာသော သဘောရှိသောသူ၊ အသညတ- ကိုယ်နှုတ် နှလုံးသုံးပါးကို မစောင့်သောသူ၊ တယိ- သင်၌၊ မေ- ငါအား၊ ဝိဿာသော အကျွမ်းဝင်ခြင်းသည်၊ နတ္ထိ- မရှိ၊ ဧဟိ- လာလှည့်၊ မေ- ငါ၏၊ သန္တိကေ- အနီး၌၊ ဒိဿမာနောဝ- ထင်သောကိုယ် ရှိသည်ဖြစ်၍ သာလျှင်၊ မေ- ငါ၏၊ ပိဋ္ဌိတော- နောက်က၊ ဂစ္ဆ- လိုက်လော။

၂၁၄။ အဓမ္မဋ္ဌ- တရားမဟုတ်သည်၌ တည်သောသူ၊ ဝါဠာနံ- သားရဲတို့၏၊ ဟတ္ထာ- လက်မှ၊ မုတ္တော- လွတ်သည်၊ အသိ- ဖြစ်၏၊ မာနုသိံ- လူတို့၏ အနီးဖြစ်သော၊ ပဒံ- အရပ်သို့၊ ပတ္တော- ရောက်သည်၊ အသိ- ဖြစ်၏၊ ဧသဧသော- ဤခရီးသည်ကား၊ တေ- သင်၏၊ မဂ္ဂေါ- သွားရာ ခရီးတည်း၊ တေန- ထိုခရီးဖြင့်၊ ယထာသုခံ- အလိုရှိတိုင်း၊ ဂစ္ဆ- သင်သွားလော။

၂၁၅။ မဟာရာဇာ- မြတ်သောမင်းကြီး၊ ဣဒံ- ဤသို့သော စကားကို၊ ဝတွာ- ဆိုပြီး၍၊ ဂိရိစရော- တောင်၌ကျက်စားသော မျောက်မင်းသည်၊ [ရဟာဒေ (ရှုဟိရံ)]- သွေးအလိမ်းလိမ်း ကပ်သော၊* မတ္ထကံ- ဦးခေါင်းကို၊ ပက္ခာလျ- ဆေး၍၊ အဿူနိ- မျက်ရည်တို့ကို၊ သမ္မဇ္ဇိတွာ- သုတ်၍၊ တတော- ထိုအရပ်မှ၊ နိဝတ္တေတွာ- ပြန်လည်၍၊ ပဗ္ဗတံ- တောင်သို့၊ အာရုဟိ- တက်လေ၏။

၂၁၆။ မဟာရာဇာ- မြတ်သောမင်းကြီး၊ သောအဟံ- ထိုအကျွန်ုပ်ကို၊ တေန- ထိုမျောက်မင်းသည်၊ ဣဒံ- ဤစကားကို၊ [အဘိသတ္တော (အဘိသပတ္တော)]- ကျိန်ဆဲအပ်သည်၊ အသ္မိ- ဖြစ်၏၊ တသ္မာ- ထိုကြောင့်၊ ပရိဠာဟေန- ပူပန်သော၊ ဥယှမာနေန- ဆင်းရဲဝေဒနာ ဟူသောမီးဖြင့်လောင်သော၊ ဂတ္တေန- ကိုယ်ဖြင့်၊ အဋ္ဋိတော- နှိပ်စက်အပ်သည်ဖြစ်၍၊ အဟံ- အကျွန်ုပ်သည်၊ ဝါရိံ- ရေကို၊ ပါတုံ- သောက်အံ့သောငှာ၊ ဥပါဂမိ- တစ်ခုသော ရေအိုင်သို့ကပ်၏။

၂၁၇။ မဟာရာဇာ- မြတ်သော မင်းကြီး၊ မေ- အကျွန်ုပ်၏၊ ရုဟိရမက္ခိတော- သွေးဖြင့် လိမ်းကျံအပ်သော၊ သဗ္ဗော- အလုံးစုံသော၊ ရဟာဒေါ- ရေအိုင်သည်၊ အဂ္ဂိနာ- မီးဖြင့်၊ သန္တတ္တောဝိယ- လောင်သကဲ့ သို့ ပုဗ္ဗလောဟိတ [သင်္ကာသော (သံကာသော)]- သွေးပြည်နှင့် တူသည်၊ သမပဇ္ဇထ- ဖြစ်လေ၏။

၂၁၈။ မဟာရာဇာ- မြတ်သောမင်းကြီး၊ ယာဝန္တော- အကြင်မျှလောက်ကုန်သော၊ [ဥဒဗိန္ဒူနိ(ဥဒကဗိန္ဒူနိ)]- ရေပေါက်တို့သည်၊ မေ- အကျွန်ုပ်၏၊ ကာယသ္မိံ- ကိုယ်၌၊ နိပတိံသု- ကျကုန်၏၊ တာဝန္တော- ထိုရေပေါက်နှင့်အမျှ ဖြစ်ကုန်သော၊ [အဒ္ဓ(အမ္ဗ)]ဗေလုဝသာဒိသာ- ထက်ဝက်သော ဥသျှစ်သီး အတိုင်းအရှည်ရှိကုန်သော၊ ဂဏ္ဍာ- အိုင်းအမာတို့သည်၊ ဇာယေထ- ဖြစ်ကုန်၏။

* ရဟာဒေ-ဟုပါ၌ရှိလျှင် ရေအိုင်၌ဟုအနက်ပေး။

၂၁၉။ မဟာရာဇ- မြတ်သောမင်းကြီး၊ တေဂဏ္ဍာ- ထိုအိုင်အမာတို့သည်၊ ပဘိန္နာ- ကွဲကုန်သည်ဖြစ်၍၊ ကုဏပါ- ပုပ်သောအနံ့ ရှိကုန်လျက်၊ ပုဗ္ဗလောဟိတာ- သွေးပြည်တို့သည်၊ ပဃ္ဃရိံသု- ယိုစီးကုန်၏၊ ယေနယေနေဝ- အကြင်အကြင် ခရီးဖြင့်သာလျှင်၊ အဟံ- အကျွန်ုပ်သည်၊ ဂစ္ဆာမိ- သွားခဲ့၏၊ တတ္ထတတ္ထ- ထိုထိုခရီး၌၊ ဂါမေသုစ- ရွာတို့၌ လည်းကောင်း၊ နိဂမေသုစ- နိဂုံးတို့၌လည်းကောင်း။

၂၂၀။ ဣတ္ထိယောစ- မိန်းမတို့သည်လည်းကောင်း၊ ပုရိသာစ- ယောကျ်ားတို့သည်လည်းကောင်း၊ ဒဏ္ဍဟတ္ထာ- တုတ်လှံတံလက်စွဲကုန်လျက်၊ ပူတိဂန္ဓေန- ပုပ်သော အနံ့ဖြင့်၊ [ဩကိတ္တာ(ဩကိဏ္ဏာ)]- ခြံရံအပ်သောကြောင့်၊ ဒုဋ္ဌသတ္တ- မကောင်းစွာသော သတ္တဝါ၊ ဩရေန- ငါတို့အနီးသို့၊ အာဂမာ- လာသည်၊ မာအဿု- မဖြစ်လင့်၊ ဧဝံ- ဤသို့၊ ဝဒန္တာ- ဆိုကုန်လျက်၊ မံ- အကျွန်ုပ်ကို၊ နိဝါရေန္တိ- တားမြစ်ကုန်၏။

၂၂၁။ မဟာရာဇ- မြတ်သောမင်းကြီး၊ မေ- အကျွန်ုပ်အား၊ ဧတာဒိသံ- ဤသို့သဘောရှိသော၊ ဣဒံဒုက္ခံ- ဤဆင်းရဲသည်၊ ဣဒါနိ- ယခုအခါ၌၊ သတ္တဝဿာနိ- ခုနှစ်နှစ်တို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ ပုဗ္ဗေ- ရှေး၌၊ အတ္တနော- မိမိ၏၊ ဒုက္ကဋံ- မကောင်းသောအမှုဖြင့်ပြုအပ်သော၊ သကံ- မိမိဥစ္စာဖြစ်သော၊ ကမ္မံ- ကံကို၊ အဟံ- အကျွန်ုပ်သည်၊ အနုဘောမိ- ခံစားရချေ၏။

၂၂၂။ မဟာရာဇ- မြတ်သောမင်းကြီး၊ တံတသ္မာ- ထိုကြောင့်၊ ဝေါ- အရှင်မင်းကြီးအား၊ အဟံ- အကျွန်ုပ်သည်၊ ဝဒါမိ- တင်လျှောက်ပါ၏၊ တေ- အရှင်မင်းကြီးအား၊ ဘဒ္ဒံ- ကောင်းခြင်းသည်၊ အတ္ထု- ဖြစ်စေသတည်း၊ ဧတ္ထ- ဤအရပ်သို့၊ သမာဂတာ- အညီအညွတ် လာကုန်သော၊ ယာဝန္တော- ထိုမျှလောက်ကုန်သော၊ တုမှေ- သင်တို့သည်၊ မိတ္တာနံ- အဆွေခင်ပွန်းတို့ကို၊ ဒုဗ္ဘိတော- ပြစ်မှားသည်၊ မာအဿု- မဖြစ်ကြကုန်လင့်၊ ဟိသစ္စံ- ထိုစကားသည် မှန်၏၊ မိတ္တဒုဗ္ဘော- အဆွေ ခင်ပွန်းကို ပြစ်မှားသောသူသည်၊ ပါပကောယုတ်မာစွာ၏။

၂၂၃။ ဘိက္ခဝေ- ရဟန်းတို့၊ ဣဓ- ဤလောက၌၊ ယော- အကြင် သူသည်၊ မိတ္တာနိ- အဆွေခင်ပွန်းတို့ကို၊ ဒုဗ္ဘတိ- ပြစ်မှား၏၊ သော- ထိုအဆွေခင်ပွန်းကို ပြစ်မှားသော သူသည်၊ ကုဋ္ဌီ- နူသည်၊ ကိလာသီ- ခရုသင်းသမင်ရက်စွဲသည်၊

ဘဝတိ- ဖြစ်၏၊ ကာယဿ- ခန္ဓာကိုယ်၏၊ ဘေဒါ- ပျက်သည်မှ၊ ပရံ- နောက်၌၊ [မိတ္တဒ္ဒု(မိတ္တဒုဗ္ဘိ)]- အဆွေခင်ပွန်းကို ပြစ်မှားတတ်သော၊ သော- ထိုပြိတ္တာသည်၊ နိရယံ- ငရဲသို့၊ ဥပပဇ္ဇတိ- ရောက်ရ၏၊ ဣတိ- ဤသို့လျှင်အပြီးတည်း။

တတ္ထ- ထိုတဋ္ဋ တေစသော ဂါထာတို့၌၊ **ကုသလော**တိ- ကုသလောဟူသည်ကား၊ ယထာ- အကြင်အခြင်းအရာအားဖြင့်၊ ဆေကော- ကျွမ်းကျင်သော၊ ကုသလော- လိမ္မာသော သူသည်၊ ကထေတိ- ပြောဆို၏၊ တထာ- ထိုအခြင်းအရာအားဖြင့်၊ ဝေါ- သင်တို့အား၊ ကထေဿာမိ- ပြောအံ့၊ **ဂေါဂဝေသော**တိ- ဂေါဂဝေသောဟူသည်ကား၊ ဂေါဏော- နွားသည်၊ နဋ္ဌေ- ပျောက်သည်ရှိသော်၊ ဂဝေသန္တော- ရှာလျက်၊ **အစ္စသရိန္တိ**- အစ္စသရိံဟူသည်ကား၊ မနုဿပထံ- လူတို့၏ သွားရာလမ်းကို၊ အတိက္ကမိတွာ- ကျော်လွန်၍၊ ဟိမဝန္တံ- ဟိမဝန္တာတောသို့ ပါဝိသိ- ဝင်ခဲ့ပြီ၊ **အရညေ**တိ- အရညေဟူသည်ကား၊ အရာဇကေ- မင်းမရှိသည်ဖြစ်သော၊ သုညေ- ဆိတ်သုဉ်းသော၊ **ဣရိဏေ**တိ- ဣရိဏေဟူသည်ကား၊ သုက္ခကန္တာရေ- ခြောက်သွေ့သော ကန္တာရ၌၊ **ဝိဝနေ**တိ- ဝိဝနေဟူသည်ကား၊ ဝိဝိတ္တေ- ဆိတ်ငြိမ်သော၊ **ဝိပ္ပနဋ္ဌော**တိ- ဝိပ္ပနဋ္ဌောဟူသည်ကား၊ မဂ္ဂမူဠှော- မျက်စိလည်သည်ဖြစ်၍၊ **ဗုဘုက္ခိတော**တိ- ဗုဘုက္ခိတောဟူသည်ကား၊ သဉ္ဇာတဗုဘုက္ခော- ကောင်းစွာဖြစ်သော ဆာလောင်ခြင်းရှိသည်ဖြစ်၍၊ ဆာတဇ္ဈတ္တော- ဆာလောင်သော စိတ်ရှိသည်ဖြစ်၍၊ **ပပါတမဘိလမ္ဗန္တန္တိ**- ပပါတမဘိလမ္ဗန္တံဟူသည်ကား၊ ပပါတာဘိမုခံ- ချောက်ကမ်းပါးသို့ ရှေ့ရှု ဩလမ္ဗန္တံ- တွဲလျားကျနေသော၊ **သမ္ပန္နဖလဓာရိနန္တိ**- သမ္ပန္နဖလဓာရိနံဟူသည်ကား၊ မဓုရဖလဓာရိနံ- အချိုမြိန်သော အသီးကိုဆောင်သော၊ **ဝါတဿိတာနီ**တိ- ဝါတဿိတာနိဟူသည်ကား၊ ပဌမံ တာဝ- ရှေးဦးစွာ၊ ဝါတပတိတာနိ- လေသည်ခတ်အပ်သည်ဖြစ်၍ ကြွေကျသော အသီးတို့ကို၊ ခါဒိ- စားခဲ့ပြီ၊ **တတ္ထ ဟေဿာမိ**တိ- တတ္ထ ဟေဿာမိဟူသည်ကား၊ တသ္မိံ ရုက္ခေ- ထိုသစ်ပင်ပေါ်၌၊ သုဟိတော- ဝဝလင်လင် စားသောက်ရသည်၊ ဘဝိဿာမိ- ဖြစ်အံ့၊ ဣတိ- ဤသို့ကြံ၍၊ အာရုဠှော- သစ်ပင်ပေါ်သို့ တတ်သည်၊ အမှိ- ဖြစ်၏၊ **တတော သာ ဘဋ္ဌထ သာခါ**တိ- တတော သာ ဘဋ္ဌထ သာခါဟူသည်ကား၊ အဘိပတ္ထိတဿ- တောင့်တအပ်သော၊ တဿ- ထိုတည်သီး၏၊ အတ္ထာယ- အကျိုးငှာ၊ ဟတ္ထေ- လက်ကို၊ ပသာရိတေ- ဆန့်တန်းသည်ရှိသော်၊ မယာ- ငါသည်၊ အဘိရုဠှာ- တတ်ရောက်အပ်သော၊ သာ သာခါ- ထိုသစ်ကိုင်းသည်၊

ဖရသုနာ- ပုဆိန်ဖြင့်၊ ဆိန္နာ ဝိယ- ဖြတ်ဘိသကဲ့သို့၊ အဘဋ္ဌထ- ကျိုးကျခဲ့ပြီ၊ **အနာလမ္ဗေ**တိ- အနာလမ္ဗေဟူသည်ကား၊ အာလမ္ဗိတဗ္ဗဋ္ဌာနရဟိတေ- ဆွဲကိုင်အပ်သော အရာမှ ကင်းသော၊ ဂိရိဒုဂ္ဂသ္မိန္တိ- ဂိရိဒုဂ္ဂသ္မိံဟူသည်ကား၊ ဂိရိဝိသမေ- တောင်ကမ်းပါး ပြတ်၌၊ သေသိန္တိ- သေသိံဟူသည်ကား၊ သယိတော- အိပ်ရသည်၊ အမှိ- ဖြစ်၏၊

**ကပိ မာဂန္တိ**တိ- ကပိ မာဂန္တိဟူသည်ကား၊ ကပိ- မျောက်သည်၊ အာဂန္တိ- ရောက်လာ၏၊ **ဂေါနင်္ဂုလော**တိ- ဂေါနင်္ဂုလောဟူသည်ကား၊ ဂုန္နံ- နွားတို့၏၊ နင်္ဂုဋ္ဌသဒိသနင်္ဂုဋ္ဌော- အမြီးနှင့်တူသော အမြီးရှိသော၊ "ဂေါနင်္ဂုဋ္ဌော"တိပိ- ဂေါနင်္ဂုဋ္ဌော ဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ- ဖြစ်၏၊) "ဂေါနင်္ဂုလီ"တိပိ- ဂေါနင်္ဂုလိဟူ ၍လည်း၊ ပဌန္တိ- ရွတ်ဖတ်ကြကုန်၏၊ **အကရံ မယီ**တိ- အကရံ မယိဟူသည်ကား၊ မယိ- ငါ၌၊ အကရာ- ပြုပေးခဲ့ပြီ၊ **အမ္ဘော**တိ- အမ္ဘောဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ သော ကပိရာဇာ- ထိုမျောက်မင်းသည်၊ တသ္မိံ နရကပပါတေ- ထိုနရက်ချောက်၌၊ မမ- ငါ၏၊ ဥဒကပေါထနသဒ္ဒံ- ရေကိုပုတ်ခတ်သောအသံကို၊ သုတွာ- ကြားရ၍၊ မံ- ငါ့ကို၊ "အမ္ဘော"တိ- အမ္ဘောဟူ၍၊ အာလပိတွာ- ခေါ်ဝေါ်၍၊ ဧသော- ဤသူသည်၊ ကော နာမ- အဘယ်သူနည်း၊ ဣတိ- ဤသို့၊ ပုစ္ဆိ- မေးခဲ့ပြီ၊ **ဗျသမ္ပတ္တော**တိ- ဗျသမ္ပတ္တောဟူသည်ကား၊ ဗျသနံ- ပျက်စီးခြင်းသို့ ပတ္တော- ရောက်၏၊ ပပါတသ- ချောက်ကမ်းပါး၏၊ ဝသံ- အလိုသို့၊ ပတ္တော- ကျရောက်ရ၏၊ ဣတိ ဝါ- ဤသို့လည်း၊ အတ္ထော- အနက်သည်၊ အတ္ထိ- ရှိ၏၊ **ဘဒ္ဒံ ဝေါ**တိ- ဘဒ္ဒံဝေါဟူသည်ကား၊ တသ္မာ- ထို့ကြောင့်၊ တုမှေ- သင်မျောက်မင်းတို့အား၊ (အဟံ- ငါသည်၊) ဝဒါမိ- ဆို၏၊ တုမှာကံ- သင်မျောက်မင်းတို့အား၊ ဘဒ္ဒံ- ကောင်းခြင်းသည်၊ ဟောတု- ဖြစ်ပါစေ၊ ဣတိ- ဤသို့၊ (ဝဒါမိ- ဆို၏၊) **ဂရုံ သိလန္တိ**- ဂရုံ သိလံဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ သော ကပိရာဇာ- ထိုမျောက်မင်းသည်၊ မယာ- ငါသည်၊ ဧဝံ- ဤသို့၊ ဝုတ္တေ- ဆိုသည်ရှိသော်၊ မာ ဘာယိ- မကြောက်ပါလင့်၊ ဣတိ- ဤသို့၊ မံ- ငါ့ကို၊ အဿာသေတွာ- သက်သာရာရစေ၍၊ ပဌမံ တာဝ- ရှေးဦးစွာ၊ ဂရုံ- လေးသော၊ သိလံ- ကျောက်ကို၊ ဂဟေတွာ- ကိုင်၍၊ ယောဂ္ဂံ- ယှဉ်ခြင်းကို၊ ကရောန္တော- ပြုလျက်၊ ပဗ္ဗတေ- တောင်၌၊ ဝိစရိ- သွား၏၊ **နိသဘော**တိ- နိသဘောဟူသည်ကား၊ ပုရိသနိသဘော- ယောကျ်ားမြတ်ဖြစ်သော၊ ဥတ္တမဝါနရိန္ဒော- မြတ်သော မျောက်မင်းသည်၊ ပဗ္ဗတ-ပပါတေ- တောင်ချောက်၌၊ ဌတွာ- တည်၍၊ မံ- ငါ့ကို၊ ဧတံ- ဤစကားကို၊ အဗြဝိ- ပြောဆိုပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

**ဗာဟုဘိ**တိ- ဗာဟုဘိဟူသည်ကား၊ ဒွီဟိ- နှစ်ဘက်ကုန်သော၊ ဗာဟာဟိ- လက်မောင်းတို့ဖြင့်၊ မမ- ငါ၏၊ ဂီဝံ- လည်ကို၊ သုဂ္ဂဟိတံ- ကောင်းစွာ ကိုင်အပ်သည် ဖြစ်၍၊ ဂဏှ- ယူလော့၊ **ဝေဂသာ**တိ- ဝေဂသာဟူသည်ကား၊ ဝေဂေန- အဟုန်ဖြင့်၊ **သိရိမတော**တိ- သိရိမတောဟူသည်ကား၊ ပုညဝန္တဿ- ဘုန်းကံရှိသော၊ **အဂ္ဂဟိံ္သ**တိ- အဂ္ဂဟိံဟူသည်ကား၊ သဋ္ဌိဟတ္ထံ- အတောင်ခြောက်ဆယ်ရှိသော၊ နရကပပါတံ- နရက်ချောက်သို့၊ ဝါတဝေဂေန- လေအဟုန်ဖြင့်၊ ဩတရိတွာ- ဆင်းသက်၍၊ ဥဒကပိဋ္ဌေ- ရေပြင်၌၊ ဌိတဿ- တည်သော မျောက်မင်း၏၊ ပိဋ္ဌေ- ကျောကုန်းသို့၊ အဟံ- ငါသည်၊ ဝေဂေန- အဟုန်ဖြင့်၊ အဘိရုဟိတွာ- တက်၍၊ ဥဘောဟိ- နှစ်ဘက်ကုန်သော၊ ဗာဟာဟိ- လက်မောင်းတို့ဖြင့်၊ ဂီဝံ- မျောက်မင်း၏လည်ကို၊ အဂ္ဂဟေသိံ- ဆွဲကိုင်ခဲ့ပြီ၊ **ဝိဟညမာနော**တိ- ဝိဟညမာနောဟူသည်ကား၊ ကိလမန္တော- ပင်ပန်းလျက်၊ **ကိစ္ဆေနာ**တိ- ကိစ္ဆေနဟူသည်ကား၊ ဒုက္ခေန- ဆင်းရဲသဖြင့်၊ **သန္တော**တိ- သန္တောဟူသည်ကား၊ ပဏ္ဍိတော- ပညာရှိသော၊ အထ ဝါ- တနည်းကား၊ ပရိသန္တော- ပင်ပန်းသည်ဖြစ်၍၊ ကိလန္တော- ဆင်းရဲငြိုငြင်သည်ဖြစ်၍၊ **ရက္ခသု**တိ- ရက္ခသု ဟူသည်ကား၊ အဟံ- ငါသည်၊ တံ- သင့်ကို၊ ဥဒ္ဓရန္တော- ထုတ်ဆောင်ရသည်ဖြစ်၍၊ ကိလန္တော- ပင်ပန်းသည်ဖြစ်၍၊ မုဟုတ္တံ- အနည်းငယ်၊ ဝိဿမန္တော- ဆင်းရဲငြိုငြင်သည် ဖြစ်၍၊ ပသုပိဿံ- မှေးအိပ်အံ့၊ တသ္မာ- ထို့ကြောင့်၊ မံ- ငါ့ကို၊ ရက္ခာဟိ- စောင့်ရှောက် ပါလော၊ **ယထာ စဉ္ဇော ဝနေ မိဂါ**တိ- ယထာ စဉ္ဇော ဝနေ မိဂါဟူသည်ကား၊ သီဟာဒီဟိ- ခြင်္သေ့အစရှိသည်တို့ဖြင့်၊ အညေပိ- အခြားလည်းဖြစ်ကုန်သော၊ ဣမသ္မိံ ဝနေ- ဤတော၌၊ ယေ ဝါဠမိဂါ- အကြင်သားရဲတို့သည်၊ (သန္တိ- ရှိကုန်၏၊) ပါဠိုယံပန- ပါဠိတော်၌ကား၊ "အစ္ဆကောကတရစ္ဆယော"တိ- အစ္ဆကောကတရစ္ဆယောဟူ၍၊ လိခန္တိ- ရေးကြကုန်၏၊ **ပရိတ္တာတုနော**တိ- ပရိတ္တာတုနောဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ဧဝံ- ဤသို့လျှင်၊ သော ကပိရာဇာ- ထိုမျောက်မင်းသည်၊ မံ- ငါ့ကို၊ အတ္တနော- မိမိ၏၊ ပရိတ္တာဏံ- အစောင့်အရှောက်ကို၊ ကတွာ- ပြု၍၊ မုဟုတ္တံ- အနည်းအငယ်၊ ပသုပိ- မှေးအိပ်ခဲ့ပြီ **အယောနိသော**တိ- အယောနိသောဟူသည်ကား၊ အယောနိသောမနသိကာရေန- မသင့်တင့်သော နှလုံးသွင်းဖြင့်၊ **ဘက္ခော**တိ- ဘက္ခော ဟူသည်ကား၊ ခါဒိတဗ္ဗယုတ္တကော- စားအပ်သော သဘောရှိသော၊ **အသိတော**တိ- အသိတောဟူသည်ကား၊ ဓာတော- နှစ်သိမ့်စေအပ်သည်ဖြစ်၍၊ သုဟိတော- ဝပြောသည်ဖြစ်၍၊ **သမ္ဗလန္တိ**- သမ္ဗလံဟူသည်ကား၊ ပါထေယျံ- ရိက္ခာကို၊ **မတ္ထကံ**

**သန္နိတာငွယိန္တိ**- မတ္ထကံ သန္နိတာငွယိဟူသည်ကား၊ တဿ ဝါနရိန္ဒဿ- ထိုမျောက်မင်း၏၊ မတ္ထကံ- ဦးထိပ် ကို၊ ပဟာရိ- ပုတ်ခတ်ခဲ့ပြီ၊ "သန္နိတာငွယ"န္တိပိ- သန္နိတာငွယံဟူ၍လည်း၊ ပါဠော- ပါဌ်သည်၊ အတ္ထိ- ရှိ၏၊ **ဒုပ္ပလော အဟူ**တိ- ဒုပ္ပလော အဟုဟူသည်ကား၊ ဗလဝါ- အားရှိသည်၊ န အာသိ- မဖြစ်ခဲ့၊ ယထာဓိပ္ပါယံ- အကြင် အကြင် အလိုရှိအပ်သော အရာသို့၊ န အဂမာသိ- မရောက်ခဲ့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

**ဝေဂေနာ**တိ- ဝေဂေနဟူသည်ကား၊ မယာ- ငါသည်၊ ပဟာရပါသာဏဝေဂေန- ပုတ်ခတ်အပ်သော ကျောက်တုံး၏ အဟုန်ကြောင့်၊ **ဥဒပ္ပတ္တော**တိ- ဥဒပ္ပတ္တောဟူသည်ကား၊* ဥဋ္ဌိတော- ထသည်ဖြစ်၍၊ **မာယျော**တိ- မာယျောဟူသည်ကား၊ တေန မိတ္တဒုဗ္ဘိပုရိသေန- ထိုအဆွေခင်ပွန်းကို ပြစ်မှားသော ယောကျာ်းယုတ်သည်၊ သိလာယ- ကျောက်တုံးဖြင့်၊ ပဝိဒ္ဓါယ- ထုနှက်အပ်သည်ဖြစ်၍၊ မဟာစမ္မံ- ကြီးစွာသော အရေသည်၊ (ဝါ) အရေထူသည်၊ ဆိန္ဒိတွာ- ပြတ်၍၊ ဩလမ္ဗိ- တွဲလျားကျခဲ့ပြီ၊ ရုဟိရံ- သွေးသည်၊ ပဃရိ- ယိုထွက်ခဲ့ပြီ၊ မဟာသတ္တော- အလောင်းတော်မျောက်မင်းသည်၊ ဝေဒနာပ္ပတ္တော- ဆင်းရဲသော ဝေဒနာသို့ ရောက်သည်ဖြစ်၍၊ စိန္တေသိ- ကြံခဲ့ပြီ၊ ဣမဿ ဌာနေ- ဤအရပ်၌၊ အညော- ဤပုဂ္ဂိုလ်မှ တစ်ပါးသော သူသည်၊ နတ္ထိ- မရှိ၊ ဣဒံ ဘယံ- ဤဘေးသည်၊ ဣမံ ပုရိသံ- ဤယောကျာ်းယုတ်ကို၊ နိဿာယ- မှီ၍၊ ဥပ္ပန္နံ- ဖြစ်ခဲ့ပြီ၊ ဣတိ- ဤသို့၊ (စိန္တေသိ- ကြံပြီ၊) သော- ထိုမျောက်မင်းသည်၊ မရဏဘယဘီတော- သေဘေးမှ ကြောက် သည်ဖြစ်၍၊ ဩလမ္ဗန္တံ- တွဲလျားကျနေသော၊ စမ္မဗန္ဓံ- အရေတည်းဟူသော အနှောင်အဖွဲ့ကို၊ ဟတ္ထေန- လက်ဖြင့်၊ ဂဟေတွာ- ကိုင်၍၊ ဥပ္ပတိတွာ- ခုံတက်၍၊ သာခံ- သစ်ခက်သို့၊ အဘိရုယှ- တက်၍၊ တေန ပါပပုရိသေန- ထိုယောကျာ်းယုတ်နှင့်၊ သဒ္ဓိံ- အတူ၊ သလ္လပန္တော- စကားပြောလိုသည်ဖြစ်၍၊ **"မာယျော မ"**န္တိ အာဒိံ- မာယျော မံအစရှိသည်ကို၊ အာဟ- ဆိုပြီ၊ တတ္ထ- ထိုမာယျော မံစသောပါဌ်၌၊ **မာယျော မံ ကရိ ဘဒ္ဒန္တေ**တိ- မာယျော မံ ကရိ ဘဒ္ဒန္တေဟူသည်ကား၊ ဘဒ္ဒန္တေ- အရှင်ကောင်း၊ အယျော- အရှင်သည်၊ မံ- ငါ့ကို၊ မာ အကရိ- ဤသို့ မပြုပါလင့်၊ ဣတိ- ဤသို့၊ တံ- ထိုယောကျာ်းယုတ်ကို၊ နိဝါရေတိ- တားမြစ်၏၊ **တွဥ္စ ခေါ နာမာ**တိ- တွဥ္စ ခေါ နာမဟူသည်ကား၊ ဧဝံ- ဤသို့၊ မယာ- ငါသည်၊ ပပါတာ-

* ဥဒပ္ပတ္တော=ဥဒ်+ပတ္တော= ဥပ္ပတ္တော-ဟုသာ ရုပ်ရှိရမည်ဖြစ်သည်၊ ရှေ့၌ဗျည်းမပျောက်ဘဲ နောက် ပ-၌ဒွေးဘော်ရောက်၌ နေသည်မှာ ထူးသည်ဟု ဆိုရမည်၊ ပါဠိအင်္ဂလိပ်အဘိဓာန်ကြီး၌- ဥဒ်+အက်+ပတ္တ ဟု တစ်မျိုးကြံဆထားသည်။

ကမ်းပါးချောက်မှ၊ ဥဒ္ဓရေ- ထုတ်ဆောင်အပ်သော၊ တွံ နာမ- သင်မည်သည်၊ ဧဒိသံ- ဤသို့သဘောရှိသော၊ ဖရုသကမ္မံ- ကြမ်းကြုတ်သော အမှုကို၊ မယိ- ငါ၌၊ ကရိ- ပြုခဲ့ပြီ၊ အဟော- အံ့ဩဖွယ်ရှိပေစွ၊ တေ- သင်သည်၊ အယုတ္တံ- မသင့်သောအမှုကို၊ ကတံ- ပြုအပ်ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **အဟော ဝတာ**တိ- အဟော ဝတဟူသည်ကား၊ တံ- ထိုယောကျာ်း ယုတ်ကို၊ ဂရဟန္တော- ကဲ့ရဲ့လိုသည် ဖြစ်၍၊ ဧဝံ- ဤသို့၊ အာဟ- ပြောခဲ့ပြီ၊ **တာဝဒုက္ကရကာရကာ**တိ- တာဝဒုက္ကရကာရကာဟူသည်ကား၊ မယိ- ငါ၌၊ အပရဇ္ဈနေန- ပြစ်မှားခြင်းဖြင့်၊ အတိဒုက္ကရကမ္မကာရက- အလွန်ပြုနိုင်ခဲသော အမှုကိုပြုလုပ်သူ၊ ပရလောကာဝါတိ- ပရလောကာဝါဟူသည်ကား၊ ပရလောကတော- တမလွန်ဘဝမှ၊ အာနီတော ဝိယ- ဆောင်အပ်သကဲ့သို့၊ **ဒုဗ္ဘေယျန္တိ**- ဒုဗ္ဘေယျံဟူသည်ကား၊ ဒုဗ္ဘိတဗ္ဗံ- ပြစ်မှားအပ်၏ဟူ၍၊ ဝဓိတဗ္ဗံ- သတ်အပ်၏ဟူ၍၊ **ဝေဒနံ ကဋုကန္တိ**- ဝေဒနံ ကဋုကံဟူသည်ကား၊ အဓမ္မဋ္ဌ- အကျင့်မဟုတ်သည်၌ တည်သောသူ၊ ဧဝံ- ဤသို့၊ သန္တေပိ- ငါ့ကို ပြစ်မှားပါသော်လည်း၊ တွံ- သင်သည်၊ ယာဒိသံ- အကြင်သို့ သဘောရှိသော၊ ဝေဒနံ- ဆင်းရဲဝေဒနာကို၊ အဟံ- ငါသည်၊ ဖုသာမိ- ထိတွေ့၏၊ ဧဒိသံ- ထိုသို့သဘောရှိသော၊ ကဋုကံ- ကျင်နာသော၊ ဝေဒနံ- ဆင်းရဲဝေဒနာကို မာ ဖုသိ- မထိပါလေလင့်၊ တံ ပါပကမ္မံ- ထိုမကောင်းသော အမှုသည်၊ ဖလံ- ဝါးသီးသည်၊ ဝေဠုံ- ဝါးပင်ကို၊ ဝဓိက္ကံ- သတ်ဘိသကဲ့သို့၊ တံ- သင့်ကို၊ မာ ဝဓိ- မသတ်ပါလင့်၊ မဟာရာဇ- မြတ်သော မင်းကြီး၊ ဣတိ- ဤသို့၊ မံ- ငါ့ကို၊ သော- ထိုမျောက်မင်းသည်၊ ပိယပုတ္တကံ ဝိယ- ချစ်အပ်သော သားကဲ့သို့၊ အနုကမ္ပိ- သနားခဲ့ပြီ။

အထ- ထိုမှနောက်၌၊ နံ- ထိုမျောက်မင်းကို၊ အဟံ- ငါသည်၊ ဧတံ- ဤစကားကို၊ အဝေါစံ- ဆိုခဲ့ပြီ၊ အယျ- အရှင်မျောက်မင်း၊ မယာ- ငါသည်၊ ကတံ- ပြုအပ်သော၊ ဒေါသံ- အပြစ်ကို ဟဒယေ- နှလုံး၌၊ မာ ကရိ- မပြုပါလင့်၊ အသပ္ပုရိသံ- သူတော်ကောင်း မဟုတ်သော၊ မံ- ငါ့ကို၊ ဧဝရူပေ- ဤသို့သဘော ရှိသော၊ အရညေ- တောကြီးထဲ၌၊ မာ နာသယ- မပျက်စီးပါစေလင့်၊ အဟံ- ငါသည်၊ ဒိသာမူဠှော- အရပ်မျက်နှာတွေဝေသည်ဖြစ်၍၊ (ဝါ) မျက်စိလည်သည်ဖြစ်၍၊ မဂ္ဂံ- လမ်းကို၊ န ဇာနာမိ- မသိ၊ အတ္တနာ- မိမိသည်၊ ကတံ- ပြုအပ်သော၊ ကမ္မံ- အမှုသည်၊ မာ နာသေထ- ငါ့ကို မပျက်စီးစေပါလင့်၊ ဇီဝိတဒါနံ- အသက်အလှူကို၊ မေ- ငါ့အား၊ ဒေထ- ပေးပါလော၊ အရညာ- တောကြီးမှ၊ နီဟရိတွာ- ထုတ်၍၊ မနုဿပထေ- လူတို့သွားရာလမ်း၌၊ ဌပေထ- ထားပါလော၊

က္ကတိ- ဤသို့ (အဝေါစ- ဆိုခဲ့ပြီ) ဧဝံ- ဤသို့ ဝုတ္တေ- ပြောသည်ရှိသော်၊ သော- ထိုမျောက်မင်းသည်၊ မယာ- ငါနှင့်၊ သဒ္ဓိံ- အတူ၊ သလ္လပန္တော- စကားပြောလိုသည်ဖြစ်၍၊ **"တယိ မေ နတ္ထိ ဝိဿာသော"**တိ အာဒိံ- တယိမေ နတ္ထိ ဝိဿာသောအစရှိသည်ကို၊ အာဟ- ဆိုခဲ့ပြီ။

တတ္ထ- ထိုတယိမေ စသောစကားရပ်၌၊ **တယိ**တိ- တယိဟူသည်ကား၊ က္ကတော- ယခုမှ၊ ပဋ္ဌာယ- စ၍၊ မယှံ- ငါ၏၊ တယိ- သင့်၌၊ ဝိဿာသော- ချစ်ကျွမ်းဝင်ခြင်းသည်၊ နတ္ထိ- မရှိ၊ **ဧဟိ**တိ- ဧဟိဟူသည်ကား၊ ဘော ပုရိသ- အိုယောကျ်ား၊ အဟံ- ငါသည်၊ တယာ- သင်နှင့်၊ သဒ္ဓိံ- အတူ၊ မဂ္ဂေန- လမ်းဖြင့်၊ န ဂမိဿာမိ- မသွားအံ့၊ ပန- သို့သော်ကား၊ ဧဟိ- လာလော့၊ တွံ- သင်သည်၊ မမ- ငါ၏၊ ပိဋ္ဌိတော- နောက်မှ၊ အဝိဒူရေ- မနီးမဝေး၌၊ ဒိဿမာနသရီရော- ထင်သော ကိုယ်ရှိသည်ဖြစ်၍ သာလျှင်၊ ဂစ္ဆ- သွားပါလော၊ အဟံ- ငါသည်၊ ရုက္ခဂ္ဂေဟေဝ- သစ်ပင်အဖျားတို့ဖြင့်သာလျှင်၊ ဂမိဿာမိ- သွားပါအံ့၊ က္ကတိ- ဤသို့ပြောခဲ့ပြီ၊ **မုတ္တောသိ**တိ- မုတ္တောသိဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ အထ- ထိုအခါ၌၊ သော- ထိုမျောက်မင်းသည်၊ မံ- ငါ့ကို၊ အရညာ- တောကြီးမှ၊ နီဟရိတွာ- ထုတ်ဆောင်၍၊ ဘော ပုရိသ- အိုယောကျ်ား၊ ဝါဠမိဂါနံ- သားရဲတို့၏၊ ဟတ္ထာ- လက်မှ၊ (တွံ- သင်သည်၊) မုတ္တော- လွတ်သည်၊ အသိ- ဖြစ်ပြီ၊ **ပတ္တောသိ မာနုသိံ ပဒန္တိ**- ပတ္တောသိ မာနုသိံ ပဒံဟူသည်ကား၊ မနုဿူပစာရံ- လူတို့အနီးအပါးသို့၊ ပတ္တော- ရောက်သည်၊ အာဂတော- ရောက်သည်၊ အသိ- ဖြစ်၏၊ ဧသ- ဤသည်ကား၊ တေ- သင်၏၊ မဂ္ဂေါ- သွားရမည့်လမ်းတည်း၊ ဧတေန- ထိုလမ်းဖြင့်၊ ဂစ္ဆ- သွားလေလော့၊ က္ကတိ- ဤသို့၊ အာဟ- ပြောခဲ့ပြီ၊ **ဂိရိစရော**တိ- ဂိရိစရောဟူ သည်ကား၊ ဂိရိစာရီ- တောင်၌ကျက်စားလေ့ရှိသော၊ ဝါနရော- မျောက်သည်၊ **ပက္ခလျာ**တိ- ပက္ခလျာဟူသည်ကား၊ ဓောဝိတွာ- ဆေး၍၊ **တေနာဘိသတ္တောသ္မိ**တိ- တေနာဘိသတ္တောသ္မိဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ သော အဟံ- ထိုငါ့ကို၊ တေန ဝါနရေန- ထိုမျောက်မင်းသည်၊ အဘိသတ္တော- ကျိန်ဆိုအပ်ပြီ၊ ပါပကမ္မေ- မကောင်းမှုကံသည်၊ ပရိဏတေ- ရင့်ကျက်သည်ရှိသော်၊ တေန- ထိုမျောက်မင်းသည်၊ အဘိသတ္တော- ကျိန်ဆိုသည်၊ အသ္မိ- ဖြစ်၏၊ က္ကတိ- ဤသို့ မညမာနော- မှတ်ထင်သည်ဖြစ်၍၊ ဧဝံ- ဤသို့ အာဟ- ပြောခဲ့ပြီ၊ **အင္ဂုတော**တိ- အင်္ဂုတောဟူသည်ကား၊ ဥပဒ္ဒုတော- နှိပ်စက်အပ်သည်ဖြစ်၍၊ **ဥပါဂမိန္တိ**- ဥပါဂမိံဟူသည်ကား၊ ဧကံ- တစ်ခုသော၊ ရဟဒံ- ရေအိုင်သို့၊ ဥပဂတော-

ကပ်ရောက်သည်၊ အသို- ဖြစ်၏၊ **သမပဇ္ဇထာ**တိ- သမပဇ္ဇထဟူသည်ကား၊ ဇာတော- ဖြစ်ခဲ့ပြီ၊ ဧဝရူပေါ- ဤသို့သဘောရှိသည်၊ ဟုတွာ- ဖြစ်၍၊ ဥပဋ္ဌာသိ- တည်ခဲ့ပြီ၊ **ယာဝန္တော**တိ- ယာဝန္တောဟူသည်ကား၊ ယတ္တကာနိ- အကြင်မျှလောက်ကုန်သော၊ **ဂဏ္ဍာ ဇာယေထာ**တိ- ဂဏ္ဍာ ဇာယေထဟူသည်ကား၊ ဂဏ္ဍာ- အိုင်းအမာတို့သည်၊ ဇာယိံသု- ဖြစ်ခဲ့ကုန်ပြီ၊ သော- ထိုပုဏ္ဏားသည်၊ ပိပါသံ- မွတ်သိပ်မှုကို၊ သန္ဓာရေတုံ- ဆောင်ခြင်းငှာ၊ အသက္ကောန္တော- မစွမ်းနိုင်သည်ဖြစ်၍၊ ဥဒကဥ္စလိံ- ရေလက်အုပ်ကို၊ ဥက္ခိပိတွာ- မြှောက်ချီ၍၊ ထောကံ- အနည်းငယ်၊ ပိဝိတွာ- သောက်၍၊ သေသံ- အကြွင်းကို၊ သရီရေ- ကိုယ်၌၊ သိဉ္စိကိရ- သွန်းလောင်းသတတ်၊ အထ- ထိုအခါ၌၊ အဿ- ထိုပုဏ္ဏား၏၊ တာဝဒေဝ- ထိုခဏ၌ပင်လျှင်၊ ဥဒကဗိန္ဒုဂဏနာယ- ရေပေါက်အရေအတွက်ဖြင့်၊ အမ္ဗဗေလုဝပက္ကပ္ပမာဏာ- ထက်ဝက်သော ဥသျှစ်သီးမှည့် ပမာဏရှိကုန်သော၊ ဂဏ္ဍာ- အိုင်းအမာတို့သည်၊ ဥဋ္ဌဟိံသု- ဖြစ်ပေါ်ခဲ့ကုန်ပြီ၊ တသ္မာ- ထို့ကြောင့်၊ ဧဝံ- ဤသို့၊ အာဟ- ပြောခဲ့ပြီ၊ **ပဘိန္နာ**တိ- ပဘိန္နာဟူသည်ကား၊ တေ ဂဏ္ဍာ- ထိုအိုင်းအမာတို့သည်၊ တံ ဒိဝသမေဝ- ထိုနေ့၌ပင်လျှင်၊ ဘိဇ္ဇိတွာ- ကွဲ၍၊ ကုဏပါ- အကောင်ပုပ်သည်၊ ပူတိဂန္ဓိကာ- ပုပ်သော အနံ့ရှိသည်၊ ဟုတွာ- ဖြစ်၍၊ ပုဗ္ဗလောဟိတာနိ- သွေးပြည်တို့သည်၊ ပဂ္ဃရိံသု- ယိုထွက်ကြကုန်ပြီ၊ **ယေန ယေနာ**တိ- ယေန ယေနဟူသည်ကား၊ ယေန ယေန မဂ္ဂေန- အကြင် အကြင်လမ်းဖြင့်သာလျှင်၊ **ဩက္ကိတာ**တိ- ဩက္ကိတာဟူသည်ကား၊ ပူတိဂန္ဓေန- ပုပ်သော အနံ့ဖြင့်၊ ဩကိဏ္ဏာ- ရောပြွမ်းသည်ဖြစ်၍၊ ပရိက္ခိတ္တာ- ခြံရံအပ်သည်ဖြစ်၍၊ ပရိဝါရိတာ- တားမြစ်ကြကုန်ပြီ၊ **မာဿု ဩရေန အာဂမာ**တိ- မာဿု ဩရေန အာဂမဟူသည်ကား၊ ဒုဋ္ဌသတ္တ- ဟယ် သူပျက်၊ ဩရေန- အနီးသို့၊ အာဂမာ- လာသည်၊ မာဿု- မဖြစ်လင့်၊ အမှာကံ- ငါတို့၏၊ သန္တိကံ- အထံသို့၊ မာ အာဂမိ- မလာလင့်၊ ဣတိ ဧဝံ- ဤသို့၊ ဝဒန္တာ- ဆိုကုန်လျက်၊ မံ- ငါ့ကို၊ နိဝါရေန္တိ- တားမြစ်ကြကုန်ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **သတ္တ ဝဿာနိ ဒါနိ မေ**တိ- သတ္တ ဝဿာနိ ဒါနိ မေဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ ဣဒါနိ- ယခုအခါ၌၊ သတ္တ ဝဿာနိ- ခုနှစ်တို့ပတ်လုံး၊ မမ- ငါ၏၊ တွေကံ- ဤမျှလောက်သော၊ ကာလံ- ကာလပတ်လုံး၊ သကံ- မိမိသည်ပြုအပ်သော၊ ကမ္မံ- ကံ၏အကျိုးကို၊ အနုဘောမိ- ခံစားရ၏၊ ဣတိ- ဤသို့၊ သော- ထိုပုဏ္ဏားသည်၊ အတ္တနော- မိမိ၏၊ မိတ္တဒုဗ္ဘိကမ္မံ- အဆွေခင်ပွန်းကို ပြစ်မှားသော အမှုကို၊ ဝိတ္ထာ-ရေတွာ- ချဲ့၍၊ မဟာရာဇ-

မြတ်သောမင်းကြီး၊ မညေ၀- ငါ့ကိုသာလျှင်၊ ဩလောကေတွာ- ကြည့်၍၊ ဧ၀ရူပံ- ဤသို့သဘောရှိသော၊ ကမ္မံ- ကံကို၊ ကေနစိ- တစ်စုံတစ်ယောက်သည်၊ နကတ္တဗ္ဗံ- မပြုသင့်၊ ဣတိ- ဤသို့ ၀တွာ- ဆို၍၊ **"တံ ဝေါ"**တိအာဒိ- တံ ဝေါအစရှိသော စကားကို၊ အာဟ- ပြောပြီ၊ တတ္ထ- ထိုစကားရပ်၌၊ တန္တိ- တံဟူသည်ကား၊ တသ္မာ- ထို့ကြောင့်၊ ယသ္မာ- အကြင့်ကြောင့်၊ ဧ၀ရူပံ- ဤသို့သဘောရှိသော၊ ကမ္မံ- ကံသည်၊ ဧ၀ံ- သို့ကလောက်၊ ဒုက္ခဝိပါကံ- ဆင်းရဲသော အကျိုးကို ပေးတတ်၏၊ တသ္မာ- ထို့ကြောင့်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

အယံ- ဤကုဋ္ဌိ ကိလာသီစသော ဂါထာသည်၊ အဘိသမ္ဗုဒ္ဓဂါထာ- ဘုရားရှင် ဟောတော်မူအပ်သော ဂါထာတည်း၊ ဘိက္ခဝေ- ရဟန်းတို့၊ ယော- အကြင် သူသည်၊ ဣဓ လောကေ- ဤလောက၌၊ မိတ္တာနိ- မိတ်ဆွေတို့ကို၊ ဒုဗ္ဘတိ- ပြစ်မှား၏၊ ဟိံသတိ- ညှင်းဆဲ၏၊ သော- ထိုသူသည်၊ ဧ၀ရူပေါ- ဤသို့သဘော ရှိသည်၊ ဟောတိ- ဖြစ်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တသ္မာပိပုရိသဿ- ထိုလူပြိတ္တာအားလည်း၊ ဝါ- ထိုလူပြိတ္တာသည်လည်း၊ ရညော- ဗာရာဏသီမင်းနှင့်၊ သဒ္ဓိံ- တကွ၊ ကထေန္တဿေ၀- စကားပြောစဉ်ပင်လျှင်၊ ပထဝီ- မြေကြီးသည်၊ ဝိဝရံ- ဟင်းလင်းအပြင်ကို၊ အဒါသိ- ပေးပြီ၊ တင်္ခဏညေ၀- ထိုသို့မြေကြီးဟင်းလင်းပွင့်၍ ပေးသောခဏ၌ပင်၊ စဝိတွာ- စုတေ၍၊ အဝိစိမှိ- အဝိစိ ငရဲ၌၊ နိဗ္ဗတ္တော- ဖြစ်လေပြီ၊ ရာဇာ- ဗာရာဏသီမင်းသည်၊ တသ္မိံ- ထိုပြိတ္တာသည်၊ ပထဝိံ- မြေကြီးသို့ ပဝိဋ္ဌေ- ဝင်သည်ရှိသော်၊ ဥယျာနာ- မိဂါဇိနဉယျာဉ်မှ၊ နိက္ခမိတွာ- ထွက်ခဲ့၍၊ နဂရံ- မြို့သို့ ပဝိဋ္ဌော- ဝင်လေပြီ။

သတ္ထာ- ဘုရားရှင်သည်၊ ဣမံ ဓမ္မဒေသနံ- ဤမဟာကပိဇာတ် တရားဒေသနာ တော်ကို၊ အာဟရိတွာ- ဆောင်တော်မူ၍၊ "ဘိက္ခဝေ- ရဟန်းတို့၊ ဣဒါနေဝ (ဣဒါနိ ဧ၀)- ယခုအခါ၌သာလျှင်၊ (အယံ ဒေဝဒတ္တော- ဤဒေဝဒတ်သည်၊ မယှံ- ငါဘုရားအား၊ သိလာယ- ကျောက်ဖြင့်၊ ပဋိဝိဇ္ဈော- လှိမ့်ချခဲ့ဘူးသည်) န- မဟုတ်သေး၊ ပုဗ္ဗေပိ- ရှေး၌လည်း၊ ဒေဝဒတ္တော- ဒေဝဒတ်သည်၊ မယှံ- ငါဘုရားအား၊ သိလံ- ကျောက်ကို၊ ပဋိဝိဇ္ဈိယေ၀- လှိမ့်ချခဲ့ဖူးသည်သာတည်း၊" ဣတိ- ဤသို့၊ ၀တွာ- မိန့်တော်မူ၍၊ "တဒါ- ထိုအခါ၌၊ မိတ္တဒုဗ္ဘိ- အဆွေခင်ပွန်းကို ပြစ်မှားတတ်သော၊ ပုရိသော- လူပြိတ္တာသည်၊ (ဣဒါနိ- ယခုအခါ၌၊) ဒေဝဒတ္တော- အရှင်ဒေဝဒတ်သည်၊

အဟောသိ- ဖြစ်ပြီ၊ (တဒါ- ထိုအခါ၌) ကပိရာဇာပန- မျောက်မင်းသည်ကား၊ (ဣဒါနိ- ယခုအခါ၌) အဟမေဝ- ငါဘုရားသည်သာ၊ အဟောသိ- ဖြစ်ခဲ့ပြီ၊” ဣတိ- ဤသို့၊ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ။ ဆဋ္ဌာ- ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ မဟာကပိဇာတက ဝဏ္ဏနာ- မဟာကပိဇာတ်၏အဖွင့်သည်၊ နိဋ္ဌိတာ- ပြီးပြီ။

## ၇။ ဒကရက္ခသဇာတ် (၅၁၇)

“**သစေ ဝေါ ဝုယှမာနာန**”န္တိ- သစေ ဝေါ ဝုယှမာနာနံ-အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ပုဒ်အပေါင်းသည်၊ ဒကရက္ခသဇာတကံဒကရက္ခသ(ရေစောင့်ဘီလူး)ဇာတ်တော်တည်း၊ တံသဗ္ဗံ- အလုံးစုံသော ထိုဒကရက္ခသဇာတ်တော်သည်၊ မဟာဥမင်္ဂဇာတကေ- မဟာဥမင်္ဂဇာတ်တော်၌၊ အာဝိ- ထင်ရှားစွာ၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဣတိ- ဤသည်ကား အကျဉ်းချုပ်တည်း။ သတ္တမာ- ခုနစ်ခုမြောက်သော၊ ဒကရက္ခသဇာတကဝဏ္ဏနာ- ဒကရက္ခသဇာတ်၏ အဖွင့်သည်၊ နိဋ္ဌိတာ- ပြီးပြီ။

❖ ❖ ❖

## ၈။ ပဏ္ဍရနာဂရာဇဇာတ် (၅၁၈)

### ပစ္စုပ္ပန်ဝတ္ထု

“**ဝိကိဏ္ဏဝါစ**”န္တိ ဣဒံ- ဝိကိဏ္ဏဝါစအစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤပဏ္ဍရနာဂရာဇဇာတ်တော်ကို၊ သတ္ထာ- ဘုရားရှင်သည်၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော- သီတင်းသုံးနေတော်မူစဉ်၊ မုသာဝါဒံ- မဟုတ် မမှန်ဆိုခြင်းကို၊ ကတ္ဝာ- ပြု၍၊ ဒေဝဒတ္တဿ- အရှင်ဒေဝဒတ်၏၊ ပထဝိပ္ပဝေသနံ- မြေမျိုခြင်းကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ- ဟောတော်မူပြီ၊ ဟိ- ထိုစကားသည်မှန်၏၊ တဒါ- ထိုအခါ၌၊ သတ္ထာ- ဘုရားရှင်သည်၊ ဘိက္ခူဟိ- ရဟန်းတို့သည်၊ တဿ- ထိုအရှင်ဒေဝဒတ်၏၊ အဝဏ္ဏေ- ကျေးဇူးမဲ့ ကဲ့ရဲ့သော

စကားကို၊ ကထိတေ- ပြောဆိုအပ်သော်၊ "ဘိက္ခဝေ- ရဟန်းတို့၊ ဣဒါနေဝ- ယခုအခါ၌ သာလျှင်၊ (အယံ ဒေဝဒတ္တော- ဤအရှင်ဒေဝဒတ်သည်၊ မုသာဝါဒံ- မဟုတ်မမှန် ဆိုခြင်းကို၊ ကတွာ- ပြု၍၊ ပထဝိံ- မြေသို့၊ ပဝိဋ္ဌော- မျိုသည်၊) န- မဟုတ်သေး၊ ပုဗ္ဗေပိ- ရှေး၌လည်း၊ ဒေဝဒတ္တော- အရှင်ဒေဝဒတ်သည်၊ မုသာဝါဒံ- မဟုတ်မမှန် ဆိုခြင်းကို၊ ကတွာ- ပြု၍၊ ပထဝိံ- မြေသို့၊ ပဝိဋ္ဌောယေဝ- မျိုဘူးသည်သာတည်း၊" ဣတိ- ဤသို့ ဝတွာ- မိန့်တော်မူ၍၊ အတီတံ- အတိတ်ကို၊ အာဟရိ- ဆောင်တော်မူပြီ။

**အတိတ်ဝတ္ထု**

အတီတေ- လွန်လေပြီးသောအခါ၌၊ ဗာရာဏသိယံ- ဗာရာဏသီပြည်၌၊ ဗြဟ္မဒတ္တေ- ဗြဟ္မဒတ်မင်းသည်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေန္တေ- ပြုစဉ်၊ ပဉ္စသတဝါဏိဇာ- ငါးရာကုန်သော ကုန်သည်တို့သည်၊ နာဝါယ- သင်္ဘောဖြင့်၊ သမုဒ္ဒံ- သမုဒ္ဒရာသို့၊ ပက္ခန္ဒိတွာ- သွား၍၊ သတ္တမေ- ခုနစ်ရက်မြောက်သော၊ ဒိဝသေ- နေ့၌၊ အတီရဒဿနိယာ- ကမ်းကို မမြင်ကုန်သည်ဖြစ်၍၊ နာဝါယ- သင်္ဘောသည်၊ သမုဒ္ဒပိဋ္ဌေ- သမုဒ္ဒရာအပြင်၌၊ ဘိန္နာယ- ပျက်သည်ရှိသော်၊ ဧကံ- တစ်ယောက်သော လူကို၊ ဌပေတွာ- ထား၍၊ အဝသေသာ- ကြွင်းကျန်သော သင်္ဘောသားတို့သည်၊ မစ္ဆကစ္ဆပဘက္ခာ- ငါးလိပ်တို့၏ အစာတို့သည်၊ အဟေသုံ- ဖြစ်ကုန်ပြီ၊ ဧကောပန- တစ်ယောက်သော သူသည်ကား၊ ဝါတဝေဂေန- လေ၏ အဟုန်ဖြင့်၊ ကရမ္ဗိယပဋ္ဋနံ နာမ- ကရမ္ဗိယမည်သော သင်္ဘောဆိပ်သို့၊ ပါပုဏိ- ရောက်လေပြီ၊ သော- ထိုသူသည်၊ သမုဒ္ဒတော- သမုဒ္ဒရာမှ၊ ဥတ္တရိတွာ- တက်၍၊ နဂ္ဂဘောဂေါ- အဝတ်မဝတ်သော တက္ကတွန်း၏ အသုံးအဆောင်ရှိသည်ဖြစ်၍၊ တသ္မိံ ပဋ္ဋနေယေဝ- ထိုသင်္ဘောဆိပ်၌ သာလျှင်၊ ဘိက္ခာယ- ထမင်းစားခြင်းငှာ၊ စရိ- သွားပြီ၊ တမေနံ- ထိုသူကို၊ မနုဿာ- လူတို့သည်၊ "အယံ သမဏော- ဤရဟန်းသည်၊ အပ္ပိစ္ဆော- အလိုနည်း၏၊ သန္တုဋ္ဌော- ရောင့်ရဲလွယ်၏၊" ဣတိ- ဤသို့၊ သမ္ဘာဝေတွာ- ချီးမွမ်းကုန်၍၊ သက္ကာရံ- ပူဇော်ခြင်းကို၊ ကရိံသု- ပြုကုန်ပြီ၊ သော- ထိုသူသည်၊ "မေ- ငါသည်၊ ဇီဝိကာပါယော- အသက်မွေးခြင်း၏ အကြောင်းကို၊ လဒ္ဓေါ- ရအပ်ပြီ၊" ဣတိ- ဤသို့၊ (စိန္တေတွာ- ကြံ၍၊) တေသု- ထိုလူတို့သည်၊ နိဝါသနပါရုပနံ- ဝတ်ရုံစရာပုဆိုးကို၊ ဒေန္တေသုပိ- ပေးကုန်သော်လည်း၊ န ဣစ္ဆိ- အလိုမရှိ၊ တေ- ထိုလူတို့သည်၊ "ဣတော- ဤရဟန်းထက်၊ ဥတ္တရိ- အလွန်၊ အပ္ပိစ္ဆော- အလိုနည်းသော၊ သမဏော- ရဟန်းသည်၊ နတ္ထိ- မရှိ၊" ဣတိ- ဤသို့၊ (စိန္တေတွာ- ကြံ၍၊) ဘိယျော ဘိယျော- အလွန့် အလွန်၊ ပသီဒိတွာ- ကြည်ညိုကုန်၍၊

တဿ- ထိုသူအား၊ အဿမပဒံ- သင်္ခမ်းကျောင်းကို၊ ကတွာ- ဆောက်၍၊ တတ္ထ- ထိုသင်္ခမ်းကျောင်း၌၊ နံ- ထိုသူကို၊ နိဝါသာပေသုံ- နေစေကုန်ပြီ၊ သော- ထိုသူသည်၊ "ကရမ္ပိယအစေလော"တိ- ကရမ္ပိယတက္ကတွန်းဟူ၍၊ ပညာယိ- ထင်ရှားပြီ၊ တတ္ထ- ထိုကရမ္ပိယသင်္ဘောဆိပ်၌၊ ဝသန္တဿ- နေသော၊ တဿ- ထိုတက္ကတွန်းအား၊ မဟာလာဘသက္ကာရော- များစွာသော လာဘ်ပူဇော် သက္ကာရရှိသည်၊ ဥဒပါဒိ- ထင်ရှားဖြစ်ပြီ။

ဧကော- တစ်ကောင်သော၊ နာဂရာဇာပိ- နဂါးမင်းသည်လည်းကောင်း၊ သုဝဏ္ဏရာဇာစ- ဂဠုန်မင်းသည်လည်းကောင်း၊ အဿ- ထိုတက္ကတွန်း၏၊ ဥပဋ္ဌာနံ- အနီးကပ်ရာနေရာသို့၊ အာဂစ္ဆန္တိ- လာကုန်ပြီ၊ တေသု- ထိုနဂါးမင်း, ဂဠုန်မင်းနှစ်ဦးတို့တွင်၊ နာဂရာဇာ- နဂါးမင်းသည်၊ နာမေန- အမည်အားဖြင့်၊ ပဏ္ဍရောနာမ- ပဏ္ဍရအမည်ရှိ၏၊ အထ- ထိုအခါ၌၊ ဧကဒိဝသံ- တစ်နေ့သ၌၊ သုပဏ္ဏရာဇာ- ဂဠုန်မင်းသည်၊ တဿ- ထိုတက္ကတွန်း၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ ဝန္ဒိတွာ- ရှိခိုးပြီး၍၊ ဧကမန္တံ- တစ်ဘက်သော အစွန်း၌၊ နိသိန္နော- နေလျက်၊ "ဘန္တေ- အရှင်ဘုရား၊ အမှာကံ- အကျွန်ုပ်တို့၏၊ ဉာတကာ- အမျိုးတို့သည်၊ နာဂေ- နဂါးတို့ကို၊ ဂဏှန္တာ- ဖမ်းကုန်လတ်သော်၊ ဗဟူ- များစွာကုန်သော၊ (သုပဏ္ဏာ- ဂဠုန်တို့သည်၊) ဝိနဿန္တိ- ပျက်စီးကုန်၏၊ ဧတေသံနာဂါနံ- ထိုနဂါးတို့ကို၊ ဂဟဏနိယာမံ- ဖမ်းယူခြင်း၏ အမှတ်ကို၊ မယံ- အကျွန်ုပ်တို့သည်၊ နဇာနာမ- မသိပါကုန်၊ တေသံ- ထိုနဂါးတို့အား၊ ဂုယှကာရဏံ- လျှို့ဝှက်အပ်သော အကြောင်းသည်၊ အတ္ထိကိရ- ရှိသတတ်၊ တုမှေ- အရှင်ဘုရားတို့သည်၊ ဧတေ- ထိုနဂါးတို့ကို၊ ပိယာယမာနာဝိယ- ချစ်ကျွမ်းဝင်ကုန်သကဲ့သို့ (ကတွာ- ပြုကုန်၍၊) တံကာရဏံ- ထိုအကြောင်းကို၊ ပုစ္ဆိတုံ- မေးခြင်းငှာ၊ သက္ကုဏေယျာထနုခေါ- တတ်နိုင်ပါကုန်အံ့လော၊" က္ကတိ ဧဝံ- ဤသို့၊ အာဟ- မေးလျှောက်ပြီ၊ သော- ထိုတက္ကတွန်းသည်၊ "သာဓူ"တိ- ကောင်းပြီဟု၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ သုပဏ္ဏရာဇေ- ဂဠုန်မင်းသည်၊ ဝန္ဒိတွာ- ရှိခိုး၍၊ ပက္ကန္တေ- ဖဲသွားလတ်သော်၊ နာဂရာဇဿ- နဂါးမင်း၏၊ အာဂတကာလေ- လာသောအခါ၌၊ ဝန္ဒိတွာ- ရှိခိုး၍၊ နိသိန္နံ- နေသော၊ နာဂရာဇာနံ- နဂါးမင်းကို၊ "နာဂရာဇ- နဂါးမင်း၊ သုပဏ္ဏာ- ဂဠုန်တို့သည်၊ တုမှေ- သင်တို့ကို၊ ဂဏှန္တာ- ဖမ်းယူကုန်လတ်သော်၊ ဗဟူ- များစွာကုန်သော ဂဠုန်တို့သည်၊ ဝိနဿန္တိ ကိရ- ပျက်စီးကုန်သတတ်၊ တုမှေ- သင်တို့ကို၊ ဂဏှန္တာ- ဖမ်းယူကုန်သော ဂဠုန်တို့သည်၊ ကထံ- အဘယ်ကြောင့်၊ န

သင်္ကောန္တိ- မတတ်နိုင်ကုန်သနည်း၊” ဣတိ- ဤသို့ ပုစ္ဆိ- မေးပြီ၊ ဘန္တေ- အရှင်ဘုရား၊ ဣဒံ (ကာရဏံ)- ဤအကြောင်းသည်၊ အမှာကံ- အကျွန်ုပ်တို့၏၊ ဂုယှံ- လျှို့ဝှက်အပ်သော၊ ရဟဿံ- လျှို့ဝှက်အပ်သော၊ (ကာရဏံ- အကြောင်းတည်း၊) ဣမံ- ဤအကြောင်းကို၊ ကထေန္တေန- ပြောဆိုသော၊ မယာ- အကျွန်ုပ်သည်၊ ဉာတိသံဃဿ- ဆွေမျိုးအပေါင်း၏၊ မရဏံ- သေခြင်းကို၊ အာဟဋံ- ဆောင်အပ်သည်၊ ဟောတိ- ဖြစ်ချေ၏၊ ဣတိ- ဤသို့ (အာဟ- ဆိုပြီ၊) အာဝုသော- ငါ့ရှင်နဂါးမင်း၊ ကိံ ပန- အဘယ်နည်း၊ “အယံ- ဤသူသည်၊ အညဿ- တစ်ပါးသော သူအား၊ (ဣမံကာရဏံ- ဤအကြောင်းကို၊) ကထေဿတိ- ပြောဆိုလတ္တံ့၊” ဣတိ- ဤသို့၊ တွံ- သင်သည်၊ ဧဝံ သညီ- ဤသို့သော အမှတ်ရှိသည်၊ ဟောသိ- ဖြစ်သလော၊ အဟံ- ငါသည်၊ (ဣဒံ ကာရဏံ- ဤအကြောင်းကို) အညဿ- တစ်ပါးသော သူအား၊ န ကထေဿာမိ- မပြောဆိုလတ္တံ့၊ ပန- စင်စစ်သော်ကား၊ အတ္တနာ- ကိုယ်တိုင်၊ ဇာနိတုကာမတာယ- သိခြင်းငှာ အလိုရှိသည်၏အဖြစ်ကြောင့်၊ (အဟံ- ငါသည်၊) ပုစ္ဆာမိ- မေး၏၊ တွံ- သင်သည်၊ မယှံ- ငါအား၊ သဒ္ဒဟိတွာ- ယုံကြည်၍၊ နိဗ္ဘယော- ကြောက်ခြင်းကင်းသည်၊ ဟုတွာ- ဖြစ်၍၊ ကထေဟိ- ပြောဆိုလော၊ ဣတိ- ဤသို့၊ (အာဟ- ဆိုပြီ၊) နာဂရာဇာ- နဂါးမင်းသည်၊ “ဘန္တေ- အရှင်ဘုရား၊ (အဟံ- ငါသည်၊) န ကထေဿာမိ- မပြောဆိုအံ့၊” ဣတိ- ဤသို့၊ (ဝတွာ- ဆိုပြီး၍၊) ဝန္ဒိတွာ- ရှိခိုး၍၊ ပက္ကာမိ- ဖဲသွားလေပြီ၊ ပုနဒိဝသေပိ- နက်ဖြန်နေ့၌လည်း၊ ပုစ္ဆိ- မေးပြန်ပြီ၊ တထာပိ- ထိုနေ့၌လည်း၊ အဿ- ထိုတက္ကတွန်းအား၊ န ကထေသိ- မပြောဆိုပြီ။

အထ- ထိုအခါ၌၊ တတိယဒိဝသေ- သုံးရက်မြောက်သောနေ့၌၊ အာဂန္ဒ္ဓာလာလတ်၍၊ နိသိန္နံ- ထိုင်နေသော၊ နံ- ထိုနဂါးမင်းကို၊ “နာဂရာဇ- နဂါးမင်း၊ အဇ္ဇ- ယနေ့၊ တတိယော- သုံးရက်မြောက်သော၊ ဒိဝသော- နေ့တည်း၊ ပုစ္ဆန္တဿ- မေးသော၊ မမ- ငါအား၊ ကိမတ္ထံ- အဘယ်ကြောင့်၊ (တွံ- သည်၊) န ကထေသိ- မပြောဆိုသနည်း၊” ဣတိ- ဤသို့၊ အာဟ- မေးပြီ၊ ဘန္တေ- အရှင်ဘုရား၊ “တုမှေ- အရှင်ဘုရားတို့သည်၊ အညဿ- တစ်ပါးသောသူအား၊ အာစိက္ခိဿထ- ပြောဆိုကုန်လတ္တံ့၊” ဣတိ- ဤသို့၊ ဘယေန- ကြောက်ခြင်းကြောင့်၊ (န အာစိက္ခိဿာမိ- မပြောဆိုပါ၊) ဣတိ- ဤသို့၊ (အာဟ- ဆိုပြီ၊) ကဿစိ- တစ်စုံတစ်ယောက်သော သူအား၊ န ကထေဿာမိ- ငါ မပြောဆိုအံ့၊ နိဗ္ဘယော- ကြောက်ခြင်းကင်းသည်ဖြစ်၍၊ ကထေဟိ- ပြောဆိုလော၊ ဣတိ- ဤသို့၊ (အာဟ- ဆိုပြီ၊) “ဘန္တေ- အရှင်ဘုရား၊ တေန ဟိ- ထိုသို့ဖြစ်လျှင်၊

အညဿ- တစ်ပါးသော သူအား၊ မာ ကထယိတ္ထ- ပြောဆိုတော်မမူပါကုန်လင့်၊” က္တတိ- ဤသို့၊ ပဋိညံ- ဝန်ခံခြင်းကို၊ ဂဟေတွာ- ယူ၍၊ “ဘန္တေ- အရှင်ဘုရား၊ မယံ- အကျွန်ုပ်တို့သည်၊ မဟန္တေ မဟန္တေ- အလွန်ကြီးကုန်သော၊ ပါသာဏေ- ကျောက်ခဲတို့ကို၊ ဂိလိတွာ- ငုံ၍၊ ဘာရိယာ- ဝန်လေးကုန်သည်၊ ဟုတွာ- ဖြစ်၍၊ နိပဇ္ဇိတွာ- ဝပ်ကုန်၍၊ သုပဏ္ဏာနံ- ဂဠုန်တို့၏၊ အာဂမနကာလေ- လာသောအခါ၌၊ မုခံ- ခံတွင်းကို၊ နိဗ္ဗာပေတွာ- ဖွင့်၍၊ ဒန္တေ- သွားတို့ကို၊ ဝိဝရိတွာ- ဖွင့်၍၊ သုပဏ္ဏေ- ဂဠုန်တို့ကို၊ ဍံသိတုံ- ကိုက်ခြင်းငှာ၊ အစ္ဆာမ- နေကုန်၏၊ တေ- ထိုဂဠုန်တို့သည်၊ အာဂန္တွာ- လာကုန်၍၊ အမှာကံ- အကျွန်ုပ်တို့၏၊ သီသံ- ဦးခေါင်းကို၊ ဂဏှန္တိ- ဖမ်းယူကုန်၏၊ တေသံ- ထိုဂဠုန်တို့သည်၊ ဂရုဘာရေဟုတွာ- အလွန်လေးကုန်သည်ဖြစ်၍၊ နိပန္နေ- ဝပ်၍ နေကုန်သော၊ အမှေ- ငါတို့ကို (ဥဒကမှာ- ရေမှ) ဥဒ္ဓရိတုံ- ထုတ်ယူခြင်းငှာ၊ ဝါယမန္တာနညေဝ- အားထုတ်ကုန်စဉ်သာလျှင်၊ ဥဒကံ- ရေသည်၊ ဩတ္ထရတိ- လွှမ်းမိ၏၊ တေသုပဏ္ဏာ- ထိုဂဠုန်တို့သည်၊ သီဒန္တာ- နစ်ကုန်သည်ဖြစ်၍၊ အန္တော ဥဒကေယေဝ- ရေထဲ၌သာ၊ မရန္တိ- သေကုန်၏၊ က္တမိနာ ကာရဏေန- ဤသို့သော အကြောင်းကြောင့်၊ ဗဟူ- များစွာကုန်သော၊ သုပဏ္ဏာ- ဂဠုန်တို့သည်၊ ဝိနဿန္တိ- ပျက်စီးကုန်၏၊ အမှေ- ငါတို့ကို၊ ဂဏှန္တာနံ- ဖမ်းယူလိုကုန်သော၊ တေသံ- ထိုဂဠုန်မိုက်တို့အား၊ သီသေန- ဦးခေါင်း၌၊ ဂဟိတေန- ဖမ်းယူခြင်းဖြင့်၊ ကိံ- အဘယ်အကျိုးရှိအံ့နည်း၊ ဗာလာ- ဂဠုန်မိုက်တို့သည်၊ နင်္ဂုဋ္ဌေ- အမြီး၌၊ ဂဟေတွာ- ကိုင်၍၊ အမှေ- အကျွန်ုပ်တို့ကို၊ ဟေဋ္ဌာသီသကေ- ဦးခေါင်းအောက်သို့ တွဲလျားရှိ သည်တို့ကို၊ ကတွာ- ပြုကုန်၍၊ ဂဟိတံ- ယူအပ်သော၊ ဂေါစရံ- အစာကို၊ မုခေန- ခံတွင်းဖြင့်၊ ဆဍ္ဍာပေတွာ- အန်စေ၍၊ လဟုကေ- ပေါ့သည်တို့ကို၊ ကတွာ- ပြု၍၊ ဂန္တုံ- သွားခြင်းငှာ၊ သက္ကောန္တိ- တတ်နိုင်ကုန်၏၊” က္တတိ- ဤသို့၊ သော- ထိုပဏ္ဏရကနဂါးမင်းသည်၊ အတ္တနော- မိမိ၏၊ ရဟဿ- ကာရဏံ- လျှို့ဝှက်အပ်သော အကြောင်းကို၊ ဒုဿီလဿ- သီလမရှိသော၊ တဿ- ထိုတက္ကတွန်းအား၊ ကထေသိ- ပြောဆိုပြီ။

အထ- ထိုသို့ပြောဆိုသောအခါ၌၊ တသ္မိံ- ထိုနဂါးမင်းသည်၊ ပက္ကန္တေ- ဖဲသွားသည်ရှိသော်၊ သုပဏ္ဏရာဇာ- ဂဠုန်မင်းသည်၊ အာဂန္တွာ- လာ၍၊ ကရမ္ဗိယ- အစေလကံ- ကရမ္ဗိယတက္ကတွန်းကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ “ဘန္တေ- အရှင်ဘုရား၊ တေ- အရှင်ဘုရားသည်၊ နာဂရာဇဿ- ပဏ္ဏရကနဂါးမင်းအား၊ ဂုယှကာရဏံ- လျှို့ဝှက်အပ်သော အကြောင်းကို၊ ပုစ္ဆိတံကိံ- မေးအပ်ပြီလော၊” က္တတိ- ဤသို့ အာဟ-

မေးလျှောက်ပြီ၊ သော- ထိုတက္ကတွန်းသည်၊ အာဝုသော- ငါ့ရှင် ဂဠုန်မင်း၊ အာမ- ငါမေးအပ်ပြီ၊ "က္ကတိ- ဤသို့ ဝတွာ- ဆို၍၊ တေန- ထိုနဂါးမင်းသည်၊ ကထိတနိယာ- မေနေဝ- ပြောဆိုအပ်သော အမှတ်ဖြင့်သာလျှင်၊ သဗ္ဗံ- အလုံးစုံကို၊ ကထေသိ- ပြောဆိုပြီ၊ တံ- ထိုကရမ္ဗိယတက္ကတွန်း ပြောဆိုသော စကားကို၊ သုတွာ- ကြား၍၊ သုပဏ္ဏော- ဂဠုန်မင်းသည်၊ "နာဂရာဇေန- နဂါးမင်းသည်၊ အယုတ္တံ- မသင့်မလျော် သည်ကို၊ ကတံ- ပြုအပ်ဘိ၏၊ ဉာတိနံ့နာမ- အဆွေအမျိုးမည်သည်တို့၏၊ နဿနနိ- ယာမော- ပျက်စီးအံ့သောနည်းကို၊ ပရဿ- သူတစ်ပါးအား၊ န ကထေတဗ္ဗော- မပြောဆိုအပ်၊ ဟောတု- ရှိပါစေ၊ အဇ္ဇေဝ- ယနေ့ပင်လျှင်၊ မယာ- ငါသည်၊ သုပဏ္ဏဝါတံ- ဂဠုန်တို့၏ လေအဟုန်ကို၊ ကတွာ- ပြု၍၊ ပဌမံ- ရှေးဦးစွာ၊ တမေဝ- ထိုနဂါးမင်းကို ပင်၊ ဂဟေတုံ- ဖမ်းခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊" က္ကတိ- ဤသို့ ကြံ၍၊ သုပဏ္ဏဝါတံ- ဂဠုန်တို့၏ လေအဟုန်ကို၊ ကတွာ- ပြု၍၊ ပဏ္ဍရကနာဂရာဇာနံ- ပဏ္ဍရကနဂါးမင်းကို၊ နင်္ဂုဋ္ဌေ- အမြီး၌၊ ဂဟေတွာ- ကိုင်ယူ၍၊ ဟေဋ္ဌာသီသံ- ဦးခေါင်းစောက်ထိုးကို၊ ကတွာ- ပြု၍၊ ဂဟိတဂေါစရံ- ယူအပ်သော အစာကို၊ ဆဍ္ဍာပေတွာ- စွန့်စေပြီး၍၊ ဥပ္ပတိတွာ- ခုန်တက်၍၊ အာကာသံ- ကောင်းကင်သို့ ပက္ခန္ဒိ- ပျံလေပြီ၊ ပဏ္ဍရော- ပဏ္ဍရကနဂါးမင်း သည်၊ အာကာသေ- ကောင်းကင်၌၊ ဟေဋ္ဌာသီသကံ- ဦးခေါင်းစောက်ထိုးရှိသည်ကို၊ ဩလမ္ဗန္တော- တွဲလျားဆွဲလျက်၊ "မယာဝ- ငါသည်သာလျှင်၊ မမ- ငါ၏၊ ဒုက္ခံ- ဆင်းရဲကို၊ အာဘတံ- ဆောင်အပ်ပြီ၊" က္ကတိ- ဤသို့၊ (ဝတွာ- ဆို၍၊) ပရိဒေဝန္တော- ငိုကြွေးမြည်တမ်းလျက်၊ "ဝိကိဏ္ဏဝါစံ အနိဂုယှမန္တံ (ပ) သုပဏ္ဏပါဏုပဂ တာဝတျမှာ"တိ- တိကိဏ္ဏဝါစံ အနိဂုယှမန္တံ (ပ) သုပဏ္ဏပါဏုပဂ တာဝတျမှာ-ဟူကုန်သော၊ (က္ကမာအဋ္ဌဂါထာ- ဤရှစ်ဂါထာတို့ကို၊) အာဟ- ဆိုပြီ။

၂၅၈။ ဝိကိဏ္ဏဝါစံ- နှုတ်မစောင့်သော စကားရှိသော၊ အနိဂုယှမန္တံ- မဖုံးလွှမ်း အပ်သော အတိုင်းအပင်ရှိသော၊ အသညတံ- ကိုယ်နှုတ်နှလုံးကို စောင့်ခြင်းငှာ မစွမ်းနိုင်သော၊ [အပရိစက္ခိတာရံ(အပရိရက္ခိတာရံ)]- လျှို့ဝှက်အပ်သော အတိုင်အပင်ကို စောင့်နိုင်အံ့သောသူ မစောင့်နိုင် အံ့သောသူကို စုံစမ်းခြင်းငှာ မစွမ်းနိုင်သော၊ တံ- ထိုဆိုအပ်ပြီးသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော၊ အဗောဓံ- ပညာမရှိသော ပုဂ္ဂိုလ်ကို၊ ပဏ္ဍရကံ- ပဏ္ဍရကအမည်ရှိသော၊ နာဂံ- နဂါးမင်းကို၊ သုပဏ္ဏော- ဂဠုန်မင်းသည်၊ အန္ဒာဂတောယထာ- မိမိနိုင်ငံသို့ လိုက်စေသကဲ့သို့ တထာ- ထိုအတူ၊ သယံ- မိမိသည်၊ ကတမေဝ- ပြုအပ်သော အမှုသည်သာလျှင်၊ ဘယံ- ဘေးသို့ အန္ဒေတိ- အစဉ်လိုက်၏။

၂၅၉။ ယောနရော- အကြင်ပုဂ္ဂိုလ်သည်၊ [ပရိရက္ခဏေယျ (ပရိရက္ခနေယျ)]- စောင့်ရှောက်အပ်သော၊ ဂယှမန္တံ- လျှို့ဝှက်အပ်သော အတိုင်အပင်ကို၊ မောဟာ- မိုက်သောကြောင့်၊ ဟာသမာနော- နှစ်လိုဝမ်းသာ ရွှင်လန်းစွာ လျက်၊ ပါပပုရိသဿ- စောင့်ရှောက်ခြင်းငှာ မတတ်နိုင်သော ယောကျ်ား ယုတ်အား၊ သံသတိ- ပြောဆိုအံ့၊ ပဏ္ဍရကံ- ပဏ္ဍရကအမည်ရှိသော၊ နာဂံ- နဂါးမင်းကို၊ သုပဏ္ဏော- ဂဠုန်မင်းသည်၊ အန္ဓာဂတောယထာ- မိမိနိုင်ငံသို့ လိုက်စေသကဲ့သို့ တထာ- ထိုအတူ၊ ဘိန္နမန္တံ- ပျက်သောအတိုင်အပင်ရှိသော၊ တံနရံ- ထိုပုဂ္ဂိုလ်သို့၊ ဘယံ- ဘေးသည်၊ ခိပ္ပံ- လျင်စွာ၊ အန္ဒေတိ- အစဉ်လိုက်၏။။

၂၆၀။ ယော- အကြင်ပုဂ္ဂိုလ်သည်၊ အနုမိတ္တော- အဆွေခင်ပွန်းတုသည်၊ ဟောတိ- ဖြစ်၏၊ ဟာဒယေန- ချစ်သောစိတ်ဖြင့်၊ နမိတ္တော- အဆွေခင်ပွန်းစစ် မဟုတ်၊ သော- ထိုပုဂ္ဂိုလ်သည်၊ ဂရုံ- ဝန်လေးသော၊ ဂုယှံ- လျှို့ဝှက်အပ်သော၊ အတ္ထံ- အကျိုးစီးပွားကို၊ ဝေဒိတုံ- သိခြင်းငှာ၊ နအဟရဟာတိ- မထိုက်၊ ယော- အကြင် ပုဂ္ဂိုလ်သည်၊ သုမိတ္တောစ- အဆွေခင်ပွန်းကောင်းသည်မူလည်း ဖြစ်အံ့၊ အမိတ္တောစ- ရန်သူမူလည်း ဖြစ်အံ့၊ အသမ္ဗုဒ္ဓဝါ- ပညာမရှိသည် မူသည်လည်းဖြစ်အံ့၊ သမ္ဗုဒ္ဓဝါ- ပညာရှိသည်မူလည်းဖြစ်အံ့၊ အနတ္ထံဝါ- အစီးအပွားမဲ့ကိုမူလည်း ကျင့်တတ်အံ့၊ သောပိ- ထိုပုဂ္ဂိုလ်သည်လည်း၊ ဂရုံ- ဝန်လေးသော၊ ဂုယှံ- လျှို့ဝှက်အပ်သော၊ အတ္ထံ- အကျိုးစီးပွားကို၊ ဝေဒိတုံ- သိခြင်းငှာ၊ နအရဟာတိ- မထိုက်၊

၂၆၁။ အယံ- ဤသည်ကား၊ သမဏော- ကိလေသာငြိမ်းပြီးသူဟူ၍ လည်းကောင်း၊ သမ္မတော- လောကဌ် အမြတ်ဟု သမုတ်အပ်သော သူဟူ၍ လည်းကောင်း၊ ဘာဝိတတ္တော- ပွားစေအပ်သော သူဟူ၍လည်းကောင်း၊ မညမာနော- ထင်မှတ်၍၊ အဟံ- ငါသည်၊ [အစေလံ(အစေဋ္ဌံ)]- အစေဋ္ဌကတက္ကတွန်း၌၊ ဝိဿာသံ- အကျွမ်းဝင်ခြင်းသို့ အာပဇ္ဇိံ- ရောက်မိပြီ၊ အဟံ- ငါသည်၊ တဿ- ထိုတက္ကတွန်းအား၊ ဂုယှံ- လျှို့ဝှက်အပ်သော၊ အတ္ထံ- အကျိုးစီးပွားကို၊ အက္ခိံ- ပြောမိပြီ၊ ဝိဝရိံ- ဖွင့်မိပြီ၊ အတီတမတ္တော- လွန်ပြီးသော အစီးအပွားရှိသော ငါသည်၊ ကဒါနိ- ယခုအခါ၌၊ ကပဏံ- အထီးကျန်သည်ဖြစ်၍၊ ရုဒါမိ- ငိုရ၏။

၂၆၂။ ဖြဟေ့- မြတ်သောဂဠုန်မင်း၊ တဿ- ထိုတက္ကတွန်းအား၊ ပရမံ- မြတ်သော၊ ဂုယှံ- လျှို့ဝှက်အပ်သော၊ က္ကမံဝါစံ- ဤစကားကို၊ အဟံ- ငါသည်၊ ဟိယဿာ- အကြင်ကြောင့်၊ သံယမေတုံ- စောင့်စည်းခြင်းငှာ၊ နာသက္ခိံ- မတတ်နိုင်ခဲ့၊ ဟိ ယဿာ- အကြင့်ကြောင့်၊ ဘယံ- ဘေးသည်၊ မမံ- ငါသို့၊ တပ္ပက္ခတောဟိ- ထိုတက္ကတွန်း အထံမှလျှင်၊ အာဂတံ- ရောက်လာ၏၊ ကတိတဿာ- ထိုကြောင့်၊ အတီတမတ္တော- လွန်ပြီးသော အစီးအပွားရှိသော ငါသည်၊ ကပဏံ- အထီးကျန်သည်ဖြစ်၍၊ ရုဒါမိ- ငိုရ၏။

၂၆၃။ ယောနရော- အကြင်သူသည်၊ ဝေ- စင်စစ်၊ သုဟဒံ သုဟဒေါ- ကောင်းသော စိတ်နှလုံးရှိသော သူဟူ၍၊ မညမာနော- ထင်မှတ်လျက်၊ ဒေါသော- အမျက်ကြောင့်လည်းကောင်း၊ ဘယာ- ကြောက်သောကြောင့် လည်းကောင်း၊ အထ- ထို့ပြင်၊ ရာဂရတ္တာဝါ- ရာဂဖြင့် တပ်မက်မောသောကြောင့် လည်းကောင်း၊ ဂုယှံ- လျှို့ဝှက်အပ်သော၊ အတ္ထံ- အကျိုးစီးပွားကို၊ [ဒုက္ကုလီနေ(ဒုက္ကုလိနေ)]- အမျိုးယုတ်သောသူတို့ကို၊ သံသတိ- ပြောဆို၏၊ ဗာလော- မလိမ္မာသော၊ သောနရော- ထိုသူသည်၊ အသံသယံ- ယုံမှားမဲ့၊ [ပလ္လတ္ထိတော(ပလ္လိတ္ထိတော)]- မိမိကိုယ်ကို သတ်သည်မည်သည်၊ ဟောတိ- ဖြစ်၏။

၂၆၄။ တိရောက္ခဝါစော- ဖီလာဟုဆိုအပ်သော ဖုံးလွှမ်းအပ်သော စကားရှိသော၊ ယောနရော- အကြင်သူသည်၊ အသတံ- သူယုတ်မာတို့၏၊ အန္တရံ- အတွင်းသို့ ပဝိဋ္ဌော- ဝင်၍၊ ဝါကျံ- လျှို့ဝှက်အပ်သော စကားကို၊ သင်္ဂတီသု- ပရိသတ်အလယ်တို့၌၊ ဥဒီရေတိ- ဆိုတတ်၏၊ တံနရံ- ထိုသူကို၊ အာသီဝိသော- လျင်သောအဆိပ်ရှိသော မြွေနှင့် တူသော၊ ဒုမ္မုခေါတိ- ပုပ်သော ခံတွင်းရှိသောသူဟူ၍၊ အာဟု- ဆိုကုန်၏၊ တာဒိသမှာ- ထိုသို့သဘောရှိသော သူမှ၊ အာရာအာရာ- ဝေးစွာဝေးစွာ၊ သံယမေ- ရှောင်ကြဉ်ရာ၏။

၂၆၅။ အန္နံ- ထမင်းကိုလည်းကောင်း၊ ပါနံ- အဖျော်ကိုလည်းကောင်း၊ ကာသိကစန္ဒနဉ္စ- ကာသိကတိုင်း၌ဖြစ်သော စန္ဒကူးကိုလည်းကောင်း၊ မနာပိတ္ထိယော- နှစ်လိုဖွယ်ရှိကုန်သော မိန်းမတို့ကိုလည်းကောင်း၊ မာလမုစ္ဆာဒနဉ္စ- နတ်၌ဖြစ်သောပန်း နတ်၌ဖြစ်သော နံ့သာမျိုးလေးပါး ကသယ်မှုန့်ကိုလည်းကောင်း၊ ဧတေသဗ္ဗကာမေ- ထိုအလုံးစုံသော နတ်၌ ဖြစ်သော ကာမဂုဏ်တို့ကို၊ ဩဟာယ- စွန့်၍၊ မယံ- ငါတို့သည်၊ ဂစ္ဆာမသေ-

သွားရကုန်အံ့သည်တကား၊ သုပဏ္ဏ- ဂဠုန်မင်း၊ တေ- ဂဠုန်မင်းအား၊ ပါဏူပဂတာဝ- အသက်တို့ဖြင့် ကိုးကွယ်ခြင်းသို့ ရောက်ကုန်သည်သာလျှင်၊ အမှာ- ဖြစ်ကုန်၏။

တတ္ထ- ထိုဝိကိဏ္ဏဝါစံသော ဂါထာတို့၌၊ **ဝိကိဏ္ဏဝါစန္တိ**- ဝိကိဏ္ဏဝါစံဟူသည်ကား၊ ပတ္ထဋဝစနံ- ပြန့်နှံ့သော စကားရှိသော၊ **အနိဂုယှမန္တန္တိ**- အနိဂုယှမန္တံဟူသည်ကား၊ အပ္ပဋိစ္ဆန္နမန္တံ- မဖုံးလွှမ်းအပ်သော အတိုင်အပင်ရှိသော၊ **အသညတန္တိ**- အသညတံဟူသည်ကား၊ ကာယဒွါရာဒီနိ- ကာယဒွါရအစရှိသည်တို့ကို၊ ရက္ခိတုံ- စောင့်ခြင်းငှာ၊ အသက္ကောန္တံ- မစွမ်းနိုင်သော၊ **အပရိစက္ခိတာရန္တိ**- အပရိစက္ခိတာရံဟူသည်ကား၊ အယံ- ဤသူသည်၊ မယာ- ငါသည်၊ ကထိတမန္တံ- ဆိုအပ်သောအတိုင်အပင်ကို၊ ရက္ခိတုံ- စောင့်ခြင်းငှာ၊ သက္ခိဿတိ- စွမ်းနိုင်လတ့ံလော၊ န သက္ခိဿတိ- မစွမ်းနိုင်လတ့ံလော၊ ဣတိ- ဤသို့၊ ပုဂ္ဂလံ- ပုဂ္ဂိုလ်ကို၊ ဩလောကေတုံ- ကြည့်ခြင်းငှာ၊ ဥပပရိက္ခိတုံ- စူးစမ်းခြင်းငှာ၊ အသက္ကောန္တံ- မစွမ်းနိုင်သော၊ **ဘယံ တမနွေတီတိ**- ဘယံ တမနွေတိဟူသည်ကား၊ စတူဟိ- လေးပါးကုန်သော၊ ဣမေဟိ အင်္ဂေဟိ- ဤအင်္ဂါတို့နှင့်၊ သမန္နာဂတံ- ပြည့်စုံသော၊ အဗောဓံ- မသိတတ်သော၊ ဒုပ္ပညံ- ပညာမရှိသော၊ တံ ပုဂ္ဂလံ- ထိုပုဂ္ဂိုလ်ကို၊ သယံ- မိမိသည်၊ ကတမေဝ- ပြုအပ်သည်သာလျှင်ဖြစ်သော၊ ဘယံ- ဘေးသည်၊ အန္ဝေတိ- အစဉ်လိုက်၏၊ မံ ပဏ္ဍရကနာဂံ- ပဏ္ဍရကအမည်ရှိသော ငါနဂါးမင်းသို့၊ သုပဏ္ဏော- ဂဠုန်မင်းသည်၊ အန္ဝာဂတော- ယထာ- အစဉ်လိုက်ဘိသကဲ့သို့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **သံသတိ ဟာသမာနောတိ**- သံသတိ ဟာသမာနောဟူသည်ကား၊ ရက္ခိတုံ- စောင့်ရှောက်ခြင်းငှာ၊ အသမတ္ထဿ- မစွမ်းနိုင်သော၊ ပါပပုရိသဿ- ယောကျ်ားယုတ်အား၊ ဟာသမာနော- ဝမ်းသာရွှင်လန်းလျက်၊ ကထေတိ- ပြောဆို၏၊ **နာနုမိတ္တောတိ**- နာနုမိတ္တောဟူသည်ကား၊ အနုဝတ္တနမတ္တေန- လျော်စွာကျင့်ကာမျှဖြင့်၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ မိတ္တော- မိတ်ဆွေသည်၊ (ဘဝတိ- ဖြစ်၏၊) ဟဒယေန- စိတ်ဖြင့်၊ (မိတ္တော- မိတ်ဆွေသည်၊) န- မဟုတ်၊ သော- ထိုပုဂ္ဂိုလ်သည်၊ ဂုယှံ- လျှို့ဝှက်သော၊ အတ္ထံ- အနက်အဓိပ္ပါယ်ကို၊ ဇာနိတုံ- သိခြင်းငှာ၊ နာရဟတိ- မထိုက်၊ ဣတိ- ဤသို့၊ ပရိဒေဝတိ- မည်တမ်း၏၊ **အသမ္ဗုဒ္ဓန္တိ**- အသမ္ဗုဒ္ဓံဟူသည်ကား၊ အသမ္ဗုဒ္ဓန္တော- ကောင်းစွာမသိသည်၊ အဇာနန္တော- မသိသည်၊ အပ္ပဉ္ဉော- ပညာမရှိသည်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **သမ္ဗုဒ္ဓန္တိ**- သမ္ဗုဒ္ဓံဟူသည်ကား၊ သမ္ဗုဒ္ဓန္တော-

ကောင်းစွာ သိသည်၊ ဇာနန္တော- သိသည်၊ သပ္ပညော- ပညာရှိသည်၊ ဣတိ- ဤကား၊ အတ္တော- အနက်တည်း၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ ယောပိ- အကြင် ပုဂ္ဂိုလ်သည်လည်း၊ သုဟဒယော- စိတ်နှလုံးကောင်းသော၊ မိတ္တော ဝါ- မိတ်ဆွေသည်လည်းကောင်း၊ အမိတ္တော ဝါ- ရန်သူသည်လည်းကောင်း၊ အပ္ပညောဝါ- ပညာမရှိသူသည်လည်းကောင်း၊ သပ္ပညောပိ ဝါ- ပညာရှိသူသည်လည်းကောင်း၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ အနတ္ထဝါ- အကျိုးမဲ့ကို ပြုတတ်သည်လည်းကောင်း၊ အနတ္ထစရော- အကျိုးမဲ့ကို ကျင့်တတ်သည်လည်းကောင်း၊ (ဘဝတိ- ဖြစ်၏၊) သောပိ- ထိုသူသည်လည်း၊ ဂုယှံ- လျှို့ဝှက်အပ်သော အနက်ကို၊ ဝေဒိတုံ- သိခြင်းငှာ၊ နာရဟတေ- မထိုက်၊ ဣတိ- ဤကား၊ အတ္တော- အနက်တည်း။

**သမဏော အယန္တိ**- သမဏော အယံဟူသည်ကား၊ အယံ- ဤသူသည်၊ သမဏောတိ စ- ကိလေသာတို့ကို ငြိမ်းပြီးသူဟူ၍လည်းကောင်း၊ လောကသမ္မတောတိ စ- လောက၌အမြတ်ဟု သမုတ်အပ်သော သူဟူ၍လည်းကောင်း၊ ဘာဝိတတ္တောတိ စ- ပွားစေအပ်ပြီးသော သူဟူ၍လည်းကောင်း၊ မညမာနော- မှတ်ထင်သည်ဖြစ်၍၊ အဟံ- ငါသည်၊ တေသံ- ထိုအစေလကတက္ကဒွန်း၌၊ ဝိဿာသံ- ရင်းနှီးခြင်းသို့၊ အာပဇ္ဇိံ- ရောက်ခဲ့ပြီ၊ **အက္ခိန္တိ**- အက္ခိံဟူသည်ကား၊ ကထေသိံ- ပြောခဲ့ပြီ၊ **အတီတမတ္တောတိ**- အတီတမတ္တောဟူသည်ကား၊ အတီတတ္တော- လွန်ပြီးသော အကျိုးစီးပွားရှိသည်၊ အတိက္ကန္တတ္တော- လွန်ပြီသော အကျိုးစီးပွားရှိသည်၊ ဟုတွာ- ဖြစ်၍၊ ဣဒါနိ- ယခုအခါ၌၊ ကပဏံ- အထီးကျန်သည်ဖြစ်၍၊ ရုဒါမိ- ငိုရ၏၊ ဣတိ- ဤသို့၊ ပရိဒေဝတိ- မြည်တမ်း၏၊ **တဿာတိ**- တဿဟူသည်ကား၊ တဿ အစေလကဿ- ထိုအစေလကအား၊ ပြဟ္မေတိ- ပြဟ္မေဟူသည်ကား၊ သုပဏ္ဏဂဠုန်မင်းကို၊ အာလပတိ- ပြဟ္မေဟု ခေါ်၏၊ **သံယမေတုန္တိ**- သံယမေတုံဟူသည်ကား၊ ဣမံ ဂုယှဝါစံ- ဤလျှို့ဝှက်အပ်သော စကားကို၊ ရဟဿကာရဏံ- လျှို့ဝှက်အပ်သော အကြောင်းကို၊ ရက္ခိတုံ- စောင့်ထိန်းခြင်းငှာ၊ နာသက္ခိံ- မတတ်နိုင်၊ **တပ္ပက္ခတောဟီတိ**- တပ္ပက္ခတောဟိဟူသည်ကား၊ ဣဒါနိ- ယခုအခါ၌၊ ဣဒံ ဘယံ- ဤဘေးသည်၊ မမ- ငါ့အား၊ တဿ အစေလကဿ- ထိုအစေလက၏၊ ပက္ခတော- အဖို့မှ၊ ကောဋ္ဌာသတော- အဖို့မှ၊ သန္တိကာ- အထံမှ၊ အာဂတံ- ရောက်လာခဲ့ပြီ၊ ဣတိ- ဤသို့၊ အတီတတ္တော- လွန်ပြီးသော အကျိုးစီးပွားရှိသည်၊ ကပဏံ- အထီးကျန်သည်၊ (ဟုတွာ- ဖြစ်၍၊) ရုဒါမိ- ငိုရ၏၊ ဣတိ- ဤကား၊ အတ္တော- အနက်တည်း၊ သုဟဒန္တိ-

သုဟာဒံဟူသည်ကား၊ အယံ- ဤတက္ကဒွန်းသည်၊ မမ- ငါအဖို့၊ သုဟဒေါ- စိတ်နှလုံးကောင်း၏၊ ဣတိ- ဤသို့၊ မညမာနော- မှတ်ထင်သည်ဖြစ်၍၊ ဒုက္ကုလီနေတိ- ဒုက္ကုလီနေဟူသည်ကား၊ အကုလဇေ- ယုတ်ညံ့သော အမျိုး၌ဖြစ်သော သူတို့ကို၊ နီစေ- နိမ့်ကျသောအမျိုး၌ဖြစ်သောသူတို့ကို၊ ဒေါသာတိ- ဒေါသဟူသည်ကား၊ ဒေါသာဒီဟိ- အမျက်ထွက်ခြင်းအစရှိကုန်သော၊ ဧတေဟိကာရဏေဟိ- ထိုအကြောင်းတို့ကြောင့်၊ ယော- အကြင်သူသည်၊ ဧဝရူပံ- ဤသို့သဘောရှိသော၊ ဂုယှံ- လျှို့ဝှက်အပ်သော အကျိုးစီးပွားကို၊ သံသတိ- ပြောဆို၏၊ ဗာလော- မလိမ္မာသော၊ သော- ထိုသူသည်၊ အသံသယံ- ယုံမှားမဲ့၊ ပလ္လတ္ထိတော- မိမိကိုယ်ကို သတ်သူမည်၏၊[၁] ပရိဝတ္တေတွာ- ပြန်လည်စေ၍၊ ပါပိတော- ရောက်စေအပ်သူသည်၊ ဟတောယေဝ နာမ- မိမိကိုယ်ကို သတ်စေအပ်သူမည်သည်၊ (ဘဝတိ- ဖြစ်၏၊) ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

**တိရောက္ခဝါစောတိ**- တိရောက္ခဝါစောဟူသည်ကား၊[၂] အတ္တနော- မိမိ၏၊ ယံ ဝါစံ- အကြင်စကားကို၊ ကထေတုကာမော- ပြောဆိုခြင်းငှာအလိုရှိ၏၊ တဿာ- ထိုစကား၏၊ တိရောက္ခကတတ္တာ- မျက်ကွယ်၌ ပြုအပ်သည်၏အဖြစ်ကြောင့်၊ ပဋိစ္ဆန္နဝါစော- ဖုံးလွှမ်းအပ်သောစကားရှိသူမည်၏၊[၃] **အသတံ ပဝိဋ္ဌောတိ**- အသတံ ပဝိဋ္ဌောဟူသည်ကား၊ အသပ္ပုရိသာနံ- သူတော်ကောင်းမဟုတ်သူတို့၏၊ အန္တရံ- အကြားသို့၊ ပဝိဋ္ဌော- ဝင်၍၊ အသပ္ပုရိသေသု- သူတော်ကောင်းမဟုတ်သူတို့၌၊ ပရိယာပန္နော- အကျုံးဝင်၍၊ **သင်္ဂတီသု မုဒီရေတီတိ**- သင်္ဂတီသု မုဒီရေတိဟူသည်ကား၊ ဧဝရူပေါ- ဤသို့သဘောရှိသော၊ ယော- အကြင်သူသည်၊ ပရေသံ- သူတစ်ပါးတို့၏၊ ရဟဿံ- လျှို့ဝှက်အပ်သောစကားကို၊ သုတွာဝ- ကြားရ၍လျှင်၊ ပရိသမဇ္ဈေသု- ပရိသတ်အလယ်တို့၌၊ အသုကေန- ဤမည်သော သူသည်၊

---

၁။ ပလ္လတ္ထိတ=ပရိ-ရှေးရှိသော အသ်-ဓာတ်- တ-ပစ္စည်း- ရိ-၏၊ ဣ-သရကို ယ်-ပြု- ရ်+ယ် ကို လ္လ-ပြု- သ်+တ-ကို တ္ထ ပြု- ဣတ-ပစ္စည်းထပ်၍ဆက်၊ ပရိ-အပြင်ဘက်၊ အသ်-ရှိခြင်း၊ တ-အပ်=အပြင်ဘက်၌ရှိအပ်သူ၊ နှုတ်မလုံသဖြင့် လျှို့ဝှက်စကားပြောသည့်အခါ အတွင်း၌ မထားအပ်သူ။

၂။ တိရောက္ခဝါစော= တိရ+အက္ခ= မျက်ကွယ်၊ ဝါစော- စကားရှိသူ=လူတစ်ဦး၏ မကောင်းကြောင်းကို ထိုသူ၏မျက်ကွယ်၌ ပြောဆိုတတ်သူ။

၃။ ပုန်းရှိုး ကွယ်ရှိုး တိတ်တိတ်ပုန်း စကားပြောဆိုတတ်သူဟု ဆိုလိုသည်။

အသုက်နာမ- ဤမည်သောအမှုကို၊ ကတံ- ပြုအပ်ပြီ၊ ဣတိဝါ- ဤသို့ လည်းကောင်း၊ အသုကေန- ဤမည်သောသူသည်၊ အသုကံ နာမ- ဤမည်သော အမှုကို၊ ဝုတ္တံ ဝါ- ပြောဆိုအပ်ပြီ၊ ဣတိဝါ- ဤသို့လည်းကောင်း၊ ဝါကျံ- စကားကို၊ ဥဒီရေတိ- မြွက်ဆို၏၊ တံ နရံ- ထိုသူကို၊ အာသီဝိသော- ပြင်းသော အဆိပ်ရှိသော မြွေနှင့်တူသူ၊ ဒုမ္မုခေါ- မကောင်းသော နှုတ်ရှိသူ၊ ပူတိမုခေါ- ပုပ်သောခံတွင်းရှိသူ၊ ဣတိ- ဤသို့၊ အာဟု- ဆိုကုန်ပြီ၊ တာဒိသမှာ- ထိုသို့သဘောရှိသော၊ ပုရိသာ- ယောက်ျားမှ၊ အာရာ အာရာ- အလွန်အလွန်ဝေးစွာ၊ သံယမေ- စောင့်စည်းရာ၏၊ ဒူရတော ဒူရတော- အဝေးကြီးမှလျှင်၊ ဝိရမေယျ- ရှောင်ကြဉ်ရာ၏၊ နံ- ထိုပုဂ္ဂိုလ်ကို၊ ပရိဝဇ္ဇေယျ- ရှောင်ကြဉ်ရာ၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ မာလမုစ္ဆာဒနဥ္စာတိ- မာလမုစ္ဆာဒနဥ္စဟူသည်ကား၊ မာလဥ္စ- ပန်းကိုလည်းကောင်း၊ ဒိဗ္ဗံ- နတ်၌ဖြစ်သော၊ စတုဇ္ဇာတိယဂန္ဓဥ္စ- နံ့သာလေးပါးကိုလည်းကောင်း၊ ဥစ္ဆာဒနဥ္စ- အပေါ်၌ ဖုံးလွှမ်းကြောင်းဖြစ်သော နံ့သာအမှုန့်ကိုလည်းကောင်း၊ ဩဟာယာတိ- ဩဟာယဟူသည်ကား၊ ဒိဗ္ဗအန္နာဒယော- နတ်၌ဖြစ်သော အစားအစာအစရှိကုန်သော၊ ဧတေ သဗ္ဗကာမေ- ထိုအလုံးစုံသော ကာမဂုဏ်တို့ကို၊ အဇ္ဇ- ယခု၊ မယံ- ငါတို့သည်၊ ဩဟာယ- ပယ်၍၊ ဆဍ္ဍေတွာ- စွန့်၍၊ ဂမိဿာမ- သွားရကုန်အံ့၊ သုပဏ္ဏ ပါဏူပဂတာဝ တျမှာတိ- သုပဏ္ဏ ပါဏူပဂတာဝတျမှ ဟူသည်ကား၊ ဘော သုပဏ္ဏ- အိုဂဠုန်မင်း၊ တေ- သင့်အား၊ ပါဏေဟိ- အသက်တို့ဖြင့်၊ ဥပဂတာ- ဆည်းကပ်ခြင်းသို့ ရောက်ကုန်သည်သာလျှင်၊ အမှာ- ဖြစ်ကုန်၏၊ နော- ငါတို့၏၊ သရဏံ- ကိုးကွယ်ရာသည်၊ ဟောဟိ- ဖြစ်ပါလော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့ ပဏ္ဍရကော- ပဏ္ဍရကနဂါးမင်းသည်၊ အာကာသေ- ကောင်းကင်၌၊ ဟေဋ္ဌာသီသကော- ဦးခေါင်းစောက်ထိုးရှိသည်ဖြစ်၍၊ ဩလမ္ဗန္တော- တွဲလျားဆွဲလျက်၊ အဋ္ဌဟိ ဂါထာဟိ- ရှစ်ဂါထာတို့ဖြင့်၊ ပရိဒေဝိ- ငိုကြွေးပြီ၊ သုပဏ္ဏော- ဂဠုန်မင်းသည်၊ တဿ- ထိုပဏ္ဍရကနဂါးမင်း၏၊ ပရိဒေဝနသဒ္ဒံ- ငိုကြွေးခြင်း၏ အသံကို၊ သုတွာ- ကြား၍၊ "နာဂရာဇ- နဂါးမင်း၊ အတ္တနော- မိမိ၏၊ ရဟဿံ- လျှို့ဝှက်အပ်သော စကားကို၊ အစေလကဿ- အဝတ်မဝတ်သော တက္ကတွန်းအား၊ ကထေတွာ- ပြောဆို၍၊ ဣဒါနိ- ယခုအခါ၌၊ ကိမတ္ထံ- အဘယ်ကြောင့်၊ (တွံ- သင်သည်၊) ပရိဒေဝသိ- ငိုကြွေးဘိသနည်း၊" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) တံ- ထိုပဏ္ဍရကနဂါးမင်းကို၊ ဂရဟိတွာ- ကဲ့ရဲ့လို၍၊ "ကော နီဓ တိဏ္ဏံ ဂရဟံ ဥပေတိ (ပ) ကိံ ကာရဏာ ပဏ္ဍရက'ဂ္ဂဟီတော"တိ-

ကော နီစ တိဏ္ဏံ ဂရဟံ ဥပေတိ (ပ) ကိံ ကာရဏာ ပဏ္ဍရက'ဂ္ဂ- ဟီတော-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၂၆၆။ နာဂရာဇ- နဂါးမင်း၊ ဣဓ- ဤနဂါးမင်းကို ဖမ်းယူရာ၌၊ တိဏ္ဏံ- ငါတို့ သုံးယောက်တို့တွင်၊ ကော- အဘယ်မည်သော၊ ပါဏဘူ- သတ္တဝါသည်၊ အသ္မိံလောကေ- ဤလောက၌၊ ဂရဟံ- ကဲ့ရဲ့အပ်သောအဖြစ်သို့၊ ဥပေတိနု- ရောက်မည်နည်း၊ သမဏော- တက္ကတွန်းရဟန်းသည်တည်း၊ ဂရဟံ- ကဲ့ရဲ့အပ်သောအဖြစ်သို့ ဥပေတိနု- ရောက်မည်လော၊ အထဝါ- ထိုသို့မဟုတ်မူကား၊ သုပဏ္ဏော- ဂဠုန်မင်းသည်တည်း၊ ဂရဟံ- ကဲ့ရဲ့အပ်သော အဖြစ်သို့ ဥပေတိနု- ရောက်မည်လော၊ အထဝါ- ထိုသို့မူကား၊ တွမေဝ- သင်သည်လျှင်၊ ဂရဟံ- ကဲ့ရဲ့အပ်သောအဖြစ်သို့ ဥပေတိနု- ရောက်မည် လော၊ ပဏ္ဍရက- ပဏ္ဍရကနဂါးမင်း၊ ကိံ ကာရဏာ- အဘယ်ကြောင့်၊ မံ- ငါကို၊ သုပဏ္ဏော- ဂဠုန်မင်းသည်၊ [အဂ္ဂဟီတော (ဂဟိတော)]- ဖမ်းလေ သနည်း၊ ဣတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ အတ္တနာမေဝ- မိမိ ကိုယ်ကိုသာလျှင်၊ ဂရဟိ- သင်ကဲ့ရဲ့လော။

တတ္ထ- ထိုကော နီစသော ဂါထာ၌၊ ကော နီဓာတိ- ကောနီဓဟူသည်ကား၊ ဣဓ- ဤလောက၌၊ တီသု- သုံးယောက်ကုန်သော၊ အမှေသု- ငါတို့ဖြစ်ကုန်သော၊ ဇနေသု- လူတို့တွင်၊ ကော နု- အဘယ်သူသည်၊ အသ္မိံဓာတိ ဧတ္ထ- အသ္မိံဟူ သောဤပုဒ်၌၊ ဣဓာတိ- ဣဓဟူသည်ကား၊ နိပါတမတ္တံ- နိပါတ်မျှတည်း၊ အသ္မိံ လောကေ- ဤလောက၌၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ပါဏဘူတိ- ပါဏဘူဟူသည်ကား၊ ပါဏဘူတော- သတ္တဝါသည်၊ အထဝါ တွမေဝါတိ- အထဝါ တွမေဝဟူသည်ကား၊ ဥဒါဟု- သို့မဟုတ်၊ တွံယေဝ- သင်သည်ပင်လျှင်၊ တတ္ထ- ထိုစကားရပ်၌၊ တာဝ- ရှေးဦးစွာ၊ သမဏံ- အစေလကကို၊ မာ ဂရဟ- မကဲ့ရဲ့ပါလင့်၊ ဟိ- အကြောင်းကား၊ သော- ထိုအစေလကတက္ကဒွန်းသည်၊ ဥပါယေန- ဥပါယ်တမျဉ်ဖြင့်၊ တံ ရဟဿံ- ထိုလျှို့ဝှက်အပ်သောအမှုကို၊ ပုစ္ဆိ- မေးခဲ့ပြီ၊ သုပဏ္ဏမ္ပိ- ဂဠုန်ကိုလည်း၊ မာ ဂရဟ- မကဲ့ရဲ့ပါလင့်၊ ဟိ- မှန်၏၊ အဟံ- ငါဂဠုန် သည်၊ တဝ- သင်နဂါး၏၊ ပစ္စတ္ထိကော- ရန်သူပင်တည်း၊ ပဏ္ဍရကဂ္ဂဟီတောတိ- ပဏ္ဍရကဂ္ဂဟီတောဟူသည် ကား၊ သမ္မ ပဏ္ဍရက- အဆွေပဏ္ဍရက နဂါးမင်း၊ အဟံ- ငါ့ကို၊ ကိံကာရဏာ- အဘယ်အကြောင်းကြောင့်၊ သုပဏ္ဏေန- ဂဠုန်သည်၊ ဂဟိတော- ဖမ်းယူအပ်သနည်း၊

ဣတိ- ဤသို့ စိန္တေတွာ စ ပန- ကြံစည်ပြီး၍ကား၊ အတ္တာနမေဝ- မိမိကိုယ်ကိုသာလျှင်၊ ဂရဟ- ကဲ့ရဲ့လော၊ ဟိ- အကြောင်းကား၊ တယာ- သင်သည်၊ ရဟဿံ- လျှို့ဝှက်အပ်သော စကားကို၊ ကထေန္တေန- ပြောဆိုခြင်းဖြင့်၊ အတ္တနာဝ- မိမိသည်ပင်လျှင်၊ အတ္တနော- မိမိ၏၊ အနတ္ထော- အကျိုးမဲ့ကို၊ ကတော- ပြုအပ်ပြီ၊ ဣတိ အယံ- ဤသည်ကား၊ ဧတ္ထ- ဤစကားရပ်၌၊ အဓိပ္ပါယော- အဓိပ္ပါယ်တည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ပဏ္ဍရကော- ပဏ္ဍရကနဂါးမင်းသည်၊ (အတ္တနော- မိမိ၏၊ ကာရဏံ- အကြောင်းကို၊ သုပဏ္ဏဿ- ဂဠုန်မင်းအား၊ ကထေန္တော- ပြောကြားလိုသည်ဖြစ်၍၊) "သမဏောတိ မေ သမ္မတတ္တော အဟောသိ (ပ) အတီတမတ္တော ကပဏံ ရုဒါမိ"တိ- သမဏောတိ မေ သမ္မတတ္တော အဟောသိ (ပ) အတီတတ္တော ကပဏံ ရုဒါမိ-ဟူသော၊ ဣတရံ- တစ်ပါးသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၂၆၇။ ဘောသုပဏ္ဏ- အိုဂဠုန်မင်း၊ သောသမဏော- ထိုတက္ကတွန်း ရဟန်းကို၊ မေ- ငါသည်၊ သမ္မတတ္တော- သူတော်ကောင်းဟူ၍ သမုတ်အပ်သည်၏ အဖြစ်သည်၊ အဟောသိ- ဖြစ်၏၊ မေ- ငါအား၊ ပိယောစ- ချစ်အပ်သည်လည်း၊ အဟောသိ- ဖြစ်၏၊ မနသာ- စိတ်ဖြင့်၊ ဘာဝိတတ္တောစ- ပွားစေအပ်သော ကောင်းသောသဘောရှိသည်၏အဖြစ်သည်လည်း၊ အဟောသိ- ဖြစ်၏၊ ဣတိ- ဤသို့ထင်မှတ်၍၊ အဟံ- ငါသည်၊ တဿ- ထိုတက္ကတွန်းရဟန်းအား၊ ဂုယှံ- လျှို့ဝှက်အပ်သော၊ အတ္ထံ- အကျိုးစီးပွားကို၊ အက္ခိံ- ပြောဆို၏၊ ဝိဝရိံ- ဖွင့်မိ၏၊ ဣဒါနိ- ယခုအခါ၌၊ အတီတမတ္တော- လွန်လေပြီးသော အစီးအပွား ရှိသည်ဖြစ်၍၊ ကပဏံ- အထီကျန်လျက်၊ ရုဒါမိ- ငိုရ၏။

တတ္ထ- ထိုသမဏောတိစသော ဂါထာ၌၊ သမ္မတတ္တောတိ- သမ္မတတ္တော ဟူသည်ကား၊ သော သမဏော- ထိုအစေလကတက္ကဒွန်းသည်၊ မယှံ- ငါ့အဖို့ အယံ- ဤတက္ကဒွန်းသည်၊ သပ္ပုရိသော- သူတော်ကောင်းတည်း၊ ဣတိ- ဤသို့ သမ္မတဘာဝေါ- သမုတ်အပ်သော သဘောရှိသည်၊ အဟောသိ- ဖြစ်ခဲ့ပြီ၊ ဘာဝိတတ္တောတိ- ဘာဝိတတ္တောဟူသည်ကား၊ မေ- ငါ့အဖို့ သမ္ဘာဝိတဘာဝေါ စ- ပွားစေအပ်ပြီးသော စိတ်နှလုံးကောင်းရှိသူသည်လည်း၊ အဟောသိ- ဖြစ်ခဲ့ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တတော- ထိုနောင်မှ၊ သုပဏ္ဏော- ဂဠုန်မင်းသည်၊ (တဿ ပဏ္ဏာရကဿ- ထိုပဏ္ဏာရကနဂါးမင်းအား၊ ဓမ္မံ- တရားကို၊ ကထေန္တော- ဟောပြောလိုသည်ဖြစ်၍၊) "န စတ္ထိ သတ္တော အမရော ပထဗျာ (ပ) မန္တဿ ဘေဒံ ပရိသက်မာနော"တိ- န စတ္ထိ သတ္တော အမရော ပထဗျာ (ပ) မန္တဿ ဘေဒံ ပရိသက်မာနော-ဟူကုန်သော၊ စတဿောဂါထာ- လေးဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၃၀၃။ ဘဒ္ဒန္တေ- အရှင်ဒါနဝဘီလူး၊ သောကဋ္ဋာယ- စိုးရိမ်ခြင်းဖြင့် နှိပ်စက်အပ်သော၊ ဒုရတ္တာယ- ဆင်းရဲခြင်း အထီးကျန်ခြင်းသို့ ရောက်သော ကိုယ်ရှိသော၊ မမ- ငါ့အား၊ ရူပံ- အရောင် အဆင်းသည်၊ ကိံဝိဇ္ဇတေ- အဘယ်မှာရှိအံ့နည်း၊ ဘဒ္ဒန္တေ- အရှင်ဒါနဝဘီလူး၊ မယာ- အကျွန်ုပ် ထက်၊ အဘိရူပတရံ- အလွန်အဆင်းလှသော၊ အညံ- တစ်ပါးသော မိန်းမကို၊ ပရိယေသ- ရှာလေလော့။

၃၀၄။ သမ္ဗုလေ- သမ္ဗုလာမင်းသမီး၊ ဧဟိ- လာလှည့်၊ ဣမံဂိရိံ- ဤတောင်သို့ အာရုယှ- တက်လော့၊ မေ- ငါ၏၊ ဘရိယာ- မယားတို့သည်၊ စတုဿတာ- လေးရာရှိကုန်၏၊ တာသံ- ထိုလေးရာကုန်သော မယားတို့ထက်၊ တွံ- သင်သည်၊ သဗ္ဗကာမသမိဒ္ဓိနီ- အလုံးစုံသော အလိုဆန္ဒနှင့် ပြည့်စုံသည်ဖြစ်၍၊ ပဝရာ- မြတ်သည်၊ ဟောဟိ- ဖြစ်လော့။

၃၀၅။ တရကဝဏ္ဏာဘေ- ကြယ်ရောင်အဆင်းနှင့် တူသော အဆင်းရှိသော၊ သမ္ဗုလေ- သမ္ဗုလာမင်းသမီး၊ ယံကိဉ္စိ- အလုံးစုံသော အသုံးအဆောင်ကို၊ မနသာ- စိတ်ဖြင့်၊ တွံ- သင်သည်၊ ဣစ္ဆသိ- အလိုရှိ၏၊ တံသဗ္ဗံ- ထိုအလုံးစုံ သော ဥစ္စာအသုံးအဆောင်သည်၊ မယှံ- ငါ့အား၊ နနု- စင်စစ်၊ ပစုရံ- များစွာ၏၊ အဇ္ဇ- ယနေ့၊ မယာ- ငါနှင့်၊ သဟ- တကွ၊ ရမ္မသု- မွေ့လျော်လော့။

၃၀၆။ သမ္ဗုလေ- သမ္ဗုလာမင်းသမီး၊ [ပဏှေ(သဏှေ)]- နူးညံ့သော ကိုယ်ရှိသော၊ တုဝံ- သင်သည်၊ မဟေသေယျံ- မိဖုရားကြီး၏အဖြစ်ကို၊ နောစေကာရယိဿသိ- အကယ်၍မပြုအံ့၊ ဧဝံ- ဤသို့မိဖုရားကြီး မပြုသည် ရှိသော်၊ တွံ- သင်သည်၊ ပါတရာသာယ- နံနက်စာအလို့ငှာ၊ အလံ- လောက်၏၊ ဘက္ခာ- ငါ့အစာသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။

၃၀၇။ ဘိက္ခဝေ- ရဟန်းတို့၊ သတ္တဇဋ္ဌော- ဆံကျစ်ခုနစ်ထုံးရှိသော၊ လုဒ္ဒေါ- ကြမ်းကြုတ်စွာသော၊ ကဋ္ဌာရော- အစွယ်ခေါခေါထွက်သော၊ ပုရိသာဒကော- လူသားစားတတ်သော ဒါနဝဘီးလူးသည်၊ ဝနေ- တော၌၊ နာထံ- ကိုးကွယ် ရာကို၊ အပဿန္တိံ- မမြင်သော၊ တဉ္စသမ္ဗုလံ- ထိုသမ္ဗုလာမင်းသမီးကိုလျှင်၊ ဘုဇေ- လက်၌၊ [အဂ္ဂဟီ(အဂ္ဂဟိ)]- ဆွဲကိုင်၏။

၃၀၈။ ဘိက္ခဝေ- ရဟန်းတို့၊ လုဒ္ဒေန- ကြမ်းကြုတ်စွာသော၊ အာမိသစက္ခုနာ- ကိလေသာဖြင့် လျှပ်ပေါ်သော၊ ပိသာစေန- ဒါနဝဘီလူးသည်၊ အဓိပန္နာ- နှိပ်စက်အပ်သော၊ သတ္တုု- ရန်သူ၏၊ ဝသံ- နိုင်ငံသို့၊ ပတ္တာ- ရောက်ရသော၊

သာစ- ထိုသမ္မုလာမင်းသမီးသည်ကား၊ ပတိံဧဝ- မိမိလင်ကိုသာလျှင်၊ အနုသောစတိ- စိုးရိမ်၏။

၃၀၉။ ဘောန္တောဒေဝတာယော- အိုအရှင်နတ်မြတ်အပေါင်းတို့၊ ယထာ- အကြင်အခြင်းဖြင့်၊ ရက္ခသော- ဒါနောရက္ခိုသ်ဘီလူးသည်၊ မံ- အကျွန်ုပ်ကို၊ ယံခါဒေယျ- အကြင်စားရာ၏၊ ဣဒံ- ဤသို့စားခြင်းသည်၊ တထာ- ထိုအခြင်းဖြင့်၊ မေ- အကျွန်ုပ်အား၊ န ဒုက္ခံ- ဆင်းရဲမဟုတ်၊ မေ- အကျွန်ုပ်၏၊ အယျပုတ္တဿ- အရှင်သားအား၊ အညထာ- တစ်ပါးသော အခြင်းအရာဖြင့်၊ မနော- စိတ်နှလုံးသည်၊ ယဥ္စဟေဿတိ- အကြင်ဖြစ်လတ့်၊ ဣဒံ- ဤစိတ်တခြားဖြစ်ခြင်းသည်လျှင်၊ မေ- အကျွန်ုပ်အား၊ ဒုက္ခတရံ- အလွန် ဆင်းရဲစွာ၏။

၃၁၀။ ဒေဝါ- အရှင်နတ်မြတ်တို့သည်၊ နသန္တိနူန- မရှိလေကုန်ယောင်တကား၊ ပဝသန္တိနူန- ဤအရပ်မှ တစ်ပါးသွားလေကုန်ယောင်တကား၊ ဣဓ- ဤလောက၌၊ လောကပါလာ- လူတို့ကိုစောင့်တတ်သော လောကပါလနတ်တို့သည်၊ နဟိသန္တိနူန- မရှိလေကုန်ယောင်တကား၊ အသညတာနံ- ကိုယ်နှုတ်နှလုံးကို မစောင့်ကုန်သော၊ သဟသာကရောန္တာနံ- နိုင်ထက်ကလူပြုတတ်သော သူတို့ကို၊ ပဋိသေဓိတာရော- တားမြစ်တတ်ကုန်သော နတ်တို့သည်၊ နဟိသန္တိနူန- မရှိလေကုန်ယောင်တကား။

တတ္ထ- ထိုကိံဝနေစသော ဂါထာတို့၌၊ ပရိစိဏ္ဏောနာတိ- ပရိစိဏ္ဏောနာဟူသည်ကား၊ အာတုရေန- အနာဖြင့်ကျင်နာသော၊ ပရိစိဏ္ဏေန- လုပ်ကျွေးပြုစုရသော၊ တေန- ထိုမင်းသားဖြင့်၊ ကိံ ကရိဿသိ- အဘယ်သို့ပြုအံ့နည်း၊ သောကဋ္ဋာယာတိ- သောကဋ္ဋာယာဟူသည်ကား၊ သောကာတုရာယ- သောကဖြင့် နှိပ်စက်အပ်သော၊ "သောကဍ္ဍာယာ"တိပိ- သောကဍ္ဍာယာဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ- ဖြစ်၏၊) သောကေ- သောက၌၊ ဌိတာယာ- တည်သော၊ ဣတိ- ဤသည်ကား၊ အတ္ထော- အနက်တည်း၊ ဒုရတ္တာယာတိ- ဒုရတ္တာယာဟူသည်ကား၊ ဒုဂ္ဂတကပဏဘာဝပ္ပတ္တာယ- ဆင်းရဲအထီးကျန်သည်၏အဖြစ်သို့ ရောက်သော၊ အတ္တဘာဝါယ- ကိုယ်ရှိသော၊ ဧဟိမန္တိ- ဧဟိမံဟူသည်ကား၊ တွံ- သင်သည်၊ ဒုရတ္တာ- ဆင်းရဲသည်၊ အမှီ- ဖြစ်၏၊ ဣတိ- ဤသို့၊ မာစိန္တယိ- မကြံပါလင့်၊ ဂိရိမှိ- တောင်ပေါ်၌၊ မမ- ငါ၏၊ စတံဒိဗ္ဗဝိမာနံ- ထိုနတ်ဗိမာန်သည်၊ (အတ္ထိ- ရှိ၏၊) ဧဟိ- လာလော့၊ ဣမံ ဂိရိံ- ဤတောင်ပေါ်သို့၊ အာရုဟ- တက်လော့၊ စတုဿတာတိ- စတုဿတာ

ဟူသည်ကား၊ မေ- ငါ၏၊ တသ္မိံဝိမာနေ- ထိုဗိမာန်၌၊ အပရာပိ- တစ်ပါးလည်း ဖြစ်ကုန်သော၊ စတုဿတာ ဘရိယာယော- လေးရာသောမယားတို့သည်၊ အတ္ထိ- ရှိ၏၊ သဗ္ဗံ တန္တိ- သဗ္ဗံ တံဟူသည်ကား၊ ဥပဘောဂပရိဘောဂဝတ္ထာဘရဏာဒိကံ- အတွင်းအသုံးအဆောင် အပြင်အသုံးအဆောင် အဝတ်အဆင် တန်ဆာအစရှိသော၊ ယံ ကိဉ္စိ- အကြင်တစ်စုံတစ်ခုကို၊ ဣစ္ဆသိ- အလိုရှိ၏၊ နူန- စင်စစ်၊ တံသဗ္ဗံ- ထိုအလုံးစုံသည်၊ မယှံ- ငါ့အဖို့ ပစုရံ- များ၏၊ ဗဟုံ- များစွာ၏၊ သုလဘံ- ရလွယ်၏၊ တသ္မာ- ထို့ကြောင့်၊ ကပဏာ- အထီးကျန်သည်၊ အမ္ဘိ- ဖြစ်၏၊ က္လတိ- ဤသို့၊ မာစိန္တယိ- မကြံပါလင့်၊ ဧဟိ- လာလှည့်၊ မယာ- ငါနှင့်၊ သဟ- အတူ၊ ရမဿု- မွေ့လျော်ပါလော့၊ က္လတိ- ဤသို့၊ ဝဒတိ- ပြောဆို၏။

မဟေသေယျန္တိ- မဟေသေယျံဟူသည်ကား၊ ဘဒ္ဒေ သမ္ဗုလေ- အရှင်မသမ္ဗုလာ၊ တွံ- သင်သည်၊ မေ- ငါ၏၊ မဟေသိဘာဝံ- မိဖုရားကြီးအဖြစ်သို့ နော စေ ကာရေဿသိ- အကယ်၍မပြုစေအံ့၊ တွံ- သင်သည်၊ မမ- ငါ၏၊ ပါတရာသာယ- နံနက်စာအလို့ငှာ၊ ပရိယတ္တာ- စီရင်အပ်ပြီးသူဖြစ်၏၊ တေန- ထို့ကြောင့်၊ တံ- သင့်ကို၊ ဗလက္ကာရေန- အနိုင်အထက်ပြုသဖြင့်၊ ဝိမာနံ- ဗိမာန်သို့ နေဿာမိ- ဆောင်အံ့၊ တတြ- ထိုဗိမာန်၌၊ မံ- ငါ့ကို၊ အသင်္ကျာန္တိ- မပြုစု မလုပ်ကျွေးသည်ရှိသော်၊ သွေ- နက်ဖြန်၊ ပါတောဝ- စောစော၌ပင်လျှင်၊ မမ- ငါ၏၊ ဘက္ခာ- အစာသည်၊ ဘဝိဿသတိ- ဖြစ်လတ္တံ့၊ က္လတိ ဧဝံ- ဤသို့၊ ဝတွာ- ဆို၍၊ သတ္တဟိ ဇဋ္ဌာဟိ- ခုနစ်ခုကုန်သော ဆံကျစ်တို့ဖြင့်၊ သမန္နာဂတော- ပြည့်စုံသော၊ လုဒ္ဒကော- ကြမ်းတမ်းသော၊ ဒါရုဏော- ရက်စက်သော၊ နိက္ခန္တ-ဒန္တော- ထွက်သော အစွယ်ရှိသော၊ သော- ထိုဒါနဝဘီလူးသည်၊ တသ္မိံ ဝနေ- ထိုတော၌၊ ကိဉ္စိ- တစ်စုံတစ်ယောက်သော၊ အတ္တနော- မိမိ၏၊ နာထံ- အားကိုးရာကို၊ အပဿန္တိံ- မမြင်သော၊ တံသမ္ဗုလံ- ထိုသမ္ဗုလာမင်းသမီးကို၊ ဘုဇေ- လက်၌၊ အဂ္ဂဟေသိ- ဆွဲကိုင်ခဲ့ပြီ၊ အဓိပန္နာတိ- အဓိပန္နာဟူသည်ကား၊ အဇ္ဈောတ္ထဋ္ဌာ- လွှမ်းမိုးနှိပ်စက်အပ်သော၊ အာမိသစက္ခုနာတိ- အာမိသစက္ခုနာဟူသည်ကား၊* ကိလေသလောလေန- ကိလေသာဖြင့် လျှပ်ပေါ်သော၊ ပတိမေဝါတိ- ပတိမေဝ ဟူသည်ကား၊ အတ္တနော- မိမိအတွက်၊ အစိန္တေတွာ- မကြံစည်မူ၍၊ ပတိမေဝ- လင်ကိုသာလျှင်၊ အနုသောစတိ-

* အာမိသစက္ခုနာ= အစာ၌ တပ်မက်မောသောအားဖြင့် ကြည့်တတ်သော မျက်စိရှိသော ဟု သဒ္ဒတ္ထ ကြံရမည်။

စိုးရိမ်၏၊ မနော ဟေဿတီတိ- မနောဟေဿတိ ဟူသည်ကား၊ စိရာယန္တိ- ကြာမြင့်သော၊ မံ- ငါ့ကို၊ ဝိဒိတွာ- သိ၍၊ အညထာ- တစ်မျိုးအားဖြင့်၊ စိတ္တံ- စိတ်သည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ န သန္တိ ဒေဝါတိ- န သန္တိ ဒေဝဟူသည်ကား၊ ဣဒံ- ဤစကားကို၊ သာ- ထိုသမ္ဘုလာမင်းသမီးသည်၊ ဒါနဝေန- ဒါနဝေဘီလူးသည်၊ ဘုဇေ- လက်၌၊ ဂဟိတာ- ကိုင်အပ်သည်ဖြစ်၍၊ ဒေဝတုဇ္ဈာပနံ- နတ်တို့အားတိုင်တည်ခြင်းကို၊ ကရောန္တီ- ပြုလိုသည်ဖြစ်၍၊ အာဟ- ဆိုပြီ၊ လောကပါလာတိ- လောကပါလ ဟူသည်ကား၊ ဧဝရူပါနံ- ဤသို့သဘောရှိကုန်သော၊ သီလဝန္တာနံ- သီလရှိကုန်သော၊ ပတိဒေဝတာနံ- လင်သားကို နတ်ကဲ့သို့ ပြုစုတတ်ကုန်သော သူတို့ကို၊ ပါလကာ- စောင့်ရှောက်တတ်ကုန်သော၊ လောကပါလာ- လောကကို စောင့်ကြပ်သော နတ်တို့သည်၊ ဣမ လောကေ- ဤလောက၌၊ န သန္တိနူန- မရှိယောင်တကား၊ ဣတိ- ဤသို့ ပရိဒေဝတိ- မြည်တမ်း၏။

အထ- ထိုသို့ ငိုကြွေးမြည်တမ်းသောအခါ၌၊ အဿာ- ထိုသမ္ဘုလာမင်းသမီး၏၊ သီလတေဇေန- သီလ၏တန်ခိုးတော်ကြောင့်၊ သက္ကဿ- သိကြားမင်း၏၊ ဘဝနံ- ဘုံဗိမာန်သည်၊ ကမ္ပိ- တုန်လှုပ်ပြီ၊ ပဏ္ဍုကမ္ဗလသိလာသနံ- ပဏ္ဍုကမ္ဗလာကျောက်ဖျာ နေရာသည်၊ ဥဏှာကာရံ- ပူသောအခြင်းအရာကို၊ ဒဿေသိ- ပြပြီ၊ သက္ကော- သိကြားမင်းသည်၊ အာဝဇ္ဇေန္တော- ဆင်ခြင်လတ်သော်၊ တံကာရဏံ- ထိုအကြောင်းကို၊ ဉတွာ- သိ၍၊ ဝဇိရံ- ဝရစိန်လက်နက်ကို၊ အာဒါယ- ယူ၍၊ ဝေဂေန- လျင်မြန်စွာ၊ ဂန္တွာ- သွား၍၊ ဒါနဝဿ- ဒါနဝေဘီလူး၏၊ မတ္ထကေ- ဦးခေါင်းထက်၌၊ ဌတွာ- ရပ်၍၊ (တံ- ထိုဒါနဝေဘီလူးကို၊ တာသေန္တော- ခြိမ်းခြောက်လိုသည်ဖြစ်၍၊) "ကုတ္ထိနမေသာ ပဝရာ ယသဿိနီ (ပ) မာတ္တံ ဒဟိ မုဥ္စ ပတိဗ္ဗတာယာ" တိ- ကုတ္ထိနမေသာ ပဝရာ ယသဿိနီ-ဟူသော၊ ဣတရံ- တစ်ပါးသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၁၁။ ရက္ခသ- ရက္ခိုသ်ဘီးလူး၊ ဧသာ- ဤမိန်းမသည်၊ ကုတ္ထိနံ- မိန်းမတကာ
တို့ထက်၊ ပဝရာ- မြတ်၏၊ ယသဿိနီ- များသော အခြံအရံရှိ၏၊ သန္တာ-
ငြိမ်သက်သော ဣန္ဒြေရှိ၏၊ သမာ- ညီမျှသော အကျင့်ရှိ၏၊ အဂ္ဂိရိဝ- မီးကဲ့သို့
ဥဂ္ဂတေဇာ- ထက်သော တန်ခိုးရှိ၏၊ တုဝံ- သင်သည်၊ တံကညံ- ထိုမင်းသမီးကို၊
စေအဒေသိ- အကယ်၍စားအံ့၊ ဧဝံ- ဤသို့စားသည်ရှိသော်၊ တေ- သင်၏၊
မုဒ္ဓါစ- ဦးခေါင်းသည်လည်း၊ သတ္တဓာ- ခုနစ်စိတ်၊ ပလေယျ- ကွဲရာပေအံ့၊

တွံ- သင်သည်၊ ပတိဗ္ဗတာယ- လင်ဝတ်နှင့် ပြည့်စုံပေသော မိန်းမကို၊ [မာဒဟိ (မာဒဟိ)]- မစားလင့်၊ မုဥ္စ- လွှတ်လော။

တတ္ထ- ထိုဣတ္ထိနမေသာစသော ဂါထာ၌၊ သန္တာတိ- သန္တာဟူသည်ကား၊ ဥပသန္တာ- ငြိမ်သက်သော ဣန္ဒြေရှိ၏- အထ ဝါ- တနည်းကား၊ ပဏ္ဍိတာ- ပညာရှိ၏၊ ဉာဏသမ္ပန္နာ- ဉာဏ်နှင့် ပြည့်စုံ၏၊ သမာတိ- သမာဟူသည်ကား၊ ကာယဝိသမာဒိဝိရဟိတာ- ကိုယ်အားဖြင့် မညီညွတ်ခြင်းစသည်တို့မှ ကင်း၏၊ အဒေသီတိ- အဒေသိဟူသည်ကား၊ ခါဒသိ- စား၏၊ ဖလေယျာတိ- ဖလေယျဟူသည်ကား၊ မေငါ၏၊ ဣမိနာ ဣန္ဒဝဇိရေန- ဤဝရဇိန်လက်နက်ဖြင့်၊ ပဟရိတွာ- ပုတ်ခတ်အပ်သည်ဖြစ်၍၊ မုဒ္ဓါ- ဦးခေါင်းသည်၊ ဘိဇ္ဇေထ- ကွဲရာ၏၊ မာ တွံ ဒဟီတိ- မာ တွံ ဒဟိဟူသည်ကား၊ တွံ- သင်သည်၊ ဣမံ ပတိဗ္ဗတံ- ဤလင်ကို ပြုစုလုပ်ကျွေးသော မင်းသမီးကို၊ မာ တာပေယျာသိ- မပူပန်စေလင့်၊ ဣတိ- ဤကား၊ (အတ္ထော- အနက်တည်း။)

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ဒါနဝေါ- ဒါနဝါဘီလူးသည်၊ သမ္ဗုလံ- သမ္ဗုလာမင်းသမီးကို၊ ဝိဿဇ္ဇေသိ- လွှတ်လိုက်ပြီ၊ သဇ္ဇော- သိကြားမင်းသည်၊ "ပုနပိတစ်ဖန်လည်း၊ ဧသ ဧသော- ဤဒါနဝါဘီလူးသည်၊ ဧဝရူပံ- ဤသို့သဘောရှိသော အမှုကို၊ ကရေယျ- ပြုပြန်ရာ၏၊" ဣတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ ဒါနဝံ- ဒါနဝါဘီလူးကို၊ ဒေဝသင်္ခလိကာယ- နတ်သံခြေကျဉ်းဖြင့်၊ ဗန္ဓိတွာ- နှောင်ဖွဲ့၍၊ ပုနတစ်ဖန်၊ အနာဂမနာယ- မလာခြင်းငှာ၊ တတိယေ- သုံးခုမြောက်ဖြစ်သော၊ ပဗ္ဗတန္တရေတောင်ကြား၌၊ ဝိဿဇ္ဇေသိ- လွှတ်လိုက်ပြီ၊ ရာဇဓီတရံ- မင်းသမီးကို၊ အပ္ပမာဒေနအပ္ပမာဒတရားဖြင့်၊ ဩဝဒိတွာ- ဆုံးမပြီး၍၊ သကဋ္ဌာနမေဝ- မိမိနေရာ တာဝတိံသာနတ်ပြည်သို့သာလျှင်၊ ဂတော- သွားပြီ၊ ရာဇဓီတာပိ- သမ္ဗုလာမင်းသမီးသည်လည်း၊ သူရိယေ- နေသည်၊ အတ္ထင်္ဂတေ- ဝင်သည်ရှိသော်၊ စန္ဒာလောကေန- လရောင်ဖြင့်၊ အဿမံ- တောကျောင်းသို့၊ ပါပုဏိ- ရောက်ပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော် မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်၊ "သာစ အဿမ မာဂစ္ဆိ (ပ) တုမ္ဟိမှိ သရဏံ ဂတာ"တိ- သာစ အဿမ မာဂစ္ဆိ (ပ) တုမ္ဟိမှိ သရဏံ ဂတာ-ဟူကုန်သော၊ အဍ္ဎ- ရှစ်ခုကုန်သော၊ ဂါထာ- ဂါထာတို့ကို၊ အဘာသိဟောတော်မူပြီ။

၃၁၂။ ဘိက္ခဝေ- ရဟန်းတို့၊ တဒါ- ထိုအခါ၌၊ သကုဏီ- ယစ်မသည်၊ [ပဋိနံ(ပဋိနံ)]- ပျံသွားသည်ဖြစ်၍ သားငယ်မရှိသော၊ နီဠံ- အသိုက်သို့၊ အာဂစ္ဆိက္ကဝ- လာသကဲ့သို့လည်းကောင်း၊ ဂတသိင်္ဂ- ဦးချိုမှကင်းသော နွားငယ်ကို၊ အာလယံ- အာလယန္တော- တပ်မက်မောသော အမိဖြစ်သော နွားမသည်၊ သုညံ- နွားငယ်မရှိသော နွားခြံသို့၊ အာဂစ္ဆိ က္ကဝ- လာသကဲ့သို့ လည်းကောင်း၊ ဧဝံ- ဤအတူ၊ ပုရိသာဒကာ- လူးသားစားဘီလူး လက်မှ၊ ပမုတ္တာ- လွတ်သော၊ သာ- ထိုသမ္ဗုလာမင်းသမီးသည်၊ သုညံ- မင်းသား မရှိသော၊ အဿမံ- ကျောင်းသို့၊ အာဂစ္ဆိ- လာ၏။

၃၁၃။ ဘိက္ခဝေ- ရဟန်းတို့၊ တတ္ထဝနေ- ထိုဟိမဝန္တာတော၌၊ နာထံ- ကိုးကွယ်ရာကို၊ အပဿန္တီ- မမြင်ရသော၊ ဥတုမတ္တက္ခာ- အပူဥတုကြောင့် အမြင်နည်းသော မျက်စိရှိသော၊ သမ္ဗုလာ- သမ္ဗုလာအမည်ရှိသော၊ ယသဿိနီ- များသော အခြံအရံရှိသော၊ ရာဇပုတ္တီ- မင်းသမီးသည်၊ ပရိ- ဒေဝေသိ- ငိုကြွေး၏၊ ရာဇပုတ္တံ- မင်းသားကို၊ အပဿန္တီ- မမြင်သော အကျွန်ုပ်သည်။

၃၁၄။ သမဏေစ- မကောင်းမှုကို ငြိမ်းစေအပ်ပြီးသော ရဟန်းတို့ကို လည်းကောင်း၊ ဗြာဟ္မဏေစ- မကောင်းမှုကို အပပြုပြီးသော သူတို့ကို လည်းကောင်း၊ သမ္ပန္နစရဏေ- သီလနှင့်တကွ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံ ကုန်သော၊ က္လသေစ- ရသေ့တို့ကိုလည်းကောင်း၊ ဝန္ဒေ- ရှိခိုးပါ၏၊ တုမှံ- အရှင်မြတ်တို့အား၊ သရဏံ- ကိုးကွယ်ရာဟူ၍၊ ဂတာ- ဆည်းကပ်သည်၊ အမှိ- ဖြစ်ပါ၏။

၃၁၅။ ရာဇပုတ္တံ- လင်မင်းသားကို၊ အပဿန္တီ- မမြင်သော အကျွန်ုပ်သည်၊ သီဟေစ- ခြင်္သေ့တို့ကိုလည်းကောင်း၊ ဗျဂ္ဃေစ- ကျားတို့ကိုလည်းကောင်း၊ အညေ- ခြင်္သေ့ကျားတို့မှ တစ်ပါးကုန်သော၊ ဝနေ- တော၌၊ ယေမိဂါ- အကြင်သားရဲတို့သည်၊ သန္တိ- ရှိကုန်၏၊ တေမိဂေစ- ထိုသားရဲတို့ကို လည်းကောင်း၊ ဝန္ဒေ- ရှိခိုးပါ၏၊ တုမှံ- အရှင်ခြင်္သေ့ကျားတို့အား၊ သရဏံ- ကိုးကွယ်ရာဟူ၍၊ ဂတာ- ဆည်းကပ်သည်၊ အမှိ- ဖြစ်၏။

၃၁၆။ ရာဇပုတ္တံ- လင်မင်းသားကို၊ အပဿန္တီ- မမြင်သော အကျွန်ုပ်သည်၊ တိဏာစ- မြက်ပင်စောင့်နတ်တို့ကိုလည်းကောင်း၊ လတာနိစ- နွယ်ပင်စောင့် နတ်တို့ကိုလည်းကောင်း၊ ဩသဓျော- အတွင်း၌ အနှစ်ရှိသော ဆေးပင်စောင့်

နတ်တို့ကိုလည်းကောင်း၊ ပဗ္ဗတာနိစ- တောင်စောင့်နတ်တို့ကိုလည်းကောင်း၊ ဝနာနိစ- တောစောင့်နတ်တို့ကိုလည်းကောင်း၊ ဝန္ဒေ- ရှိခိုးပါ၏၊ အဟံ- အကျွန်ုပ်သည်၊ တုမှံ- အရှင်နတ်မင်းတို့အား၊ သရဏံ- ကိုးကွယ်ရာဟူ၍၊ ဂတာ- ဆည်းကပ်သည်၊ အမှိ- ဖြစ်ပါ၏၊

၃၁၇။ [ကိုန္တိဝရိသာမံ(ကုန္တိဝရိသာမံ)]- ကြာညိုပန်းနှင့်တူသော၊ နက္ခတ္တမာလိနိ- ပန်းကုန်းကဲ့သို့ နက္ခတ်ကြယ်အစဉ်နှင့်ယှဉ်သော၊ ရတ္တိံ- ညဉ့်ကို၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒေ- ရှိခိုးပါ၏၊ ရာဇပုတ္တံ- လင်မင်းသားကို၊ အပဿန္တီ- မမြင်သော အကျွန်ုပ်သည်၊ တုမှံ- အရှင်ညဉ့်တို့အား၊ သရဏံ- ကိုးကွယ်ရာဟူ၍၊ ဂတာ- ဆည်းကပ်သည်၊ အမှိ- ဖြစ်ပါ၏။

၃၁၈။ [ဘာဂီရထိ(ဘဂီရထိ)]- လှည့်လည်သည်ဖြစ်၍ကွေးညွတ်သော၊ သဝန္တီနံ- မြစ်အပေါင်းတို့ကို၊ ပဋိဂ္ဂဟံ- ခံတတ်သော၊ ဂင်္ဂံ- မြစ်စောင့်နတ်ကို၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒေ- ရှိခိုးပါ၏၊ ရာဇပုတ္တံ- လင်မင်းသားကို၊ အပဿန္တီ- မမြင်ရသော အကျွန်ုပ်သည်၊ တုမှံ- အရှင်မြစ်စောင့်နတ်မင်းတို့အား၊ သရဏံ- ကိုးကွယ်ရာဟူ၍၊ ဂတာ- ဆည်းကပ်သည်၊ အမှိ- ဖြစ်ပါ၏။

၃၁၉။ ပဗ္ဗတရာဇသေဋ္ဌံ- တောင်တကာတို့ထက် မြတ်သော တောင်မင်းဖြစ်သော၊ သိလုစ္စယံ- ကျောက်အတိပြီးသော၊ ဟိမဝန္တံ- ဟိမဝန္တာတောင်စောင့်နတ်ကို၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒေ- ရှိခိုးပါ၏၊ ရာဇပုတ္တံ- လင်မင်းသားကို၊ အပဿန္တီ- မမြင်ရသောအကျွန်ုပ်သည်၊ တုမှံ- အရှင်တောင်စောင့်နတ်မင်းတို့အား၊ သရဏံ- ကိုးကွယ်ရာဟူ၍၊ ဂတာ- ဆည်းကပ်သည်၊ အမှိ- ဖြစ်ပါ၏။

တတ္ထ- ထိုသာစ စသော ဂါထာတို့၌၊ နီဠံ ပဠိနံ သကုဏိဝါတိ- နီဠံ ပဠိနံ သကုဏိဝါဟူသည်ကား၊* သကုဏိကာ- ယဇ်ငှက်မသည်၊ မုခတုဏ္ဍကေန- နှုတ်သီးဖြင့်၊ ဂေါစရံ- အစာကို၊ ဂဟေတွာ- ယူ၍၊ ကေနစိ- တစ်စုံတစ်ခုသော၊ ဥပဒ္ဒဝေန- ဘေးရန်ကြောင့်၊ သကုဏပေါတကာနံ- ငှက်ငယ်တို့၏၊ ပဋိနတ္တာ- ပျံသွားသည်၏

* ပဋိနံ=ပရ-ရှေ့ရှိသော ဋ္ဌ-ဓာတ်ဖြင့် ပလာန-ထွက်သွားခြင်းဟု မိဿက သက္ကတပုဒ် ရှိသည်၊ ၎င်းမှ ပလိန=ပဠိန-သို့ အသံပြောင်းလာသည်ဟု ယူဆရ၏၊ (တနည်း) =ပရ-ရှေ့ရှိသော လီ-ဓာတ်ဖြင့် ပြလီန-ဟု သက္ကတပုဒ်ရှိသည်၊ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းကိုဟော၏၊ ၎င်းမှ ပလီန= ပလိန=ပဠိန-ဟု အသံပြောင်းလာသည်ဟု ယူဆသော် ပဠိနံ-ပျက်စီးသော၊ နီဠံ-ငှက်သိုက်သို့ဟု အနက်ပေးရမည်။

အဖြစ်ကြောင့်၊ ပဋိနံ- ပျံသွားပြီးသော၊ သကုဏိနိံဝ- ငှက်သိုက်သို့ အာဂစ္ဆေယျယထာ- ပြန်လာသကဲ့သို့ ယထာ ဝါ- တနည်းကား၊ ဂတသိင်္ဂ- ဦးချိုမှကင်းသော၊ နိက္ခန္တဝစ္ဆကံ- ထွက်သွားသော နွားငယ်ကို၊ အာလယံ အာလယန္တော- တပ်မက်သော၊ သုညံ- နွားငယ်မှ ကင်းဆိတ်သော၊ ဝစ္ဆကသာလံ- နွားငယ်နေရာ နွားခြံသို့ ဝစ္ဆဂိဒ္ဓိနီ- နွားငယ်၌ တပ်မက်ခြင်းရှိသော၊ ဓေနု- နွားမသည်၊ အာဂစ္ဆေယျယထာ- ပြန်လာသကဲ့သို့ ဧဝံ- ဤအတူ၊ သုညံ- မင်းသားမှ ကင်းဆိတ်သော၊ အဿမံ- သခ်မ်းကျောင်းသို့ အာဂစ္ဆိ- ပြန်လာ၏၊ က္ကတိ- ဤသည်ကား၊ အတ္ထော- အနက်တည်း၊ ဟိ- ခဲ့၍ဆိုဦးအံ့၊ တဒါ- ထိုအခါ၌၊ သောတ္ထိသေနော- မင်းသားသည်၊ သမ္မုလာယ- မင်းသမီးသည်၊ စိရမာနာယ- အချိန်ကြာမြင့်သည်ရှိသော်၊ က္ကတ္ထိယော နာမ- မိန်းမတို့မည်သည်၊ လောလာ- လျှပ်ပေါ်၏၊ မေ- ငါ၏၊ ပစ္စာမိတ္တမ္ပိ- ရန်သူကိုလည်း၊ ဂဟေတွာ- ခေါ်၍၊ အာဂစ္ဆေယျာ- လာ၏၊ က္ကတိ- ဤသို့၊ ပရိသင်္ကန္တော- ယုံမှားသည်ဖြစ်၍၊ ပဏ္ဏသာလတော- သစ်ရွက်မိုးကျောင်းမှ၊ နိက္ခမိတွာ- ထွက်၍၊ ဂစ္ဆန္တရံ- ခြုံတွင်းသို့ ပဝိသိတွာ- ဝင်၍၊ နိသီဒိ- နေခဲ့ပြီ၊ တေန- ထို့ကြောင့်၊ ဧတံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်၏၊ ဥတုမတ္တက္ခာတိ- ဥတုမတ္တက္ခာဟူသည်ကား၊* သောကဝေဂသဥ္စာတေန- သောက၏ အဟုန်ကြောင့် ကောင်းစွာဖြစ်သော၊ ဥဏှေန- ပူသော၊ ဥတုနာ- ဥတုကြောင့်၊ မန္ဒလောစနာ- နံ့သောမျက်စိရှိသော၊ အပဿန္တီတိ- အပဿန္တိ ဟူသည်ကား၊ တသ္မိံ ဝနေ- ထိုတော၌၊ နာထံ- အားကိုးရာဖြစ်သော၊ အတ္တနော- မိမိ၏၊ ပတိံ- လင်ကို၊ အပဿန္တီ- မမြင်သည်ဖြစ်၍၊ က္ကတော စိတောစ- ဤမှ ထိုမှ၊ သန္ဓာဝမာနာ- လှူးလိမ့်လျက်၊ ပရိဒေဝေသိ- မည်တမ်းခဲ့ပြီ၊

တတ္ထ- ထိုမည်တမ်းသော စကားရပ်၌၊ သမဏေ ဗြာဟ္မဏေတိ- သမဏေ ဗြဟ္မဏေဟူသည်ကား၊ သမိတပါပဗာဟိတပါပေ- ငြိမ်းစေအပ်ပြီးသော အပပြုအပ်ပြီးသော မကောင်းမှုရှိသော၊ သမဏေ- ရဟန်းတို့ကို၊ ဗြာဟ္မဏေ- ပုဏ္ဏားတို့ကို၊ သမ္ပန္နစရဏေတိ- သမ္ပန္နစရဏဟူသည်ကား၊ သီလေန- သီလနှင့်၊ သဟ- တကွ၊ အဋ္ဌန္နံ- ရှစ်ပါးကုန်သော၊ သမာပတ္တီနံ- သမာပတ်တို့၏၊ ဝသေန- အစွမ်းအားဖြင့်၊ သမ္ပန္နစရဏေ- ပြည့်စုံသော အကျင့်ရှိကုန်သော၊ က္ကသေစ- ရသေ့တို့ကိုလည်းကောင်း၊

---

*ဥတုမတ္တက္ခာ= ဤပုဒ်၌ မတ္တ-သဒ္ဒါသည် မန္ဒ-ပုဒ်မှ အသံပြောင်းလွဲလာသောပုဒ်ဟု ယူဆရသည်၊ မန္ဒလောစနာ-ဟု အဋ္ဌကထာ၌ဖွင့်ထားသည်။

ဝန္ဒေ- ရှိခိုးပါ၏၊ ဣတိ ဧဝံ- ဤသို့၊ ဝတွာ- ဆို၍၊ ရာဇပုတ္တံ- မင်းသားကို၊ အပဿန္တီ- မမြင်သည်ဖြစ်၍၊ တုမှာကံ- အရှင်နတ်မင်းတို့ကို၊ သရဏံ- ကိုးကွယ်ရာသို့၊ ဂတာ- ရောက်သည်၊ အမှိ- ဖြစ်၏၊ သစေ- အကယ်၍၊ မေ- ငါ၏၊ သာမိကဿ- အရှင်၏၊ နိသိန္နဋ္ဌာနံ- နေရာအရပ်ကို၊ ဇာနာထ- သိကုန်အံ့၊ အာစိက္ခထ- ပြောကြားကြပါလော့၊ ဣတိ- ဤသို့၊ ပရိဒေဝေသိ- မြည်တမ်း၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ သေသဂါထာသုပိ- ကြွင်းသောဂါထာတို့၌လည်း၊ ဧသေဝ နယော- ဤနည်းပင်တည်း၊

**တိဏလတာနိဩသဓေတိ**- တိဏလတာနိဩသဓေဟူသည်ကား၊ အတ္ထော ဖေဂ္ဂု ဗဟိ သာရတိဏာနိစ- အတွင်း၌အာကာရှိ၍ အပ၌အနှစ်ရှိသော မြက်တို့ကိုလည်းကောင်း၊ လတာနိ စ- နွယ်တို့ကိုလည်းကောင်း၊ အန္တောသာရဩသဓိယော စ- အတွင်း၌ အနှစ်ရှိသော ဆေးပင်တို့ကိုလည်းကောင်း၊ ဣမံ ဂါထံ- ဤဂါထာကို၊ တိဏာဒီသု- မြက်အစရှိသည်တို့၌၊ နိဗ္ဗတ္တဒေဝတာ- ဖြစ်သောနတ်တို့ကို၊ သန္ဓာယ- ရည်ရွယ်၍၊ အာဟ- ဆို၏၊ **ကုန္ဒိဝရီသာမန္တိ**- ကုန္ဒိဝရီသာမံဟူသည်ကား၊ ကုန္ဒိဝရိပုပ္ဖသမာနဝဏ္ဏံ- ကြာညွတ်ပန်း (ဝါ)ရှင့်မတတ်ပန်းနှင့် တူသော အဆင်းရှိသော၊ **နက္ခတ္တမာလိနိန္တိ**- နက္ခတ္တမာလိနိံဟူသည်ကား၊ နက္ခတ္တပဋိပါဋိသမန္နာဂတံ- နက္ခတ်အစဉ်နှင့် ပြည့်စုံသော၊ **တုမှံမှိတိ**- တုမှံမှိဟူသည်ကား၊ ရတ္တိံ- ညဉ့်ကို၊ သန္ဓာယ- ရည်ရွယ်၍၊ တမ္ပိ- ထိုညဉ့်ကိုလည်း၊ (အဟံ- ငါသည်၊ သရဏံ- ကိုးကွယ်ခြင်းသို့၊ ဂတာ- ရောက်သည်၊) အမှိ- ဖြစ်ပါ၏၊ ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ **ဘာဂီရထိ ဂင်္ဂန္တိ**- ဘာဂီရထိ ဂင်္ဂံဟူသည်ကား၊ ဧဝံ- ဤသို့၊ ပရိယာယနာမိကံ- ဘာဂီရထိဟူ၍ နာမည်တစ်မျိုးရှိသော၊ ဂင်္ဂံ- ဂင်္ဂါမြစ်ကို၊ **သဝန္တီနန္တိ**- သဝန္တီနံဟူသည်ကား၊ အညာသံ- အခြားကုန်သော၊ ဗဟူနံ- များစွာကုန်သော၊ နဒီနံ- မြစ်တို့ကို၊ ပဋိဂ္ဂါဟိကံ- ခံယူတတ်သော၊ ဂင်္ဂါယ- ဂင်္ဂါမြစ်၌၊ နိဗ္ဗတ္တဒေဝတံ- ဖြစ်သောနတ်ကို၊ သန္ဓာယ- ရည်၍၊ ဧဝံ- ဤသို့၊ အာယ- ဆိုပြီ၊ ဟိမဝန္တေပိ- ဟိမဝန္တာ၌လည်း၊ ဧသေဝနယော- ဤနည်းပင်တည်း။

ဧဝံ- ဤသို့၊ ပရိဒေဝမာနံ- ငိုကြွေးသော၊ တံ- ထိုသမ္ဗုလာမင်းသမီးကို၊ ဒိသွာ- မြင်၍၊ သောတ္ထိသေနော- သောတ္ထိသေနမင်းသားသည်၊ စိန္တေသိ- ကြံပြီ၊ (ကိံ စိန္တေသိ- အဘယ်သို့ ကြံသနည်း၊) "အယံ- ဤသမ္ဗုလာမင်းသမီးသည်၊ အတိဝိယ- အလွန်လျှင်၊ ပတိဒေဝတိ- ငိုကြွေး၏၊ ခေါ ပန- စင်စစ်သော်ကား၊ (အဟံ- ငါသည်၊) အဿာ- ထိုသမ္ဗုလာမင်းသမီး၏၊ ဘာဝံ- စိတ်သဘောကို၊ နဇာနာမိ- မသိ၊ မယိ- ငါ၌၊ သိနေဟေန- ချစ်မြတ်နိုးခြင်းဖြင့်၊ ဧဝံ- ဤသို့၊ သစေကရောတိ- အကယ်၍ပြုငြားအံ့၊

အဿာ- ထိုသမ္ဗုလာမင်းသမီး၏၊ ဟဒယမ္ပိ- နှလုံးသည်လည်း၊ ဖလေယျ- ကွဲရာ၏၊ တာဝ- ရှေးဦးစွာ၊ နံ- ထိုသမ္ဗုလာမင်းသမီးကို၊ ပရိဂ္ဂဏှိဿာမိ- စုံစမ်းအံ့၊" ဣတိ- ဤသို့၊ ဂန္တွာ- သွား၍၊ ပဏ္ဏသာလဒွါရေ- သစ်ရွက်မိုးသော ဇရပ်ကျောင်း၏တံခါး၌၊ နိသီဒိ- ထိုင်နေပြီ၊ သာပိ- ထိုသမ္ဗုလာ မင်းသမီးသည်လည်း၊ ပရိဒေဝမာနာဝ- ငိုကြွေးလျက်သာလျှင်၊ ပဏ္ဏသာလဒွါရံ- သစ်ရွက်မိုးသော ဇရပ်ကျောင်း၏တံခါးသို့၊ ဂန္တွာ- သွား၍၊ တဿ- ထိုသောတ္ထိသေနမင်းသား၏၊ ပါဒေ- ခြေတို့ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ "ဒေဝ- အရှင့်သား၊ ကုဟိံ- အဘယ်အရပ်သို့၊ ဂတော- ကြွတော်မူသည်၊ အသိ- ဖြစ်သနည်း၊" ဣတိ- ဤသို့၊ အာဟ- မေးပြီ၊ အထ- ထိုအခါ၌၊ သော- ထိုသောတ္ထိသေနမင်းသားသည်၊ နံ- ထိုသမ္ဗုလာ မင်းသမီးကို၊ "ဘဒ္ဒေ- အရှင်မ၊ တွံ- သင်သည်၊ အညေသု- တစ်ပါးကုန်သော၊ ဒိဝသေသု- နေ့တို့၌၊ ဣမာယဝေလာယ- ဤမျှသောအခါ၌၊ န အာဂစ္ဆသိ- မလာ၊ အဇ္ဇ- ယနေ့ကား၊ အတိသာယံ- အလွန် မိုးချုပ်သောအခါ၌၊ အာဂတာ- လာသည်၊ အသိ- ဖြစ်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍၊ "အတိသာယံ ဝတာဂစ္ဆိ (ပ) ကောတေ ပိယတရောမယာ"တိ- အတိသာယံ ဝတာဂစ္ဆိ (ပ) ကောတေ ပိယတရော မယာ-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

> ၃၂၀။ [ယသဿိနိ(ယသဿိနီ)]- များသော အခြံအရံရှိသော၊ [ရာဇပုတ္တိ (ရာဇပုတ္တီ)]- မင်းသမီး၊ ဝတ- စင်စစ်၊ အတိသာယံ- အလွန် မိုးချုပ်မှ၊ အာဂစ္ဆိ- လာ၏၊ အဇ္ဇ- ယနေ့၊ ကေန- အဘယ်သူနှင့်၊ သမာဂစ္ဆိနု- တွေ့ကြုံသနည်း၊ တေ- သင်အား၊ မယာ- ငါထက်၊ ပိယတရော- သာ၍ချစ်သော သူသည်၊ ကော- အဘယ်နည်း။

အထ- ထိုအခါ၌၊ နံ- ထိုသောတ္ထိသေနမင်းသားကို၊ သာ- ထိုသမ္ဗုလာ မင်းသမီးသည်၊ "အယျပုတ္တ- အရှင့်သား၊ အဟံ- အကျွန်ုပ်သည်၊ ဖလာဖလာနိ- သစ်သီးကြီးငယ်တို့ကို၊ အာဒါယ- ယူ၍၊ အာဂစ္ဆန္တီ- လာလတ်သည်ရှိသော်၊ ဧကံ- တစ်ယောက်သော၊ ဒါနဝံ- ဒါနောဘီလူးကို၊ ပဿိံ- မြင်ပြီ၊ သော- ထိုဒါနောဘီလူးသည်၊ မယိ- အကျွန်ုပ်၌၊ ပဋိဗဒ္ဓစိတ္တော- တပ်မက်သော စိတ်ရှိသည်၊ ဟုတွာ- ဖြစ်၍၊ မံ- အကျွန်ုပ်ကို၊ ဟတ္ထေ- လက်၌၊ ဂဏှိတွာ- ကိုင်၍၊ 'မမ- ငါ၏၊ ဝစနံ- စကားကို၊ သစေ န ကရောတိ- အကယ်၍ မလိုက်နာအံ့၊ တံ- သင့်ကို၊ ခါဒိဿာမိ- ငါစားအံ့၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ အဟံ- အကျွန်ုပ်သည်၊ တာယဝေလာယ- ထိုအခါ၌၊

တညေဝ- ထိုအရှင့်သားကိုသာလျှင်၊ အနုသောစန္တီ- အဖန်တလဲလဲ စိုးရိမ်သည်ဖြစ်၍၊ ဧဝံ- ဤသို့ ပရိဒေဝိ- ငိုကြွေးပါပြီ” ဣတိ- ဤသို့ ပတွာ- ဆို၍၊ (တံ- ထိုအကြောင်းကို၊ ရာဇကုမာရဿ- မင်းသားအား၊ ကထေန္တော- ပြောကြားလိုသည်ဖြစ်၍၊) “ဣဒံ ခေါဟံ တဒါ ဝေါစံ (ပ) မနော ဟေဿတိ အညထာ” တိ- ဣဒံ ခေါဟံ တဒါ ဝေါစံ (ပ) မနော ဟေဿတိ အညထာ-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၂၀။ အယျပုတ္တ- အရှင်သား၊ တဒါ- ထိုအခါ၌၊ တေန သတ္တုနာ- ထိုရန်သူသည်၊ ဂဟိတာ- ဖမ်းယူအပ်သော၊ အဟံ- အကျွန်ုပ်သည်၊ ဣဒံခေါ- ဤစကားကိုလျှင်၊ [အဝေါစံ(အဝေါစုံ)]- ဆိုပါ၏၊ ယထာ- အကြင်အခြင်းဖြင့်၊ ရက္ခသော- ရက္ခိုသ်ဘီလူးသည်၊ မံ- ငါကို၊ ယံခါဒေယျံ- အကြင်စား၏၊ ဣဒံ- ဤဘီလူးစားခြင်းသည်၊ မေ- ငါအား၊ တထာ- ထိုအခြင်းဖြင့်၊ နဒုက္ခံ- ဆင်းရဲမဟုတ်၊ အယျပုတ္တဿ- အရှင်သား၏၊ မနော- စိတ်နှလုံးသည်၊ မေ- ငါ့အား၊ အညထာ- တစ်ပါးသောအခြင်းအရာဖြင့်၊ ယဥ္စဟေဿတိ- အကြင် ဖြစ်လတ္တံ့၊ ဣဒံ- ဤစိတ်တခြားဖြစ်ခြင်းသည်လျှင်၊ မေ- အကျွန်ုပ်အား၊ ဒုက္ခတရံ- အလွန် ဆင်းရဲစွာ၏။

အထ- ထိုအခါ၌၊ အဿ- ထိုသောတ္ထိသေနမင်းအား၊ သေသံ- ကြွင်းသော၊ ပဝတ္တိမ္ပိ- အကြောင်းအရာကိုလည်း၊ အာရောစေန္တီ- ပြောကြားလိုသည်ဖြစ်၍၊ “ဒေဝ- အရှင့်သား၊ တေန ဒါနဝေန- ထိုဒါနဝဘီလူးသည်၊ ဂဟိတာ- ဖမ်းယူအပ်သော၊ အဟံပန- အကျွန်ုပ်ကိုကား၊ ဝါ- အကျွန်ုပ်သည်ကား၊ အတ္တာနံ- မိမိကိုယ်ကို၊ ဝိဿဇ္ဇာပေတုံ- လွတ်စေခြင်းငှာ၊ အသက္ကောန္တီ- မတတ်နိုင်သည်ဖြစ်၍၊ ဒေဝတုဇ္ဈာပနကမ္မံ- နတ်တို့ကို အယုတ်အားဖြင့် ကြည့်ရှုစေခြင်း၏အမှုကို၊ အကာသိံ- ပြုပြီ၊ အထ- ထိုသို့ပြုသော အခါ၌၊ သက္ကော- သိကြားမင်းသည်၊ ဝဇိရဟတ္ထော- ဝရဇိန်လက်နက်စွဲလျက်၊ အာဂန္တွာ- လာ၍၊ အာကာသေ- ကောင်းကင်၌၊ ဌိတော- ရပ်လျက်၊ ဒါနဝံ- ဒါနဝဘီလူးကို သန္တဇ္ဇေတွာ- ခြိမ်းခြောက်၍၊ မံ- အကျွန်ုပ်ကို၊ ဝိဿဇ္ဇာပေတွာ- လွှတ်စေပြီး၍၊ တံ- ထိုဒါနဝ ဘီလူးကို၊ ဒေဝသင်္ခလိကာယ- နတ်တို့၏ သံခြေကျဉ်းဖြင့်၊ ဗန္ဓိတွာ- ဖွဲ့ချည်ပြီး၍၊ တတိယေ- သုံးခုမြောက်သော၊ ပဗ္ဗတန္တရေ- တောင်ကြား၌၊ ခိပိတွာ- ပစ်ချ၍၊ ပက္ကာမိ- သွားလေပြီ၊ ဧဝံ- ဤသို့၊ အဟံ- အကျွန်ုပ်သည်၊ သက္ကံ- သိကြားမင်းကို၊ နိဿာယ- မှီ၍၊ ဇီဝိတံ- အသက်ကို၊ လဘိံ- ရပြီ၊” ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ သောတ္ထိသေနော- သောတ္ထိသေန

မင်းသည်၊ "ဘဒ္ဒေ- အရှင်မ၊ ဟောတု- ဖြစ်ပါစေ၊ မာတုဂါမဿ- မိန်းမ၏၊ အန္တရေ- အလယ်၌၊ သစ္စံနာမ- မှန်သောစကားမည်သည်ကို၊ ဒုလ္လဘံ- အလွန်ရနိုင်ခဲ၏၊ ဟိ- ထိုစကား သည်မှန်၏၊ ဟိမဝန္တေ- ဟိမဝန္တာ၌၊ ဗဟူ- များစွာကုန်သော၊ ဝနစရကတာပသဝိဇ္ဇာဓရာဒယော- မုဆိုး, ရသေ့, ဝိဇ္ဇာဓိုရ် အစရှိကုန်သောသူတို့သည်၊ သန္တိ- ရှိကုန်၏၊ ကော- အဘယ်သူသည်၊ တုယှံ- သင်၏၊ (ဝစနံ- စကားကို၊) သဒ္ဒဟိဿတိ- ယုံကြည်အံ့နည်း၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ (တံ- ထိုအကြောင်းကို၊ ဒသေန္တော- ပြဆိုလိုသည်ဖြစ်၍၊) "စောရီနံ ဗဟုဗုဒ္ဓိနံ (ပ) မစ္ဆသောဝေါဒကေဂတ"န္တိ- စောရီနံ ဗဟုဗုဒ္ဓိနံ (ပ) မစ္ဆသောဝေါဒကေဂတံ-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၂၂။ ဘဒ္ဒေ- အဘယ်၊ စောရီနံ- ခိုး၍ကျင့်တတ်ကုန်သော၊ ဗဟုဗုဒ္ဓိနံ- များသော မာယာရှိကုန်သော မိန်းမတို့အား၊ ယာသု- အကြင်မိန်းမတို့၌၊ သစ္စံ- မှန်သော စကားသည်၊ ဟောတိ- ဖြစ်၏၊ တာသု- ထိုမိန်းမတို့၌၊ သစ္စံ- မှန်သော စကားကို၊ သုဒုလ္လဘံ- အလွန်ရခဲ၏၊ ထီနံ- မိန်းမတို့၏၊ ဘာဝေါ- အလိုကို၊ ဒုရာဇာနော- သိနိုင်ခဲ၏၊ ကိမိဝ- အဘယ်ကဲ့သို့နည်း ဟူမူကား၊ ဥဒကေ- ရေ၌၊ မစ္ဆဿ- ငါး၏၊ ဂတံ- သွားရာကို၊ ဒုရာဇာနံ ဣဝ- သိနိုင်ခဲသကဲ့သို့တည်း။

သာ- ထိုသမ္ဗုလာမင်းသမီးသည်၊ တဿ- ထိုသောတ္ထိသေနမင်းသား၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ "အယျပုတ္တ- အရှင့်သား၊ အဟံ- အကျွန်ုပ် သည်၊ အသဒ္ဒဟန္တံ- မယုံကြည်သော၊ တံ- ထိုအရှင့်သားကို မမ- အကျွန်ုပ်၏၊ သစ္စဗလေနေဝ- သစ္စာအစွမ်းဖြင့်သာလျှင်၊ တိကိစ္ဆိဿာမိ- ကုစားပါအံ့၊" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) ကလသံ- အိုးကို၊ ဥဒကဿ- ရေဖြင့်၊ ပူရေတွာ- ပြည့်စေပြီး၍၊ သစ္စကိရိယံ- သစ္စာပြုခြင်းကို၊ ကတွာ- ပြု၍၊ တဿ- ထိုသောတ္ထိသေနမင်းသားအား၊ သီသေ- ဦးခေါင်း၌၊ ဥဒကံ- ရေကို၊ အာသိဉ္စန္တီ- သွန်းလောင်းလိုသည်ဖြစ်၍၊ "တထာမံသစ္စံ ပါလေသု (ပ) ဗျာဓိ တေ ဝူပသမ္မတု"တိ- တထာမံသစ္စံ ပါလေသု (ပ) ဗျာဓိတေ ဝူပသမ္မတု-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၂၃။ သာမိ- အရှင်၊ အဟံ- အကျွန်ုပ်သည်၊ အညံ- အရှင်သားမှ တစ်ပါးသော၊ တယာ- အရှင့်သားထက်၊ ပိယတရံ- သာလွန်၍ချစ်အပ်သော သူကို၊ ယထာ- အကြင်အခြင်းဖြင့်၊ နာဘိဇာနာမိ- မသိစဘူး၊ တထာ- ထိုအခြင်းဖြင့်၊ မမ- အကျွန်ုပ်၏၊ ဝစနံ- စကားသည်၊ စေသစ္စံ- အကယ်၍မှန်အံ့၊ ဧဝံ-

ဤသို့မှန်သည်၊ သတိ- ရှိသော်၊ မံ- အကျွန်ုပ်ကို၊ သစ္စံ- သစ္စာတရားသည်၊ န္တာဒါနိပိ- ယခုအခါ၌လည်း၊ ပါလေတု- စောင်မစေသတည်း၊ အာယတိံပိ- နောင်အခါ၌လည်း၊ ပါလယိဿတိ- စောင့်မပါလတ္တံ့၊ ဧတေနသစ္စဝဇ္ဇေန- ဤသို့မှန်သောစကားကို ဆိုခြင်းကြောင့်၊ တေ- အရှင်သား၏၊ ဗျာဓိ- အနာသည်၊ ဝူပသမ္မတု- ကင်းပျောက်စေသတည်း။

တတ္ထ- ထိုဂါထာ၌၊ တထာ သဒ္ဒေါ- တထာသဒ္ဒါကို၊ "စေ မမ"န္တိ ဣမိနာ- "စေ မမံ"ဟူသော ဤပုဒ်နှင့်၊ သဒ္ဓိံ- အတူ၊ ယောဇေတဗ္ဗော- ယှဉ်စပ်အပ်၏၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ ယထာ- အကြင်အခြင်းအရာ အားဖြင့်၊ အဟံ- ငါသည်၊ ဝဒါမိ- ဆို၏၊ တထာ- ထိုအခြင်းအရာအားဖြင့်၊ မမ- ငါ၏၊ ဝစနံ- စကားသည်၊ စေ သစ္စံ- အကယ်၍မှန်အံ့၊ အထ- ထိုသို့မှန်သည်ရှိသော်၊ မံ- ငါ့ကို၊ ဣဒါနိပိ- ယခုအခါ၌လည်း၊ ပါလေတု- စောင့်ရှောက်ပါလော၊ အာယတိမ္ပိ- နောင်အခါ၌လည်း၊ ပါလေဿတိ- စောင့်ရှောက်လိမ့်လတ့်၊ ဣဒါနိ- ယခုအခါ၌၊ "ယထာဟံ နာဘိဇာနာမိ"တိ- "ယထာဟံ နာဘိဇာနာမိ"ဟူသော၊ မေ- ငါ၏၊ ဝစနံ- စကားကို၊ သုဏာထ- နားထောင်ပါ။ ပေါတ္ထကေသု ပန- ကျမ်းတို့၌ ကား၊ "တထာ မံ သစ္စံ ပါလေတိ"တိ- "တထာ မံ သစ္စံ ပါလေတိ"ဟူ၍၊ လိခိတံ- ရေးသားအပ်၏၊ တံ- ထိုစကားရပ်သည်၊ အဋ္ဌကထာယံ- အဋ္ဌကထာ၌၊ နတ္ထိ- မရှိ။

ဧဝံ- ဤသို့၊ တာယ- ထိုသမ္ဗုလာမင်းသမီးသည်၊ သစ္စကိရိယံ- သစ္စာပြုခြင်းကို၊ ကတွာ- ပြု၍၊ ဥဒကေ- ရေတို့ကို၊ အာသိတ္တမတ္တေယေဝ- သွန်းလောင်းအပ်ကာမျှ၌ သာလျှင်၊ သောတ္ထိသေနဿ- သောတ္ထိသေနမင်းသား၏၊ ကုဋ္ဌံ- နူနာသည်၊ တမ္ဗမလံ- ကြေးနီအညစ်အကြေးကို၊ အမ္ဗိလေန- အချဉ်ရေဖြင့်၊ ဓောတံဝိယ- ဆေးကြောသကဲ့သို့ တာဝဒေဝ- ထိုခဏ၌ပင်၊ အပဂန္တွာ- ကင်းပျောက်ပြီ၊ တေ- ထိုမင်းသား, မင်းသမီးတို့သည် ကတိပါဟံ- နှစ်ရက်သုံးရက်ပတ်လုံး၊ တတ္ထ- ထိုအရပ်၌၊ ဝသိတွာ- နေ၍၊ အရညာ- တောမှ၊ နိက္ခမ္မ- ထွက်သွား၍၊ ဗာရာဏသိံ- ဗာရာဏသီပြည်သို့၊ ပတွာ- ရောက်၍၊ ဥယျာနံ- ဥယျာဉ်တော်၌၊ ပဝိသိံသု- နေကြကုန်ပြီ၊ ရာဇာ- ခမည်းတော် ဗြဟ္မဒတ် မင်းကြီးသည်၊ တေသံ- ထိုမင်းသား, မင်းသမီးတို့၏၊ အာဂတဘာဝံ- လာသည်၏ အဖြစ်ကို၊ ဉတွာ- သိ၍၊ ဥယျာနံ- ဥယျာဉ်တော်သို့၊ ဂန္တွာ သွား၍၊ တတ္ထေဝ- ထိုဥယျာဉ်တော်၌ပင်၊ သောတ္ထိသေနဿ- သားတော် သောတ္ထိသေနမင်းသားအား၊ ဆတ္တံ- ထီးဖြူကို၊ ဥဿာပေတွာ- ဆောင်းနှင်း၍၊ သမ္ဗုလံ- သမ္ဗုလာမင်းသမီးကို၊

အဂ္ဂမဟေသိဋ္ဌာနေ- မိဖုရားကြီးအရာ၌၊ အဘိသိဉ္စာပေတွာ- အဘိသိက်သွန်းစေပြီး၍၊ နဂရံ- မြို့တွင်းသို့ ပဝေသေတွာ- သွင်းစေ၍၊ သယံ- မိမိသည်၊ ဣသိပဗ္ဗဇ္ဇံ-ရသေ့ရဟန်းအဖြစ်ကို၊ ပဗ္ဗဇိတွာ- (ရသေ့ရဟန်း)ပြု၍၊ ဥယျာနေ- ဥယျာဉ်တော်၌၊ ဝါသံ- နေခြင်းသို့ ကပ္ပေသိ- ပြုပြီ၊ စ- သည်သာမကသေး၊ ရာဇနိဝေသနေယေဝ- သားတော်မင်း၏ နန်းတော်၌သာလျှင်၊ နိဗဒ္ဓံ- အမြဲ ဘုဉ္ဇ- ဆွမ်းဘုန်းပေးပြီ၊ သောတ္ထိသေနောပိ- သောတ္ထိသေနမင်းသည်လည်း၊ သမ္ဗုလာယ- သမ္ဗုလာမင်းသမီးအား၊ အဂ္ဂမဟေသိဋ္ဌာနမတ္တမေဝ- မိဖုရားကြီးအရာမျှကိုသာလျှင်၊ အဒါသိ- ပေးပြီ၊ ပုန-တစ်ဖန်၊ အဿာ- ထိုသမ္ဗုလာမိဖုရားကြီးအား၊ ကောစိ- တစ်စုံတစ်ခုသော၊ သက္ကရော-ချီးမြှောက်ခြင်း, မြတ်နိုးတနာပြုခြင်းသည်၊ န အဟောသိ- မရှိပြီ၊ အဿာ-·ထိုမိဖုရားကြီး၏၊ အတ္ထိဘာဝမ္ပိ- ရှိသည်၏အဖြစ်ကိုလည်း၊ န အညာသိ- မသိပြီ၊ အညာဟိ- တစ်ပါးကုန်သော၊ ဣတ္ထီဟိယေဝ- မိန်းမတို့နှင့်သာလျှင်၊ သဒ္ဓိံ- အတူတကွ၊ အဘိရမိ- မွေ့လျော် ပျော်ပါးပြီ၊ သမ္ဗုလာ- သမ္ဗုလာမိဖုရားကြီးသည်၊ သပတ္တိဒေါသ-ဝသေန- လင်၏အပြစ်၏ အစွမ်းဖြင့်၊ ကိသာ- ကြုံလှီသည်၊ ဥပဏ္ဍုပဏ္ဍုကဇာတာ-ဖြစ်သော အလွန်အလွန်ဖျော့တော့သော အဆင်းရှိသူ၏ အဖြစ်ရှိသည်၊ (ဘာဝလောပ-အကြေကြံ) ဝါ- အသားအရေ ဖြူဖက်ဖြူရော်ဖြစ်နေသည်၊ ဓမနိ သန္ထတဂတ္တာ-အကြောတို့ဖြင့် ဖြန့်ခင်းအပ်သော ကိုယ်ရှိသည်၊ ဝါ- အကြောပြိုင်းရရိုင်းထသော ကိုယ်ရှိသည်၊ အဟောသိ- ဖြစ်ပြီ၊ သာ- ထိုသမ္ဗုလာမင်းသမီးသည်၊ ဧကဒိဝသံ-တစ်နေ့သောအခါ၌၊ သောကဝိနောဒနတ္ထံ- သောကကို ဖျောက်ခြင်း၏အကျိုးငှာ၊ ဘုဉ္ဇိတုံ- ဆွမ်းစားခြင်းငှာ၊ အာဂတဿ- ကြွလာသော၊ သသုရတာပသဿ- ယောက္ခမ ရှင်ရသေ့၏၊ သန္တိကံ- အထံသို့ ဂန္တွာ- သွား၍၊ ကတဘတ္တကိစ္စံ- ပြုအပ်ပြီးသော ဆွမ်းဘုဉ်းပေးခြင်း ကိစ္စရှိသော၊ ဝါ- ဆွမ်းစားခြင်းကိစ္စပြီးသော၊ တံ- ထိုရသေ့ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ ဧကမန္တံ- တင့်အပ်လျောက်ပတ်စွာ၊ နိသီဒိ- ထိုင်နေပြီ၊ သော-ထိုယောက္ခမ ရှင်ရသေ့သည်၊ မိလာတိန္ဒြိယံ- ညှိုးနွမ်းသော ဣန္ဒြေရှိသော၊ တံ-ထိုသမ္ဗုလာ မင်းသမီးကို၊ ဒိသွာ- မြင်၍၊ (ကာရဏံ- အကြောင်းကို၊ ပုစ္ဆန္တော-မေးလိုသည် ရှိသော်၊) "ယေ ကုဉ္စရာ သတ္တသတာ (ပ) ဝိဓေပဿသိ ဘဒ္ဒေသတ္တဝေါ"တိ-ယေ ကုဉ္စရာ သတ္တသတာ (ပ) ဝိဓေပဿသိ ဘဒ္ဒေသတ္တဝေါ-ဟူသော၊ ဂါထံ-ဂါထာကို၊ အာဟ- ဆိုပြီ။

၃၂၄။ ဘဒ္ဒေသမ္ဗုလေ- အရှင်မသမ္ဗုလာ၊ [ဥယျုတာဝုဓာ (ဥယျုတ္တာဝုဓာ)]- လက်နက်လက်စွဲသော သူရဲစီးကုန်သော၊ ဥဋ္ဌာရာ- မြတ်ကုန်သော၊ သတ္တသတာ- ခုနှစ်ရာကုန်သော၊ ယေကုဋ္ဌရာ- အကြင် ဆင်တို့သည်၊ သန္တိ- ရှိကုန်၏၊ တေကုဋ္ဌရာ- ထိုလက်နက်လက်စွဲသော သူရဲစီးကုန်သော ခုနစ်ရာကုန်သော ဆင်တို့သည်လည်းကောင်း၊ ဓနုဂ္ဂဟာနံ- လေးသမားတို့၏၊ သောဠသသတာနိစ- တစ်ထောင့်ခြောက်ရာတို့သည်လည်းကောင်း၊ ရတ္တိံဒိဝံ- နေ့ညဉ့်မပြတ်၊ ဗာရာဏသိံ- ဗာရာဏသီပြည်သို့၊ ရက္ခန္တိ- စောင့်ကုန်၏၊ ကထံဝိဓေ- အဘယ်သို့အပြားရှိကုန်သော၊ သတ္တဝေါ- ရန်သူတို့ကို၊ တွံ- သင်သည်၊ ပဿသိ- မြင်သနည်း။

တဿ- ထိုဂါထာ၏၊ အတ္ထော- အနက်ကား၊ ဘဒ္ဒေ သမ္ဗုလေ- အရှင်မ သမ္ဗုလာ၊ အမှာကံ- ငါတို့မှာ၊ သတ္တသတာ- ခုနှစ်ရာကုန်သော၊ ယေ ကုဉ္ဇရာ- အကြင်ဆင်တို့သည်၊ အတ္ထိ- ရှိ၏၊ တေသညေဝ- ထိုဆင်တို့၏သာလျှင်၊ ခန္ဓဂတာနံ- ပခုံးထက်၌ရောက်ကုန်သော၊ ယောဓာနံ- စစ်သည်တို့၏၊ ဝသေန- အစွမ်းအား ဖြင့်၊ ဥယျုတ္တာဝုဓာ- လက်နက်စွဲကိုင်ထားသော စစ်သည်တို့သည်လည်းကောင်း၊ အပရာနိ- တစ်ပါးလည်းဖြစ်ကုန်သော၊ သောဠသဓနုဂ္ဂဟသတာနိစ- လေးမြား စွဲကိုင်ကုန်သော တစ်ထောင့်ခြောက်ရာကုန်သော စစ်သည်တို့သည်လည်း၊ ရတ္တိန္ဒိဝံ- နေ့နေ့ ညဉ့်ညဉ့်၊ ဗာရာဏသိံ- ဗာရာဏသီမြို့ကို၊ ရက္ခန္တိ- စောင့်ရှောက်ကုန်၏၊ ဧဝံ- ဤသို့၊ သုရက္ခိတေ- ကောင်းစွာ စောင့်ရှောက်အပ်သော၊ နဂရေ- မြို့၌၊ ကထံဝိဓေ- အဘယ်သို့သော သဘောရှိသော၊ တွံ- သင်သည်၊ သတ္တဝေါ- ရန်သူကို၊ ပဿသိ- မြင်ဘိသနည်း၊ ဘဒ္ဒေ- အရှင်မသမ္ဗုလာ၊ သာသင်္ကာ- ယုံမှားသင်္ကာရှိသော၊ သပ္ပဋိဘယာ- ဘေးနှင့် တကွဖြစ်သော၊ အရညာ- တောမှ၊ အာဂတကာလေပိ- ရောက်လာသောအခါ၌လည်း၊ ယဿာ တဝ- အကြင်သင်၏၊ သရီရံ- ကိုယ်သည်၊ ပဘာသမ္ပန္နံ- အရောင်အဆင်းနှင့် ပြည့်စုံ၏၊ ဣဒါနိ ပန- ယခုအခါ၌ ကား၊ မိလာတာ- ညှိုးသည်၊ ပဏ္ဍုပလာသဝဏ္ဏာ- သစ်ရွက်ဖြော့ကဲ့သို့ အဆင်းရှိ၏၊ အတိဝိယ- အလွန်လျှင်၊ ကိလန္တိန္ဒြိယာ- ပင်ပန်းသော ဣန္ဒြေရှိသည်၊ အသိ- ဖြစ်ပြီ၊ ကဿနာမ- အဘယ်မည်သော ဘေးရန်ကို၊ တွံ- သင်သည်၊ ဘာယသိ- ကြောက်ဘိသနည်း၊” ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ။

သာ- ထိုသမ္ဘုလာမင်းသမီးသည်၊ တဿ- ထိုယောက္ခမရှင်ရသေ့၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ "ဒေဝ- အရှင်မင်းကြီး၊ တေ- အရှင်မင်းကြီး၏၊ ပုတ္တော- သားတော်သည်၊ မယိ- အကျွန်ုပ်၌၊ န ပုရိမသဒိသော- ရှေးကနှင့် မတူပါ၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ (တံ- ထိုအကြောင်းကို၊ ပဋိကထေန္တော- ပြန်လျှောက်လိုသည် ဖြစ်၍၊) "အလင်္ကတာယော ပဒုမတ္တရတ္တစာ (ပ) သေယျာ ကပဏာပိ ယာ ပိယာ"တိ- အလင်္ကတာယော ပဒုမတ္တရတ္တစာ (ပ) သေယျော ကပဏာပိ ယာ ပိယာ-ဟူကုန်သော၊ ပဉ္စ- ငါးခုကုန်သော၊ ဂါထာ- ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၃၂၅။ ဒေဝ- အရှင်မင်းကြီး၊ တေ- အရှင်မင်းကြီး၏၊ ပုတ္တော- သားတော်သည်၊ အလင်္ကတာယော- တန်ဆာဆင်အပ်ကုန်သော၊ ပဒုမုတ္တ ရတ္တာစ- ပဒုမ္မာ ကြာပွင့်ချပ်နှင့်တူသော အသရေရှိကုန်သော၊ ဝိရာဂိတာ- အထူးထူးသော ချစ်ခင်လိုဖွယ်ရှိကုန်သော၊ [ဟံသဂဂ္ဂရာ (ဟံသဝဂ္ဂုရာ)]- ဟင်္သာသံကဲ့သို့ သာယာသော အသံရှိကုန်သော၊ နာရီယော- မိန်းမတို့ကို၊ ပဿတိ- ကြည့်ရှုဘိ၏၊ တာတ- ဘခင်၊ တေ- သင်ဘခင်၏၊ ပုတ္တော- သားတော်သည်၊ တာသံ- ထိုမိန်းမတို့၏၊ မိတဂီတဝါဒိတံ- ညင်းညင်းသာသီခြင်း တီးမှုတ်ခြင်းကို၊ သုဏိတွာ- နာ၍၊ ပုရေယထာ- ရှေးကဲ့သို့၊ တထာ- ထိုအတူ၊ ဒါနိဣဒါနိ- ယခုအခါ၌၊ မေ- အကျွန်ုပ်အား၊ နဝတ္တတိ- မကျင့်ပါခဲ့။

၃၂၆။ တာတ- ဘခင်၊ [သု ဝဏ္ဏသံကစ္စဓရာ(သုဝဏ္ဏသံကန္တဓရာ)]- ရွှေတဘက် ဆင်ဝတ်ကုန်သော၊ သုဝိဂ္ဂဟာ- လွန်စွာသော ဂုဏ်ဖြင့် ဖမ်းယူ ဆွဲငင်တတ်ကုန်ထသော၊ အလင်္ကတာ- ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်ထသော၊ မာနုသိယာ- လူမိန်းမဖြစ်ကုန်လျက်၊ အစ္ဆရူပမာ- နတ်သမီးနှင့်တူကုန်ထသော၊ [သေနောပိယာ](သေနာ)- သောတ္ထိသေနမင်းသား သည်၊ (ပိယာ)- ချစ်အပ်ကုန်ထသော၊ [အနန္ဒိ တင်္ဂီယော(အနိန္ဒိတင်္ဂီယော)]- မကဲ့ရဲ့အပ်သော ကိုယ်အင်္ဂါလက္ခဏာရှိကုန်ထသော၊ ခတ္တိယကညာ- မင်းသမီးတို့သည်၊ နံ- ထိုဘခင်၏ သားတော်ကို၊ ပဋိလောဘယန္တိ- ဖြားယောင်းကုန်၏။

၃၂၇။ တာတ- ဘခင်၊ သစေ- အကယ်၍၊ မံ- အကျွန်ုပ်ကို၊ သမ္မာနယေ- အရိုအသေမြတ်နိုးတနာပြုအံ့၊ မံ- အကျွန်ုပ်ကို၊ နစ ဝိမာနယေ- မရိုမသေ မထေမဲ့မြင် မပြုအံ့၊ ပုရေယထာ- ရှေးကဲ့သို့၊ တထာ- ထို့အတူ၊ ဝတ္တတိ- ကျင့်အံ့၊ ဧဝံ- ဤသို့ကျင့်သည်၊ သတိ- ရှိသော်၊ အဟံ- အကျွန်ုပ်သည်၊

ပုန- တစ်ဖန်၊ ဝနေ- တောဌ်၊ တံပတိံ- ထိုလင်ကို၊ ဥဋ္ဌာယ- သစ်သီး သစ်မြစ် ရှာမှီးခြင်းဖြင့်၊ ဘရေ- မွေးကျွေးအံ့၊ တာတ- ဘခင်၊ မေ- အကျွန်ုပ်အား၊ က္ကတောပိ- ဤဗာရာဏသီပြည်ထက်လည်း၊ တတောတံဝနံ- ထိုတောသည်၊ ဝရံ- မြတ်သည်၊ သိယာ- ဖြစ်ရာ၏။

၃၂၈။ တာတ- ဘခင်ရှင်ရသေ့၊ ယံယာနာရီ- အကြင်မိန်းမသည်၊ ဩဟိတေ- စီရင်အပ်သော၊ ဝိပုလသိွံ- များမြတ်သော၊ အန္နပါနေ- ထမင်းအဖျော်ရှိသော အိမ်၌၊ ဝိမဋ္ဌာဘရဏာ အလင်္ကတာ- ပြေပြစ်သော တန်ဆာဆင်ယင်လျက်၊ ဝသတိ- နေရ၏၊ [သဗ္ဗင်္ဂုပေတာ(ပဥ္စင်္ဂုပေတာ)]- အင်္ဂါငါးပါးကျေးဇူးနှင့် ပြည့်စုံ၏၊ သာနာရီ- ထိုမိန်းမကို၊ ပတိနောစ- လင်သည်ကား၊ အပ္ပိယာ- မချစ်၊ တဿာ- ထိုလင်မချစ်သောမယားအား၊ တတော- ထိုလင်အိမ်၌နေသော ထက်၊ အဗဇ္ဈ- သေဆွဲ၍၊ မရဏံ- သေခြင်းသည်၊ ဝရံ- မြတ်၏။

၃၂၉။ အပိ- စင်စစ်၊ စေ- အကယ်၍၊ ယာ- အကြင်မိန်းမသည်၊ ဒလိဒ္ဒါ- ဆင်းရဲ၏၊ ကပဏာ- အထီးကျန်၏၊ အနာဋ္ဌိယာ- မှီခိုကိုးကွယ်ရာ မရှိ၊ ကဋ္ဌာဒုတိယာ- ဖျာလျှင် နှစ်ခုမြောက်ရှိ၏၊ သာ- ထိုမိန်းမကို၊ ပတိနောစ- လင်သည်ကား၊ ပိယာ- ချစ်မြတ်နိုး၏၊ ကပဏာပိ- အထီးကျန်ငြားသော်လည်း၊ အယမေဝ- ဤလင်ချစ်မြတ်နိုးသော မယားသည်သာလျှင်၊ သေယျာ- မြတ်၏၊ အပ္ပိယာယ- လင်မချစ်သော မယားသည်၊ [သဗ္ဗင်္ဂုပေတာ(ပဥ္စင်္ဂုပေတာယပိ)]- အင်္ဂါငါးပါးကျေးဇူးနှင့် ပြည့်စုံသော်လည်း၊ နသေယျာ- မမြတ်။

တတ္ထ- ထိုအလင်္ကတာယောစသော ဂါထာတို့၌၊ **ပဒုမုတ္တရတ္တစာ**တိ- ပဒုမုတ္တ ရတ္တစဟူသည်ကား၊ ပဒုမဂဗ္ဘသဒိသဥတ္တရတ္တစာ- ပဒုမ္မာကြာဒြပ်နှင့်တူသော မြတ်သော အရေရှိကုန်သော၊ သဗ္ဗာသံ- ခမ်းသိမ်းကုန်သော မိန်းမတို့၏၊ သရီရတော- ကိုယ်မှ၊ သုဝဏ္ဏပဘာ- ရွှေအဆင်းကဲ့သို့သော အရောင်သည်၊ နိစ္ဆရန္တိ- ထွက်၍ နေကုန်၏၊ က္ကတိ- ဤအနက်ကို၊ ဒီပေတိ- ပြ၏၊ **ဝိရာဂိတာ**တိ- ဝိရာဂိတာဟူသည်ကား၊ ဝိလဂ္ဂသရီရာ- စွဲငြိဖွယ်ကောင်းသော ကိုယ်ရှိကုန်သော၊ တနုမဇ္ဈာ- သေးသွယ်သော ခါးရှိကုန်သော၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ဟံသဂဂ္ဂရာ**တိ- ဟံသဂဂ္ဂရာ ဟူသည်ကား၊ ဧဝရူပါ- ဤသို့သဘောရှိကုန်သော၊ ဟံသာ ဝိယ- ဟင်္သာတို့ကဲ့သို့ မဓုရဿရာ- ချိုသာသော အသံရှိကုန်သော၊ နာရိယော- မိန်းမတို့ကို၊ ပဿတိ- ရှု၏၊ **တာသန္တိ**- တာသံဟူသည်ကား၊ တဝ- သင်ရသေ့၏၊ သော ပုတ္တော- ထိုသားတော်သည်၊ တာသံ နာရီနံ- ထိုအမျိုးသမီးတို့၏၊ မိတဂီတဝါဒိတာဒီနိ-

ပြုံးရယ်ခြင်း သီဆိုခြင်း တီးမှုတ်ခြင်း အစရှိသည်တို့ကို၊ သုဏိတွာ- ကြားရ၍၊ တာတ- ဖခင်၊ ဣဒါနိ- ယခုအခါ၌၊ မေ- ငါအား၊ ပုရေ- ရှေး၌၊ ပဝတ္တိယထာ- ကျင့်သကဲ့သို့၊ တထာ- ထို့အတူ၊ န ပဝတ္တတိ- မကျင့်၊ ဣတိ- ဤသို့ ဝဒတိ- ဆို၏၊ **သုဝဏ္ဏသံကစ္စ- ရောတိ**- သုဝဏ္ဏမယသံကစ္စရောဟူသည်ကား၊ သုဝဏ္ဏမယ သံကစ္စာလင်္ကာရရော- ရွှေဖြင့်ပြီးသော တဘက်တန်ဆာကို ဆောင်ကုန်သော၊ **အလင်္ကတာ**တိ- အလင်္ကတာ ဟူသည်ကား၊ နာနာလင်္ကာရပဋိမဏ္ဍိတာ- အထူးထူးသော အဆင်တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော၊ **မာနုသိယစ္ဆ ရူပမာ**တိ- မာနုသိယစ္ဆ ရူပမာဟူသည်ကား၊ မာနုသိယော- လူ၌ဖြစ်သော၊ အစ္ဆရူပမာ- နတ်သမီးနှင့်တူကုန်သော၊ **သေနောပိယာ**တိ- သေနောပိယာဟူသည်ကား၊ သောတ္ထိသေနဿပိယာ- သောတ္ထိသေနမင်းသားသည် ချစ်အပ်ကုန်သော၊ **ပဋိလောဘယန္တိ နန္တိ**- ပဋိလောဘယန္တိနံဟူသည်ကား၊ တဝ- သင်ဖခင်၏၊ နံ ပုတ္တံ- ထိုသားကို၊ ပဋိလောဘယန္တိ- ဖြားယောင်းကြကုန်၏။

**သစေ အဟန္တိ**- သစေအဟံဟူသည်ကား၊ တာတ- ဖခင်၊ ပုရေယထာ- ရှေး၌ကဲ့သို့ သစေ- အကယ်၍၊ အဟံ- ငါသည်၊ ပုနပိ- တစ်ဖန်လည်း၊ ကုဋ္ဌရောဂေန- နူနာရောဂါဖြင့်၊ ဝန်- တောသို့ ပဝိဋ္ဌ- ဝင်သော၊ တံ ပတိံ- ထိုလင် ဖြစ်သူကို၊ တထေဝ- ထိုရှေးနည်းအတူ၊ ဥဉ္ဆာယ- အစားစာကို ရှာဖွေကျွေးခြင်းဖြင့်၊ တသ္မိံ ဝနေ- ထိုတော၌၊ ဘရေယျံ- မွေးမြူအံ့၊ ပုနပိ- တစ်ဖန်လည်း၊ မံ- ငါ့ကို၊ သော- ထိုလင်ဖြစ်သော သောတ္ထိသေနသည်၊ သမ္မာနေယျ- မြတ်နိုးငြားအံ့၊ န ဝိမာနေယျ- မရိုမသေ မထေ့မဲ့မြင် မပြုငြားအံ့၊ တတော- ထို့ကြောင့်၊ သပတ္တိဒေါသေန- လင်တူရန်ရှိခြင်းဟူသော အပြစ်ဖြင့်၊ သုဿန္တိယာ- ခြောက်ခြောက်သွေ့သွေ့နေရသော၊ မေ- ငါ့အား၊ ဣတောပိ ဗာရာဏသိရဇ္ဇတော- ဤဗာရာဏသီမင်းအဖြစ်ထက်၌လည်း၊ တံ အရညမေဝ- ထိုတောသည်သာလျှင်၊ ဝရံ- မြတ်သည်၊ သိယာ- ဖြစ်ရာ၏၊ ဣတိ- ဤအနက်ကို၊ ဒီပေတိ- ပြ၏၊ **ယမန္နပါနေ**တိ- ယမန္နပါနေဟူသည်ကား၊ ယံ- အကြင် အမျိုးသမီးသည်၊ အန္နပါနေ- စားဖွယ်သောက်ဖွယ် ပြည့်စုံသော အိမ်၌၊ **ဩဟိတေ**တိ- ဩဟိတေ ဟူသည်ကား၊ ဌပိတေ- ထားအပ်သော၊ ပဋိယတ္တေ- စီရင်အပ်သော၊ ဣမိနာ- ဤစကားရပ်ဖြင့်၊ ဗဟုန္နပါနယရံ- စားဖွယ်သောက်ဖွယ် ပေါများသော အိမ်ကို၊ ဒဿေတိ- ပြ၏၊ အယံကိရ- ဤဆိုလတ္တံ့သည်ကား၊ အဿာ- ထိုသမ္ဗုလာ၏၊ အဓိပ္ပါယော- အဓိပ္ပါယ်တည်း၊ ယာ နာရီ- အကြင်မိန်းမသည်၊ ဝိပုလန္နပါနေ- ပေါများသော စားဖွယ် သောက်ဖွယ်ရှိသော၊ ယရေ- အိမ်၌၊ ဧကိကာဝ- တစ်ယောက်

တည်းသာလျှင်၊ အသပတ္တိ- လင်တူရန်သူမရှိသည်၊ သမာနာ- ဖြစ်လျက်၊ ဝိမဋ္ဌာဘရဏာ- ချောမွေ့သော အဝတ်အစားတို့ကိုဝတ်ဆင်ကုန်လျက်၊ နာနာလင်္ကာရေဟိ- အမျိုးမျိုးသောအဆင်တန်ဆာတို့ဖြင့်၊ အလင်္ကတာ- တန်ဆာဆင်ကုန်လျက်၊ သဗ္ဗေဟိ- အလုံးစုံကုန်သော၊ ဂုဏာဂေဟိ- ဂုဏ်အင်္ဂါတို့ဖြင့်၊ ဥပေတာ- ပြည့်စုံလျက်၊ ပတိနော စ- လင်၏ကား၊ အပ္ပိယာ- မချစ်အပ်သည်၊ ဟောတိ- ဖြစ်၏၊ အဗဒ္ဓ- လည်၌ဖွဲ့ချည်၍၊ ဂိဝါယ- လည်ပင်း၌၊ ဝလ္လိယာ ဝါ- နွယ်ဖြင့်လည်းကောင်း၊ ရဇ္ဇုယာ ဝါ- ကြိုးဖြင့်လည်းကောင်း၊ ဗန္ဓိတွာ- ချည်နှောင်၍၊ တဿာ- ထိုမိန်းမအတွက်၊ တတော ယရာဝါသတော- ထိုအိမ်၌နေခြင်းထက်၊ မရဏမေဝ- သေခြင်းသည်သာလျှင်၊ ဝရတရံ- သာ၍မြတ်၏၊ ဣတိ- ဤကား၊ (အမိပ္ပါယော- အဓိပ္ပါယ်တည်း၊) **အနာဋ္ဌယာ**တိ- အနာဋ္ဌာယာတိ ဟူသည်ကား၊ အနာဋ္ဌာ- မှီခိုကိုးကွယ်ရာ မရှိ* **ကဋ္ဌာဒုတိယာ**တိ- ကဋ္ဌာဒုတိယာတိဟူ သည်ကား၊ နိပ္ဖန္နကဋ္ဌသာရက ဒုတိယာ- အိပ်ရာဖြစ်သော ဖျာသင်ဖြူးလျှင်နှစ်ခု မြောက်ရှိသည်၊ **သေယျာ**တိ- သေယျာတိဟူသည်ကား၊ ကပဏာ- အထီးကျန် သည်၊ သမာနာပိ- ဖြစ်သော်လည်း၊ ယာ- အကြင်မိန်းမသည်၊ ပတိနော- လင်သည်၊ ပိယာ- ချစ်အပ်၏၊ အယမေဝ- ဤလင်ချစ်မြတ်နိုးသော မိန်းမသည်သာလျှင်၊ ဥတ္တမံ- မြတ်၏၊ ဣတိ- ဤသို့၊ (ဒီပေတိ- ပြ၏။)

ဧဝံ- ဤသို့၊ တာယ- ထိုသမ္ဗုလာမိဖုရားသည်၊ အတ္တနော- မိမိ၏၊ ပရိသုဿ- နကာရဏေ- ညှိုးနွမ်းခြောက်ကပ်ခြင်း၏ အကြောင်းကို၊ တာပသဿ- ရှင်ရသေ့အား၊ ကထိတေ- ပြန်လျှောက်အပ်သည်ရှိသော်၊ တာပသော- ယောဂီမ ရှင်ရသေ့သည်၊

* အနာဋ္ဌာ=အန်+အာဋ္ဌ သက္ကတ၌(ရိ)သရနောင် ဓ-ဗျည်းနှင့် ကြွယ်ဝခြင်း အနက်ဟော သော ဓာတ်ရှိသည်၊ ဓာတ်နောင် ပစ္စည်းဆက်လျှင် ဧရှ့ကဒဏ္ဍဓ ဓ-ဗျည်းသည် မုဒ္ဓဇ ပ-ဗျည်းသို့ ပြောင်းလေ့ရှိသည်၊ ၎င်းသက္ကတဓာတ်ကို ပါဠိ၌ အဒ္ဓဟုလည်းကောင်း၊ အဓ-ဟုလည်းကောင်း ပုံစံပြောင်း၍ထားသည်၊ (ရိ)သရကို အာ-ပြု၊ ဓ-ဗျည်းကို ပ-ဗျည်းသို့ပြောင်း၊ နောက်က ယ- ပစ္စည်းဆက်၍ အာဗျာ-ဟု သက္ကတပုဒ်ဖြစ် သက္ကတ-ပ-ဗျည်းသည် ပြာကတ၌ အမြဲတန်း ဋ္ဌ- သို့ပြောင်းသည်၊ နမ္မနာကား-မျောပါရခြင်းအနက်ဟော ဝူပ-မှ ဝူဋ္ဌ-သို့ပြောင်းသော ပါဠိပုဒ်များရှိ ဤ၌လည်း အာဗျ-မှ အာဋ္ဌ-သို့ပြောင်းသည်။ ဋ္ဌ-ကိုမြန်မာတို့(လှ)ဟု အသံထွက်သည်၊ အသံမှန် မဟုတ်ပေ လ-ဗျည်းသံ နောက်တွင် ကပ်၍ ဟ-ဗျည်းသံကိုထည့်ပေးရမည်၊ ထိုင်းနိုင်ငံ၌ ရဟန်းတော်များက ဒကာ ဒကာမတို့အား ချပေးသော ကန်တော့ခန်းပါဠိ၌ ဒဒယထာဗာလေ ယထာမူဋ္ဌေဒဒဟူသော ပုဒ်ပါရှိသည်၊ ထိုင်းဘုန်းတော်ကြီးများသည် ယထာမူဋ္ဌေကို ယထာ- မူလဟေ-ဟု အသံထွက်ကြသည်။

ရာဇာနံ- သားတော်သောတ္ထိသေနမင်းကို၊ ပက္ကောသာပေတွာ- ခေါ်စေ၍၊ "တာတ- သောတ္ထိသေန- ချစ်သားသောတ္ထိသေန၊ ကုဋ္ဌရောဂါဘိဘူတေ- နူနာရောဂါသည် နှိပ်စက်အပ်သော၊ တယိ- သင်ချစ်သားသည်၊ အရညံ- တောသို့၊ ပဝိသန္တေ- ဝင်သည်ရှိသော်၊ တယာ- သင်ချစ်သားနှင့်၊ သဒ္ဓိံ- အတူတကွ၊ ပဝိသိတွာ- (တောသို့) ဝင်၍၊ တံ- သင်ချစ်သားကို၊ ဥပဋ္ဌဟန္တီ- ရှိသေစွာ လုပ်ကျွေးလျက်၊ အတ္တနော- မိမိ၏၊ သစ္စဗလေန- သစ္စာ၏ အစွမ်းအာနုဘော်ဖြင့်၊ တဝ- သင်ချစ်သား၏၊ ရောဂံ- နူနာရောဂါကို၊ ဝူပသမေတွာ- ငြိမ်းစေ၍၊ ယာ- အကြင်မိန်းမသည်၊ တေ- သင်၏၊ ရဇ္ဇေ- မင်းအဖြစ်၌၊ ပတိဋ္ဌာနကာရဏံ- တည်ရခြင်း၏အကြောင်းကို၊ အကာသိ- ပြုပေပြီ၊ တဿာ- ထိုမိန်းမအား၊ တွံ- သင်သည်၊ ဌိတဋ္ဌာနံ- တည်ရာအရပ်ကို၊ နေဝဇာနာသိ နာမ- မသိတုံဘိ၏၊ ဝါ- မသိတုံဘိတကား၊ တွံ- သင်သည်၊ နိသိန္နဋ္ဌာနံ- နေရာအရပ်ကို၊ နဇာနာသိနာမ- မသိတုံဘိ၏၊ တေ- သင်ချစ်သားသည်၊ အယုတ္တံ- မသင့်လျော်သည်ကို၊ ကတံ- ပြုအပ်ဘိ၏၊ ဧတံ မိတ္တဒုဗ္ဘိကမ္မံနာမ- ဤအဆွေခင်ပွန်း ပြစ်မှားသော အမှုမည်သည်ကား၊ ပါပကံ- အလွန်ယုတ်မာစွာ၏၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ပုတ္တံ- သားတော်ကို၊ ဩဝဒန္တော- ဆုံးမလိုသည်ဖြစ်၍၊ "သုဒုလ္လဘိတ္ထီ- ပုရိသဿ ယာဟိတာ (ပ) ဇနိန္ဒ ဓမ္မံ စရ သမ္မုလာယာ"တိ- သုဒုလ္လဘိတ္ထိပုရိသဿ ယာဟိတာ (ပ) ဇနိန္ဒ ဓမ္မံ စရ သမ္မုလာယာ-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၃၀။ တာတ- ချစ်သား၊ ယာဣတ္ထီ- အကြင်မိန်းမသည်၊ ပုရိသဿ- ယောက်ျား၏၊ ဟိတာ- အစီးအပွားကို အလိုရှိ၏၊ သာဣတ္ထီ- ထိုယောက်ျား၏ အစီးအပွားကို အလိုရှိသော မိန်းမကို၊ သုဒုလ္လဘာ- အလွန်ရခဲ၏၊ ယော ဘတ္တာ- အကြင်လင်သည်၊ ဣတ္ထိယာ- မယား၏၊ ဟိတောစ- အစီးအပွားကို လည်း အလိုရှိ၏၊ သောဘတ္တာ- ထိုမယား၏ အစီးအပွားကို အလိုရှိသော လင်ကို၊ ဒုလ္လဘော- ရခဲ၏၊ တေ- သင်ချစ်သား၏၊ ဘရိယာ- မယားသည်ကား၊ ဟိတာစ- လင်၏အစီးအပွားကိုလည်း အလိုရှိ၏၊ သီလဝတီစ- သီလနှင့် ပြည့်စုံ၏၊ ဇနိန္ဒ- မင်းမြတ်၊ [သမ္မုလာယ (သမ္မုလာယံ)]- သမ္မုလာ၌၊ ဓမ္မံ- တရားကို၊ စရ- ကျင့်လော။

တဿ- ထိုဂါထာ၏၊ အတ္ထော- အနက်ကား၊ တာတ- ချစ်သား၊ ပုရိသဿ- ယောက်ျား၏၊ ဟိတာ- အစီးအပွားဖြစ်သော၊ မုဒုစိတ္တာ- နူးညံ့သော စိတ်ရှိသော၊

အနုကမ္ပိကာ- သနားတတ်သော၊ ယာ ဣတ္ထီ- အကြင်မိန်းမသည်၊ အတ္ထိ- ရှိ၏၊ တသ္သာ ဣတ္ထိယာ- ထိုမိန်းမ၏၊ ဟိတော- အစီးအပွားဖြစ်သော၊ ယော စ ဘတ္တာ- အကြင်လင်သားသည်လည်း၊ ကတဂုဏံ- ပြုဖူးသောကျေးဇူးကို၊ ဇာနာတိ- သိ၏၊ ဥဘောပိ- နှစ်ယောက်လည်းဖြစ်ကုန်သော၊ တေ- ထိုလင်းမယားတို့ကို၊ သုဒုလ္လဘာ- လောက၌ရခဲကုန်၏၊ အယဉ္စ သမ္ဗုလာ- ဤသမ္ဗုလာသည်ကား၊ တုယှံ- သင်ချစ်သား၏၊ ဟိတာ စေဝ- အစီးအပွားသည်လည်းကောင်း၊ သီလသမ္ပန္နာ စ- သီလနှင့် ပြည့်စုံသူသည်လည်းကောင်း၊ (ဟောတိ- ဖြစ်၏၊) တသ္မာ- ထို့ကြောင့်၊ ဧတိဿာ- ထိုသမ္ဗုလာအပေါ်၌၊ ဓမ္မံ- တရားကို၊ စရ- ကျင့်လော၊ ကတဂုဏံ- ပြုဖူးသောကျေးဇူးကို၊ ဇာနိတ္ဝာ- သိ၍၊ မုဒုစိတ္တော- နူးညံ့သော စိတ်ရှိသည်၊ ဟောဟိ- ဖြစ်လော၊ အဿ- ထိုသမ္ဗုလာ၏၊ စိတ္တံ- စိတ်ကို၊ ပရိတောသေဟိ- နှစ်သိမ့်လော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့၊ သော- ထိုခမည်းတော်ရှင်ရသေ့သည်၊ ပုတ္တဿ- သားတော်အား၊ ဩဝါဒံ- အဆုံးအမကို၊ ဒတွာ- ပေးခဲ့ပြီး၍၊ အာသနာ- နေရာမှ၊ ဥဋ္ဌာယ- ထ၍၊ ပက္ကာမိ- ကြွတော်မူပြီ၊ ရာဇာ- သောတ္ထိသေနမင်းသည်၊ ပိတရိ- ခမည်းတော် ရှင်ရသေ့သည်၊ ဂတေ- ကြွတော်မူသည်ရှိသော်၊ သမ္ဗုလံ- သမ္ဗုလာ မိဖုရားကို၊ ပက္ကောသာပေတွာ- ခေါ်တော်မူစေ၍၊ "ဘဒ္ဒေ- အရှင်မိဖုရား၊ ဧတ္တကံ- ဤမျှလောက်သော၊ ကာလံ- ကာလပတ်လုံး၊ မယာ- ငါသည်၊ ကထံ- ပြုအပ်သော၊ ဒေါသံ- အပြစ်ကို၊ (တွံ- ရှင်မိဖုရားသည်၊) ခမ- သည်းခံလော၊ ဣတော- ဤနေ့မှ၊ ပဋ္ဌာယ- အစပြု၍၊ သဗ္ဗိဿရိယံ- အလုံးစုံသော စည်းစိမ်ဥစ္စာကို၊ တယှမေဝ- ရှင်မိဖုရားအားသာလျှင်၊ (အဟံ- ငါသည်၊) ဒမ္မိ- ပေး၏၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ (သဗ္ဗိဿရိ ယေန- အလုံးစုံသော စည်းစိမ်ဖြင့်၊ နိမန္တေတွာ- ဖိတ်လိုသည်ဖြစ်၍၊) "သစေ တုဝံ ဝိပုလေ လဒ္ဓဘောဂေ (ပ) သဗ္ဗေ တေ ဝစနကရာ ဘဝါမာ"တိ- သစေ တုဝံ ဝိပုလေ လဒ္ဓဘောဂေ (ပ) သဗ္ဗေ တေ ဝစနကရာ ဘဝါမ- ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၃၁။ ဘဒ္ဒေ- အဘယ်မိဖုရား၊ သစေ- အကယ်၍၊ တုဝံ- အရှင်မိဖုရားသည်၊ ဝိပုလေ- များမြတ်ကုန်သော၊ [လဒ္ဓဘောဂေ(ဘောဂေ)]- စည်းစိမ်ဥစ္စာတို့ကို၊ လဒ္ဓလဘိတ္ဝာပိ- ရသော်လည်း၊ ဣဿာ ဝတိဏ္ဏာ- ပြုစုခြင်းသို့ သက်သည်ဖြစ်၍၊ မရဏံ- သေခြင်းသို့ ဥပေသိ- ကပ်ရလတ္တံ့၊ အဟဉ္စ- ငါသည်လည်းကောင်း၊

တေက္ကမာရာဇာကညာစ- ဤမင်းသမီးအပေါင်းတို့သည်လည်းကောင်း၊ သဗ္ဗေဝ- အလုံးစုံသောငါတို့ သည်သာလျှင်၊ တေ- သင်၏၊ ဝစနကရာ- စကားကိုလိုက်နာကုန်သည်၊ ဘဝါမ- ဖြစ်ပါကုန်အံ့။

တဿ- ထိုဂါထာ၏၊ အတ္ထော- အနက်ကား၊ ဘဒ္ဒေ သမ္မုလေ- ရှင်မသမ္မုလာ၊ သစေ- အကယ်၍၊ တွံ- သင်သည်၊ ရတနရာသိမှိ- ရတနာအစုအပုံ၌၊ ဌပေတွာ- ထား၍၊ အဘိသိတ္တာ- အဘိသိတ်သွန်းအပ်သည်၊ ဟုတွာ- ဖြစ်၍၊ အဂ္ဂမဟေသိဋ္ဌာန ဝသေန- အဂ္ဂမဟေသီရာထူး၏ အစွမ်းဖြင့်၊ ဝိပုလေ- များစွာကုန်သော၊ ဘောဂေ- စည်းစိမ်တို့ကို၊ လဘိတွာပိ- ရ၍လည်း၊ ဣဿာယ- ငြူစူခြင်း၌၊ ဩတိဏ္ဏာ- သက်ဆင်းသည်ဖြစ်၍၊ မရဏံ- သေခြင်းသို့၊ ဥပေသိ- ကပ်ရောက်၏၊ အဟဉ္စ- ငါသည်လည်း၊ ဣမာ စ ရာဇကညာ- ဤမင်းသမီးတို့သည်လည်းကောင်း၊ သဗ္ဗေ- အလုံးစုံတို့သည်၊ တဝ- သင်၏၊ ဝစနကရာ- စကားကိုလိုက်နာသူတို့သည်၊ ဘဝါမ- ဖြစ်ကုန်အံ့၊ တွံ- သင်သည်၊ ယထာဓိပ္ပါယံ- အလိုအတိုင်း၊ ဣမံ ရဇ္ဇံ- ဤတိုင်းနိုင်ငံ ကို၊ ဝိစာရေဟိ- စီရင်လော့၊ ဣတိ- ဤသို့၊ သဗ္ဗိဿရိယံ- အလုံးစုံသော မင်း၏ စည်းစိမ်ကို၊ တဿာ- ထိုသမ္မုလာအား၊ အဒါသိ- ပေးပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ ဉဘော- နှစ်ပါးကုန်သော မင်း, မိဖုရား တို့သည်၊ သမဂ္ဂဝါသံ- ညီညွတ်စွာ နေခြင်းသို့၊ ဝသန္တာ- နေကြကုန်လျက်၊ ဒါနာဒီနိ- ဒါနအစရှိကုန်သော၊ ပုညာနိ- ကောင်းမှုတို့ကို၊ ကရိတွာ- ပြုကုန်၍၊ ယထာကမ္မံ- ကံအားလျော်စွာ၊ ဂမိံသု- သွားကုန်ပြီ၊ ဝါ- လားကုန်ပြီ၊ တာပသော- ခမည်းတော် ရှင်ရသေ့သည်၊ ဈာနာဘိညာယော- ဈာန်အဘိညာဉ်တို့ကို၊ နိဗ္ဗတ္တေတွာ- ဖြစ်စေ၍၊ ဗြဟ္မလောကူပဂေါ- ဗြဟ္မာပြည်သို့ကပ်ရောက်သည်၊ ဝါ- ဗြဟ္မာပြည်သို့လားသည်၊ အဟောသိ- ဖြစ်ပြီ။

သတ္ထာ- ဘုရားရှင်သည်၊ ဣမံ ဓမ္မဒေသနံ- ဤသမ္မုလာဇာတ် တရားဒေသနာတော်ကို အာဟရိတွာ- ဆောင်တော်မူ၍၊ "ဘိက္ခဝေ- ရဟန်းတို့၊ ဣဒါနေဝ- ယခုအခါ၌ သာလျှင်၊ (မလ္လိကာ- မလ္လိကာမိဖုရားသည်၊ ပတိဒေဝတာ- လင်ကို နတ်ကဲ့သို့ ရိုသေလေးမြတ်သည်၊) န- မဟုတ်သေး၊ ပုဗ္ဗေပိ- ရှေး၌လည်း၊ မလ္လိကာ- သည်၊ ပတိဒေဝတာ ယေဝ- လင်ကို နတ်ကဲ့သို့ ရိုသေလေးမြတ်ဖူးသည်သာတည်း၊" ဣတိ-

ဤသို့ ဝတွာ- မိန့်တော်မူ၍၊ (က္ကဒါနိ- ယခုအခါ၌) မလ္လိကာ- မလ္လိကာမိဖုရားသည်၊ တဒါ- ထိုအခါ၌၊ သမ္ဗုလာ- သမ္ဗုလာမိဖုရားသည်၊ အဟောသိ- ဖြစ်ပြီ၊ (က္ကဒါနိ- ယခုအခါ၌) ကောသလရာဇာ- ကောသလမင်းကြီးသည်၊ တဒါ- ထိုအခါ၌၊ သောတ္ထိသေနော- သောတ္ထိသေနမင်းသည်၊ အဟောသိ- ဖြစ်ဖူးပြီ၊ (က္ကဒါနိ- ယခုအခါ၌) အဟံ မေဝ- ငါဘုရားသည်သာလျှင်၊ တဒါ- ထိုအခါ၌၊ ပိတာ- အဘခမည်းတော်ဖြစ်သော၊ တာပသောပန- ရှင်ရသေ့သည်ကား၊ အဟောသိ- ဖြစ်ခဲ့ဘူးပြီ" က္ကတိ- ဤသို့ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ၊ နဝမာ- ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ သမ္ဗုလာဇာတကဝဏ္ဏနာ- သမ္ဗုလာဇာတ်အဖွင့်သည်။ နိဋ္ဌိတာ- ပြီးပါပြီ။

## ၁၀။ ဂန္ဓတိန္ဒုကဇာတ် (၅၂၀)

### ပစ္စုပ္ပန်ဝတ္ထု

အပ္ပမာဒေါတိက္ကဒံ- အပ္ပမာဒေါအစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤဂန္ဓတိန္ဒုကဇာတ်တော်ကို၊ သတ္ထာ- ဘုရားရှင်သည်၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော- သီတင်းသုံးနေတော်မူစဉ်၊ ရာဇောဝါဒံ- ပသေနဒီကောသလမင်းကြီးအား ဆုံးမတော်မူခြင်းကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ- ဟောတော်မူပြီ၊ ရာဇောဝါဒေါ- ပသေနဒီကောသလမင်းကြီးအား ဆုံးမတော်မူခြင်းကို၊ ဟေဋ္ဌာ- အောက်၌၊ ဝိတ္ထာရိတောဝ- ချဲ့အပ်ပြီးသည်သာလျှင်ကတည်း။

### အတိတ်ဝတ္ထု

ပန- ဆက်ဦးအံ့၊ အတီတေ- လွန်လေပြီးသောအခါ၌၊ ကပိလရဋ္ဌေ- ကပိလတိုင်း၌၊ ဥတ္တရပဉ္စာလနဂရေ- ဥတ္တရပဉ္စာလပြည်၌၊ ပဉ္စာလောနာမ- ပဉ္စာလမည်သော၊ ရာဇာ- မင်းသည်၊ အဂတိဂမနေ- အဂတိလေးပါးသို့ လိုက်ခြင်း၌၊ ဌိတော- တည်သည်ဖြစ်၍၊ အဓမ္မေန- တရားမစောင့်သည်ဖြစ်၍၊ ပမတ္တော- မေ့လျော့သည်ဖြစ်၍၊ ရဋ္ဌံ- တိုင်းပြည်ကို၊ ကာရေသိ- အုပ်ချုပ်ပြီ အထ- ထိုအခါ၌၊ အဿ- ထိုပသေနဒီကောသလမင်း၏၊ အမစ္စာဒယော- မှူးမတ်အစရှိကုန်သော၊ သဗ္ဗေပိ- အလုံးစုံကုန်သော သူတို့သည်လည်း၊ အဓမ္မိကာဝ- တရားမစောင့်ကုန်သည်သာလျှင်၊ ဇာတာ- ဖြစ်ကုန်ပြီ၊

ဗလိပိဋ္ဌိတာ- အခွန်အတုတ်ဖြင့် နှိပ်စက်အပ်ကုန်သော၊ ရဋ္ဌဝါသိနော- တိုင်းပြည်၌ နေကုန်သော သူတို့သည်၊ ပုတ္တဒါရေ- သား, မယားတို့ကို၊ အာဒါယ- ယူ၍၊ အရညေ- တော၌၊ မိဂါဝိယ- သမင်တို့ကဲ့သို့ စရိံသု- သွားကုန်ပြီ၊ ဂါမဋ္ဌာနေ- ရွာတည်ရာ၌၊ ဂါမောနာမ- ရွာမည်သည်၊ နာဟောသိ- မဖြစ်၊ မနုဿာ- လူတို့သည်၊ ရာဇပုရိသာန်- မင်းခစားယောကျ်ား တို့ကို၊ ဘယေန- ကြောက်ခြင်းကြောင့်၊ ဒိဝါ- နေ့အခါ၌၊ ဂေဟေ- အိမ်၌၊ ဝသိတုံ- နေခြင်းငှာ၊ အသက္ကောန္တာ- မတတ်နိုင်ကုန်သည်ဖြစ်၍၊ ဂေဟာနိ- အိမ်တို့ကို၊ ကဏ္ဍကသာခါဟိ- ဆူးခက်တို့ဖြင့်၊ ပရိက္ခိပိတွာ- ခြံရံ၍၊ ဂေဟေ- အိမ်၌၊ ရတ္တိံ- ညဉ့်အခါ၌၊ ဝသိတွာ- နေ၍၊ အရုဏေ- အရုဏ်သည်၊ ဥဂ္ဂစ္ဆန္တေယေဝ- တက်လတ်သော်သာလျှင်၊ အရညံ- တောသို့၊ ပဝိသန္တိ- ပြေးဝင်ရကုန်၏၊ ဒိဝါ- နေ့အခါ၌၊ ရာဇပုရိသာ- မင်းခစားယောကျ်ားတို့သည်၊ ဝိလုမ္ပန္တိ- လုယက်ကုန်၏၊ ရတ္တိံ- ညဉ့်အခါ၌၊ စောရာ- ခိုးသူတို့သည်၊ (ဝိလုမ္ပန္တိ- လုယက်ကုန်၏၊) တဒါ- ထိုအခါ၌၊ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ ဗဟိနဂရေ- မြို့ပြင်၌၊ ဂန္ဓတိန္ဒုကရုက္ခေ- တည်ပင်၌၊ ဒေဝတာ- နတ်သားသည်၊ ဟုတွာ- ဖြစ်၍၊ နိဗ္ဗတ္တိ- ဖြစ်ပြီ၊ အနုသံဝစ္ဆရံ- နှစ်စဉ်မပြတ်၊ ရညော- မင်း၏၊ သန္တိကာ- အထံမှ၊ သဟဿဂ္ဃနကံ- အဖိုးတစ်ထောင်ထိုက်သော၊ ဗလိကမ္မံ- ပူဇော်ပသသော အမှုကို၊ လဘတိ- ရ၏၊ သော- ထိုဘုရားလောင်း တည်ပင်စောင့်နတ်သည်၊ "အယံ ရာဇာ- ဤမင်းသည်၊ ပမတ္တော- မေ့လျော့သည်ဖြစ်၍၊ ရဇ္ဇံ- မင်း၏အဖြစ်ကို၊ ကာရေတိ- ပြုစေ၏၊ သကလရဋ္ဌံ- အလုံးစုံသော တိုင်းပြည်သည်၊ ဝိနဿတိ- ပျက်ဆီး၏၊ မံ- ငါ့ကို၊ ဌပေတွာ- ထား၍၊ အညော- ငါမှတစ်ပါးသော၊ ရာဇာနံ- မင်းကို၊ ပတိရူပေ- သင့်တင့်လျောက်ပတ်သော အကျင့်၌၊ နိဝေသေတုံ- ယှဉ်စေခြင်းငှာ၊ သမတ္ထော နာမ- စွမ်းနိုင်သော သူမည်သည်၊ နတ္ထိ- မရှိ၊ မေ- ငါအား၊ ဥပကာရကောစာပိ- ကျေးဇူးပြု တတ်သောသူသည်လည်း၊ ဟောတိ- ဖြစ်၏၊ အနုသံဝစ္ဆရံ- နှစ်စဉ် နှစ်တိုင်း၊ သဟဿဂ္ဃနဗလိနာ- အဖိုးတစ်ထောင်ထိုက်သော နတ်စာတင်ခြင်းဖြင့်၊ ပူဇေတိ- ပူဇော်၏၊ (အဟံ- ငါသည်၊) နံ- ထိုမင်းကို၊ ဩဝဒိဿာမိ- ဆုံးမအံ့၊" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ။

သော- ထိုတည်ပင်စောင့်နတ်သည်၊ ရတ္တိဘာဂေ- ညဉ့်အဖို့၌၊ ရညော- မင်း၏၊ သိရိဂဗ္ဘံ- ကျက်သရေရှိသော တိုက်ခန်းသို့၊ ပဝိသိတွာ- ဝင်၍၊ ဥဿီသကပဿေ- ဦးခေါင်းရင်းနံပါး၌၊ ဌတွာ- ရပ်၍၊ ဩဘာသံ- အရောင်ကို၊ ဝိဿဇ္ဇေတွာ- လွှတ်၍၊

အာကာသေ- ကောင်းကင်၌၊ အဋ္ဌာသိ- တည်ပြီ၊ ရာဇာ- မင်းသည်၊ တံ- ထိုဘုရားလောင်း တည်ပင်စောင့်နတ်ကို၊ ဗာလသူရိယံဝိယ- တက်သစ်စဖြစ်သော နေလုလင်ကဲ့သို့၊ ဇလမာနံ- ထွန်းတောက်ပသည်ကို၊ ဒိသွာ- မြင်၍၊ "တွံ- သင်သည်၊ ကော- အဘယ်သည်၊ အသိ- ဖြစ်သနည်း၊ ကေန ဝါ ကာရဏေန- အဘယ် အကြောင်းကြောင့်၊ ဣခ- ဤအရပ်သို့၊ အာဂတော- လာသည်၊ အသိ- ဖြစ်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ၊ သော- ထို ဘုရားလောင်းသည်၊ တဿ- ထိုမင်း၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ "မဟာရာဇ- မြတ်သောမင်းကြီး၊ အဟံ- ငါသည်၊ ဂန္ဓတိန္ဒုကဒေဝတာ- တည်ပင်စောင့်နတ်တည်း၊ 'တုယှံ- ရှင်မင်းကြီးအား၊ ဩဝါဒံ- အဆုံးအမကို၊ ဒဿာမိ- ပေးအံ့၊' ဣတိ- ဤသို့၊ (စိန္တေတွာ- ကြံ၍၊) အာဂတော- လာသည်၊ အမှိ- ဖြစ်၏၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ "(တွံ- သင်သည်၊) ကိံ နာမ- အဘယ်မည်သော၊ ဩဝါဒံ- အဆုံးအမကို၊ (မမ- ငါ့အား၊) ဒဿသိ- ပေးအံ့နည်း၊" ဣတိ- ဤသို့၊ ဝုတ္တေ- မေးအပ်သည်ရှိသော်၊ မဟာသတ္တော- ဘုရားလောင်း တည်ပင်စောင့်နတ်သည်၊" မဟာရာဇ- မြတ်သောမင်းကြီး၊ တွံ- ရှင်မင်းကြီးသည်၊ ပမတ္တော- မေ့လျော့သည်၊ ဟုတွာ- ဖြစ်၍၊ ရဋ္ဌံ- မင်း၏အဖြစ်ကို၊ ကာရေသိ- ပြုစေပြီ၊ တေန- ထို့ကြောင့်၊ တေ- ရှင်မင်းကြီး၏၊ သကလရဋ္ဌံ- အလုံးစုံသော တိုင်းပြည်သည်၊ ဟတဝိလုတ္တံဝိယ- ဖျက်ဆီးလုယက်အပ်သကဲ့သို့၊ ဝိနဋ္ဌံ- ပျက်စီးပြီ၊ ရာဇာနောနာမ- ပြည့်ရှင်မင်းတို့မည်သည်ကား၊ ပမာဒေန- မေ့လျော့သဖြင့်၊ ရဋ္ဌံ- မင်း၏အဖြစ်ကို၊ ကာရေန္တာ- ပြုကုန်သည်ရှိသော်၊ သကလရဋ္ဌဿ- အလုံးစုံသော တိုင်းပြည်၏၊ သာမိနော- အရှင်သခင်တို့သည်၊ န ဟောန္တိ- မဖြစ်ကုန်၊ ဒိဋ္ဌေဝ ဓမ္မေ- ပစ္စုပ္ပန် မျက်မှောက်၌ပင်၊ ဝိနာသံ- ပျက်စီးခြင်းသို့၊ ပတွာ- ရောက်၍၊ သမ္ပရာယေ- တမလွန်ဘဝ၌၊ ပုန- တစ်ဖန်၊ မဟာနိရယေ- ငရဲကြီး၌၊ နိဗ္ဗတ္တန္တိ- ဖြစ်ကုန်၏၊ တေသု- ထိုပြည့်ရှင်မင်းတို့သည်၊ ပမာဒံ- (ကုသိုလ်ကောင်းမှုတို့၌) မေ့လျော့ခြင်းကို၊ အာပန္နေသု- ရောက်ကုန်သည်ရှိသော်၊ အဿ- ထိုမင်း၏၊ အန္တောဇနာဝစ- တိုင်းပြည်တွင်း၌ နေကုန်သော သူတို့သည်လည်းကောင်း၊ ဗဟိဇနာပိစ- ပြည်ပ၌ နေကုန်သော သူတို့သည်လည်းကောင်း၊ ပမတ္တာဝ- မေ့လျော့ကုန်သည်သာလျှင်၊ ဟောန္တိ- ဖြစ်ကုန်၏၊ တသ္မာ- ထို့ကြောင့်၊ ရညာ- ပြည့်ရှင်မင်းသည်၊ အတိရေကေန- အတိုင်းထက်အလွန်၊ အပ္ပမတ္တေန- မမေ့မလျော့သည်၊ ဘဝိတဗ္ဗံ- ဖြစ်ရာ၏၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ဓမ္မဒေသနံ- တရားဒေသနာကို၊ ပဋ္ဌပေန္တော- ဆောက်တည်စေလိုသည်ဖြစ်၍၊ ဝါ-

ဟောလိုသည်ဖြစ်၍၊ "အပ္ပမာဒေါ အမတံ ပဒံ (ပ) တထော တံ ပဋိပဇ္ဇသိ"တိ- အပ္ပမာဒေါ အမတံ ပဒံ (ပ) တထော တံ ပဋိပဇ္ဇသိ-ဟူကုန်သော၊ ဧကာဒသ- ဆယ့်တစ်ခုကုန်သော၊ ဂါထာ- ဂါထာတို့ကို၊ အာဟ- ဆိုပြီ။

၃၃၂။ မဟာရာဇ- မြတ်သောမင်းကြီး၊ အပ္ပမာဒေါ- မမေ့မလျော့ခြင်းသည်၊ အမတံအမတဿ- သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်၏၊ ပဒံ- အကြောင်း တည်း၊ ပမာဒေါ- မေ့လျော့ခြင်းသည်၊ မစ္စုနော- အဖန်တလဲလဲသေခြင်း၏၊ ပဒံ- အကြောင်းတည်း၊ အပ္ပမတ္တာ- မမေ့မလျော့ကုန်သော သူတို့သည်၊ [နမိယန္တိ(နမိယျန္တိ)]- မသေသည်မည်ကုန်၏၊ ယေ- အကြင်သူတို့သည်၊ ပမတ္တာ- မေ့လျော့ကုန်၏၊ တေ- ထိုမေ့လျော့ကုန်သော သူတို့သည်၊ မတာယထာ- သေသည်နှင့် တူကုန်၏။

၃၃၃။ မဟာရာဇ- မြတ်သောမင်းကြီး၊ မဒါ- အနာကင်းသောမာန် အရွယ်ကောင်းသောမာန် အသက်ရှည်သော မာန်ယစ်ခြင်းကြောင့်၊ ပမာဒါ- မေ့လျော့ခြင်းသည်၊ ဇာယေထ- ဖြစ်ရာ၏၊ ပမာဒါ- မေ့လျော့ခြင်း ကြောင့်၊ ခယော- အဆွေအမျိုးဥစ္စာ အသက်ကုန်ခြင်းသည်၊ ဇာယတေ- ဖြစ်၏၊ ခယာ- ဥစ္စာအခြံအရံကုန်ခြင်းကြောင့်၊ ပဒေါသာ- အပြစ်တို့သည်၊ ဇာယန္တိ- ဖြစ်ကုန်၏၊ [ဘာရတ(ဘာရဓ)]- ဘာရဓအမည်တော်ရှိသော၊ ဥသဘာ- မင်းမြတ်၊ တသ္မာ- ထိုကြောင့်၊ [မာ မဒေါ(မာပမာဒေါ)]- မမေ့မလျော့လင့်၊ (မာ မာဒေါ- မမူးယစ်ပါလင့်)။

၃၃၄။ မဟာရာဇ- မြတ်သောမင်းကြီး၊ ဟိသစ္စံ- မှန်ပါ၏၊ ဗဟူ- များစွာ ကုန်သော၊ ပမာဒိနော- မေ့လျော့ခြင်းရှိကုန်သော၊ ခတ္တိယာ- မင်းတို့သည်၊ အတ္ထံ- အစီးအပွားကိုလည်းကောင်း၊ ရဋ္ဌံ- တိုင်းပြည်ကိုလည်းကောင်း၊ [ဇီနာ(ဇိဏ္ဏာ)]ဝိနဋ္ဌာ- ဖျက်ဆီးသည်မည်ကုန်၏၊ အထော- ထို့မြို့၊ ဇီနာ- ဆုံးရှုံးကုန်၏၊ ဂါမိနောပိ- ရွာစားတို့သည်လည်းကောင်း၊ ဂါမာ- ရွာ၌ နေသောသူတို့သည်လည်းကောင်း၊ ဇိဏ္ဏာ- ယုတ်ကုန်၏၊ [အဂါရိနော (ပမာဒိနော)]- မေ့လျော့ခြင်းရှိကုန်သော၊ အနဂါရာ- ရဟန်းတို့သည်၊ ဇိဏ္ဏာ- ဥစ္စာစည်းစိမ်မှ ယုတ်ကုန်၏။*

* ဂါမိနောဝါ- ရွာစားတို့သည်လည်း၊ ဂါမာ- ရွာမှ၊ ဇီနာ- ဆုံးရှုံးကုန်၏၊ အနာဂါရာ- ရသေ့ ရဟန်းတို့သည်၊ ပဗ္ဗဇိတပဋိပတ္တိတော- ရသေ့ရဟန်းအကျင့်မှ၊ ဇီနာ- ဆုံးရှုံးကုန်၏၊ အဂါရိနောပိ- အိမ်နေသူတို့သည်လည်း၊ ဃရာဝါသတောစေဝ- အိမ်ရာမှလည်းကောင်း၊ ခနဓောဒီဟိစ- ဥစ္စာစပါးတို့မှလည်းကောင်း၊ ဇီနာ- ဆုံးရှုံးကုန်၏-ဟု အနက်ပေးမှ အဋ္ဌကထာနှင့် ညီမည်။

၃၃၅။ ရဋ္ဌဝဍ္ဎန- ပြည်တိုင်းကား၏ အစီးအပွားကို ဆောင်တော်မူတတ်သော၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ပမတ္တဿ- မေ့လျော့သော၊ ခတ္တိယဿ- ပြည့်ရှင်မင်း၏၊ ရဋ္ဌသ္မိံ- တိုင်းပြည်၌၊ သဗ္ဗေ- အလုံးစုံ ကုန်သော၊ ဘောဂါ- စည်းစိမ်တို့သည်၊ ဝိနဿန္တိ- ပျက်စီးကုန်၏၊ တံ- ထိုမေ့လျော့ခြင်းကို၊ ရညော- ပြည့်ရှင်မင်း၏၊ အဃံ- ဆင်းရဲခြင်း၏အကြောင်း ဟူ၍၊ ဝုစ္စတေ- ဆိုအပ်၏။

၃၃၆။ မဟာရာဇ- မြတ်သောမင်းကြီး၊ အတိဝေလံ- အပိုင်းအခြားကို လွန်၍၊ တွံ- အရှင်မင်းကြီးသည်၊ ယံပမဇ္ဇသိ- အကြင်မေ့လျော့၏၊ ဧသော- ဤသို့ မေ့လျော့ခြင်းသည်၊ နဓမ္မော- ရှေးမင်းတို့၏အကျင့် သဘောမဟုတ်၊ တေ- အရှင်မင်းကြီး၏၊ ဣဒ္ဓံ- ထမင်းအဖျော်စသည် နှင့်ပြည့်စုံသော၊ ဖီတံ- ရွှေငွေ စသည်ဖြင့် ကြွယ်ဝသော၊ [နံဇနပဒံ (နံဇနပ္ပဒံ)]- ထိုဇနပုဒ်ကို၊ စောရာ- ခိုးသူတို့သည်၊ ဝိဓ္ဒံသယန္တိ- လုယက်ဖျက်ဆီးကုန်၏။

၃၃၇။ မဟာရာဇ- မြတ်သောမင်းကြီး၊ တေ- အရှင်မင်းကြီး၏၊ ပုတ္တာ- သားတို့သည်၊ ပဝေဏိပါလကာ- အစဉ်အဆက်ကို စောင့်နိုင်ကုန်သည်၊ နဘဝိဿန္တိ- မဖြစ်ကုန်လတ္တံ့၊ [ဟိရညံ ဓာနိယံ(ဟိရညနိဓာနိယာ)]- ရွှေတိုက်တို့သည်၊ နဘဝိဿန္တိ- မဖြစ်ကုန်လတ္တံ့၊ ရဋ္ဌေ- တိုင်းပြည်၌မူလည်း၊ ဝိလုပ္ပမာနမှိ- လုယက်ဖျက်ဆီးသည်ရှိသော်၊ သဗ္ဗဘောဂေဟိ- အလုံးစုံသော စည်းစိမ်ဥစ္စာတို့မှ၊ တွံ- ရှင်မင်းကြီးသည်၊ [ဇီယတိ (ဇိယျသိ)]- ယုတ်၏။

၃၃၈။ [ခတ္တိယံ(ခတ္တိယ)]- ရေမြေအရှင်၊ [သဗ္ဗဘောဂါ ပရိဇိဏ္ဏံ (သဗ္ဗဘောဂ- ပရိဇိဏ္ဏံ)]- အလုံးစုံသောစည်းစိမ်ဥစ္စာမှ ယုတ်သောသူကို၊ ရာဇာနံဝါပိ- မင်းပင်ဖြစ်ငြားသော်လည်း၊ ဉာတိမိတ္တာစ- အဆွေအမျိုး အဆွေခင်ပွန်းတို့သည် လည်းကောင်း၊ သုဟဇ္ဇာစ- ချစ်သောသူတို့သည်လည်းကောင်း၊ တံ- ထိုဥစ္စာစည်းစိမ် ပျက်စီးသော မင်းကို၊ မာနိယံ- သိအပ်၏ဟူ၍၊ နမညန္တိ- မအောက်မေ့ကုန်၏။

၃၃၉။ မဟာရာဇ- မြတ်သောမင်းကြီး၊ တမေဝ- ထိုမင်းကိုသာလျှင်၊ ဥပဇီဝန္တာ- မှီ၍အသက် မွေးကုန်သော၊ ဟတ္ထာရောဟာ- ဆင်စီးသူရဲတို့သည် လည်းကောင်း၊ [အနီကဋ္ဌာ(အဏီကဋ္ဌာ)]- မင်းကြီး သက်တော်စောင့်တို့သည် လည်းကောင်း၊ ရထိကာ- ရထားစီးသူရဲတို့သည်လည်းကောင်း၊ ပတ္တိကာရကာ- ခြေသည်သူရဲတို့သည်လည်းကောင်း၊ တံ- ထိုမင်း ဆင်းရဲကို၊ မာနိယံ- သိအပ်၏ဟူ၍၊ နမညန္တိ- မအောက်မေ့ကုန်။

၃၄၀။ မဟာရာဇ- မြတ်သောမင်းကြီး၊ အသံဝိဟိတကမ္မန္တ- မစုံစမ်း မဆင်ခြင်ဘဲ အမှုကိုပြုတတ်သော၊ ဗာလ- မိုက်စွာသော၊ ဒုမ္မန္တိမန္တိနံ- အလွန်မသိသော၊ ဒုမ္မေဓံ- ပညာနည်းသော၊ ရာဇာနံ- မင်းကို၊ သိရီ- ဘုန်းကျက်သရေသည်၊ ဇဟာတိ- စွန့်၏၊ ကိမိဝ- အဘယ်ကဲ့သို့ နည်းဟူမူကား၊ ဥရဂေါ- မြွေသည်၊ ဇိဏ္ဏံ- ဟောင်းလေပြီးသော၊ တစံ- အရေကို၊ ဇဟာတိဣဝ- စွန့်သကဲ့သို့တည်း။

၃၄၁။ မဟာရာဇ- မြတ်သောမင်းကြီး၊ သုသံဝိဟိတကမ္မန္တ- ကောင်းစွာ စုံစမ်း ဆင်ခြင်၍ အမှုကိုပြုတတ်သော၊ ကာလုဋ္ဌာယိံ- သင့်သောအခါ၌ လုံ့လပြုလေ့ရှိသော၊ အတန္ဒိတံ- မပျင်းမရှိသော၊ ရာဇာနံ- မင်းအား၊ သဥသဘာ- ဥသဘနှင့် တကွကုန်သော၊ ဂါဝေါ- နွားတို့သည်၊ အဘိဝဍ္ဎန္တိဣဝ- ပွားကုန်သကဲ့သို့၊ သဗ္ဗေ- အလုံးစုံကုန်သော၊ ဘောဂါ- စည်းစိမ်ဥစ္စာတို့သည်၊ အဘိဝဍ္ဎန္တိ- ပွားများကုန်၏။

၃၄၂။ မဟာရာဇ- မြတ်သောမင်းကြီး၊ [ဥပဿုတိံ(ဥပဿုတိ)]- ပြည်သူတို့ အနီးသို့ ကပ်၍ နားထောင်လျက်၊ ရဋ္ဌေ- တိုင်းပြည်၌လည်းကောင်း၊ ဇနပဒေ- ဇနပုဒ်၌လည်းကောင်း၊ စရ- ကြွတော်မူလော၊ တတ္ထ- ထိုပြည်ရွာ ဇနပုဒ်၌၊ ဒိသွာစ- မြင်၍လည်းကောင်း၊ သုတွာစ- ကြား၍လည်းကောင်း၊ တတော- ထိုမြင်ရကြားရာမှ၊ [တံ(တွံ)]- ရှင်မင်းကြီးသည်၊ ပဋိပဇ္ဇသိ- ကျင့်ရပါလတ္တံ့။

တတ္ထ- အပ္ပမာဒေါ အမတံပဒံစသော ဂါထာတို့၌၊ **အပ္ပမာဒေါ**တိ- အပ္ပမာဒေါ ဟူသည်ကား၊ သတိယာ- မမေ့လျော့ခြင်းသည်၊ အဝိပ္ပဝါသော- မကင်းသည်ဖြစ်၍၊ အမတပဒန္တိ- အမတပဒံဟူသည်ကား၊ အမတဿ- မသေရာဖြစ်သော၊ နိဗ္ဗာနဿ- နိဗ္ဗာန်၏၊ ပဒံ- အကြောင်းသည်၊ အဓိဂမကာရဏံ- ရခြင်းအကြောင်းသည်၊ **မစ္စုနော ပဒန္တိ**- မစ္စုနော ပဒံဟူသည်ကား၊ မရဏဿ- သေခြင်း၏၊ ကာရဏံ- အကြောင်း သည်၊ ဟိ- ချဲ့၍ဆိုဦးအံ့၊ ပမတ္တာ- မေ့လျော့သော သူတို့သည်၊ ဝိပဿနံ- ဝိပဿနာ တရားကို၊ အဝဍ္ဎေတွာ- မပွားမူ၍၊ အပ္ပဋိသန္ဓိကဘာဝံ- တစ်ဖန်ပဋိသန္ဓေ မနေရသည် အဖြစ်သို့၊ ပတ္တုံ- ရောက်ခြင်းငှာ၊ အသက္ကောန္တာ- မစွမ်းနိုင်ကုန်သည်ဖြစ်၍၊ ပုနပ္ပုနံ- အဖန်ဖန်၊ သံသာရေ- သံသာရာ၌၊ ဇာယန္တိ စေဝ- မွေးဖွားလည်း မွေးဖွားရကုန်၏၊ မီယန္တိ စ- သေလည်း သေရကုန်၏၊ တသ္မာ- ထို့ကြောင့်၊ ပမာဒေါ- မေ့လျော့ခြင်းသည်၊ မစ္စုနော- သေခြင်း၏၊ ပဒံနာမ- အကြောင်းမည်၏၊ **န မီယန္တီ**တိ- န မီယန္တိဟူသည်ကား၊

ဝိပဿနံ- ဝိပဿနာတရားကို၊ ဝမေတွာ- ပွားများ၍၊ အပ္ပဋိသန္ဓိကဘာဝံ- တစ်ဖန် ပဋိသန္ဓေနေရသည်အဖြစ်သို့၊ ပတ္တာ- ရောက်ကုန်သည်ဖြစ်၍၊ ပုန- တစ်ဖန်၊ သံသာရေ- သံသာရာ၌၊ အနိဗ္ဗတ္တတ္တာ- မဖြစ်တော့သည်၏အဖြစ်ကြောင့်၊ န မီယန္တိ နာမ- မသေသည်မည်ကုန်၏၊ **ယေ ပမတ္တာ**တိ- ယေပမတ္တာဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ယေ ပုဂ္ဂလာ- အကြင်ပုဂ္ဂိုလ်တို့သည်၊ ပမတ္တာ- မေ့လျော့ကုန်၏၊ တေ- ထိုပုဂ္ဂိုလ်တို့သည်၊ မတာယထာ- သေသည်နှင့်တူကုန်၏၊ တထေဝ- ထို့အတူပင်၊ ဒဋ္ဌဗ္ဗာ- မှတ်အပ်ကုန်၏၊ ကသ္မာ?- အဘယ်ကြောင့်နည်း၊ အကိစ္စသာဓနတာယ- ပြုသင့်သော ကိစ္စ၏ မပြီးသည်၏အဖြစ်ကြောင့်တည်း၊ ဟိ- ခဲ့၍ဆိုဦးအံ့၊ မတဿပိ- သူသေသည်လည်း၊ "အဟံ- ငါသည်၊ ဒါနံ- အလှူကို၊ ဒဿာမိ- လှူအံ့၊ သီလံ- သီလကို၊ ရက္ခိဿာမိ- စောင့်အံ့၊ ဥပေါသထကမ္မံ- ဥပုသ်စောင့်သုံးခြင်းအမှုကို၊ ကရိဿာမိ- ပြုအံ့၊ ကလျာဏကမ္မံ- ကောင်းသောအမှုကို၊ ပူရေဿာမီ- ဖြည့်အံ့၊ ဣတိ- ဤသို့၊ အာဘောဂေါ ဝါ- နှလုံးသွင်းခြင်းသည်လည်းကောင်း၊ ပတ္ထနာ ဝါ- တောင်းတခြင်းသည်လည်းကောင်း၊ ပရိယုဋ္ဌာနံ ဝါ- အားထုတ်ခြင်းသည် လည်းကောင်း၊ အပဂတဝိညာဏတ္တာ- အသက်ဝိညာဉ်ကင်းသည်၏အဖြစ်ကြောင့်၊ နတ္ထိ- မရှိ၊ ပမတ္တဿပိ- မေ့လျော့သောသူ၏လည်း၊ အပ္ပမာဒါဘာဝါ- သတိ တရား၏ မရှိခြင်းကြောင့်၊ နတ္ထိ- မရှိ ဣတိ- ဤသို့၊ တသ္မာ- ထို့ကြောင့်၊ ဥဘော- နှစ်ယောက်ကုန်သော၊ ဧတေ- သေသူနှင့် မေ့လျော့သူ နှစ်ယောက်တို့သည်၊ ဧကသဒိသာဝ- ထပ်တူတူကုန်သည်သာ။

**မဒါ**တိ- မဒါဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ အာရောဂျယောဗ္ဗန ဇီဝိတမဒသင်္ခါတာ- အနာကင်းခြင်း နုပျိုးခြင်း အသက်ရှည်ခြင်းတို့၌ ယစ်ခြင်းဟု ဆိုအပ်ကုန်သော၊ တိဝိဓာ- သုံးပါးအပြားရှိကုန်သော၊ မဒါ- ယစ်ခြင်းတို့သည်၊ ပမာဒေါ နာမ- မေ့လျော့ခြင်းမည်သည်၊ ဇာယတိ- ဖြစ်၏၊ သော- ထိုပုဂ္ဂိုလ်သည်၊ မဒပ္ပတ္တော- ယစ်မူးခြင်းသို့ ရောက်သည်ဖြစ်၍၊ ပမာဒါပန္နော- မေ့လျော့ခြင်းသို့ရောက် သည်ဖြစ်၍၊ ပါဏာတိပါတာဒီနိ- သူ့အသက်ကိုသတ်ခြင်း အစရှိကုန်သော၊ ပါပကမ္မာနိ- မကောင်းမှုတို့ကို၊ ကရောတိ- ပြု၏၊ အထ- ထိုအခါ၌၊ နံ- ထိုပုဂ္ဂိုလ်ကို၊ ရာဇာနော- မင်းတို့သည်၊ ဆိန္ဒာပေန္တိ ဝါ- လက်ခြေကိုမူလည်းဖြတ်စေကုန်၏၊ ဟနာပေန္တိ ဝါ- သတ်မူလည်း သတ်စေကုန်၏၊ အဿ- ထိုပုဂ္ဂိုလ်၏၊ သဗ္ဗံ- အလုံးစုံသော၊ ဓနံ ဝါ- ဥစ္စာကိုမူလည်း၊ ဟရန္တိ- ဆောင်ယူကုန်၏၊ ဧဝံ- ဤသို့လျှင်၊ အဿ- ထိုပုဂ္ဂိုလ်အား၊

ပမာဒါ- မေ့လျော့ခြင်းကြောင့်၊ ဉာတိဓနဇီဝိတက္ခယော- ဆွေမျိုး ဥစ္စာ အသက်ကုန်ခြင်း သည်၊ ဇာယတိ- ဖြစ်၏၊ ပုန- တစ်ဖန်၊ သော- ထိုပုဂ္ဂိုလ်သည်၊ ဓနက္ခယံ ဝါ- ဥစ္စာ၏ ကုန်ခြင်းသို့လည်းကောင်း၊ ယသက္ခယံ ဝါ- အခြံအရံကုန်ခြင်းသို့လည်းကောင်း၊ ပတ္တော- ရောက်သည်ဖြစ်၍၊ ဇီဝိတံ- အသက်မွေးခြင်းငှာ၊ အသက္ကောန္တော- မစွမ်းနိုင်သည်ဖြစ်၍၊ ဇီဝိတဝုတ္တတ္ထာယ- အသက်ကို မွေးမြူရခြင်း၏အကျိုးငှာ၊ ကာယဒုစ္စရိတာဒီနိ- ကာယဒုစရိုက် အစရှိသည်တို့ကို၊ ကရောတိ- ပြု၏၊ ဣတိ- ဤသို့လျှင်၊ အဿ- ထိုပုဂ္ဂိုလ်၏၊ ခယာ- ကုန်ခန်းခြင်းတို့သည်၊ ပဒေါသာ- အပြစ်တို့သည်၊ ဇာယန္တိ- ဖြစ်ကုန်၏၊ တေန- ထို့ကြောင့်၊ **မာ မဒေါ ဘရတူသဘာ**တိ- မာ မဒေါ ဘရတူသာဘာဟူသော၊ တံ- ထိုစကားကို၊ ဝဒါမိ- ဆို၏၊ ရဋ္ဌဘာရကဇေဋ္ဌက- တိုင်းပြည်၏ဝန်ကိုဆောင်သော မင်းမြတ်၊ ဘရတူသဘ- ဘရတအမည်ရှိသော မင်းမြတ်၊ ပမာဒံ- မေ့လျော့ခြင်းသို့၊ မာ အာပဇ္ဇိ- မရောက်ပါလင့်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **အတ္ထံ ရဋ္ဌန္တိ**- အတ္ထံ ရဋ္ဌံဟူသည်ကား၊ ဇနပဒဝါသီနံ- ဇနပုဒ်၌ နေသူတို့၏၊ ဝုဒ္ဓိဉ္စေဝ- ကြီးပွားခြင်းကိုလည်းကောင်း၊ သကလရဋ္ဌဉ္စ- အလုံးစုံသော တိုင်းနိုင်ငံကိုလည်းကောင်း၊ ဗဟူ- များစွာကုန်သော၊ ပမာဒိနော- မေ့လျော့ကုန်သော သူတို့သည်၊ ဇိနာ- ဆုံးရှုံးရကုန်၏၊ တေသံ- ထိုအနက်အဓိပ္ပါယ်တို့ကို၊ အာဝိဘာ- ဝတ္ထာယ- ထင်စွာပြုခြင်းအကျိုးငှာ၊ ခန္တိဝါဒိဇာတကမာတင်္ဂဇာတက ဘရုဇာတက သရဘင်္ဂဇာတကစေတိယဇာတကာနိ- ခန္တိဝါဒိဇာတ် မာတင်္ဂဇာတ် ဘရုဇာတ် သရဘင်္ဂဇာတ် စေတိယဇာတ်တို့ကို၊ ကထေတဗ္ဗာနိ- ဆိုအပ်ကုန်၏၊ **ဂါမိနော**တိ- ဂါမနောဟူသည်ကား၊ ဂါမဘောဇကာပိ- ရွာစားတို့သည်လည်းကောင်း၊ ဗဟူ- များစွာကုန်သော၊ တေ ဂါမာပိ- ထိုရွာ၌နေကြသော ရွာသူရွာသားတို့သည်လည်း ကောင်း၊ ပမာဒဒေါသေန- မေ့လျော့ခြင်းဟူသော အပြစ်ကြောင့်၊ ဇိနာ- ဆုံးရှုံးရ ကုန်၏၊ ပရိဟီနာ- ယုတ်လျော့ရကုန်၏၊ ဝိနဋ္ဌာ- ပျက်စီးရကုန်၏၊ **အနဂါရာ အဂါရိနော**တိ- အနဂါရာ အဂါရိနော ဟူသည်ကား၊ ပဗ္ဗဇိတာပိ- ရသေ့ရဟန်းတို့သည်လည်း၊ ပဗ္ဗဇိတပဋိပတ္တိတော- ရသေ့ရဟန်း၏အကျင့်မှ၊ ဂိဟီပိ- လူတို့သည်လည်း၊ ဃရာဝါသတော စေဝ- အိမ်ရာတည်ထောင်လူ့ဘောင်မှလည်းကောင်း၊ ဓနဓညာဒီဟိစ- ဥစ္စာစပါးအစရှိ သည်မှ လည်းကောင်း၊ ဗဟူ- များစွာ၊ ဇိနာ- ဆုံးရှုံးရကုန်၏၊ ပရိဟီနာ- ယုတ်လျော့ ကုန်၏၊ ဣတိ- ဤသို့ ဝဒတိ- ဆို၏၊ **တံ ဝုစ္စတေ အဃန္တိ**- တံ ဝုစ္စတေ အဃံဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ယသဘောဂပရိဟာနိ- အခြံအရံစည်းစိမ်၏

ယုတ်လျော့ခြင်းမည်သော၊ တေနာမံ- ဤအရာကို၊ ရညော- မင်းအတွက်၊ ဒုက္ခံ- ဆင်းရဲခြင်းဟု၊ ဝုစ္စတိ- ဆိုအပ်၏၊ ဟိ- မှန်၏၊ ဘောဂါဘာဝေန- စည်းစိမ်၏ မရှိခြင်းကြောင့်၊ နိဒ္ဓနဿ- ဥစ္စာမရှိသော ပုဂ္ဂိုလ်အား၊ ယသော- အခြံအရံသည်၊ ဟာယတိ- ယုတ်လျော့၏၊ ဟီနယသော- အခြံအရံမှ ယုတ်လျော့သော ပုဂ္ဂိုလ်သည်၊ မဟန္တံ- များစွာသော၊ ကာယိကစေတသိကဒုက္ခံ- ကိုယ်၏စိတ်ဆင်းရဲခြင်းသို့၊ ပါပုဏာတိ- ရောက်၏။

**နေသ ဓမ္မော**တိ- နေသဓမ္မောဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ဧသ- ဤသည်ကား၊ ပေါရာဏကရာဇူနံ- ရှေးရှေးမင်းတို့၏၊ ဓမ္မော- တရားသည်၊ န ဟောတိ- မဖြစ်၊ **ဣဒ္ဓံ ဖီတန္တိ**- ဣဒ္ဓံ ဖီတံဟူသည်ကား၊ အန္နပါနာဒိနာ- ထမင်းအဖျော်အစရှိသည်ဖြင့်၊ သမိဒ္ဓံ- ပြည့်စုံသော၊ ဟိရညသုဝဏ္ဏာဒိနာ- ရွှေငွေအစရှိသည်ဖြင့်၊ ဖီတံ- စည်ပင်သော၊ ပုပ္ဖိတံ- ပွင့်သော၊ **န တေ ပုတ္တာ**တိ- န တေ ပုတ္တာဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ တေ- သင်၏၊ ပုတ္တာ- သားတို့သည်၊ ပဝေဏိပါလကာ- အစဉ်အဆက်ကို စောင့်ရှောက်နိုင်ကုန်သည်၊ န ဘဝိဿန္တိ- မဖြစ်ကုန်လတ္တံ့၊ ဟိ- မှန်၏၊ ရဋ္ဌဝါသိနော- တိုင်းသူပြည်သားတို့သည်၊ ဧသ- ဤသူကား၊ အဓမ္မိကရညော- တရားမစောင့်သော မင်း၏၊ ပုတ္တော- သားတည်း၊ အမှာကံ- ငါတို့၏၊ ဝုဍ္ဎိံ- တိုးပွားမှုကို၊ ကိံ ကရိဿတိ- အဘယ်မှာ ပြုနိုင်အံ့နည်း၊ အဿ- ထိုမင်းသားအား၊ ဆတ္တံ- ထီးဖြူကို၊ န ဒဿာမ- မပေးကုန်အံ့၊ ဣတိ- ဤသို့၊ ဆတ္တံ- ထီးဖြူကို၊ န ဒေန္တိ- မပေးကြကုန်၊ ဧဝံ- ဤသို့ ဧတေသံ- ထိုတရားမစောင့်သော မင်းတို့၏၊ ပုတ္တာ- သားတို့သည်၊ ပဝေဏိ- ပါလကာ- အစဉ်အဆက်ကို စောင့်ရှောက်နိုင်ကုန်သည်၊ န ဟောန္တိ နာမ- မဖြစ်သည် မည်ကုန်၏၊ **ပရိဇိဏ္ဏန္တိ**- ပရိဇိဏ္ဏန္တိဟူသည်ကား၊ ပရိဟီနံ- ယုတ်လျော့သောသူကို၊ **ရာဇာနံ ဝါပိ**တိ- ရာဇာနံ ဝါပိဟူသည်ကား၊ သော- ထိုသူသည်၊ ရာဇာ- မင်းသည်၊ သစေပိ ဟောတိ- အကယ်၍ဖြစ်အံ့၊ အထ- ထိုသို့ဖြစ်သည်ရှိသော်၊ နံ- ထိုသူကို၊ ရာဇာနံ- မင်းသည်၊ သမာနမ္ပိ- ဖြစ်ပါသော် လည်း၊ **မာနိယန္တိ**- မာနိယံဟူသည်ကား၊ အယံ- ဤသူသည်၊ ရာဇာ- မင်းတည်း၊ ဣတိ- ဤသို့ ဂရုစိတ္တေန- အလေးဂရုပြုသော စိတ်ဖြင့်၊ သမ္မာနေတဗ္ဗံ- မြတ်နိုးခြင်းကို၊ ကတ္တာ- ပြု၍၊ န မညန္တိ- မမှတ်ထင်ကုန်၊ **ဥပဇီဝန္တာ**တိ- ဥပဇီဝန္တာဟူသည်ကား၊ ဥပနိဿာယ- အမှီပြု၍၊ ဇီဝန္တာပိ- အသက်ရှည်ရကုန်သော်လည်း၊ ဧတ္တကာ- ဤမျှလောက်ကုန်သော၊ ဧတေ ဇနာ- ထိုမင်းမှုထမ်းဖြစ်သော သူတို့သည်၊ ဂရုစိတ္တေန-

အလေးဂရုပြုသော စိတ်ဖြင့်၊ မညိတဗ္ဗံ- မှတ်ထင်ခြင်းကို၊ န မညန္တိ- မမှတ်ထင်ကြကုန်၊ ကိံကာရဏာ?- အဘယ် ကြောင့်နည်းဟူမူကား၊ အဓမ္မိကဘာဝေန- တရားမစောင့်သောကြောင့် တည်း။

**သိရီ**တိ- သီရီဟူသည်ကား၊ ယသဝိဘဝေါ- အခြံအရံစည်းစိမ်သည်၊ **တစန္တိ**- တစ်ဟူသည်ကား၊ ဥရဂေါ- မြွေသည်၊ ဇိဏ္ဏတစံ- အရေဟောင်းကို၊ ဇိဂုစ္ဆန္တော- စက်ဆုတ်သည်ဖြစ်၍၊ ဇဟာတိယထာ- စွန့်ပစ်သကဲ့သို့ ပုန- တစ်ဖန်၊ နဩလောကေတိယထာ- ပြန်မကြည့်သကဲ့သို့ ဧဝံ- ဤအတူ၊ တာဒိသံ- ထိုသို့ သဘောရှိသော၊ ရာဇာနံ- မင်းကို၊ သိရီ- အခြံအရံနှင့် စည်းစိမ်ဥစ္စာသည်၊ ဇဟာတိ- စွန့်၏၊ **သုသံဝိဟိတကမ္မန္တန္တိ**- သုသံဝိဟိတကမ္မန္တဟူသည်ကား၊ ကာယဒွါရာဒီဟိ- ကာယဒွါရအစရှိသည်တို့ဖြင့်၊ ပါပကမ္မံ- မကောင်းမှုကို၊ အကရောန္တံ- မပြုတတ်သော၊ **အဘိဝဍ္ဎန္တိ**တိ- အဘိဝဍ္ဎန္တိဟူသည်ကား၊ အဘိမုခံ- ရှေးရှု ဂစ္ဆန္တာ- သွားကုန်လျက်၊ ဝဍ္ဎန္တိ- တိုးပွားကုန်၏၊ **သဥသဘာမိဝါ**တိ- သဥဿဘာမိဝါဟူသည်ကား၊ သဥသဘာဣဝ- ဥသဘနှင့် တကွကုန်သော နွားတို့ကဲ့သို့၊ ဟိ- မှန်၏၊ သဥသဘဇေဋ္ဌကော- အကြီးအမျူးဖြစ်သော ဥသဘနွားနှင့် တကွသော၊ ဂေါဂဏော ဝိယ- နွားအပေါင်းတို့ကဲ့သို့၊ အပ္ပမတ္တဿ- မမေ့မလျော့သော ပုဂ္ဂိုလ်၏၊ ဘောဂါ- စည်းစိမ်တို့သည်၊ ဝဍ္ဎန္တိ- ပွားကုန်၏၊ **ဥပဿုတိန္တိ**- ဥပဿုတိံဟူသည်ကား၊ ဇနပဒစာရိတ္တသဝနာယ- ဇနပုဒ်သူတို့၏ အကျင့်ကို ကြားနာရန်အလို့ငှာ၊ စာရိကံ- ဒေသစာရီကို၊ အတ္တနော- မိမိ၏၊ သကလရဋ္ဌေ စ- အလုံးစုံသော နိုင်ငံ၌လည်းကောင်း၊ ဇနပဒေ စ- ဇနပုဒ်၌လည်းကောင်း၊ စရ- လှည့်လည်လော့၊ **တတ္ထာ**တိ- တတ္ထာဟူသည်ကား၊ တသ္မိံ ရဋ္ဌေ- ထိုတိုင်းနိုင်ငံ၌၊ စရန္တော- လှည့်လည်သည်ရှိသော်၊ ဒဋ္ဌဗ္ဗံ- မြင်သင့်သည်ကို၊ ဒိသွာ- မြင်၍၊ သောတဗ္ဗံ- ကြားသင့်သည်ကို၊ သုတွာ- ကြား၍၊ အတ္တနော- မိမိ၏၊ ဂုဏာဂုဏံ- အကောင်းအဆိုးကို၊ ပစ္စက္ခံ- မျက်မှောက်ကို၊ ကတွာ- ပြု၍၊ တတော- ထိုမြင်ရာကြားရာမှ၊ အတ္တနော- မိမိ၏၊ ဟိတပဋိပတ္တိံ- အစီးအပွားနှင့် ယှဉ်သော အကျင့်ကို၊ ပဋိပဇ္ဇိဿသိ- ကျင့်နိုင်လတ္တံ့၊ ဣတိ- ဤကား၊ (အတ္ထော- အနက်တည်း။)

ဣတိ- ဤသို့၊ မဟာသတ္တော- ဘုရားလောင်းတည်ပင်စောင့်နတ်သည်၊ ကောဒသဟိ- ဆယ်တစ်ခုကုန်သော၊ ဂါထာဟိ- ဂါထာတို့ဖြင့်၊ ရာဇာနံ- မင်းကို၊ ဩဝဒိတွာ- ဆုံးမ၍၊ “(မဟာရာဇ- မင်းကြီး၊) ဂစ္ဆ- သွားချေ၊ ပပဥ္စံ- ကြာမြင့်ခြင်းကို၊ အကတွာ- မပြုမူ၍၊ ရဋ္ဌံ- တိုင်းပြည်ကို၊ ပရိဂ္ဂဏှ- စုံစမ်းလော၊ (ရဋ္ဌံ- တိုင်းပြည်ကို၊)

မာနာသယိ- မဖျက်ဆီးလင့်၊" ဣတိ- ဤသို့ ဝတွာ- ဆို၍၊ သကဋ္ဌာနမေဝ- မိမိနေရာ ဗိမာန်သို့သာလျှင်၊ ဂတော- သွားပြီ ရာဇာပိ- မင်းသည်လည်း၊ တဿ- ထိုဘုရားလောင်း တည်ပင်စောင့်နတ်၏၊ ဝစနံ- စကားကို၊ သုတွာ- ကြားရ၍၊ သံဝေဂပ္ပတ္တော- ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍၊ ပုနဒိဝသေ- နက်ဖြန်နေ့၌၊ ရဋ္ဌံ- တိုင်းပြည်ကို၊ အမစ္စေ- မှူးမတ်တို့ကို၊ ပဋိစ္ဆာပေတွာ- အပ်နှင်းခဲ့၍၊ ပုရောဟိတေန- ပုရောဟိတ်နှင့်၊ သဒ္ဓိံ- တကွ၊ ကာလသေယဝ- စောစောကလျှင်၊ ပါစီနဒွါရေန- အရှေ့တံခါးမဖြင့်၊ နဂရာ- မြို့မှ၊ နိက္ခမိတွာ- ထွက်၍၊ ယောဇနမတ္တံ- တစ်ယူဇနာရှိသော အရပ်သို့၊ ဂတော- သွားရောက်ပြီ၊ တတ္ထ- ထိုအရပ်၌၊ ဧကော- တစ်ယောက်သော၊ ဂါမဝါသီ- ရွာ၌နေလေ့ရှိသော၊ မဟလ္လကော- လူအိုသည်၊ အဋဝိတော- တောအုပ်မှ၊ ကဏ္ဍကသာခံ- ဆူးခက်ကို၊ အာဟရိတွာ- ဆောင်ယူခဲ့၍၊ ဂေဟဒွါရံ- အိမ်တံခါးကို၊ ပရိက္ခိပိတွာ- ထက်ဝန်းကျင်မှ ကာရံ၍၊ ပိဒဟိတွာ- ပိတ်ဆို့၍၊ ပုတ္တဒါရံ- သားမယားကို၊ အာဒါယ- ယူ၍၊ အရညံ- တောသို့၊ ပဝိသိတွာ- ဝင်၍၊ သာယံ- ညဉ့်အခါ၌၊ ရာဇပုရိသေသု- မင်းခယောက်ျားတို့သည်၊ ပက္ကန္တေသု- သွားကုန်သည်ရှိသော်၊ အတ္တနော- မိမိ၏၊ ယရံ- အိမ်သို့၊ အာဂစ္ဆန္တော- ပြန်လာခဲ့သည်ဖြစ်၍၊ ဂေဟဒွါရေ- အိမ်တံခါး၌၊ ပါဒေ- ခြေတို့ကို၊ ကဏ္ဍကေန- ဆူးသည်၊ ဝိဒ္ဓေါ- ထိုးဖောက်အပ်သည် ဖြစ်၍၊ ဥက္ကုဋိကံ- ဆောင့်ကြောင့်၊ နိသီဒိတွာ- ထိုင်၍၊ ကဏ္ဍကံ- ဆူးကို၊ နီဟရန္တော- နုတ်လျက်၊ "ဧဝံ ဝေဒေသု ပဉ္စာလော (ပ) ကဏ္ဍကေန သမပ္ပိတော"တိ- ဧဝံ ဝေဒေသု ပဉ္စလော (ပ) ကဏ္ဍကေန သမပ္ပိတော-ဟူသော၊ ဣမာယ ဂါထာယ- ဤဂါထာဖြင့်၊ ရာဇာနံ- မင်းကို၊ အက္ကောသိ- ကျိန်ဆဲပြီ။

၃၄၃။ အဇ္ဇ- ယခုအခါ၌၊ အဟံ- ငါသည်၊ ကဏ္ဍကေန- ဆူးဖြင့်၊ သမပ္ပိတော- နှိပ်စက်အပ်သည်ဖြစ်၍၊ ဝေဒမိယထာ- ဆင်းရဲခံရသကဲ့သို့ ဧဝံ- ဤအတူ၊ သင်္ဂါမေ- စစ်မြေအရပ်၌၊ သရမပ္ပိတော- မြားစူးသည်ဖြစ်၍၊ ပဉ္စလော- ပဉ္စလင်းမင်းသည်၊ ဝေဒေတု- ဆင်းရဲခံရပါစေသတည်း။

အဿ- ထိုလူအို၏၊ တံ ပန အက္ကောသနံ- ထိုဆဲရေးခြင်းသည်ကား၊ ဗောဓိသတ္တာနုဘာဝေန- ဘုရားလောင်း၏ အာနုဘော်တော်ကြောင့်၊ အဟောသိ- ဖြစ်ပြီ၊ ဗောဓိသတ္တော န- ဘုရားလောင်းတည်ပင်စောင့်နတ်သည်၊ အဓိဂ္ဂဟိတော ဝ- ပူးဝင်အပ်သည်ဖြစ်၍သာလျှင်၊ သော- ထိုလူအိုသည်၊ အက္ကောသိ- ဆဲရေးပြီ၊ ဣတိ- ဤသို့၊ ဝေဒိတဗ္ဗော- သိအပ်၏၊ တသ္မိံ ပန သမယေ- ထိုအခါ၌ကား၊ ရာဇာစ-

မင်းသည်လည်းကောင်း၊ ပုရောဟိတော စ- ပုရောဟိတ်သည်လည်းကောင်း၊ အညာတကဝေသေန- မထင်ရှားသော အသွင်ဖြင့်၊ တဿ- ထိုလူအိုဧ၊ သန္တိကေ- အနီး၌သာလျှင်၊ အဋ္ဌံသု- ရပ်ကုန်ပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုလူအိုဧ၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ ပုရောဟိတော- ပုရောဟိတ်သည်၊ "ဇိဏ္ဏော ဒုဗ္ဗလစက္ခုသိ (ပ) ယံ တံ မဂ္ဂေယျ ကဏ္ဍကော"တိ- ဇိဏ္ဏော ဒုဗ္ဗလစက္ခုသိ (ပ) ယံ တံ မဂ္ဂေယျ ကဏ္ဍကော-ဟူသော၊ ဧကတရံ- တစ်ပါးသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၄၄။ မဟလ္လက- လူအို၊ တွံ- သင်သည်၊ ဇိဏ္ဏော- အိုသည်ဖြစ်၍၊ ဒုဗ္ဗလစက္ခု- မျက်စိအမြင်နည်းသည်၊ အသိ- ဖြစ်ဧ၊ ရူပံ- ရူပါရုံကို၊ သာဓု- ကောင်းစွာ၊ နပဿသိ- သင်မမြင်၊ တေန- ထိုသို့ကောင်းစွာ မမြင်သော ကြောင်၊ တံ- သင့်ကို၊ ကဏ္ဍကော- ဆူးသည်၊ ယံမဂ္ဂေယျ- အကြင်စူးရာဧ၊ တတ္ထ- ထိုသို့ဆူးစူးရာ၌၊ ဗြဟ္မဒတ္တဿ- ဗြဟ္မဒတ်မင်းအား၊ ကိံ- အဘယ် အပြစ်ရှိသနည်း။

တတ္ထ- ဇိဏ္ဏောစသော ဂါထာတို့၌၊ **မဂ္ဂေယျာ**တိ- မဂ္ဂေယျာဟူသည်ကား၊ ဝိဇ္ဈေယျ- ထိုးဖောက်ရာဧ၊* ဣဒံ- ဤသို့သော အနက်ကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်ဧ၊ တွံ- သင်သည်၊ အတ္တနော- မိမိဧ၊ အဗျတ္တတာယ- မလိမ္မာသည်ဧ၊ အဖြစ်ကြောင့်၊ ကဏ္ဍကေန- ဆူးသည်၊ ယဒိဝိဒ္ဓေါ- အကယ်၍ ဖောက်ထွင်းအပ်သည် ဖြစ်အံ့၊ ဧတ္ထ- ဤဆူးစူးရာ၌၊ ရညော- မင်း၏၊ ဒေါသော- အပြစ်သည်၊ ကော- အဘယ်နည်း၊ ယေန- အကြင့်ကြောင့်၊ ရာဇာနံ- မင်းကို (တွံ- သင်သည်) အက္ကောသိ- ဆဲရေးဘိ၏၊ ကိံ- အသို့နည်း၊ တေ- သင့်အား၊ ရညာ- မင်းသည်၊ ကဏ္ဍကော- ဆူးကို၊ ဩလောကေတွာဝ- ကြည့်ရှု၍သာလျှင်၊ အာစိက္ခိတဗ္ဗော- ဤနေရာ၌ ဆူးရှိ၏ဟု ပြောကြားရမည်လော၊ ဣတိအယံ- ဤသည်ကား၊ (အတ္ထော- အနက် တည်း။)

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ မဟလ္လကော- လူအိုသည်၊ "မဟေတ္ထ ဗြဟ္မဒတ္တဿ (ပ) ဝနေ အာဟတွ ကဏ္ဍကန္တိ- မဟေတ္ထ ဗြဟ္မဒတ္တဿ (ပ) ဝနေ အာဟတွ ကဏ္ဍကံ-ဟူကုန်သော၊ တိသော- သုံးခုကုန်သော၊ ဂါထာ- ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

---

*မဂ္ဂ-ဓာတ် အန္ဝေသနေ-ရှာမှီးခြင်း၊ စူးစမ်းရှာဖွေသည်၊ လမ်းထွင်သည်၊ ထိုးဖောက် ဝင်ရောက်သည်-ဟု အနက်အဆင့်ဆင့်ဖြစ်သည်။

၃၄၅။ ဗြာဟ္မဏ- ပုဏ္ဏား၊ သောအဟံ- ထိုငါသည်၊ မဂ္ဂေ- ဆူးရှိသော ခရီး၌၊ ပတိတော- လဲသည်၊ အသ္မိ- ဖြစ်၏၊ ဧတ္ထ- ဤငါ့ကို ဆူးစူးရာ၌၊ ဗြာဟ္မဒတ္တဿ- ဗြဟ္မဒတ်မင်းအား၊ ဗဟု- အပြစ်များစွာ၏၊ ဇနပဒါ- ဇနပုဒ်ပြည်ကို၊ အရက္ခိတာ- မစောင့်ရှောက်အပ်ပါကုန်၊ အဓမ္မဗလိနာ- မတရားသော အခွန်ဖြင့်၊ ဟတာ- နှိပ်စက်ညှဉ်းဆဲအပ်ကုန်၏။

၃၄၆။ ဟိသစ္စံ- ထိုစကားသည် မှန်၏၊ ရတ္တိံ- ညဉ့်၌၊ စောရာ- ခိုးသူတို့သည်၊ ခါဒန္တိ- လုယက်ကုန်၏၊ ဒိဝါ- နေ့၌၊ တုဏ္ဍိယာ- အခွန်တောင်းသော မင်းချင်းတို့သည်၊ ခါဒန္တိ- လုယက်ဖျက်ဆီးကုန်၏၊ ကူဋရာဇဿ- စဉ်းလဲ စဉ်းစားသည့် ယုတ်မာသည့်မင်း၏၊ ရဋ္ဌသ္မိံ- တိုင်းနိုင်ငံ၌၊ အဓမ္မိကော- တရားမစောင့်သော၊ ဇနော- လူသည်၊ ဗဟု- များစွာ၏။

၃၄၇။ တာတ- ချစ်သားပုဏ္ဏား၊ ဧတာဒိသေ- ဤသို့သဘောရှိသော၊ ဘယေ- ဘေးသည်၊ ဇာတေ- ဖြစ်လတ်သောကြောင့်၊ ဝနေ- တော၌၊ ကဏ္ဍကံ- ဆူးကို၊ [အာဟတွ(အာဟရန္တာ)]- ဆောင်ယူကုန်၍၊ နိလ္လေနကာနိ- ပုန်းအောင်းရာတို့ကို၊ [ကုဗ္ဗန္တိ(ကြုဗ္ဗန္တိ)]- ပြုရကုန်၏။

တတ္ထ- ထိုဗဟွေတ္တအစရှိသော ဂါထာတို့၌၊ **ဗဟွေတ္တာ**တိ- ဗဟွေတ္တဟူသည်ကား၊ ဗြာဟ္မဏ- ပုဏ္ဏား၊ သောဟံ- ထိုငါသည်၊ သကဏ္ဍကေ- ဆူးရှိသော၊ မဂ္ဂေ- လမ်း၌၊ ပတိတော- လဲကျလျက်၊ သန္နိသိန္နော- ထိုင်နေရ၏၊ ဧတ္ထ- ငါ့ကို ဆူးစူးရာ၌၊ ဗြာဟ္မဒတ္တဿ- ဗြဟ္မဒတ်မင်း၏၊ ဒေါသော- အပြစ်သည်၊ ဗဟု- များစွာ၏၊ တွံ- သင်သည်၊ ဧတ္တကံ ကာလံ- ဤမျှလောက်၊ ရညော- မင်း၏၊ ဒေါသေန- အပြစ်ကြောင့်၊ မမ- ငါ၏၊ သကဏ္ဍကေ- ဆူးရှိသော၊ မဂ္ဂေ- လမ်း၌၊ ဝိစရဏဘာဝံ- လှည့်လည်သည်၏အဖြစ်ကို န ဇာနာသိ- မသိ၊ ဟိ- မှန်၏၊ တဿ- ထိုဗြဟ္မဒတ်မင်းသည်၊ ဇာနပဒါ- ဇနပုဒ်နေသူတို့ကို၊ အရက္ခိတာ- မစောင့်ရှောက်ကုန်၊ . . . ပ. . . ကဏ္ဍကန္တိ (ပါဠိတော်နိဿယပြန်ကြည့်ပါ)၊ တတ္ထ- ထိုစကားရပ်၌၊ **ခါဒန္တိ**တိ- ခါဒန္တိဟူသည်ကား၊ ဝိလုမ္ပန္တိ- လုယက်ကုန်၏၊ **တုဏ္ဍိယာ**တိ- တုဏ္ဍိယာတိဟူသည်ကား၊ ဝဓဗန္ဓာဒီဟိ- သတ်ခြင်း နှောင်ဖွဲ့ခြင်းအစရှိသည်တို့ဖြင့်၊ ပီဠေတွာ- နှိပ်စက်၍၊ အဓမ္မေန- မတရားသဖြင့်၊ ဗလိသာဓကာ- အခွန်အတုတ်ကို ပြီးစေကုန်သော သူတို့သည်၊ **ကူဋရာဇဿာ**တိ- ကူဋရာဇဿာဟူသည်ကား၊ ပါပရညော- မကောင်းသောမင်း၏၊ **အဓမ္မိကော**တိ- အဓမ္မိကောဟူသည်ကား၊ ပဋိစ္ဆန္နကမ္မန္တော- ဖုံးလွှမ်းအပ်သော အမှုရှိသော၊ **တာတာ**တိ- တာတဟူသည်ကား၊ ပုရောဟိတံ- ပုရောဟိတ်ကို၊ အာလပတိ- ခေါ်၏၊ မာဏဝါတိ-

မာဏဝဟူသည်ကား၊ မနုဿာ- လူတို့သည်၊ **နိလ္လေနကာနိ**တိ- နိလ္လေနကာနိ ဟူသည်ကား၊ နိလီယနဋ္ဌာနာနိ- ပုန်းအောင်းရာအရပ်တို့ကို၊ **ဝနေ အာဟတွ ကဏ္ဍကက္ခံ**- ဝနေ အာဟတွ ကဏ္ဍကံဟူသည်ကား၊ ကဏ္ဍကံ- ဆူးခက်ကို၊ အာဟရိတွာ- ဆောင်၍၊ ဒွါရာနိ- တံခါးတို့ကို၊ ပိဒဟိတွာ- ပိတ်၍၊ ဃရံ- အိမ်ကို၊ ဆဒ္ဒေတွာ- စွန့်၍၊ ပုတ္တဒါရံ- သားမယားကို၊ အာဒါယ- ယူ၍၊ ဝနံ- တောသို့၊ ပဝိသိတွာ- ဝင်၍၊ တသ္မိံ ဝနေ- ထိုတော၌၊ အတ္တနော- မိမိ၏၊ နိလီယနဋ္ဌာနာနိ- ပုန်းအောင်းရာနေရာတို့ကို၊ ကရောန္တိ- ပြုကြကုန်၏၊ အထ ဝါ- တနည်းကား၊ ဝနေ- တော၌၊ ယော ကဏ္ဍကော- အကြင် ဆူးသည်၊ (အတ္ထိ- ရှိ၏၊) တံ- ထိုဆူးကို၊ အာဟရိတွာ- ဆောင်၍၊ ဃရာနိ- အိမ်တို့ကို၊ ပရိက္ခိပန္တိ- ကာရန်ကုန်၏၊ ဣတိ- ဤသို့လျှင်၊ ရညော- မင်း၏၊ ဒေါသေနေဝ- အပြစ်ကြောင့်သာလျှင်၊ ကဏ္ဍကေန- ဆူးသည်၊ ဝိဒ္ဓေါ- ထိုးဖောက်အပ်သည်၊ အမှို- ဖြစ်၏၊ ဧဝရူပဿ- ဤသို့ သဘောရှိသော၊ ရညော- မင်း၏၊ ဥပတ္ထမ္ဘော- ထောက်ခံသူသည်၊ မာဟောဟိ- မဖြစ်ပါလင့်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုလူအို၏ စကားကို၊ သုတွာ- ကြား၍၊ ရာဇာ- မင်းသည်၊ ပုရောဟိတံ- ပုရောဟိတ်ကို၊ အာမန္တေတွာ- ခေါ်၍၊ "အာစရိယ- ဆရာ၊ မဟလ္လကော- လူအိုသည်၊ ယုတ္တံ- သင့်လျော်သောစကားကို၊ ဘဏတိ- ဆိုပေ၏၊ အမှာကံ- ငါတို့၏၊ ဒေါသောယေဝ- အပြစ်သာလျှင်တည်း၊ ဧဟိ- လာလှည့်၊ နိဝတ္တာမ- ပြန်ကြကုန်အံ့၊ ဓမ္မေန- တရားသဖြင့်၊ ရဇ္ဇံ- မင်း၏အဖြစ်ကို၊ ကာရေဿာမ- ပြုစေကုန်အံ့" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ ဗောဓိသတ္တော- ဘုရားလောင်း တည်ပင်စောင့်နတ်သည်၊ ပုရောဟိတဿ- ပုရောဟိတ်၏၊ သရီရေ- ကိုယ်၌၊ အဓိမုစ္စိတွာ- ပူးဝင်၍၊ ပုရတော- ရှေ့မှ၊ ဂန္တွာ- သွား၍၊ "မဟာရာဇ- မြတ်သောမင်းကြီး၊ တာဝ- ရှေးဦးစွာ၊ ပရိဂဏှိဿာမ- စုံစမ်းကုန်အံ့" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ တေ- ထိုမင်းနှင့် ပုရောဟိတ်တို့သည်၊ တမှာဂါမာ- ထိုရွာမှ၊ အညံ- တစ်ပါးသော၊ ဂါမံ- ရွာသို့၊ ဂစ္ဆန္တာ- သွားကုန်သည်ရှိသော်၊ အန္တရာမဂ္ဂေ- ခရီးအကြား၌၊ ဧကိဿာ- တစ်ယောက်သော၊ မဟလ္လိကာယ- မိန်းမအိုကြီး၏၊ သဒ္ဒံ- အသံကို၊ အဿောသုံ- ကြားကုန်ပြီ၊ ဧကာ- တစ်ယောက်သော၊ သာ ဒလိဒ္ဒိတ္ထီ- ဆင်းရဲစွာသော ထိုမိန်းမအိုကြီးသည်၊ ဝယပ္ပတ္တာ- အရွယ်သို့ရောက်ကုန်သော၊ ဒွေ- နှစ်ယောက်ကုန်သော၊ ဓီတရော- သမီးတို့ကို၊ ရက္ခမာနာ- စောင့်ရှောက်ကုန်လျက်၊ တာသံ- ထိုသမီးတို့ကို၊ အရညံ- တောသို့၊ ဂန္တုံ-

သွားခြင်းငှာ၊ န ဒေတိကိရ- မပေးသတတ်၊ သယံ- မိမိသည်၊ အရညတော- တောမှ၊ ဒါရုနိစေဝ- ထင်းတို့ကိုလည်းကောင်း၊ သာကဉ္စ- ဟင်းရွက်ကိုလည်းကောင်း၊ အာဟရိတွာ- ဆောင်ယူ၍၊ ဓီတရော- သမီးတို့ကို၊ ပဋိဇဂ္ဂတိ ကိရ- ကျွေးမွေးသတတ်၊ သာ- ထိုမိန်းမအိုသည်၊ တံဒိဝသံ- ထိုနေ့၌၊ ဧကံ- တစ်ခုသော၊ ဂုမ္ဗံ- ချုံသို့၊ အာရုယှ- တက်၍၊ သာကံ- ဟင်းရွက်ကို၊ ဂဏှန္တီ- ခူးယူသည်ရှိသော်၊ ပဝဋ္ဋမာနာ- လိမ့်ကျလျက်၊ ဘူမိယံ- မြေ၌၊ ပတိတွာ- ကျ၍၊ ရာဇာနံ- မင်းကို၊ မရဏေန- သေခြင်းဖြင့်၊ အက္ကောသန္တီ- ဆဲရေးလိုသည်ဖြစ်၍၊ "ကဒါသု နာမ'ယံ ရာဇာ (ပ) အပ္ပတိကာ ကုမာရိကာ"တိ- ကဒါသု နာမ'ယံ ရာဇာ (ပ) အပ္ပတိကာ ကုမာရိကာ-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၄၈။ ယသ္မိ ရညော- အကြင် ပြဟ္မဒတ်မင်း၏၊ [ရဋ္ဌမှိ(ရဋ္ဌသ္မိံ)]- တိုင်းနိုင်ငံ၌၊ ကုမာရိကာ- သတို့သမီးတို့သည်၊ အပ္ပတိကာ- လင်မရှိကုန်သည်ဖြစ်၍၊ ဇိယျန္တိ- အိုရကုန်၏၊ တာ- ထိုငါ့သမီးနှစ်ယောက်တို့သည်၊ သာသာမိကာ- လင်ရှိကုန်သည်၊ အဿုဘဝန္တိ- အကယ်၍ဖြစ်ကုန်အံ့၊ မံ- ငါ့ကို၊ ပေါသေယျုံ- မွေးမြူကုန်ရာ၏၊ ဗြဟ္မဒတ္တော- ဗြဟ္မဒတ် အမည်ရှိသော၊ အယံရာဇာ- ဤမင်းသည်၊ ကဒါသု- အဘယ်အခါ၌၊ မရိဿတိနာမ- သေပါလတ္တံ့နည်း။

တတ္ထ- ထိုကဒါသုစသော ဂါထာတို့၌၊ **အပ္ပတိကာ**တိ- အပ္ပတိကာဟူသည်ကား၊ အဿာမိကာ- လင်မရှိကုန်၊ ဟိ- မှန်၏၊ သစေ- အကယ်၍၊ တာသံ- ထိုအမျိုးသမီးတို့အား၊ သာမိကာ- လင်တို့သည်၊ အဿု- ရှိကုန်ငြားအံ့၊ မံ- ငါ့ကို၊ ပေါသေယျုံ- မွေးမြူကုန်ရာ၏၊ ပန- ဆက်၊ ပါပရညော- မကောင်းသော မင်း၏၊ ရဋ္ဌေ- နိုင်ငံ၌၊ အဟံ- ငါသည်၊ ဒုက္ခံ- ဆင်းရဲဝေဒနာကို၊ အနုဘောမိ- ခံစားရ၏၊ ကဒါ- အဘယ်အခါ၌၊ သော- ဤမကောင်းသော မင်းသည်၊ မရိဿတိနုခေါ- သေလတ္တံ့နည်း၊ ဣတိ- ဤကား၊ (အတ္ထော- အနက်တည်း။)

ဧဝံ- ဤသို့ ဗောဓိသတ္တာ နုဘာဝေနေဝ- ဘုရားလောင်း တည်ပင်စောင့်နတ်၏ အာနုဘော်ဖြင့်သာလျှင်၊ သာ- ထိုမိန်းမအိုသည်၊ အက္ကောသိ- ဆဲရေး၏၊ အထ- ထိုသို့ဆဲရေးသောအခါ၌၊ နံ- ထိုမိန်းမအိုကို၊ ပုရောဟိတော- ပုရောဟိတ်သည်၊ ပဋိသေဓေန္တော- တားမြစ်လိုသည်ဖြစ်၍၊ "ဒုဋ္ဌာသိတဥ္ဓ တေဇမ္မိ (ပ) ဘတ္တာရံ ပရိယေသတီ"တိ- ဒုဋ္ဌာသိတဥ္ဓ တေဇမ္မိ (ပ) ဘတ္တာရံ ပရိယေသတိ-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၄၉။ အနတ္ထပဒကောဝိဒေ- အကြောင်းအရာမဟုတ်သည်၌ လိမ္မာသော၊
ဇမ္မိ- သူယုတ်မာ၊ တေ- သင်သည်၊ ဒုဗ္ဘာသိတံ- မကောင်းသော စကားကို၊
ဝုတ္တံ- ဆိုဘိ၏၊ ဟိသစ္စံ- မှန်၏၊ ရာဇာ- မင်းသည်၊ ကုမာရီနံ- သတို့သမီးတို့၏၊
ဘတ္တာရံ- လင်ကို၊ ကုဟိံ- အဘယ်အရပ်၌၊ ပရိယေသတိ- ရှာ၍ ပေးရမည်
နည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ မဟလ္လိကာ- မိန်းမအိုကြီးသည်၊ (ပုရောဟိ-
တဿ- ပုရောဟိတ်ပုဏ္ဏားအား၊ ကာရဏံ- အကြောင်းကို၊ ကထေန္တော- ပြောကြားလို
သည်ဖြစ်၍၊) "နမေ ဒုဗ္ဘာသိတံပြဟေ့ (ပ) ကုတော ဘတ္တာ ကုမာရိယော"တိ- "နမေ
ဒုဗ္ဘာသိတံပြဟေ့ (ပ) ကုတော ဘတ္တာ ကုမာရိယော-ဟူကုန်သော၊ ဒွေ-
နှစ်ခုကုန်သော၊ ဂါထာ- ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၃၅၀။ ပြဟေ့- ပုဏ္ဏား၊ မေ- ငါသည်၊ ဒုဗ္ဘာသိတံ- မကောင်းသော စကားကို၊
နဝုတ္တံ- မဆို၊ အဟံ- ငါသည်၊ ကောဝိဒတ္ထပဒါ- အကြောင်းအရာ၌ လိမ္မာ၏၊
တဿ- ထိုမင်းသည်၊ ဇနပဒါ- ဇနပုဒ်ပြည်ရွာတို့ကို အရက္ခိတာ- မစောင့်ရှောက်
အပ်ပါကုန်၊ အဓမ္မဗလိနာ- အဓမ္မဖြစ်သော အခွန်အတုတ်ဖြင့်၊ ဟတာ-
နှိပ်စက်ညှဉ်းဆဲအပ်ကုန်၏။

၃၅၁။ ဟိသစ္စံ- ထိုစကားသည် မှန်၏၊ ရတ္တိံ- ညဉ့်အခါ၌၊ စောရာ- ခိုးသူ
တို့သည်၊ ခါဒန္တိ- လုယက်ဖျက်ဆီးကုန်၏၊ ဒိဝါ- နေ့အခါ၌၊ တုဏ္ဍိယာ-
အခွန်တောင်းသော မင်းချင်းတို့သည်၊ ခါဒန္တိ- လုယက်ဖျက်ဆီးကုန်၏၊
ကူဋရာဇဿ- စဉ်းလဲစဉ်းစား ယုတ်မာသော မင်း၏၊ ရဋ္ဌသ္မိံ- တိုင်းကား
ပြည်ရွာ၌၊ အဓမ္မိကော- တရားမစောင့်သော၊ ဇနော- လူသည်၊ ဗဟု- များစွာ၏၊
[ဒုဇ္ဇီဝေ(ဒုဇ္ဇီဝေ)]- မကောင်းသဖြင့် အသက်မွေးခြင်းရှိသော တိုင်းကား
ပြည်ရွာ၌၊ ဒါရေ- သားမယားတို့ကို၊ ဒုဗ္ဘရေ- မွေးနိုင်ခဲသည်ရှိသော်၊
ကုမာရိယော- သတို့သမီးတို့သည်၊ ဘတ္တာ- လင်ကို၊ ကုတော- အဘယ်မှ၊
လဘိဿန္တိ- ရနိုင်ကုန်လတ္တံ့နည်း။

တတ္ထ- ထိုဒုဗ္ဘာသိတံစသော ဂါထာတို့၌၊ **ကောဝိဒတ္ထပဒါ**တိ- ကောဝိဒတ္ထပဒါ
ဟူသည်ကား၊ အဟံ- ငါသည်၊ အတ္ထပဒေ- အကျိုးတရား၌လည်းကောင်း၊
ကာရဏပဒေ- အကြောင်းတရား၌လည်းကောင်း၊ ကောဝိဒါ- လိမ္မာ၏၊ ဆေကာ-
ကျွမ်းကျင်၏၊ တွံ- သင်သည်၊ ဇတံ ပါပရာဇာနံ- ဤမကောင်းသော မင်းကို၊ မာပသံသိ-
မချီးမွမ်းပါလင့်၊ **ဒုဇ္ဇီဝေ**တိ- ဒုဇ္ဇီဝေတိဟူသည်ကား၊ ဒုဇ္ဇီဝေ- ဆင်းရဲသော၊ ရဋ္ဌေ-

နိုင်ငံ၌၊ ဒါရေ- မယားတို့ကို၊ ဒုဗ္ဘရေ- မွေးမြူနိုင်ခဲသည်၊ ဇာတေ- ဖြတ်လတ်သော်၊ ဘီတတသိတေသု- ကြောက်ရွံ့ထိတ်လန့်ကုန်သော၊ အရညေ- တောထဲ၌၊ ဝသန္တေသု- နေရကုန်သော၊ မနုဿေသု- လူတို့၌၊ ကုမာရိယော- အမျိုးသမီးပျိုတို့သည်၊ ကုတော ဘတ္တာ- အဘယ်မှာလင်ရနိုင်အံ့နည်း၊ ကုတော- အဘယ့်ကြောင့်၊ ကုမာရိယော- အမျိုးသမီးပျိုတို့သည်၊ ဘတ္တာရံ- လင်ကို၊ လဘိဿန္တိ- ရနိုင်ကုန်အံ့နည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တေ- ထိုမင်းနှင့် ပုရောဟိတ်ပုဏ္ဏားတို့သည်၊ တဿာ- ထိုမိန်းမအို၏၊ ဝစနံ- စကားကို၊ သုတွာ- ကြားကုန်၍၊ "သာ- ထိုမိန်းမအိုသည်၊ ယုတ္တံ- သင့်လျော်သော စကားကို ကထေတိ- ဆိုပေ၏၊" ဣတိ- ဤသို့ တတော- ထိုအရပ်မှ၊ ပရံ- တစ်ပါးသော အရပ်သို့ ဂစ္ဆန္တာ- သွားကုန်သည်ရှိသော်၊ ဧကဿ- တစ်ယောက်သော၊ ကဿကဿ- လယ်ထွန်သော သူ၏၊ သဒ္ဒံ- အသံကို၊ အဿောသုံ- ကြားကုန်ပြီ၊ ကဿန္တဿ- လယ်ထွန်သော၊ တဿ- ထိုသူ၏၊ သာလိယော နာမ- သာလိယမည်သော၊ ဗလိဗဒ္ဒေါ- နွားလားသည်၊ ဖာလေန- ထွန်သွားဖြင့်၊ ပဟဋော- ခတ်မိသည်ဖြစ်၍၊ သယိကိရ- လဲကျသတတ်၊ သော- ထိုလယ်ထွန်သော ယောကျ်ားသည်၊ ရာဇာနံ- မင်းကို၊ အက္ကောသန္တော- ဆဲရေးလို သည်ဖြစ်၍၊ "ဧဝံ သယတု ပဉ္စာလော (ပ) ဖာလေန သာလိယော"တိ- ဧဝံ သယတု ပဉ္စာလော (ပ) ဖာလေန သာလိယော- ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၅၂။ သာလိယော- သာလိယအမည်ရှိသော နွားသည်၊ ဖာလေန- ထွန်သွားဖြင့်၊ ဟတော- ခတ်မိသည်ဖြစ်၍၊ ကပဏော- ဆင်းရဲစွာ၊ သေတိ- ယထာ- လည်းရကဲ့သို့၊ ဧဝံ- ဤငါနွားအတူ၊ ပဉ္စာလော- ပဉ္စာလမင်းသည်၊ သင်္ဂါမေ- စင်မြေ၌၊ သတ္တိယာ- လှံမဖြင့်၊ ဟတော- ထိုးမိသည်ဖြစ်၍၊ သယတု- လဲပါစေသတည်း။

တတ္ထ- ထိုဧဝံ သယတုစသော ပါဌ်တို့၌၊ **ယထာ**တိ- ယထာဟူသည်ကား၊ ဝေဒနာပ္ပတ္တော- ဆင်းရဲဝေဒနာသို့ရောက်သော၊ ယာယံသာလိယဗလိဗဒ္ဒေါ- ဤသာလိယမည်သော နွားလားသည်၊ သေတိယထာ- အိပ်ရသကဲ့သို့၊ ဧဝံ- ဤအတူ၊ သယတူ- အိပ်ပါရစေ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

အထ- ထိုသို့ ကျိန်ဆဲသောအခါ၌၊ ပုရောဟိတော- ပုရောဟိတ်ပုဏ္ဏားသည်၊ နံ- ထိုလယ်ထွန်သော ယောကျ်ားကို၊ ပဋိသေဓေန္တော- တားမြစ်လိုသည်ဖြစ်၍၊

"အဓမ္မေန တုဝံ ဓမ္မ (ပ) အပရဇ္ဈိတွာန အတ္တနော"တိ- အဓမ္မေန တုဝံ ဓမ္မ (ပ) အပရဇ္ဈိတွာန အတ္တနော-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၅၃။ ဓမ္မ- သူယုတ်၊ ယောတွံ- အကြင်သင်သည်၊ အတ္တနော- မိမိအား၊ [အပရဇ္ဈိတွာ(အပ္ပရဇ္ဈိတွာ)]- မပြစ်မှားဘဲလျက်၊ ရာဇာနံ- မင်းကို၊ သပသိ- ကျိန်ဆဲ၏၊ သောတုဝံ- ထိုသင်သည်၊ အဓမ္မေန- အကြောင်းမဟုတ်သဖြင့်၊ ဗြဟ္မဒတ္တဿ- ဗြဟ္မဒတ်မင်းအား၊ ကုဇ္ဈသိ- အမျက်ထွက်ဘိ၏။

တတ္ထ- ထိုအဓမ္မေန-စသော ဂါထာ၌၊ **အဓမ္မေနာ**တိ- အဓမ္မေနဟူသည်ကား၊ အကာရဏေန- အကြောင်းမဟုတ်သဖြင့်၊ အသဘာဝေန- သဘာဝမကျသဖြင့်။

တံ- ပုရောဟိတ်ပုဏ္ဏားစကားကို၊ သုတွာ- ကြား၍၊ သော- ထိုလယ်ထွန်သော ယောက်ျားသည်၊ (တဿ- ထိုပုရောဟိတ်ပုဏ္ဏားအား၊ ရညော- မင်း၏၊ ဒေါသံ- အပြစ်ကို၊ ပကာသေန္တော- ပြလိုသည်ဖြစ်၍၊) "ဓမ္မေန ဗြဟ္မဒတ္တဿ (ပ) ဟတော ဖာလေန သာလိယော"တိ- ဓမ္မေန ဗြဟ္မဒတ္တဿ (ပ) ဟတော ဖာလေန သာလိယော- ဟူကုန်သော၊ တိဿော- သုံးခုကုန်သော၊ ဂါထာ- ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၃၅၄။ ဗြာဟ္မဏ- ပုဏ္ဏား၊ အဟံ- ငါသည်၊ ဓမ္မေန- ဟုတ်မှန်သော သဘောဖြင့်၊ ဗြဟ္မဒတ္တဿ- ဗြဟ္မဒတ်မင်းအား၊ ကုဇ္ဈာမိ- အမျက်ထွက်၏၊ တဿ- ထိုမင်းသည်၊ ဇနပဒါ- ဇနပုဒ်ပြည်ရွာတို့ကို၊ အရက္ခိတာ- မစောင့်ရှောက်အပ်ကုန်၊ အဓမ္မဗလိနာ- အဓမ္မဖြစ်သော အခွန်အတုတ်ဖြင့်၊ ဟတာ- နှိပ်စက်ညှဉ်းဆဲအပ်ကုန်၏။

၃၅၅။ ဟိသစ္စံ- ထိုမင်းတရားမစောင့်ဟု ငါဆိုသော စကားသည် မှန်၏၊ ရတ္တိံ- ညဉ့်၌၊ စောရာ- ခိုးသူတို့သည်၊ ခါဒန္တိ- လုယက်ဖျက်ဆီးကုန်၏၊ ဒိဝါ- နေ့၌၊ တုဏ္ဍိယာ- အခွန်တောင်းသော မင်းချင်းတို့သည်၊ ခါဒန္တိ- လုယက် ဖျက်ဆီးကုန်၏၊ ကူဋရာဇဿ- စဉ်းလဲစဉ်းစားယုတ်မာစွာသော မင်း၏၊ ရဋ္ဌသ္မိံ- တိုင်းနိုင်ငံ၌၊ အဓမ္မိကော- တရားမစောင့်သော၊ ဇနော- လူသည်၊ ဗဟု- များစွာ၏၊

၃၅၆။ ရေ- ဟယ်ပုဏ္ဏား၊ သာ- ထိုမင်းပို့သော မိန်းမသည်၊ ပုန- တစ်ဖန်၊ ပက္ကာနုန- ထမင်းချက်ပြန်ရသည် ထင်၏၊ ဝိကာလေ- အခါမဟုတ်သည်၌၊ ဘတ္တံ- ထမင်းကို၊ အာဟရိ- ပို့လာ၏၊ ဘတ္တာဟာရိံ- ထမင်းပို့လာသော သူကို၊ အပေက္ခနော- ကြည့်မျှော်သည်ဖြစ်၍၊ သာလိယော- ငါ့နွားသာလိယကို၊ ဖာလေန- ထွန်သွားဖြင့်၊ ဟတော- ခပ်မိ၏။

တတ္ထ- ထိုအဓမ္မေနစသော ပါဌ်တို့၌၊ **ဓမ္မေနာ**တိ- ဓမ္မေနဟူသည်ကား၊ ကာရဏေနေ၀- အကြောင်းဟုတ်သဖြင့်သာလျှင်၊ အကာရဏေန- အကြောင်း မဟုတ်သဖြင့်၊ အဓမ္မေနာ ကြောင့်၊ မဟုတ်သဖြင့်၊ အဣတ္ထောသတိ- ဆဲရေး၏၊ ဣတိ- ဤသို့ သည်- မှတ်ထင်မှုကို၊ မာ ကရိ- မပြုပါလင့်၊ **သာ နူန ပုန ရေ ပက္ကာ ဝိကာလေ ဘတ္တမာဟရီ**တိ- သာ နူန ပုန ရေ ပက္ကာ ဝိကာလေ ဘတ္တမာဟရိဟူသည်ကား၊ ဗြာဟ္မဏ- ပုဏ္ဏား၊ ဘတ္တဟာရိကာ- ထမင်းကိုဆောင်သော၊ သာဣတ္ထီ- ထိုမိန်းမသည်၊ ပါတောဝ- စောစော၌ပင်လျှင်၊ မမ- ငါ့အတွက်၊ ဘတ္တံ- ထမင်းကို၊ ပစိတွာ- ချက်၍၊ အာဟရန္တီ- ဆောင်ယူ၍လာစဉ်၊ ဗြဟ္မဒတ္တဿ- ဗြဟ္မဒတ်မင်း၏၊ အဓမ္မပလိသာဓကေဟိ- မတရားသဖြင့် အခွန်အတုတ်ကို တောင်းယူတတ်ကုန်သော၊ ဒါသေဟိ- ကျွန်ဖြစ်သော မင်းမှုထမ်းတို့သည်၊ ပလိဗုဒ္ဓါ- နှောက်ယှက်အပ်သည်၊ ဘဝိဿတိ- ဖြစ်လတံ့၊ တေ- ထိုမင်းမှုထမ်းတို့ကို၊ ပရိဝိသိတွာ- ကျွေးမွေးပြီး၍၊ ပုန- တစ်ဖန်၊ မယှံ- ငါ့အတွက်၊ ဘတ္တံ- ထမင်းကို၊ ပက္ကံ- ချက်ရသည်၊ ဘဝိဿတိ- ဖြစ်လတံ့၊ တေန ကာရဏေန- ထိုအကြောင်းကြောင့်၊ ဝိကာလေ- အချိန်လွန်မှ၊ ဘတ္တံ- ထမင်းကို၊ အာဟရိ- ဆောင်ယူရပြီ၊ အဇ္ဇ- ယနေ့၊ ဝိကာလေ- အချိန်လွန်ရာအခါ၌၊ ဘတ္တံ- ထမင်းကို၊ အာဟရိ- ဆောင်ခဲ့ပြီ၊ ဣတိ- ဤသို့ စိန္တေတွာ- ကြံ၍၊ ဆာတဇ္ဈတ္တော- ဆာလောင်သည်ဖြစ်၍၊ အဟံ- ငါသည်၊ တံ ဘတ္တဟာရိံ- ထိုထမင်းဆောင်ယူသော မိန်းမကို၊ ဩလောကေန္တော- ကြည့်လျက်၊ ဂေါဏံ- နွားကို၊ အဋ္ဌာနေ- အရာမဟုတ်သည်၌၊ ပတောဒေန- နှင်တံဖြင့်၊ ဝိဇ္ဈိံ- ထိုးမိခဲ့ပြီ၊ တေန- ထို့ကြောင့်၊ ဧသ- ထိုနွားလားသည်၊ ပါဒံ- ခြေကို၊ ဥက္ခိပိတွာ- မြှောက်၍၊ ဖာလံ- ထယ်သွားကို၊ ပဟရန္တော- ပုတ်ခတ်သည်ရှိသော်၊ သာလိယော- သာလိယကို၊ ဖာလေန- ထယ်သွားသည်၊ ဟတော သတ်အပ်သည်၊ (အဟောသိ- ဖြစ်ပြီ) တသ္မာ- ထို့ကြောင့်၊ ဧသ- ဤနွားကို၊ မယာ- ငါသည်၊ ဟတော- သတ်အပ်၏၊ ဣတိ- ဤသို့ သည်- မှတ်ထင်မှုကို၊ မာ ကရိ- မပြုပါလင့်၊ ပါပရညောယေဝ- မကောင်းသော မင်း၏သာလျှင်၊ ဧသ- ဤနွားကို၊ ဟတော နာမ- သတ်အပ်သည်မည်၏၊ တဿ- ထိုမင်း၏၊ ဝဏ္ဏံ- ဂုဏ်ကျေးဇူးကို၊ မာ ဘဏိ- မပြောပါလင့်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တေ- ထိုမင်းနှင့် ပုရောဟိတ်ပုဏ္ဏားတို့သည်၊ ပုရတော- ရှေ့မှ၊ ဂန္တာ- သွား၍၊ ဧကသ္မိံ- တစ်ခုသော၊ ဂါမေ- ရွာ၌၊ ဝသိံသု- နေကုန်ပြီ၊ ပုနဒိဝသေ- နက်ဖြန်နေ့၌၊ ပါတောဝ- စောစောကလျှင်၊ ဧကော- တစ်ခုသော၊ ကူဋမေနေ- နွားမစဉ်းလဲသည်၊

ဂေါဒေါဟကံ- နို့ညှစ်သော သူကို၊ ပါဒေန- ခြေဖြင့်၊ ပဟရိတွာ- ကျောက်ကန်၍၊ ခီရေန- နို့ရည်အိုးနှင့်၊ သဒ္ဓိံ- တကွ၊ ပဝဋ္ဋေသိ- လိမ့်၍ လဲစေပြီ၊ သော- ထိုနို့ညှစ်သော သူသည်၊ ဗြဟ္မဒတ္တံ- ဗြဟ္မဒတ်မင်းကို၊ အက္ကောသန္တော- ကျိန်ဆဲလိုသည်ဖြစ်၍၊ "ဇဝံ ဟညတု ပဉ္စာလော (ပ) ခီရဉ္စ မေ ပဝဋ္ဋိတ"န္တိ- ဇဝံ ဟညတု ပဉ္စာလော (ပ) ခီရဉ္စ မေ ပဝဋ္ဋိတံ- ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၅၇။ အဇ္ဇ- ယနေ့၊ အဟံ- ငါသည်၊ ပဟာတေယထာစ- နွားမ ကန်သကဲ့သို့ လည်းကောင်း၊ မေ- ငါ၏၊ ခီရံ- နို့ရည်အိုးသည်၊ ပဝဋ္ဋိတံယထာစ- လိမ့်သကဲ့သို့လည်းကောင်း၊ ဇဝံ- အတူ၊ သင်္ဂါမေ- စစ်မြေ၌၊ အသိနာ- သန်လျက်ဖြင့်၊ ဟတော- ခုတ်ဖြတ်သည်ဖြစ်၍၊ ပဉ္စာလော- ပဉ္စာလမင်းသည်၊ ဟညတု- သေပါစေသတည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ပုရောဟိတော- ပုရောဟိတ်ပုဏ္ဏားသည်၊ (တံ- နို့ညှစ်ယောက်ျား၏ စကားကို၊) ပဋိသေဓေန္တော- တားမြစ်လိုသည်ဖြစ်၍၊ "ယံ ပသု ခီရံ ဆဍ္ဍေတိ (ပ) ယံ နော ဂရဟာတေ ဘဝ"န္တိ- ယံ ပသု ခီရံ ဆဍ္ဍေတိ (ပ) ယံ နော ဂရဟာတေ ဘဝံ-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၅၈။ ဘောပုရိသ- အိုယောက်ျား၊ ပသု- နွားမသည်၊ ခီရံ- နို့ရည်ကို၊ ယံဆဍ္ဍေတိ- အကြင်စွန့်၏၊ ပသုပါလဉ္စ- နွားကျောင်းသားကိုလည်း၊ ယံဝိဟိံသတိ- အကြင် ကျောက်ကန်၏၊ တတ္ထ- ထိုနို့ရည်စွန့်ရာ နွားကန်ရာ၌၊ ဗြဟ္မဒတ္တဿ- ဗြဟ္မဒတ်မင်းအား၊ ကိံဒေါသော- အဘယ် အပြစ်ရှိသနည်း၊ ဘဝံ- သင်သည်၊ [ယံဂရဟာတေ(ယံဂရဟာတော)]- အကြင်ကဲ့ရဲ၏၊ ဇတံဂရဟံ- ထိုသို့ကဲ့ရဲခြင်းသည်၊ နောယုတ္တံ- မသင့်။

ဗြာဟ္မဏေန- ပုရောဟိတ်ပုဏ္ဏားသည်၊ ဂါထာယ- ဂါထာဖြင့်၊ ဝုတ္တာယ- ဆိုအပ်သည်ရှိသော်၊ ပုန- တစ်ဖန်၊ သော- ထိုနို့ညှစ်သော ယောက်ျားသည်၊ (ဗြာဟ္မဏဿ- ပုဏ္ဏားအား၊ ဒေါသံ- မင်း၏အပြစ်ကို၊ ပကာသေန္တော- ထင်ရှားလို သည်ဖြစ်၍၊) "ဂါရယှော ဗြဟ္မေ ပဉ္စာလော (ပ) ခီရကာမေဟုပဒ္ဒုတာ"တိ- ဂါရယှော ဗြဟ္မေ ပဉ္စာလော (ပ) ခီရကာမေဟုပဒ္ဒုတာ- ဟူကုန်သော၊ တိဿော- သုံးခုကုန်သော၊ ဂါထာ- ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၃၅၉။ ဗြဟ္မေ- ပုဏ္ဏား၊ ပဉ္စာလော- ပဉ္စာလမင်းကို၊ ဂါရယှော- ကဲ့ရဲ့အပ်၏၊ ဗြဟ္မဒတ္တဿ- ဗြဟ္မဒတ်အမည်ရှိသော၊ ရာဇိနော- ပဉ္စာလမင်းသည်၊

ဇနပါဒါ- ဇနပုဒ်ပြည်တို့ကို၊ အရက္ခိတာ- မစောင့်ရှောက်အပ်ကုန်၊ အဓမ္မ-
ဗလိနာ- မတရားသော အခွန်အတုပ်ဖြင့်၊ ဟတာ- နှိပ်စက်ညှဉ်းဆဲအပ်
ကုန်၏။

၃၆၀။ ဟိသစ္စံ- ထိုစကားသည် မှန်၏၊ ရတ္တိံ- ညဉ့်၌၊ စောရာ- ခိုးသူတို့သည်၊
ခါဒန္တိ- လုယက်ဖျက်ဆီးကုန်၏၊ ဒိဝါ- နေ့၌၊ တုဏ္ဍိယာ- အခွန်တောင်းသော
မင်းချင်းတို့သည်၊ ခါဒန္တိ- လုယက်ဖျက်ဆီးကုန်၏၊ ကူဋရာဇဿ- စဉ်းလဲ
စဉ်စား ယုတ်မာစွာသောမင်း၏၊ ရဋ္ဌသ္မိံ- တိုင်းကားပြည်ရွာ၌၊ အဓမ္မိကော-
တရားမစောင့်သော၊ ဇနော- လူသည်၊ ဗဟု- များစွာ၏။

၃၆၁။ အယံဂါဝီ- ဤနွားမသည်၊ စဏ္ဍာ- ကြမ်းကြုတ်၏၊ [အငှနကာ
(အာကမ္ဘနာ)]- ပြေးတတ်သောအလေ့ရှိ၏၊ [ယံဂါဝိ(တံဂါဝိံ)]- ထိုနွားမကို၊
ပရေ- ရှေး၌၊ မယံ- ငါတို့သည်၊ နဒုဟာမသေ- နိုးမညှစ်ကုန်၊ အဇ္ဇ-
ယခုအခါ၌ကား၊ ခီရကာမေဟိ- နို့ရည်ကိုအလိုရှိကုန်သော အခွန်တောင်း
သော မင်းချင်းတို့သည်၊ ဥပဒ္ဒုတာ- နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ မယံ-
ငါတို့သည်၊ ဒေါဟာမ- နို့ညှစ်ရကုန်၏။

တတ္ထ- ထိုဇဝ်ဟညတုစသော ဂါထာတို့၌၊ **စဏ္ဍာ**တိ- စဏ္ဍာဟူသည်ကား၊
ဖရုသာ- ကြမ်းကြုတ်၏၊ **အငှနကာ**တိ- အငှနကာဟူသည်ကား၊ ပလာယနသီလာ-
ဟိုဟိုဒီဒီပြေးသွားတတ်၏၊ **ခီရကာမေဟီ**တိ- ခီရကာမေဟိဟူသည်ကား၊ ဗဟုံ-
များစွာသော၊ ခီရံ- နို့ရည်ကို၊ အာဟရာပေန္တေဟိ- ဆောင်ယူစေကုန်သော၊
အဓမ္မိကရညော- တရားမစောင့်သော မင်း၏၊ ပုရိသေဟိ- မင်းချင်းတို့သည်၊ ဥပဒ္ဒုတာ-
နှိပ်စက်အပ်သည်ဖြစ်၍၊ ဒုဟာမ- နို့ညှစ်ရကုန်၏၊ ဟိ- မှန်၏၊ သော- ထိုမင်းသည်၊
ဓမ္မေန- တရားဖြင့်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ သစေ ကာရေယျ- အကယ်၍ပြုစေငြားအံ့၊
နော- ငါတို့အား၊ ဧဝရူပံ- ဤသို့သဘောရှိသော၊ ဘယံ- ဘေးသည်၊ န အာဂစ္ဆေယျ-
မရောက်ရာ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တေ- ဗြဟ္မဒတ်မင်းနှင့် ပုရောဟိတ်ပုဏ္ဏားတို့သည်၊ "သော- ထိုနို့ညှစ်သော
ယောက်ျားသည်၊ ယုတ္တံ- သင့်လျော်သော စကားကို၊ ကထေတိ- ဆိုပေ၏၊" ဣတိ-
ဤသို့၊ တမှာဂါမာ- ထိုရွာမှ၊ နိက္ခမ္မ- ထွက်ခဲ့၍၊ မဟာမဂ္ဂံ- လမ်းမကြီးသို့၊ အာရုယှ-
တက်ရောက်၍၊ နဂရာဘိမုခါ- မြို့သို့ရှေးရှုကုန်သည်ဖြစ်၍၊ ဂမိံသု- သွားကုန်ပြီ၊ စ-
ဆက်ဦးအံ့၊ ဧကသ္မိံ- တစ်ခုသော၊ ဂါမေ- ရွာ၌၊ ဗလိသာဓကာ- အခွန်အတုတ်ကို

သိမ်းသော မင်းချင်းတို့သည်၊ အသိကောသတ္တာယ- သံလျက်အိမ်၏အကျိုးငှာ၊ ဧကံ-
တစ်ကောင်သော၊ တရုဏံ- ငယ်သော၊ ကဗရဝစ္ဆကံ- ပြောက်ကျားသော နို့စို့နွားငယ်ကို၊
မာရေတွာ- သတ်စေ၍၊ စမ္မံ- အရေကို၊ ဂဏှိံသု- ယူကုန်ပြီ၊ ဝစ္ဆကမာတာ-
နို့စို့နွားငယ်၏ အမိဖြစ်သော၊ ဓေနု- နွားမသည်၊ ပုတ္တသောကေန- သား၌
စိုးရိမ်သောကြောင့်၊ တိဏံ- မြက်ကို၊ န ခါဒတိ- မစား၊ ပါနီယံ- ရေကို၊ နပိဝတိ-
မသောက်၊ ပရိဒေဝမာနာ- ငိုမြည်တမ်းတလျက်၊ အာဟိဏ္ဍတိ- လှည့်လည်၏၊ တံ-
ထိုနွားမကို၊ ဒိသွာ- မြင်ကုန်၍၊ ဂါမဒါရကာ- ရွာသားသူငယ်တို့ သည်၊ ရာဇာနံ-
မင်းကို၊ အက္ကောသန္တာ- ကျိန်ဆဲလိုကုန်သည်ဖြစ်၍၊ "ဇဝံ ကန္ဒတု ပဉ္စာလော (ပ)
ဝိပုတ္တာ ပရိဓဝတီ"တိ- ဇဝံ ကန္ဒတု ပဉ္စလော (ပ) ဝိပုတ္တာ ပရိဓဝတိ-ဟူသော၊ ဂါထံ-
ဂါထာကို၊ အာဟံသု- ဆိုကုန်ပြီ။

၃၆၂။ အယံဂါဝီ- ဤနွားမသည်၊ ကပဏာ- ဆင်းရဲသည်ဖြစ်၍၊ ဝိပုတ္တာ-
သားငယ်မှ ကင်းသည်ဖြစ်၍၊ ပရိဓာဝတိယထာ- ထိုမှဤမှ မြည်တမ်းလျက်
ပြေးသွားသကဲ့သို့၊ ဇဝံ- ဤတူ၊ ပဉ္စာလော- ပဉ္စာလမင်းသည်၊ ဝိပုတ္တော-
သားနှင့် ကင်းသည်ဖြစ်၍၊ ကန္ဒတု- ငိုရပါစေသတည်း၊ ဝိပ္ပသုက္ခတု- သားနှင့်
ကင်းလျက် ခြောက်ကပ်စေသတည်း။

တတ္ထ- ထိုဇဝံ ကန္ဒတုစသော ဂါထာ၌၊ **ပရိဓာဝတိ**တိ- ပရိဓာဝတိဟူသည်ကား၊
ပရိဒေဝမာနော- ငိုကြွေးလျက်၊ ဓာဝတိ- ပြေး၏။

တတော- ထို့နောင်မှ၊ ပုရောဟိတော- ပုရောဟိတ်ပုဏ္ဏားသည်၊
(အက္ကောသနေ- သူငယ်တို့ ကျိန်ဆဲရာ၌၊ ကာရဏံ- အကြောင်းကို၊ ပုစ္ဆန္တော-
မေးလိုသည်ဖြစ်၍၊) "ယံ ပသု ပသုပါလဿ (ပ) ဗြဟ္မဒတ္တဿ ရာဇိနော"တိ- ယံ
ပသု ပသုပါလဿ (ပ) ဗြဟ္မဒတ္တဿ ရာဇိနော-ဟူသော၊ ဣတရံ- တစ်ပါးသော၊
ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၆၃။ တာတ- အမောင်တို့ ပသု- နွားမည်သည်၊ ပသုပါလဿ- နွားကျောင်း
သားသည်၊ ရက္ခန္တဿေဝ- ကျောင်းစဉ်ပင်လျှင်၊ ယံသဒ္ဒမေ-ယျဝါ- အကြင်
ပြေးမှုလည်း ပြေးရာ၏၊ ယံရဝေယျဝါ- အကြင် မြည်တမ်းမှုလည်း မြည်တမ်း
ရာ၏၊ ဣဓ- ဤနွားမပြေးရာ မြည်တမ်းရာ၌၊ ဗြဟ္မဒတ္တဿ- ဗြဟ္မဒတ်
အမည်ရှိသော၊ ရာဇိနော- ပဉ္စာလမင်းအား၊ ကောအပရာဓော- အဘယ်
အပြစ်သည်၊ အတ္ထိနု- ရှိမည်နည်း။

တတ္ထ- ထိုယံ ပသုစသော ဂါထာ၌၊ **သမ္ဗမေယျ ရဇေယျ ဝါ**တိ- သမ္ဗမေယျ ရဇေယျ ဝါဟူသည်ကား၊ ဘမေယျ ဝါ- ပြေးမူလည်း ပြေးရာ၏၊ ဝိရဇေယျ ဝါ- မြည်တမ်းမူလည်း မြည်တမ်းရာ၏၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ တာတာ- အိုဖခင်၊ ပသု နာမ- နွားမည်သည်၊ ပသုပါလဿ- နွားထိန်း၏၊ ရက္ခန္တဿေဝ- စောင့်ရှောက်စဉ်မှာပင်၊ ဓာဝတိပိ- ပြေးလည်း ပြေး၏၊ ဝိရဝတိပိ- မြည်တမ်းလည်း မြည်တမ်း၏၊ တိဏာမ္ပိ- မြက်ကိုလည်း၊ န ခါဒတိ- မစား၊ ပါနီယမ္ပိ- ရေကိုလည်း၊ န ပိဝတိ- မသောက်၊ ဣမေ- ဤသို့ဖြစ်ရာ၌၊ ရညော- မင်း၏၊ အပရာဓော- အပြစ်သည်၊ ကော နု- အဘယ်နည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တတော- ထို့နောင်မှ၊ ဂါမဒါရကာ- ရွာသားသူငယ်တို့သည်၊ (ပုရောဟိတဿ- ပုရောဟိတ်ပုဏ္ဏားအား၊ ရညော- မင်း၏၊ ဒေါသံ- အပြစ်ကို၊ ပကာသေန္တာ- ပြလိုကုန်သည်ဖြစ်၍၊) "အပရာဓော မဟာဗြဟ္မေ (ပ) ခီရပါ ဟညတေ ပဇာ"တိ- အပရာဓော မဟာဗြဟ္မေ (ပ) ခီရပါဟညတေ ပဇာ-ဟူကုန်သော၊ ဒွေ- နှစ်ခုကုန်သော၊ ဂါထာ- ဂါထာတို့ကို၊ အဘာသိံသု- ဆိုကုန်ပြီ။

၃၆၄။ မဟာဗြဟ္မေ- ပုဏ္ဏားကြီး၊ ဗြဟ္မဒတ္တဿ- ဗြဟ္မဒတ်မင်းအား၊ အပရာဓော- အပြစ်သည်၊ ဗဟု- များစွာ၏၊ ရာဇိနော- မင်းသည်၊ ဇနပဒါ- ပြည်ရွာဇနပုဒ် တို့ကို၊ အရက္ခိတာ- မစောင့်ရှောက်အပ်ကုန်၊ အဓမ္မဗလိနာ- မဟုတ်မမှန် အဓမ္မဖြစ်သော အခွန်အတုတ်ဖြင့်၊ ဟတာ- နှိပ်စက်ညှဉ်းဆဲအပ်ကုန်၏။

၃၆၅။ ဟိသစ္စံ- ထိုမင်းတရားမစောင့်ဟု ငါတို့ဆိုစကားသည် မှန်၏၊ ရတ္တိံ- ညဥ့်၌၊ စောရာ- ခိုးသူတို့သည်၊ ခါဒန္တိ- လုယက်ဖျက်ဆီးကုန်၏၊ ဒိဝါ- နေ့၌၊ တုဏ္ဍိယာ- အခွန်တောင်းသော မင်းချင်းတို့သည်၊ ခါဒန္တိ- လုယက်ဖျက်ဆီး ကုန်၏၊ ကူဋရာဇဿ- စဉ်းလဲစဉ်းစား ယုတ်မာစွာသော မင်း၏၊ ရဋ္ဌသ္မိံ- တိုင်းပြည်နိုင်ငံ၌၊ အဓမ္မိကော- တရားမစောင့်သော၊ ဇနော- လူသည်၊ ဗဟု- များစွာ၏၊ ကထံနောကထံနု- အဘယ်ကြောင့်၊ အသိကောသတ္တာ- သန်လျက်အိမ်အလို့ငှာ၊ ခီရပါ- နို့စို့သားဖြစ်သော၊ ပဇာ- နွားသငယ်ကို၊ အဓမ္မသေဝကေဟိ- သူယုတ်တို့အကျင့်ကို မှီဝဲလေ့ရှိကုန်သော မင်းချင်းတို့သည် ဟညတေ- သတ်အပ်လေသနည်း။

တတ္ထ- ထိုအပရာဓောစသော ဂါထာတို့၌၊ **မဟာပြဖွေ**တိ- မဟာပြဖွေဟူသည်ကား၊ မဟာပြာဟ္မဏ- အိုပုဏ္ဏား၊ **ရာဇိနော**တိ- ရာဇိနောဟူသည်ကား၊ ရညော- မင်း၏၊ **ကထံ နော**တိ- ကထံနောဟူသည်ကား၊ ကထံ နု- အဘယ့်ကြောင့်လျှင်၊ ကေန နာမ- အဘယ်မည်သော၊ ကာရဏေန- အကြောင်းကြောင့်၊ **ခီရပါ ဟညတေ ပဇာ**တိ- ခီရပါ ဟညတေ ပဇာဟူသည်ကား၊ ပါပရာဇဿ- မကောင်းသော မင်း၏၊ သေဝကေဟိ- မင်းမှုထမ်းတို့သည်၊ ခီရပကော- နို့ရည်ကို သောက်တတ်သော၊ ဝစ္ဆကော- နွားငယ်ကို၊ ဟညတိ- သတ်အပ်၏၊ ဣဒါနိ- ယခုအခါ၌၊ သာ ဓေနု- ထိုနွားမသည်၊ ပုတ္တသောကေန- သားတည်းဟူသော သောကကြောင့်၊ ပရိဒေဝတိ- မည်တမ်း၏၊ သောပိ ရာဇာ- ထိုမကောင်းသော မင်းသည်လည်း၊ အယံ ဓေနု ဝိယ- ဤနွားမကဲ့သို့၊ ပရိဒေဝတု- ငိုကြွေးရပါစေ၊ ဣတိ- ဤသို့၊ ရာဇာနံ- မင်းကို၊ အက္ကောသိံသုယေဝ- ဆဲရေးကုန်သည်သာ။

တေ- ထိုမင်းနှင့် ပုရောဟိတ်ပုဏ္ဏားတို့သည်၊ “ဝေါ- သင်တို့သည်၊ သာဓုကောင်းစွာ၊ ကာရဏံ- အကြောင်းကို၊ ဝဒထ- ဆိုပေကုန်၏၊” ဣတိ- ဤသို့၊ ဝတွာဆို၍၊ ပက္ကမိံသု- သွားကြကုန်ပြီ၊ အထ- ထိုသို့သွားသောအခါ၌၊ အန္တရာမဂ္ဂေလမ်းခရီးအကြား၌၊ ဧကိဿာ- တစ်ခုသော၊ သုက္ခပေါက္ခရဏိယာ- ခြောက်သွေ့သော ရေကန်၌၊ ကာကာ- ကျီးတို့သည်၊ တုဏ္ဍေဟိ- နှုတ်သီးတို့ဖြင့်၊ ဝိဇ္ဈိတွာ- ထိုးဆိတ်ကုန်၍၊ မဏ္ဍူကေ- ဖားတို့ကို၊ ခါဒန္တိ- စားကုန်၏၊ ဗောဓိသတ္တော- ဘုရားလောင်း တည်ပင်စောင့်နတ်သည်၊ တေသု- ထိုမင်းနှင့် ပုရောဟိတ်ပုဏ္ဏားတို့သည်၊ တံ ဌာနံ- ထိုအရပ်သို့ သမ္ပတ္တေသု- ကောင်းစွာ ရောက်ကုန်သည်ရှိသော်၊ အတ္တနော- မိမိ၏၊ အာနုဘာဝေန- အာနုဘော်ဖြင့်၊ မဏ္ဍူကေန- ဖားကို၊ “ဓင်္ခံ ခဇ္ဇတု ပဉ္စာလော (ပ) ဂါမိကေဟိ အရညဇော”တိ- ဓင်္ခံ ခဇ္ဇတု ပဉ္စာကေ (ပ) ဂါမိကေဟိ အရညဇော-ဟူသော၊ (ဂါထာယ- ဂါထာဖြင့်၊) ရာဇာနံ- မင်းကို၊ အက္ကောသာပေတိ- ကျိန်ဆဲစေပြီ။

၃၆၆။ ဂါမိကေဟိ- ရွာ၌နေကုန်သော ကျီးတို့သည်၊ အရညဇော- တော၌ ဖြစ်သော၊ အဟံ- ငါကို၊ အဇ္ဇ- ယခုအခါ၌၊ ခဇ္ဇော- ခဲအပ်သည်၊ အမှိယထာ- ဖြစ်သကဲ့သို့၊ ဓင်္ခံ- ဤအတူ၊ ယုဒ္ဓေ- စစ်ထိုးရာ၌၊ ဟတော- သတ်အပ်သည် ဖြစ်၍၊ သပုတ္တကော- သားနှင့်တကွသော၊ ပဉ္စာလော- ပဉ္စလမင်းကို၊ ကာကဂိဇ္ဈေဟိ- ကျီးလင်းတတို့သည်၊ ခဇ္ဇတု- ခဲပါစေသတည်း။

တတ္ထ- ထိုဇဝံ ခဠုံတု စသော ဂါထာ၌၊ **ဂါမိကေဟိ**တိ- ဂါမိကေဟိဟူ သည်ကား၊ ဂါမဝါသီဟိ- ရွာ၌နေကုန်သော ကျေးတို့သည်။

တံ- ထိုဖား၏ ကျိန်ဆဲသံကို၊ သုတွာ- ကြား၍၊ ပုရောဟိတော- ပုရောဟိတ်ပုဏ္ဏား သည်၊ မဏ္ဍူကေန- ဖားနှင့်၊ သဒ္ဓိံ- တကွ၊ သလ္လပန္တော- စကားပြောလိုသည်ဖြစ်၍၊ "န သဗ္ဗဘူတေသု ဝိဓေန္တိ ရက္ခံ (ပ) ယံ တာဒိသံ ဇီဝမဒေယျမက်ာ"တိ- နသဗ္ဗဘူတေသု ဝိဓေန္တိ ရက္ခံ (ပ) ယံ တာဒိသံ ဇီဝပဒေယျမက်ာ-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၃၆၇။ ဘောမဏ္ဍူက- အိုဖား၊ ရာဇာနော- မင်းတို့သည်၊ မနုဿ-လောကေ- လူ့ပြည်၌၊ သဗ္ဗဘူတေသု- အလုံးစုံသောသတ္တဝါတို့၌၊ ရက္ခံ- အစောင့် အရှောက်ကို၊ နဝိဓေန္တိ- မစီရင်ကုန်၊ တာဒိသံ- သင်ကဲ့သို့သော ဖားကို၊ ဇီဝံ- အရှင်ပင်လျှင်၊ ဓင်္ကာ- ကျေးတို့သည်၊ အဒေယျံ- စားကုန်ရာ၏၊ ဧတ္တာဝတာ- ဤသင်ကဲ့သို့သော ဖားကို စားကာမျှဖြင့်၊ ရာဇာ- မင်းကို၊ [န အဓမ္မစာရီ(နအဓမ္မစာရိယံ)]- တရားကို မကျင့်ဟု မဆိုသာချေ။

တတ္ထ- ထိုနသဗ္ဗဘူတေသုစသော ဂါထာ၌၊ **ဇီဝန္တိ**- ဇီဝံဟူသည်ကား၊ ဇီဝန္တံ- အသက်ရှင်လျက်၊ **အဒေယျန္တိ**- အဒေယျံဟူသည်ကား၊ ခါဒေယျုံ- စားကုန်ရာ၏၊ **ဓင်္ကာ**တိ- ဓင်္ကာဟူသည်ကား၊ ကာကာ- ကျေးတို့သည်၊ ဧတ္တာဝတာ- ဤမျှအတိုင်း အရှည်ရှိသော စကားအစဉ်ဖြင့်၊ ရာဇာ- မင်းသည်၊ အဓမ္မိကော နာမ- တရားမစောင့် သည်မည်သည်၊ န ဟောတိ- မဖြစ်၊ အရည်- တောသို့၊ ပဝိသိတွာ- ဝင်၍၊ ရညာ- မင်းသည်၊ တံ- သင့်ကို၊ ရက္ခန္တေန- စောင့်ရှောက်သဖြင့်၊ စရိတုံ- ကျင့်ခြင်းငှာ၊ ကိံ သက္ကာ- အဘယ်မှာ တတ်နိုင်အံ့နည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုပုရောဟိတ်စကားကို၊ သုတွာ- ကြား၍၊ မဏ္ဍူကော- ဖားသည်၊ (ပုရောဟိတဿ- ပုရောဟိတ်အား၊ တံ ကာရဏံ- ထိုအကြောင်းကို၊ ပကာသေန္တော- ပြဆိုလိုသည်ဖြစ်၍၊) "အဓမ္မရူပေါ ဝတ ဗြဟ္မစာရီ (ပ) န မာဒိသံ ဇီဝမဒေယျမက်ာ"တိ- အဓမ္မရူပေါ ဝတ ဗြဟ္မစာရီ (ပ) န မာဒိသံ ဇီဝမဒေယျစက်ာ-ဟူကုန်သော၊ ဒွေ- နှစ်ခုကုန်သော၊ ဂါထာ- ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၃၆၈။ ဗြဟ္မစာရီ- မြတ်သော အကျင့်ရှိသော ပုဏ္ဏား၊ တွံ- သင်သည်၊ ခတ္တိယဿ- မင်းယုတ်၏၊ အနုပ္ပိယံ- ချစ်ဖွယ်သော စကားကို၊ ဘာသတိ- ပြောဆိုတိ၏၊ အဓမ္မရူပေါဝတ- တရားမစောင့်သည်နှင့် တူစွတကား၊ ပုထုပ္ပဇာယ-

များစွာသော သတ္တဝါကို၊ ဝိလုပ္ပမာနာယ- လုယက်ဖျက်ဆီးသည်ဖြစ်၍၊ ပရမပ္ပမာဒံ- အလွန်မေ့လျော့သော၊ ရာဇံ- မင်းကို၊ ပူဇေသိ- ချီးမွမ်းဘိ၏။

၃၆၉။ ပြဟ္မေ- ပုဏ္ဏား၊ ဣမံ- ဤတိုင်းပြည်သည်၊ သုရဋ္ဌကံ- ဝပြော သာယာသော ပြည်သည်၊ သစေသိယာ- အကယ်၍ဖြစ်ငြားအံ့၊ ဣမံ ရဋ္ဌံ- ဤတိုင်းပြည်သည်၊ ဖီတံ- ဝပြောစည်ပင်သည်၊ [မုဒိတံ (ပူရိတံ)]- ပြည့်စုံသော ကောက်ရှိသည်၊ ဝိပ္ပသန္နံ- အထူးသဖြင့် ကြည်ညိုဖွယ်ရှိသည်၊ သစေသိယာ- အကယ်၍ဖြစ်ငြားအံ့၊ ဧဝံ- ဤသို့ ဖြစ်သည်ရှိသော်၊ ကာကာ- မနှစ်သက် ဖွယ်သော အသံကို ပြုတတ်ကုန်သော၊ ဓင်္ကာ- ကျီးတို့သည် ဗလိံ- ပူဇော်ပသရာ၌၊ အဂ္ဂပိဏ္ဍံ- မြတ်သော ထမင်းစိုင်ကို၊ ဘုတ္တာ- စားရကုန်သည်ရှိသော်၊ မာဒိသံ- ငါကဲ့သို့သော ဖားကို၊ ဇိဝံ- အရှင်လတ်လတ်၊ နအဒေယျုံ- မစားကုန်ရာ။

တတ္ထ- ထိုအစမ္မရှုပေါစသော ဂါထာတို့၌၊ **ပြဟ္မစာရီ**တိ- ပြဟ္မစာရီဟူသည်ကား၊ ပုရောဟိတံ- ပုရောဟိတ်ကို၊ ဂရဟန္တော- ကဲ့ရဲ့လိုသည်ဖြစ်၍၊ အာဟ- ဆိုပြီ၊ **ခတ္တိယဿာ**တိ- ခတ္တိယဿဟူသည့်ကား၊ ဧဝရူပဿ- ဤသို့သဘောရှိသော၊ ပါပရညော- မကောင်းသော မင်း၏၊ **ဝိလုပ္ပမာနာယာ**တိ- ဝိလုပ္ပမာနာယဟူသည်ကား၊ ဝိလုမ္ပမာနာယ- လုယက်ဖျက်ဆီးသည်ဖြစ်၍၊ အယမေဝ ဝါ- ဤ ဝိလုပ္ပမာနာယ ဟူသော ပါဌ်သည်ပင်လျှင်၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ- ဖြစ်၏၊) **ပုထုပ္ပဇာယာ**တိ- ပုထုပ္ပဇာယဟူသည်ကား၊ ဝိပုလာယ- များစွာသော၊ ပဇာယ- သတ္တဝါတို့ကို၊ ဝိနာသိယမာနာယ- လုယက်ဖျက်ဆီးအပ်သည်ဖြစ်၍၊ ပူဇေသီတိ- ပူဇေသိဟူသည်ကား၊ ပသံသိ- ချီးမွမ်း၏၊ **သုရဋ္ဌကန္တိ**- သုရဋ္ဌကံဟူသည်ကား၊ ဆန္ဒာဒိဝသေန- ဆန္ဒအစရှိသည်တို့၏ အစွမ်းဖြင့်၊ အဂန္တွာ- မသွားမူ၍၊ ဒသ- ဆယ်ပါးကုန်သော၊ ရာဇဓမ္မေ- မင်းကျင့်တရားတို့ကို၊ အကောပေန္တေန- မပျက်စီးစေသဖြင့်၊ အပ္ပမတ္တေန- မမေ့မလျော့သဖြင့်၊ ရညာ- မင်းသည်၊ ရက္ခိယမာနံ- စောင့်ထိန်းအပ်သည်ရှိသော်၊ သစေ- အကယ်၍၊ ဣဒံ- ဤတိုင်းပြည်သည်၊ သုရဋ္ဌကံ- ကောင်းသောတိုင်းပြည်သည်၊ ဘဝေယျ- ဖြစ်ရာ၏၊ **ဖီတန္တိ**- ဖီတံဟူသည်ကား၊ ဒေဝေသု- မိုးတို့သည်၊ သမ္မာဓာရံ- ကောင်းသော မိုးရေအလျဉ်ကို၊ အနုပ္ပဝေစ္ဆန္တေသု- ရွာကုန်သည်ရှိသော်၊ သမ္ပန္နသဿံ- ပြည့်စုံသော ကောက်စပါးရှိသည်၊ **န မာဒိသန္တိ**- န မာဒိသံဟူသည်ကား၊ ဧဝံ သန္တေ- ဤသို့ဖြစ်သည်ရှိသော်၊ မာဒိသံ- ငါကဲ့သို့သော ဖားကို ဇိဝမာနညေဝ- အသက်ရှင်စဉ်ပင်၊ ကာကာ- ကျီးတို့သည်၊ န ခါဒေယျုံ- မစားကုန်ရာ။

ဓဝံ- ဤသို့ ဆသု- ခြောက်ပါးကုန်သော၊ ဌာနေသုပိ- အရပ်ဌာနတို့၌လည်း၊ အက္ကောသန္တံ- ကျိန်ဆိုဆဲရေးခြင်းသည်၊ ဗောဓိသတ္တဿ- ဘုရားလောင်း တည်ပင်စောင့်နတ်၏၊ အာနုဘာနေဝ- အာနုဘော်ကြောင့်သာလျှင်၊ အဟောသိ- ဖြစ်ပြီ။

တံ- ထိုဖား၏ စကားကို၊ သုတွာ- ကြား၍၊ ရာဇာစ- မင်းသည်လည်းကောင်း၊ ပုရောဟိတောစ- ပုရောဟိတ်သည်လည်းကောင်း၊ "အရညဝါသိ- တော၌နေလေ့ရှိသော၊ တိရစ္ဆာနဂတံ- တိရစ္ဆာန်ဖြစ်သော၊ မဏ္ဍူကံ- ဖားကို၊ ဥပါဒါယ- အစပြု၍၊ သဗ္ဗေ- အလုံးစုံကုန်သော သူတို့သည်၊ အမှေယေဝ- ငါတို့ကိုသာလျှင်၊ အက္ကောသန္တိ- ကျိန်ဆိုဆဲရေးကုန်၏။" ဣတိ- ဤသို့ ဝတွာ- ဆိုကုန်၍၊ တတော- ထိုအရပ်မှ၊ နဂရံ- နန်းမြို့သို့၊ ဂန္တွာ- သွားကုန်၍၊ ဓမ္မေန- တရားနှင့် အညီ၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေတွာ- ပြုစေ၍၊ မဟာသတ္တဿ- ဘုရားလောင်း၏၊ ဩဝါဒေ- အဆုံးအမ၌၊ ဌိတာ- တည်ကုန်လျက်၊ ဒါနာဒီနိ- ဒါနအစရှိကုန်သော၊ ပုညာနိ- ကောင်းမှုတို့ကို၊ ကရိံသု- ပြုကုန်ပြီ။

သတ္ထာ- ဘုရားရှင်သည်၊ ကောသလရညော- ကောသလမင်းကြီးအား၊ ဣမံ ဓမ္မဒေသနံ- ဤ"ဂန္ဓတိန္ဒုကဇာတ်"တရားဒေသနာတော်ကို၊ အာဟရိတွာ- ဆောင်တော်မူ၍၊ "မဟာရာဇ- မြတ်သော မင်းကြီး၊ ရညာနာမ- ရှင်မင်းကြီးမည်သည်၊ အဂတိဂမနံ- အဂတိလေးပါးသို့ လိုက်ခြင်းကို၊ ပဟာယ- စွန့်၍၊ ဓမ္မေန- တရားသဖြင့်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေတဗ္ဗံ- ပြုအပ်ရာ၏။" ဣတိ- ဤသို့ ဝတွာ- မိန့်တော်မူ၍၊ "(ဣဒါနိ- ယခုအခါ၌) အဟမေဝ- ငါဘုရားသည်သာလျှင်၊ တဒါ- ထိုအခါ၌၊ ဂန္ဓတိန္ဒုကဒေဝတာ- တည်ပင်စောင့်နတ်သည်၊ အဟောသိံ- ဖြစ်ခဲ့ပြီ၊" ဣတိ- ဤသို့ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ။

ဒသမာ- ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ ဂန္ဓတိန္ဒုကဇာတကဝဏ္ဏနာ- ဂန္ဓတိန္ဒုကဇာတ်၏ အဖွင့်သည်။ (နိဋ္ဌိတာ- ပြီးပါပြီ။) တိံသနိပါတဝဏ္ဏနာ- တိံသနိပါတ်၏ အဖွင့်သည်၊ နိဋ္ဌိတာ- ပြီးဆုံးခြင်းသို့ ရောက်ပြီ။

## ၁၇။ စတ္တာလီသနိပါတ်

## ၁။ တေသကုဏဇာတ် (၅၂၁)

ဝေဿန္တရံ တံ ပုစ္ဆာမီတိ ဣဒံ- ဝေဿန္တရံ တံ ပုစ္ဆာမိ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတေသကုဏဇာတ်တော်ကို၊ သတ္ထာ- ဘုရားရှင်သည်၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော- သီတင်းသုံးနေတော်မူစဉ်၊ ကောသလရညော- ကောသလမင်းကြီးအား၊ ဩဝါဒဝသေန- ဆုံးမတော်မူ သည်၏ အစွမ်းအားဖြင့်၊ ကထေသိ- ဟောတော်မူပြီ။

### ပစ္စုပ္ပန်ဝတ္ထု

ဟိ- ထိုစကားသည် မှန်၏၊ ဓမ္မဿဝနတ္ထာယ- တရားနာခြင်း၏ အကျိုးငှာ၊ အာဂတံ- (ကျောင်းတော်သို့) လာသော၊ တံရာဇာနံ- ထိုကောသလမင်းကြီးကို၊ သတ္ထာ- ဘုရားရှင်သည်၊ အာမန္တေတွာ- ခေါ်တော်မူ၍၊ "မဟာရာဇ- မြတ်သော မင်းကြီး၊ ရညာနာမ- မင်းမည်သည်၊ ဓမ္မေန- တရားသောအားဖြင့်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေတဗ္ဗံ- ပြုစေအပ်၏၊ ဟိ- မှန်၏၊ ယသ္မိံသမယေ- အကြင်အခါ၌၊ ရာဇာနော- မင်းတို့သည်၊ အဓမ္မိကာ- တရားမစောင့်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ တသ္မိံသမယေ- ထိုသို့မင်းတရားမစောင့်သောအခါ၌၊ ရာဇယုတ္တာပိ- မင်းနှင့်စပ်ကုန်သော မင်း၏ သားတော်, သမီးတော်, မှူးမတ်, မင်းခစား ယောကျ်ားတို့သည်လည်း၊ အဓမ္မိကာ- တရားမစောင့်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊" ဣတိ- ဤသို့ စတုက္ကနိပါတေ- အင်္ဂုတ္တိုရ်စတုက္ကနိပါတ်၌၊ အာဂတသုတ္တနယေန- လာသောသုတ်နည်းဖြင့်၊ ဩဝဒိတွာ- ဆုံးမတော်မူ၍၊ အဂတိဂမနေစ- လေးပါး ကုန်သောအဂတိတို့ဖြင့် (စီရင်ဆုံးဖြတ်ခြင်း သို့) ရောက်ခြင်း၌လည်းကောင်း၊ (အာဒီနဝဥ္စ-၌စပ်၊) အဂတိအဂမနေစ- လေးပါး ကုန်သော အဂတိတို့ဖြင့် စီရင်ဆုံးဖြတ်ခြင်းသို့ မရောက်ခြင်း၌လည်းကောင်း၊ (အာနိသံသဉ္စ-၌စပ်၊) အာဒီနဝဉ္စ- အပြစ်ကိုလည်းကောင်း၊ အာနိသံသဉ္စ- အကျိုးကို လည်းကောင်း၊ ကထေတွာ- ဟောတော်မူ၍၊ "ကာမာ- ကာမဂုဏ်တို့သည်၊ သုပိနကူပမာ- အိပ်မက်နှင့် တူကုန်၏၊" ဣတိ အာဒိနာနယေန- ဤသို့အစရှိသော နည်းဖြင့်၊ ကာမေသု- ကာမဂုဏ်တို့၌၊ အာဒီနဝံ- အပြစ်ကို၊ ဝိတ္ထာရေတွာ- ချဲ့တော်မူ၍၊ "မဟာရာဇ- မြတ်သောမင်းကြီး၊ ဟိ ယသ္မာ- အကြင်ကြောင့်၊ ဣမေသံ သတ္တာနံ- ဤသတ္တဝါ တို့အား၊ မစ္စုနာ- သေမင်းနှင့်၊ သင်္ဂရော- အချိန်းအချက်သည်၊ နတ္ထိ-

မရှိ၊ လဥ္စဂ္ဂါဟော- လက်ဆောင်တံစိုးယူခြင်းသည်၊ န ဝိဇ္ဇတိ- မရှိ၊ ယုဒ္ဓ- စစ်ထိုးခြင်းသည်၊ နတ္ထိ- မရှိ၊ ဇယော- သေမင်းကို အောင်မြင်ခြင်းသည်၊ နတ္ထိ- မရှိ၊ သဗ္ဗေ- အလုံးစုံကုန်သော သတ္တဝါတို့သည်၊ မစ္စုပရာယဏာ- သေမင်းလျှင် လဲလျောင်းရာရှိကုန်၏၊ (တသ္မာ- ထို့ကြောင့်၊)

ပရလောကံ- တမလွန်ဘဝသို့၊ ဂစ္ဆန္တာနံ- ပြောင်းသွားရကုန်သော၊ တေသံ- ထိုသတ္တဝါတို့အား၊ အတ္တနာ- မိမိသည်၊ ကတံ- ပြုအပ်သော၊ ကလျာဏကမ္မံ- ကောင်းမှုကံကို၊ ဌပေတွာ- ထား၍၊ အညာ- တစ်ပါးသော၊ ပတိဋ္ဌာနာမ- တည်ရာမည်သည်၊ နတ္ထိ- မရှိ၊ ဧဝံ- ဤသို့၊ ဣတ္တရပစ္စုပဋ္ဌာနံ- တခဏသာလျှင် ထင်ခြင်းရှိသော၊ (ခနံ- ရွှေငွေစသော ဥစ္စာစည်းစိမ်ကို၊) အဝသံ- မချုတ်ကေနုံ၊ ပဟာတဗ္ဗံ- ပယ်စွန့်အပ်၏၊ ယသံ- အခြွေအရံ ပရိသတ်မျုးမတ်ဗိုလ်ပါအပေါင်းကို၊ နိဿာယ- အမှီပြု၍၊ ပမာဒံ- မေ့လျော့ခြင်းကို၊ ကာတုံ- ပြုခြင်းငှာ၊ နဝဋ္ဋတိ- မသင့်၊ အပ္ပမတ္တေနေဝ- မမေ့မလျော့ခြင်းသည်သာ၊ ဟုတွာ- ဖြစ်၍၊ ဓမ္မေန- တရားသဖြင့်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေတုံ- ပြုစေခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊ ပေါရာဏကရာဇာနော- ရှေးမင်းတို့သည်၊ ဗုဒ္ဓေ- ဘုရားရှင်သည်၊ အနုပ္ပန္နေပိ- ပွင့်တော်မမူသော်လည်း၊ ပဏ္ဍိတာနံ- ပညာရှိတို့၏၊ ဩဝါဒေ- အဆုံးအမ၌၊ ဌတွာ- တည်၍၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေတွာ- ပြုစေ၍၊ ဒေဝနဂရံ- နတ်ပြည်သို့၊ ဝါ- နတ်ပြည်ကို၊ ပူရယမာနာ- ပြည့်စေကုန်လျက်၊ ဂမိံသု- ရောက်သွားကုန်ပြီ” ဣတိ- ဤသို့၊ ဝတွာ- မိန့်တော်မူ၍၊ တေန- ထိုကောသလမင်းကြီးသည်၊ ယာစိတော- တောင်းပန်အပ်သည်ဖြစ်၍၊ အတီတံ- အတိတ်ကို၊ အာဟရိ- ဆောင်တော်မူပြီ။

**အတိတ်ဝတ္ထု**

အတီတေ- လွန်လေပြီးသောအခါ၌၊ ဗာရာဏသိယံ- ဗာရာဏသီပြည်၌၊ ဗြဟ္မဒတ္တော- ဗြဟ္မဒတ်မင်းသည်၊ ရဇ္ဇံ- မင်း၏အဖြစ်ကို၊ ကာရေန္တော- ပြုစေသည်ရှိသော်၊ အပုတ္တကော- သားသမီးမရှိသည်ဖြစ်၍၊ အဟောသိ- ဖြစ်ပြီ၊ ပတ္ထေန္တောပိ- ဆုတောင်းသော်လည်း၊ ပုတ္တံဝါ- သားကိုလည်းကောင်း၊ ဓီတရံဝါ- သမီးကိုလည်းကောင်း၊ နလဘိ- မရပြီ၊ သော- ထိုဗြဟ္မဒတ်မင်းသည်၊ ဧကဒိဝသံ- တစ်နေ့သောအခါ၌၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံဖြင့်၊ ဉယျာနံ- ဉယျာဉ်တော်သို့၊ ဂန္တွာ- သွားပြီး၍၊ ဒိဝသဘာဂံ- နေ့အဖို့ပတ်လုံး၊ ဉယျာနေ- ဉယျာဉ်တော်၌၊

ကီဠိတွာ- ကစားတော်မူ၍၊ မင်္ဂလသာလရုက္ခမူလေ- မင်္ဂလာအင်ကြင်းပင်၏ အနီး၌၊ သယနံ- နေရာတော်ကို၊ အတ္ထရာပေတွာ- ခင်းစေ၍၊ ထောကံ- အနည်းငယ်၊ နိဒ္ဒါယိတွာ- စက်တော်ခေါ်၍၊ ပဗုဒ္ဓေါ- နိုးတော်မူသည်ဖြစ်၍၊ သာလရုက္ခံ- အင်ကြင်းပင်ကို၊ ဩလောကေတွာ- ကြည့်တော်မူ၍၊ တတ္ထ- ထိုအင်ကြင်းပင်၌၊ သကုဏကုလာဝကံ- ငှက်သိုက်ကို၊ ပဿိ- မြင်တော်မူပြီ၊ ဒဿနေနေဝ- မြင်တော်မူသည်နှင့်သာလျှင်၊ သဟ- တကွ၊ အဿ- ထိုဗြဟ္မဒတ်မင်း၏၊ သိနေဟော- ချစ်ခြင်းသည်၊ ဥပ္ပဇ္ဇိ- ဖြစ်ပြီ၊ သော- ထိုဗြဟ္မဒတ်မင်းသည်၊ ဧကံ- တစ်ယောက်သော၊ ပုရိသံ- မင်းခစားယောကျ်ားကို၊ ပက္ကောသာပေတွာ- ခေါ်စေတော်မူ၍၊ "ဣမံ ရုက္ခံ- ဤအင်ကြင်းပင်ထက်သို့ အဘိရုယှိတွာ- တက်၍၊ ဧတသ္မိံ ကုလာဝကေ- ထိုငှက်သိုက်၌၊ ကဿစိ- တစ်စုံတစ်ခု၏၊ အတ္ထိတံဝါ- ရှိသည်၏အဖြစ်ကိုလည်းကောင်း၊ နတ္ထိတံဝါ- မရှိသည်၏အဖြစ်ကိုလည်းကောင်း၊ ဇာနာဟိ- သိချေလော၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ သော- ထိုမင်းခစား ယောကျ်ားသည်၊ "ဒေဝ- အရှင်မင်းကြီး၊ သာဓု- ကောင်းပြီ၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ အဘိရုဟိတွာ- တက်၍၊ တတ္ထ- ထိုငှက်သိုက်၌၊ တီဏိ- သုံးလုံးကုန်သော၊ အဏ္ဍကာနိ- ဥတို့ကို၊ ဒိသွာ- မြင်၍၊ ရညော- ဗြဟ္မဒတ်မင်းအား၊ အာရောစေသိ- တင်လျှောက်ပြီ၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ "တေနဟိ- ထိုသို့ဖြစ်လျှင်၊ ဧတေသံ- ထိုငှက်ဥတို့၏၊ ဥပရိ- အပေါ်၌၊ နာသဝါတံ- နှာခေါင်းလေကို၊ မာဝိဿဇ္ဇေသိ- မလွှတ်သင့်၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ "စင်္ကောဋကေ- ပန်းတောင်း၌၊ ကပ္ပါသပိစုံ- ဝါဂွမ်းစုကို၊ အတ္ထရိတွာ- ခင်း၍၊ တတ္ထေဝ- ထိုဝါဂွမ်းစု၌သာလျှင်၊ တာနိ အဏ္ဍကာနိ- ထိုသုံးလုံးကုန်သော ငှက်ဥတို့ကို၊ ဌပေတွာ- ထား၍၊ သဏိကံ- ဖြည်းညင်းသာယာစွာ၊ ဩတရာဟိ- ဆင်းခဲ့လော၊" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) ဩတာရာပေတွာ- ဆင်းစေပြီး၍၊ စင်္ကောဋကံ- ပန်းတောင်းကို၊ ဟတ္ထေန- လက်ဖြင့်၊ ဂဟေတွာ- ကိုင်၍၊ "ဧတာနိ- ဤငှက်ဥတို့သည်ကား၊ ကတရသကုဏဏ္ဍကာနိနာမ- အဘယ်ငှက်ဥတို့နည်း၊" ဣတိ- ဤသို့၊ အမစ္စေ- အမတ်တို့ကို၊ (ဗြဟ္မဒတ္တော- ဗြဟ္မဒတ်မင်းသည်၊) ပုစ္ဆိ- မေးတော်မူပြီ၊ "(မဟာရာဇ- အရှင် မင်းကြီး၊) မယံ- အကျွန်ုပ်တို့သည်၊ န ဇာနာမ- မသိပါကုန်၊ နေသာဒါ- မုဆိုးတို့သည်၊ ဇာနိဿန္တိ- သိပါကုန်လတ္တံ့၊" ဣတိ- ဤသို့၊ ဝဒိံသု- တင်လျှောက်ကုန်ပြီ။

ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ နေသာဒေ- မုဆိုးတို့ကို၊ ပက္ကောသာပေတွာ- ခေါ်တော်မူစေ၍၊ ပုစ္ဆိ- မေးတော်မူပြီ၊ နေသာဒါ- မုဆိုးတို့သည်၊ "မဟာရာဇ-

မြတ်သောမင်းကြီး၊ တေသု- ထိုသုံးလုံးကုန်သော ငှက်ဥတို့တွင်၊ ဧကံ- တစ်လုံးသည်၊ ဉလူကအဏ္ဍံ- ခင်ပုပ်ဥတည်း၊ ဧကံ- တစ်လုံးသည်၊ သာလိကာအဏ္ဍံ- ဆက်ရက်ဥတည်း၊ ဧကံ- တစ်လုံးသည်၊ သုဝကအဏ္ဍံ- ကျေးဥတည်း၊" ဣတိ- ဤသို့၊ ကထယိံသု- တင်လျှောက်ကုန်ပြီ၊ (တာတာ- အမောင်တို့၊) ဧကသ္မိံ- တစ်ခုသော၊ ကုလာဝကေ- အသိုက်၌၊ တိဏ္ဏံ- သုံးကောင်ကုန်သော၊ သကုဏိကာနံ- ငှက်မ တို့၏၊ အဏ္ဍာနိ- အဥတို့သည်၊ ဟောန္တိ ကိံ ပန- ဖြစ်ကုန်မည်လော၊ ဣတိ- ဤသို့၊ (ပုစ္ဆိ- မေးတော်မူပြီ၊) ဒေဝ- အရှင်မင်းကြီး၊ အာမ- ဖြစ်ပါကုန်၏၊ ပရိပန္ထေ- ဘေးရန်သည်၊ အသတိ- မရှိလတ်သော်၊ သုနိက္ခိတ္တာနိ- ကောင်းစွာထားအပ်ကုန် သော အဥတို့သည်၊ န နဿန္တိ- မပျက်စီးကုန်၊ ဣတိ- ဤသို့၊ (ကထယိံသု- တင်လျှောက်ကုန်ပြီ၊) ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ တုဿိတွာ- နှစ်သက်တော်မူ၍၊ "ဣမေ- ဤငှက်ဥတို့သည်၊ မမ- ငါ၏၊ ပုတ္တာ- သားတော်တို့သည်၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့၊ ဣတိ- ဤသို့၊ (မနသိကတွာ- နှလုံးသွင်း၍၊) တီဏိ- သုံးလုံးကုန်သော၊ တာနိ ဒဏ္ဍာနိ- ထိုဥတို့ကို၊ တယော- သုံးယောက်ကုန်သော၊ အမစ္စေ- အမတ်တို့ကို၊ ပဋိစ္ဆာပေတွာ- အပ်နှင်း၍၊ "ဣမေ- ဤငှက်ဥတို့သည်၊ မယှံ- ငါ၏၊ ပုတ္တာ- သားတော်တို့သည်၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့၊ တုမှေ- သင်တို့သည်၊ သာဓုကံ- ကောင်းစွာ၊ ပဋိဇဂ္ဂိတွာ- စောင့်ရှောက်ကုန်၍၊ အဏ္ဍကောသတော- ဥခွံမှ၊ နိက္ခန္တကာလေ- ထွက်သောအခါ၌၊ မမ- ငါအား၊ အာရောစေယျာထ- တင်လျှောက်ကြကုန်လော၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ တေ- ထိုအမတ်တို့သည်၊ တာနိ- ထိုငှက်ဥတို့ကို၊ သာဓုကံ- ကောင်းစွာ၊ ရက္ခိံသု- စောင့်ရှောက်ကုန်ပြီ။

တေသု- ထိုသုံးလုံးကုန်သော ငှက်ဥတို့တွင်၊ ဉလူကအဏ္ဍံ- ခင်ပုပ်ဥသည်၊ ပဌမံ- ရှေးဦးစွာ၊ ဘဇ္ဇိ- ပေါက်ပြီ၊ အမစ္စော- ဥထိန်းတော်အမတ်သည်၊ ဧကံ- တစ်ယောက်သော၊ နေသာဒံ- မုဆိုးကို၊ ပက္ကောသာပေတွာ- ခေါ်စေ၍၊ "တွံ- သင်သည်၊ ဣတ္ထိ ဘာဝံ- အမ၏အဖြစ်ကိုလည်းကောင်း၊ ပုရိသဘာဝံ- အဖို၏အဖြစ်ကိုလည်းကောင်း၊ ဇာနာဟိ- သိလော၊ ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ တေန- ထိုမုဆိုးသည်၊ တံ- ထိုအကြောင်းကို၊ ဝီမံသိတွာ- စုံစမ်းဆင်ခြင်၍၊ "ပုရိသော"တိ- အဖိုဟူ၍၊ ဝုတ္တေ- ဆိုအပ်လတ်သော်၊ ရာဇာနံ- ဗြဟ္မဒတ်မင်းသို့၊ ဥပသင်္ကမိတွာ- ချဉ်းကပ်၍၊ "ဒေဝ- အရှင်မင်းကြီး၊ တေ- အရှင်မင်းကြီး၏၊ ပုတ္တော- သားတော်သည်၊ ဇာတော- ဖွားတော်မူပြီ၊" ဣတိ- ဤသို့၊ အာဟ- တင်လျှောက်ပြီ၊ ရာဇာ-

ဖြဟ္မဒတ်မင်းသည်၊ တုဋ္ဌော- နှစ်သက်တော်မူ၍၊ တဿ- ထိုအမတ်အား၊ ဗဟုံ- များစွာသော၊ ဓနံ- ဥစ္စာကို၊ ဒတွာ- ပေးတော်မူ၍၊ "မေ- ငါ၏၊ ပုတ္တကံ- သားငယ်ကို၊ သာဓုကံ- ကောင်းစွာ၊ ပဋိဇဂ္ဂ- မွေးမြူလေလော၊ အဿ- ထိုသားငယ်အား၊ "ဝေဿန္တရော"တိ စနာမံ- ဝေဿန္တရာဟူသော အမည်ကိုလည်း၊ ကရောဟိ- မှည့်လေလော၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ဥယျော-ဇေသိ- လွှတ်လိုက်ပြီ၊ သော- ထိုအမတ်သည်၊ တထာ- ဖြဟ္မဒတ်မင်းဆိုတိုင်း၊ အကာသိ- ပြုပြီ။

တတော- ထိုနောင်မှ၊ ကတိပါဟစ္စယေန- နှစ်ရက်, သုံးရက်လွန်သဖြင့်၊ သာလိကာအဏ္ဍံ- ဆယ်ရက်ဥသည်၊ ဘဇ္ဇိ- ပေါက်ပြန်ပြီ၊ သောပိအမစ္စော- ထိုဆက်ရက်ဥတော်ထိန်းအမတ်သည်လည်း၊ တံ- ထိုပေါက်သစ်စသော ဆက်ရက်ငယ်ကို၊ နေသာဒေန- မုဆိုးကို၊ ဝိမံသာပေတွာ- စုံစမ်းစေ၍၊ "ဣတ္ထီ"တိ- "အမ" ဟူ၍၊ သုတွာ- ကြား၍၊ ရညော- ဖြဟ္မဒတ်မင်း၏၊ သန္တိကံ- အထံသို့၊ ဂန္ဒာ- သွား၍၊ "ဒေဝ- အရှင်မင်းကြီး၊ တေ- အရှင်မင်းကြီး၏၊ ဓီတာ- သမီးတော်သည်၊ ဇာတာ- ဖွားတော်မူပြီ၊" ဣတိ- ဤသို့၊ အာဟ- တင်လျှောက်ပြီ၊ ရာဇာ- ဖြဟ္မဒတ်မင်းသည်၊ တုဋ္ဌော- နှစ်သက်သည်ဖြစ်၍၊ တဿပိ- ထိုအမတ်အားလည်း၊ ဗဟုံ- များစွာသော၊ ဓနံ- ဥစ္စာကို၊ ဒတွာ- ပေး၍၊ "မေ- ငါ၏၊ ဓီတရံ- သမီးတော်ကို၊ သာဓုကံ- ကောင်းစွာ၊ ပဋိဇဂ္ဂိ- မွေးမြူလေလော၊ အဿာ- ထိုသမီးတော်အား၊ 'ကုဏ္ဍလိနီ"တိ စ နာမံ- ကုဏ္ဍလိနီ- ဟူသောအမည်ကိုလည်း၊ ကရောဟိ- မှည့်လေလော၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ဥယျောဇေသိ- လွှတ်လိုက်ပြီ၊ သောပိ- ထိုအမတ် သည်လည်း၊ တထာ- ထိုဖြဟ္မဒတ်မင်းဆိုတိုင်း၊ အကာသိ- ပြုပြီ။

ပုန- တစ်ဖန်၊ ကတိပါဟစ္စယေန- နှစ်ရက်, သုံးရက်လွန်သဖြင့်၊ သုဝကအဏ္ဍံ- ကျေးဥသည်၊ ဘဇ္ဇိ- ပေါက်ပြီ၊ သောပိအမစ္စော- ထိုကျေးဥတော်ထိန်းအမတ်သည်လည်း၊ တံ- ထိုပေါက်သစ်စကျေးငယ်ကို၊ နေသာဒေန- မုဆိုးသည်၊ ဝိမံသိတွာ- စုံစမ်း၍၊ "ပုရိသော"တိ- "အဖို"ဟူ၍၊ ဝုတ္တေ- ဆိုအပ်လတ်သော်၊ ရညော- ဖြဟ္မဒတ်မင်း၏၊ သန္တိကံ- အထံသို့၊ ဂန္ဒာ- သွား၍၊ "ဒေဝ- အရှင်မင်းကြီး၊ တေ- အရှင်မင်းကြီး၏၊ ပုတ္တော- သားတော်သည်၊ ဇာတော- ဖွားတော်မူပြီ၊" ဣတိ- ဤသို့၊ အာဟ- တင်လျှောက်ပြီ၊ ရာဇာ- ဖြဟ္မဒတ်မင်းသည်၊ တုဋ္ဌော- နှစ်သက်တော်မူ၍၊ တဿပိ- ထိုအမတ်အားလည်း၊ ဗဟုံ- များစွာသော၊ ဓနံ- ဥစ္စာကို၊ ဒတွာ- ပေး၍၊

"မေ- ငါ၏၊ ပုတ္တဿ- သားတော်အား၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံဖြင့်၊ မင်္ဂလံ- မင်္ဂလာပွဲကို၊ ကတွာ- ပြု၍၊ အဿ- ထိုသားတော်အား၊ 'ဇမ္ဗုကော'တိ နာမံ- ဇမ္ဗုကဟူသောအမည်ကို၊ ကရောဟိ- မှည့်လေလော၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ဥယျောဇေသိ- လွှတ်လိုက်ပြီ၊ သောပိ- ထိုအမတ်သည်လည်း၊ တထာ- ပြဟ္မဒတ်မင်းဆိုတိုင်း၊ အကာသိ- ပြုပြီ။

တယော- သုံးကောင်ကုန်သော၊ တေသကုဏာပိ- ထိုငှက်တို့သည်လည်း၊ တိဏ္ဏံ- သုံးယောက်ကုန်သော၊ အမစ္စာနံ- အမတ်တို့၏၊ ဂေဟေသု- အိမ်တို့၌၊ ရာဇကုမာရပရိဟာရေနေဝ- မင်းသားတို့၏ အစောင့်ရှောက်ဖြင့်သာလျှင်၊ ဝဍ္ဎိံသု- ကြီးကုန်၏၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ "မမ- ငါ၏၊ ပုတ္တော- သားတော်တည်း၊ မမ- ငါ၏၊ ဓီတာ- သမီးတော်တည်း၊" ဣတိ- ဤသို့၊ ဝေါဟရတိ- ခေါ်တော်မူ၏၊ အထ- ထိုအခါ၌၊ အဿ- ထိုပြဟ္မဒတ်မင်းအား၊ အမစ္စာ- မှူးတော်အမတ်တော်တို့သည်၊ အညမညံ- အချင်းချင်း၊ အဝဟသန္တိ- ပြက်ရယ်ပြုကုန်၏၊ (ကိံ အဝဟသန္တိ- အဘယ်သို့ ပြက်ရယ်ပြုကုန်သနည်း၊) "ဘော- အချင်းတို့၊ ပဿထ- အရှင်မင်းကြီး၏၊ ကိရိယံ- အမူအရာတော်ကို၊ (တုမှေ- သင်တို့သည်၊) ပဿထ- ကြည့်ကြကုန်လော၊ တိရစ္ဆာနဂတေပိ- တိရစ္ဆာန်ဖြစ်သူတို့ကိုလည်း၊ 'မေ- ငါ၏၊ ပုတ္တော- သားတော်တည်း၊ မေ- ငါ၏၊ ဓီတာ- သမီးတော်တည်း၊' ဣတိ- ဤသို့၊ ဝဒန္တော- ခေါ်တော်မူလျက်၊ ဝိစရတိ- သွားတော်မူဘိ၏တကား၊" ဣတိ- ဤသို့၊ အဝဟသန္တိ- ပြက်ရယ်ပြုကြကုန်၏။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ "ဣမေ အမစ္စာ- ဤအမတ်တို့သည်၊ မမ- ငါ၏၊ ဧတေသံ ပုတ္တာနံ- ထိုသားတော်, သမီးတော်တို့၏၊ ပညာသမ္ပဒံ- ပညာနှင့် ပြည့်စုံခြင်းကို၊ န ဇာနန္တိ- မသိကြလေကုန်၊ နေသံ- ထိုအမတ်တို့အား၊ ပါကဋံ- သိသာထင်ရှားအောင်၊ (အဟံ- ငါသည်၊) ကရိဿာမိ- ပြုအံ့၊" ဣတိ- ဤသို့၊ စိန္တေသိ- ကြံတော်မူပြီ၊ အထ- ထိုသို့ ကြံပြီးသောအခါ၌၊ ဧကံ- တစ်ယောက်သော၊ အမစ္စံ- အမတ်ကို၊ ဝေဿန္တရဿ- ဝေဿန္တရာ၏၊ သန္တိကံ- အထံသို့၊ ပေသေသိ- စေလွှတ်ပြီ၊ (ကိံပေသေသိ- အဘယ်သို့ စေလွှတ်သနည်း၊) "တုမှာကံ- အရှင့်သားတော်တို့၏၊ ပိတာ- ခမည်းတော်မင်းမြတ်သည်၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆိတုကာမော- မေးခြင်းငှာ အလို ရှိ၏၊ 'ကဒါ- အဘယ်အခါ၌၊ အာဂန္တွာ- လာ၍၊

ပုစ္ဆတုကိရ- မေးရမည်တဲ့နည်း၊” ဣတိ- ဤသို့* ပေသေတိ- စေတော်မူလိုက်ပြီ၊ သော အမစ္စော- ထိုအမတ်သည်၊ ဂန္တွာ- သွား၍၊ ဝေဿန္တရံ- ဝေဿန္တရာကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ တံသာသနံ- ထိုစေတော်မူလိုက်သော သတင်းစကားကို၊ အာရောစေသိ- လျှောက်ကြားပြီ၊ တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ဝေဿန္တရော- ဝေဿန္တရာ မည်သော ခင်ပုပ်ငှက်သည်၊ အတ္တနော- မိမိ၏၊ ပဋိဇဂ္ဂကံ- အထိန်းတော်ဖြစ်သော၊ အမစ္စံ- အမတ်ကို၊ ပက္ကောသိတွာ- ခေါ်၍၊ “(ပဋိဇဂ္ဂက- အချင်းအထိန်းတော်၊) ကိရ- ကြားရသည်ကား၊ မယှံ- ငါ၏၊ ပိတာ- ခမည်းတော်မင်းမြတ်သည်၊ မံ- ငါကို၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆိတုကာမော- မေးခြင်းငှာ အလိုရှိ၏၊ ဣဓ- ဤငါ့အိမ်သို့ အာဂတဿ- ကြွတော်မူလာသော၊ တဿ- ထိုခမည်းတော်မင်းမြတ်အား၊ သက္ကာရံ- ပူဇော်သက္ကာရကို၊ ကာတုံ- ပြုခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊ ကဒါ- ဘယ်အခါ၌၊ အာဂစ္ဆတု- ကြွတော်မူလာ စေရမည်နည်း၊” ဣတိ- ဤသို့ ပုစ္ဆိ- မေးပြီ၊ အမစ္စော- အထိန်းတော်အမတ်သည်၊ “ဣတော- ဤနေ့မှ၊ သတ္တမေ- ခုနစ်ရက်မြောက်သော၊ ဒိဝသေ- နေ့၌၊ တဝ- အရှင့်သား၏၊ ပိတာ- ခမည်းတော်မင်းမြတ်သည်၊ အာဂစ္ဆတု- ကြွလာတော်မူ ပါစေလော၊” ဣတိ- ဤသို့ အာဟ- ပြန်လျှောက်ပြီ၊ တံ- အထိန်းတော် ပြန်လျှောက် သော ထိုစကားကို၊ သုတွာ- ကြား၍၊ ဝေဿန္တရော- ဝေဿန္တရာမည်သော ခင်ပုပ်ငှက်သည်၊ “မေ- ငါ၏၊ ပိတာ- ခမည်းတော်မင်းမြတ်သည်၊ ဣတော- ဤနေ့မှ၊ သတ္တမေ- ခုနစ်ရက်မြောက်သော၊ ဒိဝသေ- နေ့၌၊ အာဂစ္ဆတု- ကြွတော်မူ လာစေလော့၊” ဣတိ- ဤသို့ ဝတွာ- ဆို၍၊ ဥယျောဇေသိ- လွှတ်လိုက်ပြီ။

သော- ထိုထိန်းတော်အမတ်သည်၊ အာဂန္တွာ- လာ၍၊ ရညော- ပြဟ္မဒတ် မင်းအား၊ အာစိက္ခိ- လျှောက်ကြားပြီ၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ သတ္တမေဒိဝသေ- ခုနစ်ရက်မြောက်သော နေ့၌၊ နဂရေ- ဗာရာဏသီမြို့တော်၌၊ ဘေရိံ- စည်ကို၊ စရာပေတွာ- လည်စေ၍၊ ပုတ္တဿ- သားတော်ဝေဿန္တရာ၏၊ နိဝေသနံ- နေရာသို့၊ အဂမာသိ- ကြွတော်မူပြီ၊ ဝေဿန္တရော- သားတော်ဝေဿန္တရာသည်၊ ရညော- ခမည်းတော် ပြဟ္မဒတ်မင်းအား၊ မဟန္တံ- များစွာသော၊ သက္ကာရံ- ပူဇော်သက္ကာရကို၊ ကာရေသိ- ပြုစေပြီ၊ အန္တမသော- အယုတ်အားဖြင့်၊ ဒါသကမ္မကာရာနမ္ပိ- ကျွန်အမှုလုပ် ကျွန်တော်မျိုး အမှုထမ်းတို့အားသော်လည်း၊ သက္ကာရံ- ပူဇော်သက္ကာရ

---

* ဘယ်အခါလာ၍မေးလှည့်ဟု-သားတော်ဝေဿန္တရာက မေးရမည့်အချိန်ကိုပြောပါဟု ဆိုလိုသည်။

ကို၊ ကာရေသိ- ပြုစေပြီ၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ ဝေဿန္တရသကုဏသ- ဝေဿန္တရာအမည်ရှိသော ခင်ပုပ်ငှက်၏၊ ဂေဟေ- နေအိမ်၌၊ ဘုဥ္စိတွာ- စားတော် ခေါ်၍၊ မဟန္တံ- များစွာသော၊ ယသံ- စည်းစိမ်ကို၊ အနုဘဝိတွာ- ခံစားတော်မူခဲ့ပြီး၍၊ သကံ- မိမိနေရာဖြစ်သော၊ နိဝေသနံ- နန်းတော်သို့၊ အာဂန္တွာ- လာ၍၊ ရာဇင်္ဂဏေ- ညီလာခံရာနန်းမင်းရင်ပြင်၌၊ မဟန္တံ- ကြီးစွာသော၊ မဏ္ဍပံ- မဏ္ဍပ်ကို၊ ကာရာပေတွာ- ပြုလုပ်စေ၍၊ နဂရေ- ဗာရာဏသီမြို့အားလုံး၌၊ ဘေရိံ- စည်ကို၊ စရာပေတွာ- လည်စေ၍၊ အလင်္ကတမဏ္ဍပမဇ္ဈေ- တန်ဆာဆင်အပ်ပြီးသော မဏ္ဍပ်၏အလယ်၌၊ မဟာဇနပရိဝါရော- များစွာသော လူအပေါင်းကို ခြံရံသည်ဖြစ်၍၊ နိသီဒိတွာ- နေတော်မူ၍၊ “ဝေဿန္တရံ- ဝေဿန္တရာကို၊ အာနေတု- ဆောင်ခဲ့လော၊” ဣတိ- ဤသို့၊ အမစ္စဿ- အမတ်၏၊ သန္တိကံ- အထံသို့၊ ပေသေသိ- စေတော်မူလိုက်ပြီ၊ အမစ္စော- အထိန်းတော်အမတ်သည်၊ ဝေဿန္တရံ- ဝေဿန္တရာအမည်ရှိသော ခင်ပုပ်ငှက်ကို၊ သုဝဏ္ဏပီဌေ- ရွှေအင်းပျဉ်၌၊ နိသီဒါပေတွာ- နေစေ၍၊ အာနေသိ- ဆောင်ယူခဲ့ပြီ၊ ဝေဿန္တရသကုဏော- ဝေဿန္တရအမည်ရှိသော ခင်ပုပ်ငှက်သည်၊ ပိတု- ခမည်းတော်ပြဟ္မဒတ်မင်း၏၊ အင်္ကေ- ရင်ခွင်တော်၌၊ နိသီဒိတွာ- နေ၍၊ ပိတရာ- ခမည်းတော်မင်းမြတ်နှင့်၊ သဟ- အတူတကွ၊ ကီဠိတွာ- ကစား၍၊ ဂန္တွာ- သွား၍၊ တတ္ထေဝ သုဝဏ္ဏပီဌေ- ထိုရွှေအင်းပျဉ်၌ သာလျှင်၊ နိသီဒိ- ထိုင်နေပြီ၊ အထ- ထိုသို့ထိုင်နေသောအခါ၌၊ နံ- ထိုသားတော် ဝေဿန္တရာကို၊ ရာဇာ- ခမည်းတော် ပြဟ္မဒတ်မင်းသည်၊ မဟာဇနမဇ္ဈေ- များစွာသော လူအပေါင်းတို့၏အလယ်၌၊ ရာဇဓမ္မံ- မင်းကျင့်တရားကို၊ ပုစ္ဆန္တော- မေးတော်မူလိုသည်ဖြစ်၍၊ “ဝေဿန္တရံ တံ ပုစ္ဆာမိ (ပ) ကိံသု ကိစ္စံ ကတံ ဝရ”န္တိ- ဝေဿန္တရံ တံ ပုစ္ဆာမိ (ပ) ကိံသု ကိစ္စံ ကတံ ဝရံ-ဟူသော၊ ပဌမံ- ရှေးဦးစွာသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁)။ ။ သကုဏ- ဝေဿန္တရာမည်ရသားငှက်လှ၊ တေ- သင်ချစ်သားအား၊ ဘဒ္ဒံ- ကောင်းမြတ် လှစွာ မင်္ဂလာသည်၊ အတ္ထု- ဖြစ်စေသတည်း၊ ဝေဿန္တရံ- ဆန်းကြယ်ပြောက်ကျားသော အတောင်တို့ဖြင့် ဖုံးလွှမ်းအပ်သောကြောင့် ဝေဿန္တရာ အမည်ရှိသော၊ တံ- သင်ချစ်သားကို၊ ပုစ္ဆာမိ- မေးပါအံ့၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေတုကာမေန- ပြုစေလိုသော သူသည်၊ ကိံသုကိစ္စံ- အဘယ်အမှုကို၊ ကတံ- ပြုရခြင်းသည်၊ ဝရံ- မြတ်သနည်း၊ တာတ- ချစ်သား ဝေဿန္တရာ၊ တွံ- သင်ချစ်သားသည်၊ ကထေဟိ- ဖြေပါလော။

တတ္ထ- ထိုဝေဿန္တရံစသော ဂါထာ၌၊ **သကုဏာ**တိ- သကုဏာဟူသည်ကား၊ တံ- ထိုဝေဿန္တရအမည်ရှိသော ငှက်ကို၊ အာလပတိ- သကုဏာဟုခေါ်၏၊ **ကိံ သု**တိ- ကိံသုဟူသည်ကား၊ ကတရံ- အဘယ်မည်သော၊ ကတံ- ပြုအပ်သော၊ ကိစ္စံ- အမှုသည်၊ ဝရံ- မြတ်သည်၊ ဥတ္တမံ- မြတ်သည်၊ ဟောတိ- ဖြစ်၏၊ တာတ- ချစ်သား၊ မေ- ငါ့အား၊ သကလံ- အလုံးစုံသော၊ ရာဇဓမ္မံ- မင်းကျင့်တရားကို၊ ကထေဟိ- ဟောပါလော၊ ဣတိ ဧဝံ- ဤသို့၊ တံ- ထိုဝေဿန္တရငှက်ကို၊ သော- ထိုမင်းသည်၊ ပုစ္ဆိကိရ- မေးခဲ့ပြီတဲ့။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ဝေဿန္တရော- ဆန်းကြယ် ပြောက်ကျားသော အတောင်တို့ဖြင့် ဖုံးလွှမ်းအပ်သောကြောင့် ဝေဿန္တရာအမည်ရှိသော ခင်ပုပ်ငှက်သည်၊ ပဉှံ- ပြဿနာကို၊ အကထေတွာဝ- မဖြေဆို၍သာလျှင်၊ တာဝ- ရှေးဦးစွာ၊ ရာဇာနံ- ပြဟ္မဒတ်မင်းကို၊ ပမာဒေန- မေ့လျော့ခြင်းဖြင့်၊ စောဒေန္တော- အပြစ်တင်လိုသည်ဖြစ်၍၊ "စိရဿံ ဝတ မံ တာတော (ပ) ပိတာ ပုတ္တံ အစောဒယီ"တိ- စိရဿံ ဝတ မံ တာတော (ပ) ပိတာ ပုတ္တံ အစောဒယိ-ဟူသော၊ ဒုတိယံ- နှစ်ခုမြောက်သော၊ ဝါ- နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

> (၂) ဗာရာဏသိဂ္ဂဟော- ဗာရာဏသီပြည်သားလူအများကို လေးပါးသော သင်္ဂဟဝတ္ထုဖြင့် ချီးမြှင့်တော်မူတတ်သော၊ ကံသော- ကံသအမည်တော်ရှိသော၊ တာတော- ခမည်းတော်မင်းမြတ်သည်၊ ဝတ- စင်စစ်၊ မေ- အကျွန်ုပ်၏၊ သန္တိကေ- အထံ၌၊ ဝသန္တော- နေတော်မူလျက်၊ စိရဿံ- ကြာမြင့်စွာ၊ ပမတ္တော- မေ့တော်မူလျက်၊ အပ္ပမတ္တံ- မမေ့မလျော့သော၊ ပုတ္တံ- သားတော်ဖြစ်သော၊ မံ- အကျွန်ုပ်ကို၊ ပိတာ- မွေးမြူပေသော ခမည်းတော်မင်းမြတ်သည်၊ အဇ္ဇ- ယခုမှ၊ အစောဒယိ- မေးတော်မူဘိ၏။

တတ္ထ- ထိုစိရဿံစသော ဂါထာ၌၊ **တာတော**တိ- တာတောဟူသည်ကား၊ ပိတာ- အဖသည်၊ **ကံသော**တိ- ကံသောဟူသည်ကား၊ ဣဒံ- ဤကံသောဟူသော စကားသည်၊ တဿ- ထိုမင်း၏၊ နာမံ- အမည်တည်း၊ **ဗာရာဏသိဂ္ဂဟော**တိ- ဗာရာဏသိဂ္ဂဟောဟူသည်ကား၊ စတူဟိ- လေးပါးကုန်သော၊ သင်္ဂဟဝတ္ထူဟိ- သင်္ဂဟဝတ္ထုတို့ဖြင့်၊ ဗာရာဏသိံ- ဗာရာဏသီပြည်ကို၊ သင်္ဂဟေတွာ- သင်္ဂြိုဟ်၍၊ ဝတ္တန္တော- ကျင့်သော၊ **ပမတ္တော**တိ- ပမတ္တောဟူသည်ကား၊ ဧဝရူပါနံ- ဤသို့သဘော ရှိကုန်သော၊ ပဏ္ဍိတာနံ- ပညာရှိတို့၏၊ သန္တိကေ- အထံ၌၊ ဝသန္တော- နေလျက်၊

ပဉ္ဟသ- ပြဿနာကို၊ အပုစ္ဆနေန- မမေးခြင်းဖြင့်၊ ပမတ္တော- မေ့လျော့သည်၊ **အပ္ပမတ္တံ မန္တိ**- အပ္ပမတ္တံ မံဟူသည်ကား၊ သီလာဒိဂုဏယောဂေန- သီလအစရှိသော ဂုဏ်နှင့် ယှဉ်သဖြင့်၊ အပ္ပမတ္တံ- မမေ့မလျော့သော၊ မံ- ငါ့ကို၊ **ဝိတာ**တိ- ဝိတာဟူသည်ကား၊ ပေါသကပိတာ- မွေးမြူသော ဖခင်သည်၊ **အစောဒယိ**တိ- အစောဒယိဟူသည်ကား၊ "တိရစ္ဆာနဂတေ- တိရစ္ဆာန်၌ဖြစ်သော ငှက်တို့ကို၊ ပုတ္တေ- သားသမီးတို့ကို၊ ကတွာ- ပြု၍၊ ဝေါဟရတိ- သားသမီးဟူ၍ ခေါ်၏၊ ဣတိ- ဤသို့ အမစ္စေဟိ- အမတ်တို့သည်၊ အဝဟသိယမာနော- ပြက်ရယ်ပြုအပ်သည်ဖြစ်၍၊ ပမာဒံ- မေ့လျော့ခြင်းသို့ အာပဇ္ဇိတွာ- ရောက်၍၊ စိရဿံ- ကြာမြင့်မှ၊ အဇ္ဇ- ယခု၊ စောဒေသိ- စောဒနာခဲ့ပြီ၊ ပဉ္ဟံ- ပြဿနာကို၊ ပုစ္ဆိ- မေးခဲ့ပြီ၊ ဣတိ- ဤသို့ ဝဒတိ- ဆို၏။

ဧဝံ- ဤသို့၊ သော- ထိုဝေဿန္တရာအမည်ရှိသော ခင်ပုပ်ငှက်သည်၊ ဣမာယ ဂါထာယ- ဤဂါထာဖြင့်၊ စောဒေတွာ- အပြစ်တင်၍၊ "မဟာရာဇ- မြတ်သောမင်းကြီး၊ ရညာနာမ- မင်းမည်သည်ကား၊ တီသု- သုံးပါးကုန်သော၊ ဓမ္မေသု- တရားတို့၌၊ ဌတွာ- တည်၍၊ ဓမ္မေန- တရားသဖြင့်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေတဗ္ဗံ- ပြုစေအပ်၏၊" ဣတိ- ဤသို့ ဝတွာ- ဆို၍၊ ရာဇဓမ္မံ- မင်းကျင့်တရားကို၊ ကထေန္တော- ဟောလိုသည် ဖြစ်၍၊ "ပဌမေနေဝ ဝိတထံ (ပ) အမိတ္တာနံ ဒုခါယစာ"တိ- ပဌမေနေဝ ဝိတထံ (ပ) အမိတ္တာနံ ဒုခါယစ-ဟူကုန်သော၊ ဣမာဂါထာယော- ဤတစ်ဆယ့်တစ်ဂါထာတို့ကို၊ အာဟ- ဆိုပြီ။

(၃) တာတ- ခမည်းတော် မင်းမြတ်ပြဟ္မဒတ်၊ ရာဇာနာမ- မင်းမည်သည်ကား၊ ပဌမေနေဝ- မဆွကသာလျှင်၊ ဝိတထံ- မမှန်စကား မုသားဆိုခြင်းကို လည်းကောင်း၊ ကောဓံ- အမျက်ထွက်ခြင်းကိုလည်းကောင်း၊ ဟာသံ- ပေါ်လွင်ရွှင်မြူးခြင်းကိုလည်းကောင်း၊ နိဝါရယေ- ကြဉ်ရှောင်ရာ၏၊ တတော- ထိုနောင်မှ၊ ကိစ္စာနိ- တိုင်းနိုင်ငံသူတို့၏ စီရင်ဖွယ် ကိစ္စတို့ကို၊ ကာရေယျ- စီရင်ဆုံးဖြတ်ရာ၏၊ ခတ္တိယ- ခမည်းတော်မင်းမြတ်၊ ယံ ဝစနံ- အကြင် မုသာဝါဒ အမျက်ဒေါသပေါ်လွင်မြူးခြင်းတို့ကို ကြဉ်ရှောင်၍ တိုင်းရေးပြည်ရေးတို့ကို စီရင်၏ဟူသောစကားကို၊ မယာ- အကျွန်ုပ် သည်၊ ဝုတ္တံ- ဆိုအပ်ပြီ၊ တံ- ထိုအကျွန်ုပ်ဆိုအပ်ပြီးသော ကျင့်ဝတ်တရားကို၊ [ဝတံ(ဝတ္တံ)]- မင်းကျင့်တရားဟူ၍၊ ပေါရာဏပဏ္ဍိတာ- ရှေးပညာရှိတို့သည်၊ အာဟု- ဆိုတော်မူကုန်ပြီ။

(၄) တာတ- ခမည်းတော်မင်းမြတ်၊ တွံ- ခမည်းတော်ဘုရား မင်းတရားသည်၊ ရတ္တော- တပ်စွန်းတော်မူသည်ဖြစ်၍၊ ဒုဋ္ဌော- မျက်တော်မူသည်ဖြစ်၍၊ ယံကမ္မံ- အကြင်အမှုကို၊ ကယိရာ- ပြုတော်မူရာ၏၊ ပုဗ္ဗေ- ရှေး၌၊ ကတံ- ပြုအပ်သော၊ ယံကမ္မံ- အကြင်အမှုကို၊ တွံ- ခမည်းတော် ဘုရားမင်းတရားသည်၊ ပစ္ဆာ- နောက်ပြီးတစ်ဖန်၊ အသံသယံ- မချွတ်၊ တပေါ- စိုးရိမ်တော်မူရရာ၏၊ တံကမ္မံ- ထိုနောက်ပြီးတစ်ဖန် ပူပန်တတ်သောအမှုကို၊ တတော- ထိုရှေး၌ပြုပြီးသည်မှ၊ ပုန- တစ်ဖန်၊ နကယိရာ- ပြုတော်မမူလင့်။

(၅) ရဋ္ဌဝဓန- နိုင်ငံတော်သား လူအများကို ပွားစေတတ်သော မင်းမြတ် သခင်ဘဝရှင်၊ ပမတ္တဿ- မေ့လျော့သော၊ ခတ္တိယဿ- ပြည့်ရှင်မင်း၏၊ ရဋ္ဌသ္မိံ- တိုင်းနိုင်ငံ၌၊ သဗ္ဗေ- ခပ်သိမ်းကုန်သော၊ ဘောဂါ- စည်းစိမ်တို့သည်၊ [ဝိနဿန္တိ(ဝိနာသန္တိ)]- ပျက်စီးကုန်၏၊ တံဘောဂဝိနာသံ- ထိုတိုင်းနိုင်ငံ စည်းစိမ်ဉစ္စာ ပျက်စီးခြင်းကို၊ ရညော- ပြည့်ရှင်မင်း၏၊ အဃံ- ဆင်းရဲဟူ၍၊ ဝုစ္စတေ- ဆိုအပ်၏၊ တသ္မာ- ထိုကြောင့်၊ တွံ- ဘခင်မင်းမြတ် လောကနတ်သည်၊ မာပမဒ- မေ့လျော့တော်မမူလင့်။

(၆) တာတ- ရေမြေပိုင်သ လောကသေဋ္ဌနင်းခမည်းတော်မင်း၊ သိရီ စ- သိရီနတ်သမီးသည်လည်းကောင်း၊ အလက္ခီစ- အလက္ခီနတ်သမီးသည် လည်းကောင်း၊ ဣတိ- ဤသို့၊ ပုစ္ဆိတာ- ဗာရာဏသီပြည်၌ သုစိပရိဝါရ ရှင်သူဌေးသည် မေးအပ်ကုန်သော၊ ဧတာဒေဝဓီတာ- ထိုနတ်သမီးတို့သည်၊ ဧတံဝစနံ- ထိုစကားကို၊ အဗြဝုံ- ဆိုကြကုန်ပြီ၊ တာတ- ခမည်းတော်မင်းမြတ်၊ တာသု- ထိုနှစ်ယောက်သော နတ်သမီးတို့တွင်၊ သိရီ- သိရီနတ်သမီးသည်၊ ဘောမဟာသေဋ္ဌိ- အိုသုစိပရိဝါရရှင် သူဌေးကြီး၊ အဟံ- ငါသည်၊ ဥဋ္ဌာနဝီရိယေ- ထကြွလုံ့လရှိသော၊ [အနုသူယကေ (အနုသုယျကေ)]- သူတစ်ပါး စည်းစိမ်းကို မငြူစူတတ်သော၊ ပေါသေ- ယောကျ်ားး၌၊ ရမာ- မွေ့လျော်၏၊ ဣတိ- ဤသို့၊ တာဝ- ရှေးဦးစွာ၊ အာဟ- ဆိုဘူး၏၊

(၇) တာတ- ခမည်းတော်မင်းမြတ်၊ အလက္ခီပန- အလက္ခီနတ်သမီးသည်ကား၊ ဘောမဟာသေဋ္ဌိ- အိုသုစိပရိဝါရရှင်သူဌေးကြီး၊ အဟံ- ငါသည်၊ [ဥသူယကေ(ဥသူယျကေ)]- သူတစ်ပါးစည်းစိမ်းကို ငြူစူတတ်သော၊ ဒုဟဒယေ- မကောင်းသော စိတ်ရှိသော၊ ကမ္မဒုဿကေ- ကုသိုလ်ကောင်းမှုကို ဖျက်ဆီးတတ်သော၊ ပုရိသေ- ယောကျ်ား၌၊ ရမာ- မွေးလျော်၏၊ ဣတိ- ဤသို့၊ အာဟ- ဆိုဘူး၏၊ မဟာရာဇ- မြတ်သော ခမည်းတော်မင်းကြီး၊

ဓဝံ- ဤဆိုအပ်ပြီးသော နည်းဖြင့်၊ စက္ကဘဥနီ- ကုသိုလ်စက်ကို ဖျက်ဆီးတတ်သော၊ [ကာလကဏ္ဏိ(ကာဠကဏ္ဏိ)]- အလက္ခီနတ်သမီးသည်၊ ဥသုယျကေ- သူတစ်ပါးစည်းစိမ်ကိုငြူးစူတတ်သော၊ ဒုဟဒယေ- မကောင်းသော စိတ်ရှိသော၊ ကမ္မဒုဿကေ- ကုသိုလ်ကောင်း မှုကိုဖျက်ဆီးတတ်သော၊ ပုရိသေ- ယောကျ်ားယုတ်၌၊ ရမတိ- မွေ့လျော် ချေ၏။

(၈) မဟာရာဇ- ကာသိတိုင်းရှင်ဖခင်မင်းမြတ် လောကနတ်၊ သောတွံ- ထိုရေမြေစိုးရ လောကသေဋ္ဌနင်း တရားမင်းသည်၊ [သဗ္ဗေသု (သဗ္ဗေ)]သဗ္ဗသို့- တိုင်းနိုင်ငံသူရှင်လူအလုံး၌၊ သုဟဒယော- ကောင်းမြတ်သော ရွှေနှလုံးတော်ရှိ သည်ဖြစ်၍၊ သဗ္ဗေသံ- အလုံးစုံကုန်သော တိုင်းပြည်သူတို့အား၊ ရက္ခိတော- စောင့်ရှောက်မစတော်မူသည်၊ ဘဝ- ဖြစ်တော်မူလော၊ အလက္ခိံ- အလက္ခီ နတ်သမီးကို၊ နုဒ- နှင်ထုတ်တော်မူလော၊ လက္ချာ- သိရီနတ်သမီး၏၊ နိဝေသနံ- တည်ရာသည်၊ ဘဝ- ဖြစ်တော် မူလော။

(၉) ကာသိပတိ- ကာသိကတိုင်းရှင်ဘခင်မင်းမြတ်၊ လက္ခီမိတိ- သမ္ပန္နော- ပညာလုံ့လနှင့် ပြည့်စုံသော၊ မဟဂ္ဂတော- မြတ်သော ဆန္ဒရှိသော၊ သသောပုရိသော- ထိုယောကျ်ားသည်၊ အမိတ္တာနံ- ရန်သူတို့၏၊ မူလဥ္စ- အရင်းကိုလည်းကောင်း၊ အဂ္ဂဥ္စ- အဖျားကိုလည်းကောင်း၊ ဆိန္ဒတိ- ဖြတ်ရ၏။

(၁၀) ဘူတပတိ- ကာသိကတိုင်းသားလူများသခင်ဘနတ်ရှင်၊ တွံ- သင်ဘခင် မင်းမြတ်လောကနတ်သည်၊ မမ- အကျွန်ုပ်အား၊ ဝါယာမဿု- လုံ့လပြု တော်မူလော၊ မိတိသမ္ပန္နော- လုံ့လနှင့် ပြည့်စုံသော သူသည်၊ အမိတ္တာနံ- ရန်သူတို့၏၊ မူလဂ္ဂံ- မြစ် အညွန့်ကို၊ ဆိန္ဒတိ- ဖြတ်ရ၏၊ ဣတိ- ဤသို့၊ တွံ- သင်သားတော်ဝေဿန္တရာသည်၊ ဩဝါဒေသိ- ဆုံးမတော်မူ၏၊ အဟံ- ငါသည်၊ အမိတ္တာနံ- ရန်သူတို့၏၊ မူလဂ္ဂဆေဒကော- အမြစ်အညွန့်ကို ဖြစ်တတ်သော၊ ရာဇာ- ရေမြေစိုးရ ဘဝသေဋ္ဌနင်း အရှင်မင်းသည်၊ အမှိနနု- ဖြစ်သည်မဟုတ်တုံလော၊ တဝ- သားတော် အမောင် ဝေဿန္တရာငှက်လိမ္မာ၏၊ ဩဝါဒဝစနံ- ဆုံးမတော်မူသော စကားသည်၊ ကထံယုဇ္ဇတိ- အသို့သင့်ပါ မည်နည်း၊ ဣတိ- ဤသို့၊ ဝဒေယျစေ- ဆိုတော်မူငြားအံ့၊ ယံဩဝါဒဝစနံ- အကြင်ဆုံးမသော စကားကို၊ မယာ- ငါသည်၊ ဝုတ္တံ- ဆိုအပ်၏၊ တံဩဝါဒ- ဝစနံ- ထိုဆုံးမသော စကားသည်၊ ဟိယုတ္တံ- သင့်၏၊ သက္ကောပိ- သိကြားမင်း စင်လျက်လည်း၊ ဥဋ္ဌာနေ- လုံ့လဝီရိယ၌၊ နပ္ပမဇ္ဇတိ- မမေ့မလျော့ချေ၊ သောသက္ကော- ထိုသိကြားမင်းသည်၊ ကလျာဏေ- ကုသိုလ်ကောင်းမှု၌

သာလျှင်၊ မိတိကတွာ- လုံ့လဝါယာမပြု၍၊ ဥဋ္ဌာနေ- အားထုတ်ခြင်း၌၊ မနော- စိတ်ကို၊ ကုရုတေ- ပြုပါသေး၏၊ တသ္မာ- ထိုကြောင့်၊ ယုတ္တံ- သင့်၏။

(၁၁) ဂန္ဓဗ္ဗာ- ဂန္ဓဗ္ဗနတ်တို့သည်လည်းကောင်း၊ ပိတရော- ပြဟ္မာတို့သည်လည်းကောင်း၊ ဒေဝါ- ကာမာဝစရနတ်ပြည်ခြောက်ထပ်နတ်တို့သည်လည်းကောင်း၊ တာဒိနော- ထိုသို့သဘောရှိသော၊ ဥဋ္ဌာဟတော- ကုသိုလ်ကောင်းမှု၌ လုံ့လပြုထသော၊ အပ္ပမဇ္ဇတော- ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သူနှင့်၊ သာဇီဝါ- တူသော အသက်မွေးခြင်းရှိကုန်သည်၊ ယသ္မာ- အကြင်ကြောင့်၊ ဟောန္တိ- ဖြစ်ကုန်၏၊ တသ္မာ- ထိုကြောင့်၊ ဒေဝတာ- ပြဟ္မာတို့သည်၊ တာဒိနော- ထိုသို့သဘောရှိသောသူအား၊ အနုတိဋ္ဌန္တိ- စောင့်ရှောက်ကုန်၏။

(၁၂) တာတ- ဘခင်မင်းမြတ်ပြည်ကြီးနတ်၊ သောတွံ- ထိုဖခင် မင်းမြတ်လောကနတ်သည်၊ အပ္ပမတ္တော- မမေ့မလျော့၊ [အက္ကုဒ္ဓေါ (အကုဒ္ဓေါ)]- အမျက်ထွက်တော်မမူဘဲ၊ ကိစ္စာနိ- တိုင်းရေးပြည်ရေးကိစ္စကို၊ ကာရယ- ကိုယ်တော်တိုင်စီရင်ခန့်ထားတော်မူလော၊ ဝါယမဿု- လုံ့လပြုတော်မူလော၊ သကိစ္စေသု- မိမိအမှုတို့၌၊ အလသော- ပျင်းရိသော သူသည်၊ သုခံ- ချမ်းသာကို၊ နဝိန္ဒတေ- မရနိုင်ချေ။

(၁၃) တာတ- ခမည်းတော်မင်းမြတ်ပြဟ္မဒတ်၊ တတ္ထေဝ- ထိုဘခင် မင်းမြတ်၏ ကိံသုကိစ္စကတံဝရံဟူသော ပြဿနာ၌သာလျှင်၊ ဝုတ္တာ- အကျွန်ုပ်ဖြေဆိုအပ်ကုန်သော၊ တေ- ထိုပဥ္စမေနေဝ ဝိတထံအစရှိသည်တို့သည်၊ ဝတ္တပဒါ- မင်းကျင့်တရားအစုတို့တည်း၊ ဧတ္တ- ဤမင်းကျင့် တရားအစု၌၊ တွံ- ခမည်းတော်မင်းမြတ်သည်၊ ဝတ္တဿု- ကျင့်တော်မူလော၊ ဧသာဝ- ဤသည်သာလျှင်၊ အနုသာသနီ- ခမည်းတော်မင်းမြတ်အား အကျွန်ုပ်သည် ပေးအပ်သော အဆုံးအမတည်း၊ ဧဝံဝတ္တမာနော- ဤသို့အကျွန်ုပ်ဆုံးမတိုင်းကျင့်သော မင်းသည်၊ မိတ္တေ- ချစ်ခင်လေးမြတ်သော မိဖုရားသားတော်သမီးတော်အစရှိသော သူတို့ကို၊ သုခါပေတုံစ- ချမ်းသာစေတော်မူခြင်းငှာလည်းကောင်း၊ အမိတ္တာနံ- ရန်သူတို့ကို၊ [ဒုခါယစ (ဒုက္ခာယစ)]- ဆင်းရဲစိမ့်သောငှာ လည်းကောင်း၊ အလံ- အစွမ်းနိုင်ပါ၏။

တတ္ထ- ထိုပဥ္စမေနေဝစသော ဂါထာတို့၌၊ **ပဉ္စမေနေဝ ဝိတထန္တိ**- ပဥ္စမေနေဝ ဝိတထံဟူသည်ကား၊ တာတ- ဖခင်၊ ရာဇာ နာမ- မင်းမည်သည်၊ အာဒိတောဝ-

အစမှပင်လျှင်၊ မုသာဝါဒံ- လိမ်ညာပြောဆိုခြင်းကို၊ နိဝါရယေ- တားမြစ်ရာ၏၊ ဟိ- ချဲ့၍ဆိုဦးအံ့၊ မုသာဝါဒိနော- မုသားစကားပြောဆိုလေ့ရှိသော၊ ရညော- မင်း၏၊ ရဋ္ဌံ- တိုင်းနိုင်ငံသည်၊ နိရောဇံ- ဩဇာမရှိသည်၊ ဟောတိ- ဖြစ်၏၊ ပထဝိယာ- မြေကြီး၏၊ ဩဇာ- အဆီသည်၊ ကမ္မကရဏဋ္ဌာနတော- မုသာဝါဒပြုရာအရပ်မှ၊ သတ္တရတနမတ္တံ- ၇-တောင်အတိုင်းအရှည်မျှ၊ ဟေဋ္ဌာ- အောက်သို့၊ ဘဿတိ- လျော့ကျ၏၊ တတော- ထို့ကြောင့်၊ အာဟာရေ ဝါ- အစားအစာ၌လည်းကောင်း၊ တေလမဓုဖာဏိတာဒီသု ဝါ- ဆီပျားတင်းလဲအစရှိသည်တို့၌လည်းကောင်း၊ ဩသဓေသု ဝါ- ဆေးပစ္စည်းတို့၌လည်းကောင်း၊ ဩဇာ- အဆီသည်၊ န ဟောတိ- မရှိ၊ နိရောဇာဟာရဘောဇနာ- အဆီဩဇာမရှိသော အဟာရကို စားသုံးရကုန်သော၊ မနုဿာ- လူတို့သည်၊ ဗဟွာဗာဓာ- အနာရောဂါများကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ ရဋ္ဌေ- တိုင်းနိုင်ငံ၌၊ ထလဇလပထေသု- ကုန်းလမ်းခရီး ရေလမ်းခရီးတို့၌၊ အယော- အခွန်အတုတ်သည်၊ နုပ္ပဇ္ဇတိ- မဖြစ်၊ တသ္မိံ- ထိုအခွန်အတုတ်သည်၊ အနုပ္ပဇ္ဇန္တေ- မဖြစ်သည်ရှိသော်၊ ရာဇာနော- မင်းတို့သည်၊ ဒုဂ္ဂတာ- ဆင်းရဲ ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ တေ- ထိုမင်းတို့သည်၊ သေဝကေ- မင်းမှုထမ်းတို့ကို၊ သင်္ဂဏှိတုံ- သင်္ဂြိုဟ်ခြင်းငှာ၊ န သက္ကောန္တိ- မတတ်နိုင်ကုန်၊ အသင်္ဂဟိတာ- ချီးမြှောက်မခံရကုန်သော၊ သေဝကာ- မင်းမှုထမ်းတို့သည်၊ ရာဇာနံ- မင်းကို၊ ဂရုစိတ္တေန- အလေးထားသော စိတ်ဖြင့်၊ န ဩလောကေန္တိ- မကြည့်ကြကုန်၊ တာတ- ဖခင်၊ ဧဝံ- ဤသို့လျှင်၊ ဧသမုသာဝါဒေါ- ဤမုသာဝါဒမည်သည်၊ နိရောဇော- ဩဇာမရှိအောင်ပြုတတ်သည်၊ (ဟောတိ- ဖြစ်၏၊) သော- ထိုမုသာဝါဒကို၊ ဇီဝိတဟေတုပိ- အသက်ဟူသော အကြောင်းကြောင့်လည်း၊ န ကာတဗ္ဗော- မပြုအပ်၊ ပန- စင်စစ်သော်ကား၊ ရသာနံ- အရသာတို့တွင်၊ သစ္စံ- မှန်သော စကားပြောဆိုခြင်းတည်းဟူသော အရသာသည်၊ သာဒုတရံ- အကောင်းဆုံးသော အရသာမည်၏၊ ကထံ- ဤသို့ တဒေဝ- ထိုစကားကို သာလျှင်၊ ပဋိဂ္ဂဟေတဗ္ဗံ- လက်ခံသင့်၏၊ အပိစ- ထို့ပြင်လည်း၊ မုသာဝါဒေါ နာမ- မုသာဝါဒ မည်သည်၊ ဂုဏပရိဓံသကော- ဂုဏ်ကို ဖျက်ဆီးတတ်သော၊ ဝိပတ္တိပရိယော- သာနော- ပျက်စီးခြင်းလျှင် အဆုံးရှိသော တရားသည်၊ (ဟောတိ- ဖြစ်၏၊) ဒုတိယစိတ္တဝါရေ- စုတိစိတ်မှ ရေတွက်လျှင် ဒုတိယမြောက်ဖြစ်သော ပဋိသန္ဓေစိတ်၏အလှည့်၌၊ အဝီစိပရာယဏံ- အဝီစိလျှင် လဲလျောင်းရာရှိသည်ကို၊ ကရောတိ- ပြုတတ်၏၊ ပန- ဆက်၍ဆိုဦးအံ့၊ ကထမသ္မိံ အတ္တေ- ဤအဝီစိလျှင် လဲလျောင်းရာ

ရှိသည်ကို ပြုတတ်၏ဟူသောအနက်၌၊ "ဓမ္မော ဟဝေ ဟတော ဟန္တိ'တိ- ဓမ္မော ဟဝေ ဟတော ဟန္တိဟူသော၊ စေတိယဇာတကံ- စေတိယဇာတ်ကို၊ (ခု-၅-၁၈၀) (ဇာ၊ ၁၊၈၊၄၅ အာဒယော) ကထေတဗ္ဗံ- ဆိုအပ်၏။

**ကောဓန္တိ**- ကောဓံဟူသည်ကား၊ တာတ- ဖခင်၊ ရာဇာ နာမ- မင်းမည်သည်၊ ပဋ္ဌမမေဝ- ရှေးဦးမစွာကပင်လျှင်၊ ကုဇ္ဈနလက္ခဏံ- အမျက်ထွက်ခြင်း လက္ခဏာရှိသော၊ ကောဓမ္ပိ- အမျက်ဒေါသကိုလည်း၊ နိဝါရေယျ- တားမြစ်ရာ၏၊ ဟိ- ချဲ့၍ဆိုဦးအံ့၊ တာတ- ဖခင်၊ အညေသံ- မင်းမှတစ်ပါးအခြားကုန်သောသူတို့၏၊ ကောဓော- အမျက်ဒေါသသည်၊ ခိပ္ပံ- အလျင်အမြန်၊ မတ္ထကံ- အထွဋ်အထိပ်သို့၊ န ပါပုဏာတိ- မရောက်၊ ရာဇူနံ- မင်းတို့၏ကား၊ ပါပုဏာတိ- ရောက်၏၊ ရာဇာနော နာမ- မင်းတို့မည်သည်၊ ဝါစာဝုဓာ- စကားဟူသော လက်နက်ရှိကုန်၏၊ ကုဒ္ဓိတွာ- အမျက်ထွက်၍၊ ဩလောကိတမတ္တေနာပိ- ကြည့်ကာမျှဖြင့်လည်း၊ ပရံ- သူတစ်ပါးကို၊ ဝိနာသေန္တိ- ပျက်စီးစေနိုင်ကုန်၏၊ တသ္မာ- ထို့ကြောင့်၊ ရညာ- မင်းသည်၊ အညေဟိ- အခြားကုန်သော၊ မနုဿေဟိ- လူတို့ထက်၊ အတိရေကတရံ- ပို၍၊ နိက္ကောဓေန- အမျက်မထွက်သော သူသည်၊ ဘဝိတဗ္ဗံ- ဖြစ်သင့်၏၊ ခန္တိမေတ္တာနုဒ္ဒယာသမ္ပန္နေန- သည်းခံခြင်း, မေတ္တာ, သနားခြင်းနှင့်ပြည့်စုံသဖြင့်၊ အတ္တနော- မိမိ၏၊ ပိယပုတ္တံ ဝိယ- ချစ်အပ်သော သားကဲ့သို့၊ လောကံ- သတ္တလောကကို၊ ဝေါလောကေန္တေန- ကြည့်သော သူသည်၊ ဘဝိတဗ္ဗံ- ဖြစ်သင့်၏၊ တာတ- ဖခင်၊ အတိကောဓနော- အလွန်အမျက်ထွက်သော၊ ရာဇာနာမ- မင်းမည်သည်၊ ဥပ္ပန္နံ- ဖြစ်ပြီးသော၊ ယသံ- အကျော်အစောကို၊ ရက္ခိတုံ- စောင့်ရှောက်ခြင်းငှာ၊ **န သက္ကောတိ**- မတတ်နိုင်၊ ပန- ဆက်၍ဆိုဦးအံ့၊ ဣမဿ အတ္ထဿ- ဤအကျော်အစောကို စောင့်ရှောက်ခြင်းငှာ မတတ်နိုင်ဟူသော အနက်ကို၊ ဒီပနတ္ထံ- ပြခြင်းအကျိုးငှာ၊ **ခန္တိဝါဒိဇာတက**-(ခု-၅-၉၉)(ဇာ၊ ၁၊၄၊၄၉) **စူဠဓမ္မပါလဇာတကာနိ**- ခန္တိဝါဒိဇာတ် စူဠဓမ္မပါလဇာတ်တို့ကို၊ (ခု-၅-၁၂၅) (ဇာ၊ ၁၊၅၊၄၄) ကထေတဗ္ဗာနိ- ဆိုအပ်ကုန်၏၊ ဟိ- မှန်၏၊ စူဠဓမ္မပါလဇာတကသ္မိံ- စူဠဓမ္မပါလဇာတ်၌၊ မဟာပတာပနော နာမ- မဟာပတာပနမည်သော၊ ရာဇာ- မင်းသည်၊ ပုတ္တံ- သားကို၊ ဃာတေတွာ- သတ်စေပြီး၍၊ ပုတ္တသောကေန- သား၌ဖြစ်သော သောကကြောင့်၊ ဖလိတေန- ကွဲသော၊ ဟဒယေန- နှလုံးကြောင့်၊ ဒေဝိယာ- မိဖုရားသည်၊ မတာယ- သေသည်ရှိသော်၊ သယမ္ပိ- ကိုယ်တိုင်လည်း၊ ဒေဝိံ- မိဖုရားကို၊ အနုသောစန္တော- အဖန်ဖန် ပူးဆွေးလျက်၊

ဖလိတေနေ၀- ကွဲသည်သာလျှင်ဖြစ်သော၊ ဟဒယေန- နှလုံးကြောင့်၊ မရိ- သေခဲ့ပြီ၊ အထ- ထိုအခါ၌၊ တယောပိ- သုံးယောက်လည်းဖြစ်ကုန်သော၊ တေ- သားအမိ သားအဖတို့ကို၊ ဧကအာဠာဟနေ၀- သုဿန် တစ်ခုထဲ၌ပင်လျှင်၊ ဈာပေသုံ- သင်္ဂြိုဟ်ခဲ့ကြကုန်ပြီ၊ တသ္မာ- ထို့ကြောင့်၊ ရညာ- မင်းသည်၊ ပဌမမေ၀- မစွကပင်လျှင်၊ မုသာဝါဒံ- လိမ်ညာပြောဆိုခြင်းကို၊ ဝဇ္ဇေတွာ- ရှောင်ကြဉ်၍၊ ဒုတိယံ- နှစ်ခုမြောက် ဖြစ်သော၊ ကောဓေ- အမျက်ကို၊ ဝဇ္ဇေတဗ္ဗော- ရှောင်ကြဉ်အပ်၏။

ဟာသန္တိ- ဟာသံဟူသည်ကား၊ ဟဿံ- ပြက်ရယ်ပြုခြင်းကို၊ အယမေ၀ ဝါ- ဤဟာသံဟူသော ပုဒ်သည်ပင်လျှင်၊ ပါဌော- ပါဌ်သည်၊ (ဟောတိ- ဖြစ်၏၊) တေသု တေသု ကိစ္စေသု- ထိုထိုကိစ္စတို့၌၊ ဥပ္ပိလာဝိတစိတ္တတာယ- ပေါ်လွင်သော စိတ်ရှိသည်၏အဖြစ်ကြောင့်၊ ကေဠိသီလတံ- ပျော်မြူးလေ့ရှိသည်အဖြစ်ကို၊ ပရိဟာသံ- ပြက်ရယ်ပြုခြင်းကို၊ နိဝါရေယျ- တားမြစ်ရာ၏၊ တာတ- ဖခင်၊ ရညာ နာမ- မင်းမည်သည်၊ ကေဠိသီလေန- ပျော်မြူးလေ့ရှိသူသည်၊ န ဘဝိတဗ္ဗံ- မဖြစ်သင့်၊ အပရပတ္တိယေန- တစ်ပါးသောသူလျှင် ယုံကြည်ရာမရှိသူသည်၊ (ဝါ) သူတစ်ပါး ပြောသမျှ မယုံကြည်သူသည်၊ ဟုတွာ- ဖြစ်၍၊ သဗ္ဗာနိ- အလုံးစုံကုန်သော၊ ကိစ္စာနိ- ကိစ္စတို့ကို၊ အတ္တပစ္စက္ခေနေ၀- ကိုယ်တိုင်မျက်မှောက်သာလျှင်ဖြစ်၍၊ ကာတဗ္ဗာနိ- ပြုအပ်ကုန်၏၊ ဟိ- ခဲ့၍ဆိုဦးအံ့၊ ဥပ္ပိလာဝိတစိတ္တော- ပေါ်လွင်မြောက်ကြွသော စိတ်ရှိသော၊ ရာဇာ- မင်းသည်၊ အတုလေတွာ- မနှိုင်းယှဉ်မူ၍၊ ကမ္မာနိ- အမှုတို့ကို၊ ကရောန္တော- ပြုလျက်၊ လဒ္ဓံ- ရအပ်သော၊ ယသံ- အကျော်အစောကို၊ ဝိနာသေတိ- ပျက်စီးစေ၏၊ ပန- ဆက်၍ဆိုဦးအံ့ ဣမသ္မိံအတ္ထေ- ဤရအပ်ပြီးသော အကျော်အစောကို ပျက်စီးစေ၏ဟူသော အနက်၌၊ **သရဘင်္ဂဇာတကေ**- သရဘင်္ဂဇာတ်၌၊ (ခု-၆-၅) (ဇာ၊ ၂၁၇၊၅၀) ပုရောဟိတဿ- ပုရောဟိတ်၏၊ ဝစနံ- စကားကို၊ ဂဟေတွာ- နာယူ၍၊ ဒဏ္ဍကိရညော- ဒဏ္ဍကီမင်း၏၊ ကိသဝစ္ဆေ- ကိသဝစ္ဆရသေ့၌၊ အပရဇ္ဈိတွာ- ပြစ်မှား၍၊ ရဋ္ဌေန- တိုင်းနိုင်ငံနှင့်၊ သဟ- တကွ၊ ဥစ္ဆိဇ္ဇိတွာ- ပြတ်၍၊ ကုက္ကုဠနိရယေ- ငရဲ၌၊ နိဗ္ဗတ္တဘာဝေါ စ- ဖြစ်သည်၏အဖြစ်ကိုလည်းကောင်း၊ **မာတင်္ဂဇာတကေ**- မာတင်္ဂဇာတ်၌၊ (ခု-၅-၁၀၉) (ဇာ၊ ၁၁၅၊) မဇ္ဈရညော- မဇ္ဈမင်း၏၊ ဗြာဟ္မဏာနံ- ပုဏ္ဏားတို့၏၊ ကထံ- စကားကို၊ ဂဟေတွာ- နာယူ၍၊ မာတင်္ဂတာပသေ- မာတင်္ဂရသေ့၌၊ အပရဇ္ဈိတွာ- ပြစ်မှား၍၊ ရဋ္ဌေန- တိုင်းနိုင်ငံနှင့်၊ သဟ- တကွ၊ ဥစ္ဆိဇ္ဇိတွာ- ပြတ်၍၊ နိရယေ- ငရဲ၌၊ နိဗ္ဗတ္တဘာဝေါ စ- ဖြစ်သည်၏အဖြစ်ကိုလည်းကောင်း၊ **ယဋ္ဌပဏ္ဍိတ**-

**ဇာတကေ**- ယဋ္ဌပဏ္ဏာသကဇာတ်၌၊ (ခု-၅-၂၂၃) (ဇာ၊ ၁၊၁၀၊၁၆၅ အာဒယော) မောဟမူဠှာနံ- တွေဝေမိုက်မဲကုန်သော၊ ဒသဘာတိကရာဇဒါရကာနံ- တစ်ကျိပ်သော ညီအစ်ကိုတော် မင်းသားငယ်တို့၏၊ ဝစနံ- စကားကို၊ ဂဟေတွာ- ယူ၍၊ ကဏှာဒီပါယနေ- ကဏှာဒီပါယနရသေ့၌၊ အပရဇ္ဈိတွာ- ပြစ်မှားရ၍၊ ဝါသုဒေဝကုလဿ- ဝါသုဒေဝ အမျိုး၏၊ နာသိတဘာဝေါ စ- ပျက်စီးသည်၏အဖြစ်ကိုလည်းကောင်း၊ ကထေတဗ္ဗော- ဆိုအပ်၏။

**တတော ကိစ္စာနိ ကာရေယျာ**တိ- တတော ကိစ္စာနိ ကာရေယျဟူသည်ကား၊ တာတ- ဖခင်၊ ဧဝံ- ဤသို့လျှင်၊ ပဌမံ- ရှေးဦးစွာ၊ မုသာဝါဒံ- လိမ်ညာစကားကို၊ ဒုတိယံ- နှစ်ခုမြောက်၊ ကောဓံ- အမျက်ကို၊ တတိယံ- သုံးခုမြောက်၊ အဓမ္မဟာသံ- မတရားသဖြင့် ပြက်ရယ်မှုကို၊ ဝဇ္ဇေတွာ- ရှောင်ကြဉ်၍၊ တတော- ထိုမှ၊ ပစ္ဆာ- နောက်၌၊ ရာဇာ- မင်းသည်၊ ရဋ္ဌဝါသီနံ- တိုင်းသူပြည်သားတို့ကို၊ ကတ္တဗ္ဗကိစ္စာနိ- ပြုသင့်သော အမှုတို့ကို၊ ကာရေယျ- ပြုစေရာ၏၊ **တံ ဝတံ အာဟု ခတ္တိယာ**တိ- တံ ဝတံ အာဟု ခတ္တိယဟူသည်ကား၊ ခတ္တိယမဟာရာဇ- ခတ္တိယအနွယ်ဖြစ်သော မင်းကြီး၊ ယံ- အကြင်စကားကို၊ မယာ- ငါသည်၊ ဝုတ္တံ- ဆိုအပ်၏၊ ဧတံ- ဤစကား သည်၊ ရညော- မင်း၏၊ ဝတသမာဒါနံ- ဆောက်တည်ရမည့်ကျင့်ဝတ်တည်း၊ ဣတိ- ဤသို့၊ ပေါရာဏကပဏ္ဍိတာ- ရှေးပညာရှိတို့သည်၊ ကထယိံသု- ဆိုကြကုန်ပြီ။

**န တံ ကယိရာ**တိ- န တံ ကယိရာဟူသည်ကား၊ တယာ- သင်သည်၊ ရာဂါဒိဝသေန- ရာဂအစရှိသည်၏အစွမ်းဖြင့်၊ ပစ္ဆာ- နောက်ကာလ၌၊ တာပကရံ- ပူပန်မှုကိုပြုတတ်သော၊ ယံ ကမ္မံ- အကြင်အမှုကို၊ ကတံ- ပြုအပ်သည်၊ ဟောတိ- ဖြစ်၏၊ ပုဗ္ဗေ- ရှေး၌၊ ကတတော- ပြုအပ်ပြီးသော၊ တတော- ထိုအမှုမှ၊ (ပရံ- နောက် ကာလ၌၊) ပုန- တစ်ဖန်၊ တာဒိသံ- ထိုသို့သဘောရှိသော၊ ကမ္မံ- အမှုကို၊ န ကယိရာ- မပြုရာ၊ တာတ- ဖခင်၊ မာ ကရေယျာသိ- မပြုပါလင့်၊ ဣတိ- ဤကား၊ (အတ္ထော- အနက်တည်း၊) ဝုစ္စတေတိ- ဝုစ္စတေဟူသည်ကား၊ တံ- ထိုတိုင်းနိုင်ငံ၏ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းကို၊ ရညော- မင်း၏၊ အဃန္တိ- ဆင်းရဲဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ ဧဝံ- ဤသို့၊ ပေါရာဏကပဏ္ဍိတာ- ရှေးပညာရှိတို့သည်၊ ကထယိံသု- ဆိုကြကုန်ပြီ၊ **သိရီ**တိ ဣဒံ- သိရီဟူသော ဤစကားရပ်ကို၊ ဝေဿန္တရသကုဏော- ဝေဿန္တရငှက်သည်၊ ပုဗ္ဗေ- ရှေး၌၊ ဗာရာဏသိယံ- ဗာရာဏသီပြည်၌၊ ပဝတ္တိတကာရဏံ- ဖြစ်ဖူးသော

အကြောင်းအရာကို၊ အာဟရိတွာ- ဆောင်၍၊ ဒဿေန္တော- ပြလိုသည်ဖြစ်၍၊ အာဟ- ဆိုပြီ၊ တတ္ထ- ထိုစကားရပ်၌၊ **အပြဝုန္တိ**- အပြဝုံဟူသည်ကား၊ သုစိပရိဝါရသေဋ္ဌိနာ- သုစိပရိဝါရသူဌေးသည်၊ ပုဋ္ဌိတာ- မေးမြန်းအပ်သော နတ်သမီးတို့သည်၊ ကထယိံသု- ပြောကြကုန်ပြီ၊ **ဥဋ္ဌာနဝီရိယေ**တိ- ဥဋ္ဌာနဝီရိယေဟူသည်ကား၊ ယော ပေါသော- အကြင်ယောကျ်ားသည်၊ ဥဋ္ဌာနေစ- ထကြွလုံ့လ၌လည်းကောင်း၊ ဝီရိယေ စ- အားစိုက်ခြင်း၌လည်းကောင်း၊ ပတိဋ္ဌိတော- တည်၏၊ စ- ထို့အပြင်၊ ပရေသံ- သူတစ်ပါးတို့၏၊ သမ္ပတ္တိံ- စည်းစိမ်ကို၊ ဒိသွာ- မြင်၍၊ နဥသူယတိ- မငြူစူ၊ တသ္မိံ- ထိုယောကျ်ား၌၊ အဟံ- ငါသည်၊ အဘိရမာမိ- မွေ့လျော်၏၊ က္ကတိ- ဤသို့၊ အာဟ- ဆိုပြီ၊ တာတ- ဖခင်၊ ဧဝံ- ဤသို့၊ တာဝ- ရှေးဦးစွာ၊ သိရီ- သိရီနတ်သမီးသည်၊ ကထေသိ- ဆိုပြီ၊ **ဥသူယကေ**တိ- ဥသူယကေဟူသည်ကား၊ တာတ- ဖခင်၊ အလက္ခိ ပန- နတ်သမီးသည်ကား၊ ပုဋ္ဌိတာ- မေးမြန်းအပ်သော၊ အဟံ- ငါသည်၊ ပရသမ္ပတ္တိ- ဥသူယကေ- သူတစ်ပါးစည်းစိမ်၌ ငြူစူတတ်သော၊ **ဒုဟဒယေ**- မကောင်းသော နှလုံးရှိသော၊ ဒုစိတ္တေ- မကောင်းသော စိတ်ရှိသော၊ ကလျာဏကမ္မဒူသကေ- ကောင်းမှုကို ဖျက်ဆီးတတ်သော၊ ယော- အကြင်ယောကျ်ားသည်၊ ကလျာဏကမ္မံ- ကောင်းမှုကို၊ ဒုဿန္တော- ဖျက်ဆီးလျက်၊ အပ္ပိယာယန္တော- မနှစ်သက်သည်ဖြစ်၍၊ အဋ္ဋီယန္တော- ငြီးငွေ့သည်ဖြစ်၍၊ န ကရောတိ- မပြု၊ တသ္မိံ- ထိုယောကျ်ား၌၊ အဘိရမာမိ- မွေ့လျော်၏၊ က္ကတိ- ဤသို့၊ အာဟ- ပြောဆိုပြီ၊ မဟာရာဇ- မြတ်သော မင်းကြီး၊ ဧဝံ- ဤသို့၊ ပတိရူပဒေသဝါသာဒိနော- ပတိရူပဒေသအရပ်အစရှိသော၊ ကုသလစက္ကဿ- ကုသိုလ်စက်ကို၊ ဘဉ္ဇနီ- ချိုးဖျက်တတ်သော၊ သာ ကာဠကဏ္ဏိ- ကာဠကဏ္ဏိနတ်သမီးသည်၊ ရမတိ- မွေ့လျော်၏။

**သုဟဒယော**တိ- ၁ုဟဒယောဟူသည်ကား၊ သုန္ဒရစိတ္တော- ကောင်းသော စိတ်ရှိသည်၊ ဟိတစိတ္တကော- အစီးအပွား၌လိုလားသော စိတ်ရှိသည်၊ နုဒါတိ- နုဒါဟူသည်ကား၊ နီဟရ- နှင်ထုတ်လော့၊ **နိဝေသန**န္တိ- နိဝေသနံဟူသည်ကား၊ လက္ခိယာ ပန- လက္ခီနတ်သမီးကား၊ နိဝေသနံ- နေရာသည်၊ ဘဝ- ဖြစ်လော့၊ ပတိဋ္ဌာ- တည်ရာသည်၊ ဟောဟိ- ဖြစ်လော့၊ **သ လက္ခီဓိတိသမ္ပန္နော**တိ- သ လက္ခီဓိတိသမ္ပန္နော ဟူသည်ကား၊ ကာသိပတိ- ကာသိတိုင်း၏အရှင်ဖြစ်သော၊ မဟာရာဇ- မြတ်သော မင်းကြီး၊ သော ပုရိသော- ထိုယောကျ်ားသည်၊ ပညာယ စေဝ- ပညာနှင့်လည်းကောင်း၊

ဝီရိယေန စ- ဝီရိယနှင့် လည်းကောင်း၊ သမ္ပန္နော- ပြည့်စုံသော၊ မဟဂ္ဃတောတိ- မဟဂ္ဃတောဟူသည်ကား၊* မဟဗ္ဗလာသယော- မြတ်သော ဆန္ဒရှိသော ထိုယောက်ျား သည်၊ စောရာနံ- ခိုးသူတို့၏၊ ပစ္စယဘူတေ- အကြောင်းဖြစ်သော တရားတို့ကို၊ ဂဏှန္တော- ယူလျက်၊ အမိတ္တာနံ- ရန်သူတို့၏၊ မူလံ- အမြစ်ကို လည်းကောင်း၊ စောရေ- ခိုးသူတို့ကို၊ ဂဏှန္တော- ယူလျက်၊ အမိတ္တာနံ- ရန်သူတို့၏၊ အဂ္ဂံ- အညွန့်ကိုလည်း ကောင်း၊ ဆိန္ဒတိ- ဖြတ်၏၊ က္ကတိ- ဤသို့၊ ဝဒတိ- ဆို၏၊ သက္ကောတိ- သက္ကော ဟူသည်ကား၊ က္ကန္တော- သိကြားမင်းတည်း၊ **ဘူတပတီ**တိ- ဘူတပတိဟူသည်ကား၊ ရာဇာနံ- မင်းကို၊ အာလပတိ- ဘူတပတိဟုခေါ်၏၊ ဥဋ္ဌာနေတိ- ဥဋ္ဌာနေဟူသည်ကား၊ ဥဋ္ဌာနဝီရိယေ- ထကြွလုံ့လဝီရိယ၌၊ **နပ္ပမဇ္ဇတီ**တိ- နပ္ပမဇ္ဇတိဟူသည်ကား၊ န ပမဇ္ဇတိ- မမေ့၊ သဗ္ဗကိစ္စာနိ- အလုံးစုံသော ကိစ္စတို့ကို၊ ကရောတိ- ပြု၏၊ **သ ကလျာဏေ**တိ- သ ကလျာဏေဟူသည်ကား၊ သော ဒေဝရာဇာ- ထိုနတ်တို့သနင်း သိကြားမင်းသည်၊ ဥဋ္ဌာနဝီရိယေ- ဥဋ္ဌာနဝီရိယ၌၊ မနံ- စိတ်ကို၊ ကရောန္တော- ပြုလျက်၊ ပါပကမ္မံ- မကောင်းမှုကို၊ အကတွာ- မပြုမူ၍၊ ကလျာဏေ- ကောင်းသော၊ ပုညကမ္မသင်္ခာတေ- ကောင်းမှု၌သာလျှင်၊ ဓိတိံ- လုံ့လကို၊ ကတွာ- ပြု၍၊ အပ္ပမတ္တော- မမေ့သည်ဖြစ်၍၊ ဥဋ္ဌာနေ- ထကြွလုံ့လ၌၊ မနံ- စိတ်ကို၊ ကရောတိ- ပြု၏၊ ပန- ဆက်၍ဆိုဦးအံ့၊ တဿ- ထိုသိကြားမင်း၏၊ ကလျာဏကမ္မေ- ကောင်းမှု၌၊ ဝီရိယကရဏဘာဝဒဿနတ္ထံ- လုံ့လပြုသည်၏ အဖြစ်ကိုပြခြင်း အကျိုးငှာ၊ သရဘင်္ဂဇာတကေ- သရဘင်္ဂဇာတ်၌၊ ဒွိသု- နှစ်ခုကုန်သော၊ ဒေဝ လောကေသု- နတ်ပြည်တို့၌၊ ဒေဝတာဟိ- နတ်သမီး တို့နှင့်၊ သဒ္ဓိံ- အတူ၊ ကပိဋ္ဌာရာမံ- သီးပင်ကျောင်းတိုက်သို့၊ အာဂန္တွာ- လာ၍၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆိတွာ- မေး၍၊ ဓမ္မံ- တရားကို၊ သုတဘာဝေါ- ကြားနာသည်၏ အဖြစ်ကို လည်းကောင်း၊ မဟာကဏှဇာတကေ- မဟာကဏှဇာတ်၌၊ (ဇာ၊ ၁၊၁၂၆၁) အတ္တနော- မိမိ၏၊ အာနုဘာဝေန- အာနုဘော်ဖြင့်၊ ဇနံ- လူအပေါင်းကို၊ တာသေတွာ- ကြောက်လန့်စေ၍၊ ဩသက္ကန္တဿ- ဆုတ်နစ်သော၊ သာသနဿ- သာသနာတော်ကို၊

---

*မဟဂ္ဃတော=ခိုးသူတို့၏ အကြောင်းတရားကို သိမ်းဆည်းခြင်းသည် ရန်သူတို့၏ အမြစ်ကို ပယ်သတ်သည်မည်၏။ ခိုးသူတို့ကို ဖမ်းဆီးခြင်းသည် ရန်သူတို့၏ အညွန့်ကို ဖြတ်သည်မည်၏၊ မရှိဆင်းရဲ၍ ခိုးသူဖြစ်နေသူကို ဆင်းရဲမှုပပျောက်အောင် ဆောင်ရွက်ပေး ရမည်၊ ရှိပါလျက် လောဘကို မထိန်းနိုင်၍ ခိုးသူဖြစ်နေလျှင် ထိုသူကို ဖမ်းဆီးချုပ်နှောင် ထားရမည်ဟူလို။

ပဝတ္တိတဘာဝေါ စ- ဖြစ်စေသည်၏အဖြစ်ကိုလည်းကောင်း၊ ဣတိ- ဤသို့ ဧဝမာဒီနိ- ဤသို့အစရှိကုန်သော၊ ဝတ္ထူနိ- ဝတ္ထုတို့ကို၊ ကထေတဗ္ဗာနိ- ဆိုအပ်ကုန်၏။

**ဂန္ဓဗ္ဗာ**တိ- ဂန္ဓဗ္ဗဟူသည်ကား၊ စာတုမဟာရာဇိကာနံ- စတုမဟာရာဇ် နတ်တို့၏၊ ဟေဋ္ဌာ- အောက်၌၊ စတုယောနိကာ- ပဋိသန္ဓေလေးမျိုးရှိကုန်သော၊ ဒေဝါ- နတ်တို့သည်၊ ကိရ- ဆက်၍ ဆိုဦးအံ့၊ စတုယောနိကတ္တာယေဝ- ယောနိလေးမျိုးရှိသည်၏ အဖြစ်ကြောင့်ပင်လျှင်၊ တေ- ထိုနတ်တို့သည်၊ ဂန္ဓဗ္ဗာ နာမ- ဂန္ဓဗ္ဗမည်ကုန်သည်၊ ဇာတာ- ဖြစ်ကုန်၏၊ ပိတရောတိ- ပိတရောဟူသည်ကား၊ ပြေဟ္မာနော- ပြေဟ္မာတို့သည်၊ ဒေဝါတိ- ဒေဝဟူသည်ကား၊ ဥပပတ္တိဒေဝဝသေန- ဥပပတ္တိနတ်တို့၏ အစွမ်းဖြင့်၊ ဆ- ခြောက်ပါးကုန်သော၊ ကာမာဝစရဒေဝါ- ကာမာဝစာရနတ်တို့သည်၊ တာဒိနောတိ- တာဒိနောဟူသည်ကား၊ တထာဝိဓဿ- ထိုသို့သဘောရှိသော၊ ကုသလာဘိရတဿ- ကုသိုလ်တရား၌မွေ့လျော်တတ်သော၊ ရညော- မင်း၏၊ **သာဓိဝါ ဟောန္တိ**တိ- သာဓိဝါ ဟောန္တိဟူသည်ကား၊* သမာနဓိဝိကာ- တူသော အသက်မွေးခြင်းရှိကုန်သည်၊ ဥပဇီဝိတဗ္ဗာ- မှီ၍ အသက်မွေးအပ်ကုန်သည်၊ ဟိ- ချဲ့၍ဆိုဦးအံ့၊ တာဒိသာ- ထိုသို့သဘောရှိကုန်သော၊ ရာဇာနော- မင်းတို့သည်၊ ဒါနာဒီနိ- ဒါနအစရှိကုန်သော၊ ပုညာနိ- ကောင်းမှုတို့ကို၊ ကရောန္တာ- ပြုကုန်လျက်၊ ဒေဝတာနံ- နတ်တို့၏၊ ပတ္တိံ- အဖို့ဘာဂကို၊ ဒေန္တိ- ပေးရကုန်၏၊ တံ- ထိုနတ်တို့ကို၊ တာ ပတ္တိံ- ထိုအဖို့ဘာဂကို၊ အနုမောဒိတွာ- ဝမ်းမြောက်၍၊ သမ္ပဋိစ္ဆိတွာ- ခံယူ၍၊ ဒိဗ္ဗယသေန- နတ်စည်းစိမ်ဖြင့်၊ ဝဍ္ဎန္တိ- တိုးပွားကုန်၏၊ အနုတိဋ္ဌန္တီတိ- အနုတိဋ္ဌန္တိဟူသည်ကား၊ ဝီရိယံ- ဝီရိယကို၊ တာဒိသဿ- ထိုသို့သဘောရှိသော၊ ရညော- မင်းအား၊ ကရောန္တဿ- ပြုသော၊ အပ္ပမာဒံ- မမေ့မလျော့ခြင်းသို့ အာပဇ္ဇန္တဿ- ရောက်သော၊ ဒေဝတာ- နတ်တို့သည်၊ အနုတိဋ္ဌန္တိ- လျော်စွာတည် ကုန်၏၊ အနုဂစ္ဆန္တိ- အစဉ်လိုက်ကုန်၏၊ ဓမ္မိကံ- တရားနှင့်ယှဉ်သော၊ ရက္ခံ- အစောင့်အရှောက်ကို၊ သံဝိဒဟန္တိ- စီရင်ကုန်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

---

*သာဓိဝါ= တရားစောင့်သော မင်းသည် ကောင်းမှုကုသိုလ်ပြု၍ နတ်တို့အား အမျှပေးဝေတတ်၏၊ ထိုမင်း၏ ကုသိုလ်အဖို့ဘာဂကို ရ၍ နတ်တို့စည်းစိမ်ချမ်းသာ တိုးပွားရ၏၊ တရားစောင့်သော သတိ ဝီရိယရှိသော မင်းကိုနတ်တို့သည် အစဉ်စောင့်ရှောက်ကြကုန်၏၊ နတ်တို့၏ အစောင့်အရှောက် ခံရသောမင်းသည် မင်း၏စည်းစိမ်ချမ်းသာတိုးပွားရ၏။ ဤသို့ အပြန်အလှန် မှီခို၍ အသက်မွေးရသည်။

**သောဟ**တိ- သောဟူသည်ကား၊ သောတွံ- ထိုသင်သည်၊ **ဝါယမဿူ**တိ- ဝါယမဿုဟူသည်ကား၊ တာနိ ရဋ္ဌကိစ္စာနိ- တိုင်းနိုင်ငံကိစ္စတို့ကို၊ ကရောန္တော- ပြုလျက်၊ တုလနဝသေန- နှိုင်းယှဉ်သည်၏အစွမ်းဖြင့်၊ တီရဏဝသေန- ဆုံးဖြတ်သည်၏အစွမ်းဖြင့်၊ ပစ္စက္ခကမ္မဝသေန- မျက်မှောက်ပြုအပ်သောအမှု၏အစွမ်းဖြင့်၊ တေသု တေသု ကိစ္စေသု- ထိုထိုကိစ္စတို့၌၊ ဝီရိယံ- ဝီရိယကို၊ ကရဿု- ပြုလော့၊ **တတ္ထေဝ တေ ဝတ္တပဒါ**တိ- တတ္ထေဝ တေ ဝတ္တပဒါဟူသည်ကား၊ တာတ- ဖခင်၊ တွံ- သင်သည်၊ ယံ- အကြင်ငါ့ကို၊ ကတံ- ပြုအပ်သော၊ ကိံသု ကိစ္စံ- အဘယ် အမှုသည်၊ ဝရံ- မြတ်သနည်း၊ ဣတိ- ဤသို့၊ ပုစ္ဆိ- မေးခဲ့ပြီ၊ တဝ- သင်၏၊ တတ္ထ ပဥှေယေဝ- ထိုပြဿနာ၌သာလျှင်၊ မယာ- ငါသည်၊ ပဉ္စမေနေဝ ဝိတထန္တိအာဒယော- ပဉ္စမေနေဝ ဝိတထံအစရှိကုန်သော၊ ဧတေ- ဤအဖြေစကားရပ်တို့ကို၊ ဝုတ္တာ- ဆိုအပ်ကုန်ပြီ၊ ဧတေ- ထိုဆိုအပ်ပြီးသော စကားရပ်တို့သည်၊ ဝတ္တပဒါ ဝတ္တကောဋ္ဌာသာ- ကျင့်ဝတ်အစုတို့သည်၊ ဧဝံ- ဤဆိုအပ်ပြီးသော နည်းဖြင့်၊ တတ္ထ- ထိုကျင့်ဝတ် အစု၌၊ ဝတ္တဿု- ကျင့်လော့၊ **ဧသော**တိ- ဧသဟူသည်ကား၊ တေ- သင့်အား၊ မယာ- ငါသည်၊ ယာ- အကြင်စကားကို၊ ကထိတာ- ဆိုအပ်ပြီ၊ ဧသာဝ- ဤစကားသည် ပင်လျှင်၊ တဝ- သင့်အတွက်၊ အနုသာသနီ- အဆုံးအမ စကားတည်း၊ **အလန္တိ**- အလံဟူသည်ကား၊ ဟိ- မှန်၏၊ ဧဝံ- ဤသို့၊ ဝတ္တမာနော- ကျင့်သော၊ ရာဇာ- မင်းသည်၊ အတ္တနော- မိမိ၏၊ မိတ္တေ- ချစ်အပ်သောသူတို့ကို၊ သုခါပေတုံ- ချမ်းသာစေခြင်းငှာ၊ အမိတ္တာနဉ္စ- ရန်သူတို့ကိုလည်း၊ ဒုက္ခာယ- ဆင်းရဲခြင်းငှာ၊ အလံ ပရိယတ္တော သမတ္ထော- စွမ်းနိုင်သည်၊ (ဟောတိ- ဖြစ်၏၊) ဣတိ- ဤကား၊ (အတ္ထော- အနက်တည်း။)

ဧဝံ- ဤသို့လျှင်၊ ဝေဿန္တရသကုဏော- ဝေဿန္တရအမည်ရှိသော ခင်ပုပ်ငှက်သည်၊ ဧကာယ ဂါထာယ- တစ်ဂါထာဖြင့်၊ ရညော- ပြဟ္မဒတ်မင်းအား၊ ပမာဒံ- မေ့လျော့ခြင်းကို၊ စောဒေတွာ- တိုက်တွန်း၍၊ ဧကာဒသဟိ- တစ်ဆယ့် တစ်ခုကုန်သော၊ ဂါထာဟိ- ဂါထာတို့ဖြင့်၊ ခမ္မေ- မင်းကျင့်တရားကို၊ ကထိတေ- ဟောအပ်သည်ရှိသော်၊ "ဗုဒ္ဓကီဠာယ- ဘုရားရှင်ကဲ့သို့ တင့်တယ်ခြင်းဖြင့်၊ ပဉှော- ပြဿနာကို၊ ကထိတော- ဖြေဆိုအပ်ပြီ၊" ဣတိ- ဤသို့၊ မဟာဇနော- များစွာသော လူအပေါင်းသည်၊ အစ္ဆရိယမ္ဘုတစိတ္တဇာတော- [အစ္ဆရိယ+အဗ္ဘုတ+စိတ္တ+ဇာဘ] 'ဖြစ်မြဲမဟုတ် ဖြစ်လေစွ၊ မဖြစ်စဖူး ဖြစ်လေစွ'ဟု ဖြစ်ပေါ်သော အံ့သြသော စိတ်,

နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍၊ သာဓု ကာရသတာနိ- အကြိမ်တစ်ရာ သာဓုခေါ်ခြင်းတို့ကို၊ ပဝတ္တေသိ- ဖြစ်စေပြီ၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ သောမနဿပ္ပတ္တော- ဝမ်းမြောက်ခြင်း၏ အဖြစ်သို့ ရောက်သည်ဖြစ်၍၊ အမစ္စေ- အမတ်တို့ကို၊ အာမန္တေတွာ- ခေါ်တော်မူ၍၊ "ဘောန္တော အမစ္စာ- အမတ်တို့ ဧဝံ- ဤသို့ (ရာဇဓမ္မံ- မင်းကျင့်တရားကို) ကထေန္တေန- ဟောပေးသော၊ မမ- ငါ၏၊ ပုတ္တေန- သားတော် ဖြစ်သော၊ ဝေဿန္တရေန- ဝေဿန္တရာသည်၊ ကေန- အဘယ်သူသည်၊ ကတ္တဗ္ဗံ- ပြုအပ်သော၊ ကိစ္စံ- အမှုကိစ္စကို၊ ကတံ- ပြုသင့်သနည်း၊" ဣတိ- ဤသို့ ပုစ္ဆိ- မေးတော်မူပြီ၊ ဒေဝ- အရှင်မင်းကြီး၊ (ဝေဿန္တရဿ- သားတော် ဝေဿန္တရာအား၊) မဟာသေနဂုတ္တေန- စစ်ဗိုလ်ချုပ်ကြီးသည်၊ (ကတ္တဗ္ဗံ- ပြုအပ်သော၊ ကိစ္စံ- အမှုကိစ္စကို၊ ကတံ- ပြုသင့်ပါ၏၊) ဣတိ- ဤသို့ (အာဟံသု- တင်လျှောက်ကုန်ပြီ) "တေနဟိ- ထိုသို့စစ်ဗိုလ်ချုပ်ကြီးအရာနှင့် သင့်ပါမူကား၊ အဿ- ထိုသားတော်ဝေဿန္တရာအား၊ မဟာသေနဂုတ္တဋ္ဌာနံ- စစ်ဗိုလ်ချုပ်ကြီးအရာကို၊ (အဟံ- ငါသည်၊) ဒမ္မိ- ပေးတော်မူ၏၊ ဣတိ- ဤသို့၊ ဝေဿန္တရံ- ဝေဿန္တရာကို၊ ဌာနန္တရေ- ရာထူး၌၊ ဌပေသိ- ထားတော်မူပြီ၊ သော- ထိုဝေဿန္တရာသည်၊ တတော- ထိုစစ်ဗိုလ်ချုပ်ကြီး အရာကို ရသောအခါမှ၊ ပဋ္ဌာယ- စ၍၊ ဌာနေ- စစ်ဗိုလ်ကြီးအရာ၌၊ ဌိတော- တည်လျက်၊ ပိတု- ခမည်းတော် ပြဟ္မဒတ်မင်း၏၊ ကမ္မံ- အမှုကြီးငယ်ကို၊ အကာသိ- ပြုပြီ၊ ဣတိ- ဤကား အပြီးတည်း၊ ဝေဿန္တရပဉှော- ဝေဿန္တရအမည်ရှိသော ခပ်ပုပ်ငှက်သည် (ဖြေဆိုအပ်သော) ပြဿနာသည်၊ နိဋ္ဌိတော- ပြီးပြီ။

ပုန- တစ်ဖန်၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ ကတိပါဟစ္စယေန- နှစ်ရက်၊ သုံးရက်လွန်သဖြင့်၊ ပုရိမနယေနေဝ- ရှေးနည်းဖြင့်သာလျှင်၊ ကုဏ္ဍလိနိယာ- ကုဏ္ဍလိနီ၏၊ သန္တိကံ- အထံသို့၊ ဒူတံ- တမန်သည်ကို၊ ပေသေတွာ- စေလွှတ်၍၊ သတ္တမေ- ခုနစ်ရက်မြောက်သော၊ ဒိဝသေ- နေ့၌၊ တတ္ထ- ထိုကုဏ္ဍလိနီ၏ နေရာအိမ်သို့၊ ဂန္တွာ- သွား၍၊ ပစ္စာဂန္တွာ- တစ်ဖန် ပြန်လာခဲ့၍၊ တတ္တေဝမဏ္ဍပမဇ္ဈေ- ထိုရှေးမဏ္ဍပ်၏အလယ်၌ပင်၊ နိသီဒိတွာ- နေ၍၊ ကုဏ္ဍလိနိံ- ကုဏ္ဍလိနီကို၊ အာဟရာပေတွာ- ဆောင်ခဲ့စေပြီး၍၊ သုဝဏ္ဏပီဌေ- ရွှေအင်းပျဉ်၌၊ နိသိန္နံ- ထိုင်နေသော ကုဏ္ဍလိနီကို၊ ရာဇဓမ္မံ- မင်းကျင့်တရားကို၊ ပုစ္ဆန္တော- မေးလိုသည် ဖြစ်၍၊ "သက္ကိသိ တွံ ကုဏ္ဍလိနိ (ပ) ကိံသုကိစ္စံ ကတံဝရ"န္တိ- သက္ကိသိ တွံ ကုဏ္ဍလိနိ (ပ) ကိံသု ကိစ္စံ ကတံ ဝရံ-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၄) [ခတ္တဗန္ဓုနိ(ခတ္တဗန္ဓုနီ)]- စစ်ဗိုလ်ချုပ်ကြီး၏နှမဖြစ်သော၊ [ကုဏ္ဍလိနိ(ကုဏ္ဍလိနီ)]- နားနှစ်ဘက်တို့၌ ထိန်လက်ရောင်မောင်း နားဒောင်းသဏ္ဌာန်အလျှံစွေးစွေး နှစ်ခုသော အရေးကြောင့်မည်ပေးသည်ဖြစ် ရှင်မကုဏ္ဍလိနီ၊ တွံ- ရှင်မသည်၊ [သက္ခိသိ(သက္ခိ)]- ဖြေစွမ်းနိုင်ပါမည်လော၊ မညသိ- ငါမေးတော်မူသောပြဿနာ၏ အနက်ကို သိပါလတ္တံ့လော၊ သက္ကောန္တိ- ဖြေစွမ်းနိုင်ပါမူကား၊ တံ- ရှင်မကို၊ ပုစ္ဆိဿာမိ- ငါမေး တော်မူအံ့၊ ရဋ္ဌံ- မင်းအဖြစ်ကို၊ ကာရေတုကာမေန- ပြုလိုသောသူသည်၊ ကိံသုကိစ္စံ- အဘယ်အကျင့်ကို၊ ကတံ- ကျင့်ခြင်းသည်၊ ဝရံ- မြတ်သနည်း။

တတ္ထ- ထိုသက္ခိသိစသော ဂါထာ၌၊ **သက္ခိသီ**တိ- သက္ခိသိဟူသည်ကား၊ မယာ- ငါသည်၊ ပုဋ္ဌပဉှံ- မေးအပ်သော ပြဿနာကို၊ ကထေတုံ- ဖြေခြင်းငှာ၊ သက္ခိဿသိ- စွမ်းနိုင်လတ္တံ့လော၊ ဣတိ- ဤသို့၊ ပုစ္ဆတိ- မေး၏၊ **ကုဏ္ဍလိနီ**တိ- ကုဏ္ဍလိနိဟူသည် ကား၊ တဿာ- ထိုငှက်မသမီး၏၊ သလိင်္ဂေဟ- မိမိ၏ အသွင်အပြင်မှ၊ အာဂတနာမေန- လာသောနာမည်ဖြင့်၊ အာလပတိ- ကုဏ္ဍလိနီဟုခေါ်၏၊ ကိရ- ဆိုဦးအံ့၊ တဿာ- ထိုငှက်မသမီး၏၊ ဒွီသု- နှစ်ဘက်ကုန်သော၊ ကဏ္ဏပိဋ္ဌေသု- နားရွက်တို့၌၊ ကုဏ္ဍလသဏ္ဌာနာ- နားဒောင်းသဏ္ဌာန်၌ရှိကုန်သော၊ ဒွေ- နှစ်ခုကုန်သော၊ လေခါ- အရေးအကြောင်းတို့သည်၊ အဟေသုံ- ဖြစ်ကုန်၏၊ တေန- ထို့ကြောင့်၊ အဿာ- ထိုငှက်မသမီး၏၊ "ကုဏ္ဍလိနီ"တိ- ကုဏ္ဍလိနီ ဟူသော၊ နာမံ- အမည်ကို၊ ကာရေသိ- ပြုစေခဲ့ပြီ၊ **မညသီ**တိ- မညသိဟူသည်ကား၊ မယာ- ငါသည်၊ ပုဋ္ဌပဉှဿ- မေးအပ်သောပြဿနာ၏၊ အတ္ထံ- အနက်ကို၊ ဇာနိဿသိ- သိလတ္တံ့လော၊ ဣတိ- ဤကား၊ (အတ္ထော- အနက်တည်း၊) **ခတ္တဗန္ဓုနီ**တိ- ခတ္တဗန္ဓုနိဟူသည်ကား၊ ခတ္တဿ- မင်းမျိုးဖြစ်သော၊ မဟာသေန- ဂုတ္တဿ- စစ်ဗိုလ်ချုပ်ကြီး၏၊ ဘဂိနိဘာဝေန- နှမ၏အဖြစ်ကြောင့်၊ နံ- ထိုကုဏ္ဍလိနီကို၊ ဧဝံ အာလပတိ- ဤသို့ခတ္တဗန္ဓုနိဟုခေါ်၏၊ ပန- ဆက်၍ဆိုဦးအံ့၊ ကသ္မာ- အဘယ့်ကြောင့်၊ ဧသ ဧသော- ဤပြဟ္မဒတ်မင်းကြီး သည်၊ ဝေဿန္တရသကုဏံ- ဝေဿန္တရငှက်ကို၊ ဧဝံ- ဤသို့၊ အပုစ္ဆိတွာ- မမေးမူ၍၊ ဣမမေဝ- ဤကုဏ္ဍလိနိကိုသာလျှင်၊ ပုစ္ဆတိ- မေးသနည်း၊ ဣတိ- ဤကား အမေးတည်း၊? ဣတ္ထိဘာဝေန- မိန်းမ၏အဖြစ်ကြောင့်၊ (ဣတိ- ဤကား အဖြေတည်း၊) ဟိ- ချဲ့ဦးအံ့၊ ဣတ္ထိယော- မိန်းမတို့သည်၊ ပရိတ္တပညာ- နည်းသော ပညာရှိကုန်၏၊ တသ္မာ- ထို့ကြောင့်၊ "သစေ- အကယ်၍၊ သက္ကောတိ- စွမ်းနိုင်အံ့၊

ပုစ္ဆိဿာမိ- မေးအံ့၊ နော စေ- အကယ်၍မစွမ်းနိုင်အံ့၊ န ပုစ္ဆိဿာမိ- မမေးအံ့၊" ဣတိ- ဤသို့၊ ဝိမံသနဝသေန- စူးစမ်းသည်၏အစွမ်းဖြင့်၊ ဧဝံ- ဤသို့၊ ပုစ္ဆိတွာ- မေး၍၊ တညေဝ ပဥှံ- ထိုပြဿနာကိုပင်လျှင်၊ ပုစ္ဆိ- မေးခဲ့ပြီ၊ သာ- ထိုကုဏ္ဍလိနီသည်၊ ဧဝံ- ဤသို့၊ ရညာ- မင်းသည်၊ ရာဇဓမ္မေ- မင်းကျင့်တရားကို၊ ပုစ္ဆိတေ- မေးအပ်သည်ရှိသော်၊ "တာတ- ဖခင်၊ တွံ- သင်သည်၊ မံ- ငါ့ကို၊ 'ဣတ္ထိကာ နာမ- မိန်းမမည်သည်၊ ကိံ- အဘယ်ကို၊ ကထေဿတိ- ဖြေဆိုနိုင်လတ္တံ့နည်း၊ ဣတိ- ဤသို့၊ ဝိမံသသိ မညေ- စူးစမ်းသည်၏ဟုထင်မိ၏၊ တေ- သင်မင်းကြီးအား၊ သကလံ- အလုံးစုံသော၊ ရာဇဓမ္မံ- မင်းကျင့်တရားကို၊ ဒွီသုယေဝ- နှစ်ခုသာလျှင် ဖြစ်ကုန်သော၊ ပဒေသု- ပုဒ်တို့၌၊ ပက္ခိပိတွာ- ထည့်သွင်း၍ (ပစ်ချ၍)၊ ကထေဿာမိ- ဖြေဆိုအံ့၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ အာဟ- ဆို၏။

သာ- ထိုကုဏ္ဍလိနီသည်၊ ဧဝံ- ဤ"သက္ခိသိ တွံ"အစရှိသော ဂါထာဖြင့်၊ ရညာ- ပြဟ္မဒတ်မင်းသည်၊ ရာဇဓမ္မေ- မင်းကျင့်တရားကို၊ ပုစ္ဆိတေ- မေးအပ်သည်ရှိသော်၊ "တာတ- ခမည်းတော်မင်းမြတ်၊ တွံ- သင်ခမည်းတော်မင်းမြတ်သည်၊ မံ- ငါ့ကို၊ 'ဣတ္ထိကာနာမ- မိန်းမငယ်မည်သည်ကား၊ ကိံ- အဘယ်ကို၊ ကထေဿတိ- ဖြေဆိုနိုင်အံ့နည်း၊' ဣတိ- ဤသို့၊ ဝိမံသတိမညေ- စုံစမ်းတော်မူယောင်တကား၊ တေ- သင်ဖခင်မင်းမြတ်အား၊ သကလံ- အလုံးစုံသော၊ ရာဇဓမ္မံ- မင်းကျင့်တရားကို၊ ဒွီသုယေဝ- နှစ်ခုတို့သာလျှင်ဖြစ်ကုန်သော၊ ပဒေသု- အကြောင်းတရားတို့၌၊ ပက္ခိပိတွာ- ထည့်သွင်း၍၊ ကထေဿာမိ- ဟောပါအံ့၊" ဣတိ- ဤသို့ ဝတွာ- ဆို၍၊ (ကထေန္တော- ဟောလိုသည်ဖြစ်၍၊) "ဒွေဝ တာတ ပဒကာနိ (ပ) ဒုဿီလော ဝိနိပါတိကော"တိ- ဒွေဝ တာတ ပဒကာနိ (ပ) ဒုဿီလော ဝိနိပါတိကော- ဟူကုန်သော၊ (ဣမာ ဧကာဒသဂါထာ- ဤတစ်ဆယ့်တစ်ဂါထာ တို့ကို၊) အာဟ- ဆိုပြီ။

(၁၅) တာတ- ခမည်းတော်မင်းမြတ်ပြဟ္မဒတ်၊ အလဒ္ဓဿ- မရသေးသောစည်းစိမ်ကို၊ ယာလာဘောစ- အကြင်ရအောင်ပြုခြင်းသည်လည်းကောင်း၊ လဒ္ဓဿ- ရပြီးသောစည်းစိမ်ကို ယာ[အနုရက္ခဏာစ (အနုရက္ခနာစ)]- အကြင် စောင့်ရှောက်ခြင်းသည်လည်းကောင်း၊ ဣတိ- ဤသို့၊ ပဒကာနိ- မင်းတို့ကျင့်ရာသော အကြောင်းတို့သည်၊ ဒွေဝ- နှစ်ပါးတို့သည်သာတည်း၊ ယတ္ထ- အကြင်နှစ်ပါးသောအကြောင်း၌၊ သဗ္ဗံ- အလုံးစုံသော အကျိုးသည်၊

ပတိဋ္ဌိတံ- တည်၏၊ တတ္ထ- ထိုနှစ်ပါးသော အကြောင်း၌၊ တွံ- ခမည်းတော်မင်းမြတ်သည်၊ ပတိဋ္ဌာဟိ- တည်တော် မူလော။

(၁၆) တာတ- ခမည်းတော်မင်းမြတ် ပြဟ္မဒတ်၊ [မိီရေ(မိရေ)]- တည်ကြည်ကုန်သော၊ အတ္ထသ- ဘဏ္ဍာစိုးအစရှိသောသူတို့သည် ပြုအပ်သော အမှုအရေး၌၊ ကောဝိဒေ- လိမ္မာကုန်သော၊ အမစ္စေ- အမတ်တို့ကို၊ ဇာနာဟိ- စုံစမ်းတော်မူလော၊ တာတ- ခမည်းတော်ဘုရားမင်းတရား၊ အနက္ခာကိတဝေ- ကြွေလောင်းအန်ခပ်လှည့်ပတ် စည်းလဲခြင်းကင်းကုန်သော၊ အသောဏ္ဍေ- မုန့်သုရာနံ့သာပန်းတို့ကိုစားသောက် လိမ်းကျံဆင် ပန်ကြူးခြင်းကင်းကုန်သော၊ အဝိနာသကေ- မင်း၏ဥစ္စာ ဘဏ္ဍာတော်တို့ကို မဖျက်ဆီးတတ်ကုန်သော၊ အမစ္စေ- အမတ်တို့ကို၊ ဇာနာဟိ- စုံစမ်းတော်မူလော။

(၁၇) တာတ- ခမည်းတော်မင်းမြတ်၊ သူတော- ရထားထိန်းသည်၊ ရထံ- မိမိနှင်သောရထားကို၊ [သင်္ဂျော(သံဂဈော)]က္ကဝ- မညီမညွတ်သော ခရီးသို့ မရောက်စေရ မစစောင့်ရှောက်သကဲ့သို့၊ တေ- သင်ခမည်းတော်မင်းမြတ်၏၊ ယရေ- ရွှေနန်းတော်၌၊ ယဋ္ဌဝမနံ- အကြင်ဘဏ္ဍာတော်သည်လျှင်၊ သိယာ- ရှိသည်ဖြစ်ရာ၏၊ တံမနံ- ထိုဘဏ္ဍာတော်ကို၊ ယောစအမစ္စော- အကြင်အမတ်သည်သာလျှင်၊ ရက္ခေယျ- စောင့်ရှောက်ရာ၏၊ သောအမစ္စော- ထိုအမတ်သည်၊ တေ- ခမည်းတော်မင်းမြတ်၏၊ အမစ္စောနာမ- ဘဏ္ဍာတော်စိုးစသောအရာနှင့် သင့်လျော်သော အမတ်မည်၏၊ တာဒိသံ- ထိုသို့သဘောရှိသော သူကို၊ သံဂဟေတွာ- ချီးမြှောက်တော်မူ၍၊ ကိစ္စာနိ- ဘဏ္ဍာစိုးစသောအရာတို့ကို၊ ကာရယေ- ခန့်ထား တော်မူလော။

(၁၈) တာတ- ခမည်းတော်မင်းမြတ်လောကနတ်၊ [သုသင်္ဂဟိတန္တဇနော(သုသံဟိတန္တဇနော)]- ကိုယ်တော်မြတ်၏ အထံတော်၌ မြဲစွဲစေပါးသောသူကိုပေးကမ်းခြင်းအစရှိသည်ဖြင့် ကောင်းစွာ ချီးမြှင့်တော်မူ၍၊ သယံ- ကိုယ်တော်တိုင်၊ ဝိတ္တံ- ဥစ္စာကို၊ အဝေက္ခိယ- ရှုတော်မူ၍၊ နိဓိဉ္စ- ဥစ္စာမြှုပ်ထားတော်မူခြင်းကိုလည်းကောင်း၊ ဣဏဒါနဉ္စ- ကြွေးမြီချပေးတော်မူခြင်းကိုလည်းကောင်း၊ ပရပတ္တိယာ- သူ့ကိုယုံကြည်သဖြင့်၊ နကရေမာကရိ- ပြုတော်မမူလင့်။ အတ္တပစ္စက္ခမေဝ- ကိုယ်တော့်မျက်မြင်သာလျှင်၊ ကရေယျာဟိ- ပြုတော်မူလော။

(၁၉) တာတ- ခမည်းတော်မင်းမြတ်၊ အာယံ- ဆက်သဝင်ရောက်လာသော အခွန်အတုတ်ကိုလည်းကောင်း၊ ဝယံ- ပေးရသမျှသော မျိုးရိက္ခာကိုလည်းကောင်း၊ သယံဇညာ- ကိုယ်တော်တိုင်သိတော်မူရာ၏၊ ကတာကတံ- ကျေးဇူးပြုဖူး မပြုဖူးသော သူကိုလည်း၊ သယံဇညာ- ကိုယ်တော်တိုင်သိတော်မူရာ၏၊ နိဂ္ဂဏှာရဟံ- နှိပ်ကွပ်ထိုက်သော သူကို၊ နိဂ္ဂဏှေ- နှိပ်ကွက်ရာ၏၊ ပဂ္ဂဏှာရဟံ- ချီးမြှောက်ထိုက်သော သူကို၊ ပဂ္ဂဏှေ- ချီးမြှောက်ရာ၏။

(၂၀) ရထေသဘ- ရထားစီချင်းမင်းတကာတို့ထက်မြတ်တော်မူသော ခမည်းတော်ဘုရားမင်းတရား၊ [ဇာနပဒံ(ဇနပ္ပဒံ)]ဇနပဒဝါသီနံ- ဇနပုဒ်သူတို့၏၊ အတ္တံ- စီရင်ဖွယ်အရေးကို၊ သယံ- ကိုယ်တော်တိုင်၊ အနုသာသ- စီရင်တော်မူလော၊ အဓမ္မိကာ- မတရားသောအမှု၌ ယှဉ်တတ်ကုန်သော၊ [ယုတ္တာ(အာယုတ္တာ)]- တရားသူကြီးတို့သည်၊ တေ- ဘခင်မင်းမြတ်၏၊ ဓနဉ္စ- ဥစ္စာကိုလည်းကောင်း၊ ရဋ္ဌဉ္စ- တိုင်းနိုင်ငံသူကိုလည်းကောင်း၊ မာနာသယုံ- မဖျက်ဆီးစေကုန်လင့်။

(၂၁) ဟိယဿ- အကြင်ကြောင့်၊ မန္တော- မလိမ္မာသော သူသည်၊ ဝေဂသာ- မဆင် မခြင်အဆောတလျင်၊ ကတံ- ပြုမိသော၊ ကမ္မံ- အမှုကို၊ ပဋိစ္စ- စွဲ၍၊ ပစ္ဆာနုတပ္ပတိ- နောက်ကာလ၌ ပူပန်ဆင်းရဲရ၏၊ တသ္မာ- ထိုကြောင့်၊ တာတ- ခမည်းတော်မင်းမြတ်၊ တွံ- ခမည်းတော်မင်းမြတ်သည်၊ ဝေဂေန- မဆင်မခြင် အဆောတလျင်၊ ကိစ္စာနိ- အမှုတို့ကို၊ မာကရောသိ- ပြုတော်မမူလင့်၊ သိဝါ- ဆင်ဆင်ခြင်ခြင် ဖြည်းဖြည်း ညှင်းညှင်း၊ ကာရယေ- ပြုတော်မူလော။*

(၂၂) တာတ- ခမည်းတော်မင်းမြတ်၊ ကောဓသာ- အမျက်ထွက်ခြင်းကြောင့်၊ ဖိတာဖိတာနိ- ပွင့်လင်းစွာကုန်သော၊ ဗဟူဗဟူနိ- များစွာကုန်သော၊ ကုလာကုလာနိ- မင်းမျိုးတို့သည်၊ အကုလတံ- ကြီးစွာသော ပျက်စီးခြင်းသို့၊ ဟိယဿ- အကြင်ကြောင့်၊ ဂတာဂတာနိ- ရောက်ကုန်၏၊ တသ္မာ- ထိုကြောင့်၊ အမိသရေ- ကောင်းမှုကို လွန်၍ဖြစ်သော သူတစ်ပါးတို့၏ မကောင်းမှု၌၊ တေ- သင်ခမည်းတော်မင်းမြတ်၏၊ ဟဒယံ- စိတ်တော်သည်၊ သုဗာဠှံ- အလွန်ပြင်းစွာ၊ အဓိကောပိတံ- အမျက်ကို ဖြစ်စေ၍၊ မာမုဥ္စ- လွှတ်တော်မမူလင့်။

* မာကရောသိဝါ- ကိုယ်တိုင်လည်း မပြုပါလင့်၊ မာကာရယေသိဝါ- သူတစ်ပါးကိုလည်း မပြုပါစေလင့်၊ ဤသို့ပေးမှ ဆဋ္ဌမူနှင့်ညီမည်။

(၂၃) တာတ- ခမည်းတော်မင်းမြတ်၊ တွံ- သင်ခမည်းတော် မင်းမြတ်သည်၊ ဣဿရောမှီတိ- ငါအစိုးရသော မင်းမြတ်တကားဟူ၍၊ မဟာဇနကာယံ- တိုင်းနိုင်ငံသား လူများအပေါင်းကို၊ အနတ္ထာယ- အကျိုးမရှိသော အကျင့်ကို ကျင့်စိမ့်သောငှာ၊ မာပတာရယိ- ပြုတော်မမူလင့်၊ တေ- သင်ခမည်းတော် မင်းမြတ်၏၊ ဝိဇိတေ- နိုင်ငံတော်၌၊ ဣတ္ထီနဉ္စ- မိန်းမတို့အားလည်းကောင်း၊ ပုရိသာနဉ္စ- ယောကျ်ားတို့အားလည်းကောင်း၊ ဒုခုဒြယော- ဆင်းရဲခြင်း၏ အဖြစ်သည်၊ [မာအာသိ(မာအသိ)]- မဖြစ်စေလင့်။

(၂၄) တာတ- ခမည်းတော်မင်းမြတ်၊ အပေတလောမဟံသဿ- သံသရာပစ္စုပ္ပန် နှစ်တန်သော ဘေးမှ ကြောက်ခြင်းကင်းထသော၊ ကာမာနုသာရိနော- မိမိအလိုသို့သာ လိုက်လေ့ရှိသော၊ ရညော- မင်း၏၊ သဗ္ဗေ- ခပ်သိမ်းကုန်သော၊ ဘောဂေါ- စည်းစိမ်တို့သည်၊ ဝိနဿန္တိ- ပျက်စီး ကုန်၏၊ တံဘောဂဗျသနံ- ထိုစည်းစိမ်ပျက်စီးခြင်းကို၊ ရညော- မင်း၏၊ အဃံ- ဆင်းရဲဟူ၍၊ ဝုစ္စတေ- ဆိုအပ်၏။

(၂၅) တာတ- ခမည်းတော်မင်းမြတ်၊ တတ္ထေဝ- ခမည်းတော်မင်းမြတ်၏ ကိံသုကိစ္စံ ကတံဝရံဟူသော ထိုပြဿနာ၌သာလျှင်၊ ဝုတ္တာ- ကျွန်ုပ်သည် ဖြေဆိုအပ်ကုန်သော၊ တေ- ထိုဒေဝတာတပဒကာနိ အစရှိသည်တို့သည်၊ ဝတ္တပဒါ- မင်းကျင့်တရားအစုတို့တည်း၊ ဧတ္ထ- ဤမင်းကျင့်တရားအစု၌၊ တွံ- ဖခင်မင်းမြက်သည်၊ ဝတ္တဿု- ကျင့်တော်မူလော၊ ဧသာဝ- ဤစကားသည် သာလျှင်၊ အနုသာသနီ- ခမည်းတော်မင်းမြတ်အား ကျွန်ုပ်သည်ပေးအပ်သော အဆုံးအမတည်း၊ တွံ- ဘခင်မင်းမြတ်သည်၊ ဣမံ အနုသာသနံ- ဤအဆုံးအမကို သုတွာ- နာတော်မူ၍၊ ဒါနိ- ယခုအခါ၌၊ ဒက္ခော- မပျင်းမရိသည်၊ ပုညကရော- ကောင်းမှုကိုပြုတတ်သည်၊ အသောဏ္ဍော- သုရာသောက်ကြူးခြင်း အစရှိသည်မှ ကင်းသည်၊ အဝိနာသကော- ပစ္စုပ္ပန်သံသရာအကျိုးစီးပွားကို မဖျက်ဆီး တတ်သည်၊ အဿု- ဖြစ်တော်မူလော၊ မဟာရာဇ- မြတ်သောမင်းကြီး၊ တွံ- သင်မင်းကြီးသည်၊ သီလဝါ- အကျင့်သီလနှင့် ပြည့်စုံသည်၊ အဿု- ဖြစ်တော်မူ လော၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ဒုဿီလော- သီလမရှိသော သူသည်၊ ဝိနိပါတိကော- ငရဲသို့ကျသည်မည်၏။

တတ္ထ- ထိုဒွေဝ တာတစသော ဂါထာတို့၌၊ **ပဒကာနီ**တိ- ပဒကာနိဟူသည်ကား၊ ကာရဏပဒါနိ- အကြောင်းတရားတို့တည်း၊ **ယတ္ထာ**တိ- ယတ္ထဟူသည်ကား၊ ဒွိသု-

နှစ်ပါးကုန်သော၊ ယေသု ပဒေသု- အကြင်ကြောင်းတရားတို့၌၊ သဗ္ဗံ- အလုံးစုံသော၊ အတ္ထဇာတံ- အကျိုးတရား၏ဖြစ်ခြင်းသည်၊ ဟိတသုခံ- စီးပွားချမ်းသာသည်၊ ပတိဋ္ဌိတံ- တည်၏၊ **အလဒ္ဓဿာ**တိ- အလဒ္ဓဿဟူသည်ကား၊ ပုဗ္ဗေ- ရှေး၌၊ အလဒ္ဓဿ- မရအပ်သေးသော၊ လာဘဿ- လာဘ်၏၊ ယော လာဘော- အကြင်ရခြင်းသည်လည်းကောင်း၊ လဒ္ဓဿ- ရအပ်ပြီးသောလာဘ်ကို၊ ယာ စ အနုရက္ခဏာ- အစဉ်စောင့်ထိန်းခြင်းသည်လည်းကောင်း၊ ဟိ- ခဲ့၍ဆိုဦးအံ့၊ တာတ- ဖခင်၊ အနုပ္ပန္နဿ- မဖြစ်ပေါ်သေးသော၊ လာဘဿ- လာဘ်၏၊ ဥပ္ပါဒနံ နာမ- ဖြစ်ခြင်းမည်သည်၊ န ဘာရော- ဝန်မလေး၊ ပန- စင်စစ်ကား၊ ဥပ္ပန္နဿ- ဖြစ်ပြီးသော လာဘ်ကို၊ အနုရက္ခဏမေဝ- အစဉ်စောင့်ရှောက်ခြင်းသည်သာလျှင်၊ ဘာရော- ဝန်လေး၏၊ ဟိ- မှန်၏၊ ဧကစ္စော- အချို့သော သူသည်၊ ယသံ- စည်းစိမ်ကို၊ ဥပ္ပါဒေတွာပိ- ဖြစ်စေပြီး၍လည်း၊ ယသေ- စည်းစိမ်၌၊ ပမတ္တော- မေ့လျော့၍၊ ပမာဒံ- မေ့လျော့ခြင်းကို၊ ဥပ္ပါဒေတွာ- ဖြစ်စေ၍၊ ပါဏာတိပါတာဒီနိ- ပါဏာတိပါတအစရှိသည်တို့ကို၊ ကရောတိ- ပြု၏၊ မဟာစောရော- ခိုးသူကြီးသည်၊ ဟုတွာ- ဖြစ်၍၊ ရဋ္ဌံ- တိုင်းနိုင်ငံကို၊ ဝိလုမ္ပမာနော- လုယက်လျက်၊ စရတိ- လှည့်လည်၏၊ အထ- ထိုအခါ၌၊ နံ- ထိုသူကို၊ ရာဇာနော- မင်းတို့သည်၊ ဂါဟာပေတွာ- ဖမ်းစေ၍၊ မဟာဝိနာသံ- ကြီးစွာသော ပျက်စီးခြင်းသို့၊ ပါပေန္တိ- ရောက်စေကုန်၏၊ အထ ဝါ- တနည်းကား၊ ဥပ္ပန္နရူပါဒီသု- ဖြစ်ပြီးသောရူပါရုံအစရှိကုန်သော၊ ကာမဂုဏေသု- ကာမဂုဏ်တို့၌၊ ပမတ္တော- မေ့လျော့သူသည်၊ အယောနိသော- မသင့်သောအားဖြင့်၊ ဓနံ- ဥစ္စာကို၊ နာသေန္တော- ဖျက်ဆီးလျက်၊ သဗ္ဗသာပတေယျေ- အလုံးစုံသော စည်းစိမ်ဥစ္စာသည်၊ ခီဏေ- ကုန်သည်ရှိသော်၊ ကပဏော- အထီးကျန်သည်၊ ဟုတွာ- ဖြစ်၍၊ စီရကဝသနော- ဆွေ့ဖြင့် ပြုလုပ်ထားအပ်သော အဝတ်ကိုဝတ်လျက်၊ ကပါလံ- ခွက်ကို၊ အာဒါယ- ယူ၍၊ စရတိ- လှည့်လည်၏၊ ပန- အဖို့တစ်ပါးကား၊ ပဗ္ဗဇိတော ဝါ- ရဟန်းဖြစ်သောပုဂ္ဂိုလ်သည်လည်း၊ ဂန္ထဓုရာဒိဝသေန- ဂန္ထဓုရအစရှိသည်၏အစွမ်းဖြင့်၊ လာဘသက္ကာရံ- လာဘ်ပူဇော်သက္ကာကို၊ နိဗ္ဗတ္တေတွာ- ဖြစ်စေ၍၊ ပမတ္တော- မေ့လျော့လျက်၊ ဟီနာယာဝတ္တတိ- လှည့်ထွက်တတ်၏၊ အပရော- ထို့အပြင်၊ ပဌမဇ္ဈာနာဒီနိ- ပဌမဈာန်အစရှိသည်တို့ကို၊ နိဗ္ဗတ္တေတွာပိ- ဖြစ်စေပြီး၍လည်း၊ မုဋ္ဌဿတိတာယ- သတိကင်းလွတ်သည်၏အဖြစ်ကြောင့်၊ တထာရူပေ- ထိုသို့သဘောရှိသော၊ အာရမ္မဏေ- အာရုံ၌၊ ဗဇ္ဈိတွာ- ကပ်၍၊ ဈာနာ- ဈာန်မှ၊ ပရိဟာယတိ- ယုတ်လျော့တတ်၏၊ ဧဝံ- ဤသို့လျှင်၊ ဥပ္ပန္နဿ-

ဖြစ်ပြီးသော၊ ယဿဿ ဝါ- စည်းစိမ်ကိုလည်းကောင်း၊ ဈာနာဒိလာဘဿ ဝါ- ဈာန်အစရှိသည်ကိုရခြင်းကိုလည်းကောင်း၊ ရက္ခဏမေဝ- စောင့်ရှောက်ခြင်းကသာလျှင်၊ ဒုက္ကရံ- ဆင်းရဲ၏၊ ပန- ဆက်၍ ဆိုဦးအံ့၊ တဒတ္ထဒီပနတ္ထံ- ထိုခဲယဉ်းပုံကို ပြခြင်းအကျိုးငှာ၊ ဒေဝဒတ္တဿ- ဒေဝဒတ်၏၊ ဝတ္ထုံ စ- ဝတ္ထုကိုလည်းကောင်း၊ **မုဒုလက္ခဏ(ပ) သက်ပွဇာတကာဒီနိ စ**- မုဒုလက္ခဏဇာတ်၊(ဇာ၊၁၊၁၆၆) လောမသကဿပဇာတ်၊ (ဇာ၊၁၊၉၊၆၀) ဟရိတစဇာတ်၊ (ဇာ၊၁၊၉၊၄၀)- သက်ပွဇာတ်အစရှိသည်တို့ကိုလည်း ကောင်း၊ (ဇာ၊၁၊၃၊) ကထေတဗ္ဗာနိ- ဆိုအပ်ကုန်၏၊ ပန- အဖို့တစ်ပါးကား၊ ဧကော- တစ်ယောက်သော ပုဂ္ဂိုလ်သည်၊ လာဘသက္ကာရံ- လာဘ်ပူဇော်သက္ကာရကို၊ ဉပ္ပါဒေတွာ- ဖြစ်စေ၍၊ အပ္ပမာဒေ- သတိတရား၌၊ ဌတွာ- တည်၍၊ ကလျာဏကမ္မံ- ကောင်းမှုကို၊ ကရောတိ- ပြု၏၊ တဿ- ထိုပုဂ္ဂိုလ်၏၊ သော ယသော- ထိုစည်းစိမ်ချမ်းသာသည်၊ သုက္ကပက္ခေ- လဆန်းပက္ခ၌၊ စန္ဒော ဝိယ- လကဲ့သို့၊ ဝဍ္ဎတိ- တိုးပွား၏၊ တသ္မာ- ထို့ကြောင့်၊ မဟာရာဇ- မြတ်သော မင်းကြီး၊ အပ္ပမတ္တော- မမေ့မလျော့သည်ဖြစ်၍၊ ပယောဂသမ္ပတ္တိယာ- အားထုတ်ခြင်းဟူသော သမ္ပတ္တိ၌၊ ဌတွာ- တည်၍၊ ဓမ္မေန- တရားသဖြင့်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေန္တော- ပြုစေလျက်၊ တဝ- သင်၏၊ ဉပ္ပန္နံ- ဖြစ်ပြီးသော၊ ယသံ- စည်းစိမ်ချမ်းသာကို၊ အနုရက္ခာဟိ- စောင့်ထိန်းလော့၊ ဣတိ- ဤသို့ ဆုံးမ၏။

**ဇာနာဟီ**တိ- ဇနာဟိဟူသည်ကား၊ ဘဏ္ဍာဂါရိကကမ္မာဒီနံ- ဘဏ္ဍာစိုးတို့ပြု လုပ်အပ်သော အမှုကိစ္စအစရှိသည်တို့ကို၊ ကရဏတ္ထံ- ပြုခြင်းအကျိုးငှာ၊ ဉပဓာရေဟိ- စူးစမ်းလော့၊ **အနက္ခာကိတဝေ**တိ- အနက္ခာကိတဝေဟူသည်ကား၊ အနက္ခေ- လောင်းကစားကင်းကုန်သော၊ အကိတဝေ- ကြွေအန်မကြူးကုန်သော၊ အဇုတကရေ စေဝ- လောင်းကစားမှုကို မပြုတတ်ကုန်သော သူတို့ကိုလည်းကောင်း၊ အကေရာဋိကေစ- မကောက်ကျစ်တတ်သော သူတို့ကိုလည်းကောင်း၊ **အသောဏ္ဍေ**တိ- အသောဏ္ဍေ ဟူသည်ကား၊ ပူဝသုရာဂန္ဓမာလာ သောဏ္ဍဘာဝရဟိတေ- မုန့်စားခြင်း သေသောက်ခြင်း နံ့သာပန်းတို့ဖြင့် တန်ဆာဆင်ခြင်းစသည်တို့၌ လွန်ကြူးခြင်းမှ ကင်းကုန်သော သူတို့ကို၊ အဝိနာသကေတိ- အဝိနာသကေဟူသည်ကား၊ တဝ- သင်မင်းကြီး၏၊ သန္တကာနံ- ဥစ္စာဖြစ်ကုန်သော၊ ဓနဓညာဒီနံ- ဥစ္စာစပါးအစရှိသည်တို့ကို၊ အဝိနာသကေ- မဖျက်ဆီးတတ်ကုန်သော သူတို့ကို၊ ယောတိ- ယောဟူသည်ကား၊ ယော အမစ္စော- အကြင် အမတ်သည်၊ ယဇ္ဇေဝါတိ- ယဇ္ဇေဝါဟူသည်ကား၊ တေ- သင်မင်းကြီး၏၊

ယရေ- အိမ်၌၊ ယဥ္စခနံ- အကြင် ဥစ္စာသည်လည်း၊ သိယာ- ရှိရာ၏၊ တံ- ထိုဥစ္စာကို၊ ရက္ခေယျ- စောင့်ရှောက်ရာ၏၊ **သူတောဝါ**တိ- သူတောဝဟူသည်ကား၊ သာရထိ- ရထားထိန်းသည်၊ ဝိသမ မဂ္ဂနိဝါရဏတ္ထံ- မညီမညွတ်သော လမ်းကို တားမြစ်ခြင်း အကျိုးငှာ၊ အဿေ- မြင်းတို့ကို၊ သင်္ဂဏှန္တော- သိမ်းယူလျက်၊ ရထံ- ရထားကို၊ သင်္ဂေါပယျယထာ- စောင့်ရှောက်ဘိသကဲ့သို့၊ ဧဝံ- ဤအတူ၊ ယော- အကြင်ပုဂ္ဂိုလ် သည်၊ ဘောဂေဟိ- စည်းစိမ်တို့နှင့်၊ သဟ- တကွ၊ တံ- သင့်ကို၊ ရက္ခိတုံ- စောင့်ရှောက်ခြင်း ငှာ၊ သက္ကောတိ- စွမ်းနိုင်၏၊ သော- ထိုပုဂ္ဂိုလ်သည်၊ တေ- သင်မင်းကြီး၏၊ အမစ္စော နာမ- အမတ်မည်၏၊ တာဒိသံ- ထိုသို့သောအမတ်ကို၊ သင်္ဂဟေတွာ- ချီးမြှောက်၍၊ ဘဏ္ဍာဂါရိကာဒိကိစ္စာနိ- ဘဏ္ဍားစိုးစသည်တို့ပြုအပ်သော အမှုကိစ္စတို့ကို၊ ကာရ- ယေ- ပြုစေရာ၏။

**သုသင်္ဂဟိတန္တဇနော**တိ- သုသင်္ဂဟိတန္တဇနောဟူသည်ကား၊ တာတ- ဖခင်၊ ဟိ- မှန်၏၊ ယဿ ရညော- အကြင်မင်း၏၊ အတ္တနော- မိမိ၏၊ အန္တောဇနောစ- အတွင်းလူသည်လည်းကောင်း၊ အတ္တနော- မိမိ၏၊ ဝလဥ္စနကပရိဇနော စ- အစေအပါးအခြွေအရံသည်လည်းကောင်း၊ ဒါနာဒိဟိ- ပေးခြင်းအစရှိသည်တို့ဖြင့်၊ အသင်္ဂဟိတော- မချီးမြှောက်အပ်သည်၊ ဟောတိ- ဖြစ်၏၊ တဿ- ထိုမင်း၏၊ အန္တောနိဝေသနေ- နေထိုင်ရာနန်းတော်၌၊ သုဝဏ္ဏဟိရညာဒီနိ- ရွှေငွေအစရှိသည် တို့သည်၊ တေသံ အသင်္ဂဟိတမနုဿာနံ- ထိုမချီးမြှောက်အပ်သော သူတို့၏၊ ဝသေန- အစွမ်းဖြင့်၊ နဿန္တိ- ပျက်စီးကုန်၏၊ အန္တောဇနာ- အတွင်းလူတို့သည်၊ ဗဟိ- အပသို့၊ ဂစ္ဆန္တိ- သွားကုန်၏၊ တသ္မာ- ထို့ကြောင့်၊ တွံ- သင်သည်၊ သုဋ္ဌုသင်္ဂဟိတအန္တောဇနော- ကောင်းစွာ ချီးမြှောက်အပ်သော အတွင်းလူရှိသည်၊ ဟုတွာ- ဖြစ်၍၊ မေ- ငါ၏၊ ဝိတ္တံ- စည်းစိမ်ဥစ္စာသည်၊ စတ္တကံ နာမ- ဤမျှအတိုင်းအရှည်ရှိသည်မည်၏၊ ဣတိ- ဤသို့၊ သယံ- ကိုယ်တိုင်၊ အတ္တနော- မိမိ၏၊ ဓနံ- ဥစ္စာကို၊ အဝေက္ခိတွာ- သိမြင်၍၊ အသုကဋ္ဌာနေ နာမ- ဤမည်သော အရပ်၌၊ နိဓိံ- ဥစ္စာကို၊ နိဓေမ- မြှုပ်နှံကုန်၏၊ အသုကဿ- ဤမည်သော သူအား၊ ဣဏံ- ကြွေးကို၊ ဒေမ- ပေးကုန်၏၊ ဣတိ- ဤသို့ ဣဒံ ဥဘယမ္ပိ- ဤနှစ်ပါးစုံကို ပရပတ္တိယာ- သူတစ်ပါး၏ စကားကို ယုံကြည်သဖြင့် န ကရေ- မပြုရာ၊ ပရပတ္တိယာပိ- သူတစ်ပါး၏စကားကို ယုံကြည်သဖြင့်လည်း၊ တွံ- သင်သည်၊ မာ ကရိ- မပြုပါလင့်၊ သဗ္ဗံ- အလုံးစုံကို၊ အတ္တပစ္စက္ခမေဝ- ကိုယ်တိုင် မျက်မှောက်ဖြစ်၍သာလျှင်၊ ကရေယျာသိ- ပြုရာ၏၊ ဣတိ- ဤသို့၊ ဝဒတိ- ဆို၏။

**အာယံ ဝယန္တိ**- အာယံဝယံဟူသည်ကား၊ တတော- ထိုအခွန်အတုတ်ဖွဲ့ရာ အရပ်မှ၊ ဥပ္ပဇ္ဇနကံ- ဖြစ်ပေါ်လာသော၊ အာယဉ္စ- အခွန်အတုတ်ကိုလည်းကောင်း၊ တေသံ တေသံ- ထိုထိုအမှုလုပ်တို့အား၊ ဒါတဗ္ဗံ- ပေးအပ်သော၊ ဝယဉ္စ- မျိုးရိက္ခာကိုလည်းကောင်း၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ ဇာနေယျာသိ- သိလော့၊ ဣတိ- ဤသို့၊ (ဝဒတိ- ဆို၏၊) **ကတာကတန္တိ**- ကတာကတံဟူသည်ကား၊ သင်္ဂါမေ ဝါ- စစ်မြေပြင်၌လည်းကောင်း၊ နဝကမ္မေ ဝါ- အမှုသစ်၌လည်းကောင်း၊ အညေသု- အခြားကုန်သော၊ ကိစ္စေသု ဝါ- အမှုတို့၌လည်းကောင်း၊ "ဣမိနာ- ဤသူသည်၊ ဣဒံ နာမ- ဤမည်သောအမှုကို၊ မယှံ- ငါအတွက်၊ ကတံ- ပြုအပ်ပြီ၊ ဣမိနာ- ဤသူသည်၊ န ကတံ- မပြုဘူး၊ ဣတိ- ဤသို့၊ ဧတမ္ပိ- ဤပြုဖူးသူ မပြုဘူးသူကိုလည်း၊ သယမေဝ- ကိုယ်တိုင်ပင်လျှင်၊ ဇာနေယျာသိ- သိလော့၊ ပရပတ္တိယော- သူတစ်ပါး၏စကားကို ယုံကြည်သူသည်၊ မာ ဟောဟိ- မဖြစ်ပါလင့်၊ နိဂ္ဂဏှေတိ- နိဂ္ဂဏှေဟူသည်ကား၊ တာတ- ဖခင်၊ ရာဇာနာမ- မင်းမည်သည်၊ သန္ဓိစ္ဆေဒါဒိကာရကံ- အိမ်ခြံစပ်ကို ဖောက်ဖျက်ခြင်းစသည်ကို ပြုတတ်သူကို၊ နိဂ္ဂဟာရဟံ- နှိပ်ကွပ်ခြင်းငှာ ထိုက်သူကို၊ အာနေတွာ- ဆောင်၍၊ ဒဿိတံ- ပြအပ်သည်ကို၊ ဥပပရိက္ခိတွာ- စူးစမ်း၍၊ သောဓေတွာ- ရှင်းလင်းအောင်ပြု၍၊ ပေါရာဏကရာဇူဟိ- ရှေးရှေးမင်းတို့သည်၊ ဌပိတဒဏ္ဍံ- ထားအပ်သောဒဏ်ကို၊ ဩလောကေတွာ- ကြည့်၍၊ ဒေါသာနုရူပံ- အပြစ်အားလျော်စွာ၊ နိဂ္ဂဏှေယျ- နှိပ်ကွပ်ရာ၏၊ **ပဂ္ဂဏှေတိ**- ပဂ္ဂဏှေဟူသည်ကား၊ ပန- ဆက်ဦးအံ့၊ ယော- အကြင် ပုဂ္ဂိုလ်သည်၊ ပဂ္ဂဟာရဟော- ချီးမြှောက်ထိုက်သည်၊ ဟောတိ- ဖြစ်၏၊ အဘိန္နသ- ပြိုကွဲသော၊ ပရဗလဿဝါ- ရန်သူစစ်တပ်ကိုလည်းကောင်း၊ ဘေဒေတာ- ပြိုကွဲအောင်ပြုတတ်၏၊ ဘိန္နဿ- ပြိုကွဲသော၊ သကဗလဿဝါ- မိမိစစ်တပ်ကိုမူလည်း၊ အာရာဓကော- မပြိုကွဲအောင် နှစ်သိမ့်စေတတ်၏၊ အလဒ္ဓဿ- မရအပ်သေးသော၊ ရဇ္ဇဿဝါ- မင်းအဖြစ်ကိုမူလည်း၊ အာဟရကော- ဆောင်ယူတတ်၏၊ လဒ္ဓဿ ဝါ- ရအပ်ပြီးသော မင်းအဖြစ်ကိုမူလည်း၊ ထာဝရကာရကော- ခိုင်မြဲအောင်ပြုတတ်၏၊ ဝါ ပန- ထို့အပြင်၊ ယေန- အကြင်သူသည်၊ ဇီဝိတံ- မိမိအသက်ကို၊ ဒိန္နံ- ပေးဖူးသည်၊ (ဝါ) ကယ်ဖူးသည်၊ ဟောတိ- ဖြစ်၏၊ ဧဝရူပံ- ဤသို့သဘောရှိသော၊ ပဂ္ဂဟာရဟံ- ချီးမြှောက်ခြင်းငှာ ထိုက်သူကို၊ ပဂ္ဂဟေတွာ- ချီးမြှောက်၍၊ မဟန္တံ- ကြီးစွာသော၊ သက္ကာရသမ္မာနံ- ပူဇော်မြတ်နိုးမှုကို၊ ကရေယျ- ပြုစေရာ၏၊ ဟိ- မှန်၏၊ ဧဝံ- ဤသို့ချီးမြှောက်သည်ရှိသော်၊ အဿ- ထိုမင်း၏၊ ကိစ္စေသု- အမှုတို့၌၊ အညေပိ-

အခြားသော သူတို့သည်လည်းကောင်း၊ ဉရံ- ရင်ကို၊ ဒတွာ- ပေး၍၊ ကတ္တဗ္ဗံ- ပြုအပ်သော အမှုကို၊ ကရိဿန္တိ- ပြုကုန်လတ္တံ့။

**ဇာနပဒန္တိ**- ဇာနပဒံဟူသည်ကား၊ ဇနပဒဝါသီနံ- ဇနပုဒ်၌နေသူတို့၏၊ အတ္ထံ- အကျိုးစီးပွားကို၊ သယံ- ကိုယ်တိုင်၊ အတ္တပစ္စက္ခေနေဝ- မျက်မှောက်ပြု၍သာလျှင်၊ အနုသာသ- ဆုံးမလော့၊ **အဓမ္မိကာ ယုတ္တာ**တိ- အဓမ္မိကာ ယုတ္တာဟူသည်ကား၊ အဓမ္မိကာ- တရားမစောင့်သော သူတို့သည်၊ တတ္ထ တတ္ထ- ထိုထိုအမှုကိစ္စ၌၊ နိယုတ္တာ- ယှဉ်ကုန်သော၊ အာယုတ္တကာ- တရားသူကြီးတို့သည်၊ လဥ္ဇံ- တံစိုးလက်ဆောင်ကို၊ ဂဟေတွာ- ယူ၍၊ ဝိနိစ္ဆယံ- အဆုံးအဖြတ်ကို၊ ဘိန္ဒန္တာ- ဖျက်ဆီးလျက်၊ တဝ- သင်၏၊ ဓနဥ္စ- ဉစ္စာကိုလည်းကောင်း၊ ရဋ္ဌဥ္စ- တိုင်းနိုင်ငံကိုလည်းကောင်း၊ မာ နာသယုံ- မဖျက်ဆီးပါစေလင့်၊ ဣမိနာ ကာရဏေန- ဤအကြောင်းကြောင့်၊ အပ္ပမတ္တော- မမေ့မလျော့သည်၊ ဟုတွာ- ဖြစ်၍၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ အနုသာသ- ဆုံးမလော့၊ **ဝေဝေနာ**တိ- ဝေဝေနဟူသည်ကား၊ သဟသာ- အဆောတလျင်၊ အတုလေတွာ- မနှိုင်းယှဉ်မူ၍၊ အတီရေတွာ- မစူးစမ်းမူ၍၊ **ဝေဂသာ**တိ- ဝေဂသာ ဟူသည်ကား၊ အတုလေတွာ- မနှိုင်းချိန်မူ၍၊ အတီရေတွာ- မစူးစမ်းမူ၍၊ ဟိ- မှန်၏၊ ဆန္ဒာဒိဝသေန- ဆန္ဒအစရှိသည်၏ အစွမ်းဖြင့်၊ သဟသာ- အဆောတလျင်၊ ကတံ- ပြုအပ်သော၊ ကမ္မံ- အမှုသည်၊ န သာဓု- မကောင်း၊ န သုန္ဒရံ- မကောင်း၊ ကိံကာရဏာ?- အဘယ့်ကြောင်းနည်းဟူမူကား၊ ဟိ- ချဲ့၍ဆိုဦးအံ့၊ တာဒိသံ- ထိုသို့သဘောရှိအမှုကို၊ ကတွာ- ပြု၍၊ မန္ဒော- ဉာဏ်နဲ့သော သူသည်၊ ပစ္ဆာ- နောက်ကာလ၌၊ ဝိပ္ပဋိသာရဝသေန- နှလုံးမသာမယာသည်၏အစွမ်းဖြင့်၊ (အနုတပ္ပတိ- နောင်တတစ်ဖန် ပူပန်ရ၏၊) ဣဓ လောကေ- ဤလောက၌၊ (ဝိပ္ပဋိသာရ ဝသေန- နှလုံးမသာယာသည်၏ အစွမ်းဖြင့်၊ အနုတပ္ပတိ- ပူပန်ရ၏၊) ပရလောကေ စ- တမလွန်လောက၌လည်း၊ အပါယဒုက္ခံ- အပါယ်ဆင်းရဲကို၊ အနုဘဝန္တော- ခံစားလျက်၊ အနုတပ္ပတိ- ပူပန်ရ၏၊ ပန- ဆက်၍ဆိုဦးအံ့၊ ဧတ္ထ- ဤနေရာ၌၊ အယံ- ဤဆိုအပ်သော၊ အတ္ထော- အနက်ကို၊ "ဣဿိနမန္တရံ ကတွာ, ဘရုရာဇာတိ မေ သုတ"န္တိ- ဣဿိနမန္တရံ ကတွာ, ဘရုရာဇာတိ မေ သုတံဟူသော၊ ဘရုဇာတကေန- ဘရုဇာတ်ဖြင့်၊ (ဇာ၊ ၁၂၁၂၅-၁၂၆) ဒီပေတဗ္ဗော- ပြအပ်၏။

**မာ တေ အဓိသရေ မုဥ္စ၊ သုဗာဠ္ဟမဓိကောပိတန္တိ**- မာ တေ အဓိသရေ မုဥ္စ၊ သုဗာဠ္ဟမဓိကောပိတံဟူသည်ကား၊* တာတ- ဖခင်၊ တဝ- သင်၏၊ ဟဒယံ- စိတ်ကို၊ ကုသလံ- ကုသိုလ်ကို၊ အဓိသရိတွာ အတိက္ကမိတွာ- ကျော်လွန်၍၊ ပဝတ္တေ- ဖြစ်သော၊ ပရေသံ- သူတစ်ပါးတို့၏၊ အကုသလကမ္မေ- အကုသိုလ်အမှု၌၊ သုဋ္ဌု ဗာဠ္ဟံ- အလွန်ပြင်းစွာ၊ အဓိကောပိတံ ကုပ္ပာပိတံ- အမျက်ထွက်စေအပ်သည်၊ ဟုတွာ- ဖြစ်၍၊ မာ မုဉ္စ- မလွှတ်ပါလင့်၊ မာ ပတိဋ္ဌာယတု- မတည်ပါစေလင့်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဣဒံ- ဤအနက်ကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ တာတ- ဖခင်၊ ယဒါ- အကြင်အခါ၌၊ ဝိနိစ္ဆယေ- တရားဆုံးဖြတ်ရာအရပ်၌၊ ဌိတဿ- တည်သော၊ တေ- သင့်အား၊ ဣမိနာ- ဤသူသည်၊ ပုရိသော- ယောက်ျားကို၊ ဟတော ဝါ- သတ်မူလည်းသတ်၏၊ သန္ဓိ- အိမ်ခြံစပ်ကို၊ ဆိန္နော ဝါ- ဖြတ်မူလည်းဖြတ်၏၊ ဣတိ- ဤသို့၊ စောရံ- ခိုးသူကို၊ ဒဿေန္တိ- ပြကြကုန်လတ္တံ့၊ တဒါ- ထိုအခါ၌၊ ပရေသံ- သူတစ်ပါးတို့၏၊ ဝစနေဟိ- စကားတို့သည်၊ တေ- သင်၏၊ ဟဒယံ- စိတ်ကို၊ သုဋ္ဌု- လွန်စွာ၊ ကောပိတမ္ပိ- အမျက်ထွက်စေအပ်ပါသော်လည်း၊ ကောဓဝသေန- အမျက်၏အစွမ်းဖြင့်၊ မာ မုဉ္စ- မလွှတ်ပါလင့်၊ အပရိဂ္ဂဟေတွာ- ဉာဏ်ဖြင့် မသိမ်းဆည်းမူ၍၊ ဒဏ္ဍံ- ဒဏ်ကို၊ မာပဏေဟိ- မစေခိုင်းပါလင့်၊ ကိံကာရဏာ?- အဘယ်ကြောင့်နည်း ဟူမူကား၊ ဟိ- ချဲ့၍ဆိုဦးအံ့၊ အစောရမ္ပိ- ခိုးသူမဟုတ်သူကိုလည်း၊ "စောရော"တိ- ခိုးသူဟူ၍၊ ဂဟေတွာ- ဖမ်းယူ၍၊ အာနေန္တိ- ဆောင်ယူတတ်ကုန်၏၊ တသ္မာ- ထို့ကြောင့်၊ အကုဇ္ဈိတွာ- အမျက်မထွက်မူ၍၊ ဥဘိန္နံ- နှစ်ဦးကုန်သော၊ အတ္တပစ္စတ္ထိကာနံ- မိမိဆန့်ကျင်ဘက်ကို အလိုရှိကုန်သော သူတို့၏၊ (ဝါ)ရန်သူတို့၏၊ ကထံ- စကားကို၊ သုတွာ- ကြား၍၊ သုဋ္ဌု- ကောင်းစွာ၊ သော ဓေတွာ- သုတ်သင်၍၊ အတ္တပစ္စက္ခေန- ကိုယ်တိုင်မျက်မှောက်ပြုသဖြင့်၊ တဿ- ထိုသူ၏၊ စောရဘာဝံ- ခိုးသူ၏အဖြစ်ကို၊

* အဓိသရေ=အဓိ-ကျော်၍၊ သရ-သွားခြင်း၊ ထို့ကြောင့် အတိက္ကမိတွာ-ဟုဖွင့်သည်၊ ကုသိုလ်ကိုကျော်၍ သူတစ်ပါးတို့၏ အကုသိုလ်အမှုကိစ္စ၌ မိမိစိတ်ကိုလွှတ်မထားပါနဲ့ဟု ဆိုလိုသည်၊ တရားဆုံးဖြတ်ရာ အရပ်၌ရှိနေစဉ် ခိုးသူကိုဖမ်းလာသူများက ထိုခိုးသူ၏ ရက်စက်သော ပြစ်မှုကျူးလွန်ပုံများကို ချဲ့ထွင်၍ ပြောလိမ့်မည်၊ ထိုအခါ ထိုခိုးသူကျူးလွန်သော အကုသိုလ်အမှု၌ စိတ်ရောက်၍ ပြင်းထန်သော ဒေါသဖြစ်လာပါလိမ့်မည် ထိုသို့အဖြစ်မခံပါနဲ့ဟု အကျယ်အဓိပ္ပါယ် ဖော်ပြထားသည်။

ဥ တွာ- သိ၍၊ ပဝေဏိယာ- အစဉ်အဆက်အားဖြင့်၊ ဌပိတဒဏ္ဍဝသေန- ထားအပ်သော ဒဏ်၏အစွမ်းဖြင့်၊ ကတ္တဗ္ဗံ- ပြုအပ်သည်ကို၊ ကရောဟိ- ပြုလော့၊ ဟိ- မှန်၏၊ ရညာ- မင်းသည်၊ ကောခေ- အမျက်သည်၊ ဥပ္ပန္နေပိ- ဖြစ်ပါသော်လည်း၊ ဟဒယံ- စိတ်ကို၊ သီတလံ- အေးချမ်းသည်ကို၊ အကတွာ- မပြုမူ၍၊ ကမ္မံ- အမှုကို၊ န ကာတဗ္ဗံ- မပြုသင့်၊ ယဒါ ပန- အကြင်အချိန်၌ကား၊ အဿ- ထိုမင်း၏၊ ဟဒယံ- စိတ်သည်၊ နိဗ္ဗုတံ- ငြိမ်းအေးသည်၊ ဟောတိ- ဖြစ်၏၊ မုဒုကံ- နူးညံ့သည်၊ ဟောတိ- ဖြစ်၏၊ တဒါ- ထိုအခါ၌၊ ဝိနိစ္ဆယကမ္မံ- ဆုံးဖြတ်သော အမှုကို၊ ကာတဗ္ဗံ- ပြုသင့်၏၊ ဟိ- မှန်၏၊ ဖရုသေ- ကြမ်းတမ်းသော၊ စိတ္တေ- စိတ်၌၊ ပက္ကုထိတေ- ပွတ်ပွတ်ဆူသော၊ ဥဒကေ- ရေ၌၊ မုခနိမိတ္တံ ဝိယ- မျက်နှာအရိပ်ကဲ့သို့ ကာရဏံ- အကြောင်းတရားသည်၊ န ပညာယတိ- မထင်၊ **ကောခသော ဟီ**တိ- ကောခသောဟိဟူသည်ကား၊ ဟိ- ချဲ့၍ ဆိုဦးအံ့၊ တာတ- ဖခင်၊ ကောခေန- အမျက်ကြောင့်၊ ဗဟူနိ- များစွာကုန်သော၊ ဖီတာနိ- စည်ပင်ကုန်သော၊ ရာဇကုလာနိ- မင်းမျိုးတို့သည်၊ အကုလဘာဝံ၊ အမျိုး မဟုတ်သည်၏အဖြစ်သို့ ဂတာနိ- ရောက်ကုန်၏၊ မဟာဝိနာသမေဝ- ကြီးစွာသော ပျက်စီးခြင်းသို့သာ၊ ပတ္တာနိ- ရောက်ကုန်၏၊ က္ကတိ- ဤကား၊ (အတ္ထော- အနက်တည်း၊) ပန- ဆက်၍ဆိုဦးအံ့၊ ဣမဿ အတ္ထဿ- ဤအနက်ကို၊ ဒီပနတ္ထံ- ပြခြင်းအကျိုးငှာ၊ ခန္တိဝါဒိဇာတက(ဇာ၊ ၁၄၄၉) နာဠိကေရရာဇဝတ္ထုသဟဿဗာဟု အဇ္ဇုနဝတ္ထုအာဒီနိ- ခန္တိဝါဒိဇာတ် နာဠိကေရရာဇဝတ္ထု သဟဿဗာဟုအဇ္ဇုနဝတ္ထုအစရှိသည်တို့ကို၊ ကထေတဗ္ဗာနိ- ဆိုအပ်ကုန်၏။

**မာ တာတ က္ကဿရောမှိတိ အနတ္ထာယ ပတာရယီ**တိ- မာ တာတ က္ကဿရောမှိတိ အနတ္ထာယ ပတာရယိဟူသည်ကား၊ တာတ- ဖခင်၊ "အဟံ- ငါသည်၊ ပထဝိဿရော- မြေပြင်ကို အစိုးရ၏"၊ က္ကတိ- ဤသို့၊ မဟာဇနံ- လူများအပေါင်းကို၊ ကာယဒုစ္စရိတာဒိအနတ္ထာယ- ကာယဒုစရိုက်အစရှိသော အကျိုးမဲ့ကို ပြုခြင်းအလို့ငှာ၊ မာ ပတာရယိ- လုံ့လမပြုလင့်၊ မာ ဩတာရယိ- မကျိုးစားပါလင့်၊ ယထာ- အကြင် အခြင်းအရာအားဖြင့်၊ တံ အနတ္ထံ- ထိုအကျိုးမဲ့ကို၊ သမာဒိယ- ဆောက်တည်၍၊ ဝတ္တတိ- ကျင့်၏၊ ဧဝံ- ဤအခြင်းအရာအားဖြင့်၊ မာ မကာသိ- မပြုပါလင့်၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **မာ တေ အာသီ**တိ- မာ တေ အာသိဟူသည်ကား၊ တာတ- ဖခင်၊ တဝ- သင်၏၊ ဝိဇိတေ- နိုင်ငံ၌၊ မနုဿဇာတိကာန ဝါ- လူဇာတ်ရှိသည် လည်းဖြစ်ကုန်သော၊ တိရစ္ဆာနဇာတိကာနံ ဝါ- တိရစ္ဆာန်ဇာတ်အစရှိသည်လည်း

ဖြစ်ကုန်သော၊ ဣတ္ထိပုရိသာနံ- မိန်းမယောက်ျားတို့၏၊ **ဒုခုဒြယော ဒုက္ခုပ္ပတ္တိ**-ဆင်းရဲ၏ဖြစ်ခြင်းသည်၊ မာ အာသိ- မရှိပါစေလင့်၊ ဟိ- ချဲ့၍ဆိုဦးအံ့၊ အဓမ္မိကရာဇူနံ-တရားမစောင့်သော မင်းတို့၏၊ ဝိဇိတေ- နိုင်ငံ၌၊ မနုဿာ- လူတို့သည်၊ ကာယဒုစ္စရိ-တာဒီနိ- ကာယဒုစရိုက်အစရှိသည်တို့ကို၊ ကတွာ- ပြု၍၊ နိရယေ- ငရဲ၌၊ ဥပ္ပဇ္ဇိတဗ္ဗယထာ-ဖြစ်ရကုန်ဘိသကဲ့သို့၊ တဝ- သင်၏၊ ရဋ္ဌဝါသီနံ- တိုင်းနိုင်ငံ၌နေသော သူတို့၏၊ တံ ဒုက္ခံ- ထိုငရဲ၌ဖြစ်သော ဆင်းရဲသည်၊ ယထာ- အကြင် အခြင်းအရာအားဖြင့် ပြုသည်ရှိသော်၊ န ဟောတိ- မဖြစ်နိုင်၊ တထာ- ထိုအခြင်းအရာအားဖြင့်၊ ကရောဟိ- ပြုလော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

**အပေတလောမဟံသဿာ**တိ- အပေတလောမဟံသဿဟူသည်ကား၊ အတ္တာနုဝါဒါဒိဘယေဟိ- မိမိကိုယ်ကို စွပ်စွဲခြင်းအစရှိသော ဘေးတို့ဖြင့်၊ နိဗ္ဘယဿ-ဘေးမရှိသော၊ ဣမိနာ- ဤစကားရပ်ဖြင့်၊ ဣမံ- ဤအနက်ကို၊ ဒဿေတိ- ပြ၏၊ တာတ- ဖခင်၊ ယော ရာဇာ- အကြင်မင်းသည်၊ ကိသ္မိဉ္စိ- တစ်စုံတစ်ခု၌၊ အာသင်္က-ယုံမှားခြင်းကို၊ အကတွာ- မပြုမူ၍၊ အတ္တနော- မိမိ၏၊ ကာမမေဝ- အလိုကိုသာလျှင်၊ အနုဿရတိ- အောက်မေ့၏၊ ဆန္ဒဝသေန- အလို၏အစွမ်းဖြင့်၊ ယံ ယံ- အကြင် အကြင်အရာကို၊ ဣစ္ဆတိ- အလိုရှိ၏၊ တံ တံ- ထိုထိုအရာကို၊ ကရောတိ- ပြု၏၊ ဝိဿဋ္ဌယဋ္ဌိ- စွန့်လွှတ်အပ်သော တောင်ဝှေးရှိသော၊ အန္ဓော ဝိယ- သူကန်းသည်ကဲ့သို့လည်းကောင်း၊ နိရင်္ကုသော- ဆုံးမတတ်သော ချွန်းမရှိသော၊ စဏ္ဍဟတ္ထီ ဝိယစ-ကြမ်းတမ်းသော ဆင်သည်ကဲ့သို့လည်းကောင်း၊ ဟောတိ- ဖြစ်၏၊ တဿ- ထိုမင်း၏၊ သဗ္ဗေ- အလုံးစုံကုန်သော၊ ဘောဂါ- စည်းစိမ်တို့သည်၊ ဝိနဿန္တိ- ပျက်စီးကုန်၏၊ တံ ဘောဂဗျသနံ- ထိုစည်းစိမ်၏ ပျက်စီးခြင်းကို၊ တဿ- ထိုမင်း၏၊ အယံ ဒုက္ခန္တိ-ဆင်းရဲဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။

**တတ္ထေဝ တေ ဝတ္တပဒါ**တိ- တတ္ထေဝ တေ ဝတ္တပဒါဟူသည်ကား၊ ပုရိမနယေနေဝ- ရှေးနည်းဖြင့်သာလျှင်၊ ယောဇေတဗ္ဗံ- ယှဉ်စေအပ်၏၊ **ဒက္ခသုဒါနိ**တိ-ဒက္ခသုဒါနိဟူသည်ကား၊ တာတ- ဖခင်၊ တွံ- သင်သည်၊ ဣမံ အနုသာသနိံ-ဤအဆုံးအမကို၊ သုတွာ- ကြား၍၊ ဣဒါနိ- ယခုအခါ၌၊ ဒက္ခော- လိမ်မာသည်၊ အနလသော- မပျင်းရိသည်၊ (ဟုတွာ- ဖြစ်၍၊) ပုညာနံ- ကောင်းမှုတို့ကို၊ ကာရဏေန-ပြုခြင်းဖြင့်၊ **ပုညကရော**- ကောင်းမှုပြုတတ်သူသည်၊ သုရာဒိပရိဟရဏေန-သေသောက်ခြင်းအစရှိသည်ကိုရှောင်ခြင်းဖြင့်၊ **အသောဏ္ဍော**- သေသောက်မကြူး

သူသည်၊ ဒိဋ္ဌဓမ္မိက သမ္ပရာယိကသ- မျက်မှောက်တမလွန်ဖြစ်သော၊ အတ္ထသ- အကျိုးစီးပွားကို၊ **အဝိနာသနေန**- မပျက်စီးစေခြင်းဖြင့်၊ အဝိနာသကော- အကျိုးစီးပွားကို မဖျက်ဆီးတတ်သူသည်၊ ဘဝေယျာသိ- ဖြစ်လော့၊ က္တတိ- ဤကား၊ (အတ္ထော- အနက်တည်း၊) **သီလဝါဿူ**တိ- သီလဝါဿုဟူသည်ကား၊ သီလဝါ- သီလရှိသည်၊ အာစာရသမ္ပန္နော- အကျင့်နှင့် ပြည့်စုံသည်၊ ဘဝ- ဖြစ်လော့၊ ဒသသု- ဆယ်ပါးကုန်သော၊ ရာဇဓမ္မေသု- မင်းကျင့်တရားတို့၌၊ ပတိဋ္ဌာယ- တည်၍၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေဟိ- ပြုစေလော့၊ **ဒုဿီလော ဝိနိပါတိကော**တိ- ဒုဿီလော ဝိနိပါတိကောဟူသည်ကား၊ ဟိ- မှန်၏၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ဒုဿီလော- သီလမရှိသူသည်၊ အတ္တာနံ- မိမိကိုယ်ကို၊ နိရယေ- ငရဲ၌၊ ဝိနိပါတေန္တော- ကျစေလျက်၊ ဝိနိပါတိကောနာမ- ငရဲကျသူမည်သည်၊ ဟောတိ- ဖြစ်၏၊ က္တတိ- ဤကား၊ (အတ္ထော- အနက်တည်း။)

ဧဝံ- ဤသို့လျှင်၊ ကုဏ္ဍလိနိပိ- ကုဏ္ဍလိနီမည်သော ဆက်ရက်မသည် လည်း၊ ဧကာဒသဟိ- တစ်ဆယ့်တစ်ခုကုန်သော၊ ဂါထာဟိ- ဂါထာတို့ဖြင့်၊ ဓမ္မံ- မင်းကျင့် တရားကို၊ ဒေသေသိ- ဟောကြားပြီ၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ တုဋ္ဌော- အလွန် နှစ်သက်တော်မူသည်ဖြစ်၍၊ အမစ္စေ- မှူးတော်အမတ်တော်တို့ကို၊ အာမန္တေတွာ- ခေါ်တော်မူ၍၊ “ဘောန္တော အမစ္စာ- အိုအမတ်တို့ ဧဝံ- (က္ခမိနာ ယထာဝုတ္တ နယေန)- ဤအကြင် အကြင် ဆိုအပ်ပြီးသော နည်းဖြင့်၊ (ရာဇဓမ္မံ- မင်းကျင့်တရားကို၊) ကထယမာနာယ- ဟောကြားသော၊ မမ- ငါ၏၊ ဓီတာယ- သမီးတော်ဖြစ်သော၊ ကုဏ္ဍလိနိယာ- ကုဏ္ဍလိနီသည်၊ ကေန- အဘယ်သူသည်၊ ကတ္တဗ္ဗံ- ပြုအပ်သော၊ ကိစ္စံ- အမှုကိစ္စကို၊ ကတံ- ပြုသင့်သနည်း၊” က္တတိ- ဤသို့ ပုစ္ဆိ- မေးတော်မူပြီ၊ “ဒေဝ- အရှင်မင်းကြီး၊ ဘဏ္ဍာဂါရေန- ဘဏ္ဍာစိုးသည်၊ (ကတ္တဗ္ဗံ- ပြုအပ်သော၊ ကိစ္စံ- အမှုကိစ္စကို၊ ကတံ- ပြုသင့်ပြီ၊)” က္တတိ- ဤသို့ အာဟံသု- တင်လျှောက်ကုန်ပြီ၊ “တေနဟိ- ထိုသို့ဘဏ္ဍာစိုးအရာနှင့် သင့်ပါမူကား၊ အဿာ- ထိုငါ၏သမီးတော် ကုဏ္ဍလိနီအား၊ ဘဏ္ဍာဂါရိကဋ္ဌာနံ- ဘဏ္ဍာတိုက်၌ယှဉ်သော သူ၏အရာကို၊ (အဟံ- ငါသည်၊) ဒမ္မိ- ပေးတော်မူပြီ၊” က္တတိ- ဤသို့ (ဝတွာ- မိန့်တော်မူ၍၊) ကုဏ္ဍလိနိံ- ကုဏ္ဍလိနီမည်သော ဆက်ရက်မကို၊ ဌာနန္တရေ- ရာထူး၌၊ ဌပေသိ- ထားတော်မူပြီ၊ သာ- ထိုကုဏ္ဍလိနီမည်သော ဆက်ရက်မသည်၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ ဘဏ္ဍာဂါရိကဋ္ဌာနေ- ဘဏ္ဍာစိုးအရာ၌၊ ဌတွာ- တည်၍၊ ပိတု- ခမည်းတော်မင်းကြီး

၏၊ ကမ္မံ- အမှုကြီးငယ်ကို၊ အကာသိ- ပြုပြီ၊ ဣတိ- ဤကား အပြီးတည်း။ ကုဏ္ဍလိနိပဉ္စာ- ကုဏ္ဍလိနီမည်သော ဆက်ရက်မသည်(ဖြေဆိုအပ်သော) ပြဿနာသည်၊ နိဋ္ဌိတာ- ပြီးဆုံးခြင်းသို့ ရောက်ပါပြီ။

ပုန- တစ်ဖန်၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ ကတိပါဟစ္စယေန- နှစ်ရက်, သုံးရက်လွန်သဖြင့်၊ ပုရိမနယေနေဝ- ရှေးနည်းဖြင့်သာလျှင်၊ ဇမ္ဗုကပဏ္ဍိတဿ- (သပြေသီးအဆင်းနှင့် တူသော နှုတ်သီးရှိသည်၏အဖြစ်ကြောင့်) ဇမ္ဗုကအမည်ရသော ကျေးသားပညာရှိ (သုခမိန်)၏၊ သန္တိကံ- အထံသို့၊ ဒူတံ- တမန်ကို၊ ပေသေတွာ- စေလွှတ်၍၊ သတ္တမေဒိဝသေ- ခုနစ်ရက်မြောက်သော နေ့၌၊ တတ္ထ- ထိုဇမ္ဗုက ကျေးသားပညာရှိ နေရာအိမ်သို့ ဂန္တွာ- သွားပြီး၍၊ သမ္ပတ္တိံ- စည်းစိမ်ကို၊ အနုဘဝိတွာ- ခံစား၍၊ ပစ္စာဂတော- ပြန်လာခဲ့သည်ဖြစ်၍၊ တတ္ထေဝ မဏ္ဍပမဇ္ဈေ- ထိုရှေးဖြစ်သော မဏ္ဍပ်၏အလယ်၌သာလျှင်၊ နိသီဒိ- ထိုင်နေပြီ၊ အမစ္စော- ၄က်ထိန်းတော်အမတ်သည်၊ ဇမ္ဗုကပဏ္ဍိတံ- ဇမ္ဗုကပညာရှိကို၊ ကဉ္စနဘဒ္ဒပီဌေ- ရွှေဖြင့်ပြီးသော ကောင်းသော အင်းပျဉ်နေရာ၌၊ နိသီဒါပေတွာ- ထိုင်နေစေ၍၊ ပီဌံ- အင်းပျဉ်ကို၊ သီသေန- ဦးခေါင်းဖြင့်၊ အာဒါယ- ရွက်ဆောင်၍၊ အာဂစ္ဆိ- လာပြီ၊ ပဏ္ဍိတော- ဇမ္ဗုကပညာရှိ သုခမိန်သည်၊ ပိတု- ခမည်းတော်ဗြဟ္မဒတ်မင်း၏၊ အင်္ကေ- ရင်ခွင်၌၊ နိသီဒိတွာ- ထိုင်နေ၍၊ ကီဠိတွာ- ကစားပြီး၍၊ ဂန္တွာ- သွား၍၊ ကဉ္စနပီဌေယေဝ- ရွှေအင်းပျဉ်နေရာ၌သာလျှင်၊ နိသီဒိ- ထိုင်နေပြီ၊ အထ- ထိုသို့ထိုင်နေသောအခါ၌၊ နံ- ထိုဇမ္ဗုကပညာရှိသုခမိန်ကို၊ ရာဇာ- ခမည်းတော်ဗြဟ္မဒတ်မင်းသည်၊ ပဉ္စံ- ပြဿနာကို၊ ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍၊ "အပုစ္ဆိမှ ကောသိယ ဂေါတ္တံ (ပ) ဗလာနံ ဗလမုတ္တမ"န္တိ- အပုစ္ဆိမှ ကောသိယဂေါတ္တံ (ပ) ဗလာနံ ဗလမုတ္တမံ-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၆) တာတဇမ္ဗုက- အမောင်ဇမ္ဗုက၊ ကောသိယဂေါတ္တံ- ကောသိယ အနွယ်ဖြစ်သော မောင့်အစ်ကို ဝေဿန္တရာကိုလည်းကောင်း၊ [ကုဏ္ဍလိနိစ (ကုဏ္ဍလိနီစ)]- ကုဏ္ဍလိနီအမည်ရှိသော မောင့်နှမ ဆက်ရက်မကို လည်းကောင်း၊ အဟံ- ငါသည်၊ ရာဇကမ္မံ- မင်းကျင့်တရားကို၊ အပုစ္ဆိမှ- မေးလေပြီ၊ တထေဝ- ထိုအတူသာလျှင်၊ ဇမ္ဗုက- ဘခင်သားလှဇမ္ဗုက၊ တံ- သင်ချစ်သားကို၊ ပုစ္ဆာမိ- မေးဦးအံ့၊ ဒါနိ- ယခု၊ တွံ- သင်ချစ်သား သည်၊ ဗလာနံ- အားတို့တွင်၊ ဥတ္တမံ- မြတ်သော၊ ဗလဉ္စ- အားကိုလည်းကောင်း၊

ရာဇဓမ္မဉ္စ- မင်းကျင့်တရားကိုလည်းကောင်း၊ မေ- ငါအား၊ ဝဒေဟိ- ဖြေဆိုလော့။

တဿ- ထိုဂါထာ၏၊ အတ္ထော- အနက်ကား၊ တာတ ဇမ္ဗုက- ချစ်သား ဇမ္ဗုက၊ အဟံ- ငါသည်၊ တဝ- သင်၏၊ ဘာတရံ- အစ်ကိုဖြစ်သော၊ ကောသိယ- ဂေါတ္တံ- ကောသိယအနွယ်ဖြစ်သော၊ ဝေဿန္တရံ- ဝေဿန္တရာကိုလည်းကောင်း၊ တေ- သင်၏၊ ဘဂိနိဉ္စ- နှမဖြစ်သော၊ ကုဏ္ဍလိနိံ- ကုဏ္ဍလိနီမည်သော ဆက်ရက်မ ကိုလည်းကောင်း၊ ရာဇဓမ္မံ- မင်းကျင့်တရားကို၊ အပုစ္ဆိံ- မေးခဲ့ပြီး၊ တေ- ထိုနှစ်ဦး တို့သည်၊ အတ္တနော- မိမိ၏၊ ဗလေန- အားဖြင့်၊ ကထေသုံ- ဖြေဆိုခဲ့ကြပြီ၊ ပန- ဆက်၍ဆိုဦးအံ့၊ ယထာ- အကြင် အခြင်းအရာအားဖြင့်၊ တေ- ထိုနှစ်ဦးတို့ကို၊ ပုစ္ဆိံ- မေးခဲ့ပြီ၊ တထေဝ- ထို့အတူ၊ ဣဒါနိ- ယခုအခါ၌၊ ပုတ္တ ဇမ္ဗုက- ချစ်သားဇမ္ဗုက၊ တံ- သင့်ကို၊ ပုစ္ဆာမိ- မေးပါအံ့၊ တွံ- သင်သည်၊ မေ- ငါ့အား၊ ရာဇဓမ္မဉ္စ- မင်းကျင့် တရားကိုလည်းကောင်း၊ ဗလာနံ- အားတို့တွင်၊ ဥတ္တမံ- အမြတ်ဆုံးဖြစ်သော၊ ဗလဉ္စ- အားကိုလည်းကောင်း၊ ကထေဟိ- ပြောပါလော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ (ဣမာယဂါထာယ)- ဤဂါထာဖြင့်၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ မဟာသတ္တံ- ဘုရားလောင်းဇမ္ဗုကကျေးသားကို၊ ပဉ္ဟံ- ပြဿနာကို၊ ပုစ္ဆန္တော- မေးသည်ရှိသော်၊ အညေသံ- ဘုရားလောင်းမှ တစ်ပါးကုန်သော ဝေဿန္တရာမည်သော ခင်ပုပ်ငှက်၊ ကုဏ္ဍလိနီမည်သော ဆက်ရက်မတို့အား၊ ပုစ္ဆိတနိယာမေန- မေးအပ်သော နည်းဖြင့်၊ အပုစ္ဆိတွာ- မမေးမူ၍၊ ဝိသေသေတွာ- အထူးပြု၍၊ ပုစ္ဆိ- မေးပြီ၊ အထ- ထိုသို့မေးသော အခါ၌၊ အဿ- ထိုဗြဟ္မဒတ်မင်းအား၊ ပဏ္ဍိတော- ဇမ္ဗုကပညာရှိသည်၊ "မဟာရာဇ- မြတ်သော မင်းကြီး၊ တေနဟိ- ထိုသို့ဖြစ်မူကား၊ ဩဟိတသောတော- ချအပ်သော နားရှိသည်ဖြစ်၍၊ သုဏာဟိ- နာတော်မူလော၊ တေ- သင်ခမည်းတော်မင်းကြီးအား၊ သဗ္ဗံ- အလုံးစုံသောအမေးတော်ကို၊ ကထေဿာမိ- ဖြေဆိုပါအံ့၊" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) ပသာရိတဟတ္ထေ- ဖြန့်၍ခံအပ်သော လက်ဝါးပြင်၌၊ သဟဿတ္ထဝိကံ- ဥစ္စာထောင်ထုပ်ကို၊ ဌပေန္တော ဝိယ- တင်ထားဘိသကဲ့သို့၊ "ဗလံ ပဉ္စဝိဓံ လောကေ (ပ) နဋ္ဌာဂါရံဝ သီဒတီ"တိ- ဗလံ ပဉ္စဝိဓံ လောကေ (ပ) နဋ္ဌာဂါရံဝ သီဒတိ-ဟူသော၊ ဓမ္မဒေသနံ- တစ်ဆယ့်နှစ်ပုဒ်သော တရားဒေသနာကို၊ အာရဘိ- အားထုတ်ပြီ။

(၂၇) မဟာရာဇ- မြတ်သောမင်းကြီး၊ လောကေ- သတ္တလောက၌၊ မဟဂ္ဂတေ- မြတ်သောဆန္ဒရှိသော၊ ပုရိသသို- ယောက်ျား၌၊ ဗလံ- အားသည်၊ ကာယ- ဘောဂအမစ္စ ဇာတိပညာဗလဝသေန- ကိုယ်အား စည်းစိမ်အား အမတ်အား အမျိုးအားပညာအားတို့၏ အစွမ်းအားဖြင့်၊ ပဉ္စဝိခံ - ငါးပါးအပြားရှိ၏၊ တတ္ထ- ထိုငါးပါးသော အားတို့တွင်၊ ဗာဟုဗလံ- ကြံ့လင့်ကစား ကိုယ်ခွန်အားကို၊ စရိမံ- ယုတ်သော၊ ဗလံနာမ- အားမည် ၏ဟူ၍၊ ဝုစ္စတေ- ဆိုအပ်၏။

(၂၈) ဒီယာဝု- မင်းမြတ်ဒီယာဝု၊ ဘောဂဗလဉ္စ- စည်းစိမ်အားကိုလည်း၊ ဒုတိယံ- နှစ်ခုမြောက်ဖြစ်သော၊ ဗလံ- ကိုယ်အားထက်မြတ်၍ အမတ်အား စသည်တို့အောက် ယုတ်သောအားဟူ၍၊ ဝုစ္စတေ- ဆိုအပ်၏၊ ဒီယာဝု- မင်းမြတ်ဒီယာဝု၊ အမစ္စဗလဉ္စ- အမတ်အားကိုလည်း၊ တတိယံ- သုံးခုမြောက် ဖြစ်သော၊ ဗလံ- ကိုယ်အားစည်းစိမ်ချမ်း သာအားတို့ထက်မြတ်၍ အမျိုးအား စသည်တို့အောက် ယုတ်သောအားဟူ၍၊ ဝုစ္စတေ- ဆိုအပ်၏။

(၂၉) အဘိဇစ္စဗလံ- သုံးပါးအမျိုးတို့ထက် လွန်မြတ်သော မင်းမျိုးအားဟု ဆိုအပ်သော၊ တံဗလဉ္စ- ထိုအားကိုလည်း၊ စတုတ္ထံ- လေးခုမြောက်ဖြစ်သော၊ ဗလံ- ကိုယ်အား စည်းစိမ်အား အမတ်အားတို့ထက်မြတ်သော ပညာအား အောက် ယုတ်သော အားဟူ၍၊ ဝုစ္စတေ- ဆိုအပ်၏၊ သဗ္ဗာနိ- အလုံးစုံကုန် သော၊ ယာနိစေတာနိ- အကြင်လေးပါးသော အားတို့ကို၊ ပဏ္ဍိတော- ပညာရှိသော ပုဂ္ဂိုလ်သည်၊ အသံသယံ- မချွတ်မယွင်း၊ [အဓိဂဏှာတိ (အဓိဂ္ဂဏှာတိ)]- လွှမ်းမိုးနိုင်လေ၏။

(၃၀) တသ္မာ- ထိုကြောင့်၊ တံဗလာနံ- ထိုလေးပါးသော အားတို့ထက်၊ ပညာဗလံ- ပညာအားကို၊ သေဋ္ဌဗလံ- အားမြတ်ဟူ၍၊ အဂ္ဂဗလံ- အထွတ် အဖျားဖြစ်သောအားဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ ကသ္မာ- အဘယ်ကြောင့်၊ ဝုစ္စတိ- ဆိုအပ်သနည်း၊ ပညာဗလေန- ပညာအားသည်၊ ဥပတ္ထဒ္ဓေါ ဥပတ္ထဒ္ဓတ္တာ- ထောက်ပံ့အပ်သည်၏အဖြစ်ကြောင့်၊ ပဏ္ဍိတော- ပညာရှိသော ပုဂ္ဂိုလ်သည်၊ အတ္ထံ- အစီးပွားချမ်းသာခြင်းသို့ ဝိန္ဒတိ- ရောက်လေ၏၊ တသ္မာ- ထိုကြောင့်၊ ပညာဗလံ- ပညာအားကို၊ သေဋ္ဌ ဗလံ- မြတ်သောအားဟူ၍၊ အဂ္ဂဗလံ- အထွက်အဖျားဖြစ်သော အားဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊

(၃၁) မဟာရာဇ- မြတ်သောမင်းကြီး၊ မန္ဒော- ပညာနည်းသော သူသည်၊ ဖီတံ- ရတနာခုနှစ်ပါးနှင့် ပြည့်စုံထသော၊ ဥတ္တမံ- မြတ်သော၊ ဓရဏိံ-

မြေအပြင်ကို၊ အပိစေလဘတိ- ရလင့်တကား၊ တဿ- ထိုပညာမရှိသော သူအား၊ အကာမဿ- အလိုမရှိဘဲလျက်၊ ပဿယံ့ဝါ- အနိုင်အထက် လုယက်ခြင်းကိုလည်း၊ ကတွာ- ပြု၍၊ အညော- ပညာရှိတစ်ဦးသည်၊ တံရေဏ- ထိုမြေအပြင်ကို၊ ပဋိပဇ္ဇတိ- စီရင်စိုးအုပ်တတ်၏၊

(၃၂) ကာသိပတိ- ကာသိတိုင်းရှင်ဘခင်မင်းမြတ်ပြဟ္မဒတ်၊ အဘိ ဇာတော- အမျိုးသုံးပါးတို့ထက် လွန်မြတ်သော၊ ခတ္တိယောပိ- မင်းသားသည်မူလည်း၊ ဟောတိစ- ဖြစ်လင့်ကစား၊ ရဋ္ဌံ- မင်းအဖြစ်ကို၊ လဒ္ဓါန- ရ၍၊ ဒုပ္ပညော- ပညာနည်းချေက၊ သဗ္ဗေနပိ- အလုံးစုံသော မင်းအဖြစ်ဖြင့်လည်း၊ နဇီဝတိဟိ နဇီဝတိဧဝ- အသက်မမွေးနိုင်ချေသည်သာလျှင်တည်း။

(၃၃) မဟာရာဇ- မြတ်သောမင်းကြီး၊ ပညာဝ- ပညာသည်သာလျှင်၊ သုတံ- ကြားအမြင်အသင်အတတ်နှင့် ပြည့်စုံသည်၏အဖြစ်ကို၊ [ဝိနိစ္ဆိနိ (ဝိနိစ္ဆိန္ဒိ)]- ပြုတတ်၏၊ ပညာ- ပညာသည်၊ ကိတ္တိသိလောကဝဍ္ဎနီ- အကျော်အစော လာဘ်ပူဇော်သက္ကာရကို ပွားများစေတတ်၏၊ ဣဓ လောကေ- ဤသတ္တ လောက၌၊ ပညာသဟိတော- ပညာရှိသော၊ နရော- လူသည်၊ အပိ- စင်စစ်၊ ဒုက္ခေပိ- ဆင်းရဲခြင်းရှိသော်လည်း၊ သုခါနိ- ချမ်းသာခြင်းတို့ကို၊ ဝိန္ဒတိ- ရပါ၏။

(၃၄) မဟာရာဇ- မြတ်သောမင်းကြီး၊ ဓမ္မံ- သဘောအကြောင်း၌ တည်သော၊ ဗဟုဿုတံ- များသောအကြားအမြင်ရှိသောပုဂ္ဂိုလ်အထံသို့၊ အနာဂမ္မ- မဆည်းကပ်မူ၍၊ [အသုဿူသံ(အသုဿုသံ)] အသုဿုသန္တော- နည်းနာ နယကို မနာခံရသော၊ [အဝိနိစ္ဆံ(အဝိနိစ္ဆဇန္တော)]- အကျိုးရှိသည်မရှိသည် အကြောင်း ဟုတ်သည် မဟုတ်သည်ကို မဆင်ခြင်သော၊ ကောစိ- တစ်စုံ တစ်ယောက်သော သူသည်၊ ပညဉ္စ- ပညာကိုလည်း၊ နအဓိဂစ္ဆတိခေါ- မရချေသည်သာလျှင်တည်း။

(၃၅) မဟာရာဇ- မြတ်သောမင်းကြီး၊ ဓမ္မဝိဘင်္ဂညူ- ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ခွဲခြမ်းဝေဖန်ခြင်း၌ လိမ္မာထသော၊ ကာလုဋ္ဌာယီ- လုံ့လပြုလေ့ ရှိထသော၊ အတန္ဒိတော- ပျင်းရိခြင်းကင်းထသော၊ ယောစပဏ္ဍိတော- အကြင်ပညာရှိသည်လည်း၊ ကာလေန- လုံ့လပြုသင့်သော ကာလ၌၊ အနုဋ္ဌဟတိ- လုံ့လပြု၏၊ တဿပဏ္ဍိတဿ- ထိုပညာရှိအား၊ ကမ္မဖလံ- ကံ၏အကျိုးသည်၊ ဣဇ္ဈတိ- ပြည့်စုံ၏။

(၃၆) မဟာရာဇ- မြတ်သောမင်းကြီး၊ အနာယတနသီလဿ- သီလမရှိသော သူတို့၏ အမှုကိုပြုလေ့ရှိထသော၊ အနာယတနသေဝိနော- သီလမရှိသော သူကို မှီဝဲဆည်းကပ်တတ်ထသော၊ နိဗ္ဗိန္ဒိယကာရိဿ- ကုသိုလ်ကောင်းမှုကို ပြုသောကာလ၌ တဆန့်ကျင်ကျင် မရွှင်ပြုံးငွေ့၍ပြုလေ့ ရှိသောသူအား၊ သမ္မဒတ္ထော- လူပြည်နတ်ရပ်၌ ဖြစ်သော မြတ်သော အကျိုးသည်၊ နဝိပစ္စတိ- မပြည့်စုံနိုင်ချေ။

(၃၇) မဟာရာဇ- မြတ်သောမင်းကြီး၊ အဇ္ဈတ္တဉ္စ- မိမိသန္တာန်၌လည်း၊ ပယုတ္တဿ- အနိစ္စအစရှိသော ဘာဝနာတို့၏ အစွမ်းအားဖြင့် ကုသိုလ်တရားကို အားထုတ်တတ်သော၊ တထာယတနသေဝိနော- ထိုသို့သဘောရှိသည် သာလျှင်ဖြစ်သော သီလဝန္တပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်လေ့ရှိထသော၊ အနိဗ္ဗိန္ဒိယကာရိဿ- ကုသိုလ်ကောင်းမှုကိုပြုသောကာလ၌ တဆန့် ကျင်ကျင် မရွှင်ပြုံးငွေ့ခြင်း ကင်းသည်ဖြစ်၍ ပြုလေ့ရှိသော ပညာရှိအား၊ သမ္မဒတ္ထော- လူပြည်နတ်ရပ်၌ ကောင်းမြတ်သော အကျိုးသည်၊ ဝိပစ္စတိ- ပြည့်စုံ၏။

(၃၈) တာတ- ခမည်းတော်မင်းမြတ်၊ သမ္ဘတဿ- အပုံအစုပြုအပ်သော စည်းစိမ်ဥစ္စာကို၊ [အနုရက္ခဏံ(အနုရက္ခနံ)]- အစဉ်စောင့်ရှောက်ခြင်း အကျိုးငှာ၊ ယောဂပ္ပယောဂ သခ်ီတံ- ယှဉ်သင့်သည်၌ ယှဉ်ခြင်းဟု ဆိုအပ်သော၊ တာနိ- ထိုနှစ်ပါးကုန်သော အကြောင်းတို့ကိုလည်း၊ တွံ- သင်ခမည်းတော် မင်းမြတ်သည်၊ သေဝဿု- မှီဝဲတော်မူလော၊ ဒုမ္မေဓော- ပညာမရှိသော သူသည်၊ အကမ္မုနာ- မသင့်မလျော်သော အကြောင်းဖြင့်၊ ဓနံ- ဥစ္စာကို၊ နာသေတွာ- ဖျက်ဆီးစေ၍၊ နင္ဂုဂါဂိရံ- ကျူအိမ်ဆွေးသည်၊ သီဒတိက္ကဝ- ပျက်စီးသကဲ့သို့၊ ဟိယသ္မာ- အကြင်ကြောင့်၊ သီဒတိ- ပျက်စီးတတ်၏၊ တသ္မာ- ထိုကြောင့်၊ တွံ- ဘခမည်းတော် မင်းမြတ်သည်၊ အကမ္မာယ- မသင့်မလျော်သော အကြောင်းဖြင့်၊ မာအာရဒ္ဓယိ- ဥစ္စာကို ကုန်ခန်းစိမ့် သောငှာ လုံ့လပြုတော်မမူလင့်။

တတ္ထ- ထိုဗလံ ပဉ္စဝိဓံစသော ဂါထာတို့၌၊ **မဟဂ္ဂတော**တိ- မဟဂ္ဂတေဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ က္ကမသိံ သတ္တလောကေ- ဤသတ္တလောက၌၊ မဟဇ္ဈာသယေ- ကြီးမားသော အဇ္ဈာသယရှိသော၊ ပုရိသေ- ယောက်ျား၌၊ ပဉ္စဝိဓံ- ငါးပါးအပြားရှိသော၊ ဗလံ- အားသည်၊ ဟောတိ- ဖြစ်၏၊ **ဗာဟုဗလ**န္တိ- ဗာဟုဗလံဟူသည်ကား၊ ကာယဗလံ- ကိုယ်အားတည်း၊ **စရိမ**န္တိ- စရိမံဟူသည်ကား၊ တံ-

ထိုကိုယ်အားသည်၊ အတိမဟန္တံ- အလွန်ကြီးသည်၊ သမာနံပိ- ဖြစ်ပါသော်လည်း၊ လာမကမေဝ- ယုတ်ညံ့သည်သာ၊ ကိံကာရဏာ?- အဘယ့်ကြောင့်နည်းဟူမူကား၊ အန္ဓဗာလဘာဝေန- မိုက်ကန်းသည်၏ အဖြစ်ကြောင့်တည်း၊ ဟိ- ချဲ့၍ဆိုဦးအံ့၊ သစေ- အကယ်၍၊ ကာယဗလံ- ကိုယ်အားသည်၊ မဟန္တံ နာမ- ကြီးသည်မည်သည်၊ ဘဝေယျ- ဖြစ်ငြားအံ့၊ ဝါရဏဗလတော- ဆင်အားထက်၊ လဍ္ဍုကိကာယ- နှံစုတ်ငှက်၏၊ ဗလံ- အားသည်၊ ခုဒ္ဒကံ- ငယ်သည်၊ ဘဝေယျ- ဖြစ်ရာ၏၊ ပန- ဆက်၍ဆိုဦးအံ့၊ ဝါရဏဗလံ- ဆင်၏အားသည်၊ အန္ဓဗာလဘာဝေန- မိုက်ကန်းသည်၏အဖြစ်ကြောင့်၊ မရဏာဿ- သေခြင်း၏၊ ပစ္စယံ- အကြောင်းသည်၊ ဇာတံ- ဖြစ်ပြီ၊ လဍ္ဍုကိကာ- နှံစုတ်ငှက်သည်၊ အတ္တနော- မိမိ၏၊ ဉာဏကုသလတာယ- ဉာဏ်၌ ကျွမ်းကျင်သည်၏ အဖြစ်ကြောင့်၊ ဝါရဏံ- ဆင်ကို၊ ဇီဝိတက္ခယံ- အသက်ကုန်ခြင်းသို့၊ ပါပေသိ- ရောက်စေခဲ့ပြီ၊ ပန- ဆက်၍ဆိုဦးအံ့၊ ဣမဿိံ အတ္ထေ- ဤအနက်၌၊ "န ဟေဝ သဗ္ဗတ္ထ ဗလေန ကိစ္စံ, ဗလဉ္ဟိ ဗာလဿ ဝဓာယ ဟောတိ"တိ- နဟေဝသဗ္ဗတ္ထ ဗလေန ကိစ္စံ ဗလဉ္ဟိ ဗာလဿ ဝဓာယ ဟောတိဟူသော၊ သုတ္တံ- သုတ်ကို၊ (ဇာ၊ ၁၊၅၄၂) အာဟရိတဗ္ဗံ- ဆောင်အပ်၏၊ (သဗ္ဗတ္ထ- အလုံးစုံ၌၊ ဗလေန- ကိုယ်အားဖြင့်၊ ကိစ္စံ- ကိစ္စသည်၊ နဟောဝ- မပြီးစီး၊ ဟိ- မှန်၏၊ ဗလံ- အားသည်၊ ဗာလဿ- ဉာဏ်မဲ့သောသူကို၊ ဝဓာယ- သတ်ခြင်းငှာ၊ ဟောတိ- ဖြစ်၏။)

**ဘောဂဗလန္တိ**- ဘောဂဗလံဟူသည်ကား၊ ဥပတ္ထမ္ဘနဝသေန- ထောက်ပံ့သည်၏အစွမ်းဖြင့်၊ ဟိရညသုဝဏ္ဏာဒိ- ရွှေငွေအစရှိသော၊ သဗ္ဗံ- အလုံးစုံသော၊ ဥပဘောဂဇာတံ- အသုံးအဆောင်ဟူသမျှသည်၊ ဘောဂဗလံ နာမ- ဘောဂဗလမည်၏၊ တံ- ထိုဘောဂဗလသည်၊ ကာယဗလတော- ကာယဗလထက်၊ မဟန္တတရံ- ပို၍ကြီး၏၊ **အမစ္စဗလန္တိ**- အမစ္စဗလံဟူသည်ကား၊ အဘေဇ္ဇမန္တဿ- မကွဲပြားသော တိုင်ပင်ခြင်းရှိသော၊ သူရဿ- ရဲရင့်သော၊ သုဟဒယဿ- စိတ်နှလုံးကောင်းရှိသော၊ အမစ္စမဏ္ဍလဿ- အမတ်အပေါင်း၏၊ အတ္ထိတာ- ရှိသည်၏အဖြစ်တည်း၊ တံ ဗလံ- ထိုအမစ္စဗလသည်၊ သင်္ဂါမသူရတာယ- စစ်မြေပြင်၌ရဲရင့်သည်၏ အဖြစ်ကြောင့်၊ ပုရိမေဟိ- ရှေးဖြစ်ကုန်သော၊ ဗလေဟိ- အားတို့ထက်၊ မဟန္တတရံ- ပို၍အားကြီး၏၊ **အဘိဇစ္စ-ဗလန္တိ**- အဘိဇစ္စဗလံဟူသည်ကား၊ တိဏ္ဏံ- သုံးပါး ကုန်သော၊ ကုလာနံ- အမျိုးတို့ကို၊ အတိက္ကမိတွာ- ကျော်၍၊ ခတ္တိယကုလဝသေန- မင်းမျိုး၏အစွမ်းဖြင့်၊ ဇာတိသမ္ပတ္တိ-ဇာတ်၏ပြည့်စုံခြင်းတည်း၊ တံ- ထိုအဘိဇစ္စဗလသည်၊ ဣတရေဟိ- အခြားကုန်သော၊

ဗလေဟိ- အားတို့ထက်၊ မဟန္တတရံ- ပို၍အားကြီး၏၊ ဟိ- မှန်၏၊ ဇာတိသမ္ပန္နာ ဧဝ- ဇာတ်နှင့်ပြည့်စုံသော သူတို့သည်သာလျှင်၊ သုဇ္ဈန္တိ- စင်ကြယ်ကုန်၏၊ ဣတရေတိ- အခြားသောသူတို့သည်၊ နသုဇ္ဈန္တိ- မစင်ကြယ်ကုန်၊ **ယာနိ စေတာနီ**တိ- ယာနိ စေတာနိဟူသည်ကား၊ စတ္တာရိပိ- လေးပါးအပြားရှိသည်လည်းဖြစ်ကုန်သော၊ ယာနိ စ ဧတာနိ ဗလာနိ- အကြင်အားတို့ကို၊ ပဏ္ဍိတော- ပညာရှိသူသည်၊ ပညာနုဘာဝေန- ပညာ၏အစွမ်းဖြင့်၊ အဓိဂစ္ဆာတိ- ရယူနိုင်၏၊ အဘိဘဝတိ- လွှမ်းမိုးနိုင်၏၊ သဗ္ဗဗလာနံ- အလုံးစုံသော အားတို့တွင်၊ တံ ပညာဗလံ- ထိုပညာအားကို၊ သေဋ္ဌန္တိ စ- အမြတ်ဆုံးဟူ၍ လည်းကောင်း၊ အဂ္ဂန္တိ စ- အသာဆုံးဟူ၍လည်းကောင်း၊ ဝုစ္စတိ- ဆိုအပ်၏၊ ကိံကာရဏာ?- အဘယ်အကြောင်းကြောင့်နည်းဟူမူကား၊ ဟိ- အကြောင်းကား၊ တေန ဗလေန- ထိုပညာအားဖြင့်၊ ဥပတ္ထဒ္ဓေါ- ထောက်ပံ့အပ်သော၊ ပဏ္ဍိတော- ပညာ ရှိသည်၊ အတ္ထံ- အကျိုးစီးပွားကို၊ ဝိန္ဒတိ- ရ၏၊ ဝုမိံ- ကြီးပွားခြင်းသို့ ပါပုဏာတိ- ရောက်၏၊ တဒတ္ထဇောတနတ္ထံ- ထိုအနက်ကိုထွန်းပြခြင်းအကျိုးငှာ၊ “ပုဏ္ဏံ နဒိံ ယေန စ ပေယျမာဟူ”တိ- ပုဏ္ဏံ နဒိံ ယေန စ ပေယျမာဟုအစရှိသော၊ ပုဏ္ဏနဒီဇာတကဉ္စ- ပုဏ္ဏနဒီဇာတ်ကိုလည်းကောင်း၊(ဇာ၊၁၊၂၊၁၂၇) သိရီကာဠကဏ္ဏိပဉ္ဟံ- သိရီကာဠကဏ္ဏိ- ပဉှာကိုလည်းကောင်း၊ ပဉ္စပဏ္ဍိတပဉ္ဟဉ္စ- ပဉ္စပဏ္ဍိတပဉှာကိုလည်းကောင်း၊ သတ္တုဘသ္တ ဇာတက(ဇာ၊၁၊၇၊၄၆) သမ္ဘဝဇာတက(ဇာ၊၁၊၁၆၊၁၃၈) သရဘင်္ဂဇာတကာဒီနိ (ဇာ၊ ၂၊၁၇၊၅၀) စ- သတ္တုဘသ္တဇာတ် သမ္ဘဝဇာတ် သရဘင် ဇာတ်အစရှိတို့ကိုလည်းကောင်း၊ ကထေတဗ္ဗာနိ- ဆိုအပ်ကုန်၏။

**မန္ဒော**တိ- မန္ဒောဟူသည်ကား၊ မန္ဒပညော- နံ့သောပညာရှိသော၊ ဗာလော- လူမိုက်တည်း၊ **ဖီတန္တိ**- ဖီတံဟူသည်ကား၊ တာတ- ဖခင်၊ မန္ဒပညော- နံ့သောပညာ ရှိသော၊ ပုဂ္ဂလော- ပုဂ္ဂိုလ်သည်၊ သတ္တရတနပုဏ္ဏံ- ရတနာခုနစ်ပါးနှင့် ပြည့်စုံသော၊ ဥတ္တမံ- မြတ်သော၊ ဓရဏိံ- မြေအပြင်ကို၊ စေပိ လဘတိ- အကယ်၍ကား ရ၏၊ တဿ- ထိုဉာဏ်နံ့သော သူ၏၊ အနိစ္ဆမာနဿေဝ- အလိုမရှိဘဲလျှင်၊ ပသယှကာရံ ဝါ ပန- အနိုင်အထက်ပြုခြင်းကိုမူလည်း၊ ကတွာ- ပြု၍၊ အညော- အခြားသော၊ ပညာသမ္ပန္နော- ပညာနှင့် ပြည့်စုံသော သူသည်၊ တံ- ထိုမြေအပြင်ကို၊ ပဋိပဇ္ဇတိ- စီရင်အုပ်စိုး၏၊ ဟိ- မှန်၏၊ လဒ္ဓံ- ရအပ်ပြီးသော၊ ယသံ- စည်းစိမ်ကို၊ မန္ဒော- ဉာဏ်နံ့သော သူသည်၊ ကုလသန္တကံ- အမျိုး၏ဥစ္စာကို၊ ရက္ခိတုံဝါ- စောင့်ရှောက်ခြင်းငှာလည်း ကောင်း၊ ပန- ထို့အပြင်၊ ပဝေဏိအာဂတံ- အစဉ်အဆက်အားဖြင့်လာသော၊ ရဇ္ဇံပိ-

မင်းအဖြစ်ကိုလည်း၊ အဓိဂန္တုံ- ရခြင်းငှာ၊ န သက္ကောတိ- မစွမ်းနိုင်၊ တဒတ္ထဇောတနတ္ထံ- ထိုအနက်ကို ထွန်းပြခြင်းအကျိုးငှာ၊ "အဒ္ဓါ ပါဒဉ္ဇလီ သဗ္ဗေ၊ ပညာယ အတိရောစတိ"တိ- အဒ္ဓါ ပါဒဉ္ဇလီ သဗ္ဗေ၊ ပညာယ အတိရောစတိ အစရှိသော၊ **ပါဒဉ္ဇလီဇာတကံ**- ပါဒဉ္ဇလီဇာတ်ကို၊ (ဇာ၁၊၂၁၉၄-၁၉၅) ကထေတဗ္ဗံ- ဆိုအပ်၏၊ **လဒ္ဓါနာ**တိ- လဒ္ဓါန ဟူသည်ကား၊ ဇာတိသမ္ပတ္တိံ- ဇာတ်၏ပြည့်စုံခြင်းကို၊ နိဿာယ- မှီ၍၊ ကုလသန္တကံ- အမျိုး၏ဥစ္စာဖြစ်သော၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ လဘိတ္ဝာပိ- ရ၍လည်း၊ **သဗ္ဗေနပိ**တိ- သဗ္ဗေနပိဟူသည်ကား၊ သကလေန- အလုံးစုံဖြစ်သော၊ တေန ရဇ္ဇေနပိ- ထိုမင်း၏ အဖြစ်ဖြင့်လည်း၊ န ဇီဝတိ- အသက်မရှင်နိုင်၊ အနုပါယကုသလတာယ- အကြောင်း တရား၌ မကျွမ်းကျင်သည်၏အဖြစ်ကြောင့်၊ ဒုဂ္ဂတော၀- ဆင်းရဲသည်သာလျှင်၊ ဟောတိ- ဖြစ်၏၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ဧဝံ- ဤသို့လျှင်၊ မဟာသတ္တော- အလောင်းတော်သည်၊ ဧတ္တကေန- ဤမျှလောက်သော၊ ဌာနေန- အရာဌာနဖြင့်၊ အပဏ္ဍိတဿ- ပညာမရှိသော သူ၏၊ အဂုဏံ- ကျေးဇူးမဲ့ကို၊ ကထေတွာ- ဆိုပြီး၍၊ က္ကဒါနိ- ယခုအခါ၌၊ ပညံ- ပညာကို၊ ပသံသန္တော- ချီးမွမ်းလိုသည်ဖြစ်၍၊ "ပညာ"တိအာဒိံ- ပညာအစရှိသည်ကို၊ အာဟ- ဆိုပြီ၊ တတ္ထ- ထိုစကားရပ်၌၊ သုတန္တိ- သုတံဟူသည်ကား၊ သုတပရိယတ္တိ- အကြားအမြင် အသင်အတတ်နှင့် ပြည့်စုံသည်၏ အဖြစ်တည်း၊ ဟိ- မှန်၏၊ တံ- ထိုသုတကို၊ ပညာ၀- ပညာသည်သာ၊ ဝိနိစ္ဆိနတိ- ဆုံးဖြတ်၏၊ **ကိတ္တိသိလောကဝဍ္ဎနီ**တိ- ကိတ္တိသိလောကဝဍ္ဎနီဟူသည်ကား၊ ကိတ္တိဃောသဿစ- ကျော်စောသံ၏လည်းကောင်း၊ လာဘသက္ကာရဿ စ- လာဘ်ပူဇော်သက္ကာ၏ လည်းကောင်း၊ ဝဍ္ဎနီ- တိုးပွားခြင်းတည်း၊ **ဒုက္ခေ သုခါနိ ဝိန္ဒတီ**တိ- ဒုက္ခေ သုခါနိ ဝိန္ဒတိဟူသည်ကား၊ ဒုက္ခေ- ဆင်းရဲသည်၊ ဥပ္ပန္နေပိ- ဖြစ်ပါသော်လည်း၊ နိဗ္ဗာဃော- ဘေးမရှိသည်၊ ဟုတွာ- ဖြစ်၍၊ ဥပါယကုသလတာယ- အကြောင်းတရား၌ လိမ္မာသည်၏ အဖြစ်ကြောင့်၊ သုခံ- ချမ်းသာကို၊ ပဋိလဘတိ- ရ၏၊ တဒတ္ထဒီပနတ္ထံ- ထိုအနက်ကို ပြခြင်းအကျိုးငှာ၊ "ယဿေတေ စတုရော ဓမ္မာ၊ ဝါနရိန္ဒ ယထာ တဝ"။ (ဇာ၁၊၁၊၅၇) အလမေတေဟိ အမ္ဗေဟိ၊ ဇမ္ဗူဟိ ပနသေဟိ စာ"တိ(ဇာ၁၊၂၁၁၅) အာဒီနိ- "ယဿေတေ စတုရော ဓမ္မာ၊ ဝါနရိန္ဒ ယထာ တဝ"။(ဇာ၊ ၁၊၁၊၅၇) အလမေတေဟိ အမ္ဗေဟိ၊ ဇမ္ဗူဟိ ပနသေဟိစာ" အစရှိကုန်သော၊ ဇာတကာနိ- ဇာတ်တို့ကို၊ ကထေတဗ္ဗာနိ- ဆိုအပ်ကုန်၏။

**အသုဿူသန္တိ**- အသုဿူသံဟူသည်ကား၊ ပဏ္ဍိတပုဂ္ဂလေ- ပညာရှိသော ပုဂ္ဂိုလ်တို့ကို၊ အပယိရုပါသန္တော- မချဉ်းကပ်မူ၍၊ အဿုဏန္တော- မနာကြားမူ၍၊ ဓမ္မဋ္ဌန္တိ- ဓမ္မဋ္ဌံဟူသည်ကား၊ သဘာဝကာရဏေ- ထင်ရှားရှိသောအကြောင်း၌၊ ဌိတံ- တည်သော၊ ဗဟုဿုတံ- အကြားအမြင်ရှိသော ပုဂ္ဂိုလ်သို့၊ အနာဂမ္မ- မကပ်ရောက်မူ၍၊ တံ- ထိုအကြားအမြင်ရှိသော ပုဂ္ဂိုလ်၏စကားကို၊ အသဒ္ဒဟန္တော- မယုံမူ၍၊ **အဝိနိစ္ဆယဉ္ဉူန္တိ**- အဝိနိစ္ဆယညုံဟူသည်ကား၊ တာတ- ဖခင်၊ အတ္ထာနတ္ထံ- အကျိုးရှိသည်မရှိသည်ကို၊ ကာရဏာကာရဏံ- အကြောင်းဟုတ်သည်မဟုတ်သည်ကို၊ အနောဂါဟန္တော- ဉာဏ်ဖြင့်မသက်ဝင်သော၊ အတီရေန္တော- ဉာဏ်ဖြင့်မဆုံးဖြတ်သော၊ ကောစိ- တစ်စုံတစ်ယောက်သော သူသည်၊ ပညံ- ပညာကို၊ နအဓိဂစ္ဆတိ- မရနိုင်။

**ဓမ္မဝိဘင်္ဂညူတိ**- ဓမ္မဝိဘင်္ဂညူဟူသည်ကား၊ ဒသကုသလကမ္မပထဝိဘင်္ဂကုသလော- ဆယ်ပါးသော ကုသိုလ်ကမ္မပထတရားတို့ကို ဝေဖန်ခြင်း၌လိမ္မာသော၊ **ကာလုဋ္ဌာယီ**တိ- ကာလုဋ္ဌာယိဟူသည်ကား၊ ဝီရိယံ- ကျိုးစားမှုကို၊ ကာတုံ- ပြုခြင်းငှာ၊ ယုတ္တကာလေ- သင့်သောအချိန်၌၊ ဝီရိယဿ- ကျိုးစားမှုကို၊ ကာရကော- ပြုတတ်သော၊ **အနုဋ္ဌဟတီ**တိ- အနုဋ္ဌဟတိဟူသည်ကား၊ တသ္မိံ တသ္မိံ ကာလေ- ထိုထိုသင့်တော်သော ကာလ၌၊ တံ တံ ကိစ္စံ- ထိုထိုအမှုကို၊ ကရောတိ- ပြုတတ်၏၊ **တဿာ**တိ- တဿဟူသည်ကား၊ တဿ ပုဂ္ဂလဿ- ထိုပညာရှိပုဂ္ဂိုလ်အား၊ ကမ္မဖလံ- ကံ၏အကျိုးတရားသည်၊ သမိဇ္ဈတိ နိပ္ဖဇ္ဇတိ- ပြီးစီး၏၊ **အနာယတနသီလဿာ**တိ- အနာယတနသီလဿဟူသည်ကား၊ လာဘယသသုခါနံ- လာဘ်လာဘအခြံအရံ ချမ်းသာတို့၏၊ အနာကရော- တည်ရာမဟုတ်သော၊* ဒုဿီလျကမ္မံ- သီလမရှိသူ၏ ဖြစ်ကြောင်း ဖြစ်ရာဖြစ်သော အမှုကိစ္စကို၊ အနာယတနံ- အနာယတနဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ တံသီလဿ- ထိုသီလမရှိသူ၏ဖြစ်ကြောင်းဖြစ်ရာဖြစ်သော အမှုကိစ္စကို ပြုလေ့ရှိသော၊ တေန ဒုဿီလျကမ္မေန- ထိုသီလမရှိသူ၏ဖြစ်ကြောင်း ဖြစ်ရာဖြစ်သော အမှုကိစ္စနှင့်၊ သမန္နာဂတဿ- ပြည့်စုံသော၊ အနာယတနဘူတံ- ထောက်တည်ရာ မဟုတ်သူဖြစ်၍ဖြစ်သော၊ ဒုဿီလပုဂ္ဂလံဧဝ- ဒုဿီလပုဂ္ဂိုလ်ကိုပင်လျှင်၊ သေဝန္တဿ-

*အနာကရော= အန+အာကရ=ဟုပုဒ်ခွဲ- အာကရ-ကို အာ-ရှေးရှိသော ကရဟုလည်းကောင်း၊ ကိရ-ဓာတ်ဟုလည်းကောင်း ဆိုကြ၏၊ ကိရ-ဖြင့်ကြဲခြင်းကား ပို၍ကောင်းသည်၊ တွင်း-ဟူသည် ပတ္တမြား ထွက်သောတွင်းဖြစ်သည်၊ ပတ္တမြားတည်ရာပင်တည်း၊ ထို့ကြောင့်တည်ရာ အနက်ဟော အာလယ-ပုဒ်ပရိယာယ်အနေဖြင့် အဋ္ဌကထာ ဖွင့်ခြင်းဖြစ်သည်။

မှီဝဲသော၊ ကုသလဿ- ကုသိုလ်ဖြစ်သော၊ ကမ္မဿ- အမှုကို၊ ကရဏကာလေ- ပြုသောအခါ၌၊ **နိဗ္ဗိန္ဒိယကာရိဿ**- ငြီးငွေ့ခြင်းပြုတတ်သော၊ နိဗ္ဗိန္ဒိတွာ- ငြီးငွေ့၍၊ ဥက္ကဏ္ဌိတွာ- ပျင်းရိ၍၊ ကရောန္တဿ- ပြုတတ်သော၊ တာတ- ဖခင်၊ ဧဝရူပဿ- ဤသို့သဘောရှိသော၊ ပုဂ္ဂလဿ- ပုဂ္ဂိုလ်အား၊ ကမ္မာနံ- ကံတို့၏၊ အတ္ထော- အကျိုးသည်၊ သမ္မာ- ကောင်းစွာ၊ **န ဝိပစ္စတိ** န သမ္ပဇ္ဇတိ- မပြည့်စုံ၊ တီဏိ- သုံးပါးကုန်သော၊ ကုလင်္ဂါနိ စ- မြတ်သော အမျိုးတို့သို့လည်းကောင်း၊ ဆ- ခြောက်ပါးကုန်သော၊ ကာမသဂ္ဂါနိ စ- ကာမာဝစရနတ်ပြည်တို့သို့လည်းကောင်း၊ န ဥပနေတိ- မဆောင်၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **အဗ္ဘုတ္တဉ္စာ**တိ- အဗ္ဘုတ္တဉ္စဟူသည်ကား၊ အတ္တနော- မိမိ၏၊ နိယကဇ္ဈတ္တံ- ရုပ်နာမ်ခန္ဓာကို၊ အနိစ္စဘာဝနာဒိဝသေန- အနိစ္စဟု ပွားများခြင်းအစရှိသည်၏ အစွမ်းဖြင့်၊ ပယုတ္တဿ- အားထုတ်သော၊ **တထာယတန-သေဝိနော**တိ- တထာယတနသေဝိနောဟူသည်ကား၊ တထေဝ- ထို့အတူပင်လျှင်၊ သီလဝန္တေ- သီလရှိကုန်သော၊ ပုဂ္ဂလေ- ပုဂ္ဂိုလ်တို့ကို၊ သေဝမာနဿ- မှီဝဲသော၊ **ဝိပစ္စတီ**တိ- ဝိပစ္စတိဟူသည်ကား၊ သမ္ပဇ္ဇတိ- ပြည့်စုံ၏၊ မဟန္တံ- ကြီးစွာသော၊ ယသံ- စည်းစိမ်ချမ်းသာကို၊ ဒေတိ- ပေး၏။

**ယောဂပ္ပယောဂသင်္ခါတန္တိ**- ယောဂပ္ပယောဂသင်္ခါတံဟူသည်ကား၊ ယောဂေ- ယှဉ်သင့်သော အကြောင်း၌၊ ယုဉ္ဇိတဗ္ဗယုတ္တကေ- ယှဉ်ခြင်းငှာသင့်သော၊ ကာရဏေ- အကြောင်း၌၊ ပယောဂကောဋ္ဌာသဘူတံ- ယှဉ်ခြင်းအဖို့အစုဖြစ်၍ဖြစ်သော၊ ပည်- ပညာတည်း၊ **သမ္ဘတဿာ**တိ- သမ္ဘတဿဟူသည်ကား၊ ရာသိကတဿ- အစုအပုံပြု အပ်သော၊ ဓနဿ- ဥစ္စာကို၊ အနုရက္ခဏံ- စောင့်ရှောက်ခြင်းတည်း၊ **တာနိ တွန္တိ**- တာနိ တွံဟူသည်ကား၊ တာတ- ဖခင်၊ ဒွေ- နှစ်ပါးကုန်သော၊ ပုရိမာနိ- ရှေးဖြစ်ကုန် သော၊ တောနိ စ- ဤတရားနှစ်ပါးတို့ကိုလည်းကောင်း၊ သဗ္ဗာနိ- အလုံးစုံကုန်သော၊ မယာ- ငါသည်၊ ဝုတ္တကာရဏာနိ စ- ဆိုအပ်သော အကြောင်းတရားတို့ကိုလည်းကောင်း၊ တွံ- သင်သည်၊ သေဝဿု- မှီဝဲလော၊ မယာ- ငါသည်၊ ဝုတ္တံ- ဆိုအပ်သော၊ ဩဝါဒံ- ဩဝါဒကို၊ ဟဒယေ- နှလုံး၌၊ ကတွာ- ပြု၍၊ အတ္တနော- မိမိ၏၊ ယရေ- အိမ်၌၊ ဓနံ- ဥစ္စာကို၊ ရက္ခ- စောင့်ရှောက်လော့၊ **မာ အကမ္မာယ ရန္ဓယီ**တိ- မာ အကမ္မာယ ရန္ဓယိဟူသည်ကား၊ အယုတ္တေန- မသင့်သောနည်းဖြင့်၊ အကာရဏေန- အကြောင်း မဟုတ်သဖြင့်၊ မာ ရန္ဓယိ- မဖျက်ဆီးပါလင့်၊ တံ ဓနံ- ထိုဥစ္စာကို၊ မာ ဈာပယိ- မလောင်ကျွမ်းစေပါလင့်၊ မာ နာသယိ- မဖျက်ဆီးပါလင့်၊ ကိံကာရဏာ?- အဘယ်

အကြောင်းကြောင့်နည်းဟူမူကား၊ **အကမ္မနုာ ဟီ**တိ- အကမ္မနုာဟိဟူသည်ကား၊ အယုတ္တကမ္မကရဏေန- မသင့်သောအမှုကိုပြုသဖြင့်၊ ဒုမ္မေဓော- ပညာမဲ့သော၊ ပုဂ္ဂလော- ပုဂ္ဂိုလ်သည်၊ သကံ ဓနံ- မိမိဥစ္စာကို၊ နာသေတွာ- ဖျက်ဆီး၍၊ ပစ္ဆာ- နောက်၌၊ ဒုဂ္ဂတော- ဆင်းရဲသည်၊ (ဟောတိ- ဖြစ်၏၊) **နဋ္ဌာဂါရံဝ သီဒတီ**တိ- နဋ္ဌာဂါရံဝ သီဒတိဟူသည်ကား၊ နဋ္ဌာဂါရံ- ကျူးအိမ်သည်၊ မူလတော- အရင်းမှ၊ ပဋ္ဌာယ- စ၍၊ ဇိရမာနံ- ဆွေးမြေ့သည်ရှိသော်၊ အပ္ပတိဋ္ဌ- မှီရာမရှိသည်၊ (ဟုတွာ- ဖြစ်၍၊) ပတတိ ယထာ- လဲကျသကဲ့သို့၊ ဧဝံ- ဤအတူ၊ အကာရဏေန- အကြောင်းမဟုတ်သဖြင့်၊ ဓနံ- ဥစ္စာကို၊ နာသေတွာ- ဖျက်ဆီး၍၊ အပါယေသု- အပါယ်တို့၌၊ နိဗ္ဗတ္တတိ- ဖြစ်ရ၏၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံမ္ပိ- ဤသို့လျှင်၊ ဗောဓိသတ္တော- ဘုရားလောင်းဇမ္ဗုကမည်သော ကျေးသားသည်၊ ဧတ္တကေန- ဤမျှအတိုင်းအရှည်ရှိသော၊ ဌာနေန- အကြောင်းဖြင့်၊ ပဉ္စငါးပါးကုန်သော၊ ဗလာနိ- အားတို့ကို၊ ဝဏ္ဏေတွာ- ချီးမွမ်းတော်မူ၍၊ ပညာဗလံ- ပညာအားကို၊ ဥက္ခိပိတွာ- မြှောက်ပင့်တော်မူ၍၊ စန္ဒမဏ္ဍလံ- လပြည့်ဝန်းကို၊ နီဟရန္တော ဝိယ- ဆောင်ယူဘိသကဲ့သို့၊ ကထေတွာ- ဟောတော်မူပြီး၍၊ က္ကဒါနိ- ယခုအခါ၌၊ ဒသဟိ- ဆယ်ခုကုန်သော၊ ဂါထာဟိ- ဂါထာတို့ဖြင့်၊ ရညော- မင်းအား၊ ဩဝါဒံ- အဆုံးအမကို၊ ဒေန္တော- ပေးပြန်လိုသည်ဖြစ်၍၊ "ဓမ္မံ စရ မဟာရာဇ (ပ) မာ ဓမ္မံ ရာဇ ပါမဒေါ"တိ- ဓမ္မံ စရ မဟာရာဇ (ပ) မာ ဓမ္မံ ရာဇ ပါမဒေါ-ဟူကုန်သော၊ (က္ကမာဂါထာ- ဤဂါထာတို့ကို၊) အာဟ- ဆိုပြီ။

(၃၉) မဟာရာဇ- မြတ်သောမင်းကြီး၊ မာတာပိတူသု- မယ်တော် ခမည်းတော်တို့၌၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ခတ္တိယ- မင်းမြတ်၊ က္ကဓလောကေ- ဤလောက၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်သောကြောင့်၊ တွံရာဇာ- သင်ဖခင်မင်းမြတ်သည်၊ သဂ္ဂံ- နတ်ပြည် သို့၊ ဂမိဿသိ- ရောက်တော်မူရလတ္တံ့။

(၄၀) မဟာရာဇ- မြတ်သောမင်းကြီး၊ ပုတ္တဒါရေသု- သားတော် သမီးတော် မိဖုရား မောင်းမမိဿံတို့၌၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ခတ္တိယ- ခမည်းတော် မင်းမြတ်၊ က္ကဓလောကေ- ဤလောက၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူသောကြောင့်၊ တွံရာဇာ- သင် ဖခင်မင်းမြတ်သည်၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- ရောက်တော်မူရလတ္တံ့။

(၄၁) မဟာရာဇ- မြတ်သောမင်းကြီး၊ မိတ္တာမစ္စေသု- ချစ်သော အဆွေခင်ပွန်း မှူးတော်မတ်တော်တို့၌၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ခတ္တိယ- မင်းမြတ်၊ ဣဓလောကေ- ဤလောက၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူသောကြောင့်၊ တွံရာဇာ- သင်ဖခင် မင်းမြတ်သည်၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- ရောက်တော် မူရလတ္တံ့။

(၄၂) မဟာရာဇ- မြတ်သောမင်းကြီး၊ ဝါဟနေသုစ- ဆင်မြင်းစသော ယာဉ်တို့၌လည်းကောင်း၊ ဗလေသုစ- ရဲမက်ဗိုလ်ပါတို့၌လည်းကောင်း၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ဣဓလောကေ- ဤလောက၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူသောကြောင့်၊ တွံရာဇာ- သင် ဖခင်မင်းမြတ်သည်၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- ရောက်တော်မူရလတ္တံ့။

(၄၃) မဟာရာဇ- မြတ်သောမင်းကြီး၊ ဂါမေသုစ- ရွာသူတို့၌လည်းကောင်း၊ နိဂမေသုစ- နိဂုံးသူတို့၌လည်းကောင်း၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ဣဓလောကေ- ဤလောက၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်သောကြောင့်၊ တွံရာဇာ- သင်ဖခင်မင်းမြတ်သည်၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- ရောက်တော်မူရလတ္တံ့။

(၄၄) မဟာရာဇ- မြတ်သောမင်းကြီး၊ ရဋ္ဌေသုစ- တိုင်းနိုင်ငံသူတို့၌ လည်းကောင်း၊ ဇနပဒေသုစ- ဇနပုဒ်သူတို့၌လည်းကောင်း၊ ဓမ္မံ- တရား ကို၊ စရ- ကျင့်တော်မူလော၊ ဣဓလောကေ- ဤလောက၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူသောကြောင့်၊ တွံရာဇာ- သင်ဘခင် မင်းမြတ်သည်၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- ရောက်တော်မူရလတ္တံ့။

(၄၅) မဟာရာဇ- မြတ်သောမင်းကြီး၊ သမဏဗြာဟ္မဏေသု- ရဟန်း ပုဏ္ဏားတို့၌၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ဣဓလောကေ- ဤလောက၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူသောကြောင့်၊ တွံရာဇာ- သင်ဖခင် မင်းမြတ်သည်၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- ရောက်တော်မူရလတ္တံ့။

(၄၆) မဟာရာဇ- မြတ်သောမင်းကြီး၊ မိဂပက္ခီသု- သားငှက်တို့၌၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ခတ္တိယ- မင်းမြတ်၊ ဣဓလောကေ- ဤလောက၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူသောကြောင့်၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- ရောက်တော်မူရလတ္တံ့။

(၄၇) မဟာရာဇ- မြတ်သောမင်းကြီး၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ သုစိဏ္ဏော- ကောင်းစွာ ကျင့်အပ်သော၊ ဓမ္မော- တရားသည်၊ သုခံ- ချမ်းသာခြင်းသို့၊ အာဝဟတိ- ရောက်စေတတ်၏၊ ဣဓလောကေ- ဤ လောက၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူသောကြောင့်၊ တွံ ရာဇ- သင်ဖခင်မင်းမြတ်သည်၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- ရောက်တော်မူ လတ္တံ့။

(၄၈) မဟာရာဇ- မြတ်သောမင်းကြီး၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ သပြဟ္မကာ- ပြဟ္မာနှင့်တကွကုန်သော၊ ဣန္ဒာဒေဝါ- သိကြား ကာမာဝစရနတ် တို့သည်၊ သုစိဏ္ဏေန- ကောင်းစွာကျင့်အပ်သော သုစရိုက်ကြောင့်၊ ဒိဝံ- နတ်ပြည်ပြဟ္မာ့ပြည်သို့ ပတ္တာ- ရောက်ကြကုန်၏၊ တသ္မာ- ထိုကြောင့်၊ ရာဇ- ခမည်းတော်မင်းမြတ်၊ တွံရာဇ- သင်ဘခင်မင်းမြတ် သည်၊ ဓမ္မံ- တရားကို၊ မာပမာဒေါ- အသက်ကိုစွန့်ပစ်ရသော်လည်း မေ့တော်မမူလင့်။

တတ္ထ- ထိုဓမ္မံစရသော ဂါထာတို့၌၊ တာဝ- ရှေးဦးစွာ၊ ပဌမဂါထာယ- ပဌမ ဂါထာ၌၊ **ဣဓ ဓမ္မန္တိ**- ဣဓ ဓမ္မံဟူသည်ကား၊ မာတာပိတုပဋ္ဌာနဓမ္မံ- အမိအဖကို လုပ်ကျွေးသောတရားကို၊ တံ- ထိုတရားကို၊ ကာလသော- စောစော၌ပင်လျှင်၊ ဝုဋ္ဌာယ- ထ၍၊ မာတာပိတူနံ- အမိအဖတို့၏၊ မုခေါဒကဒန္တကဋ္ဌဒါနံ- မျက်နှာသစ်ရေ ပေးခြင်း ဒန်ပူပေးခြင်းကို၊ အာဒိံ ကတွာ- အစပြု၍၊ သဗ္ဗသရိရကိစ္စပရိဟရဏံ- အလုံးစုံသောခန္ဓာကိုယ်၏ကိစ္စကိုဆောင်ရွက်ခြင်းကို၊ ကရောန္တော- ပြု၍သာလျှင်၊ ပူရေဟိ- ဖြည့်ကျင့်လော၊ ဣတိ- ဤသို့ ဝဒတိ- ဆို၏၊ **ပုတ္တဒါရေသူ**တိ- ပုတ္တဒါရေသု ဟူသည်ကား၊ တာဝ- ရှေးဦးစွာ၊ ပုတ္တဓိတရော- သားသမီးတို့ကို၊ ပါပါ- မကောင်းမှုမှ၊ နိဝါရေတွာ- တားမြစ်၍၊ ကလျာဏေ- ကောင်းမှု၌၊ နိဝေသေန္တော- သွတ်သွင်းသော သူသည်၊ သိပ္ပံ- အတတ်ကို၊ ဥဂ္ဂဏှာပေန္တော- သင်ယူစေသော သူသည်၊ ဝယပ္ပတ္တ- ကာလေ- အရွယ်သို့ရောက်သောအခါ၌၊ ပတိရူပကုလဝံသေန- သင့်တော်သော အမျိုးအနွယ်၌ဖြစ်သော ပုဂ္ဂိုလ်နှင့်၊ အာဝါဟဝိဝါဟံ- လက်ထပ်ထိမ်းမြားခြင်းကို၊ ကရောန္တော- ပြုပေးသော သူသည်၊ သမယေ- သင့်လျော်သော အချိန်၌၊ ဓနံ- ဥစ္စာကို၊ ဒေန္တော- ပေးသောသူသည်၊ ပုတ္တေသု- သားသမီးတို့၌၊ ဓမ္မံ- တရားကို၊ စရတိ နာမ- ကျင့်သည်မည်၏၊ ဘရိယံ- မယားကို၊ သမ္မာနေန္တော- မြတ်နိုးသော သူသည်၊ အနဝမာနေန္တော- မထေမဲ့မြင် မပြုသူသည်၊ အနတိစရန္တော- လွန်ကျူး၍ မကျင့်သူသည်၊

ကြလာသရိယံ- ဥစ္စာခနေ သိမ်းဆည်းမှု၌ အစိုးရခြင်းကို၊ ဝေါဿဇ္ဇေန္တော- စွန့်လွှတ်သော သူသည်၊ အလက်ာရံ- အဆင်တန်ဆာကို၊ အနုပ္ပဒေန္တော- ဆင်သောသူသည်၊ ဒါရေသု- မယားတို့၌၊ ဓမ္မံ- တရားကို၊ စရတိ နာမ- ကျင့်သောသူမည်၏၊ **မိတ္တာမစ္စေသူ**တိ- မိတ္တာမစ္စေသုဟူသည်ကား၊ မိတ္တာ-မစ္စေ- အဆွေခင်ပွန်းတို့ကို၊ စတူဟိ- လေးပါးကုန်သော၊ သင်္ဂဟဝတ္ထူဟိ- ချီးမြှောက်ကြောင်းဖြစ်သော ဝတ္ထုတို့ဖြင့်၊ သင်္ဂဏှန္တော- ချီးမြှောက်သောသူသည်၊ အဝိသံဝါဒေန္တော- ခွဲဝေပေးသော သူသည်၊* တေသု- ထိုမိတ်ဆွေ ခင်ပွန်းတို့၌၊ ဓမ္မံ- တရားကို၊ စရတိ နာမ- ကျင့်သောသူမည်၏၊ **ဝါဟနေသု ဗလေသု စာ**တိ- ဝါဟနေသု ဗလေသုစဟူသည်ကား၊ ဟတ္ထိအဿာဒိနံ- ဆင် မြင်းအစရှိကုန်သော၊ ဝါဟနာနံစ- ယာဉ်တို့အားလည်းကောင်း၊ ဗလကာယဿ စ- စစ်သည်ဗိုလ်ပါး အပေါင်းအားလည်းကောင်း၊ ဒါတဗ္ဗယုတ္တကံ- ပေးခြင်းငှာသင့်သော အရာကို၊ ဒေန္တော- ပေးသောသူသည်၊ သက္ကာရံ- ပူဇော်သက္ကာကို၊ ကရောန္တော- ပြုသော သူသည်၊ ဟတ္ထိအဿာဒယော- ဆင်မြင်းအစရှိသည်တို့ကို၊ မဟလ္လကကာလေ- ကြီးရင့်သောအခါ၌၊ ကမ္မေသု- အမှုတို့၌၊ အယောဇေန္တော- မခိုင်းမူ၍၊ တေသု- ထိုဆင်မြင်းစစ်သည်ဗိုလ်ပါးတို့၌၊ ဓမ္မံ- တရားကို၊ စရတိနာမ- ကျင့်သည် မည်၏။

**ဂါမေသု နိဂမေသု စာ**တိ- ဂါမေသု နိဂမေသုစဟူသည်ကား၊ ဂါမနိဂမ ဝါသိနော- ရွာနိဂုံး၌နေသော သူတို့ကို၊ ဒဏ္ဍဗလီဟိ- ဒဏ်အခွန်တို့ဖြင့်၊ အပီဠေန္တော- မနှိပ်စက်သော သူသည်သာလျှင်၊ တေသု- ထိုရွာနိဂုံးတို့၌၊ ဓမ္မံ- တရားကို၊ စရတိ နာမ- ကျင့်သည်မည်၏၊ **ရဋ္ဌေ ဇနပဒေသု စာ**တိ- ရဋ္ဌေ ဇနပဒေသုစဟူသည်ကား၊ ရဋ္ဌစ- တိုင်းနိုင်ငံကိုလည်းကောင်း၊ ဇနပဒဥ္စ- ဇနပုဒ်ကိုလည်းကောင်း၊ အကာရဏေန- အကြောင်းမဟုတ်သဖြင့်၊ ကိလမေန္တော- ပင်ပန်းစေသော သူသည်၊ ဟိတစိတ္တံ- အစီးအပွား၌ယှဉ်သော စိတ်ကို၊ အပစ္စုပဋ္ဌပေန္တော- ရှေ့ရှုမတည်သော သူသည်၊ တတ္ထ- ထိုတိုင်းဇနပုဒ်၌၊ အဓမ္မံ- အဓမ္မကို၊ စရတိ နာမ- ကျင့်သည်မည်၏၊ ပန- ဆန့်ကျင်ဘက်ကား၊ အပီဠေန္တော- မနှိပ်စက်သော သူသည်၊ ဟိတစိတ္တေန- အစီးအပွား၌ယှဉ်သော စိတ်ဖြင့်၊ ဖရန္တော- ဖြန့်သော သူသည်၊ တတ္ထ- ထိုတိုင်းဇနပုဒ်၌၊ ဓမ္မံ- တရားကို၊ စရတိ နာမ- ကျင့်သော သူမည်၏၊ **သမဏေ ဗြာဟ္မဏေသု စာ**တိ- သမဏေ ဗြာဟ္မဏေသုစဟူသည်ကား၊ တေသံ- ထိုရဟန်း ပုဏ္ဏားတို့အား၊ စတ္တာရော-

---

* ဝိသံဝါဒ=လိမ်ညာလှည့်ပတ်ခြင်း၊ ပစ္စည်းဥစ္စာကို ပေးမည်ဟု ပြောထား၍ မပေးဘဲနေလျှင် လိမ်ညာလှည့်ပတ်သည်မည်၏။ ထိုသို့မပြုဘဲ ပြောသည့်အတိုင်း ခွဲဝေပေးသူဟု ဆိုလိုသည်။

လေးပါးကုန်သော၊ ပစ္စယေ- ပစ္စည်းတို့ကို၊ ဒေန္တော၀- ပေးသောသူသည်သာလျှင်၊ တေသု- ထိုရဟန်းပုဂ္ဂိုလ်တို့၌၊ ဓမ္မံ- တရားကို၊ စရတိ နာမ- ကျင့်သည်မည်၏၊ **မိဂပက္ခီသူ**တိ- မိဂပက္ခီသုဟူသည်ကား၊ သဗ္ဗစတုပ္ပဒ- သကုဏာန်- အလုံးစုံသော ခြေလေးခြောင်းရှိသောသတ္တဝါ ငှက်သတ္တဝါတို့ကို၊ အဘယံ- ဘေးမဲ့ကို၊ ဒေန္တော- ပေးသောသူသည်၊ တေသု- ထိုသားငှက်တို့၌၊ ဓမ္မံ- တရားကို၊ စရတိ နာမ- ကျင့်သည် မည်၏၊ **ဓမ္မော စိဏ္ဏော**တိ- ဓမ္မော စိဏ္ဏောဟူ သည်ကား၊ စိဏ္ဏော- ကျင့်အပ်သော၊ သုစရိတဓမ္မော- သုစရိုက်တရားသည်၊ **သုခါဝဟော**တိ- သုခါဝဟောဟူသည်ကား၊ တီသု- သုံးပါးကုန်သော၊ ကုလသမ္ပဒါသု- အမျိုး၏ပြည့်စုံခြင်းတို့၌၊ ဆသု- ခြောက်ပါး ကုန်သော၊ ကာမသဂ္ဂေသု- ကာမာဝစရနတ်ပြည်တို့၌၊ သုခံ- ချမ်းသာကို၊ အာဝဟတိ- ဆောင်တတ်၏၊ **သုစိဏ္ဏေနာ**တိ- သုစိဏ္ဏေနဟူသည်ကား၊ ဣဓ- ဤလောက၌၊ စိဏ္ဏေန- ကျင့်အပ်သော၊ ကာယသုစရိတာဒိနာ- ကာယသုစရိုက်အစရှိသော၊ သုစိဏ္ဏေန- ကောင်းသော အကျင့်ဖြင့်၊ **ဒိဝံ ပတ္တာ**တိ- ဒိဝံ ပတ္တာဟူသည်ကား၊ ဒေဝလောက ဗြဟ္မလောကသင်္ခါတံ- နတ်လောက ဗြဟ္မာလောကဟုဆိုအပ်သော၊ ဒိဝံ- နတ်ပြည် ဗြဟ္မာ့ပြည်သို့၊ ဂတာ- ရောက်ရ၏၊ တတ္ထ- ထိုနတ်ပြည် ဗြဟ္မာ့ပြည်၌၊ ဒိဗ္ဗသမ္ပတ္တိလာဘိနော- နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်ကို ရခြင်းရှိသည်၊ ဇာတာ- ဖြစ်၏၊ **မာ ဓမ္မံ ရာဇ ပါမဒေါ**တိ- မာ ဓမ္မံ ရာဇ ပါမဒေါဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ တသ္မာ- ထို့ကြောင့်၊ တွံ- သင်သည်၊ ဇီဝိတံ- အသက်ကို၊ ဇဟန္တောပိ- စွန့်၍လည်း၊ ဓမ္မံ- တရားကို၊ မာ ပမဇ္ဇိ- မမေ့ပါလင့်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့လျှင်၊ ဒသ- ဆယ်ပါးကုန်သော၊ ဓမ္မစရိယဂါထာယော- မင်းကျင့် တရားနှင့်အညီ ကျင့်ရန် ဟောပြအပ်သော ဂါထာတို့ကို၊ ဝတွာ- ဟောတော်မူပြီး၍၊ ဥတ္တရိပိ- အလွန်လည်း၊ ဩဝဒန္တော- ဆုံးမလိုသည်ဖြစ်၍၊ "တတ္ထေဝ တေ ဝတ္တပဒါ (ပ) သမတ္တံ သာမ တံ ဝိဒူ"တိ- တတ္ထေဝ တေ ဝတ္တပဒါ (ပ) သမတ္တံ သာမံ တံ ဝိဒူ- ဟူသော၊ ဩသာန ဂါထံ- အဆုံးဖြစ်သော ဂါထာကို၊ အာဟ- ဆိုပြီ။

(၄၉) မဟာရာဇ- မြတ်သောမင်းကြီး၊ တတ္ထေဝ- ထိုတခင်မင်းမြတ် မေးအပ်သော အပုစ္ဆိမှုကောသိယဂေါတ္တံအစရှိသော ပုစ္ဆာတော်၌သာလျှင်၊ မယာ- အကျွန်ုပ်သည်၊ ဝုတ္တာ- ဖြေဆိုအပ်ကုန်သော၊ ဧတေ- ထိုဗလံပဥ္စ ဝိဓံအစရှိသော စကားတို့သည်၊ ဝတ္တပဒါ- မင်းကျင့်တရား အစုကိုပြသော စကားတို့တည်း၊

ဓတ္တ- ဤမင်းကျင့်တရားအစု၌၊ တွံ- သင်ဘခင် မင်းမြတ်သည်၊ ဝတ္တာသုကျင့်တော်မူလော၊ ဧသော၀- ဤသည်လျှင်၊ အနုသာသနီ- ခမည်းတော် မင်းမြတ်အား အကျွန်ုပ်ပေးသော အဆုံးအမတော်တည်း၊ မဟာရာဇမြတ်သောမင်းကြီး၊ သမတ္တံ- အပြည့်အစုံဖြစ်သော၊ တံ- ထိုအကျွန်ုပ် ပေးသော အဆုံးအမကို၊ သာမံ- ကိုယ်တော်တိုင်၊ ဝိဒူ- သိတော်မူ၍၊ သပ္ပညသေဝီ- ပညာရှိပေသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်တော်မူ၍၊ ကလျာဏီကောင်းမြတ်သောကျေးဇူးနှင့်ပြည့်စုံတော်မူသည် ဖြစ်၍၊ ယထာနုသိဋ္ဌံအကျွန်ုပ် ဆုံးမတိုင်း၊ ပဋိပဇ္ဇ- ကျင့်တော်မူလော၊ ဣတိ- ဤသည်လျှင် အပြီးတည်၊ တေသကုဏဇာတကံ- တေသကုဏဇာတ်သည်၊ နိဋ္ဌိတံပြီးခြင်းသို့ ရောက်ပြီး၊

တတ္ထ- ထိုတတ္ထေ၀တေစသော ဂါထာ၌၊ **တတ္ထေဝ တေ ဝတ္တပဒါ**တိ- တတ္ထေဝ တေ ဝတ္တပဒါဟူသည်ကား၊ ဣဒံ- ဤစကားရပ်ကို၊ ပုရိမနယေနေ၀- ရှေ့နည်းဖြင့် သာလျှင်၊ ယောဇေတဗ္ဗံ- ယှဉ်စေအပ်၏၊ **သပ္ပညသေဝီ ကလျာဏီ၊ သမတ္တံ သာမ တံ ဝိဒူ**တိ- သပ္ပညသေဝီ ကလျာဏီ၊ သမတ္တံ သာမ တံ ဝိဒူဟူသည်ကား၊ မဟာရာဇမြတ်သောမင်းကြီး၊ မယာ- ငါသည်၊ ဝုတ္တံ- ဆိုအပ်သော၊ တံ ဩဝါဒံ- ထိုအဆုံးအမကို၊ တွံ- သင်သည်၊ နိစ္စကာလံ- အခါခပ်သိမ်း၊ သပ္ပညပုဂ္ဂလသေဝီ- ပညာရှိသော ပုဂ္ဂိုလ်ကို မှီဝဲလေ့ရှိသည်၊ ကလျာဏဂုဏသမန္နာဂတော- ကောင်းသောဂုဏ်နှင့် ပြည့်စုံသည်၊ ဟုတွာ- ဖြစ်၍၊ သမတ္တံ ပရိပုဏ္ဏံ- ပြည့်စုံစွာ၊ သာမံ- ကိုယ်တိုင်၊ ဝိဒူသိ၍၊ အတ္တပစ္စက္ခတော၀- မျက်မှောက်အားဖြင့်သာလျှင်၊ ဇာနိတွာ- သိ၍၊ ယထာနုသိဋ္ဌံဆုံးမသည်နှင့်လျော်ညီစွာ၊ ပဋိပဇ္ဇ- ကျင့်လော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧ၀ံ- ဤသို့လျှင်၊ မဟာသတ္တော- ဘုရားလောင်း ဇမ္ဗုကကျေးသားသည်၊ အာကာသဂင်္ဂါ- ကောင်းကင်ပြင်၌ စီးသောမြစ်ကို၊ ဩတာရေန္တော၀ိယ- အောက်သို့ စီးစေဘိသကဲ့သို့၊ ဗုဒ္ဓကီဠာယ- ဘုရားရှင်၏ တင့်တယ်စံပယ်တော်မူခြင်းဖြင့်၊ ဓမ္မံတရားကို၊ ဒေသေသိ- ဟောတော်မူပြီ၊ မဟာဇနော- များစွာသော လူအပေါင်းသည်၊ မဟာသက္ကာရံ- များစွာသော ပူဇော်သက္ကာရကို၊ အကာသိ- ပြုပြီ၊ သာဓုကာရသဟဿာနိ- အကြိမ်တစ်ထောင် သာဓုခေါ်ခြင်းတို့ကို၊ အဒါသိ- ပေးပြီ၊ ရာဇာဗြဟ္မဒတ်မင်းသည်၊ တုဋ္ဌော- အလွန်နှစ်သက်တော်မူသည်ဖြစ်၍၊ အမစ္စေ- မျူးတော်

မတ်တော်တို့ကို၊ အာမန္တေတွာ- ခေါ်တော်မူ၍၊ "ဘောန္တော အမစ္စာ- အိုအမတ်တို့၊ ဧဝံ (ဣမိနာယထာဝုတ္တနယေန)- ဤသို့ အကြင် အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ (ဓမ္မံ- တရားကို၊) ကထေန္တေန- ဟောသော၊ တရုဏဇမ္ဗုဖလသမာနတုဏ္ဍေန- သပြေသီးနုနှင့်တူသော နှုတ်သီးရှိသော၊ မမ- ငါ၏၊ ပုတ္တေန- သားတော်ဖြစ်သော၊ ဇမ္ဗုကပဏ္ဍိတေန- ဇမ္ဗုကပညာရှိသည်၊ တေန- အဘယ်သူသည်၊ ကတဗ္ဗံ- ပြုအပ်သော၊ ကိစ္စံ- အမှုကိစ္စကို၊ ကတံ- ပြုအပ်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ၊ ဒေဝ- အရှင်မင်းကြီး၊ သေနာပတိနာ- စစ်သူကြီးသည်၊ (ကတဗ္ဗံ- ပြုအပ်သော၊ ကိစ္စံ- ကိစ္စကို၊ ကတံ- ပြုအပ်ပြီ၊) ဣတိ- ဤသို့ (ဝဒိံသု- တင်လျှောက်ကြကုန်ပြီ၊) "တေနဟိ- ထိုသို့ဖြစ်မူကား၊ (အဟံ- ငါသည်၊) အဿ- ထိုဇမ္ဗုကအား၊ သေနာပတိဋ္ဌာနံ- စစ်သူကြီးအရာကို၊ ဒမ္မိ- ပေးတော်မူ၏၊" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) ဇမ္ဗုကံ- ဇမ္ဗုကကို၊ ဌာနန္တရေ- ရာထူး၌၊ ဌပေသိ- ထားတော်မူပြီ၊ သော- ထိုဇမ္ဗုကသည်၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ သေနာပတိဋ္ဌာနေ- စစ်သူကြီး အရာ၌၊ ဌတွာ- တည်၍၊ ပိတု- ခမည်းတော်မင်း၏၊ ကမ္မာနိ- အမှုကြီးငယ်တို့ကို၊ အကာသိ- ပြုပြီ၊ တိဏ္ဏံ- သုံးပါးကုန်သော၊ သကုဏာနံ- ငှက်တို့အား၊ မဟန္တော- များစွာသော၊ သက္ကာရော- ကောင်းစွာစီရင်အပ်သော သစ်သီးစသော ပူဇော်ဖွယ် အထူးသည်၊ အဟောသိ- ဖြစ်ပြီ။

တယောပိ- သုံးပါးလည်းဖြစ်ကုန်သော၊ ဇနာ- ငှက်ပညာရှိတို့သည်၊ ရညော- ပြဟ္မဒတ်မင်းအား၊ အတ္ထဉ္စ- အကျိုးကိုလည်းကောင်း၊ ဓမ္မဉ္စ- အကြောင်းကို လည်းကောင်း၊ အနုသာသိံသု- ဆုံးမကုန်ပြီ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ မဟာသတ္တဿ- ဘုရားလောင်း ဇမ္ဗုကကျေးသား၏၊ ဩဝါဒေ- အဆုံးအမ၌၊ ဌတွာ- တည်၍၊ ဒါနာဒီနိ- ဒါနအစရှိကုန်သော၊ ပုညာနိ- ကောင်းမှုတို့ကို၊ ကတွာ- ပြု၍၊ သဂ္ဂပရာယဏော- နတ်ပြည် ခြောက်ထပ်လျှင် လဲလျောင်းရာရှိသည်၊ အဟောသိ- ဖြစ်ပြီ၊ အမစ္စာ- မှူးမတ်တော် တို့သည်၊ ရညော- ပြဟ္မဒတ်မင်း၏၊ သရီရ ကိစ္စံ- အလောင်းကို သင်္ဂြိုဟ်ခြင်းကိစ္စကို၊ ကတွာ- ပြုကုန်ပြီး၍၊ သကုဏာနံ- ငှက်ပညာရှိ သုံးပါးတို့အား၊ အာရောစေတွာ- အကြောင်းကြား၍၊ "သာမိ ဇမ္ဗုကသကုဏ- အရှင်ဇမ္ဗုကငှက်မင်း၊ ရာဇာ- ခမည်းတော် မင်းကြီးသည်၊ တုမှာကံ- အရှင်တို့အား၊ ဆတ္တံ- ထီးဖြူကို၊ ဉဿာပေတဗ္ဗံ- ဆောင်စေအပ်သည်ကို၊ အကာသိ- ပြုပြီ၊" ဣတိ- ဤသို့၊ (မဟာဇနာ- လူအများတို့ သည်၊) ဝဒိံသု- တင်လျှောက်ကြကုန်ပြီ မဟာသတ္တော- ဘုရားလောင်း ဇမ္ဗုကငှက်မင်း

သည်၊ "မယှံ- ငါ့အား၊ ရဋ္ဌေန- မင်း၏အဖြစ်ဖြင့်၊ န အတ္ထော- အလိုမရှိ၊ တုမှေ- သင်တို့သည်၊ အမ္ပမတ္တာ- မမေ့မလျော့ကုန်သည်ဖြစ်၍၊ ရဋ္ဌံ- မင်း၏ အဖြစ်ကို၊ ကာရေထ- ပြုစေကုန်လော၊" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍) မဟာဇနံ- လူများကို၊ သီလေသု- ကိုယ်, နှုတ်, အမူအရာတို့ကို ကောင်းစွာ ထိန်းချုပ် ထားခြင်းဟူသော သီလတို့၌၊ ပတိဋ္ဌာပေတွာ- တည်စေပြီး၍၊ "ဇဝံ- ဤသို့၊ ဝိနိစ္ဆယံ- အဆုံးအဖြတ်ကို၊ ပဝတ္တေယျာထ- ဖြစ်စေကုန်လော၊" ဣတိ- ဤသို့၊ ဝိနိစ္ဆယဓမ္မံ- အဆုံးအဖြတ်တရားကို၊ သုဝဏ္ဏပဋ္ဋေ- ရွှေပြား၌၊ လိခါပေတွာ- ရေးစေ၍၊ အရညံ- တောသို့၊ ပါဝိသိ- ဝင်လေပြီ၊ တဿ- ထိုဇမ္ဗုကပညာရှိ၏၊ ဩဝါဒေါ- အဆုံးအမသည်၊ စတ္တာလီသ ဝဿသဟဿာနိ- အနှစ်လေးသောင်းတို့ပတ်လုံး၊ ပဝတ္တတိ- တည်၏။

သတ္ထာ- ဘုရားရှင်သည်၊ ရညော- ပသေနဒီကောသလမင်းကြီးအား၊ ဩဝါဒဝသေန- ဆုံးမတော်မူသည်၏ အစွမ်းဖြင့်၊ ဣမံ ဓမ္မဒေသနံ- ဤတေသကုဏ ဇာတ်တရားဒေသနာကို၊ ဒေသေတွာ- ဟောတော်မူ၍၊ "(ဣဒါနိ- ယခုအခါ၌၊) အာနန္ဒော- အရှင်အာနန္ဒာသည်၊ တဒါ- ထိုအခါ၌၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ အဟောသိ- ဖြစ်ပြီ၊ (ဣဒါနိ- ယခုအခါ၌၊) ဥပ္ပလဝဏ္ဏာ- ဥပ္ပလဝဏ်ထေရီသည်၊ (တဒါ- ထိုအခါ၌၊) ကုဏ္ဍလိနီ- ကုဏ္ဍလိနီအမည်ရှိသော ဆက်ရက်မသည်၊ (အဟောသိ- ဖြစ်ပြီ၊) (ဣဒါနိ- ယခုအခါ၌၊) သာရိပုတ္တော- အရှင်သာရိပုတ္တာရာ သည်၊ (တဒါ- ထိုအခါ၌၊) ဝေဿန္တရော- ဝေဿန္တရာအမည်ရှိသော ခပ်ပုပ်ငှက် သည်၊ (အဟောသိ- ဖြစ်ပြီ၊) (ဣဒါနိ- ယခုအခါ၌၊) အဟမေဝ- ငါဘုရားသည်သာ လျှင်၊ တဒါ- ထိုအခါ၌၊ ဇမ္ဗုကသကုဏောပန- ဇမ္ဗုက အမည်ရှိသော ကျေးသား ပညာရှိသည်၊ အဟောသိ- ဖြစ်ခဲ့ဖူးပြီ၊" ဣတိ- ဤသို့၊ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ။ (ပန- သဒ္ဒါ၊ ပဒပူရဏ) ပဥ္စမာ- ရှေးဦးစွာသော၊ တေသကုဏဇာတကဝဏ္ဏနာ- တေသကုဏဇာတ်၏အဖွင့်သည်၊ နိဋ္ဌိတာ- ပြီးဆုံး ခြင်းသို့ ရောက်ပြီ။

## ၂။ သရဘင်္ဂဇာတ် (၅၂၂)

သတ္ထာ- သည်၊ အလင်္ကတာ ကုဏ္ဍလိနော သုဝတ္ထာတိ ဣဒံ- "အလင်္ကတာ ကုဏ္ဍလိနော သုဝတ္ထာ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသရဘင်္ဂဇာတ်တော်ကို၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော- သီတင်းသုံးတော်မူစဉ်၊ မဟာမောဂ္ဂလ္လာနတ္ထေရဿ- အရှင်မဟာမောဂ္ဂလာန်ထေရ်၏၊ ပရိနိဗ္ဗာနံ- ပရိနိဗ္ဗာန်ပြုတော်မူခြင်းကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ- ဟောတော်မူပြီ။

### ပစ္စုပ္ပန်ဝတ္ထု

သာရိပုတ္တတ္ထေရော- အရှင်သာရိပုတ္တရာထေရ်သည်၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တံ- သီတင်းသုံးနေတော်မူသော၊ တထာဂတံ- ဘုရားရှင်ကို၊ အတ္တနော- မိမိ၏၊ ပရိနိဗ္ဗာနံ- ပရိနိဗ္ဗာန်ပြုခြင်းကို၊(ဘာဝလောပအကျေကြီ) အနုဇာနာပေတွာ- ခွင့်ပြုစေပြီး၍၊ ဂန္တွာ- ကြွသွား၍၊ နာဠကဂါမကေ- နာဠကရွာငယ်၌၊ ဇာတောဝရကေ- ဖွားတော်မူရာတိုက်ခန်း၌၊ ပရိနိဗ္ဗာယိ- ပရိနိဗ္ဗာန်ပြုတော်မူပြီ၊ တဿ- ထိုအရှင်သာရိပုတ္တရာထေရ်၏၊ ပရိနိဗ္ဗုတဘာဝံ- ပရိနိဗ္ဗာန်ပြုတော်မူသည်၏ အဖြစ်ကို၊ သုတွာ- ကြားတော်မူ၍၊ သတ္ထာ- ဘုရားရှင်သည်၊ ရာဇဂဟံ- ရာဇဂြိုဟ်ပြည်သို့ ဂန္တွာ- ကြွတော်မူ၍၊ ဝေဠုဝနေ- ဝေဠုဝန်ကျောင်းတော်၌၊ ဝိဟာသိ- နေတော်မူပြီ။

တဒါ- ထိုအခါ၌၊ မဟာမောဂ္ဂလ္လာနတ္ထေရော- အရှင်မဟာမောဂ္ဂလာန်ထေရ်သည်၊ ဣသိဂိလိပဿေ- ဣသိဂိလိတောင်၏ နံပါး၌၊ ကာဠသိလာယံ- ညိုသော အဆင်းရှိသော ကျောက်ဖျာအပြင်၌၊ ဝိဟရတိ- နေတော်မူ၏၊ သောပန- ထိုအရှင်မဟာမောဂ္ဂလ္လာန်ထေရ်သည်ကား၊ ကောဋိပ္ပတ္တဘာဝေန- အထိတ်အထိပ်သို့ ရောက်သည်၏အဖြစ်ရှိသော၊ ဣဒ္ဓိဗလေန- တန်ခိုးတော်အစွမ်းဖြင့်၊ ဒေဝလောက စာရိကဉ္စ- နတ်ပြည်သို့ ဒေသာစာရီကြွတော်မူခြင်းကိုလည်းကောင်း၊ ဥဿဒနိရယ စာရိကဉ္စ- ဥဿဒငရဲအစရှိသည်သို့ ကြွတော်မူခြင်းကိုလည်းကောင်း၊ ဂစ္ဆတိ- ကြွတော်မူ၏၊ ဒေဝလောကေ- နတ်ပြည်၌၊ ဗုဒ္ဓသာဝကာနံ- ဘုရားရှင်၏ တပည့်ဖြစ်ကုန်သောသူတို့၏၊ မဟန္တံ- များစွာသော၊ ဣဿရိယံ- စည်းစိမ်ချမ်းသာ ကို၊ ဒိသွာ- မြင်၍၊ ဥဿဒနိရယေသုစ- ဥဿဒငရဲအစရှိသည်တို့၌လည်း၊ တိတ္ထိယသာဝကာနံ- တိတ္ထိတို့၏တပည့်ဖြစ်ကုန်သောသူတို့၏၊ မဟန္တံ- များစွာသော၊ ဒုက္ခံ- ဆင်းရဲခြင်းကို၊ ဒိသွာ- မြင်၍၊ မနုဿလောကံ- လူ့ပြည်သို့၊ အာဂန္တွာ- ကြွလာပြီး၍၊ "အသုကော-

ဤအမည်ရှိသော၊ ဥပါသကောစ- ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တတ်သော ဒါယကာယောကျ်ားသည်လည်းကောင်း၊ အသုကာ- ဤအမည်ရှိသော၊ ဥပါသိကာစ- ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တတ်သော ဒါယိကာမမိန်းမသည်လည်းကောင်း၊ အသုကသွိနာမ- ဤအမည်ရှိသော၊ ဒေဝလောကေ- နတ်ပြည်၌၊ နိဗ္ဗတ္တိတွာ- ဖြစ်၍၊ မဟာသမ္ပတ္တိံ- များစွာသော စည်းစိမ်ကို၊ အနုဘဝန္တိ- ခံစားရကုန်၏၊ တိတ္ထိယသာဝကေသု- တိတ္ထိတို့၏ တပည့်ဖြစ်ကုန်သောသူတို့တွင်၊ အသုကောစ- ဤအမည်ရှိသော သူသည်လည်းကောင်း၊ အသုကာစ- ဤအမည်ရှိသော သူမသည်လည်းကောင်း၊ နိရယာဒိသု- ငရဲအစရှိသည်တို့တွင်၊ အသုက အပါယေနာမ- ဤအမည်ရှိသော အပါယ်ဘုံမည်သည်၌၊ နိဗ္ဗတ္တာ- ဖြစ်ကြကုန်ပြီ။" ကထေတိ- ဤသို့ မနုဿာနံ- လူတို့အား၊ ကထေသိ- ဟောတော်မူပြီ၊ မနုဿာ- လူတို့သည်၊ သာသနေ- သာသနာတော်၌၊ ပသီဒန္တိ- အလွန်ကြည်ညိုကုန်၏၊ တတ္ထိယေ- တတ္ထိတို့ကို၊ ပရိဝဇ္ဇေန္တိ- စွန့်ပစ်ကုန်၏၊ ဗုဒ္ဓသာဝကာနံ- ဘုရားရှင်၏ တပည့်သားတို့အား၊ မဟန္တော- များစွာသော၊ သက္ကာရော- ကောင်းစွာ ပြုပြင်စီရင်အပ်သော ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်ခြင်းသည်၊ အဟောသိ- ဖြစ်ပြီ၊ တိတ္ထိယာနံ- တတ္ထိတို့အား၊ (သက္ကာရော- လာဘ်ပူဇော်သက္ကာရသည်) ပရိ ဟာယတိ- ဆုတ်ယုတ်၏။

တေ- ထိုတတ္ထိတို့သည်၊ ထေရေ- အရှင်မဟာမောဂ္ဂလာန်ထေရ်၌၊ အာဃာတံ- ရန်ငြိုးကို၊ ဗန္ဓိတွာ- ဖွဲ့၍၊ "ဣမသ္မိံ- ဤအရှင်မဟာမောဂ္ဂလာန်ထေရ် သည်၊ ဇီဝန္တေ- အသက်ရှင်သည်ရှိသော်၊ အမှာကံ- ငါတို့အား၊ ဥပဋ္ဌာကာ- အလုပ်အကျွေးဒါယကာတို့သည်၊ ဘိဇ္ဇန္တိ- ပျက်စီးချေကုန်၏၊ သက္ကာရောစ- လာဘ်ပူဇော်သက္ကာရသည်လည်း၊ ပရိယာယတိ- ဆုတ်ယုတ်ချေ၏၊ နံ- ထိုမောဂ္ဂလာန်ကို၊ မာရာပေဿာမ- သတ်စေကြကုန်အံ့" ကထေတိ- ဤသို့ (စိန္တေတွာ- ကြံကြကုန်၍၊) ထေရဿ- အရှင်မဟာမောဂ္ဂလာန်ထေရ်အား၊ မာရဏတ္ထံ- သတ်ခြင်းငှာ၊ သမဏဂုတ္တကဿနာမ- သမဏဂုတ္တကအမည်ရှိသော၊ စောရဿ- ခိုးသူအား၊ သဟဿံ- တံစိုးလက်ဆောင်တစ်ထောင်ကို၊ အဒံသု- ပေးကြကုန်ပြီ၊ သော- ထိုသမဏဂုတ္တကအမည်သော ခိုးသူသည်၊ "ထေရံ- အရှင်မဟာမောဂ္ဂလာန်ထေရ်ကို၊ မာရေဿာမိ- သတ်အံ့" ကထေတိ- ဤသို့ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံနှင့်၊ သဒ္ဓိံ- တကွ၊ ကာဠသိလံ- ညိုသော အဆင်းရှိသော ကျောက်တောင်သို့၊ အဂမာသိ- သွားလေပြီ၊ ထေရော- အရှင်မဟာမောဂ္ဂလာန် ထေရ်သည်၊ အာဂစ္ဆန္တံ- လာနေသော၊ တံ- ထိုသမဏဂုတ္တကအမည်ရှိသော ခိုးသူကို၊

ဒိသွာ- မြင်တော်မူ၍၊ ကုဒ္ဓိယာ- တန်ခိုးဖြင့်၊ ဥပ္ပတိတွာ- ပျံ၍၊ ပက္ကာမိ- ကြွတော်မူလေပြီ၊ စောရော- သမဏဂုတ္တကခိုးသူသည်၊ တံ ဒိဝသံ- ထိုနေ့၌၊ ထေရံ- အရှင်မဟာမောဂ္ဂလာန် ထေရ်ကို၊ အဒိသွာ- မမြင်သောကြောင့်၊ နိဝတ္တိတွာ- ပြန်ခဲ့၍၊ ပုနဒိဝသေပိ- နက်ဖြန်နေ့၌လည်းကောင်း၊ ဣတိ- ဤသို့၊ ဆဒိဝသေ- ခြောက်ရက်တို့ပတ်လုံး၊ အဂမာသိ- လာပြီ၊ ထေရောပိ- အရှင်မဟာမောဂ္ဂလာန်ထေရ်သည်လည်းကောင်း၊ တထေဝ- ထိုရှေးအတူသာလျှင်၊ ကုဒ္ဓိယာ- တန်ခိုးဖြင့်၊ ပက္ကာမိ- ဖဲသွားတော်မူပြီ၊ သတ္တမေ ပန ဒိဝသေ- ခုနစ်ရက်မြောက်သော နေ့၌ကား၊ ထေရဿ- အရှင်မဟာ မောဂ္ဂလာန်ထေရ်အား၊ ပုဗ္ဗေ- ရှေး၌၊ ကတံ- ပြုတော်မူအပ်ဖူးသော၊ အပရာပရိယ- ဝေဒနီယကမ္မံ- နောက်နောက်သောဘဝ၌ ခံစားအပ်သော ကံသည်၊ ဩကာသံ- အခွင့်ကို၊ လဘိ- ရပြီ။

ကိရ- တစ်ဆင့်စကားကြားဖူးသည်ကား၊ သော- ထိုအရှင်မဟာမောဂ္ဂလာန် ထေရ်သည်၊ ပုဗ္ဗေ- ရှေးဘဝ၌၊ ဘရိယာယ- မယား၏၊ ဝစနံ- စကားကို၊ ဂဟေတွာ- ယူ၍၊ မာတာပိတရော- မိဘတို့ကို၊ မာရေတုကာမော- သေစေခြင်းငှာ အလိုရှိသည် ဖြစ်၍၊ ယာနကေန- ယာဉ်ငယ်ဖြင့်၊ အရညံ- တောသို့၊ နေတွာ- ဆောင်ယူပြီး၍၊ စောရာနံ- ခိုးသူတို့၏၊ ဥဋ္ဌိတာကာရံ- ထသော အခြင်းအရာကို၊ ကတွာ- ပြု၍၊ မာတာပိတရော- အမိအဖတို့ကို၊ ပေါထေသိ- ပုတ်ခတ်ပြီ၊ ပဟာရိ- ရိုက်နှက်ပြီ၊ တေ- ထိုမိဘတို့သည်၊ စက္ခုဒုဗ္ဗလတာယ- မျက်စိအားနည်းသည်၏ အဖြစ်ကြောင့်၊ ရူပဒဿနရဟိတာ- ရူပါရုံကို မြင်ခြင်းမှ ကင်းကုန်သည်ဖြစ်၍၊ တံ- ရိုက်ပုတ်သော သူကို၊ အတ္တနော- ငါတို့၏၊ ပုတ္တံ- သားကို၊ အသဉ္ဇာနန္တာ- မသိကုန်သည်ဖြစ်၍၊ "တေ- ဤရိုက်ပုတ်သောသူတို့သည်၊ စောရာဧဝ- ခိုးသူတို့ပင်တည်း၊" ဣတိ- ဤသို့၊ သညာယ- အမှတ်ရှိ၍၊ "တာတ- ချစ်သား၊ အသုကာနာမ- ဤအမည်ရှိကုန်သော၊ စောရာ- ခိုးသူတို့သည်၊ နော- ငါတို့ကို၊ ဃာတေန္တိ- သတ်ကြကုန်၏၊ တွံ- သင်သည်၊ ပဋိက္ကမာဟိ- ရှောင်ခွါလော၊" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) တဿေဝ- ထိုရိုက်ပုတ် သော သား၏သာလျှင်၊ အတ္ထာယ- အကျိုးငှာ၊ ပရိဒေဝိံသု- ငိုကြွေးမြည်တမ်းကြကုန်ပြီ၊ သော- ထိုလုလင်သည်၊ "ဣမေ- ဤသူအိုတို့ကို၊ မယာ- ငါသည်၊ ပေါထိယမာနာပိ- ပုတ်ခတ်ရိုက်နှက်အပ်ကုန်သော်လည်း၊ မယှံ- ငါ၏၊ အတ္ထာယယေဝ- အကျိုးငှာ သာလျှင်၊ ပရိဒေဝန္တိ- ငိုကြွေးမြည်တမ်းကြကုန်၏၊ (အဟံ- ငါသည်၊) အယုတ္တံ- မလျောက်ပတ်သော၊ ကမ္မံ- အမှုကို၊ ကရောမိ- ပြုမိ၏၊" ဣတိ- ဤသို့၊ စိန္တေသိ-

ကြပြီ၊ အထ- ထိုအခါ၌၊ နေ- ထိုမိအိုဖအိုတို့ကို၊ အဿာသေတွာ- သက်သာရာရစေ၍၊ စောရာနံ- ခိုးသူတို့၏၊ ပလာယနာကာရံ- ပြေးသောအခြင်းအရာကို၊ ဒဿေတွာ- ပြ၍၊ တေသံ- ထိုမိအို, ဖအိုတို့၏၊ ဟတ္ထပါဒေ- ခြေ-, လက်တို့ကို၊ သမ္ဗာဟိတွာ- ဆုပ်နယ်၍၊ "အမ္မတာတာ- အိုမိခင်, ဖခင်တို့ မာ ဘာယိတ္ထ- မကြောက်ကြကုန်လင့်၊ စောရာ- ခိုးသူတို့သည်၊ ပလာတာ- ပြေးလေကုန်ပြီ၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ပုန- တစ်ဖန်၊ အတ္တနော- မိမိ၏၊ ဂေဟမေဝ- အိမ်သို့သာလျှင်၊ အာနေသိ- ဆောင်ယူလေပြီ။

တံ ကမ္မံ- ထိုမကောင်းမှုကံသည်၊ ဧတ္တကံ ကာလံ- ဤမျှလောက်သော ကာလပတ်လုံး၊ ဩကာသံ- အခွင့်ကို၊ အလဘိတွာ- မရလေသောကြောင့်၊ ဘသ္မပဋိစ္ဆန္နော- ပြာဖုံးအုပ်သော၊ အဂ္ဂိရာသိဝိယ- မီးကျီးစုကဲ့သို့ ဌတွာ- တည်၍၊ ဣမံ အန္တိမသရီရံ- ဤအဆုံးစွန်ဖြစ်သော ကိုယ်သို့၊ ဥပဓာဝိတွာ- ပြေး၍၊ ဂဏှိ- ဖမ်းယူလေပြီ၊ ဟိ- ထိုစကားသည် မှန်၏၊ သုနခလုဒ္ဒကေနပန- ခွေးမုဆိုးသည်ကား၊ မိဂံ- သားကောင်ကို၊ ဒိသွာ- မြင်၍၊ သုနခေါ- ခွေးကို၊ ဝိဿဇ္ဇိတော- လွှတ်အပ်သည်ရှိသော်၊ မိဂံ- သားကောင်သို့ အနုဗန္ဓိတွာ- အစဉ်လိုက်၍၊ ယသ္မိံ ဌာနေ- အကြင်အရပ်၌၊ ပါပုဏာတိ- ရောက်၏၊ တသ္မိံယေဝ (ဌာနေ)- ထိုအရပ်၌သာလျှင်၊ ဂဏှာတိ ယထာ- ဖမ်းယူသကဲ့သို့၊ ဧဝံ တထာ- ထိုအတူ၊ ဣဒံ ကမ္မံ- ဤကံသည်၊ ယသ္မိံဌာနေ- အကြင်အရပ်၌၊ ဩကာသံ- အခွင့်ကို၊ လဘတိ- ရ၏၊ တသ္မိံ (ဌာနေ) ထိုအရပ်၌၊ ဝိပါကံ- အကျိုးကို၊ ဒေတိ- ပေး၏၊ တေန (ကမ္မေန)- ထိုကံမှ၊ မုဉ္စနာမ- လွတ်သောသူမည်သည်၊ နတ္ထိ- မရှိ။

ထေရော- အရှင်မဟာမောဂ္ဂလာန်ထေရ်သည်၊ အတ္တနာ- မိမိသည်၊ ကတကမ္မဿ- ပြုအပ်သော မကောင်းမှုကို၊ (အာကဍ္ဍိတ-၌စပ်) ဝါ- ပြုအပ်သော မကောင်းမှု၏၊ (ဘာဝံ- ၌စပ်) အာကဍ္ဍိတဘာဝံ- ဆွဲငင်အပ်သည်၏အဖြစ်ကို၊ ဉတွာ- သိ၍၊ န အပဂစ္ဆိ- ဖဲတော်မမူပြီ၊ ထေရော- အရှင်မဟာမောဂ္ဂလာန်ထေရ်သည်၊ တဿ- ထိုမကောင်းမှုကံ၏၊ နိဿန္ဒေန- အကျိုးဆက်ကြောင့်၊ အာကာသေ- ကောင်းကင်၌၊ ဥပ္ပတိတုံ- ပျံခြင်းငှာ၊ နာသက္ခိ- မစွမ်းနိုင်ပြီ၊ အဿ- ထိုအရှင်မဟာမောဂ္ဂလာန်ထေရ်၏၊ နန္ဒောပနန္ဒဒမနသမတ္ထဝေဇယန္တသမတ္ထာပိ- နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း, ဝေဇယန္တာပြာသာဒ်ကို တုန်လှုပ်ခြင်းငှာ စွမ်းနိုင်ခြင်းသည်လည်းဖြစ်သော၊

ဣန္ဒိ- တန်ခိုးတော်သည်၊ ကမ္ဗလေန- မိဘတို့ကို ရိုက်နှက်ဖူးသော အကုသိုလ်ကံ၏ အစွမ်းကြောင့်၊ ဒုဗ္ဗလတံ- အားနည်းသည်၏အဖြစ်သို့၊ ပတ္တာ- ရောက်လေပြီ၊ စောရော- သမဏဂုတ္တကခိုးသူသည်၊ ထေရံ- အရှင်မဟာမောဂ္ဂလာန်ထေရ်ကို၊ ဂဟေတွာ- ဖမ်း၍၊ ထေရဿ- မထေရ်၏၊ အဋ္ဌီနိ- အရိုးတို့ကို၊ တဏ္ဍုလကဏမတ္တာနိ- ဆန်ကျိုး, ဆန်ကွဲ ပမာဏမျှရှိသည်တို့ကို၊ ကရောန္တော- ပြုလျက်၊ ဘိန္ဒိတွာ- ဖျက်ဆီး၍၊ သဥ္စုဏ္ဏေတွာ- မှုန့်မှုန့် ညက်ညက်ကျေစေ၍၊ ပလာလပိဋ္ဌိကရဏံနာမ- ကောက်ရိုး, အင်းပျဉ်ပြုခြင်းမည်သည်ကို၊ ကတွာ- ပြု၍၊ "မတော"တိ- သေလေပြီဟူသော၊ သညာယ- အမှတ်ဖြင့်၊ ဧကသ္မိံ- တစ်ခုသော၊ ဂုမ္ဗပိဋ္ဌေ- ချုံအပြင်၌၊ ခိပိတွာ- ပစ်ထား၍၊ သပရိဝါရော- အခြံအရံနှင့် တကွဖြစ်၍၊ ပက္ကာမိ- ဖဲသွားလေပြီ။

ထေရော- အရှင်မဟာမောဂ္ဂလာန်ထေရ်သည်၊ သတိံ- သတိကို၊ ဝါ- အောက်မေ့ခြင်းကို၊ ပဋိလဘိတွာ- ရ၍၊ "သတ္ထာရံ- မြတ်စွာဘုရားကို၊ ပဿိတွာ- ဖူးမြင်၍၊ ပရိနိဗ္ဗာယိဿာမိ- ပရိနိဗ္ဗာန်ပြုအံ့၊" ဣတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ ဈာန- ဝေဌနေန- ဈာန်တည်းဟူသော ကြိုးဖြင့်၊ သရီရံ- ကိုယ်တော်ကို၊ ဝေဌေတွာ- ရစ်စည်းပြီး၍၊ ထိရံ- ခိုင်ခံ့သည်ကို၊ ကတွာ- ပြု၍၊ အာကာသံ- ကောင်းကင်သို့၊ ဥပ္ပတိတွာ- ပျံတက်၍၊ အာကာသေန- ကောင်းကင်ခရီးဖြင့်၊ သတ္ထု- ဘုရားရှင်၏၊ သန္တိကံ- အထံတော်သို့၊ ဂန္တွာ- သွား၍၊ သတ္ထာရံ- ဘုရားရှင်ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ "ဘန္တေ- မြတ်စွာဘုရား၊ မေ- အကျွန်ုပ်သည်၊ အာယုသင်္ခါရော- ဇီဝိန္ဒြေကိုပြုပြင် စီရင်တတ်သော ဖလသမာပတ်ကို၊ ဩဿဋ္ဌော- လွှတ်အပ်ပြီ၊ (အဟံ- အကျွန်ုပ် သည်၊) ပရိနိဗ္ဗာယိဿာမိ- ပရိနိဗ္ဗာန်ပြုပါတော့အံ့" ဣတိ- ဤသို့ အာဟ- လျှောက်ပြီ၊ မောဂ္ဂလ္လာန- ချစ်သားမောဂ္ဂလာန်၊ ပရိနိဗ္ဗာယိဿသိ- ပရိနိဗ္ဗာန်ပြု တော့အံ့လော၊ ဣတိ- ဤသို့၊ (အာဟ- မိန့်တော်မူပြီ) ဘန္တေ- မြတ်စွာဘုရား၊ အာမ- ပရိနိဗ္ဗန်ပြုအံ့ တော့သည် မှန်ပါ၏၊ ဣတိ- ဤသို့၊ (အာဟ- လျှောက်ထားလေပြီ၊) ကတ္ထ- အဘယ်အရပ်သို့၊ ဂန္တွာ- သွား၍၊ ပရိနိဗ္ဗာယိဿသိ- ပရိနိဗ္ဗာန်ပြုလတ္တံ့နည်း၊ ဣတိ- ဤသို့၊ (ပုစ္ဆိ- မေးတော်မူပြီ) ဘန္တေ- မြတ်စွာဘုရား၊ ကာဠသိလာပဒေသေ- (ဣသိဂိလိ တောင်၏ နံပါးဖြစ်သော၊) ညိုသောကျောက်ဖျာအပြင်၌၊ (ပရိနိဗ္ဗာယိဿာမိ- ပရိနိဗ္ဗာန်ပြုပါအံ့၊) ဣတိ- ဤသို့၊ (အာဟ- လျှောက်ပြီ၊) မောဂ္ဂလာန- ချစ်သား မောဂ္ဂလာန်၊ တေန ဟိ- ထိုသို့ဖြစ်မူကား၊ မယှံ- ငါ့အား၊ ဓမ္မံ- တရားကို၊ ကထေတွာ- ဟော၍၊ ယာဟိ- သွားပါလော၊ တာဒိတဿ- သင်ကဲ့သို့သော၊ သာဝကဿ- တပည့်

သာဝကကို၊ ဣဒါနိ- ယခုအခါ၌၊ (ပရံ- နောက်၌၊) ဒဿနံ- မြင်ရခြင်းသည်၊ နတ္ထိ- မရှိပြီ၊ ဣတိ- ဤသို့ (အာဟ- မိန့်တော်မူပြီ၊) သော- ထိုအရှင်မဟာမောဂ္ဂလ္လာန် ထေရ်သည်၊ "ဘန္တေ- မြတ်စွာ ဘုရား၊ ဧဝံ- မိန့်တော်မူတိုင်း၊ ကရိဿာမိ- ပြုပါအံ့၊" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) သတ္ထာရံ- ဘုရားရှင်ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ တာလပ္ပမာဏံ- ထန်းပင်အမြင့် အတိုင်းအရှည်မျှ၊ အာကာသေ- ကောင်းကင်သို့၊ ဥပ္ပတိတွာ- ပျံတက်၍၊ သာရိပုတ္တတ္ထေရော- သာရိပုတ္တရာထေရ်သည်၊ ပရိနိဗ္ဗာနဒိဝသေ ဝိယ- ပရိနိဗ္ဗာန် ပြုသောနေ့၌ကဲ့သို့ နာနပ္ပကာရာ- အထူးထူး အပြားပြားသော အခြင်းအရာရှိကုန်သော၊ ဣဒ္ဓိယော- တန်ခိုးပြာဋိဟာတို့ကို၊ ကတွာ- ပြု၍၊ ဓမ္မံ- တရားကို၊ ကထေတွာ- ဟော၍၊ သတ္ထာရံ- ဘုရားရှင်ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ ကာဠသိလာယံ- (ဣသိဂိလိတောင်၏ နံပါးဖြစ်သော၊) ညိုသောအဆင်းရှိသော ကျောက်ဖျာအပြင်၌၊ အဋဝိယံ- တောအုပ်၌၊ ပရိနိဗ္ဗာယိ- ပရိနိဗ္ဗာန်ပြုတော်မူပြီ။

တင်္ခဏညေဝ- ထိုခဏ၌သာလျှင်၊ ဆဒေဝလောကာ- ကာမာဝစရနတ်ပြည် ခြောက်ထပ်တို့သည်၊ ဧကကောလာဟလာ- တပြိုင်နက် အုတ်အုတ်ကျက်ကျက် ရှိကုန်သည်၊ အဟေသုံ- ဖြစ်ကုန်ပြီ၊ "အမှာကံ- ငါတို့၏၊ အာစရိယော- ဆရာဖြစ်သော အရှင်မဟာမောဂ္ဂလာန်မထေရ်သည်၊ ပရိနိဗ္ဗုတောကိရ- ပရိနိဗ္ဗာန်ပြုတော်မူသတတ်၊" ဣတိ- ဤသို့၊ ဒိဗ္ဗဂန္ဓမာလာဝါသဓူမစန္ဒနစုဏ္ဏာနိစေဝ- နတ်၌ဖြစ်သော နံ့သာ, ပန်း, အမွှေးအထုံ, အခိုး, စန္ဒကူးမှုန့်တို့ကိုလည်းကောင်း၊ နာနာဒါရုနိစ- အထူးထူးကုန်သောထင်းတို့ကိုလည်းကောင်း၊ ဂဟေတွာ- ယူ၍၊ အာဂမိံသု- လာကြကုန်ပြီ၊ ဧကူနသတရတနစန္ဒစိတကာ- ကိုးဆယ့်ကိုးတောင်မြင့်သော စန္ဒကူးထင်ပုံတော်သည်၊ အဟောသိ- ဖြစ်ပြီ၊ သတ္ထာ- ဘုရားရှင်သည်၊ ထေရဿ- အရှင်မဟာမောဂ္ဂလာန်ထေရ်၏၊ သန္တိကေ- အနီး၌၊ ဌတွာ- ရပ်တော်မူ၍၊ သရီရနိက္ခေပံ- အလောင်းတော်ကို(စန္ဒကူးထင်ပုံ၌) ချခြင်းကို၊ ကာရေသိ- ပြုစေတော်မူပြီ၊ အာဠာဟနဿ- သင်္ဂြိုဟ်ရာ၏၊ သမန္တတော- ထက်ဝန်းကျင်မှ၊ ယောဇနမတ္တေ- တစ်ယူဇနာအတိုင်းအရှည်ရှိသော၊ ပဒေသေ- အရပ်၌၊ ပုပ္ဖဝဿံ- ပန်းမိုးသည်၊ ဝဿိ- ရွာပြီ၊ ဒေဝါနံ- နတ်တို့၏၊ အန္တရေ- အကြား၌၊ မနုဿာ- လူတို့သည် လည်းကောင်း၊ မနုဿာနံ- လူတို့၏၊ အန္တရေ- အကြား၌၊ ဒေဝါ- နတ်တို့သည် လည်းကောင်း၊ အဟေသုံ- ဖြစ်ကုန်ပြီ၊ ယထာက္ကမေန- အစဉ်အားဖြင့်၊ ဒေဝါနံ- နတ်တို့၏၊ အန္တရေ- အကြား၌၊ ယက္ခာ- ဘီလူးတို့သည်၊ တိဋ္ဌန္တိ- တည်ကုန်၏၊ ယက္ခာနံ- ဘီလူး တို့၏၊

အန္တရေ- အကြား၌၊ ဂန္ဓဗ္ဗာ- ဂန္ဓဗ္ဗနတ်တို့သည်၊ တိဋ္ဌန္တိ- တည်ကုန်၏၊ ဂန္ဓဗ္ဗာနံ- ဂန္ဓဗ္ဗနတ်တို့၏၊ အန္တရေ- အကြား၌၊ နာဂါ- နဂါးတို့သည်၊ တိဋ္ဌန္တိ- တည်ကုန်၏၊ နာဂါနံ- နဂါးတို့၏၊ အန္တရေ- အကြား၌၊ ဝေနတေယျာ- ဂဠုန်တို့သည်၊ တိဋ္ဌန္တိ- တည်ကုန်၏၊ ဝေနတေယျာနံ- ဂဠုန်တို့၏၊ အန္တရေ- အကြား၌၊ ကိန္နရာ- ကိန္နရာတို့သည်၊ တိဋ္ဌန္တိ- တည်ကုန်၏၊ ကိန္နရာနံ- ကိန္နရာတို့၏၊ အန္တရေ- အကြား၌၊ ဆတ္တာ- ထီးဖြူတို့သည်၊ တိဋ္ဌန္တိ- တည်ကုန်၏၊ ဆတ္တာနံ- ထီးဖြူတို့၏၊ အန္တရေ- အကြား၌၊ သုဝဏ္ဏစာမရာ- ရွှေစာရီသားမြီးယပ်တို့သည်၊ တိဋ္ဌန္တိ- တည်ကုန်၏၊ တေသံ- ထိုရွှေစာမရီ မီးယပ်တို့၏၊ အန္တရေ- အကြား၌၊ ဓဇာ- အလံတို့သည်၊ တိဋ္ဌန္တိ- တည်ကုန်၏၊ တေသံ- ထိုအလံတို့၏၊ အန္တရေ- အကြား၌၊ ပဋာကာ- တံခွန်လုံး, တံခွန်ပြာတို့သည်၊ တိဋ္ဌန္တိ- တည်ကုန်၏၊ သတ္တ-ဒိဝသာနိ- ခုနစ်ရက်တို့ပတ်လုံး၊ သာဓုကီဠံ- သူတော်ကောင်းတို့၏ ကစားခြင်းကို၊ ဝါ- ကောင်းစွာကစားခြင်းကို၊ ကီဠိံသု- ကစားကြကုန်ပြီ။

သတ္ထာ- ဘုရားရှင်သည်၊ ထေရဿ- အရှင်မဟာမောဂ္ဂလာန်ထေရ်၏၊ ဓာတုံ- ဓာတ်တော်ကို၊ ဂါဟာပေတွာ- ယူစေတော်မူ၍၊ ဝေဠုဝနဒွါရကောဋ္ဌကေ- ဝေဠုဝန် ကျောင်းတော်တံခါးမုခ်ဦး၌၊ စေတိယံ- စေတီကို၊ ကာရာပေသိ- ပြုစေတော်မူပြီ၊ တဒါ- ထိုအခါ၌၊ ဘိက္ခူ- ရဟန်းတို့သည်၊ ဓမ္မသဘာယ- တရားသဘင်၌၊ "အာဝုသော- ငါ့ရှင်တို့၊ သာရိပုတ္တတ္ထေရော- အရှင်သာရိပုတ္တရာမထေရ်သည်၊ တထာဂတဿ- မြတ်စွာဘုရား၏၊ သန္တိကေ- အထံ၌၊ အပရိနိဗ္ဗုတတ္တာ- ပရိနိဗ္ဗာန် မပြုသည်၏အဖြစ် ကြောင့်၊ ဗုဒ္ဓါနံ- ဘုရားရှင်တို့၏၊ သန္တိကာ- အထံတော်မှ၊ မဟန္တံ- များစွာသော၊ သမ္မာနံ- ပူဇော်သက္ကာရကို၊ နလဘိ- မရပြီ၊ မောဂ္ဂလ္လာနတ္ထေရော ပန- အရှင်မဟာ မောဂ္ဂလာန်မထေရ်သည်ကား၊ ဗုဒ္ဓါနံ- ဘုရားရှင်တို့၏၊ သမီပေ- အထံတော်၌၊ ပရိနိဗ္ဗုတတ္တာ- ပရိနိဗ္ဗာန်ပြုတော်မူသည်၏အဖြစ်ကြောင့်၊ မဟာသမ္မာနံ- များစွာသော ပူဇော်သက္ကာရကို၊ ရဘိ- ရပြီ၊" ဣတိ- ဤသို့၊ ကထံ- စကားကို၊ သမုဋ္ဌာပေသုံ- ဖြစ်စေကုန်ပြီ၊ သတ္ထာ- မြတ်စွာဘုရားသည်၊ အာဂန္တွာ- ကြွလာတော်မူ၍၊ "ဘိက္ခဝေ- ရဟန်းတို့၊ ဧတရဟိ- ယခုအခါ၌၊ ကာယကထာယ- အဘယ်စကားဖြင့်၊ သိန္နိသိန္နာ- အညီအညွတ် စည်းဝေးကြကုန်သည်၊ အတ္ထနု- ဖြစ်ကုန်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိတွာ- မေးတော်မူ၍၊ "ဣမာယနာမ- ဤမည်သော၊ (ကထာယ- စကားဖြင့်၊ သန္နိသိန္နာ- ကုန်သည်၊ ဘဝါမ- ဖြစ်ပါကုန်၏၊)" ဣတိ- ဤသို့၊ ဝုတ္တေ- လျှောက်အပ်

သည်ရှိသော်၊ "ဘိက္ခဝေ- ရဟန်းတို့၊ မောဂ္ဂလ္လာနော- မောဂ္ဂလာန်သည်၊ ဣဒါနေဝ- ယခုအခါ၌သာလျှင်၊ မမ- ငါဘုရား၏၊ သန္တိကာ- အထံတော်မှ၊ သမ္ပာန်- မြတ်နိုးခြင်းဟူသော ပူဇော်သက္ကာရကို၊ န လဘတိ- ရသည်မဟုတ်သေး၊ ပုဗ္ဗေပိ- ရှေး၌လည်း၊ လဘိယေဝ- ရဖူးခဲ့သည်သာတည်း၊" ဣတိ- ဤသို့ ဝတွာ- မိန့်တော်မူ၍၊ အတီတံ- အတိတ်ကို၊ အာဟရိ- ဆောင်တော်မူပြီ။

အတီတေ- လွန်လေပြီးသောအခါ၌၊ ဗာရာဏသိယံ- ဗာရာဏသီပြည်၌၊ ဗြဟ္မဒတ္တေ- ဗြဟ္မဒတ်မင်းသည်၊ ရဇ္ဇံ- မင်း၏အဖြစ်ကို၊ ကာရေန္တေ- ပြုစေသည်ရှိသော်၊ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ ပုရောဟိတဿ- ပုရောဟိတ်ပုဏ္ဏား၏၊ ဗြာဟ္မဏိယာ- ပုဏ္ဏေးမ၏၊ ကုစ္ဆိမှိ- ဝမ်း၌၊ ပဋိသန္ဓိံ- ပဋိသန္ဓေကို၊ ဂဏှိတွာ- ယူ၍၊ ဒသမာသစ္စယေန- ဆယ်လလွန်သဖြင့်၊ ပစ္စူသသမယေ- မိုးလင်းသောအခါ၌၊ မာတုကုစ္ဆိတော- အမိပုဏ္ဏေးမ၏ဝမ်းမှ၊ နိက္ခမိ- ထွက်ပြီ၊ တသ္မိံခဏေ- ထိုခဏ၌၊ ဒွါဒသယောဇနိကေ- တစ်ဆယ့်နှစ်ယူဇနာရှိသော၊ ဗာရာဏသိနဂရေ- ဗာရာဏသီမြို့၌၊ သဗ္ဗာဝုဓာနိ- ခပ်သိမ်းကုန်သောလက်နက်တို့သည်၊ ပဇ္ဇလိံသု- ထွန်းတောက်ပေကုန်ပြီ၊ ပုရောဟိတော- ပုရောဟိတ်သည်၊ ပုတ္တဿ- သားလေး၏၊ ဇာတက္ခဏေ- ဖွားစဉ်ခဏ၌၊ ဗဟိ- အပသို့၊ နိက္ခမိတွာ- ထွက်၍၊ အာကာသံ- ကောင်းကင်သို့၊ ဩလောကေန္တော- ကြည့်လတ်သော်၊ နက္ခတ္တယောဂံ- နက္ခတ် တာရာယှဉ်ခြင်းကို၊ ဒိသွာ- မြင်၍၊ "ဧသော ကုမာရော- ဤသတို့သားသည်၊ ဣမိနာ နက္ခတ္တေန- ဤနက္ခတ်ဖြင့်၊ ဇာတတ္တာ- ဖွားမြင်သည်၏အဖြစ်ကြောင့်၊ သကလ ဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌၊ ဓနုဂ္ဂဟာနံ- လေးသမားတကာ တို့ထက်၊ အဂ္ဂေါ- မြတ်သော လေးသမားသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊" ဣတိ- ဤသို့ ဉတွာ- သိ၍၊ ကာလဿေဝ- နံနက်စောစောကပင်၊ ရာဇကုလံ- မင်းအိမ်သို့ ဂန္တွာ- သွား၍၊ ရာဇာနံ- ဗြဟ္မဒတ်မင်းကို၊ သုခသယိတဘာဝံ- ချမ်းသာစွာ စက်တော်ခေါ် ရသည်၏အဖြစ်ကို၊ ပုစ္ဆိ- မေးလျှောက်ပြီ "အာစရိယ- ဆရာ၊ မေ- ငါ့အား၊ သုခံ- ချမ်းသာစွာအိပ်ရခြင်းသည်၊ ကုတော- အဘယ်မှာရှိအံ့နည်း၊ အဇ္ဇ- ယနေ့၊ သကလနိဝေသနေ- အလုံးစုံသော နန်းတော်၌၊ အာဝုဓာနိ- လက်နက်တို့သည်၊ ပဇ္ဇလိတာနိ- တောက်ပကုန်၏၊" ဣတိ- ဤသို့ ဝုတ္တေ- ဆိုအပ်သည်ရှိသော်၊ ဒေဝ- မင်းကြီး၊ မာဘာယိ- ကြောက်တော်မမူလင့်၊ တုမှာကံ- အရှင်မင်းကြီးတို့၏၊ နိဝေသနေယေဝ- နန်းတော်၌သာလျှင်၊ (အာဝုဓာနိ- လက်နက်တို့သည်) န ပဇ္ဇလိတာနိ- တောက်ပကုန်သည်မဟုတ်သေး၊ သကလနဂရေပိ-

အလုံးစုံကုန်သော မြို့၌လည်း၊ အာဝုဓာနိ- လက်နက်တို့သည်၊ ပဇ္ဇလိံသုယေဝ- တောက်ပကုန်ပြီသည်သာတည်း၊ အဇ္ဇ- ယနေ့၊ အမှာကံ- အကျွန်ုပ်တို့၏၊ ဂေဟေ- အိမ်၌၊ ကုမာရဿ- သူငယ်၏၊ ဇာတတ္တာ- ဖွားသည်၏အဖြစ်ကြောင့်၊ ဧဝံ- ဤသို့ လက်နက်ထွန်းတောက်ပခြင်းသည်၊ အဟောသိ- ဖြစ်ပြီ၊ ဣတိ- ဤသို့၊ (အာဟ- တင်လျှောက်ပြီ။)

အာစရိယ- ဆရာ၊ ဧဝံ- ဤသို့၊ ဇာတကုမာရဿ ပန- ဖွားမြင်သော သတို့သားအားကား၊ ကိံ(ဖလံ)- အဘယ်သို့သောအကျိုးသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့နည်း၊ ဣတိ- ဤသို့၊ (ပုစ္ဆိ- မေးတော်မူပြီ) မဟာရာဇ- မြတ်သော မင်းကြီး၊ (ဧဝံ- ဤသို့ဖွားသောသားသည်၊) ကိဉ္စိ- နည်းသော အာနုဘော်ရှိသော သူသည်၊ န(ဘဝိဿတိ)- မဖြစ်လတ္တံ၊ ပန- စင်စစ်သော်ကား၊ သော- ထိုသတို့သားသည်၊ သကလဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌၊ ဓနုဂ္ဂဟာနံ- လေးသမားတကာတို့ထက်၊ အဂ္ဂေါ- မြတ်သောလေးသမားသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ၊ ဣတိ- ဤသို့၊ (အာဟ- လျှောက်တင်ပြီ၊) "အာစရိယ- ဆရာ၊ သာဓု- ကောင်းပြီ၊ တေနဟိ- ထိုသို့ဖြစ်မူကား၊ နံ- ထိုသူငယ်ကို၊ ပဋိဇဂ္ဂိတွာ- ပြုစုလုပ်ကျွေး၍၊ ဝယပ္ပတ္တကာလေ- အရွယ်သို့ ရောက်သောကာလ၌၊ အမှာကံ- ငါတို့အား၊ ဒဿေယျာသိ- ပြလှည့်လော၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ တာဝ- ရှေးဦးစွာ၊ သဟဿံ- အသပြာတစ်ထောင်သော၊ ခီရမူလံ- နို့ဖိုးကို၊ ဒါပေသိ- ပေးစေတော်မူလိုက်ပြီ ပုရောဟိတော- ပုရောဟိတ်သည်၊ တံ- ထိုနို့ဖိုးအသပြာတစ်ထောင်ကို၊ ဂဟေတွာ- ယူ၍၊ နိဝေသနံ- အိမ်သို့ ဂန္တွာ- သွားပြီး၍၊ ဗြာဟ္မဏိယာ- ပုဏ္ဏေမအား၊ ဒတွာ- ပေး၍၊ ပုတ္တဿ- သားအား၊ နာမဂ္ဂဟဏဒိဝသေ- အမည်မှည့်သော နေ့၌၊ ဇာတက္ခဏေ- ဖွားမြင်သောခဏ၌၊ အာဝုဓာနံ- လက်နက်တို့၏၊ ပဇ္ဇလိတတ္တာ- ထွန်းလင်းတောက်ပသည်၏အဖြစ်ကြောင့်၊ အဿ- ထိုသတို့သား အား၊ "ဇောတိပါလော"တိနာမံ- ဇောတိပါလ-ဟူသော အမည်ကို၊ အကာသိ- ပြုလေပြီ။

သော- ထိုဇောတိပါလလုလင်သည်၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံဖြင့်၊ ဝဍ္ဎမာနော- ကြီးသည်ဖြစ်၍၊ သောဠသဝဿကာလေ- တစ်ဆယ့် ခြောက်နှစ်ရှိသောကာလ၌၊ ဥတ္တမရူပဓရော- မြတ်သောအဆင်းကိုဆောင်သည်၊ အဟောသိ- ဖြစ်ပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုဇောတိပါလလုလင်၏၊ ပိတာ- ခမည်းတော်ပုရောဟိတ်ပုဏ္ဏားသည်၊ သရီရသမ္ပတ္တိံ- (အရွယ်ရောက်သော) ကိုယ်နှင့်

ပြည့်စုံသောသားကို၊ ဒြိသောကေတွာ- ကြည့်၍၊ သဟဿံ- အသပြာတစ်ထောင်ကို၊ ဒတွာ- ပေး၍၊ "တာတ- အမောင်၊ တက္ကသိလံ- တက္ကသိုလ်ပြည်သို့၊ ဂန္တွာ- သွား၍၊ ဒိသာပါမောက္ခဿ- ဒိသာပါမောက္ခမည်သော၊ အာစရိယဿ- ဆရာ၏၊ သန္တိကေ- အထံ၌၊ သိပ္ပံ- လေးအတတ်ကို၊ ဥဂ္ဂဏှာဟိ- သင်ယူချေလော၊" က္ကတိ- ဤသို့၊ အာဟ- ဆိုပြီ၊ သော- ထိုဇောတိပါလလုလင်သည်၊ "သာဓု"တိ- ကောင်းပါပြီဟု၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ အာစရိယဘာဂံ- ဆရာ၏အဖို့ ဥစ္စာတစ်ထောင်ကို၊ ဂဟေတွာ- ယူ၍၊ မာတာပိတရော- မယ်တော်, ခမည်းတော်တို့ကို၊ ဝန္ဒိတွာ- ရှိခိုးပြီး၍၊ တတ္ထ- ထိုတက္ကသိုလ်ပြည်သို့၊ ဂန္တွာ- သွား၍၊ သဟဿံ- တစ်ထောင်အသပြာငွေကို၊ ဒတွာ- ပေး၍၊ သိပ္ပံ- အတတ်ကို၊ ပဋ္ဌပေတွာ- သင်၍၊ သတ္တာဟေနေဝ- ခုနစ်ရက်ဖြင့်သာလျှင်၊ နိပ္ဖတ္တိံ- ပြီးဆုံးခြင်းသို့၊ ပါပုဏိ- ရောက်ပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုဇောတိပါလလုလင်အား၊ အာစရိယော- ဒိသာပါမောက္ခဆရာသည်၊ တုဿိတွာ- အလွန်နှစ်သက်၍၊ အတ္တနော- မိမိ၏၊ သန္တကံ- ဥစ္စာဖြစ်သော၊ ခဂ္ဂရတနဉ္စ- သန်လျက်ရတနာကိုလည်းကောင်း၊ သန္ဓိယုတ္တံ- စပ်၍ ယှဉ်အပ်သော၊ မေဏ္ဍကသိင်္ဂဓနုဉ္စ- ဆိတ်ချိုလေးကိုလည်းကောင်း၊ သန္ဓိယုတ္တံ- အစပ်နှင့်ယှဉ်သော၊* တူဏိရဉ္စ- မြားတောင့်ကို လည်းကောင်း၊ အတ္တနော- မိမိ၏၊ သန္နာဟကဉ္စုကဉ္စ- ချပ်တန်ဆာမြားကာကို လည်းကောင်း၊ ဥဏှီသဉ္စ- သင်းကျစ်ကိုလည်းကောင်း၊ ဒတွာ- ပေး၍၊ "တာတဇောတိပါလ- အမောင် ဇောတိပါလ၊ အဟံ- ငါသည်၊ မဟလ္လကော- အိုမင်းပြီ ဣဒါနိ- ယခုအခါ၌၊ တွံ- သင်သည်၊ ဣမေ မာဏဝကေ- ဤတပည့်လုလင်ငယ်တို့ကို၊ သိက္ခာပေဟိ- သင်စေလော၊" က္ကတိ- ဤသို့ (ဝတွာ- ဆို၍၊) ပဉ္စသတမာဏဝကေပိ- ငါးရာကုန်သော တပည့်လုလင်ငယ်တို့ကိုလည်း၊ တဿေဝ- ထိုဇောတိပါလလုလင်အားသာလျှင်၊ နိယျာဒေသိ- အပ်နှင်းပြီ။

ဗောဓိသတ္တော- ဘုရားလောင်းသည်၊ သဗ္ဗံ- အလုံးစုံသော၊ ဥပကရဏံ- အတတ်ကို၊ ဂဟေတွာ- သင်ပြီး၍၊ အာစရိယံ- ဆရာကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ ဗာရာဏသိမေဝ- ဗာရာဏသီပြည်သို့သာလျှင်၊ အာဂန္တွာ- ပြန်လာ၍၊ မာတာပိတရော- မယ်တော်ခမည်းတော်တို့ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ အဋ္ဌာသိ- တည်ပြီ၊ အထ- ထိုအခါ၌၊ ဝန္ဒိတွာ- ရှိခိုးပြီး၍၊ ဌိတံ- တည်သော၊ နံ- ထိုဇောတိပါလလုလင်ကို၊ ပိတာ-

* သန္ဓိယုတ္တံ=အစပ်ပါသောလေးကိုင်း- ထိုအစပ်ကိုခေါက်၍ထားလျှင်တိုသောကြောင့် လေးကိုင်းဟု မထင်ရပေ၊ ခေတ်အခေါ်အားဖြင့် ခေါက်လေးဟုခေါ်ရမည်။

ခမည်းတော်ပုရောဟိတ်သည်၊ "တာတ- ချစ်သား၊ တေ- သင်ချစ်သားသည်၊ သိပ္ပံ- အတတ်ကို၊ ဥဂ္ဂဟိတံ- သင်အပ်ပြီလော၊" ဣတိ- ဤသို့ အဝေါစ- မေးပြီ၊ တာတ- ဖခင်၊ အာမ- သင်အပ်ပြီ" ဣတိ- ဤသို့ (အာဟ- ဆိုပြီ) သော- ထိုပုရောဟိတ်သည်၊ တဿ- ထိုသားတော်ဇောတိပါလလုလင်၏၊ ဝစနံ- စကားကို၊ သုတွာ- ကြားရ၍၊ ရာဇကုလံ- နန်းတော်သို့၊ ဂန္တွာ- သွား၍၊ "ဒေဝ- အရှင်မင်းကြီး၊ မေ- အကျွန်ုပ်၏၊ ပုတ္တော- သားသည်၊ သိပ္ပံ- အတတ်ကို၊ သိက္ခိတွာ- သင်ပြီး၍၊ အာဂတော- လာပြီ၊ ကိံ- အဘယ်သို့ ကရောတု- ပြုစေရမည်နည်း၊" ဣတိ- ဤသို့ အာဟ- မေးလျှောက်ပြီ၊ အာစရိယ- ဆရာ၊ အမှေ- ငါတို့ကို၊ ဥပဋ္ဌဟတု- ခစားစေလော၊ ဣတိ- ဤသို့၊ (အာဟ- ဆိုပြီ) ဒေဝ- အရှင်မင်းကြီး၊ အဿ- ထိုဇောတိပါလလုလင်အား၊ ပရိဗ္ဗယံ- ရိက္ခာကို၊ ဇာနာထ- သိတော်မူလော၊ ဣတိ- ဤသို့၊ (အာဟ- လျှောက်တင်ပြီ၊) သော- ထိုဇောတိပါလလုလင်သည်၊ ဒေဝသိကံ- နေ့တိုင်းနေ့တိုင်း၊ သဟဿံ- တစ်ထောင်သော ဥစ္စာကို၊ လဘတု- ရစေ၊ ဣတိ- ဤသို့၊ (အာဟ- မိန့်တော်မူပြီ၊) သော- ထိုပုရောဟိတ်သည်၊ "သာဓု"တိ- ကောင်းပြီဟု၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ ဂေဟံ- အိမ်သို့ ဂန္တွာ- သွားပြီး၍၊ ကုမာရံ- သားတော်ဇောတိပါလလုလင်ကို၊ ပက္ကောသာပေတွာ- ခေါ်စေ၍၊ "တာတ- ချစ်သား၊ ရာဇာနံ- အရှင်မင်းကြီးကို၊ ဥပဋ္ဌဟ- ခစားလော၊" ဣတိ- ဤသို့ အာဟ- ဆိုပြီ သော- ထိုဇောတိပါလလုလင်သည်၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ ဒေဝသိကံ- နေ့တိုင်းနေ့တိုင်း၊ သဟဿံ- တစ်ထောင်သောဥစ္စာကို၊ လဘိတွာ- ရ၍၊ ရာဇာနံ- မင်းကို၊ ဥပဋ္ဌဟိ- ခံစားပြီ။

ရာဇပါဒမူလိကာ- မင်း၏ခြေရင်း၌ အမြဲခစားကုန်သော သူတို့သည်၊ "မယံ- ငါတို့သည်၊ ဇောတိပါလေန- ဇောတိပါလလုလင်သည်၊ ကတကမ္မံ- ပြုအပ်သော အမှုကို၊ န ပဿာမ- မမြင်ရကုန်၊ ဒေဝသိကံ- နေ့တိုင်းနေ့တိုင်း၊ သဟဿံ- တစ်ထောင်သောဥစ္စာကို၊ ဂဏှာတိ- ယူ၏၊ မယံ- ငါတို့သည်၊ အဿ- ထိုဇောတိပါလ လုလင်၏၊ သိပ္ပံ- အတတ်ကို၊ ပဿိတုကာမာ- မြင်ခြင်းငှာ အလိုရှိကုန်၏၊" ဣတိ- ဤသို့ (ဝတွာ- ဆို၍) ဥဇ္ဈာယိံသု- ကဲ့ရဲ့ကြကုန်ပြီ၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ တေသံ- ထိုမင်းခစားယောကျ်ားတို့၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ ပုရောဟိတဿ- ပုရောဟိတ်အား၊ ကထေသိ- ပြောဆိုတော်မူပြီ၊ ပုရောဟိတော- ပုရောဟိတ် ပုဏ္ဏားသည်၊ "ဒေဝ- အရှင်မင်းကြီး၊ သာဓု- ကောင်းပြီ" ဣတိ- ဤသို့၊ (ဝတွာ- လျှောက်တင်၍) ပုတ္တဿ- သားတော်အား၊ အာရောစေသိ- ပြောကြားပြီ၊ သော-

ထိုဇောတိပါလလုလင်သည်၊ "တာတ- ဖခင်၊ သာဓု- ကောင်းပြီ" ဣတော- ဤနေ့မှ၊ သတ္တမေဒိဝသေ- ခုနစ်ရက်မြောက်သော နေ့၌၊ သိပ္ပံ- အတတ်ကို၊ ဒဿေဿာမိ- ပြအံ့၊ အပိစ- စင်စစ်သော်ကား၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ အတ္တနော- မိမိ၏၊ ဝိဇိတေ- တိုင်းနိုင်ငံအတွင်း၌၊ ဓနုဂ္ဂဟေ- လေးသမားတို့ကို၊ သန္နိပါတာပေတု- စည်းဝေးစေလော၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ ပုရောဟိတော- ပုရောဟိတ်သည်၊ ဂန္တွာ- သွား၍၊ ရညော- ပြဟ္မဒတ်မင်းအား၊ တမတ္ထံ- ထိုအကြောင်းကို၊ အာရောစေသိ- လျှောက်ကြားပြီ၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ နဂရေ- ဗာရာဏသီမြို့တော်၌၊ ဘေရိံ- စည်ကို၊ စရာပေတွာ- လည်စေ၍၊ ဓနုဂ္ဂဟေ- လေးသမားတို့ကို၊ သန္နိပါတာပေသိ- စည်းဝေးစေပြီ၊ သဋ္ဌိသဟဿာ- ခြောက်သောင်းကုန်သော၊ ဓနုဂ္ဂဟာ- လေးသမား တို့သည်၊ သန္နိပတိံသု- စည်းဝေးကြကုန်ပြီ၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ တေသံ- ထို ခြောက်သောင်းကုန်သော လေးသမားတို့၏၊ သန္နိပတိတဘာဝံ- စည်းဝေးကုန်သည်၏ အဖြစ်ကို၊ ဉတွာ- သိ၍၊ "နဂရဝါသိနော- မြို့၌နေကုန်သော သူတို့သည်၊ ဇောတိပါလဿ- ဇောတိပါလလုလင်၏၊ သိပ္ပံ- အတတ်ကို၊ ပဿန္တု- ကြည့်ကြ ကုန်လော၊" ဣတိ- ဤသို့၊ နဂရေ- ဗာရာဏသီ မြို့တော်၌၊ ဘေရိံ- စည်ကို၊ စရာပေတွာ- လည်စေပြီး၍၊ ရာဇင်္ဂဏံ- မင်းရင်ပြင်ကို၊ သဇ္ဇာပေတွာ- ပြုပြင်စေ၍၊ မဟာဇနပရိဝုတော- များသော လူအပေါင်းသည်ခြံရံသည်ဖြစ်၍၊ ပလ္လင်္ကဝရေ- မြတ်သော ပလ္လင်၌၊ နိသီဒိတွာ- ထိုင်နေ၍၊ ဓနုဂ္ဂဟေ- လေးသမားတို့ကို၊ ပက္ကောသာ- ပေတွာ- ခေါ်စေပြီး၍၊ "ဇောတိပါလော- ဇောတိပါလလုလင်သည်၊ အာဂစ္ဆတု- လာစေ၊" ဣတိ- ဤသို့၊ ပေသေသိ- စေတော်မူပြီ၊ သော- ထိုဇောတိပါလလုလင်သည်၊ အာစရိယေန- ဒိသာပါမောက္ခဆရာသည်၊ ဒိန္နာနိ- ပေးအပ်ကုန်သော၊ ဓနုတူဏီရ- သန္နာဟကဉ္စုကဉဏှီသာနိ- ဆိတ်ချိုလေး, မြားတောင့်, ချပ်ဝတ်တန်ဆာ, မြားကာ, သင်းကျစ်အစရှိသည်တို့ကို၊ နိဝါသနန္တရေ- ပုဆိုးကြား၌၊ ဌပေတွာ- ထား၍၊ ခဂ္ဂံ- သန်လျက်ကို၊ ဂါဟာပေတွာ- ယူခဲ့စေ၍၊ ပကတိဝေသေန- ပင်ကိုယ်အသွင်အပြင်အားဖြင့်၊ ရညော- ပြဟ္မဒတ်မင်း၏၊ သန္တိကံ- အထံသို့ ဂန္တွာ- သွား၍၊ ဧကမန္တံ- တင့်သင့်လျောက်ပတ်သော အရပ်၌၊ အဋ္ဌာသိ- တည်ပြီ။

ဓနုဂ္ဂဟာ- ခြောက်သောင်းကုန်သော လေးသမားတို့သည်၊ "ဇောတိပါလော- ဇောတိပါလုလင်သည်၊ ဓနုသိပ္ပံ- လေးအတတ်ကို၊ ဒဿေတုံ- ပြခြင်းငှာ၊ အာဂတော ကိရ- လာသတတ်၊ ပန- ထိုသို့ပင်လာသော်လည်း၊ ဓနုံ- လေးကို၊ အဂ္ဂဟေတွာ-

မယူမူ၍၊ အာဂတတ္တာ- လာသည်၏အဖြစ်ကြောင့်၊ အမှာကံ- ငါတို့၏၊ ဟတ္ထတော- လက်မှ၊ ခနံ- လေးကို၊ ဂဟေတုကာမော- ယူခြင်းငှာ အလိုရှိသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ အဿ- ထိုဇောတိပါလလုလင်အား၊ န ဒဿမ- မပေးကြကုန်လင့်၊” ဣတိ- ဤသို့၊ ကတိကံ- ကတိကဝတ်ကို၊ ကရိံသု- ပြုကြကုန်ပြီ၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ ဇောတိပါလံ- ဇောတိပါလလုလင်ကို၊ အာမန္တေတွာ- ခေါ်တော်မူ၍၊ “သိပ္ပံ- အတတ်ကို၊ ဒဿေဟိ- ပြလော၊” ဣတိ- ဤသို့ အာဟ- ဆိုပြီ၊ သော- ထိုဇောတိပါလလုလင်သည်၊ သာဏိ- ကန့်လန့်ကာကို၊ ပရိက္ခိပါပေတွာ- ကာရံစေပြီး၍၊ အန္တောသာဏိယံ- ကန့်လန့်ကာ၏ အတွင်း၌၊ ဌိတော- နေလျက်၊ သာဋကံ- ပုဆိုးကို၊ အပနေတွာ- ပယ်၍၊ သန္နာဟကဉ္စုကံ- ချပ်ဝတ်တန်ဆာ များကာကို၊ ပဝေသေတွာ- ဝတ်၍၊ ဥဏှီသံ- သင်းကျစ်ကို၊ သီသေ- ဦးခေါင်း၌၊ ပဋိမုဉ္စိတွာ- စွပ်၍၊ မေဏ္ဍကသိင်္ဂဓနုမ္ပိ- ဆိတ်ချိုလေး၌၊ ပဝါလဝဏ္ဏံ- သန္တာအဆင်းနှင့်တူသော၊ ဇိယံ- လေးညှို့ကို၊ အာရောပေတွာ- တင်၍၊ တူဏီရံ- မြားတောင့်ကို၊ ပိဋ္ဌေ- ကျောက်ကုန်း၌၊ ဗန္ဓိတွာ- ဖွဲ့ချည်၍၊ ခဂ္ဂံ- သန်လျက်ကို၊ ဝါမတော- လက်ဝဲဘက်မှ၊ ကတွာ- ပြု၍၊ ဝဇီရဂ္ဂံ- ဝရစိန်၏ အဖျားဖြစ်သော၊ နာရာစံ- စဉ်းသွားတပ်သော မြားကို၊ နခပိဋ္ဌေန- လက်သည်းခွံ အပြင်ဖြင့်၊ ပရိဝတ္တေတွာ- ပွတ်၍၊ သာဏိ- လိုက်ကာကို၊ ဝိဝရိတွာ- ဖွင့်၍၊ ပထဝိံ- မြေကို၊ ဘိန္ဒိတွာ- ခွဲ၍၊ အလင်္ကတနာဂကုမာရောဝိယ- တန်ဆာဆင် အပ်သော နဂါးလုလင်ကဲ့သို့၊ နိက္ခမိတွာ- ထွက်၍၊ ဂန္တွာ- သွား၍၊ ရညော- ဗြဟ္မဒတ်မင်းအား၊ အပစိတိံ- အရိုအသေပြုသော အမူအရာကို၊ ဒဿေတွာ- ပြ၍၊ အဋ္ဌာသိ- တည်ပြီ၊ တံ- ထိုဇောတိပါလလုလင်ကို၊ ဒိသွာ- မြင်၍၊ မဟာဇနာ- များစွာကုန်သော လူတို့သည်၊ ဝဂ္ဂန္တိ- အစုဖွဲ့ကြကုန်၏၊ နဒန္တိ- ကြုံးဝါးကုန်၏၊ အပ္ဖောဋေန္တိ- လက်ပမ်း ပေါက်ခတ်ကုန်၏၊ သေဠေန္တိ- ကြွေးကြော်ကုန်၏၊ ရာဇာ- ဗြဟ္မဒတ်မင်း သည်၊ “ဇောတိပါလ- အမောင်ဇောတိပါလ၊ သိပ္ပံ- အတတ်ကို၊ ဒဿေဟိ- ပြလော့၊” ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ ဒေဝ- အရှင် မင်းကြီး၊ တုမှာကံ- အရှင်မင်းကြီးတို့၏၊ ဓနုဂ္ဂဟေသု- ခြောက်သောင်းကုန်သော လေးသမားတို့တွင်၊ အက္ခဏဝေဓိဝါလဝေဓိ- သရဝေဓိသဒ္ဒဝေဓိနော- အက္ခဏဝေဓိ, ဝါလဝေဓိ, သရဝေဓိ, သဒ္ဒဝေဓိဖြစ်ကုန်သော၊ ဝါ- လျှင်မြန်သော ခဏ၌ စူးဝင်စေနိုင်, သားမြီးများကို မှန်အောင်ပစ်နိုင်, အရိပ်အယောင်ဖြင့် မြားကို ပစ်ခွင်းနိုင်, အသံကြား၍ မြားကို ပစ်ခွင်းနိုင်ကုန်သော၊ စတ္တာရော- လေးယောက် ကုန်သော၊ ဓနုဂ္ဂဟေ- လေးသမားတို့ကို၊ ပက္ကောသာပေဟိ- ခေါ်စေတော်မူလော၊

က္ကတိ- ဤသို့ (အာဟ- လျှောက်ကြားပြီ) အထ- ထိုအခါ၌၊ ရာဇာ- ဗြာဟ္မဒတ်မင်းသည်၊ ပက္ကောသာပေသိ- ခေါ်စေတော်မူပြီ။

မဟာသတ္တော- ဘုရားလောင်းသည်၊ ရာဇင်္ဂဏေ- မင်း၏ညီလာခံရာအပြင်၌၊ စတုရဿပရိစ္ဆေဒဗ္ဘန္တရေ- လေးထောင့်ရှိသော အပိုင်းအခြား၏ အတွင်း၌၊ မဏ္ဍပံ- မဏ္ဍပ်ကို၊ ကတွာ- ပြု၍၊ စတူသု- လေးခုကုန်သော၊ ကဏ္ဏေသု- ထောင့်တို့၌၊ စတ္တာရော- လေးယောက်ကုန်သော၊ စနုဂ္ဂဟေ- လေးသမားတို့ကို၊ ဌပေတွာ- ထား၍၊ ဧကေကဿ- တစ်ယောက်တစ်ယောက်သော လေးသမားတော်အား၊ တိံသတိံသကဏ္ဍသဟဿာနိ- သုံးသောင်းသုံးသောင်းကုန်သော မြားတို့ကို၊ ဒါပေတွာ- ပေးစေ၍၊ ဧကေကဿ- တစ်ယောက်တစ်ယောက်သော လေးသမား၏၊ သန္တိကေ- အထံ၌၊ ကဏ္ဍဒါယကံ- မြားပေးသော၊ ဧကေကံ- ယောကျ်ားတစ်ယောက် တစ်ယောက်စီကို၊ ဌပေတွာ- ထား၍၊ သယံ- မိမိသည်၊ ဝဇိရဂ္ဂံ- ဝရဇိန် အဖျားဖြစ်သော၊ နာရာစံ- စဉ်းသွားတပ်သောမြားကို၊ ဂဟေတွာ- ကိုင်၍၊ မဏ္ဍလမဇ္ဈေ- မဏ္ဍပ်၏အလယ်၌၊ ဌတွာ- တည်၍၊ "မဟာရာဇ- မြတ်သော မင်းကြီး၊ စတ္တာရော- လေးယောက်ကုန်သော၊ က္ကမေ ဓနုဂ္ဂဟာ- ဤလေးသမား တော်တို့ကို၊ ဧကပ္ပဟာရေနေဝ- တပြိုင်နက်တည်းဖြင့်သာလျှင်၊ သရေ- မြားတို့ကို၊ ခိပိတွာ- လွှတ်၍၊ မံ- အကျွန်ုပ်ကို၊ ဝိဇ္ဈန္တု- ပစ်စေကုန်သော၊ အဟံ- အကျွန်ုပ် သည်၊ ဧတေဟိ- ထိုလေးသမားတော်လေးယောက်တို့သည်၊ ခိတ္တကဏ္ဍာနိ- ပစ်အပ်ကုန်သော မြားတို့ကို၊ နိဝါရေဿာမိ- တားပါအံ့၊" က္ကတိ- ဤသို့ အာဟ- လျှောက်တင်ပြီ၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ "ဧဝံ- ဤသို့ဆိုတိုင်း၊ ကရောထ- ပြုကြကုန်လော၊" က္ကတိ- ဤသို့ အာဏာပေသိ- (လေးသမားတို့ကို)စေတော်မူပြီ၊ ဓနုဂ္ဂဟာ- လေးသမားတို့သည်၊ "မဟာရာဇ- မြတ်သောမင်းကြီး၊ မယံ- အကျွန်ုပ်တို့သည်၊ အက္ခဏဝေဓိဝါလဝေဓိသရဝေဓိသဒ္ဒဝေဓိနော- အက္ခဏဝေဓိ, ဝါလဝေဓိ, သရဝေဓိ, သဒ္ဒဝေဓိ, လေးသမားများဖြစ်ကုန်၏၊ ဇောတိပါလော- ဇောတိပါလလုလင်သည်၊ တရုဏဒါရကော- ပျိုနုသော သူငယ်ဖြစ်၏၊ မယံ- အကျွန်ုပ်တို့သည်၊ န ဝိဇ္ဈိဿာမ- မပစ်ကုန်အံ့၊" က္ကတိ- ဤသို့ အာဟံသု- လျှောက်တင်ကြကုန်ပြီ၊ မဟာသတ္တော- ဘုရားလောင်းဇောတိပါလလုလင်သည်၊ "(တုမှေ- သင်တို့သည်၊) သစေ သက္ကောထ- အကယ်၍စွမ်းနိုင်ကုန်အံ့၊ မံ- ငါ့ကို၊ ဝိဇ္ဈထ- ပစ်ကြကုန်လော၊"က္ကတိ- ဤသို့ အာဟ- ဆိုပြီ၊ တေ- ထိုလေးသမားလေးယောက်တို့သည်၊ "သာဓု"တိ- ကောင်းပြီဟု၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ ဧကပ္ပဟာရေနေဝ- တပြိုင်နက်

တည်းဖြင့်သာလျှင်၊ ကဏ္ဍာနိ- မြားတို့ကို၊ ခိပိံသု- ပစ်ကြကုန်ပြီ၊ မဟာသတ္တော- ဘုရားလောင်းတော်သည်၊ တာနိ- ထိုမြားတို့ကို၊ နာရာစေန- စဉ်းသွားတပ်သော မြားတစ်စင်းဖြင့်၊ ပဟရိတွာ- ကွယ်ကာ၍၊ ယထာဝါတထာဝါ- ဟုတ်ဟုတ် ငြားငြား အားဖြင့်၊ ဝါ- ကျလိုရာမှာ၊ န ပါတေသိ- မကျစေပြီ၊ ပန- စင်စစ်သော်ကား၊ ဗောဓိကောဋ္ဌကံ- ဗောဓိအိမ်ကို၊ ပရိက္ခိပန္တော၀ိယ- ပွတ်တိုင်ဖြင့်ခြံရံဘိသကဲ့သို့၊ တာလေန- မြားသွားတစ်ခုဖြင့်၊ တာလံ- မြားသွားတစ်ခုကို၊ ဝါလေန- မြားမြီးတစ်ခု ဖြင့်၊ ဝါလံ- မြားမြီးတစ်ခုကို၊ ဒဏ္ဍကေန- မြားရိုးတစ်စင်းဖြင့်၊ ဒဏ္ဍကံ- မြားရိုး တစ်စင်းကို၊ ဝါဇေန- မြားလွှတ်တစ်ခုဖြင့်၊ ဝါဇံ- မြားလွှတ်တစ်ခုကို၊ အနတိက္ကမန္တော- မလွန်စေသည်ဖြစ်၍၊ ခိပိတွာ- ပစ်၍၊ သရဂဗ္ဘံ- မြားတိုက်ကို၊ အကာသိ- ပြုပြီ၊ ဓနုဂ္ဂဟာနံ- လေးသမားတော်တို့၏၊ ကဏ္ဍာနိ- မြားတို့သည်၊ ခီဏာနိ- ကုန်ကုန်၏၊ သော- ထိုဇောတိပါလလုလင်သည်၊ တေသံ- ထိုလေးသမားတို့၏၊ ကဏ္ဍခီဏ ဘာဝံ- မြားကုန်သည်၏အဖြစ်ကို၊ ဉ တွာ- သိ၍၊ သရဂဗ္ဘံ- မြားတိုက်ကို၊ အဝိနာသေန္တော၀- မပျက်စီးစေသည်ဖြစ်၍သာလျှင်၊ ဥပ္ပတိတွာ- ခုန်တက်၍၊ ဂန္တွာ- သွား၍၊ ရညော- ပြဟ္မဒတ်မင်း၏၊ သန္တိကေ- အထံ၌၊ အဋ္ဌာသိ- တည်ပြီ၊ မဟာဇနော- များစွာသော လူအပေါင်းသည်၊ ဥန္နာဒေန္တော- ပဲ့တင်ထပ်စေလျက်၊ ဝဂ္ဂန္တော- အစုဖွဲ့လျက်၊ အပ္ဖေါဋေန္တော- လက်ဖမ်းပေါက်ခတ်လျက်၊ သေဠေန္တော- ကြွေးကြော်လျက်၊ အစ္ဆရံ- လက်ခုပ်ကို၊ ပဟရန္တော- တီးလျက်၊ မဟာကောလာဟလံ- ကြီးကျယ်သော အုတ်အုတ် ကျက်ကျက်အသံကို၊ ကတွာ- ပြုကုန်၍၊ ဝတ္ထာဘရဏာဒီနိ- ဝတ်စားတန်ဆာစသည် တို့ကို၊ ခိပိ- ပစ်လွှင့်ပြီ၊ ဧဝံ- ဤသို့၊ ဧကရာသိဘူတံ- တစ်စုတစ်ပုံတည်းဖြစ်သော၊ ဓနံ- ဉစ္စာသည်၊ အဋ္ဌာရသကောဋိမတ္တံ- တစ်ဆယ့်ရှစ်ကုဋေ အရေအတွက်ရှိသည်၊ အဟောသိ- ဖြစ်ပြီ။

အထ- ထိုအခါ၌၊ နံ- ထိုဇောတိပါလလုလင်ကို၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ "ဇောတိပါလ- အမောင်ဇောတိပါလ၊ ဧတံ- ဤအတတ်သည်၊ ကိံ သိပ္ပံနာမ- အဘယ် အတတ်မည်ပါသနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးတော်မူပြီ၊ ဒေဝ- အရှင်မင်းကြီး၊ သရပဋိဗာဟနံနာမ- မြားကိုကွယ်ကာ တားဆီးသော အတတ်မည်၏၊ ဣတိ- ဤသို့၊ (အာဟ- လျှောက်တင်ပြီ) ဧတံ- ဤအတတ်ကို၊ အညေ- သင်မှ တစ်ပါးကုန်သော၊ ဇာနန္တာ- သိကုန်တတ်ကုန်သူတို့သည်၊ အတ္ထိ- ရှိကုန်သေး၏လော၊ ဣတိ- ဤသို့၊ (ပုစ္ဆိ- မေးတော်မူပြီ) ဒေဝ- အရှင်မင်းကြီး၊ သကလဇမ္ဗုဒီပေ- အလုံးစုံသော

ဇမ္ဗုဒိပ်ကျွန်း၌၊ မံ- အကျွန်ုပ်ကို၊ ဌပေတွာ- ထား၍၊ အညော- (တတ်သော သိသော) တစ်ပါးသောသူသည်၊ နတ္ထိ- မရှိပါ၊ ဣတိ- ဤသို့၊ (အာဟ- လျှောက်တင်ပြီ။)

တာတ- အမောင်ဇောတိပါလ၊ အပရံ- ထိုမှတစ်ပါးသော၊ (သိပ္ပမ္ပိ- အတတ်ကိုလည်း၊) ဒဿေဟိ- ပြဦးလော၊ ဣတိ- ဤသို့၊ (အာဟ- မိန့်တော်မူပြီ၊) ဒေဝ- အရှင်မင်းကြီး၊ တာဝ- ရှေးဦးစွာ၊ ဧတေ- ထိုလေးယောက်ကုန်သော လေးသမားတော်တို့သည်၊ စတူသု ကဏ္ဏေသု- လေးထောင့်တို့၌၊ ဌတွာ- ထား၍၊ စတ္တာရော- လေးယောက်ကုန်သော၊ ဇနာပိ- လေးသမားတော်တို့သည်လည်း၊ မံ- အကျွန်ုပ်ကို၊ ဝိဇ္ဈိတုံ- ပစ်ခြင်းငှာ၊ နသက္ခိံသု- မစွမ်းနိုင်ကြလေကုန်ပြီ၊ အဟံပန- အကျွန်ုပ်သည်မူကား၊ စတူသုကဏ္ဏေသု- လေးထောင့်တို့၌၊ ဌိတေ- တည်ကုန်သော၊ ဧတေ- ဤလေးယောက်ကုန်သော လေးသမားတော်တို့ကို၊ ဧကေန- တစ်စင်းတည်းသော၊ သရေနေဝ- မြားဖြင့်သာလျှင်၊ ဝိဇ္ဈိဿာမိ- ပစ်ပါအံ့၊ ဣတိ- ဤသို့၊ (အာဟ- လျှောက်တင်ပြီ၊) ဓနုဂ္ဂဟာ- လေးသမားတော်လေးယောက်တို့သည်၊ ဌာတုံ- တည်ခြင်းငှာ၊ န ဥဿဟိံသု- မဝံ့ကြကုန်ပြီ၊ မဟာသတ္တော- ဘုရားလောင်းသည်၊ စတူသု- လေးခုကုန်သော၊ ကဏ္ဏေသု- ထောင့်တို့၌၊ စတဿော ကဒလိယော- ငှက်ပျောပင်လေးပင်တို့ကို၊ ဌပါပေတွာ- ထားစေ၍၊ နာရာစပုင်္ခေ- စဉ်းသွားတပ်သော မြားရင်း၌၊ ရတ္တသုတ္တကံ- နီသော အဆင်းရှိသော ပိုးချည်ကို၊ ဗန္ဓိတွာ- ဖွဲ့၍၊ ဧကံ- တစ်ပင်သော၊ ကဒလိံ- ငှက်ပျောပင်ကို၊ သန္ဓာယ- ရွယ်၍၊ ခိပိ- ပစ်ပြီ၊ နာရာစော- စဉ်းသွားတပ်သော မြားသည်၊ တံ ကဒလိံ- ထိုငှက်ပျောပင်ကို၊ ဝိဇ္ဈိတွာ- ထွင်းဖောက်၍၊ တတော- ထို့နောင်မှ၊ ဒုတိယံ- နှစ်ခုမြောက်သော ငှက်ပျောပင်ကို၊ တတော- ထိုနောင်မှ၊ တတိယံ- သုံးခုမြောက်သော ငှက်ပျောပင်ကို၊ တတော- ထိုနောင်မှ၊ စတုတ္ထံ- လေးခုမြောက်သော ငှက်ပျောပင်ကို၊ (ဝိဇ္ဈိတွာ- ထွင်းဖောက်၍၊) တတော- ထို့နောင်မှ၊ ပဌမံ- ရှေးဦးစွာ၊ ဝိဒ္ဓမေဝ- ပစ်အပ်သော ငှက်ပျောပင်ပေါက်သို့သာလျှင်၊ ဝိဇ္ဈိတွာ- ထိုးဝင်၍၊ ပုန- တစ်ဖန်၊ တဿ- ထို ဘုရားလောင်းဇောတိပါလလုလင်၏၊ ဟတ္ထေယေဝ- လက်၌ပင်၊ ပတိဋ္ဌာဟိ- တည်လာပြီ ကဒလိယော- ငှက်ပျောပင်တို့သည်၊ သုတ္တပရိက္ခိတ္တာ- နီသော ချည်ဖြင့်ရံအပ်ကုန်သည်၏အဖြစ်ကြောင့်၊ အဋ္ဌံသု- တည်ကုန်ပြီ၊ မဟာဇနော- များစွာသော လူသည်၊ ဥန္နာဒသဟဿာနိ- ပဲ့တင်ထပ်သံ အထောင်တို့ကို၊ ပဝတ္တေ-သိ- ဖြစ်စေပြီ၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ "တာတ- အမောင် ဇောတိပါလ၊ ဧတံ- ဤအတတ်သည်ကား၊ ကိံ သိပ္ပံနာမ- အဘယ်အတတ်မည်

သနည်း၊” ဣတိ- ဤသို့ (ပုစ္ဆိ- မေးတော်မူပြီ) ဒေဝ- အရှင်မင်းကြီး၊ စက္ကဝိဒ္ဓံနာမ- စက်ဝန်းပစ် အတတ် မည်၏၊ ဣတိ- ဤသို့ (အာဟ- လျှောက်တင်တော်မူပြီ)

တာတ- အမောင်ဇောတိပါလ၊ အပရမ္ပိ- တစ်ပါးသောအတတ်ကိုလည်း၊ ဒဿေဟိ- ပြပါဦးလော၊” ဣတိ- ဤသို့ (အာဟ- မိန့်တော်မူပြီ) မဟာသတ္တော- ဘုရားလောင်းဇောတိပါလလုလင်သည်၊ သရလဋ္ဌိံနာမ- မြားကို နွယ်သဏ္ဍာန်ထင် အောင်ပစ်သောအတတ်မည်သည်ကိုလည်းကောင်း၊ သရရဇ္ဇုံနာမ- မြားကိုကြိုး သဏ္ဍာန်ထင်အောင်ပစ်သော အတတ်မည်သည်ကိုလည်းကောင်း၊ သရဝေဏိံနာမ- မြားကို မြားချင်းထွင်းအောင်ပစ်သော အတတ်မည်သည်ကိုလည်းကောင်း၊ ဒဿေသိ- ပြပြီ၊ သရပါသာဒံနာမ- မြားကို ပြာသာဒ်သဏ္ဍာန်ထင်အောင်ပစ်သော အတတ်မည် သည်ကိုလည်းကောင်း၊ သရသောပါနံ နာမ- မြားကို စောင်းတန်းသဏ္ဍာန်ထင်အောင် ပစ်သော အတတ်မည်သည်ကိုလည်းကောင်း၊ သရမဏ္ဍပံနာမ- မြားကိုမဏ္ဍပ် သဏ္ဍာန်ထင်အောင်ပစ်သော အတတ်မည်သည်ကိုလည်းကောင်း၊ သရပါကာရံနာမ- မြားကိုတံတိုင်းသဏ္ဍာန်ထင်အောင်ပစ်သော အတတ်မည်သည်ကိုလည်းကောင်း၊ သရပေါက္ခရဏိံနာမ- မြားကို ရေကန်သဏ္ဍာန်ထင်အောင်ပစ်သော အတတ်မည်သည် ကိုလည်းကောင်း၊ အကာသိ- ပြုပြီ၊ သရပဒုမံ- မြားကို ကြာပွင့်သဏ္ဍာန်ထင်အောင် ပစ်သော အတတ်မည်သည်ကို၊ ဝါ- မြားကြာပွင့်မည်သည်ကို၊ ပုပ္ဖါပေသိ- ပွင့်စေပြီ၊ သရဝဿံနာမ- မြားမိုးရွာခြင်းမည်သည်ကို၊ ဝဿာ ပေသိ- ရွာစေပြီ၊ ဣတိ- ဤသို့၊ အဋ္ဌေဟိ- တစ်ပါးကုန်သောလေးသမားတို့နှင့်၊ အသာဓာရဏာနိ- မဆက်ဆံကုန် သော၊ ဒွါဒသ- တစ်ဆယ့်နှစ်ပါးကုန်သော၊ ဣမာနိ သိပ္ပါနိ- ဤလေးအတတ်တို့ကို၊ ဒဿေတွာ- ပြပြီး၍၊ ပုန- တစ်ဖန်၊ အဋ္ဌေဟိ- တစ်ပါးကုန်သောလေးသမားတို့နှင့်၊ အသာဓာရဏေဟေဝ- မဆက်ဆံသည်သာလျှင်ဖြစ်ကုန်သော၊ သတ္တ- ခုနစ်ပါး ကုန်သော၊ မဟာကာယေ- ကြီးစွာကုန်သောပစ်ဖွယ် အပေါင်းတို့ကို၊ ပဒါလေသိ- ပေါက်ကွဲစေပြီ၊ အဋ္ဌင်္ဂုလဗဟလံ- အထုရှစ်လက်သစ်ရှိသော၊ ဥဒုမ္ဗရပဒရံ- ရေသဖန်း ပျဉ်ကို၊ ဝိဇ္ဈိ- ပစ်ပြီ၊ စတုရင်္ဂုလဗဟလံ- အထုလက်လေးသစ်ရှိသော၊ အသနပဒရံ- ပိတောက်ပျဉ်ကို၊ (ဝိဇ္ဈိ- ပစ်ပြီ) ဒွင်္ဂုလဗဟလံ- အထုလက်နှစ်သစ်ရှိသော၊ တမ္ဗပဋ္ဋံ- ကြေးနီပြားကို၊ (ဝိဇ္ဈိ- ပစ်ပြီ) ဧကင်္ဂုလဗဟလံ- အထုလက်တစ်သစ်ရှိသော၊ အယပဋ္ဋံ- သံပြားကို၊ (ဝိဇ္ဈိ- ပစ်ပြီ) ဧကာဗဒ္ဓံ- တစ်စပ်တည်းသော၊ ဖလကသတံ- ပျဉ်ချပ်ရေ တစ်ရာကို၊ ဝိနိဝိဇ္ဈိတွာ- ထိုးဖောက်၍၊ ပလာလသကဋဝါလုကသကဋပဒရသကဋာနံ-

ကောက်ရိုးလှည်း, သဲလှည်း, ပျဉ်လှည်းတို့၏၊ ပုရိမဘာဂေန- ရှေ့အဖို့ဖြင့်၊ သရံ-
များကို၊ ခိပိတွာ- ပစ်၍၊ ပစ္ဆာဘာဂေန- နောက်အဖို့ဖြင့်၊ (သရံ- များကို) နိက္ခမာပေသိ-
ထွက်စေပြီ၊ ပစ္ဆာဘာဂေန- နောက်အဖို့ဖြင့်၊ သရံ- များကို၊ ခိပိတွာ- ပစ်၍၊
ပုရိမဘာဂေန- ရှေ့အဖို့၌၊ (သရံ- များကို) နိက္ခမာပေသိ- ထွက်စေပြီ၊ ဥဒကေ-
ရေ၌၊ စတုဥသဘံ- လေးဥသဘတိုင်တိုင်၊ ထလေ- ကြည်းကုန်း၌၊ အဋ္ဌဥသဘဒွာန်-
ရှစ်ဥသဘအရပ်တိုင်တိုင်၊ ကဏ္ဍေ- များကို၊ ပေသေသိ- စေလွှတ်ပြီ၊ ဝါတိင်္ဂဏသညာယ-
(သားမြီးအဖျား၌ဆွဲအပ်သော) ခရမ်းသီးအမှတ်ဖြင့်၊ ဥသဘမတ္တကေ- တစ်ဥသဘ
အတိုင်းအရှည်ရှိသောအရပ်၌၊ ဝါလံ- သားမြီးဖျားကို၊ ဝိဇ္ဈိ- ပစ်ပြီ၊ (ဗောဓိသတ္တော-
ဘုရားလောင်းသည်၊ သရေ- များတို့ကို၊ ခိပိတွာ- ပစ်၍၊ အာကာသေ- ကောင်းကင်၌၊
သရပါသာဒါဒိနိ- မြားပြာသာဒ်စသည်တို့ကို၊ ကတွာ- ပြု၍၊ ပုန- တစ်ဖန်၊ ဧကေန-
တစ်ခုသော၊ သရေန- မြားဖြင့်၊ တေသရေ- ထိုမြားတို့ကို၊ ပါတေန္တော- ကျစေလျက်၊
ဘင်္ဂဝိဘင်္ဂေ- အစိတ်စိတ် အမွှာမွှာပျက်စီးခြင်းတို့ကို၊ အကာသိ- ပြုပြီ၊ ဣတိ (တသ္မာ)-
ထို့ကြောင့်၊ "သရဘင်္ဂေါ"တိ နာမ- သရဘင်္ဂဟူသောအမည်ကို၊ သညာတော-
သိအပ်ပြီ) တဿ- ထိုဇောတိပါလလုလင်သည်၊ ဧတ္ထကာနိ- ဤမျှ လောက်ကုန်သော၊
သိပ္ပါနိ- လေးအတတ်တို့ကို၊ ဒဿေန္တဿေဝ- ပြစဉ်ပင်လျှင်၊ သူရိယော- နေသည်၊
အတ္ထင်္ဂတော- ဝင်ပြီ။

အထ- ထိုအခါ၌၊ အဿ- ထိုဇောတိပါလလုလင်အား၊ ရာဇာ- ဗြာဟ္မဒတ်
မင်းကြီးသည်၊ သေနာပတိဋ္ဌာန်- စစ်သူကြီးအရာကို၊ ပဋိဇာနိတွာ- အပ်နှင်းလိုသော
ကြောင့်၊ "ဇောတိပါလ- အမောင်ဇောတိပါလ၊ အဇ္ဇ- ယနေ့၊ ဝိကာလော- အခါ
မဟုတ်သေး၊ သွေ- နက်ဖြန်၌၊ တွံ- သင်သည်၊ သေနာပတိဋ္ဌာန်- စစ်သူကြီးအရာ
ဖြစ်သော၊ သက္ကာရံ- အချီးအမြှောက်ကို၊ ဂဏှိဿသိ- ယူရလတ္တံ့၊ ကေသမဿုံ-
ဆံမုတ်ဆိတ်ကို၊ ကာရေတွာ- ပြုပြင်စေ၍၊ နှတွာ- ရေချိုးခဲ့၍၊ ဧဟိ- လာလော၊"
ဣတိ- ဤသို့၊ တံဒိဝသံ- ထိုနေ့၌၊ ပရိဗ္ဗယတ္ထာယ- ရိက္ခာစားနပ်၏ အကျိုးငှာ၊
သတသဟဿံ- တစ်သိန်းသော ဥစ္စာကို၊ အဒါသိ- ပေးတော်မူပြီ၊ မဟာ သတ္တော-
ဘုရားလောင်းသည်၊ "ဣမိနာ- ဤဥစ္စာဖြင့်၊ မယှံ- ငါ့အား၊ အတ္ထော- အလိုသည်၊
နတ္ထိ- မရှိ" ဣတိ- ဤသို့၊ (မနသိကရိတွာ- နှလုံးသွင်း၍၊) အဋ္ဌရသကောဋိသင်္ချိ-
တစ်ဆယ့်ရှစ်ကုဋေအရေအတွက်ရှိသော၊ ဓနံ- ဥစ္စာကို၊ သာမိကာနညေဝ- ဥစ္စာရှင်တို့
အားသာလျှင်၊ ဒတွာ- ပေး၍၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံဖြင့်၊

နှာယိတုံ- ရေချိုးခြင်းငှာ၊ နဒိံ- မြစ်သို့၊ ဂန္တွာ- သွား၍၊ ကေသမဿုံ- ဆံမုတ် ဆိတ်ကို၊
ကာရေတွာ- ပြုပြုစေပြီး၍၊ နှတွာ- ရေချိုး၍၊ သဗ္ဗာလင်္ကာရ-ပ္ပဋိမဏ္ဍိတော-
ခပ်သိမ်းကုန်သော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍၊ အနောပမာယ-
နှိုင်းယှဉ်စရာဥပမာမရှိသော၊ သိရိယာ- အသရေဖြင့်၊ နိဝေသနံ- (မိမိ)အိမ်သို့၊
ပဝိသိတွာ- ဝင်၍၊ နာနဂ္ဂရသဘောဇနံ- အထူးထူးသော မြတ်သော အရသာရှိသော
ဘောဇဉ်ကို၊ ဘုဉ္ဇိတွာ- စားပြီး၍၊ သိရိသယနံ- အသရေရှိသော အိပ်ရာသို့၊ အဘိရုယှ-
တက်၍၊ နိပန္နော- လျောင်းလျက်၊ ဒွေယာမေ- ညဉ့်နှစ်ယာမ်တို့ပတ်လုံး၊ သယိတွာ-
အိပ်၍၊ ပစ္ဆိမယာမေ- မိုးသောက်ယာမ်၌၊ ပဗုဒ္ဓေါ- နိုးသည်ဖြစ်၍၊ ပဋ္ဌာယ- ထ၍၊
ပလ္လင်္ကံ- တင်ပလ္လင်ခွေခြင်းကို၊ အာဘုဇိတွာ- ဖွဲ့ခွေ၍၊ သယနပိဋ္ဌေ- အိပ်ရာအပြင်၌၊
နိသိန္နောဝ- ထိုင်လျက်သာလျှင်၊ အတ္တနော- မိမိ၏၊ သိပ္ပဿ- အတတ်၏၊
အာဒိမဇ္ဈပရိယောသာနံ- အစ, အလယ်, အဆုံးကို၊ ဩလောကေန္တော- ကြည့်လတ်သော်၊
“မမ- ငါ၏၊ သိပ္ပဿ- အတတ်၏၊ အာဒိတောဝ- အစ၌သာလျှင်၊ ပရမာရဏံ-
သူတစ်ပါးကို သတ်ရခြင်းသည်၊ ပညာယတိ- ထင်၏၊ မဇ္ဈေ- အလယ်၌၊ ကိလေသပရိ-
ဘောဂေါ- ကိလေသာ၏ အာရုံဖြစ်သော ဝတ္ထုတို့ကို သုံးဆောင်ရခြင်းသည်၊
(ပညာယတိ- ထင်၏၊) ပရိယောသာနေ- အဆုံး၌၊ နိရယမှိ- ချမ်းသာမှုကင်းသော
အပါယ်ငရဲ၌၊ ပဋိသန္ဓိ- ပဋိသန္ဓေသည်၊ (ပညာယတိ- ၏၊) ပါဏာတိပါတော စ-
သူတစ်ပါးအသက်ကို သတ်ခြင်းသည်လည်းကောင်း၊ ကိလေသပရိဘောဂေသု-
ကိလေသာ၏ အာရုံဖြစ်သော ဝတ္ထုတို့ကို သုံးဆောင်ခံစားခြင်းတို့ကြောင့်၊ အဓိမတ္တမ္ပ-
မာဒေါ စ- ကုသိုလ်ကောင်းမှု၌ အလွန်မေ့လျော့ခြင်းသည်လည်းကောင်း၊ နိရယေ-
ငရဲ၌၊ ပဋိသန္ဓိံ- ပဋိသန္ဓေကို၊ ဒေတိ- ပေးတတ်၏၊ ရညာ- ဗြဟ္မဒတ်မင်းသည်၊ မယှံ-
ငါ့အား၊ မဟန္တံ- မြတ်သော၊ သေနာပတိဋ္ဌာနံ- စစ်သူကြီးအရာကို၊ ဒိန္နံ- ပေးအပ်ပြီ၊
မေ- ငါ့အား၊ မဟန္တံ- များစွာသော၊ ဣဿရိယံ- စည်းစိမ်သည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊
ဘရိယာ စ- မယားတို့သည်လည်းကောင်း၊ ပုတ္တဓီတရော စ- သားသမီးတို့သည်
လည်းကောင်း၊ ဗဟူ- များကုန်သည်၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့၊ ခေါ ပန- စင်စစ်
သော်ကား၊ ဝေပုလ္လ ဂတံ- ပြန့်ပြောသည်၏အဖြစ်သို့ရောက်သော၊ ကိလေသဝတ္ထု-
ကိလေသာ၏ တည်ရာအာရုံကို၊ ဒုစ္စဇံ- စွန့်နိုင်ခဲသည်၊ ဟောတိ- ဖြစ်၏၊ ဣဒါနေဝ-
ယခု၌သာလျှင်၊ နိက္ခမိတွာ- ထွက်၍၊ ဧကကောဝ- တစ်ယောက်အထီးတည်းသာလျှင်၊
အရညံ- တောသို့၊ ပဝိသိတွာ- ဝင်၍၊ ဣသိပဗ္ဗဇ္ဇံ- ရသေ့ရဟန်း၏ အဖြစ်ကို၊ ပဗ္ဗဇိတုံ-

ပြုခြင်းငှာ၊ မယှံ- ငါ့အား၊ ယုတ္တံ- သင့်၏၊" ဣတိ- ဤသို့၊ မဟာသယန-တော-မြတ်သောအိပ်ရာမှ၊ ဥဋ္ဌာယ- ထ၍၊ ကဉ္စိ- တစ်စုံတစ်ယောက်သော သူကိုမျှ၊ အဇာနာပေန္တော- မသိစေမူ၍၊ ပါသာဒါ- ပြာသာဒ်ထက်မှ၊ ဩရုယှ- သက်ဆင်း၍၊ အဂ္ဂဒွါရေန- မြတ်သောတံခါးဖြင့်၊ နိက္ခမိတွာ- ထွက်၍၊ ဧကကော၀- တစ်ယောက်အထီးတည်းသာလျှင်၊ အရညံ- တောသို့၊ ပဝိသိတွာ- ဝင်၍၊ ဂေါဓာဝရိနဒီတီရေ- ဂေါဓာဝရီမြစ်နား၌၊ တိယောဇနိကံ- သုံးယူဇနာရှိသော၊ ကပိဋ္ဌဝနံ- သီးတောကို၊ သန္ဓာယ- ရည်မှန်း၍၊ ပါသာသိ- သွားလေပြီ။

တဿ- ထိုဇောတိပါလလုလင်၏၊ နိက္ခန္တဘာဝံ- တောထွက်သည်၏အဖြစ်ကို၊ ဉတွာ- သိ၍၊ သက္ကော- သိကြားမင်းသည်၊ ဝိဿကမ္မံ- ဝိသုကြုံနတ်သားကို၊ ပက္ကောသာပေတွာ- ခေါ်စေ၍၊ "တာတ- အမောင် ဝိသုကြုံနတ်သား၊ ဇောတိ-ပါလော- ဇောတိပါလလုလင်သည်၊ အဘိနိက္ခမနံ- မြတ်သော တောထွက်ခြင်းကို၊ နိက္ခန္တော- တောထွက်ပြီ၊ မဟာသမာဂတော- များစွာသော ရသေ့ရဟန်းတို့၏ အစည်းအဝေးသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဂေါဓာဝရိနဒီတီရေ- ဂေါဓာဝရီ မြစ်ကမ်းနား၌၊ ကပိဋ္ဌဝနေ- သီးတော၌၊ အဿမံ- တောကျောင်းကို၊ မာပေတွာ- ဖန်ဆင်း၍၊ ပဗ္ဗဇိတပရိက္ခာရေ- ရသေ့ရဟန်းတို့၏ ပရိက္ခရာတို့ကို၊ ပဋိယာဒေတိ-စီရင်ချေလော၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ သော- ထိုဝိသုကြုံနတ်သားသည်၊ တထာ- ထိုသိကြားမင်းဆိုတိုင်း၊ အကာသိ- ပြုပြီ၊ မဟာသတ္တော- ဘုရားလောင်းသည်၊ တံ ဌာနံ- ထိုအရပ်သို့၊ ပတွာ- ရောက်၍၊ ဧကပဒိကမဂ္ဂံ- တစ်ဖဝါး လှမ်းလောက်ရှိသော ခရီးကို၊ ဒိသွာ- မြင်၍၊ "ပဗ္ဗဇိတာနံ- ရသေ့ရဟန်းတို့၏၊ ဝသနဋ္ဌာနေန- နေရာအရပ်သည်၊ ဘဝိတဗ္ဗံ- ဖြစ်ရာ၏၊" ဣတိ- ဤသို့၊ တေန မဂ္ဂေန- ထိုလမ်းခရီးဖြင့်၊ တတ္ထ- ထိုတောကျောင်းသို့၊ ဂန္တွာ- သွား၍၊ ကဉ္စိ- တစ်စုံတစ်ယောက် သော သူကို၊ အပဿန္တော- မမြင်သည်ဖြစ်၍၊ ပဏ္ဏသာလံ- သစ်ရွက်မိုးသော ကျောင်းသို့၊ ပဝိသိတွာ- ဝင်၍၊ ပဗ္ဗဇိတပရိက္ခာရေ- ရသေ့ရဟန်းတို့၏ ပရိက္ခရာတို့ကို၊ ဒိသွာ- မြင်၍၊ "ဒေဝရာဇာ- နတ်တို့၏ဘုရင်ဖြစ်သော၊ သက္ကော- သိကြားမင်းသည်၊ မမ- ငါ၏၊ နိက္ခန္တဘာဝံ- တောထွက်သည်၏အဖြစ်ကို၊ အညာသိမညေ- သိယောင် တကား၊" ဣတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ သာဋကံ- လူဝတ်ပုဆိုးကို၊ အပနေတွာ-ပယ်၍၊ ရတ္တဝါကစီရံ- နီသောလျှော်တေသင်္ကန်းကို၊ နိဝါသေတွာ စ- ဝတ်၍ လည်းကောင်း၊ ပါရုပိတွာစ- ရုံ၍လည်းကောင်း၊ အဇိနစမ္မံ- သစ်နက်ရေကို၊

ဇေါ်သဂတံ- ပန်းတစ်ဖက်၌တင်သည်ကို၊ အကာသိ- ပြုပြီ၊ ဇဋ္ဌာမဏ္ဍလံ- ဆံကျစ်ဝန်းကို၊ ဗန္ဓိတွာ- ဖွဲ့၍၊ ခါရိကာဇံ- ပရိက္ခရာဖြင့်ပြည့်သော ထမ်းပိုးကို၊ အံသေ- ပခုံး၌၊ ကတွာ- ပြု၍၊ ကတ္တရဒဏ္ဍံ- တောင်ဝှေးကို၊ ဂဟေတွာ- စွဲကိုင်၍၊ ပဏ္ဏသာလတော- သစ်ရွက်မိုးသောကျောင်းမှ၊ နိက္ခမိတွာ- ထွက်၍၊ စင်္ကမံ- စင်္ကြံထက်သို့၊ အာရုယှ- တက်ပြီး၍၊ ကတိပယဝါရေ- နှစ်ကြိမ်သုံးကြိမ်၊ အပရာပရံ- ထိုမှ ဤမှ၊ စင်္ကမိတွာ- စင်္ကြံသွား၍၊ ပဗ္ဗဇ္ဇာသိရိယာ- ရသေ့ရဟန်း၏ အသရေဖြင့်၊ ဝနံ- တောကို၊ ဥပသောဘယမာနော- တင့်တယ်စေလျက်၊ ကသိဏပရိကမ္မံ- ကသိုဏ်းပရိကံကို၊ ကတွာ- ပြု၍၊ ပဗ္ဗဇိတတော- ရသေ့ရဟန်း ပြုသောနေ့မှ၊ သတ္တမေဒိဝသေ- ခုနစ်ရက်မြောက်သော နေ့၌၊ အဋ္ဌသမာပတ္တိယောစ- ရှစ်ပါးကုန်သော သမာပတ်တို့ကို လည်းကောင်း၊ ပဉ္စ- "ဣဒ္ဓိဝိဓ, ဒိဗ္ဗသောတ, ပုဗ္ဗေနိဝါသာနုဿတိ, စေတောပရိယ, ဒိဗ္ဗစက္ခု"အားဖြင့် ငါးပါးကုန်သော၊ အဘိညာယောစ- အဘိညာဉ်တို့ကိုလည်းကောင်း၊ နိဗ္ဗတ္တေတွာ- ဖြစ်စေ၍၊ ဥဉ္ဆာစရိယာယ- ဆွမ်းခံသွားခြင်းဖြင့်၊ ဝနမူလဖလာဟာရော- တောသစ်မြစ်, တောသစ်သီးတည်းဟူသော အာဟာရရှိသည်ဖြစ်၍၊ ဇေကော- တစ်ယောက် အထီးတည်းသာလျှင်၊ ဝိဟာသိ- နေပြီ၊ အဿ- ထိုဇောတိပါလလုလင်၏၊ မာတာ-ပိတရော- မိခင်ဖခင်တို့သည်၊ မိတ္တသုဟဇ္ဇာဒယော- အဆွေခင်ပွန်း, အကျွမ်းဝင်သူအစရှိကုန်သော၊ ဉာတိဝဂ္ဂါပိ- အဆွေအမျိုးအပေါင်းတို့သည်လည်း၊ တံ- ထိုဇောတိပါလလုလင်ကို၊ အပဿန္တာ- မမြင်ကုန်သည်ဖြစ်၍၊ ရောဒန္တာ- ငိုကြွေးကုန်လျက်၊ ပရိဒေဝန္တာ- မြည်တမ်းကုန်လျက်၊ ဝိစရန္တိ- လှည့်လည်သွားကြကုန်၏။

အထ- ထိုအခါ၌၊ ဇကော- တစ်ယောက်သော၊ ဝနစရကော- တောမုဆိုးသည်၊ အရညံ- တောသို့၊ ပဝိသိတွာ- ဝင်၍၊ ကပိဋ္ဌကအဿမပဒေ- သီးတော ရသေ့ကျောင်း၌၊ နိသိန္နံ- နေသော၊ မဟာသတ္တံ- ဘုရားလောင်းဇောတိပါလ ရှင်ရသေ့ကို၊ ဒိသွာ- မြင်၍၊ သဉ္ဇာနိတွာ- ကောင်းစွာ သိ၍၊ ဂန္တွာ- သွား၍၊ တေန- ထိုဘုရားလောင်း ဇောတိပါလရှင်ရသေ့နှင့်၊ သဒ္ဓိံ- တကွ၊ ပဋိသန္ထာရံ- ပျူငှာသော လောကဝတ်ကို၊ ကတွာ- ပြု၍၊ နဂရံ- မြို့သို့ ဂန္တွာ- သွား၍၊ တဿ- ထိုဇောတိပါလ၏၊ မာတာပိတူနံ- မိဘတို့အား၊ အာရောစေသိ- ပြောကြားပြီ၊ တေ- ထိုမိဘတို့သည်၊ ရညော- ဗြဟ္မဒတ်မင်းကြီးအား၊ အာရောစယိံသု- လျှောက်ကြား ကုန်ပြီ၊ ရာဇာ- ဗြဟ္မဒတ်မင်းကြီးသည်၊ "ဧထ- လာလှည့်ကုန်၊ နံ- ထိုဇောတိပါလရှင်ရသေ့ကို၊ ပဿိဿာမ- ဖူးမြင်ကြကုန်အံ့" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) တဿ- ထိုဇောတိပါလ

ရှင်သေ့၏၊ မာတာပိတရော- မိဘတို့ကို၊ ဂဟေတွာ- ခေါ်၍၊ မဟာဇနပရိဝုတော- များစွာသော လူအပေါင်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍၊ ဝန စရကေန- မုဆိုးသည်၊ ဒေသိတေန- ညွှန်ပြအပ်သော၊ မဂ္ဂေန- လမ်းခရီးဖြင့်၊ ဂေါဓာဝရိနဒီတီရံ- ဂေါဓာဝရီ မြစ်ကမ်းသို့၊ ပါပုဏိ- ရောက်လေပြီ၊ ဗောဓိသတ္တော- ဘုရားလောင်းဇောတိပါလ ရှင်ရသေ့သည်၊ နဒီတီရံ- မြစ်ကမ်းနားသို့၊ အာဂန္တွာ- လာ၍၊ အာကာသေ- ကောင်းကင်၌၊ နိသိန္နော- နေလျက်၊ ဓမ္မံ- တရားကို၊ ဒေသေတွာ- ဟော၍၊ သဗ္ဗေ- အလုံးစုံကုန်သော၊ တေ- ထိုသူတို့ကို၊ အဿမပဒံ- တောကျောင်းနေရာသို့၊ ပဝေသေတွာ- ဝင်စေ၍၊ တတြပိ- ထိုတောကျောင်း၌လည်း၊ တေသံ- ထိုသူတို့အား၊ အာကာသေ- ကောင်းကင်၌၊ နိသိန္နော၀- နေလျက်သာ လျှင်၊ ကာမေသု- ကာမဂုဏ်တို့၌၊ အာဒီနဝံ- အပြစ်ကို၊ ပကာသေတွာ- ပြ၍၊ ဓမ္မံ- တရားကို၊ ဒေသေသိ- ဟောတော်မူပြီ၊ ရာဇာနံ- ပြဟ္မဒတ်မင်းကို၊ အာဒိံ ကတွာ- အစပြု၍၊ သဗ္ဗေ၀- အလုံးစုံသော သူတို့သည်သာလျှင်၊ ပဗ္ဗဇိံသု- ရသေ့ရဟန်းပြု ကြကုန်ပြီ၊ ဗောဓိသတ္တော- ဘုရားလောင်းရှင်ရသေ့သည်၊ ဣသိဂဏပရိဝုတော- ရသေ့အပေါင်း သည် ခြံရံအပ်သည်ဖြစ်၍၊ တတ္ထေ၀- ထိုဂေါဓာဝရီမြစ်နား သီးတော ကျောင်း၌သာလျှင်၊ ဝသိ- နေပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုဘုရားလောင်း ဇောတိပါလရသေ့၏၊ တတ္ထ- ထိုဂေါဓာဝရီမြစ်နား သီးတောကျောင်း၌၊ ဝသန ဘာဝေါ- နေသည်၏အဖြစ် သည်၊ သကလဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗုဒိပ်ကျွန်း၌၊ ပါကဋော- ထင်ရှားသည်၊ အဟောသိ- ဖြစ်ပြီ၊ အညေပိ- ပြဟ္မဒတ်မင်းမှ တစ်ပါးလည်းဖြစ်ကုန်သော၊ ရာဇာနော- မင်းတို့သည်၊ ရဋ္ဌဝါသီဟိ- တိုင်းသူပြည်သားတို့နှင့်၊ သဒ္ဓိံ- တကွ၊ အာဂန္တွာ- လာကုန်၍၊ တဿ- ထိုဘုရားလောင်း ဇောတိပါလ ရှင်ရသေ့၏၊ သန္တိကေ- အထံ၌၊ ပဗ္ဗဇိံသု- ရသေ့ရဟန်းပြုကြကုန်ပြီ၊ သမာဂမော- ရသေ့တို့၏ အစည်းအဝေးသည်၊ မဟာ- များသည်၊ အဟောသိ- ဖြစ်ပြီ အနုပုဗ္ဗေန- အစဉ်သဖြင့် အနေကသတသဟဿပရိသာ- တစ်သိန်းမကကုန်သော ပရိသတ်တို့သည်၊ အဟေသုံ- ဖြစ်ကုန်ပြီ၊ (တေသု- ထိုပရိသတ်တို့တွင်၊) ယော- အကြင်သူသည်၊ ကာမဝိတက္ကံဝါ- ကာမဂုဏ်နှင့် စပ်ယှဉ်သော အကြံအစည်ကိုလည်းကောင်း၊ ဗျာပါဒဝိတက္ကံဝါ- မိမိသူတစ်ပါးတို့အား စီးပွားချမ်းသာကို ဖျက်ဆီးကြောင်း အကြံအစည်ကိုလည်းကောင်း၊ ဝိဟိံသာဝိတက္ကံဝါ- ညှဉ်းဆဲခြင်းနှင့် စပ်ယှဉ်သော အကြံအစည်ကိုလည်းကောင်း၊ ဝိတက္ကေတိ- ကြံစည်၏၊ မဟာသတ္တော- ဘုရားလောင်း ရှင်ရသေ့သည်၊ ဂန္တွာ- သွား၍၊ တဿ- ထိုသူ၏၊

ပုရတော- ရှေ့မှ၊ အာကာသေ- ကောင်းကင်၌၊ နိသီဒိတွာ- နေ၍၊ ဓမ္မံ- တရားကို၊ ဒေသေတိ- ဟော၏၊ ကသိဏပရိကမ္မံ- ကသိုဏ်းပရိကံကို၊ အာစိက္ခတိ- ပြောကြား၏။

တဿ- ထိုဘုရားလောင်းဇောတိပါလရှင်ရသေ့၏၊ ဩဝါဒေ- အဆုံးအမ၌၊ ဌတွာ- တည်၍၊ အဋ္ဌ- ရှစ်ပါးကုန်သော၊ သမာပတ္တိယော- သမာပတ်တို့ကို၊ ဥပ္ပါဒေတွာ- ဖြစ်စေ၍၊ ဈာနနိပ္ဖတ္တိံ- ဈာန်၏အပြီးသို့၊ ပတ္တာ- ရောက်ကုန်သော၊ သာလိဿရော- သာလိဿရရသေ့လည်းကောင်း၊ မေဏ္ဍိဿရော- မေဏ္ဍိဿရ ရသေ့လည်းကောင်း၊ ပဗ္ဗတော- ပဗ္ဗတရသေ့လည်းကောင်း၊ ကာဠဒေဝိလော- ကာလဒေဝိလရသေ့လည်းကောင်း၊ ကိသဝစ္ဆော- ကိသဝစ္ဆရသေ့လည်းကောင်း၊ အနုသိဿော- အနုသိဿရသေ့လည်းကောင်း၊ နာရဒေါ- နာရဒရသေ့လည်း ကောင်း၊ ဣတိ- ဤသို့၊ သတ္တ- ခုနစ်ပါးကုန်သော၊ ဇေဋ္ဌန္တေဝါသိနော- တပည့်ကြီး တို့သည်၊ အဟေသုံ- ဖြစ်ကုန်ပြီ၊ အပရဘာဂေ- နောက်အဖို့၌၊ ကပိဋ္ဌကအဿ- မော- သီးတောကျောင်းသ ည်၊ ပရိပူရိ- ပြည့်ပြီ၊ ဣသိဂဏဿ- ရသေ့အပေါင်းအား၊ ဝသနောကာသော- နေရာအရပ်သည်၊ နပ္ပဟောတိ- မလောက်။

အထ- ထိုအခါ၌၊ မဟာသတ္တော- ဘုရားလောင်း ဇောတိပါလရှင်ရသေ့ သည်၊ သာလိဿရံ- သာလိဿရရသေ့ကို၊ အာမန္တေတွာ- ခေါ်တော်မူ၍၊ "သာလိဿရ- ငါ့ရှင်သာလိဿရ၊ အယံ အဿမော- ဤတောကျောင်းသည်၊ ဣသိဂဏဿ- ရသေ့ အပေါင်းအား၊ နပ္ပဟောတိ- မလောက်၊ တွံ- သင်သည်၊ ဣမံ ဣသိဂဏံ- ဤရသေ့ အပေါင်းကို၊ ဂဟေတွာ- ယူ၍၊ မဇ္ဈရညော- မဇ္ဈမင်း၏၊ ဝိဇိတေ- နိုင်ငံ၌၊ ကလပ္ပစုလ္လ- ကနိဂမံ- ကလပ္ပစုလ္လကနိဂုံးကို၊ ဥပနိဿာယ- မှီ၍၊ ဝသာဟိ- နေချေလော၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ သော- ထိုသာလိဿရရသေ့သည်၊ "သာဓု"တိ- ကောင်းပြီဟု၊ တဿ- ထိုဆရာဇောတိပါလရှင်ရသေ့၏၊ ဝစနံ- စကားကို၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံပြီး၍၊ အနေကသဟဿံ- အထောင်မက ထောင်ပေါင်းများစွာသော၊ ဣသိဂဏံ- ရသေ့ အပေါင်းကို၊ ဂဟေတွာ- ယူ၍၊ တတ္ထ- ထိုကလပ္ပစုလ္လကနိဂုံးသို့၊ ဂန္တွာ- သွား၍၊ ဝါသံ- နေခြင်းကို၊ ကပ္ပေသိ- ပြုပြီ။

မနုဿာသု- လူတို့သည်၊ အာဂန္တွာ- လာကုန်၍၊ ပဗ္ဗဇန္တေသု- ရသေ့ရဟန်း ပြုကြကုန်သည်ရှိသော်၊ ပုန- တစ်ဖန်၊ အဿမော- တောကျောင်းသည်၊ ပရိပူရိ- ပြည့်ပြန်ပြီ၊ ဗောဓိသတ္တော- ဘုရားလောင်းဇောတိပါလရသေ့သည်၊ မေဏ္ဍိဿရံ-

မေဏ္ဍိုသရရသေ့ကို၊ အာမန္တေတွာ- ခေါ်၍၊ "မေဏ္ဍိုသရ- ငါ့ရှင်မေဏ္ဍိုသရ၊ တွံ- သင်သည်၊ ဣမံ ဣသိဂဏံ- ဤရသေ့အပေါင်းကို၊ အာဒါယ- ယူ၍၊ သုရဋ္ဌဇနပဒဿ- သုရဋ္ဌဇနပုဒ်၏၊ သီမန္တရေ- နယ်စပ်ကြား၌၊ သာတောဒိကာနာမ- သာတောဒိက မည်သော၊ နဒီ- မြစ်သည်၊ အတ္ထိ- ရှိ၏၊ တဿ- ထိုသာတောဒိက မြစ်၏၊ တီရေ- ကမ်းနား၌၊ ဝသာဟိ- နေချေလော၊" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) ဥယျောဇေသိ- လွှတ်လိုက်ပြီ၊ ပုန- တစ်ဖန်၊ ကပိဋ္ဌကအဿမေ- သီးတောကျောင်းသည်၊ ပရိပူရိ- ပြည့်ပြန်ပြီ၊ ဧတေနပါယေန- ဤနည်းဖြင့်၊ တတိယဝါရေ- သုံးကြိမ်မြောက်၌၊ ပဗ္ဗတံ- ပဗ္ဗတရသေ့ကို၊ အာမန္တေတွာ- ခေါ်၍၊ "ပဗ္ဗတ- ငါ့ရှင်ပဗ္ဗတ၊ တွံ- သင်သည်၊ မဟာအဋဝိယံ- တောအုပ်ကြီး၌၊ အဉ္ဇနပဗ္ဗတောနာမ- အဉ္ဇနမည်သော တောင်သည်၊ အတ္ထိ- ရှိ၏၊ တံ- ထိုအဉ္ဇနတောင်ကို၊ ဥပနိဿာယ- အမှီပြု၍၊ ဝသာဟိ- နေချေလော၊" ဣတိ- ဤသို့၊ ပေသေသိ- စေလိုက်ပြီ။

စတုတ္ထဝါရေ- လေးကြိမ်မြောက်၌၊ ကာဠဒေဝိလံ- ကာဠဒေဝိလရသေ့ကို၊ အာမန္တေတွာ- ခေါ်၍၊ "ကာဠဒေဝိလ- ကာဠဒေဝိလ၊ တွံ- သင်သည်၊ ဒက္ခိဏာပထေ- ဒက္ခိဏာပထ၌၊ အဝန္တိရဋ္ဌေ- အဝန္တိတိုင်း၌၊ ဃနသေလပဗ္ဗတောနာမ- ဃနသေလမည်သော တောင်သည်၊ အတ္ထိ- ရှိ၏၊ တံ- ထိုဃနသေလတောင်ကို၊ ဥပနိဿာယ- အမှီပြု၍၊ ဝသာဟိ- နေချေလော၊" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) ပေသေသိ- စေလိုက်ပြီ၊ ပုန- တစ်ဖန်၊ ကပိဋ္ဌကအဿမော- သီးတောကျောင်းသည်၊ ပရိပူရိ- ပြည့်ပြန်ပြီ၊ ပဉ္စသု- ငါးခုကုန်သော၊ ဌာနေသု- နေရာဌာနတို့၌၊ အနေကသတသဟဿဣသိဂဏော- အရာ, အထောင်မကသောရသေ့တို့၏ အပေါင်းသည်၊ အဟောသိ- ဖြစ်ပြီ၊ ကိသဝစ္ဆောပန- ကိသဝစ္ဆရသေ့သည်ကား၊ မဟာသတ္တံ- ဘုရားလောင်းရှင်ရသေ့ကို၊ အာပုစ္ဆိတွာ- ပန်ကြား၍၊ ဒဏ္ဍကိရညော- ဒဏ္ဍကီမင်း၏၊ ဝိဇိတေ- နိုင်ငံ၌၊ ကုမ္ဘဝတိနဂရံ နမ- ကုမ္ဘဝတီမည်သောမြို့သည်၊ အတ္ထိ- ရှိ၏၊ တံ- ထိုကုမ္ဘဝတီမြို့ကို၊ ဥပနိဿာယ- အမှီပြု၍၊ ဥယျာနေ- ဥယျာဉ်၌၊ ဝိဟာသိ- နေပြီ၊ နာရဒေါ- နာရဒရသေ့သည်၊ မဇ္ဈိမပဒေသေ- (ပတ်လည်, အဝန်းအားဖြင့် ကိုးရာယူဇနာအတိုင်းအရှည် ရှိသော) မဇ္ဈိမဒေသအရပ်၌၊ အဉ္ဇနဂိရိနာမကေ- အဉ္ဇနဂိရိမည်သော၊ ပဗ္ဗတဇာလန္တရေ- တောင်ကွန်ရက်အကြား၌၊ ဝိဟာသိ- နေပြီ၊ အနုသိဿောပန- အနုသိဿရသေ့သည်ကား၊ မဟာသတ္တဿ- ဘုရားလောင်း ဇောတိပါလရသေ့၏၊ သန္တိကေဝ- အထံ၌သာလျှင်၊ အဟောသိ- ဖြစ်ပြီ။

တသ္မိံ ကာလေ- ထိုအခါ၌၊ ဒက္ခုကိရာဇာ- ဒက္ခုကိမင်းသည်၊ ဧကံ- တစ်ယောက်သော၊ လဒ္ဓသက္ကာရံ- ရပြီးသောပူဇော်သက္ကာရရှိသော၊ ဂဏိကံ- ပြည့်တန်ဆာမကို၊ ဌာနာ- အရာမှ၊ စာဝေသိ- ရွေ့လျောစေပြီ၊ သာ- ထိုပြည့်တန်ဆာမသည်၊ အတ္တနော- မိမိ၏၊ ဓမ္မတာယ- အမြဲဖြစ်သော သဘောအားဖြင့်၊ ဝိစရန္တီ- သွားသည်ရှိသော်၊ ဥယျာနံ- ဥယျာဉ်သို့၊ ဂန္တွာ- ရောက်၍၊ ကိသဝစ္ဆတာပသံ- ကိသဝစ္ဆရှင်ရသေ့ကို၊ ဒိသွာ- မြင်၍၊ "အယံ- ဤသူသည်၊ ကာဠကဏ္ဏိ- သူယုတ်သည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဣမဿ- ဤသူယုတ်၏၊ သရီရေ- ကိုယ်၌၊ ကလိံ- အညစ်အကြေးကို၊ ပဝါဟေတွာ- မျှော၍၊ နှတွာ- ရေချိုး၍၊ ဂမိဿာမိ- သွားအံ့၊" ဣတိ- ဤသို့၊ ဒန္တကဋ္ဌံ- တံပူကို၊ ခါဒိတွာ- စား၍၊ သဗ္ဗပဌမံ- အလုံးစုံတို့၏ရှေးဦးစွာ၊ တဿ- ထိုကိသဝစ္ဆရှင်ရသေ့၏၊ ဥပရိ- ကိုယ်ပေါ်၌၊ ဗဟလခေဠံ- ပြစ်ခွဲသော တံထွေးကို၊ နိဋ္ဌုဘန္တီ- ထွေးလျက်၊ ကိသဝစ္ဆ တာပသဿ- ကိသဝစ္ဆရှင်ရသေ့၏၊ ဇဋန္တရေ- ဆံကျစ်ကြား၌၊ နိဋ္ဌုဘိတွာ- ထွေး၍၊ ဒန္တကဋ္ဌမ္ပိ- တံပူဖတ်ကိုလည်း၊ အဿ- ထိုရှင်ရသေ့၏၊ သီသေယေဝ- ဦးခေါင်း၌ သာလျှင်၊ ခိပိတွာ- တင်ထားပြီး၍၊ သယံ- မိမိသည်၊ သီသံ- ဦးခေါင်းကို၊ နှာယိတွာ- လျှော်၍၊ ဂတာ- သွားလေပြီ၊ ရာဇာပိ- ဒက္ခုကိမင်းသည်လည်း၊ တံ- ထိုပြည့်တန်ဆာမကို၊ သရိတွာ- သတိရ၍၊ ပုန- တစ်ဖန်၊ ပါကတိကမေဝ- ပကတိသောအရာ၌ ထားခြင်းကိုသာလျှင်၊ အကာသိ- ပြုပြီ၊ သာ- ထိုပြည့်တန်ဆာမသည်၊ မောဟမူဠှာ- အလွန်မိုက်မဲတွေဝေသည်၊ ဟုတွာ- ဖြစ်၍၊ "ကာဠကဏ္ဏိသရီရေ- သူယုတ်၏ကိုယ်၌၊ ကလိံ- အညစ်အကြေးကို၊ ပဝါဟေတွာ- မျှောခဲ့သောကြောင့်၊ မမ္ပိ- ငါကိုလည်း၊ ရာဇာ- ဒက္ခုကိမင်းသည်၊ ပုန- တစ်ဖန်၊ ဌာနေ- ပြည့်တန်ဆာမ အရာ၌၊ ဌပေတိ- ထား၏၊ မယာ- ငါသည်၊ ယသော- စည်းစိမ်ကို၊ လဒ္ဓေါ- ရအပ်ပြန်ပြီ၊" ဣတိ- ဤသို့၊ သညံ- အမှတ်သညာကို၊ အကာသိ- ပြုပြီ၊ တတော- ထို့နောင်မှ၊ န စိရဿေဝ- မကြာမြင့်မီသာလျှင်၊ ရဇာ- ဒက္ခုကိမင်းသည်၊ ပုရောဟိတံ- ပုရောဟိတ်ကို၊ ဌာနတော- ရာထူးအရာမှ၊ စာဝေသိ- ရွေ့လျောစေပြီ၊ သော- ထိုပုရေ့ာဟိတ်သည်၊ တဿာ- ထိုပြည့်တန်ဆာမ၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ "တွံ- သင်သည်၊ ကေန ကာရဏေန- အဘယ်အကြောင်းကြောင့်၊ ပုန- တစ်ဖန်၊ ဌာနံ- ရာထူးအရာကို၊ လဘသိ- ရပြန်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုပုရောဟိတ်အား၊ သာ- ထိုပြည့်တန်ဆာမသည်၊ "(အဟံ- ငါသည်၊) ရာဇုယျာနေ- မင်း၏ဥယျာဉ်၌၊ ကာဠကဏ္ဏိသရီရေ- သူယုတ်၏ကိုယ်၌၊

ကလိသ- အညစ်အကြေးကို၊ ပဝါဟိတတ္တာ- မျှောအပ်သော ကြောင့်၊ (ဌာနံ- ကို၊ လဘာမိ- ရပေ၏၊) ဣတိ- ဤသို့၊ အာရောစေသိ- ပြောဆိုပြီ၊ ပုရောဟိတော- ပုရောဟိတ်သည်၊ ဂန္တွာ- သွား၍၊ တထေဝ- ထိုပြည့်တန်ဆာမ ပြောဆိုတိုင်းသာလျှင်၊ တဿ- ထိုကိသဝစ္ဆရှင်ရသေ့၏၊ သရီရေ- ကိုယ်၌၊ ကလိံ- အညစ်အကြေးကို၊ ပဝါဟေသိ- မျှောပြီ၊ တမ္ပိ- ထိုပုရောဟိတ်ကိုလည်း၊ ရာဇာ- ဒဏ္ဍကီမင်းသည်၊ ပုန- တစ်ဖန်၊ ဌာနေ- ပုရောဟိတ်အရာ၌၊ ဌပေသိ- ထားပြန်ပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုဒဏ္ဍကီမင်းအား၊ အပရဘာဂေ- နောက်အဖို့၌၊ ပစ္စန္တော- ပစ္စန္တရစ်အရပ်သည်၊ ကုပ္ပိ- ပုန်ကန်သောင်းကျန်းပြီ၊ သော- ထိုဒဏ္ဍကီ မင်းသည်၊ သေနင်္ဂပရိဝုတော- စစ်အင်္ဂါလေးပါးဖြင့် ခြံရံအပ်သည်ဖြစ်၍၊ ယုဒ္ဓါယ- စစ်ထိုးခြင်းငှာ၊ နိက္ခမိ- ထွက်ပြီ။

အထ- ထိုအခါ၌၊ မောဟမူဠှော- အလွန်မိုက်မဲသော၊ ပုရောဟိတော- ပုရောဟိတ်သည်၊ နံ- ထိုဒဏ္ဍကီမင်းကို၊ "မဟာရာဇ- မြတ်သောမင်းကြီး၊ တုမှေ- အရှင်မင်းကြီးတို့သည်၊ ဇယံ- အောင်ခြင်းကို၊ ကိံ ဣစ္ဆထ- အလိုရှိတော်မူကုန် သလော၊ ဥဒါဟု- သို့မဟုတ်၊ ပရာဇယံ- ရှုံးခြင်းကို၊ ကိံ ဣစ္ဆထ- အလိုရှိတော်မူ ကုန်သလော၊" ဣတိ- ဤသို့၊ ပုစ္ဆိတွာ- မေး၍၊ ဇယံ- အောင်ခြင်းကို၊ (ဣစ္ဆာမ- အလိုရှိကုန်၏၊) ဣတိ- ဤသို့ ဝုတ္တေ- ဆိုအပ်သော်၊ "တေနဟိ- ထိုသို့ဖြစ်မူကား၊ ဝါ- ထိုသို့အောင်ခြင်းကို အလိုရှိတော်မူကား၊ ဥယျာနေ- ဥယျာဉ်တော်၌၊ ကာဠကဏ္ဏိ- သူယုတ်သည်၊ ဝသတိ- နေ၏၊ တဿ- ထိုသူယုတ်၏၊ သရီရေ- ကိုယ်၌၊ ကလိံ- အညစ်အကြေးကို၊ ပဝါဟေတွာ- မျှော၍၊ ယာဟိ- ချီသွားတော်မူလော၊" ဣတိ- ဤသို့၊ အာဟ- လျှောက်တင်ပြီ၊ သော- ထိုဒဏ္ဍကီမင်းသည်၊ တဿ- ထိုပုရောဟိတ်၏၊ ကထံ- စကားကို၊ ဂဟေတွာ- ယူ၍၊ "ယေ- အကြင်သူ တို့သည်၊ မယာ- ငါနှင့်၊ သဒ္ဓိံ- အတူတကွ၊ အာဂစ္ဆန္တိ- ချီသွားကုန်၏၊ တေ- ထိုသူတို့သည်၊ ဥယျာနေ- ဥယျာဉ်တော်၌၊ ကာဠကဏ္ဏိသရီရေ- သူယုတ်၏ကိုယ်၌၊ ကလိံ- အညစ်အကြေးကို၊ ပဝါဟေန္တု- သွန်းလောင်းကြကုန်၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ဥယျာနံ- ဥယျာဉ်တော်သို့၊ ပဝိသိတွာ- ဝင်ပြီး၍၊ ဒန္တကဋ္ဌံ- ဒန်ပူကို၊ ခါဒိတွာ- စား၍၊ သဗ္ဗပဌမံ- အလုံးစုံကုန်သော သူတို့၏ ရှေးဦးစွာ၊ သယမေဝ- မင်းကိုယ်တိုင်သာလျှင်၊ တဿ- ထိုကိသဝစ္ဆရှင်ရသေ့၏၊ ဇဋန္တရေ- ဆံကျစ်ကြား၌၊ ခေဠံစ- တံထွေးကိုလည်းကောင်း၊ နိဋ္ဌုဘိတွာ- ထွေး၍၊ ဒန္တကဋ္ဌဉ္စ- ဒန်ပူကို လည်းကောင်း၊ ခိပိတွာ- စွန့်ပစ်၍၊ သီသံ- ဦးခေါင်းကို၊ နှာယိ-

လျှော်ပြီ ဗလကာယောပိ- ဗိုလ်ပါအပေါင်းသည်လည်း၊ အဿ- ထိုကိသဝစ္ဆရှင်ရသေ့အား၊ တထာ- ထိုမင်းပြုသည့်အတိုင်း၊ အကာသိ- ပြုပြီ။

တသ္မိံ- ထိုမင်းသည်၊ ပက္ကန္တေ- ဖဲသွားသည်ရှိသော်၊ သေနာပတိ- စစ်ဗိုလ်ချုပ်ကြီးသည်၊ ဂန္တွာ- လာ၍၊ တာပသံ- ကိသဝစ္ဆရှင်ရသေ့ကို၊ ဒိသွာ- မြင်၍၊ ဒန္တကဋ္ဌာဒီနိ- ဒန်ပူဖတ်စသည်တို့ကို၊ နီဟရိတွာ- ပယ်ရှားပြီး၍၊ သာဓုကံ- ကောင်းစွာ၊ နှာပေတွာ- ရေချိုးစေ၍၊ "ဘန္တေ- အရှင်ဘုရား၊ ရညော- မင်းအား၊ ကိံ ဘဝိဿတိ- အသို့ဖြစ်လတ္တံ့နည်း၊ ဣတိ- ဤသို့၊ ပုစ္ဆိ- မေးလျှောက်ပြီ၊ အာဝုသော- ငါ့ရှင်ဒါယကာ၊ မယှံ- ငါအား၊ မနောပဒေါသော- စိတ်ဖြင့် ပြစ်မှားခြင်းသည်၊ နတ္ထိ- မရှိ၊ ဒေဝတာပန- နတ်တို့သည်ကား၊ ကုပိတာ- အမျက်ထွက်ကုန် သည်ဖြစ်၍၊ ဣတော- ဤနေ့မှ၊ သတ္တမေ- ခုနစ်ရက်မြောက်သော၊ ဒိဝသေ- နေ့၌၊ သကလရဋ္ဌံ- အလုံးစုံသော တိုင်းပြည်ကို၊ အရဋ္ဌံ- တိုင်းပျက်ပြည်ပျက်၏အဖြစ်သို့၊ ဝါ- တိုင်းနိုင်ငံမဟုတ်သည်၏အဖြစ်သို့၊ ကရိဿန္တိ- ပြုကုန်လတ္တံ့၊ ဟွံ- သင်သည်၊ ပုတ္တဒါရံ- သား, မယားကို၊ ဂဟေတွာ- ယူ၍၊ သီဃံ- လျင်မြန်စွာ၊ ပလာယိတွာ- ပြေး၍၊ အညတ္ထ- တစ်ပါးသော တိုင်းပြည်သို့၊ ယာဟိ- သွားလေလော၊ ဣတိ- ဤသို့ (အာဟ- မိန့်တော်မူပြီ) သော- ထိုစစ်သူကြီးသည်၊ ဘီတတသိတော- ကြောက်ရွံ့ထိတ်လန့်သည်ဖြစ်၍၊ ဂန္တွာ- ပြေးသွား၍၊ ရညော- ဒဏ္ဍကီမင်းအား၊ အာရောစေသိ- လျှောက်ကြားပြီ ရာဇာ- ဒဏ္ဍကီမင်းသည်၊ တဿ- ထိုစစ်သူကြီး၏၊ ဝစနံ- စကားကို၊ နဂဏှိ- မနာယူပြီ၊ သော- ထိုစစ်သူကြီးသည်၊ နိဝတ္တိတွာ- ပြန်လည်၍၊ အတ္တနော- မိမိ၏၊ ဂေဟံ- အိမ်သို့၊ ဂန္တွာ- သွားပြီး၍၊ ပုတ္တဒါရံ- သား, မယားကို၊ အာဒါယ- ယူ၍၊ ပလာယိတွာ- ပြေး၍၊ အညံ- တစ်ပါးသော၊ ရဋ္ဌံ- တိုင်းပြည်သို့၊ အဂမာသိ- သွားလေပြီ၊ ဘရဘင်္ဂသတ္ထာ- ဘရဘင်္ဂဆရာသည်၊ တံ ကာရဏံ- ထိုအကြောင်းကို၊ ဉတွာ- သိ၍၊ ဒွေ- နှစ်ပါးကုန်သော၊ တရုဏတာပသေ- ရသေ့ပျိုတို့ကို၊ ပေသေတွာ- စေလွှတ်၍၊ "ကိသဝစ္ဆံ- ကိသဝစ္ဆရှင်ရသေ့ကို၊ မဉ္စ-သိဝိကာယ- ညောင်စောင်းထမ်းစင်ဖြင့်၊ အာနေထ- ဆောင်ယူချေလော့၊" ဣတိ- ဤသို့၊ အာကာသေန- ကောင်းကင်ခရီးဖြင့်၊ အာဏာပေသိ- စေလိုက်ပြီ။

ရာဇာ- ဒဏ္ဍကီမင်းသည်၊ ယုဇ္ဈိတွာ- စစ်တိုက်၍၊ စောရေ- ခိုးသူတို့ကို၊ ဂဟေတွာ- ဖမ်းယူ၍၊ နဂရမေဝ- မြို့သို့သာလျှင်၊ ပစ္စာဂမိ- ပြန်ခဲ့ပြီ၊ တသ္မိံ- ထိုဒဏ္ဍကီမင်းသည်၊ အာဂတေ- လာရောက်သည်ရှိသော်၊ ဒေဝတာ- နတ်တို့သည်၊

ပဌမံ- ရှေးဦးစွာ၊ ဒေဝံ- မိုးကို၊ ဝဿာပေသုံ- ရွာစေကုန်ပြီ၊ ဝဿောဃေန- မိုးရေ
အလျဉ်ဖြင့်၊ သဗ္ဗကုဏပေသု- အလုံးစုံကုန်သောအပုပ်အစပ်တို့သည်၊ အဝဟဋ္ဌေသု-
မျောကုန်သည်ရှိသော်၊ သုဒ္ဓဝါလုကဝဿံ- သဲဖြူမိုးကို၊ ဝဿိ- ရွာပြီ၊ သုဒ္ဓဝါလုက-
မတ္ထကေ- သဲဖြူအပေါ်၌၊ ဒိဗ္ဗပုပ္ဖဝဿံ- နတ်ပန်းမိုးသည်၊ ဝဿိ- ရွာပြီ၊ ဒိဗ္ဗပုပ္ဖမတ္ထကေ-
နတ်ပန်းအပေါ်၌၊ မာသကဝဿံ- ပဲမိုးသည်၊ ဝဿိ- ရွာပြီ၊ မာသကမတ္ထကေ-
ပဲအပေါ်၌၊ ကဟာပဏဝဿံ- အသပြာမိုးသည်၊ ဝဿိ- ရွာပြီ၊ ဂဟာပဏပတ္ထကေ-
အသပြာအပေါ်၌၊ ဒိဗ္ဗာဘရဏဝဿံ- နတ်တန်ဆာမိုးသည်၊ ဝဿိ- ရွာပြီ၊ မနုဿာ-
လူတို့သည်၊ သောမနဿပ္ပတ္တာ- ဝမ်းမြောက်ခြင်းသို့ ရောက်ကုန်သည်ဖြစ်၍၊
ဟိရညသုဝဏ္ဏာဘရဏာနိ- သုံးဆောင်ပြီးသော ရွှေ၊ မသုံးဆောင်သေးသော
ရွှေဖြင့်ပြီးကုန်သော တန်ဆာတို့ကို၊ ဂဏှိတုံ- ယူခြင်းငှာ၊ အာရဘိံသု- အားထုတ်ကုန်ပြီ၊
အထ- ထိုအခါ၌၊ နေသံ- ထိုသူတို့၏၊ သရီရေ- ကိုယ်၌၊ သမ္ပဇ္ဇလိတံ- ပြောင်ပြောင်
တောက်သော၊ နာနပ္ပကာရံ- အထူးထူး အပြားပြားရှိသော၊ အာဝုဓဝဿံ- လက်နက်မိုး
သည်၊ ဝဿိ- ရွာပြီ၊ မနုဿာ- လူတို့သည်၊ ခဏ္ဍာခဏ္ဍိကံ- အပိုင်းအပိုင်း၊ ဘိဇ္ဇိံသု-
ပြတ်ကုန်ပြီ၊ အထ- ထိုသို့ပြတ်သောအခါ၌၊ နေသံ- ထိုသူတို့၏၊ ဥပရိ- အပေါ်၌၊
မဟန္တ မဟန္တာ- ကြီးကုန်သော အလွန်ကြီးကုန်သော၊ စိတစ္ဆိတင်္ဂါရာ- မီးကျီးတို့သည်၊
ပတိံသု- ကျကုန်ပြီ၊ တေသံ- ထိုမီးကျီးတို့၏၊ ဥပရိ- အပေါ်၌၊ မဟန္တမဟန္တာနိ- ကြီးစွာ
ကြီးစွာကုန်သော၊ ပဇ္ဇလိတပဗ္ဗ တကူဋ္ဌာနိ- ပြောင်ပြောင်တောက်ကုန်သော
တောင်ထွတ်တို့သည်၊ ပတိံသု- ကျကုန်ပြီ၊ တေသံ- ထိုတောင်ထွတ်တို့၏၊ ဥပရိ-
အပေါ်၌၊ သဋ္ဌိ-ဟတ္ထဋ္ဌာနံ- အတောင်ခြောက်ဆယ်မြင့်သော အရပ်ကို၊ ပူရယန္တံ-
ပြည့်စေလျက်၊ သုခုမဝါလုကဝဿံ- သိမ်မွေ့စွာသော မိုးသဲသည်၊ ဝဿိ- ရွာပြီ၊ ဧဝံ-
ဤသို့လျှင်၊ သဋ္ဌိယောဇနဋ္ဌာနံ- ယူဇနာခြောက်ဆယ်ရှိသော အရပ်သည်၊ အရဋ္ဌ-
တိုင်းပျက် ပြည်ပျက်သည်၊ အဟောသိ- ဖြစ်ပြီ၊ ဧဝံ- ဤသို့၊ တဿ (ရဋ္ဌဿ)-
တိုင်းပြည်၏၊ အရဋ္ဌဘာဝေါ- တိုင်းပျက် ပြည်ပျက်၏အဖြစ်သည်၊ သကလ- ဇမ္ဗုဒီပေ-
အလုံးစုံ သောဇမ္ဗုဒိပ်၌၊ ပညာယိ- ထင်ရှားပြီ။

အထ- ထိုအခါ၌၊ တဿရဋ္ဌဿ- ထိုတိုင်း၏၊ အနန္တရရဋ္ဌာဓိပတိနော-
အခြားမဲ့ဖြစ်သော တိုင်း၌ တိုင်းနေသူတို့၏ အရှင်ဖြစ်ကုန်သော၊ ကလိင်္ဂေါ- ကလိင်္ဂမင်း
လည်းကောင်း၊ အဋ္ဌကော- အဋ္ဌကမင်းလည်းကောင်း၊ ဘီမရထော- ဘီမရထမင်း
လည်းကောင်း၊ တ္တတိ- ဤသို့၊ တယော- သုံးပါးကုန်သော၊ ရာဇာနော- မင်းတို့သည်၊

စိန္တယိံသု- ကြံကြကုန်ပြီ၊ (ကိံ စိန္တယိံသု- အဘယ်သို့ ကြံကြကုန်သနည်း၊) "ပုဗ္ဗေ- ရှေးကာလ၌၊ ဗာရာဏသိယံ- ဗာရာဏသီပြည်၌၊ ကလာဗုကာသိကရာဇာ- ကလာဗုအမည်ရှိသော ကာသိကမင်းသည်၊ ခန္တိဝါဒိတာပသေ- ခန္တိဝါဒီ ရှင်ရသေ့တို့ကို၊ အပရဇ္ဈိတွာ- ပြစ်မှား၍၊ ပထဝိံ- နှစ်ဖြာကွဲသော မြေထဲသို့၊ ပဝိဋ္ဌော- ကျဝင်လေပြီ၊ ဣတိ- ဤသို့သော၊ (ဝစနံ- စကားကို၊) သူယတိ- ကြားအပ်၏၊ တထာ- ထို့အတူ၊ 'နာဠိကေရရာဇာ- နာဠိကေရမင်းသည်၊ တာပသေ- ရှင်ရသေ့တို့ကို၊ သုနခေဟိ- ခွေးတို့ဖြင့်၊ ဝါ- တို့ကို၊ ခါဒါပေတွာ- ကိုက်စေ၍၊ (ပထဝိံ- နှစ်ဖြာကွဲသော မြေထဲသို့ ပဝိဋ္ဌော- ကျလေပြီ) သဟဿဗာဟု- လက်ရုံးတစ်ထောင်ရှိသော၊ အဇ္ဇုနော- အဇ္ဇုနမင်းသည်လည်း၊ အင်္ဂီရသေ- အင်္ဂီရသရသေ့တို့ကို၊ အပရဇ္ဈိတွာ- ပြစ်မှား၍၊ (ပထဝိံ- နှစ်ဖြာကွဲသော မြေထဲသို့၊ ပဝိဋ္ဌော- ကျဝင်လေပြီ၊) ဣဒါနိ- ယခုအခါ၌၊ ဒဏ္ဍကိရာဇာ- ဒဏ္ဍကီမင်းသည်၊ ကိသဝစ္ဆေ- ကိသဝစ္ဆ ရှင်ရသေ့တို့ကို၊ အပရဇ္ဈိတွာ- ပြစ်မှား၍၊ ရဋ္ဌေန- တိုင်းပြည်နှင့်၊ သဟ- တကွ၊ ဝိနာသံ- ပျက်စီးခြင်းသို့၊ ပတ္တော- ရောက်ပြီ' ဣတိ- ဤသို့ (ဝစနံ- စကားကို၊) သူယတိ- ကြားအပ်၏၊ စတူနံ- လေးပါးကုန်သော၊ ဣမေသံ ရာဇူနံ- ဤမင်းတို့၏၊ နိဗ္ဗတ္တဋ္ဌာနံ ပန- ဖြစ်ရာအရပ်ကိုကား၊ မယံ- ငါတို့သည်၊ န ဇာနာမ- မသိကုန်၊ တံ- ထိုမင်းလေးပါးတို့၏ ဖြစ်ရာအရပ်ကို၊ နော- ငါတို့၏၊ သရဘင်္ဂသတ္ထာရံ- သရဘင်္ဂ ဆရာရသေ့ကို၊ ဌပေတွာ- ထား၍၊ အညော- တစ်ပါးသောသူသည်၊ ကထေတုံ- ဖြေဆိုခြင်းငှာ၊ သမတ္ထော နာမ- စွမ်းနိုင်သည်မည်သည်၊ နတ္ထိ- မရှိ၊ တံ- ထိုသရဘင်္ဂ ဆရာသို့၊ ဥပသင်္ကမိတွာ- ချဉ်းကပ်၍၊ ဣမေ ပဉ္စေ- ဤပြဿနာတို့ကို၊ ပုစ္ဆိဿာမ- မေးကုန်အံ့၊" ဣတိ- ဤသို့ (စိန္တယိံသု- ကြံကြကုန်ပြီ၊) တေ တယောပိ- ထိုမင်းသုံးပါးတို့သည်လည်း၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံနှင့် တကွ၊ ပဉ္စပုစ္ဆနတ္ထာယ- ပြဿနာကိုမေးခြင်း၏ အကျိုးငှာ၊ နိက္ခမိံသု- ထွက်ကြကုန်ပြီ၊ တေ ပန- ထိုမင်းသုံးပါးတို့သည်ကား၊ "အသုကောပိ- ဤအမည်ရှိသော မင်းသည်လည်း၊ နိက္ခန္တော- ထွက်ပြီ" ဣတိ- ဤသို့ န ဇာနန္တိ- မသိကြကုန်၊ ဧကေကော- တစ်ယောက်တစ်ယောက်သည်၊ "အဟမေဝ- ငါသည်သာ၊ ဂစ္ဆာမိ- သွား၏၊" ဣတိ- ဤသို့၊ မညတိ- အောက်မေ့၏၊ တေသံ- ထိုမင်းသုံးပါးတို့၏၊ ဂေါဓာဝရိနဒိတော- ဂေါဓာဝရီမြစ်၏၊ အဝိဒူရေ- အနီး၌၊ သမာဂမော- ပေါင်းဆုံမိသည်၊ အဟောသိ- ဖြစ်ပြီ၊ တေ- ထိုမင်းသုံးပါးတို့သည်၊ ရထေဟိ- ရထားတို့မှ၊ ဩတရိတွာ- သက်ဆင်းကုန်၍၊ တယောပိ- သုံးပါးကုန်သော

မင်းတို့သည်လည်း၊ ဧကေမေဝ- တစ်ခုတည်းသာလျှင်ဖြစ်သော၊ ရထံ- ရထားကို၊ အဘိရုယှ- စီးကုန်၍၊ ဂေါဓာဝရိနဒီတိရံ- ဂေါဓာဝရီမြစ်ကမ်းနားသို့ သမ္ပါပုဏိသု- ကောင်းစွာ ရောက်ကြလေကုန်ပြီ။

တသ္မိံခဏေ- ထိုအခါ၌၊ သက္ကော- သိကြားနတ်မင်းသည်၊ ပဏ္ဍုကမ္ဗလ- သိလာသနေ- ဖြော့တော့သော ကမ္ဗလာကျောက်ဖျာနေရာ၌၊ နိသိန္နော- နေလျက်၊ သတ္တပဥှေ- ခုနစ်ပါးကုန်သော ပြဿနာတို့ကို၊ စိန္တေတွာ- ကြံ၍၊ "ဣမေပဥှေ- ဤပြဿနာတို့ကို၊ သရဘင်္ဂသတ္ထာရံ- သရဘင်္ဂဆရာကို၊ ဌပေတွာ- ထား၍၊ အညော- တစ်ပါးသော၊ (သမဏ္ဍောနာမ- ဥှဲစပ်၊) သဒေဝကေ- နတ်နှင့်တကွသော၊ လောကေ- လောက၌၊ ကထေတုံ- ဖြေဆိုခြင်းငှာ၊ သမဏ္ဍော နာမ- စွမ်းနိုင်သော သူမည်သည်၊ နတ္ထိ- မရှိ၊ (အဟံ- ငါသည်၊) တံ- ထိုသရဘင်္ဂဆရာကို၊) ဣမေ ပဥှေ- ဤပြဿနာ တို့ကို၊ ပုစ္ဆိဿာမိ- မေးအံ့၊ တယော- သုံးပါးကုန်သော၊ ဣမေပိ ရာဇာနော- ဤလူမင်းတို့သည်လည်း၊ သရဘင်္ဂသတ္ထာရံ- သရဘင်္ဂဆရာကို၊ ပဉ္စံ- ပြဿနာကို၊ ပုစ္ဆိတုံ- မေးခြင်းငှာ၊ ဂေါဓာဝရိနဒီတီရံ- ဂေါဓာဝရီမြစ်ကမ်းနားသို့ ပတ္တာ- ရောက်ကုန်ပြီ၊ ဧတေသံ- ထိုမင်းသုံးပါးတို့၏၊ ပဥှေပိ- ပြဿနာတို့ကိုလည်း၊ အဟမေဝ- ငါသည်သာလျှင်၊ ပုစ္ဆိဿာမိ- မေးအံ့" ဣတိ- ဤသို့၊ ဒွိသု- နှစ်ထပ်ကုန်သော၊ ဒေဝလောကေသု- နတ်ပြည်တို့၌၊ ဒေဝတာဟိ- နတ်တို့ဖြင့်၊ ပရိဝုတော- ခြံရံအပ်သည်ဖြစ်၍၊ ဒေဝလောကတော- နတ်ပြည်မှ၊ ဩတရိ- သက်ဆင်းပြီ။

တံ ဒိဝသမေဝ- ထိုနေ့၌ပင်လျှင်၊ ကိသဝစ္ဆော- ကိသဝစ္ဆရှင်ရသေ့သည်၊ ကာလံ- ကိရိယံ ၊ စုတေကာလကို၊ အကာသိ- ပြုပြီ၊ တဿ- ထိုကိသဝစ္ဆရှင်ရသေ့၏၊ သရီရကိစ္စံ- အလောင်းကို သင်္ဂြိုဟ်ခြင်းကိစ္စကို၊ ကာရေတုံ- ပြုစေခြင်းငှာ၊ စတူသု ဌာနေသု- လေးဌာနတို့၌၊ အနေကသဟဿာ- အထောင်မက များစွာကုန်သော၊ ဣသယော- ရသေ့တို့သည်၊ တတ္ထေဝ- ထိုအရပ်သို့သာလျှင်၊ ဂန္တွာ- သွားကုန်၍၊ ပဉ္စသုဌာနေသု- ငါးဌာနတို့၌၊ မဏ္ဍပဥ္စ- မဏ္ဍပ်ကိုလည်း၊ ကာရေတွာ- ဆောက်စေ၍၊ အနေကသဟဿာ- အထောင်မကများစွာကုန်သော၊ ဣသိဂဏာ- ရသေ့အပေါင်းတို့သည်၊ ကိသဝစ္ဆဿ- ကိသဝစ္ဆအမည်ရှိသော၊ တာပသဿ- ရှင်ရသေ့၏၊ (သရီရဈာပနတ္ထံ- အလောင်းကို မီးသင်္ဂြိုဟ်ခြင်းငှာ၊) စန္ဒနစိတကံ- စန္ဒကူးပုံကို၊ ကတွာ- ပြု၍၊ သရီရံ- အလောင်းကို၊ ဈာပေသုံ- သင်္ဂြိုဟ်ကုန်ပြီ၊ အာဠာဟနဿ- သင်္ချိုင်း၏၊ သမန္တာ-

ထက်ဝန်းကျင်မှ၊ အဓုယောဇနမတ္တေ- ယူဇနာ ခွဲမျှသော၊ ဌာနေ- အရပ်၌၊ ဒိဗ္ဗကုသုမဝဿံ- နတ်ပန်းမိုးသည်၊ ဝဿိ- ရွာပြီ၊ မဟာသတ္တော- ဘုရားလောင်း သရဘင်္ဂရသေ့သည်၊ တဿ- ထိုကိသဝစ္ဆရှင်ရသေ့ ၏၊ သရီရနိက္ခေပံ- အလောင်းကို ချခြင်းကို၊ ကာရာပေတွာ- ပြုစေ၍၊ အဿမံ- တောကျောင်းတွင်းသို့၊ ပဝိသိတွာ- ဝင်၍၊ တေဟိ ဣသိဂဏေဟိ- ထိုရသေ့အပေါင်း တို့ဖြင့်၊ ပရိဝုတော- ခြံရံလျက်၊ နိဒီသိ- နေပြီ၊ တေသမ္ပိ ရာဇူနံ- ထိုမင်းသုံးပါးတို့၏လည်း၊ နဒီတီရံ- ဂေါဓာဝရီမြစ်ကမ်းနားသို့၊ အာဂတကာလေ- ရောက်သောအခါ၌၊ မဟာသေနာဝါဟနတူရိယသဒ္ဒေါ- များစွာသော စစ်သည်ဗိုလ်ပါ ဆင်မြင်းစသော ယာဉ် တီးမှုတ်မှုမျိုးတို့၏ အသံသည်၊ အဟောသိ- ဖြစ်ပြီ၊ မဟာသတ္တော- ဘုရားလောင်းသရဘင်္ဂရသေ့သည်၊ တံ- ထိုအသံကို၊ သုတွာ- ကြား၍၊ အနုသိဿံ- အနုသိဿမည်သော၊ တာပသံ- တာပသ့်ရသေ့ကို၊ အာမန္တေတွာ- ခေါ်၍၊ "တာတ- အမောင်အနုသိဿ၊ တွံ- သင်သည်၊ ဂန္တွာ- သွား၍၊ တာဝ- ရှေးဦးစွာ၊ ဇာနာဟိ- သိလော၊ ဧသော- ဤအသံသည်၊ ကိံသဒ္ဒေါနာမ- အဘယ်အသံမည်ပါသနည်း၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။

သော- ထိုအနုသိဿရသေ့သည်၊ ပါနီယဃဋံ- သောက်ရေအိုးကို၊ အာဒါယ- ယူ၍၊ တတ္ထ- ထိုအရပ်သို့၊ ဂန္တွာ- သွား၍၊ တေရာဇာနော- ထိုမင်းသုံးပါး တို့ကို၊ ဒိသွာ- မြင်၍၊ ပုစ္ဆနဝသေန- မေးခြင်း၏အစွမ်းဖြင့်။ "အလင်္ကာ တုဏ္ဍလိနော (ပ) မနုဿလောကေတိ- "အလင်္ကာ တုဏ္ဍလိနော (ပ) မနုဿလောကေ-ဟူသော၊ ပဌမံ- ရှေးဦးစွာသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၅၀) ရထေသဘာ- ရထားစီးအပေါင်းတို့ထက် မြတ်သော ဒါယကာတို့၊ အလင်္ကတာ- တန်းဆာဆင်ဝတ်ကုန်ထသော၊ ကုဏ္ဍလိနော- ပတ္တမြား နားဒောင်းလည်းဝတ်ကုန်ထသော၊ သုဝတ္ထာ- ကောင်းသောအဝတ်လည်း ဝတ်ကုန်ထသော၊ ဝေဠုရိယမုတ္တာ ထရုခဂ္ဂဗန္ဓာ- ကြောင်မျက်ရွဲပတ္တမြား ပုလဲတို့ဖြင့် တန်းဆာဆင်းအပ်သော အရိုးရှိကုန်သော သန်လျက်ရတနာ တို့ကိုလွယ်ကုန်ထသော၊ တုမှေ- သင်ဒါယကာတို့သည်၊ ဧကသ္မိံရထေ- တစ်ခုတည်းသော ရထား၌၊ တိဋ္ဌထ- စီးကြကုန်၏၊ ကေနု- အဘယ်သူတို့ မည်ကုန်သနည်း၊ ကထံ- အသို့၊ ဝေါ- သင်တို့ကို၊ မနုဿလောကေ- လူ့ပြည်၌၊ ဇာနန္တိ- သိကြကုန်သနည်း။

တတ္ထ- ထိုအလင်္ကတာစသော ဂါထာ၌၊ ဝေဠုရိယမုတ္တာထရုခဂ္ဂဗန္ဓာတိ- ဝေဠုရိယမုတ္တာထရုခဂ္ဂဗန္ဓာဟူသည်ကား၊ ဝေဠုရိယမဏီဟိ စေဝ- ကြောင်မျက်ရွဲ ပတ္တမြားတို့ဖြင့်လည်းကောင်း၊ မုတ္တာလမ္ဗကေဟိ စ- ပုလဲသွယ်တို့ဖြင့်လည်းကောင်း၊ အလင်္ကတထရူဟိ- တန်းဆာဆင်ထားအပ်သော လက်ကိုင်ရိုးရှိကုန်သော၊ ခဂ္ဂရတနေဟိစ- သန်လျက်ရတနာတို့နှင့်၊ သမန္နာဂတာ- ပြည့်စုံကုန်သော၊ တိဋ္ဌထာတိ- တိဋ္ဌထဟူသည်ကား၊ ဧကသ္မိံ- တစ်ခုသော၊ ရထေ- ရထာ၌၊ တိဋ္ဌထ- တည်ကြကုန်၏၊ ကေ နူတိ- ကေနုဟူသည်ကား၊ တုမှေ- သင်တို့သည်၊ ကေ နာမ- အဘယ်အမည်ရှိသူတို့နည်း၊ ဝေါ- သင်တို့ကို၊ ကထံ- အသို့လျှင်၊ သဉ္ဇာနန္တိ- သိရကုန်မည်နည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တေ- ထိုမင်းသုံးပါးတို့သည်၊ တဿ- ထိုအနုသိဿရှင်ရသေ့၏၊ ဝစနံ- စကားကို၊ သုတွာ- ကြားကြကုန်၍၊ ရထာ- ရထားမှ၊ ဩတရိတွာ- သက်ဆင်းကုန်ပြီး၍၊ ဝန္ဒိတွာ- ရှိခိုးကုန်၍၊ အဋ္ဌံသု- တည်ကုန်ပြီ၊ တေသု- ထိုမင်းသုံးပါးတို့တွင်၊ အဋ္ဌကရာဇာ- အဋ္ဌကမင်းသည်၊ တေန- ထိုအနုသိဿရှင်ရသေ့နှင့်၊ သဒ္ဓိံ- တကွ၊ သလ္လပန္တော- စကားပြောလိုသည်ဖြစ်၍။ "အဟာမဋ္ဌကော(ပ)ပုစ္ဆိတာယေမှ ပဥှေ"တိ- "အဟာမဋ္ဌကော(ပ) ပုစ္ဆိတာယေမှ ပဥှေ" ဟူသော၊ ဒုတိယံ- နှစ်ခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၅၁) ဘန္တေ- အရှင်ဘုရား၊ အဟံ- အကျွန်ုပ်သည်၊ အဋ္ဌကော- အဋ္ဌကမင်းတည်း၊ အယံပန- ဤမင်းသည်ကား၊ [ဘီမရထော (ဘိမ္ဗရထော)]- ဘိမ္ဗရထမင်းတည်း၊ ဥဂ္ဂတော- နေလကဲ့သို့ ကျော်စော ထင်ရှားသော၊ အယံပန- ဤမင်းသည်ကား၊ ကာလိင်္ဂရာဇာ- ကာလိင်္ဂမင်း တည်း၊ သုသညာတာနံ- ကာယဒွါရအစရှိသည် တို့ကို ကောင်းစွာ စောင့်ရှောက်ကုန်သော၊ ဣသီနံ- အရှင်ရသေ့တို့ကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဣဓ- ဤအရပ်သို့၊ အာဂတာ- လာကြကုန်၏၊ သရဘင်္ဂသတ္ထာရံ- သရဘင်္ဂဆရာကို၊ ပဥှေ- ပြဿနာတို့ကို၊ ပုစ္ဆိတာယ- မေးလိုကုန်သည်ဖြစ်၍၊ ဧမှ- လာကြကုန်၏။

တတ္ထ- ထိုအဟာမဋ္ဌကောစသော ဂါထာ၌၊ ဥဂ္ဂတောတိ- ဥဂ္ဂတောဟူသည်ကား၊ စန္ဒော ဝိယစ- လကဲ့သို့လည်းကောင်း၊ သူရိယော ဝိယ စ- နေကဲ့သို့လည်းကောင်း၊ ပါကဋော- ကျော်စောသော၊ ပညာတော- ထင်ရှားသော၊ သုသညတာနံ ဣသီနန္တိ- သုသညတာနံ ဣသီနံဟူသည်ကား၊ ဘန္တေ- အရှင်ဘုရား၊ မယံ- ငါတို့သည်၊

ဝနကီဠာဒီနံ- တောကစားခြင်းအစရှိသည်တို့၏၊ အတ္ထာယ- အကျိုးငှာ၊ အာဂတာ- လာကုန်သည်၊ န- မဟုတ်ကုန်၊ အထ ခေါ- စင်စစ်သော်ကား၊ ကာယာဒီဟိ- ကာယအစရှိသည်တို့ဖြင့်၊ သုသညတာနံ- ကောင်းစွာ စောင့်ထိန်းခြင်းရှိကုန်သော၊ သီလသမ္ပန္နာနံ- သီလနှင့် ပြည့်စုံကုန်သော၊ ဣသီနံ- ရသေ့တို့ကို၊ ဒဿနတ္ထာယ- ဖူးမြင်ရန်အလို့ငှာ၊ ဣဓ- ဤအရပ်သို့ အာဂတာ- လာကုန်၏၊ ပုစ္ဆိတာယေမှ ပဥှေတိ- ပုစ္ဆိတာယေမှ ပဥှေဟူသည်ကား၊ သရဘင်္ဂသတ္ထာရံ- သရဘင်္ဂဆရာကို၊ ပဥှေ- ပြဿနာတို့ကို၊ ပုစ္ဆိတုံ- မေးမြန်းခြင်းငှာ၊ ဧမှ- လာကုန်၏၊ အာဂတာမှ- လာကုန်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ယကာရော- ယ-အက္ခရာသည်၊ ဗျဉ္ဇနသန္ဓိကရော- ဗျည်းတို့၏အသံစပ်ခြင်းကိုပြု၏၊ ဣတိ- ဤသို့၊ ဝေဒိတဗ္ဗော- သိအပ်၏။

အထ- ထိုအခါ၌၊ နေ- ထိုမင်းသုံးပါးတို့ကို၊ တာပသော- အနုသိဿ ရှင်ရသေ့သည်၊ "မဟာရာဇာ- မင်းမြတ်တို့၊ သာဓု- ကောင်းပြီ၊ (တုမှေ- သင်မင်းမြတ်တို့သည်၊) အာဂန္တဗ္ဗဋ္ဌာနညေဝ- လာသင့်သော အရပ်သို့သာလျှင်၊ အာဂတာ- လာကုန်သည်၊ အတ္ထ- ဖြစ်ကုန်၏၊ တေနဟိ- သင်မင်းမြတ်တို့ကို တိုက်တွန်းပါ၏၊ ဝါ- ထိုသို့လာကုန်သည်ရှိသော်၊ နှတွာ- ရေချိုးတော်မူကုန်၍၊ ဝိဿမိတွာ- အပင်အပန်း ဖြေကုန်ပြီး၍၊ အဿမပဒံ- တောကျောင်းတွင်းသို့ ပဝိသိတွာ- ဝင်ကုန်၍၊ ဣသိဂဏံ- ရသေ့အပေါင်းကို ဝန္ဒိတွာ- ရှိခိုးကုန်၍၊ သရဘင်္ဂသတ္ထာရမေဝ- သရဘင်္ဂဆရာကိုသာလျှင်၊ ပဥှံ- ပြဿနာကို၊ ပုစ္ဆထ- မေးကြကုန်လော့၊" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) တေဟိ- ထိုမင်းသုံးပါးတို့နှင့်၊ သဒ္ဓိံ- အတူတကွ၊ ပဋိသန္ထာရံ- ပျူငှာလောကဝတ် ပြုခြင်းကို၊ ကတွာ- ပြုပြီး၍။

ပါနီယဃဋံ- သောက်ရေအိုးကို၊ ဥက္ခိပိတွာ- ထမ်း၍၊ ဥဒကထေဝေ- ရေပေါက်တို့ကို၊ ပုဉ္ဆန္တော- သုတ်လျက်၊ အာကာသံ- ကောင်းကင်ကို၊ ဩလောကေန္တော- ကြည့်သည်ရှိသော်၊ ဒေဝဂဏပရိဝုတံ- နတ်အပေါင်းတို့သည်ခြံရံအပ်သော၊ ဧရာဝဏက္ခန္ဓဝရဂတံ- ဧရာဝဏ်ဆင်မြတ်၏ ကျောက်ကုန်းထက်၌ စီးသော၊ ဩတရန္တံ- နတ်ပြည်မှ ဆင်းသက်လာသော၊ ဒေဝရာဇာနံ- နတ်တို့၏ မင်းဖြစ်သော၊ သက္ကံ- သိကြားကို၊ ဒိသွာ- မြင်၍၊ (သော- ထိုအနုသိဿ ရှင်ရသေ့သည်၊) တေန- ထိုသိကြားမင်းနှင့်၊ သဒ္ဓိံ- တကွ၊ သလ္လပန္တော- စကားပြောလိုသည်ဖြစ်၍၊ "ဝေဟာယသံ တိဋ္ဌတိ (ပ) မနုဿလောကေ"တိ- "ဝေဟာယသံ တိဋ္ဌတိ (ပ) မနုဿလောကေ"

ဟူသော၊ တတိယံ- သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၅၂) မဟာနုဘာဝ- ကြီးသောအာနုဘော်ရှိသော၊ ယက္ခ- နတ်မင်း၊ တွံ- ရှင်နတ်မင်းသည်၊ ပန္နရသေ- တစ်ဆယ့်ငါးရက်တို့၏ ပြည့်ကြောင်းဖြစ်သော နေ့၌၊ ပထဒ္ဓုနော- ကောင်းကင်လယ်၌တည်သော၊ စန္ဒောဣဝ- လကဲ့သို့၊ တထာ- ထို့အတူ၊ ဝေဟာယသံ- တည်ရာမရှိသော၊ အန္တလိက္ခေ- ကောင်းကင်၌၊ တိဋ္ဌသိ- တည်၏၊ တံ- အရှင်နတ်မင်းကို၊ ပုစ္ဆာမိ- မေးပါ၏၊ ကထံ- အလို့လျှင်၊ တံ- အရှင်နတ်မင်းကို၊ မနုဿလောကေ- လူ့ပြည်၌၊ ဇာနန္တိ- သိကြကုန်သနည်း။

တတ္ထ- ထိုဝေဟာယသံစသော ဂါထာ၌၊ ဝေဟာယသန္တိ- ဝေဟာယသံဟူသည်ကား၊ အဗ္ဘုဂ္ဂန္တွာ- ပြန်တတ်၍၊ အန္တလိက္ခေ အာကာသေ- ကောင်းကင်၌၊ တိဋ္ဌသိ- တည်၏၊ **ပထဒ္ဓုနောတိ**- ပထဒ္ဓုနောဟူသည်ကား၊* ပထဒ္ဓဂတော- အဓွန့်ရှည်သော ခရီးကို သွားတတ်သော၊ အဒ္ဓပထေ- အဓွန့်ရှည်သောခရီး၌၊ ဂဂနမဇ္ဈေ- ကောင်းကင် အလယ်၌၊ ဌိတော- တည်သော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ သက္ကော- သိကြားနတ်မင်းသည်၊ (တဿ- ထိုအနုသိဿရှင်ရသေ့အား၊ အတ္တနော- မိမိ၏၊ နာမံ- အမည်ကို၊ ဝတွာ- ပြောဆို၍၊ ကာရဏံ- လာသောအကြောင်းကို၊ ကထေန္တော- ပြောကြားလိုသည် ဖြစ်၍။ "ယမာဟု ဒေဝေသု (ပ) ဣသိနံ ဒဿနာယာ"တိ- "ယမာဟု ဒေဝေသု (ပ) ဣသိနံ ဒဿနာယ"

---

*ပထဒ္ဓုနော=ဤပုဒ်ကို ဇာ၊ ဋ၊ ၄၊ ၃၈၅-၌ အာကာသပထသင်္ခါတဿ အဒ္ဓုနော-ဟု ဖွင့်ထား၏၊ ဤ၌ ပထဒ္ဓဂတော-ဟုဖွင့်၏၊ ပထနှင့် အဒ္ဓ အနက်တူကြောင်းကို ရှေ့အဖွင့်ဖြင့် သိရ၏၊ ဤ၌လည်း ပထဒ္ဓ-ဟု ပေါင်းစပ်၍ပြထားသဖြင့် အနက်တူဟု ပင်ယူလိုသည်၊ သို့သော် နောက်က ဂတော-ပုဒ်ဖြည့်စွက်ထားသဖြင့် ခရီးအနက်ကိုမယူဘဲ ခရီးကိုသွားသော (ဝါ)ခရီး၌ တည်သော-ဟု အနက်ကို ယူရသည်၊ စန္ဒော-ပုဒ်ကို ဝိသေသနပြုလိုပုံရသည် အမှန်မှာ အဒ္ဓုနော ပုဒ်သည် ဆဋ္ဌီဝိဘတ်ဆုံး ပုဒ်ဖြစ်သည်၊ အဓွန့်ရှည်သော ခရီးဆိုသည်မှာ အာကာသခရီးလမ်း ဖြစ်သည်၊ ထို့ကြောင့် ပထဒ္ဓုနော-အကာသခရီး၏ မဇ္ဈေ-အလယ်၌၊ ဌိတော-တည်သော-ဟု အနက်ယူမှ ဝိဘတ်ကိုက်မည်၊ သက္ကတ၌ အဓွန့်-ဟု ဗျည်းဆုံးပုဒ်ဖြစ်သည်၊ ပါဠိ၌ အဒ္ဓ-ဟု ပုဒ်ဖြစ်လာ၏၊ အ-သရဆုံး ပုဒ်ရှိသကဲ့သို့ ဥ-သရဆုံးပုဒ်လည်း ရှိ ၎င်းကိုမြန်မာက အဓွန့်-ဟုဘာသာပြန်ဆို၏၊ အဓွန့်-စကားလုံးသည်လည်း သက္ကတမှယူထား သောစကားလုံးပင် ဖြစ်သည်၊ ဒေသအကွာအဝေးကို ဖော်ပြရာ၌၎င်း၊ အချိန်ကာလကို ဖော်ပြရာ၌၎င်း အသုံးပြုသည်။

ဟူသော၊ စတုတ္ထံ- လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ ဝါ- လေးခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၅၃) ဘန္တေ- အရှင်ဘုရား၊ ယံဒေဝရာဇာနံ- အကြင်သိကြားမင်းကို၊ ဒေဝေသု- နတ်ပြည်တို့၌၊ သုဇမ္ပတိတိ- သူဇာလင်ဟူ၍၊ အာဟု- ဆိုကြကုန်၏၊ တံဒေဝရာဇာနံ- ထိုသိကြားနတ်မင်းကို၊ မနုဿလောကေ- လူ့ပြည်၌၊ မဃဝါတိ- မာဃဝဟူ၍၊ အာဟု- ဆိုကြကုန်၏၊ ဒေဝရာဇာ- နတ်တို့၏ မင်းဖြစ်သော၊ သောအဟံ- ထိုအကျွန်ုပ်သည်၊ သုသညာတာနံ- ကာယဒွါရ အစရှိသည်တို့ကို ကောင်းစွာ စောင့်ရှောက်ကုန်သော၊ ဣသီနံ- ရသေ့ အပေါင်းတို့အား၊ ဒဿနာယ- ဖူးမြင်အံ့သောငှာ၊ ဣဓ- ဤအရပ်သို့၊ အဇ္ဇ- ယနေ့၊ ပတ္တော- ရောက်လာ၏။

တတ္ထ- ထိုယမာဟုစသော ဂါထာ၌၊ သ ဒေဝရာဇာတိ- သဒေဝရာဇာဟူ သည်ကား၊ သော အဟံ- ထိုငါသည်၊ ဒေဝရာဇာ- နတ်တို့၏မင်းဖြစ်သော၊ သက္ကော- သိကြားမင်းတည်း၊ ဣဒမဇ္ဇ ပတ္တောတိ- ဣဒမဇ္ဇ ပတ္တောဟူသည်ကား၊ ဣဒံ ဌာနံ- ဤအရပ်သို့၊ အဇ္ဇ- ယနေ့၊ အာဂတော- ရောက်လာ၏၊ ဒဿနာယာတိ- ဒဿနာယ ဟူသည်ကား၊ ဒဿနတ္ထာယ- ဖူးမြင်ခြင်းအလို့ငှာ၊ ဝန္ဒနတ္ထာယ- ရှိခိုးခြင်းအလို့ငှာ၊ စ- ထို့အပြင်၊ သရဘင်္ဂသတ္ထာရံ- သရဘင်္ဂဆရာကို၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆနတ္ထာယ- မေးခြင်းအလို့ငှာ၊ ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။

အထ- ထိုအခါ၌၊ နံ- ထိုသိကြားမင်းကို၊ အနုသိသော- အနုသိဿ ရှင်ရသေ့ သည်၊ "မဟာရာဇ- သိကြားမင်း၊ သာဓု- ကောင်းပြီ၊ တုမှေ- သင်သိကြား နတ်မင်းတို့ သည်၊ ပစ္ဆာ- နောက်မှ၊ အာဂစ္ဆထ- လာကြကုန်လော၊" ဣတိ- ဤသို့၊ ဝတွာ- ဆိုပြီး၍၊ ပါနီယယဋ္ဌိ- သောက်ရေအိုးကို၊ အာဒါယ- ယူ၍၊ အဿမပဒံ- တောကျောင်းတွင်းသို့၊ ပဝိသိတွာ- ဝင်၍၊ ပါနီယယဋ္ဌိ- သောက်ရေအိုးကို၊ ပဋိသာမေတွာ- သိမ်းပြီး၍၊ တိဏ္ဏံ- သုံးပါးကုန်သော၊ ရာဇူနဉ္စ- လူမင်းတို့၏လည်းကောင်း၊ ဒေဝရာဇဿစ- သိကြားမင်း၏ လည်းကောင်း၊ ပဉ္စပုစ္ဆနတ္ထာယ- ပြဿနာမေးခြင်း၏အကျိုးငှာ၊ အာဂတဘာဝံ- လာသည်၏အဖြစ်ကို၊ မဟာသတ္တဿ- ဘုရားလောင်း သရဘင်္ဂဆရာရသေ့အား၊ အာရောစေသိ- ကြားလျှောက်ပြီ၊ သော- ထိုဘုရားလောင်း သရဘင်္ဂရသေ့သည်၊ ဣတိဂဏပရိဝုတော- ရသေ့အပေါင်းသည် ခြံရံအပ်သည်ဖြစ်၍၊ မဟာဝိသာလမာဠကေ- မြတ်သော ကျယ်သော အထွက်ရှိသော မဏ္ဍပ်၌၊ နိသီဒိ- ထိုင်နေပြီ၊ တယော-

သုံးပါးကုန်သော၊ ရာဇာနော- မင်းတို့သည်၊ အာဂန္တာ- လာကုန်ပြီး၍၊ ဣသိဂဏံ- ရသေ့အပေါင်းကို၊ ဝန္ဒိတွာ- ရှိခိုးကုန်၍၊ ဧကမန္တံ- တင့်သင့်လျောက်ပတ်သော အရပ်၌၊ နိသီဒိံသု- ထိုင်နေကြကုန်ပြီ။

သက္ကောပိ- သိကြားမင်းသည်လည်း၊ ဩတရိတွာ- သက်ဆင်း၍၊ ဣသိဂဏံ- ရသေ့အပေါင်းကို၊ ဥပသင်္ကမိတွာ- ချဉ်းကပ်၍၊ အဉ္ဇလိံ- လက်အုပ်ကို၊ ပဂ္ဂယှ- ချီ၍၊ ဌိတော- ရပ်လျက်၊ ဣသိဂဏံ- ရသေ့အပေါင်းကို၊ ဝဏ္ဏေတွာ- ချီးမွမ်း၍၊ ဝန္ဒမာနော- ရှိခိုးလိုသည်ဖြစ်၍။ ဒူရေ သုတာ နော (ပ) မနုဿသေဋ္ဌာ” တိ- ဒူရေ သုတာ နော (ပ) မနုဿသေဋ္ဌာ ဟူသော၊ ပဉ္စမံ- ငါးခုတို့၏ ပြည့်ကြောင်း ဖြစ်သော၊ ဝါ- ငါးခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၅၄) ဘန္တေ- အရှင်ဘုရား၊ သမာဂတာ- အညီအညွတ် စည်းဝေးကုန်ထသော၊ မဟိဒ္ဓိကာ- ကြီးသောတန်ခိုးရှိကုန်ထသော၊ ဣဒ္ဓိဂုဏူပပန္နာ- ငါးပါးသော တန်ခိုးကျေးဇူးနှင့် ပြည့်စုံကုန်ထသော၊ ဣသယော- အရှင်ရသေ့ကောင်းတို့ကို၊ ဒူရေ- ဝေးသောနတ်ပြည်၌၊ ဌိတေဟိယေဝ- တည်သည်သာလျှင်ဖြစ်ကုန်သော၊ နောအမှေဟိ- အကျွန်ုပ်တို့သည်၊ သုတာ- ကြားအပ်ကုန်၏၊ ယေအယျိရာ- အကြင်အရှင်ကောင်းတို့သည်၊ ဇီဝ-လောကေ-လူ့ပြည်၌၊ မနုဿသေဋ္ဌာ- လူတို့၌မြတ်ကုန်သည်၊ အတ္ထ- ဖြစ်ကုန်၏၊ တေအယျိရေ- ထိုအရှင်ကောင်းတို့ကို၊ ပသန္နစိတ္တော- ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒာမိ- ရှိခိုးပါ၏။

တတ္ထ- ထိုဒူရေ သုတာစသော ဂါထာ၌၊ ဒူရေ သုတာ နောတိ- ဒူရေ သုတာ နောဟူသည်ကား၊ ဘန္တေ- အရှင်ဘုရား၊ အမှေဟိ- တပည့်တော်တို့သည်၊ တုမှေ- အရှင်ဘုရားတို့ကို၊ ဒူရေ- ဝေးသော၊ ဒေဝလောကေ- နတ်ပြည်လောက၌၊ ဌိတေဟိယေဝ- တည်ကုန်လျက်သာလျှင်၊ သုတာ- ကြားဖူးပါပြီ၊ ဣတိ- ဤသို့၊ မမာယန္တော- မြတ်နိုးသည်ဖြစ်၍၊ ဧဝံ- ဤသို့၊ အာဟ- ပြောပြီ၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ ဣဓ- ဤအရပ်သို့၊ သမာဂတာ- ကောင်းစွာရောက်၍လာကုန်သော၊ အမှာကံ- ငါတို့၏၊ ဣမေ ဣသယော- ဤအရှင်ရသေ့တို့သည်၊ ဒူရေ- အဝေး၌၊ သုတာ- ထင်ရှားကုန်၏၊ ယာဝ ဗြဟ္မလောကာ- ဗြဟ္မာ့ပြည်တိုင်အောင်၊ ဝိဿုတာ- ကျော်ကြားကုန်၏၊ ပါကဋာ- ထင်ရှားကုန်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ မဟိဒ္ဓိကာတိ- မဟိဒ္ဓိကာဟူသည်ကား၊

မဟာနုဘာဝါ- ကြီးသောအာနုဘော်ရှိကုန်၏၊ ကုဒ္ဓိဂုဏူပပန္နာတိ- ကုဒ္ဓိဂုဏူပပန္နာ ဟူသည်ကား၊ ပဥ္စဝိဓေန- ငါးပါးအပြားရှိသော၊ ကုဒ္ဓိဂုဏေန- တန်ခိုးဂုဏ်နှင့်၊ သမန္နာဂတာ- ပြည့်စုံကုန်၏၊ အယိရေတိ- အယိရေဟူသည်ကား၊ အယျေ- အရှင်ကောင်းတို့သည်၊ ယေတိ- ယေဟူသည်ကား၊ ယေ တုမှေ- အကြင်အရှင်တို့သည်၊ ကုမသို့ ဇီဝလောကေ- ဤလူ့ပြည်၌၊ မနုဿေသု- လူတို့တွင်၊ သေဋ္ဌာ- မြတ်သော ပုဂ္ဂိုလ်တို့သည်၊ (အတ္ထ- ဖြစ်ကုန်၏၊) ကုတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဇဝံ- ဤသို့၊ ကုသိဂဏံ- ရသေ့အပေါင်းကို၊ ဝဏ္ဏေတွာ- ချီးမွမ်း၍၊ သက္ကော- သိကြားမင်းသည်၊ ဆ- ခြောက်ပါးကုန်သော၊ နိသဇ္ဇဒေါသေ- နေရာ၏ အပြစ်တို့ကို၊ ပရိဟရန္တော- ရှောင်ကြဉ်သည်ဖြစ်၍၊ ဧကမန္တံ- တင့်အပ်လျောက်ပတ်သောအရပ်၌၊ နိသီဒိ- ထိုင်နေပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုသိကြားမင်းကို၊ ကုသီနံ- ရသေ့တို့၏၊ အဓောဝါတေ- လေကြော၌၊ နိသိန္နံ- ထိုင်နေသည်ကို၊ ဒိသွာ- မြင်၍၊ အနုသိဿော- အနုသိဿရသေ့သည်၊ (သက္ကံ- သိကြားမင်းကို၊ ပဋိသေဓေန္တော- တားမြစ်လိုသည် ဖြစ်၍။) "ဂန္ဓော ကုသီနံ (ပ) အသုစိ ဒေဝရာဇာ"တိ- "ဂန္ဓော ကုသီနံ (ပ) အသုစိ ဒေဝရာဇာ"ဟူသော၊ ဆဌ္ဌ- ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ ဝါ- ခြောက်ခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၅၅) သဟဿနေတ္တ- မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြားနတ်မင်း၊ စိရဒိက္ခိတာနံ- ရဟန်းပြု၍ကြာမြင့်ကုန်ပြီးသော၊ ကုသီနံ- ရသေ့တို့၏၊ ဂန္ဓော- အနံ့သည်၊ ကာယာ- ကိုယ်မှ၊ မာလုတေန- လေကြောင့်၊ စုတော- ရွေ့သည်ဖြစ်၍၊ ဂစ္ဆတိ- လွင့်၏၊ ကုတော- ဤလေကြောအရပ်မှ၊ ပဋိက္ကမ္မ- ဖဲလော့၊ ဒေဝရာဇ- သိကြားနတ်မင်း၊ ကုသီနံ- ရသေ့တို့၏၊ ဂန္ဓော- အနံ့သည်၊ အသုစိ- မစင်ကဲ့သို့ စက်ဆုတ်ဖွယ်ရှိ၏။

တတ္ထ- ထိုဂန္ဓောစသော ဂါထာ၌၊ **စိရဒိက္ခိတာနန္တိ**- စိရဒိက္ခိတာနံဟူ သည်ကား၊* စိရပဗ္ဗဇိတာနံ- ရဟန်းပြုပြီး၍ကြာမြင့်ကုန်သော၊ (ဝါ) ကြာမြင့်သော ကာလ၌ရဟန်းပြုပြီကုန်သော၊ **ပဋိက္ကမ္မာတိ**- ပဋိက္ကမ္မဟူသည်ကား၊ ပဋိက္ကမ- ဆုတ်လော့၊ အပေဟိ-

*စိရဒိက္ခိတာနံ=ဒီက္ခ(ပ၅)-သက္ကတပုဒ်မှ ဒိက္ခ-ဟုပါဠိပုဒ်ဖြစ်လာသည်၊ ရသေ့-ရဟန်းပြုခြင်း ဟု အဓိပ္ပါယ်ရ၏၊ ဓာတ်ရင်းမှာ ဒက္ခ-ဓာတ်ဖြစ်သည်၊ ဝုဒ္ဓိ-အနက်၊ ဂတိ-အနက်ကိုဟော၏၊ ဒိက္ခ-သည် ဒက္ခ-ဓာတ်၏ တုမိစ္ဆတ္ထကြိယာပုံစံဖြစ်သည်ဟု ဆိုသောကြောင့်

ဖုံးလော့၊ **သဟာဿနေတ္တာတိ**- သဟဿနေတ္တဟူသည်ကား၊ ဧတံ- ဤသဟဿနေတ္တ ဟူသော စကားသည်၊ အာလပနံ- သိကြားမင်းကိုခေါ်သော စကားတည်း၊ ဟိ- မှန်၏၊ သက္ကော- သိကြားမင်းသည်၊ အမစ္စသဟဿဿဟိ- အမတ်တစ်ထောင်တို့သည်၊ စိန္တိတံ- ကြံအပ်သော၊ အတ္ထံ- အနက်အဓိပ္ပါယ်ကို၊ ဧကေကာဝ- တစ်ယောက်တည်းသာလျှင်၊ ပဿတိ- သိမြင်နိုင်၏၊ တသ္မာ- ထို့ကြောင့်၊ **"သဟဿနေတ္တော"**တိ- သဟဿနေတ္တ ဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ ပန- ဆက်ဦးအံ့၊ အထ ဝါ- တနည်းကား၊ (ယော- အကြင် သိကြားမင်းသည်၊) သဟဿ- နေတ္တာနံ- တစ်ထောင်သော မျက်လုံးရှိကုန်သော၊ ဒေဝါနံ- နတ်တို့၏၊ ဒဿနူပစာရာတိက္ကမနသမတ္ထော- မြင်ရာအရပ်ကို ကျော်လွန်၍ မြင်ခြင်းငှာ စွမ်းနိုင်သည်၊ (ဟောတိ- ဖြစ်၏၊) ဣတိ- ထို့ကြောင့်၊ (သော- ထိုသိကြားမင်း သည်၊) သဟဿနေတ္တော- သဟဿနေတ္တမည်၏၊ **အသုစီတိ**- အသုစိဟူသည်ကား၊ သေဒမလာဒီဟိ- ချွေးအညစ်အကြေးအစရှိသည်တို့ဖြင့်၊ ပရိဘာဝိတတ္တာ- လိမ်းကျံ အပ်သည်၏ အဖြစ်ကြောင့်၊ ဒုဂ္ဂန္ဓော- မကောင်းသော အနံ့ရှိ၏၊ တုမှေ စ- သင်တို့ သည်ကား၊ သုစိကာမာ- စင်ကြယ်ခြင်းကို အလိုရှိကုန်၏၊ တေန- ထို့ကြောင့်၊ ဝေါ- သင်တို့အား၊ ဧသ ဂန္ဓော- ဤမကောင်းသော အနံ့သည်၊ ဗာဓတိ- နှိပ်စက်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ သက္ကော- သိကြားမင်းသည်၊ (တတော- ထိုလေကြောအရပ်မှ၊ ကာရဏံ- မဖဲလိုသောအကြောင်းကို၊ အနုသိဿဿ- အနုသိဿရသေ့အား၊ အာရောစေန္တော- လျှောက်ကြားလိုသည် ဖြစ်၍၊) "ဂန္ဓော ဣသီနံ (ပ) န ဟေတ္ထ ဒေဝါ ပဋိက္ကူလသညိနော"တိ- "ဂန္ဓော ဣသီနံ (ပ) ပဋိက္ကူလ သညိနော" ဟူသော၊ ဧကတရံ- တစ်ပါးသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၅၆) ဘန္တေ- အရှင်ဘုရားတို့၊ စိရဒိက္ခိတာနံ- ရဟန်းပြု၍ကြာမြင့် ကုန်ပြီးသော၊ ဣသီနံ- အရှင်ကောင်းရသေ့တို့၏၊ ဂန္ဓော- အနံ့သည်၊ ကာယာ- ကိုယ်တော်မှ၊ မာလုတေန- လေကြောင့်၊ စုတော- ရွေ့သည် ဖြစ်၍၊ ဂစ္ဆတု- လွင့်လာပါစေ၊ တေဂန္ဓံ- ထိုအရှင်ကောင်းရသေ့တို့၏ အနံ့တော်ကို၊ [ဝိစိတြပုပ္ဖံ(ဝိစိတ္တပုပ္ဖံ)]- ဆန်းကြယ်စွာသိကုံးအပ်ကုန်သော အပွင့်ရှိသော၊ [သုရဘိမာလံက္ကဝ(သုရဘိမာလံက္ကဝ)]- ကြိုင်ကြိုင် မွှေးသော

---

သီလစသော ဂုဏ်အားဖြင့် ကြီးပွားလိုသူ (ဝါ) ကြီးပွားခြင်းသို့ ရောက်သူ-ဟု သဒ္ဒတ္ထကြံလေ။

· ဒိက္ခ+က္က+တ=ဒိက္ခိတ-ရသေ့ရဟန်းပြုပြီးသူဟု အနက်ရ။

ပန်းဆိုင်ကိုကဲ့သို့၊ ပင္ဒိကခါမ- အလိုရှိပါကုန်၏၊ ဟိသစ္စံ- မှန်၏၊ ဧတ္တေ- ဤသီလရှိသောသူတို့၏အနန့်၌၊ ဒေဝါ- နတ်တို့သည်၊ [ပင္ဒိက္ကူလ (ပင္ဒိကူလ)] သညိနော- စက်ဆုပ်ရွံရှာဘွယ်ဟု အမှတ်ရှိကုန်သည်၊ န ဟောန္တိ- မဖြစ်ကုန်။

တတ္ထ- ထိုဂန္ဓောစသော ဂါထာ၌၊ ဂစ္ဆတူတိ- ဂစ္ဆတုဟူသည်ကား၊ ယထာသုခံ- အလိုရှိတိုင်း၊ ပဝတ္တတု- ဖြစ်ပါစေ၊ နော- ငါတို့၏၊ နာသပုဋံ- နှာခေါင်းဖုကို၊ ပဟာရတု- ပုတ်ခတ်ပါစေ၊ က္တတိ- ဤကား၊ အတ္တော- အနက်တည်း၊ ပါဋိကခါမာတိ- ပင္ဒိကခါမ ဟူသည်ကား၊ ကင္ခာမ- အလိုရှိပါကုန်၏၊ ပတ္ထေမ- တောင့်တပါကုန်၏၊ ဧတ္တာတိ- ဧတ္တေဟူသည်ကား၊ ဧတေသံ ဂန္ဓေ- ဤရှင်ရသေ့တို့၏ ကိုယ်မှထွက်သော မကောင်းသော အနံ့၌၊ ဒေဝါ- နတ်တို့သည်၊ ဇိဂုစ္ဆသညိနော- စက်ဆုပ်ဖွယ်ဟူသော အမှတ်ရှိကုန်သည်၊ န ဟောန္တိ- မဖြစ်ကုန်၊ ဟိ- မှန်၏၊ ဒေဝါ- နတ်တို့သည်၊ ဒုဿီလေယေဝ- ဒုဿီလ ပုဂ္ဂိုလ်၌သာလျှင်၊ ဇိဂုစ္ဆန္တိ- စက်ဆုပ်ကုန်၏၊ သီလဝန္တေ- သီလရှိသော ပုဂ္ဂိုလ်တို့၌၊ နဇိဂုစ္ဆန္တိ- မစက်ဆုပ်ကုန်၊ က္တတိ- ဤကား၊ အတ္တော- အနက်တည်း။

ဝေဠ- ဤသို့သော စကားကို၊ ဝတွာပန- ဆိုပြီး၍ကား၊ "ဘန္တေ အနုသိဿ- အရှင်အနုသိဿ၊ အဟံ- အကျွန်ုပ်သည်၊ မဟန္တေန- ကြီးစွာသော၊ ဥဿာဟေန- အားထုတ်ခြင်းဖြင့်၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆိတုံ- မေးခြင်းငှာ၊ အာဂတော- လာပြီ၊ မေ- အကျွန်ုပ်အား၊ ဩကာသံ- အခွင့်ကို၊ ကရောဟိ- ပြုတော်မူလော၊" က္တတိ- ဤသို့၊ အာဟ- ဆိုပြီ၊ သော- ထိုအနုသိဿရသေ့သည်၊ တဿ- ထိုသိကြားမင်း၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ အာသနာ- နေရာမှ၊ ဥဋ္ဌာယ- ထ၍၊ က္တသိဂဏံ- ရသေ့အပေါင်းကို၊ ဩကာသံ- အခွင့်ကို၊ ကရောန္တော- ပြုလိုသည် ဖြစ်၍၊ "ပုရိန္ဒဒေါ ဘူတပတိ (ပ) ဒေဝါနမိန္ဒဿ စ ဝါသဝဿာ"တိ- "ပုရိန္ဒဒေါ (ပ) ဝါသဝဿ"- ဟူသော၊ ဂါထာဒွယံ- ဂါထာနှစ်ခုတို့၏ အပေါင်းကို၊ အာဟ- ဆိုပြီ။

(၅၇) ဘောန္တော- အရှင်ကောင်းတို့၊ ပုရိန္ဒဒေါ- အလှူလက်ဦး ပေးဘူး သော၊ ဘူတပတီ- သတ္တဝါတို့၏အကြီးဖြစ်သော၊ ယသဿီ- များသော အခြံအရံ ရှိသော၊ ဒေဝါနံ- နတ်တို့ကို၊ က္တန္ဒော- အစိုးရသော၊ မဃဝါ- မာဃ၏အနွယ် ဖြစ်သော၊ သုဇမ္ပတိ- သုဇိတာ၏လင်ဖြစ်သော၊ [အသုရဂဏာပ္ပမဒ္ဒနော (အသုရဂ္ဂပမဒ္ဒနော)]- အသုရာအပေါင်းတို့ကို နှိပ်နင်းနိုင်သော၊ သောသ- က္ကောဒေဝရာဇာ- ထိုသိကြားနတ်မင်းသည်၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆိတုံ- မေးအံ့သောငှာ၊ ဩကာသံ- အခွင့်ကို၊ အာကင်္ခတိ- အလိုရှိ၏။

(၅၈) မနုဇာဓိပါနံ- လူတို့၏အကြီးဖြစ်ကုန်သော၊ တိဏ္ဏံ- သုံးပါး ကုန်သော၊ ရညဉ္စ- မင်းတို့၏လည်းကောင်း၊ ဒေဝါနမိန္ဒဿ- နတ်တို့ကို အစိုးရသော၊ ဝါသဝဿစ- သိကြားမင်း၏လည်းကောင်း၊ နိပုဏေ- နူးညံ့သိမ်မွေ့ကုန်သော၊ ပဥှေ- ပြဿနာတို့ကို၊ ဣဓ- ဤအရပ်၌၊ နေသံ ပဏ္ဍိတာနံ- ထိုပညာရှိရသေ့တို့တွင်၊ ပုဋ္ဌော- မေးအပ်သော၊ ကောနေဝကောနုဇဝ- အဘယ်ရသေ့သည်လျှင်၊ ဗျာကရိဿတိ- ဖြေနိုင် လတ္တံ့နည်း။

တတ္ထ- ထိုပုရိန္ဒဒေါစသော ဂါထာတို့၌၊ “ပုရိန္ဒဒေါ”တိအာဒီနိ- ပုရိန္ဒဒေါအစရှိသည်တို့သည်၊ သက္ကဿဝ- သိကြားမင်း၏သာလျှင်၊ ဂုဏနာမာနိ- ဂုဏ်ကြောင့်ရအပ်သောနာမည်တို့တည်း၊ ဟိ- ချဲ့ဦးအံ့၊ သော- ထိုသိကြားမင်းသည်၊ ပုရေ- ရှေး၌၊ ဒါနံ- အလှူကို၊ ဒိန္နတ္တာ- ပေးလှူဖူးသည်၏အဖြစ်ကြောင့်၊ ပုရိန္ဒဒေါ- ပုရိန္ဒဒမည်၏၊ ဘူတေသု- နတ်တို့၌၊ ဇေဋ္ဌကတ္တာ- အကြီးအမှူး၏အဖြစ်ကြောင့်၊ ဘူတပတိ- ဘူတပတိမည်၏၊ ပရိဝါရသမ္ပဒါယ- အခြံအရံနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်၊ **ယသဿီ**- ယသဿီမည်၏၊ ပရမိဿရတာယ- သူတစ်ပါးကို အစိုးရသည်၏ အဖြစ်ကြောင့်၊ **ဒေဝါနမိန္ဒော**- ဒေဝါနမိန္ဒမည်၏၊ သတ္တန္နံ- ခုနစ်ပါးကုန်သော၊ ဝတ္တပဒါနံ- ကျင့်ဝတ်တို့ကို၊ သုဋ္ဌု- ကောင်းစွာ၊ ကတတ္တာ- ပြုသည်၏ အဖြစ်ကြောင့်၊ **သက္ကော**- သက္ကမည်၏၊ ပုရိမဇာတိဝသေန- ရှေးဖြစ်ဘူးသောဘဝ၏ အစွမ်းဖြင့်၊ မဃဝါ- မဃဝါမည်၏၊ သုဇာယ- သုဇာမည်သော၊ အသုရကညာယ- အသုရာနတ်သမီး၏၊ ပတိဘာဝေန- လင်ဖြစ်သောကြောင့်၊ သုဇမ္ပတိ- သုဇမ္ပတိ မည်၏၊ ဒေဝါနံ- နတ်တို့သည်၊ ရဇ္ဇနတာယ- နှစ်သက်အပ်သည်၏အဖြစ်ကြောင့်၊ ဒေဝရာဇာ- ဒေဝရာဇာမည်၏၊ ကော နေဝါတိ- ကောနေဝဟူသည်ကား၊ ကော နု ဇဝ- အဘယ်ရသေ့သည်သာလျှင်၊ နိပုဏေတိ- နိပုဏေဟူသည်ကား၊ သဏှေ သုခုမေ- နူးညံ့သိမ်မွေ့ကုန်သော၊ ပဥှေ- ပြဿနာတို့ကို၊ ရညန္တိ- ရညံဟူသည်ကား၊ ရာဇူနံ- မင်းတို့၏၊ စတုန္နံ- လေးပါးကုန်သော၊ ဣမေသံ ရာဇူနံ- ဤမင်းတို့၏- မနံ- စိတ်ကို၊ ဂဟေတွာ- ယူ၍၊ ပဏ္ဍိတာနံ- ပညာရှိကုန်သော၊ ဣမေသံ ဣသီနံ- ဤရသေ့တို့တွင်၊ ကော- အဘယ်ရသေ့သည်၊ ပဥှေ- ပြဿနာတို့ကို၊ ကထေဿတိ- ဖြေဆိုလတ့်နည်း၊ နေသံ- ထိုမင်းတို့၏၊ ပဥှံ- ပြဿနာကို၊ ကထေတုံ- ဖြေဆိုခြင်းငှာ၊ သမတ္ထံ- စွမ်းနိုင်သူကို၊ ဇာနာထ- သိကြကုန်လော၊ ဣတိ- ဤသို့၊ ဝဒတိ- ဆို၏။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ဣသိဂဏော- ရသေ့အပေါင်းသည်၊ “မာရိသ- အဆွေ၊ အနုသိဿ- အရှင်အနုသိဿ၊ တွံ- သင်သည်၊ ပထဝိယံ- မြေ၌၊ ဌတွာ- ရပ်၍၊ ပထဝိံ- မြေကို၊ အပဿန္တော၀ိယ- မမြင်သကဲ့သို့၊ ကထေသိ- ဆိုဘိ၏၊ သရဘင်္ဂသတ္ထာရံ- သရဘင်္ဂဆရာကို၊ ဌပေတွာ- ထား၍၊ ဧတေသံ- ထိုမင်းလေးပါးတို့၏၊ ပဉှံ- ပြဿနာကို၊ ကထေတုံ- ဖြေဆိုခြင်းငှာ၊ သမတ္ထော- စွမ်းနိုင်သော၊ အညော- တစ်ပါးသော၊ ကော- အဘယ်မည်သော သူသည်၊ (အတ္ထိ- ရှိအံ့နည်း၊)” ဣတိ- ဤသို့၊ ၀တွာ- ဆို၍၊ (တံ- ထိုအကြောင်းကို၊ အနုသိဿဿ- အနုသိဿရသေ့အား၊ (ကထေန္တော- ပြောကြားလိုသည်ဖြစ်၍၊) “အယံ ဣသိ (ပ) ၀ိယာကရိဿတိ”- “အယံ ဣသိ (ပ) ၀ိယာကရိဿတိ” ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၅၉) ဘန္တေအနုသိဿ- အရှင်အနုသိဿ၊ သရဘင်္ဂေါ- ကောင်းကင်၌ ပြုအပ်သော မြားပြာသာဒ်အစရှိသည်တို့ကို တစ်စင်းတည်းသော မြားဖြင့် ကျစေ၍ ဖျက်ဆီးတတ်ထသော၊ တပဿီ- ခြိုးခြံသော အကျင့်ရှိထသော၊ ယတော- အကြင်အခါမှ၊ ဇာတော- ဘွား၏၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ မေထုနသ္မာ- မေထုန်အကျင့်မှ၊ ၀ိရတော- ကြဉ်ထသော၊ အာစေရပုတ္တော- ဆရာပုရောဟိတ်၏သားဖြစ်သော၊ သု၀ိနီတရူပေါ- ကောင်းစွာဆုံးမအပ်သော သဘောရှိထသော၊ အယံဣသိ- ဤရသေ့ သည်၊ အတ္ထိ- ရှိ၏၊ သော- ထိုရသေ့သည်၊ နေသံ- ထိုမင်းလေးပါးတို့၏၊ ပဉှာနိ- ပြဿနာတို့ကို၊ ၀ိယာကရိဿတိ- ဖြေလတ္တံ့။

တတ္ထ- ထိုအယံ ဣသိစသော ဂါထာ၌၊ သရဘင်္ဂေါတိ- သရဘင်္ဂေါဟူ သည်ကား၊ အာကာသေ- ကောင်းကင်၌၊ သရေ- မြားကို၊ ခိပိတွာ- ပြစ်၍၊ သရပါသာဒါဒီနိ- မြားပြာသာဒ် အစရှိသည်တို့ကို၊ ကတွာ- ပြု၍၊ ပုန- တစ်ဖန်၊ ဧကေန- တစ်စင်းသော၊ သရေန- မြားဖြင့်၊ တေ သရေ- ထိုပစ်အပ်ပြီးသော မြားတို့ကို၊ ပါတေန္တော- ကျစေလျက်၊ ဘင်္ဂ၀ိဘင်္ဂေ- အကျိုးအပဲ့တို့ကို၊ အကာသိ- ပြုပြီ၊ ဣတိ- ထို့ကြောင့်၊ သရဘင်္ဂေါ- သရဘင်္ဂမည်၏၊ မေထုနသ္မာတိ- မေထုနသ္မာဟူသည်ကား၊ မေထုနဓမ္မတော- မေထုန်အကျင့်မှ၊ သော- ထိုရသေ့သည်၊ မေထုနံ- မေထုံအကျင့်ကို၊ အသေ၀ိတွာ- မမှီ၀ဲမူ၍၊ ပဗ္ဗဇိတောကိရ- ရသေ့ ရဟန်းပြုသတဲ့၊ အာစေရပုတ္တောတိ- အာစေရပုတ္တော ဟူသည်ကား၊ ရညော- မင်း၏၊ အာစရိယဿ- ဆရာဖြစ်သော၊ ပုရောဟိတဿ- ပုရောဟိတ်၏၊ ပုတ္တော- သားတည်း။

ဧဝဥ္စ- ဤသို့သော စကားကို၊ ဝတွာပန- ဆိုပြီး၍ကား၊ ကာ္လဂဝေါ- ရသေ့အပေါင်းသည်၊ အနုသိဿံ- အနုသိဿရသေ့ကို၊ "မာရိသ- ငါတို့နှင့်တူသော အနုသိဿရှင်ရသေ့၊ တွမေဝ- သင်ရှင်ရသေ့သည်သာလျှင်၊ သတ္ထာရံ- သရဘင် ဆရာကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ ကာ္လဂဏဿ- ရသေ့အပေါင်း၏၊ ဝစနေန- စကားဖြင့်၊ သက္ကေန- သိကြားမင်းသည်၊ ပုစ္ဆိတပဉှကထနာယ- မေးအပ်သောပြဿနာကို ဖြေဆိုခြင်းငှာ၊ ဩကာသံ- အခွင့်ကို၊ ကရောဟိ- ပြုပါစေလော၊" ကာ္လတိ- ဤသို့ အာဟ- ဆိုပြီ၊ သော- ထိုအနုသိဿရသေ့သည်၊ "သာဓု"တိ- ကောင်းပြီ'ဟု၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံပြီး၍၊ သတ္ထာရံ- သရဘင်ဆရာကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ ဩကာသံ- အခွင့်ကို၊ ကာရေန္တော- ပြုစေလိုသည်ဖြစ်၍၊ "ကောဏ္ဍည ပဉှာနိ (ပ) ဧသ ဘာရော"တိ- "ကောဏ္ဍည ပဉှာနိ (ပ) ဧသ ဘာရော"ဟူသော၊ အနန္တရံ- အခြားမဲ့ဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၆၀) ကောဏ္ဍည- ကောဏ္ဍညအနွယ်ဖြစ်သောရသေ့၊ သာဓုရူပါ- ကောင်းသော သဘောရှိကုန်သော၊ ကာ္လသယော- ရသေ့တို့သည်၊ တံ- အရှင်ရသေ့ကို၊ ယာစန္တိ- တောင်းပန်ကုန်၏၊ ပဉှာနိ- ပြဿနာတို့ကို၊ ဝိယာကရောဟိ- ဖြေတော်မူလော၊ ကောဏ္ဍည- ကောဏ္ဍညအနွယ်ဖြစ်သော ရှင်ရသေ့၊ ယံယသ္မာ- အကြင်ကြောင့်၊ [ဝုဒ္ဓိ(ဗုဒ္ဓိ)]- ပညာဖြင့်ကြီးသော သူသို့ ဧသဧသောဘာရော- ဤပြဿနာကိုဖြေခြင်းတည်းဟူသော ဝန်သည်၊ အာဂစ္ဆတိ- ရောက်၏၊ ဧသော- ဤသို့ပြဿနာဖြေခြင်းတည်းဟူသော ဝန်၏ ရောက်ခြင်းသည်၊ မနုဇေသု- လူတို့၌၊ ဓမ္မော- သဘောတည်း။

တတ္ထ- ထိုကောဏ္ဍညစသော ဂါထာ၌၊ ကောဏ္ဍညာတိ- ကောဏ္ဍညဟူ သည်ကား၊ တံ- ထိုရသေ့ကို၊ ဂေါတ္တေန- အနွယ်အားဖြင့်၊ အာလပတိ- ခေါ်ဝေါ်၏၊ ဓမ္မောတိ- ဓမ္မောဟူသည်ကား၊ သဘာဝေါ- သဘောတည်း၊ ယံ ဝုဒ္ဓမန္တိ- ယံ ဝုဒ္ဓံဟူ သည်ကား၊ ပညာယ- ပညာဖြင့်၊ ဝုဒ္ဓံ- ကြီးသော၊ ယံ ပုရိသံ- အကြင်ယောကျာ်းသို့၊ ပဉှာနံ- ပြဿနာတို့ကို၊ ဧသဧသော ဝိဿဇ္ဇနဘာရော နာမ- ဖြေဆိုရခြင်းတည်း ဟူသောတာဝန်မည်သည်၊ အာဂစ္ဆတိ- ရောက်၏၊ ဧသော- ထိုပညာကြီးသော သူ၏အထံသို့ တာဝန်ရောက်ခြင်းသည်၊ မနုဇေသု- လူတို့၌၊ သဘာဝေါ- သဘောတည်း၊ တသ္မာ- ထို့ကြောင့်၊ စန္ဒိမသူရိယသဟဿံ- လအထောင် နေအထောင်ကို၊ ဥဋ္ဌာပေန္တော ဝိယ- ထစေဘိသကဲ့သို့၊ ပါကဋံ- ထင်ရှားသည်ကို၊ ကတွာ- ပြု၍၊ ဒေဝရညော-

သိကြားမင်း၏၊ ပဉှေ- ပြဿနာတို့ကို၊ ကထေဟိ- ဖြေဆိုလော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တတော- ထိုနောင်မှ၊ မဟာပုရိသော- ဘုရားလောင်းသရဘင်္ဂရှင်ရသေ့သည်၊ ဩကာသံ- အခွင့်ကို၊ ကရောန္တော- ပြုလိုသည်ဖြစ်၍၊ "ကတာဝကာသာ (ပ) လောကမိမံ ပရဉ္စ"တိ- "ကတာဝကာသာ (ပ) လောကမိမံ ပရဉ္စ"ဟူသော၊ အနန္တရံ- အခြားမဲ့ဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၆၁) အနုသိဿ- ငါ့ရှင်အနုသိဿ၊ ဟိယသ္မာ- အကြင့်ကြောင့်၊ အဟံ- ငါသည်၊ ဣမလောကံ- ဤပစ္စုပ္ပန်လောကကိုလည်းကောင်း၊ ပရဉ္စ- တမလွန်လောကကိုလည်းကောင်း၊ သယံ- ကိုယ်တိုင်၊ ဉတွာ- သိ၍၊ တံတံ- ထိုထိုသို့သော ပြဿနာကို၊ ဝေါ- သင်တို့အား၊ ဝိယာကရိဿံ- ဖြေအံ့၊ တသ္မာ- ထိုကြောင့်၊ ကတာဝကာသာ- ပြုအပ်ပြီး သောအခွင့်ရှိကုန်သော၊ ဘောန္တော- သူတော်ကောင်းဖြစ်သော အရှင်တို့သည်၊ မနသာ- စိတ်ဖြင့်၊ အဘိပတ္ထိကံ- ကြံအပ်သော၊ ယံကိဉ္စိ- အလုံးစုံသော၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆန္တု- မေးစေကုန်။

တတ္ထ- ထိုကတာဝကာသာစသော ဂါထာ၌၊ ယံ ကိဉ္စီတိ- ယံ ကိဉ္စိဟူ သည်ကား၊ ကေဝလံ- သက်သက်၊ တုမှာကံယေဝ- သင်တို့၏သာလျှင်၊ န- မဟုတ်၊ အထ ခေါ- စင်စစ်သော်ကား၊ သဒေဝကဿ- နတ်နှင့်တကွသော၊ လောကဿပိ- လောက၏ လည်း၊ မနသာဘိပတ္ထိတံ- စိတ်ဖြင့်တောင့်တအပ်သော၊ ယံ- အကြင် ပြဿနာသည်၊ (အတ္ထိ- ရှိ၏၊) ဘဝန္တော- အရှင်တို့သည်၊ မံ- ငါ့ကို၊ တံ- ထိုပြဿနာကို၊ ပုစ္ဆန္တု- မေးကုန်လော၊ ဟိ- မှန်၏၊ အဟံ- ငါသည်၊ ဝေါ- သင်တို့၏၊ ဣဓလောကနိဿိတံ ဝါ- ဤလောကကိုမှီ၍မူလည်းဖြစ်သော၊ ပရလောကနိဿိတံ ဝါ- တမလွန်လောကကို မှီ၍မူလည်းဖြစ်သော၊ သဗ္ဗံ- အလုံးစုံသော၊ ပဉှံ- ပြဿနာကို၊ ဣမဉ္စလောကံ- ဤလောကကိုလည်းကောင်း၊ ပရဉ္စ လောကံ- တမလွန်လောကကိုလည်းကောင်း၊ သယံ- ကိုယ်တိုင်၊ ပညာယ- ပညာဖြင့်၊ သစ္ဆိကတွာ- မျက်မှောက်ပြု၍၊ ကထေဿာမိ- ဖြေဆိုအံ့၊ ဣတိ- ဤသို့၊ သဗ္ဗညုပဝါရဏံ- ဘုရားရှင်၏ဖိတ်ခြင်းကို၊ သမ္ပဝါရေသိ- ဖိတ်ကြားခဲ့ပြီ။

ဇဝံ- ဤသို့၊ တေန- ထိုသရဘင်္ဂဆရာသည်၊ ဩကာသေ- အခွင့်ကို၊ ကတေ- ပြုအပ်ပြီးသည်ရှိသော်၊ သက္ကော- သိကြားမင်းသည်၊ အတ္တနာ- မိမိသည်၊ အဘိသင်္ခတံ- စီရင်အပ်သော၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆိ- မေးလျှောက်ပြီ။ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင် သည်၊ "ယတော စ မဃဝါ (ပ) ကောဏ္ဍညေတမတ္ထံ" တိ- "ယတော စ မဃဝါ (ပ) ကောဏ္ဍည ဧတမတ္ထံ"ဟူကုန်သော၊ (ဒွေ ဂါထာ- နှစ်ဂါထာတို့ကို၊) အာဟ- ဟောတော်မူပြီ။

(၆၂) ဘိက္ခဝေ- ရဟန်းတို့၊ တတော- ထိုအခွင့်ပြုပြီးသောနောင်မှ၊ မာဃဝါ- မာဃအနွယ်ဖြစ်သော၊ အတ္ထဒဿီ- အကျိုးတို့ကိုမြင်လေ့ ရှိသော၊ ပုရိန္ဒဒေါ- အလှူလက်ဦးပေးဖူးစွာသော၊ သက္ကော- သိကြား မင်းသည်၊ ယံပဉှံ- အကြင် ပြဿနာကို၊ အဘိပတ္ထိတံ- ကြံအပ်သည်၊ အသိ- ဖြစ်၏၊ တံပဉှံ- ထိုပြဿနာကို၊ ပဌမံ- ရှေးဦးစွာ၊ အပုစ္ဆိ- မေးလျှောက်၏။

(၆၃) ကောဏ္ဍည- ကောဏ္ဍညအနွယ်ဖြစ်သော ရှင်ရသေ့၊ ကိံသု- အဘယ် တရားကို၊ ဝဓိတွာန- ပယ်၍၊ ကဒါစိ- တစ်ရံတစ်ခါ၊ နသောစတိ- မစိုးရိမ်ရ သနည်း၊ ကိဿ- အဘယ်တရားကို၊ ပဟာနံ- ပယ်ခြင်းကို၊ ဣသယော- အရှင်ရသေ့ကောင်းတို့သည်၊ ဝဏ္ဏယန္တိ- ချီးမွမ်းကုန်သနည်း၊ ဣဓလောကေ- ဤလောက၌၊ ကဿ- အဘယ်သူ၏၊ ဝုတ္တံ- ဆိုအပ်သော၊ ဖရုသံ- ကြမ်းကြုတ်သော စကားကို၊ ခမေထ- သည်းခံရာ သနည်း၊ ကောဏ္ဍည- ကောဏ္ဍည အနွယ်ဖြစ်သောရှင်ရသေ့၊ ဧတမတ္ထံ- ထိုမေးအပ်သော အနက်ကို၊ မေ- အကျွန်ုပ်အား၊ အက္ခာဟိ- ဖြေတော်မူလော။

တတ္ထ- ထိုတတောစမဃဝါစသော ဂါထာတို့၌၊ ယဉ္စာသီတိ- ယဉ္စာသိဟူ သည်ကား၊ ယံ- အကြင်ပြဿနာကို၊ တဿ- ထိုသိကြားမင်း၏၊ မနသာ- စိတ်ဖြင့်၊ အဘိပတ္ထိတံ- တောင့်တအပ်သည်၊ အာသိ- ဖြစ်ပြီ၊ တံ- ထိုပြဿနာကို၊ ပုစ္ဆိ- မေးခဲ့ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ဧတန္တိ- ဧတံဟူသည်ကား၊ မယာ- ငါသည်၊ ပုစ္ဆိတံ- မေးအပ်သော၊ ဧတံအတ္ထံ- ဤအနက်အဓိပ္ပါယ်ကို၊ မေ- ငါ့အား၊ အက္ခာဟိ- ဖြေကြားပါလော၊ ဣတိ- ဤသို့၊ ဧကဂါထာယ- တစ်ဂါထာဖြင့်၊ တယော- သုံးပါးကုန်သော၊ ပဉှေ- ပြဿနာတို့ကို၊ ပုစ္ဆိ- မေးပြီ။

တတော- ထို့မှ၊ ပရံ- နောက်၌၊ (သတ္ထာ-သရာဘင်ဆရာသည်။) ဗျာကရောန္တော- ဖြေကြားလိုသည်ဖြစ်၍၊ "ကောဓံ ဝဓိတွာန (ပ) ဥတ္တမ မာဟု သန္တော"တိ- ကောဓံ ဝဓိတွာန (ပ) ဥတ္တမမာဟု သန္တော"ဟူသော၊ (ဂါထံ- ဂါထာကို၊) အာဟ- ဆိုပြီ။

(၆၄) ဒေဝါနမိန္ဒ- နတ်တို့ကိုအစိုးရသော သိကြားမင်း၊ ကောဓံ- အမျက်ကို၊ ဝဓိတွာ- ပယ်၍၊ ကဒါစိ- တစ်ရံတစ်ခါ၊ နသောစတိ- မစိုးရိမ်ရ၊ မက္ခပ္ပဟာနံ- ကျေးဇူးချေခြင်းတည်းဟူသော အကုသိုလ်ကို ပယ်ခြင်းကို၊ ဣသယော- ရသေ့တို့သည်၊ ဝဏ္ဏယန္တိ- ချီးမွမ်းကုန်၏၊ သဗ္ဗေသံ- အယုတ် အလတ်အမြတ် ဖြစ်ကုန်သော ခပ်သိမ်းကုန်သော သူတို့၏၊ ဖရုသံ- ကြမ်းကြုတ်စွာသော၊ ဝုတ္တံ- ဆိုအပ်သောစကားကို၊ ခမေထ- သည်းခံရာ ၏၊ ဧတံ- ထိုအယုတ် အလတ်အမြတ်ဖြစ်သော သူတို့၏ ကြမ်းကြုတ်စွာ ဆိုအပ်သော စကားကို သည်းခံခြင်းကို၊ ဥတ္တမံ- မြတ်သော၊ ခန္တိံ- သည်းခံခြင်းဟူ၍၊ သန္တော- ရှေးသူတော်ကောင်းဖြစ်ကုန်သောပညာရှိတို့သည်၊ အာဟု- ဆိုတော်မူကုန်၏။

တတ္ထ- ထိုကောဓံဝဓိတွာစသော ဂါထာ၌၊ ကောဓံ ဝဓိတွာတိ- ကောဓံ ဝဓိတွာ ဟူသည်ကား၊ ကောဓံ- အမျက်ဒေါသကို၊ မာရေတွာ- ပယ်သတ်၍၊ ဆဍ္ဍေတွာ- စွန့်၍၊ ဟိ- မှန်၏၊ သောစန္တော- စိုးရိမ်သော သူသည်၊ ပဋိဃစိတ္တေ- နေ၀- ဒေါသနှင့်ယှဉ်သော စိတ်ကြောင့်သာလျှင်၊ သောစတိ- စိုးရိမ်၏၊ ကောဓာ ဘာဝါ- အမျက်ဒေါသ၏ မရှိခြင်းကြောင့်၊ သောကော- စိုးရိမ်ပူဆွေးခြင်းသည်၊ ကုတော- အဘယ်မှာရှိအံ့နည်း၊ တေန- ထို့ကြောင့်၊ "န ကဒါစိ သောစတီ" တိ- န ကဒါစိ သောစတိ-ဟူ၍၊ ဝုတ္တံ- ဆိုအပ်၏၊ မက္ခပ္ပဟာနန္တိ- မက္ခပ္ပဟာနံဟူသည်ကား၊ ပရေဟိ- သူတစ်ပါးတို့သည်၊ အတ္တနော- မိမိအတွက်၊ ကတဂုဏမက္ခနလက္ခဏာသ- ပြုအပ်သော ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်းလက္ခဏာရှိသော၊ အကတညုဘာဝသင်္ခါတဿ- သူ့ကျေးဇူးကို မသိတတ်သည်၏အဖြစ်ဟု ဆိုအပ်သော၊ မက္ခဿ- ကျေးဇူးကို ချေဖျက်ခြင်းတည်းဟူသော အကုသိုလ်ကို၊ ပဟာနံ- ပယ်ခြင်းကို၊ ဣသယော- ရသေ့တို့သည်၊ ဝဏ္ဏယန္တိ- ချီးမွမ်းကုန်၏၊ သဗ္ဗေသန္တိ- သဗ္ဗေသံဟူသည်ကား၊ ဟီနမဇ္ဈိမုက္ကဋ္ဌာနံ- အယုတ်အလတ်အမြတ်ဖြစ်ကုန်သော၊ သဗ္ဗေသမ္ပိ- ခပ်သိမ်းကုန်သော လူတို့၏လည်း၊ ဖရုသံ- ရုန့်ရင်းသော၊ ဝစနံ- စကားကို၊ ခမေထ- သည်းခံရာ၏၊ သန္တောတိ- သန္တောဟူသည်ကား၊ ပေါရာဏကာ- ရှေးဖြစ်ကုန်သော၊ ပဏ္ဍိတာ-

ပညာရှိတို့သည်၊ ဧဝံ- ဤသို့၊ ကထေန္တိ- ဆိုကြကုန်၏။ (တံ- ထိုသရဘင်္ဂဆရာ ဖြေဆိုသော စကားကို၊ သုတွာ- ကြား၍၊) သက္ကော- သိကြားမင်းသည်၊ (ပုန- တစ်ဖန်၊ ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍။) "သက္ကာ ဥဘိန္န ဝစနံ (ပ) ကောဏ္ဍည ဧတမတ္ထံ"န္တိ- "သက္ကာ ဥဘိန္န ဝစနံ (ပ) ကောဏ္ဍည ဧတမတ္ထံ" ဟူသော၊ (ဂါထံ- ဂါထာကို၊) အာဟ- ဆိုပြီ။

(၆၅) ကောဏ္ဍည- ကောဏ္ဍညအနွယ်ဖြစ်သောရှင်ရသေ့၊ သဒိသဿဝါ- ကိုယ်နှင့်တူသော သူ၏လည်းကောင်း၊ သေဋ္ဌတရဿဝါ- ကိုယ့်ထက်မြတ်သော သူ၏လည်းကောင်း၊ ဣတိ- ဤသို့၊ ဥဘိန္န- နှစ်ယောက်ကုန်သော သူတို့၏၊ ဝစနံ- စကားကို၊ တိတိက္ခိတုံ- သည်းခံခြင်းငှာ၊ သက္ကာ- တတ်နိုင်၏၊ ဟီနဿ- ယုတ်သော သူ၏၊ ဝစော- စကားကို၊ ကထံနုကေနကာရဏေန- အဘယ်အကြောင်းကြောင့်၊ ခမေထ- သည်းခံနိုင်ရာသနည်း၊ ဧတမတ္ထံ- ထိုမေးအပ်သော အနက်ကို မေ- အကျွန်ုပ်အား၊ အက္ခာဟိ- ဖြေတော်မူလော။

(တဿ- ထိုသိကြားမင်း၏၊ ပဉှံ- အမေးကို၊ ကထေန္တော- ဖြေဆိုလိုသော၊) သရဘင်္ဂေါ- သရဘင်္ဂဆရာသည်။ "ဘယာ ဟိ သေဋ္ဌဿ (ပ) ဥတ္တမမာဟု သန္တော"တိ- "ဘယာ ဟိ သေဋ္ဌဿ (ပ) ဥတ္တမမာဟု သန္တော"ဟူသော၊ (ဂါထံ- ဂါထာကို၊) အာဟ- ဆိုပြီ။

(၆၆) ဒေဝါနမိန္ဒ- နတ်တို့ကို အစိုးရသော သိကြားမင်၊ ဣဓ- ဤ လောက၌၊ သေဋ္ဌဿ- ကိုယ်ထက်မြတ်သော သူ၏၊ ဝစော- စကားကို၊ ဘယာဟိ- ကြောက်ခြင်းကြောင့်သာလျှင်၊ ခမေထ- သည်းခံလေရာ၏၊ သဒိသဿ- ကိုယ်နှင့်တူသော သူ၏၊ ဝစော- စကားကို၊ သာရမ္ဘဟေတု- ချုပ်ချယ်ခြင်း၌ အပြစ်ကိုမြင်ခြင်းကြောင့်၊ ခမေထ- သည်းခံလေရာ၏၊ ဟီနဿ- ယုတ်သော သူ၏၊ ဝစော- စကားကို၊ ယောဓ- အကြင် သူသည်ကား၊ ခမေထ- သည်းခံရာ၏၊ တံ- ထိုသို့ယုတ်သောသူ၏ စကားကိုသည်းခံခြင်းကို၊ ဥတ္တမံ- မြတ်သော၊ ခန္တိံ- သည်းခံခြင်းမည်၏ဟူ၍၊ သန္တော- ရှေးပညာရှိဖြစ်ကုန်သော သူတော်ကောင်းတို့သည်၊ အာဟု- ဆိုတော်မူကုန်၏။

ဧဝမာဒီနံ- ဤသို့အစရှိကုန်သော၊ ဂါထာနံ- ဂါထာတို့၏၊ ဝစနပ္ပဋိဝစနဝသေန- စကားဆိုခြင်း, စကားတုံ့ဆိုခြင်း၏ အစွမ်းဖြင့်၊ သမ္ဗန္ဓော- အဆက် အစပ်ကို၊ ဝေဒိတဗ္ဗော- သိအပ်၏။

တတ္ထ- ထိုသက္ကာ ဥဘိန္နံစသော ဂါထာတို့၌၊ အက္ခာဟိ မေတိ- အက္ခာဟိ မေ ဟူသည်ကား၊ ကောဏ္ဍည- ကောဏ္ဍညအနွယ်ဖြစ်သော၊ ဘန္တေ- အရှင်ရသေ့၊ တုမှေဟိ- အရှင်ဘုရားတို့သည်၊ ဒွေ- နှစ်ပါးကုန်သော၊ ပဉှာ- ပြဿနာတို့ကို၊ သုကထိတာ- ကောင်းစွာ ဖြေဆိုအပ်ကုန်ပြီ၊ ဧကော- တစ်ခုသော ပဉှာသည်၊ မေ- ငါ၏၊ စိတ္တံ- စိတ်ကို၊ န ဂဏှာတိ- မယူနိုင်၊ အတ္တနော- မိမိအောက်၊ ဟီနတရဿ- ယုတ်ညံ့သော သူ၏၊ ဝစနံ- စကားကို၊ ကထံ- အသို့လျှင်၊ အဓိဝါသေတုံ- သည်းခံခြင်းငှာ၊ သက္ကာ- တတ်နိုင်ပါအံ့နည်း၊ တံ- ထိုပြဿနာကို၊ မမ- ငါ့အား၊ အက္ခာဟိ- ဖြေလော့၊ ဣတိ- ဤသို့၊ ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍၊ ဧဝံ- ဤသက္ကာစသော ဂါထာကို၊ အာဟ- ဆိုပြီ၊ ဧတံ ခန္တိန္တိ- ဧတံ ခန္တိံဟူသည်ကား၊ ဇာတိဂေါတ္တာဒိ ဟီနဿ- ဇာတ်အနွယ်အစရှိသည်အားဖြင့် ယုတ်ညံ့သော သူ၏၊ ဝစနံ- စကားကို၊ ယံဧတံခမနံ- အကြင် သည်းခံခြင်းသည်၊ (အတ္ထိ- ရှိ၏၊) ဧတံ ခန္တိံ- ဤသည်းခံခြင်းကို၊ ဥတ္တမန္တိ- မြတ်၏ဟူ၍၊ ပေါရာဏကပဏ္ဍိတာ- ရှေးပညာရှိတို့သည်၊ ဝဒန္တိ- ဆိုကြကုန်၏၊ ပန- ဆက်၍ဆိုဦးအံ့၊ ဇာတိအာဒီဟိ- ဇာတ်အစရှိ သည်တို့ဖြင့်၊ သေဋ္ဌဿ- မြတ်သော ပုဂ္ဂိုလ်၏၊ (ဝစနံ- စကားကို၊) ဘယေန- ကြောက်သဖြင့်၊ ယံ ဧတံ(ခမနံ)- အကြင် သည်းခံခြင်းသည်၊ (အတ္ထိ- ရှိ၏၊) (ဇာတိအာဒီဟိ- ဇာတ်အစရှိသည်တို့ဖြင့်၊) သဒိသဿ- တူသောပုဂ္ဂိုလ်၏၊ (ဝစနံ- စကားကို၊) ကရဏုတ္တရိယလက္ခဏေ- ပြုသင့်သည်ထက် အလွန်အကျွံပြုခြင်း လက္ခဏာရှိသော၊ သာရမ္ဘေ- ချုပ်ချယ်ခြင်း၌၊ အာဒီနဝဒဿနေန- အပြစ်ကို မြင်ခြင်းကြောင့်၊ ယံဧတံ ခမနံ- အကြင် သည်းခံခြင်းသည်၊ (အတ္ထိ- ရှိ၏၊) ဧသာ- ဤသည်းခံခြင်းသည်၊ အဓိဝါသနခန္တိ နာမ- အဓိဝါသနခန္တိ မည်သည်၊ န- မဖြစ်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့၊ ဝုတ္တေ- ဖြေဆိုအပ်သည်ရှိသော်၊ သက္ကော- သိကြားမင်းသည်၊ မဟာသတ္တံ- ဘုရားလောင်း သရဘင်္ဂဆရာရှင်ရသေ့ကို၊ "ဘန္တေ- ရှင်ဘုရားတို့၊ ပဌမံ- ရှေးဦးစွာ၊ တုမှေ- ရှင်ဘုရားတို့သည်၊ 'သဗ္ဗေသံ- ခပ်သိမ်းသော သူတို့၏၊ ဖရုသံ- ကြမ်းကြုတ်စွာသော၊ ဝုတ္တံ- ဆိုအပ်သောစကားကို၊ ခမေထ- သည်းခံကုန်ရာ၏၊ ဧတံ ခန္တိံ- ထိုသို့သည်းခံခြင်းကို၊ ဥတ္တမံ- မြတ်သော သည်းခံခြင်းဟူ၍၊ သန္တော- သူတော်ကောင်းဖြစ်ကြကုန်သော ရှေးပညာရှိတို့သည်၊ အာဟု- ဆိုတော်မူကုန်ပြီ' ဣတိ- ဤသို့၊ ဝတွာ- ဆိုပြီး၍၊ ဣဒါနိ- ယခုအခါ၌၊ ဣဓ- ဤကြမ်းတမ်းသော စကားကိုဆိုရာ၌၊ ယောစ- အကြင်သူသည်ကား၊ ဟီနဿ- ယုတ်ညံ့သော သူ၏၊

ဝစော- စကားကို၊ ခမေထ- သည်းခံရာ၏၊ ဧတံခန္တိံ- ထိုသို့သည်းခံခြင်းကို၊ ဥတ္တမံ- မြတ်သော သည်းခံခြင်းဟူ၍၊ သန္တော- ရှေးပညာရှိ သူတော်ကောင်းတို့သည်၊ အာဟု- ဆိုတော်မူပြန်ကုန်ပြီ' ဣတိ- ဤသို့၊ ဝဒထ- ဆိုကုန်၏၊ ဝေါ- အရှင်ဘုရားတို့၏၊ ပုရိမေန- ရှေးစကားနှင့်၊ ပစ္ဆိမံ- နောက်စကားသည်၊ န သမေတိ- မညီပါ၊" ဣတိ- ဤသို့၊ အာဟ- လျှောက်ကြားပြီ၊ အထ- ထိုသို့ မေးလျှောက်သောအခါ၌၊ နံ- ထိုသိကြားမင်းကို၊ မဟာသတ္တော- ဘုရားလောင်း သရဘင်္ဂရှင်ရသေ့သည်၊ "သက္က- သိကြားမင်း၊ ပစ္ဆိမံ- နောက်စကားကို၊ မယာ- ငါသည်၊ 'အယံ- ဤသူသည်၊ ဟီနော- ယုတ်၏၊' ဣတိ- ဤသို့၊ ဥ_တွာ- သိ၍၊ ဖရုသဝစနံ- ကြမ်းကြုတ်သော စကားကို၊ အဓိဝါသေန္တဿ- သည်းခံသော သူ၏၊ ဝသေန- အစွမ်းအားဖြင့်၊ ဝုတ္တံ- ဆိုအပ်ပြီ၊ ယသ္မာပန- အကြင် အကျင့်ကြောင့်ကား၊ ရူပဒဿနမတ္တေန- ရုပ်အဆင်းကို မြင်ကာမျှဖြင့်၊ သတ္တာနံ- သတ္တဝါတို့၏၊ သေဋ္ဌာ ဒိဘာဝေါ- အမြတ်အစရှိသည်၏ အဖြစ်ကို၊ ဉာတုံ- သိခြင်းငှါ၊ န သက္ကာ- မတတ်ကောင်း၊ တသ္မာ- ထိုကြောင့်၊ ပုရိမံ- ရှေးစကားကို၊ ဝုတ္တံ- ဆိုအပ်ပြီ" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ သတ္တာနံ- သတ္တဝါတို့၏၊ သံဝါသာ- ပေါင်းဖော်ရခြင်းကို၊ အညတြ- ကြဉ်ထား၍၊ ရူပဒဿနမတ္တေန- ရုပ်အဆင်းကို မြင်ကာမျှဖြင့်၊ သေဋ္ဌာဒိဘာဝဿ- အမြတ်အစရှိသည်၏ အဖြစ်၏၊ ဒုဝိညေယျတံ- သိနိုင်ခဲသည်၏ အဖြစ်ကို၊ ပကာသေန္တော- ထင်ရှားပြလိုသည်ဖြစ်၍။ "ကထံ ဝိဇညာ စတုပတ္ထရူပံ၊ (ပ) ဝစော ခမေထ"တိ- "ကထံ ဝိဇညာ စတုပတ္ထရူပံ၊ (ပ) ဝစော ခမေထ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၆၇) သက္က- သိကြားမင်း၊ [စတုပတ္ထရူပံ(စတုမတ္တရူပံ)]- လေးပါးသော ဣရိယာပုထ်တို့ဖြင့် ဖုံးလွှမ်းအပ်သော သဘောရှိသော၊ သေဋ္ဌံဝါ- ကိုယ်ထက် မြတ်သောသူကိုလည်းကောင်း၊ သရိက္ခံဝါ- ကိုယ်နှင့်တူသော သူကိုလည်း ကောင်း၊ အထ- ထိုမှတစ်ပါး၊ ဟီနံဝါပိ- ကိုယ်အောက်ယုတ်သော သူကို လည်းကောင်း၊ ကထံဝိဇညာ- အဘယ်သို့ သိနိုင်ရာအံ့နည်း၊ ဝိရူပရူပေန- ယုတ်မာသောသူတို့၏အသွင်ဖြင့်၊ သန္တော- သူတော်ကောင်းတို့သည်၊ စရန္တိ- သွားတတ်ကုန်၏၊ တသ္မာဟိ- ထိုကြောင့်သာလျှင်၊ သဗ္ဗေသံ- ခပ်သိမ်းကုန်သော သူတို့၏၊ ဝစော- စကားကို၊ ခမေထ- သည်းခံရာ၏။

တတ္ထ- ထိုကထံ ဝိဇ္ဇာစသော ဂါထာ၌၊ **စတုပတ္ထရူပန္တိ-** စတုပတ္ထရူပံဟူသည်ကား၊* စတူဟိ- လေးပါးကုန်သော၊ ဣရိယာပထေဟိ- ဣရိယာပုထ်တို့ဖြင့်၊ **ပဋိစ္ဆန္နသဘာဝံ-** ဖုံးလွှမ်းအပ်သောသဘောရှိသော၊ ဝိရူပရူပေနာတိ- ဝိရူပရူပေနဟူသည်ကား၊ ဝိရူပါနံ- ဖောက်ပြန်သော အဆင်းရှိကုန်သော၊ လာမက ပုဂ္ဂလာနံ- ယုတ်ညံ့သောပုဂ္ဂိုလ်တို့၏၊ ရူပေန- အဆင်းဖြင့်၊ ဥတ္တမဂုဏာ- မြတ်သောဂုဏ်ရှိကုန်သော၊ သန္တောပိ- သူတော်ကောင်းတို့သည်လည်း၊ ဝိစရန္တိ- လှည့်လည်ကုန်၏၊ ပန- ဆက်၍ဆိုဦးအံ့၊ ဣမဿ္မိံ အတ္ထေ- ဤအနက်၌၊ မဇ္ဈန္တိကတ္ထေရဿ- မဇ္ဈန္တိက ထေရ်၏၊ ဝတ္ထု- ဝတ္ထုကို၊ ကထေတဗ္ဗံ- ဆိုအပ်၏။

တံ- ထိုသို့ဖြေဆိုသော ဘုရားလောင်း၏စကားကို၊ သုတွာ- ကြား၍၊ သက္ကော- သိကြားမင်းသည်၊ နိက္ကင်္ခေါ- ယုံမှားကင်းသည်၊ ဟုတွာ- ဖြစ်၍၊ "ဘန္တေ- အရှင်ဘုရား၊ နော- အကျွန်ုပ်တို့ကို၊ ဧတာယခန္တိယာ- ထိုသည်းခံခြင်း၏၊ အာနိသံသံ- အကျိုးကို၊ ကထေဟိ- ဟောတော်မူပါလော။" ဣတိ- ဤသို့ ယာစိ- တောင်းပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုသိကြားမင်းအား၊ မဟာသတ္တော- ဘုရားလောင်းသရဘင်္ဂရှင်ရသေ့သည်၊ (ခန္တိယာ- သည်းခံခြင်း၏၊ အတ္ထံ- အကျိုးကို၊ ကထေန္တော- ဟောလိုသည်ဖြစ်၍။ "န ဟေတမတ္ထံ (ပ) ခန္တိဗလဿူ' ပသမန္တိဝေရာ" တိ- "န ဟေတမတ္ထံ (ပ) ခန္တိဗလဿူ' ပသမန္တိဝေရာ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၆၈) သက္က- သိကြားမင်း၊ [ခန္တီ(ခန္တိ)]ဗလဿ ခန္တိဗလေန- သည်းခံခြင်း အာနုဘော်ကြောင့်၊ ဝေရာ- ရန်တို့သည်၊ ဥပသမန္တိ- ငြိမ်းကုန်၏၊ ယံ- အကြင် ရန်သူငြိမ်းခြင်းတည်းဟူသော အကျိုးကို၊ ခန္တိမာ- သည်းခံခြင်းရှိသော၊ သပ္ပုရိသော- သူတော်ကောင်းသည်သာလျှင်၊ လဘေထ- ရရာ၏၊ ဧတံအတ္ထံ- ထိုရန်ငြိမ်းခြင်းတည်းဟူသော အကျိုးကို၊ သရာဇိကာ- မင်းနှင့်တကွသော၊ ယုဒ္ဓမာနာ- စစ်ထိုးသော၊ မဟတီ- များစွာသော၊ သေနာပိ- စစ်သည်သည်လည်း၊ နလဘေ- မရရာ။

---

*စတုပတ္ထရူပံ= စတုမတ္တရူပံ-ဟူ၍လည်းကောင်း- စတုမဋ္ဌရူပံ-ဟူ၍လည်းကောင်း ပါဌ်ကွဲရှိ၏၊ စတုရ်+ပထ+ရူပ- ဟုပုဒ်ခွဲ၊ ရှေ့-ရ် ဗျည်းကို ပ-ပြု၊ ပထ-သဒ္ဒါနည်းလမ်းကို ဟော၏၊ လျောင်း ထိုင် ရပ် သွား ဟူသော နေထိုင်နည်းလေးမျိုးတို့ဖြင့် ဖုံးလွှမ်းအပ်သော သဘောဟု ဆိုလိုသည်၊ ဤအလို စတုပ္ပထရူပဟု ရှိမှကောင်းသည်၊ ပဒ-ဓာတ်၊ တ-ပစ္စည်းဖြင့် ပတ္ထဟု ပုဒ်ပြီးကြသည်လည်းရှိ၏၊ အဖို့ အစုဟူသော အနက်ကိုဟော၏။

တတ္ထ- ထိုနပေတမတ္တစသော ဂါထာ၌၊ တေမတ္တန္တိ- တေမတ္တံဟူသည်ကား၊ ဝေရဝူပသမနိပ္ပဋိယသဘာဝသင်္ခါတံ- ရန်ငြိမ်းခြင်း အမျက်ဒေါသမရှိခြင်းသဘောဟု ဆိုအပ်သော၊ ဧတံ အတ္ထံ- ဤအကျိုးတရားကို။

ဧဝံ- ဤသို့ မဟာသတ္တေန- ဘုရားလောင်းသည်၊ ခန္တိဂုဏေ- သည်းခံခြင်း ကျေးဇူးကို၊ ကထိတေ- ဟောအပ်သည်ရှိသော်၊ တေ ရာဇာနော- ထိုလူမင်းသုံးပါး တို့သည်၊ "သက္ကော- သိကြားမင်းသည်၊ အတ္တနော- မိမိ၏၊ ပဥ္စေ- ပြဿနာတို့ကို သာလျှင်၊ ပုစ္ဆတိ- မေး၏၊ အမှာကံ- ငါတို့၏၊ ပုစ္ဆနောကာသံ- မေးခြင်း၏အခွင့်ကို၊ နဒဿတိ- မပေးလတ္တံ့" ဣတိ- ဤသို့ စိန္တယိံသု- ကြံကြကုန်ပြီ၊ အထ- ထိုအခါ၌၊ နေသံ- ထိုလူမင်းသုံးပါးတို့၏၊ အဇ္ဈာသယံ- အလိုကို၊ ဝိဒိတွာ- သိ၍၊ သက္ကော- သိကြားမင်းသည်၊ အတ္တနာ- မိမိသည်၊ အဘိသင်္ခတေ- စီရင်အပ်ကုန်သော၊ စတ္တာရော- လေးပါးကုန်သော၊ ပဥ္စေ- ပြဿနာတို့ကို၊ ဌပေတွာဝ- ထား၍သာလျှင်၊ တေသံ- ထိုလူမင်းသုံးပါးတို့၏၊ ကင်္ခိ- လိုအပ်သောပြဿနာကို၊ ပုစ္ဆန္တော- မေးလို သည်ဖြစ်၍။ "သုဘာသိတံ တေ (ပ) ဝိဟေဌကာ"တိ- "သုဘာသိတံ တေ (ပ) ဝိဟေဌကာ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၆၉) ကောဏ္ဍည- ကောဏ္ဍညအနွယ်ဖြစ်သော ရှင်ရသေ့၊ တေတာဝ- အရှင်ဘုရား၏၊ သုဘာသိတံ- ကောင်းစွာ ဖြေဆိုအပ်သော စကားတော်ကို၊ အနုမောဒိယာန- ဝမ်းမြောက်ပြီး၍၊ အညံ- တစ်ပါးသော ပြဿနာကို၊ အဟံ- အကျွန်ုပ်သည်၊ တံ- အရှင်ဘုရားကို၊ ပုစ္ဆာမိ- မေးပါအံ့၊ တံ- အရှင်ဘုရားကို၊ ဣယ်- တိုက်တွန်းပါ၏၊ ဗြူဟိ- ဖြေဆိုတော်မူပါလော၊ ဒဏ္ဍကီ- ဒဏ္ဍကီမင်း လည်းကောင်း၊ နာဠိကေရော- နာဠိကေရမင်းလည်းကောင်း၊ အထ- ထိုမှတစ်ပါး၊ အဇ္ဇုနော စ- အဇ္ဇုနမင်းလည်းကောင်း၊ ကလာဗုရာဇာ စ- ကလာဗုမင်းလည်းကောင်း၊ ဣတိ- ဤသို့ ယထာယေစတ္တာရော ရာဇာနော- အကြင်မင်းလေးပါးတို့သည်၊ အဟုံ- ဖြစ်ကုန်ပြီ သုပါပကမ္မိနံ- အလွန်ကြီးမား သော မကောင်းမှုရှိကုန်သော၊ တေသံစတုန္နံရာဇူနံ- ထိုမင်းလေးပါးတို့၏၊ ဂတိံ- လားရာကို၊ ဗြူဟိ- ဖြေတော်မူလော၊ [ဣသိနံ(ဣသီနံ)]- ရသေ့တို့ကို၊ [ဝိဟေဌကာ (ဝိဟေဌကာ)]- နှိပ်စက်ညှဉ်းဆဲတတ်ကုန်သော မင်းလေးပါး တို့သည်၊ ကတ္ထ- အဘယ်အရပ်၌၊ ဥပပန္နာ- ဖြစ်ကုန်သနည်း။

တတ္ထ- ထိုသုဘာသိတံစသော ဂါထာ၌၊ **အနုမောဒိယာနာတိ-** အနုမောဒိယာနဟူသည်ကား၊ မယာ- ငါသည်၊ ပုဋ္ဌာနံ- မေးအပ်ကုန်သော၊ တိဏ္ဏံ- သုံးပါးကုန်သော၊ ပဥှာနံ- ပြဿနာတို့ကို၊ ဝိဿဇ္ဇနသင်္ခါတံ- ဖြေဆိုခြင်းဟု ဆိုအပ်သော၊ တဝ- သင်၏၊ သုဘာသိတံ- ကောင်းစွာ ဆိုအပ်သော၊ ဣဒံ- ဤစကားကို၊ အနုမောဒိတွာ- ဝမ်းမြောက်၍၊ ယထာ အဟုန္တိ- ယထာအဟုံဟူသည်ကား၊ စတ္တာရော- လေးယောက်ကုန်သော၊ ဇနာ- လူတို့သည်၊ အဟေသုံယထာ- ဖြစ်ကုန်သကဲ့သို့၊ ကလာဗု စာတိ- ကလာဗုစဟူသည်ကား၊ ကလာဗုရာဇာ စ- ကလာဗုမင်းလည်းကောင်း၊ **အထဇ္ဇုနောတိ-** အထဇ္ဇုနောဟူသည်ကား၊ အထ- ထို့ပြင်၊ အဇ္ဇုနရာဇာ- အဇ္ဇုနမင်းလည်းကောင်း။

အထ- ထိုအခါ၌၊ အဿ- ထိုသိကြားမင်းအား၊ ဝိဿဇ္ဇေန္တော- ဖြေဆိုတော်မူလိုသော၊ မဟာသတ္တော- ဘုရားလောင်း သရဘင်္ဂရှင်ရသေ့သည်၊ "ကိသံ ဟိ ဝစ္ဆံ (ပ) သဂ္ဂမုပေတိ ဌာန"န္တိ- "ကိသံ ဟိ ဝစ္ဆံ (ပ) သဂ္ဂမုပေတိ ဌာနံ"- ဟူကုန်သော၊ ပဉ္စ- ငါးခုကုန်သော၊ ဂါထာယော- ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

(၇၀) သက္က- သိကြားမင်း၊ ဒဏ္ဍကီ- ဒဏ္ဍကီမင်းသည်၊ ကိသံ- ကြုံလှီသော ကိုယ်ရှိသော၊ ဝစ္ဆံ- ဝစ္ဆရှင်ရသေ့ကို၊ အဝကိရိယ- တံတွေး ဒန်ပူဖတ်တို့ဖြင့် သွန်းလောင်း၍၊ သဇနော- အခြံအရံနှင့်တကွ၊ သရဋ္ဌော- တိုင်းနှင့် တကွ၊ ဉစ္ဆိန္နမူလော- ပြတ်သော အမြစ်ရှိသည်ဖြစ်၍၊ ကုက္ကုဠနာမေ- နိရယမှီပြာပူရှိသောကြောင့် ကုက္ကုဠအမည်ရှိသော ငရဲ၌၊ [ပစ္စတိ (ပစတိ)]- ခံရ၏၊ တဿ- ထိုဒဏ္ဍကီမင်း၏၊ ကာယေ- ကိုယ်ပေါ်၌၊ [ဖုလိင်္ဂါနိ(ဖုလ္လိင်္ဂါနိ)]- မီးပေါက်မီးပွားတို့သည်၊ ပတန္တိ- ကျကုန်၏။

(၇၁) သက္က- သိကြားမင်း၊ ယောနာဠိကေရော- အကြင်နာဠိကေရမင်းသည်၊ သညတေ- ကာယဒွါရအစရှိသည်တို့ကို ကောင်းစွာ စောင့်ရှောက်အပ်ကုန်ထသော၊ ဓမ္မံ- ကုသိုလ်ကမ္မပထတရားဆယ်ပါးကို၊ ဘဏန္တေ- ဟောတတ်ကုန်သော၊ သမဏေ- ကိလေသာတို့ကို ငြိမ်းစေတတ်ကုန်သော၊ အဒူသကေ- အပြစ်မရှိကုန်သော၊ ပဗ္ဗဇိတေ- ရဟန်းတို့ကို၊ [အဟေဌယိ(အဆေဒယိ)]- သတ်ဖြတ်ညှဉ်းဆဲ၏၊ တံနာဠိကေရံ- ထိုနာဠိကေရမင်းကို၊ ပရတ္ထ- တမလွန်ဘဝ၌၊ သုနခါ- ငရဲခွေးတို့သည်၊ [သင်္ဂမ္မ(သံဂမ္မ)]- အညီအညွတ် လာလတ်ကုန်၍၊ ဝိဖန္ဒမာနံ- လွန့်လျက် တုန်ယင်စဉ်၊ ခါဒန္တိ- ခဲကုန်၏။

(၇၂) သက္က- သိကြားမင်း၊ အထ- ထိုမှတစ်ပါး၊ အဇ္ဈနော- အဇ္ဈုနမင်း သည်၊ ဂေါတမံ- ဂေါတမအနွယ်ဖြစ်သော၊ ခန္တိံ- သည်းခံခြင်းရှိသော၊ တပဿိံ- မြိုးခြိုသော အကျင့်ရှိသော၊ စိရပြဗ္ဗာစာရိံ- ကြာမြင့်စွာမြတ်သော အကျင့်ကို ကျင့်လေ့ရှိသော၊ အင်္ဂီရသံ- အင်္ဂီရသရှင်ရသေ့ကို၊ [ဟေဌယိတွာ (ပေါထယိတွာ)]- ညှဉ်းဆဲနှိပ်စက်၍၊ သတ္တိသူလေ- လှံတံကျင်ရှိသော၊ နိရယေ- ငရဲ၌၊ ဥဒ္ဒပါဒေါ- ခြေကားမိုးမျှော်၊ အဝံသိရော- ဦးခေါင်းစောက်ထိုး၊ ပတိတော- ကျ၏။

(၇၃) သက္က- သိကြားမင်း၊ ယောရာဇာ- အကြင်ကလာဗုမင်းသည်၊ သမဏံ- ကိလေသာကို ငြိမ်းစေတတ်သော၊ အဒူသကံ- အပြစ်မရှိသော၊ [ခန္တိဝဒန္တံ (ခန္တီဝဒန္တံ)]- ခန္တီဝါဒီအမည်ရှိသော၊ ပဗ္ဗဇိတံ- ရသေ့ရဟန်းကို၊ ခဏ္ဍသော- အပိုင်းအပိုင်း၊ အဆေဒယိ- ဖြတ်၏၊ သောကာလဗု- ထိုကာလာဗုမင်းသည်၊ မဟာပတာပံ- ပြင်းစွာသော ပူပန်ခြင်းရှိသော၊ ကဋုကံ- ပြင်းထန်သော ဝေဒနာရှိသော၊ ဘယာနကံ- ကြောက်မက်ဖွယ်ရှိသော၊ အဝီစိံ- အဝီစိငရဲ၌၊ ဥပပန္န- ဖြစ်၍၊ ပစ္စတိ- ခံရ၏။

(၇၄) သက္က- သိကြားမင်း၊ တောနိနိရယာနိ- ထိုငရဲတို့ကိုလည်း ကောင်း၊ ဧတ္ထဇေတေဟိနိရယေဟိ- ထိုငရဲတို့ထက်၊ ပါပိဋ္ဌတရာနိ- အလွန် ယုတ်မာကုန် သော၊ အညာနိစ- တစ်ပါးသော ငရဲတို့ကိုလည်းကောင်း၊ သုတွာ- ကြား၍၊ ပဏ္ဍိတော- ပညာရှိသော သူသည်၊ သမဏဗြာဟ္မဏေ- သု- ရဟန်းပုဏ္ဏားတို့၌၊ ဓမ္မံ- တရားကို၊ စရေ- ကျင့်ရာ၏၊ ဧဝံကရော- ဤသို့ တရားကိုကျင့်သော သူသည်၊ [သဂ္ဂဋ္ဌာနံ(သဂ္ဂဋ္ဌာနံ)]- နတ်ပြည်အရပ်သို့၊ ဥပေတိ- ရောက်၏။

တတ္ထ- ထိုကိုသဒ္ဒိစသော ဂါထာတို့၌၊ ကိသင္တိ- ကိသံဟူသည်ကား၊ အပ္ပမံသလောဟိတတ္တာ- အသားအသွေးနည်းသည်၏အဖြစ်ကြောင့်၊ ကိသသရီရံ- ပိန်သောကိုယ်ရှိသော၊ **အဝကိရိယာတိ**- အဝကိရိယဟူသည်ကား၊ အဝကိရိတွာ- ကြဲချ၍၊ နိဋ္ဌုဘနဒန္တကဋ္ဌပါတနေန- တံထွေးထွေးခြင်း ဒန်ပူပစ်ခြင်းဖြင့်၊ တဿ- ထိုရသေ့၏၊ သရီရေ- ကိုယ်၌၊ ကလိံ- အညစ်အကြေးကို၊ ပဝါဟေတွာ- မျှောချ၍။ **ဥစ္ဆိန္နမူလောတိ**- ဥစ္ဆိန္နမူလဟူသည်ကား၊ ဥစ္ဆိန္နမူလော- ပြတ်သောအမြစ်ရှိသည်၊ ဟုတွာ- ဖြစ်၍၊ သဇနောတိ- သဇနောဟူသည်ကား၊ သပရိသော- ပရိသတ်နှင့် တကွ၊ **ကုက္ကုဠနာမေ နိရယမှီတိ**- ကုက္ကုဠနာမေ နိရယမှိဟူသည်ကား၊ ယောဇနသတပ္ပမာဏေ- ယူဇနာတစ်ရာအတိုင်းအရှည်ရှိသော၊ ကပ္ပသဏ္ဍိတေ- ကမ္ဘာပတ်လုံးတည်သော၊

ဥဏှာဆာရိကာနိရယေ- ပြာပူငရဲ၌၊ ဖုလိင်္ဂါနီတိ- ဖုလိင်္ဂါနိ ဟူသည်ကား၊ ဝီတစ္စိတင်္ဂါရာ- အလျှံကင်းသောမီးကျီးတို့သည်၊ ကိရ- ချဲ့၍ဆိုဦးအံ့၊ တတ္ထ ဥဏှာကုက္ကုဠေ- ထိုပြာပူငရဲ၌၊ နိမုဂ္ဂဿ- နစ်မြုပ်သော၊ တဿ- ထိုငရဲသား၏၊ နဝဟိ- ကိုးခုကုန်သော၊ ဝဏမုခေဟိ- အမာဝတို့မှ၊ ဥဏှာ- ပူသော၊ ဆာရိကာ- ပြာတို့သည်၊ ပဝိသန္တိ- ဝင်ကုန်၏၊ သီသေ- ဦးခေါင်း၌၊ မဟန္တမဟန္တာ- အလွန့်အလွန်ကြီးကုန်သော၊ အင်္ဂါရာ- မီးကျီးတို့သည်၊ ပတန္တိ- ကျကုန်၏၊ ပန- ဆက်ဦးအံ့၊ တေသံ- ထိုမီးကျီးတို့၏၊ ပတနကာလေ- ကျရာအခါ၌၊ သကလသရီရံ- အလုံးစုံသောကိုယ်သည်၊ ဒီပရုက္ခော ဝိယ- မီးတောက်သော သစ်ပင်ကဲ့သို့ ဇလတိ- တောက်လောင်၏၊ ဗလဝဝေဒနာ- ပြင်းစွာသော ဝေဒနာတို့သည်၊ ဝတ္တန္တိ- ဖြစ်ကုန်၏၊ သော- ထိုငရဲသားသည်၊ အဓိဝါသေတုံ- သည်းခံခြင်းငှာ၊ အသက္ကောန္တော- မတတ်နိုင်သည်ဖြစ်၍၊ မဟာဝိရဝံ- ကျယ်လောင်သော မြည်တမ်းခြင်းကို၊ ရဝတိ- မြည်တမ်း၏၊ သရဘင်္ဂသတ္ထာ- သရဘင်္ဂဆရာသည်၊ ပထဝိံ- မြေကြီးကို၊ ဘိန္ဒိကာ- ခွဲ၍၊ တံ- ထိုငရဲသားကို၊ တတ္ထ- ထိုငရဲပြည်၌၊ တထာပစ္စမာနံ- ထိုသို့ဆိုသည့်အတိုင်း လောင်ကျွမ်း၍နေသည်ကို၊ ဒဿေသိ- ပြခဲ့ပြီ၊ မဟာဇနော- လူများအပေါင်းသည်၊ ဘယသန္တာသံ- ကြောက်လန့်ခြင်းသို့၊ အာပဇ္ဇိ- ရောက်ခဲ့ပြီ၊ တဿ- ထိုလူအပေါင်း၏၊ အတိဝိယ- အလွန်လျှင်၊ ဘီတဘာဝံ- ကြောက်သည်၏ အဖြစ်ကို၊ ဉတွာ- သိ၍၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ တံ နိရယံ- ထိုပြာပူငရဲကို၊ အန္တရဓာပေသိ- ကွယ်ပျောက်စေခဲ့ပြီ။

ဓမ္မံ ဘဏန္တေတိ- ဓမ္မံ ဘဏန္တေဟူသည်ကား၊ ဒသကုသလကမ္မပထဓမ္မံ- ဆယ်ပါးသောကုသိုလ် ကမ္မပထတရားကို၊ ဘာသန္တေ- ဟောတတ်ကုန်သော၊ သမဏေတိ- သမဏေဟူသည်ကား၊ သမိတပါပေ- ငြိမ်းစေအပ်ပြီးသော မကောင်းမှု ရှိကုန်သော၊ အဒူသကေတိ- အဒူသကေဟူသည်ကား၊ နိရပရာဓေ- ကင်းသော အပြစ်ရှိကုန်သော၊ နာဠိကေရန္တိ- နာဠိကေရံဟူသည်ကား၊ ဧဝံနာမကံ- ဤသို့ နာဠိကေရအမည်ရှိသော၊ ရာဇာနံ- မင်းကို၊ ပရတ္ထာတိ- ပရတ္ထဟူသည်ကား၊ ပရလောကေ- တမလွန်လောကဖြစ်သော၊ နိရယေ- ငရဲ၌၊ နိဗ္ဗတ္တံ- ဖြစ်သော၊ သင်္ဂမ္မာတိ- သင်္ဂမ္မဟူသည်ကား၊ က္ကတော စိတော စ- ဤမှ ထိုမှလည်း၊ သမာဂန္တွာ- လာ၍၊ ဆိန္ဒိတွာ- ဖြတ်၍၊ မဟန္တမဟန္တာ- ကြီးကုန်ကြီးကုန်သော၊ သုနခါ- ခွေးတို့သည်၊ ခါဒန္တိ- ခဲစားကုန်၏။

ကိရ- တစ်ဆင့်စကားကြားဖူးသည်ကား၊ တသ္မိံ ကလိင်္ဂရဋ္ဌေ- ထိုကလိင်္ဂ တိုင်း၌၊ ဒန္တပုရနဂရေ- ဒန္တပုရမြို့၌၊ နာဠိကေရေနာမ- နာဠိကေရအမည်ရှိသော၊ ရညော- မင်းကို၊ ရဋ္ဌံ- မင်းအဖြစ်ကို၊ ကာရယမာနေ- ပြုစေအပ်သည်ရှိသော်၊ ဧကော- တစ်ယောက်သော၊ မဟာတာပသော- ရသေ့ကြီးသည်၊ ပဉ္စသတတာပသ- ပရိဝုတော- ငါးရာကုန်သောရသေ့တို့သည် ခြံရံအပ်သည်ဖြစ်၍၊ ဟိမဝန္တာ- ဟိမဝန္တာတောမှ၊ အာဂမ္မ- ရောက်လာ၍၊ ရာဇုယျာနေ- မင်း၏ဥယျာဉ်၌၊ ဝါသံ- နေခြင်းကို၊ ကပ္ပေတွာ- ပြု၍၊ မဟာဇနဿ- များစွာသော လူအပေါင်းအား၊ ဓမ္မံ- တရားကို၊ ဒေသေသိ- ဟောကြားပြီ၊ "ဓမ္မိကတာပသော- တရားကျင့်သော ရသေ့သည်၊ ဥယျာနေ- ဥယျာဉ်၌၊ ဝသတိ- နေ၏၊" ဣတိ- ဤသို့ ရညောပိ- မင်းအားလည်း၊ အာရောစယိံသု- လျှောက်ကြားကုန်ပြီ၊ အဓမ္မိကော- တရားမရှိသော၊ ရာဇာပန- မင်းသည်ကား၊ အဓမ္မေန- မတရားသဖြင့်၊ ရဇ္ဇံ- တိုင်းပြည်ကို၊ ကာရေသိ- အုပ်ချုပ်ပြီ၊ သော- ထိုတရားမစောင့်သော မင်းသည်၊ အမစ္စေသု- အမတ်တို့သည်၊ တာပသံ- ရသေ့ကို၊ ပသံသန္တေသု- ချီးမွမ်းကုန်သည်ရှိသော်၊ "အဟမ္ပိ- ငါသည်လည်း၊ ဓမ္မံ- တရားကို၊ သုဏိဿာမိ- နာကြားအံ့၊" ဣတိ- ဤသို့ ဥယျာနံ- ဥယျာဉ်သို့ ဂန္တွာ- သွား၍၊ တာပသံ- ရသေ့ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ နိသီဒိ- ထိုင်နေပြီ၊ တာပသော- ရသေ့သည်၊ ရညာ- မင်းနှင့်၊ သဒ္ဓိံ- အတူတကွ၊ ပဋိသန္ထာရံ- ပျူငှာသော လောကဝတ်ပြုခြင်းကို၊ ကရောန္တော- ပြုလျက်၊ "မဟာရာဇ- မင်းကြီး၊ ဓမ္မေန- တရားသဖြင့်၊ ရဇ္ဇံ- တိုင်းပြည်ကို၊ ကာရေသိကိံ- အုပ်ချုပ်သလော၊ ဇနံ- တိုင်းသူပြည်သားကို၊ န ပီဠေသိ- မညှဉ်းဆဲလင့်၊" ဣတိ- ဤသို့ အာဟ- ပြောဆိုဆုံးမပြီ၊ သော- ထိုနာဠိကေရမင်းသည်၊ တဿ- ထိုရသေ့အား၊ ကုဇ္ဈိတွာ- အမျက်ထွက်၍၊ "အယံ ကူဋဇဋိလော- ဤကောက်ကျစ်သော ရသေ့သည်၊ ဧတ္တကံ ကာလံ- ဤမျှလောက်သော ကာလပတ်လုံး၊ နာဂရာနံ- မြို့သူမြို့သားတို့၏၊ သန္တိကေ- အနီး၌၊ မမညေဝ- ငါ့ကိုသာလျှင်၊ အဂုဏံ- ကျေးဇူးမဲ့ကို၊ ကထေသိ မညေ- ပြောဆိုယောင်တကား၊ ဟောတု- ရှိပါစေ၊ ဇာနိဿာမိ- သိအံ့၊" ဣတိ- ဤသို့ စိန္တေတွာ- ကြံ၍၊ "သွေ- မနက်ဖြန်၊ အမှာကံ- ငါတို့၏၊ ယရဒွါရံ- အိမ်တံခါးသို့၊ အာဂစ္ဆေယျာထ- ကြွတော်မူကုန်လော၊" ဣတိ- ဤသို့ နိမန္တေတွာ- ပင့်ဖိတ်၍၊ ပုနဒိဝသေ- နောက်တစ်နေ့၌၊ ပုရာဏဂူထဿ- ဟောင်းသော မစင်ဖြင့်၊ စာဋိယော- အိုးစရည်းတို့ကို၊ ပရိပူရာပေတွာ- ပြည့်စေ၍၊ တာပသေသု- ရသေ့တို့သည်၊ အာဂတေသု- လာကုန်သည်ရှိသော်၊ တေသံ- ထိုရသေ့တို့၏၊ ဘိက္ခာဘာဇနာနိ-

ထမင်းခွက်တို့ကို၊ ဂူထဿ- မစင်ဖြင့်၊ ပူရာပေတွာ- ပြည့်စေ၍၊ ဒွါရံ- တံခါးကို၊ ပိဒဟာပေတွာ- ပိတ်စေ၍၊ မုသလာနိစ- ကျည်ပွေ့တို့ကိုလည်းကောင်း၊ လောဟဒဏ္ဍေစ- သံဒုတ်တို့ကိုလည်းကောင်း၊ ဂါဟာပေတွာ- ယူစေ၍၊ ဣသိနံ- ရသေ့တို့၏၊ သီသာနိ- ဦးခေါင်းတို့ကို၊ ဘိန္ဒာပေတွာ- ကွဲစေ၍၊ ဇဋာသု- ဆံကျစ်တို့၌၊ ဂါဟာပေတွာ- ယူစေ၍၊ ကမ္မာပေတွာ- ဆွဲငင်စေ၍၊ သုနခေဟိ- ခွေးတို့ဖြင့်၊ ခါဒါပေတွာ- ခဲစားစေ၍၊ တတ္ထေဝ- ထိုအရပ်၌ပင်၊ ဘိန္န- ကွဲသော၊ ပထဝိံ- မြေသို့၊ ပဝိသိတွာ- ဝင်၍၊ သုနခမဟာနိရယေ- ခွေးငရဲကြီး၌၊ နိဗ္ဗတ္တတိ- ဖြစ်၏၊ တတြ- ထိုခွေးငရဲကြီး၌၊ အဿ- ထိုနာဠိကေရမည်သော ငရဲသား၏၊ တိဂါဝုတပ္ပမာဏသရီရံ- သုံးဂါဝုတ် အတိုင်းအရှည်ရှိသော ကိုယ်ရှိသည်၊ အဟောသိ- ဖြစ်ပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုရှင်ဘုရင်ဖြစ်သော ငရဲသားကို၊ မဟန္တမဟန္တာ- အလွန်ကြီးကုန်သော၊ မဟာဟတ္ထိပ္ပမာဏာ- ဆင်ပြောင်ကြီး အတိုင်းအရှည်ရှိကုန်သော၊ ပဉ္စဝဏ္ဏာ- ငါးမျိုးကုန်သော အဆင်းအရောင်ရှိကုန်သော၊ သုနခါ- ခွေးတို့သည်၊ အနုဗန္ဓိတွာ- အစဉ်လိုက်ကုန်၍၊ ဍံသိတွာ- ကိုက်ကုန်၍၊ နဝယောဇနာယ- ကိုးယူဇနာရှိသော၊ ဇလိတအယပထဝိယာ- တောက်လောင်သော သံမြေ၌၊ ပါတေတွာ- ကျစေ၍၊ မုခပူရံ- ခံတွင်းပြည့်အောင်၊ လုဉ္စန္တာ- ဖြတ်ကုန်လျက်၊ ဝိပ္ဖန္ဒမာနံ- အထူးသဖြင့် တုန်လှုပ်စဉ်၊ ခါဒိံသု- ခဲစားကြကုန်ပြီ၊ မဟာသတ္တော- ဘုရားလောင်း သရဘင်္ဂ ရှင်ရသေ့သည်၊ ပထဝိံ- မြေကို၊ ဒွိဓာ- နှစ်ဖြာ၊ ဘိန္ဒိတွာ- ခွဲ၍၊ တံနိရယံ- ထိုငရဲသို့၊ ဒဿေတွာ- ပြ၍၊ မဟာဇနဿ- များစွာသော လူအပေါင်း၏၊ ဘီတဘာဝံ- ကြောက်သည်၏အဖြစ်ကို၊ ဉတွာ- သိ၍၊ အန္တရဓာပေသိ- ကွယ်ပျောက်ပြီ။

အထဇ္ဈုနေ့ာတိ- အထဇ္ဈုနေ့ာဟူသည်ကား၊ သဟဿဗာဟုရာဇာ- လက်ရုံး တစ်ထောင်ရှိသောမင်းသည်၊ အင်္ဂီရသန္တိ- အင်္ဂီရသံဟူသည်ကား၊ အင်္ဂေဟိ- ကိုယ်အင်္ဂါတို့မှ၊ ရံသီနံ- အရောင်အလင်းတို့၏၊ နိစ္ဆရဏတော- ထွက်ခြင်းကြောင့်၊ ဧဝံလဒ္ဓနာမံ- ဤသို့အင်္ဂီရသဟူ၍ ရအပ်သော အမည်ရှိသော၊ ဟေဋ္ဌယိတွာတိ- ဟေဋ္ဌယိတွာဟူသည်ကား၊ ဝိဟေဌေတွာ- ညှဉ်းဆဲ၍၊ ဝိသပီတကဏ္ဍေန- အဆိပ် လူးမြားဖြင့်၊ ဝိဇ္ဈိတွာ- ထိုးပစ်၍၊ ဇီဝိတက္ခယံ- အသက်ကုန်ခြင်းသို့၊ ပါပေတွာ- ရောက်စေ၍။

ကိရ- တစ်ဆင့်စကားကြားဖူးသည်ကား၊ အဇ္ဇုနောနာမ- အဇ္ဇုနအမည်ရှိသော၊ သောရာဇာ- ထိုမင်းသည်၊ မဟိသကရဋ္ဌေ- မဟိသကတိုင်း၌၊ ကေတကရာဇဓာနိယံ- ကေတကမင်းနေပြည်တော်၌၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေန္တော- ပြုစေသည်ရှိသော်၊ မိဂဝံ- သားမုဆိုး (ထံ) သို့၊ ဂန္တွာ- သွား၍၊ မိဂေ- သားကောင်တို့ကို၊ ဝဓိတွာ- သတ်ဖြတ်၍၊ အင်္ဂါရပက္ကမံသံ- မီးကျိုး၌ကျက်သော အသားကို၊ ခါဒန္တော- စားလျက်၊ ဝိစရိ- လှည့်လည်သွားလာပြီ၊ အထ- ထိုအခါ၌၊ ဧကဒိဝသံ- တစ်နေ့သ၌၊ မိဂါနံ- သားကောင်းတို့၏၊ အာဂမနဋ္ဌာနေ- လာရာအရပ်၌၊ ကောဋ္ဌကံ- အခန်းကို၊ ကတွာ- ပြု၍၊ မိဂေ- သားကောင်တို့ကို၊ ဩလောကယမာနော- ကြည့်လျက်၊ အဋ္ဌာသိ- တည်ပြီ၊ တဒါ- ထိုအခါ၌၊ သောတာပသော- ထိုရသေ့သည်၊ တဿ-ရညော- ထိုအဇ္ဇုနမင်း၏၊ အဝိဒူရေ- အနီး၌၊ ဧကံ- တစ်ပင်သော၊ ကာရရုက္ခံ- ကံပြင်းပင်သို့၊ အဘိရုဟိတွာ- တက်၍၊ ဖလာနိ- အသီးတို့ကို၊ ဩစိနန္တော- ဆွတ်ခူးစဉ်၊ ဩစိနိတဖလသာခံ- ဆွတ်ခူးအပ်သော သစ်သီး, သစ်ခက်သည်၊ မုစ္စိ- လွတ်ကျပြီ၊ တဿာ- ထိုသစ်သီး, သစ်ခက်သည်၊ ဝိဿဋ္ဌာယ- လွတ်ကျသည်ရှိသော်၊ သဒ္ဒေန- အသံကြောင့်၊ တံဌာနံ- ထိုအရပ်သို့၊ ပတ္တာ- ရောက်ကုန်သော၊ မိဂါ- သားကောင်တို့ သည်၊ ပလာယိံသု- ပြေးကုန်ပြီ၊ ရာဇာ- အဇ္ဇုနမင်းသည်၊ ကုဇ္ဈိတွာ- အမျက်ထွက်၍၊ တာပသံ- အင်္ဂီရသရှင်ရသေ့ကို၊ ဝိသမိဿိတေန- အဆိပ်နှင့်ရောအပ်သော၊ သလ္လေန- မြားဖြင့်၊ ဝိဇ္ဈိ- ပစ်ခွင်းပြီ၊ သော- ထိုအင်္ဂီရသ ရှင်ရသေ့သည်၊ ပရိဂလိတွာ- ထက်ဝန်းကျင်မှ လျောကျ၍၊ ပတန္တော- ကျသည် ရှိသော်၊ မတ္ထကေန- ဦးခေါင်းဖြင့်၊ ခဒိရခါဏုကံ- ရှားငုတ်ကို၊ အာသာဒေတွာ- ထိပါး၍၊ သူလဂ္ဂေယေဝ- တံစူးဝါးအဖျား၌ သာလျှင်၊ ကာလံ- သေခြင်းကို၊ အာကာသိ- ပြုပြီ၊ ရာဇာ- အဇ္ဇုနမင်းသည်၊ တင်္ခဏေယေဝ- ထိုခဏ၌ပင်၊ ဒွိဓာ- နှစ်ဖြာ၊ ဘိန္န- ကွဲသော၊ ပထဝိံ- မြေသို့၊ ပဝိသိတွာ- ဝင်၍၊ သတ္တိသူလနိရယေ- လှံတံကျင်ရှိသော ငရဲ၌၊ နိဗ္ဗတ္တိ- ဖြစ်ပြီ၊ တိဂါဝုတပ္ပမာဏံ- သုံးဂါဝုတ်အတိုင်းအရှည်ရှိသော၊ သရီရံ- ကိုယ်သည်၊ အဟောသိ- ဖြစ်ပြီ၊ တတြ- ထိုလှံတံကျင်ငရဲ၌၊ တံ- ထိုငရဲသားမည်သော အဇ္ဇုနမင်းကို၊ နိရယပါလာ- ငရဲသားတို့ သည်၊ ဇလိတေဟိ- တောက်လောင်ကုန်သော၊ အာဝုဓေဟိ- လက်နက်တို့ဖြင့်၊ ကောဋ္ဋေတွာ- ထောင်းထုကုန်၍၊ ဇလိတံ- တောင်လောင်သော၊ အယပဗ္ဗတံ- သံတောင်သို့ အာရောပေန္တိ- တင်ကုန်ပြီ၊ ပဗ္ဗတမတ္ထကေ- တောင်ထိပ်၌၊ ဌိတကာလေ- တည်သောအခါ၌၊ ဝါတော-လေသည်၊ ပဟရတိ- တိုက်ခတ်၏၊ သော- ထိုအဇ္ဇုန

မည်သောငရဲသားသည်၊ ဝါတပ္ပဟာရေန- လေ၏တိုက်ခတ်ခြင်းကြောင့်၊ ပရိဂလိတ္တာ- ထက်ဝန်းကျင်မှ လျော၍၊ ပတတိ- ကျ၏၊ တသ္မိံခဏေ- ထိုခဏ၌၊ ဟေဋ္ဌာ- အောက်၌၊ နဝယောဇနာယ- ကိုးယူဇနာရှိသော၊ ဇလိတအယပထဝိယာ- တောက်လောင်အပ်သော သံမြေ၌၊ မဟာတာလက္ခန္ဓပ္ပမာဏ- ထန်းပင်လုံးကြီး အတိုင်းအရှည်ရှိသော၊ ဇလိတံ- တောက်လောင်အပ်သော၊ အယသူလံ- သံတံကျင်သည်၊ ဥဋ္ဌဟတိ- ထ၏၊ သော- ထိုအဇ္ဈနမင်းမည်သော ငရဲသားသည်၊ သူလဂ္ဂမတ္ထ- ကေယေဝ- တံကျင် ဖျားထိပ်၌သာလျှင်၊ အာသာဒေတွာ- ထိပါး၍၊ သူလာဝုတော- တံကျင်သည် ဖုံးလွှမ်းအပ်သည်ဖြစ်၍၊ တိဋ္ဌတိ- တည်၏၊ တသ္မိံခဏေ- ထိုခဏ၌၊ ပထဝီ- မြေသည်၊ ဇလတိ- လျှပ်၏၊ သူလံ- တံကျင်သည်၊ ဇလတိ- တုန်လှုပ်၏၊ တဿ- ငရဲသားဖြစ်သော အဇ္ဈနမင်း၏၊ သရီရံ- ကိုယ်သည်၊ ဇလတိ- တုန်လှုပ်၏၊ သော- ငရဲသားဖြစ်သော အဇ္ဈနမင်းသည်၊ တတ္ထ- ထိုလှံတံကျင်ငရဲ၌၊ မဟာရဝံ- ကြီးစွာသော အသံကို၊ ရဝန္တော- မြည်တမ်းလျက်၊ ပစ္စတိ- ကျက်၏၊ မဟာသတ္တော- ဘုရားလောင်း အင်္ဂီရသရှင်ရသေ့သည်၊ ပထဝိံ- မြေကို၊ ဒွိဓာ- နှစ်ဖြာ၊ ကတွာ- ပြု၍၊ တံနိရယံ- ထိုလှံတံကျင်ငရဲကို၊ ဒဿေတွာ- ပြ၍၊ မဟာဇနဿ- များစွာသော လူအပေါင်း၏၊ ဘီတဘာဝံ- ကြောက်သည်၏ အဖြစ်ကို၊ ဉတွာ- သိ၍၊ အန္တရဓာပေသိ- ကွယ်ပျောက်ပြီ။

ခဏ္ဍသောတိ- ခဏ္ဍသောဟူသည်ကား၊ စတ္တာရော- လေးခုကုန်သော၊ ဟတ္ထပါဒေစ- လက်ခြေတို့ကိုလည်းကောင်း၊ ကဏ္ဏနာသဉ္စ- နားနှာခေါင်းတို့ကိုလည်း ကောင်း၊ ခဏ္ဍာခဏ္ဍံ- အပိုင်းအပိုင်း၊ ကတွာ- ပြု၍၊ အဒူသကန္တိ- အဒူသကံ ဟူသည်ကား၊ နိရပရာဓံ- အပြစ်ကင်းသော၊ တထာ- ထိုသို့၊ ဆေဒါပေတွာ- ဖြတ်တောက်စေ၍၊ ပဟာရသဟဿေဟိ- အကြိမ်တစ်ထောင် ပုတ်ခတ်ခြင်းရှိ ကုန်သော၊ ဒွီဟိ- နှစ်ချောင်းကုန်သော၊ ကသာဟိ- ကြိမ်လုံးတို့ဖြင့်၊ တာဠာပေတွာ- ရိုက်ပုတ်စေ၍၊ ဇဋ္ဌာသု- ဆံကျစ်တို့၌၊ ဂဟေတွာ- ဆွဲကိုင်၍၊ အာကၯာပေတွာ- ဆွဲငင်စေ၍၊ ပဋိကုဇ္ဇံ- မှောက်လျက်၊ နိပဇ္ဇာပေတွာ- လဲလျောင်းစေ၍၊ ပိဋ္ဌိယံ- ကျောက်ကုံး၌၊ ပဏှိယာ- ဖနှောင့်ဖြင့်၊ ပဟရိတွာ- ပုတ်ခတ်၍၊ မဟာဒုက္ခသမပ္ပိတံ- ကြီးစွာသော ဒုက္ခနှင့် ပြည့်စုံသည်ကို၊ အကာသိ- ပြုခဲ့ပြီ၊ ကလာဗုဝီစိန္တိ- ကလာဗုဝီစိံ ဟူသည်ကား၊ ကလာဗု- ကလာဗုမင်းသည်၊ အဝီစိံ- အဝီစိငရဲသို့၊ ကမ္မုကန္တိ- ကမ္မုကံ ဟူသည်ကား၊ တိခိဏဝေဒနံ- ထက်သော ဝေဒနာကို၊ ဧဝရူပံ- ဤသို့ သဘောရှိသော၊ နိရယံ- ငရဲသို့၊ ဥပပဇ္ဇိတွာ- ကျရောက်၍၊ ဆန္နံ- ခြောက်ခုကုန်သော၊ ဇာလာနံ-

မီးတောက်တို့၏၊ အန္တရေ- အလယ်၌၊ ပစ္စတိ- ကျက်ရ၏၊ ပန- ဆက်ဦးအံ့၊ ဝိတ္ထာရတော- အကျယ်အားဖြင့်၊ ကလာဗုရညော- ကလာဗုမင်း၏၊ ဝတ္ထု- ဝတ္ထုကို၊ ခန္တိဝါဒီဇာတကေ- ခန္တိဝါဒီဇာတ်၌၊ (ဇာ၊၁၊၄၊၄၉-၅၂) ကထိတမေဝ- ဟောအပ်ပြီးသည်သာ၊ အညာနိ ပါပိဋ္ဌတရာနိ စေတ္တာတိ- အညာနိ ပါပိဋ္ဌတရာနိ စေတ္တဟူသည်ကား၊ ဧတေဟိ- ဤဆိုအပ်ခဲ့ပြီးကုန်သော၊ နိရယေဟိ- ငရဲတို့ထက်၊ ပါပိဋ္ဌတရာနိ- ပို၍ယုတ်ညံ့ကုန်သော၊ အညာနိ စ- အခြားလည်းဖြစ်ကုန်သော၊ နိရယာနိ- ငရဲတို့ကို၊ သုတွာ- ကြားရ၍၊ ဓမ္မံ စရေတိ- ဓမ္မံ စရေဟူသည်ကား၊ ဒေဝရာဇ- နတ်တို့၏မင်းဖြစ်သော၊ သက္က- သိကြားမင်း၊ ပဏ္ဍိတော- ပညာရှိသော၊ ကုလပုတ္တော- အမျိုးကောင်းသားသည်၊ (စရေယျ-၌စပ်) ကေဝလံ- သက်သက်၊ စတ္တာရော- လေးပါးကုန်သော၊ ဧတေယေဝ နိရယာ- ဤငရဲတို့သည်သာလျှင်၊ န- မဟုတ်သေး၊ စ- ထို့အပြင်၊ ဧတေယေဝ ရာဇာနော- ဤမင်းတို့သည်သာလျှင်၊ နေရယိကာ- ငရဲသားတို့သည်၊ (န- မဟုတ်သေး၊) အထ ခေါ- ဪစစ်သော်ကား၊ အညေပိ- ဤမှတစ်ပါးအခြားကုန်သော၊ နိရယာ- ငရဲတို့သည်လည်းကောင်း၊ အညေပိ- ဤလေးယောက်သော မင်းတို့မှတစ်ပါးကုန်းသော၊ ရာဇာနော စ- မင်းတို့သည်လည်းကောင်း၊ နိရယေသု- ငရဲတို့၌၊ ဥပ္ပန္နာ- ဖြစ်ရကုန်၏၊ ဣတိ- ဤသို့၊ ဝိဒိတွာ- သိ၍၊ စတုပစ္စယဒါနဓမ္မိကာရက္ခာဝရဏာသံဝိဓာနသင်္ခါတံ- ပစ္စည်းလေးပါးကို ပေးလှူခြင်း တရားစောင့်ခြင်း စောင့်ရှောက်ခြင်း ဘေးရန်မှ တားဆီးခြင်း အစီအရင်ဟုဆိုအပ်သော၊ ဓမ္မံ- တရားကို၊ သမဏဗြာဟ္မဏေသု- ရဟန်းပုဏ္ဏားတို့၌၊ စရေယျ- ကျင့်ရာ၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့၊ မဟာသတ္တေန- ဘုရားလောင်းသရဘင်္ဂရှင်ရသေ့သည်၊ စတုန္နံ ရာဇူနံ- မင်းလေးပါးတို့၏၊ နိဗ္ဗတ္တဋ္ဌာနေ- ဖြစ်ရာအရပ်ကို၊ ဒဿိတေ- ပြအပ်သည်ရှိသော်၊ တယော- သုံးပါးကုန်သော၊ ရာဇာနော- မင်းတို့သည်၊ နိက္ကင်္ခါ- ယုံမှားခြင်း ကင်းကုန်သည်၊ အဟေသုံ- ဖြစ်ကုန်ပြီ၊ တတော- ထို့နောင်မှ၊ သက္ကော- သိကြားမင်းသည်၊ အဝသေသေ- အကြွင်းအကျန်မရှိကုန်သော၊ စတ္တာရော- လေးပါးကုန်သော၊ ပဉှေ- ပြဿနာတို့ကို၊ ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍၊ သုဘာသိတံ တေ (ပ) သိရိ နော ဇဟာတိ- သုဘာသိတံ တေ (ပ) သိရိ နော ဇဟာဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၇၅) ကောဏ္ဍညာ- ကောဏ္ဍညအနွယ်ဖြစ်သော ရှင်ရသေ့၊ တေ- အရှင်ဘုရား၏၊ သုဘာသိတံ- ကောင်းစွာ ဖြေဆိုတော်မူအပ်သော စကားကို၊ အနုမောဒိယာန- ဝမ်းမြောက်ပြီး၍၊ အညံ- တစ်ပါးသော ပြဿနာကို၊ တံ- အရှင်ဘုရားကို၊ ပုစ္ဆာမိ- မေးလျှောက်ပါဦးအံ့၊ တံ- အရှင်ဘုရားကို၊ ဣင်္ဃ- တိုက်တွန်းပါ၏၊ တွံ- အရှင်ဘုရားသည်၊ ဗြူဟိ- ဟောတော်မူလော၊ ကထံဝိဓံ- အဘယ်သို့ သဘောရှိသော သူကို၊ သီလဝန္တံ- သီလရှိသော သူဟူ၍၊ ဝဒန္တိ- ဆိုကုန်သနည်း၊ ကထံဝိဓံ- အဘယ်သို့ သဘောရှိသော သူကို၊ ပညဝန္တံ- ပညာရှိသော သူဟူ၍၊ ဝဒန္တိ- ဆိုကုန်သနည်း၊ ကထံဝိဓံ- အဘယ်သို့ သဘောရှိသော သူကို၊ သပ္ပုရိသံ- သူတော်ကောင်းဟူ၍၊ ဝဒန္တိ- ဆိုကုန်သနည်း၊ ကထံဝိဓံ- အဘယ်သို့ သဘောရှိသောသူကို၊ သိရီ- အသရေသည်၊ နောဇဟာတိ- မစွန့်သနည်း။

တတ္ထ- ထိုသုဘာသိတံစသော ဂါထာ၌၊ **ကထံဝိဓံ နော သိရီ နော ဇဟာတီတိ**- ကထံဝိဓံ နော သိရီ နော ဇဟာတိဟူသည်ကား၊ ကထံဝိဓံ- အဘယ်သို့ သဘောရှိသော၊ ပုရိသံ- ယောကျာ်းကို၊ ပဋိလဒ္ဓသိရီ- ရအပ်ပြီးသော အသရေသည်၊ န ဇဟာတိနု- မစွန့်သနည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

အထ- ထိုသို့မေးလျှောက်သောအခါ၌၊ အဿ- ထိုသိကြားမင်းအား၊ ဝိဿဇ္ဇေန္တော- ဖြေတော်မူလိုသော၊ မဟာသတ္တော- ဘုရားလောင်းသရဘင်္ဂ ရှင်ရသေ့သည်၊ "ကာယေန ဝါစာယစ (ပ) သိရီ နော ဇဟာတိ"တိ- ကာယေန ဝါစာယစ (ပ) သိရီနော ဇာဟာတိ"-ဟူကုန်သော၊ စတဿော- လေးပါးကုန်သော၊ ဂါထာယော- ဂါထာတို့ကို၊ အဘာသိ- ဆိုတော်မူပြီ။

(၇၆) သက္က- သိကြားမင်း၊ ဣဓလောကေ- ဤလောက၌၊ ယော- အကြင် သူသည်၊ ကာယေနစ- ကိုယ်ဖြင့်လည်းကောင်း၊ ဝါစာယစ- နှုတ်ဖြင့် လည်းကောင်း၊ မနသာစ- စိတ်ဖြင့်လည်းကောင်း၊ သညတော- ကောင်းစွာ စောင့်ရှောက်အပ်သည်ဖြစ်၍၊ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ပါပံ- မကောင်းမှုကို၊ နကရောတိ- မပြု၊ အတ္တဟေတု- မိမိကိုယ်အစရှိသော အကြောင်းကြောင့်၊ အလိကံ- မုသားကို၊ နဘဏာတိ- မဆို၊ တထာဝိဓံ- ထိုသို့သဘောရှိသော သူကို၊ သီလဝန္တံ- သီလရှိသော သူဟူ၍၊ ပဏ္ဍိတာ- ဘုရားအစရှိသော ပညာရှိတို့သည်၊ ဝဒန္တိ- ဆိုကုန်၏။

(၇၇) သတ္တ- သိကြားမင်း၊ ယော- အကြင်သူသည်၊ ဂမ္ဘီရပဉှံ- နက်နဲသော ပြဿနာကို၊ မနသာ- စိတ်ဖြင့်၊ အဘိစိန္တယံ အဘိစိန္တယန္တော- ကြံသည် ရှိသော်၊ ကထေတုံ- ဖြေအံ့သောငှာ၊ သက္ကောတိ- စွမ်းနိုင်၏၊ အစ္စာဟိတံ- အစီးအပွားကိုလွန်သော၊ လုဒ္ဒံ- ရုန်းရင်းကြမ်းကြုတ်သော၊ ကမ္မံ- အမှုကို၊ နကရောတိ- မပြု၊ ကာလာဂတံ- အခါသို့ရောက်သော၊ အတ္ထပဒံ- စီးပွားခြင်း၏ အကြောင်းကို၊ နရိဉ္စတိ- မယိုယွင်းစေ၊ တထာဝိဓံ- ထိုသို့သဘောရှိသော သူကို၊ ပညဝန္တံ- ပညာရှိသော သူဟူ၍၊ ပဏ္ဍိတာ- ဘုရားအစရှိသော ပညာရှိတို့သည်၊ ဝဒန္တိ- ဆိုကုန်၏။

(၇၈) သတ္တ- သိကြားမင်း၊ ယော- အကြင်သူသည်၊ ကတညူ- သူ့ကျေးဇူးကို သိလေ့ရှိ၏၊ [ကတဝေဒိ(ကတဝေဒီ)]- သိသည်အားလျော် စွာသူ့ကျေးဇူးကို ဆပ်လေ့ရှိ၏၊ ဓီရော- မြဲမြံတည်ကြည်၏၊ ဒဠ္ဟဘတ္တိစ- မြဲမြံသော အဆွေခင်ပွန်း ကောင်းသည်လည်း၊ ဟောတိ- ဖြစ်၏၊ ဒုက္ခိ-တဿ- ဆင်းရဲခြင်းသို့ ရောက်သောအဆွေခင်ပွန်း၏၊ ကိစ္စံ- အမှုကို၊ သက္ကစ္စံ- ရိုသေစွာ၊ ကရောတိ- ပြု၏၊ တထာဝိဓံ- ထိုသို့သဘောရှိသော သူကို၊ သပ္ပုရိသံ- သူတော်ကောင်းဟူ၍၊ ပဏ္ဍိတာ- ဘုရားအစရှိသော သူတော်ကောင်းတို့သည်၊ ဝဒန္တိ- ဆိုတော်မူကုန်၏။

(၇၉) သတ္တ- သိကြားမင်း၊ ယောပုဂ္ဂလော- အကြင်ပုဂ္ဂိုလ်သည်၊ သဗ္ဗေဟိ- ခပ်သိမ်းကုန်သော၊ ဧတေဟိဂုဏေဟိ- ထိုကျေးဇူးတို့နှင့်၊ ဥပေတော- ပြည့်စုံ၏၊ သဒ္ဓေါ- သက်ဝင်၍ သဒ္ဓါခြင်းရှိ၏၊ [မုဒူ(မုဒု)]- ချစ်ဘွယ်သော စကားကို ဆိုတတ်သည်ဖြစ်၍ နူးညံ့သော စကားရှိ၏၊ သံဝိဘာဂီ- ဒါနသီလ အစရှိသည်တို့ကို ခွဲခြမ်းဝေဖန်လေ့ရှိ၏၊ ဝဒညူ- ပေးကမ်း စွန့်ကြဲသည်၏ အစွမ်းအားဖြင့် တောင်းလာကုန်သောသူတို့၏ အသံကို သိတတ်သော အလေ့ရှိ၏၊ [သင်္ဂါဟကံ(သံဂါဟကံ)]- ပေးကမ်းခြင်းအစရှိသည်၏ အစွမ်းအားဖြင့် သူတစ်ပါးတို့အား ချီးမြှောက်လေ့ရှိသော၊ သခိလံ- သာယာ သော စကားရှိသော၊ သဏှဝါစံ- နူးညံ့သော စကားရှိသော၊ တထာဝိဓံ- ထိုသို့သဘောရှိသော၊ တံပုဂ္ဂလံ- ထိုပုဂ္ဂိုလ်ကို၊ သိရီ- ဘုန်းကျက်သရေသည်၊ နောဇဟာတိ- မစွန့်။

တတ္ထ- ထိုကာယေနဝါစာယစသော ဂါထာတို့၌၊ "**ကာယေနာ**"တိအာဒီနိ- ကာယေနဟူ၍အစရှိကုန်သော၊ ပဒါနိ- ပုဒ်တို့ကို၊ တိဝိဓသုစရိတဒွါရဝသေန- သုံးပါး

အပြားရှိသော ကောင်းစွာကျင့်အပ်သောဒွါရ၏အစွမ်းအားဖြင့်၊ ဝုတ္တာနိ- ဟောအပ်ကုန်၏၊ **န အတ္တဟေတူ**တိဝေတိ- န အတ္တဟေတုဟူသော ဤစကားသည်၊ ဒေသနာသီသမေဝ- ဒေသနာတော်၏ဦးခေါင်းမျှသာတည်း၊ အတ္တဟေတု ဝါ- မိမိဟူသော အကြောင်းကြောင့်လည်းကောင်း၊ ပရဟေတု ဝါ- သူတစ်ပါးဟူသော အကြောင်းကြောင့်လည်းကောင်း၊ ယသဟေတု ဝါ- အခြံအရံဟူသောအကြောင်းကြောင့်လည်းကောင်း၊ ဓနဟေတု ဝါ- ဥစ္စာဟူသော အကြောင်းကြောင့်လည်းကောင်း၊ လာဘဟေတု ဝါ- လာဘ်လာဘဟူသော အကြောင်းကြောင့်လည်းကောင်း၊ အာမိသကိဉ္စိက္ခဟေတု ဝါ- အနည်းငယ်သော အာမိသဟူသော အကြောင်းကြောင့်လည်းကောင်း၊ အလိက်- ချို့ယွင်းသောစကားကို၊ န ကထေတိ- မပြောဆို၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ စ- ဆက်၍ဆိုဦးအံ့၊ ကာမံ- စင်စစ်၊ ဧသ အတ္ထော- ဤအနက်သည်၊ "ဝါစာယ သညတော"တိ ဣမိနာဝ- ဝါစာယ သညတောဟူသော ဤစကားရပ်ဖြင့်ပင်လျှင်၊ သိဒ္ဓေါ- ပြီး၏၊ ပန- သို့သော်လည်း၊ မုသာဝါဒိနော- မုသားစကားကိုပြောလေ့ရှိသော ပုဂ္ဂိုလ်အတွက်၊ အကတ္တဗ္ဗံ- မပြုသင့်သော၊ ပါပံ နာမ- မကောင်းမှုမည်သည်၊ နတ္ထိ- မရှိ၊ ဣတိ- ဤသို့၊ ဂရုဘာဝဒီပနတ္ထံ- လေးနက်သည်၏အဖြစ်ကိုပြခြင်းအကျိုးငှာ၊ ပုန- တစ်ဖန်၊ ဧဝံ- ဤသို့၊ အာဟ- ဟောတော်မူပြီ၊ ဣတိ- ဤသို့၊ ဝေဒိတဗ္ဗော- သိအပ်၏၊ တံ ပုဂ္ဂလံ- ထိုပုဂ္ဂိုလ်ကို၊ သီလဝန္တံ- သီလရှိသောပုဂ္ဂိုလ်ဟူ၍၊ ဝဒန္တိ- ဆိုကုန်၏။

**ဂမ္ဘီရပဉှန္တိ**- ဂမ္ဘီရပဉှံဟူသည်ကား၊ အတ္ထတော စ- အနက်အားဖြင့်လည်းကောင်း၊ ပါဠိတော စ- ပါဠိအားဖြင့်လည်းကောင်း၊ (ဝါ) စကားအစဉ်အားဖြင့်လည်းကောင်း၊ ဂမ္ဘီရံ- နက်သော၊ ဂုဠှံ- လျှို့ဝှက်သော၊ ပဋိစ္ဆန္နံ- ဖုံးကွယ်သော၊ **သတ္တုဘသ္တဇာတက**(ဇာ၊ ၁၇၊၄၆) **သမ္ဘဝဇာတက**(ဇာ၊ ၁၁၆၊၁၃၈) **မဟာဥမင်္ဂဇာတကေသု**- သတ္တုဘသ္တဇာတ် သမ္ဘဝဇာတ် မဟာဥမင်္ဂဇာတ်တို့၌၊(ဇာ၊ ၂၂၂၊၅၉၀) အာဂတသဒိသံ- လာသည်နှင့်တူသော၊ ပဉှံ- ပြဿနာကို၊ **မနသာဘိစိန္တယန္တိ**- မနသာဘိစိန္တယံဟူသည်ကား၊ မနသာ- စိတ်ဖြင့်၊ အဘိစိန္တေန္တော- ကြံစည်လျက်၊ အတ္ထံ- အနက်ကို၊ ပဋိဝိဇ္ဈိတွာ- ထိုးထွင်းသိ၍၊ စန္ဒသဟဿံ- လတစ်ထောင်ကို၊ သူရိယသဟဿံ- နေတစ်ထောင်ကို၊ ဥဋ္ဌာပေန္တော ဝိယ- တက်စေဘိသကဲ့သို့ ပါကဋံ- ထင်ရှားသည်ကို၊ ကတွာ- ပြု၍၊ ယော- အကြင်သူသည်၊ ကထေတုံ- ဖြေကြားခြင်းငှာ၊ သက္ကောတိ- စွမ်းနိုင်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **နာစ္စာဟိတန္တိ**-

နာစ္စာဟိတံဟူသည်ကား၊ အတိအဟိတံ- အစီးအပွားကိုလွန်သော အမှုကို၊ န- မပြု၊ ဟိတာတိက္ကန္တံ- အစီးအပွားကိုလွန်သော၊ လုဒ္ဒံ- ရုန့်ရင်းသော၊ ဖရုသံ- ကြမ်းတမ်းသော၊ သာဟသိကကမ္မဉ္စ- အနိုင်အထက်ပြုသောအမှုကိုလည်း၊ ယော- အကြင်သူသည်၊ န ကရောတိ- မပြု၊ တ္တတိ- ဤကား၊ အတ္တော- အနက်တည်း၊ ပန- ဆက်၍ဆိုဦးအံ့၊ တ္တမဿ အတ္ထဿ- ဤအနက်ကို၊ အာဝိဘာဝတ္ထံ- ထင်ရှားစိမ့်သောငှာ၊ "န ပဏ္ဍိတာ အတ္တသုခဿ (ပ) စ န ဇဟန္တိ ဓမ္မ"န္တိ(ဇာ-၁၊ ၂၂၁)- န ပဏ္ဍိတာ အတ္တသုခဿ (ပ) စ န ဇဟန္တိ ဓမ္မံဟူသော၊ ဘူရိပဥ္ဟော- ဘူရိပြဿနာကို၊ ကထေတဗ္ဗော- ဆိုအပ်၏။

(မဟာရာဇ- မြတ်သောမင်းကြီး၊ ပဏ္ဍိတာ- ပညာရှိတို့သည်၊ အတ္တနော- မိမိ၏၊ သုခဿ- ချမ်းသာ၏၊ ဟေတု- အကြောင်းကြောင့်၊ ပါပါနိ- ယုတ်မာကုန်သော၊ ကမ္မာနိ- အမှုတို့ကို၊ နသမာစရန္တိ- မကျင့်ကုန်၊ (ပိဋိတာပိ)ခလိတာပိ- စည်းစိမ်ချမ်းသာမှလျော၍ ပျက်စီးခြင်း၌ တည်သော သဘောရှိကုန်သည်ဖြစ်၍လည်း၊ ဒုက္ခေန- ဆင်းရဲသည်၊ ဖုဋ္ဌာ- တွေ့အပ်ကုန်သော၊ သန္တာ- သူတော်ကောင်းတို့သည်၊ ဆန္ဒာ စ- အလိုဆန္ဒအားဖြင့်လည်းကောင်း၊ ဒေါသာ စ- အမျက်ဒေါသအားဖြင့်လည်းကောင်း၊ ဓမ္မံ- အနွယ်အဆက်ကို ကျင့်အပ်သောတရား ကောင်းစွာ ကျင့်အပ်သောတရားကို၊ နဇဟန္တိ- မစွန့်ကုန်။) (ဒသကနိပါတ-၁၄-ခုမြောက်)

**ကာလာဂတန္တိ** ဧတ္ထ- ကာလာဂတံဟူသော ဤပါဌ်၌၊ ဒါနံ- အလှူကို၊ ဒါတဗ္ဗ- ကာလေစ- ပေးသင့်သော အချိန်၌လည်းကောင်း၊ သီလံ- သီလကို၊ ရက္ခဏကာလေ- စ- စောင့်သင့်သောအချိန်၌လည်းကောင်း၊ ဥပေါသထံ- ဥပုသ်ကို၊ ဥပဝါသကာလေ- စ- ကျင့်သုံးသင့်သောအချိန်၌လည်းကောင်း၊ သရဏေသု- သရဏဂုံတို့၌၊ ပတိဋ္ဌာန- ကာလေစ- ဆောက်တည်သင့်သောအချိန်၌လည်းကောင်း၊ ပဗ္ဗဇိတကာလေစ- ရှင်ရဟန်းပြုသင့်သောအချိန်၌လည်းကောင်း၊ သမဏဓမ္မကရဏကာလေစ- ရဟန်း တရားကိုပြုသင့်သောအချိန်၌လည်းကောင်း၊ ဝိပဿနာစာရသ္မိံ- ဝိပဿနာ အကျင့် ၌၊ ယုဥ္ဇနကာလေစ- အားထုတ်သင့်သောအချိန်၌လည်းကောင်း၊ တ္တတိ- ဤသို့၊ တ္တမာနိ ဒါနာဒီနိ- ဤဒါနအစရှိသည်တို့ကို၊ သမ္မာဒေန္တော- ပြီးစေသောသူသည်၊ ကာလာဂတံ- အချိန်အခါသို့ရောက်သော၊ အတ္ထပဒံ- အကျိုးတရားကို၊ န ရိဉ္စတိနာမ- အချည်းအနှီးမဖြစ်စေသည်မည်၏၊ န ဟာပေတိနာမ- မဆုတ်ယုတ်စေ သည်မည်၏၊ န ဂဠာပေတိ နာမ- မယုတ်လျော့စေသည်မည်၏၊ **တထာဝိဓန္တိ**- တထာဝိဓံဟူသည်ကား၊ သက္က- သိကြားမင်း၊ သဗ္ဗညုဗုဒ္ဓါ စ- ဘုရားရှင်တို့သည်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါ စ- ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း၊ ဗောဓိသတ္တာ စ- ဘုရားအလောင်းတို့သည်

လည်းကောင်း၊ ပညဝန္တံ- ပညာရှိသူကို၊ ကထေန္တာ- ဟောကုန်သည်ရှိသော်၊ ဧဝရူပံ- ဤသို့သဘောရှိသော၊ ပုဂ္ဂလံ- ပုဂ္ဂိုလ်ကို၊ ကထေန္တိ- ဟောကုန်၏။

**"ယော ဝေ"**တိ ဂါထာယ- ယောဝေဟူသော ဂါထာ၌၊ ပရေန- သူတစ်ပါးသည်၊ အတ္တနော- မိမိအတွက်၊ ကတဂုဏံ- ပြုအပ်သောကျေးဇူးကို၊ ဇာနာတိ- သိ၏၊ ဣတိ- ထို့ကြောင့်၊ **ကတညူ**- ကတညူမည်၏၊ ပန- ဆက်၍ဆိုဦးအံ့၊ ဧဝံ- ဤသို့၊ ဉ တွာ- သိ၍၊ ယေန- အကြင်သူသည်၊ အဿ- ဤမည်သောသူအတွက်၊ ဂုဏော- ကျေးဇူးကို၊ ကတော- ပြုအပ်၏၊ တဿ- ထိုပုဂ္ဂိုလ်၏၊ ဂုဏံ- ကျေးဇူးကို၊ ပဋိကရောန္တော- တုံ့ပြန်၍ပြုသောသူသည်၊ ကတဝေဒီ နာမ- ကတဝေဒီမည်၏၊ ဒုခိတဿာတိ- ဒုခိတဿဟူသည်ကား၊ အတ္တနော- မိမိ၏၊ ဒုက္ခပ္ပတ္တဿ- ဆင်းရဲသို့ရောက်သော၊ သဟာယဿ- မိတ်ဆွေ၏၊ ဒုက္ခံ- ဆင်းရဲကို၊ အတ္တနိ- မိမိ၌၊ အာရောပေတွာ- တင်၍၊ ယော- အကြင်သူသည်၊ တဿ- ထိုသူငယ်ချင်း၏၊ ဥပ္ပန္နကိစ္စံ- ဖြစ်ပေါ်သောကိစ္စကို၊ သဟတ္ထေန- ကိုယ်တိုင်၊ သက္ကစ္စံ- ရိုရိုသေသေ၊ ကရောတိ- ပြု၏၊ ဗုဒ္ဓါဒယော- ဘုရားအစရှိသောပုဂ္ဂိုလ်တို့သည်၊ ဧဝရူပံ- ဤသို့ သဘောရှိသောပုဂ္ဂိုလ်ကို၊ သပ္ပုရိသံ နာမ- သူတော်ကောင်းမည်၏ဟူ၍၊ ကထေန္တိ- ဟောကုန်၏၊ အပိစ- စင်စစ်သော်ကား၊ သပ္ပုရိသာ နာမ- သူတော်ကောင်းတို့မည် သည်၊ ကတညူ- သူ့ကျေးဇူးကို သိလေ့ရှိကုန်သည်၊ ကတဝေဒိနော- သူ့ကျေးဇူးကို ဆပ်လေ့ရှိသူတို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ ဣတိ- ဤသို့ **သတပတ္တဇာတက**(ဇာ၊ ၁၊၃၊၈၅-၈၇) **စူဠဟံသဇာတက**(ဇာ၊၁၊၁၅၊၁၃၃) **မဟာဟံသဇာတကာဒီနိ**- သတပတ္တဇာတ် စူဠဟံသဇာတ် မဟာဟံသဇာတ် အစရှိသည်တို့ကို၊ (ဇာ၊၂၊၂၁၊၈၉) ကထေတဗ္ဗာနိ- ဟောအပ်ကုန်၏၊ **ဧတေဟိ သဗ္ဗေဟီ**တိ- ဧတေဟိ သဗ္ဗေဟိဟူသည်ကား၊ သက္က- သိကြားမင်း၊ ယော- အကြင်သူသည်၊ ဟေဋ္ဌာ- အောက်၌၊ ဝုတ္တေဟိ- ဆိုအပ်ကုန်သော၊ သီလာဒီဟိ- သီလအစရှိကုန်သော၊ သဗ္ဗေဟိပိ- အလုံးစုံလည်းဖြစ်ကုန်သော၊ ဧတေဟိ ဂုဏေဟိ- ဤဂုဏ်တို့ဖြင့်၊ ဥပေတော- ပြည့်စုံ၏၊ သဒ္ဓေါတိ- သဒ္ဓေါဟူသည်ကား၊ ဩကပ္ပနသဒ္ဓါယ- သက်ဝင်ယုံကြည်သော သဒ္ဓါတရားဖြင့်၊ သမန္နာဂတော- ပြည့်စုံ၏၊ **မုဒူ**တိ- မုဒူဟူသည်ကား၊ ပိယဘာဏီ- ချစ်ဖွယ်သော စကားကို ဆိုတတ်၏၊ **သံဝိဘာဂီ**တိ- သံဝိဘာဂီဟူသည်ကား၊ သီလသံဝိဘာဂဒါနသံဝိဘာဂါဘိရတတ္တာ- သီလကိုခွဲခြမ်း ဝေဖန်ခြင်း ဒါနကိုခွဲခြမ်း ဝေဖန်ခြင်းတို့၌ မွေ့လျော်သည်၏အဖြစ်ကြောင့်၊ သံဝိဘာဂီ- ခွဲခြမ်း ဝေဖန်လေ့ရှိ၏၊ ယာစကာနံ- တောင်းလာသူတို့၏၊ ဝစနံ- စကားကို၊ ဉ တွာ- သိ၍၊

ဒါနဝသေန- ပေးလှူခြင်း၏အစွမ်းဖြင့်၊ ဝဒညူ- တောင်းသူ တို့၏စကားကိုသိလေ့ရှိ၏၊ စတူဟိ- လေးပါးကုန်သော၊ သင်္ဂဟဝတ္ထူဟိ- သင်္ဂဟဝတ္ထုတို့ဖြင့်၊ တေသံ တေသံ- ထိုထိုပုဂ္ဂိုလ်တို့အား၊ သင်္ဂဏှနတော- ချီးမြှောက် တတ်သောကြောင့်၊ သင်္ဂါဟကံ- သူတစ်ပါးတို့အား ချီးမြှောက်လေ့ရှိ၏၊ မဓုရ ဝစနတာယ- ချိုသာသော စကားရှိသည်၏ အဖြစ်ကြောင့်၊ သခိလံ- နူးညံ့သော စကားရှိ၏၊ မဋ္ဌဝစနတာယ- ပြေပြစ်သော စကားရှိသည်၏ အဖြစ်ကြောင့်၊ သဏှဝါစံ- သိမ်မွေ့သော စကားရှိ၏၊ တထာဝိဓံ- ထိုသို့သဘောရှိသော၊ ပုဂ္ဂလံ- ပုဂ္ဂိုလ်ကို၊ အဓိဂတယသသောဘဂ္ဂသင်္ခါတာသိရီ- ရအပ်ပြီးသော စည်းစိမ်ချမ်းသာ ကောင်းမြတ်သည်၏အဖြစ်ဟု ဆိုအပ်သော အသရေသည်၊ နော ဇဟာတိ- မစွန့်၊ အဿ- ထိုပုဂ္ဂိုလ်၏၊ သိရီ- အသရေသည်၊ န ဝိနဿတိ- မပျက်စီး၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့၊ မဟာသတ္တော- ဘုရားလောင်းသရဘင်္ဂရှင်ရသေ့သည်၊ ဂဂနတလေ- ကောင်းကင်ပြင်၌၊ ပုဏ္ဏစန္ဒံ- လပြည့်ဝန်းကို၊ ဥဋ္ဌာပေန္တောဝိယ- ပေါ်စေဘိသကဲ့သို့ စတ္တာရော- လေးပါးကုန်သော၊ ပဥှေ- ပြဿနာတို့ကို၊ ဝိဿဇ္ဇေသိ- ဖြေတော်မူပြီ၊ တတော- ထိုမှ၊ ပရံ- နောက်၌၊ သေသပဉှာနံ- ကြွင်းကုန်သော ပြဿနာတို့၏၊ ပုစ္ဆာစ- အမေးသည်လည်းကောင်း၊ ဝိဿဇ္ဇနဉ္စ- အဖြေသည်လည်းကောင်း၊ ဟောတိ- ဖြစ်၏၊ (ကိံ ဟောတိ- အဘယ်သို့ ဖြစ်အံ့ သနည်း။) "သုဘာသိတံ တေ (ပ) ဗြဟ္မပုပေတိ ဌာနံ"န္တိ- "သုဘာသိတံ တေ (ပ) ဗြဟ္မပုပေတိ ဌာနံ"န္တိ ဟူသော၊ ပုစ္ဆာစ- အမေးသည်လည်းကောင်း၊ ဝိဿဇ္ဇနဉ္စ- အဖြေသည်လည်းကောင်း၊ ဟောတိ- ဖြစ်၏။

(၈၀) ကောဏ္ဍည- ကောဏ္ဍညအနွယ်ဖြစ်သောရှင်ရသေ့၊ တေ- အရှင် ဘုရား၏၊ သုဘာသိတံ- ကောင်းစွာ ဖြေဆိုတော်မူအပ်သော စကားကို၊ အနုမောဒိယာန- ဝမ်းမြောက်ပြီး၍၊ အညံ- တစ်ပါးသော ပြဿနာကို၊ တံ- အရှင်ဘုရားကို၊ ပုစ္ဆာမိ- မေးလျှောက်ပါဦးအံ့၊ တံ- အရှင်ဘုရားကို၊ က္လယ်- တိုက်တွန်းပါ၏၊ ဗြူဟိ- ဖြေဆိုတော်မူပါလော၊ သီလဉ္စ- သီလလည်းကောင်း၊ သိရိဉ္စာပိ- အသရေလည်းကောင်း၊ သတံ- သူတော်ကောင်းတို့၏၊ ဓမ္မဉ္စ- တရားလည်းကောင်း၊ ပညဉ္စ- ပညာလည်းကောင်း၊ တေသု- ထိုတရားတို့တွင်၊ ကံ- အဘယ်တရားကို၊ သေဋ္ဌတရံ- အထူးသဖြင့် မြတ်သော တရားဟူ၍၊ ပဏ္ဍိတာ- ဘုရား အစရှိသော ပညာရှိတို့သည်၊ ဝဒန္တိ- ဆိုတော်မူကုန် သနည်း။

ဧဝံ- ဤသို့၊ (ဣမာယဂါထာယ- ဤဂါထာဖြင့်၊) ဝတွာ- ချစ်ခွင့်ပြောဆို၍၊ အလမ္ဗုသာ- အလမ္ဗုသာနတ်သမီးသည်၊ "မယိ- ငါသည်၊ ဋ္ဌိတာယ- ရပ်နေသည် ရှိသော်၊ အယံ- ဤရသေ့သည်၊ ဟတ္ထပါသံ- လက်ပါးသို့ န အာဂမိဿတိ- မလာလတ္တံ့၊ ဂစ္ဆန္တီဝိယ- သွားတော့မည်ကဲ့သို့၊ ဘဝိဿာမိ- ဖြစ်အံ့၊" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ၊ (စိန္တေတွာ- ကြံပြီး၍၊) သာ- ထိုအလမ္ဗုသာနတ်သမီးသည်၊ ဣတ္ထိမာယာကုသလ- တာယ- မိန်းမ၏မာယာ၌ လိမ္မာသည်၏အဖြစ်ကြောင့်၊ တာပသံ- ဣသိသိင်္ဂရှင်ရသေ့ကို၊ အနုပသင်္ကမိတွာ- ချဉ်းကပ်၍၊* အာဂတ မဂ္ဂါ ဘိမုခီ- လာခဲ့သောခရီးသို့ ရှေးရှုသည် ဖြစ်၍၊ ပါယာသိ- သွားပြီ (သွားဟန်ပြုပြီ၊) တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော် မူလိုသော၊ သတ္တာ- ဘုရားရှင်သည်။ "ဣဒံ ဝတွာန ပက္ကာမိ၊ (ပ) ဣသိသိင်္ဂံ အလမ္ဗုသာ"တိ- "ဣဒံ ဝတွာန ပက္ကာမိ၊ (ပ) ဣသိသိင်္ဂံ အလမ္ဗုသာ" ဟူသော၊ (ဣမံဂါထံ- ဤဂါထာကို၊) အာဟ- ဟောတော်မူပြီ။

---

* ကမေ့တွာ- ရှိမူ "ကမေ့တွာ- တုန်လှုပ်စေ၍"ဟု ပေးပါ။

(၁၂၁) ဘိက္ခဝေ- ရဟန်းတို့ ကာမဝဏ္ဏိနီ- နှစ်သက်ဖွယ်သော အဆင်းရှိသော၊ မိဿာ- ယောက်ျားတို့ကို ကိလေသာဖြင့် ရောနှောတတ်သော၊ အလမ္ဗုသာ- အလမ္ဗုသာအမည်ရှိသော၊ အစ္ဆရာ- နတ်သမီးသည်၊ မိဿိတုံ- ကိလေသာဖြင့် ရောနှောခြင်းငှာ၊ ဣစ္ဆန္တီ- အလိုရှိသည်ဖြစ်၍၊ ဣသိသိင်္ဂ- ဣသိသိင်္ဂ ရှင်ရသေ့ကို၊ ဣဒံဝစနံ- ဤသို့လာလည့်ဟူသော စကားကို၊ ဝတွာန- ဆို၍၊ ပက္ကာမိ- သွားဟန်ပြု၏။

အထ- ထိုအခါ၌၊ တာပသော- ဣသိသိင်္ဂရှင်ရသေ့သည်၊ နံ- ထိုအလမ္ဗုသာ နတ်သမီးကို၊ ဂစ္ဆန္တိံ- သွားသည်ကို၊ ဒိသွာ- မြင်၍၊ "အယံ- ဤသူသည်၊ ဂစ္ဆတိ- သွား၏၊" ဣတိ- ဤသို့၊ အတ္တနော- မိမိ၏၊ ဒန္ဓပရက္ကမံ- ညံ့သော အားထုတ်ခြင်းဟု ဆိုအပ်သော၊ မန္ဒဂမနံ- ဖြည်းဖြည်းညင်းညင်းသွားခြင်းကို၊ ဆိန္ဒိတွာ- ဖြတ်၍၊ ဝေဂေန- လျင်မြန်စွာ၊ ဓာဝိတွာ- ပြေး၍၊ ကေသေသု- ဆံထုံးတို့၌၊ ဟတ္ထေန- လက်ဖြင့်၊ ပရာမသိ- သုံးသပ်ဆွဲငင်ပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်။ "သောစ ဝေဂေန နိက္ခမ္မ၊ (ပ) နာဝံ ဂဏှိ အဏ္ဏဝေ"တိ- "သောစ ဝေဂေန နိက္ခမ္မ၊ (ပ) နာဝံ ဂဏှိ အဏ္ဏဝေ"ဟူကုန်သော၊ (ဣမာ နဝဂါထာ- ဤကိုးဂါထာတို့ကို၊) အာဟ- ဟောတော်မူပြီ။

(၁၂၂) ဘိက္ခဝေ- ရဟန်းတို့၊ သော- ထိုဣသိသိင်္ဂရသေ့သည်၊ ဒန္ဓ-ပရက္ကမံ- ညံ့သော အားထုတ်ခြင်းဟုဆိုအပ်သော ဖြည်းဖြည်းညင်းညင်း သွားခြင်းကို၊ ဆေတွာ- ဖြတ်၍၊ ဝေဂေန- လျင်မြန်စွာ၊ နိက္ခမ္မ- ပြေးလာ၍၊ အဇ္ဈပ္ပတ္တော- မှီတဉ့်လေလျှင်၊ တံ- ထိုအလမ္ဗုသာနတ်သမီးကို၊ ဥတ္တမာသု- မြတ်ကုန်သော၊ ဝေဏီသု- ဆံထုံးတို့၌။ ပရာမသိ- သုံးသပ်ဆွဲငင်လေ၏။

(၁၂၃) ဘိက္ခဝေ- ရဟန်းတို့၊ ကလျာဏီ- ကောင်းသော ကိုယ်အင်္ဂါနှင့် ပြည့်စုံသော၊ [သုသေညဘဏာ(သုသောဘိဏီ)]- အလွန်တင့်တယ်သော အလမ္ဗုသာနတ်သမီးသည်၊ တံ- ထိုဣသိသိင်္ဂရသေ့ကို၊ ဥဒါဝတ္တ- ပြန်လှည့်၍၊ [ပလိဿဇိ(ပလိဿဇ္ဇိ)]- ပိုက်ဖက်၏၊ တာပသော- ဣသိသိင်္ဂရသေ့သည်၊ [စဝိတမှိ(တမှာ)] ဗြဟ္မစရိယမှာ- ထိုမြတ်သောအကျင့်မှ၊ (စဝိ)- လျှောလေ၏၊ ယထာ- အကြြင်အခြင်းအရာဖြင့်၊ တံ- ထိုသိကြားမင်းသည် တောင့်တအပ်သော အလိုဆန္ဒသည်၊ တထေဝ- ထိုတောင့်တတိုင်းသာလျှင်၊ အဟောသိ- ဖြစ်လေ၏၊ အထ- ထိုအလိုဆန္ဒတောင့်တတိုင်းပြည့်စုံသည်

ရှိသော်၊ သက္ကဿ- သိကြားမင်းသည်၊ ဒေဝကညာ- အလမ္ဗုသာနတ်သမီးကို၊ တောသိတာ- နှစ်သက်လေ၏။

(၁၂၄) ဘိက္ခဝေ- ရဟန်းတို့ သာ- ထိုအလမ္ဗုသာနတ်သမီးသည်၊ နန္ဒနေဝနေ- နှစ်သက်ခြင်းကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် နန္ဒဝန်ဟု ဆိုအပ်သော တာဝတိံသာနတ်ပြည်၌၊ ဝသန္တံ- နေသော၊ ဣန္ဒံ- သိကြားမင်းကို၊ မနသာ- စိတ်ဖြင့်၊ [အဂမာ(အာဂမာ)]- အောက်မေ့ တခေါ်မျှော်လင့်လေ၏၊ ဒေဝကုဥ္စရော- နတ်တို့ထက်မြတ်ထသော၊ မဃဝါ- သိကြားမင်းသည်၊ တဿာ- ထိုအလမ္ဗုသာနတ်သမီး၏၊ သင်္ကပ္ပံ- အကြံကို၊ အညာယ- သိ၍။

(၁၂၅) သောဝဏ္ဏံ- ရွှေဖြင့်ပြီးထသော၊ [သောပဝါဟနံ (သော သပဝါဟဏံ)]- အခြံအရံနှင့် တကွသော၊ [သဥတ္တရစ္ဆဒပညာသံ (သုတ္တရစ္ဆဒ ပညာသံ)]- ငါးဆယ်သော အပေါ်လွှမ်းဗိတာန်နှင့်တကွသော၊ သဟဿ ပဋိယတ္တကံ- တစ်ထောင်သော နတ်ကော်ဇောလည်းခင်းထသော၊ ပလ္လင်္က- ပလ္လင်ကို၊ ခိပ္ပံ- လျင်စွာ၊ ပဟိဏိ- ပို့စေ၏။

(၁၂၆) ဘိက္ခဝေ- ရဟန်းတို့ [သောဘနာ(သောဘဏာ)]- တင့်တယ်ခြင်းနှင့် ပြည့်စုံသော အလမ္ဗုသာနတ်သမီးသည်၊ တတ္ထ- ထိုနတ်ပလ္လင်၌၊ နိသိန္နာ- ထိုင်နေလျက်၊ တမေနံ- ထိုဣသိသိင်္ဂရသေ့ကို၊ ဥရေကတွာန- ရင်၌ပိုက်ဖက်၍၊ ဓာရေသိ- ဆောင်၏၊ ဧကမုဟုတ္တံ- တခဏမျှ၊ ဓာရေသိက္လဝ- ဆောင်သကဲ့သို့ တတာ- ထိုအတူ၊ တီဏိဝဿာနိ- သုံးနှစ်တို့ပတ်လုံး၊ ဓာရယိ- ဆောင်၏။

(၁၂၇) ဘိက္ခဝေ- ရဟန်းတို့၊ ဗြာဟ္မဏော- ဣသိသိင်္ဂရသေ့သည်၊ တီဟိဝဿေဟိ- သုံးနှစ်တို့မှ၊ ဝိမဒေါ- မိန်းမောတွေဝေခြင်း ပြေသည်ဖြစ်၍၊ ပဗုဇ္ဈိတွာန- နိုး၍၊ အဂ္ဂိယာယနံ- မီးတင်းကုပ်ကို၊ ပရိဝါရေတွာ- ခြံရံ၍၊ သမန္တာ- ထက်ဝန်းကျင်မှ၊ ဌိတေ- တည်ကုန်သော၊ ဟရိတရုက္ခေ- စိမ်းညိုသော အရွက်ရှိသော သစ်ပင်တို့ကို၊ [အဒ္ဒသာသိ(အဒ္ဒသသိ)]- မြင်လေ၏။

(၁၂၈) သမန္တာ- ထက်ဝန်းကျင်မှ၊ ဌိတံ- တည်သော၊ ကောကိလဂ္ဂဏ- ယောသိတံ- ဥသြအပေါင်းတို့၏ မြူးရာဖြစ်သော၊ ဖုလ္လံ- ပွင့်လင်းစည်ပင်ထသော၊ နဝပတ္တဝနံ- ပေါက်စသစ်သော ရွက်နုရှိသော တောကို၊ ပဝိလော- ကေတွာ- ကြည့်၍၊ ရုဒံရုဒန္တော- ငိုကြွေးလျက်၊ အဿူနိ- မျက်ရည်တို့ကို၊ ဝတ္တယိ- ယိုစီးစေ၏။

(၁၂၉) ကိံပဝတ္တယိ- အဘယ်သို့ဖြစ်သနည်း၊ အဟံ- ငါသည်၊ နဇုဟေ- မီးမပူဇော်မိ၊ မန္တေ- ဗေဒင်တို့ကို၊ [နဇပေ(နဇပ္ပေ)]- မသရဇ္ဈာယ်မိ၊ အဂ္ဂိဟုတ္တံ- မီးပူဇော်ခြင်းကို၊ ပဟာပိတံ- စွန့်ပစ်မိ၏၊ ကောနု- အဘယ်သူသည်လျှင်၊ ပါရိစရိယာယ- ကိလေသာဖြင့် လုပ်ကျွေးခြင်းဖြင့်၊ ပုဗ္ဗေ- ရှေးကာလက၊ မေ- ငါ၏၊ စိတ္တံ- စိတ်ကို [ပလောဘယိ (ပလောဘယိံ)]- ဖြားယောင်းစေဘိ၏ သနည်း။

(၁၃၀) [နာနာရတ္နပရိပူရ်(နာနာရတနပရိပူရ်)]- အထူးထူးသော ရတနာ တို့ဖြင့် ပြည့်သော၊ နာဝံ- လှေကို၊ အဏ္ဏဝေ- သမုဒ္ဒရာ၌၊ ဂဏှိက္ကဝ- နှစ်ဘိ သကဲ့သို့၊ တထာ- ထိုအတူ၊ ယော- အကြင်သူသည်၊ အရညေ- တော၌၊ ဝိဟရတော- နေသော၊ မေ- ငါ၏၊ တေဇာဟသမ္ဘုတံ- ရဟန်းတို့၏ အစွမ်းကြောင့်ဖြစ်သော စျာန်တည်းဟူသောကျေးဇူးကို၊ ဝိနာသံ- ပျက်စီးခြင်း သို့ ပါပေသိ- ရောက်စေ၏၊ သော- ထိုသူသည်၊ ကောနာမ- အဘယ်မည်သော သူဖြစ်လေသနည်း၊ ကထိ- ဤသို့ ရုဒံရုဒန္တော- ငိုမြည်တမ်းလျက်၊ အဿုနိ- မျက်ရည်တို့ကို၊ ဝတ္တယိ- ယိုစီးစေ၏။

တတ္ထ- ထိုသော စ ဝေဝေနေစသော ဂါထာတို့၌၊ **အဇ္ဈုပ္ပတ္တော**တိ- အဇ္ဈုပ္ပတ္တော ဟူသည်ကား၊ သမ္ပတ္တော- ရောက်လာ၏၊ **တမုဒါဝတ္တ ကလျာဏီ**တိ- တမုဒါဝတ္တ ကလျာဏီဟူသည်ကား၊ ကေသေ- ဆံပင်တို့ကို၊ ပရာမသိတွာ- သုံးသပ်၍၊ ဌိတံ- တည်သော၊ တံ ဣသိံ- ထိုရသေ့ကို၊ ဥဒါဝတ္တိတွာ- နောက်သို့ ဆုတ်၍၊ နိဝတ္တိတွာ- နစ်၍၊ ကလျာဏဒဿနာ- ကောင်းသော ကြည့်ခြင်းရှိသော၊ သုဌု- အလွန်၊ သောဘနာ- တင့်တယ်သော၊ သာ- ထိုနတ်သမီးသည်၊ **ပလိဿဇီ**တိ- ပလိဿဇိ ဟူသည်ကား၊ အာလိင်္ဂိ- ပွေ့ဖက်၏၊ **စဝိတမှိ ဗြဟ္မစရိယာ, ယထာ တံ အထ တောသိတာ**တိ- စဝိတမှိ ဗြဟ္မစရိယာ, ယထာ တံ အထ တောသိတာဟူသည်ကား၊ ဘိက္ခဝေ- ရဟန်းတို့၊ တဿ ဣသိနော- ထိုရသေ့၏၊ ဈာနံ- စျာန်သည်၊ တာဝဒေဝ- ထိုခဏ၌ပင်လျှင်၊ အန္တရဓာယိ- လျောကျခဲ့ပြီ၊ ဗြဟ္မစရိယာ- မြတ်သော အကျင့်ဖြစ်သော၊ တမှာ ဈာနာ- ထိုစျာန်မှ၊ တသ္မိံ စဝိတေ- ထိုလျောကျသောအခါ၌၊ ယထာ- အကြင်အခြင်းအရာအားဖြင့်၊ သက္ကေန- သိကြားမင်းသည်၊ ပတ္ထိတံ- တောင့်တအပ်သော၊ (ယံ- အကြင်ဆန္ဒသည်၊ အတ္ထိ- ရှိ၏၊) တံ- ထိုဆန္ဒသည်၊ တထေဝ- တောင့်တသည့် အတိုင်းပင်၊ အဟောသိ- ဖြစ်ခဲ့ပြီ၊ အထ- ထိုအခါ၌၊ သက္ကဿ- သိကြားမင်း၏၊

ပတ္ထနာယ- တောင့်တခြင်း၏၊ သမိဒ္ဓဘာဝံ- ပြည့်စုံသည်၏ အဖြစ်ကို၊ ဝိဒိတွာ- သိ၍၊ သာ ဒေဝကညာ- ထိုနတ်သမီးသည်၊ တောသိတာ- နှစ်သက်ခဲ့ပြီ၊ တဿ- ထိုရသေ့၏၊ တေန ပြဟ္မစရိယဝိနာသေန- ထိုမြတ်သောအကျင့်၏ ပျက်စီးခြင်းဖြင့်၊ သဥ္ဇနိတပီတိ- ပါမောဇ္ဇာ- ကောင်းစွာဖြစ်စေအပ်သော ပီတိပါမောဇ္ဇသည်၊ (အဟောသိ- ဖြစ်ပြီ၊) ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

**မနသာ အဂမာ**တိ- မနသာ အဂမာဟူသည်ကား၊ သာ- ထိုနတ်သမီးသည်၊ တံ- ထိုရသေ့ကို၊ အာလိင်္ဂိတွာ- ပွေ့ဖက်၍၊ ဌိတာ- တည်လျက်၊ သက္ကော- သိကြားမင်းသည်၊ မေ- ငါ့အတွက်၊ ပလ္လင်္ကံ- ပလ္လင်ကို၊ ပေသေယျ- ပို့ပေးပါမူကား၊ အဟော ဝတ- ကောင်းလေစွ၊ ဣတိ ဧဝံ- ဤသို့၊ ပဝတ္တေန- ဖြစ်သော၊ မနသာ- စိတ်ကြောင့်၊ ဣန္ဒံ- သိကြားမင်းသည်၊ အဂမာ- လာခဲ့ပြီ၊ **နန္ဒနေ ဝနေ**တိ- နန္ဒနေ ဝနေဟူသည်ကား၊ နန္ဒိဇနနသမတ္ထတာယ- နှစ်သက်ခြင်းကိုဖြစ်စေခြင်းငှာ စွမ်းနိုင် သည်၏အဖြစ်ကြောင့်၊ နန္ဒနဝနသင်္ခါတေ- နန္ဒနတောဟုဆိုအပ်သော၊ တာဝတိံသဘဝနေ- တာဝတိံသာဘုံ၌၊ ဝသန္တံ- နေသော၊ **ဒေဝကုဉ္ဇရော**တိ- ဒေဝကုဉ္ဇရောဟူသည်ကား၊ ဒေဝသေဋ္ဌော- နတ်မြတ်သည်၊ **ပဟိဏီ**တိ- ပဟိဏီဟူသည်ကား၊ ပေသေသိ- စေခဲ့ပြီ၊ "ပါဟိဏီ"တိပိ- ပါဟိဏီဟူ၍လည်း၊ ပါဌော- ပါဌ်သည် (ဘဝတိ- ဖြစ်၏၊) **သောပဝါဟနံ့**- သောပဝါဟနံ ဟူသည်ကား၊ သပရိဝါရံ- အခြံအရံနှင့်တကွ၊* **သဥတ္တရစ္ဆဒပညာသံ**- သဥတ္တရစ္ဆဒ- ပညာသံဟူသည်ကား၊ ပညာသာယ- ငါးဆယ်သော၊ ဥတ္တရစ္ဆဒေဟိ- အပေါ်လွှမ်း တဘက်တို့ဖြင့်၊ ပဋိစ္ဆာဒိတံ- ဖုံးလွှမ်းအပ်သော၊ **သဟဿပဋိယတ္ထတ**န္တိ- သဟဿ- ပဋိယတ္ထတံဟူသည်ကား၊ သဟဿဒိဗ္ဗကောဇဝတ္ထတံ- တစ်ထောင်သော နတ်၌ဖြစ်သော ကော်ဇောခင်းအပ်သော၊ **တမေနံ တတ္ထာ**တိ- တမေနံ တတ္ထာဟူသည်ကား၊ တံ ဣသိသိင်္ဂံ- ထိုဣသိသိင်ရသေ့ကို၊ တတ္ထ ဒိဗ္ဗပလ္လင်္ကေ- ထိုနတ်ပလ္လင်၌၊ နိသိန္နာ- နေလျက်၊ သာ- ထိုနတ်သမီးသည်၊ ဥရေ- ရင်၌၊ ကတွာ- ပြု၍၊ ဓာရေသိ- ဆောင်ခဲ့ပြီ၊ **တီဏိ ဝဿာနီ**တိ- တီဏိ ဝဿာနိဟူသည်ကား၊ ဧကမုဟုတ္တံ ဝိယ- တခဏမျှကဲ့သို့၊ မနုဿဂဏနာယ- လူတို့၏ အရေအတွက်အားဖြင့်၊ တီဏိ ဝဿာနိ- သုံးနှစ်တို့ပတ်လုံး၊

* ဥပဝါဟန- သယ်ဆောင်ခြင်းအနက်ကို ဟော၏၊ ပရိဝါရ- အခြံအရံအနက်ကို ဟော၏၊ ဤ၌ပရိယာယ်ပုဒ်အနေဖြင့် အဋ္ဌကထာဖွင့်ခြင်းမှာ ပလ္လင်ကို သယ်ဆောင်မည့်အခြံအရံ ပုဂ္ဂိုလ် များနှင့် တကွ ပေးပို့လိုက်သည်ဟု ဆိုလိုသည်။

တံ- ထိုရသေ့ကို၊ ဥရေ- ရင်၌၊ နိပဇ္ဇာပေတွာ- လဲလျောင်းစေ၍၊ တတ္ထ- ထိုပလ္လင်ထက်၌၊ နိသိန္နာ- နေလျက်၊ ဓာရေသိ- ဆောင်ထားခဲ့ပြီ။

**ဝိမဒေါ**တိ- ဝိမဒေါဟူသည်ကား၊ နိမ္မဒေါ- ယစ်ခြင်းကင်းသည်၊ ဝိဂတသညဘာဝေါ- အသိစိတ်ကင်းခြင်း၏ မရှိခြင်းသည်၊* ဟိ- မှန်၏၊ သော- ထိုရသေ့သည်၊ တီဏိ သံဝစ္ဆရာနိ- သုံးနှစ်တို့ပတ်လုံး၊ ဝိသညော- အသိစိတ်ကင်းသည်၊ (ဟုတွာ- ဖြစ်၍၊) သယိတွာ- အိပ်ပျော်၍၊ ပစ္ဆာ- နောက်မှ၊ ပဋိလဒ္ဓသညော- ရအပ်သော အသိစိတ်ရှိသည်၊ (ဟုတွာ- ဖြစ်၍၊) ပဗုဇ္ဈိ- နိုးခဲ့ပြီ၊ တဿ- ထိုရသေ့သည်၊ ပဗုဇ္ဈမာနေနိုးသည်ရှိသော်၊ ဟတ္ထာဒိဖန္ဒနံ- လက်စသည်တို့၏ လှုပ်ရှားခြင်းကို၊ ဒိသွာဝ- မြင်၍လျှင်၊ အလမ္ဗုသာ- အလမ္ဗုသာနတ်သမီးသည်၊ တဿ- ထိုရသေ့၏၊ ပဗုဇ္ဈနဘာဝံ- နိုးသည်၏အဖြစ်ကို၊ ဉတွာ- သိ၍၊ ပလ္လင်္ကံ- ပလ္လင်ကို၊ အန္တရဓာပေတွာ- ကွယ်ပျောက်စေ၍၊ သယမ္ပိ- ကိုယ်တိုင်လည်း၊ အန္တရဟိတာ- ကွယ်ပျောက်သည်ဖြစ်၍၊ အဋ္ဌာသိ- တည်ခဲ့ပြီ **အဒ္ဒသာသိ**တိ- အဒ္ဒသာသိဟူသည်ကား၊ သော- ထိုရသေ့သည်၊ အဿမပဒံ- သင်္ခမ်းကျောင်းကို၊ ဩလောကေန္တော- ကြည့်၍၊ ကေန- အဘယ်သူသည်၊ သီလဝိနာသံ- သီလပျက်စီးခြင်းသို့၊ ပါပိတော- ရောက်စေအပ်သည်၊ အမှိ နု ခေါ- ဖြစ်သနည်း၊ က္ကတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ မဟန္တေန- ကြီးစွာသော၊ သဒ္ဒေန- အသံဖြင့်၊ ပရိဒေဝမာနော- ငိုကြွေးလျက်၊ (ဟရိတရုက္ခေ- စိမ်းညိုသော အရွက်ရှိသော သစ်ပင်တို့ကို၊) အဒ္ဒသာသိ- မြင်လေ၏၊ **ဟရိတရုက္ခေ**တိ- ဟရိတရုက္ခေဟူသည်ကား၊ အဂ္ဂိယာယနသဒ္ဒါတံ- မီး၏တည်ရာဟုဆိုအပ်သော၊ အဂ္ဂိသာလံ- မီးတင်းကုပ်ကို၊ သမန္တာ- ထက်ဝန်းကျင်မှ၊ ပရိဝါရေတွာ- ခြံရံ၍၊ ဌိတေ- တည်ကုန်သော၊ ဟရိတပတ္တရုက္ခေ- စိမ်းသော အရွက်ရှိသော သစ်ပင်တို့ကို၊ **နဝပတ္တဝနန္တိ**- နဝပတ္တဝနံဟူသည်ကား၊ တရုဏေဟိ- နုပျိုကုန်သော။ နဝပတ္တေဟိ- အသစ်ဖြစ်သော သစ်ရွက်တို့ဖြင့်၊ သဉ္ဆန္နံ- ဖုံးလွှမ်းသော၊ ဝနံ- တောကို၊ **ရုဒန္တိ**- ရုဒံဟူသည်ကား၊ ပရိဒေဝန္တော- ငိုကြွေးလျက်။

**န ဇုဟေ န ဇပေ မန္တေ**တိ- န ဇုဟေ န ဇပေ မန္တေဟူသည်ကား၊ အယံ- ဤစကားရပ်သည်၊ အဿ- ထိုရသေ့၏၊ ပရိဒေဝနဂါထာ- ငိုကြွေးပုံကို ဖော်ပြသော ဂါထာတည်း၊ **ပဟာပိတန္တိ**- ပဟာပိတံဟူသည်ကား၊ ဟာပိတံ- ယုတ်လျော့စေအပ်၏၊ ပ-ကာရော- ပ-အက္ခရာသည်၊ ဥပသဂ္ဂမတ္တံ- ဥပသာရပုဒ်မျှတည်း၊ (ဝါ) အနက်မရှိ၊

*ဝိဂတသညာဘာဝေါ-ဟု ရှိမှသင့်သည်။

**ပါရိစရိယာယာ**တိ- ပါရိစရိယာယဟူသည်ကား၊ ကော နု- အဘယ်မည်သော သူသည်၊ ကိလေသပါရိစရိယာယ- ကိလေသာဖြင့် လုပ်ကျွေးခြင်းငှာ၊ ဣတော- ဤကာလမှ၊ ပုဗ္ဗေ- ရှေး၌၊ မမ- ငါ၏၊ စိတ္တံ- စိတ်ကို၊ ပလောဘယိ- ဖြားယောင်းဘိ သနည်း၊ ဣတိ- ဤသို့၊ ပရိဒေဝတိ- ငိုကြွေး၏၊ **ယော မေ တေဇာ ဟ သမ္ဘုတန္တိ-** ယော မေ တေဇာ ဟ သမ္ဘုတံဟူသည်ကား၊ ဟ-ကာရော- ဟ-အက္ခရာသည်၊ နိပါတမတ္တံ- နိပတ်မျှတည်း၊ ယော- အကြင်သူသည်၊ မမ- ငါ၏၊ သမဏတေဇေန- ရဟန်း၏ အစွမ်းသတ္တိကြောင့်၊ သမ္ဘုတံ- ကောင်းစွာဖြစ်သော၊ ဈာနဂုဏံ- ဈာန်တည်း ဟူသော ဂုဏ်ကို၊ နာနာရတနပရိပုဏ္ဏံ- အထူးထူးသော ရတနာတို့ဖြင့် ပြည့်သော၊ မဟန္တံ- ကြီးစွာသော၊ မဟဏ္ဏဝေ- သမုဒ္ဒရာ၌၊ နာဝံ- လှေကို၊ ဂဏ္ဍိ ဝိယ- နှစ်ဘိ သကဲ့သို့၊ (ဂဏ္ဍိ- နှစ်ခဲ့ပြီ) ဝိနာသံ- ပျက်စီးခြင်းသို့၊ ပါပေသိ- ရောက်စေခဲ့ပြီ၊ ဧသော- ထိုသူသည်၊ ကော နာမ- အဘယ်အမည်ရှိသူနည်း၊ ဣတိ- ဤသို့၊ ပရိဒေဝတိ- ငိုကြွေး၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုဣသိသိင်္ဂရှင်ရသေ့ ငိုကြွေးမြည်တမ်းသည်ကို၊ သုတွာ- ကြား၍၊ အလမ္ဗုသာ- အလမ္ဗုသာနတ်သမီးသည်၊ "အဟံ- ငါသည်၊ သစေ န ကထေဿာမိ- အကယ်၍ မပြောဆိုချေအံ့၊ အယံ- ဤရှင်ရသေ့သည်၊ မေ- ငါ့ကို၊ အဘိသပိဿတိ- ကျိန်ဆဲလတ္တံ့၊ ဟန္ဒ- ယခုအခါ၌၊ အဿ- ထိုရှင်ရသေ့အား၊ ကထေဿာမိ- ပြောဆိုအံ့၊" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ၊ သာ- ထိုအလမ္ဗုသာ နတ်သမီးသည်၊ ဒိဿမာနေန- ထင်ရှားသော၊ ကာယေန- ကိုယ်ဖြင့်၊ ဌတွာ- တည်၍၊ (ကထေန္တော- ပြောဆိုလိုသည်ဖြစ်၍၊) "အဟံ တေ ပါရိစရိယာယ၊ (ပ) ပမာဒေါတွံ န ဗုဇ္ဈသီ"တိ- "အဟံ တေ ပါရိစရိယာယ၊ (ပ) ပမာဒေါတွံ န ဗုဇ္ဈသိ" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၃၁) ဘောတာပသ- အိုရှင်ရသေ့၊ တေ- ရှင်ရသေ့အား၊ ပါရိစရိယာယ- ကာမဂုဏ်ဖြင့် လုပ်ကျွေးစိမ့်သောငှာ၊ ဒေဝရာဇေန- သိကြားမင်းသည်၊ ပေသိတာ- စေအပ်သော၊ အဟံ- အကျွန်ုပ်သည်၊ စိတ္တေန- အကျွန်ုပ် စိတ်ဖြင့်၊ စိတ္တံ- ရှင်ရသေ့စိတ်ကို၊ [အဝမိ(ပဝမိ)]- ညှဉ်းဆဲမိပေ၏၊ တွံ- ရှင်ရသေ့သည်၊ ပမာဒေါ- မေ့လျော့သည်ဖြစ်၍၊ နဗုဇ္ဈသိ- သိတော်မမူလေ။

သော- ထိုဣသိသိင်္ဂရှင်ရသေ့သည်၊ တဿာ- ထိုအလမ္ဗုသာနတ်သမီး၏၊ ကထံ- စကားကို၊ သုတွာ- ကြား၍၊ ပိတရာ- ခမည်းတော်ရှင်ရသေ့ကြီးသည်၊

ဒိန္နဩဝါဒံ- ပေးအပ်သောအဆုံးအမကို၊ သရိတွာ- အောက်မေ့၍၊ “ပိတု- ခမည်းတော်ရှင်ရသေ့၏၊ ဝစနံ- စကားကို၊ အကတွာ- မလိုက်နာမိချေ၍၊ မဟာ-ဝိနာသံ-ကြီးစွာသော ပျက်စီးခြင်းသို့၊ ပတ္တော- ရောက်ရသည်၊ အမှို- ဖြစ်၏၊” ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) ပရိဒေဝန္တော- ငိုကြွေးမြည်တမ်းလိုသည်ဖြစ်၍၊ “ဣမာနိ ကိရ မံ တာတော (ပ) မရဏံ မေ ဘဝိဿတီ”တိ- “ဣမာနိ ကိရ မံ တာတော (ပ) မရဏံ မေ ဘဝိဿတိ”-ဟူကုန်သော၊ စတဿော- လေးခုကုန်သော၊ ဂါထာယော-ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

(၁၃၂) ကဿပေါ- ကဿပအနွယ်တော်ဖြစ်သော၊ တာတော- ခမည်းတော်သည်။ မံ- ငါကို၊ ဣမာနိ- ဤစကားတို့ကို၊ ဝတွာ- ဆို၍၊ အနုသာသတိကိရ-ဆုံးမတော်မူဘူးသတတ်၊ မာဏဝ- လုလင်ပျို၊ ကမလာသဒိသိတ္ထိယော-မိန်းမသဏ္ဌာန်ပွင့်သော နွယ်ပန်းပွင့်နှင့် တူသော မိန်းမတို့သည်၊ ဣမသ္မိံ ဟိမဝန္တေ- ဤဟိမဝန္တာအရပ်၌၊ သန္တိ- ရှိကုန်၏၊ တာယော- ထိုမိန်းမတို့ကို၊ ဗုဇ္ဈေသိ- အမောင်သိလော။

(၁၃၃) မာဏဝ- လုလင်ပျို၊ ဥရေ- ရင်၌၊ ဂဏ္ဍာယော- နှစ်ခုအစုံ အသားငုံရှိကုန်သော မိန်းမတို့ကို၊ ဗုဇ္ဈေသိ- အမောင်သိလော၊ တာယော- ထိုမိန်းမတို့သည်၊ အတ္တနော- မိမိ၏၊ ဝသံ- အလိုသို့၊ ဂတော- လိုက်ကုန်သော သူတို့ကို၊ ဝိနာသံ- ပျက်စီးခြင်းသို့၊ ပါပေန္တိ- ရောက်စေတတ်ကုန်၏၊ ဣတိ- ဤသို့၊ ဗုဇ္ဈေသိ- အမောင်သိလော၊ ဣတိ- ဤသို့၊ ယထာ- ယေနအာကာရေန-အကြင်သို့သော အခြင်းအရာအားဖြင့်၊ မံအနုကမ္ပ- ကော- ငါ့အား သနားကရုဏာ ရှိပေသော၊ တာတော- ခမည်းတော် ရှင်ရသေ့သည်၊ မံ- ငါကို၊ အနုသာသိ- ဆုံးမတော်မူဘူးလေ၏။

(၁၃၄) အဟံ- ငါသည်၊ [ဝုဒ္ဓဿ(ဗုဒ္ဓဿ)]- ပညာအမြော်အမြင်နှင့်ပြည့်စုံသော၊ တဿ- ထိုသို့သဘောရှိသော၊ ပိတု- ခမည်းတော်၏၊ သာသနံ-အဆုံးအမဖြစ်သော၊ ဝစနံ- စကားကို၊ နာကံ- မလိုက်နာမိချေ၊ အဇ္ဇ- ယနေ့၊ သွာဟံသောအဟံ- ထိုငါသည်၊ [နိမ္မနုဿမှိ(နိမနုဿမှိ)]- လူမရှိသော၊ အရညေ- တော၌၊ ဧကော- တစ်ယောက်အတည်းတည်း၊ ဈာယာမိ-ကျုံးကျုံငိုကြွေးရ၏။

(၁၃၅) မေ- ငါ့အား၊ ဇီဝိတေန- သက်ရှင်ခြင်းဖြင့်၊ မိရတ္ထု- အကျိုးမရှိ စက်ဆုတ်ရွံရှာဖွယ်ရှိ၏၊ မေ- ငါ့အား၊ မရဏံဝါ- သေခြင်းသည်လည်း၊ ဘဝိဿတိ-

ဖြစ်လတ္တံ့၊ ယထာ- အကြင်သို့သော အခြင်းအရာအားဖြင့်၊ ကယိရမာနေ- ပြုသည်ရှိသော်၊ ပုနဝါ- တစ်ဖန်လည်း၊ တာဒိသော- ထိုသို့ရှေးနှင့် တူသော သဘောရှိသော စျာန်ရယောက်ျားသည်၊ ဟေဿံ- ဖြစ်လတ္တံ့၊ တထာ- ထိုသို့သောအခြင်းအရာအားဖြင့်၊ သောအဟံ- ထိုငါသည်၊ ကရိဿာမိ- ပြုဦးအံ့။

တတ္ထ- ထိုက္ကမာနိစသော ဂါထာတို့၌၊ **က္ကမာနီ**တိ- က္ကမာနိဟူသည်ကား၊ က္ကမာနိ ဝစနာနိ- ဤစကားတို့ကို၊ **ကမလာသဒိသိတ္ထိယော**တိ- ကမလာသဒိသိတ္ထိယော ဟူသည်ကား၊ နာရိပုပ္ဖလတာ- မိန်းမသဏ္ဍာန်အပွင့်ရှိသောနွယ်ပင်ကို၊ ကမလာ- ကမလာဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ တာသံ- ထိုနွယ်ပင်တို့၏၊ ပုပ္ဖသဒိသာ- ပန်းပွင့်နှင့် တူကုန်သော၊ က္ကတ္ထိယော- မိန်းမတို့သည်၊ **တာယော ဗုဒ္ဓေသိ မာဏဝါ**တိ- တာယော ဗုဒ္ဓေသိ မာဏဝဟူသည်ကား၊ မာဏဝ- လုလင်၊ တွံ- သင်သည်၊ တာယော- ထိုမိန်းမ တို့ကို၊ ဇာနေယျာသိ- သိလော့၊ ဥ တွာ- သိ၍၊ ဒဿနပထံ- မြင်ခြင်းတည်းဟူသော လမ်းသို့၊ အဂန္တာ- မသွားမူ၍၊ ပလာပေယျာသိ- ရှောင်ပြေးလော့၊ က္ကတိ- ဤသို့၊ ဧဝရူပါနိ- ဤသို့သဘောရှိကုန်သော၊ ယာနိ ဝစနာနိ- အကြင်စကားတို့ကို၊ တဒါ- ထိုအခါ၌၊ မံ- ငါ့ကို၊ တာတော- ဖခင်သည်၊ အနုသာသတိ- ဆုံးမ၏၊ က္ကမာနိ- ဤသည်တို့သည်၊ တာနိ ကိရ- ထိုဖခင်ပြောသော မိန်းမတို့လေလော၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ဥရေဂဏ္ဍာယော**တိ- ဥရေဂဏ္ဍာယောဟူသည်ကား၊ ဥရမို- ရင်၌၊ ဒွိဟိ- နှစ်ခုကုန်သော၊ ဂဏ္ဍေဟိ- အဖုတို့ဖြင့်၊ သမန္နာဂတာ- ပြည့်စုံကုန်၏၊ **တာယော ဗုဒ္ဓေသိ, မာဏဝါ**တိ- တာယော ဗုဒ္ဓေသိ မာဏဝဟူသည်ကား၊ မာဏဝ- လုလင်၊ တာယော- ထိုမိန်းမတို့ကို၊ အတ္တနော- မိမိ၏၊ ဝသံ- အလိုသို့၊ ဂတေ- လိုက်ပါသော သူတို့ကို၊ ဝိနာသံ- ပျက်စီးခြင်းသို့၊ ပါပေန္တိ- ရောက်စေကုန်၏၊ က္ကတိ- ဤသို့ တွံ- သင်သည်၊ ဇာနေယျာသိ- သိလော့၊ **နာကန္တိ**- နာကံဟူသည်ကား၊ နာကရိ- မပြုခဲ့၊ (ဝါ) မလိုက်နာခဲ့၊ **ဈာယာမီ**တိ- ဈာယာမိဟူသည်ကား၊ ပဇ္ဈာယာမိ- ကြံမှိုင်၏၊ ပရိဒေဝါမိ- ငိုကြွေး၏၊ **မိရတ္ထု ဇီဝိတေန မေ**တိ- မိရတ္ထု ဇီဝိတေန မေဟူသည်ကား၊ မမ- ငါ၏၊ ဇီဝိတံ- အသက်ရှင်ခြင်းသည်၊ မိရတ္ထု- ဆက်ဆုတ်ဖွယ်ဖြစ်၏၊ ဂရဟိတံ- ကဲ့ရဲ့အပ်၏၊ ဇီဝိတေန- အသက်ရှင်ခြင်းဖြင့်၊ မေ- ငါ့အဖို့၊ ကော အတ္ထော- အဘယ် အကျိုးရှိအံ့နည်း၊ **ပုန ဝါ**တိ- ပုန ဝါဟူသည်ကား၊ ပုန ဝါ- တစ်ဖန်လည်း၊ ယထာ- အကြင် အခြင်းအရာအားဖြင့်၊ တာဒိသော- ထိုကဲ့သို့သဘောရှိသည်၊ ဘဝိဿာမိ-

ဖြစ်အံ့၊ တထာ- ထိုအခြင်းအရာအားဖြင့်၊ ကရိဿာမိ- ပြုအံ့၊ နဠ္ဌ- ပျောက်ပျက်သော၊ ဈာနံ- ဈာန်ကို၊ ဥပ္ပါဒေတွာ- ဖြစ်စေ၍၊ ဝီတရာဂေါ- ရာဂကင်းသူသည်၊ ဘဝိဿာမိ- ဖြစ်အံ့၊ မေ- ငါ့အား၊ မရဏံ ဝါ- သေခြင်းသည် လည်း၊ ဘဝိဿတိ- ဖြစ်လတ့်၊ ဣတိ- ဤကား၊ အဓိပ္ပာယ်- အနက်တည်း။

သော- ထိုဣသိသိင်္ဂရှင်ရသေ့သည်၊ ကာမရာဂံ- ကာမရာဂကို၊ ဝါ- ကာမဂုဏ်၌ တပ်မက်သော ရာဂကို၊ ပဟာယ- ပယ်စွန့်၍၊ ပုန- တစ်ဖန်၊ ဈာနံ- ဈာန်ကို၊ ဥပ္ပါဒေသိ- ဖြစ်စေပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုဣသိသိင်္ဂရှင်ရသေ့၏၊ သမဏတေဇံ- ရသေ့ ရဟန်း၏ တန်ခိုးအစွမ်းကို၊ ဒိသွာ- မြင်၍၊ ဈာနဿ- ဈာန်ကို၊ ဝါ- ဈာန်၏၊ ဥပ္ပါဒိတဘာဝဥ္စ- ဖြစ်စေအပ်သည်၏ အဖြစ်ကိုလည်း၊ ဉတွာ- သိ၍၊ အလမ္ဗုသာ- အလမ္ဗုသာနတ်သမီးသည်၊ ဘီတာ- ကြောက်သည်ဖြစ်၍၊ ခမာပေသိ- သည်းခံစေပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်၊ "တဿ တေဇံ ဝီရိယဉ္စ၊ (ပ) သဗ္ဗံ ဒေဝပုရံ တဒါ"တိ- "တဿ တေဇံ ဝီရိယဉ္စ၊ (ပ) သဗ္ဗံ ဒေဝပုရံ တဒါ"ဟူကုန်သော၊ ဒွေ- နှစ်ခုကုန်သော၊ ဂါထာယော- ဂါထာတို့ကို၊ အဘာသိ- ဟောတော်မူပြီ။

(၁၃၆) ဘိက္ခဝေ- ရဟန်းတို့၊ အလမ္ဗုသာ- အလမ္ဗုသာနတ်သမီးသည်၊ တဿ- ထိုဣသိသိင်္ဂရသေ့၏၊ ပဝတ္တိတံ- ဖြစ်စေအပ်ပြီးသော၊ တေဇဥ္စ- တန်ခိုးအစွမ်းကိုလည်းကောင်း၊ ဝီရိယဉ္စ- လုံ့လကိုလည်းကောင်း၊ မိတိဥ္စ- ပညာကိုလည်းကောင်း၊ ဉတွာ- သိ၍။ ဣသိသိင်္ဂ ဣသိသိင်္ဂဿ- ဣသိသိင်္ဂ ရသေ့၏၊ ပါဒေ- ခြေတို့ကို၊ သိရသာ- ဦးခေါင်းဖြင့်၊ [အဂ္ဂဟီ (အဂ္ဂဟိံ)]- တိုက်၏။

(၁၃၇) မဟာဝီရ- ကြီးသော လုံ့လရှိသော ရှင်ရသေ့၊ မေ- အကျွန်ုပ်အား၊ မာကုဇ္ဈ- အမျက်ထွက်တော်မမူပါလင့်၊ မဟာဣသေ- မြတ်သော ရှင်ရသေ့၊ မေ- အကျွန်ုပ်အား၊ မာကုဇ္ဈ- အမျက်ထွက်တော်မမူပါလင့်၊ ယဒါ- အကြင် အခါ၌၊ တယာ- ရှင့်ရသေ့ကြောင့်၊ သဗ္ဗံ- အလုံးစုံသော၊ ဒေဝပုရံ- တာဝတိံသာ နတ်ပြည်သည်၊ သံကမ္ပိတံ- တုန်လှုပ်သည်၊ အာသိ- ဖြစ်၏၊ တဒါ- ထိုအခါ၌၊ [ယသဿိနံ(ယသဿီနံ)]- များသော အခြံအရံရှိကုန်သော၊ တိဒသာနံ- တာဝတိံသာနတ်တို့၏၊ မဟာအတ္ထော- မြတ်သော အကျိုးကို၊ မယာ- အကျွန်ုပ်သည်၊ စိဏ္ဏော- ကျင့်အပ်၏၊ ဣတိ- ဤသို့ ဝတွာ- ဆို၍၊ ဣသိသိင်္ဂ

ဣလ္လိသိဂ်ဿ- ဣလ္လိသိဂ်ရသေ့၏၊ ပါဒေ- ခြေတို့ကို၊ အဟံ အလမ္ဗုသာ-
အကျွန်ုပ် အလမ္ဗုသာ နတ်သမီးသည်။ သိရသာ- ဦးခေါင်းဖြင့်၊ အဂ္ဂဟိံ-
တိုက်၏။

အထ- ထိုအခါ၌၊ သော- ထိုဣလ္လိသိဂ်ရှင်ရသေ့သည်၊ နံ- ထိုအလမ္ဗုသာ
နတ်သမီးကို၊ "ဘဒ္ဒေ- ကောင်းသော လက္ခဏာနှင့် ပြည့်စုံသော နတ်သမီး၊ တေ-
သင်အား၊ (အဟံ- ငါသည်၊) ခမာမိ- သည်းခံ၏၊ ယထာသုခံ- ချမ်းသာသည်
အားလျော်စွာ၊ (အလိုရှိတိုင်း) ဂစ္ဆ- သွားလော၊" ဣတိ- ဤသို့၊ (ဝတွာန- ဆို၍၊)
ဝိဿဇ္ဇေန္တော- လွှတ်လိုသည်ဖြစ်၍။ "တာဝတိံသာစ ယေဒေဝါ (ပ) ဂစ္ဆကညေ
ယထာသုခ"န္တိ- "တာဝတိံသာစ ယေဒေဝါ (ပ) ဂစ္ဆကညေ ယထာသုခံ" ဟူသော၊
ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၃၈) ဘဒ္ဒေ- ကောင်းသော လက္ခဏာနှင့် ပြည့်စုံသော နတ်သမီး၊ တာဝတိံသာ-
တာဝတိံသာဘုံ၌ နေကုန်သော၊ ယေဒေဝါ- အကြင် နတ်တို့သည်၊ သန္တိ-
ရှိကုန်၏၊ တေဒေဝါစ- ထိုနတ်တို့သည်လည်းကောင်း၊ တိဒသာနံ-
တာဝတိံသာနတ်တို့၏၊ ဝါသဝေါစ- အရှင်ဖြစ်သော သိကြားမင်းသည်လည်း
ကောင်း၊ သုခီ- ချမ်းသာခြင်းရှိကုန်သည်၊ ဟောန္တု- ဖြစ်စေကုန်သတည်း၊
တွဉ္စ- သင်သည်လည်း၊ သုခီ- ချမ်းသာခြင်းရှိသည်၊ ဟောဟိ- ဖြစ်စေသတည်း၊
ကညေ- နတ်သမီး၊ တွံ- သင်သည်၊ ယထာသုခံ- အလိုရှိတိုင်း၊ ဂစ္ဆ-
သွားလေလော။

သာ- ထိုအလမ္ဗုသာနတ်သမီးသည်၊ တံ- ထိုဣလ္လိသိဂ်ရှင်ရသေ့ကို၊ ဝန္ဒိတွာ-
ရှိခိုး၍၊ တေနေဝ သုဝဏ္ဏပလ္လင်္ကေန- ထိုရွှေပလ္လင်ဖြင့်သာလျှင်၊ ဒေဝပုရံ-
တာဝတိံသာနတ်ပြည်သို့ ဂတာ- သွားလေပြီ တမတ္ထံ- ထိုအကြောင်းကို ပကာသေန္တော-
ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်။ "တဿ ပါဒေ ဂဟေတွာန၊
(ပ) ဒေဝိန္ဒေ အဒဒါ ဝရ"န္တိ- "တဿ ပါဒေ ဂဟေတွာန၊ (ပ) ဒေဝိန္ဒေ အဒဒါ ဝရံ"-
ဟူကုန်သော၊ တိဿော- သုံးခုကုန်သော၊ ဂါထာယော- ဂါထာတို့ကို၊ အဘာသိ-
ဟောတော်မူပြီ။

(၁၃၉) ဘိက္ခဝေ- ရဟန်းတို့၊ အလမ္ဗုသာ- အလမ္ဗုသာနတ်သမီးသည်၊
တဿ- ထိုဣလ္လိသိဂ်ရသေ့၏၊ ပါဒေ- ခြေတို့ကို၊ ဂဟေတွာန- ဦးဖြင့်တိုက်၍၊
နံ- ထိုဣလ္လိသိဂ်ရသေ့ကို၊ ပဒက္ခိဏဉ္စ- လက်ျာရစ်လှည့်သည်ကိုလည်း၊

ကတွာ- ပြု၍၊ အဥ္ဇလိံ- လက်အုပ်ကို၊ [ပဂ္ဂဟေတွာန (ပဂ္ဂဏှိတွာန)]- မြှောက်ချီ၍၊ [တမ္ဟာဌာနာ(တမှာဌာနာ)]- ထိုအရပ်မှ၊ အပက္ကမိ- ဖဲလေ၏။

(၁၄၀) တဿာ- ထိုအလမ္ဗုသာနတ်သမီး၏၊ သောဝဏ္ဏော- ရွှေဖြင့်ပြီးသော၊ [သောပဝါဟနော(သောသဝါဟဏော)]- အခြံအရံနှင့်တကွသော၊ [သဥတ္တရစ္ဆဒ ပညာသော(သုတ္တရစ္ဆဒပညာသော)]- ငါးဆယ်သော အပေါ်လွှမ်းဗိတာန်နှင့် တကွသော၊ သဟဿ ပဋိယတ္တော- တစ်ထောင်သော နတ်ကော်ဇော အခင်းရှိထသော၊ ယောစပလ္လင်္ကော- အကြင် ရွှေပလ္လင်သည်လည်း၊ အသိ- ရှိသည်ဖြစ်၏။

(၁၄၁) တမေဝပလ္လင်္ကံ- ထိုရွှေပလ္လင်ကိုသာလျှင်၊ အာရုယှ- စီးလေ၍၊ ဒေဝါနံ- တာဝတိံသာနတ်တို့၏၊ သန္တိကေ- အထံသို့၊ အဂါ- သွားလေ၏၊ ဘိက္ခဝေ- ရဟန်းတို့၊ ဥက္ကမိဝ- ဝင်းဝင်းပြောင်သော တန်ဆောင် မီးရှူးကဲ့သို့ လည်းကောင်း၊ ဇလန္တံ- ထိန်ထိန်လက်လက်ဝင်းဝင်းပြက်သော၊ ဝိဇ္ဇုတံယထာ- လျှပ်စက်ကဲ့သို့လည်းကောင်း၊ အာယန္တံ- လာသော၊ တံ- ထိုအလမ္ဗုသာ နတ်သမီးကို၊ ဒေဝိန္ဒော- စတုမဟာရာဇ် တာဝတိံသာနတ် တို့ကိုအစိုးရသော သိကြားမင်းသည်၊ ပတိတော- နှစ်သက်သည်ဖြစ်၍၊ သုမနောစိတ္တော- ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍၊ ဝရံ- ဆုကို၊ အဒဒါ- ပေးလေ၏။

တတ္ထ- ထိုတသပါဒေစသော ဂါထာတို့၌၊ **ဩက္ကမိဝါ**တိ- ဩက္ကမိဝဟူ သည်ကား၊ ဒီပကံ ဝိယ- မီးရှူးကဲ့သို့၊ "ပတီတော"တိအာဒိဟိ- ပတီတောဤသို့ အစရှိ သည်တို့ဖြင့်၊ တုဋ္ဌာကာရောဝ- နှစ်သက်သော အခြင်းအရာကိုသာလျှင်၊ ဒဿိတော- ပြအပ်ပြီ၊ **အဒဒါ ဝရန္တိ**- အဒဒါ ဝရံဟူသည်ကား၊ အာဂန္တွာ- လာ၍၊ ဝန္ဒိတွာ- ရှိခိုး၍၊ ဌိတာယ- တည်သော နတ်သမီးအား၊ (သက္ကော- သိကြားမင်းသည်၊) တုဋ္ဌော- နှစ်သက်သည်ဖြစ်၍၊ ဝရံ- ဆုကို၊ အဒါသိ- ပေးခဲ့ပြီ။ သာ- ထိုအလမ္ဗုသာနတ်သမီး သည်၊ တဿ- ထိုသိကြားမင်း၏၊ သန္တိကေ- အထံ၌၊ ဝရံ- ဆုကို၊ ဂဏှန္တီ- ယူလိုသည် ဖြစ်၍။ "ဝရဉ္စေမေ အဒေါ သက္က (ပ) ဧတံ သက္က ဝရံ ဝရေ"တိ- "ဝရဉ္စေမေ အဒေါ သက္က (ပ) ဧတံ သက္က ဝရံ ဝရေ"ဟူသော၊ ဩသာနဂါထံ- အဆုံးဖြစ်သော ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၄၂) သဗ္ဗဘူတာနံ- ခပ်သိမ်းကုန်သော သတ္တဝါတို့ကို၊ ဣဿရ- အစိုးရသော၊ သက္က- သိကြားမင်း၊ မေ- အကျွန်ုပ်အား၊ ဝရံ- ဆုကို၊ အဒေါစ- ပေးတော်မူ လိုငြားအံ့၊ ဧဝံ- ဤသို့ပေးလိုသည်၊ သတိ- ရှိသော်၊ [နိသိပ္ပလောဘိကာ

(ဣလိသပလောဘိကာ)] ဣလိသပလောဘိကာယ- ရသေ့ ရဟန်းတို့ ဖြားယောင်း အံ့သောငှာ၊ အဟံ- အကျွန်ုပ်သည်၊ နဂစ္ဆေ- မသွားရလို၊ သတ္ထ- သိကြားမင်း၊ အဟံ- အကျွန်ုပ်သည်၊ ဧတံဝရံ- ထိုဆုကို၊ ဝရေဝရေမိ- တောင့်တ၏၊ ဣတိ- ဤသည်လျှင် အပြီးတည်း။

တဿ- ထိုဝရဋ္ဌမေအစရှိသော ဂါထာ၏၊ အတ္ထော- အနက်ကား၊ ဒေဝရာဇ- နတ်တို့၏ ဘုရင်ဖြစ်သော၊ သတ္ထ- သိကြားမင်း၊ တွံ- သင်သိကြားမင်းသည်၊ မေ- ငါ့အား၊ ဝရံ- ဆုကို၊ သစေ အဒေါ- အကယ်၍ ပေးတော်မူလိုငြားအံ့၊ (ဧဝံသတိ- ဤသို့ ပေးလိုသည်ရှိသော်၊) ပုန- တစ်ဖန်၊ ဣလိသပလောဘိကာယ- ရသေ့ရဟန်းတို့ကို ဖြားယောင်းခြင်းငှာ၊ (အဟံ- အကျွန်ုပ်သည်၊) န ဂစ္ဆေယျံ- မသွားရလို၊ (တွံ- အရှင် သိကြားမင်းသည်၊) မံ- အကျွန်ုပ်ကို၊ တေဒတ္ထာယ- ဤရသေ့ရဟန်းတို့ကို ဖြားယောင်းခြင်း အကျိုးငှာ၊ မာ ပဟိဏေယျာသိ- မစေလွှတ်ပါလင့်၊ ဧတံ ဝရံ- ထိုဆုကို၊ ဝရေယာစာမိ- ငါတောင့်တ၏၊ ဣတိ- ဤသည်လျှင် အပြီးတည်း။

သတ္ထာ- ဘုရားရှင်သည်၊ တဿ ဘိက္ခုနော- ထိုသာသနာတော်၌ ငြီးငွေ့ဆန့်ကျင် မပျော်ရွှင်သော ရဟန်းအား၊ ဣမံ ဓမ္မ ဒေသနံ- ဤအလမ္ဗုသာဇာတ် တရားဒေသနာ တော်ကို၊ အာဟရိတွာ- ဆောင်တော်မူပြီး၍၊ သစ္စာနိ- သစ္စာလေးပါးတို့ကို၊ ပကာသေတွာ- ပြတော်မူ၍၊ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ သစ္စပရိယောသာနေ- သစ္စာကိုပြတော်မူသည်၏အဆုံး၌၊ သော ဘိက္ခု- ထိုသာသနာ တော်၌ ငြီးငွေ့ဆန့်ကျင် မပျော်ရွှင်သော ရဟန်းသည်၊ သောတာပတ္တိဖလေ- သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌဟိ- တည်ပြီ၊ (ဣဒါနိ- ယခုအခါ၌၊) ပုရာဏ ဒုတိယိကာ- သာသနာတော်၌ ငြီးငွေ့ဆန့်ကျင် မပျော်ရွှင်သော ရဟန်း၏ မယားဟောင်းသည်၊ တဒါ- ထိုအခါ၌၊ အလမ္ဗုသာ- အလမ္ဗုသာနတ်သမီးသည်၊ အဟောသိ- ဖြစ်ဖူးပြီ၊ (ဣဒါနိ- ၌၊) ဥက္ကဏ္ဌိတဘိက္ခု- သာသနာတော်၌ ငြီးငွေ့ဆန့်ကျင် မပျော်ရွှင်သော ရဟန်းသည်၊ (တဒါ- ၌၊) ဣသိသိင်္ဂေါ- ဣသိသိင်္ဂရှင်ရသေ့သည်၊ (အဟောသိ- ဖြစ်ဖူးပြီ၊) (ဣဒါနိ- ၌၊) အဟမေဝ- ငါဘုရားသည်သာလျှင်၊ (တဒါ- ၌၊) ပိတာ- ဣသိသိင်္ဂရသေ့၏ ခမည်းတော်ဖြစ်သော၊ မဟာဣသိ- ရသေ့ကြီးသည်၊ အဟောသိ- ဖြစ်ခဲ့ဖူးပြီ၊ ဣတိ- ဤသို့ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ။ တတိယာ- သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ အလမ္ဗုသာဇာတကဝဏ္ဏနာ- အလမ္ဗုသာဇာတ်၏ အဖွင့်သည်၊ (နိဋ္ဌိတာ- ပြီးပြီ။)

# ၄။ သခ်ပါလဇာတ် (၅၂၄)

သတ္ထာ- ဘုရားရှင်သည်၊ အရိယာဝကာသောသီတိက္ကဒံ- "အရိယာဝကာ-သောသီ"အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤသခ်ပါလဇာတ်တော်ကို၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော- သီတင်းသုံးနေတော်မူစဉ်၊ ဥပေါသထကမ္မံ- ဥပုသ်စောင့်တည်သော အမှုကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ-ဟောတော်မူပြီ။

## ပစ္စုပ္ပန်ဝတ္ထု

ဟိ- ထိုစကားကို ချဲ့၍ဆိုဦးအံ့၊ တဒါ- ထိုအခါ၌၊ သတ္ထာ- ဘုရားရှင်သည်၊ ဥပေါသထိကေ- ဥပုသ်စောင့်တည်ကုန်သော၊ ဥပါသကေ- ဒါယကာတို့ကို၊ သမ္ပဟံ-သေတွာ- ရွှင်စေ၍၊ "ပေါရာဏကပဏ္ဍိတာ- ရှေးပညာရှိတို့သည်၊ မဟတိံ-ကြီးစွာသော၊ နာဂသမ္ပတ္တိံ- နဂါးမင်းစည်းစိမ်ကို၊ ပဟာယ- စွန့်၍၊ ဥပေါသထဝါသံ-ဥပုသ်သီလဖြင့် နေခြင်းကို၊ ဥပဝသိံသုယေဝ- ကျင့်သုံးဖူးကုန်ပြီသည်သာလျှင်တည်း၊" ဣတိ- ဤသို့၊ ဝတွာ- မိန့်တော်မူ၍၊ တေဟိ- ထိုဒါယကာတို့သည်၊ ယာစိတော-တောင်းပန်အပ်သည်ဖြစ်၍၊ အတီတံ- အတိတ်ကို၊ အာဟရိ- ဆောင်တော်မူပြီ။

## အတိတ်ဝတ္ထု

အတီတေ- ၌၊ ရာဇဂဟေ- ရာဇဂြိုဟ်ပြည်၌၊ မဂဓရာဇာနာမ- မဂဓမင်းမည်သည်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေသိ- ပြုစေပြီ၊ တဒါ- ထိုအခါ၌၊ ဗောဓိသတ္တော-ဘုရားလောင်းသည်၊ တဿ ရညော- ထိုမဂဓမင်း၏၊ အဂ္ဂမဟေသိယာ- မိဖုရားကြီး၏၊ ကုစ္ဆိမှိ- ဝမ်း၌၊ နိဗ္ဗတ္တိ- ဖြစ်ပြီ၊ အဿ- ထိုဘုရားလောင်းအား၊ "ဒုယျောဓနော"တိ နာမံ- "ဒုယျောဓနေ"ဟူသော အမည်ကို၊ ကရိံသု- မှည့်ကုန်ပြီ၊ သော- ထိုဘုရားလောင်း ဒုယျောဓနေသည်၊ ဝယပ္ပတ္တော- အရွယ်သို့ရောက်သည်ဖြစ်၍၊ တက္ကသိလာယံ-တက္ကသိုလ်ပြည်၌၊ သဗ္ဗသိပ္ပါနိ- အလုံးစုံကုန်သော အတတ်တို့ကို၊ ဥဂ္ဂဏှိတွာ-သင်ယူပြီး၍၊ အာဂန္တွာ- ပြန်လာ၍၊ ပိတု- ခမည်းတော်အား၊ သိပ္ပံ- အတတ်ကို၊ ဒဿေသိ- ပြသပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုဘုရားလောင်း ဥယျောဓနေကို၊ ပိတာ-ခမည်းတော် မဂဓမင်းသည်၊ ရဇ္ဇေ- မင်းအဖြစ်၌၊ အဘိသိဉ္စိတွာ- အဘိသိက်သွန်းလောင်းပြီး၍၊ ဣသိပဗ္ဗဇ္ဇံ- ရသေ့ ရဟန်းကို၊ ပဗ္ဗဇိတွာ- ပြု၍၊ ဥယျာနေ-ဥယျာဉ်တော်၌၊ ဝသိ- နေပြီ။

ဗောဓိသတ္တော- ဘုရားလောင်းဒုယျောဓနသည်၊ ဒိဝသဿ- တစ်နေ့ တစ်နေ့၌၊ တိက္ခတ္တုံ- သုံးကြိမ်၊ ပိတု- ခမည်းတော်၏၊ သန္တိကံ- အထံသို့၊ အဂမာသိ- သွားပြီ၊ တဿ- ထိုမဂဓမင်းရသေ့ကြီးအား၊ မဟာလာဘသက္ကာရော- များစွာသော လာဘ်ပူဇော်သက္ကာရသည်၊ ဥဒပါဒိ- ထင်ရှားဖြစ်ပြီ။ သော- ထိုမဂဓမင်းရသေ့သည်၊ တေနေဝ ပလိဗောဓေန- ထို "လာဘသက္ကာရ"ဟူသော ပလိဗောဓကြောင့်သာလျှင်၊ ကသိဏပရိကမ္မမတ္တမ္ပိ- ကသိုဏ်းပရိကံမျှကိုလည်း၊ ကာတုံ- ပြုခြင်းငှာ၊ အသက္ကောန္တော- မတတ်နိုင်သည်ဖြစ်၍၊ "မေ- ငါ့အား၊ လာဘသက္ကာရော- လာဘ်ပူဇော်သက္ကာရသည်၊ မဟာ- များ၏၊ ဣဓ- ဤဥယျာဉ် တော်၌၊ ဝသန္တေန- နေသော၊ မယာ- ငါသည်၊ ဣမံဇဋံ- ဤအနှောင်အဖွဲ့ကို၊ ဆိန္ဒိတုံ- ဖြတ်ခြင်းငှာ၊ နသက္ကာ- မတတ်နိုင်၊ မေ- ငါ၏၊ ပုတ္တဿ- ဒုယျောဓနမည်သော သားအား၊ အနာရောစေတွာဝ- မပြောကြားမူ၍ သာလျှင်၊ အညတ္ထ- တစ်ပါးသော အရပ်သို့၊ ဂမိဿာမိ- သွားအံ့၊" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ၊ သော- ထိုမဂဓမင်းရသေ့သည်၊ ကဥ္စိ- တစ်စုံတစ်ယောက်သော သူကို၊ အဇာနာပေတွာ- မသိစေမူ၍၊ ဥယျာနာ- ဥယျာဉ်တော်မှ၊ နိက္ခမိတွာ- ထွက်ခဲ့ပြီး၍၊ မဂဓရဋ္ဌံ- မဂဓတိုင်းကို၊ အတိက္ကမိတွာ- လွန်၍၊ မဟိံသကရဋ္ဌေ- မဟိံသကတိုင်း၌၊ သင်္ခပါလဒဟတောနာမ- သင်္ခပါလအမည်ရှိသော ရေအိုင်မှ၊ နိက္ခန္တာယ- ထွက်သော၊ ကဏ္ဏဝေဏ္ဏာယ- ကဏ္ဏဝေဏ္ဏာအမည်ရှိသော၊ နဒိယာ- မြစ်၏၊ နိဝတ္တနေ- အကွေ့၌၊ စန္ဒကပဗ္ဗတံ- စန္ဒကတောင်ကို၊ ဥပနိဿာယ- အမှီပြု၍၊ ပဏ္ဏသာလံ- သစ်ရွက်မိုးသော ကျောင်းကို၊ ကတွာ- ပြု၍၊ ဈာနာဘိညာ- ဈာန်, အဘိညာဉ်တို့ကို၊ နိဗ္ဗတ္တေတွာ- ဖြစ်စေ၍၊ ဉဉ္ဆာစရိယာယ- ဆွမ်းခံကျင့်ဝတ်ဖြင့်၊ ယာပေသိ- မျှတပြီ။

တမေနံ- ထိုမဂဓမင်းရှင်ရသေ့ကို၊ သင်္ခပါလောနာမ- သင်္ခပါလအမည်ရှိသော၊ နာဂရာဇာ- နဂါးမင်းသည်၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံဖြင့်၊ ကဏ္ဏဝေဏ္ဏနဒီတော- ကဏ္ဏဝေဏ္ဏမြစ်မှ၊ နိက္ခမိတွာ- ထွက်၍၊ အန္တရန္တရာ- ရံခါရံခါ၊ ဥပသင်္ကမတိ- ဆည်းကပ်ခစား၏၊ သော- ထိုမဂဓမင်းရှင်ရသေ့သည်၊ တဿ- ထိုသင်္ခပါလနဂါးမင်းအား၊ ဓမ္မံ- တရားကို၊ ဒေသေသိ- ဟောကြားပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုမဂဓမင်းရှင်ရသေ့၏၊ ပုတ္တော- သားတော်မင်းသည်၊ ပိတရံ- ခမည်းတော် ရှင်ရသေ့ကို၊ ဒဋ္ဌုကာမော- ဖူးခြင်းငှာအလိုရှိသည်ဖြစ်၍၊ ဂတဋ္ဌာနံ- ကြွသွားရာ အရပ်ကို၊ အဇာနန္တော- မသိသည်ဖြစ်၍၊ အနုဝိစာရာပေတွာ- စုံစမ်းရှာဖွေ၍၊ "အသုကဋ္ဌာနေ နာမ- ဤအမည်ရှိသော အရပ်၌၊ ဝသတိ- နေ၏၊" ဣတိ- ဤသို့၊

ဥ တွာ- သိ၍၊ တဿ- ထိုခမည်းတော်ရှင်ရသေ့အား၊ ဒဿနတ္ထာယ- ဖူးမြင်ခြင်းအကျိုးငှာ၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံဖြင့်၊ တတ္ထ- ထိုရှင်ရသေ့ရှိရာ အရပ်သို့၊ ဂန္တွာ- သွား၍၊ ဧကမန္တေ- တင့်သင့်လျောက်ပတ်သော အရပ်၌၊ ခန္ဓဝါရံ- သစ်တပ်၌၊ နိဝါသေတွာ- (ပရိသတ်ကို) နေစေ၍၊ ကတိပယေဟိ- နှစ်ယောက်သုံးယောက်ကုန်သော၊ အမစ္စေဟိ- အမတ်တို့နှင့်၊ သဒ္ဓိံ- တကွ၊ အဿမပဒါဘိမုခါ- ခမည်းတော် ရသေ့ကျောင်းသို့ ရှေးရှုသည်ဖြစ်၍၊ ပါယာသိ- သွားလေပြီ။

တသ္မိံ ခဏေ- ထိုခဏ၌၊ သင်္ခပါလော- သင်္ခပါလနဂါးမင်းသည်၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံနှင့် တကွ၊ ဓမ္မံ- တရားကို၊ သုဏန္တော- နာလျက်၊ နိသီဒိ- ထိုင်နေပြီ၊ သော- ထိုသင်္ခပါလနဂါးမင်းသည်၊ အာဂစ္ဆန္တံ- လာသော၊ တံ ရာဇာနံ- ထိုမဂဓမင်းကို၊ ဒိသွာ- မြင်၍၊ ဣသိံ- ရှင်ရသေ့ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ အာသနာ- နေရာမှ၊ ဥဋ္ဌာယ- ထ၍၊ ပက္ကာမိ- ဖဲသွားလေပြီ၊ ရာဇာ- မဂဓမင်းသည်၊ ပိတရံ- ခမည်းတော်ရှင်ရသေ့ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ ပဋိသန္ထာရံ- ပျူငှာသော လောကဝတ်ကို၊ ကတွာ- ပြု၍၊ နိသီဒိတွာ- ထိုင်နေ၍၊ "ဘန္တေ- အရှင်ဘုရား၊ တုမှာကံ- အရှင်ဘုရားတို့၏၊ သန္တိကံ- အထံသို့၊ အာဂတော- လာသော၊ ဧသ- ဧသော- ဤမင်းသည်၊ ကတရရာဇာနာမ- အဘယ်မည်သောမင်းပါနည်း၊" ဣတိ- ဤသို့ ပုစ္ဆိ- မေးပြီ၊ တာတ- ချစ်သား၊ ဧသော- ဤမင်းသည်၊ သင်္ခပါလနာဂရာဇာနာမ- သင်္ခပါလနဂါးမင်းတည်း၊ ဣတိ- ဤသို့ (အာဟ- ပြောဆိုပြီ) သော- ထိုမဂဓမင်းသည်၊ တဿ- ထိုသင်္ခပါလနဂါးမင်း၏၊ သမ္ပတ္တိံ- စည်းစိမ်ကို၊ နိဿာယ- မှီ၍၊ နာဂဘဝနေ- နဂါးပြည်၌၊ လောဘံ- တပ်မက်ခြင်းကို၊ ကတွာ- ပြု၍၊ ကတိပါဟံ- နှစ်ရက်, သုံးရက်ပတ်လုံး၊ ဝသိတွာ- နေပြီး၍၊ ပိတု- ခမည်းတော်ရှင်ရသေ့အား၊ ဘိက္ခာဟာရံ- ဆွမ်းအာဟာရကို၊ နိဗဒ္ဓံ- မပြတ်၊ ဒါပေတွာ- လှူစေ၍၊ အတ္တနော- မိမိ၏၊ နဂရမေဝ- ရာဇဂြိုဟ်မြို့သို့သာလျှင်၊ ဂန္တွာ- သွားပြီး၍၊ စတူသုဒ္ဓါရေသု- တံခါးလေးမျက်နှာတို့၌၊ ဒါနသာလာယော- အလှူဇရပ်တို့ကို၊ ကာရေတွာ- ပြုစေ၍၊ သကလဇမ္ဗူဒီပံ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို၊ သင်္ခေါဘေန္တော- ချောက်ချားစေလျက်၊ ဒါနံ- အလှူကို၊ ဒတွာ- ပေးလှူ၍၊ သီလံ- သီလကို၊ ရက္ခိတွာ- ဆောက်တည်၍၊ ဥပေါသထကမ္မံ- ဥပုသ်ဆောက်တည်ခြင်းဟူသော အမှုကို၊ ကတွာ- ပြု၍၊ နာဂဘဝနံ- နဂါးပြည်ကို၊ ပတ္ထေတွာ- တောင့်တ၍၊ အာယုပရိယောသာနေ- အသက်၏အဆုံး၌၊ နာဂဘဝနေ- နဂါးပြည်၌၊ နိဗ္ဗတ္တိတွာ- ဖြစ်၍၊ သင်္ခပါလ နာဂရာဇာ- သင်္ခပါလနဂါးမင်းသည်၊

အဟောသိ- ဖြစ်ပြီ၊ သော- ထိုသင်္ခပါလ နဂါးမင်းသည်၊ ကာလေ- အချိန်သည်၊ ဂစ္ဆန္တေ- လွန်သည်ရှိသော်၊ တာယ သမ္ပတ္တိယာ- ထိုနဂါးမင်း၏ စည်းစိမ်ချမ်းသာဖြင့်၊ ဝိပ္ပဋိသာရီ- နှလုံးမသာယာခြင်းရှိသည်၊ ဟုတွာ- ဖြစ်၍၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ မနုဿယောနိံ- လူဇာတ်ကို၊ ပတ္ထေန္တော- တောင့်တလျက်၊ ဥပေါသထဝါသံ- ဥပုသ်သီလဖြင့် နေခြင်းကို၊ ဝသိ- နေပြီ၊ အထ- ထိုအခါ၌၊ နာဂဘဝနေ- နဂါးပြည်၌၊ ဝသန္တဿ- နေသော၊ အဿ- ထိုသင်္ခပါလနဂါးမင်းအား၊ ဥပေါသထဝါသော- ဥပုသ်သီလဖြင့် နေခြင်းသည်၊ န သမ္ပဇ္ဇတိ- မပြည့်စုံ၊ သီလဝိနာသံ- သီလ၏ပျက်စီးခြင်းသို့ ပါပုဏာတိ- ရောက်၏၊ သော- ထိုသင်္ခပါလ နဂါးမင်းသည်၊ တတော- ထိုနေ့မှ၊ ပဋ္ဌာယ- စ၍၊ နာဂဘဝနာ- နဂါးပြည်မှ၊ နိက္ခမိတွာ- ထွက်ခဲ့ပြီး၍၊ ကဏ္ဏာဝေဏ္ဏာယ- ကဏ္ဏာဝေဏ္ဏာအမည်ရှိသော၊ နဒိယာ- မြစ်၏၊ အဝိဒူရေ- အနီး၌၊ မဟာမဂ္ဂဿစ- ခရီးလမ်းမ၏လည်းကောင်း၊ ဧကပဒိကမဂ္ဂဿစ- တစ်ဖလားလှမ်းလောက်ရှိသော လမ်းခရီး၏လည်းကောင်း၊ အန္တရေ- အကြား၌၊ ဧကံ- တစ်ခုသော၊ ဝမ္မိကံ- တောင်ပို့ကို၊ ပရိက္ခိပိတွာ- ရစ်ပတ်၍၊ ဥပေါသထံ- ဥပုသ်ကို၊ အဓိဋ္ဌာယ- ဆောက်တည်၍၊ သမာဒိန္နသီလော- ကောင်းစွာ ဆောက်တည်အပ်သော သီလရှိသည်ဖြစ်၍၊ “မမ- ငါ၏၊ စမ္မံသာဒီဟိ- အရေအသားအစရှိသည်တို့ဖြင့်၊ အတ္ထိကာ- အလိုရှိကုန်သော သူတို့သည်၊ စမ္မံသာဒီနိ- အရေအသားအစရှိသည်တို့ကို၊ ဟရန္တု- ဆောင်စေကုန် သတည်း။” ဣတိ- ဤသို့၊ အတ္တာနံ- ကိုယ်ကို၊ ဒါနမုခေ- အလှူ၏ မျက်မှောက်၌၊ ဝိဿဇ္ဇေတွာ- စွန့်၍၊ ဝမ္မိကမတ္ထကေ- တောင်ပို့ထိပ်၌၊ နိပန္နော- လျောင်းလျက်၊ သမဏဓမ္မံ- ရသေ့ရဟန်းတရားကို၊ ကရောန္တော- ပြုသည်ဖြစ်၍၊ စာတုဒ္ဒသေ- တစ်ဆယ့်လေးရက်တို့ ပြည့်ကြောင်းဖြစ်သော နေ့၌လည်းကောင်း၊ ပန္နရသေ- တစ်ဆယ့်ငါးရက်တို့ပြည့်ကြောင်းဖြစ်သော နေ့၌လည်းကောင်း၊ ဝသိတွာ- နေ၍၊ ပါဋိပဒေ- အထွက်တစ်ရက်နေ့၌၊ နာဂဘဝနံ- နဂါးပြည်သို့၊ ဂစ္ဆတိ - သွား၏။

တသ္မိံ- ထိုသင်္ခပါလနဂါးမင်းသည်၊ ဧကဒိဝသံ- တစ်နေ့သ၌၊ ဧဝံ- ဤသို့၊ သီလံ- သီလကို၊ သမာဒိယိတွာ- ဆောက်တည်၍၊ နိပန္နေ- လျောင်းသည်ရှိသော်၊ ပစ္စန္တဂါမဝါသိနော- ပစ္စန္တရစ်ရွာ၌နေကုန်သော၊ သောဠသဇနာ- တစ်ကျိပ်ခြောက် ယောက်ကုန်သော မုဆိုးတို့သည်၊ “မံသံ- အသားကို၊ အာဟရိဿာမ- ဆောင်ကုန် အံ့။” ဣတိ- ဤသို့၊ အာဝုဓဟတ္ထာ- လက်၌လက်နက်ရှိကုန်သည်ဖြစ်၍၊ အရညေ- တော၌၊ ဝိစရန္တာ- လှည့်လည်ကုန်သည်ရှိသော်၊ ကိဉ္စိ- တစ်စုံတစ်ခုကို၊ အလဘိတွာ-

မရမူ၍၊ နိက္ခန္တာ- ထွက်ခဲ့ကုန်လတ်သော်၊ ဝမ္မိကမတ္ထကေ- တောင်ပို့ထိပ်၌၊ နိပန္နံ- လျောင်းနေသော၊ တံ- ထိုသစ်ပါလနဂါးမင်းကို၊ ဒိသွာ- မြင်၍၊ "မယံ- ငါတို့သည်၊ အဇ္ဇ- ယခု၊ ဂေါဓာပေါတကမ္ပိ- ဖွတ်ငယ်(တစ်ကောင်)ကိုမျှလည်း၊ န လဘိမှာ- မရကုန်၊ ဣမံ နာဂရာဇာနံ- ဤနဂါးမင်းကို၊ ဝဓိတွာ- သတ်၍၊ ခါဒိဿာမ- စားကုန်အံ့" ဣတိ- ဤသို့ စိန္တေတွာ- ကြံ၍၊ ဧသ- ဧသောပန- ဤနဂါးမင်းသည်ကား၊ မဟာခေါ- ကြီးသည်သာလျှင်ဖြစ်၍၊ ဂဏှမာနော- ဖမ်းယူသည်ရှိသော်၊ ပလာယေယျ- ပြေးလေရာ၏၊ ယထာနိပန္နမေဝ- လျောင်းမြဲတိုင်းသာလျှင်ဖြစ်သော၊ တံ- ထိုနဂါးမင်းကို၊ ဘောဂေသု- အခွေတို့၌၊ သူလေဟိ- တံစူးဝါးတို့ဖြင့်၊ ဝိဇ္ဈိတွာ- ထိုး၍၊ ဒုဗ္ဗလံ- အားနည်းသည်ကို၊ ကတွာ- ပြု၍၊ ဂဏှိဿာမ- ဖမ်းယူကုန်အံ့" ဣတိ- ဤသို့၊ သူလာနိ- တံစူးဝါးတို့ကို၊ အာဒါယ- ယူ၍၊ ဥပသင်္ကမိံသု- ချဉ်းကပ်ကုန်ပြီ၊ ဗောဓိသတ္တဿ- ဘုရားလောင်း သစ်ပါလနဂါးမင်း၏၊ သရီရံ- ကိုယ်သည်၊ မဟန္တံ- ကြီးသည်ဖြစ်၍၊ ဧကဒေါဏိကနာဝပ္ပမာဏံ- တစ်ခုတည်းသော စားကျင်းရှိသော လှေပိန်းကော အတိုင်းအရှည်ရှိသည်ဖြစ်၍၊ ဝဋ္ဋေတွာ- ခွေ၍၊ ဌပိတသုမနပုပ္ဖဒါမံဝိယ- ထားအပ်သော မြတ်လေးပန်းဆိုင်းနှင့် တူသကဲ့သို့၊ ဇိဉ္ဇုကဖလသန္နိဘေဟိ- ချင်ရွေးသီးအဆင်းနှင့် တူကုန်သော၊ အက္ခီဟိစ- မျက်စိတို့နှင့်လည်းကောင်း၊ ဇယသုမနပုပ္ဖသဒိသေန- လယ်ခေါင်ရမ်းပန်း အဆင်းနှင့်တူသော၊ သီသေနစ- ဦးခေါင်းနှင့်လည်းကောင်း၊ သမန္နာဂတံ- ပြည့်စုံသည်ဖြစ်၍၊ အတိဝိယ- အလွန်လျှင်၊ သောဘတိ- တင့်တယ်၏။

သော- ထိုဘုရားလောင်းသစ်ပါလနဂါးမင်းသည်၊ သောဠသန္နံ- တစ်ကျိပ် ခြောက်ယောက်ကုန်သော၊ တေသံ ဇနာနံ- ထိုမုဆိုးတို့၏၊ ပဒသဒ္ဒေန- ခြေသံ ကြောင့်၊ ဘောဂန္တရတော- အခွေကြားမှ၊ သီသံ- ဦးခေါင်းကို၊ နီဟရိတွာ- ထုတ်၍၊ ရတ္တက္ခီနိ- နီသောမျက်လုံးတို့ကို၊ ဥမ္မီလေတွာ- ဖွင့်၍၊ သူလဟတ္ထေ- လက်၌ တံကျင်စွဲကိုင် ကုန်သော၊ အာဂစ္ဆန္တေ- လာကုန်သော၊ တေ- ထိုမုဆိုးတို့ကို၊ ဒိသွာ- မြင်၍၊ "အဇ္ဇ- ယနေ့၌၊ မယှံ- ငါ၏၊ မနောရထော- စိတ်အလိုသည်၊ မတ္ထကံ- အပြီးသို့ ပါပုဏိဿတိ- ရောက်လတ္တံ့၊ အဟံ- ငါသည်၊ အတ္တာနံ- ကိုယ်ကို၊ ဒါနမုခေ- အလှူ၏မျက်မှောက်၌၊ နိယျာဒေတွာ- ဆောင်နှင်း၍၊ ဝီရိယံ- ဝီရိယကို၊ အဓိဋ္ဌာယ- ဆောက်တည်၍၊ နိပန္နော- လျောင်းပြီ၊ မမ- ငါ၏၊ သရီရံ- ကိုယ်သည်၊ သတ္တီဟိ- လှံတို့ဖြင့်၊ ကောဋ္ဋေတွာ- ထိုးထွင်း၍၊ ဆိဒ္ဒါဝဆိဒ္ဒံ- အပေါက်ကြီး, အပေါက်ငယ်ကို၊ ကရောန္တေ- ပြုကုန်သော၊ ဣမေ- ဤမုဆိုးတို့ကို၊ ကောဓဝသေန- အမျက်၏အစွမ်းအားဖြင့်၊ အက္ခီနိ- မျက်စိတို့ကို၊

ဥမ္မိလေတွာ- ဖွင့်၍၊ န ဩလောကေဿာမိ- မကြည့်အံ့၊” ဣတိ- ဤသို့ စိန္တေသိ- ကြံပြီ၊ (စိန္တေတွာ- ကြံပြီး၍၊) အတ္တနော- မိမိ၏၊ သီလဘေဒဘယေန- သီလပျက်အံ့ သည်မှ ကြောက်ခြင်းကြောင့်၊ ဒဠှံ- မြဲမြံစွာ၊ အဝိဋ္ဌာယ- အဓိဋ္ဌာန်၍၊ သီသံ- ဦးခေါင်းကို၊ ဘောဂန္တရေ- ယေဝ- အခွေကြား၌သာလျှင်၊ ပဝေသေတွာ- သွင်း၍၊ နိပဇ္ဇိ- လျောင်းပြီ။

အထ- ထိုအခါ၌၊ နံ- ထိုသင်္ခပါလနဂါးမင်းအထံသို့၊ တေ- ထိုမုဆိုးတို့သည်၊ ဥပဂန္တွာ- ချဉ်းကပ်ကုန်၍၊ နင်္ဂုဋ္ဌေ- မြီးထူး၌၊ ဂဟေတွာ- ကိုင်ကုန်၍၊ ကဍ္ဎန္တာ- ဆွဲငင်ကုန်သည်ဖြစ်၍၊ ဘူမိယံ- မြေ၌၊ ပေါထေတွာ- ရိုက်ပုတ်ကုန်၍၊ တိခိဏ- သူလေဟိ- လွန်စွာထက်ကုန်သော တံစူးဝါးတို့ဖြင့်၊ အဋ္ဌသုဌာနေသု- ရှစ်ဌာနတို့၌၊ ဝိဇ္ဈိတွာ- ထိုးထွင်း၍၊ သကဏ္ဋကကာဠဝေတ္တယဋ္ဌိယော- အဆူးရှိကုန်သော နက်သောကြိမ်လုံးတို့ကို၊ ပဟာရမုခေဟိ- တံစူးဝါးထိုးရာ အပေါက်တို့ဖြင့်၊ ပဝေသေတွာ- သွင်း၍၊ အဋ္ဌသု ဌာနေ- ရှစ်ဌာနတို့၌၊ ကာဇေန- ထမ်းပိုးဖြင့်၊ အာဒါယ- ထမ်းယူ၍၊ မဟာမဂ္ဂံ- ခရီးမသို့၊ ပဋိပဇ္ဇိံသု- သွားကြကုန်ပြီ၊ မဟာသတ္တော- ဘုရားလောင်းသင်္ခပါလနဂါမင်းသည်၊ သူလေဟိ- လှံတို့ဖြင့်၊ ဝိဇ္ဈနတော- ထိုးရာအရပ်မှ၊ ပဋ္ဌာယ- စ၍၊ ဧကဋ္ဌာနေပိ- တစ်ခုသောအရပ်၌လည်း၊ ကောဝသေန- အမျက်၏ အစွမ်းအားဖြင့်၊ အက္ခီနိ- မျက်စိတို့ကို၊ ဥမ္မိလေတွာ- ဖွင့်၍၊ တေ- ထိုမုဆိုးတို့ကို၊ န ဩလောကေသိ- မကြည့်ပြီ၊ အဋ္ဌဟိ ကာဇေဟိ- ထမ်းပိုးရှစ်စင်းတို့ဖြင့်၊ အာဒါယ- ထမ်း၍၊ နီယမာနဿ- ဆောင်ယူအပ်သော၊ တဿ- ထိုသင်္ခပါလနဂါးမင်း၏၊ သီသံ- ဦးခေါင်းသည်၊ ဩလမ္ဗေတွာ- တွဲလျားကျ၍၊ ဘူမိယံ- မြေ၌၊ ပဟရိ- ခတ်မိပြီ၊ အထ- ထိုအခါ၌၊ “အဿ- ထိုသင်္ခပါလ နဂါးမင်း၏၊ သီသံ- ဦးခေါင်းသည်၊ ဩလမ္ဗတိ- တွဲလျားကျ၏၊” ဣတိ- ဤသို့၊ နံ- ထိုသင်္ခပါလနဂါးမင်းကို၊ မဟာမဂ္ဂေ- ခရီးမ၌၊ နိပဇ္ဇာပေတွာ- အိပ်စေ၍၊ တရုဏသူလေန- သေးသွယ်သော တံစူးဝါးဖြင့်၊ နာသာပုဋံ- နှာခေါင်းဖုကို၊ ဝိဇ္ဈိတွာ- ဖောက်ပြီး၍၊ ရဇ္ဇုကံ- သေးသွယ်သောကြိုးကို၊ ပဝေသေတွာ- သွင်း၍၊ သီသံ- ဦးခေါင်းကို၊ ဥက္ခိပိတွာ- မြှောက်၍၊ ကာဇကောဋိယံ- ထမ်းပိုး၌၊ လဂ္ဂိတွာ- ဆွဲ၍၊ ပုနပိ- တစ်ဖန်လည်း၊ ဥက္ခိပိတွာ- ပင့်မြှောက်၍၊ မဂ္ဂံ- ခရီးမသို့၊ ပဋိပဇ္ဇိံသု- သွားကြကုန်ပြီ။

တသ္မိံ ခဏေ- ထိုခဏ၌၊ ဝိဒေဟရဋ္ဌေ- ဝိဒေဟတိုင်း၌၊ မိထိလနဂရဝါသီ- မိထိလာမြို့၌ အမြဲနေသော၊ အာဠာရောနာမ- အာဠာရမည်သော၊ ကုဋမ္ဗိကော- သူကြွယ်သည်၊ ပဉ္စသကဋသတာနိ- လှည်းငါးရာတို့ကို၊ အာဒါယ- ယူ၍၊ သုခယာနကေ- ငြင်သာသော လှည်းယာဉ်၌၊ နိသီဒိတွာ- စီး၍၊ ဂစ္ဆန္တော- လာသည်ရှိသော်၊ တေဘိက္ခုသတ္တံ- ဘုရားလောင်းကို၊ တထာ- ထိုအခြင်းအရာဖြင့်၊ ဂဏှတွာ- ဖမ်းယူကုန်၍၊ ဂစ္ဆန္တေ- လာကုန်သော၊ တေ ဘောဇပုတ္တေ- ထိုမုဆိုးသား တို့ကို၊ ဒိသွာ- မြင်၍၊ သောဠသန္နံ- တစ်ကျိပ်ခြောက်ယောက်ကုန်သော၊ တေသမ္ပိ- ထိုမုဆိုးတို့အားလည်း၊ သောဠသဟိ- တစ်ဆယ့်ခြောက်ခုကုန်သော၊ ဝါဟ-ဂါဏောဟိ- လှည်းတိုက်နွားတို့နှင့်၊ သဒ္ဓိံ- အတူတကွ၊ ပသတံ ပသတံ- တလက်ဘက်စီ တလက်ဘက်စီ၊ သုဝဏ္ဏမာသကေပိ- ရွှေပဲတို့ကိုလည်းကောင်း၊ သဗ္ဗေသံ- ခပ်သိမ်းကုန်သော မုဆိုးတို့အား၊ နိဝါသနပါ-ရုပနာနိပိ- အဝတ်အရုံတို့ကိုလည်းကောင်း၊ နေသံ- ထိုမုဆိုးတို့၏၊ ဘရိယာနမ္ပိ- မယားတို့အတွက်လည်း၊ ဝတ္ထာဘရဏာနိ- အဝတ်တန်ဆာတို့ကို၊ ဒတွာ- ပေး၍၊ ဝိဿဇ္ဇာပေသိ- လွှတ်စေပြီ။

အထ- ထိုအခါ၌၊ သော- ဘုရားလောင်းသစ်ပါလနဂါးမင်းသည်၊ နာဂဘဝနံ- နဂါးပြည်သို့၊ ဂန္တွာ- သွား၍၊ တတ္ထ- ထိုနဂါးပြည်၌၊ ပပဉ္စံ- ကြာမြင့်ခြင်းကို၊ အကတွာ- မပြုမူ၍၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံနှင့်၊ (သဟ- တကွ၊) နိက္ခမိတွာ- ထွက်ခဲ့ပြီး၍၊ အာဠာရံ- အာဠာရကုန်သည် အထံသို့၊ ဥပသင်္ကမိတွာ- ချဉ်းကပ်၍၊ နာဂဘဝနဿ- နဂါးပြည်၏၊ ဝဏ္ဏံ- ဂုဏ်ကျေးဇူးကို၊ ကထေတွာ- ပြောဆိုပြီး၍၊ တံ- ထိုအာဠာရကုန်သည်ကို၊ အာဒါယ- ယူ၍၊ နာဂဘဝနံ- နဂါးပြည်သို့၊ ဂန္တွာ- သွား၍၊ တီဟိ နာဂကညာသတေဟိ- သုံးရာကုန်သော နဂါးမပျိုတို့နှင့်၊ သဒ္ဓိံ- အတူတကွ၊ အဿ- ထိုအာဠာရကုန်သည်အား၊ မဟန္တံ- များစွာသော၊ ယသံ- စည်းစိမ်ကို၊ ဒတွာ- ပေး၍၊ ဒိဗ္ဗေဟိ- နတ်ပြည်၌ ဖြစ်ကုန်သော၊ ကာမေဟိ- ကာမဂုဏ် တို့ဖြင့်၊ သန္တပ္ပေသိ- ရောင့်ရဲစေပြီ၊ အာဠာရော- အာဠာရကုန်သည်သည်၊ နာဂဘဝနေ- နဂါးပြည်၌၊ ဧကဝဿံ- တစ်နှစ်ပတ်လုံး၊ ဝသိတွာ- နေ၍၊ ဒိဗ္ဗကာမေ- နတ်၌ဖြစ်ကုန် သော ကာမဂုဏ်တို့ကို၊ ပရိဘုဉ္ဇိတွာ- ခံစား၍၊ "သမ္မ- အဆွေနဂါးမင်း၊ အဟံ- ငါသည်၊ ပဗ္ဗဇိတုံ- ရဟန်းပြုခြင်းငှာ၊ ဣစ္ဆာမိ- အလိုရှိ၏၊" ဣတိ- ဤသို့၊ နာဂရာဇဿ- နဂါးမင်းအား၊ ကထေတွာ- ပြောဆိုပြီး၍၊ ပဗ္ဗဇိတပရိက္ခာရေ- ရသေ့ရဟန်းတို့၏ ပရိက္ခရာတို့ကို၊ ဂဟေတွာ- ယူ၍၊ နာဂဘဝနတော- နဂါးပြည်မှ၊ ဟိမဝန္တပ္ပဒေသံ-

ဟိမဝန္တာအရပ် သို့၊ ဂန္တွာ- သွား၍၊ ပဗ္ဗဇိတွာ- ရဟန်းပြု၍၊ တတ္ထ- ထိုဟိမဝန္တာ၌၊ စိရံ- ကြာမြင့်စွာ၊ ဝသိတွာ- နေပြီး၍၊ အပရဘာဂေ- နောက်အဖို့၌၊ စာရိကံ- ဒေသစာရီကို၊ စရန္တော- သွားသည်ရှိသော်၊ ဗာရာဏသိံ- ဗာရာဏသီပြည်သို့၊ ပတွာ- ရောက်၍၊ ရာဇုယျာနေ- မင်း၏ဥယျာဉ်တော်၌၊ ဝသိတွာ- နေ၍၊ ပုနဒိဝသေ- မိုးသောက်သော နေ့၌၊ ဘိက္ခာယ- ဆွမ်းအလို့ငှာ၊ နဂရံ- မြို့သို့၊ ပဝိသိတွာ- ဝင်၍၊ ရာဇဒွါရံ- မင်း၏ အိမ်တံခါးသို့၊ အဂမာသိ- သွားလေပြီ။

အထ- ထိုအခါ၌၊ နံ- ထိုအာဋ္ဌာရရသေ့ကို၊ ဗာရာဏသိရာဇာ- ဗာရာဏသီမင်းသည်၊ ဒိသွာ- မြင်၍၊ ဣရိယာပထေ- ဣရိယာပုထ်၌၊ ပသီဒိတွာ- ကြည်ညို၍၊ ပက္ကောသာပေတွာ- ခေါ်စေ၍၊ ပညတ္တာသနေ- ခင်းအပ်သောနေရာ၌၊ နိသီဒါပေတွာ- နေစေပြီး၍၊ နာနဂ္ဂရသဘောဇနံ- အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကို၊ ဘောဇေတွာ- ကျွေး၍၊ အညတရသ္မိံ- မထင်ရှားသော၊ နီစေ- နိမ့်သော၊ အာသနေ- နေရာ၌၊ နိသိန္နော- နေလျက်၊ ဝန္ဒိတွာ- ရှိခိုး၍၊ တေန- ထိုအာဋ္ဌာရ ရသေ့နှင့်၊ သဒ္ဓိံ- တကွ၊ သလ္လပန္တော- စကားဆွေးနွေး မေးမြန်းလိုသည်ဖြစ်၍၊ "အရိယာဝကာသောသိ (ပ) ပဗ္ဗဇိနိက္ခမ္မယရာသပညာ"တိ- "အရိယာ ဝကာသောသိ (ပ) ပဗ္ဗဇိနိက္ခမ္မယရာသပညာ"ဟူသော၊ ပဌမံ- ရှေးဦးစွာသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၄၃) ဘန္တေ- အရှင်ဘုရား။ တွံ- အရှင်ဘုရားသည်၊ [အရိယာဝ- ကာသော (သရိရာဝကာသော)]- အပြစ်ကင်းသော ကောင်းသော ကိုယ်ရောင် ကိုယ်ဝါရှိသည်၊ အသိ- ဖြစ်၏၊ ပသန္နနေတ္တော- ကြည်လင်သော မျက်စိရှိသည်၊ အသိ- ဖြစ်၏၊ ဘဝံ- အရှင်သည်၊ ကုလမှာ- မြတ်သောအမျိုးမှ၊ ပဗ္ဗဇိတောမညေ- ရဟန်းပြုသည်ထင်၏၊ ကထံနုကေနကာရဏေန- အဘယ်အကြောင်းကြောင့်၊ ဝိတ္တာနိစ- ဥစ္စာ တို့ကိုလည်းကောင်း၊ ဘောဂေစ- အသုံးအဆောင်တို့ကိုလည်းကောင်း၊ ပဟာယ- စွန့်၍၊ [သပည(သပညော)]- ပညာနှင့်ပြည့်စုံသော၊ တွံ- အရှင်ဘုရားသည်။ ဃရာ- အိမ်မှ၊ နိက္ခမ- တောထွက်၍၊ ပဗ္ဗဇိ- ရဟန်းပြုသနည်း။

တတ္ထ- ထိုအရိယာသကာသောစသော ဂါထာ၌၊ အရိယာဝကာသောသီတိ- အရိယာဝကာသောသိဟူသည်ကား၊ နိဒ္ဒေါသသုန္ဒရသရီရာ ဝကာသော- အပြစ်ကင်း သော ကောင်းသော ကိုယ်တည်းဟူသော တည်ရာရှိသူသည်၊ အသိ- ဖြစ်ပြီ၊

အဘိရူပေါ- အဆင်းလှသည်၊ အသိ- ဖြစ်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ပသန္နနေတ္တောတိ- ပသန္နနေတ္တောဟူသည်ကား၊ ပဥ္စဟိ- ငါးခုကုန်သော၊ ပသာဒေဟိ- ပသာဒရုပ်တို့ဖြင့်၊ ယုတ္တနေတ္တော- ယှဉ်သောမျက်လုံးရှိ၏၊ ကုလမှာတိ- ကုလမှ ဟူသည်ကား၊ ခတ္တိယကုလာ ဝါ- မင်းမျိုးမှလည်းကောင်း၊ ဗြာဟ္မဏကုလာ ဝါ- ပုဏ္ဏားမျိုးမှလည်းကောင်း၊ သေဋ္ဌိကုလာ ဝါ- သူဌေးမျိုးမှလည်းကောင်း၊ ပဗ္ဗဇိတော- ရဟန်းပြုသူသည်၊ အသိ- ဖြစ်၏၊ ဣတိ- ဤသို့ မညာမိ- မှတ်ထင်၏၊ ကထံ နူတိ- ကထံ နုဟူသည်ကား၊ သပည- အိုပညာရှိသူ၊ ပဏ္ဍိတပုရိသာ- အိုပညာရှိယောက်ျား၊ ကေန- အဘယ်မည်သော၊ ကာရဏေန- အကြောင်းကြောင့်၊ ကိံ- အဘယ်ကို၊ အာရမ္မဏံ ကတွာ- အာရုံပြု၍၊ ဓနဥ္စ- ဥစ္စာကိုလည်းကောင်း၊ ဥပဘောဂေ စ- အသုံးအဆောင်တို့ကိုလည်းကောင်း၊ ပဟာယ- ပယ်၍၊ ဃရာ- အိမ်မှ၊ နိက္ခမိတွာ- ထွက်၍၊ ပဗ္ဗဇိတော- ရဟန်းပြုသူသည်၊ အသိ- ဖြစ်သနည်း၊ ဣတိ- ဤသို့ ပုစ္ဆတိ- မေး၏။

တတောပရံ- ထိုမှနောက်၌၊ တာပသဿစ- အာဋ္ဌာရရှင်ရသေ့၏ လည်းကောင်း၊ ရညောစ- ဗာရာဏသီမင်း၏လည်းကောင်း၊ ဝစနပ္ပဋိဝစနဝသေန- စကားဆိုခြင်း စကားတုံ့ဆိုခြင်း၏ အစွမ်းအားဖြင့်။ "သယံ ဝိမာနံ (ပ) ဝိယ ဝါသဝဿာ"တိ- "သယံ ဝိမာနံ (ပ) ဝိယ ဝါသဝဿ"- ဟူကုန်သော၊ ဂါထာနံ- တစ်ဆယ့်လေးဂါထာတို့၏၊ သမ္ဗန္ဓော- အဆက်အစပ်ကို၊ ဝေဒိတဗ္ဗော- သိအပ်၏။

(၁၄၄) နရဒေဝ- လူတို့အထွတ်လောကနတ်ဖြစ်တော်မူသော၊ ရာဇ- မင်းမြတ်၊ အဟံ- ငါသည်။ [မဟာနုဘာဝဿ(မဟဂ္ဂဘာဝဿ)]- ကြီးသော အာနုဘော်ရှိသော၊ မဟောရဂဿ- သခ်ပါလနဂါးမင်း၏၊ ဝိမာနံ- အရာမကသော ကချေသည် စည်းစိမ်ချမ်းသာတို့ဖြင့် ပြည့်စုံသော ရွှေဗိမာန်ကို၊ သယံ- ကိုယ်တိုင်၊ ဒိသွာစ- မြင်၍လည်းကောင်း၊ ပုညာနံ- ကောင်းမှုတို့၏၊ မဟာဝိပါကံ- ကြီးမြတ်သော အကျိုးကို၊ ဒိသွာနစ- မြင်၍လည်းကောင်း၊ သဒ္ဒါယ- ကံ,ကံ၏အကျိုး တမလွန်ဘဝကို ယုံကြည်သောကြောင့်၊ ပဗ္ဗဇိတော- ရဟန်းပြုသည်၊ အမှိ- ဖြစ်၏။

(၁၄၅) ဘန္တေ- အရှင်ဘုရား၊ ပဗ္ဗဇိတာ- ရဟန်းတို့သည်၊ ကာမကာမာ- ဝတ္ထုကာမတို့ဖြင့် တပ်စွန်းသောအားဖြင့်၊ မုသာဝါစံ- ချွတ်ယွင်းသော စကားကို၊ နဘဏန္တိ- မဆိုကုန်၊ ဘယာဘယေန- ကြောက်သောအားဖြင့်၊

မုသာဝါဒံ- ချွတ်ယွင်းသော စကားကို၊ နဘာဏန္တိ- မဆိုကုန်၊ ဒေါသာ ဒေါသေန- အမျက်အားဖြင့်၊ မုသာဝါဒံ- ချွတ်ယွင်းသော စကားကို၊ နဘာဏန္တိ- မဆိုကုန်၊ ပုဋ္ဌောတော- မေးအပ်သော၊ တွံ- အရှင်ဘုရားသည်။ မေ- အကျွန်ုပ်အား၊ ဧတမတ္ထံ- ထိုအကြောင်းကို၊ အက္ခာဟိ- ဖြေတော်မူလော၊ သုတွာန- ကြားနာရ၍၊ မေ- အကျွန်ုပ်အား၊ ပသာဒေါ- ကြည်ညိုခြင်းသည်၊ [ဇာယိဟိတိ (ဇာယိဿတိ)]- ဖြစ်လတ္တံ့။

(၁၄၆) ရဋ္ဌာဓိပ- တိုင်းသူသခင် ပြည်ရှင်မင်းမြတ် လောကနတ်၊ အဟံ- ငါသည်၊ ဝါဏိဇ္ဇံ- ကုန်သွယ်ခြင်းအမှုကို၊ ကရိဿာမီတိ- ပြုအံ့ဟူ၍၊ ဂစ္ဆမာနော- သွားသည်ရှိသော်၊ ပထေ- ခရီးမဌ်၊ [ပဝဒ္ဓကာယံ (ပဝဍ္ဎကာယံ)]- ကြီးပွားသော ကိုယ်ရှိသော၊ မဟန္တံ- မြတ်သော၊ ဥရဂံ- သန်ပါလနဂါးမင်းကို၊ အာဒါယ- ဖမ်းယူ၍၊ ပမောဒမာနေ- ဝမ်းမြောက်ဝမ်းသာ၊ အာဂစ္ဆန္တေ- လာကြကုန်သော၊ ဘောဇပုတ္တေ- မုဆိုးသားတို့ကို၊ အဒ္ဒသံ- မြင်သည်၊ အာသိမှိ- ဖြစ်၏။

(၁၄၇) ဇနိန္ဒ- လူတို့ကို အစိုးရတော်မူသော မင်းမြတ်၊ သောအဟံ- ထိုငါသည်၊ သမာဂမ္မ- မုဆိုးတို့သို့ ချဉ်းကပ်၍၊ တေဟိ- ထိုနဂါးမင်းကို ထမ်း၍လာသော မုဆိုးတို့ကြောင့်၊ ပဟဋ္ဌလောမော- ကြက်သီးမွေးညင်းထလျက်၊ ဘီတော- ကြောက်လျက်၊ အဝစမှိ- မေး၏၊ ဘောဇပုတ္တာ- မုဆိုးသားတို့ [ဘီမကာယော (ဘိမ္မကာယော)]- ကြောက်မက်ဖွယ်သော ကိုယ်ရှိသော၊ အယံနာဂေါ- ဤနဂါးကို၊ ကုဟိံ- အဘယ်အရပ်သို့ နိယျတိ- ဆောင်အပ်သနည်း၊ နာဂေန- နဂါးဖြင့်၊ ကိံကာဟာထ- အဘယ်ပြုကြကုန်မည်နည်း၊ ဣတိ- ဤသို့ အဝစမှိ- မေး၏။

(၁၄၈) ဝိဒေဟပုတ္တ- ဝိဒေဟတိုင်းသား၊ [ပဝဒ္ဓကာယော (ပဝဍ္ဎကာယော)]- ကြီးပွားသော ကိုယ်ရှိသော၊ မဟန္တော- မြတ်သော၊ ဥရဂေါ- ရင်ဖြင့် သွားတတ်သော၊ အယံနာဂေါ- ဤနဂါးကို၊ ဘောဇနတ္ထာဘောဇနတ္ထာယ- စားအံ့သောငှာ၊ [နီယတိ(နိယျတိ)]- ဆောင်အပ်၏၊ အဿ- ထိုနဂါး၏၊ မံသံ- အသားသည်၊ သာဒုဉ္စ- ကောင်းသည်လည်း၊ ဟောတိ- ဖြစ်၏၊ ထူလဉ္စ- ဆူသည်လည်း၊ ဟောတိ- ဖြစ်၏၊ မုဒုဉ္စ- နူးညံ့သည်လည်း၊ ဟောတိ- ဖြစ်၏၊ တွံ- သင်သည်၊ ရသံ- နဂါးသားအရသာကို၊ နအညာသိ- မသိ။

(၁၄၉) မယံ- ငါတို့သည်။ ဣတော- ဤအရပ်မှ၊ အာဒါယ- ထမ်းပိုး ရွက်ဆောင်၍၊ သကံနိကေတံ- မိမိအိမ်သို့၊ ဂန္ဒာ- သွား၍၊ သတ္တာနိ သတ္တေဟိ- ခုနစ်ရက်တို့ဖြင့်၊ ဝိကောပယိတ္ဝာ- လှီး၍၊ မံသာနိ- အသားတို့ကို၊ ပမောဒမာနာ- ဝမ်းမြောက်ဝမ်းသာ၊ ဘောက္ခာမ- စားကြကုန်အံ့၊ ဟိသစ္စံ- မှန်၏၊ မယံ- ငါတို့သည်၊ ဝေ- စင်စစ်၊ ပန္နဂါနံ- နဂါးတို့၏၊ သတ္တုဝေါ- ရန်သူတို့တည်း၊ ဣတိ- ဤသို့၊ အာဟံသု- ဆိုကြကုန်၏။

(၁၅၀) ဘောဇပုတ္တာ- မုဆိုးသားတို့၊ [ပဝဒ္ဓကာယော(ပဝုဒ္ဓကာယော)]- ကြီးပွားသော ကိုယ်ရှိသော၊ မဟန္တော- မြတ်သော၊ အယံဥရဂေါ- ဤနဂါးကို၊ ဘောဇနတ္တာ ဘောဇနတ္ထာယ- စားအံ့သောငှာ၊ [သစေနီယတိ (သစေနီယျတိ)]- အကယ်၍ဆောင်အပ်သည်ဖြစ်အံ့၊ ဝေါ- သင်တို့အား၊ သောဠသဗလီဗဒ္ဒါနိ- လှည်းတိုက်နွားလား တစ်ဆယ့်ခြောက်ခုတို့ကို၊ ဒဒါမိ- ပေးအံ့၊ ဣမံနာဂံ- ဤနဂါးကို၊ ဗန္ဓနသ္မာ- အနှောင်အဖွဲ့မှ၊ မုဉ္စထ- လွှတ်ကြကုန်လော၊ ဣတိ- ဤသို့၊ အဝစံ- ဆို၏။

(၁၅၁) ဝိဒေဟပုတ္တ- ဝိဒေဟတိုင်းသားဖြစ်သော၊ အာဠာရ- အာဠာရ၊ မနာပေါ- နှစ်လိုဖွယ်ရှိသော၊ အယံနာဂေါ- ဤနဂါးကို၊ နောအမှေဟိ- ငါတို့သည်။ အဒ္ဓါဟိ အဒ္ဓါဧဝ- စင်စစ်သာလျှင်၊ ဘက္ခော- စားဖူး၏၊ ဥရဂေါ- နဂါးကို၊ [ဗဟူစနော(ဗဟုဇနော)]ဗဟူဇနသ- များစွာသော လူသည်၊ [ဘုတ္တပုဗ္ဗါ(ဘုတ္တပုဗ္ဗော)]- စားဘူး၏၊ တေ- သင်၏၊ တံဝစနံ- ထိုစကားကို၊ ကရောမ- လိုက်နာကုန်အံ့၊ တွံ- သင်သည်၊ နော- ငါတို့၏၊ မိတ္တဉ္စ- အဆွေ ခင်ပွန်းသည်လည်း၊ ဟောဟိ- ဖြစ်လော၊ ဣတိ- ဤသို့၊ အာဟံသုံ- ဆိုကြကုန်၏။

(၁၅၂) မဟာရာဇ- မြတ်သောမင်းကြီး၊ တဒါ- ထိုအခါ၌၊ တေ- ထိုမုဆိုး တို့သည်၊ အဿ- ထိုနဂါးမင်းအား၊ ဗန္ဓနာ- အနှောင်အဖွဲ့မှ၊ ပမောစယိံသု- လွှတ်စေကုန်၏၊ အဿ- ထိုနဂါးမင်း၏၊ နတ္ထုတော- နှာခေါင်းပေါက်မှ၊ ပဝေသေတွာ- သွင်း၍၊ ပါသေ- ကျော့ကွင်း၌၊ ယံပဋိမောက္ကံ- အကြင် စွပ်အပ်သော အနှောင်အဖွဲ့သည်၊ အတ္ထိ- ရှိ၏၊ တသ္မာဗန္ဓနာစ- ထိုအနှောင် အဖွဲ့မှလည်း၊ ဥရဂံ- နဂါးမင်းကို၊ ပမောစယိံသု- လွှတ်စေကုန်၏၊ သော နာဂရာဇာ- ထိုသခ်ပါလနဂါးမင်းသည်၊ ဗန္ဓနာ- အနှောင်ဖွဲ့မှ၊ မုတ္တောစ- လွှတ်သည်ဖြစ်၍လည်း၊ မုဟုတ္တံ- တခဏမျှ၊ ပါစီနမုခေါ- အရှေ့မျက်နှာသို့ ရှေးရှု၊ ပက္ကာမိ- ဖဲသွား၏။

(၁၅၃) မုဟုတ္တံ- တခဏမျှ၊ ပါစီနမုခေါ- အရှေ့မျက်နှာသို့ရှေးရှု၊ ဂန္တွာန- သွား၍၊ ပုဏ္ဏေဟိ- မျက်ရည်တို့ဖြင့် ပြည့်ကုန်သော၊ နေတ္တေဟိ- မျက်စိတို့ဖြင့်၊ မံ- ငါ့ကို၊ [ပလောကယိ(ပလောကယိ)]- ကြည့်၏၊ တဒါ- ထိုအခဏ၌၊ အဟံ- ငါသည်၊ အဿ- ထိုနဂါးမင်း၏၊ ပိဋ္ဌိတော- နောက်မှ၊ ဒသင်္ဂုလိ- လက်ဆယ်ချောင်းကို ပေါင်း၍ရှက်အပ်သော၊ အဥ္ဇလိ- လက်အုပ်ကို၊ ပဂ္ဂဟေတွာ- ချီ၍၊ အနွဂစ္ဆိ- လိုက်၏။

(၁၅၄) နာဂရာဇ- နဂါးမင်း၊ တွံ- သင်သည်၊ တရမာနရူပေါ- ရှောင်တခင်၊ ဂစ္ဆေ၀- ကြွတော်မူလေလော၊ တံ- ရှင်နဂါးမင်းကို၊ အမိတ္တာ- ရန်သူတို့သည်။ ပုန- တစ်ဖန်၊ မာအဂ္ဂဟေသုံ- မဖမ်းစေကုန်လင့်၊ လုဒ္ဒေဟိ- ရုန့်ရင်းကြမ်းကြုတ်ကုန်သော သူတို့နှင့်၊ ပုန- တစ်ဖန်၊ သမာဂမော- ပေါင်းဖော်ရခြင်းသည်၊ ဟိဧကန္တေန- စင်စစ်သဖြင့်၊ ဒုက္ခော- ဆင်းရဲ၏၊ နာဂရာဇ- နဂါးမင်း၊ တွံ- သင်နဂါးမင်းသည်၊ ဘောဇပုတ္တာနံ- မုဆိုးသားတို့၏၊ အဒဿနံ- မမြင်ရာသို့၊ ဂစ္ဆ- ကြွတော်မူလေလော၊ ဣတိ- ဤသို့၊ အာဟ- ဆို၏။

(၁၅၅) မဟာရာဇ- မြတ်သောမင်းကြီး၊ သောနာဂရာဇာ- ထိုနဂါးမင်းသည်၊ ဝိပ္ပသန္နံ- ကြည်လင်သောရေရှိထသော၊ နီလောဘာသံ- ညိုသောအရောင်ရှိထသော၊ ရမဏီယံ- နှလုံးမွေ့လျော်ဖွယ်ရှိထသော၊ သုတိတ္ထံ- ကောင်းသောဆိပ်ရှိထသော၊ ဇမ္ဗုဟိစ- သပြေပင်တို့ဖြင့်လည်းကောင်း၊ [ဝေတသာဟိ(ဝေဒိသာဟိ)]စ- ရင်းရဲပင်တို့ဖြင့်လည်းကောင်း၊ [သမောတတံ(သမောနတံ)]- ကမ်းနှစ်ဘက်တို့၌ ထိုမှဤမှထက်ဝန်းကျင် ညွတ်လုဘနန်း ပြည့်ထသော၊ ရဟဒံ- ကဏ္ဏဝေဏ္ဏမြစ်သို့၊ အဂမာသိ- သွားလေ၏၊ နိတ္တိဏ္ဏဘယော- ကင်းသောဘေးရှိသည်ဖြစ်၍၊ [ပတီတော (ပတိတော)]- ဝမ်းမြောက်ဝမ်းသာ၊ ပါဝေက္ခိ- ဝင်လေ၏။

(၁၅၆) ဇနိန္ဒ- လူတို့သခင် ပြည့်ရှင်မင်းမြတ်၊ သောနာဂေါ- ထိုသခင်ပါလ နဂါးမင်းသည်၊ တံ- ထိုကဏ္ဏဝေဏ္ဏမြစ်သို့၊ ပဝိဿ- ဝင်လေ၍၊ နစိရဿံ- မကြာမြင့်မီ၊ ဒိဗ္ဗေန- နတ်၌ဖြစ်သော အခြံအရံဖြင့်၊ ပရိဝါရိတော- ခြံရံလျက်၊ မေ- ငါ၏၊ ပုရတော- ရှေ့မှ၊ [ပါတုရဟုံ(ပါတုရဟု)]- ထင်ရှားဖြစ်လာ၏၊ ပုတ္တော- သားသည်၊ ပိတရံ- အဘကို၊ ဥပဋ္ဌဟိက္ကမ- ဆည်းကပ်ခစားသကဲ့သို့ တထာ- ထိုအတူ၊ သောနာဂရာဇာ- ထိုနဂါးမင်းသည်၊ ဟဒယင်္ဂမံ- နှလုံးသို့ ဝင်သော၊ ကဏ္ဏသုခံ- နား၌ချမ်းသာသော စကားကို၊ ဘဏန္တော- ဆိုလျက်၊ မံ- ငါကို၊ [ဥပဋ္ဌဟီ(ဥပဋ္ဌဟိ)]- ဆည်းကပ်လာ၏။

(၁၅၇) အာဋ္ဌာရ- အာဋ္ဌာရ၊ တွံ- သင်သည်၊ မေ- ငါ၏၊ မာတာစ- အမိသည်လည်း၊ အသိ- ဖြစ်၏၊ ပိတာစ- အဘသည်လည်း၊ အသိ- ဖြစ်၏၊ အဗ္ဘန္တရော- နှလုံးခွဲသားနှင့်တူသော၊ ပါဏဒဒေါ- အသက်ကို ပေးတတ်သော၊ သဟာယောစ- ခင်ပွန်းအစစ်အဆွေချစ်သည်လည်း၊ အသိ- ဖြစ်၏၊ အာဋ္ဌာရ- အာဋ္ဌာရ၊ တေ- သင်အား၊ အဟံ- ငါသည်၊ [သကံစ(သက္ကစ္စ)]- ပူဇော်ချီးမြှောက်ခြင်းကိုလည်း၊ ကရိဿာမိ- ပြုအံ့၊ အဟံ- ငါသည်၊ က္လဒ္ဓိပဋိလာဘကော- တန်ခိုးကိုတစ်ဖန်ရပြန်သည်။ အဿု- ဖြစ်၏၊ အာဋ္ဌာရ- အာဋ္ဌာရ၊ တွံ- သင်သည်၊ မေ- ငါ၏၊ နိဝေသနာနိစ- နေရာဗိမာန်တို့ကိုလည်း၊ ပဿ- ရှုပါလှည့်လော၊ ဝါသဝဿ- သိကြားမင်း၏၊ မသက္ကသာရံဝိယ- တာဝတိံသာနတ်ပြည်နှင့် တူသော၊ ပဟူတဘက္ခံ- များသော ဘောဇဉ်ရှိသော၊ ဗဟုအန္နပါနံ- များသော ထမင်းအဖျော်ရှိသော နဂါးပြည်ကိုလည်း၊ ပဿ- ရှုပါလှည့်လော၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ဣတိ- ဤသို့၊ သော- ထိုသခ်ပါလနဂါးမင်းသည်၊ မံ- ငါကို၊ အဗြဝိ- ဆို၏။

တတ္ထ- ထိုသယံ ဝိမာနံစသော ဂါထာတို့၌၊ ဝိမာနန္တိ- ဝိမာနံဟူသည်ကား၊ သခ်ပါလနာဂရညော- သခ်ပါလနဂါးမင်း၏၊ အနေကသတနာဋ္ဌကသမ္ပတ္တိသမ္ပန္နရာပေါင်းများစွာသော ကချေသည်တည်းဟူသော စည်းစိမ်နှင့် ပြည့်စုံသော၊ ကဥ္စနမဏိဝိမာနံ- ရွှေပတ္တမြားဖြင့်ပြီးသောဗိမာန်ကို၊ ပုညာနန္တိ- ပုညာနံဟူသည်ကား၊ တေန- ထိုနဂါးမင်းသည်၊ ကတပုညာနံ- ပြုအပ်သော ကောင်းမှုတို့၏၊ မဟန္တံ- ကြီးကျယ်သော၊ ဝိပါကံ- အကျိုးကို၊ ဒိသွာ- မြင်၍၊ ကမ္မဥ္စ- ကံကိုလည်းကောင်း၊ ဖလဥ္စ- ကံ၏အကျိုးကိုလည်းကောင်း၊ ပရလောကဥ္စ- တမလွန်လောကကိုလည်းကောင်း၊ သဒ္ဒဟိတွာ- ယုံကြည်၍၊ ပဝတ္တာယ- ဖြစ်သော၊ သဒ္ဓါယ- သဒ္ဓါတရားဖြင့်၊ အဟံ- ငါသည်၊ ပဗ္ဗဇိတော- ရဟန်းပြုခဲ့ပြီ၊ န ကာမကာမာတိ- န ကာမကာမာဟူသည်ကား၊ ဝတ္ထုကာမေနပိ- ဝတ္ထုကာမကြောင့်သော်လည်းကောင်း၊ ဘယေနပိ- ကြောက်ခြင်းကြောင့်သော်လည်းကောင်း၊ ဒေါသေနပိ- စိတ်ဆိုးသောကြောင့်သော်လည်းကောင်း၊ မုသာ- မမှန်သောစကားကို၊ န ဘဏန္တိ- မဆိုကုန်၊ ဇာယိဟိတီတိ- ဇာယိဟိတိဟူသည်ကား၊ ဘန္တေ- အရှင်ဘုရား၊ တုမှာကံ- အရှင်ဘုရားတို့၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ မယှမ္ပိ- ငါ့အားလည်း၊ ပသာဒေါ- ကြည်ညိုခြင်းသည်၊ သောမနဿံ- ဝမ်းမြောက်ခြင်းသည်၊ ဇာယိဿတိ- ဖြစ်လတံ့၊ ဝါဏိဇ္ဇန္တိ- ဝါဏိဇ္ဇံဟူသည်ကား၊ ဝါဏိဇ္ဇကမ္မံ- ကုန်သွယ်အမှုကို၊ ကရိဿာမိ- ပြုအံ့၊ ဣတိ- ဤသို့၊ ဂစ္ဆန္တော-

သွားလတ်သော်၊ **ပထေ အဒ္ဒသာသိမ္ဟိတိ-** ပထေ အဒ္ဒသာသိမ္ဟိဟူသည်ကား၊ ပဥ္စန္နံ-ငါးခုကုန်သော၊ သကဋသတာနံ- လှည်းအရာတို့၏၊ ပုရတော- ရှေ့မှ၊ သုခယာနကေ-ချမ်းသာစွာ စီးနင်းရသောယာဉ်၌၊ နိသိဒိတွာ- ထိုင်၍၊ ဂစ္ဆန္တော- သွားလတ်သော်၊ မဟာမဂ္ဂေ- လမ်းမကြီး၌၊ ဇနပဒမနုဿေ- ဇနပုဒ်လူတို့ကို၊ အဒ္ဒသံ- မြင်ခဲ့ပြီ၊ **ပဝဍ္ဎကာယန္တိ-** ပဝဍ္ဎကာယံဟူသည်ကား၊ ဝမိတကာယံ- ကြီးပွားသော ကိုယ်ရှိသော၊ **အာဒါယာတိ-** အာဒါယဟူသည်ကား၊ အဋ္ဌဟိ- ရှစ်ခုကုန်သော၊ ကာဇေဟိ- ထမ်းပိုးတို့ဖြင့်၊ ဂဟေတွာ- ယူ၍၊ **အဝစမ္ဟိတိ-** အဝစမ္ဟိဟူသည်ကား၊ အဘာသိံ- ပြောဆိုခဲ့ပြီ၊ **ဘီမကာယောတိ-** ဘီမကာယောဟူသည်ကား၊ ဘယဇနကကာယော- ကြောက်ခြင်းကို ဖြစ်စေတတ်သော ကိုယ်ရှိသော၊ **ဘောဇပုတ္တာတိ-** ဘောဇနပုတ္တောဟူသည်ကား၊ လုဒ္ဒပုတ္တကေ- မုဆိုးသားတို့ကို ပိယသမုဒါစာရေန- ချစ်ဖွယ်ခေါ်ဝေါ်ခြင်းဖြင့် အာလပတိ-ခေါ်ဝေါ်၏၊ **ဝိဒေဟပုတ္တာတိ-** ဝိဒေဟပုတ္တာဟူသည်ကား၊ ဝိဒေဟရဋ္ဌဝါသိတာယ-ဝိဒေဟတိုင်း၌နေသည်၏အဖြစ်ကြောင့်၊ အာဋ္ဌာရံ- အာဋ္ဌာရကို၊ အာလပိံသု- ဝိဒေဟပုတ္တဟု ခေါ်ကုန်ပြီ၊ **ဝိကောပယိတွာတိ-** ဝိကောပယိတွာဟူသည်ကား၊ ဆိန္ဒိတွာ-ဖြတ်တောက်၍၊ **မယဥ္စ ဝေါ သတ္တဝေါတိ-** မယဥ္စ ဝေါ သတ္တဝေါဟူသည်ကား၊ မယံ ပန- ငါတို့သည်ကား၊ နာဂါနံ- နဂါးတို့၏၊ ဝေရိနော နာမ- ရန်သူတို့မည်ကုန်၏၊ **ဘောဇနတ္ထာတိ-** ဘောဇနတ္ထာဟူသည်ကား၊ ဘောဇနတ္ထာယ- စားရန်အလို့ငှာ၊ **မိတ္တဥ္စ နော ဟောဟိတိ-** မိတ္တဥ္စ နော ဟောဟိဟူသည်ကား၊ တွံ- သင်သည်၊ အမှာကံ-ငါတို့၏၊ မိတ္တော- မိတ်ဆွေသည်၊ ဟောဟိ- ဖြစ်လော့၊ ကတဂုဏံ- ပြုအပ်သော ကျေးဇူးကို၊ ဇာန- သိလော့။

**တဒါဿု တေတိ-** တဒါဿု တေဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ တေဟိ ဘောဇပုတ္တေဟိ- ထိုမုဆိုးသားတို့သည်၊ ဧဝံ- ဤသို့၊ ဝုတ္တေ- ဆိုအပ်သည်ရှိသော်၊ အဟံ- ငါသည်၊ တေသံ- ထိုမုဆိုးသားတို့အား၊ သောဠသ ဝါဟဂါဝေဏ-တစ်ဆယ့်ခြောက်ကောင်ကုန်သော လှည်းတိုက်နွားတို့ကို၊ နိဝါသနပါရုပနာနိ- အဝတ်အရုံတို့ကို၊ ပသတံ ပသတံ- တလက်ဘက် တလက်ဘက်သော၊ သုဝဏ္ဏမာသကေ-ရွှေဖြင့်ပြီးသော ပဲစေ့တို့ကို၊ ဘရိယာနဉ္စ- မယားတို့အတွက်လည်း၊ နေသံ- ထိုမုဆိုးသားတို့အား၊ ဝတ္ထာလင်္ကာရံ- အဝတ်တန်ဆာကို၊ အဒါသိံ- ပေးခဲ့ပြီ၊ အထ- ထိုအခါ၌၊ တေ- ထိုမုဆိုးသားတို့သည်၊ သင်္ခပါလနာဂရာဇာနံ- သင်္ခပါလနဂါးမင်းကို၊ ဘူမိယံ-မြေ၌၊ နိပဇ္ဇာပေတွာ- လျောင်းစေ၍၊ အတ္တနော- မိမိ၏၊ ကက္ခဋတာယ- ကြမ်းတမ်း

သည်၏အဖြစ်ကြောင့်၊ သကဏ္ဍကကာဠဝေတ္တလတာယ- ဆူးရှိသော ကြိမ်မည်းလုံး၏၊ ကောဋိယံ- အဆုံးကို၊ ဂဟေတွာ- ကိုင်၍။ အာကမိတုံ- ငင်ခြင်းငှာ၊ အာရဘိံသု- အားထုတ်ကုန်ပြီ၊ အထ- ထိုအခါ၌၊ အဟံ- ငါသည်၊ နာဂရာဇာနံ- နဂါးမင်းကို၊ ကိလမန္တံ- ပင်ပန်းသည်ကို၊ ဒိသွာ- မြင်၍၊ အကိလမေန္တော၀- မပင်ပန်းစေမူ၍ သာလျှင်၊ အသိနာ- ဓားဖြင့်၊ တာ လတာ- ထိုကြိမ်နွယ်ကို၊ ဆိန္ဒိတွာ- ဖြတ်၍၊ ဒါရကာနံ- ကလေးတို့၏၊ ကဏ္ဏဝေဓတော- နားပေါက်မှ၊ ဝဋ္ဋိနီဟရဏနိယာမေန- ကြိုးလုံးကို ထုတ်သောနည်းဖြင့်၊ အဒုက္ခာပေန္တော- မဆင်းရဲစေမူ၍၊ သဏိကံ- ဖြည်းဖြည်း၊ နီဟရိံ- ထုတ်ခဲ့ပြီ၊ တသ္မိံ ကာလေ- ထိုအခါ၌၊ တေ ဘောဇပုတ္တာ- ထိုမုဆိုးသားတို့သည်၊ ယံ ဗန္ဓနံ- အကြင် အနှောင်အဖွဲ့ကို၊ အဿ- ထိုနဂါးမင်း၏၊ နတ္ထုတော- နှာခေါင်းမှ၊ ပဝေသေတွာ- သွင်း၍၊ ပါသေ- ကျော့ကွင်း၌၊ ပဋိမောက္ကံ- ချီနှောင်ထားအပ်ပြီ၊ တသ္မာ ဗန္ဓနာ- ထိုအနှောင်အဖွဲ့မှ၊ တံ ဥရဂံ- ထိုနဂါးမင်းကို၊ မောစယိံသု- လွတ်စေခဲ့ပြီ၊ တဿ- ထိုနဂါးမင်း၏၊ နာသတော၊ နှာခေါင်းပေါက်မှ၊ ပါသေန- ကျော့ကွင်းနှင့်၊ သဟ- တကွ၊ တံ ရဇ္ဇုကံ- ထိုကြိုးငယ်ကို၊ နီဟရိံသု- ထုတ်ခဲ့ကုန်ပြီ၊ ဣတိ- ဤအနက်ကို၊ ဒီပေတိ- ပြ၏၊ ဣတိ- ဤသို့လျှင်၊ တေ- ထိုမုဆိုးသားတို့သည်၊ ဥရဂံ- နဂါးကို၊ ဝိဿဇ္ဇေတွာ- လွှတ်၍၊ ထောကံ- အနည်းငယ်၊ ဂန္တွာ- သွား၍၊ အယံ ဥရဂေါ- ဤနဂါးမင်းသည်၊ ဒုဗ္ဗလော- အားနည်း၏၊ မတကာလေ- သေသောအခါ၌၊ နံ- ထိုနဂါးမင်းကို၊ ဂဟေတွာ- ယူ၍၊ ဂမိဿာမ- သွားကုန်၏၊ ဣတိ- ဤသို့၊ နိလီယိံသု- ပုန်းအောင်းကြကုန်ပြီ။

ပုဏ္ဏေဟီတိ- ပုဏ္ဏေဟိဟူသည်ကား၊ သောပိ- ထိုနဂါးသည်လည်း၊ မုဟုတ္တံ- အနည်းငယ်၊ ပါစီနာဘိမုခေါ- အရှေ့အရပ်သို့ ရှေ့ရှု၊ ဂန္တွာ- သွား၍၊ အဿုပုဏ္ဏေဟိ- မျက်ရည်ပြည့်ကုန်သော၊ နေတ္တေဟိ- မျက်လုံးတို့ဖြင့်၊ မံ- ငါ့ကို၊ ပလောကယိ- ကြည့်ခဲ့ပြီ၊ **တဒါဿဟန္တိ**- တဒါဿဟံဟူသည်ကား၊ တဒါ- ထိုအခါ၌၊ အဟံ- ငါသည်၊ အဿ- ထိုနဂါးမင်းအား၊ **ဂစ္ဆေဝါတိ**- ဂစ္ဆေဝဟူသည်ကား၊ ဧဝံ- ဤသို့ လျှင်၊ တံ- သင့်ကို၊ အဝစံ- ဆိုခဲ့ပြီ၊ ဣတိ- ဤသို့၊ ဝဒတိ- ဆို၏၊ **ရဟာဒန္တိ**- ရဟာဒံဟူသည်ကား၊ ကဏ္ဏဝေဏ္ဏဒဟံ- ကဏ္ဏဝေဏ္ဏမြစ်သို့၊ **သမောတတန္တိ**- သမောတတံဟူသည်ကား၊ ဥဘယတီရေသု- ကမ်းနှစ်ဘက်တို့၌၊ ဇမ္ဗုရုက္ခဝေတသရုက္ခေဟိ- သပြေပင် ရင်းရဲပင်တို့ဖြင့်၊ ဩတတံ ဝိတတံ- ညွတ်သော၊ နိတ္တိဏ္ဏဘယော ပတီတောတိ- နိတ္တိဏ္ဏဘယော ပတီတောဟူသည်ကား၊ ကိရ- ချဲ့ဦးအံ့၊ သော- ထိုနဂါးမင်းသည်၊ တံ ဒဟံ- ထိုကဏ္ဏ-

ဝေဏ္ဏာမြစ်သို့၊ ပဝိသန္တော- ဝင်လျက်၊ အာဌာရဿ- အာဌာရအား၊ နိပစ္စကာရံ- အရိုအသေကို၊ ဒဿေတွာ- ပြ၍၊ ယာဝ- အကြင်မျှလောက်၊ နင်္ဂုဋ္ဌာ- အမြီးသည်၊ ဩတရိ- ရေသို့သက်၏၊ ဥဒကေ- ရေ၌၊ ပဝိဋ္ဌဋ္ဌာနံဧဝ- ဝင်ရာအရပ်သည်သာလျှင်၊ အဿ- ထိုနဂါးမင်း၏၊ နိဗ္ဗယံ- ဘေးမရှိရာသည်၊ အဟောသိ- ဖြစ်ပြီ၊ တသ္မာ- ထို့ကြောင့်၊ နိတ္တိဏ္ဏဘယော- ကူးမြောက်ပြီးသော ဘေးရှိသည်၊ ပတီတော- ဝမ်းမြောက်သည်၊ ဟဋ္ဌတုဋ္ဌော- နှစ်သက်သော စိတ်ရှိသည်၊ (ဟုတွာ- ဖြစ်၍၊) ပါဝေက္ခိ- ကြည့်ခဲ့ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ပဝိဿာတိ- ပဝိဿဟူသည်ကား၊ ပဝိသိတွာ- ဝင်၍၊ ဒိဗ္ဗေန မေတိ- ဒိဗ္ဗေန မေဟူသည်ကား၊ နာဂဘာဝနေ- နဂါးဘုံ၌၊ ပမာဒံ- မေ့လျော့ခြင်းသို့၊ အနာပဇ္ဇိတွာ- မရောက်မူ၍၊ မယိ- ငါသည်၊ ကဏ္ဏဝေဏ္ဏတီရံ- ကဏ္ဏဝေဏ္ဏာမြစ်ကမ်းကို၊ အနတိက္ကန္တေယေဝ- မကျော်လွန်မှီ၌ပင်လျှင်၊ ဒိဗ္ဗေန- နတ်၌ဖြစ်သော၊ ပရိဝါရေန- အခြံအရံဖြင့်၊ မမ- ငါ၏၊ ပုရတော- ရှေ့၌၊ ပါတုရဟောသိ- ထင်ရှား ဖြစ်ခဲ့ပြီ ဥပဋ္ဌဟီတိ- ဥပဋ္ဌဟိဟူသည်ကား၊ ဥပါဂမိ- ချဉ်းကပ်၏၊ **အဗ္ဘုန္တရောတိ-** အဗ္ဘုန္တရောဟူသည်ကား၊ ဟဒယမံသသဒိသော- နှလုံးသားနှင့်တူသော၊ တွံ- သင်သည်၊ မမ- ငါအတွက်၊ ဗဟုပကာရော- ကျေးဇူးများ၏၊ သက္ကာရံ- ပူဇော်သက္ကာကို၊ တေ- သင့်အတွက်၊ ကရိဿာမိ- ပြုအံ့၊ **ပဿ မေ နိဝေသနာနီတိ-** ပဿ မေ နိဝေသနာနိ ဟူသည်ကား၊ မမ- ငါ၏၊ နာဂဘာဝနံ- နဂါးဘုံကို၊ ပဿ- ရှုလော့၊ **မသက္ကသာရံ ဝိယာတိ-** မသက္ကသာရံ ဝိယဟူသည်ကား၊ ဩသက္ကနပရိသက္ကနာဘာဝေနစ- ဆုတ်ယုတ်ခြင်း တိုးပွားခြင်း မရှိခြင်းကြောင့်လည်းကောင်း၊ ယနသာရတာယ စ- တစ်ခဲနက်သော အနှစ်ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သိနေရုပဗ္ဗတရာဇာ- မြင်းမိုရ်တောင်မင်းကို၊ မသက္ကသာရော- မသက္ကသာရဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ အယံ- ဤစကားရပ်ကို တတ္ထ- ထိုမြင်းမိုရ်တောင်၌ မာပိတံ- ဖန်ဆင်းအပ်သော၊ တာဝတိံသဘဝနံ- တာဝတိံသာဘုံကို၊ သန္ဓာယေဝ- ရည်၍သာလျှင်၊ အာဟ- ဆိုပြီ။

မဟာရာဇ- မြတ်သောမင်းကြီး၊ သော နာဂရာဇာ- ထိုသင်္ခပါလနဂါးမင်းသည်၊ ဧဝံ- ဤသို့သော ကျေးဇူးစကားကို၊ ဝတွာ- ဆိုပြီး၍၊ ဥတ္တရိ- အလွန်၊ အတ္တနော- မိမိ၏၊ နာဂဘဝနံ- နဂါးပြည်ကို၊ ဝဏ္ဏေန္တော- ချီးမွမ်းလိုသည်ဖြစ်၍၊ "တံ ဘူမိဘာဂေဟိ (ပ) ဓာရယန္တိ ဖလာနိ"တိ- "တံ ဘူမိဘာဂေဟိ (ပ) ဓာရယန္တိ ဖလာနိ" ဟူသော၊ ဂါထာဒွယံ- ဂါထာနှစ်ခုတို့၏ အပေါင်းကို၊ အာဟ- ဆိုပြီ။

(၁၅၈) အာဋ္ဌာရ- အာဋ္ဌာရ၊ ယတ္ထ- အကြင်နဂါးပြည်အရပ်၌၊ ပဝိဋ္ဌမတ္တာဝ- တည်တည့်ရကုန်လျှင်ပင်၊ သတ္တာ- သတ္တဝါတို့သည်၊ သောကံ- စိုးရိမ်ကြောင့်ကြ ဗျာပါရကို၊ ဇဟန္တိ- စွန့်ကုန်၏၊ တံနာဂဘဝနံ- ထိုငါတို့နဂါးပြည်အရပ်သည်၊ ဘူမိဘာဂေဟိ- ညီညွတ်သော မြေအဖို့တို့နှင့်၊ ဥပေတရူပံ- ပြည့်စုံသော သဘောရှိ၏၊ ဘူမိ- ငါတို့နဂါးပြည်၌ မြေအပြင်သည်၊ အသက္ခရာစေဝ- ကျောက်ခဲ ကျောက်စစ်ကင်းသည်လည်း၊ ဟောတိ- ဖြစ်၏၊ [မုဒူ(မုဒု)သုဘာစ- နူးညံ့သိမ်မွေ့စွာ ရတနာခုနှစ်ပါးတို့၏အရောင်ဖြင့် ပြောင်ပြောင်ထွန်းဝင်း သည်လည်း၊ ဟောတိ- ဖြစ်၏၊ နီစတ္တိဏာစ- ပိုးပရန်၏ကျောက်ကုန်း အဆင်းနှင့် တူသော ခြင်းခြင်းနီးသော နိမ့်သောမြက်နှင့် ပြည့်စုံသည်လည်း၊ ဟောတိ- ဖြစ်၏၊ အပ္ပရဇာစ- မြူကင်းသည်လည်း၊ ဟောတိ- ဖြစ်၏၊ ပါသာဒိကာစ- ကြည်ညိုဖွယ်ရှိသည်လည်း၊ ဟောတိ- ဖြစ်၏။

(၁၅၉) အနာဝကုလာ- မယုတ်သော ကမ်းရှိသော၊ ဝေဠုရိယူပနီလာ- ကျောက်မျက်ရွဲဖြင့် ပြီးသော စိမ်းညိုကြည်လင်သော ရေ၏ တည်ရာရေကန်ရှိ သည်လည်း၊ ဟောတိ- ဖြစ်၏၊ စတုဒ္ဒိသံစတုဒ္ဒိသာသု- ရေကန် လေးမျက်နှာတို့၌၊ သုရမ္မံ- အလွန် မွေ့လျော်ဖွယ်ရှိသော၊ အမ္ဗဝနံ- သရက်ဥယျာဉ်သည်၊ အတ္ထိ- ရှိ၏၊ တသ္မိံ- ထိုသရက်ဥယျာဉ်၌၊ အမ္ဗာ- သရက်ပင်တို့သည်၊ ပက္ကာစ- မှည့်သည်လည်းဖြစ်ကုန်သော၊ [ပေသီစ (ပေသိစ)]- အစိမ်းအရွမ်းလည်း ဖြစ်ကုန်သော၊ ဖလာ- အသီးရှိကုန်သည်ဖြစ်၍၊ သုဖုလ္လာ- အလွန်ပွင့်လင်း စည်ပင်ကုန်၏၊ နိစ္စောတုကာ- ဥတုခြောက်ပါးတို့နှင့် လျော်သော အပွင့်အသီးနှင့် ပြည့်စုံကုန်၏၊ ဖလာနိ- အသီးတို့ကို၊ ဓာရယန္တိ- ဆောင်ကုန်၏။

တတ္ထ- ထိုတံ ဘူမိဘာဂေဟိစသော ဂါထာတို့၌၊ အသက္ခရာတိ- အသက္ခရာ ဟူသည်ကား၊ တတ္ထ- ထိုနဂါးပြည်၌၊ ယာ ဘူမိ- အကြင်မြေအပြင်သည်၊ ပါသာဏ- သက္ခရရဟိတာ- ကျောက် ကျောက်ဖြုတ်တို့မှ ကင်းသည်၊ မုဒု- နူးညံ့သည်၊ သုဘာ- တင့်တယ်သည်၊ ကဉ္စနရဇတမဏိမယာ- ရွှေ ငွေ ပတ္တမြားတို့ဖြင့် ပြီးသည်၊ သတ္တရတန- ဝါလုကာကိဏ္ဏာ- ရတနာခုနှစ်ပါးတည်းဟူသော သဲတို့ဖြင့် ရောပြွမ်းသည်၊ (ဟောတိ- ဖြစ်၏၊) နီစတ္တိဏာတိ- နီစတ္တိဏာဟူသည်ကား၊ ကုန္ဒဂေါပကပိဋ္ဌိသဒိသဝဏ္ဏေဟိ- သိကြားသွေးပေါက်သဏ္ဍာန် ပိုးပရန်၏ ကျောကုန်းနှင့်တူသော အဆင်းရှိကုန်သော၊ နီစတိဏေဟိ- နိမ့်သော မြက်သစ်ပင်တို့နှင့်၊ သမန္နာဂတာ- ပြည့်စုံကုန်၏၊ အပ္ပရဇာတိ- အပ္ပရဇာဟူသည်ကား၊ ပံသုရဟိတာ- မြေမှုံ့မှကင်းသည်၊ ယတ္ထ ဇဟန္တိ သောကန္တိ-

ယတ္ထ ဇဟန္တိ သောကံဟူသည်ကား၊ ယတ္ထ- ယင်းနဂါးဘုံ၌၊ ပဝိဋ္ဌမတ္တာဝ- ဝင်လျှင် ဝင်ခြင်းပင်၊ နိဿောကာ- စိုးရိမ်ခြင်း ကင်းကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ အနာဝကုလာတိ- အနာဝကုလာဟူသည်ကား၊ အဝကုလာ- မကောင်းသော ညံ့သော ကမ်းပါးသည်၊ န- မရှိ၊ အခါဏုမာဝါ- သစ်ငုတ်မရှိသည်လည်းကောင်း၊[၁] ဥပရိ- အထက်သို့ ဥက္ကုလဝိကုလဘာဝရဟိတာ ဝါ- မြင့်မောက်သည်၏အဖြစ် မညီမညွတ် မြင့်မောက်သည်၏အဖြစ်မှကင်းသည်လည်းကောင်း၊ (ဟုတွာ- ဖြစ်၍၊)[၂] သမသုဏ္ဍိတာ- အညီအမျှ ကောင်းစွာ တည်သည်၊ (ဟောတိ- ဖြစ်၏၊) ဝေဠုရိယူပနီလာတိ- ဝေဠုရိယူပနီလာဟူသည်ကား၊ ဝေဠုရိယေန- ကြောင်မျက်ရွဲဖြင့်ပြီးသောကြောင့်၊ ဥပနီလာ- စိမ်းညိုသော ရေပြင်ရှိ၏၊[၃] တသ္မိံ နာဂဘဝနေ- ထိုနဂါးဘုံ၌၊ ဝေဠုရိယမယာ- ကြောင်မျက်ရွဲဖြင့် ပြီးသော၊ ပသန္နသလိလာ- ကြည်လင်သော ရေရှိသော၊ နီလော- ဘာသာ- စိမ်းညိုသောအရောင်ရှိသော၊ အနေကဝဏ္ဏကမလုပ္ပလသဉ္ဆန္နာ-အဆင်း အမျိုးမျိုးသော ကမလကြာ ဥပ္ပလကြာတို့ဖြင့် ဖုံးလွှမ်းသော၊ ပေါက္ခရဏီ- ရေကန်သည်၊ (အတ္ထိ- ရှိ၏၊) က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း၊ စတုဒ္ဒိသန္တိ- စတုဒ္ဒိသံ ဟူသည်ကား၊ တဿာ ပေါက္ခရဏိယာ- ထိုရေကန်၏၊ စတူသု- လေးပါးကုန်သော၊ ဒိသာသု- အရပ်မျက်နှာတို့၌၊ ပက္ကာ စာတိ- ပက္ကာစဟူသည်ကား၊ တသ္မိံ အမ္ဗဝနေ- ထိုသရက်ဥယျာဉ်၌၊ အမ္ဗရုက္ခာ- သရက်ပင်တို့သည်၊ ပက္ကဖလာစ- မှည့်သော အသီးရှိ ကုန်သည်လည်းကောင်း၊[၄] အမ္ဗုပက္ကဖလာ စ- တဝက်မှည့်သော အသီးရှိကုန်သည်

---

၁။ အနာဝကုလံ= အန်+အဝကုလ-အဝ-သဒ္ဒါ အယုတ်အညံ့အနက်ဟော၊ ကုလ-သဒ္ဒါ- ကမ်းပါး မို့မောက်သော မြေအရပ်ကို ဟော၏၊ အဘိဓာန်တို့၌ ကမ်းပါးအနက်ဟောပုဒ်မှာ ကူလ-ဟု ဒီဃသရနှင့် ရှိ၏၊ ဤ၌ ကုလ-ဟုရှိသည်မှာထူး၏၊ အခါဏုမံစသော စကားရပ်တို့မှာ အနာဝကုလံကို ထပ်၍ ဖွင့်ဆိုသော စကားများဖြစ်ကြသည်။

၂။ ဥက္ကုလ= ဥတ်-အထက် အနက်ဟော၊ ကုလ-မို့မောက်သော မြေအရပ်(ဝါ) ကမ်းပါး အနက်ဟော၊ အထက်သို့ မတ်မတ်စောက်စောက် မြင့်နေသော ကမ်းပါးမရှိဟု ဆိုလိုသည်၊ ဝိကုလ= ဝိ-အထူးထူး၊ ကုလ-ကမ်းပါး၊ မညီမညွတ်မို့သည့်နေရာမို့ ခွက်သည့်နေရာ ခွက်ဖြစ်နေသော ကမ်းပါးမရှိဟု ဆိုလိုသည်။

၃။ ဥပနီလာ= ဥပ-သဒ္ဒါ အနီးဟော၊ နီလ-သဒ္ဒါ အညိုရောင်၊ အညိုရောင်၏ အနီး- ဟူသည် တကယ့် အညိုကြီးမဟုတ်ဘဲ ညို့တို့တို့အရောင်ဟု ဆိုလိုသည်။

၄။ ပေသိ= ပေသိ+ဤ ပေသိ-သဒ္ဒါသားတစ် အတုံး အစိတ် အခွဲ-ဟူသော အနက်ကို ဟော၏ (အမ္ဗပေသိ-သရက်သီးစိတ်) ဤ၌သရက်သီး အစိမ်းဟု ဆိုလိုသည်။

လည်းကောင်း၊ တရုဏဖလာ စ- နုသောအသီးရှိကုန်သည်လည်းကောင်း၊ ဖုလ္လိတာဝေ- ပေါ်များကုန်သည်သာ၊ (ဟောန္တိ- ဖြစ်ကုန်၏၊) က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **နိစ္စောတုကာတိ**- နိစ္စောတုကာဟူသည်ကား၊ ဆန္နမ္ပိ- ခြောက်ပါးလည်းဖြစ်ကုန်သော၊ ဥတူနံ- ဥတုတို့အား၊ အနုရူပေဟိ- လျောက်ပတ်ကုန်သော၊ ပုပ္ဖဖလေဟိ- အပွင့် အသီးတို့ဖြင့်၊ သမန္နာဂတာ- ပြည့်စုံကုန်၏၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း။

(ဧဝံ- ဤသို့သော ဂါထာတို့ဖြင့်၊ ဝတွာ- ဆိုပြီး၍၊ ပုန- တစ်ဖန်၊ ရညော- ဗာရာဏသီမင်းအား၊ ကထေန္တော- ပြောဆိုလိုသည်ဖြစ်၍၊) "တေသံ ဝနာနံ (ပ) အနပ္ပကေဟီ"တိ- "တေသံ ဝနာနံ (ပ) အနပ္ပကေဟိ"ဟူကုန်သော၊ (က္ကမာ အဋ္ဌ ဂါထာ- ဤရှစ်ဂါထာတို့ကို။ အာဟ- ဆိုပြီ။)

(၁၆၀) နရဒေဝ- လူတို့အထွတ်လောကနတ်၊ တေသံဝနာနံ- ထိုသရက် ဥယျာဉ်တောတို့၏၊ မဇ္ဈေ- အလယ်၌၊ ဘဿရသန္နိကာသံ- ပြိုင်းပြိုင်း ပြက်ထွက်သော အရောင်အဆင်းရှိထသော၊ ရဇတဂ္ဂဠံ- ငွေဖြင့်ပြီးသော တံခါးရွက်ရှိထသော၊ ဥဋ္ဌာရံ- မြတ်သော၊ သောဝဏ္ဏမယံနိဝေသနံ- ရွှေပြာသာဒ်သည်၊ အန္တလိက္ခေ- ကောင်းကင်ပြင်၌၊ ဝိဇ္ဇုရိဝ- လျှပ်စစ် ကဲ့သို့ [သြဘာသတိ(သြဘာသတိ)]- ထွန်းတောက်ပ၏။

(၁၆၁) ရာဇ- မင်းမြတ်၊ သုနိမ္မိတာ- ကောင်းစွာ ဖန်ဆင်းအပ်ကုန်သော၊ တတ္ထ- ထိုပြာသာဒ်၌၊ အနေကစိတ္တာ- တစ်ပါးမကများသော ဆန်းကြယ်ခြင်း ရှိကုန်ထသော၊ [မဏိမယာ(မဏိမယာ)]- ပတ္တမြားဖြင့်ပြီးသည်လည်း ဖြစ်ကုန်ထသော၊ သောဝဏ္ဏမယာ- ရွှေဖြင့်ပြီးသည်လည်း ဖြစ်ကုန်ထသော၊ ဥဋ္ဌာရာ- မွန်မြတ်သော စုလစ်မွန်းချွန်တပ်သော အဆောင် တိုက်ခန်းတို့သည်၊ အလင်္ကတာဟိ- တန်ဆာဆင်အပ်ကုန်ထသော၊ သုဝဏ္ဏကာယူရဓရာဟိ- ရွှေခြေကျင်းဝတ်ကုန်သော၊ ကညာဟိ- သတို့သမီးတို့ဖြင့်၊ သတတံ- အခါခပ်သိမ်း၊ ပရိပူရာ- ပြည့်ကုန်၏။

(၁၆၂) မဟာရာဇ- မြတ်သောမင်းကြီး၊ သဟဿထမ္ဘံ- များစွာသော တိုင်ရှိသော၊ အတုလာနုဘာဝံ- အတုမဲ့လျှင်းပမာကင်းသော အာနုဘော် ရှိထသော၊ တံပါသာဒံ- ထိုပြာသာဒ်သို့၊ အနောမဝဏ္ဏော- မယုတ်မမာ မွန်မြတ်စွာသော အဆင်းရှိထသော၊ သောသခ်ပါလော- ထိုသခ်ပါလ နဂါးမင်းသည်၊ တရမာနရူပေါ- အဆောတလျင်၊ မံ- ငါကို၊ ဟတ္ထေ- လက်၌၊ ဂဟေတွာ- ကိုင်၍၊ အာရုယှ- တက်၍၊ ယတ္ထ- အကြင်အရပ်၌၊ အဿ-

ထိုသခ်ပါလနဂါးမင်း၏၊ ဘရိယာ- မယားဖြစ်သော၊ မဟေသီ- မိဖုရားသည်၊ အဟောသိ- နေ၏၊ တံဌာနံ- ထိုအရပ်သို့ နေတိ- ဆောင်၏။

(၁၆၃) ကော- တစ်ယောက်သော၊ နာရီစ- မိန်းမသည်လည်း၊ ဝေဠုရိယမယံ- ကျောက်မျက်ရွဲဖြင့်ပြီးသော၊ မဟဂ္ဃံ- အဘိုးများစွာထိုက်သော၊ သုဘံ- တင့်တယ်စွာသော၊ မဏိဇာတိမဿူပပန္နံ- အမျိုးရှိသော ပတ္တမြားတို့နှင့် ပြည့်စုံထသော၊ အာသနံ- နေရာကို၊ တရမာနရူပါ- အဆောတလျင်၊ အာဒါယ- ယူတည့်၍၊ အစောဒိတာ- မန္တိုးဆော်မတိုက် တွန်းဘဲ၊ အတ္ထိဟာသိ- ခင်း၏။

(၁၆၄) တတော- ထိုနောင်မှ၊ ဥရဂေါ- သခ်ပါလနဂါးမင်းသည်၊ မံ- ငါကို၊ ဟတ္ထေ- လက်၌၊ ဂဟေတွာ- ကိုင်၍၊ ပါမုခအာသနသ္မိံ- မြတ်သော နေရာ၌၊ [နိသီဒယိ (နိသိဒယိ)]- ထိုင်နေစေ၏၊ ဟိယသ္မာ- အကြင့် ကြောင့်၊ ဘဝံ- အရှင်သည်၊ မေ- ငါ၏၊ ဂရူနံ- အလေးအမြတ် ပြုအပ်ကုန်သော မိဘတို့တွင်၊ အညတရော- တစ်ယောက်သော သူပေတည်း၊ တသ္မာ- ထိုကြောင့်၊ ဣဒံအာသနံ- ဤမြတ်သော နေရာသည်၊ ဘဝတော- အရှင်၏၊ အာသနံ- နေရာတည်း၊ အတြ- ဤမြတ်သော နေရာ၌၊ ဘဝံ- အရှင်သည်၊ နိသီဒတု- ထိုင်နေတော်မူလော၊ ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ပါမုခအာသနသ္မိံ- မြတ်သော နေရာ၌၊ နိသီဒယိ- ထိုင်နေစေ၏။

(၁၆၅) ဇနိန္ဒ- လူတို့ကို အစိုးရတော်မူသော မင်းမြတ်၊ ပိယဿ- ချစ်အပ်သော၊ [ဘတ္တု(ဘတ္တု)]- လုပ်ကျွေးတမှု မွေးမြူအပ်သော၊ ပတိနော- လင်၏၊ ပါဒါနိ- ခြေတို့ကို၊ ဘရိယာ- မယားသည်၊ [ပက္ခာလယီ (ပက္ခာလယိ)]ဣဝ- ဆေးသကဲ့သို့၊ အညာ- တစ်ယောက်သော၊ နာရီစ- မိန်းမသည်လည်း၊ တရမာနရူပါ- အဆောတလျင်၊ ဝါရိံ- ရေကို၊ အာဒါယ- ယူ၍၊ ဥပသင်္ကမိတွာ- ကပ်လာ၍၊ မေ- ငါ၏၊ ပါဒါနိ- ခြေတို့ကို၊ [ပက္ခာလယီ(ပက္ခာလယိ)]- ဆေး၏။

(၁၆၆) ဇနိန္ဒ- မင်းမြတ်၊ အပရာ- တစ်ယောက်သော၊ နာရီစ- မိန်းမသည် လည်း၊ သုဝဏ္ဏမယာယ- ရွှေဖြင့်ပြီးသော၊ ပါတိယာ- ခွက်ဖြင့်၊ အနေက- သုပဥ္စ- များစွာသောဟင်းကိုလည်းကောင်း၊ ဝိဝိဓံ- အထူးထူး အပြားပြား များသော၊ ဝိယဥ္ဇနဥ္စ- ဟင်းလျာကိုလည်းကောင်း၊ မနုညရူပံ- နှစ်သက်ဖွယ်သော သဘောရှိသော၊ ဘတ္တဥ္စ- ထမင်းကိုလည်းကောင်း၊ တရမာနရူပါ- အဆော

တလျှင်၊ ပဂ္ဂယှ- ယူတည့်၍၊ [ဥပနာမယိ (ဥပနာမယိ)]- တည်ထား ကပ်ဆက်လာ၏။

(၁၆၇) ဘာရတ- မင်းမြတ်ဘာရတ၊ နာရီယော- မိန်းမတို့သည်၊ ဘတ္တု- မိမိတို့လင်ဖြစ်သော သင်္ခပါလနဂါမင်း၏၊ မနော- စိတ်ကို၊ ဝိဒိတွာ- သိ၍၊ ဘုတ္တာဝန္တံ- စား၍ပြီးသော၊ မံ- ငါကို၊ တူရိယေဟိ- တီးမှုတ်မျိုးတို့ဖြင့်၊ ဥပဋ္ဌဟုံ- လုပ်ကျွေးကြကုန်၏၊ [တတုဋ္ဌရိ(တတုဋ္ဌရိ)]- ထိုထက်အလွန်၊ သော- ထိုသင်္ခပါလနဂါးမင်းသည်၊ မံ- ငါကို၊ [နိပတိ(နိပတိ)]- တုပ်ဝပ် ဆည်းကပ်၏၊ အနပ္ပကေဟိ- များစွာကုန်သော၊ မဟန္တဒိဗ္ဗေဟိ- မြတ်သော နတ်၌ဖြစ်ကုန်သော၊ ကာမေဟိ- ကာမဂုဏ်တို့ဖြင့်၊ ဥပဋ္ဌဟိ- လုပ်ကျွေးစေ၏။

တတ္ထ- ထိုတေသံ ဝနာနံစသော ဂါထာတို့၌၊ နိဝေသနန္တိ- နိဝေသနံဟူသည်ကား၊ ပါသာဒေါ- ပြာသာဒ်သည်၊ ဘဿရသန္နိကာသန္တိ- ဘဿရသန္နိကာသံ ဟူသည်ကား၊ ပဘဿရဒဿနံ- ပြိုးပြက်သောအဆင်းရှိ၏၊ ရဇတဂ္ဂဠန္တိ- ရဇတဂ္ဂဠံ ဟူသည်ကား၊* ရဇတဒ္ဓါရကဝါဋံ- ငွေဖြင့်ပြီးသော တံခါးရွက်ရှိ၏၊ မဏိမယာတိ- မဏိမယာဟူ သည်ကား၊ တတ္ထ- ထိုနဂါးဘုံ၌၊ ဧဝရူပါ- ဤသို့သဘောရှိကုန်သော၊ ကူဋ္ဌာဂါရာ စ- အထွဋ်တပ်သော အိမ်တို့သည်လည်းကောင်း၊ ဂဗ္ဘာ စ- တိုက်ခန်းတို့သည် လည်းကောင်း၊ (ဟောန္တိ- ဖြစ်ကုန်၏၊) ပရိပူရာတိ- ပရိပူရာဟူသည်ကား၊ သမ္ပုဏ္ဏာ- ပြည့်စုံကုန်၏၊ သော သင်္ခပါလောတိ- သော သင်္ခပါလောဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ အဟံ- ငါသည်၊ ဧဝံ- ဤသို့လျှင်၊ တသ္မိံ- ထိုသင်္ခပါလနဂါးမင်းသည်၊ နာဂဘဝနံ- နဂါးဘုံကို၊ ဝဏ္ဏေန္တေ- ဟိုသို့ချီးမွမ်းသည်ရှိသော်၊ တံ- ထိုနဂါးဘုံကို၊ ဒဋ္ဌုကာမော- မြင်ခြင်းငှာ အလိုရှိသည်၊ အဟောသိ- ဖြစ်ခဲ့ပြီ၊ အထ- ထိုအခါ၌၊ မံ- ငါ့ကို၊ တတ္ထ- ထိုနဂါးဘုံ၌၊ နေတွာ- ဆောင်၍၊ သော သင်္ခပါလော- ထိုသင်္ခပါလနဂါးမင်း သည်၊ ဟတ္ထေ- လက်တို့ကို၊ ဂဟေတွာ- ကိုင်၍၊ တရမာနော- အဆော်တလျှင်၊ ဝေဠုရိယထမ္ဘေဟိ- ကြောင်မျက်ရွဲဖြင့်ပြီးသော တိုင်တို့ဖြင့်၊ သဟဿထမ္ဘံ- တိုင်ပေါင်းတစ်ထောင်ရှိသော၊ ပါသာဒံ- ပြာသာဒ်သို့၊ အာရုယှ- တက်၍၊ ယသ္မိံ ဌာနေ- အကြင်နေရာ၌၊ အဿ- ထိုနဂါးမင်း၏၊ မဟေသီ- မိဖုရားသည်၊ အဟောသိ- ရှိခဲ့ပြီ၊ တံ ဌာနံ- ထိုအရပ်သို့၊ နေတိ- ဆောင်ခဲ့၏၊ ဣတိ- ဤအနက်ကို၊ ဒီပေတိ-

---

* ရဇတဂ္ဂဠံ= အဂ္ဂဠ-သဒ္ဒါ တံခါးကျဉ် မင်းတုတ်၊ တံခါးတိုင်ကိုဟော၏၊ အဋ္ဌကထာ၌ ကဝါဋ-ဟုဖွင့်၏၊ ကဝါဋ-သဒ္ဒါ တံခါးရွက်ကို ဟော၏၊ ပါဠိတော်နှင့် အဋ္ဌကထာအဖွင့် မကိုက်ပေ။

ပြ၏၊ တော စာတိ- တော စဟူသည်ကား၊ မယိ- ငါသည်၊ ပါသာဒံ- ပြာသာဒ်သို့ အဘိရုဠှေ- တတ်သည်ရှိသော်၊ တော- တစ်ယောက်သော၊ ဣတ္ထီ- နဂါးမသည်၊ အညေဟိ- အခြားကုန်သော၊ ဇာတိမဟန္တေဟိ- ဖြစ်ရာဇာတိအားဖြင့် မြတ်ကုန်သော၊ မဏိဟိ- ပတ္တမြားတို့ဖြင့် ဥပေတံ- ပြည့်စုံသော၊ သုဘံ- တင့်တယ်သော၊ ဝေဠုရိယာသန်- ကြောင်မျက်ရွဲဖြင့်ပြီးသော နေရာကို၊ တေန နာဂရာဇေန- ထိုနဂါးမင်းသည်၊ အဝုတ္တာဝ- တစ်စုံတစ်ရာ မပြောဆိုပါဘဲလျက်၊ (အဗ္ဘိဟာသိ- ခင်းခဲ့ပြီ၊) အဗ္ဘိဟာသီတိ- အဗ္ဘိဟာသိဟူ သည်ကား၊ အဘိဟရိ- ရှေ့ရှုဆောင်ခဲ့ပြီ၊ အတ္ထရိ- ခင်းခဲ့ပြီ၊ ဣတိ- ဤသို့၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏။

**ပါမုခအာသနသ္မိန္တိ**- ပါခုခအာသနသ္မိံဟူသည်ကား၊ ပမုခါသနသ္မိံ- အကြီးအမှူးဖြစ်သောနေရာ၌၊ ဥတ္တမာသနေ- မြတ်သောနေရာ၌၊ နိသီဒါပေသိ- နေစေခဲ့ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ဂရူနန္တိ- ဂရူနံဟူသည်ကား၊ မေ- ငါ၏၊ မာတာပိတူနံ- အမိအဖတို့တွင်၊ တွံ- သင်သည်၊ အညတရော- တစ်ယောက်တည်း၊ ဣတိ ဧဝံ- ဤသို့၊ ဝတွာ- ဆို၍၊ နိသီဒါပေသိ- နေစေခဲ့ပြီ၊ **ဝိဝိဓံ ဝိယဥ္ဇနန္တိ**- ဝိဝိဓံ ဝိယဥ္ဇနံဟူသည်ကား၊ ဝိဝိဓံ- အထူးထူးအပြားပြားသော၊ ဗျဥ္ဇနံ- ဟင်းလျာကို၊ **ဘတ္တ မနုညရူပန္တိ**- ဘတ္တ မနုညရူပံဟူသည်ကား၊ မနုညရူပံ- နှစ်သက်ဖွယ်ကောင်းသော၊ ဘတ္တံ- အစားအစာကို၊ **ဘာရတာတိ**- ဘာရတဟူသည်ကား၊ ရာဇာနံ- မင်းကို၊ အာလပတိ- ဘာရတဟုခေါ်ဝေါ်၏၊ **ဘုတ္တာဝန္တန္တိ**- ဘုတ္တာဝန္တံဟူသည်ကား၊ ဘုတ္တာဝိံ- စားပြီးသော၊ ကတဘတ္တကိစ္စံ- ပြုအပ်ပြီးသော စားသောက်ခြင်း ကိစ္စရှိသော၊ **ဥပဋ္ဌဟုန္တိ**- ဥပဋ္ဌဟုံဟူသည်ကား၊ အနေကသတေဟိ- ရာပေါင်းများစွာကုန်သော၊ တုရိယေဟိ- တုရိယာတို့ဖြင့်၊ ဂန္ဓဗ္ဗံ- နတ်အသွင်ကို၊ ကုရုမာနာ- ပြုကုန်လျက်၊* ဥပဋ္ဌဟိံသု- လုပ်ကျွေးကြကုန်ပြီ၊ **ဘတ္တု မနော ဝိဒိတွာတိ**- ဘတ္တု မနော ဝိဒတွာဟူသည်ကား၊ အတ္တနော- မိမိ၏၊ ပတိနော- အရှင်၏၊ စိတ္တံ- စိတ်ကို၊ ဇာနိတွာ- သိ၍၊ **တတုတ္တရိန္တိ**- တတုတ္တရိံဟူသည်ကား၊ တတော ဂန္ဓဗ္ဗကရဏတော- ထိုဂန္ဓဗ္ဗနတ်ကို့ပြုသည်ထက်၊ ဥတ္တရိံ- အလွန်၊ **မံ နိပတီတိ**- မံ နိပတိဟူသည်ကား၊ သော နာဂရာဇာ- ထိုနဂါးမင်းသည်၊ မံ- ငါသို့၊ ဥပသင်္ကမိ- ချဉ်းကပ်၏၊ **မဟန္တံ ဒိဗ္ဗေဟီတိ**- မဟန္တ ဒိဗ္ဗေဟိဟူသည်ကား၊ မဟန္တေဟိ- မြတ်ကုန်သော၊ ဥဠာရေဟိ- များကုန်သော၊

* ဂန္ဓဗ္ဗံကုရုမာနာ= ဇာတ်အားဖြင့် နဂါးမျိုးဖြစ်ကုန်၏၊ သို့သော်စတုမဟာရာဇ်နတ်မျိုးဝင် ဂန္ဓဗ္ဗနတ်တို့ကဲ့သို့ ပြုလျက် လုပ်ကျွေးကုန်ဟူလို။

ဒိဗ္ဗေဟိ- နတ်၌ဖြစ်ကုန်သော၊ အနပ္ပကေဟိ- များစွာကုန်သော၊ တေဟိ ကာမေဟိ စ- ထိုကာမဂုဏ်အာရုံတို့ဖြင့်လည်း၊ (ဥပဋ္ဌဟုံ- လုပ်ကျွေးခဲ့ကြကုန်ပြီ။)

ပန- အဖို့တစ်ပါးကို ဆိုဦးအံ့၊ (နာဂရာဇာ- သခ်ပါလနဂါးမင်းသည်၊) ဧဝံ- ဤသို့ ဥပသက်မိတ္တာ စ- ချဉ်းကပ်၍လည်း၊ (အတ္တနော- မိမိအား၊ ကာမဂုဏေဟိ- ကာမဂုဏ်တို့ဖြင့်၊ နိမန္တနကာရဏံ- ဖိတ်ခြင်းအကြောင်းကို၊ ရညော- ဗာရာဏသီမင်းအား၊ ကထေန္တော- ပြောကြားလိုသည်ဖြစ်၍၊) "ဘရိယာ မမေတာ တိသတာ အာဠာရ၊ (ပ) ဒဒါမိ တေ တာ ပရိစာရယဿု"တိ- "ဘရိယာ မမေတာ တိသတာ အာဠာရ၊ (ပ) ဒဒါမိ တေ တာ ပရိစာရယဿု"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ၊ (စ ပန-ကား ပဒပူရဏ)

(၁၆၈) အာဠာရ- အာဠာရ၊ သဗ္ဗတ္တမင်္ဂ- အလုံးစုံသော လက်တဆုပ် မျှပမာဏရှိသည်ဖြစ်၍ သွယ်သွယ်သေးသေး ယဉ်ကျေးသော ခါးလည်းရှိ ထသော၊ ပဒုမုတ္တရာဘာ- ပဒုမာ ကြာပန်းနှင့်တူသော မွန်မြတ်သော အရောင်အဆင်းလည်းရှိကုန်ထသော၊ တိသတာ- သုံးရာကုန်သော၊ ဧတာ- ထိုမိန်းမတို့သည်၊ မမ- ငါ၏၊ ဘရိယာ- မယားတို့တည်း၊ အာဠာရ- အာဠာရ၊ ဧတာသု- ထိုမိန်းမတို့၌၊ တေ- သင်၏၊ [ကာမ ကာရာ(ကာမံ)]- အလိုကို၊ (ကရော)- ပြုလော၊ တေ- သင်အား၊ ဒဒါမိ- ပေး၏၊ တွံ- သင်သည်၊ တာ- ထိုသုံးရာကုန်သော မိန်းမတို့ကို၊ ပရိစာရယဿု- အလုပ်အကျွေးပြုစေလော။

တတ္ထ- ထို ဘရိယာစသော ဂါထာ၌၊ သဗ္ဗတ္တမင်္ဂါတိ- သဗ္ဗတ္တမင်္ဂါဟူ သည်ကား၊ သဗ္ဗာ- အလုံးစုံကုန်သော၊ အတ္တမင်္ဂ- သေးသွယ်သော ခါးရှိကုန်သော၊ ပါဏိနာ- လက်ဖြင့်၊ ဂဟိတပ္ပမာဏမင်္ဂ- ယူအပ်သော အတိုင်းအထွာရှိသော ခါးရှိကုန်သော၊ က္တတိ- ဤကား၊ အတ္ထော- အနက်တည်း၊ အဋ္ဌကထာယံ ပန- မဟာအဋ္ဌကထာ၌ကား၊ "သုမင်္ဂါ"တိ- သုမင်္ဂါဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ- ဖြစ်၏၊) ပဒုမုတ္တရာဘာတိ- ပဒုမုတ္တရာဘာဟူသည်ကား၊ ပဒုမဝဏ္ဏာဥတ္တ- ရာဘာ- ပဒုမ္မာကြာအဆင်းနှင့်တူသော ကောင်းမြတ်သော အဆင်းရှိကုန်သော၊ ပဒုမဝဏ္ဏာဥတ္တရစ္ဆဝိယော- ပဒုမ္မာကြာအဆင်းကဲ့သို့ ကောင်းမြတ်သော အရေအဆင်း ရှိကုန်သော၊ က္တတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ပရိစာရယဿူတိ- ပရိစာရယဿု ဟူသည်ကား၊ တာ- ထိုအမျိုးသမီးတို့ကို၊ အတ္တနော- မိမိ၏၊ ပါဒပရိစာရိကာ- ခြေကို လုပ်ကျွေးသော မိန်းမတို့ကို၊ ကရောဟိ- ပြုလော့၊ က္တတိ- ဤသို့၊ ဝုတ္တံ- ဆို၍၊

တီဟိ ဣတ္ထိသတေဟိ- မိန်းမသုံးရာတို့နှင့်၊ သဒ္ဓိံ- အတူ၊ မဟာသမ္ပတ္တိံ- ကြီးစွာသော စည်းစိမ်ကို၊ မယှံ- ငါ့အား၊ အဒါသိ- ပေးခဲ့ပြီ။ သော- ထိုသင်္ခပါလနဂါးမင်းသည်၊ "သံဝစ္ဆရံ (ပ) ဝိမာနသေဋ္ဌ"န္တိ- "သံဝစ္ဆရံ (ပ) ဝိမာနသေဋ္ဌံ"ဟူကုန်သော။ (ဣမာ ဒွေ ဂါထာ- ဤဂါထာနှစ်ခုတို့ကို) အာဟ- ဆိုပြီ။

(၁၆၉) မဟာရာဇ- မင်းမြတ်၊ သောအဟံ- ထိုငါသည်၊ သံဝစ္ဆရံ- တစ်နှစ်ပတ်လုံး၊ တံဒိဗ္ဗရသံ- ထိုနတ်၌ဖြစ်သော ကာမဂုဏ်အရသာကို၊ အနုဘုတွာ- ခံစား၍။ တဒါ- ထိုအခါ၌၊ အဟံ- ငါသည်။ ဥတ္တရိ- အလွန်၊ နာဂဿ- သင်္ခပါလနဂါးမင်းအား၊ အဇ္ဈာဘာသိံ- မေးလျှောက်ပြီ၊ နာဂဿ- သင်္ခပါလနဂါးမင်းအား၊ ဣဒံ- ဤစည်းစိမ်ချမ်းသာသည်၊ ဇာတံ- ဖြစ်၏၊ ကိန္တိ- အဘယ်ကောင်းမှုကို၊ ကထဉ္စ- အဘယ်သို့သော အကြောင်းကို၊ ကတွာ- ပြု၍၊ ဣဒံ- ဤစည်းစိမ်ကို၊ တယာ- သင်သည်။ လဒ္ဓံ- ရအပ် သနည်း၊ ကထံကေနကာရဏေန- အဘယ်အကြောင်းဖြင့်၊ ကတွာ- ပြု၍၊ တွံ- သင်သည်။ ဝိမာနသေဋ္ဌံ- မြတ်သောရွှေဗိမာန်ကို၊ အဇ္ဈဂမာသိ- ရသနည်း။

(၁၇၀) နာဂရာဇ- နဂါးမင်း၊ တေတယာ- သင်နဂါးမင်းသည်၊ ဣဒံဝိမာနသေဋ္ဌံ- ဤမြတ်သော ရွှေဗိမာန်ကို၊ အဓိစ္စလဒ္ဓံ- အကြောင်းကင်းလျက် အလိုလိုပင် ရသလော၊ ဥဒါဟု- ထိုသို့မဟုတ်မူကား၊ တေ- သင်၏၊ အတ္တာယ- အကျိုးငှာ တည်း၊ ကေနစိ- တစ်စုံတစ်ယောက်သော သူသည်။ ပရိဏာမဇံ- ညွှတ်ခြင်း ကြောင့် ဖြစ်သလော၊ သယံ- မိမိ အလိုလိုတည်း၊ ကတံ- ဆောက်လုပ် စေသလော၊ ဥဒါဟု- ထိုသို့မဟုတ်မူကား၊ ဒေဝေဟိ- နတ်တို့သည်လည်း၊ ဒိန္နံ- ပေးအပ်သလော၊ ဧတမတ္ထံ- ထိုအကြောင်းကို၊ တံ- အရှင်နဂါးမင်းကို၊ ပုစ္ဆာမိ- ငါမေး၏၊ ဝိမာနသေဋ္ဌံ- မြတ်သောရွှေဗိမာန်ကို၊ ကထံ- အသို့ ကတွာ- ပြု၍၊ အဇ္ဈဂမာသိ- ရသနည်း။

တတ္ထ- ထိုသံဝစ္ဆရံစသော ဂါထာတို့၌၊ ဒိဗ္ဗရသာနုဘုတွာတိ- ဒိဗ္ဗရသာနု- ဘုတွာဟူသည်ကား၊ ဒိဗ္ဗေ- နတ်၌ဖြစ်သော၊ ကာမဂုဏရသေ- ကာမဂုဏ်အရသာ တို့ကို၊ အနုဘဝိတွာ- ခံစား၍၊ တဒါဿုဟန္တိ- တဒါဿုဟံဟူသည်ကား၊ တဒါ- ထိုအခါ၌၊ (အဿု-နိပါတ်ပုဒ်) အဟံ- ငါသည်၊ နာဂဿိဒန္တိ- နာဂဿိဒံဟူသည်ကား၊ ဘဒြမုခဿ- ကောင်းသော မျက်နှာရှိသော၊ သင်္ခပါလနာဂရာဇဿ- သင်္ခပါလ နဂါးမင်း၏၊ ဣဒံ သမ္ပတ္တိဇာတံ- ဤစည်းစိမ်ချမ်းသာ၏ဖြစ်ခြင်းသည်၊ (ဘဝတိ-

ဖြစ်၏။) ကိန္တိ ကိံ နာမ- အဘယ်မည်သော၊ ကမ္မံ- အမှုကို၊ ကတွာ- ပြု၍၊ ကထဉ္စ- အသို့လျှင်၊ ကတွာ- ပြု၍၊ လဒ္ဓံ- ရအပ်သနည်း၊ ကထံ- အသို့လျှင်၊ ဧတံ ဝိမာနသေဋ္ဌံ- ဤကောင်းမြတ်သောဗိမာန်ကို၊ တွံ- သင်သည်၊ အဇ္ဈဂမာသိ- ရသနည်း၊ ဣတိ- ဤသို့၊ နံ- ထိုနဂါးမင်းကို၊ အဟံ- ငါသည်၊ ပုစ္ဆိံ- မေးခဲ့ပြီ၊ **အဓိစ္စလဒ္ဓန္တိ-** အဓိစ္စလဒ္ဓံ ဟူသည်ကား၊ အဟေတုနာ- အကြောင်းမရှိဘဲ၊ လဒ္ဓံ- ရအပ်သလော၊ **ပရိဏာမဇံ တေတိ-** ပရိဏာမဇံ တေဟူသည်ကား၊ ကေနစိ- တစ်စုံတစ်ဦးသည်၊ တဝ- သင်၏၊ အတ္တာယ- အကျိုးငှာ၊ ပရိဏာမိတတ္တာ- ညွတ်စေအပ်သည်၏ အဖြစ်ကြောင့်၊ ပရိဏာမတော- ညွတ်စေသောအားဖြင့်၊ ဇာတံ- ဖြစ်သလော၊ **သယံကတန္တိ-** သယံကတံဟူသည်ကား၊ ကာရကေ- ပြုတတ်သော ပုဂ္ဂိုလ်တို့ကို၊ ပက္ကောသာပေတွာ- ခေါ်စေ၍၊ ရတနာနိ- ရတနာတို့ကို၊ ဒတွာ- ပေး၍၊ ကာရိတံ- ပြုစေအပ်သလော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တတော- ထိုမှ၊ ပရာ- နောက်၌ဖြစ်ကုန်သော (ဝစနပ္ပဋိဝစနဂါထာဝ- ဌ်စပ်။) "နာဓိစ္စလဒ္ဓံ န (ပ) မဏိမောသဇဿ"တိ- "နာဓိစ္စလဒ္ဓံ န (ပ) မဏိမောသဇဿ" ဟူကုန်သော၊ ဒွိန္နမ္ပိ- ဘုရားလောင်းနှင့် အာဠာရရှင်ရသေ့တို့အားလည်း၊ ဝစနပ္ပဋိဝစနကထာဝ- စကားဆိုခြင်း, စကားတုံ့ဆိုခြင်းဟူသော ဂါထာတို့ကိုသာလျှင်၊ (ဝေဒိတဗ္ဗာ- သိအပ်ကုန်၏။)

(၁၇၁) အာဠာရ- အာဠာရ၊ ဣဒံဝိမာနံ- ဤမြတ်သော ရွှေဗိမာန်ကို၊ မေမယာ- ငါသည်၊ [နာဓိစ္စလဒ္ဓံ(နိမိစ္စလဒ္ဓံ)]- အကြောင်းကင်းသဖြင့် မရအပ်၊ နပရိဏာမဇံ- ငါ၏အကျိုးငှာ တစ်စုံတစ်ယောက်သော သူသည် ညွတ်ခြင်းကြောင့်လည်း မဖြစ်၊ သယံ- မိမိအလိုလို၊ နကတံ- မဆောက်လုပ်စေအပ်၊ ဒေဝေဟိပိ- နတ်တို့သည်လည်း၊ နဒိန္နံ- မပေးအပ်၊ အပါပကေဟိ- မယုတ်မာကုန်သော၊ ပုညေဟိ- စိတ်သန္တာန်ကို ဖြူစင်စေတတ်ကုန်သော၊ သကေဟိကမ္မေဟိ- မိမိကုသိုလ်ကံတို့ကြောင့်၊ ဣဒံဝိမာနံ- ဤရွှေဗိမာန်ကို၊ မေမယာ- ငါသည်၊ လဒ္ဓံ- ရအပ်၏။

(၁၇၂) နာဂရာဇ- နဂါးမင်း၊ တေ- သင်နဂါးမင်း၏၊ ဝတံ- မြတ်သော ဗိမာန်ကို ရစိမ့်သောငှာ ကောင်းစွာ ဆောက်တည်အပ်သော ကျင့်ဝတ်သည်၊ ကိံ- အဘယ်ကျင့်ဝတ်နည်း၊ ဗြဟ္မစရိယံ- ရွှေဗိမာန်ကို ရခြင်း၏အကြောင်း ကောင်းမြတ်သော အကျင့်သည်၊ ကိံပန- အဘယ်အကျင့်နည်း၊ အယံဝိပါကော-

ဤစည်းစိမ်ချမ်းသာကို ရခြင်းတည်းဟူသော အကျိုးသည်၊ ကိဿ- အဘယ် မည်သော၊ သုစိဏ္ဏဿ- ကောင်းမှု၏၊ ဝိပါကော- အကျိုးနည်း၊ ကထံ- အသို့မူ၍၊ တေတယာ- သင်နဂါးမင်းသည်၊ လ္လဒံ ဝိမာနံ- ဤဗိမာန်ကို၊ လဒ္ဓံနု- ရအပ်သနည်း၊ တေမတ္ထံ- ထိုအကြောင်းကို၊ မေ- ငါအား၊ အက္ခာဟိ- ဟောပါလော။

(၁၇၃) အာဋ္ဌာရ- အာဋ္ဌာရ၊ မဂဓာနံ- မဂဓရောဇ်တိုင်းသူတို့ကို၊ လ္လဿရော- အစိုးရသော၊ မဟာနုဘာဝေါ- ကြီးသောအာနုဘော်ရှိသော၊ [ဒုယျော(ဒုယော)] ခနောနာမ- ဒုယောခနမည်သော၊ ရာဇာ- မင်းမြတ်သည်၊ အဟောသိ- ဖြစ်ဘူး၏၊ သောရာဇာ- ထိုဒုယောခနမင်းသည်၊ ဇီဝိတံ- အသက်ကို၊ လ္လတ္တရံ- နည်း၏ဟူ၍၊ အဿဿတံ- မမြဲချေဟူ၍၊ ဝိပရိဏာမဓမ္မံ- ဖောက်ပြန်သော သဘောရှိ၏ဟူ၍၊ သံဝိဒိတွာ- သိ၍။

(၁၇၄) ပသန္နစိတ္တော- ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍၊ ဝိပုလံ- ပြန့်ပြောစွာ သော၊ အန္နံဒါနဥ္စ- ဆွမ်းအလှူကိုလည်းကောင်း၊ ပါနံဒါနဥ္စ- ဟင်းအဖျော် အလှူကိုလည်းကောင်း၊ သက္ကစ္စံ- ရိုသေစွာ၊ အဒါသိ- လှူပြီ၊ တဒါ- ထိုအခါ၌၊ မေ- ငါ၏၊ ယရံ- အိမ်သည်၊ ဩပါနဘူတံ- ခရီးလေးခုတို့၏ အဆုံး၌ တူးအပ် သော ရေကန်သဖွယ်သည်၊ အသိ- ဖြစ်၏၊ သမဏာစ- ရဟန်းတို့သည်လည်း ကောင်း၊ ဗြာဟ္မဏာစ- ပုဏ္ဏားတို့သည်လည်းကောင်း၊ သန္တပ္ပိတာ- ပစ္စည်း လေးပါးတို့ဖြင့် ရောင်ရဲကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

(၁၇၅) တတ္ထ- ထိုလှူပြည်၌၊ မာလဥ္စ- ပန်းကိုလည်းကောင်း၊ ဂန္ဓဥ္စ- နံ့သာကို လည်းကောင်း၊ ဝိလေပနဥ္စ- နံ့သာပျောင်းကိုလည်းကောင်း၊ [ပဒီပယံစ(ပဒီပဥ္စ)]- ဆီမီးကိုလည်းကောင်း၊ ယာနဥ္စ- ယာဉ်ကိုလည်းကောင်း၊ ဥပဿယဥ္စ- ကျောင်းကို လည်းကောင်း၊ အစ္ဆာဒနဥ္စ- အဝတ်သက်န်းကိုလည်းကောင်း၊ သေယျဥ္စ- အိမ်ရာနေရာကိုလည်းကောင်း၊ အထ- ထိုမှတစ်ပါး၊ အန္နပါနဥ္စ- ထမင်းအဖျော်ကိုလည်းကောင်း၊ လ္လမာနိဒါနာနိ- ဤဆယ်ပါးကုန်သော ဒါနဝတ္ထုတို့ကို၊ သက္ကစ္စံ- ရိုသေစွာ၊ အဒမှ- လှူခဲ့ဘူးကုန်၏။

(၁၇၆) အာဋ္ဌာရ- အာဋ္ဌာရ၊ တံဝတံ- ထိုဆယ်ပါးကုန်သော ဒါနဝတ္ထုတို့ကို လှူဒါန်းခြင်းတည်းဟူသော ကျင့်ဝတ်သည်။ မေ- ငါ၏၊ ဝတံ- မြတ်သော ရွှေဗိမာန်ကြီးကို ရခြင်း၏အကြောင်းဖြစ်သော ကျင့်ဝတ်တည်း၊ ယံ ဗြဟ္မစရိယံပန- ထိုဆိုအပ်ပြီးသော မြတ်သော အကျင့်သည်ကား၊ မေ- ငါ၏၊

ပြဟ္မစရိယံ- ရွှေဗိမာန်ကို ရခြင်း၏အကြောင်း ကောင်းမြတ်သော အကျင့်တည်း၊ အယံဝိပါကော- ဤကောင်းကျိုးသည်၊ တဿ တာဒိ-သဿ- ထိုသို့သော သဘောရှိသော၊ သုစိဏ္ဏဿ- ကောင်းစွာ ကျင့်အပ်သော ဒါနကုသိုလ်၏၊ ဝိပါကော- ကောင်းကျိုးတည်း၊ အာဠှာရ- အာဠှာရ၊ တေနေဝ- ထိုသို့သဘောရှိသော လှူဒါန်းပူဇော်သောကောင်းမှုကြောင့် သာလျှင်၊ ဣဒံဝိမာနဥ္စ- ဤရွှေဗိမာန်ကိုလည်းကောင်း၊ ပဟူတဘက္ခဥ္စ- များစွာသော ဘောဇဉ်ကိုလည်းကောင်း၊ ဗဟုအန္နပါနဥ္စ- များစွာသော ထမင်းအဖျော်ကိုလည်းကောင်း၊ နစ္စေဟိစ- ကချေသည်တို့နှင့်လည်းကောင်း၊ ဂီတေဟိစ- သီချင်းသည်တို့နှင့် လည်းကောင်း၊ ဥပေတ ရူပံ- ပြည့်စုံသော သဘောရှိထသော၊ အယံဣမံဝိမာနံ- ဤငါ၏ ရွှေဗိမာန်သည်၊ စိရဋ္ဌိတိကံ- အခွန့်မြင့်ရှည်တည်လင့်ကစား၊ နစသဿတံ- မြဲသော သဘောမရှိချေ။

(၁၇၇) နာဂရာဇ- နဂါးမင်း၊ အတေဇဝန္တော- အရှိန်အစော်မရှိကုန်ထသော၊ အပ္ပါနုဘာဝါ- နည်းသော အာနုဘော်ရှိကုန်သော မုဆိုးတို့သည်၊ တေဇသိန်-အရှိန်အစော်နှင့် ပြည့်စုံထသော၊ မဟာနုဘာဝံ- ကြီးသော အာနုဘော်ရှိထသော၊ တံ- အရှင်နဂါးမင်းကို၊ ကိံကာရဏာ- အဘယ်အကြောင်းကြောင့်၊ ဟတ္ထိ- ရှစ်ဌာနတို့၌ တံကျင်တို့ဖြင့် ထိုးလျှိုလေ၍ ညှဉ်းဆဲလေကုန်သနည်း။

(၁၇၈) ဒါဌာဝုဓ- အစွယ်လက်နက်ရှိသော နဂါးမင်း၊ ကိံ- အဘယ်ကို၊ ပဋိစ္စ-အစွဲပြု၍၊ ကိမေဝ- အဘယ်ကြောင့်သာလျှင်၊ တွံ- အရှင်နဂါးမင်း သည်၊ [ဝနိဗ္ဗကာနံ (ဝဏိဗ္ဗကာနံ)]- မုဆိုးတို့၏၊ [ဟတ္ထတ္တံ (ဟတ္ထဌံ)]- လက်၌ ပျက်စီးခြင်းသို့ အာဂစ္ဆိ- ရောက်သနည်း၊ ဒါဌာဝုဓ- အစွယ် လက်နက်ရှိသော နဂါးမင်း၊ တေ- သင်နဂါးမင်း၏၊ တေဇော- အစွမ်းတော်သည်၊ တဒါ-ထိုမုဆိုးတို့ကို မြင်သောအခါ၌၊ မဟန္တံ- ကြီးစွာသော၊ ဘယံ- ကြောက်ခြင်းသို့ အန္ဒာဂတံနု- ရောက်လေသလော၊ ဥဒါဟု- ထိုသို့မဟုတ်မူကား၊ တေ-သင်နဂါးမင်း၏၊ တေဇော- အဆိပ်သည်၊ ဒန္တမူလံ- အစွယ်ရင်းသို့ နာန္ဒဂံနု-မရောက်လာလေသလော၊ ကိံ- အဘယ်ကို၊ ပဋိစ္စ- စွဲ၍၊ ကိံမေဝ-အဘယ်ကြောင့်သာလျှင်၊ [ဝနိဗ္ဗကာနံ (ဝဏိဗ္ဗကာနံ)]- မုဆိုးတို့၏၊ သန္တိကေ-အထံ၌၊ ကိလေသံ- ဆင်းရဲပင်ပန်းခြင်းသို့ အာပဇ္ဇိ- ရောက်တော်မူလေ သနည်း။

(၁၇၉) အာဋ္ဌာရ- အာဋ္ဌာရ၊ တဒါ- ထိုမုဆိုးတို့မြင်သောအခါ၌၊ မေ- ငါ၏၊ တေဇော- အစွမ်းသည်၊ မဟန္တံ- ကြီးစွာသော၊ ဘယံ- ကြောက်ခြင်းသို့၊ နအန္ဝာဂတံ- မရောက်၊ မေ- ငါ၏၊ တေဇော- အဆိပ်ကို၊ အညဿ- တစ်ပါးသော သူ၏၊ တေဇေန- အဆိပ်ဖြင့်၊ [တေဟိဟဉ္ဉ(အဘိဟဉ္ဉ)]- ဖျောက်အံ့သောငှာ၊ နသက္ကာ- မတတ်နိုင်၊ စ- ထိုသို့ပင် မတတ်နိုင်စေကာမူ၊ သမုဒ္ဒဝေလာဝ- သမုဒ္ဒရာကမ်းတို့ကဲ့သို့၊ သတံ- ဘုရားအစရှိသော သူတော်ကောင်းတို့၏၊ သုကိတ္တိတာနိ- ကောင်းစွာ ဟောတော်မူအပ်ကုန်သော၊ ဒုရစ္စယာနိ- လွန်ခြင်းငှာခဲကုန်သော၊ ဓမ္မာနိ- သီလအစရှိကုန်သော တရားတို့သည်၊ သန္တိ- ရှိကုန်၏၊ တသ္မာ- ထို့ကြောင့်၊ ဝဏိဗ္ဗကာနံ- မုဆိုးတို့၏၊ သန္တိကေ- အထံ၌၊ အဟံ- ငါသည်၊ ကိလေသံ- ဆင်းရဲပင်ပန်းခြင်းသို့၊ အာပဇ္ဇာမိ- ရောက်၏။

(၁၈၀) အာဋ္ဌာရ- အာဋ္ဌာရ၊ အဟံ- ငါသည်၊ စာတုဒ္ဒသိံ- တစ်ဆယ့်လေးရက်တို့၏ ပြည့်ကြောင်းဖြစ်သော နေ့၌လည်းကောင်း၊ ပဉ္စဒ္ဒသိံ- တစ်ဆယ့်ငါးရက်တို့၏ ပြည့်ကြောင်းဖြစ်သော နေ့၌လည်းကောင်း၊ နိစ္စံ- အမြဲ၊ ဥပေါသထံ- ဥပုသ်ကို၊ ဥပါဝသာမိ- သုံး၏၊ အထ- ထိုအခါ၌၊ [သောဠသ (သောဠသံ)]- တစ်ကျိပ်ခြောက်ယောက်ကုန်သော၊ ဘောဇပုတ္တာ- မုဆိုးသားတို့သည်၊ ရဇ္ဇုံစ- ကြိုးကိုလည်းကောင်း၊ ဒဠှံ- မြဲမြံသော၊ ပါသဉ္စ- ကျော့ကွင်းကိုလည်းကောင်း၊ ဂဟေတွာန- ယူ၍၊ မမ- ငါ၏၊ သန္တိကံ- အထံသို့ အာဂမုံ- လာကြကုန်၏။

(၁၈၁) အာဋ္ဌာရ- အာဋ္ဌာရ၊ လုဒ္ဒါ- မုဆိုးတို့သည်၊ မေ- ငါ၏၊ သရီရေ- ကိုယ်၌၊ ဘေတွာန- ရှစ်ငှာနတို့၌ ဖောက်၍၊ နာသံ- နှာခေါင်းကို၊ ဝိဝဠ္ဍ- ဖောက်၍၊ ရဇ္ဇုံ- နှာခေါင်း၌သီသောကြိုးကို၊ [အတိကဿ(အန္တကဿ)]- ထမ်းပိုး စွန်း၌ဆွဲ၍၊ သမ္ပရိဂယှ- ထက်ဝန်းကျင်မှ သိမ်းဆည်း၍၊ မံ- ငါကို၊ နယိံသု- ဆောင်ကြကုန်၏၊ အဟံ- ငါသည်၊ ဥပေါသထံ- ဥပုသ်ကို၊ အပ္ပမ္ဗိ- ကောပယန္တော- မပျက်စီးစေလိုသောကြောင့်၊ တောဒိသံ- ထိုသို့သဘောရှိသော၊ ဒုက္ခံ- ဆင်းရဲကို၊ တိတိက္ခံ- သည်းခံ၏။

(၁၈၂) နာဂ- အဆွေသင်္ခပါလနဂါးမင်း၊ ကောယနေ- တစ်ဖဝါးလှမ်း လောက်ရုံမျှသော၊ ပထေ- ခြေကြောင်းခရီး၌ ဗလေန- ခွန်အားနှင့်လည်းကောင်း၊ ဝဏ္ဏေန- အဆင်းနှင့်လည်းကောင်း၊ ဥပေတရူပံ- ပြည့်စုံသော သဘောရှိသော၊ တံ- အဆွေနဂါးမင်းကို၊ ဘောဇပုတ္တာ- မုဆိုးသားတို့သည်၊ အဒ္ဒသံသု-

မြင်ကြကုန်၏၊ တွံ- အဆွေနဂါးမင်းသည်၊ သိရိယာစ- ဘုန်းကျက်သရေအားဖြင့်လည်းကောင်း၊ ပညာယစ- ပညာအားဖြင့်လည်းကောင်း၊ ဘာဝိတော- ကြီးပွားသော သူသည်၊ အသိ- ဖြစ်သည်မဟုတ်တုံလော၊ ကိံ- အဘယ်ကို၊ ပတ္ထယံပတ္ထယန္တော- တောင့်တသည်ဖြစ်၍၊ တပေါ- ဥပုသ်ဆောက်တည်ခြင်း အကျင့်ကို၊ တွံ- အဆွေနဂါးမင်းသည်။ ကရောသိ- ပြုတော်မူဘိသနည်း။။

(၁၈၃) အာဠာရ- အာဠာရ၊ ပုတ္တဟေတု- သားကို အလိုရှိသောကြောင့်၊ တပေါ- ဥပုသ်ဆောက်တည်ခြင်း အကျင့်ကို၊ နကရောမိ- ငါမပြု၊ ဓနဿ- ဥစ္စာ၏၊ ဟေတု- အကြောင်းကြောင့်၊ တပေါ- ဥပုသ်ဆောက်တည်ခြင်း အကျင့်ကို၊ နကရောမိ- ငါမပြု၊ အာယုနောစာပိ- အသက်၏လည်း၊ ဟေတု- အကြောင်းကြောင့်၊ တပေါ- ဥပုသ်ဆောက်တည်ခြင်း အကျင့်ကို၊ နကရောမိ- ငါမပြု၊ အဟံ- ငါသည်၊ မနုဿယောနိံ- လူ၏အမျိုးကို၊ အဘိပတ္ထယာနော- တောင့်တ၏၊ တသ္မာ- ထိုကြောင့်၊ ပရက္ကမ- အားထုတ်၍၊ တပေါ- ဥပုသ်ဆောက်တည်ခြင်း အကျင့်ကို၊ ကရောမိ- ပြု၏။

(၁၈၄) နာဂရာဇ- နဂါးမင်း၊ တွံ- သင်နဂါးမင်းသည်၊ လောဟိတက္ခော- နီသော မျက်လုံးရှိသည်၊ အသိ- ဖြစ်၏၊ ဝိဟတန္တရံသော- ပြေပြစ်ချောမောသော ပခုံးနှစ်ဘက်တို့၏အကြား အသားရှိသည်၊ အသိ- ဖြစ်၏၊ အလင်္ကတော- တန်ဆာဆင်အပ်သည်၊ အသိ- ဖြစ်၏၊ ကပ္ပိတ ကေသမဿု- ကောင်းစွာ ပြုပြင်အပ်သော ဆံမုတ်ဆိတ်ရှိသည်၊ အသိ- ဖြစ်၏၊ လောဟိတစန္ဒနေန- စန္ဒကူးနီဖြင့်၊ သုရောသိတော- ကောင်းစွာ လိမ်းကျံအပ်သည်၊ အသိ- ဖြစ်၏၊ ဒိသာ- အရပ်မျက်နှာ၌၊ တွံ- အဆွေ နဂါးမင်းသည်။ ဂန္ဓဗ္ဗရာဇာဝ- ဂန္ဓဗ္ဗနတ်မင်းကဲ့သို့၊ [ပဘာသသိ (ပဘာသိ)]- ထွန်းပသည်တကား။

(၁၈၅) နာဂရာဇ- နဂါးမင်း၊ တွံ- သင်နဂါးမင်းသည်၊ ဒေဝိဒ္ဓိပတ္တော- နတ်တို့၏ တန်ခိုးကိုရသည်၊ အသိ- ဖြစ်၏၊ မဟာနုဘာဝေါ- ကြီးသော အာနုဘော်ရှိသည်။ အသိ- ဖြစ်၏၊ သဗ္ဗေဟိ- အလုံးစုံကုန်သော၊ ကာမေဟိ- ကာမဂုဏ်တို့နှင့်၊ သမင်္ဂီဘူတော- ပြည့်စုံစွာ ဖြစ်သည်၊ အသိ- ဖြစ်၏၊ ဣတော- ဤနဂါးပြည်ထက်၊ မနုဿလောကော- လူ့ပြည်သည်၊ ကေနအဘာယ်အကြောင်းအရာဖြင့်၊ သေယျော- သာယာကဲလွန် မြတ်လိမ့်မည်နည်း၊ တံ- သင်နဂါးမင်းကို၊ ဧတမတ္ထံ- ထိုအကြောင်းကို၊ ပုစ္ဆာမိ- ငါမေး၏။

(၁၈၆) အာဌာရ- အာဋ္ဌာရ၊ မနုဿလောကာ- လူ့ပြည့်ကို၊ အညတြ္ဌပေ- တွာ- ထား၍၊ [သုဒ္ဓိဝါ(သုဒ္ဓိဝါ)]- မင်ဖိုလ်နိဗ္ဗာန်ဟု ဆိုအပ်သော စင်ကြယ်ခြင်း သည်လည်းကောင်း၊ သံယမောဝါ- သီလကိုဆောက် တည်ခြင်းသည် လည်းကောင်း၊ နသံဝိဇ္ဇတိ- မရှိ၊ အဟဥ္စ- ငါသည်တမူကား၊ မနုဿယောနိ- လူ၏အမျိုးကို၊ လဒ္ဓါန- ရ၍၊ ဇာတိမရဏဿ- ပဋိသန္ဓေနေခြင်း သေခြင်း၏၊ အန္တံ- အဆုံးကို၊ ကာဟာမိ- ပြုအံ့။

(၁၈၇) နာဂ- နဂါးမင်း၊ တဝန္တိကေ- သင်နဂါးမင်း၏ အထံတော်၌၊ ဝသတော- နေသော၊ မေ- ငါအား၊ သံဝစ္ဆရော- တနှစ်လည်ပြီ၊ အဟံ- ငါကို၊ တယာ- သင်နဂါးမင်းသည်၊ အန္နေန- ထမင်းဖြင့်လည်းကောင်း၊ ပါနေန- အဖျော်ဖြင့် လည်းကောင်း၊ ဉပဋ္ဌိတော- လုပ်ကျွေးပူဇော်အပ်သည်၊ အသ္မိ- ဖြစ်၏၊ တံ- သင်နဂါးမင်းကို၊ အာမန္တယိတွာန- ပန်ကြား၍၊ [ပလေမိ(ပဋ္ဌေမိ)]- သွားတော့အံ့၊ ဇနိန္ဒ- နဂါးမင်းမြတ်၊ အဟံ- ငါသည်၊ [စိရပ္ပဝုဋ္ဌော(စိရပ္ပဝုတ္ထော)]- လူ့ပြည်မှ ကင်းကွာ၍ ကြာမြင့်သည်၊ အသ္မိ- ဖြစ်၏။

(၁၈၈) အာဋ္ဌာရ- အာဋ္ဌာရ၊ ပုတ္တာစ- သားသမီးတို့သည်လည်းကောင်း၊ ဒါရာစ- မယားတို့သည်လည်းကောင်း၊ အနုဇီဝိနောစ- မှီ၍အသက်မွေး ကုန်သော သူတို့သည်လည်းကောင်း၊ နိစ္စံ- အမြဲ၊ အနုသိဋ္ဌာ- ဆုံးမတိုင်း ခံရကုန်သည်ဖြစ်၍၊ တေ- သင့်အား၊ ဉပတိဋ္ဌထ- လုပ်ကျွေးကြကုန်၏၊ ကောစိ- တစ်စုံတစ်ယောက်သော သူသည်၊ တံ- သင်ကို၊ နာဘိသပိတ္ထ- ကစ္စိနု- မဆဲရေး မပြည်တမ်းသည် မဟုတ်လော၊ တုယှံ- သင့်အား၊ ဒဿနံ- မြင်ခြင်းကို၊ မေ- ငါသည်၊ ပိယံဟိပိယံဧဝ- ချစ်လေးမြတ်သည်သာလျှင် တည်း။

(၁၈၉) နာဂ- နဂါးမင်း၊ ဟိယဿွာ- အကြင့်ကြောင့်၊ တေ- သင်နဂါးမင်း ၏၊ စိတ္တံ- စိတ်တော်သည်၊ [မယိ(မယိ)]- ငါ၌၊ ပသန္နံ- ကြည်လင်၏၊ တသ္မာ- ထို့ကြောင့်၊ မာတုစ- အမိသည်လည်းကောင်း၊ ပိတုစ- အဘသည်လည်းကောင်း၊ ပဋိဝိဟိတော- လုပ်ကျွေးအပ်သော၊ ပိယော- ချစ်စွာသော၊ ပုတ္တော- သားသည်၊ အဂါရေ- အိမ်၌၊ ဝသေယျယထာပိ- နေရသကဲ့သို့လည်းကောင်း၊ တတာ- ထို့အတူ၊ ဝသေယှံ- နေရ၏၊ တတောပိ- ထိုမိဘအိမ်၌ နေရသည်ထက် လည်း၊ မယှံ- ငါအား၊ ဣဓမေဝ- ဤနဂါးပြည်၌သာလျှင်၊ ဝသံ- နေခြင်းသည်၊ သေယျော- ကောင်းမြတ်ပေ၏။

(၁၉၀) အာဋ္ဌာရ- အာဋ္ဌာရ၊ မယှံ- ငါ့အား၊ [လောဟိတင်္ကော (လောဟိတင်္ဂေါ)]- နီသော အင်္ဂါရှိသော၊ ဓနာဟရော- ဥစ္စာကို ဆောင်ယူ၍ ပေးတတ်သော၊ မဏိ- ပတ္တမြားသည်၊ ဝိဇ္ဇတိ- ရှိ၏၊ ဥဋ္ဌာရံ- မြတ်သော၊ မဏိရတနံ- ပတ္တမြားရတနာကို၊ တွံ- သင်သည်၊ အာဒါယ- ယူ၍၊ သကံနိကေတံ- မိမိအိမ်သို့၊ ဂစ္ဆ- သွားလေလော၊ ဓနံ- ဥစ္စာကို၊ လဒ္ဓါ- ရပြီးမှ၊ တံမဏိ- ထိုပတ္တမြားကို၊ [ဩဿဇဿု(ဩသဇ္ဇဿု)]- ရေအိုးထဲ၌ ထားလေလော။

တတ္ထ- ထို ကိံ တေ ဝတံစသော ဂါထာတို့၌၊ **ကိံ တေ ဝတန္တိ**- ကိံ တေ ဝတံဟူ သည်ကား၊ တဝ- သင်၏၊ ဝတသမာဒါနံ- အကျင့်ဆောက်တည်ခြင်းသည်၊ ကိံ- အဘယ်နည်း၊ **ပြဟ္မစရိယန္တိ**- ပြဟ္မစရိယံဟူသည်ကား၊ သေဋ္ဌစရိယံ- မြတ်သော အကျင့်ကို၊ **ဩပါနဘူတန္တိ**- ဩပါနဘူတံဟူသည်ကား၊ စတုမဟာပထေ- လမ်းလေး ခွ၌၊ ခတပေါက္ခရဏီ ဝိယ- တူးအပ်သော ရေကန်ကဲ့သို့၊ ဓမ္မိကသမဏ ဗြာဟ္မဏာနံ- တရားစောင့်သော ရဟန်းပုဏ္ဏားတို့အတွက်၊ ယထာသုခံ- ချမ်းချမ်း သာသာ၊ ပရိဘုဥ္ဇိတဗ္ဗဝိဘဝံ- သုံးဆောင်ခံစားအပ်သော စည်းစိမ်ဥစ္စာသည်၊ (အသိ- ဖြစ်၏၊) န စ သဿတာယန္တိ- န စ သဿတာယံဟူသည်ကား၊ စေ- အကယ်၍၊ စိရဋ္ဌိတိကံ- ကြာမြင့်စွာ တည်ခြင်းရှိသည်၊ သမာနမ္ပိ- ဖြစ်ပါသော်လည်း၊ တံ- ထိုစည်းစိမ်ချမ်းသာ သည်၊ မယှံ- ငါ့အတွက်၊ သဿတံ- မြဲသည်၊ န ဟောတိ- မဖြစ်၊ ဣတိ- ဤသို့၊ မေ- ငါ့အား၊ ကထေတိ- ပြောကြားပြီ။

**အပ္ပါနုဘာဝါတိ**- အပ္ပါနုဘာဝါဟူသည်ကား၊ ဘောဇပုတ္တေ- မုဆိုးသားတို့ကို၊ သန္ဓာယ- ရည်ရွယ်၍၊ အာဟ- ဆိုပြီ၊ **ဟန္တိတိ**- ဟန္တိဟူသည်ကား၊ အဒ္ဓသု- ရှစ်ပါး ကုန်သော၊ ဌာနေသု- အရပ်တို့၌၊ သူလေဟိ- တံကျင်တို့ဖြင့်၊ ဝိဇ္ဈန္တာ- ထိုးကုန်လျက်၊ ကိံကာရဏာ- အဘယ်အကြောင်းကြောင့်၊ ဟနိံသု- သတ်ကုန်သနည်း၊ **ကိံ ပဋိစ္စာတိ**- ကိံ ပဋိစ္စဟူသည်ကား၊ ကိံ- အဘယ်ကို၊ သန္ဓာယ- ရည်၍၊ တွံ- သင်နဂါးမင်းသည်၊ တဒါ- ထိုအခါ၌၊ တေသံ- ထိုမုဆိုးသားတို့၏၊ ဟတ္ထတ္တံ- လက်ထဲသို့၊ အာဂစ္ဆိ- ရောက်သနည်း၊ ဝသံ- အလိုသို့၊ ဥပဂတော- ရောက်သနည်း၊ **ဝနိဗ္ဗကာနန္တိ**- ဝနိဗ္ဗကာနံဟူသည်ကား၊ ဘောဇပုတ္တာ- မုဆိုးသားတို့ကို၊ ဣဓ- ဤ၌ နေရာ၌၊ "ဝနိဗ္ဗကာ"တိ- ဝနိဗ္ဗကာဟူ၍၊ ဝုတ္တာ- ဆိုအပ်ပြီ၊ **တေဇော နု တေ နာန္ဝဂံ ဒန္တမူလန္တိ**- တေဇော နု တေ နာန္ဝဂံ ဒန္တမူလံဟူသည်ကား၊ ကိံ နု- အသို့နည်း၊ တဝ- သင်၏၊ တေဇော- တန်ခိုးသည်၊ ဘောဇပုတ္တေ- မုဆိုးသားတို့ကို၊ ဒိသွာ- မြင်၍၊ တဒါ-

ထိုအခါ၌၊ မဟန္တံ- ကြီးစွာသော၊ ဘယံ- ကြောက်ခြင်းသည်၊ အနွဂတံ- အစဉ်လိုက်သလော၊ ဥဒါဟု- ထိုသို့မဟုတ်၊ ဝိသံ- အဆိပ်သည်၊ ဒန္တမူလံ- အစွယ်ရင်းသို့၊ န အနွဂတံ- မရောက်လေသလော၊ ကိလေသန္တိ- ကိလေသံဟူသည်ကား၊ ဒုက္ခံ- ဆင်းရဲခြင်းသို့ ဝနိဗ္ဗကာနန္တိ- ဝနိဗ္ဗကာနံဟူသည်ကား၊ ဘောဇပုတ္တာနံ- မုဆိုးသားတို့၏၊ သန္တိကေ- အထံ၌၊ ဘောဇပုတ္တေ- မုဆိုးသားတို့ကို၊ နိဿာယ- မှီ၍၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တေဇော န သက္ကာ မမ တေဟိ ဟန္တုန္တိ- တေဇော နသက္ကာ မမ တေဟိ ဟန္တုံ ဟူသည်ကား၊ မမ- ငါ၏၊ ဝိသတေဇော- အဆိပ်တန်ခိုးသည်၊ အညဿ- အခြားသောပုဂ္ဂိုလ်၏၊ တေဇေန- တန်ခိုးဖြင့်၊ အဘိဟန္တုမ္ပိ- ပယ်သတ်ခြင်းငှာလည်း၊ န သက္ကာ- မတတ်ကောင်း၊ သတန္တိ- သတံဟူသည်ကား၊ ဗုဒ္ဓါဒီနံ- ဘုရားအစရှိသည်တို့၏၊ ဓမ္မာနီတိ- ဓမ္မာနိဟူသည်ကား၊ သီလသမာဓိပညာခန္တိအနုဒ္ဒယမေတ္တာဘာဝနာသင်္ခါတာနိ- သီလသမာဓိပညာခန္တိသနားခြင်း မေတ္တာဘာဝနာဟု ဆိုအပ်ကုန်သော၊ ဓမ္မာနိ- တရားတို့သည်၊ (သန္တိ- ရှိကုန်၏၊) သုကိတ္တိတာနီတိ- သုကိတ္တိတာနိ ဟူသည်ကား၊ သုဝဏ္ဏိတာနိ- ကောင်းစွာ ချီးမွမ်းအပ်ကုန်သော၊ သုကထိတာနိ- ကောင်းစွာ ဟောကြားအပ်ကုန်သော၊ ကိန္တိ- အသို့လျှင်၊ ကတွာ- ပြု၍၊ (ဝဏ္ဏိတာနိ- ချီးမွမ်းအပ်ကုန်သနည်း၊) သမုဒ္ဒဝေလာဝ ဒုရစ္စယာနီတိ- သမုဒ္ဒဝေလာဝ ဒုရစ္စယာနိ ဟူသည်ကား၊ သမုဒ္ဒဝေလာ ဝိယ- သမုဒ္ဒရာကမ်းကဲ့သို့၊ တေဟိ သပ္ပုရိသေဟိ- ထိုဘုရားစသော သူတော်ကောင်းတို့သည်၊ ဇီဝိတတ္ထမ္ပိ- အသက်အကျိုးငှာလည်း၊ ဒုရစ္စယာနိ- လွန်ခြင်းငှာ ခဲယဉ်းကုန်၏၊ ဣတိ- ဤသို့ ဝဏ္ဏိတာနိ- ချီးမွမ်းအပ်ကုန်၏၊ တသ္မာ- ထို့ကြောင့်၊ အဟံ- ငါသည်၊ သီလဘေဒ- ဘယေန- သီလပျက်သည်မှ ကြောက်ခြင်းကြောင့်၊ ခန္တိမေတ္တာဒိသမန္နာဂတော- ခန္တီ မေတ္တာအစရှိသော တရားနှင့် ပြည့်စုံသည်၊ ဟုတွာ- ဖြစ်၍၊ မမ- ငါ၏၊ ကောပဿ- အမျက်၏၊ သီလဝေလန္တံ- သီလတည်းဟူသော ကမ်းအဆုံးကို၊ အတိက္ကမိတုံ- ကျော်လွန်ခြင်းငှာ၊ န အဒါသိံ- မပေးခဲ့၊ ဣတိ- ဤသို့၊ အာဟ- ပြောပြီ။

ပန- ဆက်၍ဆိုဦးအံ့၊ ဣမိဿာ သင်္ခပါလဓမ္မဒေသနာယ- ဤသင်္ခပါလဓမ္မဒေသနာ၌၊ ဒသပိ- ဆယ်ပါးလည်းဖြစ်ကုန်သော၊ ပါရမိယော- ပါရမီတို့ကို၊ လဗ္ဘန္တိ- ရအပ်ကုန်၏၊ ဟိ- ချဲ၍ဆိုဦးအံ့၊ တဒါ- ထိုအခါ၌၊ မဟာသတ္တေန- ဘုရားအလောင်းသည်၊ သရီရဿ- ကိုယ်ကို၊ ပရိစ္စတ္တဘာဝေါ- စွန့်လွှတ်အပ်သည်၏အဖြစ်သည်၊

ဒါနပါရမီ နာမ- ဒါနပါရမီမည်သည်၊ ဟောတိ- ဖြစ်၏၊ တထာရူပေနာပိ- ထိုသို့ သဘောရှိသည်လည်းဖြစ်သော၊ ဝိသတေဇေန- အဆိပ်တန်ခိုးဖြင့်၊ သီလဿ- သီလ၏၊ အဘိန္ဒတာ- မကျိုးသည်၏အဖြစ်သည်၊ သီလပါရမီ- သီလပါရမီမည်၏၊ နာဂဘဝနတော- နဂါးဘုံမှ၊ နိက္ခမိတွာ- ထွက်၍၊ သမဏဓမ္မကရဏံ- ရဟန်းတရားကို ပြုခြင်းသည်၊ နေက္ခမ္မပါရမီ- နေက္ခမ္မပါရမီမည်၏၊ ကွဒဋ္ဌိဒဋ္ဌ- ဤမည်ဤမည်သော အမှုကိုလည်း၊ ကာတုံ- ပြုခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ ဣတိ- ဤသို့၊ သံဝိဒဟနံ- စီရင်ခြင်းသည်၊ ပညာပါရမီ- ပညာပါရမီမည်၏၊ အဓိဝါသနဝီရိယံ- သည်းခံခြင်း၌ ကြိုးစားခြင်းသည်၊ ဝီရိယပါရမီ- ဝီရိယပါရမီမည်၏၊ အဓိဝါသနခန္တိ- မိမိ၌စွဲမြဲစွာ တည်၍ သည်းခံခြင်းသည်၊ ခန္တိပါရမီ- ခန္တိပါရမီမည်၏၊ သစ္စသမာဒါနံ- သစ္စာတရားကို ဆောက်တည်ခြင်းသည်၊ သစ္စပါရမီ- သစ္စပါရမီမည်၏၊ မမ- ငါ၏၊ သီလံ- သီလကို၊ န ဘိန္ဒိဿာမိ- မချိုးဖျက်အံ့၊ ဣတိ- ဤသို့၊ အဓိဋ္ဌာနံ- အဓိဋ္ဌာန်ခြင်းသည်၊ အဓိဋ္ဌာနပါရမီ- အဓိဋ္ဌာနပါရမီမည်၏၊ အနုဒ္ဒယဘာဝေါ- သနားသည်၏အဖြစ်သည်၊ မေတ္တာပါရမီ- မေတ္တာပါရမီမည်၏၊ ဝေဒနာယ- ဝေဒနာ၏၊ မဇ္ဈတ္တဘာဝေါ- အလယ် အလတ်၏အဖြစ်သည်၊ ဥပေက္ခာပါရမီ- ဥပေက္ခာပါရမီမည်၏၊ ဣတိ- ဤကား၊ အတ္ထော- အကျယ်အဓိပ္ပါယ်တည်း။

အထာဂမန္တိ- အထာဂမံဟူသည်ကား၊ အထ- ထိုအခါ၌၊ ဧကဒိဝသံ- တစ်နေ့၌၊ ဝမ္မိကမတ္ထကေ- တောင်ပို့ထိပ်၌၊ နိပန္နံ- လျောင်းနေသောနဂါးကို၊ ဒိသွာ- မြင်၍၊ သောဠသ ဘောဇပုတ္တာ- တစ်ဆယ့်ခြောက်ယောက်သော မုဆိုးသားတို့သည်၊ ခရရဇ္ဇုဉ္စ- ကြမ်းတမ်းသော ကြိုးကိုလည်းကောင်း၊ ဒဠှပါသဉ္စ- ခိုင်မြဲသော ကျော့ကွင်းကို လည်းကောင်း၊ သူလာနိ စ- ထမ်းစရာဒုတ်ရှည်တို့ကိုလည်းကောင်း၊ ဂဟေတွာ- ကိုင်၍၊ မမ- ငါ၏၊ သန္တိကံ- အထံသို့၊ အာဂတာ- ရောက်လာကုန်၏၊ ဘေတွာနာတိ- ဘေတွာနဟူသည်ကား၊ မမ- ငါ၏၊ သရီရံ- ကိုယ်ကို၊ အဠသု- ရှစ်ပါးကုန်သော၊ ဌာနေသု- အရပ်တို့၌၊ ဘိန္ဒိတွာ- ခွဲ၍၊ သကဏ္ဍကကာဠဝေတ္တလတာ- ဆူးနှင့် တကွသော ကြိမ်မည်းနွယ်ကို၊ ပဝေသေတွာ- သွင်း၍၊ နာသံ အတိကဿ ရဇ္ဇုန္တိ- နာသံ အတိကဿ ရဇ္ဇုံဟူသည်ကား၊ ထောကံ- အနည်းငယ်၊ ဂန္တွာ- သွား၍၊ မေ- ငါ၏၊ ဩလမ္ဗန္တံ- တွဲလျားကျသော၊ သီသံ- ဦးခေါင်းကို၊ ဒိသွာ- မြင်၍၊ မဟာမဂ္ဂေ- လမ်းမကြီး၌၊ နိပဇ္ဇာပေတွာ- လဲလျောင်းစေ၍၊ ပုန- တစ်ဖန်၊ မေ- ငါ၏၊ နာသမ္ပိ- နှာခေါင်းကိုလည်း၊ ဘိန္ဒိတွာ- ဖောက်၍၊ ဝဋ္ဋရဇ္ဇုံ- ကြိုးလုံးကို၊ အတိကဿ-

တင်းစွာဆွဲငင်၍၊[၁] အာဝုနိတွာ- ချည်နှောင်၍၊[၂] ကာဇကောဋိယံ- ထမ်းပိုးအစွန်း၌၊ လဂ္ဂေတွာ- ချိတ်၍၊ သမန္တတော- ထက်ဝန်းကျင်မှ၊ ပရိဂ္ဂဟေတွာ- သိမ်းယူ၍၊ မံ- ငါ့ကို၊ နယိံသု- ဆောင်ကြကုန်ပြီ။

အဒ္ဒသံသူတိ- အဒ္ဒသံသုဟူသည်ကား၊ သမ္မ သခ်ပါလ- အဆွေသခ်ပါလ၊ တေ ဘောဇပုတ္တာ- ထိုမုဆိုးသားတို့သည်၊ ဧကာယနေ- တစ်ကြောင်းတည်းသော၊ ဧကဂမနေ- လူတစ်ယောက် သွားလောက်ရုံမျှသော၊ ဇယ်ပဒိကမဂ္ဂေ- ခြေဖြင့်သွားလောက်ရုံမျှသောလမ်း၌၊ ဗလေန စ- ခွန်အားနှင့်လည်းကောင်း၊ ဝဏ္ဏေန စ- အဆင်းနှင့် လည်းကောင်း၊ ဥပေတရူပံ- ပြည့်စုံသောသဘောရှိသော၊ တံ- ထိုနဂါး မင်းကို၊ ပဿိံသု- မြင်ခဲ့ကြကုန်ပြီ၊ တွံ ပန- သင်နဂါးမင်းသည်ကား၊ ကြသရိယ- သောဘဂ္ဂသိရိယာ စ- အစိုးရခြင်း တင့်တယ်ခြင်း ကျက်သရေဖြင့်လည်းကောင်း၊ ပညာယ စ- ပညာဖြင့်လည်းကောင်း၊ ဘာဝိတော ဝမိတော- ကြီးပွားသူသည်၊ (အဟောသိ- ဖြစ်ခဲ့ပြီ၊) သော တွံ- ထိုသင်သည်၊ ဧဝရူပေါ- ဤသို့သဘောရှိသည်၊ သမာနောပိ- ဖြစ်ပါသော်လည်း၊ ကိမတ္ထံ- အဘယ်အကျိုးငှာ၊ တပံ- အကျင့်ကို၊ ကရောသိ- ပြုသနည်း၊ ကိံ- အဘယ်ကို၊ ဣစ္ဆန္တော- အလိုရှိသည်ဖြစ်၍၊ ဥပေါသထဝါသံ- ဥပုသ်စောင့်သုံးခြင်းကို၊ ဝသသိ- ကျင့်သနည်း၊ သီလံ- သီလကို၊ ရက္ခသိ- စောင့်သနည်း၊ "အဒ္ဒသာသိ"န္တိပိ- အဒ္ဒသာသိဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ- ဖြစ်၏၊) အဟံ- ငါသည်၊ ဧကာယနေ- တစ်ကြောင်းတည်း ဖြစ်သော၊ မဟာမဂ္ဂေ- လမ်းမကြီး၌၊ တံ- သင့်ကို၊ အဒ္ဒသိ- မြင်ခဲ့ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ အဘိပတ္ထယာနောတိ- အဘိပတ္ထယာနောဟူ သည်ကား၊ ပတ္ထေန္တော- တောင့်တလျက်၊ တသ္မာတိ- တသ္မာဟူသည်ကား၊ ယသ္မာ- အကြင့်ကြောင့်၊ မနုဿယောနိံ- လူ့ဇာတ်ကို၊ ပတ္ထေမိ- တောင့်တ၏၊ တသ္မာ- ထို့ကြောင့်၊ ဝီရိယေန- ဝီရိယဖြင့်၊ ပရက္ကမိတွာ- အားထုတ်၍၊ တပေါကမ္မံ- တပအကျင့်ကို၊ ကရောမိ- ပြု၏။

---

၁။ အတိကဿ= အတိ-အလွန်၊ ကဿ-ဆွဲငင်ခြင်း၊ တင်းတင်းကြပ်ကြပ်ဟု ကြိယာဝိသေသန အနက်ကြံ။

၂။ အာဝုနိတွာ= အာ-ရှေ့ရှိသော ဝု-ဓာတ်၊ နာ-ပစ္စည်းသက်၊ ဏှ-သရခံ၍ တွာ-ပစ္စည်းဆက်၊ သက္ကတ၌ (ရိ)သရနှင့်ရှိပြီး၊ ပါဠိ၌ ၎င်း(ရိ)သရကို ဥ-သရနှင့် အစားထိုးထားသည်၊ သက္ကတအလို န-သည် ဏ-သို့ပြောင်းရမည်၊ ပါဠိ၌မူ ပြောင်းသည်လည်းရှိ၏၊ မပြောင်းသည် လည်း ရှိ၏။

**သုရောသိတောတိ-** သုရောသိတောဟူသည်ကား၊[၁] သုဋ္ဌု- ကောင်းစွာ၊ အနုလိတ္တော- လိမ်းကျံအပ်သည်၊ **က္ကတောတိ-** က္ကတောဟူသည်ကား၊ က္ကမှာ နာဂ-ဘဝနာ- ဤနဂါးဘုံထက်၊ မနုဿလောကော- လူ့လောကသည်၊ ကေန- အဘယ်ဖြင့်၊ ဥတ္တရိတရော- သာလွန်သနည်း၊ **သုဒ္ဓီတိ-** သုဒ္ဓိဟူသည်ကား၊ မဂ္ဂဖလနိဗ္ဗာနသင်္ခါတာ- မဂ်ဖိုလ်နိဗ္ဗာန်ဟုဆိုအပ်သော၊ ဝိသုဒ္ဓိ- စင်ကြယ်ခြင်းသည်၊ **သံယမောတိ-** သံယမော ဟူသည်ကား၊ သီလံ- သီလသည်၊ က္ကဒံ- ဤစကားကို၊ သော- ထိုနဂါးမင်းသည်၊ မနုဿလောကေယေဝ- လူ့လောက၌သာလျှင်၊ ဗုဒ္ဓပစ္စေကဗုဒ္ဓါနံ- ဘုရားပစ္စေကဗုဒ္ဓါတို့၏ သာလျှင်၊ ဥပ္ပတ္တိံ- ဖြစ်ခြင်းကို၊ သန္ဓာယ- ရည်၍၊ အာဟ- ပြောပြီ၊ **ကာဟာမီတိ-** ကာဟာမိဟူသည်ကား၊ အတ္တနော- မိမိ၏၊ အပ္ပဋိသန္ဓိကဘာဝံ- တစ်ဖန် ပဋိသန္ဓေ မနေရသည်၏အဖြစ်ကို၊ ကရောန္တော- ပြုလျက်၊ ဇာတိဇရာမရဏာဿန္တံ- မွေးခြင်း အိုခြင်း သေခြင်းတို့၏အဆုံးကို၊ ကရိဿာမိ- ပြုအံ့၊ က္ကတိ- ဤကား၊ အတ္တော- အနက်တည်း၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ဧဝံ- ဤသို့လျှင်၊ သော သခ်ပါလော- ထိုသခ်ပါလနဂါးမင်းသည်၊ မနုဿလောကံ- လူ့လောကကို၊ ဝဏ္ဏေသိ- ချီးမွမ်းခဲ့ပြီ၊ **သံဝစ္ဆရော မေတိ-** သံဝစ္ဆရော မေဟူသည်ကား၊ မဟာရာဇ- မြတ်သော မင်းကြီး၊ ဧဝံ- ဤသို့၊ တသ္မိံ- ထိုနဂါးမင်းသည်၊ မနုဿလောကံ- လူ့လောကကို၊ ဝဏ္ဏေန္တေ- ချီးမွမ်းသည်ရှိသော်၊ အဟံ- ငါသည်၊ ပစ္စုဇ္ဇာယ- ရဟန်းအဖြစ်၌၊ သိနေဟံ- ချစ်ခြင်းကို၊ ကတွာ- ပြု၍၊ ဧတံ- ဤစကားကို၊ အဝေါစံ- ဆိုခဲ့ပြီ၊ တတ္ထ- ထိုစကားရပ်၌၊ ဥပဋ္ဌိ-**တောသ္မိတိ-** ဥပဋ္ဌိတောသ္မိဟူသည်ကား၊ အန္နပါနေန စေဝ- ထမင်းအဖျော်ဖြင့်လည်း ကောင်း၊ ဒိဗ္ဗေဟိ စ- နတ်၌ဖြစ်ကုန်သော၊ ကာမဂုဏေဟိ- ကာမဂုဏ်အာရုံတို့ဖြင့် လည်းကောင်း၊ ပရိစိဏ္ဏော- လေ့ကျက်အပ်သည်၊ မာနိတော- မြတ်နိုးအပ်သည်၊ အသ္မိ- ဖြစ်၏၊ **ပလေမီတိ-** ပလေမိဟူသည်ကား၊[၂] ပရေမိ ဂစ္ဆာမိ- သွားပါအံ့၊ **စိရပ္ပဝုဋ္ဌောသ္မီတိ-** စိရပ္ပ ဝုဋ္ဌောသ္မိဟူသည်ကား၊ အဟံ- ငါသည်၊ မနုဿလော-ကတော- လူ့လောကမှ၊ စိရပ္ပဝုဋ္ဌော- ကြာမြင့်စွာ ကွေကွင်းခြင်းရှိသည်၊ အသ္မိ- ဖြစ်၏။

---

၁။ သုရောသိတ= သု+ရောသိတ ရုသ-ဓာတ် ရောနှောခြင်းအနက်၊ က္က-သရခံ၍ တ-ပစ္စည်း ဆက်ထားသည်။

၂။ ပလေမိ= ပရ-ရှေးရှိသော က္က-ဓာတ်၊ ဂတျတ္ထ- ပရေမိသည် မူလရုပ်၊ ပလေမိ-သည် ဆင့်ပွားရုပ်၊ ရ-ဗျည်းသည်ပြာကတ၌အမြဲလ-ဗျည်းသို့ပြောင်းသည်၊ ပါဠိ၌ကား ရခါပြောင်း၍ ရခါမပြောင်းပေ။

**နာဘိသပိတ္တာတိ**- နာဘိသပိတ္တဟူသည်ကား၊ ကစ္စိ- အသို့နည်း၊ မမ- ငါ၏၊ ပုတ္တာဒီသု- သားအစရှိသူတို့တွင်၊ ကောစိ- တစ်စုံတစ်ယောက်သည်၊ တံ- သင့်ကို၊ န အက္ကောသိ နု ခေါ- မဆဲရေးပါသလော၊ န ပရိဘာသိ နုခေါ- မရေရွတ်ပါသလော၊ ဣတိ- ဤသို့၊ ပုစ္ဆတိ- မေး၏၊ "နာဘိသဇ္ဇေထာ"တိပိ- နာဘိသဇ္ဇေထဟူ၍လည်း၊ ပါဠော- ပါဠ်သည်၊ (ဘဝတိ- ဖြစ်၏၊) န ကောပေသိ- အမျက်မထွက်စေပါသလော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ပဋိဝိဟိတောတိ- ပဋိဝိဟိတောဟူသည်ကား၊ ပဋိဇဂ္ဂိတော- လုပ်ကျွေးအပ်သော၊ မဏီ မမန္တိ- မဏီ မမံဟူသည်ကား၊ သမ္မ အာဠာရ- အဆွေအာဠာရ၊ သစေ- အကယ်၍၊ (တွံ- သင်သည်) ဂစ္ဆသိယေဝ- သွားကိုသွားမည်ဆိုပါလျှင်၊ ဧဝံ သန္တေ- ဤသို့ဖြစ်သည်ရှိသော်၊ မမ- ငါ၏၊ လောဟိတင်္ကော- နီသောအဆင်းရှိသော၊ ခနယာရကော- ဥစ္စာကိုဆောင်တတ်သော၊ သဗ္ဗကာမဒဒေါ- အလုံးစုံသော အလိုကိုပေးတတ်သော၊ မဏိ- ပတ္တမြားသည်၊ သံဝိဇ္ဇတိ- ရှိ၏၊ ဥဠာရံ- မြတ်သော၊ တံ မဏိရတနံ- ထိုပတ္တမြားရတနာကို၊ အာဒါယ- ယူ၍၊ တဝ- သင်၏၊ ဂေဟံ- အိမ်သို့၊ ဂစ္ဆ- သွားလော့၊ တတ္ထ- ထိုအရပ်၌၊ ဣမဿာနုဘာဝေန- ဤပတ္တမြား၏တန်ခိုးဖြင့်၊ ယာဝဒိစ္ဆကံ- အကြင် အကြင်အလိုရှိသော၊ ဓနံ- ဥစ္စာကို၊ လဒ္ဓါ- ရ၍၊ ပုန- တစ်ဖန်၊ ဣမံ မဏိံ- ဤပတ္တမြားကို၊ သြဿဇေယျာသိ- စွန့်လော့၊ သြဿဇန္တော စ- စွန့်သည်ရှိသော်လည်း၊ အညတ္ထ- အခြားသောနေရာ၌၊ အနောဿဇိတွာ- မစွန့်မူ၍၊ အတ္တနော- မိမိ၏၊ ဥဒကစာဠိယံ- ရေအိုးကြီး၌၊ သြဿဇေယျာသိ- စွန့်လော့၊ ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ မယှံ- ငါ့အား၊ မဏိရတနံ- ပတ္တမြားရတနာကို၊ ဥပနေသိ- ပေးခဲ့ပြီ၊ ဣတိ- ဤသို့၊ ဝဒတိ- ဆို၏။

အာဠာရော- အာဠာရရသေ့သည်၊ ဧဝံ- ဤသို့၊ ဝတွာ- ပြန်ပြောဆိုပြီး၍၊ "မဟာရာဇ- မြတ်သောမင်းကြီး၊ အဟံ- ငါသည်၊ အထ- ထိုအခါ၌၊ နာဂရာဇာနံ- သခ်ပါလနဂါးမင်းကို၊ ဧတံ- ဤသို့သော စကားကို၊ အဝေါစံ- ဆိုပြီ၊ (ကိံ အဝေါစံ- အဘယ်သို့ ဆိုသနည်းဟူမူကား၊) "သမ္မ- အဆွေနဂါးမင်း၊ အဟံ- ငါသည်၊ ဓနေန- ဥစ္စာဖြင့်၊ န အတ္ထိကော- အလိုမရှိ ပန- စင်စစ်သော်ကား၊ (အဟံ- ငါသည်၊) ပဗ္ဗဇိတုံ- ရဟန်းပြုခြင်းငှာ၊ ဣစ္ဆာမိ- အလိုရှိ၏၊ ဣတိ- ဤသို့၊ ဧတံ- ဤစကားကို၊ အဝေါစံ- ဆိုပြီ၊ ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ပဗ္ဗဇိတပရိက္ခာရံ- ရသေ့ရဟန်းတို့၏ ပရိက္ခရာကို၊ ယာစိတွာ- တောင်းယူခဲ့၍၊ တေနေဝ- ထိုသခ်ပါလနဂါးမင်းနှင့်သာ၊ သဒ္ဓိံ- အတူတကွ၊ နာဂဘဝနာ- နဂါးပြည်မှ၊ နိက္ခမိတွာ- ထွက်ခဲ့၍၊ တံ- ထိုသခ်ပါလနဂါးမင်းကို နိဝတ္တေတွာ-

ပြန်လည်စေပြီး၍၊ ဟိမဝန္တံ- ဟိမဝန္တာတောသို့၊ ပဝိသိတွာ- ဝင်၍၊ ပဗ္ဗဇိတော- ရဟန်းပြုသည်၊ အမှိ- ဖြစ်၏၊ “ဣတိ- ဤသို့၊ ဝတွာ- ပြောဆို၍၊ ရညော- ဗာရာဏသီမင်းအား၊ ဓမ္မကထံ- တရားစကားကို၊ ကထေန္တော- ဟောလိုသည်ဖြစ်၍၊ “ဒိသွာ မယာ မာနုသကာပိ (ပ) သာမညမေဝ သေယျော”တိ- “ဒိသွာ မယာ မာနုသကာပိ (ပ) သာမညမေဝ သေယျော”ဟူသော၊ ဂါထာဒွယံ- ဂါထာနှစ်ခုတို့၏ အပေါင်းကို၊ အာဟ- ဆိုပြီ။

(၁၉၁) ရာဇ- မင်းမြတ်၊ မာနုသကာ- လူ၌ဖြစ်ကုန်သော၊ ကာမာပိ- ကာမဂုဏ်တို့ကိုလည်း၊ မယာ- ငါသည်၊ ဒိသွာ- မြင်အပ်ကုန်ပြီ၊ ကာမာ- ကာမဂုဏ်တို့သည်၊ အသဿတာ- မမြဲသောသဘောရှိကုန်၏၊ ဝိပ္ပရိဏာမ- ဓမ္မာ- ဖောက်ပြန်သော သဘောရှိကုန်၏၊ ကာမဂုဏေသု- ကာမဂုဏ်တို့၌၊ အာဒီနဝံ- အပြစ်ကို၊ ဒိသွာ- မြင်၍၊ အဟံ- ငါသည်၊ သဒ္ဓါယ- ကံကံ၏ အကျိုးနိဗ္ဗာန်ကို ယုံကြည်၍၊ ပဗ္ဗဇိတော- ရဟန်းပြုသည်၊ အမှိ- ဖြစ်၏။

(၁၉၂) ဒုမပ္ပလာနိ- အမှည့်အစိမ်းဖြစ်ကုန်သော သစ်သီးတို့သည်၊ ပတန္တိ ဣဝ- ကြွေကျကုန်သကဲ့သို့၊ တထာ- ထို့အတူ၊ ဒဟရာ- ပျိုရွယ် ငယ်နုကုန်သော၊ မာဏဝါစ- သတ္တဝါတို့သည်လည်းကောင်း၊ ဝုဍ္ဎာ- ကြီးမား အိုမင်းကုန်သော၊ မာဏဝါစ- သတ္တဝါတို့သည်လည်းကောင်း၊ သရီရ ဘေဒါ- ကိုယ်ခန္ဓာပျက်စီးကုန်သည်ဖြစ်၍၊ ပတန္တိ- ကြွေကျကုန်၏၊ ရာဇ- မင်းမြတ်၊ ဧတံပိ- ထိုသေကြေပျက်စီးခြင်း သဘောကိုလည်း၊ ဒိသွာ- မြင်၍၊ အပဏ္ဏကံ- မချွတ်မယွင်း သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော၊ သာမညမေဝ- ရဟန်းအဖြစ်သည်သာလျှင်၊ သေယျော- မြတ်၏ဟူ၍၊ ပဗ္ဗဇိတော- ရဟန်းပြု သည်၊ အမှိ- ဖြစ်၏။

တတ္ထ- ထိုဒိသွာမယာစသော ဂါထာတို့၌၊ သဒ္ဓါယာတိ- သဒ္ဓါယဟူသည်ကား၊ ကမ္မဉ္စ- ကံကိုလည်းကောင်း၊ ဖလဉ္စ- ကံ၏အကျိုးကိုလည်းကောင်း၊ နိဗ္ဗာနဉ္စ- နိဗ္ဗာန်ကိုလည်းကောင်း၊ သဒ္ဒဟိတွာ- ယုံကြည်၍၊ ဒုမပ္ပလာနိဝ ပတန္တီတိ- ဒုမပ္ပလာနိဝ ပတန္တိဟူသည်ကား၊ ပက္ကာနိပိ- ရင့်မှည့်သည်လည်းဖြစ်ကုန်သော၊ အပက္ကာနိပိ- မရင့်မှည့်သည်လည်းဖြစ်ကုန်သော၊ ရုက္ခဖလာနိ- သစ်သီးတို့သည်၊ ပတန္တိ ယထာ- ကြွေကျကုန်သကဲ့သို့၊ တထာ- ထို့အတူ၊ ဒဟရာ စ- ငယ်သည်လည်းဖြစ်ကုန်သော၊ ဝုဍ္ဎါ စ- ကြီးသည်လည်းဖြစ်ကုန်သော၊ မာဏဝါ- သတ္တဝါတို့သည်၊ ပတန္တိ-

သေကြရကုန်၏၊ အပဏ္ဏကန္တိ- အပဏ္ဏကံဟူသည်ကား၊* အဝိရဒ္ဓံ- မချို့ယွင်း၊ နိယျာနိကံ- မြဲ၏၊ သာမညမေဝ သေယျောတိ- သာမညမေဝ သေယျော ဟူသည်ကား၊ ပဗ္ဗဇ္ဇာဝ- ရဟန်းအဖြစ်သည်သာလျှင်၊ ဥတ္တမံ- မြတ်၏၊ ဣတိ- ဤသို့၊ ပဗ္ဗဇ္ဇာယ- ရဟန်းအဖြစ်၌၊ ဂုဏံ- ဂုဏ်ကို၊ ဒိသွာ- မြင်၍၊ မဟာရာဇ- မြတ်သောမင်းကြီး၊ (အဟံ- ငါသည်၊) ပဗ္ဗဇိတော- ရဟန်းပြုသည်၊ အမှိ- ဖြစ်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ရာဇာ- ဗာရာဏသီမင်းသည်၊ တံ- ထိုအာဋ္ဌာရရှင်ရသေ့၏ တရားစကားကို၊ သုတွာ- ကြားနာ၍၊ (ပမောဒန္တော- ဝမ်းမြောက်ဝမ်းသာသည်ဖြစ်၍။) "အဒ္ဓါ ဟဝေ သေဝိတဗ္ဗာ (ပ) ပုညာနိ အနပ္ပကာနိ"တိ- "အဒ္ဓါ ဟဝေ သေဝိတဗ္ဗာ (ပ) ပုညာနိ အနပ္ပကာနိ"ဟူသော၊ အနန္တရံ- အခြားမဲ့ဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၉၃) အာဋ္ဌာရ- အရှင်အာဋ္ဌာရ၊ ယေသန္တာ- အကြင်သူတော်ကောင်းတို့သည်၊ သပညာ- ပညာရှိကုန်၏၊ ဗဟုဿုတာ- များသောအကြားအမြင်ရှိကုန်၏၊ [ဗဟုဋ္ဌာနစိန္တိတော(ဗဟုဋ္ဌာနစိန္တိနော)]- များသောအကြောင်းအရာတို့ကို သိကုန်၏၊ တေသန္တာ- ထိုသူတော်ကောင်းတို့ကို၊ ပုညတ္ထိကေဟိ- ကုသိုလ်ကောင်းမှုကို အလိုရှိကုန်သော သူတို့သည်၊ အဒ္ဓါဟဝေ- စင်စစ်ဧကန်၊ သေဝိတဗ္ဗာ- မှီဝဲဆည်းကပ်အပ်ကုန်၏၊ အဟံ- အကျွန်ုပ်သည်၊ နာဂဉ္စ- ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့နေလေ့ရှိသော နဂါးမင်း၏ ဂုဏ်ကျေးဇူးစကားကိုလည်းကောင်း၊ သုတွာန- ကြားနာရပေ၍၊ အနပ္ပကာနိ- များစွာကုန်သော၊ ပုညာနိ- ကောင်းမှုတို့ကို၊ ကာဟာမိ- ပြုရပေအံ့။

တတ္ထ- ထိုအဒ္ဓါ ဟဝေစသောဂါထာ၌၊ ယေ ဗဟုဋ္ဌာနစိန္တိနောတိ- ယေ ဗဟုဋ္ဌာနစိန္တိနောဟူသည်ကား၊ ယေ- အကြင်သူတို့သည်၊ ဗဟူနိ- များစွာကုန်သော၊

* အပဏ္ဏကာ- အ+ပဏ္ဏ+က သက္ကတ၌ ပြဠ-ဓာတ် မေးမြန်းခြင်း၊ စုံစမ်းခြင်းအနက်ဟော၊ ၎င်း ဓာတ်သည်ပါဠိ၌ ပုစ္ဆ-ဓာတ်ဖြစ်သွားသည်၊ ပြစ္ဆ-ဓာတ်နောင် န-ပစ္စည်းသက် ရှေ့က ဆ်-ဗျည်းသည် (ဂသျှ)ဗျည်းသို့ ပြောင်း၍ ပြန္န-ဟု ပုဒ်ဖြစ်၏၊ ၎င်းသက္ကတပုဒ်သည် မြန်မာ၌ ပြဿနာ-ဟုဖြစ်လာပြီး ပါဠိ၌ ပဉှာ-ဟုပုဒ်ဖြစ်သွားသည်၊ ဤ၌ကား-ဠ-ကို န္န-ဟု သဒိသပြုမုဒ္ဓဇဏ္ဏ-သို့ ပြောင်း၍ ပြဏ္ဏ-ဟုဖြစ်ပြီး ပြ-ကို ပ-ပြုသော် ပဏ္ဏ-ပုဒ်ပြီး မေးမြန်းစုံစမ်းစရာမလိုအမှန်ဟု အဓိပ္ပါယ်ရ၏၊ ထို့ကြောင့် အဋ္ဌကထာ၌ အဝိရဒ္ဓ-ဟု ဖွင့်သည်၊ နိယျာနိကံ-မှာ အဓိပ္ပါယ်အဖွင့်တည်း၊ အဘိဓာန်ဋီကာ၌ကား ဝိရုဒ္ဓဝေါဟာရေန န ပဏာပေတီတိ အပဏ္ဏကော-ဟု ဝိဂ္ဂဟပြု၍ အ-ရှေ့ရှိသော ပဏ-ဓာတ် စကားမရှိခြင်းအနက် ဏွု-ပစ္စည်းဖြင့် ကြံဆထား၏။

ကာရဏာနိ- အကြောင်းတို့ကို၊ ဇာနန္တိ- သိကုန်၏၊ နာဂဇ္ဈာတိ- နာဂဇ္ဈဟူသည်ကား၊ တထာ- ထို့အတူ၊ အပ္ပမာဒဝိဟာရိနံ- မမေ့မလျော့နေလေ့ရှိသော၊ နာဂရာဇာနဥ္စ- နဂါးမင်း၏လည်းကောင်း၊ တဝ စ- သင်၏လည်းကောင်း၊ ဝစနံ- စကားကို၊ သုတွာ- ကြားရ၍၊ တာပသော- အာဋ္ဌာရရှင်ရသေ့သည်၊ အထ- ထိုအခါ၌၊ အဿ- ထို ဗာရာဏသီမင်းအား၊ ဥဿာဟံ- ကောင်းမှု၌ အားထုတ်ခြင်းကို၊ ဇနေန္တော- ဖြစ်စေ လိုသည်ဖြစ်၍။ "အဒ္ဓါ ဟဝေ သေဝိတဗ္ဗာ (ပ) ပုညာနိ အနပ္ပကာနိ"တိ- "အဒ္ဓါ ဟဝေ သေဝိတဗ္ဗာ (ပ) ပုညာနိ အနပ္ပကာနိ"ဟူသော၊ ဩသာနံ- အဆုံးဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၉၄) ရာဇ- မင်းမြတ်၊ ယေသန္တော- အကြင်သူတော်ကောင်းတို့သည်၊ သပညာ- ပညာရှိကုန်၏၊ ဗဟုဿုတာ- များသော အကြားအမြင် ရှိကုန်၏၊ [ဗဟုဋ္ဌာန(ဗဟုဋ္ဌာန)]စိန္တိနော- များသော အကြောင်းအရာကို သိတတ်ကုန် ၏၊ တေသန္တာ- ထိုသူတော်ကောင်းတို့ကို၊ ပုညတ္ထိကေဟိ- ကုသိုလ်ကောင်းမှုကို အလိုရှိကုန်သော သူတို့သည်။ အဒ္ဓါဟဝေ- စင်စစ်ဧကန်၊ သေဝိတဗ္ဗာ- မှီဝဲဆည်းကပ်အပ်ကုန်၏၊ တွံ- သင်မင်းမြတ်သည်၊ နာဂဥ္စ- ကုသိုလ်ကောင်းမှု တို့၌ မမေ့မလျော့နေလေ့ရှိသောနဂါးမင်း၏ ဂုဏ်ကျေးဇူး စကားကိုလည်း ကောင်း၊ မမဥ္စ- ငါ၏၊ ဝစနဥ္စ- တရားစကားကိုလည်းကောင်း၊ သုတွာန- ကြားနာရ၍၊ အနပ္ပကာနိ- များစွာကုန်သော၊ ပုညာနိ- ကောင်းမှုတို့ကို။ ကရောဟိ- ပြုတော်မူလော၊ က္လတိ- ဤသည် လျှင်အပြီးတည်။

သော- ထိုအာဋ္ဌာရရှင်ရသေ့သည်၊ ဧဝံ- (က္လမိနာ ယထာ ဝုတ္တနယေန)- အကြင် အကြင် ဆိုအပ်ပြီးသော ဤနည်းဖြင့်၊ ရညော- ဗာရာဏသီမင်းအား၊ ဓမ္မံ- တရားကို၊ ဒေသေတွာ- ဟော၍၊ တတ္ထေဝ- ထိုဗာရာဏသီပြည်၌သာလျှင်၊ စတ္တာရော ဝဿာနမာသေ- မိုးလေးလတို့ပတ်လုံး၊ ဝသိတွာ- နေ၍၊ ပုန- တစ်ဖန်၊ ဟိမဝန္တံ- ဟိမဝန္တာတောသို့၊ ဂန္တွာ- သွား၍၊ ယာဝဇီဝံ- အသက်ထက်ဆုံး၊ ဗြဟ္မဝိဟာရေ- ဗြဟ္မဝိဟာရတရားလေးပါးတို့ကို၊ ဘာဝေတွာ- ပွားစေ၍၊ ဗြဟ္မလောကူပဂေါ- ဗြဟ္မာပြည်သို့ကပ်ရောက်သည်၊ အဟောသိ- ဖြစ်ပြီ၊ သမ္ဘုလောပိ- သမ္ဘုလနဂါးမင်း သည်လည်း၊ ယာဝဇီဝံ- အသက်ထက်ဆုံး၊ ဥပေါသထဝါသံ- ဥပုသ်စောင့်တည်ခြင်းကို၊ ဝသိတွာ- ကျင့်သုံး၍၊ ရာဇာစ- ဗာရာဏသီမင်းသည်လည်း၊ ဒါနာဒီသု- ဒါနအစရှိကုန် သော၊ ပုညာနိ- ကောင်းမှုကုသိုလ်တို့ကို၊ ကရိတွာ- ပြု၍၊ ယထာကမ္မံ- ကံအားလျော်စွာ၊ ဂတာ- လားပြီ။

သတ္ထာ- ဘုရားရှင်သည်၊ ဣမံ ဓမ္မဒေသနံ- ဤသံ်ပါလဇာတ်တရားဒေသနာတော်ကို၊ အာဟရိတွာ- ဆောင်တော်မူ၍၊ “(ဣဒါနိ- ယခုအခါ၌။) ကဿပေါ- ကဿပသည်၊ တဒါ- ထိုအခါ၌၊ ပိတာ- ခမည်းတော်ဖြစ်သော၊ တာပသော- ရသေ့သည်၊ အဟောသိ- ဖြစ်ပြီ၊ (ဣဒါနိ- ၌) အာနန္ဒော- အာနန္ဒာသည်၊ (တဒါ- ၌၊) ဗာရာဏသိရာဇာ- ဗာရာဏသီမင်းသည်၊ (အဟောသိ- ပြီ) (ဣဒါနိ- ၌။) သာရိပုတ္တော- သာရိပုတ္တရာသည်၊ (တဒါ- ၌၊) အာဠာရော- အာဠာရရသေ့သည်၊ (အဟောသိ- ပြီ၊) (ဣဒါနိ- ၌၊) အဟမေဝပန- ငါဘုရားသည်သာလျှင်ကား၊ (တဒါ- ၌၊) သံ်ပါလနာဂရာဇာ- သံ်ပါလနဂါးမင်းသည်၊ အဟောသိ- ဖြစ်ခဲ့ပြီ၊” ဣတိ- ဤသို့ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ။ စတုတ္ထာ- လေးခုတို့၏ပြည့်ကြောင်းဖြစ်သော၊ သံ်ပါလဇာတက- ဝဏ္ဏနာ- သံ်ပါလဇာတ်၏ အဖွင့်သည်၊ (နိဋ္ဌိတာ- ပြီးပါပြီ။)

❖ ❖ ❖

## ၅။ စူဠသုတသောမဇာတ် (၅၂၅)

သတ္ထာ- မြတ်စွာဘုရားသည်၊ “အာမန္တယာမိ နိဂမ”န္တိ ဣဒံ- “အာမန္တယာမိ နိဂမံ” အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠသုတသောမဇာတ်တော်ကို၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော- သီတင်းသုံးနေတော်မူစဉ်၊ နေက္ခမ္မပါရမိံ- နေက္ခမ္မပါရမီကို၊ (နတ်တို့စည်းစိမ်အလား စည်းစိမ်များကို ပယ်စွန့်၍ ကာမနှင့် ဘဝမှ လွတ်မြောက်ခြင်းဟူသော နေက္ခမ္မပါရမီကို၊) အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ- ဟောတော်မူပြီ၊ ပစ္စုပ္ပန္နဝတ္ထု- ပစ္စုပ္ပန်ဝတ္ထုသည်၊ မဟာ နာရဒကဿ- ပဇာတကသဒိသမေဝ- မဟာနာရဒကဿပဇာတ်နှင့်တူသည်သာလျှင် ကတည်း။

အတိတ်ဝတ္ထု

ပန- အထူးကား၊ အတီတေ- လွန်လေပြီးသောအခါ၌၊ ဗာရာဏသီ- ဗာရာဏသီပြည်သည်၊ သုဒဿနံ နာမ- သုဒဿနအမည်ရှိသော၊ နဂရံ- မြို့သည်၊ အဟောသိ- ဖြစ်ပြီ၊ တတ္ထ- ထိုသုဒဿနမြို့၌၊ ဗြဟ္မဒတ္တော နာမ- ဗြဟ္မဒတ္တအမည်ရှိသော၊ ရာဇာ- မင်းသည်၊ အဇ္ဈာဝသိ- အုပ်စိုး၍နေပြီ၊ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ တဿ- ထိုဗြဟ္မဒတ်မင်း၏၊ အဂ္ဂမဟေသိယာ- မိဖုရားကြီး၏၊ ကုစ္ဆိမှိ- ဝမ်း၌၊

နိဗ္ဗတ္တိ- ဖြစ်ပြီ၊ ဒသမာသစ္စယေန- ဆယ်လလွန်သဖြင့်၊ မာတုကုစ္ဆိတော- အမိဝမ်းမှ၊ နိက္ခမိ- ထွက်မြောက်ပြီ၊ တဿ ပန- ထိုဘုရားလောင်းအားကား၊ ပုဏ္ဏစန္ဒသဿိရိကံ- လပြည့်ဝန်းကဲ့သို့ တင့်တယ်ခြင်းရှိသော၊ မုခံ- မျက်နှာသည်၊ အဟောသိ- ဖြစ်ပြီ၊ တေန- ထို့ကြောင့်၊ အဿ- ထိုဘုရားလောင်းအား၊ "သောမကုမာရော"တိ နာမံ- "သောမသတိုးသား"ဟူသော အမည်ကို၊ ကရိံသု- မှည့်ကြကုန်ပြီ၊ ဝိညုတံ- တတ်သိလိမ္မာသည်၏အဖြစ်သို့၊ ပတ္တော- ရောက်သော၊ သော- ထိုသောမသတိုးသားသည်၊ သုတဝိတ္တကော- အကြားအမြင်၌ နှစ်သက်သည်၊ သဝနသီလော- စကားကောင်းကို နာခံလေ့ရှိသည်၊ အဟောသိ- ဖြစ်ပြီ၊ တေန- ထို့ကြောင့်၊ နံ- ထိုသောမသတိုးသားကို၊ "သုတသောမော"တိ- သုတသောမဟူ၍၊ သဥ္ဇာနိံသု- ကောင်းစွာ သိကြကုန်ပြီ၊ သော- ထိုသုတသောမမင်းသားသည်၊ ဝယပ္ပတ္တော- အရွယ်သို့ရောက်သည်ဖြစ်၍၊ တက္ကသိလာယံ- တက္ကသိုလ်ပြည်၌၊ သဗ္ဗသိပ္ပါနိ- အလုံးစုံကုန်သော အတတ်တို့ကို၊ ဥဂ္ဂဟေတွာ- သင်ယူ၍၊ အာဂတော- ပြန်လာခဲ့သည်ဖြစ်၍၊ ပိတု- ခမည်းတော်၏၊ သန္တကံ- ဥစ္စာဖြစ်သော၊ သေတစ္ဆတ္တံ- ထီးဖြူကို၊ လဘိတွာ- ရ၍၊ ဓမ္မေန- တရားသဖြင့်၊ ရဇ္ဇံ- မင်း၏အဖြစ်ကို၊ ကာရေသိ- ပြုစေပြီ၊ ဣဿရိယံ- (မင်း၏) စည်းစိမ်ချမ်းသာသည်၊ မဟန္တံ- များသည်၊ အဟောသိ- ဖြစ်ပြီ၊ တဿ- ထိုသုတသောမမင်းအား၊ စန္ဒာဒေဝိပ္ပမုခါနိ- စန္ဒာဒေဝီအမှူးရှိကုန်သော၊ သောဠသ ဣတ္ထိသဟဿာနိ- တစ်သောင်းခြောက်ထောင်ကုန်သော မိဖုရားတို့သည်၊ အဟေသုံ- ရှိကုန်ပြီ၊ သော- ထိုသုတသောမမင်းသည်၊ အပရဘာဂေ- နောက်အဖို့၌၊ ပုတ္တဓိတာဟိ- သားသမီးတို့ဖြင့်၊ ဝဍ္ဎန္တော- ပွားများသည်ရှိသော်၊ ဃရာဝါသေ- အိမ်ရာတည်ထောင် လူတို့၏ဘောင်၌၊ အနဘိရတော- မမွေ့လျော်သည်ဖြစ်၍၊ အရညံ- တောသို့၊ ပဝိသိတွာ- ဝင်၍၊ ပဗ္ဗဇိတုကာမော- ရသေ့ရဟန်းပြုခြင်းငှာ အလိုရှိသည်၊ အဟောသိ- ဖြစ်ပြီ။

သော- ထိုသုတသောမမင်းသည်၊ ဧကဒိဝသံ- တစ်နေ့သ၌၊ ကပ္ပကံ- ဆတ္တာသည်ကို၊ အာမန္တေတွာ- ခေါ်တော်မူ၍၊ "သမ္မ- အမောင်ဆတ္တာသည်၊ ယဒါ- အကြင်အခါ၌၊ မေ- ငါ၏၊ သိရသ္မိံ- ဦးခေါင်းတော်၌၊ ပလိတံ- ဆံဖြူသည်၊ ပဿေယျာသိ- မြင်ငြားအံ့၊ တဒါ- ထိုအခါ၌၊ မေ- ငါအား၊ အာရောစေယျာသိ- လျှောက်တင်လော"ဣတိ- ဤသို့၊ အာဟ- မိန့်တော်မူပြီ၊ ကပ္ပကော- ဆတ္တာသည်သည်၊ တဿ- ထိုသုတသောမမင်း၏၊ ဝစနံ- စကားကို၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ အပရဘာဂေ- နောက်အဖို့၌၊ ပလိတံ- ဆံဖြူကို၊ ဒိသွာ- မြင်၍၊ အာရောစေတွာ-

လျှောက်တင်၍၊ "သမ္မုကပ္ပက- အမောင်ဆတ္တာသည်၊ တေနဟိ- ထိုသို့မြင်လျှင်၊ နံ- ထိုဆံဖြူကို၊ ဥဒ္ဓရိတွာ- နုတ်၍၊ မမ- ငါ၏၊ ဟတ္ထေ- လက်တော်၌၊ ပတိဋ္ဌပေဟိ- တင်ထားလော၊" ဣတိ- ဤသို့ (ရညာ- မင်းသည်) ဝုတ္တေ- ဆိုအပ်သော်၊ သုဝဏ္ဏ- သဏ္ဍာသေန- ရွှေမွေးညှပ်ဖြင့်၊ ဥဒ္ဓရိတွာ- နုတ်၍၊ ရညော- မင်း၏၊ ဟတ္ထေ- လက်တော်၌၊ ဌပေသိ- တင်ထားပြီ၊ တံ- ထိုဆံဖြူကို၊ ဒိသွာ- မြင်၍၊ မဟာသတ္တော- ဘုရားလောင်း သုတသောမမင်းသည်၊ "မေ- ငါ၏၊ သရီရံ- ကိုယ်ကို၊ ဇရာယ- အိုခြင်းသည်၊ အဘိဘူတံ- နှိပ်စက်အပ်ပြီ" ဣတိ- ဤသို့ ဘီတော- ထိတ်လန့်သည်ဖြစ်၍၊ တံပလိတံ- ထိုဆံဖြူကို၊ ဂဟေတွာဝ- ယူ၍သာလျှင်၊ ပါသာဒါ- ပြာသာဒ်မှ၊ ဩတရိတွာ- ဆင်းသက်၍၊ မဟာဇနဿ- လူအများ၏၊ ဒဿနဋ္ဌာနေ- မြင်ရာအရပ်၌၊ ပညတ္တေ- ခင်းအပ်သော၊ ရာဇပလ္လင်္ကေ- ရာဇပလ္လင်၌၊ နိသီဒိတွာ- နေတော်မူ၍၊ သေနာပတိပ္ပ- မုခါနိ- စစ်သူကြီးအမှူးရှိကုန်သော၊ အသီတအမစ္စသဟဿာနိ- အမတ်ရှစ်သောင်း တို့ကိုလည်းကောင်း၊ ပုရောဟိတပ္ပမုခါနိ- ပုရောဟိတ်အမှူးရှိကုန်သော၊ သဋ္ဌိဗြာဟ္မဏ- သဟဿာနိစ- ပုဏ္ဏားခြောက်သောင်းတို့ကိုလည်းကောင်း၊ အညေ- တစ်ပါးကုန် သော၊ ရဋ္ဌိကဇာနပဒနေဂမာဒယော- တိုင်းပြည်၌နေကုန်သောသူ, ဇနပုဒ်၌ နေကုန်သောသူ, နိဂုံး၌နေကုန်သောသူ အစရှိကုန်သော၊ ဗဟူ- များစွာကုန်သော၊ ဇနေစ- သူတို့ကိုလည်းကောင်း၊ ပက္ကောသာပေတွာ- ခေါ်စေတော်မူ၍၊ "မမ- ငါ၏၊ သိရသ္မိံ- ဦးခေါင်း၌၊ ပလိတံ- ဆံဖြူသည်၊ ဇာတံ- ပေါက်ရောက်ပြီ၊ အဟံ- ငါသည်၊ မဟလ္လကော- ကြီးရင့်အိုမင်းသည်၊ အသ္မိ- ဖြစ်၏၊ မမ- ငါ၏၊ ပဗ္ဗဇိတဘာဝံ- ရဟန်းပြုလိုသည်၏အဖြစ်ကို၊ ဇာနာထ- သိကြကုန်လော၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ (ကထေန္တော- ပြောကြားတော်မူလိုသည်ဖြစ်၍၊) "အာမန္တယာမိ နိဂမံ၊ (ပ) ဒါနိ ရောစဟ"န္တိ- "အာမန္တယာမိ နိဂမံ၊ (ပ) ဒါနိ ရောစဟံ" ဟူသော၊ ပဌမံ- ရှေးဦးစွာ သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၉၅) ဘောန္တော- အိုပရိသတ်အပေါင်းတို့၊ နိဂမံ- နိဂုံးသူကိုလည်းကောင်း၊ မိတ္တာမစ္စေ- အဆွေခင်ပွန်းတို့ကိုလည်းကောင်း၊ [ပရိသဇေ (ပါရိသဇ္ဇေ)]- အမှုလုပ်တို့ကိုလည်းကောင်း၊ အဟံ- ငါသည်၊ အာမန္တယာမိ- သိစေတော်မူ၏၊ မမ- ငါ၏၊ သိရသ္မိံ- ဦးခေါင်း၌၊ ပလိတံ- ဆံဖြူသည်၊ ဇာတံ- ရောက်၏၊ ဒါနိ- ယခု၊ အဟံ- ငါသည်၊ ပဗ္ဗဇ္ဇံ- ရဟန်းအဖြစ်ကို၊ ရောစ- နှစ်သက်၏။

တတ္ထ- ထိုအာမန္တယာမိစသော ဂါထာ၌၊ အာမန္တယာမီတိ- အာမန္တယာမိဟူသည်ကား၊ ဇာနာပေမိ- သိစေ၏၊ ရောစဟန္တိ- ရောစဟံဟူသည်ကား၊ အဟံ- ငါသည်၊ ရောစေမိ- နှစ်သက်၏၊ ဘောန္တော- အိုပရိသတ်အပေါင်းတို့၊ တသ္သ မေ- ထိုငါ၏၊ ပဗ္ဗဇိတဘာဝံ- ရဟန်းအဖြစ်ကို၊ ဇာနာထ- သိကြကုန်လော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ တေသု- ထိုပရိသတ်တို့တွင်၊ ဧကော- တစ်ယောက်သော သူသည်၊ ဝိသာရဒပ္ပတ္တော- ရွံ့ရှာကြောက်ရွံ့ခြင်းကင်းသည်၏ အဖြစ်သို့ ရောက်သည်၊ ဟုတွာ- ဖြစ်၍၊ (ကထေန္တော- လျှောက်တင်လိုသည်ဖြစ်၍၊) "အဘုံ မေ ကထံ နု (ပ) တေတာဘဝိဿန္တိ"တိ- "အဘုံ မေ ကထံ နု (ပ) တေတာဘဝိဿန္တိ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၉၆) ဒေဝ- အရှင်မင်းမြတ်၊ မေ- အကျွန်ုပ်၏၊ အဘုံ- အစီးအပွားမဲ့ ဖြစ်သော စကားကို၊ ကထံကေနအာကာရဏေန- အဘယ်အကြောင်း ကြောင့်၊ ဘဏာသိနု- မိန့်ဆိုတော်မူသနည်း၊ ဒေဝ- အရှင်မင်းမြတ်၊ မေ- အကျွန်ုပ်၏၊ ဥရသိ- ရင်၌၊ သလ္လံ- ထက်စွာသော လှံကို၊ ကထံကပ္ပေသိ- အဘယ်ကြောင့် ထိုးတော်မူဘိသနည်း၊ တေ- အရှင်မင်းမြတ်အား၊ သတ္တသတာ- ခုနစ်ရာကုန်သော၊ ဘရိယာ- မိဖုရားတို့သည်။ သန္တိ- ရှိကုန်၏၊ တေ- အရှင် မင်းမြတ်၏၊ တာ- ထိုခုနစ်ရာကုန်သော မိဖုရားတို့သည်။ ကထံဘဝိဿန္တိနု- အသို့ဖြစ်ကုန်လတ္တံ့နည်း။

တတ္ထ- ထိုအဘုံမေစသော ဂါထာ၌၊ အဘုန္တိ- အဘုံဟူသည်ကား၊* အဝဍ္ဎိ- အစီးအပွားမဲ့ဖြစ်သော၊ ဥရသိ ကပ္ပေသီတိ- ဥရသိ ကပ္ပေသိဟူသည်ကား၊ ဥရသ္မိံ- ရင်၌၊ သုနိသိတခဂ္ဂေတတ္တံ- ကောင်းစွာ သွေး၍ဆေးထားအပ်သော လှံကို၊ စာရေသိ- သွားစေဘိသနည်း၊ (ဝါ) ထိုးဘိသနည်း၊ သတ္တသတာတိ- သတ္တ သတာဟူသည်ကား၊ သမဇာတိကာ- တူသောဇာတ်ရှိကုန်သော၊ ခတ္တိယကညာ- မင်းမျိုးဖြစ်သော အမျိုးသမီးတို့ကို၊ သန္ဓာယ- ရည်ရွယ်၍၊ ဧတံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်၏၊ ကထံ နု တေ တာ ဘဝိဿန္တီတိ- ကထံ နု တေ တာ ဘဝိဿန္တိဟူသည်ကား၊ တာ- ထိုအမျိုးသမီးတို့သည်၊ တဝ- သင်၏၊ ဘရိယာ- မယားတို့တည်း၊ တယိ- သင်သည်၊

* အဘုံ= အ+ဘူ၊ ဘူ-ဓာတ် ပွားစီးခြင်းအနက်၊ ဓာတ်ကိုပင် နာမ်ပုဒ်အဖြစ်အသုံးပြုထားသည်၊ ဘူ-ဓာတ်၊ အ-ပစ္စည်းဖြင့် ဘဝ-ပုဒ်သည် ပုံစံမှန် ပုဒ်ဖြစ်သည်။

ပဗ္ဗဇိတေ- ရဟန်းပြုလတ်သော်၊ အနာထာ- ကိုးကွယ်ရာမဲ့ကုန်သည်၊ နိပ္ပစ္စယာ- အထောက်အပံ့မရှိကုန်သည်၊ (ဟုတ္វာ- ဖြစ်၍၊) ကထံ- အသို့လျှင်၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့နည်း၊ ဧတာ- ထိုအမျိုးသမီးတို့ကို၊ အနာထာ- ကိုးကွယ်ရာမရှိကုန်သည်တို့ကို၊ ကတွာ- ပြု၍၊ တုမှာကံ- သင်တို့၏၊ ပဗ္ဗဇ္ဇာ နာမ- ရဟန်းအဖြစ်မည်သည်၊ န ယုတ္တာ- မသင့်၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း။

တတော- ထိုနောင်မှ၊ မဟာသတ္တော- ဘုရားလောင်း သုတသောမသည်၊ (တံဝစနံ- ထိုသူတင်လျှောက်သော စကားကို၊ ပဟာယန္တော- ပယ်တော်မူလိုသည် ဖြစ်၍။) "ပညာယိဟိန္တိ ဧတာ၊ (ပ) အဟံ ပဗ္ဗဇိဿာမိ"တိ- "ပညာယိဟိန္တိ ဧတာ၊ (ပ) အဟံ ပဗ္ဗဇိဿာမိ"ဟူသော၊ တတိယံ- သုံးခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၉၇) ဧတာ- ထိုမိဖုရားတို့သည်။ ဒဟာရာ- ပျိုနုကြကုန်သေး၏၊ ပညာယိဟိန္တိ- ထင်ကုန်လတ္တံ့၊ အညံပိ- မင်းတစ်ပါးသို့လည်း၊ တာ- ထိုမိဖုရားတို့သည်၊ ဂမိဿန္တိ- ဆည်းကပ်ကုန်လတ္တံ့၊ သဂ္ဂဥ္စ- နတ်ပြည်ကိုလည်း၊ အဟံ- ငါသည်၊ ပတ္ထယာနော- တောင့်တ၏၊ တေန- ထိုကြောင့်၊ အဟံ- ငါသည်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုအံ့။

တတ္ထ- ထိုပညာယိဟိန္တိစသော ဂါထာ၌၊ ပညာယိဟိန္တီတိ- ပညာယိဟိန္တိ ဟူသည်ကား၊* အတ္တနော- မိမိ၏၊ ကမ္မေန- ပြုအပ်သောအမှုဖြင့်၊ ပညာယိဿန္တိ- ထင်ရှားကုန်လတ္တံ့၊ အဟံ- ငါသည်၊ ဧတာသံ- ထိုအမျိုးသမီး တို့အတွက်၊ ကိံ- အဘယ်သည်၊ ဟောမိ- ဖြစ်အံ့နည်း၊ သဗ္ဗာပိ- အလုံးစုံလည်းဖြစ်ကုန်သော၊ ဧတာ- ထိုအမျိုးသမီးတို့သည်၊ ဒဟရာ- ငယ်ကုန်၏၊ အညော- အခြားသော၊ ယော ရာဇာ- အကြင်မင်းသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ တံ- ထိုမင်းသို့ ဧတာ- ထိုအမျိုးသမီးတို့သည်၊ ဂမိဿန္တိ- ရောက်ကုန်လတ္တံ့၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း။

---

* သက္ကတ၌ ဘဝိဿန္တိ-ဝိဘတ်ဟူ၍ သီးခြားမရှိ၊ ပစ္စုပ္ပန်ကာလဟော ဝတ္တမာန်ဝိဘတ်၏ ရှေ့တွင် "သျ"ဝိဘက်ဆက်လျှင် အနာဂတ်ကာလဟော ဝိဘတ်ဟောဖြစ်တော့သည်၊ ၎င်း "သျ"သည်ပါဠိ၌ "ဿ"ဟုဖြစ်ပြီး၊ ပြာကတ၌ "ဟ"ဗျည်းဖြစ်သွားသည်၊ "ဟ"သို့ပြောင်းသောအခါ နောက်ကမှီရာ "အ"သရသည် "က္က"သို့ပြောင်းရသဖြင့် "ဟိ"ဖြစ်သွားသည်၊ ကရခာတ်ဖြင့် ပုံစံ(၃)မျိုး၊ ကာသျတိ, ကဿတိ, ကာဟိတိ, ပညာယိဿန္တိ-ပါဠိပုံစံ၊ ပညာယိဟိန္တိ-ပြာကတပုံစံ။

အမစ္စာဒယော- မှူးမတ်အစရှိကုန်သော သူတို့သည်၊ ဗောဓိသတ္တဿ-ဘုရားလောင်း သုတသောမမင်းအား၊ ပဋိဝစနံ- စကားတုံ့ကို၊ ဒါတုံ- ပေးခြင်းငှာ၊ အသက္ကောန္တာ- မတတ်နိုင်ကုန်သည်ဖြစ်၍၊ တဿ- ထိုဘုရားလောင်း သုတသောမမင်း၏၊ မာတု- မယ်တော်မိဖုရား၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ တမတ္ထံ- ထိုအကြောင်းကို၊ အာရောစေသုံ- လျှောက်တင်ကြကုန်ပြီ၊ သာ- ထိုမယ်တော်မိဖုရားသည်၊ တုရိတတုရိတာ- လျင်မြန်, လျင်မြန်စွာ၊ အာဂန္တွာ- လာတော်မူ၍၊ "တာတ- ချစ်သား၊ တွံ- သင်ချစ်သားသည်၊ ပဗ္ဗဇိတုကာမော- ရဟန်းပြုခြင်းငှာ အလိုရှိသည်၊ အသိကိရ- ဖြစ်၏ဟုကြားရသည်ကား၊ သစ္စံ- မှန်သလော။" ဣတိ-ဤသို့၊ ဝတွာ- ဆို၍၊ (ပုတ္တံ- သားတော်မင်းကို၊ ပရိဝါဒေတွာ- အပြစ်တင်၍၊ ပရိဒေဝန္တော- ငိုကြွေးတမ်းတလိုသည်ဖြစ်၍၊) "ဒုလ္လဒ္ဓံ မေ အာသိ (ပ) ပဗ္ဗဇသိ ဒေဝါ"တိ- "ဒုလ္လဒ္ဓံ မေ အာသိ (ပ) ပဗ္ဗဇသိ ဒေဝ"ဟူကုန်သော၊ ဒွေဂါထာယော-နှစ်ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

(၁၉၈) သုတသောမ- သုတသောမအမည်တော်ရှိသော၊ ဒေဝ- သားတော်မင်းမြတ်၊ အဟံ- ငါသည်၊ ယဿ- အကြင်သို့သဘောရှိသော၊ တေ- သင်ချစ်သား၏၊ မာတာ- မယ်တော်သည်၊ ဟောမိ- ဖြစ်ရ၏၊ ယံယေနကာရဏေန- အကြင် အကြောင်းကြောင့်၊ မေ- ငါ၏။ ဝိလပန္တိယာ- ငိုကြွေးမြည်တမ်းစဉ်ပင်၊ အနပေက္ခာ- ငဲ့ကွက်ခြင်း မရှိ၊ တွံ- သင်ချစ်သားသည်၊ ပဗ္ဗဇသိ- ရဟန်းပြုလိုဘိ၏၊ တေနကာရဏေန- ထိုအကြောင်းကြောင့်၊ မေ- ငါ၏၊ လဘနံ- သားကို ရခြင်းသည်၊ ဒုလ္လဒ္ဓံ- မကောင်းသဖြင့် ရခြင်းမည်သည်၊ [အာသိ(အသိ)]- ဖြစ်၏။

(၁၉၉) သုတသောမ- သုတသောမအမည်ရှိသော၊ ဒေဝ- သားတော်မင်းမြတ်၊ ယံယေနကာရဏေန- အကြင်အကြောင်းကြောင့်၊ တံ- သင်ချစ်သားကို၊ အဟံ- ငါသည်၊ ဝိဇာယိဿံ- ဘွားမြင်ရ၏၊ ယံယေနကာရဏေန- အကြင် အကြောင်းကြောင့်၊ မေ- ငါ၏၊ ဝိလပန္တိယာ- ငိုကြွေးမြည်တမ်းစဉ်ပင်၊ အနပေက္ခော- ငဲ့ကွက်ခြင်း မရှိ၊ တွံ- သင်ချစ်သားသည်၊ ပဗ္ဗဇသိ- ရဟန်းပြုလိုဘိ၏၊ တေနကာရဏေန- ထိုသို့သော အကြောင်းကြောင့်၊ မေ- ငါ၏၊ လဘနံ- သားကို ရခြင်းသည်၊ ဒုလ္လဒ္ဓံ- မကောင်းသော ရခြင်းမည်သည်၊ [အာသိ(အသိ)]- ဖြစ်ရချေ၏။

တတ္ထ- ထိုဒုလ္လဒ္ဓိစသောဂါထာ၌၊ ဒုလ္လဒ္ဓန္တိ- ဒုလ္လဒ္ဓိဟူသည်ကား၊ ပုတ္တံ- သားကို၊ လဘန္တိယာ- ရသော၊ မယာ- ငါသည်၊ ဇမ္မံ- ညံ့သော၊ (ဝါ) မစူးစမ်း မဆင်ခြင်သော၊ ယံ-(ပုတ္တံ) - အကြင်သားကို၊ လဒ္ဓံ- ရအပ်ပြီ၊ ဧတံ- ဤမကောင်းသော သားကို ရခြင်းသည်၊ ဒုလ္လဒ္ဓံ- မကောင်းသဖြင့် ရခြင်းတည်း၊ ယံ မေတိ- ယံ မေဟူသည်ကား၊ ယေန ကာရဏေန- အကြင်အကြောင်းကြောင့်၊ မယိ- ငါသည်၊ နာနပ္ပကာရကံ- အထူးထူး အပြားပြား၊ ဝိပလန္တိယာ- မြည်တမ်း ရေရွတ်နေစဉ်၊ တွံ- သင်သည်၊ ပဗ္ဗဇိတုံ- ရဟန်းပြုခြင်းငှာ၊ ဣစ္ဆသိ- အလိုရှိဘိ၏၊ တေန ကာရဏေန- ထိုအကြောင်းကြောင့်၊ တာဒိသဿ- ထိုသို့သဘောရှိသော၊ ပုတ္တဿ- သားကို၊ လဘနံ- ရခြင်းသည်၊ မမ- ငါ့အတွက်၊ ဒုလ္လဒ္ဓံ နာမ- မကောင်သဖြင့် ရခြင်းမည်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့၊ ပရိဒေဝမာနာယပိ- နှစ်ဂါထာတို့ဖြင့် ငိုကြွေးတမ်းတပါသော်လည်း၊ ဗောဓိသတ္တော- ဘုရားလောင်း သုတသောမမင်းသည်၊ မာတရာ- မယ်တော်နှင့်၊ သဒ္ဓိံ- အတူတကွ၊ ကိဉ္စိ- တစ်စုံတစ်ခုသော စကားကို၊ န ကထေသိ- ပြောဆိုတော်မမူ၊ သော- ထိုမယ်တော်သည်၊ ရောဒိတွာ- ငိုကြွေးတမ်းတ၍၊ သယမေဝ- အလိုလိုသာလျှင်၊ ဧကမန္တံ- တင့်သင့်လျောက်ပတ်သော အရပ်၌၊ အဋ္ဌာသိ- တည်နေပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုဘုရားလောင်း သုတသောမမင်း၏၊ ပိတု- ခမည်းတော် ပြဟ္မဒတ်မင်းကြီးအား၊ အာရောစေသုံ- လျှောက်ကြားကြကုန်ပြီ၊ သော- ထိုခမည်းတော် ပြဟ္မဒတ်မင်းကြီးသည်၊ အာဂန္ဒာ- လာတော်မူ၍၊ (ပုတ္တံ- သားတော်မင်းကို၊ ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍။) "ကော နာမေ' သော (ပ) ပဗ္ဗဇသိ ဒေဝ"တိ- "ကော နာမေ' သော (ပ) ပဗ္ဗဇသိ ဒေဝ"ဟူသော၊ တာဝ- ရှေးဦးစွာ၊ ဧကံဂါထံ- တစ်ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၀၀) သုတသောမ- သုတသောမအမည်ရှိသော၊ ဒေဝ- သားတော်မင်းမြတ်၊ ယံယေနကာရဏေန- အကြင် အကြောင်းကြောင့်၊ နော- ငါတို့၏၊ ပုတ္တော- သားဖြစ်သော၊ တွံ- သင်ချစ်သားသည်၊ ဇိဏ္ဏေ- အိုမင်းကုန်သော၊ အမှေ- ငါတို့ကို၊ အနပေက္ခော- ငဲ့ကွက်ခြင်း မရှိ၊ ပဟာယ- စွန့်၍၊ ပဗ္ဗဇသိ- ရဟန်းပြုလိုဘိ၏၊ တေနကာရဏေန- ထိုအကြောင်းကြောင့်၊ တံ- သင်ချစ်သားကို၊ ဝဒါမိ- ဆိုအံ့၊ တဝ- သင်ချစ်သား၏၊ ဧသောဓမ္မော- ဤအိုမင်းသည်ဖြစ်၍ မွေးမြူတုံ့မွေးမြူလင့်သော မိဘတို့ကို မငဲ့မကွက် တောထွက်

တော်မူလိုခြင်း အကျင့်သည်၊ ကောနာမ- အဘယ်အကျင့်မည်သနည်း၊ ပဗ္ဗဇ္ဇာ- ရဟန်းပြုခြင်းသည်၊ ကာစနာမ- အဘယ်မည်သော အကျိုးရှိသနည်း။

တတ္ထ- ထိုကော နာမေသောစသော ဂါထာ၌၊ ယံ နော အမ္မေတိ- ယံ နော အမ္မဟူသည်ကား၊ ယံ တွံ- အကြင်သင်သည်၊ အမှာက- ငါတို့၏၊ ပုတ္တော- သားသည်၊ သမာနော- ဖြစ်ပါလျက်၊ ဇိဏ္ဏေ- အိုမင်းသော၊ အမ္မေ- ငါတို့ကို၊ ပဋိဇဂ္ဂိတဗ္ဗကာလေ- ပြုစုလုပ်ကျွေးသင့်သော အချိန်၌၊ အပ္ပဋိဇဂ္ဂိတွာ- မပြုစု မလုပ်ကျွေးမူ၍၊ ပပါတေ- ချောက်၌၊ သိလံ- ကျောက်ကို၊ ပဝဋ္ဋေန္တော ဝိယ- လှိမ့်ချဘိသကဲ့သို့၊ ဆဍ္ဍေတွာ- စွန့်၍၊ အနပေက္ခော- ငဲ့ကွက်ခြင်း မရှိမူ၍၊ ပဗ္ဗဇသိ- ရဟန်းပြုလိုဘိ၏၊ တေန- ထို့ကြောင့်၊ တံ- သင်ချစ်သားကို၊ ဝဒါမိ- ငါဆို၏၊ တဝ- သင်၏၊ ဧသော ဓမ္မော- ထိုတရားဟူသည်၊ ကော နာမ- အဘယ်မည်သော တရားနည်း၊ ဣတိ- ဤကား၊ အဓိပ္ပါယော- အဓိပ္ပါယ်တည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ မဟာသတ္တော- ဘုရားလောင်း သုတသောမမင်းသည်၊ တုဏှီ- ဆိတ်ဆိတ်၊ အဟောသိ- ဖြစ်ပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုသားတော်မင်းကို၊ ပိတာ- ခမည်းတော်မင်းကြီးသည်၊ "တာတသုတသောမ- ချစ်သား သုတသောမ၊ မာတာပိတူသု- မယ်တော်, ခမည်းတော်တို့၌၊ တေ- သင်ချစ်သား၏၊ သိနေဟော- ချစ်မြတ်နိုးခြင်းသည်၊ သစေပိ နတ္ထိ- အကယ်၍ မရှိစေသည်ဖြစ်စေဦး၊ တေ- သင်ချစ်သား၏၊ တရုဏာ- နုပျိုကုန်သော၊ ပုတ္တဓီတရော- သားသမီးတို့သည်၊ ဗဟူ- များကုန်၏၊ တယာ- သင်ချစ်သားနှင့်၊ ဝိနာ- ကင်း၍၊ ဝတ္တိတုံ- လူဖြစ်ခြင်းငှာ၊ န သက္ခိဿန္တိ- မစွမ်းနိုင်ကုန်လတ္တံ့၊ တေသံ- ထိုသားတော်သမီးတော်တို့၏၊ ဝုဍ္ဍိပ္ပတ္တကာလေ- ကြီးခြင်းသို့ ရောက်သောအခါ၌၊ ပဗ္ဗဇိဿသိ- ရဟန်းပြုရပါလတ္တံ့၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ (ကာရဏံ- အကြောင်းကို၊ ကထေန္တော- ပြောကြားလိုသည်ဖြစ်၍၊) "ပုတ္တာပိ တုယှံ ဗဟဝေါ၊ (ပ) မဉ္စေ ဒုက္ခံ နိဂစ္ဆန္တိ"တိ- "ပုတ္တာပိ တုယှံ ဗဟဝေါ၊ (ပ) မဉ္စေ ဒုက္ခံ နိဂစ္ဆန္တိ-ဟူသော၊ သတ္တမံ- ခုနစ်ခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၀၁) တာတသုတသောမ- ချစ်သားသုတသောမ၊ မဥ္ဇု- သာယာချိုသောအသံရှိကုန်ထသော၊ [အပ္ပတ္တယောဗ္ဗနာ(အပတ္တယောဗ္ဗနာ)]- အရွယ်သို့မရောက်ကုန်သေးသော၊ ဒဟရာ- ပျိုနုကုန်သော၊ ဗဟဝေါ- များကုန်သော၊

ပုတ္တာပိ- သားသမီးတို့သည်လည်း၊ တုယှံ- သင်ချစ်သားအား၊ သန္တိ- ရှိကုန်၏၊ တေပိ- ထိုသားတော်သမီးတော်တို့သည်လည်း၊ တံ- သင်ချစ်သားကို၊ အပဿန္တာ- မမြင်ရကုန်သည်ရှိသော်၊ ဒုက္ခံ- ကိုယ်စိတ်၏ ဆင်းရဲခြင်းသို့၊ နိဂစ္ဆန္တိမညေ- ရောက်ကုန်လတ္တံ့သည်ဟု ငါထင်မိ၏။

တတ္ထ- ထိုပုတ္တာပိစသော ဂါထာ၌၊ မဥ္ဇုကာတိ- မဥ္ဇုဟူသည်ကား၊ မဓုရဝစနာ- ချိုမြိန်သော အသံရှိကုန်သော၊ နိဂစ္ဆန္တီတိ- နိဂစ္ဆန္တိဟူသည်ကား၊ နိဂစ္ဆိဿန္တိ- ရောက်ကုန်လတ္တံ့၊ ကာယိကစေတသိကဒုက္ခံ- ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းကို၊ ပဋိလဘိဿန္တိ- ရကုန်လတ္တံ့၊ ဣတိ- ဤသို့၊ မညာမိ- ငါထင်၏။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ မဟာသတ္တော- ဘုရားလောင်း သုတသောမ မင်းသည်၊ (ပိတု- ခမည်းတော်ပြဟ္မဒတ်မင်းကြီးအား၊ ဓမ္မံ- တရားကို၊ ဒေသေန္တော- ဟောတော်မူလိုသည်ဖြစ်၍၊) "ပုတ္တေဟိ စ မေ (ပ) ဝိနာဘာဝေါ"- တိ- "ပုတ္တေဟိ စ မေ (ပ) ဝိနာဘာဝေါ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၀၂) တာတ- ခမည်းတော်၊ ဒဟရေဟိ- ပျိုနုကုန်ထသော၊ [အပ္ပတ္တယောဗ္ဗနေဟိ (အပတ္တယောဗ္ဗနေဟိ)]- အရွယ်သို့ မရောက်ကုန်သေးသော၊ မဥ္ဇုဟိ- သာယာချေသော ပြောဆိုသံရှိကုန်သော၊ သဗ္ဗေဟိပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ ဧတေဟိပုတ္တေဟိစ- ထိုသားတော် သမီးတော်တို့နှင့်လည်းကောင်း၊ တုမှေဟိစ- ခမည်းတော်တို့နှင့် လည်းကောင်း၊ စိရံ- ရှည်မြင့်စွာ၊ ဌတွာပိ- အတူတကွ နေရသော်လည်း၊ မေ- အကျွန်ုပ်အား၊ ဝိနာဘာဝေါ- ပျက်စီးခြင်း သဘောရှိသည်သာလျှင်တကား။

တတ္ထ- ထိုပုတ္တေဟိစသော ဂါထာ၌၊ သဗ္ဗေဟိပိ တုမှေဟီတိ- သဗ္ဗေဟိပိ တုမှေဟိဟူသည်ကား၊ တာတ- ဖခင်၊ ကေဝလံ- သက်သက်၊ ပုတ္တေဟေဝ ပုတ္တေ-ဟိဧဝ- သားတို့နှင့်သာလျှင်၊ (ဝိနာဘာဝေါ- ကွေကွင်းရခြင်းသဘောရှိသည်၊) န-မဟုတ်သေး၊ အထ ခေါ- စင်စစ်သော်ကား၊ တုမှေဟိပိ- သင်မိခင်ဘခင်တို့နှင့် လည်းကောင်း၊ အညေဟိ- အခြားကုန်သော၊ သဗ္ဗသင်္ခါရေဟိပိ- အလုံးစုံသော သင်္ခါရတရားတို့နှင့်လည်းကောင်း၊ စိရံ- ကြာမြင့်စွာ၊ ဌတွာပိ- တည်၍လည်း၊ ဒီဃမဒ္ဓါနံ- ရှည်လျားသော ကာလပတ်လုံး၊ ဌတွာပိ- တည်၍လည်း၊ ဝိနာဘာဝေါ- ကွေကွင်းရခြင်း သဘောသည်၊ နိယတောဝ- မြဲသည်သာ၊ ဟိ- မှန်၏၊ သကလသ္မိမ္ပိ- အလုံးစုံလည်းဖြစ်သော၊ လောကသန္နိဝါသေ- လောက၌ အတူတကွ နေထိုင်ကြကုန်သော

ပုဂ္ဂိုလ်အပေါင်း၌၊ ဧကသဒ္ဒါရောပိ- ပုဂ္ဂိုလ်သတ္တဝါတစ်ဦး တစ်ယောက်မျှလည်း၊ နိစ္စော နာမ- မြဲသည်မည်သည်၊ နတ္ထိ- မရှိ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့၊ မဟာသတ္တော- ဘုရားလောင်း သုတသောမမင်းသည်၊ ပိတု- ခမည်းတော်ပြဟ္မဒတ်မင်းကြီးအား၊ ဓမ္မကထံ- တရားစကားကို၊ ကထေသိ- ဟော တော်မူပြီ၊ သော- ထိုခမည်းတော်ပြဟ္မဒတ်မင်းကြီးသည်၊ တဿ- ထိုသားတော် သုတသောမမင်း၏၊ ဓမ္မကထံ- တရားစကားကို၊ သုတွာ- ကြားရ၍၊ တုဏှီ- ဆိတ်ဆိတ်၊ အဟောသိ- ဖြစ်ပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုဘုရားလောင်း သုတသောမမင်း၏၊ သတ္တသတာနံ- ခုနစ်ရာကုန်သော၊ ဘရိယာနံ- မိဖုရားတို့အား၊ အာရောစယိံသု- ကြားကြလေကုန်ပြီ၊ တာစ- ထိုမိဖုရားတို့သည်လည်း၊ ပါသာဒါ- ပြာသာဒ်ထက်မှ၊ ဩရုယှ- သက်ဆင်းကုန်ပြီး၍၊ တဿ- ထိုဘုရားလောင်း သုတသောမမင်း၏၊ သန္တိကံ- အထံတော်သို့၊ ဂန္တွာ- လာကုန်၍၊ ဂေါပ္ဖကေသု- ဖမျက်တော်တို့၌၊ ဂဟေတွာ- ကိုင်ကုန်၍၊ ပရိဒေဝမာနာ- ငိုကြွေးကုန်သည်ဖြစ်၍။ "ဆိန္နံ နု တုယှံ ဟဒယံ၊ (ပ) ပဗ္ဗဇသိ ဒေဝါ" တိ- "ဆိန္နံ နု တုယှံ ဟဒယံ၊ (ပ) ပဗ္ဗဇသိ ဒေဝ" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟံသု- ဆိုကုန်ပြီ။

(၂၀၃) ဒေဝ- အရှင်မင်းမြတ်၊ ယံယေနကာရဏေန- အကြင်အကြောင်း ကြောင့်၊ နော- အကျွန်ုပ်တို့၏၊ ဝိကန္ဒန္တိယော- ငိုကြွေးကုန်စဉ်၊ အနပေက္ခော- ငဲ့ကွက်ခြင်းရှိတော်မမူဘဲ၊ တွံ- အရှင်မင်းမြတ်သည်၊ ပဗ္ဗဇသိ- ရဟန်းပြု တော်မူလို ဘိ၏၊ တေနကာရဏေန- ထိုအကြောင်းကြောင့်၊ တံ- အရှင် မင်းမြတ်ကို၊ မယံ- အကျွန်ုပ်တို့သည်၊ ဝဒါမိ- တင်လျှောက်ပါကုန်အံ့၊ အမှေသု- အကျွန်ုပ်တို့၌၊ တုယှံ- အရှင်မင်းမြတ် ၏၊ ဟဒယံ- မေတ္တာနှင့် ယှဉ်သော စိတ်တော်သည်၊ ဆိန္နံနု- ဖြတ်တော်မူသလော၊ အဒု- ထိုသို့ မဟုတ်မူကား၊ ကရုဏာစ- စုံမက်သနားတော်မူခြင်းသည်လည်း၊ နတ္ထိ- မရှိအလျှင်း ကင်းတော်မူချေပြီ။

တဿ- ထိုဆိန္နံစသော ဂါထာ၏၊ အတ္ထော- အနက်ကား၊ သာမိ သုတသောမ- အရှင်သုတသောမမင်း၊ အမှေ- ငါတို့ကို၊ ဝိဓဝါ- လင်ကင်းသူတို့ကို၊ (ဝါ)မုဆိုးမတို့ကို၊ ကတွာ- ပြု၍၊ ဂစ္ဆန္တဿ- သွားသောသင့်မှာ၊ အပ္ပမတ္တကဿပိ- အနည်းငယ်မျှလည်းဖြစ်သော၊ သိနေဟဿ- ငါတို့အပေါ် ချစ်ခြင်း၏၊ အဘာဝေန- မရှိခြင်းကြောင့်၊ တဝ- သင်၏၊ ဟဒယံ- စိတ်နှလုံးသည်၊ အမှေသု- ငါတို့၌၊ ဆိန္နံ နု-

ပြတ်သလော၊ ဥဒါဟု- ထိုသို့မဟုတ်၊ ကရုဏာယ- ကရုဏာ၏၊ အဘာဝေန- မရှိခြင်းကြောင့်၊ ကာရုညံ ဝါ- ငါတို့အပေါ်၌သနားသည်၏အဖြစ်သည်မူလည်း၊ နတ္ထိ- မရှိသလော၊ ယံ တွံ- အကြင်သင်သည်၊ ဧဝံ- ဤသို့၊ ဝိကန္ဒန္တိယော- ငိုကြွေး၍ နေကုန်သော၊ နော- ငါတို့ကို၊ ပဟာယ- စွန့်၍၊ ပဗ္ဗဇသိ- ရဟန်းပြုဘိ၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

မဟာသတ္တော- ဘုရားလောင်းသုတသောမမင်းသည်၊ ပါဒမူလေ- ခြေရင်း၌၊ ပရိဝတ္တိတွာ- လူးလဲ၍၊ ပရိဒေဝမာနာနံ- ငိုကြွေးကြကုန်သော၊ တာသံ- ထိုမိဖုရားတို့၏၊ ပရိဒေဝနသဒ္ဒံ- ငိုကြွေးသံကို၊ သုတွာ- ကြား၍၊ (တာသံ- ထိုမိဖုရားတို့အား၊ ဓမ္မကထေန- တရားစကားဖြင့်၊ တောသေန္တော- နှစ်သိမ့်စေလိုသည်ဖြစ်၍၊) "န စ မယှံ ဆိန္န (ပ) အဟံ ပဗ္ဗဇိဿာမိ"တိ- "န စ မယှံ ဆိန္န (ပ) အဟံ ပဗ္ဗဇိဿာမိ" ဟူသော၊ အနန္တရံ- အခြားမဲ့ဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၀၇) ဘဂိနိယော- နှမတို့၊ တုမ္ဟေသု- သင်တို့၌၊ မယှံ- ငါ၏၊ ဟဒယဥ္စ- မေတ္တာနှင့် ယှဉ်သော စိတ်သည်လည်း၊ နဆိန္နံ- မပြတ်မကင်း မရှင်းပါ၊ မယှံ- ငါ့အား၊ တုမ္ဟေသု- သင်တို့၌၊ ကရုဏာပိ- သနားစုံမက်ခြင်းသည်လည်း၊ အတ္ထိ- ရှိပါ၏၊ ယသ္မာ- အကြင့်ကြောင့်၊ အဟံ- ငါသည်။ သဂ္ဂဥ္စ- နတ်ပြည်ကိုလည်း၊ ပတ္ထယာနော- တောင့်တတော်မူ၏၊ တေန- ထိုကြောင့်၊ အဟံ- ငါသည်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုပေအံ့။

တတ္ထ- ထို န စ မယှံစသော ဂါထာ၌၊ သဂ္ဂဥ္စာတိ- သဂ္ဂဥ္စဟူသည်ကား၊ အဟံ- ငါသည်၊ သဂ္ဂဥ္စ- နတ်ပြည်ကိုလည်း၊ ပတ္ထယန္တော- တောင့်တသည်ဖြစ်၍၊ ယသ္မာ- အကြင့်ကြောင့်၊ အယံ ပဗ္ဗဇ္ဇာ နာမ- ဤရဟန်း၏အဖြစ်မည်သည်၊ ဗုဒ္ဓါဒီဟိ- ဘုရားအစရှိသော ပုဂ္ဂိုလ်တို့သည်၊ ဝဏ္ဏိတာ- ချီးမွမ်းအပ်၏၊ တသ္မာ- ထို့ကြောင့်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုအံ့၊ တုမ္ဟေ- သင်တို့သည်၊ မာ စိန္တယိတ္ထ- တောင်တောင် အီအီ မကြံစည်ကြကုန်လင့်၊ ဣတိ- ဤသို့၊ တာ- ထိုမယားတို့ကို၊ အဿာသေသိ- သက်သာရာ ရစေပြီ။

အထ- ထိုအခါ၌၊ အဿ- ထိုဘုရားလောင်း သုတသောမမင်း၏၊ အဂ္ဂမဟေသိယာ- မိဖုရားကြီးအား၊ အာရောစေသုံ- လျှောက်တင်ကြကုန်ပြီ သာ- ထိုမိဖုရားကြီးသည်၊ ဂရုဘာရာ- လေးသော ကိုယ်ဝန်ရှိသည်ဖြစ်၍၊ ပရိပုဏ္ဏဂဗ္ဘာ- ပြည့်သော ကိုယ်ဝန်သည်၊ သမာနာပိ- ရှိသော်လည်း၊ အာဂန္တွာ- လာ၍၊ မဟာသတ္တံ- ဘုရားလောင်း

သုတသောမမင်းကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ ဧကမန္တံ- တင့်အပ်လျောက်ပတ်စွာ၊ ဌိတာ- ရပ်လျက်၊ (ရောဒိတွာ- ငိုကြွေးတမ်းတ၍၊ နိသေဓေန္တော- တားမြစ်လိုသည်ဖြစ်၍။) "ဒုလ္လဒ္ဓံ မေ အာသိ (ပ) ဒုက္ခာနိ အဒ္ဒက္ခိ"န္တိ- "ဒုလ္လဒ္ဓံ မေ အာသိ (ပ) ဒုက္ခာနိ အဒ္ဒက္ခိ"ဟူကုန်သော၊ တိဿော ဂါထာယော- သုံးဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

(၂၀၅) သုတသောမ- သုတသောမအမည်တော်ရှိသော၊ ဒေဝ- အရှင်မင်းမြတ်၊ အဟံ- အကျွန်ုပ်သည်၊ ယဿ- အကြင်သို့ သဘောရှိသော၊ တေ- အရှင်မင်းမြတ်၏၊ ဘရိယာ- မိဖုရားကြီးသည်။ ဟောမိ- ဖြစ်ရ၏၊ ယံယသ္မာကာရဏာ- အကြင်အကြောင်းကြောင့်၊ ဝိလပန္တိယာ- ငိုကြွေးမြည်တမ်းသော၊ မေ- အကျွန်ုပ်အား၊ အနပေက္ခော- ငဲ့ကွက်တော်မမူဘဲ၊ တွံ- အရှင်မင်းမြတ်သည်၊ ပဗ္ဗဇသိ- ရဟန်းပြုလိုဘိ၏၊ တသ္မာ- ထို့ကြောင့်။ မေမမ- အကျွန်ုပ်၏၊ လဒ္ဓံ- မိဖုရားကြီးအရာကိုရခြင်းသည်၊ ဒုလ္လဒ္ဓံ- မကောင်းသော ရခြင်းသည်၊ [အာသိ(အသိ)]- ဖြစ်၏။

(၂၀၆) သုတသောမ- သုတသောမအမည်တော်ရှိသော၊ ဒေဝ- အရှင်မင်းမြတ်၊ ယံယသ္မာကာရဏာ- အကြင် အကြောင်းကြောင့်၊ မေ- အကျွန်ုပ်၏၊ ကုစ္ဆိပဋိသန္ဓိံ- ဝမ်း၌တည်သော ပဋိသန္ဓေကို၊ အနပေက္ခာ- ငဲ့ကွက်ခြင်းကင်းတော်မူသည်ဖြစ်၍၊ တွံ- အရှင်မင်းမြတ်သည်၊ ပဗ္ဗဇသိ- ရဟန်းပြုတော်မူလိုဘိ၏၊ တသ္မာ- ထို့ကြောင့်၊ ယဿ- အကြင်သို့သဘောရှိသော၊ တေ- အရှင်မင်းမြတ်၏၊ ဘရိယာ- မိဖုရားကြီးဖြစ်သော၊ အဟံ- အကျွန်ုပ်သည်၊ တံ- အရှင်မင်းမြတ်ကို၊ ဝဒါမိ- တင်လျှောက်ပါအံ့၊ မေ- အကျွန်ုပ်သည်၊ ယံအဂ္ဂမဟေသိဋ္ဌာနံ- အကြင် မိဖုရားကြီးအရာကို၊ လဒ္ဓံ- ရအပ်၏၊ တံ- ထိုမိဖုရားကြီးအရာကို ရခြင်းသည်၊ ဒုလ္လဒ္ဓံ- မကောင်းသော ရခြင်းသည်၊ [အာသိ(အသိ)]- ဖြစ်ရချေ၏။

(၂၀၇) ဒေဝ- အရှင်မင်းမြတ်၊ မေ- အကျွန်ုပ်၏၊ ကုစ္ဆိဂတော- ဝမ်း၌တည်သော၊ ဂဗ္ဘော- ကိုယ်ဝန်သည်၊ ပရိပက္ကော- ရင့်ပါပြီ၊ ယာဝ- အကြင်မျှလောက်၊ နံ- ထိုသူငယ်ကို၊ ဝိဇာယာမိ- ဖွားမြင်ပါလတ္တံ့၊ တာဝ- ထိုသူငယ်ဖွားမြင်ရုံ၊ အဓိဝါသေဟိ- သည်းခံတော်မူပါလော၊ ပစ္ဆာ- နောက်ကာလမှ၊ အဟံ- အကျွန်ုပ်သည်၊ ဝိဓဝါ- မုဆိုးမဖြစ်၍၊ ဧကာ- တစ်ယောက်ထည်းတည်း၊ ဒုက္ခာနိ- ဆင်းရဲတို့ကို၊ မာအဒ္ဒက္ခိံ- မမြင်ရပါစေလင့်။

တတ္ထ- ထိုဒုလ္လဒ္ဓိစသော ဂါထာတို့၌၊ ယံ မေတိ- ယံ မေဟူသည်ကား၊ ယသ္မာ- အကြင့်ကြောင့်၊ မမ- ငါ၏၊ ဝိလပန္တိယာ- ငိုကြွေးမြည်တမ်းနေစဉ်၊ တွံ- သင်သည်၊ အနပေက္ခော- ငဲ့ကွက်ခြင်း မရှိမူ၍၊ ပဗ္ဗဇသိ- ရဟန်းပြုဘိ၏၊ တသ္မာ- ထို့ကြောင့်၊ မယာ- ငါသည်၊ တဝ- သင်၏၊ သန္တိကာ- အထံမှ၊ အဂ္ဂမဟေသိဋ္ဌာနံ- မိဖုရားခေါင်ကြီး ရာထူးကို၊ ယံ လဒ္ဓံ- အကြင်ရအပ်ပြီ၊ တံ- ထိုမိဖုရားခေါင်ကြီး ရာထူးကို ရခြင်းသည်၊ ဒုလ္လဒ္ဓမေဝ- မကောင်းသဖြင့် ရအပ်သည်သာ၊ အာသိ- ဖြစ်ခဲ့ပြီ၊ ဒုတိယဂါထာယ- ဒုတိယဂါထာ၌၊ ယသ္မာ- အကြင့်ကြောင့်၊ တွံ- သင်သည်၊ ကုစ္ဆိပဋိသန္ဓိ- ဝမ်း၌ ပဋိသန္ဓေ ရှိသော၊ မံ- ငါ့ကို၊ ပဟာယ- စွန့်၍၊ အနပေက္ခော- မငဲ့ကွက်မူ၍၊ ပဗ္ဗဇသိ- ရဟန်းပြု၏၊ တသ္မာ- ထို့ကြောင့်၊ မယာ- ငါသည်၊ တဝ- သင်၏၊ ဘရိယတ္တံ- မယား၏အဖြစ်ကို၊ ယံ လဒ္ဓံ- အကြင်ရအပ်၏၊ တံ- ထိုမယား၏အဖြစ်ကိုရခြင်းသည်၊ မေ- ငါ့အဖို့ ဒုလ္လဒ္ဓံ- မကောင်းသဖြင့် ရခြင်းတည်း၊ က္လတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ယာဝ နန္တိ- ယာဝ နံဟူသည်ကား၊ ယာဝ- အကြင်မျှလောက်၊ အဟံ- ငါသည်၊ တံ ဂဗ္ဘံ- ထိုကိုယ်ဝန်ကို၊ ဝိဇာယာမိ- ဖွားပါ၏၊ တာဝ- ထိုမျှလောက်၊ အဓိဝါသေဟိ- သည်းခံပါ၏လော၊ က္လတိ- ဤကား၊ အတ္ထော- အနက်တည်း။

တတော- ထို့နောင်မှ၊ မဟာသတ္တော- ဘုရားလောင်း သုတသောမမင်းသည်။ (အဂ္ဂမဟေသိယာ- မိဖုရားကြီး၏၊ ဝစနံ- စကားကို၊ ပဋိက္ခိပေန္တော- ပယ်လိုသည် ဖြစ်၍။) "ပရိပက္ကော တေ (ပ) တံ ဟိတွာ ပဗ္ဗဇိဿာမိ"တိ- "ပရိပက္ကော တေ (ပ) တံ ဟိတွာ ပဗ္ဗဇိဿာမိ" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၀၈) ဒေဝီ- မိဖုရား၊ တေ- ရှင်မိဖုရား၏၊ ကုစ္ဆိဂတော- ဝမ်း၌ တည်သော၊ ဂဗ္ဘော- ကိုယ်ဝန်သည်၊ ပရိပက္ကောစ- ရင့်သည်သာလျှင်တည်း၊ က္လယ်- ငါတိုက်တွန်းအံ့၊ အနောမဝဏ္ဏံ- မယုတ်မမာ လှပစွာသော အဆင်းရှိထသော၊ ပုတ္တံ- ထိုသားတော်ကို၊ ဝိဇာယဿု- ဘွားမြင်ရစ်လော၊ တံပုတ္တံ- ထိုရှင်မိဖုရားနှင့် တကွသော သားတော်ကို၊ ဟိတွာ- စွန့်၍၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုတော့အံ့။

တတ္ထ- ထိုပရိပက္ကောစသော ဂါထာ၌၊ ပုတ္တန္တိ- ပုတ္တံဟူသည်ကား၊ ဘဒ္ဒေ- ရှင်မ၊ တဝ- သင်၏၊ ဂဗ္ဘော- ကိုယ်ဝန်သည်၊ ပရိပက္ကော- ရင့်၏၊ က္လတိ- ဤသို့၊ ဇာနာမိ- ငါသိ၏၊ တွံ ပန- သင်သည်ကား၊ ဝိဇာယမာနာ- ဖွားသည်ရှိသော်၊ ပုတ္တံ- သားကို၊ ဝိဇာယိဿသိ- ဖွားလတ့်၊ ဓီတရံ- သမီးကို၊ န(ဝိဇာယိဿသိ)- မဖွားလတ့်၊

သာ တွံ- ထိုသင်မိဖုရားသည်၊ သောတ္ထိနာ- ချမ်းသာစွာ၊ ပုတ္တံ- သားကို၊ ဝိဇာယဿု- ဖွားမြင်လော၊ အဟံ ပန- ငါသည်ကား၊ သဒ္ဓိံ- အတူ၊ တယာ- သင်နှင့်၊ တံ ပုတ္တံ- ထိုသားကို၊ ဟိတွာ- စွန့်၍၊ ပဗ္ဗဇိဿာမိယေဝ- ရဟန်းပြုအံ့သည်သာတည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

သာ- ထိုမိဖုရားကြီးသည်၊ တဿ- ထိုဘုရားလောင်း သုတသောမမင်း၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ သောကံ- စိုးရိမ်ခြင်းကို၊ သန္ဓာရေတုံ- ချုပ်တည်းခြင်းငှာ၊ အသက္ကောန္တီ- မတတ်နိုင်သည်ဖြစ်၍၊ "ဒေဝ- အရှင်မင်းမြတ်၊ ဒါနိ- ယခုအခါ၌၊ ဣတော- ဤနေ့မှ၊ ပဋ္ဌာယ- စ၍၊ အမှာကံ- အကျွန်ုပ်တို့အား၊ သိရီနာမ- ဘုန်းကျက်သရေမည်သည်၊ နတ္ထိ- မရှိပြီ၊" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) ဥဘောဟိ ဟတ္ထေဟိ- လက်နှစ်ဖက်တို့ဖြင့်၊ ဟဒယံ- ရင်ကို၊ ဓာရယမာနာ- မ,လျက်၊ အဿူနိ- မျက်ရည်တို့ကို၊ မုဉ္စန္တီ- ယိုစီးလျက်၊ မဟာသဒ္ဒေန- ကြီးစွာသော အသံဖြင့်၊ ပရိဒေဝိ- ငိုကြွေးပြီ၊ အထ- ထိုသို့ ငိုကြွေးသောအခါ၌၊ မဟာသတ္တော- ဘုရားလောင်း သုတသောမ မင်းသည်၊ နံ- ထိုမိဖုရားကြီးကို၊ သမဿာသေန္တော- နှစ်သိမ့်စေလိုသည်ဖြစ်၍၊ "မာ တွံ စန္ဒေ ရုဒိ၊ (ပ) အဟံ ဂမိဿာမိ"တိ- "မာ တွံ စန္ဒေ ရုဒိ၊ (ပ) အဟံ ဂမိဿာမိ"- ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

> (၂၀၉) ဝနတိမိရမတ္တက္ခိ- ညိုသင့်ရာဝယ် အောက်မည်းပွင့်ညိုလိုလို စိမ်းလဲ့ညိုသော မျက်လုံးရှိထသော၊ စန္ဒေ- ရှင်မစန္ဒာတောင်ညာတင်ထား မိဖုရား၊ တွံ- ရှင်မိဖုရားသည်၊ မာရုဒိ- မငိုကြွေးပါလင့်၊ မာသောစိ- မစိုးရိမ်ပါလင့်၊ ဝရပါသာဒံ- ရွှေပြာသာဒ်တော်သို့ အာရောဟ- တက်ပါလော၊ အဟံ- ငါသည်၊ အနပေက္ခော- ငဲ့ကွက်ခြင်း မရှိ၊ ဂမိဿာမိ- သွားတော့အံ့။

တတ္ထ- ထို မာ တွံစသော ဂါထာ၌၊ **မာ တွံ စန္ဒေ** ရုဒီတိ- မာ တွံ စန္ဒေ ရုဒိ ဟူသည်ကား၊ ဘဒ္ဒေ စန္ဒာဒေဝိ- ရှင်မစန္ဒာဒေဝီ၊ တွံ- သင်သည်၊ မာ ရောဒိ- မငိုပါလင့်၊ မာ သောစိ- မပူဆွေးပါလင့်၊ ဝနတိမိရမတ္တက္ခီတိ- ဝနတိမိရမတ္တက္ခိဟူသည်ကား၊* ဂိရိကဏ္ဏိကပုပ္ဖသမာနနေတ္တေ- အောင်မဲညိုပန်းအဆင်းနှင့် တူသော မျက်လုံးရှိ

---

* ဝနတိမိရမတ္တက္ခိ= ဝန-တော၊ တိမိရ-အမိုက်မှောင်၊ မတ္တ-မျှ၊ တော၏ အမိုက်မှောင် ကဲ့သို့ဟု အဓိပ္ပါယ်ရ၏၊ မတ္တ- နေရာ၌ ပတ္တ-ဟုမူ ကွဲရှိသေး၏၊ သက္ကတ-တိမိရ-သဒ္ဒါ သစ်ပင်တစ်မျိုးကိုလည်းဟော၏၊ ဦးဟုတ်စိန်အဘိဓာန်၌ ကျဉ်းပန်း-ဟု ဘာသာပြန်ထား၏၊ ရှေ့က ဝန-ပုဒ်နှင့်တွဲ၍ "တောကျဉ်းပန်း"ဟု အနက်ယူပြီး ထိုတောကျဉ်းပန်းပန်၏ အရွက်ကဲ့သို့

သောအိုအရှင်မ၊ ပါဠိုယံ ပန- ပါဠိ၌ကား၊ "ကောဝိဋ္ဌာရတမ္ဗက္ခီ"တိ- ကောဝိဋ္ဌာရ တမ္ဗက္ခိဟူ၍၊ လိခိတံ- ရေးအပ်ပြီ၊ တဿာ- ထိုပါဠိ၏၊ ကောဝိဋ္ဌာရပုပ္ဖ ဝိယ- ပင်လယ်ကသစ်ပွင့်ကဲ့သို့၊ တမ္ဗနေတ္တော- နီမြန်းသော မျက်လုံးရှိသော ရှင်မ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

သာ- ထိုမိဖုရားကြီးသည်၊ တဿ- ထိုဘုရားလောင်း သုတသောမမင်း၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ ဌာတုံ- တည်တံ့ခြင်းငှာ၊ အသက္ကောန္တီ- မတတ်နိုင် သည်ရှိသော်၊ ပါသာဒံ- ရွှေနန်းပြာသာဒ်တော်သို့၊ အာရုယှ- တက်၍၊ ရောဒမာနာ- ငိုကြွေးလျက်၊ နိသီဒိ- ထိုင်နေပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုမိဖုရားကြီး ကို၊ ဗောဓိသတ္တဿ- ဘုရားလောင်း သုတသောမမင်း၏၊ ဇေဋ္ဌပုတ္တော- သားတော် အကြီးသည်၊ ဒိသွာ- မြင်လေ၍၊ "ကိံနုခေါ- အဘယ်ကြောင့်သာလျှင်၊ မေ- ငါ၏၊ မာတာ- မယ်တော်မိဖုရားကြီးသည်၊ ရောဒန္တီ- ငိုကြွေးလျက်၊ နိသိန္နာ- နေတော်မူ သနည်း၊" ဣတိ- ဤသို့၊ နံ- ထိုမယ်တော်မိဖုရားကြီးကို၊ ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍၊ "ကောတံ သမ္မ ကောပေသိ၊ (ပ) ဉာတီနံ ဥဒိက္ခမာနာန"န္တိ- "ကောတံ သမ္မ ကောပေသိ၊ (ပ) ဉာတီနံ ဥဒိက္ခမာနာနံ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၁၀) အမ္မ- မယ်တော်ဘုရား၊ တံ- မယ်တော်ဘုရားကို၊ ကော- အဘယ်သူ သည်၊ ပကောပေသိ- မျက်လိုခြင်းကို ပြုဘိသနည်း၊ ကိံ- အဘယ်ကြောင့်၊ ရောဒသိ- ငိုတော်မူဘိသနည်း၊ မံ- အကျွန်ုပ်ကို၊ ဗာဠှံ- စိန်းစိန်း၊ ပေက္ခသိစ- အဘယ်ကြောင့်ကြည့်တော်မူဘိသနည်း၊ [ကံအဝဇ္ဈံ(တံအဝဇ္ဈံ)]- သတ်ဖြတ် သင့်သော အပြစ်မရှိသော ထိုသူကို၊ ဉာတီနံ- ဆွေမျိုးတို့၏၊ ဥဒိက္ခမာနာနံ- မြင်စဉ်ဆဲဆဲ၊ အဟံ- အကျွန်ုပ်သည်၊ အာဃာတေမိ- သတ်အံ့။

တတ္ထ- ထို ကော တံ အမ္မစသော ဂါထာ၌၊ ကောပေသီတိ- ကောပေသိဟူ သည်ကား၊ အမ္မ- အမိ၊ ကော နာမ- အဘယ်မည်သူသည်၊ တံ- သင့်ကို၊ ကောပေသိ- စိတ်ဆိုးစေသနည်း၊ ကော- အဘယ်သူသည်၊ တေ- သင်၏၊ အပ္ပိယံ- မချစ်အပ်သော အမှုကို၊ အကာသိ- ပြုသနည်း၊ ပေက္ခသိ စာတိ- ပေက္ခသိစဟူသည်ကား၊ မံ- ငါ့ကို၊ ဗာဠှံ- ပြင်းစွာ၊ ပေက္ခန္တီ- ကြည့်လျက်၊ ကိံကာရဏာ- အဘယ်အကြောင်းကြောင့်၊

(ဝါ) ပွင့်ဖတ်ကဲ့သို့-ဟု အဓိပ္ပါယ်ယူသော်ရ၏၊ မျက်လုံး၏အရောင်ကို ဥပမာပေးထားခြင်း ဖြစ်သည်၊ အောက်မဲညို ပန်းပွင့်၏ အဆင်းကဲ့သို့ ညိုမှောင်မှောင် အဆင်းဖြစ်သည်ဟု အဋ္ဌကထာဆရာ ဖွင့်ပြခြင်းသည် အဓိပ္ပါယတ္ထ ဖြစ်သည်။

ရောဒသိ- ငိုကြွေးသနည်း၊ ဣတိ- ဤကား၊ အဓိပ္ပါယော- အဓိပ္ပါယ်တည်း၊ **ကံ အ၀ဇ္ဈံ ယာတေမိ**တိ- ကံ အ၀ဇ္ဈံ ယာတေမိဟူသည်ကား၊ အယာတေတဗ္ဗမ္ပိ- မသတ်ထိုက်သည်လည်းဖြစ်သော၊ ကံ- အဘယ် ပုဂ္ဂိုလ်ကို၊ (အဟံ- ငါသည်၊) အတ္တနော- မိမိ၏၊ ဉာတိနံ- ဆွေမျိုးတို့၏၊ ဥဒိက္ခမာနာနညေ၀- ကြည့်ရှုနေကုန်စဉ်ပင်လျှင်၊ ယာတေမိ- သတ်ပါအံ့၊ မေ- ငါ့အား၊ အက္ခာဟိ- ပြောကြားပါလော၊ ဣတိ- ဤသို့၊ ပုစ္ဆတိ- မေး၏။

တတော- ထို့နောက်မှ၊ ဒေဝီ- မယ်တော်မိဖုရားကြီးသည်၊ (ပုတ္တဿ- သားတော်အား၊ ကာရဏံ- အကြောင်းကို၊ ကထေန္တော- ပြောကြားလိုသည်ဖြစ်၍၊) "နဟိသော သက္ကာ ဟန္တုံ (ပ) အဟံ ဂမိဿာမိ"တိ- "နဟိသော သက္ကာ ဟန္တုံ (ပ) အဟံ ဂမိဿာမိ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၁၁) တာတ- ချစ်သား၊ ဝိဇိတာဝီ- မြေအပြင်၌အောင်ပြီးသော ရန်ရှိသော၊ ယောပိတာ- အကြင်မောင်၏ ခမည်းတော်ဘုရားသည် မံ- ငါကို ကောပေသိ- မချစ်စိမ်းကား မုန်းထား မျက်လိုတော်မူဘိ၏၊ တာတ- ချစ်သား၊ တေ- သင်ချစ်သား၏၊ ပိတာ- ခမည်းတော်ဘုရားသည် အနပေက္ခော- ငဲ့ကွက်ခြင်းမရှိ၊ အဟံ- ငါသည်၊ ဂမိဿာမိ- သွားတော့အံ့၊ ဣတိ- ဤသို့၊ မံ- ငါ့ကို၊ အဝစ- မိန့်တော်မူဘိ၏၊ သောပိတာ- ထိုမောင်၏ ခမည်းတော်ဘုရားကို၊ [ဟန္တုံ(ပဟန္တုံ)]- သတ်ဖြတ်စီရင်အံ့သောငှာ၊ နဟိသက္ကာ- မတတ်ကောင်းသည် တကား။

တတ္ထ- ထိုန ဟိ သော စသော ဂါထာ၌၊ **ဝိဇိတာဝီ**တိ- ဝိဇိတာဝီဟူသည်ကား၊ တာတ- ချစ်သား၊ ဣမိဿာ ပထဝိယာ- ဤမြေပြင်၏၊ ဝိဇိတာဝီ- အောင်နိုင်သူဖြစ်သော၊ ယော- အကြင်သူသည်၊ မံ- ငါ့ကို၊ ကောပေသိ- စိတ်ဆိုးစေပြီ၊ အပ္ပိယသမုဒါစာရေန- မနှစ်သက်ဖွယ် ခေါ်ဝေါ်ပြောဆိုခြင်းကြောင့်၊ မေ- ငါ၏၊ ဟဒယေ- နှလုံး၌၊ ကောပဥ္စ- အမျက်ကိုလည်းကောင်း၊ သောကဥ္စ- ပူဆွေးမှုကို လည်းကောင်း၊ ပဝေသေသိ- သွင်းခဲ့ပြီ၊ သော- ထိုသူကို၊ တယာ- သင်သည်၊ ဟန္တုံ- သတ်ခြင်းငှာ၊ န သက္ကာ- မတတ်ကောင်း၊ ဟိ- မှန်၏၊ တာတ- ချစ်သား၊ မံ- ငါ့ကို၊ တဝ- သင်၏၊ ပိတာ- အဖသည်၊ အဟံ- ငါသည်၊ ရဇ္ဇသိရိဥ္စ- မင်း၏အသရေကိုလည်းကောင်း၊ တဥ္စ- သင်မိဖုရားကိုလည်းကောင်း၊ ပဟာယ- စွန့်၍၊ အရညံ- တောသို့၊ ပဝိသိတွာ- သွင်း၍၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုအံ့၊ ဣတိ- ဤသို့၊ အဝစ-

ပြောခဲ့ပြီ၊ ဣဒံ- ဤစကားသည်၊ မေ- ငါ၏၊ ရောဒနကာရဏံ- ငိုကြွေးခြင်း၏ အကြောင်းတည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

သော- ထိုသားတော်ကြီးသည်၊ တဿာ- မယ်တော်မိဖုရားကြီး၏၊ ဝစနံ- စကားကို၊ သုတွာ- ကြားရ၍၊ "အမ္မ- မယ်တော်ဖုရား၊ တွံ- သင်မယ်တော် မိဖုရား သည်၊ ကိံ- အဘယ်သို့၊ ကထေသိနာမ- မိန့်တော်မူဘိရသနည်း၊ ဧဝံ- ဤသို့ ခမည်းတော် ဘုရားရဟန်းပြုတော်မူသည်၊ သန္တေ- ရှိလတ်သော်၊ မယံ- အကျွန်ုပ်တို့ သည်၊ အနာထာနာမ- ကိုးကွယ်ရာ မရှိကုန်သည်မည်သည်၊ ဘဝိဿာမနနု- ဖြစ်ရကုန် လတ္တံ့မဟုတ်လော၊ ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) ပရိဒေဝန္တော- ငိုကြွေးရသည်ဖြစ်၍၊ "ယောဟံ ပုဗ္ဗေ (ပ) ကထံနုဒါနိ ကရိဿာမိ"တိ- "ယောဟံ ပုဗ္ဗေ (ပ) ကထံနုဒါနိ ကရိဿာမိဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၀၂) အမ္မ- မယ်တော်ဘုရား၊ ယောအဟံ- အကြင် အကျွန်ုပ်သည်၊ ပုဗ္ဗေ- ရှေး၌၊ စတုအာဇညယုတ္တ- အာဇာနည်းမြင်းလေးစီးကသော၊ သဗ္ဗလင်္ကာရ- ပဋိမဏ္ဍိတံ- အလုံးစုံသော တန်ဆာဖြင့် တန်းဆာဆင်အပ်သော၊ ရထံ- ရထားကို၊ အဘိရုယှ- စီး၍၊ ဥယျာနံ- ဥယျာဉ်သို့၊ နိယျာမိ- ထွက်သွားရ၏၊ မတ္တကုဥ္ဇရေစ- အမုန်ယစ်သော ဆင်ပြောင်တို့ကိုလည်း၊ ယောဓေမိ- တိုက်စေထိုးစေရ၏၊ သုတသောမေ- ခမည်းတော် သုတသောမမင်းမြတ် သည်၊ ပဗ္ဗဇိတေ- ရဟန်းပြုတော်မူချေသော်၊ ဣဒါနိ- ယခု၊ ကထံကရိဿာ- မိနု- အသို့ပြုရပါမည်နည်း။

တဿ- ထိုယောဟံစသော ဂါထာ၏၊ အတ္ထော- အနက်ကား၊ ယော အဟံ- အကြင်ငါသည်၊ ပုဗ္ဗေ- ရှေးအခါ၌၊ စတုအာဇညယုတ္တ- အာဇာနည်မြင်းလေးကောင် ကသော၊ သဗ္ဗာလင်္ကာရပဋိမဏ္ဍိတံ- အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ် သော၊ ရထံ- ရထားကို၊ အဘိရုယှ- စီး၍၊ ဥယျာနံ- ဥယျာဉ်သို့၊ ဂစ္ဆာမိ- သွားခဲ့၏၊ မတ္တကုဥ္ဇရေ စ- မုန်ယဇ်သော ဆင်တို့ကိုလည်း၊ ယောဓေမိ- ထိုးသတ်ခဲ့၏၊ အညေဟိ စ- အခြားလည်းဖြစ်ကုန်သော၊ အဿကီဠာဒီဟိ- မြင်းကစားခြင်း အစရှိသည်တို့ဖြင့်၊ ကီဠာမိ- ကစားခဲ့၏၊ သွာဟံ(သောအဟံ)- ထိုငါသည် ဣဒါနိ- ယခုအခါ၌ သုတသောမေ- သုတသောမမင်းသည် ပဗ္ဗဇိတေ- ရဟန်းပြုသည်ရှိသော်၊ ကထံ- အသို့လျှင်၊ ကရိဿာမိ- ပြုရအံ့နည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

အထ- ထိုအခါ၌၊ သတ္တဝဿိကော- ခုနစ်နှစ်သားသာရှိသော၊ (ကနိဋ္ဌဘာတာ- ၌စပ်၊) အဿ- ထိုသားတော်ကြီး၏၊ ကနိဋ္ဌဘာတာ- ညီတော်မင်းသားသည်၊ တေဥဘောပိ- ထိုနောင်တော်, မယ်တော်နှစ်ပါးတို့ကိုလည်း၊ ရောဒန္တေ- ငိုနေသည်တို့ကို၊ ဒိသွာ- မြင်လေ၍၊ မာတရံ- မယ်တော်မိဖုရားကြီး အထံသို့၊ ဥပသင်္ကမိတွာ- ချဉ်းကပ်၍၊ "အမ္မ- မယ်တော်ဖုရား၊ ကိံ ကာရဏာ- အဘယ်အကြောင်းကြောင့်၊ တုမှေ- သင်မယ်တော်ဖုရားတို့သည်၊ ရောဒထ- ငိုကြွေးတော်မူကုန်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိတွာ- မေး၍၊ တမတ္ထံ- ထိုအကြောင်းကို၊ သုတွာ- ကြားရ၍၊ "တေနဟိ- ထိုသို့ဖြစ်လျှင်၊ မာရောဒထ- ငိုတော်မမူကုန်လင့်၊ တာတ- နောင်တော်၊ အဟံ- အကျွန်ုပ်သည်၊ အဿ- ထိုခမည်းတော်ဘုရားအား၊ ပဗ္ဗဇိတုံ- ရဟန်းပြုခြင်းငှာ၊ န ဒဿာမိ- ခွင့်မပေးအံ့၊" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) ဥဘော- နှစ်ပါးကုန်သော၊ တေပိ- ထိုနောင်တော်, မယ်တော်တို့ကိုလည်း၊ အဿာသေတွာ- နှစ်သိမ့်စေပြီး၍၊ ဓာတိယာ- အထိန်းတော်မိန်းမနှင့်၊ သဒ္ဓိံ- အတူတကွ၊ ပါသာဒါ- ပြာသာဒ်ထက်မှ၊ ဩရုယှ- ဆင်းသက်၍၊ ပိတု- ခမည်းတော်၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ "တာတ- ခမည်းတော် ဘုရား၊ တွံ- (သင်) ခမည်းတော် ဘုရားသည်၊ အကာမကေ- မကွေကင်းလိုပါကုန်သော၊ အမှေ- အကျွန်ုပ်တို့ကို၊ ပဟာယ- စွန့်ပစ်တော်မူ၍၊ 'ပဗ္ဗဇာမိ'- ရဟန်းပြုအံ့၊ ဣတိ- ဤသို့၊ ဝဒသိကိရ- ဆိုတော်မူသတတ်၊ အဟံ- အကျွန်ုပ်သည်၊ တေ- ထိုခမည်းတော်ဘုရားအား၊ ပဗ္ဗဇိတုံ- ရဟန်းပြုခြင်းငှာ၊ နဒဿာမိ- ခွင့်မပေးအံ့၊" ဣတိ- ဤသို့၊ ပိတရံ- ခမည်းတော်ကို၊ ဂီဝါယ- လည်၌၊ ဒဠှံ- မြဲစွာ၊ ဂဟေတွာ- ကိုင်၍၊ (တစ်နည်း) ဒဠှံဂဟေတွာ- မြဲစွာဖက်၍၊ (ပဋိသေဓေန္တော- တားမြစ်လို သည်ဖြစ်၍၊) "မာတုစ္စ မေ ရုဒန္တျာ၊ (ပ) နော အကာမာန"န္တိ- "မာတုစ္စ မေ ရုဒန္တျာ၊ (ပ) နော အကာမာနံ" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၀၃) တာတ- ခမည်းတော်ဘုရား၊ မေ- အကျွန်ုပ်၏၊ ရုဒန္တျာ- ငိုကြွေးသော၊ မာတုစ- မယ်တော်ဘုရားအားလည်းကောင်း၊ အကာမဿ- မကွေကွင်းလိုသော၊ ဇေဋ္ဌဿဘာတုနောစ- အစ်ကိုယ်ကြီးအားလည်းကောင်း၊ အကာမာနံ- ကွေကွင်းခြင်းကို အလိုမရှိကုန်သော၊ နောအမှာကံ- အကျွန်ုပ်တို့အား၊ ပဟာယ- စွန့်ပစ်၍၊ ပဗ္ဗဇိတုံ- ရဟန်းပြုအံ့သောငှာ၊ တွံ- ခမည်းတော်မင်းမြတ်သည်၊ နဟိဂစ္ဆသိ- မသွားရသည်သာတည်း၊ အဟံ- အကျွန်ုပ်သည်၊ တေ- ခမည်းတော် မင်းမြတ်၏၊ ဟတ္ထေပိ- လက်တော်၌လည်း၊ တံ- ခမည်းတော်ဘုရားကို၊ ဂဟိဿံ- ဆွဲ၍ထားအံ့။

မဟာသတ္တော- ဘုရားလောင်း သုတသောမမင်းသည်၊ "အယံ- ဤသူငယ်သည်၊ မေ- ငါ၏၊ ပရိပန္တံ- ဘေးရန်ကို၊ ကရောတိ- ပြုချေ၏၊ ကေန ဥပါယေန- အဘယ်သို့သော အကြောင်းဖြင့်၊ နံ- ထိုသူငယ်ကို၊ ပဋိက္ကမာပေယျံနုခေါ- ဖဲစေရပါမည်နည်း၊" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ၊ တတော- ထိုနောင်မှ၊ ဓာတိ- အထိန်းတော်ကို၊ ဩလောကေတွာ- ကြည့်တော်မူ၍၊ "သမ္မဓာတိ- အိုအထိန်းတော်၊ ဟန္ဒ- ယခု၊ ဣမံ မဏိက္ခန္ဓ ပိဠန္ဓနံ- ဤပတ္တမြားတုံးတန်ဆာကို၊ (ဂဏှ- ယူလော၊) ဧသော- ဤပတ္တမြားတုံးသည်၊ တဝ- သင်၏၊ ဟတ္ထေ- လက်၌၊ ဟောတု- ဖြစ်လော၊ ပုတ္တံ- ငါ့သားတော်ကို၊ အပနေဟိ- ချီယူဆောင်မူလေလော၊ မေ- ငါ၏၊ အန္တရာယံ- အန္တရာယ်ကို၊ မာကရိ- မပြုပါစေလင့်၊" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) သယံ- မိမိသည်၊ ပုတ္တံ- သားတော်ကို၊ ဟတ္ထေ- လက်၌၊ ဂဟေတွာ- ကိုင်၍၊ အပနေတုံ- ပယ်ရှားခြင်းငှာ၊ အသက္ကောန္တော- မတတ်နိုင်သည်ဖြစ်၍၊ တဿာ- ထိုအထိန်းတော်အား၊ လဉ္ဇံ- တံစိုးလက်ဆောင်ကို၊ ပဋိဇာနေတွာ- ဝန်ခံစေ၍၊ (အညံ- တစ်ပါးသော၊ ဌာနံ- အရပ်သို့၊ ဓာရေတုံ- ဆောင်ယူခြင်းငှာ၊ ပယောဇေန္တော- တိုက်တွန်းလိုသည်ဖြစ်၍။) "ဥဒ္ဓေဟိတ္ဝံ ဓာတိ၊ (ပ) ပတ္ထယာနဿာ" တိ- "ဥဒ္ဓေဟိတ္ဝံ ဓာတိ၊ (ပ) ပတ္ထယာနဿ" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၁၄) [ဓာတိ(ဓာတီ)]- အချီတော်မ၊ တွံ- ရှင်မသည်။ ဥဒ္ဓေဟိ- ထလော၊ ဣမံကုမာရံ- ဤမင်းသားငယ်ကို၊ အညတ္ထ- တစ်ပါးသော အရပ်၌၊ ရမေဟိ- မွေ့လျော်စေလော၊ မေ- ငါ၏၊ ပုတ္တော- သားငယ်သည်၊ သင်္ဂ- နတ်ပြည်သို့၊ ပတ္ထယာနဿ- တောင့်တသော၊ မမ- ငါ၏၊ [ပရိပန္ထံ(ပရိဗန္ဓံ)]- ဘေးရန်ကို၊ မာအကာသိ- မပြုပါစေလင့်။

တတ္ထ- ထိုဥဒ္ဓေဟိစသော ဂါထာ၌၊ **ဣမံ ကုမာရန္တိ**- ဣမံ ကုမာရံဟူ သည်ကား၊ အမ္မဓာတိ- အိုနို့ထိန်း၊ တွံ- သင်သည်၊ ဥဒ္ဓေဟိ- ထလော့၊ ဣမံ ကုမာရံ- ဤမင်းသားငယ်ကို၊ အပနေတွာ- ဖယ်ရှား၍၊ အာဂန္တွာ- လာ၍၊ ဣမံ မဏိ- ဤပတ္တမြားကို၊ ဂဟေတွာ- ယူ၍၊ အညတ္ထ- အခြားသောအရပ်၌၊ နံ- ထိုမင်းသားငယ်ကို၊ အဘိရမေဟိ- မွေ့လျော်စေလော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

သာ- ထိုအထိန်းတော်မိန်းမသည်၊ လဉ္ဇံ- တံစိုးလက်ဆောင်ကို၊ လဘိတွာ- ရယူ၍၊ ကုမာရံ- မင်းသားငယ်ကို၊ သညာပေတွာ- နှစ်သိမ့်စေ၍၊ အာဒါယ- ယူဆောင်ပြီး၍၊ အညတ္ထ- တစ်ပါးသော အရပ်သို့ ဂန္တွာ- သွား၍၊ ပရိဒေဝမာနာ-

ငိုကြွေးလိုသည်ဖြစ်၍၊ "ယံန္နနိမံ ဒဒေယျံ (ပ) မေနံ ကရိဿာမိ"တိ- "ယံန္နနိဒံ ဒဒေယျံ (ပ) မေနံ ကရိဿာမိ" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၀၅) ပဘင်္ဂုရံ- ပြိုးပြိုးပြက်ထွက်သော အရောင်ကိုပြုစေတတ်သော၊ ဒဒေယျံ- လက်ဆောင်တံစိုး ထိုးအံ့သော ငွာပေးတော်မူအပ်သော၊ ကမ္မံမဏိ- ဤပတ္တမြားတုံးကို၊ ယန္နုနဂဟိတံ- အကယ်၍ယူအပ်၏၊ သုတသောမေ- မင်းမြတ် သုတသောမသည်။ ပဗ္ဗဇိတေ- ရဟန်းပြုတော်ချေသော်၊ ကမ္မိနာ- ဤပတ္တမြားတုံးဖြင့်၊ မေ- ငါအား၊ ကောအတ္ထောနု- အဘယ်အကျိုးရှိမည်နည်း၊ နံ- ထိုပတ္တမြားတုံးကို၊ မေ- ငါ့အား၊ ကိံကရိဿာမိနု- အသို့ပြုပါရမည်နည်း။

တဿ- ထို ယံန္နနစသော ဂါထာ၏၊ အတ္ထော- အနက်ကား၊ ယံ နူန- အကယ်၍၊ အဟံ- ငါသည်၊ လဥတ္တာယ- တန်စိုးလက်ဆောင်အလို့ငှာ၊ ဂဟိတံ- ယူအပ်သော၊ ပဘင်္ဂုရံ- ပြိုးပြက်သော အရောင်ထွက်သော၊ သုပ္ပဘာသံ- ကောင်းသော အရောင်ရှိသော၊ ကမ္မံ မဏိ- ဤပတ္တမြားကို၊ ဒဒေယျံ- ပေးပစ်ရပါမူကား၊ (ယန္နူန- သို့စပ်)* မယှံ- ငါ့အဖို့၊ သုတသောမနရိန္ဒေ- သုတသောမမင်းသည်၊ ပဗ္ဗဇိတေ- ရဟန်းပြုသည်ရှိသော်၊ ကမ္မိနာ- ဤပတ္တမြားဖြင့်၊ ကော နု အတ္ထော- အဘယ်အကျိုး ရှိအံ့နည်း၊ ဧနံ- ဤပတ္တမြားကို၊ ကိံ နု- အသို့၊ ကရိဿာမိ- ပြုရအံ့နည်း၊ တသ္မိံ- ထိုသုတသောမမင်းသည်၊ ပဗ္ဗဇိတေ- ရဟန်းပြုသည်ရှိသော်၊ အဟံ- ငါသည်၊ ကမ္မံ- ဤပတ္တမြားကို၊ လဘိဿာမိ- ရအံ့၊ လဘန္တိပိ စ- ရသည်ရှိသော်လည်း၊ ဧတံ- ဤပတ္တမြားကို၊ ကိံ နု ခေါ ကရိဿာမိ- အသို့ပြုလတံ့နည်း၊ မေ- ငါ၏၊ ကမ္မံ- အမှုကို၊ ပဿထ- ရှုလော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တတော- ထို့နောင်မှ၊ မဟာသေနဂုတ္တော- စစ်သူကြီးသည်၊ "အယံရာဇာ- ဤမင်းသည်၊ 'မေ- ငါ၏၊ ဂေဟေ- နန်းတော်၌၊ ဓနံ- ဥစ္စာသည်၊ မန္ဒံ- နည်းပါ၏၊' ဣတိ- ဤသို့၊ သညံ- အမှတ်သညာကို၊ ကရောတိမညေ- ပြုသည်ထင်၏၊ အဿ-

* ဒဒေယျံ= တံစိုးလက်ဆောင်အလို့ငှါ ယူထားသော ပတ္တမြားကို သူတစ်ပါးအား ပေးပစ်လိုက်ရပါမူ ကောင်းလေစွဟု- အဓိပ္ပါယ်ယူ၊ ဇဟေယျံ-ဟူ၍ မူကွဲရှိ၏၊ စွန့်ပစ်လိုက်ရပါမူကား ကောင်းလေစွ-ဟု အဓိပ္ပါယ်ယူ၊ ဤမူလည်းအသင့်ပင်၊ မိုးထိမူပါဠိတော်နိဿယ-၌ကား- ဒဒေယျံ-ပေးအပ်သော၊ ကမ္မံ မဏိ- ဤပတ္တမြားကို-ဟု စာစပ်တစ်မျိုး ကြံထား၏ အဋ္ဌကထာ အဖွင့်နှင့် မကိုက်ပေ။

ထိုမင်းသားအား၊ ဗဟုဘာဝံ- (ဥစ္စာစပါးဖြင့်) ပေါများသည်၏အဖြစ်ကို၊ ကထေဿာမိ- လျှောက်တင်ဦးအံ့၊" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ၊ (စိန္တေတွာ- ကြံပြီး၍၊) သော- ထိုစစ်သူကြီးသည်၊ (အာသနာ- နေရာမှ၊) ဥဋ္ဌာယ- ထ၍၊ ဝန္ဒိတွာ- ရှိခိုးပြီး၍၊ (ကထေန္တော- လျှောက်တင်လိုသည်ဖြစ်၍၊) "ကောသောစ တုယှံ ဝိပုလော၊ (ပ) ရမဿုမာ ပဗ္ဗဇိ ဒေဝါ"တိ- "ကောသောစ တုယှံ ဝိပုလော၊ (ပ) ရမဿုမာ ပဗ္ဗဇိ ဒေဝ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၁၆) ဒေဝ- အရှင်မင်းမြတ်၊ တုယှံ- အရှင်မင်းမြတ်၏၊ ကောသောစ- ရွှေတိုက် ငွေတိုက်တော်သည်လည်း၊ ဝိပုလော- ပြန့်ပြောပြည့်စုံ၏၊ တုယှံ- အရှင်မင်းမြတ်၏၊ ကောဋ္ဌာဂါရဉ္စ- ကျီကြသည်လည်း၊ ပရိပူရံ- ပြည့်ဖြိုး၏၊ တုယှံ- အရှင်မင်းမြတ်သည်။ ပထဝီစ- မြေနေလူအပေါင်းကိုလည်း၊ ဝိဇိတာဝီ- အောင်မြင်လွှမ်းမိုးအစိုးရတော်မူ၏၊ ဒေဝ- အရှင်မင်းမြတ်၊ တွံ- အရှင်မင်းမြတ်သည်၊ ရမဿု- မွေ့လျော်တော်မူလော၊ မာပဗ္ဗဇိ- ရဟန်း ပြုတော်မမူပါလင့်။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ မဟာသတ္တော- ဘုရားလောင်း သုတသောမမင်းသည်၊ (ပဋိသေဓေန္တော- ပယ်တော်မူလိုသည်ဖြစ်၍၊) "ကောသော စ မယှံ ဝိပုလော၊ (ပ) တံ ဟိတွာ ပဗ္ဗဇိဿာမိ"တိ- "ကောသော စ မယှံ ဝိပုလော၊ (ပ) တံ ဟိတွာ ပဗ္ဗဇိဿာမိ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၁၇) မဟာသေနဂုတ္တ- စစ်သူကြီး၊ မယှံ- ငါ၏၊ ကောသောစ- ရွှေတိုက် ငွေတိုက်တော်သည်လည်း၊ ဝိပုလော- ပြန့်ပြောပြည့်စုံ၏၊ မယှံ- ငါ၏၊ ကောဋ္ဌာဂါရဉ္စ- ကျီကြသည်လည်း၊ ပရိပူရံ- ပြည့်စုံ၏၊ မယှံ- ငါသည်၊ ပထဝီစ- မြေနေလူအများကိုလည်း၊ ဝိဇိတာဝီ- အောင်မြင်တော်မူ၏၊ တံ- ထိုရွှေတိုက် ငွေတိုက်အစရှိသည်ကို ဟိတွာ- စွန့်ပစ်၍၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုအံ့။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ တသ္မိံ- ထိုစစ်သူကြီးသည်၊ အပဂတေ- ဖဲသွားသည်ရှိသော်၊ ကုလဝဍ္ဎနသေဋ္ဌိနာမ- ကုလဝဍ္ဎနအမည်ရှိသော သူဌေးသည်၊ ဥဋ္ဌာယ- (နေရာမှ) ထ၍၊ ဝန္ဒိတွာ- ရှိခိုး၍၊ (အဘိယာစန္တော- တောင်းပန်လိုသည် ဖြစ်၍၊) "မယှမ္ပိ ဓနံ ပဟူတံ၊ (ပ) ရမဿု မာ ပဗ္ဗဇိ ဒေဝါ"တိ- "မယှမ္ပိ ဓနံ ပဟူတံ၊ (ပ) ရမဿု မာ ပဗ္ဗဇိ ဒေဝ"- ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၁၈) ဒေဝ- အရှင်မင်းမြတ်၊ မယှံပိ- အကျွန်ုပ်အားလည်း၊ ပဟုတံ- များစွာသော၊ ဓနံ- ဥစ္စာသည်၊ အတ္ထိ- ရှိ၏၊ [သင်္ခါတုံပိ(သင်္ချာတုံပိ)]-

ရေတွက်အံ့သောငှာလည်း၊ နောသက္ကောမိ- မတတ်နိုင်၊ တံသဗ္ဗံပိ- ထိုအလုံးစုံသော ဥစ္စာကိုလည်း၊ တေ- အရှင်မင်းမြတ်အား၊ ဒဒါမိ- ဆက်သပါ၏၊ ဒေဝ- အရှင်မင်းမြတ်၊ တွံ- အရှင်မင်းမြတ်သည်၊ ရမဿု- မွေ့လျော်တော်မူပါလော၊ မာပဗ္ဗဇိ- ရဟန်းပြုတော်မမူပါလင့်။

မဟာသတ္တော- ဘုရားလောင်း သုတသောမမင်းသည်၊ တံ- ထိုကုလဝဍ္ဍန သူဌေး လျှောက်တင်သော စကားကို၊ သုတွာ- ကြား၍၊ (ပဋိသေဓေန္တော- ပယ်တော်မူလိုသည်ဖြစ်၍၊) "ဇာနာမိ ဓနံ ပဟူတံ၊ (ပ) ပဗ္ဗဇိဿာ မိ"တိ- "ဇာနာမိ ဓနံ ပဟူတံ၊ (ပ) ပဗ္ဗဇိဿာမိ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၁၉) [ကုလဝဒ္ဓန(ကုလဝဍ္ဍန)]- ကုလဝဍ္ဍနအမည်ရှိသော၊ မဟာ သေဋ္ဌိ- သူဌေးကြီး၊ အဟံ- ငါသည်၊ တဝ- သင့်အား၊ ပဟုတံ- များစွာသော၊ ဓနံ- ဥစ္စာရှိသည်၏အဖြစ်ကို၊ ဇာနာမိ- သိ၏၊ အဟံ- ငါသည်၊ တယာပူဇိတော- သင်ပူဇော်ထိုက်သော သူသည်၊ အသ္မိ- ဖြစ်၏၊ မေ- ငါသည်၊ သဂ္ဂဥ္စ- နတ်ပြည်ကိုလည်း၊ ပတ္ထယာနော- တောင့်တ တော်မူ၏၊ တေန- ထိုကြောင့်၊ အဟံ- ငါသည်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုအံ့။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ကုလဝဍ္ဍနေ- ကုလဝဍ္ဍနသူဌေးသည်၊ အပဂတေ- ဖဲသွားသည်ရှိသော်၊ မဟာသတ္တော- ဘုရားလောင်းသုတသောမ မင်းသည်၊ သောမဒတ္တံ- သောမဒတ်အမည်ရှိသော၊ ကနိဋ္ဌဘာတရံ- ညီတော်ကို၊ အာမန္တေတွာ- ခေါ်တော်မူ၍၊ "တာတ- ချစ်ညီသောမဒတ်၊ အဟံ- ငါသည်၊ ပဥ္စရပက္ခိတ္တော- ချိုင့်၌ထည့်သွင်းအပ်သော၊ ဝနကုက္ကုဋောဝိယ- တောကြက်ကဲ့သို့၊ ဥက္ကဏ္ဌိတော- ငြီးငွေ့၏၊ ဃရဝါသေ- အိမ်ရာတည်ထောင် လူတို့ဘောင်၌နေခြင်း၌၊ မံ- ငါကို၊ အနဘိရတိ- ငြီးငွေ့ဆန့်ကျင် မပျော်ရွှင်ခြင်းသည်၊ အဘိဘဝတိ- နှိပ်စက်၏၊ အဇ္ဇေဝ- ယနေ့ပင်လျှင်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုတော့အံ့၊ တွံ- သင်ချစ် ညီသည်၊ ဣမံရဇ္ဇံ- ဤမင်း၏အဖြစ်ကို၊ ပဋိပဇ္ဇ- ခံယူလော၊" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) ရဇ္ဇံ- မင်း၏အဖြစ်ကို၊ နိယျာဒေန္တော- ဆောင်နှင်းလိုသည်ဖြစ်၍၊ "ဥက္ကဏ္ဌိတောသ္မိ၊ (ပ) ပဗ္ဗဇိဿာမိ"တိ- "ဥက္ကဏ္ဌိတောသ္မိ၊ (ပ) ပဗ္ဗဇိဿာမိ" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၂၀) သောမဒတ္တ- ညီချစ် သောမဒတ်၊ အဟံ- ငါသည်၊ ဥက္ကဏ္ဌိတော- ဆောင်းလျှောင်မိသော တောကြက်ကဲ့သို့ ငြီးငွေ့သည်၊ အသ္မိ- ဖြစ်၏၊ မံ-

ငါကို၊ အရတိ- ငြီးငွေ့ဆန့်ကျင် မပျော်ရွှင်ခြင်းသည်၊ ဗာဠ္ဍ- ပြင်းထန်စွာ၊ [အာဝိသတိ(အဘိဘဝတိ)]- နှိပ်စက်ဘိ၏၊ မေ- ငါ့အား၊ ဗဟုကာ- များစွာကုန်သော၊ အန္တရာယာ- အန္တရာယ်တို့သည်၊ ပညာယန္တိ- ထင်ကုန်၏၊ အဇ္ဇေဝ- ယနေ့ပင်လျှင်၊ အဟံ- ငါသည်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုတော့အံ့။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ သောပိ- ထိုညီတော် သောမဒတ်သည်လည်း၊ ပဗ္ဗဇိတုကာမော- ရဟန်းပြုခြင်းငှာ အလိုရှိသည်ဖြစ်၍၊ တံ- ထိုအကြောင်းကို၊ ဒီပေန္တော- (နောင်တော်မင်းအား) ထင်ရှားလျှောက်တင်လိုသည်ဖြစ်၍။ "က္ကဒံ စ တုယှံ ရုစိတံ- (ပ) န ဥဿဟေတယာဝိနာ အဟံ ဌာတု"န္တိ- "က္ကဒံ စ တုယှံ ရုစိတံ- (ပ) န ဥဿဟေတယာဝိနာ အဟံ ဌာတုံ"ဟူသော၊ က္ကတရံ- တစ်ပါးသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၂၁) သုတသောမ- မင်းမြတ် သုတသောမ၊ က္ကဒဥ္စပဗ္ဗဇိတဘာဝံ- ဤရသေ့ရဟန်းအဖြစ်ကိုလည်း၊ တုယှံတယာ- နောင်တော်မင်းမြတ်သည်၊ ရုစိတံ- နှစ်သက်တော်မူ၏၊ ဒါနိ- ယခု၊ တွံ- နောင်တော်မင်းမြတ်သည်။ အဇ္ဇေဝ- ယနေ့ပင်လျှင်၊ ပဗ္ဗဇ- ရဟန်းပြုတော်မူပါလော၊ အဟံပိ- အကျွန်ုပ်သည်လည်း၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုပါအံ့၊ တယာ- နောင်တော် မင်းမြတ်နှင့်၊ ဝိနာ- ကင်း၍၊ အဟံ- အကျွန်ုပ်သည်၊ ဌာတုံ- တည်အံ့သောငှာ၊ နဥဿဟေ- မစွမ်းနိုင်ပါ။

အထ- ထိုအခါ၌၊ သော- ထိုဘုရားလောင်း သုတသောမင်းသည်၊ နံ- ညီတော် သောမဒတ်လျှောက်တင်သော ထိုစကားကို၊ ပဋိက္ခိပိတွာ- ပယ်မြစ်တော်မူလို၍၊ "နဟိသက္ကာ ပဗ္ဗဇိတုံ၊ နဂရေ န ဟိ ပစ္စတိ ဇနပဒေစာ"တိ၊ န ဟိ သက္ကာ ပဗ္ဗဇိတုံ၊ နဂရေ န ဟိ ပစ္စတိ ဇနပဒေစ- ဟူသော၊ ဥပမံ- ထက်ဝက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၂၂) တာတ- ညီချစ်သောမဒတ်၊ မမ- ငါ၏၊ ပဗ္ဗဇ္ဇာဓိပ္ပါယံ- ရဟန်းပြုလိုသော အဖြစ်ကို၊ သုတွာဝ- ကြား၍သာလျှင်၊ နဂရေစ- သုဒဿနမြို့၌လည်းကောင်း၊ [ဇနပဒေစ(ဇနပ္ပဒေစ)]- ဇနပုဒ်၌လည်းကောင်း၊ ဟိယသ္မာ- အကြင့်ကြောင့်၊ ဥဒ္ဒနေ- ခုံလောက်၌၊ ကောစိ- တစ်စုံတစ်ယောက်သော သူသည်၊ အဂ္ဂိံ- မီးကို၊ နပစ္စတိ- မညှိ၊ တသ္မာ- ထိုကြောင့်၊ တယာ- သင်ညီချစ်သည်၊ ပဗ္ဗဇိတုံ- ရဟန်းပြုအံ့သောငှာ၊ နဟိသက္ကာ- မသင့်သည်သာတည်း။

တတ္ထ- ထို န ဟိ သဏ္ဍာစသော ဂါထာ၌၊ **န ဟိ ပစ္စတီ**တိ- န ဟိ ပစ္စတိဟူသည်ကား၊ တာဝ- ရှေးဦးစွာ၊ ဣဒါနေဝ- ယခုအခါ၌သာလျှင်၊ မမ- ငါ၏၊ ပဗ္ဗဇ္ဇာဓိပ္ပါယံ- ရဟန်းပြုလိုသော စကားကို၊ သုတွာဝ- ကြားရ၍သာလျှင်၊ ဒွါဒသယောဇနိကေ- တစ်ဆယ့်နှစ်ယူဇနာရှိသော၊ ဣမသ္မိံ သုဒဿနနဂရေ စ- ဤသုဒဿနမြို့၌လည်းကောင်း၊ သကလဇနပဒေ စ- အလုံးစုံသော ဇနပုဒ်၌လည်းကောင်း၊ န ပစ္စတိ- စားစရာကိုမချက်၊ ကောစိ- တစ်စုံတစ်ယောက်သည်၊ ဥဒ္ဓနေ- ဖိုခနောက်၌၊ အဂ္ဂိံ- မီးကို၊ န ဇာလေတိ- မညှိ၊ ပန- ဆက်၍ဆိုဦးအံ့၊ အမှေသု ဒွီသု- ငါတို့ ညီအစ်ကိုနှစ်ယောက်တို့သည်၊ ပဗ္ဗဇိတေသု- ရဟန်းပြုသည်ရှိသော်၊ ရဋ္ဌဝါသိနော- တိုင်းနိုင်ငံ၌ နေကုန်သူတို့သည်၊ အနာထာဝ- ကိုးကွယ်ရာမဲ့ကုန်သည်၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ့်၊ တသ္မာ- ထို့ကြောင့်၊ တယာ- သင်သည်၊ ပဗ္ဗဇိတုံ- ရဟန်းပြုခြင်းငှာ၊ န ဟိ သဏ္ဍာ- မတတ်ကောင်းသည်သာ၊ အဟမေဝ- ငါသည်သာလျှင်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုအံ့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ မဟာဇနော- လူအများသည်၊ မဟာသတ္တဿ- ဘုရားလောင်းသုတသောမမင်း၏၊ ပါဒမူလေ- ခြေတော်ရင်း၌၊ ပရိဝတ္တိတွာ- လူးလဲ၍၊ ပရိဒေဝန္တော- ငိုကြွေးလိုသည်ဖြစ်၍၊ "သုတသောမေ ပဗ္ဗဇိတေ၊ ကထံ နု ဒါနိ ကရိဿာမာ"တိ- "သုတသောမေ ပဗ္ဗဇိတေ၊ ကထံ နု ဒါနိ ကရိဿာမ- ဟူသော၊ ဥပဍ္ဎဂါထံ- ထက်ဝက်သော ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၂၂) သုတသောမေ- သုတသောမမင်းမြတ်သည်၊ ပဗ္ဗဇိတေ- ရဟန်းပြုတော်မူသည်ရှိသော်၊ ဒါနိ- ယခု၊ မယံ- ငါတို့သည်၊ ကိံကရိဿာမနု- အသို့ပြုရပါကုန်အံ့နည်း။

တတော- ထို့နောင်မှ၊ မဟာသတ္တော- ဘုရားလောင်း သုတသောမမင်းသည်၊ "(မဟာဇနာ- အိုလူများတို့၊) အလံ- တော်ပါပြီ၊ (တုမှေ- သင်တို့သည်၊) မာ သောစယိတ္ထ- မစိုးရိမ်ကြကုန်လင့်၊ အဟံ- ငါသည်၊ စီရံ- ကြာမြင့်စွာ၊ ဌတွာပိ- တည်၍လည်း၊ တုမှေဟိ- သင်တို့နှင့်၊ ဝိနာ- ကွေကွင်းရသည်၊ ဘဝိဿာမိ- ဖြစ်လတ္တံ့၊ ဟိ- သစ္စံ- ထိုစကားသည်မှန်၏၊ ဥပ္ပန္နသင်္ခါရော- ဖြစ်ပြီးသော သင်္ခါရတရားသည်၊ နိစ္စောနာမ- မြဲသောမည်သည်၊ နတ္ထိ- မရှိ" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) မဟာဇနဿ- လူအများအား၊ ဓမ္မံ- တရားကို၊ ကထေန္တော- ဟောတော်မူလိုသည်ဖြစ်၍၊

"ဥပနီယတိဒံ မဉ္စေ၊ (ပ) ဝမေန္တိ အသုရကာယ"န္တိ- "ဥပနီယတိဒံ မဉ္စေ၊ (ပ) ဝမေန္တိ အသုရကာယံ-ဟူကုန်သော၊ (တိဿောဂါထာ- သုံးဂါထာတို့ကို၊) အာဟ- ဆိုပြီ။

(၂၂၃) တာတ- အမောင်တို့ စက်ဝါရမ့်- ခဝါသည်တို့၏ ပေါင်းအိုး၌၊ ပက္ခိတ္တံ- ထည့်အပ်သော၊ ပရိတ္တံ- နည်းငယ်သော၊ ဥဒကံ- ရေသည်၊ [ဥပနီယတိ (ဥပနိယျတိ)] ဣဝ- လျင်စွာ ကုန်ခန်းသကဲ့သို့၊ တထာ- ထိုအတူ၊ သတ္တာနံ- သတ္တဝါတို့၏၊ ဣဒံဇီဝိတံ- ဤအသက်သည်၊ [ဥပနီယတိ(ဥပနိယျတိ)]- ကုန်လွယ်၏၊ ဣတိ- ဤသို့၊ မဉ္စေ- ငါအောက်မေ့၏၊ ဓဝံယထာဝုတ္တနယေန- အကြင် အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်၊ သုပရိတ္တကေဇီဝိတေ သုပရိတ္တကာနံ ဇီဝိတာနံ- အလွန်တိုသော အသက်ရှိသော သတ္တဝါတို့အား၊ ပမဇ္ဇိတုံ- မေ့လျော့အံ့သောငှာ၊ နကာလော- အခွင့်မရှိ။

(၂၂၄) တာတ- အမောင်တို့ စက်ဝါရမ့်- ခဝါသည်တို့၏ပေါင်းအိုး၌၊ ပက္ခိတ္တံ- ထည့်အပ်သော၊ ပရိတ္တံ- အနည်းငယ်သော၊ ဥဒကံ- ရေသည်၊ [ဥပနီယတိ (ဥပနိယျတိ)] ဣဝ- လျင်စွာကုန်ခန်းတည့်သကဲ့သို့၊ တထာ- ထိုအတူ၊ သတ္တာနံ- သတ္တဝါတို့၏၊ ဣဒံဇီဝိတံ- ဤအသက်သည်၊ [ဥပနီယတိ (ဥပနိယျတိ)]- ကုန်ခန်းလွယ်၏၊ ဣတိ- ဤသို့၊ မဉ္စေ- ငါအောက်မေ့၏၊ ဓဝံယထာဝုတ္တနယေန- အကြင် အကြင်ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်၊ ဇီဝိတေ- အသက်သည်၊ သုပရိတ္တကေ- အလွန်နည်းသည်၊ အထသန္တေ- ဖြစ်လျက်၊ အန္ဓဗာလာ- ပုထုဇဉ်ကန်းသူမိုက်တို့သည်၊ ပမဇ္ဇန္တိ- မေ့လျော့ကြကုန်၏၊

(၂၂၅) တဏှာယပဗန္ဓနပဗန္ဓာ- တဏှာဟု ဆိုအပ်သော အနှောင်အဖွဲ့သည် နှောင်ဖွဲ့အပ်ကုန်သော၊ တေဗာလာ- ထိုသူမိုက်တို့သည်၊ နိရယဉ္စ- ငရဲပြည်သို့လည်းကောင်း၊ တိရစ္ဆာနယောနိဉ္စ- တိရစ္ဆာန်အမျိုးကိုလည်းကောင်း၊ ပေတ္တိဝိသယဉ္စ- ပြိတ္တာတို့၏ဘုံကိုလည်းကောင်း၊ ဝဍ္ဎယန္တိ- ပွားစေကုန်၏၊ အသုရကာယဉ္စ- ကာလကိဉ္စိကအသုရာမျိုးကိုလည်း၊ ဝမေန္တိ- ပွားများစေကုန်၏။

တတ္ထ- ထိုဥပနီယတိဒံ မဉ္စေစသော ဂါထာတို့၌၊ **ဥပနီယတိဒံ မဉ္စေတိ**- ဥပနီယတိဒံ မဉ္စေဟူသည်ကား၊ တာတ- ချစ်သား၊ ဣဒံ ဇီဝိတံ- ဤအသက်ရှင်ခြင်းသည်၊ ဥပနီယတိ- ကုန်လွယ်၏၊ ဣတိ- ဤသို့၊ အဟံ- ငါသည်၊ မညာမိ- မှတ်ထင်၏၊ အညေသု- အခြားကုန်သော၊ သုတ္တေသု- သုတ်တို့၌၊ ဥပသံဟရဏတ္ထော- ကပ်ဆောင်ခြင်း အနက်ရှိ၏၊ ဥပနိယျနတ္ထော- ဆောင်ယူခြင်း အနက်ရှိ၏၊ ဣဓ

ပန- ဤသုတ်၌ကား၊ ပရိယာဒါနတ္ထော- ကုန်ဆုံးခြင်း အနက်ရှိ၏၊ တသ္မာ- ထို့ကြောင့်၊ ရဇကာနံ- ခဝါသည်တို့၏၊ ခါရစက္ကဝါရေ- ဆပ်ပြာရေ ထည့်ရာပေါင်းအိုးကြီး၌၊ ပက္ခိတ္တံ- ထည့်အပ်သော၊ ပရိတ္တံ- နည်းသော၊ ဥဒကံ- ရေသည်၊ သီဃံ- လျင်စွာ၊ ပရိယာဒိယတိ ယထာ- ကုန်သကဲ့သို့ တထာ- ထို့အတူ၊ ဇီဝိတမ္ပိ- အသက်သည်လည်း၊ (ပရိယာဒိယတိ- ကုန်လွယ်၏၊) ဧဝံ- ဤသို့၊ ဇီဝိတေ- အသက်သည်၊ သုပရိတ္တကေ- အလွန်တိုတောင်းသည်ရှိသော်၊ ပရိတ္တကံ- အလွန်တိုတောင်းသော၊ တံ အာယုသင်္ခါရံ- ထိုသက်တမ်းကို၊ ဂဟေတွာ- ယူ၍၊ ဝိစရန္တာနံ- လှည့်လည် ကုန်သော၊ သတ္တာနံ- သတ္တဝါတို့အတွက်၊ ပုညကိရိယာယ- ကောင်းမှုကုသိုလ်ကို ပြုခြင်း၌၊ ပမဇ္ဇိတုံ- မေ့လျော့ခြင်းငှာ၊ န ကာလော- အခါမဟုတ်၊ အပ္ပမာဒေါဝ- မမေ့မလျော့ခြင်းကို သာလျှင်၊ ကာတုံ- ပြုခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ ဣတိ အယံ- ဤသည်ကား၊ ဧတ္ထ- ဤဂါထာတို့၌၊ အတ္ထော- အနက်တည်း၊ **အန္ဓဗာလာ ပမဇ္ဇန္တီ**တိ- အန္ဓဗာလာ ပမဇ္ဇန္တိ ဟူသည်ကား၊ အဇရာမရာ ဝိယ- မအိုမသေသူကဲ့သို့ ဟုတွာ- ဖြစ်၍၊ ဂူထကလလေ- မစင်ညွန်အိုင်၌၊ သူကရာ ဝိယ- ဝက်တို့ကဲ့သို့၊ ဟုတွာ- ဖြစ်၍၊ ကာမပင်္ကေ- ကာမတည်းဟူသောညွန်၌၊ နိမုဇ္ဇန္တာ- နစ်မြုပ်ကုန်လျက်၊ **ပမဇ္ဇန္တိ**- မေ့လျော့ကုန်၏၊ **အသုရကာယ**န္တိ- အသုရကာယံဟူသည်ကား၊ ကာဠကဉ္စိကအသုရယောနိဥ္စ- ကာဠကဉ္စိကအမည်ရှိသော အသူရာမျိုးကိုလည်း၊ ဝဍ္ဎေန္တိ- တိုးပွားစေကုန်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့လျှင်၊ မဟာသတ္တော- ဘုရားလောင်းသည်၊ မဟာဇနဿ- လူများအား၊ ဓမ္မံ- တရားကို၊ ဒေသေတွာ- ဟောတော်မူပြီး၍၊ ပုဗ္ဗကံနာမ- ပုဗ္ဗက အမည်ရှိသော၊ ပါသာဒံ- ပြာသာဒ်ထက်သို့၊ အာရုယှ- တက်၍၊ သတ္တမာယ- ခုနစ်ဆင့်မြောက်သော၊ ဘူမိယာ- ဘုံ၌၊ ဌိတော- တည်လျက်၊ ခဂ္ဂေန- သန်လျက် ဖြင့်၊ စူဠံ- ဦးသျှောင်တော်ကို၊ ဆိန္ဒိတွာ- ဖြတ်တောက်တော်မူ၍၊ "အဟံ- ငါသည်၊ တုမှာကံ- သင်တို့နှင့်၊ ကိဉ္စိ- စိုးစဉ်းမျှ၊ နဟောမိ- တော်စပ်သည်မဖြစ်၊ အတ္တနော- မိမိ၏၊ ရာဇာနံ- မင်းကို၊ ဂဏှထ- ဆောင်ယူကြကုန်လော၊ ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) သဝေဌနံ- ဦးပေါင်းတော်နှင့်တကွ၊ စူဠံ- ဦးသျှောင်တော်ကို၊ မဟာဇနဿ- လူအများ၏၊ အန္တရေ- အလယ်၌၊ (အလယ်သို့) ခိပိ- ပစ်လိုက်ပြီ၊ တံ- ထိုသျှောင် တော်ကို၊ ဂဟေတွာ- ယူ၍၊ မဟာဇနော- လူအများသည်၊ ဘူမိယံ- မြေ၌၊ ပရိဝဋ္ဋေန္တော ပရိဝဋ္ဋေန္တော- လူးလဲ, လူးလဲသည်ဖြစ်၍၊ ပရိဒေဝိ- ငိုကြွေးပြီ၊ တသ္မိံ ဌာနေ- ထိုအရပ်၌၊

မဟန္တံ- များစွာသော၊ ရဇဂ္ဂံ- မြူအစုသည်၊ ဥဋ္ဌဟိ- ထောင်းထောင်းထပြီ၊ ပဋိက္ကမိတွာ- နောက်သို့ဆုတ်၍၊ ဌိတဇနော- တည်သော လူသည်၊ တံ- ထိုထောင်းထောင်းထသော မြူကို၊ ဩလောကေတွာ- ကြည့်၍၊ "ရညာ- မင်းသည်၊ စူဠံ- ဦးသျှောင်တော်ကို၊ ဆိန္ဒိတွာ- ဖြတ်၍၊ သဝေဌနာ- ဦးပေါင်းတော်နှင့် တကွသော၊ စူဠာ- ဦးသျှောင်တော်ကို၊ မဟာဇနဿ- လူအများ၏၊ အန္တရေ- အလယ်၌၊ (အလယ်သို့) ခိတ္တာ- ပစ်လိုက် အပ်သည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ တေန- ထို့ကြောင့်၊ ပါသာဒဿ- ပုပ္ဖကအမည် ရှိသော ပြာသာဒ်တော်၏၊ အဝိဒူရေ- အနီး၌၊ အယံရဇဝဋ္ဋိ- ဤမြူအစုသည်၊ ဥဂ္ဂတာ- ထောင်းထောင်းထပြီ၊" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) ပရိဒေဝန္တော- ငိုကြွေးလိုသည် ဖြစ်၍၊ "ဦဟညတေရဇဂ္ဂံ (ပ) ယသဿိနော ဓမ္မရာဇဿာ"တိ "ဦဟညတေရဇဂ္ဂံ (ပ) ယသဿိနော ဓမ္မရာဇဿ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၂၆) ဘောန္တောပရိသာ- အိုပရိသတ်များတို့၊ အဝိဒူရေ- ဤမှ မဝေးလွန်း သော၊ ပုပ္ဖကမှိပါသာဒေ- ပုပ္ဖကအမည်ရှိသော ပြာသာဒ်တော်၏အနီး၌၊ ရဇဂ္ဂံ- မြူအစုသည်၊ [ဦးဟညတေ(ဥဟညတေ)]- ထောင်းထောင်းထ၏၊ နော- ငါတို့၏၊ ယသဿိနော- များသော အခြံအရံရှိသော၊ ဓမ္မရာဇဿ- တရားမင်းမြတ်သည်၊ ကေသာ- ဆံတော်တို့ကို၊ [ဆိန္နာမညေ(ဆိန္နာမညေ)]- ဖြတ်တော်မူချေကုန်ပြီထင်၏။

တတ္ထ- ထို ဦဟညတေစသော ဂါထာ၌၊ **ရဟာညတေ**တိ- ဦဟညတေဟူ သည်ကား၊ ဥဋ္ဌဟတိ- ထ၏၊ **ရဇဂ္ဂ**န္တိ- ရဇဂ္ဂံဟူသည်ကား၊ ရဇက္ခန္ဓော- မြူအစုအဝေး သည်၊ **အဝိဒူရေ**တိ- အဝိဒူရေဟူသည်ကား၊ အမှာကံ- ငါတို့၏၊ ဣတော ဌိတဋ္ဌာနတော- ဤတည်ရာအရပ်မှ၊ အဝိဒူရေ- မဝေးသောအရပ်၌၊ **ပုပ္ဖကမှီ**တိ- ပုပ္ဖကမှိဟူသည်ကား၊ ပုပ္ဖကပါသာဒဿ- ပုပ္ဖကအမည်ရှိသောပြာသာဒ်၏၊ သမီပေ- အနီး၌၊ **မညေ နော**တိ- မညေ နောဟူသည်ကား၊ အမှာကံ- ငါတို့၏။ ဓမ္မရာဇဿ- တရားမင်း၏၊ ကေသာ- ဆံပင်တို့သည်၊ ဆိန္နာ- ဖြတ်အပ်ကုန်သည်၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့၊ ဣတိ- ဤသို့ မညာမ- မှတ်ထင်ကုန်၏။

မဟာသတ္တော- ဘုရားလောင်း သူတသောမမင်းသည်၊ ပရိစာရိကံ- အလုပ် အကျွေးတော်ကို၊ ပေသေတွာ- စေတော်မူ၍၊ ပဗ္ဗဇိတပရိက္ခာရေ- ရဟန်းတို့၏ ပရိက္ခရာတို့ကို၊ အာဟာရာပေတွာ- ဆောင်ယူစေပြီး၍၊ ကေသမဿုံ- ဆံမုတ်ဆိတ် တော်ကို၊ ကပ္ပကေန- ဆတ္တာသည်ကို၊ ဩဟာရာပေတွာ- ရိတ်စေ၍၊ အလင်္ကာရံ-

တန်ဆာဆင်အပ်သော အဝတ်ကို၊ သယနပိဋ္ဌေ- အိပ်ရာအပြင်၌၊ ပါတေတွာ- ချစေပြီး၍၊ ရတ္တပဋ္ဋာနံ- ဖန်ရည်စွန်းသော အဝတ်တို့၏၊ ဒသာနိ- အဆာတို့ကို၊ ဆိန္ဒိတွာ- ဖြတ်၍၊ တာနိကာသာယာနိ- ထိုဖန်ရည်စွန်းသော အဝတ်တို့ကို၊ နိဝါသေတွာ- ဝတ်၍၊ မတ္တိကာပတ္တံ- မြေသပိတ်ကို၊ ဝါမအံသကူဋေ- လက်ဝဲပခုံး စွန်း၌၊ လဂ္ဂေတွာ- လွယ်ပြီး၍၊ ကတ္တရဒဏ္ဍံ- သူအိုသူ၏ စွဲကိုင်ရာတောင်ဝှေးကို၊ အာဒါယ- ယူ၍၊ မဟာတလေ- မြတ်သော ရွှေနန်းပြင်၌၊ အပရာပရံ- လူလား ခေါက်ပြန်၊ စင်္ကမိတွာ- စင်္ကြံသွားတော်မူ၍၊ ပါသာဒါ- ရွှေနန်းပြာသာဒ်တော်မှ၊ ဩတရိတွာ- သက်ဆင်းခဲ့၍၊ အန္တရဝီထိံ- ခရီးလမ်းမအလယ်သို့၊ ပဋိပဇ္ဇိ- ကြွသွား တော်မူပြီ ဂစ္ဆန္တံ- ကြွသွားတော်မူသော၊ နံပန- ထိုဘုရားလောင်း သုတသောမမင်းကိုကား၊ ကောစိ- တစ်စုံတစ်ယောက်သော သူသည်၊ န သဥ္ဇာနိ- မသိ၊ အထ- ထိုအခါ၌၊ အဿ- ထိုဘုရားလောင်း သုတသောမမင်း၏၊ သတ္တသတာ- ခုနစ်ရာကုန်သော၊ ခတ္တိယကညာ- မင်းသမီးဖြစ်ကုန်သော မိဖုရားတို့သည်၊ ပါသာဒံ- ပြာသာဒ်ထက်သို့၊ အဘိရုဟိတွာ- တက်ကုန်၍၊ တံ- ထိုဘုရားလောင်း သုတသောမမင်းကို၊ အဒိသွာ- မမြင်မူ၍၊ အာဘရဏဘဏ္ဍမေဝ- ဝတ်ဆင်အပ်သော တန်ဆာတော်ကိုသာလျှင်၊ ဒိသွာ- မြင်ကုန်၍၊ ဩတရိတွာ- ဆင်းခဲ့ကုန်၍၊ အဝသေသာနံ- ကြွင်းကုန်သော၊ သောဠသသဟဿာနံ- တစ်သောင်းခြောက်ထောင်ကုန်သော၊ ဣတ္ထီနံ- မိန်းမတို့၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွားကုန်၍၊ "(သမ္မ- အိုအချင်းတို့) အမှာကံ- ရှင်မတို့၏၊ ပိယသာမိကော- ချစ်လှစွာသော အရှင်ဖြစ်သော၊ သုတသောမ မဟိဿရော- သုတသောမအမည်ရှိသော မင်းမြတ်သည်၊ ပဗ္ဗဇိတော- ရဟန်းပြုတော်မူလေပြီ၊" ဣတိ- ဤသို့၊ မဟာသဒ္ဒေန- ကျယ်စွာသော အသံဖြင့်၊ ပရိဒေဝမာနာဝ- ငိုကြွေးကုန် လျက်သာလျှင်၊ ဗဟိ- အပသို့၊ နိက္ခမိံသု- ထွက်ကြကုန်ပြီ၊ တသ္မိံခဏေ- ထိုခဏ၌၊ မဟာဇနော- လူအများသည်၊ တဿ- ထိုဘုရားလောင်း သုတသောမမင်း၏၊ ပဗ္ဗဇိတဘာဝံ- ရဟန်းပြုသည်၏အဖြစ်ကို၊ အညာသိ- သိလေပြီ၊ သကလနဂရံ- အလုံးစုံသော မြို့သည်၊ သခ္ခုဘိတွာ- တုန်လှုပ်ချောက်ချား၍၊* နော- ငါတို့၏၊ ရာဇာ- မင်းမြတ်သည်၊ ပဗ္ဗဇိတောကိရ- ရဟန်းပြုတော်မူသတတ်၊" ဣတိ- ဤသို့၊ ရာဇဒွါရေ- မင်းအိမ်တံခါးတော်၌၊ (မဟာဇနော- လူအများသည်၊) သန္နိပတိ- စည်းဝေး၏၊

---

* သံ+ခုဘ=ဣသရခံ၍ တွာ-ပစ္စည်းဆက်၊ သံယုတ်မပါလျှင် ဘူဝါဒိ၊ သံယုတ်ပါလျှင် ဒိဝါဒိ။

မဟာဇနော- လူအများသည်၊ “(နော- ငါတို့၏၊) ရာဇာ- မင်းမြတ်သည်၊ ဣမ- ဤအရပ်၌၊ ဘဝိဿတိ- ရှိသည်ဖြစ်လတ္တံ့၊ ဧတ္ထ- ထိုအရပ်၌၊ ဘဝိဿတိ- ရှိသည်ဖြစ်လတ္တံ့၊” ဣတိ- ဤသို့၊ ပါသာဒါဒီနိ- ပြာသာဒ်အစရှိကုန်သော၊ ရညော- မင်း၏၊ ပရိဘောဂဋ္ဌာနာနိ- သုံးဆောင်စံနေတော်မူရာအရပ်တို့သို့၊ ဂန္တွာ- သွား၍၊ ရာဇာနံ- မင်းကို၊ အဒိသွာ- မမြင်မူ၍။ “အယမဿပါသာဒေါ၊ (ပ) ပရိကိရ္တော ဉာတိသယေ်နာ”တိ- “အယမဿပါသာဒေါ၊ (ပ) ပရိကိရ္တော ဉာတိသယေ်န” ဟူကုန်သော၊ ဣမာဟိ ဂါထာဟိ- ဤတစ်ဆယ့်ခြောက်ဂါထာတို့ဖြင့်၊ ပရိဒေဝန္တော- ငိုကြွေးလျက်၊ ဝိစရိ- လှည့်လည်ပြီ။

(၂၂၇) သောဝဏ္ဏပုပ္ဖမာလျဝီတိကိဏ္ဏော- ရွှေပန်းအထူးထူးသော ပန်းကုံး ပန်းဆိုင်းတို့ဖြင့် ပြည့်ထသော၊ အယံပါသာဒေါ- ဤရွှေပြာသာဒ်တော်သည်၊ အဿ- ထိုသုတသောမမင်းမြတ်၏၊ ပါသာဒေါ- စံတော်မူရာပြာသာဒ်တော် တည်း၊ ယဟိံ- အကြင်ပြာသာဒ်တော်၌၊ ရာဇာ- ငါတို့သခင် အရှင်သုတသောမ မင်းမြတ်သည်၊ ဣတ္ထာဂါရေဟိ- မင်းမောင်းမအပေါင်းတို့ဖြင့်၊ ပရိကိဏ္ဏော- ဝန်းပတ်ခြံရံလျက်၊ အနုဝိစရိ- စံတော်မူလှည့်လေပြီ။

(၂၂၈) သောဝဏ္ဏပုပ္ဖမာလျဝီတိကိဏ္ဏော- ရွှေပန်းအထူးထူးသော ပန်းကုံး ပန်းဆိုင်းတို့ဖြင့် ပြည့်ထသော၊ အယံပါသာဒေါ- ဤရွှေပြာသာဒ်တော်သည်၊ အဿ- ထိုသုတသောမမင်းမြတ်၏၊ ပါသာဒေါ- စံတော်မူရာ ပြာသာဒ်တော် တည်း၊ ယဟိံ- အကြင်ရွှေပြာသာဒ်တော်၌၊ ရာဇာ- ငါတို့သခင်အရှင်သုတသောမ မင်းမြတ်သည်၊ ဉာတိသံဃေန- ဆွေတော်မျိုးတော်အပေါင်းဖြင့်၊ ပရိကိဏ္ဏော- ပတ်ဝန်းခြံရံညီလာခံ၍၊ အနုဝိစရိ- စံတော်မူလှည့်လေပြီ။

(၂၂၉) သောဝဏ္ဏပုပ္ဖမာလျဝီတိကိဏ္ဏံ- ရွှေပန်း အထူးထူးသော ပန်းကုံး ပန်းဆိုင်းတို့ဖြင့် ပြည့်ထသော၊ ဣဒံကူဋာဂါရံ- ဤရတနာခုနစ်ပါးတို့ဖြင့် ဆန်းကြယ်သော နေရာရှိသော စုလစ်မွန်းချွန်တပ်သော ရွှေနန်းတော် တိုက်ခန်းသည်၊ အဿ- ထိုငါတို့သခင် အရှင်သုတသောမမင်းမြတ်၏၊ ကူဋာဂါရံ- စုလစ်မွန်းချွန်တပ်သော ရွှေနန်းဆောင်တိုက်ခန်းတော်တည်း၊ ယဟိံ- အကြင်အဆောင်တော်တိုက်ခန်း၌၊ ရာဇာ- ငါတို့သခင် အရှင် သုတသောမ မင်းမြတ်သည်၊ ဣတ္ထာဂါရေဟိ- မိဖုရားအပေါင်း မောင်းမကိုယ် လုပ်တော်တို့ဖြင့်၊ ပရိကိဏ္ဏော- ဝန်းပတ်ခြံရံညီလာခံလျက်၊ အနုဝိစရိ- စံတော်မူလှည့်လေပြီ။

(၂၃၀) သောဝဏ္ဏပုပ္ဖမာလျဝီတိကိဏ္ဏံ- ရွှေပန်းအထူးထူးသောပန်းကုံး ပန်းဆိုင်းတို့ဖြင့်ပြည့်သော၊ ဣဒံကူဋာဂါရံ- ဤရတနာခုနစ်းပါးတို့ဖြင့် ဆန်းကြယ်သော နေရာရှိထသော စုလစ်မွန်းချွန်တပ်သော ရွှေနန်းဆောင် တိုက်ခန်းသည်၊ အဿ- ထိုငါတို့သခင်အရှင် သုတသောမမင်းမြတ်၏၊ ကူဋာဂါရံ- စုလစ်မွန်ချွန်တပ်သော ရွှေနန်းဆောင် ပြာသာဒ်တော်တည်း၊ ယဟိ- အကြင်အဆောင်တော်တိုက်ခန်း၌၊ ရာဇာ- ငါတို့သခင်အရှင် သုတသောမ မင်းမြတ်သည်၊ ဉာတိသံဃေန- ဆွေတော်မျိုးတော် အပေါင်း ဖြင့်၊ ပရိကိဏ္ဏော- ပတ်ဝန်းခြံရံညီလာခံလျက်၊ အနုဝိစရိ- စံတော်မူလေ့လေပြီ။

(၂၃၁) သုပုပ္ဖိတာ- ကောင်းစွာပွင့်ထသော၊ သဗ္ဗကာလိကာ- ဆယ့်နှစ်ရာသီ အညီမလစ် မပြတ်ပွင့်ထသော၊ ရမ္မာ- နှလုံးမွေ့လျော်ဖွယ် ရှိထသော၊ အယံ- အသောကဝနိကာ- ဤပန်းသုန်းတောဥယျာဉ်တော မြေအရပ်သည်၊ အဿ- ထိုငါတို့သခင် အရှင်သုတသောမမင်းမြတ်၏၊ အသောကဝနိကာ- ပန်းသုန်းတောဥယျာဉ်မြေအရပ်တည်း၊ ယဟိ- အကြင်ပန်းသုန်းတော ဥယျာဉ်တော်မြေအရပ်၌၊ ရာဇာ- ငါတို့သခင် အရှင်သုတသောမ မင်းမြတ် သည်၊ ဣတ္ထာဂါရေဟိ- မိဖုရားအပေါင်းမောင်းမ ကိုယ်လုပ်တော်တို့ဖြင့်၊ ပရိကိဏ္ဏော- ဝန်းပတ်ခြံရံညီလာခံလျက်၊ အနုဝိစရိ- စံတော်မူလေ့လေပြီ။

(၂၃၂) သုပုပ္ဖိတာ- ကောင်းစွာ ပွင့်ထသော၊ သဗ္ဗကာလိကာ- ဆယ့်နှစ်ရာသီ အညီမလပ် မပြတ်ပွင့်ထသော၊ ရမ္မာ- နှလုံးမွေ့လျော်ဖွယ်ရှိထသော၊ အယံအသောကဝနိကာ- ဤပန်းသုန်းတောဥယျာဉ်တော်မြေအရပ်သည်၊ အဿ- ထိုငါတို့သခင်အရှင်သုတသောမမင်းမြတ်၏၊ အသောကဝနိကာ- ပန်းသုန်းတောဥယျာဉ်တော်မြေအရပ်တည်း၊ ယဟိ- အကြင် ပန်းသုန်းတော ဥယျာဉ်တော်မြေအရပ်၌၊ ရာဇာ- ငါတို့သခင်အရှင်သုတသောမ မင်းမြတ် သည်၊ ဉာတိသံဃေန- ဆွေတော်မျိုးတော်အပေါင်းဖြင့်၊ ပရိကိဏ္ဏော- ဝန်းပတ်ခြံရံညီလာခံလျက်၊ အနုဝိစရိ- စံတော်မူလေ့လေပြီ။

(၂၃၃) သုပုပ္ဖိတံ- ကောင်းစွာ ပွင့်ထသော၊ သဗ္ဗကာလိကံ- ဆယ့်နှစ်ရာသီ အညီမလပ် မပြတ်ပွင့်ထသော၊ ရမ္မံ- နှလုံးမွေ့လျော်ဖွယ်ရှိထသော၊ ဣဒံ- ဥယျာနံ- ဤဥယျာဉ်တော်သည်၊ အဿ- ထိုငါတို့သခင် အရှင်သုတသောမ မင်းမြတ်၏၊ ဥယျာနံ- ဥယျာဉ်တော်တည်း၊ ယဟိ- အကြင်ဥယျာဉ်တော်၌၊ ရာဇာ- ငါတို့သခင် အရှင်သုတသောမမင်းမြတ်သည်၊ ဣတ္ထာဂါရေဟိ-

မိဖုရားအပေါင်း မောင်းမကိုယ်လုပ်တော်တို့ဖြင့်၊ ပရိကိဏ္ဏော- ဝန်းပတ်ခြံရံ ညီလာခံလျက်၊ အနုဝိစရိ- စံတော်မူလှည့်လေပြီ။

(၂၃၄) သုပုပ္ဖိတံ- ကောင်းစွာ ပွင့်ထသော၊ သဗ္ဗကာလိကံ- ဆယ့်နှစ်ရာသီ အညီမလပ် မပြတ်သီးပွင့်ထသော၊ ရမ္မံ- နှလုံးမွေ့လျော် ပျော်ဖွယ်ရှိထသော။ ဣဒံဥယျာနံ- ဤဥယျာဉ်တော်သည်၊ အဿ- ထိုငါတို့သခင် အရှင်သုတသောမ မင်းမြတ်၏၊ ဥယျာနံ- ဥယျာဉ်တော်တည်း၊ ယဟိံ- အကြင်ဥယျာဉ်တော်၌၊ ရာဇာ- ငါတို့သခင် အရှင်သုတသောမမင်းမြတ်သည်။ ဉာတိသံဃေန- ဆွေတော်မျိုးတော် အပေါင်းဖြင့်၊ ပရိကိဏ္ဏော- ဝန်းပတ်ခြံရံညီလာခံလျက်၊ အနုဝိစရိ- စံတော်မူလှည့်လေပြီ။

(၂၃၅) သုပုပ္ဖိတံ- ကောင်းစွာ ပွင့်ထသော၊ သဗ္ဗကာလိကံ- အစဉ်မပြတ် သီးပွင့်ထသော၊ ရမ္မံ- နှလုံးမွေ့လျော်ဖွယ်ရှိထသော၊ ဣဒံကဏိကာရ- ဝနံ- အကြင်မဟာလှေကားပန်းတောသည်၊ အဿ- ထိုငါတို့သခင် အရှင် သုတသောမမင်းမြတ်၏၊ ကဏိကာရဝနံ- မဟာလှေကားပန်းတောတည်း၊ ယဟိံ- အကြင်မဟာလှေကားပန်းတော၌၊ ရာဇာ- ငါတို့သခင်အရှင် သုတသောမမင်းမြတ်သည်၊ ဣတ္ထာဂါရဟိ- မိဖုရားအပေါင်းမောင်းမ ကိုယ်လုပ်တော်တို့ဖြင့်၊ ပရိကိဏ္ဏော- ဝန်းပတ်ခြံရံညီလာခံလျက်၊ အနုဝိစရိ- စံတော်မူလှေ့ပြီ။

(၂၃၆) သုပုပ္ဖိတံ- ကောင်းစွာ ပွင့်ထသော၊ သဗ္ဗကာလိကံ- အစဉ်မပြတ် သီးပွင့်ထသော၊ ရမ္မံ- နှလုံးမွေ့လျော်ဖွယ်ရှိသော၊ ဣဒံကဏိကာရဝနံ- ဤမဟာလှေကားပန်းတောသည်၊ အဿ- ထိုငါတို့သခင်အရှင် သုတသောမ မင်းမြတ်၏၊ ကဏိကာရဝနံ- မဟာလှေကားပန်းတောတည်း၊ ယဟိံ- အကြင် ဥယျာဉ်တော်၌၊ ရာဇာ- ငါတို့သခင် အရှင်သုတသောမမင်းမြတ်သည်၊ ဉာတိသံဃေန- ဆွေတော်မျိုးတော်အပေါင်းဖြင့်၊ ပရိကိဏ္ဏော- ဝန်းပတ်ခြံရံ ညီလာခံလျက်၊ အနုဝိစရိ- စံတော်မူလှေ့လေပြီ။

(၂၃၇) သုပုပ္ဖိတံ- ကောင်းစွာ ပွင့်ထသော၊ သဗ္ဗကာလိကံ- အစဉ်မပြတ် သီးပွင့်ထသော၊ ရမ္မံ- နှလုံးမွေ့လျော်ဖွယ်ရှိထသော၊ ဣဒံပါဋလိဝနံ- ဤ သခွတ်တောသည်၊ အဿ- ထိုငါတို့သခင် အရှင်သုတသောမ၏ မင်းမြတ် ၏။ ပါဋလိဝနံ- သခွတ်တောတည်း၊ ယဟိံ- အကြင်ဥယျာဉ်တော်၌၊ ရာဇာ- ငါတို့သခင် အရှင်သုတသောမမင်းမြတ်သည်။ ဣတ္ထာဂါရေ ဟိ- မိဖုရားအပေါင်း

မောင်းမကိုယ်လုပ်တော်တို့ဖြင့်၊ ပရိကိဏ္ဏော- ဝန်းပတ်ရံလျက်၊ အနုဝိစရိ- စံတော်မူလေပြီ။

(၂၃၈) သုပုပ္ဖိတံ- ကောင်းစွာ ပွင့်ထသော၊ သဗ္ဗကာလိကံ- အစဉ်မပြတ် ပွင့်ထသော၊ ရမ္မံ- နှလုံးမွေ့လျော်ဖွယ်ရှိထသော၊ ဣဒံပါဋလိဝနံ- ဤသခွတ်တောသည်။ အဿ- ထိုငါတို့သခင် အရှင်သုတသောမ မင်းမြတ်၏။ ပါဋလိဝနံ- သခွတ်တောတည်း၊ ယဟိံ- အကြင်ဥယျာဉ်တော်၌၊ ရာဇာ- ငါတို့သခင် အရှင်သုတသောမမင်းမြတ်သည်၊ ဉာတိသံဃေန- ဆွေတော် မျိုးတော် အပေါင်းဖြင့်၊ ပရိကိဏ္ဏော- ပတ်ဝန်းခြံရံညီလာခံလျက်၊ အနုဝိစရိ- စံတော်မူလှလေပြီ။

(၂၃၉) သုပုပ္ဖိတံ- ကောင်းစွာ ပွင့်ထသော၊ သဗ္ဗကာလိကံ- အစဉ်မပြတ် သီးပွင့်ထသော၊ ရမ္မံ- နှလုံးမွေ့လျော်ဖွယ်ရှိထသော၊ ဣဒံအမ္ဗဝနံ- ဤသရက် တောသည်၊ အဿ- ထိုငါတို့သခင် အရှင်သုတသောမ မင်းမြတ်၏၊ အမ္ဗဝနံ- သရက်တောတည်း၊ ယဟိံ- အကြင်ဥယျာဉ်တော်၌၊ ရာဇာ- ငါတို့သခင် အရှင်သုတသောမမင်းမြတ်သည်၊ ဣတ္ထာဂါရေဟိ- မိဖုရားအပေါင်း မောင်းမ ကိုယ်လုပ်တော်တို့ဖြင့်၊ ပရိကိဏ္ဏော- ပတ်ဝန်းခြံရံညီလာခံလျက်၊ အနုဝိစရိ- စံတော်မူလှလေပြီ။

(၂၄၀) သုပုပ္ဖိတံ- ကောင်းစွာ ပွင့်ထသော၊ သဗ္ဗကာလိကံ- အစဉ်မပြတ် သီးပွင့်ထသော၊ ရမ္မံ- နှလုံးမွေ့လျော်ဖွယ်ရှိထသော၊ ဣဒံအမ္ဗဝနံ- ဤသရက် တောသည်၊ အဿ- ထိုငါတို့သခင် အရှင်သုတသောမမင်းမြတ်၏၊ အမ္ဗဝနံ- သရက်တောတည်း၊ ယဟိံ- အကြင်သရက်တော၌၊ ရာဇာ- ငါတို့သခင် အရှင်သုတသောမမင်းမြတ်သည်၊ ဉာတိသံဃေန- ဆွေတော်မျိုးတော် အပေါင်းဖြင့်၊ ပရိကိဏ္ဏော- ဝန်းပတ်ခြံရံညီလာခံလျက်၊ အနုဝိစရံ- စံတော်မူလှလေပြီ။

(၂၄၁) သဥ္စန္နာ- အထူးထူးသော ရေပန်း ကြည်းပန်းတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းထသော၊ အဏ္ဍဇေဟိ- ငှက်အပေါင်းတို့ဖြင့်၊ ဝီတိကိဏ္ဏာ- ပြည့်ထ သော၊ အယံပေါက္ခရဏီ- ဤမင်္ဂလာရေကန်တော်သည်၊ အဿ- ထိုငါတို့ သခင် အရှင်သုတသောမ မင်းမြတ်၏၊ ပေါက္ခရဏီ- မင်္ဂလာရေကန်တော် တည်း၊ ယဟိံ- အကြင်ဥယျာဉ်တော်၌၊ ရာဇာ- ငါတို့သခင်အရှင် သုတသောမ မင်းမြတ်သည်၊ ဣတ္ထာဂါရေဟိ- မိဖုရားအပေါင်းမောင်းမ ကိုယ်လုပ်တော်

တို့ဖြင့်၊ ပရိကိဏ္ဏော- ပတ်ဝန်းခြံရံညီလာခံလျက်၊ အနုဝိစရိ- စံတော်မူလှ လေပြီ။

(၂၄၂) သဥ္ဆန္နာ- အထူးထူးသော ရေပန်းကြည်းပန်းတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းထသော၊ အဏ္ဍဇေဟိ- ငှက်အပေါင်းတို့ဖြင့် ဝိတိကိဏ္ဏာ- ပြည့်ထသော၊ အယံပေါက္ခရဏီ- ဤမင်္ဂလာရေကန်တော်သည်၊ အဿ- ထိုငါတို့သခင် အရှင်သုတသောမ မင်းမြတ်၏၊ ပေါက္ခရဏီ- မင်္ဂလာရေကန်တော်တည်း၊ ယဟိံ- အကြင်ဥယျာဉ်တော်၌၊ ရာဇာ- ငါတို့သခင် အရှင်သုတသောမ မင်းမြတ်သည်၊ ဉာတိသံဃေန- ဆွေတော်မျိုးတော်အပေါင်းဖြင့်၊ ပရိကိဏ္ဏော- ပတ်ဝန်ခြံရံညီလာခံလျက်၊ အနုဝိစရိ- စံတော်မူလှလေပြီ။

တတ္ထ- ထိုအယမဿစသော ဂါထာတို့၌၊ **ဝိတိကိဏ္ဏော**တိ- ဝိတိကိဏ္ဏောဟူသည်ကား၊ သောဝဏ္ဏပုပ္ဖေဟိ စ- ရွှေအဆင်းရှိသော ပန်းတို့ဖြင့်လည်းကောင်း၊ နာနာမာလေဟိ စ- အထူးထူးသော ပန်းဆိုင်းတို့ဖြင့်လည်းကောင်း၊ သမောကိဏ္ဏော- ပြွမ်းထသော၊ **ပရိကိဏ္ဏော**တိ- ပရိကိဏ္ဏောဟူသည်ကား၊ ပရိဝါရိတော- ခြံရံသည်ဖြစ်၍၊ **ဣတ္ထာဂါရေဟီ**တိ- ဣတ္ထာဂါရေဟိဟူသည်ကား၊ ဒါသိယော- ကျွန်မတို့ကို၊ ဥပါဒါယ- အစပြု၍၊ ဣတ္ထိယော- အမျိုးသမီးအားလုံးတို့သည်၊ ဣတ္ထာဂါရာ နာမ- အဆောင်နေအမျိုးသမီးတို့မည်ကုန်၏၊ **ဉာတိသံဃေနာ**တိ- ဉာတိသံဃေနဟူသည်ကား၊ အမစ္စာပိ- အမတ်တို့သည်လည်း၊ ဣဓ- ဤနေရာ၌၊ ဉာတယော ဧဝ- ဆွေမျိုးတို့ ပင်တည်း၊ **ကူဋာဂါရန္တိ**- ကူဋာဂါရံဟူသည်ကား၊ သတ္တရတနဝိစိတ္တော- ရတနာခုနှစ်ပါးတို့ဖြင့်ဆန်းကြယ်သော၊ သယနကူဋာဂါရဂဗ္ဘော- စူးလစ်မွန်းချွန်တပ်သော ရွှေနန်းဆောင်၌ရှိသော အိမ်ယာတိုက်ခန်းတည်း၊ **အသောကဝနိကာ**တိ- အသောကဝနိကာဟူသည်ကား၊ အသောကဝနဘူမိ- အသောကပန်းဥယျာဉ်မြေအရပ်တည်း၊ **သဗ္ဗကာလိကာ**တိ- သဗ္ဗကာလိကာဟူသည်ကား၊ သဗ္ဗကာလပရိဘောဂက္ခမာ- အခါခပ်သိမ်း သုံးဆောင်ခြင်းငှာ ခန့်သည်၊ ဝါ- တစ်နည်းကား၊ နိစ္စပုပ္ဖိတာ- အမြဲအပွင့်ရှိသည်၊ **ဥယျာန**န္တိ- ဥယျာနံဟူသည်ကား၊ နန္ဒနဝနစိတ္တလတာဝနသဒိသံ- နန္ဒဝန် ဥယျာဉ် စိတ္တလတာဥယျာဉ်နှင့်တူသော၊ ဥယျာနံ- ဥယျာဉ်တည်း၊ **သဗ္ဗကာလိက**န္တိ- သဗ္ဗကာလိကံဟူသည်ကား၊ ဆသု- ခြောက်ပါးကုန်သော၊ ဥတူသုပိ- ဥတုတို့၌လည်း၊ ဥပ္ပန္နကပုပ္ဖဖလသဉ္ဆန္နံ- သီးပွင့်သော ပန်းအသီးတို့ဖြင့် ဖုံးလွှမ်းအပ်သော၊ ကဏိကာရဝနာဒီသု- မဟာလှေကားပန်းဥယျာဉ်အစရှိသည်တို့၌၊ (ရာဇာအနုဝိစရိ-၌စပ်၊)

**သဗ္ဗကာလိကန္တိ**- သဗ္ဗကာလိကံဟူသည်ကား၊ သဗ္ဗကာလေ- အခါခပ်သိမ်း၊ သုပုပ္ဖိတဖလိတမေဝ- ကောင်းစွာ ပွင့်သော ပန်းအသီးရှိသည်သာဖြစ်သော၊ **သဏ္ဍနွာ**တိ- သဏ္ဍနွာဟူသည်ကား၊ နာနာဝိဓေဟိ- အထူးထူး အပြားပြားကုန်သော၊ ဇလဇထလဇ ကုသုမေဟိ- ရေ၌ဖြစ်ကုန် ကုန်း၌ဖြစ်ကုန်သော ပန်းတို့ဖြင့်၊ သုဋ္ဌု- ကောင်းစွာ၊ သဏ္ဍနွာ- ဖုံးလွှမ်းသော၊ **အဏ္ဏဝေဟိ ဝိတိကိဏ္ဏာ**တိ- အဏ္ဏဝေဟိ ဝိတိကိဏ္ဏာဟူသည်ကား၊ သကုဏသံဃေဟိ- ငှက်အပေါင်းတို့ဖြင့်၊ ဩကိဏ္ဏာ- ရောပြွမ်းသော။

ဧဝံ- ဤသို့လျှင်၊ တေသု တေသု ဌာနေသု- ထိုထိုအရပ်တို့၌၊ ပရိဒေဝိတွာ- ငိုကြွေး၍၊ မဟာဇနော- လူအများသည်၊ ပုန- တစ်ဖန်၊ ရာဇင်္ဂဏံ- မင်း၏ ညီလာခံတော်မူရာ အပြင်သို့၊ အာဂန္တွာ- လာ၍၊ "ရာဇာ ဝေါ ခေါ ပဗ္ဗဇိတော၊ (ပ) နာဂေါဝ ဧကကော စရတီ"တိ- "ရာဇာ ဝေါ ခေါ ပဗ္ဗဇိတော၊ (ပ) နာဂေါဝ ဧကကော စရတိ- ဟူသော၊ (ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။)

(၂၄၃) ဝေါ- သင်တို့၏၊ သုတသောမော- သုတသောမအမည်ရှိသော၊ ရာဇာ- မင်းမြတ်သည်၊ ရဇ္ဇံ- ဤမင်းအဖြစ်ကို၊ [ပဟတွာန (ပဟန္တွာန)]- စွန့်တော်မူ၍၊ ကာသာယဝတ္ထဝသနော- ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက်၊ ပဗ္ဗဇိတော- ရဟန်းပြုတော်မူ၍၊ နာဂေါဝ- ဆင်ပြောင်ကြီးကဲ့သို့၊ ဧကကော- ကိုယ်တော်တစ်ပါးတည်း၊ စရတိ- ကြွသွားတော်မူ၏။

ဂါထံ- ဂါထာကို၊ ဝတွာ- ဆိုပြီး၍၊ အတ္တနော- မိမိ၏၊ ဃရေ- အိမ်၌၊ ဝိဘဝံ- စည်းစိမ်ဥစ္စာကို၊ ပဟာယ- စွန့်ခဲ့၍၊ ပုတ္တဓီတရော- သားသမီးတို့ကို၊ ဟတ္ထေသု- လက်တို့၌၊ ဂဟေတွာ- ဆွဲ၍၊ (ဂေဟာ- အိမ်မှ) နိက္ခမိတွာ- ထွက်၍၊ ဗောဓိသတ္တဿ- ဘုရားလောင်းသုတသောမမင်း၏၊ သန္တိကံယေဝ- အထံသို့သာ လျှင်၊ အဂမာသိ- သွားလေပြီ၊ မာတာပိတရောစ- မယ်တော်, ခမည်းတော်တို့သည်လည်းကောင်း၊ ပုတ္တဒါရာစ- သားတော်, သမီးတော်, ကိုယ်လုပ်တော်မောင်းမတို့သည်လည်းကောင်း၊ သောဠသသဟဿာ- တစ်သောင်းခြောက်ထောင်ကုန်သော၊ နာဋကိတ္ထိယောစ- ကချေသည်မိန်းမတို့သည်လည်းကောင်း၊ တထာ- ထို့အတူလျှင်၊ (အဂမိံသု- သွားကြကုန်ပြီ) သကလနဂရံ- အလုံးစုံသောမြို့သည်၊ တုစ္ဆံဝိယ- အချည်းနှီးကဲ့သို့ အဟောသိ- ဖြစ်ပြီ၊ ဇနပဒဝါသိနောပိ- ဇနပုဒ်၌နေကုန်သော သူတို့သည်လည်း၊ တေသံ- ထိုမြို့နေ သူတို့၏၊ ပစ္ဆတော- နောက်မှ၊ ပစ္ဆတော- နောက်မှ၊ ဂမိံသု- သွားကြကုန်ပြီ၊ ဗောဓိသတ္တော- ဘုရားလောင်းသုတသောမမင်းသည်၊ ဒွါဒသယောဇနိကံ- တစ်ဆယ့်နှစ်

ယူဇနာရှိသော၊ ပရိသံ- ပရိသတ်ကို၊ ဂဟေတွာ- ယူ၍၊ ဟိမဝန္တာဘိမုခေါ- ဟိမဝန္တာသို့ ရှေ့ရှုသည်ဖြစ်၍၊ ပါယာသိ- သွားတော်မူပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုဘုရား လောင်း၏၊ အဘိနိက္ခမနံ- မြတ်သော တောထွက်တော်မူခြင်းကို၊ ဉတွာ- သိ၍၊ သက္ကော- သိကြားမင်းသည်၊ ဝိဿကမ္မံ- ဝိသုကြုံနတ်သားကို၊ အာမန္တေတွာ- ခေါ်၍၊ "တာတဝိဿကမ္မ- အမောင်ဝိသုကြုံနတ်သား၊ သုတသောမမဟာရာဇာ- သုတသောမ မင်းမြတ်သည်၊ အဘိနိက္ခမနံ- မြတ်သော တောထွက်ခြင်းကို၊ နိက္ခန္တော- တောထွက် တော်မူလေပြီ၊ ဝသနဋ္ဌာနံ- နေရာအရပ်ကို၊ လဒ္ဓုံ- ရခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊ သမာဂမောစ- အစည်းအဝေးသည်လည်း၊ မဟာ- များသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဂစ္ဆ- သွားချေ၊ ဟိမဝန္တပဒေသေ- ဟိမဝန္တာအရပ်၌၊ ဂင်္ဂါတီရေ- ဂင်္ဂါမြစ်ကမ်းနား၌၊ တိံသယောဇနာယာမံ- အလျားသုံးဆယ်ယူဇနာရှိသော၊ ပဉ္စဒသယောဇနဝိတ္ထတံ- အနံတစ်ဆယ့်ငါးယူဇနာရှိသော၊ အဿမပဒံ- ကျောင်းသင်္ခမ်းကို၊ မာပေဟိ- ဖန်ဆင်း ချေလော၊" ဣတိ- ဤသို့၊ ပေသေသိ- စေလိုက်ပြီ၊ သော- ထိုဝိသုကြုံနတ်သားသည်၊ တထာ- ထိုသိကြားမင်း မိန့်ဆိုသည့်အတိုင်း၊ ကတွာ- ပြု၍၊ တသ္မိံ အဿမပဒေ- ထိုကျောင်းသင်္ခမ်း၌၊ ပဗ္ဗဇိတပရိက္ခာရေ- ရသေ့ရဟန်းတို့၏ ပရိက္ခရာတို့ကို၊ ပဋိယာ- ဒေတွာ- စီရင်ပြီး၍၊ ဧကပဒိကမဂ္ဂံ- တစ်ဖဝါးလှမ်းလောက်ရှိသောလမ်းကို၊ မာပေတွာ- ဖန်ဆင်းခဲ့၍၊ ဒေဝလောကမေဝ- နတ်ပြည်သို့သာလျှင်၊ ဂတော- သွားလေပြီ။

မဟာသတ္တော- ဘုရားလောင်းသုတသောမမင်းသည်၊ တေန မဂ္ဂေန- ထိုလမ်းဖြင့်၊ ဂန္တာ- သွားလေ၍၊ တံအဿမပဒံ- ထိုသင်္ခမ်းကျောင်းတွင်းသို့ ပဝိသိတွာ- ဝင်ပြီး၍၊ ပဌမံ- ရှေးဦးစွာ၊ သယံ- မိမိသည်၊ ပဗ္ဗဇိတွာ- ရသေ့ရဟန်းပြု၍၊ ပစ္ဆာ- နောက်မှ၊ သေသေ- ကြွင်းကုန်သော သူတို့ကို ပဗ္ဗာဇေသိ- ရဟန်းပြုစေပြီ အပရဘာဂေ- နောက်အဖို့၌၊ ဗဟူ- များစွာကုန်သော သူတို့သည်၊ ပဗ္ဗဇိံသု- ရသေ့ရဟန်းပြုကြကုန်ပြီ၊ တိံသယောဇနိကံ- သုံးဆယ်ယူဇနာရှိသော၊ ဌာနံ- အရပ်သည်၊ ပရိပူရိ- ပြည့်ပြီ၊ ပန- ဆက်၍ဆိုဦးအံ့၊ ဝိဿကမ္မေန- ဝိသုကြုံနတ်သားသည်၊ အဿမမာပိတနိယာ- မောစ- ကျောင်းသင်္ခမ်းကို ဖန်ဆင်းသော နည်းကိုလည်းကောင်း၊ ဗဟူနံ- များစွာသော သူတို့၏၊ ပဗ္ဗဇိတနိယာမောစ- ရဟန်းပြုသော နည်းကိုလည်းကောင်း၊ ဗောဓိသတ္တဿ- ဘုရားလောင်း သုတသောမရှင်ရသေ့၏၊ အဿမပဒသံဝိဒဟိတနိယာမောစ- ကျောင်းသင်္ခမ်း၌ ကောင်းစွာ စီရင်အပ်သော နည်းကိုလည်းကောင်း၊ ဟတ္ထိပါလဇာတကေ- ဟတ္ထိပါလဇာတ်တော်၌၊ အာဂတနယေနေဝ- လာသောနည်းဖြင့်သာလျှင်၊ ဝေဒိတဗ္ဗော-

သိအပ်၏၊ မဟာသတ္တော- ဘုရားလောင်း သုတသောမရှင်ရသေ့သည်၊ တတ္ထ- ထိုကျောင်းသခ်မ်း၌၊ ယဿ ယဿေဝ- အကြင် အကြင် ရသေ့ရဟန်းအားသာလျှင်၊ ကာမဝိတက္ကာဒိ- ကာမဝိတက်အစရှိသော၊ မိစ္ဆာဝိတက္ကော- မိစ္ဆာဝိတက်သည်၊ ဥပ္ပဇ္ဇတိ- ဖြစ်၏၊ တံတံ- ထိုထိုရသေ့ရဟန်းတို့၏ အထံသို့ အာကာသေန- ကောင်းကင် ခရီးဖြင့်၊ ဥပသင်္ကမိတွာ- ချဉ်းကပ်တော်မူ၍၊ အာကာသေ- ကောင်းကင်၌၊ ပလ္လင်္ကေန- ထက်ဝယ် ဖွဲ့ခွေခြင်းဖြင့်၊ နိသီဒိတွာ- ထိုင်နေတော်မူ၍၊ ဩဝဒန္တော- အဆုံးအမ ပေးတော်မူ လိုသည်ဖြစ်၍၊ "မာဿု ပုဗ္ဗေ (ပ) ပုညကမ္မိန"န္တိ- "မာဿု ပုဗ္ဗေ (ပ) ပုညကမ္မိနံ- ဟူသော၊ ဂါထာဒွယံ- ဂါထာနှစ်ခုတို့၏ အပေါင်းကို၊ အာဟ- ဟောတော်မူပြီ။

(၂၄၄) ဘောန္တောသင်္ဃနာ- အိုသူတော်ကောင်း အပေါင်းတို့၊ တုမှေ- သင်တို့ သည်၊ ပုဗ္ဗေ- ရှေးကာလ၌၊ ရတိကီဠိတာနိစ- ကာမ၌မွေ့လျော်ခြင်းဖြင့် လည်းကောင်း ကိုယ်နှုတ်တို့ဖြင့် ရွှင်မြူးခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း ဖြစ်ဖူးသော မွေ့လျော်ခြင်းတို့ကိုလည်းကောင်း၊ ဟသိတာနိစ- ပျော်ရွှင်ခြင်း တို့ကိုလည်းကောင်း၊ မာအနုဿရိတ္ထ- မအောက်မေ့ကြကုန်လင့်၊ ဝေါ- သင်တို့အား၊ ကာမာ- ကာမတို့သည်၊ မာဟနိံသု- မညှဉ်းဆဲစေကုန်လင့်၊ သုဒဿနံ- သုဒဿနအမည်ရှိသော၊ [ရမ္မံဟိ(ရမ္မဉ္စိ)]- ရမ္မံဧဝ- နှလုံးမွေ့ လျော်ဖွယ်သည်သာလျှင်ဖြစ်သော၊ နဂရံ- နေပြည်တော်ကို၊ မာအနုဿရိတ္ထ- မအောက်မေ့ကြကုန်လင့်။

(၂၄၅) ဘောန္တောသင်္ဃနာ- အိုသူတော်ကောင်းအပေါင်းတို့၊ တုမှေ- သင်တို့ သည်၊ ဒိဝါစ- နေ့၌လည်းကောင်း၊ ရတ္တောစ- ညဉ့်၌လည်းကောင်း၊ အပ္ပမာဏံ- အတိုင်းအရှည်မရှိသော၊ မေတ္တစိတ္တဉ္စ- မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာနှင့် ယှဉ်သော စိတ်ကိုလည်း၊ ဘာဝေထ- ပွားစေကြကုန်လော၊ အထ- ထိုသို့ပွားစေကုန်သည်ရှိသော်၊ တုမှေ- သင်တို့သည်၊ [ပုညကမ္မိနံ (ပုညကမ္မိနံ)]- ဘုန်းကံရှိသော သူတို့၏၊ အာဝါသံ- နေရာဖြစ်သော၊ ဒေဝပုရံ- ဗြဟ္မာပြည်သို့၊ [အာဂစ္ဆိတ္ထ (အာဂစ္ဆိဿထ)]- ရောက်ကြကုန်လတ္တံ့။

တတ္ထ- ထိုမာဿုစသော ဂါထာတို့၌၊ **ရတိကီဠိတာနိ**တိ- ရတိကီဠိတာနိဟူ သည်ကား၊ ကာမရတိယော စ- ကာမ၌မွေ့လျော်မှုတို့ကိုလည်းကောင်း၊ ကာယဝါစာ- ခိဍ္ဍာဝသေန- ကိုယ်နှုတ်ဖြင့် ရွှင်မြူးခြင်း၏အစွမ်းအားဖြင့်၊ ပဝတ္တကီဠိတာနိ စ- ဖြစ်သောပျော်ရွှင်မှုတို့ကိုလည်းကောင်း၊ **မာ ဝေါ ကာမာ ဟနိံသု**တိ- မာ ဝေါ ကာမာ

ဟနိ်သုဟူသည်ကား၊ တုမှေ- သင်တို့ကို၊ ဝတ္ထုကာမကိလေသကာမာ- ဝတ္ထုကာမ ကိလေသာကာမတို့သည်၊ မာ ဟနိ်သု- မညှင်းဆဲစေကုန်လင့်၊ **ရမ္မံ ဟိတိ**- ရမ္မံ ဟိဟူသည်ကား၊ ရမဏီယံ- မွေ့လျော်ဖွယ်ကောင်းသော၊ သုဒဿနနဂရံ နာမ- သုဒဿနအမည်ရှိသော မြို့သည်၊ (အတ္ထိ- ရှိ၏၊) တံ- ထိုမြို့ကို၊ မာ အနုဿရိတ္ထ- မအောက်မေ့ကြကုန်လင့်၊ **မေတ္တစိတ္တန္တိ**- မေတ္တစိတ္တံဟူသည်ကား၊ ဣဒံ- ဤစကား ရပ်သည်၊ ဒေသနာမတ္တမေဝ- ဒေသနာမတ္တမျှသာတည်း၊* ပန- ဆက်၍ဆိုဦးအံ့၊ သော- ထိုအလောင်းတော်သည်၊ စတ္တာရောပိ- လေးပါးကုန်သော၊ ဗြဟ္မဝိဟာရေ- ဗြဟ္မဝိဟာရတရားတို့ကို၊ အာစိက္ခိ- ပြောကြားခဲ့ပြီ၊ **အပ္ပမာဏန္တိ**- အပ္ပမာဏံ ဟူသည် ကား၊ အပ္ပမာဏ- သတ္တာရမ္မဏံ- အတိုင်းအရှည်မရှိသော သတ္တဝါလျှင် အာရုံရှိသော၊ **အဂစ္ဆိတ္ထာ**တိ- အဂစ္ဆိတ္ထဟူသည်ကား၊ ဂမိဿထ- ရောက်ကုန်လတ့်၊ **ဒေဝပုရန္တိ**- ဒေဝပုရံဟူသည်ကား၊ ဗြဟ္မလောကံ- ဗြဟ္မာပြည်သို့၊ သောပိ ဣသိဂဏော- ထိုရသေ့ အပေါင်းသည်လည်း၊ တဿ- ထိုဘုရားလောင်း သုတသောမရှင်ရသေ့၏၊ ဩဝါဒေ- အဆုံးအမ၌၊ ဌတွာ- တည်၍၊ ဗြဟ္မလောက ပရာယဏော- ဗြဟ္မာပြည်လျှင် လဲလျောင်းရာရှိသည်၊ အဟောသိ- ဖြစ်ပြီ၊ ဣတိ- ဤသို့အစရှိသော၊ သဗ္ဗံ- အလုံးစုံသောစကားကို၊ ဟတ္ထိပါလဇာတကေ- ဟတ္ထိပါလဇာတ်တော်၌၊ အာဂတနယေနေဝ- လာသောနည်းဖြင့်သာလျှင်၊ ကထေတဗ္ဗံ- ဆိုအပ်၏။

သတ္ထာ- ဘုရားရှင်သည်၊ ဣမံ ဓမ္မဒေသနံ- ဤ "စူဠသုတသောမဇာတ်" တရားဒေသနာတော်ကို၊ အာဟရိတွာ- ဆောင်တော်မူ၍၊ "ဘိက္ခဝေ- ရဟန်းတို့၊ ဣဒါနေဝ- ယခုအခါ၌သာလျှင်၊ (မဟာဘိနိက္ခမနေန- မြတ်သောတောထွက်ခြင်း ဖြင့်၊ နိက္ခန္တော- တောထွက်တော်မူသည်၊) န- မဟုတ်သေး၊ ပုဗ္ဗေပိ- ရှေး၌လည်း၊ တထာဂတော- ဘုရားရှင်သည်၊ မဟာဘိနိက္ခမနံ- မြတ်သော တောထွက်ခြင်းကို၊ နိက္ခန္တောယေဝ- ထွက်တော်မူဖူးသည်သာလျှင်တည်း၊" ဣတိ- ဤသို့၊ ဝတွာ- မိန့်တော်မူ၍၊ "(ဣဒါနိ- ယခုအခါ၌၊) မဟာရာဇကုလာနိ- မြတ်သော သာကီဝင် မင်းမျိုးဖြစ်ကုန်သော သိရီမဟာမာယာ, သုဒ္ဓေါဒနမင်းကြီးတို့သည်၊ တဒါ- ထိုအခါ၌၊ မာတာပိတရော- မယ်တော်, ခမည်းတော်တို့သည်၊ အဟေသုံ- ဖြစ်ဖူးကုန်ပြီ၊ (ဣဒါနိ-

---

*ဒေသနာမတ္တမေဝ= ဒေသနာတော်၏ ဦးခေါင်းမျှသာတည်းဟု ဆိုလိုသည်၊ ထို့ကြောင့် သော ပန-စသော ဝါကျကို အဋ္ဌကထာ ဆရာမိန့်တော်မူသည်။

ယခုအခါ၌၊ ရာဟုလမာတာ- ရာဟုလမယ်တော်သည်၊ (တဒါ- ထိုအခါ၌၊) စန္ဒာဒေဝီ- စန္ဒာဒေဝီမိဖုရားကြီးသည်၊ (အဟောသိ- ဖြစ်ဖူးပြီ၊) (တ္လဒါနိ- ၌၊) သာရိပုတ္တော- သာရိပုတ္တရာသည်၊ (တဒါ- ထိုအခါ၌၊) ဇေဋ္ဌပုတ္တော- သားတော်အကြီးသည်၊ (အဟောသိ- ဖြစ်ဖူးပြီ၊) (တ္လဒါနိ- ၌၊) ရာဟုလော- ရာဟုလာသည်၊ (တဒါ- ၌၊) ကနိဋ္ဌပုတ္တော- သားတော်အငယ်သည်၊ (အဟောသိ- ပြီ၊) (တ္လဒါနိ- ၌၊) ခုဇ္ဇုတ္တရာ- ခုဇ္ဇုတ္တရာသည်၊ (တဒါ- ၌၊) ဓာတိ- အထိန်းတော်မသည်၊ (အဟောသိ- ပြီ၊) (တ္လဒါနိ- ၌၊) ကဿပေါ- ကဿပသည်၊ (တဒါ- ၌၊) ကုလဝဍ္ဎနသေဋ္ဌိ- ကုလဝဍ္ဎနသူဌေးကြီးသည်၊ (အဟောသိ- ပြီ၊) (တ္လဒါနိ- ၌၊) မောဂ္ဂလ္လာနော- မောဂ္ဂလာန်သည်၊ (တဒါ- ၌၊) မဟာသေနဂုတ္တော- စစ်သူကြီးသည်၊ (အဟောသိ- ပြီ၊) (တ္လဒါနိ- ၌၊) အာနန္ဒော- အာနန္ဒာသည်၊ (တဒါ- ၌၊) သောမဒတ္တကုမာရော- ညီတော်သောမဒတ်မင်းသည်၊ (အဟောသိ- ပြီ၊ (တ္လဒါနိ- ၌၊) အဟမေဝပန- ငါဘုရားသည်သာလျှင်ကား၊ (တဒါ- ၌၊) သုတသောမရာဇာ- သုတသောမ မင်းမြတ်သည်၊ အဟောသိ- ဖြစ်ဖူးပြီ၊" တ္လတိ- ဤသို့၊ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ။

ပဉ္စမာ- ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော၊ စူဠသုတသောမဇာတက ဝဏ္ဏနာ- စူဠသုတသောမဇာတ်၏ အဖွင့်သည်၊ (နိဋ္ဌိတာ- ပြီးပြီ။) ဇာတကုဒ္ဒါနံ- ဇာတ်တို့ အခန်းကား၊ သုဝပဏ္ဍိတဇမ္ဗုကကုဏ္ဍလိနော- တေသကုဏဇာတ်သရဘင်ဇာတ်သည်လည်းကောင်း၊ ဝရကညမလမ္ဗုသဇာတကံစ- အလမ္ဗုသဇာတ်သည်လည်းကောင်း၊ ပဝရုတ္တမသီရိဝှယကော- သင်္ခပါလဇာတ်သည်လည်းကောင်း၊ သုတသောမအရိန္ဒမရာဇဝရော- စူဠသုတသောမဇာတ်သည်လည်ကောင်း၊ ပဉ္စ- ငါးဇာတ်တို့တည်း၊ စတ္တာလီသနိပါတဝဏ္ဏနာ- စတ္တာလီသနိပါတ်ဇာတ် အဖွင့်သည်၊ နိဋ္ဌိတာ- ပြီးပြီ။ ။

## ၁၈။ ပဏ္ဏာသနိပါတ်

## ၁။ နိဂြောဓမိဂဇာတ် (၅၂၆)

သတ္ထာ- သဗ္ဗညုဘုရားရှင်သည်၊ "ဥဒ္ဒယှ တေ ဇနပဒေါ"တိ ဣဒံ- "ဥဒ္ဒယှ တေ ဇနပဒေါ"အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤနိဂြောဓမိဂ ဇာတ်တော်ကို၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော- သီတင်းသုံး နေတော်မူစဉ်၊ ပုရာဏဒုတိယာပလောဘနံ- မယားဟောင်း ဖြားယောင်းသော ရဟန်းကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ- ဟောတော်မူပြီ။

### ပစ္စုပ္ပန်ဝတ္ထု

ကထေန္တော- ဟောတော်မူသော၊ (ဘဂဝါ)စ- ဘုရားရှင်သည်လည်း၊ တံ ဘိက္ခုံ- ထိုရဟန်းကို၊ "(ဘိက္ခု- ရဟန်း၊ တွံ- သင့်ကို)၊ ကေန- အဘယ်သူသည်၊ ဥက္ကဏ္ဌာပိတော- ငြီးငွေ့စေအပ်သည်၊ အသိ- ဖြစ်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိတွာ- မေးတော်မူ၍၊ "(ဘန္တေ- အရှင်ဘုရား)၊ ပုရာဏဒုတိယိကာယ- မယားဟောင်းသည်၊ (ဥက္ကဏ္ဌာပိတော- ငြီးငွေ့စေအပ်ပြီ)၊" ဣတိ- ဤသို့ (ဘိက္ခုနာ- ရဟန်းသည်၊) ဝုတ္တေ- လျှောက်ကြားအပ် သည်ရှိသော်၊ "ဘိက္ခု- ရဟန်း၊ ဣဒါနေဝ- ယခုအခါ၌သာလျှင်၊ ဧသာ- ဤမိန်းမသည်၊ တဝ- သင်၏၊ အနတ္ထကာရိကာ- အကျိုးမဲ့ကိုပြုတတ်သည်၊ နခေါ- မဟုတ်သေး၊ ပုဗ္ဗေပိ- ရှေး၌လည်း၊ တွံ- သင် သည်၊ ဧတံ- ထိုမိန်းမကို၊ နိဿာယ- မှီ၍၊ ဈာနာ- ဈာန်မှ၊ ပရိဟာယိတွာ- ရွေ့လျော၍၊ မဟာဝိနာသံ- ကြီးစွာသော ပျက်စီးခြင်းသို့၊ ပတ္တော- ရောက်ပြီ၊" ဣတိ- ဤသို့၊ ဝတွာ- မိန့်တော်မူ၍၊ အတီတံ- အတိက်ကို၊ အာဟရိ- ဆောင်တော်မူပြီ။

### အတိတ်ဝတ္ထု

အတီတေ- ၌၊ ဗာရာဏသိယံ- ၌၊ ဗြဟ္မဒတ္တေ- သည်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေန္တေ- ပြုစေသည်ရှိသော်၊ ဗောဓိသတ္တော- သည်၊ ဥဒိစ္စဗြာဟ္မဏမဟာသာလ- ကုလေ- ကျော်စောထင်ရှားသော များသော ဥစ္စာနှစ်ရှိသော ပုဏ္ဏားမျိုး၌၊ နိဗ္ဗတ္တိတွာ- ဖြစ်စေ၍၊ ဟိမဝန္တပဒေသေ- ဟိမဝန္တာအရပ်၌၊ ဝါသံ- နေခြင်းသို့၊ ကပ္ပေသိ- ပြုပြီ။

အလမ္ဗုသာဇာတကေ- အလမ္ဗုသာဇာတ်၌၊ ဝုတ္တနယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ တံ- ထိုဘုရားလောင်း ရှင်ရသေ့ကို၊ ပဋိစ္စ- အစွဲပြု၍၊ ဧကာ-

တစ်ကောင်သော၊ မိဂီ- သမင်မသည်၊ ဂဗ္ဘံ- ကိုယ်ဝန်ကို၊ ပဋိလဘိတွာ- ရ၍၊ ပုတ္တံ- သားသူငယ်ကို၊ ဝိဇာယိ- ဖွားပြီ၊ အဿ- ထိုသားသူငယ်အား၊ "ဣသိသိင်္ဂေါ"တွေဝ နာမံ- ဣသိသိင်္ဂ-ဟူသော အမည်သည်သာလျှင်၊ အဟောသိ- ဖြစ်ပြီ၊ အထ- ထို့နောင်မှ၊ ဝယပ္ပတ္တံ- အရွယ်သို့ရောက်သော၊ တံ- ထိုဣသိသိင်္ဂကို၊ ပိတာ- ခမည်းတော်ရှင်ရသေ့ကြီးသည်၊ ပဗ္ဗဇိတွာ- ရသေ့ရဟန်းပြု၍၊ ကသိဏပရိကမ္မံ- ကသိုဏ်းပရိကံကို၊ ဥဂ္ဂဏှာပေသိ- သင်ယူစေပြီ၊ သော- ထိုဣသိသိင်္ဂရသေ့ငယ်သည်၊ နစိရဿေဝ- မကြာမြင့်မီပင်၊ ဈာနာဘိညာ- ဈာန်, အဘိညာဉ်တို့ကို၊ ဥပ္ပါဒေတွာ- ဖြစ်စေ၍၊ ဈာနသုခေန- ဈာန်ချမ်းသာဖြင့်၊ ကီဠိ- (မြူးတူးပျော်ပါး)ကစားပြီ၊ ယောရတပေါ- ပြင်းထန်သော အကျင့်ရှိသည်၊ ပရမဓိတိန္ဒြိယော- မြတ်သော တည်ကြည်သော ဣန္ဒြေရှိသည်၊ အဟောသိ- ဖြစ်ပြီ။

တဿ- ထိုဣသိသိင်္ဂရသေ့ငယ်၏၊ သီလတေဇေန- သီလတန်ခိုးကြောင့်၊ သက္ကဿ- သိကြားမင်း၏၊ ဘဝနံ- နေရာသည်၊ ကမ္ပိ- တုန်လှုပ်ပြီ၊ သက္ကော- သိကြားမင်းသည်၊ အာဝဇ္ဇေန္တော- ဆင်ခြင်လတ်သော်၊ တံ ကာရဏံ- ထိုအကြောင်းကို၊ ဉတွာ- သိ၍၊ "အဿ- ထိုရသေ့၏၊ သီလံ- သီလကို၊ ဥပါယေန- ဥပါယ်တံမျဉ်ဖြင့်၊ ဘိန္ဒိဿာမိ- ဖျက်ဆီးအံ့၊" ဣတိ- ဤသို့ (စိန္တေတွာ- ကြံ၍၊) တီဏိ သံဝစ္ဆရာနိ- သုံးနှစ်တို့ပတ်လုံး၊ သကလကာသိရဋ္ဌေ- အလုံးစုံသော ကာသိတိုင်း၌၊ ဝုဋ္ဌိံ- မိုးရွာခြင်းကို၊ နိဝါရေသိ- တားမြစ်ပြီ၊ ရဋ္ဌံ- ကာသိတိုင်းအလုံးစုံသည်၊ အဂ္ဂိဒမ္မံဝိယ- မီးလောင်သကဲ့သို့၊ အဟောသိ- ဖြစ်ပြီ၊ သဿေ- ကောက်သည်၊ အသမ္ပဇ္ဇမာနေ- မပြည့်စုံသည်ရှိသော်၊ ဒုဗ္ဘိက္ခပီဠိတာ- ငတ်မွတ်ခြင်းဖြင့် နှိပ်စက်အပ်ကုန်သော၊ မနုဿာ- လူတို့သည်၊ သန္နိပတိတွာ- အညီအညွတ် စည်းဝေးကုန်၍၊ ရာဇင်္ဂဏေ- မင်းရင်ပြင်၌၊ ဥပက္ကောသိံသု- ကြွေးကြော်ကုန်ပြီ၊ အထ- ထိုအခါ၌၊ နေ- ထိုလူတို့ကို၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ ဝါတပါနေ- လေသောက်တံခါး၌၊ ဌိတော- ရပ်လျက်၊ "ဧတံ- ထိုကြွေးကြော်သံသည်၊ ကိံ- အကြောင်းအဘယ်သို့နည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးတော်မူပြီ၊ မဟာရာဇ- မြတ်သောမင်းကြီး၊ တီဏိ သံဝစ္ဆရာနိ- သုံးနှစ်တို့ပတ်လုံး၊ ဒေဝဿ- မိုး၏၊ အဝဿနတ္တာ- မရွာသည်၏ အဖြစ်ကြောင့်၊ သကလရဋ္ဌံ- အလုံးစုံသော တိုင်းပြည်သည်၊ ဥဒ္ဒယှတိ- ပူလောင်၏၊ မနုဿာ- လူတို့သည်၊ ဒုက္ခိတာ- ဆင်းရဲကုန်၏၊ ဒေဝ- အရှင်မင်းကြီး၊ ဒေဝံ- မိုးကို၊ ဝဿာပေဟိ- ရွာစေတော်မူလော၊ ဣတိ- ဤသို့ (အဝေါစုံ- တင်လျှောက်ကုန်ပြီ၊) ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ သီလံ-

ငါးပါးသီလကို၊ သမာဒိယိတွာ- ဆောင်တည်၍၊ ဥပေါသထံ- ဥပုသ်ကို၊ ဥပဝသန္တောပိ- ကျင့်သုံးငြားသော်လည်း၊ ဝဿံ- မိုးကို၊ ဝဿာပေတုံ- ရွာစေခြင်းငှာ၊ နာသက္ခိ- မတတ်နိုင်ပြီ။

တသ္မိံကာလေ- ထိုအခါ၌၊ သက္ကော- သိကြားမင်းသည်၊ အဍ္ဎရတ္တသမယေ- သန်းခေါင်ယာမ်အခါ၌၊ တဿ- ထိုဗြဟ္မဒတ်မင်း၏၊ သိရိဂဗ္ဘံ- အသရေရှိသော တိုက်ခန်းသို့၊ ပဝိသိတွာ- ဝင်ပြီး၍၊ ဧကောဘာသံ- တစ်ပြိုင်နက်သော အလင်းကို၊ ကတွာ- ပြု၍၊ ဝေဟာသေ- ကောင်းကင်ပြင်၌၊ အဋ္ဌာသိ- တည်ပြီ၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ တံ- ထိုသိကြားမင်းကို၊ ဒိသွာ- မြင်၍၊ "တွံ- သင်သည်၊ ကော- အဘယ်သူသည်၊ အသိ- ဖြစ်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ၊ အဟံ- ငါသည်၊ သက္ကော- သိကြားနတ်မင်းသည်၊ အသ္မိ- ဖြစ်၏၊ ဣတိ- ဤသို့၊ (အာဟ- ပြောဆိုပြီ၊) ကေနတ္ထေန- အဘယ်အကြောင်းကြောင့်၊ အာဂတော- လာသည်၊ အသိ- ဖြစ်သနည်း၊ ဣတိ- ဤသို့၊ (ပုစ္ဆိ- မေးပြီ၊) မဟာရာဇ- မြတ်သောမင်းကြီး၊ တေ- သင်မင်းကြီး၏၊ ရဋ္ဌေ- တိုင်းနိုင်ငံ၌၊ (တီဏိ သံဝစ္ဆရာနိ- သုံးနှစ်တို့ပတ်လုံး၊) ဒေဝေါ- မိုးသည်၊ ဝဿတိ- ရွာပါ၏လော၊ ဣတိ- ဤသို့၊ (သက္ကော- သိကြားမင်းသည်၊ အဝေါစ- ပြောဆိုပြီ၊) နဝဿတိ- မရွာ၊ ဣတိ- ဤသို့၊ (ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ အာဟ- ဆိုပြီ၊) (တွံ- သင်မင်းကြီးသည်၊) အဿ- ထိုမိုး၏၊ အဝဿနကာရဏံ- မရွာခြင်း၏အကြောင်းကို၊ ဇာနာသိပန- သိ၏လော၊ ဣတိ- ဤသို့၊ (သက္ကော- သိကြားမင်းသည်၊ ပုစ္ဆိ- မေးပြီ၊) သက္က- သိကြားမင်း၊ (အဟံ- အကျွန်ုပ်သည်၊) န ဇာနာမိ- မသိပါ၊ ဣတိ- ဤသို့၊ (အာဟ- ဆိုပြီ)။

မဟာရာဇ- မြတ်သော မင်းကြီး၊ ဟိမဝန္တပဒေသေ- ဟိမဝန္တာအရပ်၌၊ ဣသိသိင်္ဂေါ နာမ- ဣသိသိင်္ဂအမည်ရှိသော၊ တာပသော- ရသေ့ငယ်သည်၊ ပဋိဝသတိ- နေ၏၊ (သော- ထိုရသေ့ငယ်သည်၊) ဃောရတပေါ- ပြင်းထန်သော အကျင့်ရှိ၏၊ ပရမဓိတိန္ဒြိယော- မြတ်သော တည်ကြည်သော ဣန္ဒြေရှိ၏၊ သော- ထိုဣသိသိင်္ဂ ရသေ့ငယ်သည်၊ နိဗဒ္ဓံ- မပြတ်၊ ဒေဝေ- မိုးသည်၊ ဝဿန္တေ- ရွာသည်ရှိသော်၊ ကုဇ္ဈိတွာ- အမျက်ထွက်၍ အာကာသံ- ကောင်းကင်ကို၊ ဩလောကေသိ- ကြည့်၏၊ တသ္မာ- ထို့ကြောင့်၊ ဒေဝေါ- မိုးသည်၊ န ဝဿတိ- မရွာ၊ ဣတိ- ဤသို့ (သက္ကော- သိကြားမင်း သည်၊ အဝေါစ- ဆိုပြီ၊) ဣဒါနိ- ယခုအခါ၌၊ ဧတ္ထ- ထိုဣသိသိင်္ဂရသေ့ငယ်အပေါ်၌၊

ကိံ- အဘယ်သို့ ကာတဗ္ဗံ ပန- ပြုအပ်သနည်း၊ ဣတိ- ဤသို့ (ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ ပုစ္ဆိ- မေးပြီ၊) တဿ- ထိုဣသိသိင်္ဂရသေ့ငယ်၏၊ တပေ- သီလ(အကျင့်)သည်၊ ဘိန္နေ- ပျက်စီးသည်ရှိသော်၊ ဒေဝေါ- မိုးသည်၊ ဝဿိဿတိ- ရွာလတ္တံ့၊ ဣတိ- ဤသို့ (သက္ကော- သိကြားမင်းသည်၊ အာဟ- ပြောဆိုပြီ) အဿ- ထိုဣသိသိင်္ဂရသေ့ငယ်၏၊ တပံ- သီလ(အကျင့်)ကို၊ ဘိန္ဒိတုံ- ဖျက်ဆီးခြင်းငှာ၊ ကော- အဘယ်သူသည်၊ သမတ္ထောပန- စွမ်းနိုင်ပါမည်နည်း၊ ဣတိ- ဤသို့ (ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ ပုစ္ဆိ- မေးပြီ၊) မဟာရာဇ- မြတ်သောမင်းကြီး၊ တေ- သင်မင်းကြီး၏၊ ဓီတာ- သမီးတော်ဖြစ်သော၊ နိဋ္ဌိနိကာ- နိဋ္ဌိနိကာသည်၊ သမတ္ထာ- စွမ်းနိုင်၏၊ တံ- ထိုသမီးတော်နိဋ္ဌိနိကာကို၊ ပက္ကောသာပေတွာ- ခေါ်စေတော်မူ၍၊ "အသုကဋ္ဌာနံ နာမ- ဤမည်သော အရပ်သို့၊ ဂန္တွာ- သွား၍၊ တာပသဿ- ဣသိသိင်္ဂရသေ့ငယ်၏၊ တပံ- သီလ(အကျင့်)ကို၊ ဘိန္ဒာဟိ- ဖျက်ဆီးချေ" ဣတိ- ဤသို့၊ ပေသေဟိ- စေလွှတ်တော်မူလော၊ ဣတိ- ဤသို့ (သက္ကော- သိကြားမင်းသည်၊ အာဟ- ဆိုပြီ) ဧဝံ- ဤသို့၊ သော- ထိုသိကြားမင်းသည်၊ ရာဇာနံ- ဗြဟ္မဒတ်မင်းကို၊ အနုသာသိတွာ- ဆုံးမခဲ့ပြီး၍၊ သကဋ္ဌာနမေဝ- မိမိနေရာ တာဝတိံသာနတ်ပြည်သို့သာလျှင်၊ အဂမာသိ- သွားလေပြီ၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ ပုနဒိဝသေ- နက်ဖြန်နေ့၌၊ အမစ္စေဟိ- မှူးမတ်တော်တို့နှင့်၊ သဒ္ဓိံ- အတူတကွ၊ မန္တေတွာ- တိုင်ပင်ပြီး၍၊ ဓီတရံ- သမီးတော် နိဋ္ဌိနိကာကို၊ ပက္ကောသာပေတွာ- ခေါ်စေ၍။ "ဥဒ္ဒယှတေ (ပ) ဗြာဟ္မဏမာနယာ"တိ- "ဥဒ္ဒယှတေ (ပ) ဗြာဟ္မဏမာနယ"ဟူသော၊ ပဌမံ- ရှေးဦးစွာသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁) [နိဋ္ဌိနိကေ(နီလိနိကေ)]- ရှင်မနီလိနိကာ၊ ဧဟိ- လာလှည့်၊ ဇနပ္ပဒေါ- ဇနပုဒ်သည်၊ [ဥဒ္ဒယှတေ(ဥဒယှတေ)]- ဆင်းရဲပူပန်၏၊ ရဋ္ဌဉ္စာပိ- တိုင်းနိုင်ငံတော်သည်လည်း၊ ဝိနဿတိ- ပျက်စီး၏၊ တွံ- ရှင်မသည်၊ ဂစ္ဆ- သွားချေ၊ မေ- ငါ၏၊ တံဗြာဟ္မဏံ- ထိုအကျိုးမဲ့ကို ပြုကျင့်သော ရသေ့ငယ်ကို၊ အာနယ- ရှင်မအလိုသို့ဆောင်တည့်ချေ။

တတ္ထ- ထိုဥဒ္ဒယှတေစသော ဂါထာ၌၊ **တံ မေတိ**- တံ မေဟူသည်ကား၊ မမ- ငါ၏၊ အနတ္ထကာရိံ- အကျိုးမဲ့ကို ပြုလေ့ရှိသော၊ တံ ဗြာဟ္မဏံ- ထိုရသေ့ကို၊ အတ္တနော- မိမိ၏၊ ဝသံ- အလိုသို့ အာနေဟိ- ဆောင်လော့၊ ကိလေသရတိဝသေန- ကိလေသာ၌ မွေ့လျော်ခြင်း၏အစွမ်းဖြင့်၊ အဿ- ထိုရသေ့၏၊ သီလံ- သီလကို၊ ဘိန္ဒာဟိ- ချိုးဖျက်လော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ သာ- ထိုသမီးတော် နိဋ္ဌိနိကာသည်၊ (ရညော- ခမည်းတော်ပြဟ္မဒတ်မင်းအား၊ ကာရဏံ- အကြောင်းကို၊ ကထေန္တော- ပြန်လျှောက်လိုသည်ဖြစ်၍၊) "နာဟံ ဒုက္ခက္ခမာရာဇ (ပ) ဝနံ ကုဉ္ဇရသေဝိတ"န္တိ- "နာဟံ ဒုက္ခက္ခမာရာဇ (ပ) ဝနံ ကုဉ္ဇရသေဝိတံ"ဟူသော၊ ဒုတိယံ- နှစ်ခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂) ရာဇ- ခမည်းတော်မင်းမြတ်၊ အဟံ- အကျွန်ုပ်သည်၊ နဒုက္ခက္ခမာ- ဆင်းရဲခြင်းကို သည်းမခံနိုင်ပါ၊ အဟံ- အကျွန်ုပ်သည်၊ နအဒ္ဓါနကောဝိဒါ- လမ်းခရီး၌ မလိမ္မာပါ၊ ကုဉ္ဇရသေဝိတံ- တောဆင်ရိုင်းတို့၏ မှီဝဲကျက်စားရာဖြစ်သော၊ ဝနံ- တောကြီးထဲသို့၊ အဟံ- အကျွန်ုပ်သည်၊ ကထံဂမိဿာ- မိ- အဘယ်သို့ သွားပါရမည်နည်း။

တတ္ထ- ထိုနာဟံစသော ဂါထာ၌၊ **ဒုက္ခက္ခမာ**တိ- ဒုက္ခက္ခမာဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ အဟံ- ငါသည်၊ ဒုက္ခံ- ဆင်းရဲကို၊ ခမာ- သည်းခံနိုင်သူသည်၊ န ဟောမိ- မဖြစ်၊ အဒ္ဓါနမ္ပိ- ခရီးလမ်းကိုလည်း၊ န ဇာနာမိ- မသိ၊ သာဟံ- ထိုငါသည်၊ ကထံ- အသို့လျှင်၊ ဂမိဿာမိ- သွားရပါအံ့နည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တတော- ထိုနောင်မှ၊ ရာဇာ- ခမည်းတော်ပြဟ္မဒတ်မင်းသည်၊ (ဂစ္ဆန္တံ- သွားနိုင်လတ္တံ့သော၊ ကာရဏံ- အကြောင်းကို၊ ဓီတာယ- သမီးတော်အား၊ ကထေန္တော- ပြောကြားလိုသည်ဖြစ်၍၊) "ဖီတံ ဇနပဒံ ဂန္တွာ (ပ) ဝသံ တ'မာနယိဿသိ" တိ- "ဖီတံ ဇနပဒံ ဂန္တွာ (ပ) ဝသံ တ'မာနယိဿသိ"ဟူကုန်သော၊ ဒွေ- နှစ်ခုကုန်သော၊ ဂါထာယော- ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

(၃) [နိဋ္ဌိနိကေ(နီလိနိကေ)]- ရှင်မနီလိနိကာ၊ တွံ- ရှင်မသည်၊ ဖီတံ- ဝပြောသာယာပွင့်လင်းစွာသော၊ ဇနပဒံ- ဇနပုဒ်ကို၊ ဟတ္ထိနာစ- ဆင်ဖြင့်လည်းကောင်း၊ ရထေနစ- ရထားဖြင့်လည်းကောင်း၊ ဂန္တွာ- သွားပြီးမှ၊ ဒါရုသင်္ဃာဋယာနေန- ရေသို့ ရောက်သောအခါ လှေယာဉ်ဖြင့်၊ ဂမိဿသိ- သွားရလတ္တံ့၊ ဧဝံယထာဝုတ္တနယေန- အကြင် အကြင်ဆိုအပ်ပြီးသောနည်းဖြင့်၊ ဂစ္ဆ- သွားချေ။

(၄) ခတ္တိယေ- မင်းသမီး နီလိနိကာ၊ တဝေဝ- ရှင်မ၏သာလျှင်၊ ဝဏ္ဏရူပေန- အသွင်အဆင်းဖြင့်၊ တံ- ထိုဣသိသိင်္ဂရသေ့ငယ်ကို၊ ဝသံ- ကိလေသာ

နိုင်ငံသို့ အာနယိဿသိ- ဆောင်နိုင်လတ္တံ့၊ ဟတ္ထိအဿရထေစ- ဆင် မြင်း ရထားတို့ကိုလည်းကောင်း၊ ပတ္တိစ- ခြေသည်သူရဲတို့ကိုလည်းကောင်း၊ အာဒါယ- ဆောင်ယူ၍၊ ဂစ္ဆေ- သွားလျှင်တည့်ချေလော။

တတ္ထ- ထိုဖိတ်စသော ဂါထာတို့၌၊ **ဒါရုသံဃာဋယာနေနာ**တိ- ဒါရုသံဃာဋ ယာနေနဟူသည်ကား၊ အမ္မနိဋ္ဌိနိကေ- ရှင်မနိဋ္ဌိနိကာ၊ တွံ- သင်သည်၊ ပဒသာ- ခြေဖြင့်၊ န ဂမိဿသိ- မသွားရလတ့်၊ ပန- ဆက်ဦးအံ့၊ ဖိတံ- စည်ပင်သော၊ သုဘိက္ခံ- အစာရေစာပေါသော၊ ခေမံ- ဘေးကင်းသော၊ အတ္တနော- မိမိ၏၊ ဇနပဒံ- ဇနပုဒ်သို့၊ ဟတ္ထိဝါဟနေဟိ စ- ဆင်ယာဉ်တို့ဖြင့်လည်းကောင်း၊ ရထဝါဟနေဟိ စ- ရထား ယာဉ်တို့ဖြင့်လည်းကောင်း၊ ဂန္တွာ- သွား၍၊ တတော- ထိုမိမိဇနပုဒ်မှ၊ ပရမ္ပိ- ကျော်၍ လည်း၊ အဗ္ဘောကာသေ- လွင်တီးခေါင်၌၊ ပဋိစ္ဆန္နေန- အမိုးပါသော၊ ဝယှာဒိနာ- လှည်းပေါင်းချုပ်အစရှိသည်ဖြင့်၊ ဥဒကဋ္ဌာနေ- ရေရှိသောအရပ်၌၊ နာဝါသင်္ခါတေန- လှေဟု ဆိုအပ်သော၊ ဒါရုသံဃာဋယာနေန- သစ်တို့ဖြင့် ပေါင်းစပ်ပြုလုပ်အပ်သော ယာဉ်ဖြင့်၊ ဂစ္ဆ- သွားလေလော့၊ **ဝဏ္ဏရူပေနာ**တိ- ဝဏ္ဏရူပေနဟူသည်ကား၊ ဧဝံ- ဤသို့လျှင်၊ အကိလမမာနာ- မပင်ပန်းမူ၍၊ ဂန္တွာ- သွား၍၊ တဝ- သင်၏၊ ဝဏ္ဏေန စေဝ- အဆင်းဖြင့်လည်းကောင်း၊ ရူပသမ္ပဒါယ စ- ရုပ်ပုံသဏ္ဌာန်၏ ပြည့်စုံခြင်းဖြင့် လည်းကောင်း၊ တံ ဗြာဟ္မဏံ- ထိုရသေ့ကို၊ အတ္တနော- မိမိ၏၊ ဝသံ- အလိုသို့၊ အာနယိဿသိ- ဆောင်နိုင်လတ့်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့လျှင်၊ သော- ထိုဗြဟ္မဒတ်မင်းသည်၊ ဓီတရာ- သမီးတော် နိဋ္ဌိနိကာ နှင့်၊ သဒ္ဓိံ- အတူတကွ၊ အကထေတဗ္ဗမ္ပိ- မဆိုအပ်သော စကားကိုလည်း၊ ရဋ္ဌပရိပါလနံ- တိုင်းပြည်ကို စောင့်ရှောက်ခြင်းကို၊ နိဿာယ- အမှီပြု၍၊ ကထေသိ- ဆိုတော်မူပြီ၊ သာပိ- ထိုမင်း၏ သမီးတော် နိဋ္ဌိနိကာသည်လည်း၊ “သာဓူ”တိ- ကောင်းပြီဟု၊ သမ္ပဋိစ္ဆိ- ဝန်ခံပြီ၊ အထ- ထိုအခါ၌၊ အဿာ- ထိုသမီးတော်အား၊ သဗ္ဗံ- အလုံးစုံသော၊ ဒါတဗ္ဗ- ယုတ္တကံ- ပေးခြင်းငှာ သင့်လျော်သော ပစ္စည်းကို၊ ဒတွာ- ပေး၍၊ အမစ္စေဟိ- အမတ်တို့နှင့်၊ သဒ္ဓိံ- အတူတကွ၊ ဥယျောဇေသိ- လွှတ်လိုက်ပြီ၊ အမစ္စာ- အမတ်တို့သည်၊ တံ- ထိုသမီးတော်ကို၊ အာဒါယ- ယူ၍၊ ပစ္စန္တံ- ပစ္စန္တရစ်အရပ်သို့၊ ပတွာ- ရောက်၍၊ တတ္ထ- ထိုတိုင်းစွန်ပြည်ဖျား၌၊ ခန္ဓာဝါရံ- သစ်တုံး သစ်သားစသည်တို့ဖြင့် ထက်ဝန်းကျင်မှ ကာရံထားသော နေရာအရပ်၌၊ နိဝါသာပေတွာ- နေစေပြီး၍၊ ရာဇဓီတရံ- မင်းသမီး နိဋ္ဌိနိကာကို၊ ဉက္ခိပါပေတွာ- ထမ်းစေ၍၊ ဝနစရကေန- တောကျင်လည်သော

မုဆိုးသည်၊ ဒေသိတေန- ညွှန်ကြားအပ်သော၊ မဂ္ဂေန- ခရီးဖြင့်၊ ဝါ- လမ်းဖြင့်၊ ဟိမဝန္တံ- ဟိမဝန္တာသို့၊ ပဝိသိတွာ- ဝင်၍၊ ပုဗ္ဗဏှသမယေ- နံနက်အခါ၌၊ တဿ- ထိုက္ကသိသိဂ် ရှင်ရသေ့၏၊ အဿမပဒဿ- တောကျောင်း၏၊ သမီပံ- အနီးသို့၊ ပါပုဏိသု- ရောက်ကြကုန်ပြီ၊ တသ္မိံခဏေ- ထိုခဏ၌၊ ဗောဓိသတ္တော- ဘုရားလောင်း ခမည်းတော် ရှင်ရသေ့ကြီးသည်၊ ပုတ္တံ- သားတော် က္ကသိသိဂ်ရှင်ရသေ့ငယ်ကို၊ အဿမပဒေ- တောကျောင်း၌၊ နိဝါသာပေတွာ- နေစေ၍၊ သယံ- ကိုယ်တိုင်၊ ဖလာဖလတ္ထာယ- သစ်သီးကြီးငယ်အကျိုးငှာ၊ အရညံ- တောထဲသို့ ပဝိဋ္ဌော- ဝင်သည်၊ ဟောတိ- ဖြစ်၏၊ ဝနစရကော- မုဆိုးသည်၊ သယံ- ကိုယ်တိုင်၊ အဿမံ- တောကျောင်းသို့၊ အဂန္တွာ- မလိုက်မူ၍၊ တဿ- ထိုတောကျောင်းကို၊ ဒဿနဋ္ဌာနေပန- မြင်ကောင်းရာ အရပ်၌ သာလျှင်၊ ဌတွာ- ရပ်၍၊ နိဋ္ဌိနိကာယ- မင်းသမီး နိဋ္ဌိနိကာအား၊ တံ- ထိုရှင်ရသေ့ ကျောင်းကို ဒဿေန္တော- ညွှန်ပြလိုသည်ဖြစ်၍၊ "ကဒလီဓဇပညာဏော (ပ) က္ကသိသိင်္ဂါ မဟိဒ္ဓိကော"တိ- "ကဒလီဓဇပညာဏော (ပ) က္ကသိသိင်္ဂါ မဟာဒ္ဓိကော"ဟူကုန်သော၊ ဒွေ ဂါထာ- နှစ်ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

(၅) ကဒလီဓဇပညာဏော- ငှက်ပျောတံခွန်ဖြင့် ထင်ရှားစွာထသော၊ အာဘုဇပရိဝါရိတော- ဘူဇပတ်ပင်ဖြင့် ခြံရံအပ်ထသော၊ ရမ္မော- မွေ့လျော်ဖွယ် ရှိထသော၊ က္ကသိသိင်္ဂဿ- က္ကသိသိဂ်ရှင်ရသေ့၏၊ ဧသောအဿမော- ဤကျောင်းတော်သည်၊ ပဒိဿတိ- ထင်ရှား၏။

(၆) အဿက္ကသိသိင်္ဂဿ- ထိုက္ကသိသိဂ်ရှင်ရသေ့သည်၊ ဧသောအဂ္ဂိ- ထိုမီးကို၊ သဉ္ဇီတော- ညှိအပ်သည်ဖြစ်၍၊ ဧသောဓူမော- ထိုမီးခိုးသည်၊ ပဒိဿတိ- တလူလူထင်၏၊ မဟိဒ္ဓိကော- တန်ခိုးကြီးသော၊ က္ကသိသိင်္ဂါ- က္ကသိသိဂ်ရသေ့သည်၊ အဂ္ဂိံ- မီးကို၊ နောဟာပေတိမညေ- မယုတ်စေသည် ထင်၏။

တတ္ထ- ထိုကဒလီစသော ဂါထာတို့၌၊ အဿ- ထိုသခ်မ်းကျောင်း၏၊ ကဒလီ- သဉ္ဇီတာ- ငှက်ပျော်ပင်ဟု ဆိုအပ်ကုန်သော၊ ဓဇာ- အလံတံခွန်တို့သည်၊ ပညာဏံ- ထင်ရှားစွာ၊ (သန္တိ- ရှိကုန်၏၊) က္ကတိ- ထို့ကြောင့်၊ **ကဒလီဓဇ ပညာဏော**- ငှက်ပျော် ပင်တည်းဟူသော အလံတံခွန်တို့ဖြင့် ထင်ရှားသော၊ **အာဘုဇီ ပရိဝါရိတော**တိ- အာဘုဇီပရိဝါရိတောဟူသည်ကား၊ ဘုဇပတ္တဝန ပရိက္ခိတ္တော- ဘုဇပတ်တောဖြင့် ခြံရံအပ်သော၊ **သဉ္ဇီတော**တိ- သဉ္ဇီတောဟူသည်ကား၊ အဿ က္ကသိသိင်္ဂဿ-

ထိုဣသိသိင်္ဂရသေ့၏၊ ဈာနေန- ဈာန်ဖြင့်၊ သဓိတော- စီရင်အပ်သော၊ ပစ္စက္ခဂ-
တော- မျက်မှောက်အဖြစ်သို့ရောက်သော၊ ဧသော အဂ္ဂိ- ထိုမီးသည်၊ ဇလတိ-
တောက်လောင်၏၊ **မဉော နော အဂ္ဂိန္တိ**- မဉေနော အဂ္ဂိဟူသည်ကား၊ အဂ္ဂိံ- မီးကို၊
နော ဟာပေတိ- မယုတ်လျော့စေ၊ ဇုဟတိ- မီးကို ပူဇော်၏၊ ပရိစရတိ- မီးကို
လုပ်ကျွေး၏၊ ဣတိ- ဤသို့၊ မညာမိ- ထင်၏။

အမစ္စာပိ- အမတ်တို့သည်လည်း၊ ဗောဓိသတ္တဿ- ဘုရားလောင်း ရှင်ရသေ့ကြီး
၏၊ အရညံ- တောသို့၊ ပဝိဋ္ဌဝေလာယ- ဝင်ရာအခါ၌၊ အဿမံ- တောကျောင်းကို၊
ပရိဝါရေတွာ- ခြံရံ၍၊ အာရက္ခံ- အစောင့်အရှောက်ကို၊ ဌပေတွာ- ထား၍၊ ရာဇ-
ဓီတရံ- မင်းသမီး နိဋ္ဌိနိကာကို၊ ဣသိဝေသံ- ရသေ့၏အသွင်ကို၊ ဂါဟာပေတွာ- ယူ
စေ၍၊ သုဝဏ္ဏစီရကေန- ရွှေချည်ဖြင့် ရက်အပ်သော အဝတ်ဖြင့်၊ နိဝါသနပါရုပနံ-
ဝတ်ရုံခြင်းကို၊ ကတွာ- ပြု၍၊ သဗ္ဗာလင်္ကာရေဟိ- ခပ်သိမ်းကုန်သော တန်ဆာတို့ဖြင့်၊
အလင်္ကရိတွာ- တန်ဆာဆင်ပြီး၍၊ တန္တုဗဒ္ဓံ- ကြိုးဖြင့် ရစ်ဖွဲ့သော၊ စိတ္တဂေဏ္ဍုကံ-
ဆန်းကြယ်သော (ဘောလုံး)ကို၊ ဂါဟာပေတွာ- ကိုင်စေလျက်၊ အဿမပဒံ-
တောကျောင်းတွင်းသို့ ပေသေတွာ- ပို့စေ၍၊ သယံ- ကိုယ်တိုင်၊ ဗဟိ- အပြင်၌၊ ရက္ခန္တာ-
စောင့်ရှောက်ကုန်လျက်၊ အဋ္ဌံသု- တည်ကြကုန်ပြီ၊ သာ- ထိုမင်းသမီး နိဋ္ဌိနိကာသည်၊
တေန ဂေဏ္ဍုကေန- ထို(ဘောလုံး)ဖြင့်၊ ကီဠန္တီ- ကစားလျက်၊ စင်္ကမကောဋိယံ-
စင်္ကြံဦး၌၊ ဩတရိ- သက်ဝင်ပြီ၊ တသ္မိံ ခဏေ- ထိုအခါ၌၊ ဣသိသိင်္ဂေါ- ဣသိသိင်္ဂ
ရှင်ရသေ့သည်၊ ပဏ္ဏသာလဒွါရေ- သစ်ရွက်မိုးသော ကျောင်းတံခါးဝ၌၊ ပါသာဏ-
ဖလကေ- ကျောက်ဖျာ၌၊ နိသိန္နော- ထိုင်နေသည်၊ ဟောတိ- ဖြစ်၏။

သော- ထိုဣသိသိင်္ဂရှင်ရသေ့သည်၊ အာဂစ္ဆန္တိံ- လာနေသော၊ တံ- ထို
မင်းသမီး နိဋ္ဌိနိကာကို၊ ဒိသွာ- မြင်၍၊ ဘီတတသိတော- ကြောက်ရွံ့ထိတ်လန့်သည်
ဖြစ်၍၊ ဥဋ္ဌာယ- ထ၍၊ ပဏ္ဏသာလံ- သစ်ရွက်မိုးသော ကျောင်းတွင်းသို့၊ ပဝိသိတွာ-
ဝင်၍၊ အဋ္ဌာသိ- နေပြီ၊ သာပိ- ထိုမင်းသမီး နိဋ္ဌိနိကာသည်လည်း၊ အဿ- ထို
ဣသိသိင်္ဂရှင်ရသေ့၏၊ ပဏ္ဏသာလဒွါရံ- သစ်ရွက်မိုးသော ကျောင်းတံခါးဝသို့၊ ဂန္တွာ-
သွား၍၊ ကီဠိယေဝ- ကစားပြီးသာလျှင်ကတည်း၊ သတ္ထာ- ဘုရားရှင်သည်၊ တဥ္စ-
ထိုအကြောင်းကိုလည်းကောင်း၊ တတော- ထိုထက်၊ ဥတ္တရိ- အလွန်ဖြစ်သော၊ အတ္ထဥ္စ-
အကြောင်းကိုလည်းကောင်း၊ ပကာသန္တော- ပြတော်မူလိုသည်ဖြစ်၍၊ "တဥ္စ ဒိသွာန

အာယန္တိ (ပ) ဣဒံ ဝစန မဗြဝိ”တိ- “တဉ္စ ဒိသွာန အာယန္တိ (ပ) ဣဒံ ဝစန မဗြဝိ”ဟူကုန်သော၊ တိသော ဂါထာ- သုံးဂါထာတို့ကို၊ အဘာသိ- ဟောတော်မူပြီ။

(၇) ဘိက္ခဝေ- ရဟန်းတို့၊ အာမုတ္တမဏိ[ကုဏ္ဍလံ(ကုဏ္ဍလိ)]- ပတ္တမြား နားဆွဲဝတ်၍၊ အာယန္တိ- လာလတ်သော၊ တဉ္စရာဇဓီတရံ- ထိုမင်းသမီး နိင္ဂိနိကာကိုလျှင်၊ ဒိသွာန- မြင်၍၊ ဘီတော- ကြောက်လေရကား၊ ဣသိ- သိင်္ဂေါ- ဣသိသိင်္ဂရသေ့သည်၊ ပဏ္ဏဆာဒနံ- သစ်ရွက်မိုးသော၊ အဿမံ- ကျောင်းတွင်းသို့၊ ပါဝိသိ- ဝင်လေ၏။

(၈) ဘိက္ခဝေ- ရဟန်းတို့၊ သာ- ထိုမင်းသမီး နီလိနိကာသည်၊ ဂုယှဉ္စ- လျှို့ဝှက်အပ်သော အင်္ဂါကိုလည်းကောင်း၊ ပကာသိတာနိ- ထင်ရှားပြအပ် ကုန်သော၊ အင်္ဂါနိစ- မျက်နှာလက်ခြေအစရှိသော အင်္ဂါတို့ကိုလည်းကောင်း၊ ဝိဒံသယန္တိ- ထင်စွာပြလျက်၊ အဿ- ထိုဣသိသိင်္ဂရသေ့၏၊ အဿမဿ- ကျောင်း၏၊ ဒွါရေ- တံခါးဝ၌၊ ဝေဏ္ဍုကေန- ဆန်းကြယ်သော ကျင်ဖြင့်၊ ကီဠတိ- ကစား၏။

(၉) ဘိက္ခဝေ- ရဟန်းတို့၊ ပဏ္ဏသာလဂတော- ကျောင်းတွင်း၌နေသော၊ ဇဋီ- ဣသိသိင်္ဂရသေ့သည်၊ ကီဠန္တိံ- ကစားသော၊ တဉ္စရာဇဓီတရံ- ထိုမင်းသမီး နီလိနိကာကိုလျှင်၊ ဒိသွာန- မြင်လေ၍၊ အဿမာ- ကျောင်းတွင်းမှ၊ နိက္ခမိတွာန- ထွက်တည့်၍၊ ဣဒံဝစနံ- ဤသို့သော စကားကို၊ အဗြဝိ- ဆိုလေ၏။

တတ္ထ- ထိုတဉ္စ ဒိသွာနစသော ဂါထာတို့၌၊ **ဝေဏ္ဍုကေနဿာ**တိ- ဝေဏ္ဍု- ကေနဿဟူသည်ကား၊ အဿ ဣသိသိင်္ဂဿ- ထိုဣသိသိင်္ဂရသေ့၏၊ အဿမ- ဒွါရေ- သခ်မ်းကျောင်းတံခါးဝ၌၊ ဝေဏ္ဍုကေန- ဘောလုံးဖြင့်၊ ကီဠတိ- ကစား၏၊ **ဝိဒံသယန္တိ**တိ- ဝိဒံသယန္တိဟူသည်ကား၊ ဒဿေန္တီ- ပြလျက်၊ **ဂုယှံ ပကာသိတာနိ စာ**တိ- ဂုယှံ ပကာသိတာနိစဟူသည်ကား၊ ဂုယှံ- လျှို့ဝှက်အပ်သော၊ ရဟဿင်္ဂ- ဖုံးလွှမ်းအပ်သော အင်္ဂါကိုလည်းကောင်း၊ ပကာသိတာနိ- ထင်ရှားပြအပ်ကုန်သော၊ ပါကဋာနိ- ပေါ်လွင်ကုန်သော၊ မုခဟတ္ထာဒီနိစ- မျက်နှာလက်အစရှိကုန်သော အင်္ဂါ တို့ကိုလည်းကောင်း၊ **အဗြဝိ**တိ- အဗြဝိဟူသည်ကား၊ သော- ထိုဣသိသိင်္ဂရသေ့သည်၊ ပဏ္ဏသာလာယ- သစ်ရွက်မိုးကျောင်း၌၊ ဌတွာ- တည်၍၊ စိန္တေသိ ကိရ- စဉ်းစားသတဲ့၊ သစေ- အကယ်၍၊ အယံ- ဤသူသည်၊ ယက္ခော- ဘီလူးသည်၊ ဘဝေယျ- ဖြစ်ငြားအံ့၊

ပဏ္ဏသာလံ- သစ်ရွက်မိုးကျောင်းသို့၊ ပဝိသိတွာ- ဝင်၍၊ မံ- ငါ့ကို၊ မုရုမုရာပေတွာ- ကျွတ်ကျွတ်ဝါး၍၊ ခါဒေယျ- စားရာ၏၊ အယံ- ဤသူသည်၊ ယက္ခော- ဘီးလူးသည်၊ န- မဖြစ်နိုင်၊ တာပသော- ရသေ့သည်၊ ဘဝိဿတိ- ဖြစ်လတ့်၊ ဣတိ- ဤသို့၊ အဿမာ- သခ်မ်းကျောင်းမှ၊ နိက္ခမိတွာ- ထွက်၍၊ ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍၊ ဂါထံ- ဂါထာကို၊ အာဟ- ဆို၏။

(၁၀) အမ္ဘော- အိုရှင်ရသေ့၊ တေ- ရှင်ရသေ့၏၊ ယဿရုက္ခဿ- အကြင် သစ်ပင်၏၊ ဧဝံဂတံ- ဤသို့သဘောရှိသော၊ ဖလံ- သစ်သီးသည်၊ ဒူရေပိခိတ္တံ- အဝေးသို့ ပစ်လိုက်သော်လည်း၊ ပစ္စေတိ- ပြန်၍လာ၏၊ တံ- ထိုရှင်ရသေ့ကို၊ ဩဟာယ- စွန့်၍၊ နဂစ္ဆတိ- မသွား၊ သောရုက္ခော- ထိုသစ်ပင်သည်၊ ကောနာမ- အဘယ်သစ်ပင်မည်သနည်း။

တတ္ထ- ထိုအမ္ဘောစသော ဂါထာ၌၊ **ယဿ တေဝံဂတံ ဖလန္တိ**- ယဿ တေဝံဂတံ ဖလံဟူသည်ကား၊ တဝ- သင်၏၊ ယဿ ရုက္ခဿ- အကြင်သစ်ပင်၏၊ ဧဝံဂတိကံ- ဤသို့သဘောရှိသော၊ မနောရမံ- နှစ်သက်ဖွယ်ကောင်းသော၊ ဖလံ- အသီးသည်၊ **ကော နာမ သော ရုက္ခော**တိ- ကော နာမ သော ရုက္ခောဟူသည်ကား၊ စိတြဂေဏ္ဍု- ကဿ- ဆန်းကြယ်သော ဘောလုံးကို၊ အဒိဋ္ဌပုဗ္ဗတ္တာ- မမြင်ဘူးသည်၏ အဖြစ်ကြောင့်၊ တေန- ထိုအလုံးသည်၊ ရုက္ခဖလေန- သစ်သီးသည်၊ ဘဝိတဗ္ဗံ- ဖြစ်လိမ့်မည်၊ ဣတိ- ဤသို့၊ မညမာနော- မှတ်ထင်သည်ဖြစ်၍၊ ဧဝံ- ဤသို့၊ ပုစ္ဆတိ- မေး၏။

အထ- ထိုသို့မေးသောအခါ၌၊ သာ- ထိုမင်းသမီး နိဠိနိကာသည်၊ အဿ- ထိုဣသိသိင်္ဂရှင်ရသေ့အား၊ ရုက္ခံ- သစ်ပင်ကို၊ အာစိက္ခန္တီ- ပြောကြားလိုသည်ဖြစ်၍၊ "အဿမဿ မမ ဗြဟ္မေ၊ (ပ) န မံ ဩဟာယ ဂစ္ဆတီ"တိ- "အဿမ မမ ဗြဟ္မေ (ပ) န မံ ဩဟာယ ဂစ္ဆတီ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၁) ဗြဟ္မေ- ရှင်ရသေ့၊ မမအဿမဿ- ငါကျောင်း၏၊ သမီပေ- အနီး ဖြစ်သော၊ ဂန္ဓမာဒနေ- ဂန္ဓမာဒနတောင်၌၊ ယဿရုက္ခဿ- အကြင် သစ်ပင်၏၊ ဧဝံဂတံ- ဤသို့သဘောရှိသော၊ ဖလံ- အသီးသည်၊ ဒူရေပိ- ခိတ္တံ- အဝေးသို့ ပစ်လိုက်သော်လည်း၊ ပစ္စေတိ- ပြန်၍လာ၏၊ မံ- ငါ့ကို၊ ဩဟာယ- စွန့်၍၊ နဂစ္ဆတိ- မသွား၊ တာဒိသာ- ထိုသို့သဘောရှိကုန်သော၊ ရုက္ခာ- သစ်ပင်တို့သည်၊ ဗဟဝေါ- များစွာကုန်၏။

တတ္ထ- ထိုအဿမဿစသော ဂါထာ၌၊ **သမီပေ ဂန္ဓမာဒနေ**တိ- သမီပေ ဂန္ဓမာဒနေဟူသည်ကား၊ ဂန္ဓမာဒနပဗ္ဗတေ- ဂန္ဓမာဒနတောင်၌၊ မမ- ငါ၏၊ အဿ-မဿ- သင်္ခမ်းကျောင်း၏၊ သမီပေ- အနီး၌၊ ယဿ တေဝဂတန္တိ- ယဿ တေဝဂတံ ဟူသည်ကား၊ ယဿ- အကြင်သစ်သီး၏၊ ဧဝံဂတံ- ဤသို့သဘောရှိသော၊ (ဖလံ-အသီးသည်)၊ တ-ကာရော- တ-အက္ခရာသည်၊ ဗျဉ္ဇနသန္ဓိကရော- ဗျည်းသန္ဓိကို ပြု၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဣတိ- ဤသို့၊ သာ- ထိုနိဂြောဓကာမင်းသမီးသည်၊ မုသာဝါဒံ- ချွတ်ယွင်းသော စကားကို၊ အဘာသိ- ပြောဆိုပြီ၊ ဣတရောပိ- (မင်းသမီးမှ)တစ်ပါးသော ဣသိသိင်္ဂ ရှင်ရသေ့ငယ်သည်လည်း၊ သဒ္ဒဟိတွာ- ယုံကြည်၍၊ “ဧသော- ဤသူသည်၊ တာပသော- ရသေ့ပင်တည်း၊” ဣတိ- ဤသို့၊ သညာယ- အမှတ်သညာဖြင့်၊ ပဋိသန္ထာရံ- အစေ့အစပ် စကားဆိုခြင်းကို၊ ကရောန္တော- ပြုလိုသည်ဖြစ်၍၊ “ဧတူ ဘဝံ အဿမိ’မံ (ပ) ဣတော ဘဝံ မူလဖလာနိ ဘုဉ္ဇတူ”တိ- “ဧတူ ဘဝံ အဿမိ’ဒံ (ပ) ဣတော ဘဝံ မူလဖလာနိ ဘုဉ္ဇတု”ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၂) တာပသ- ရှင်ရသေ့၊ ဘဝံ- ရှင်ရသေ့သည်၊ ဣမံအဿမံ- ဤ ကျောင်းတွင်းသို့ [ဧတူ(ဧတု)]- ဝင်တော်မူပါလှည့်၊ အာဟာရံ- ဘုဉ်းပေးဖွယ် သော အာဟာရကို၊ အဒေတု- ဘုဉ်းပေးတော်မူပါလှည့်၊ ပဇ္ဇံ- ခြေသုတ် ပုဆိုးကိုလည်းကောင်း၊ ဘက္ခဉ္စ- ချိုမြိန်မြတ်သော သစ်သီးကြီးငယ်ကို လည်းကောင်း၊ ပဋိစ္ဆ- ခံတော်မူလှည့်၊ ဒမ္မိ- ငါပေး၏၊ ဣဒံ- ဤသည်ကား၊ အာသနံ- နေရာတည်း၊ အတြ- ဤနေရာ၌၊ ဘဝံ- ရှင်ရသေ့သည်၊ နိသီဒတု- နေတော်မူလော၊ ဣတောမူလဖလာနိ- ဤသစ်မြစ်သစ်သီးတို့ကို၊ ဘဝံ- ရှင်ရသေ့သည်၊ ဘုဉ္ဇတု- ဘုဉ်းပေးတော်မူပါလော။

တတ္ထ- ထိုဧတူစသော ဂါထာ၌၊ **အဿမိမန္တိ**- အဿမိမံဟူသည်ကား၊ ဘဝံ-အရှင်၊ ဣမံ အဿမံ- ဤသင်္ခမ်းကျောင်းသို့၊ ပဝိသတု- ဝင်လော့၊ **အဒေတူ**တိ-အဒေတုဟူသည်ကား၊ ယထာသန္နိဟိတံ- အရံသင့်စီရင်၍ထားအပ်သော၊ အာဟာ-ရံ- စားစရာကို၊ ပရိဘုဉ္ဇတု- သုံးဆောင်လော့၊ **ပဇ္ဇန္တိ**- ပဇ္ဇံဟူသည်ကား၊ ပါဒဗ္ဘဉ္ဇနံ-ခြေနယ်ဆီကို၊ **ဘက္ခန္တိ**- ဘက္ခံဟူသည်ကား၊ မဓုရဖလာဖလံ- ချိုမြိန်သော သစ်သီး ကြီးငယ်ကို၊ **ပဋိစ္ဆာ**တိ- ပဋိစ္ဆဟူသည်ကား၊ ပဋိဂ္ဂဏှ- ယူလော့၊ **ဣဒမာ သနန္တိ**-ဣဒမာသနံဟူသည်ကား၊ ပဝိဋ္ဌကာလေ- သင်္ခမ်းကျောင်းသို့ ဝင်ပြီးသောအချိန်၌၊ ဧဝံ-ဤသို့၊ အာဟ- ပြောပြီ။

တဿာ- ထိုမင်းသမီး နိဋ္ဌိနိကာသည်၊ ပဏ္ဏသာလံ- သစ်ရွက်မိုးကျောင်းတွင်းသို့၊ ပဝိသိတွာ- ဝင်၍၊ ကဋ္ဌတ္ထရဏေ- သစ်သားဖြင့်ပြီးသော အခင်း၌၊ နိသီဒန္တိယာ- ထိုင်သည်ရှိသော်၊ သုဝဏ္ဏ စီရကေ- ရွှေပြားစီသောအဝတ်သည်၊ ဒွိဓာ- နှစ်ဖြာ၊ ဂတေ- ရောက်သည်ရှိသော်၊ သရီရံ- (ရှေ့)ကိုယ်သည်၊ အပ္ပဋိစ္ဆန္နံ- မဖုံးလွှမ်းအပ်သည်၊ အဟောသိ- ဖြစ်ပြီ၊ တာပသော- ထိုကုလသိင်္ဂရသေ့ငယ်သည်၊ မာတုဂါမသရီရဿ- မိန်းမကိုယ်ကို၊ အဒိဋ္ဌပုဗ္ဗတ္တာ- ရှေး၌မမြင်အပ်ဘူးသည်၏ အဖြစ်ကြောင့်၊ တံ- ထိုလျို့ဝှက်ဖုံးလွှမ်းအပ်သော အင်္ဂါကို၊ ဒိသွာ- မြင်ရ၍၊ “ဧသော- ဤသည်ကား၊ ဝဏော- အနာတည်း၊” ဣတိ- ဤသို့ သညာယ- အမှတ်ဖြင့်၊ ဧဝံ- ဤသို့ (ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍)၊ “ကိံ တေ ဣဒံ (ပ) တေ ဥတ္တမင်္ဂ ပဝိဋ္ဌ”န္တိ- “ကိံ တေ ဣဒံ (ပ) တေ ဥတ္တမင်္ဂံ ပဝိဋ္ဌံ”ဟူသော၊ (ဂါထံ- ဂါထာကို၊) အာဟ- ဆိုပြီ။

(၁၃) တာပသ- ရှင်ရသေ့၊ တေတဝ- ရှင်ရသေ့၏၊ ဦရူနံ- ပေါင်နှစ်ဖက်တို့၏၊ အန္တရသ္မိံ- အကြား၌၊ သုပိဗ္ဗိတံ- ကောင်းစွာ စေ့သော၊ ဣဒံ- ဤအနာသည် ကား၊ ကိံ- အဘယ်အနာနည်း၊ ကဏ္ဍရိဝ- အနားနှစ်ဖက်တို့၌ မှဲ့မည်းကဲ့သို့၊ ပကာသတိ- ထင်၏၊ ပုစ္ဆိတော- မေးအပ်သော ရှင်ရသေ့သည်၊ မေ- ငါ့အား၊ ဧတမတ္ထံ- ထိုအကြောင်းကို၊ အက္ခာဟိ- ပြောပါလော၊ တေတဝ- ရှင်ရသေ့၏၊ ဥတ္တမင်္ဂ- မြတ်သော အင်္ဂါသည်၊ ကောသေ- သိုအိမ်တွင်းသို့၊ ပဝိဋ္ဌနု- ဝင်ရှာလေတော့သလော။

တတ္ထ- ထို ကိံ တေစသော ဂါထာ၌၊ **သုပိဗ္ဗိတန္တိ**- သုပိဗ္ဗိတံဟူသည်ကား၊ ဒွိန္နံ- နှစ်ခုကုန်သော၊ ရရူနံ- ပေါင်တို့၏၊ သမာဂမကာလေ- ပေါင်းဆုံရာအခါ၌၊ သုဖုသိတံ- ကောင်းစွာ စေ့သော၊* သိပ္ပိပုဋ္ဌမုခသဏ္ဍာနံ- ယောက်သွားခုံး၏အဝနှင့် တူသော၊ ဟိ- မှန်၏၊ သုဘလက္ခဏေန- ကောင်းသော လက္ခဏာနှင့်၊ အသမန္နာဂတာယ- မပြည့်စုံသော အမျိုးသမီးတို့၏၊ တံ ဌာနံ- ထိုအရပ်သည်၊ အာဝါဋ္ဋဓာတုကံ- တွင်းကဲ့သို့ချိုင့်သော သဘောရှိသည်၊ ဟောတိ- ဖြစ်၏၊ သမန္နာဂတာယ- ကောင်းသော လက္ခဏာနှင့် ပြည့်စုံသော အမျိုးသမီး၏၊ (တံ ဌာနံ- ထိုအရပ်သည်၊) အဗ္ဘုန္နတံ- မို့မောက်သည်၊ သိပ္ပိပုဋ္ဌမုခသဏ္ဍာနံ- ယောက်သွားခုံးအဝနှင့်တူသောသဏ္ဍာန် ရှိသည်၊

* ဖုသိတာ။ ထိစပ်,စေ့စပ်ဟု-အနက်ရ၏ အင်္ဂါဇာတ်၏ နှုတ်ခမ်း တစ်ဖက်နှင့် နှုတ်ခမ်းတစ်ဖက်တို့ အကြားအလပ်မရှိ ထိစပ်နေသည်ကို ဆိုလို၏၊ ကောင်းစွာ မထိမစပ်လျှင် ချိုင့်ကဲ့သို့ဟောက်နေတတ်၏ ထို့ကြောင့်ရှေ့၌ အာဝါဋ္ဋဓာတုကံ-ဟုဆိုလိုသည်။

(ဟောတိ- ဖြစ်၏၊) **ကဏှရိဝပ္ပကာသတီ**တိ- ကဏှရိဝပ္ပကာသတီဟူသည်ကား၊ ဥဘောသု- နှစ်ဖက်ကုန်သော၊ ပဿေသု- ဘေးတို့၌၊ ကာဠကံ ဝိယ- မည်းသကဲ့သို့၊ ခါယတိ- ထင်၏၊ **ကောသေ နု တေ ဥတ္တမင်္ဂံ ပဝိဋ္ဌန္တိ**- ကောသေ နု တေ ဥတ္တမင်္ဂံ ပဝိဋ္ဌဟူသည်ကား၊ တဝ- သင်၏၊ ဥတ္တမင်္ဂံ- မြတ်သော အင်္ဂါဖြစ်သော၊ လိင် သဏ္ဌာန်- ယောကျ်ားလိင်၏ သဏ္ဌာန်သည်၊ န ပညာယတိ- မထင်ရှား၊ ကိံ နု- အသို့နည်း၊ တံ- ထိုယောကျ်ားလိင်သဏ္ဌာန်သည်၊ တဝ- သင်၏၊ သရီရသင်္ခါတေ- ကိုယ်ဟုဆိုအပ်သော၊ ကောသေ- သိုအိမ်၌၊ ပဝိဋ္ဌံ- ဝင်၍နေသလော၊ ဣတိ- ဤသို့၊ ပုစ္ဆတိ- မေး၏။

အထ- ထိုသို့မေးသောအခါ၌၊ သာ- ထိုမင်းသမီး နိဠိနိကာသည်၊ နံ- ထိုဣသိသိင်္ဂရှင်ရသေ့ငယ်ကို၊ ဝဉ္စယန္တီ- လှည့်စားလိုသည်ဖြစ်၍၊ "အဟံ ဝနေ မူလ (ပ) (ပ) ယာစိတော ဗြဟ္မစာရတ္ထ"န္တိ- "အဟံ ဝနေ မူလ (ပ) (ပ) ယာစိတော ဗြဟ္မစာရတ္ထ"ဟူသော၊ ဂါထာဒွယံ- ဂါထာနှစ်ခုတို့၏ အပေါင်းကို၊ အာဟ- ဆိုပြီ။

(၁၄) တာပသ- ရှင်ရသေ့၊ မူလဖလေသနံ- သစ်မြစ်သစ်သီးရှာအံ့သောငှာ၊ ဝနေ- တော၌၊ စရံစရန္တော- သွားသော၊ အဟံ- ငါသည်၊ သုဃောရရူပံ- အလွန်ကြောက်မက်ဖွယ်သော သဘောရှိသော၊ အစ္ဆံ- ဝံကို၊ အသာဒယိံ- ခဲဖြင့် ပစ်လိုက်မိ၏၊ သော အစ္ဆော- ထိုဝံသည်၊ မံ- ငါဆီသို့၊ ပတိတွာ- ပြေးလာတည့်၍၊ သဟသာ- အဆောတလျင်၊ [အဇ္ဈပတ္တော(အဇ္ဈပ္ပတ္တော)]- မီလာ၍၊ မံ- ငါကို၊ ပနုဇ္ဇ- ပက်လက်လံအောင် တွန်းလှည်း၍၊ ဥတ္တမင်္ဂံ- မြတ်သော အင်္ဂါကို၊ [အဗ္ဗဟိ(အဗ္ဗုဟိ)]- နှုတ်၍ ပြေးလေ၏။

(၁၅) သွာယံသောအယံဝဏော- ထိုဝံနှုတ်ရာအနာသည်၊ ခဇ္ဇတိစ- ကိုက်လည်း ကိုက်ခဲ၏၊ ကဏ္ဍုဝါယတိစ- ယားလည်း ယား၏၊ တေန- ထိုကြောင့်၊ သဗ္ဗဉ္စကာလံ- အခါခပ်သိမ်း၊ သာတံ- ကိုယ်စိတ်၏ ချမ်းသာခြင်းကို၊ နလဘာမိ- မရပါ၊ ဘဝံ- အရှင်သည်၊ ဣမံကဏ္ဍုံ- ဤဝံကိုက်နာကို၊ ဝိနေတုံ- ဖျောက်အံ့သောငှာ၊ ပဟော- စွမ်းနိုင်တော်မူပါ၏၊ ယာစိတော- တောင်းပန်အပ်သော၊ ဘဝံ- အရှင်သည်၊ ဗြဟ္မစာရတ္ထံ- ရသေ့ဖြစ်သော ငါ့အား ဆေးကုခြင်း အမှုကို၊ ကုရုတံ- ပြုတော်မူပါလော။

တတ္ထ- ထို အဟံ ဝနေစသော ဂါထာတို့၌၊ **အာသာဒယိ**န္တိ- အာသာဒယိံဟူသည်ကား၊ ယဋ္ဌိယာ- ထိခိုက်မိပြီ၊ အာဂစ္ဆန္တံ- မိမိထံသို့လာနေသော ဝံသတ္တဝါကို၊

ဒိသွာ- မြင်၍၊ လေဍ္ဍုနာ- ခဲဖြင့်၊ ပဟရိ- ပေါက်ခဲ့ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ပတိတွာ**တိ- ပတိတွာဟူသည်ကား၊ ဥပဓာဝိတွာ- အနီးသို့ပြေးလာ၍၊ **သဟသာဗ္ဗုပ္ပတ္တော**တိ- သဟသာဗ္ဗုပ္ပတ္တောဟူသည်ကား၊ မမံ- ငါ့ထံသို့ သဟသာ- အဆောတလျင်၊ အဗ္ဗုပ္ပတ္တော- ရောက်ခဲ့ပြီ၊ သမ္ပတ္တော- ရောက်ခဲ့ပြီ၊ **ပနုဇ္ဇ**ာတိ- ပနုဇ္ဇ ဟူသည်ကား၊ အထ- ထို့နောက်၊ မံ- ငါ့ကို၊ ပေါတေတွာ- လဲကျစေ၍၊ **အဗ္ဗုဟိ**တိ- အဗ္ဗုဟိဟူသည်ကား၊ မုခေန- နှုတ်သီးဖြင့်၊ မမ- ငါ၏၊ ဥတ္တမင်္ဂ- ယောက်ျားအင်္ဂါကို၊ လုဉ္စိတွာ- နှုတ်ယူ၍၊ ပက္ကာမိ- ပြေးသွားခဲ့ပြီ၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ ဣမသ္မိံ ဌာနေ- ဤနေရာ၌၊ ဝဏော- အနာသည်၊ ဇာတော- ဖြစ်ခဲ့ပြီ၊ **သွာယ**န္တိ- သွာယံဟူသည်ကား၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ မယှံ- ငါ၏၊ သော အယံ ဝဏော- ထိုဝံကိုက်နာသည်၊ ခဇ္ဇတိ စေဝ- ကိုက်လည်း ကိုက်ခဲ၏၊ ကဏ္ဍုဝဍ္ဍ- ယား ယံသည်ကိုလည်း၊ ကရောတိ- ပြု၏၊ တပ္ပစ္စယာ- ထိုအကြောင်းကြောင့်၊ သာဟံ- ထိုငါသည်၊ သဗ္ဗကာလံ- အခါခပ်သိမ်း၊ ကာယိကစေတသိကသုခံ- ကိုယ်စိတ် ချမ်းသာခြင်းကို၊ န လဘာမိ- မရ၊ **ပဟောတ**ိ- ပဟောဟူသည်ကား၊ ပဟု- စွမ်းနိုင် သည်၊ သမတ္ထော- စွမ်းနိုင်သည်၊ **ဗြာဟ္မဏတ္တန္တိ**- ဗြာဟ္မဏတ္တံဟူသည်ကား၊ ဘဝံ- အရှင်သည်၊ မယာ- ငါသည်၊ ယာစိတော- တောင်းပန်အပ်သည်ဖြစ်၍၊ ဗြာဟ္မဏဿ- မြတ်သော ရသေ့၏၊ ဣမံ အတ္တံ- ဤအကျိုးတရားကို၊ ကရောတု- ပြုလော့၊ မေ- ငါ၏။ ဣဒံ ဒုက္ခံ- ဤဆင်းရဲကို၊ ဟရာဟိ- ဖယ်ရှားလော့၊ ဣတိ- ဤသို့၊ ဝဒတိ- ဆို၏။

သော- ထိုဣသိသိင်္ဂရသေ့ငယ်သည်၊ တဿာ- ထိုမင်းသမီး နိဋ္ဌိနိကာ၏၊ မုသာဝါဒံ- လှည့်စားသော စကားကိုဆိုခြင်းကို၊ "သဘာဝေါ"တိ- ဟုတ်မှန်တိုင်း ဖြစ်သော စကားဟူ၍၊ သဒ္ဒဟိတွာ- ယုံကြည်၍၊ "တေ- ထိုအရှင်အား၊ ဧဝံ- ဤသို့ သုခံ- ချမ်းသာသည်၊ သစေ ဟောတိ- အကယ်၍ဖြစ်အံ့၊ (အဟံ- ငါသည်၊) ကရိဿာမိ- ဆေးကုအံ့၊" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) တံ ပဒေသံ- ထိုအရပ်ကို၊ ဩလောကေတွာ- ကြည့်၍၊ (တိကိစ္ဆန္တော- ဆေးကုလိုသည်ဖြစ်၍၊) "ဂမ္ဘီရရူပေါ တေ (ပ) ပရမသုခီ ဘဝေယျာ"တိ- "ဂမ္ဘီရရူပေါ တေ (ပ) ပရမသုခီ ဘဝေယျ"ဟူသော၊ အနန္တရံ- အခြားမဲ့ဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၆) အမ္ဘော- အိုရှင်ရသေ့၊ တေ- ရှင်ရသေ့၏၊ ဝဏော- ဝံကိုက်နာသည်၊
ဂမ္ဘီရရူပေါ- နက်သော သဘောရှိ၏၊ သလောဟိတော- နီသော အရောင်ရှိ၏၊

အပူတိကော- အသားဆွေးလည်း မရှိ၊ [ဝဏ္ဏဂန္ဓော (ပန္နဂန္ဓော)]- စဉ်းငယ် မကောင်းနံ့ နံ၏၊ မဟာစ- ကျယ်လည်း ကျယ်၏၊ ယထာ- အကြင်သို့သော အခြင်းအရာအားဖြင့်၊ ကယိရမာနေ- ဖန်ဆေးခြင်းကို ပြုသည်ရှိသော်၊ ဘဝံ- ရှင်ရသေ့သည်၊ ပရမသုခီ- မြတ်သော ချမ်းသာကို ရသည်၊ ဘဝေယျ- ဖြစ်ရာ၏၊ တထာ- ထိုသို့သော အခြင်းအရာအားဖြင့်၊ တေ- ရှင်ရသေ့၏၊ ဝဏံ- ဝံကိုက်နာကို၊ ကိဉ္စိက သာယယောဂံ- စဉ်းငယ်ဖန်ဆေးသော အားဖြင့် ဆေးကုခြင်းကို၊ ကရောမိ- ပြုရတောအံ့။

တတ္ထ- ထိုဂမ္ဘီရရူပေါစသော ဂါထာ၌၊ **သလောဟိတော**တိ- သလောဟိတော ဟူသည်ကား၊ ရတ္တောဘာသော- နီသော အရောင်ရှိ၏၊ **အပူတိကော**တိ- အပူတိ ကောဟူသည်ကား၊ ပူတိမံသရဟိတော- ပုပ်သော အသားမှ ကင်း၏၊ **ဝဏ္ဏဂန္ဓော**တိ- ဝဏ္ဏဂန္ဓောဟူသည်ကား၊ ထောကံ- အနည်းငယ်၊ ဒုဂ္ဂန္ဓော- မကောင်းသော အနံ့ရှိ၏။ **ကသာယယောဂ**န္တိ- ကသာယယောဂံဟူသည်ကား၊ အဟံ- ငါသည်၊ ကေစိ- အချို့ ကုန်သော၊ ရုက္ခကသာယေ- သစ်ပင်မှ ရရှိသော ဖန်ရည်တို့ကို၊ ဂဟေတွာ- ယူ၍၊ တဝ- သင့်အတွက်၊ ဧကံ- တစ်ခုသော၊ ကသာယယောဂံ- ဖန်ရည်နှင့် စပ်ယှဉ်မှုကို၊ (ဝါ) ဖန်ဆေးမှုကို၊ ကရောမိ- ပြုအံ့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တတော- ထို့နောင်မှ၊ နိဋ္ဌိနိကာ- မင်းသမီး နိဋ္ဌိနိကာသည်၊ (တာပသဿ- ဣသိသိင်္ဂရှင်ရသေ့ငယ်၏၊ ဝစနံ- စကားကို၊ ပဟာယ- ပယ်၍၊ အတ္တနော- မိမိ၏၊ ယထာကာမံ- အလိုအားလျော်စွာ၊ စိကိစ္ဆာပေက္ခော- ကုစားစေလိုသည်ဖြစ်၍)၊ “န မန္တယောဂါ (ပ) ပရမသုခီ ဘဝေယျ”န္တိ- “န မန္တယောဂါ (ပ) ပရမသုခီ ဘဝေယျ” ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၇) ဘောဗြာဟ္မစာရီ- အိုရှင်ရသေ့၊ မမ- ငါ၏၊ ဣမသ္မိံဝဏေ- ဤဝံကိုက် နာ၌၊ မန္တယောဂါ- မန္တရားမန်းသဖြင့်လည်း၊ ဝေဒနာ- ကိုက်ခဲ ယားယံသော ဝေဒနာတို့သည်၊ နကမန္တိ- မငြိမ်းကုန်၊ ကသာယ ယောဂါ- ဖန်ဆေးသဖြင့် လည်း၊ ဝေဒနာ- ကိုက်ခဲ ယားယံသော ဝေဒနာတို့သည်၊ နကမန္တိ- မငြိမ်းကုန်၊ ဩသဓာ- ဆေးလိမ်းကျံသဖြင့်လည်း၊ ဝေဒနာ- ကိုက်ခဲ ယားယံသော ဝေဒနာတို့သည်၊ နကမန္တိ- မငြိမ်းကုန်၊ ယထာ- အကြင်သို့သော အခြင်းအရာ အားဖြင့်၊ ကယိရမာနေ- ပြုသည်ရှိသော်၊ အဟံ- ငါသည်၊ ပရမသုခီဘဝေယျ- မြတ်သော ချမ်းသာကို ရသည်ဖြစ်လေရာ၏၊ တထာ- ထိုသို့သော အခြင်းအရာ

အားဖြင့်၊ မုဒုကေန- နူးညံ့စွာသော၊ အင်္ဂေန- ရှင်ရသေ့အင်္ဂါဇာတ်ဖြင့်၊
[ယဋ္ဌေန(ယဋ္ဌေန)] ယင်္ဂကတွာ- ထိုးသည်ကို ပြု၍၊ ကဏ္ဍုံ- ဝံကိုက်နာကို၊
ဝိနေပတိ- ကုစားတော်မူပါလော။

တတ္ထ- ထိုန မန္တယောဂါစသော ဂါထာ၌၊ **ကမန္တိ**တိ- ကမန္တိဟူသည်ကား၊ ဘော ဖြပ္ပစာရိ- အိုရသေ့၊ မမ- ငါ၏၊ ဣမသ္မိံ ဝဏေ- ဤအနာ၌၊ မန္တယောဂါ- မန္တာန်ဖြင့် ယှဉ်ခြင်းတို့ကို၊ နေဝ(ကမန္တိ)- မလိုကုန်၊ ကသာယယောဂါ- ဖန်ရည်ဖြင့် စပ်ယှဉ်ခြင်းတို့ကို၊ န(ကမန္တိ)- မလိုကုန်၊ ပုပ္ဖဖလာဒီနိ- အပွင့်အသီးအစရှိကုန်သော၊ ဩသဓာနိ- ဆေးတို့ကို၊ န ကမန္တိ- မလိုကုန်၊ အနေကဝါရံ- အကြိမ်များစွာ၊ ကတေပိ- ပြုအပ်ဖူးသည်လည်းဖြစ်ကုန်သော၊ တေဟိ- ထိုမန္တာန်မန်းမှုတ်ခြင်း စသော ကုသနည်းတို့ဖြင့်၊ ဧတဿ- ထိုအနာ၏၊ ဖာသုက ဘာဝေါ- သက်သာရာရ သည်၏အဖြစ်သည်၊ န ဘူတပုဗ္ဗော- မဖြစ်ဘူးချေ၊ ပန- ဆက်ဦးအံ့၊ တေ- သင်ရသေ့၏၊ မုဒု- နူးညံ့သော၊ ယံ ဧတံ အင်္ဂဇာတံ- အကြင် အင်္ဂါဇာတ်သည်၊ (အတ္ထိ- ရှိ၏၊) တေန- ထိုအင်္ဂါဇာတ်ဖြင့်၊ ယဋ္ဌိယ မာနဿေဝ- ထိခိုက်အပ်သော်သာ၊ တဿ- ထိုအနာ၏၊ ကဏ္ဍု- ယားခြင်းသည်၊ န ဟောတိ- မဖြစ်နိုင်၊ တသ္မာ- ထို့ကြောင့်၊ တေန- ထိုအင်္ဂါဇာတ်ဖြင့်၊ ကဏ္ဍုံ- ယားယံခြင်းကို၊ ဝိနေပတိ- ပယ်ဖျောက်ပါလော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

သော- ထိုဣသိသိင်္ဂရသေ့ငယ်သည်၊ "ဧသော- ဤရှင်ရသေ့သည်၊ သစ္စံ- မှန်သောစကားကို၊ ဘဏတိ- ပြောဆို၏၊" ဣတိ- ဤသို့၊ သလ္လက္ခေတွာ- မှတ်၍၊ "မေထုနသံသဂ္ဂေန- တပ်မက်ခြင်းတူသူ ယောကျ်ားမိန်းမနှစ်ဦးတို့၏ ဥစ္စာဖြစ်သော အကျင့်ကို ပေါင်းဖော်ခြင်းဖြင့်၊ သီလံ- သီလသည်၊ ဘိဇ္ဇတိ- ပျက်တတ်၏၊ ဈာနံ- ဈာန်သည်၊ အန္တရဓာယတိ- ကွယ်ပျောက်တတ်၏၊" ဣတိ- ဤသို့၊ (ဝဇ္ဇံ- အပြစ် ကို၊) အဇာနန္တော- မသိသည်ဖြစ်၍၊ မာတုဂါမဿ- မိန်းမကို၊ အဒိဋ္ဌပုဗ္ဗတ္တာစ- ရှေး၌ မမြင်အပ်ဘူးသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မေထုနဓမ္မဿ- မေထုန်အကျင့်ကို၊ အဇာနနဘာဝေနစ- မသိခြင်း၏အဖြစ်ကြောင့်လည်းကောင်း၊ "ဘေသဇ္ဇ"န္တိ- ဆေးကုစားခြင်း ဟူ၍၊ ဝဒန္တိယာ- မုသားဆိုသော၊ တာယ- ထိုမင်းသမီး နိဋ္ဌိနိကာ၌၊ မေထုနံ- တပ်မက်ခြင်း တူသူနှစ်ဦးတို့၏ ဥစ္စာဖြစ်သော အကျင့်ကို၊ ပဋိသေဝိ- မှီဝဲ လေပြီ၊ တာဝဒေဝ- ထိုခဏ၌သာလျှင်၊ အဿ- ထိုဣသိသိင်္ဂရှင်ရသေ့ငယ်၏၊ သီလံ- သီလသည်၊ ဘိဇ္ဇိ- ပျက်စီးလေပြီ၊ ဈာနံ- ဈာန်သည်၊ ပရိယာယိ- ကွယ်ပျောက်ပြီ၊

သော- ထိုက္လသိသိဂ်ရသေ့ငယ်သည်၊ ဒွေ တယောဝါရေ- နှစ်ကြိမ် သုံးကြိမ်တို့တိုင်တိုင်၊ သံသဂ္ဂံ- နှီးနှောပေါင်းဖော်ခြင်းကို၊ ကတွာ- ပြုပြီး၍၊ ကိလန္တော- ပန်ပင်သည်၊ ဟုတွာ- ဖြစ်၍၊ နိက္ခမိတွာ- (ကျောင်းမှ) ထွက်၍၊ သရံ- ရေအိုင်သို့၊ ဩရုယှ- ဆင်းသက်၍၊ နှတွာ- ရေချိုး၍၊ ပဋိပဿဒ္ဓဒရထော- ငြိမ်းအေးပြီးသော ပူပန်ခြင်းရှိသည်ဖြစ်၍၊ အာဂန္တွာ- လာ၍၊ ပဏ္ဏသာလာယံ- သစ်ရွက်မိုးသော ကျောင်းတွင်း၌၊ နိသီဒိတွာ- ထိုင်နေ၍၊ ပုနပိ- တစ်ဖန်လည်း၊ တံ- မင်းသမီး နိဠိနိကာကို၊ "တာပသော"တိ- ရသေ့ဟူ၍၊ မညမာနော- ထင်မှတ်လျက်၊ ဝသနဋ္ဌာနံ- နေရာအရပ်ကို၊ ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍၊ 'က္လတော န ဘောတော (ပ) န ဝိဟိံသန္တိ ဝါဠာ"တိ- "က္လတော န ဘောတော (ပ) န ဝိဟိံသန္တိ ဝါဠာ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၇) ဘောတာပသ- အိုရှင်ရသေ့၊ ဘောတော- ရှင်ရသေ့၏၊ အဿမော- ကျောင်းတော်သည်၊ က္လတော- ဤကျောင်းတော်မှ၊ ကတမေန- အဘယ် အရပ်၌၊ အတ္ထိနု- ရှိလေသနည်း၊ ဘဝံ- ရှင်ရသေ့သည်၊ အရညေ- နေတော်မူ ရာတောမြိုင်သာ၌၊ အဘိရမသိကစ္စိ- ပျော်တော်မူပါ၏လော၊ တေ- ရှင်ရသေ့ အား၊ မူလဖလံ- သစ်မြစ်သစ်သီးသည်၊ ပဟုတံ-ကစ္စိနု- ပေါများပါ၏လော၊ ဘဝန္တံ- ရှင်ရသေ့ကို၊ ဝါဠာ- သားရဲတို့သည်၊ နဝိဟိံသန္တိကစ္စိ- မညှဉ်းဆဲဘဲ ရှောင်လွှဲကြပါကုန်၏လော။

တတ္ထ- ထိုက္လတောစသော ဂါထာ၌၊ **ကတမေနာ**တိ- ကတမေနဟူသည်ကား၊ က္လတော- ဤသခ်မ်းကျောင်းမှ၊ ကတမေန- အဘယ်မည်သော၊ ဒိသာဘာဂေန- အရပ်မျက်နှာအဖို့ဖြင့်၊ ဘောတော- အရှင်ရသေ့၏၊ အဿမော- သခ်မ်းကျောင်း သည်၊ (ဘဝတိ- ဖြစ်သနည်း၊) **ဘဝန္တိတေ**- ဘဝံဟူသော ဤပုဒ်သည်၊ အာလပနံ- အာလုပ်ပုဒ်တည်း၊ တတော- ထို့နောင်မှ၊ နိဠိနိကာ- နိဠိနိကာမင်းသမီးသည်၊ (ဝဋ္ဋိတွာ- လှည့်စား၍၊ တာပသဿ- က္လသိသိဂ်ရှင်ရသေ့ငယ်အား၊ ဝသနဋ္ဌာနံ- မိမိနေရာ အရပ်ကို၊ ကထေန္တော- ပြောဆိုလိုသည်ဖြစ်၍၊) "က္လတော ဥဇုံ (ပ) မူလဖလံ အဟာသုံ"န္တိ- "က္လတော ဥဇုံ (ပ) မူလဖလံ အဟာသုံ"ဟူကုန်သော၊ စတသော ဂါထာယော- လေးဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

(၁၉) ဘောတာပသ- အိုရှင်ရသေ့၊ ဘောတော- ရှင်ရသေ့၏၊ က္လတော- ဤကျောင်းတော်မှ၊ ဥဇုံဥတ္တရာယံဒိသာယံ- မြောက်တူရူအရပ်၌၊ ခေမာ နဒီ- ခေမာအမည်ရှိသော မြစ်သည်၊ ဟိမဝတာ- ဟိမဝန္တာမှ၊ ပဘာဝတိ- စီးလာ၏၊

တဿာတီရေ- ထိုခေမာမြစ်ကမ်းထိပ်၌ ရမ္မော- မွေ့လျော်ဖွယ်ရှိသော၊ မယှံ- ငါ၏၊ အဿမော- ကျောင်းသည်၊ ဝိဇ္ဇတိ- ရှိပါ၏၊ အဟော- မြင်စေချင်လှ၏၊ ဘဝံ- ရှင်ရသေ့သည်၊ မယှံ- ငါ၏၊ အဿမံ- ကျောင်းကို၊ ပဿေ- လိုက်၍ ရှုပါလှည့်။

(၂၀) ဘောတာပသ- အိုရှင်ရသေ့၊ တသ္မိံအဿမေ- ထိုကျောင်း၌၊ အမ္ဗာစ- သရက်ပင်တို့သည်လည်းကောင်း၊ သာလာစ- အင်ကြင်းပင်တို့သည်လည်း ကောင်း၊ တလကာစ- ပြည့်စဉ်ပင်တို့သည်လည်းကောင်း၊ ဇမ္ဗုယောစ- သပြေပင်တို့သည်လည်းကောင်း၊ ဥဒ္ဒါလကာစ- ငုရွှေပင်တို့သည်လည်း ကောင်း၊ ပါဋလိယောစ- သခွတ်ပင်တို့သည်လည်းကောင်း၊ ဖုလ္လာ- စည်ပင်လှကုန်၏၊ သမန္တတော- ကျောင်းထက်ဝန်းကျင်မှ၊ [ကိမ္ပုသ(ကိံပုရိ)] သာဘိဂီတံ- ကိန္နရာတို့သည် သာယာစွာ သီချင်း သီကြ၏၊ အဟော- မြင်စေချင်လှ၏၊ ဘဝံ- ရှင်ရသေ့သည်၊ မယှံ- ငါသည်၊ အဿမံ- ကျောင်းကို၊ ပဿေ- ရှုပါလှည့်။

(၂၁) မေ- ငါ၏၊ ဧတ္ထအဿမေ- ထိုကျောင်း၌၊ တာလာစ- ထန်းပင်တို့ သည်လည်းကောင်း၊ မူလာစ- သစ်မြစ်တို့သည်လည်းကောင်း၊ ဖလာစ- သစ်သီးတို့သည်လည်းကောင်း၊ ဝဏ္ဏေနစ- အဆင်းနှင့်လည်းကောင်း၊ ဂန္ဓေနစ- အနံ့နှင့်လည်းကောင်း၊ ဥပေတရူပံ- ပြည့်စုံသော သဘောရှိ၏၊ တံအဿမံ- ထိုငါ၏ကျောင်းသည်၊ ဘူမိဘာဂေဟိ- သာယာညီညွတ်သော မြေအဖို့တို့နှင့်၊ ဥပေတရူပံ- ပြည့်စုံသော သဘောရှိ၏၊ အဟော- မြင်စေချင် လှ၏၊ ဘဝံ- ရှင်ရသေ့သည်၊ မယှံ- ငါ၏၊ အဿမံ- ကျောင်း ကို၊ ပဿေ- ရှုပါလှည့်။

(၂၂) ဘောတာပသ- အိုရှင်ရသေ့၊ ဝဏ္ဏေနစ- အဆင်းနှင့်လည်းကောင်း၊ ဂန္ဓေနစ- အနံ့နှင့်လည်းကောင်း၊ ရသေနစ- အရသာနှင့်လည်းကောင်း၊ ဥပေတာ- ပြည့်စုံကုန်သော၊ [ပဟူတံ(ပဟုတာ)]- များစွာကုန်သော၊ ဖလာစ- သစ်သီးတို့သည်လည်းကောင်း၊ မူလာစ- သစ်မြစ်နွယ်မြစ်တို့သည်လည်း ကောင်း၊ မေ- ငါ၏၊ ဧတ္ထ- ထိုကျောင်း၌၊ သံဝိဇ္ဇန္တိ- ရှိကုန်၏၊ တံပဒေသံ- ထိုငါ၏ ကျောင်းသို့ လုဒ္ဒကာစ- များစွာသော မုဆိုးတို့သည်လည်း၊ အာယန္တိ- လာကြကုန်၏၊ တေ- ထိုမုဆိုးတို့သည်၊ တတော- ထို ငါ၏ကျောင်းမှ၊ မေ- ငါ၏၊ မူလဖလံ- သစ်မြစ်သစ်သီးကို၊ မာအာဟ ရေသုံ- မခိုးယူစေကုန် သတည်း။

တတ္ထ- ထိုဣတောဥဒ္ဒုံစသော ဂါထာတို့၌၊ **ဥတ္တရာယန္တိ**- ဥတ္တရာယံဟူသည်ကား၊ ဥတ္တရာယ- မြောက်အရပ်၌၊ **ခေမာတိ**- ခေမာဟူသည်ကား၊ ဇဝံနာမိကာ- ဤသို့ ခေမာဟူ၍အမည်ရှိသော၊ နဒီ- မြစ်သည်၊ **ဟိမဝတာ ပဘာဝီ**တိ- ဟိမဝတာ ပဘာဝီဟူသည်ကား၊ ဟိမဝန္တတော- ဟိမဝန္တာတောင်မှ၊ ပဝတ္တတိ- စ၍စီးဝင်၏၊ **အပေါ**တိ- အပေါဟူသည်ကား၊ ပတ္ထနတ္တေ- တောင်တခြင်းအနက်၌၊ နိပါတော- နိပါတ်ပုဒ်တည်း၊ **ဥဒ္ဒါလကာ**တိ- ဥဒ္ဒါလကာဟူသည်ကား၊ ဝါတဃာတကာ- ငုပင်တို့သည်၊ **ကိမ္ပုရိသာ ဘိဂီတန္တိ**- ကိမ္ပုရိသာ ဘိဂီတံဟူသည်ကား၊ သမန္တတော- ထက်ဝန်းကျင်မှ၊ ပရိဝါရေတွာ- ဝန်းရံ၍၊ မဓုရသဒ္ဒေန- ချိုမြိန်သော အသံဖြင့်၊ ဂါယန္တေဟိ- သီဆိုကုန်သော၊ ကိမ္ပုရိသေဟိ- ကိန္နရာငှက်တို့သည်၊ အဘိဂီတံ- သီကျူးအပ်၏၊ **တာလာ စ မူလာ စ ဖလာ စ မေတ္ထာ**တိ- တာလာ စ မူလာ စ ဖလာ စ မေတ္ထာဟူသည်ကား၊ ဧတ္ထ မမ အဿမေ- ထိုငါ၏သင်္ခမ်းကျောင်း၌၊ ပါသာဒိကာ- သာယာဖွယ်ကောင်းကုန်သော၊ တာလရုက္ခာ စ- ထန်းပင်တို့သည်လည်းကောင်း၊ တေသညေဝ- ထိုထန်းပင်တို့၏ပင်လျှင်၊ ဝဏ္ဏဂန္ဓာဒိသမ္ပန္နာ- အဆင်းအနံ့အစရှိသည်ဖြင့် ပြည့်စုံကုန်သော၊ ကန္ဒသဉ္ဇိတာ- ကန္ဒဟု ဆိုအပ်ကုန်သော၊[၁] မူလာ စ- သစ်မြစ်တို့သည်လည်းကောင်း၊ ဖလာ စ- သစ်သီးတို့သည်လည်းကောင်း၊ **ပဟူတ မေတ္ထာ**တိ- ပဟူတမေတ္ထဟူသည်ကား၊ နာနာရုက္ခဖလာ စ- အမျိုးမျိုးသော သစ်ပင်တို့၏ အသီးတို့သည်လည်းကောင်း၊ ရုက္ခဝလ္လိမူလာ စ- သစ်ပင်နွယ်ပင်တို့၏ အမြစ်တို့သည်လည်းကောင်း၊[၂] ဧတ္ထ- ဤသင်္ခမ်းကျောင်း၌၊ ပဟူတာ- များကုန်၏၊ **မာ မေ တတော**တိ- မာ မေ တတောဟူသည်ကား၊ မမ- ငါ၏၊ တံ အဿမပဒံ- ထိုသင်္ခမ်းကျောင်းရှိရာ အရပ်သို့၊ သမ္ဗဟုလာ- များစွာကုန်သော၊ လုဒ္ဒကာ- မုဆိုးတို့သည်၊ **အာဂစ္ဆန္တိ**- လာကုန်၏၊ စ- ဆက်၍ဆိုဦးအံ့၊ ဧတ္ထ- ထိုသင်္ခမ်းကျောင်း၌၊ မယာ- ငါသည်၊ အာဟရိတွာ- ဆောင်ယူ၍၊ ဌပိတံ- ထားအပ်သော၊ ဗဟု- များစွာသော၊ မဓုရသမူလဖလာဖလံ- ချိုမြိန်သော အရသာရှိသော သစ်မြစ် သစ်သီးကြီးငယ်သည်၊ အတ္ထိ- ရှိ၏၊ တေ- ထိုရောက်လာကုန်သော မုဆိုးတို့သည်၊ မယိ- ငါသည်၊ စိရာယန္တေ- ကြာမြင့်

၁။ ကန္ဒသဉ္ဇိတာ။ ကန္ဒ-သဒ္ဒါ သစ်ဥ, သစ်ဖုကို ဟော၏၊ ဖုတ်၍သော်လည်းကောင်း ပြုတ်၍သော်လည်းကောင်း စားနိုင်သော ထန်းမြစ်ကို ယူလို၍ ကန္ဒသဉ္ဇိတာဟု ဖွင့်သည်၊

၂။ ရုက္ခဝလ္လိမူလာ။ ရုက္ခမူလ-အရ ထန်းမြစ် ပလောပီနံဥ စသည်ကို ယူ၊ ဝလ္လိမူလ-အရ ကန်စွန်းဥ စိမ်းစားဥ စသည်တို့ကို ယူ။

သည်ရှိသော်၊ မူလဖလာဖလံ- သစ်မြစ် သစ်သီးကြီးငယ်ကို၊ ဟရေယျုံ- ဆောင်ယူကုန်ရာ၏၊ တေ- ထိုမုဆိုးတို့သည်၊ တတော- ထိုသခ်မ်းကျောင်းမှ၊ မမ- ငါ၏၊ မူလဖလာ-ဖလံ- သစ်မြစ် သစ်သီးကြီးငယ်ကို၊ မာ ဟရိံသု- မဆောင်ယူပါကုန်လင့်၊ တသ္မာ-ထို့ကြောင့်၊ သစေပိ- အကယ်၍လည်း၊ မယာ- ငါနှင့်၊ သဒ္ဓိံ- အတူ၊ အာဂန္တုကာမော-လိုက်လာခြင်းငှာ အလိုရှိသည်၊ (ဘဝေယျ- ဖြစ်ငြားအံ့၊) ဧဟိ- လာလော့၊ နောစေ- အကယ်၍ မလိုက်လိုသည်ဖြစ်အံ့၊ အဟံ- ငါသည်၊ ဂမိဿာမိ- သွားတော့အံ့၊ ဣတိ- ဤသို့၊ အာဟ- ပြောပြီ။

တံ- ထိုစကားကို၊ သုတွာ- ကြားရ၍၊ တာပသော- ရသေ့သည်၊ ပိတု- ဖခင်၏၊ ယာဝ အာဂမနာ- ပြန်လာသည့်တိုင်အောင်၊ အဓိဝါသာပေတုံ-ဆိုင်းငံ့စေခြင်းငှာ၊ "ပိတာ မမံ (ပ) မူလဖလတော ဧတူ"တိ- "ပိတာ မမံ (ပ) မူလဖလတော ဧတု"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၃) ဘောတာပသ- အိုရှင်ရသေ့၊ မမ- ငါ၏၊ ပိတာ- ခမည်းတော်ရှင်ရသေ့သည်၊ မူလဖလေသနံ မူလဖလေသနတ္ထာယ- သစ်မြစ် သစ်သီးရှာအံ့သောငှာ၊ ဂတော- တောသို့ သွားလေ၏၊ ဣဒါနိ- ယခုပင်၊ အာဂစ္ဆတိ-ရောက်လာလတ္တံ့၊ ပိတာ- ခမည်းတော် ရှင်ရသေ့သည်၊ မူလဖလတော-သစ်မြစ် သစ်သီးတောမှ၊ ယာဝဧတု- လာပါစေဦး၊ သာယန္ဟကာလေ-ညချမ်းအခါ၌၊ တံအဿမံ- ထိုရှင်ရသေ့ကျောင်းတော်သို့၊ ဥဘောဝဂစ္ဆာ-မသေ- နှစ်ဦးတူစုံသွားကြကုန်အံ့။

တတ္ထ- ထိုပိတာ မမံစသော ဂါထာ၌၊ **ဥဘော ဂစ္ဆာမသေ**တိ- ဥဘော ဂစ္ဆာမသေဟူသည်ကား၊ မမ- ငါ၏၊ ပိတု- ဖခင်ကို၊ အာရောစေတွာ- ပြောကြားပြီး၍၊ ဥဘော- နှစ်ယောက်တို့သည်သာလျှင်၊ ဂမိဿာမ- သွားကုန်အံ့။

တတော- ထိုနောင်မှ၊ သာ- ထိုမင်းသမီး နိဂြိနိကာသည်၊ စိန္တေသိ- ကြံပြီ၊ (ကိံ စိန္တေသိ- အဘယ်သို့ ကြံသနည်းဟူမူကား၊) "အယံ- ဤရသေ့ငယ်သည်၊ အရညေဝ- တောထဲ၌သာလျှင်၊ ဝဍ္ဎိတဘာဝေန- ကြီးပွားသည်၏အဖြစ်ကြောင့်၊ မမ-ငါ၏၊ ဣတ္ထိဘာဝံ- မိန်းမ၏အဖြစ်ကို၊ န ဇာနာတိတာဝ- မသိသည်ဖြစ်စေဦး၊ အဿ-ထိုရသေ့ငယ်၏၊ ပိတာပန- ခမည်းတော်ရသေ့ကြီးသည်ကား၊ မံ- ငါ့ကို၊ ဒိသွာဝ- မြင်၍သာလျှင်၊ ဇာနိတွာ- သိ၍၊ 'တွံ- သင်သည်၊ ဣဓ- ဤ(ငါ၏)ကျောင်း၌၊

ကိံ- အဘယ်သို့ ကရောသိ- ပြုသနည်း၊ ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) ကာဇကောဋိယာ- ထမ်းပိုးစွန်းဖြင့်၊ ပဟရိတွာ- ရိုက်ပုတ်၍၊ မေ- ငါ၏၊ သီသမ္ပိ- ဦးခေါင်းကို သော်လည်း၊ ဘိန္ဒေယျ- ပေါက်ကွဲရာချေ၏၊ တသ္မိံ- ထိုရသေ့ကြီးသည်၊ အနာဂတေ- ယေဝ- မလာမီသာလျှင်၊ မယာ- ငါသည်၊ ဂန္တုံ- သွားခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊ မေ- ငါ၏၊ အာဂမနကမ္မမ္ပိ- လာခြင်းအမှုကိစ္စသည်လည်း၊ နိဋ္ဌိတံ- ပြီလေပြီ" ဣတိ- ဤသို့ စိန္တေသိ- ကြံပြီ၊ (စိန္တေတွာ- ကြံပြီး၍၊) သာ- ထိုမင်းသမီးနိဋ္ဌိနိကာသည်၊ တဿ- ထိုဣသိသိင်္ဂရှင်ရသေ့ငယ်အား၊ အာဂမနုပါယံ- လာခြင်း၏အကြောင်းကို၊ အာစိက္ခန္တီ- ပြောကြားလိုသည်ဖြစ်၍၊ "အညေ ဗဟူ (ပ) မမံ သကာသေ"တိ- "အညေ ဗဟူ (ပ) မမံ သကာသေ"ဟူသော၊ ဣတရံ- တစ်ပါးသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၂၄) သမ္မ- အရွယ်တူဖြစ်သော ရှင်ရသေ့၊ ရာဇီသယော- မင်းမျိုး ပုဏ္ဏားမျိုးတို့မှ တောတွက်သော ရသေ့ဖြစ်ကုန်သော၊ သာဓုရူပါ- ကောင်းသော သဘောရှိကုန်သော၊ ဗဟူ- များစွာကုန်သော၊ အညေဣသယော- တစ်ပါးသော ရသေ့တို့သည်၊ မမ- ငါ၏၊ အနုမဂ္ဂေ- ကျောင်းသို့သွားသော ခရီးနား၌၊ ဝသန္တိ- နေကြကုန်၏၊ မမ- ငါ၏၊ တံအဿမံ- ထိုကျောင်းကို၊ တေယေဝ- ထိုရသေ့တို့ကိုသာလျှင်၊ ပုစ္ဆေသိ- မေးတော်မူလော၊ တေ- ထိုရှင်ရသေ့တို့သည်၊ တံ- သင့်ကို၊ [မမံသကာသေ(မမသံကာသေ)]- ငါ့အထံသို့၊ နယိဿန္တိ- ဆောင်ပို့ကုန်လတ္တံ့။

တတ္ထ- ထိုအညေ ဗဟူစသော ဂါထာ၌၊ **ရာဇီသယော**တိ- ရာဇိသယောဟူသည်ကား၊ သမ္မ- အဆွေ၊ မယာ- ငါသည်၊ စိရာယိတုံ- ကြာမြင့်ခြင်းငှာ၊ န သက္ကာ- မတတ်ကောင်း၊ ပန- ဆက်၍ဆိုဦးအံ့၊ အညေ- အခြားကုန်သော၊ သာဓုသဘာဝါ- ကောင်းသော သဘောရှိကုန်သော၊ ရာဇိသယော စ- မင်းမျိုးမှ ရသေ့ပြုသောသူတို့ သည်လည်းကောင်း၊ ဗြာဟ္မဏိသယော စ- ပုဏ္ဏားမျိုးမှ ရသေ့ပြုသော သူတို့သည် လည်းကောင်း၊ အနုမဂ္ဂေ- လမ်းခရီးတစ်လျှောက်၌၊ မမ- ငါ၏၊ အဿမဂမနပဿေ- သင်္ခမ်းကျောင်းသို့ သွားရာလမ်းနံဘေး၌၊ ဝသန္တိ- နေကြကုန်၏၊ အဟံ- ငါသည်၊ တေသံ- ထိုမင်းမျိုးရသေ့ ပုဏ္ဏားမျိုးရသေ့တို့ကို၊ အာစိက္ခိတွာ- ပြောကြား၍၊ ဂမိဿာမိ- သွားအံ့၊ တွံ- သင်သည်၊ တေ- ထိုမင်းမျိုးရသေ့ ပုဏ္ဏားမျိုးရသေ့တို့ကို၊ ပုစ္ဆေယျာသိ- မေးမြန်းလော့၊ တေ- ထိုမင်းမျိုးရသေ့ ပုဏ္ဏားမျိုးရသေ့တို့သည်၊ တံ- သင့်ကို၊ မမ- ငါ၏၊ သန္တိကံ- အထံသို့၊ နယိဿန္တိ- ဆောင်ကုန်လတ္တံ့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဇဝံ- ဤသို့ သာ- ထိုမင်းသမီး နိဋ္ဌိနိကာသည်၊ အတ္တနော- မိမိ၏၊ ပလာယ- နုပါယံ- ပြေးစရာနည်းလမ်းကို၊ ကတွာ- ပြု၍၊ (ဝါ- ပြောဆို၍၊) ပဏ္ဏသာလတော- သစ်ရွက်မိုးသောကျောင်းမှ၊ နိက္ခမိတွာ- ထွက်ခဲ့၍၊ ဩလောကေန္တမေဝ- မျှော်ကြည့် နေသော၊ တံ- ထိုဣသိသိင်ရသေ့ငယ်ကို၊ "(သမ္မ- အရှယ်တူရှင်ရသေ့၊) တွံ- သင် ရှင်ရသေ့သည်၊ နိဝတ္တ- ပြန်ရှာရစ်လော၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ အာဂမန- မဂ္ဂေနေဝ- လာခဲ့သော လမ်းခရီးဖြင့်သာလျှင်၊ အမစ္စာနံ- အမတ်တို့၏၊ သန္တိကံ- အထံသို့၊ အဂမာသိ- သွားလေပြီ၊ တေ- ထိုအမတ်တို့သည်၊ တံ- ထိုမင်းသမီး နိဋ္ဌိနိကာကို၊ ဂဟေတွာ- ဆောင်ယူ၍၊ ခန္ဓာဝါရံ- သစ်တပ်သို့၊ ဂန္တွာ- သွား၍၊ အနု- ပုဗ္ဗေန- အစဉ်သဖြင့်၊ ဗာရာဏသိ- ဗာရာဏသီနေပြည်တော်သို့၊ ပါပုဏိံသု- ရောက်ကြကုန်ပြီ၊ သက္ကောပိ- သိကြားမင်းသည်လည်း၊ တုဿိတွာ- နှစ်သက်၍၊ တံ ဒိဝသမေဝ- ထိုနေ့၌သာလျှင်၊ သကလရဋ္ဌေ- အလုံးစုံသော တိုင်းနိုင်ငံ၌၊ ဒေဝံ- မိုးကို၊ ဝဿာပေသိ- ရွာစေပြီ၊ တတော- ထိုမိုးရွာခြင်းတို့ကြောင့်၊ ဇနပဒံ- တိုင်းဇနပုဒ် သည်၊ သုဘိက္ခံ- ကောင်းသော အစာရှိသည်၊ အဟောသိ- ဖြစ်ပြီ၊ ဣသိသိင်- တာပသဿာပိ- ဣသိသိင်ရှင်ရသေ့ငယ်၏လည်း၊ တာယ- ထိုမင်းသမီး နိဋ္ဌိနိကာသည်၊ ပက္ကန္တမတ္တာယဧဝ- ဖဲသွားကာမျှသော်သာလျှင်၊ ကာယေ- ကိုယ်၌၊ ဍာဟော- ပူပန် ခြင်းသည်၊ ဥပ္ပဇ္ဇိ- ဖြစ်ပြီ၊ သော- ထိုဣသိသိင်ရှင်ရသေ့သည်၊ ကမ္ပန္တော- စိတ်တုန်လှုပ် သည်ဖြစ်၍၊ ပဏ္ဏသာလံ- တောကျောင်းထဲသို့၊ ပဝိသိတွာ- ဝင်ပြီး၍၊ ဝါကစီရံ- လျှော်တေသက်န်းကို၊ ပါရုပိတွာ- ခြုံ၍၊ သောစန္တော- ပူဆွေးလျက်၊ နိပဇ္ဇိ- အိပ်ပြီ၊ ဗောဓိသတ္တော- ဘုရားလောင်း ရှင်ရသေ့ကြီးသည်၊ သာယံ- ညချမ်းအခါ၌၊ အာဂန္တွာ- ပြန်လာ၍၊ ပုတ္တံ- သားကို၊ အပဿန္တော- မမြင်သည်ရှိသော်၊ "ကဟံ- အဘယ်အရပ်သို့ ဂတောနုခေါ- သွားလေသနည်း၊" ဣတိ- ဤသို့၊ ကာဇံ- ထမ်းပိုးကို၊ ဩတာရေတွာ- ချ၍၊ ပဏ္ဏသာလံ- တောကျောင်းတွင်းသို့၊ ပဝိသိတွာ- ဝင်၍၊ တံ- ထိုဣသိသိင် ရသေ့ငယ်ကို၊ နိပန္နကံ- အိပ်နေသည်ကို၊ ဒိသွာ- မြင်၍၊ "တာတ- ချစ်သား၊ ကိံ- အဘယ်သို့၊ ကရောသိ- ပြုသနည်း၊ ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) ပိဋ္ဌိ- ကျောကို၊ ပရိမဇ္ဇန္တော- ဆုပ်နယ်လျက်၊ (ကာရဏံ- အကြောင်းကို၊ ပုစ္ဆန္တော- မေးလိုသည်ဖြစ်၍၊)၊ "န တေ ကဋ္ဌာနိ ဘိန္နာနိ (ပ) စေတသိကဥ္စ ဒုက္ခံ"န္တိ- "န တေ ကဋ္ဌာနိ ဘိန္နာနိ (ပ) စေတသိကဥ္စ ဒုက္ခံ"ဟူကုန်သော၊ တိဿော ဂါထာ- သုံးဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

(၂၅) တာတ- ချစ်သား၊ တေတယာ- သင်သည်၊ ကဋ္ဌာနိ- ထင်းတို့ကို၊ နဘိန္နာနိ- မခွဲအပ်ကုန်၊ တေတယာ- သင်သည်၊ ဥဒကံ- ရေကို၊ နအာဘတံ- မခပ်အပ်၊ [အဂ္ဂိပိ(အဂ္ဂိပိ)]- မီးကိုလည်း၊ တေတယာ- သင်သည်၊ နဟာပိတော- မညှိအပ်၊ မန္ဒော၀- တွေမှိုင်၍သာလျှင်၊ ကိံ့ဈာယသိနု- အဘယ်သို့ ကြံသနည်း။

(၂၆) ပြဟ္မစာရီ- မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော သားရသေ့၊ ပုရတ္ထာ- ရှေးကာလက၊ တေတယာ- သင်သည်၊ ဘိန္နာနိကဋ္ဌာနိ- ငါမလာမီက ထင်းခွဲလင့် အပ်ကုန်၏၊ အဂ္ဂိဟုတော စ- မီးလည်း ပူဇော်နှင့်၏၊ တပနီပိသမိတာ- လှုံစရာမီးတို့ကိုလည်း စီရင်အပ်ကုန်၏၊ မယှံ- ငါဖို့၊ ပီဌဉ္စဟောတိ- နေရာလည်း ခင်းနှင့်၏၊ ဥဒကဉ္စဟောတိ- ခြေဆေးရေလည်း တည်နှင့်၏၊ ပြဟ္မဘူတော- မြတ်သည်ဖြစ်၍၊ တုဝံ- သင်သည်၊ [ရမသိ(ရမ္မသိ)]- မွေ့လျော်ပျော်ရွှင်၏။

(၂၇) ပြဟ္မစာရီ- မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော သားရသေ့၊ ကဒါနိယခုတမှုကား၊ တုဝံ- သင်ချစ်သားသည်၊ အဘိန္နကဋ္ဌောသိ- ထင်းလည်း မခွဲနှင့်ပါတကား၊ အနာဘတောဒကော- ရေလည်းမခပ်နှင့် ပါတကား၊ [အဟာပိတဂ္ဂိသိ(အဟာပိတဂ္ဂိပိ)]- မီးလည်း မညှိနှင့်ပါတကား၊ [အသိဒ္ဓဘောဇနော (အသိဒ္ဓဘောဇနော)]- ငါတို့စားစရာ သစ်မြစ်သစ်ရွက်လည်း မပြုတ်မပြောက်ပါတကား၊ မမပုတ္တ- ငါ့သားချစ်၊ အဇ္ဇ- ယခု၊ မေ- ငါအား၊ တုဝံ- သင်သည်၊ [နအာလပသိ(နအာလပသိ)]- စကားမပြောပါတကား၊ တေ- သင်းအား၊ ကိံ- အဘယ်ဥစ္စာသည်လည်း၊ နဋ္ဌံနု- ပျောက်သနည်း၊ စေတသိကံဒုက္ခဉ္စကိံ- ငါ့ကို တည်စိတ်ဆိုးသလော။

တတ္ထ- ထိုန တေ ကဋ္ဌာနိစသောဂါတို့၌၊ **ဘိန္နာနိ**တိ- ဘိန္နာနိဟူသည်ကား၊ အရညတော- တောမှ၊ ဥဒ္ဓဋ္ဌာနိ- ထုတ်ဆောင်အပ်ကုန်သော၊ **န ဟာပိတော**တိ- နဟာပိတောဟူသည်ကား၊ န ဇလိတော- မညှိထွန်း၊ **ဘိန္နာနိ**တိ- ဘိန္နာနိဟူသည်ကား၊ ပုဗ္ဗေ- ရှေး၌၊ တယာ- သင်သည်၊ မမာဂမနဝေလာယ- ငါပြန်လာသော အချိန်၌၊ ကဋ္ဌာနိ- ထင်းတို့ကို၊ ဥဒ္ဓဋ္ဌာနေ၀- ခွဲအပ်ပြီးကုန်သည်သာ၊ ဟောန္တိ- ဖြစ်ကုန်၏၊ **ဟုတော စ အဂ္ဂိ**တိ- ဟုတော စ အဂ္ဂိဟူသည်ကား၊ အဂ္ဂိ စ- မီးသည်လည်း၊ ဟုတော- ညှိထွန်းပြီးသည်၊ ဟောတိ- ဖြစ်၏၊ **တပနီ**တိ- တပနီဟူသည်ကား၊ ဝိသိဗ္ဗနအဂ္ဂိသနိတာ- မီးလှုံရန် အနွေးဓာတ်ရရန် မွှေးထားအပ်သော မီးဟု ဆိုအပ်ကုန်သော၊

တပနီပိ- လှံစရာမီးကိုလည်း၊ တေ- သင်ချစ်သားသည်၊ သမိတာ-ဝ- မွှေးအပ်ပြီးသည်သာ၊* သယမေဝ- ကိုယ်တိုင်ပင်လျှင်၊ သံဝိဒဟိတာဝ- စီရင် အပ်ပြီးသည်သာ၊ ဟောတိ- ဖြစ်၏၊ **ပီဌန္တိ-** ပီဌံဟူသည်ကား၊ မမ- ငါ့အတွက်၊ အာသနတ္ထာယ- ထိုင်နေရာအလို့ငှာ၊ ပီဌဥ္စ- အင်းပျဉ်ကိုလည်း၊ ပညတ္တမေဝ- ခင်းအပ်ပြီးသည်သာ၊ ဟောတိ- ဖြစ်၏၊ **ဥဒကဥ္စာတိ-** ဥဒကဉ္စဟူသည်ကား၊ ပါဒဓောဝနဥဒကမ္ပိ- ခြေဆေးရေကိုလည်း၊ ဥပဋ္ဌာပိတမေဝ- တည်ထားအပ်ပြီးသည်သာ၊ ဟောတိ- ဖြစ်၏၊ **ဖြဟ္မဘူတောတိ-** ဗြဟ္မဘူတောဟူသည်ကား၊ တုဝမ္ပိ- သင်သည်လည်း၊ ဣတော- ဤကာလမှ၊ ပုရတ္ထာ- ရှေး၌၊ သေဋ္ဌဘူတော- မြတ်သည်ဖြစ်၍၊ ဣမသ္မိံ အဿမေ- ဤသင်္ခမ်းကျောင်း၌၊ အဘိရမသိ- မွေ့လျော်ခဲ့၏၊ **အဘိန္နကဋ္ဌောသီတိ-** အဘိန္န ကဋ္ဌောသိဟူသည်ကား၊ သော- ထိုသင်သည်၊ ဒါနိ- ယခု၊ အဇ္ဇ- ယနေ့၊ အနုဒ္ဓဋကဋ္ဌော- ခွဲအပ်ပြီးသော ထင်းမရှိသည်၊ အသိ- ဖြစ်၏၊ **အသိဒ္ဓဘောဇနောတိ-** အသိဒ္ဓဘောဇနော ဟူသည်ကား၊ တေ- သင်သည်၊ ကိဉ္စိ- အနည်းငယ်၊ အမှာက်- ငါတို့အဘို့၊ ကန္ဒမူလံ ဝါ- သစ်ဥ သစ်မြစ်ကိုလည်းကောင်း၊ ပဏ္ဏံ ဝါ- သစ်ရွက်ကိုလည်းကောင်း၊ န သေဒိတံ- ပြုပ်၍မထား၊ **မမင္ဇ္ဈာတိ-** မမင္ဇ္ဈဟူသည်ကား၊ မမ- ငါ၏၊ ပုတ္တ- ချစ်သား၊ အဇ္ဇ- ယနေ့၊ တွံ- သင်သည်၊ မေ- ငါ့အား၊ နအာလပသိ- စကားမဆို၊ **နဋ္ဌံ နု ကိန္တိ-** နဋ္ဌံ နု ကိံဟူသည်ကား၊ တေ- သင်၏၊ ကိံ ဝါ- အဘယ်အရာသည်မူလည်း၊ နဋ္ဌံနု- ပျောက်လေသလော၊ စေတသိကံ- စိတ်၌ဖြစ်သော၊ ဒုက္ခံ- ဆင်းရဲသည်၊ ကိံ ဝါ- အဘယ်နည်း၊ နိပန္နကာရဏံ- လဲလျောင်း၍ နေရသောအကြောင်းရင်းကို၊ မေ- ငါ့အား၊ အက္ခာဟိ- ပြောပါလော့၊ ဣတိ- ဤသို့၊ ပုစ္ဆတိ- မေး၏။

သော- ထိုဣသိသိင်္ဂရသေ့သည်၊ ပိတု- ခမည်းတော်ရသေ့ကြီး၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ တံ ကာရဏံ- ထိုအိပ်ခြင်း၏အကြောင်းကို၊ ကထေန္တော- (ခမည်းတော်အား) ပြောကြားလိုသည်ဖြစ်၍၊ "'ဣဓာဂမာ ဇဋိလော (ပ) ဝိဇဟာမိ အဿမေ"တိ- "ဣဓာဂမာ ဇဋိလော (ပ) ဝိဇဟာမိ အဿမေ"ဟူကုန်သော၊ (တေဝီသ ဂါထာယော- နှစ်ဆယ်သုံးဂါထာတို့ကို) အာဟ- ဆိုပြီ။

(၂၈) တာတ- ခမည်းတော်၊ ဇဋိလော- ဆံကျစ်ထုံးသော၊ ဗြဟ္မစာရီ- ရသေ့ပျိုတစ်ယောက်သည်၊ ဣဓ- ဤကျောင်းသို့ အာဂတာ- လာ၏၊ သော-

---

* သမိတာ= သံ. ရှေးရှိသော ဣ-ဓာတ်၊ သံ-အတူတကွ၊ ဣ-ရောက်ရှိခြင်း၊ ပေါင်းဆုံခြင်းဟု အနက်ရ ထင်းနှင့်မီး ထိတွေ့ပေးခြင်းကိုပင် မီးမွှေးသည်ဟု ဆိုရ၏။

ထိုငါတို့ကျောင်းသို့ လာသောရသေ့ပျိုသည်၊ သုဒဿနေယျော- အလွန်ရှုဖွယ်ရှိ၏၊ သုတနု- တင့်တယ်သောကိုယ်ရှိ၏၊ ဝိနေတိ- မိမိကိုယ်ရောင်ဖြင့် ဤကျောင်းတွင်းကို တပြိုင်နက်သော အရောင်ကိုကဲ့သို့ ပြ၍ပြည့်စေ၏၊ နေဝါတိဒီဃော- မြင့်လည်း မမြင့်လွန်း၊ နပနာတိရဿော- နိမ့်လည်း မနိမ့်လွန်း၊ ဘောတော- ငါတို့ကျောင်းသို့လာသော ရှင်ရသေ့၏၊ သုကဏှကဏှစ္ဆဒနေဟိ- အလွန်ညိုကုန်သည်ဖြစ်၍ ပိတုန်းရောင်ကဲ့သို့ ပြောင်ပြောင်လက်လက် ဖိတ်ဖိတ်နက်သောဆံတို့ဖြင့်၊ သုကဏှသီသံ- ကောင်းစွာညိုနက်သော ဦးခေါင်းသည်၊ သုမဇ္ဇမဋ္ဌိတမဏိမယံဝိယ- ကောင်းစွာပွတ်အပ်သော ပတ္တမြားညိုဖြင့် ပြီးသကဲ့သို့၊ ခါယတိ- ထင်၏။

(၂၉) အမဿုဇာတော- မုတ်ဆိတ်ကြွင်စွယ်လည်း မပေါက်သေး၊ အပုရာဏဝဏ္ဏီ- ရသေ့ပြုသစ်စနှင့် တူ၏၊ အဿ- ထိုရှင်ရသေ့၏၊ ကဏ္ဍေပနလည်ပင်း၌ကား၊ အာဓာရရူပဥ္စ- ကရွတ်ခွေနှင့် တူသော တန်ဆာသည်လည်း၊ အတ္ထိ- ရှိ၏၊ ဥရေ- ရင်၌၊ သုဇာတာ- ကောင်းစွာဖြစ်ကုန်သော၊ သုဝဏ္ဏတိန္ဒုကနိဘာဂါ- ရွှေတည်သီးနှင့်တူကုန်သော၊ ပဘဿရာ- ပြိုးပြိုးပြက်ထွက်လတ်သော အရောင်ရှိကုန်သော၊ ဒွေယမာဂဏ္ဍာ- နှစ်ခုအစုံဖြစ်သော အသားငုံတို့သည်၊ သန္တိ- ရှိကုန်၏။

(၃၀) တဿ- ထိုရှင်ရသေ့ပျို၏၊ မုခဉ္စ- မျက်နှာသည်လည်း၊ [ဘုသဒဿနေယျံ (ဘုသံဒဿနေယျံ)]- အလွန်ရှုချင်ဖွယ်ရှိ၏၊ ကဏ္ဍေသု- နားနှစ်ဖက်တို့၌၊ ကုဥ္စိတဂ္ဂါစ- ကော့သော အဖျားရှိသော တန်ဆာတို့ကိုလည်း၊ လမ္ဗန္တိ- ဝတ်ကုန်၏၊ စရတော- သွားသော၊ မာဏဝဿ- ရသေ့ပျို၏၊ တေ- ထိုနားနှစ်ဖက်တို့၌ ဝတ်သော တန်ဆာတို့သည်၊ ဇောတရေ- ဖိတ်ဖိတ်လက်လက် ပြိုးပြိုးပြက်လျှင် ထွန်းပကုန်၏၊ အဿ- ထိုရသေ့ပျို၏၊ သံယမန်-ထိုးအပ်ကုန်သော၊ ဇဋာနံ- ဆံကျစ်တို့ကို၊ သုတ္တဉ္စ- စည်းသော ကြိုးသည်လည်း၊ ဇောတတိ- ထွန်းပ၏။

(၃၁) တဿ- ထိုရသေ့ပျို၏၊ အညာအညာနိ- တစ်ပါးကုန်သော၊ နီလာနီလာနိစ- ညိုသော အဆင်းရှိသည်လည်းဖြစ်ကုန်သော၊ ပီတာပီတာ နိစ-ရွှေသော အဆင်းရှိသည်လည်းဖြစ်ကုန်သော၊ [လောဟိတိကာ(လောဟိတကာ)] လောဟိတကာနိစ- နီသော အဆင်းရှိသည်လည်းဖြစ်ကုန်သော၊ သေတာသေတာနိစ- ဖြူသော အဆင်းရှိသည်လည်းဖြစ်ကုန်သော၊ စတ-သောာစတ္တာရိ- လေးပါးသော အဆင်းရှိကုန်သော၊ သံယမာနိစ- တန်ဆာ

တို့သည်လည်း၊ သန္တိ- ရှိကုန်၏၊ စရတော- သွားသော၊ မာဏဝဿ- ရှင်ရသေ့ပျို၏၊ တာနိပိလန္ဓနာနိ- ထိုတန်ဆာတို့သည်၊ ပါဝုသမှိ- မိုးတွင်းကာလ၌၊ တိရိဋိသဃ်ာရိဝ- ပုစဉ်းအပေါင်းတို့ကဲ့သို့၊ ဗိသရေဗိ သိတ္တာရဝန္တိ- ထိသည်ဖြစ်၍ မြည်ကြကုန်၏။

(၃၂) တာတ- ခမည်းတော်၊ သောမာဏဝေါ- ထိုရသေ့ပျိုသည်၊ မုဋ္ဌမယ်- ဖြူဆံမြက်ဖြင့် ယက်သော၊ မိခလံ- ခါးကြိုးကို၊ နဓာရေတိ- မစည်းမဆောင်၊ တာတ- ခမည်းတော်၊ မယံ- ငါတို့သည်၊ သန္ထရေ- လျှော်တေသက်န်းတို့ကိုလည်းကောင်း၊ [ပဗ္ဗဇဿ(ပဗ္ဗဇသာ)]- ပြိတ်မြက်ဖြင့်၊ ကတံ- ပြုအပ်သောသက်န်းကိုလည်းကောင်း၊ ဓာရေမ ယထာ- ဝတ်ကြကုန်သကဲ့သို့၊ တတာ- ထိုအတူ၊ သောပန မာဏဝေါ- ထိုရသေ့ပျိုသည်ကား၊ သန္ထရေ- လျှော်တေသက်န်းတို့ကို၊ နဓာရေတိ- မဝတ်မဆောင်၊ ပဗ္ဗဇသာ- ပြိတ်မြက်ဖြင့်၊ ကတံ- ပြုအပ်သော သက်န်းကို၊ နဓာရေတိ- မဝတ်သည်သာတည်း၊ တာတ- ခမည်းတော်၊ အန္တလိက္ခေ- ကောင်းကင်ပြင်၌၊ [သတေရတာ(သတေရိတာ)] နိစ္စစလိတာ- အစဉ်မပြတ် တလျှပ်လျှပ်ရှိကုန်သော၊ ဝိဇ္ဇုရိဝ- လျှပ်စစ်နွယ်တို့ကဲ့သို့၊ တဿ- ထိုရှင်ရသေ့ပျို၏၊ ဇယ်နန္တရေဝိလဂ္ဂါ- ခါးဆီတွင်စည်းအပ်ကုန်သော၊ တာ- ထိုခါးကြိုးတို့သည်၊ ဇောတရေ- ထိန်ထိန် လက်လက်ထွန်းပကုန်၏။

(၃၃) ဟံတာတ- အိုခမည်းတော်၊ တဿ- ထိုရှင်ရသေ့ပျို၏၊ ကဋိသမောဟိတာနိ- ခါး၌စည်းအပ်ကုန်သော၊ ဟေဋ္ဌာ- အောက်သို့၊ [နဘျာ(နဗျာ)] နဝဃာနိ- မလျှောမကျကုန်သော အခီလကာနိစ- အခွံလည်းမရှိကုန် သော၊ အဝဏ္ဍကာနိ- အညှာလည်းမရှိသောသစ်သီးလုံးတို့သည်၊ အဃဋ္ဋ-တာ- အချင်းချင်းမထိပါးကြကုန်သည်ဖြစ်၍၊ နိစ္စကီဠံ- အစဉ်ရွှင်မြူးခြင်း ကို၊ ကရောန္တိ- ပြုကြကုန်၏၊ တာနိ- ထိုချည်ဖြင့်သီ၍ခါး၌စဉ်းအပ်သောသစ်သီးလုံးတို့သည်၊ ကိံ ရုက္ခဖလာနိ- အဘယ်သစ်သီးမည်ကုန်သနည်း။

(၃၄) ဟံတာတ- အိုခမည်းတော်၊ တဿ- ထိုရသေ့ပျို၏၊ ဇဋာစ- ဆံကျစ်တို့သည်လည်း၊ [ဘုသဒဿနေယျာ(ဘုသံဒဿနေယျာ)]- အလွန် ရှုဖွယ်ရှိကုန်၏၊ ပရောသတံ- အရာမက၊ ဝေလ္လိတဂ္ဂါ- သားလိုးဓားကဲ့သို့ ကော့သောအဖျားရှိသော ဆံတို့သည်၊ သုဂန္ဓာ- ကြိုင်ကြိုင်မွှေးကုန်၏၊ တဿ- ထိုရှင်ရသေ့ပျိုအား၊ ဒွေဓာသိရော- ဦးခေါင်းကို နှစ်ခုဝေ၍၊ သာဓုဝိဘတ္တရူပေါ- ထုံးအပ်သော ဆံကျစ်တို့၏ အစွမ်းအားဖြင့် ကောင်းစွာ ဝေဖန်အပ်သော

သဘောရှိ၏၊ မယှံ- ငါ၏၊ ဇဋ္ဌာ- ဆံကျစ်တို့သည်၊ တထာ- ထိုရှင်ရသေ့ ဆံကျစ်အတူ၊ အဟောနုခေါ အဿု- ဖြစ်ပါဘိတော့လော။

(၃၅) တာတ- ခမည်းတော်၊ ယဒါစ- အကြင်အခါ၌လည်း၊ သောမာဏဝေါ- ထိုရသေ့ပျိုသည်၊ ဝဏ္ဏေန- အဆင်းနှင့်လည်းကောင်း၊ ဂန္ဓေန- အနံ့နှင့်လည်း ကောင်း၊ ဥပေတရူပါ- ပြည့်စုံသောသဘောရှိကုန်သော၊ တာဇဋ္ဌာယော- ထိုဆံကျစ်တို့ကို၊ ပကိရတိ- ဖြေလိုက်၏၊ တဒါ- ထိုအခါ၌၊ နိလုပ္ပလံဝါတသ- မေရိတံဝ- ကြာညိုနံ့ကို လေဆောင်လာသကဲ့သို့၊ တထေဝ- ထိုအတူလျှင်၊ အယံအဿမော- ဤကျောင်းသည်၊ [သံဝါတိ (သံဝါယတိ)]- ကြိုင်ကြိုင် မွှေး၏။

(၃၆) တာတ- ခမည်းတော်၊ တဿ- ထိုရသေ့ပျို၏၊ ကာယေ- ကိုယ်၌၊ ပင်္ကောစ- လူးသော ညွန်သည်လည်း၊ [ဘုသ(ဘုသံ)]ဒဿနေယျော- အလွန် ရှုစချင်ဖွယ် ရှိ၏၊ မယှံ- ငါ၏၊ ကာယေ- ကိုယ်၌၊ ပင်္ကော- လူးသော ညွန်သည်၊ ယာဒိသော- အကြင်သို့ ရွံဖွယ် လိလိသဘောရှိ၏၊ တဿ- ထိုရှင်ရသေ့ပျို၏၊ ကာယေပန- ကိုယ်၌သော်ကား၊ ပင်္ကော- လူးသော ညွန်သည်၊ တောဒိသော- ထိုသို့ရွံဖွယ် လိလိသဘောရှိသည်၊ န ဟောတိ- မဖြစ်၊ အဂ္ဂိမှေ- နွေလ၏ အထွက်ဖြစ်သော မိုးတွင်းကာလ၌၊ သုဖုလ္လ- ကောင်းစွာ ပွင့်သော၊ ဝနံယထာ- ပန်းတောကဲ့သို့၊ တထာ- ထိုအတူ၊ မာလုတေန- လေညှင်းသည်၊ ဧရိတော- သွေးဆောင် တိုက်လွှင့်အပ်သော၊ သောပင်္ကော- ထိုရသေ့ပျိုကိုယ်၌ လူးခဲ့သော ညွန်ပျောင်းသည်၊ [ဝါယတီ(ဝါယတိ)]- ကြိုင်ကြိုင်မွှေး၏။

(၃၇) တာတ- ခမည်းတော်၊ သုစိတ္တရူပံ- အလွန်ထူးဆန်းသော အဆင်း ရှိသော၊ ရုစိရံ- ပြောင်ပြောင်ရှိသော၊ ဒဿနေယျံ- ရှုချင်စဖွယ်ရှိသော၊ ရုက္ခဖလံ- သစ်သီးကို၊ သောမာဏဝေါ- ထိုရသေ့ပျိုသည်၊ ပထဗျာ- မြေပေါ်၌၊ နိဟန္တိနိဟနတိ- ပစ်၏၊ ခိတ္တဥ္စ- ပစ်သော်လည်း၊ ယံရုက္ခဖလံ- အကြင် သစ်သီးသည်၊ တဿ- ထိုရသေ့ပျို၏၊ ဟတ္ထံ- လက်တွင်းသို့ ပုနရေတိ- လာပြန်၏၊ ဟံတာတ- အိုခမည်းတော်၊ တံရုက္ခဖလံ- ထိုသစ်သီးသည်၊ ကိံရုက္ခဖလံနုခေါ- အဘယ်သစ်သီးနည်း။

(၃၈) တာတ- ခမည်းတော်၊ တဿ- ထိုရသေ့ပျို၏၊ ဒန္တာစ- သွားတို့ သည်လည်း၊ [ဘုသ(ဘုသံ)]ဒဿနေယျာ- အလွန် ရှုချင်စဖွယ်ရှိကုန်၏၊ [သမာသခ်ဝရူပပန္နာ (သမာသင်္ခဝဏ္ဏုပပန္နာ)]- ကောင်းစွာ ပွတ်အပ်သော

ခရုသင်းအဆင်းနှင့် တူကုန်၏၊ သုဒ္ဓါ- စင်ကြယ်ကုန်၏၊ ဝိဝရိယမာနာ- ဖွင့်လိုက်သည်ရှိသော်၊ မနော- ငါ၏စိတ်ကို၊ ပသာဒေန္တိ- ရွှင်စေကုန်၏၊ တာတ- ခမည်းတော်၊ သောတာပသော- ထိုရှင်ရသေ့ပျိုသည်၊ တေဟိ- ထိုသွားတို့ဖြင့်၊ သာကံ- ဟင်းရွက် သစ်မြစ်သစ်သီးကို၊ နဟိနူန အခါဒိ- မစားလေသည် ထင်၏။

(၃၉) တာတ- ခမည်းတော်၊ အဿ- ထိုရှင်ရသေ့ပျို၏၊ ဘာသိတံ- ပြောဆိုသော စကားသည်၊ အကက္ကသံ- ပြေပြစ် ချောမွေ့၏၊ [အဂ္ဂဠိတံ (အခလိတံ)]- အဖန်တလဲလဲ ပြောဆိုသော်လည်း မချွတ်မယွင်း၊ မုဟုံ- လျင်မြန်၏၊ မုဒုံ- နူးညံ့၏၊ ဥဇုံ- ဖြောင့်မတ်၏၊ အနုဒ္ဓတံ- မပျံ့လွင့်၊ အစပလံ- မလျှပ်ပေါ်၊ ရုဒံ- ပြောဆိုစဉ်ရင့်ကျူးသော အသံသည်လည်း၊ မနည်းနှစ်သက်ဖွယ်ရှိ၏၊ ကရဝိကသုဿရံ- ကရဝိက်ငှက်မင်း၏ သာယာသော အသံနှင့် တူ၏၊ ဟဒယင်္ဂမံ- နှလုံးသို့ သက်ဝင်၏၊ တဿ- ထိုရှင်ရသေ့ပျို၏၊ တံဘာသိတံ- ထိုပြောဆိုသော အသံကို၊ မေ- ငါ၏၊ မနော- စိတ်သည်၊ ရဉ္စယတေဝ- ကြိုက်နှစ်သက်သည်သာလျှင်တည်း။

(၄၀) တာတ- ခမည်းတော်၊ သောတာပသော- ထိုရှင်ရသေ့ပျိုသည်၊ ဗိန္ဒုဿရော- လုံးသော အသံရှိ၏၊ နာတိဝိသဋ္ဌဝါကျော- တိုးတိုးသာသာ ပြောဆိုတတ်၏၊ သဇ္ဈာယံ သဇ္ဈာယနကာလေ- ကမ္မဋ္ဌာန်း ဗေဒင်သင်အံခြင်းကို ပြုသောကာလ၌၊ နနူနအတိပ္ပယုတ္တော- အားမထုတ်လွန်းလေသည် ထင်၏၊ တာတ- ခမည်းတော်၊ ဟိယဿ- အကြင့်ကြောင့်၊ သောမာဏဝေါ- ထိုရှင်ရသေ့ပျိုသည်၊ ပုရတ္ထာ- ရှေးကာလက၊ မေ- ငါ၏၊ မိတ္တော- အဆွေခင်ပွန်းသည်၊ အဟု- ဖြစ်ပြီ၊ တဿ- ထို့ကြောင့်၊ တံမာဏဝံ- ထိုရှင်ရသေ့ပျိုကို၊ ပုနဒေဝ- နောက်ကို တစ်ဖန်လျှင်၊ ဒဋ္ဌုံ- မြင်ခြင်းငှာ၊ ကင်္ခါမိ- အလိုရှိသေး၏။

(၄၁) တာတ- ခမည်းတော်၊ တဿမာဏဝဿ- ထိုရှင်ရသေ့ပျို၏၊ ဦရုနံ- ပေါင်နှစ်ဘက်တို့၏၊ အန္တရေ- အကြား၌၊ ဇင်္ဃာ- ဝံကိုက်နာတစ်ခုသည်၊ အတ္ထိ- ရှိ၏၊ ဣမံဝဏံ- ဤဝံကိုက်နာသည်၊ သုသန္ဓိ- ယောက်သွားခုံမျက်နှာဝ ကဲ့သို့ ကောင်းစွာ စေ့စပ်၏၊ [သဗ္ဗတ္ထဝိမဋ္ဌံတံ (သဗ္ဗတ္ထဝိမဋ္ဌံ)]- ထက်ဝန်းကျင်မှ ကောင်းစွာ ပြေပြစ်ချောမောေ၏၊ [ပုထူ(ပုထု)]- ကြီးလည်း ကြီး၏၊ သုဇာတံ- ကောင်းသော သဏ္ဌာန်လည်း ရှိ၏၊ ခရပတ္တ သန္နိဘံ- ပွင့်လုခါနီးဖြစ်သော ပဒုမာကြာငုံဖူးနှင့် တူသော မျက်နှာရှိ၏၊ တေနေဝ- ထိုသို့အနာရှိသော

ကြောင့်လျှင်၊ မာဏဝေါ- ရှင်ရသေ့ပျိုသည်၊ ဝိဝရိယ- ကိုယ်ဝတ်ကို ဖွင့်လှစ်ထည့်၍၊ မံ- ငါ့ကို၊ [ဥတ္တရိယာန(ဥတ္တရိယေန)]- ဖိတည့်၍၊ [ဦရုံဇယ်နေန (ဦရူဇယ်နေန)]- ပေါင်ခါးစောင်ဖြင့်၊ [ပိဋ္ဌယိ (ပီဠယိ)]- ညှပ်၏။

(၄၂) တာတ- ခမည်းတော်၊ တဿမာဏဝဿ- ထိုရှင်ရသေ့ပျို၏၊ သရီ- ရတော- ကိုယ်မှ၊ နိစ္ဆရန္တာ- ပြိုးပြိုးပြက်ထွက်လတ်ကုန်သော၊ သုဝဏ္ဏဝဏ္ဏာ- ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်သော၊ ရသ္မိယော- အရောင်တို့သည်၊ အန္တလိက္ခေ- ကောင်းကင်၌၊ [သတေရတာ(သတေရိတာ)]- အစဉ်မပြတ် တလျှပ်လျှပ်ရှိကုန်သော၊ ဝိဇ္ဇုရိဝ- လျှပ်စစ်နွယ်တို့ကဲ့သို့၊ တပန္တိဗဝ- ထိန်ထိန်ဝင်းကုန်သည်သာလျှင်တည်း၊ အာဘန္တိဗဝ- အလွန်ထွန်းပကုန်သည် သာလျှင်တည်း၊ [ဝိရောစရေ(ဝိရောစန္တေဝ)]- အထူးသဖြင့် ထွန်းလင်းကုန် သည်သာလျှင်တည်း၊ တဿ- ထိုရှင်ရသေ့ပျို၏၊ အဥ္စနလောမသဒိသာ- မျက်စဉ်းညိုအဆင်းနှင့် တူသော အဆင်းရှိသော အမွေးတို့နှင့် ပြည့်စုံကုန်သော၊ ဗာဟာ- မောင်းနှစ်ဘက်တို့သည်၊ မုဒူ- နူးညံ့လှကုန်၏၊ တဿ- ထိုရှင် ရသေ့ပျို၏၊ ဟတ္ထာ- လက်တို့သည်၊ ဝိစိတြဝဋ္ဋင်္ဂုလိကာ- ဆန်းကြွယ်လှစွာ သန္တာညွန့်နှင့် တူသော လုံးသောလက်ချောင်းရှိကုန်သည်ဖြစ်၍၊ သောဘရေ- တင့်တယ်ကုန်၏။

(၄၃) တာတ- ခမည်းတော်၊ သောမာဏဝေါ- ထိုရှင်ရသေ့ပျိုသည်၊ အကက္ကသင်္ဂေါ- ပွေးမှဲ့မစွဲရှုမရဲသော ကိုယ်ရှိ၏၊ အဿ- ထိုရှင်ရသေ့ပျို၏၊ [နစဒီဃ လောမော(လောမာ)]- အမွေးတို့သည်၊ (နစဒီဃာ)- ရှည်လည်း မရှည်ကုန်၊ အဿ- ထိုရှင်ရသေ့ပျို၏၊ နခါ- လက်သည်းတို့သည်၊ ဒီဃာ- ရှည်ကုန်၏၊ အပိ- ရှည်ကာသာလည်း မဟုတ်သေး၊ လောဟိတဂ္ဂါ- ကျေး နှုတ်သီးကဲ့သို့ တွေးတွေးနီသော အဆင်းလည်း ရှိကုန်၏၊ ကလျာဏရူပေါ- ကောင်းသော သဘောရှိသော ရှင်ရသေ့ပျိုသည်၊ မုဒူဟိ- နူးညံ့ကုန်သော၊ ဗာဟာဟိ- မောင်းနှစ်ဘက်တို့ဖြင့်၊ ပလိဿဇန္တော- ငါ့ကို ပိုက်ဖက်၍၊ ရမယံ ရမယန္တော- မွေ့လျော်စေလျက်၊ မယှံ- ငါးအား၊ ဥပဋ္ဌဟိ- လုပ်ကျွေးပေ၏။

(၄၄) တာတ- ခမည်းတော်၊ အဿ- ထိုရှင်ရသေ့ပျို၏၊ ဟတ္ထာ- လက်တို့သည်၊ တူလူပနိဘာ- ဝါဂွမ်းစုကဲ့သို့ မုဒူ- နူးညံ့ကုန်၏၊ ပဘဿရာ- ပြိုးပြိုးပြက် ထွက်လက်သော အရောင်ရှိကုန်၏၊ သုဝဏ္ဏ ကမ္ဗုတလဝဏ္ဏာ- ရွှေကြေးမုံကဲ့သို့ ညီညွတ်သော လက်ဝါးပြင် ပွတ်တင်သကဲ့သို့ လုံးသော လက်ချောင်းရှိကုန်၏၊

သုစ္ဆဝိ- ကောင်းသော အရေအသားရှိကုန်၏၊ သော- ထိုရှင်ရသေ့ပျိုသည်၊ တေဟိ- ထိုသို့သဘောရှိကုန်သော၊ မုဒုကေဟိ- နူးညံ့လှသော လက်တို့ဖြင့်၊ မံ- ငါ့ကို၊ သံဖုသိတွာ- ကောင်းစွာ တို့၍၊ ဣတော- ဤကျောင်းမှ၊ ဂတော- ငါမျှော်လိုက်စဉ်ပင် သွားရှာလေ၏၊ တေန- ထိုသို့နူးညံ့လှသော လက်တို့ဖြင့် ငါ့ကို တို့၍သွားရှာလေသောကြောင့်၊ မံ-မမ- ငါ၏၊ စိတ္တံ- စိတ်သည်၊ [ဒဟန္တိ(ဒဟတိ)]- ပူလှချေ၏။

(၄၅) တာတ- ခမည်းတော်၊ သောဣသိ- ထိုရှင်ရသေ့ပျိုသည်၊ [ခါရိဝိဓံ (ခါရီဝိဓံ)]- ပရိက္ခရာဖြင့် ပြည့်သော ဝန်ကို၊ [နအဟာသိနုန(နဝဟတိ-နုန)]- မထမ်းလေသည် ထင်၏၊ သောဣသိ- ထိုရှင်ရသေ့ပျိုသည်၊ သယံ- ကိုယ်တိုင်၊ ကဋ္ဌာနိ- မီးပူဇော်စရာ ထင်းတို့ကို၊ နအဘဉ္ဇိနုန- ခွဲဖူးဟန် မရှိ၊ သောဣသိ- ထိုရှင်ရသေ့ပျိုသည်၊ ဒုမေ- သစ်ပင်တို့ကို၊ [ကုဌာရိယာ(ကုဓာရိယာ)]- ပုဆိန်ဖြင့်၊ နဟန္တိနနူ- ပေါက်ဖူးဟန် မရှိ၊ ဟိသစ္စံ- မှန်၏၊ အဿ- ထိုရှင်ရသေ့ပျို၏၊ ဟတ္ထေသု- လက်တို့၌၊ ခိလာနိ- ပွန်းရာပေါက်ရာတို့သည်၊ နအတ္ထိ နသန္တိ- မရှိကုန်။

(၄၆) တာတ- ခမည်းတော်၊ အစ္ဆောစခေါ- ဝံတစ်ခုသည်လျှင်၊ တဿ- ထိုရှင်ရသေ့ပျို၏၊ ဦရုန္တရေ- ပေါင်ကြား၌၊ ဝဏံ- အနာကို၊ အကာသိ- ပြုလေ၏၊ တာတ- ခမည်းတော်၊ သော- ထိုရှင်ရသေ့သည်၊ ဗြဟ္မ- ဣသိသိင်္ဂရသေ့ပျိုမြတ်၊ တွံ- ရှင်ရသေ့သည်၊ မံ- ငါ့ကို၊ [သုခိတံ(သုခီ)]- ချမ်းသာအောင်၊ ကရောဟိ- ပြုပါလော၊ ဣတိ- ဤသို့၊ မံ- ငါ့ကို၊ အဗြဝိ- ဆို၏၊ တေန- ထိုရှင်ရသေ့ပျိုသည်၊ မမ- ငါအား၊ သုခိတံ- ချမ်းသာအောင်၊ ကရောဟိ- ပြုပါလော၊ ဣတိ- ဤသို့၊ ဝုတ္တော- ဆိုအပ်သော၊ သောအဟံ- ထိုငါသည်၊ တဿ- ထိုရှင်ရသေ့ပျိုအား၊ သောချံ- ချမ်းသာအောင်၊ အကရိံ- ပြုလိုက်၏၊ တာတ- ခမည်းတော်၊ ကာရိတေ- ချမ်းသာအောင်ပြုသည် ရှိသော်၊ သောတာပသော- ထိုရှင်ရသေ့ပျိုသည်၊ မံ- ငါ့ကို၊ ဗြဟ္မ- ဣသိသိင်္ဂ ရှင်ရသေ့မြတ်၊ သုခိတောသ္မိ- ငါချမ်းသာပြီ၊ ဣတိ- ဤသို့၊ အဗြဝိ- ပြောဆိုခဲ့၏။

(၄၇) တာတ- ခမည်းတော်၊ တေတဝ- ခမည်းတော်၏၊ မာလုဝပဏ္ဏသန္ထ- တာ- မာလောရွက်ဖြင့် မိုးအပ်သော၊ အယဉ္စ- ဤကျောင်းတော်သည်လည်း၊ အဝ္ဒ- ယနေ့၊ မယာစ- ငါသည်လည်းကောင်း၊ တေနစ- ထိုရှင်ရသေ့ပျိုသည် လည်းကောင်း၊ အညမညပရာမသနာ လိင်္ဂနဝသေန- အချင်းချင်းသုံးသပ်

ဘက်ယမ်းကြသည်၏ အစွမ်းအားဖြင့်၊ ပရိဝတ္တန္တေဟိ- ထိုမှ ဤမှ လွန့်ကြကုန်သောကြောင့်၊ ဝိကိဏ္ဏရူပါ၀- ဖရိုဖရဲကဲ့သို့သော သဘောရှိ၏၊ တာတ- ခမည်းတော်၊ အဟဥ္စ- ငါသည်လည်းကောင်း၊ သောစ- ထိုရှင်ရသေ့ပျိုသည်လည်းကောင်း၊ ရမိတ္ဂွာ- မွေ့လျော်ကြ၍၊ ကိလန္တရူပါ- ပင်ပန်းကြလျှင်၊ ဥဒကေ- ရေအိုင်၌၊ ရမိတ္ဂွာ- ရေချိုးကြ၍၊ ပုနပ္ပုနံ- အဖန်တလဲလဲ၊ ပဏ္ဏကုဋိံ- ကျောင်းတွင်းသို့၊ ဝဇာမ- ဝင်ကြကုန်၏။

(၄၈) တာတ- ခမည်းတော်၊ အဇ္ဇ- ယနေ့၊ မမ- ငါ့အား၊ မန္တာ- ဗေဒင်တို့သည်၊ နပဋိဘန္တိ- မထင်ကုန်၊ [အဂ္ဂိဟုတံပိ(အဂ္ဂိဟုတမ္ပိ)]- မီးပူဇော်ခြင်းသည်လည်း၊ နပဋိဘာတိ- မထင်၊ [ယညတန္တံ(ယညံ့ပိ)]- ယဇ်ပူဇော်ခြင်းသည်လည်း၊ နပဋိဘာတိ- မထင်၊ (တတြ)တသ္မိံ- ထိုအရပ်၌၊ တံဗြဟ္မစာရိံ- ထိုမြတ်သော အကျင့်ကို ကျင့်သော ရှင်ရသေ့ပျိုကို၊ ယာဝ- အကြင်မျှလောက်သော ကာလပတ်လုံး၊ နပဿာမိ- မမြင်ရသေး၊ တာဝ- ထိုမမြင်ရသေးသမျှ ကာလပတ်လုံး၊ တေ- သင်ခမည်းတော်၏၊ မူလဖလာနိ- သစ်မြစ် သစ်သီးတို့ကို၊ နစာပိဘုဉ္ဇေ- ငါမစား။

(၄၉) တာတ- ခမည်းတော်၊ [ယဿံဒိသံ(ယဿံဒိသာယံ)]- အကြင်အရပ်မျက်နှာ၌၊ သောဗြဟ္မစာရီ- ထိုမြတ်သော အကျင့်ကို ကျင့်သော ရှင်ရသေ့ပျိုသည်၊ ဝသတေ- နေ၏၊ တံဒိသံ- ထိုအရပ်မျက်နှာကို၊ တုဝံပိ- သင်ခမည်းတော်သည်လည်း၊ အဒ္ဓါ- စင်စစ်၊ ပဇာနာသိ- သိတော်မူ၏၊ တာတ- ခမည်းတော်၊ အဟံ- အကျွန်ုပ်သည်၊ တေ- သင်ခမည်းတော်၏၊ အဿမမှိ- ကျောင်းတော်၌၊ မာအမရိ- မသေခင်၊ တံဒိသံ- ထိုရှင်ရသေ့ပျိုနေသော အရပ်သို့၊ မံ- ငါကို၊ ခိပ္ပံ- လျင်စွာ၊ ပါပယ- ပို့ပါလော။

(၅၀) တာတ- ခမည်းတော်၊ ဝနံ- ရှင်ရသေ့ပျို၏ ကျောင်းကို လည်၍ တည်သော တောသည်၊ ဝိစိတြဖုလ္လံ- အဖြူအနီအစရှိသည်တို့ဖြင့် ဆန်းကြယ်သော အဆင်းရှိသော ပန်းပွင့်တို့ဖြင့် ပွင့်လင်းသာယာ၏၊ ဒိဇာဘိဃုဋ္ဌံ- ငှက်အပေါင်းတို့၏ သာယာစွာ တွန်မြူးရာဖြစ်၏၊ ဒိဇသဃ်သေဝိတံ- ငှက်အပေါင်းတို့၏ မှီဝဲရာဖြစ်၏၊ ဣတိ- ဤသို့ မယာ- ငါသည်၊ သုတံ- ရှင်ရသေ့ပျိုပြော၍ ကြားလိုက်ရ၏၊ တာတ- ခမည်းတော်၊ အဟံ- အကျွန်ုပ်သည်၊ တေ- ခမည်းတော် ရှင်ရသေ့၏၊ အဿမေ- ကျောင်းတော်၌၊ ပါဏံ- အသက်ကို၊ ပုရာဝိဇဟာမိ- မစွန့်ရခင်၊ တံဝနံ- ထိုရှင်ရသေ့ပျိုနေရာ တောမြိုင်သာသို့၊ မံ- ငါကို၊ ခိပ္ပံ- လျင်စွာ၊ ပါပယ- ပို့တော်မူပါလော။

တတ္ထ- ထိုဣက္ကာဂမာစသော ဂါထာတို့၌၊ ဣက္ကာဂမာတိ- ဣက္ကာဂမာဟူသည်ကား၊ တာတ- ဖခင်၊ ဣမံ အဿမပဒံ- ဤငါတို့သခ်မ်းကျောင်းရှိရာအရပ်သို့ အာဂတော- ရောက်လာ၏၊ သုဒဿနေယျောတိ- သုဒဿနေယျောဟူသည်ကား၊ သုဋ္ဌု- ကောင်းစွာ၊ ဒဿနေယျော- ရှုချင်ဖွယ်ရှိသော၊ သုတနူတိ- သုတနူဟူသည်ကား၊ သုဋ္ဌု- ကောင်းစွာ၊ တနုကော- သေးသွယ်သော၊ နာတိကိသော- မပိန်လွန်းသော။

နာတိထူလော- မဝလွန်းသော၊ ဝိနေတီတိ- ဝိနေတိဟူသည်ကား၊ အတ္တနော- မိမိ၏၊ သရီရပ္ပဘာယ- ကိုယ်ရောင်ဖြင့်၊ အဿမပဒံ- သခ်မ်းကျောင်းနေရာအရပ်ကို၊ ဧကောဘာသံ ဝိယ- တစ်ခဲနက်သော အရောင်ကဲ့သို့ ဝိနေတိ ပူရေတိ- ပြည့်စေ၏၊ သုကဏှကဏှစ္ဆဒနေဟိ ဘောတောတိ- သုကဏှကဏှစ္ဆဒနေဟိဘောတော ဟူသည်ကား၊ တာတ- ဖခင်၊ တဿ ဘောတော- ထိုရှင်ရသေ့၏၊ သုကဏှေဟိ- အလွန် မည်းနက်ကုန်သော၊ ကဏှစ္ဆဒနေဟိ- အနက်ရောင်အဖုံး အလွှမ်းရှိကုန်သော၊*
ဘမရဝဏ္ဏေဟိ- ပိတုန်းအရောင် နက်မှောင်ကုန်သော၊ ကေသေဟိ- ဆံပင်တို့ဖြင့်၊ သုကဏှသီသံ- အလွန်မည်းနက်သော ဦးခေါင်းသည်၊ သုမဋ္ဌတမဏိမယံ ဝိယ- ကောင်းစွာ ပွတ်တိုက်အပ်သော ပတ္တမြားဖြင့်ပြီးသကဲ့သို့ ခါယတိ- ထင်ရ၏၊ အမဿုဇာတောတိ- အမဿုဇာတောဟူသည်ကား၊ အဿ- ထိုရှင်ရသေ့၏၊ မဿု- မုတ်ဆိတ်ကျင်စွယ်သည်၊ န တာဝ ဇာယတိ- မပေါက်ရောက်၊ တရုဏောယေဝ- ငယ်ရွယ်သေးသည်သာလျှင်၊ (ဟောတိ- ဖြစ်၏၊) အပုရာဏပဗ္ဗဇိတောတိ- အပုရာဏ ပဗ္ဗဇိတောဟူသည်ကား၊ အစိရပဗ္ဗဇိတော- မကြာမြင့်မီက ရဟန်းပြုသူသည်၊ (ဟောတိ- ဖြစ်၏၊) အာဓာရရူပဉ္စ ပနဿ ကဏ္ဌေတိ- အာဓာရရူပဉ္စ ပနဿ ကဏ္ဌေဟူသည် ကား၊ ပန- ဆက်၍ဆိုဦးအံ့၊ အဿ- ထိုရှင်ရသေ့၏၊ ကဏ္ဌေ စ- လည်ပင်း၌ကား၊ အမှာကံ- ငါတို့၏၊ ဘိက္ခာဘာဇနဋ္ဌပနံ- ဆွမ်းခံခွက်ထားရာဖြစ်သော၊ ပတ္တာဓာရသဒိသံ- သပိတ်ခြေနှင့် တူသော၊ ပိဠန္ဓနံ- အဆင်တန်ဆာသည်၊ အတ္ထိ- ရှိ၏၊ ဣတိ- ဤသို့၊ မုတ္တာဟာရံ- ပုလဲသွယ်ကို၊ သန္ဓာယ- ရည်ရွယ်၍၊ ဝဒတိ- ဆို၏၊ ဂဏ္ဍာတိ- ဂဏ္ဍာဟူသည်ကား၊ ထနေ- သားမြတ်တို့ကို၊ သန္ဓာယ- ရည်ရွယ်၍၊ အာဟ- ပြောပြီ၊ ဥရေ သုဇာတာတိ- ဥရေ သုဇာတာဟူသည်ကား၊ ဥရမှိ- ရင်၌၊ သုဇာတာ- ဖြစ်ကုန်သော၊ "ဥရတော"တိပိ- ဥရတောဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ-

* ကဏှစ္ဆဒနေဟိ= ကဏှ- သဒ္ဒါ အနက်ရောင်ကို ဟော၏၊ ဆဒန- သဒ္ဒါ အဖုံးအလွှမ်းကို ဟော၏၊ အနက်ရောင်တည်းဟူသော အဖုံးအလွှမ်းရှိသော ဆံပင်ကိုရ၏။

ရှိ၏၊) ပဘဿရာတိ- ပဘဿရာဟူသည်ကား၊ ပဘာသမ္ပန္နာ- အရောင်နှင့် ပြည့်စုံကုန်၏၊ "ပဘာသရေ"တိပိ- ပဘာသရေဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ- ရှိ၏၊) ဩဘာသန္တိ- တောက်ပကုန်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဘုသဒဿနေယျန္တိ- ဘုသဒဿနေယျံဟူသည်ကား၊ အတိဝိယ- အလွန်လျှင်၊ ဒဿနီယံ- ရှုချင်ဖွယ်ရှိ၏၊ ကုဋ္ဋိတဂ္ဂါတိ- ကုဋ္ဋိတဂ္ဂါဟူသည်ကား၊ သီဟကုဏ္ဍလံ- ခြင်္သေ့ နားဒောင်းကို၊* သန္ဓာယ- ရည်ရွယ်၍၊ ဝဒတိ- ဆို၏၊ သုတ္တဉ္ဇာတိ- သုတ္တဉ္ဇ ဟူသည်ကား၊ တဿ- ထိုရှင်ရသေ့၏၊ ယံ ဇင္ဃာဗန္ဓနသုတ္တံ- အကြောင် ဆံကျစ်ကို ဖွဲ့သော ကြိုးသည်၊ (အတ္ထိ- ရှိ၏၊) တမ္ပိ- ထိုကြိုးသည်လည်း၊ ဇောတတိ- တောက်ပ၏၊ ပဘံ- အရောင်ကို၊ မုဉ္စတိ- လွတ်၏၊ "သံယမာနိ စတဿော"တိဣမိနာ- သံယမာနိ စတဿောဟူသော ဤစကားရပ်ဖြင့်၊ မဏိသုဝဏ္ဏပဝါဠရဇတမယာနိ- ပတ္တမြား ရွှေ ကြောင်မျက်ရွဲ ငွေတို့ဖြင့်ပြီးကုန်သော၊ စတ္တာရိ- လေးပါးကုန်သော၊ ပိဠန္ဓနာနိ- အဆင်တန်ဆာတို့ကို၊ ဒဿေတိ- ပြ၏၊ တာ ပီံသရေတိ- တာ ပီံသရေဟူသည်ကား၊ တာနိ ပိဠန္ဓနာနိ- ထိုအဆင်တန်ဆာတို့သည်၊ ပါဝုသမှိ- မိုးကာလ၌၊ ဒေဝေ- မိုးသည်၊ ပဝုဋ္ဌေ- ကုန်ဆုံးသည်ရှိသော်၊ တိရိဋ္ဋိသံဃာ ဝိယ- ပုဇဉ်းအပေါင်းတို့ကဲ့သို့၊ ဝိရဝန္တိ- မည်ကုန်၏၊ မိခလန္တိ- မိခလံဟူသည်ကား၊ မေခလံ- ခါးကြိုးတန်းဆာကို၊ အယမေဝ ဝါ- ဤမေခလံသည်ပင်၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ- ဖြစ်၏၊) ဣဒံ- ဤပုဒ်ကို၊ နိဝတ္ထကဉ္စနစီရကံ- ဝတ်ဆင်အပ်သော ရွှေခါးစည်းကြိုးကို၊ သန္ဓာယ- ရည်ရွယ်၍၊ အာဟ- ဆို၏၊ န သန္တရေတိ- န သန္တရေဟူသည်ကား၊ ဝါကေ- လျှော်တေကြိုးကို၊ န- မဆောင်၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏။ တာတ- ဖခင်၊ မယံ- ငါတို့သည်၊ တိဏမယံ- မြက်ဖြင့်ပြီးသော၊ စီရကံ ဝါ- ခါးကြိုးကိုလည်း ကောင်း၊ ဝါကမယံ- လျှော်တေဖြင့်ပြီးသော၊ စီရကံ ဝါ- ခါးကြိုးကိုလည်းကောင်း၊ ဓာရေမ ယထာ- ဆောင်ကုန်သကဲ့သို့၊ တထာ- ထို့အတူ၊ သော- ထိုရှင်ရသေ့သည်၊ န ဓာရေတိ- မဆောင်၊ ပန- အဟုတ်သော်ကား၊ သော- ထိုရှင်ရသေ့သည်၊

* သီဟကုဏ္ဍလံ= အဖျား၌ကွေးကောက်ထားသဖြင့် ကော့နေသော နားဝတ်တန်ဆာ တစ်မျိုးတည်း။ ဤပုဒ်၌ သီဟ-သဒ္ဒါ အကြီးအကဲ(ဝါ)မြင့်မြတ်သော ပုဂ္ဂိုလ်ဟု အနက်ကြ၍၊ ထိုပုဂ္ဂိုလ်တို့ ဝတ်ဆင်လေ့ရှိသော အလွန်အဖိုးထိုက်တန်သော နားဝတ်တန်ဆာကို ခြင်္သေ့နားကပ် နားဒောင်း နားဆွဲ နားကွင်းဟု ဝေါဟာရတ္ထကြံလေ။

သုဝဏ္ဏစိရကံ- ရွှေခါးစည်းကြိုးကို၊ ဓာရေတိ- ဆောင်၏၊ ဣတိ- ဤသို့၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ အခီလကာနီတိ- အခီလကာနိဟူသည်ကား၊ အတစာနိ- အခွံမရှိကုန်သော၊ နိပ္ပဏ္ဏာနိ- အရွက်မရှိကုန်သော၊ **ကဋိုသမောဟိ- တာနီတိ**- ကဋိုသမောဟိတာနိဟူသည်ကား၊ ကဋိယံ- ခါး၌၊ ဗဒ္ဓါနိ- ဖွဲ့အပ်ကုန်သော၊ **နိစ္စကီဠံ ကရောန္တီတိ**- နိစ္စကီဠံ ကရောန္တိဟူသည်ကား၊ အယဋ္ဌိတာနိပိ- အချင်းချင်း မထိပါးကြကုန်သည်ဖြစ်၍လည်း၊ နိစ္စကာလံ- အခါခပ်သိမ်း၊ ကီဠာယန္တိ- မြူးတူး ကစားကြကုန်၏၊ **ဟံ တာတာတိ**- ဟံ တာတဟူသည်ကား၊ ဟမ္ဘော တာတ- အိုဖခင်၊ **ကိံ ရုက္ခဖလာနိ တာနီတိ**- ကိံ ရုက္ခဖလာနိ တာနိဟူသည်ကား၊ တဿ မာဏဝဿ- ထိုလုလင်၏၊ ကဋိယံ- ခါး၌၊ ဗဒ္ဓါနိ- ဖွဲ့ချည်အပ်ကုန်သော၊ တာနိ သုတ္တာရုဠှာနိ- ထိုချည်ဖြင့် သီ၍ထားအပ်သော အသီးတို့သည်၊ ကတရရုက္ခဖလာနိ နာမ- အဘယ် သစ်သီးတို့မည်ကုန်သနည်း၊ ဣတိ- ဤသို့၊ မဏိသံယာဋ္ဌိ- ပတ္တမြား လုံးခါးပတ်ကို* သန္ဓာယ- ရည်ရွယ်၍၊ အာဟ- ဆိုပြီ။

ဇဋ္ဌာတိ- ဇဋ္ဌာဟူသည်ကား၊ ဇဋ္ဌာမဏ္ဍလာကာရေန- ဆံကျစ်ဝန်းအသွင် သဏ္ဌာန်ဖြင့်၊ ဗဒ္ဓရတနမိဿကေသဝဋ္ဋိယော- ဖွဲ့အပ်သော ရတနာတို့ဖြင့် ရောနှောသော ဆံပင်အလုံးတို့ကို၊ သန္ဓာယ- ရည်၍၊ အာဟ- ပြောပြီ၊ ဝေလ္လိတဂ္ဂါတိ- ဝေလ္လိတဂ္ဂါဟူသည်ကား၊ ကုဋ္ဋိတဂ္ဂါ- ကော့သော အဖျားရှိကုန်၏၊ ဒွေဓာသိရောတိ- ဒွေဓာသိရောဟူသည်ကား၊ တဿ- ထိုရှင်ရသေ့၏၊ သီသံ- ဦးခေါင်းသည်၊ ဒွေဓာ- နှစ်ဖြာ၊ ကတ္វာ- ပြု၍၊ ဗဒ္ဓါနံ- ဖွဲ့အပ်ကုန်သော၊ ဇဋ္ဌာနံ- ဆံကျစ်တို့၏၊ ဝသေန- အစွမ်းဖြင့်၊ သုဋ္ဌု- ကောင်းစွာ၊ ဝိဘတ္တရူပံ- ခွဲဝေအပ်သော သဘောရှိ၏၊ တထာတိ- တထာဟူသည်ကား၊ တဿ မာဏဝဿ- ထိုလုလင်၏၊ ဇဋ္ဌာ ယထာ- ဆံကျစ်ကဲ့သို့၊ တထာ- ထို့အတူ၊ တုမှေဟိ- သင်ဖခင်တို့သည်၊ မမ- ငါ၏၊ (ဇဋ္ဌာ- ဆံကျစ်တို့ကို၊) န ဗဒ္ဓါ- ဖွဲ့၍မပေးအပ်ချေ၊ မမ- ငါ၏၊ ဇဋ္ဌာပိ- ဆံကျစ်သည်လည်း၊ တထာ- ထိုလုလင် အတူ၊ အသူ- ဖြစ်ပါမူ၊ အဟော ဝတ- ကောင်းပေစွ၊ ဣတိ- ဤသို့၊ ပတ္ထေန္တော- တောင့်တလျက်၊ အာဟ- ပြောပြီ၊ ဥပေတရူပါတိ- ဥပေတရူပါဟူသည်ကား၊ ဥပေတသဘာဝါ- ပြည့်စုံသော သဘောရှိကုန်၏၊

---

* မဏိသယ်ာဋ္ဌိ= မဏိ-ပတ္တမြား၊ သယ်ာဋ္ဌိ-ထိစပ်ခြင်း၊ ပေါင်းစုခြင်း- ပတ္တမြားလုံးများကို တစ်လုံးနှင့် တစ်လုံး တစ်ကုံးတည်းစပ်၍ စီကုံးထားသော ခါးဝတ်တန်ဆာကို ဆိုလိုသည်။

**ဝါတသမေရိတံဝါတိ**- ဝါတသမေရိတံဝဟူသည်ကား၊ ယထာ နာမ- ဥပမာမည်သည်ကား၊ ဝါတေန- လေသည်၊ နီလုပ္ပလံ- ကြာညိုပန်းနှံ့ကို၊ သမီရိတံ- ဆောင်ယူဘိသကဲ့သို့၊ တထေဝ- ထို့အတူ၊ ဣမသ္မိံ ဝနသဏ္ဍေ- ဤတောအရပ်၌၊ အယံ အဿမော- ဤသင်္ခမ်းကျောင်းသည်၊ သံဝါတိ- ကြိုင်လှိုင်၍နေ၏၊ နေတာဒိသောတိ- နေတာဒိသောဟူသည်ကား၊ တာတ- ဖခင်၊ ယာဒိသော- အကြင်သို့သဘောရှိသော၊ မမ- ငါ၏၊ ကာယေ- ကိုယ်၌၊ ပဏ္ဍော- ရွံ့ညှနံသည်၊ (အတ္ထိ- ရှိ၏၊) တောဒိသော- ထိုသို့သဘောရှိသော၊ တဿ- ထိုရသေ့၏၊ သရီရေ- ကိုယ်၌၊ (ပဏ္ဍော- ရွံ့ညှနံသည်၊) န- မရှိ၊ ဟိ- မှန်၏၊ သော- ထိုလုလင်သည်၊ ဒဿနီယောစေဝ- ရှုချင်စဖွယ်လည်း ရှိ၏၊ သုဂန္ဓော စ- ကောင်းသော အနံ့လည်း ရှိ၏၊ အဂ္ဂိမေ့တိ- အဂ္ဂိမေ့ဟူသည်ကား၊ ဝသန္တသမယေ- နွေဦးအချိန်၌။

နိဟန္တီတိ- နိဟန္တိဟူသည်ကား၊ ပဟာရတိ- ပုတ်ခတ်၏၊ ကိံ ရုက္ခဖလံ နု ခေါ တန္တိ- ကိံ ရုက္ခဖလံ နု ခေါ တံဟူသည်ကား၊ တံ ဖလံ- ထိုအသီးသည်၊ ကတရ- ရုက္ခဿ- အဘယ်မည်သော သစ်ပင်၏၊ ဖလံ နု ခေါ- အသီးနည်း၊ သဓ်ဝရူပပန္နာတိ- သဓ်ဝရူပပန္နဟူသည်ကား၊ သုဓောတသဓ်ပဋ္ဌိဘာဂါ- ကောင်းစွာ ပွတ်တိုက်အပ်ပြီးသော ခရုသင်းအဆင်းနှင့် တူကုန်၏၊ န ဟိ နူန သော သာကမခါဒိ တေဟီတိ- န ဟိ နူန သော သာကမခါဒိ တေဟိဟူသည်ကား၊ သော မာဏဝေါ- ထိုလုလင်သည်၊ မယံ ဝိယ- ငါတို့ကဲ့သို့၊ တေဟိ ဒန္တေဟိ- ထိုသွားတို့ဖြင့်၊ ရုက္ခပဏ္ဏာနိ စေဝ- သစ်ရွက်တို့ကိုလည်းကောင်း၊ မူလဖလာဖလာနိ စ- သစ်ဥသစ်ဖု သစ်သီးကြီးငယ်တို့ကိုလည်းကောင်း၊ န ခါဒိ နူန- မခဲစားလေယောင်တကား၊ ဟိ- မှန်၏၊ တာနိ- ထိုသစ်ရွက်သစ်ဥသစ်သီးကြီးငယ်တို့ကို၊ ခါဒန္တာနံ- ခဲစားကုန်သော၊ အမှာကံ- ငါတို့၏၊ ဒန္တာ- သွားတို့သည်၊ သဗလာ- အဆင်းပြောက်ကျားကုန်၏၊ ပဏ္ဏဝဏ္ဏာ- သစ်ရွက်ရော်ကဲ့သို့ ဖျော့တော့သော အဆင်းရှိကုန်၏၊ ဣတိ- ဤသို့ ဒီပေတိ- ပြ၏။

အကက္ကသန္တိ- အကက္ကသံဟူသည်ကား၊ တာတ- ဖခင်၊ တဿ- ထိုလုလင်၏၊ ဘာသိတံ- ဆိုအပ်သော စကားသည်၊ အဖရုသံ- မကြမ်းတမ်း၊ အဂဠိတံ- တံတွေး မယို၊ ပုနပ္ပုနံ- အဖန်ဖန်၊ ဝဒန္တဿာပိ- ပြောဆိုအပ်ပါသော်လည်း၊ မဓုရတာယ- ချိုသာသည်၏အဖြစ်ကြောင့်၊ မုဟုံ- လျင်မြန်၏၊ မုဒ္ဓံ- နူးညံ့၏၊ အပမုဿတာယ- မမေ့လျော့သည်၏အဖြစ်ကြောင့်၊ ဥဇုံ- ဖြောင့်မတ်၏၊ အဝိက္ခိတ္တတာယ- ဖရိုဖရဲမပြုကွဲသည်၏အဖြစ်ကြောင့်၊ အနုဒ္ဓင္ဂံ- မပြန့်လွင့်၊ ပတိဋ္ဌိတတာယ- တည်တံ့သည်၏

အဖြစ်ကြောင့်၊ **အစပလံ-** မလျှပ်ပေါ်၊ **ရုဒန္တိ-** ရုဒံဟူသည်ကား၊ ဘာသမာနဿ- စကားဆိုသည်ရှိသော်၊ သရသဓါတံ- အသံဟုဆိုအပ်သော၊ ရုဒမ္ပိ- စကားသံသည် လည်း၊ မနောဟရံ- နှစ်လိုဖွယ်ရှိ၏၊ ကရဝီကဿ- ကရဝိတ်ငှက်၏၊ (ရုဒံ) ဝိယ- မည်သံကဲ့သို့၊ သုဿရံ- ကောင်းသော အသံရှိ၏၊ သုမဓုရံ- ချိုမြိန်သော အသံရှိ၏၊ **ရဋ္ဌယတေဝါတိ-** ရဋ္ဌယတေဝဟူသည်ကား၊ မမ- ငါ၏၊ မနော- စိတ်သည်၊ ရဋ္ဌတိ- ယေဝ- တပ်မက်သည်သာ၊ ဗိန္ဒုဿရောတိ- ဗိန္ဒုဿရောဟူသည်ကား၊ ပိဏ္ဍိတဿ- ရော- တစ်ခဲနက်သော အသံရှိ၏၊ **မာဏဝေါဟူတိ-** မာဏဝေါဟုဟူသည်ကား၊ ဟိ- အကြင့်ကြောင့်၊ သော မာဏဝေါ- ထိုရသေ့ပျိုသည်၊ ပုရတ္ထာ- ရှေးကာလ၌၊ မမ- ငါ၏၊ မိတ္တော- မိတ်ဆွေသည်၊ အဟု- ဖြစ်ခဲ့ပြီ။

**သုသန္ဓိ သဗ္ဗတ္ထ ဝိမဋ္ဌမံ ဝဏန္တိ-** သုသန္ဓိ သဗ္ဗတ္ထ ဝိမဋ္ဌမံ ဝဏံဟူသည်ကား၊ တာတ- ဖခင်၊ တဿ မာဏဝဿ- ထိုလုလင်၏၊ ဦရုနံ- ပေါင်တို့၏၊ အန္တရေ- အကြား၌၊ ဧကံ- တစ်ခုသော၊ ဝဏံ- အနာသည်၊ အတ္ထိ- ရှိ၏၊ တံ- ထိုအနာသည်၊ သုသန္ဓိ- ကောင်းစွာ စေ့စပ်၏၊ သုဖုသိတံ- ကောင်းစွာ ထိစပ်၏၊ သိပ္ပိပုဋမုခသဒိသံ- ယောက်သွားခုံး၏ မျက်နှာဝနှင့် တူ၏၊ သဗ္ဗတ္ထ- အလုံးစုံ၌၊ ဝိမဋ္ဌ- ပြေပြစ်၏၊ သမန္တတော- ထက်ဝန်းကျင်မှ၊ မဋ္ဌ- ချောမွေ့၏၊ ပုထူတိ- ပုထူဟူသည်ကား၊ မဟန္တံ- ကြီးမား၏၊ **သုဇာတန္တိ-** သုဇာတံဟူသည်ကား၊ သုသဏ္ဌိတံ- ကောင်းသော သဏ္ဌာန် ရှိ၏၊ **ခရပတ္တသန္နိဘန္တိ-** ခရပတ္တသန္နိဘံဟူသည်ကား၊* သုပုပ္ဖိတပဒုမမကုဋသန္နိဘံ- ပွင့်ခါနီးသော ပဒုမ္မာကြာဖူးအရောင်ရှိ၏၊ **ဥတ္တရိ ယာနာတိ-** ဥတ္တရိယာနဟူသည်ကား၊ ဥတ္တရိတွာ- ဖိနှိပ်၍၊ အဝတ္ထရိတွာ- ဖိနှိပ်၍၊ ပိဋ္ဌယီတိ- ပိဋ္ဌယိဟူသည်ကား၊ ပီဠေသိ- ညှပ်၏၊ **တပန္တီတိ-** တပန္တိဟူသည်ကား၊ တဿ မာဏဝဿ- ထိုလုလင်၏၊ သရီရတော- ကိုယ်မှ၊ နိစ္ဆရန္တာ- ထွက်ကုန်သော၊ သုဝဏ္ဏဝဏ္ဏရံသိယော- ရွှေ၏ အဆင်းကဲ့သို့သော အရောင်တို့သည်၊ ဇလန္တိ- တောက်ပကုန်၏၊ ဩဘာသန္တိ- တောက်ပကုန်၏၊ ဝိရောစန္တိ စ- တောက်ပကုန်၏၊ ဗာဟာတိ- ဗာဟာဟူသည်ကား၊ အဿ- ထိုလုလင်၏၊ ဗာဟာပိ- လက်မောင်းတို့သည်လည်း၊ မုဒူ- နူးညံ့ကုန်၏၊ အဉ္ဇနလောမသာဒိသာတိ- အဉ္ဇန- လောမသာဒိသာဟူသည်ကား၊ အဉ္ဇနသဒိသေဟိ- မျက်စည်းညိုအဆင်းနှင့် တူကုန်သော၊ လောမေဟိ- အမွေးတို့ဖြင့်၊ သမန္နာဂတာ- ပြည့်စုံကုန်၏၊ ဝိစိတြဝင္ဂုလိ-

* ခရပတ္တ= ခရ - ကြမ်းတမ်းသော၊ ပတ္တ- ပွင့်ဖတ်၊ ပဒုမ္မာကြာ၏ မပွင့်မီကာလ၌ အနည်းငယ် ကြမ်းတမ်း ပွင့်သောအခါ၌ကား နူးညံ့၍သွား၏၊ ထို့ကြောင့် ခရပတ္တ-သဒ္ဒါ ကြာဖူးကို ဟော၏။

လိကာဿ သောဘာရေတိ- ဝိစိတြဝဋ္ဋင်္ဂုလိကာဿ သောဘာရေဟူသည်ကား၊ အဿ- ထိုလုလင်၏၊ ဟတ္ထာပိ- လက်ချောင်းတို့သည်လည်း၊ ဝရလက္ခဏဝိစိတြာဟိ- မြတ်သော လက္ခဏာတို့ဖြင့် ဆန်းကြယ်ကုန်သော၊ ပဝါလင်္ကုရသဒိသာဟိ- သန္တာညွန့်နှင့် တူကုန်သော၊ ဝဋ္ဋင်္ဂုလီဟိ- လုံးဝန်းသော လက်ချောင်းတို့ဖြင့်၊ သမန္နာဂတာ- ပြည့်စုံကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ သောဘန္တိ- တင့်တယ်ကုန်၏။

အကက္ကသင်္ဂေါတိ- အကက္ကသင်္ဂေါဟူသည်ကား၊ ကစ္ဆုပီဠကာဒိရဟိတ အင်္ဂပစ္စင်္ဂေါ- ပွေးဝဲမှည့်မည်းဝက်ခြံစသည်မှကင်းသော အင်္ဂါကြီးငယ်ရှိသည်၊ ရမယံ ဥပဋ္ဌဟီတိ- ရမယံ ဥပဋ္ဌဟိဟူသည်ကား၊ မံ- ငါ့ကို၊ ရမယန္တော- မွေ့လျော်စေသည် ဖြစ်၍၊ ဥပဋ္ဌဟိ- လုပ်ကျွေးခဲ့ပြီ၊ ပရိစရိ- လုပ်ကျွေးခဲ့ပြီ၊ တူလူပနိဘာတိ- တူလူပနိဘာ ဟူသည်ကား၊ မုဒုဘာဝဿ- နူးညံ့သည်၏အဖြစ်၏၊ ဥပမာ- နှိုင်းယှဉ်ကြောင်း ဥပမာ တည်း၊ သုဝဏ္ဏကမ္ဗုတလ ဝဋ္ဋသုဏ္ဌဝီတိ- သုဝဏ္ဏကမ္ဗုတလ ဝဋ္ဋသုဏ္ဌဝိဟူသည်ကား၊ သုဝဏ္ဏမယံ- ရွှေဖြင့်ပြီးသော၊ အာဒါသတလံ ဝိယ- ကြေးမုံပြင်ကဲ့သို့၊[၁] ဝဋ္ဋာ စ- ဝန်းဝိုင်းသည်လည်း၊ သုဏ္ဌဝိ စ- ကောင်းသော အရေရှိသည်လည်း၊ (ဟောတိ- ဖြစ်၏၊) ပရိမဏ္ဍလတလာ စေဝ- ဝန်းဝိုင်းသော အပြင်ရှိကုန်သည်လည်းကောင်း၊ သုန္ဒရစ္ဆဝိ စ- ကောင်းသော အရေရှိသည်လည်းကောင်း၊ (ဟောတိ- ဖြစ်၏၊) က္လတိ- ဤကား၊ အတ္ထော- အနက်တည်း၊ သမ္ဖုသိတွာတိ- သမ္ဖုသိတွာဟူသည်ကား၊ သုဋ္ဌု- ကောင်းစွာ၊ ဖုသိတွာ- ထိ၍၊ အတ္တနော- မိမိ၏၊ ဟတ္ထသမ္ဖဿံ- လက်၏ အထိအတွေ့ကို၊ မမ- ငါ၏၊ သရီရေ- ကိုယ်၌၊ ဖရာပေတွာ- ပြန့်နှံ့စေပြီး၍၊ က္လတော ဂတောတိ- က္လတော ဂတောဟူသည်ကား၊ မမ- ငါ၏၊ ဩလောကေန္တဿေဝ- ကြည့်ရှုနေစဉ်ပင်လျှင်၊ က္လတော- ဤအရပ်မှ၊ ဂတော- ထွက်သွားခဲ့ပြီ၊ တေန မံ ဒဟန္တီတိ- တေန မံ ဒဟန္တိ ဟူသည်ကား၊[၂] တဿ- ထိုရသေ့ပျို၏၊ တေန ဟတ္ထ-သမ္ဖဿေန- ထိုလက်၏

[၁]။ အာဒါသတလံ= ပါဠိတော်၌ ကမ္ဗုတလံ - ဟုရှိ ၏၊ ကမ္ဗု- သဒ္ဒါ ခရုယောက်သွားကို ဟော၏၊ တလ- သဒ္ဒါ အပြင်အောက်ခြေ-ဟူသော အနက်ကို ဟော၏၊ ပွတ်တိုက်ထားသော ခရုယောက်သွားအပြင်ဟု အဓိပ္ပါယ်ရ၏၊ အဋ္ဌကထာ၌ကား ၎င်းကို ကြေးမုံပြင်ဟု အနက်ဖွင့်၏၊ ဝဋ္ဋ-သဒ္ဒါလုံးဝန်းခြင်း အနက်ကိုဟော၏၊ ဤနေရာ၌ လက်ဖဝါးပြင်ဟု ယူဆရသဖြင့် ညီညီညာညာ ဝန်းဝိုင်းနေသော မို့မောက်၍ ချောမွေ့သော လက်ဖဝါးပြင်ဟု ဆိုလိုသည်။

[၂]။ တေန မံ ဒဟန္တိ= ဤပါဌ် ဝိဘတ်နေပုံ ရှုပ်ထွေး၏ မိုးထိမူနိဿယ၌ တေန-ကို ကြောင့်-ဟု အနက်ပေး၍၊ မံ-မမ-ငါ (စိတ္တံ- စိတ်သည်) ဒဟန္တိ-ဒဟတိ ပူလောင်၏-ဟု ပြင်၍

အထိအတွေ့ကြောင့်၊ ဣဒါနိ- ယခုအခါ၌၊ (သောကာဒယောအဂ္ဂိ- သောကစသော မီးတို့သည်၊) မံ- ငါ့ကို၊ ဒဟန္တိ- လောင်ကုန်၏၊ တထာ ဟိ- ထိုစကား မှန်၏၊ တသာ- ထိုရသေ့ပျို၏၊ ဂတကာလတော- ထွက်သွားသောအခါမှ၊ ပဋ္ဌာယ- စ၍၊ မမ- ငါ၏၊ သရီရေ- ကိုယ်၌၊ ဍာဟော- ပူလောင်ခြင်းသည်၊ ဥဋ္ဌိတော- ဖြစ်ခဲ့ပြီ၊ တေန- ထို့ကြောင့်၊ ဒေါမနဿပ္ပတ္တော- စိတ်ဆင်းရဲသည်၏ အဖြစ်သို့ရောက်သည်၊ (ဟုတွာ- ဖြစ်၍၊) နိပန္နော- လျောင်းနေသည်၊ အမှိ- ဖြစ်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

**န နူန သော ခါရိဝိဓန္တိ-** န နူန သော ခါရိဝိဓံဟူသည်ကား၊ တာတ- ဖခင်၊ သော မာဏဝေါ- ထိုရသေ့ပျိုသည်၊ ခါရိဘာရံ- ရသေ့တို့၏ ပရိက္ခရာတည်းဟူသော ဝန်ကို၊ ဥက္ခိပိတွာ- ချီပိုး၍၊ န ဝိစရိနူန- လှည့်လည်သွားလာရသည်မထင်၊ **ခိလာနီတိ-** ခိလာနိဟူသည်ကား၊ ကိလာနိ- အသားမာတို့သည်၊* အယမေဝ ဝါ- ဤကိလာနိဟူသည်ပင်လျှင်၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ- ဖြစ်၏၊) **သောချန္တိ-** သောချံဟူသည်ကား၊ သုခံ- ချမ်းသာသည်ကို၊ **မာလုဝပဏ္ဏသန္တတာ ဝိကိဏ္ဏာရူပါဝါတိ-** မာလုဝပဏ္ဏသန္တတာ ဝိကိဏ္ဏာရူပါဝဟူသည်ကား၊ တာတ- ဖခင်၊ တဝ- သင်၏၊ မာလုဝပဏ္ဏ- သန္တတာ- မာလောရွက်ခင်းအပ်သော၊ အယံ- ဤသခ်မ်းကျောင်းသည်၊ အဇ္ဇ- ယနေ့၊ မယာ စ- ငါသည်လည်းကောင်း၊ တေန စ- ထိုလုလင်ပျိုသည်လည်းကောင်း၊ အညမညံ- အချင်းချင်း၊ ပရာမသနာလိင်္ဂန ဝသေန- ပွတ်သပ်ပွေ့ဖက်ခြင်း၏ အစွမ်းဖြင့်၊ ပရိဝတ္တန္တေဟိ- လူးလှိမ့်ကြသောကြောင့်၊ ဝိကိဏ္ဏာ ဝိယ- ဖယိုဖရဲဖြစ်သကဲ့သို့၊ အာကုလဗျာကုလာ- ရှုပ်ထွေးပွေလီသည်၊ ဇာတာ- ဖြစ်ခဲ့ပြီ၊ **ပုနပ္ပုနံ ပဏ္ဏကုဋိံ**

---

အနက်ပေးထား အဓိပ္ပါယ်မှာ မကိုက်ပေ၊ လက်အထိအတွေ့ကြောင့် စိတ်ပူလောင်ခြင်း မဟုတ် လက်ဖြင့် ထိတွေ့ပြီး ခွဲခွါသွားသောကြောင့် သောကပရိဒေဝမီးတွေ တောက်လောင်ခြင်းဖြစ်သည်၊ သို့သော် ထိုထိတွေ့မှုမရှိလျှင်လည်း သောကပရိဒေဝဖြစ်စရာအကြောင်း မရှိသဖြင့် ၎င်းထိတွေ့မှုသည် သောကမီးတောက်လောင်ခြင်း အကြောင်းဟု ဆိုနိုင်သည်။

* ခိလာနီတိ ကိလာနိ= သက္ကတ၌ ခိဋ္ဌ-သဒ္ဒါအသားမာ-ဟူသော အနက်ကိုဟော၏၊ အလားတူ ကိဏ-သဒ္ဒါလည်း အသားမာ-ဟူသော အနက်ကို ဟော၏၊ ထို့ကြောင့် ခိဋ္ဌာနီတိ ကိဏာနိ-ဟု ပါဌ်ရှိမှုကောင်းမည်၊ ဆဋ္ဌမူ၌ ကိလာနိ-ဟုရှိ၏၊ ကိလ-သဒ္ဒါ ဖြူဖွေးခြင်း၊ မြူးတူးခြင်း အနက်ဟောသဖြင့် အဓိပ္ပါယ်မမိပေ၊ မိုးထိမူနိဿယ၌ကား ပွန်းပဲ့-ဟု အနက်ပေးထားသည်၊ ရသေ့တို့၏ ပရိက္ခရာတည်းဟူသော ဝန်ကိုဆောင်ယူရသဖြင့် သူ၏လက်ဖဝါး၌ အသားမာတတ် နေသည်ကို မတွေ့ရ၍ ရသေ့တို့၏ ပရိက္ခရာဝန်ကို မထမ်းမဆောင်ဟန်ထင်၏ဟု ဆိုလိုရင်းဖြစ်သည်၊ ပွန်းပဲ့စရာ အကြောင်းမရှိပေ။

ဝဇာမာတိ- ပုနပ္ပုနံ ပဏ္ဍာကုဋ္ဋိ ဝဇာမဟူသည်ကား၊ တာတ- ဖခင်၊ အဟဉ္စ- ငါသည်လည်းကောင်း၊ သော စ- ထိုရသေ့ပျိုသည်လည်းကောင်း၊ အဘိရမိတွာ- မွေ့လျော်ကြပြီး၍၊ ကိလန္တရူပါ- ပင်ပန်းသော သဘောရှိကုန်သည်ဖြစ်၍၊ ပဏ္ဍာသာလတော- သစ်ရွက်မိုးကျောင်းမှ၊ နိက္ခမိတွာ- ထွက်၍၊ ဥဒကံ- ရေသို့၊ ပဝိသိတွာ- သက်၍၊ ရမိတွာ- ရေ၌ မွေ့လျော်ပြီး၍၊ ဝိဂတဒရထာ- ကင်းသော ပင်ပန်းခြင်းရှိကုန်သည်ဖြစ်၍၊ ပုနပ္ပုနံ- အဖန်ဖန်၊ ဣမမေဝ ကုဋ္ဋိ- ဤသင်္ခမ်းကျောင်းသို့သာ၊ ပဝိသာမ- ဝင်ရောက်ကြကုန်၏၊ ဣတိ- ဤသို့ ဝဒတိ- ပြော၏။

န မဇ္ဇ မန္တာတိ- န မဇ္ဇ မန္တာဟူသည်ကား၊ အဇ္ဇ- ယနေ့၊ မမ- ငါ့အဖို့၊ တဿ- ထိုရသေ့ပျို၏၊ ဂတကာလတော- ထွက်ခွါသွားသောအခါမှ၊ ပဋ္ဌာယ- စ၍၊ မန္တာ- မန္တာန်တို့သည်၊ နေဝ ပဋိဘန္တိ- ဉာဏ်၌ မထင်ကုန်၊ န ဥပဋ္ဌဟန္တိ- ကပ်၍မတည်ကုန်၊ န ရုစ္စန္တိ- မနှစ်သက်ကုန်၊ န အဂ္ဂိဟုတ္တံ နပိ ယညတန္တန္တိ- န အဂ္ဂိဟုတ္တံ နပိ ယညတန္တံ ဟူသည်ကား၊ မဟာဗြဟ္မနော- မဟာဗြဟ္မာကြီး၏၊ အာရာဓနတ္ထာယ- နှစ်သိမ့်စေခြင်းအကျိုးငှာ၊ ကတ္တဗ္ဗဟောမဝိဓူပနာဒိယညကိရိယာပိ- ပြုအပ်သော ယဇ်မီးပူဇော်ခြင်း ယပ်လေခတ်ခြင်းအစရှိသော ယဇ်၏ပြုဖွယ်သည်၊ မေ- ငါ့အဖို့၊ န ပဋိဘာတိ- မထင်၊ န ဥပဋ္ဌာတိ- ကပ်၍မတည်၊ န ရုစ္စတိ- မနှစ်သက်၊ န စာပိ တေတိ- န စာပိ တေ ဟူသည်ကား၊ တယာ- သင်သည်၊ အာဘတ မူလဖလာဖလာနိပိ- ဆောင်ယူအပ်သော သစ်ဥသစ်ဖု သစ်သီးကြီးငယ်တို့ကိုလည်း၊ န ဘုဥ္ဇာမိ- ငါမစား၊ ယဿံ ဒိသန္တိ- ယဿံ ဒိသံဟူသည်ကား၊ ယဿံ ဒိသာယံ- အကြင်အရပ်၌၊ ဝနန္တိ- ဝနံဟူသည်ကား၊ တဿ မာဏဝဿ- ထိုရသေ့ပျို၏၊ အဿမံ- သင်္ခမ်းကျောင်းကို၊ ပရိဝါရေတွာ- ဝန်းရံ၍၊ ဌိတဝနံ- တည်သော တောသည်၊ အတ္ထိ- ရှိ၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့၊ ဝိလပန္တဿ- အထူးထူး ပြောဆိုမြည်တမ်းသော၊ တဿ- ထိုသားတော် ကုမာရ် ဣသိသိင်ရသေ့ငယ်၏၊ တံ ဝိလာပံ- ထိုအထူးထူး ပြောဆိုမြည်တမ်းသံကို၊ သုတွာ- ကြား၍၊ မဟာသတ္တော- ဘုရားလောင်း ခမည်းတော်ရှင်ရသေ့ကြီးသည်၊ "ဧကာယ- တစ်ယောက်သော၊ ဣတ္ထိယာ- မိန်းမသည်၊ ဣမဿ- ဤဣသိသိင်ရသေ့ငယ်၏၊ သီလံ- သီလကို၊ (ဝါ- သီလသည်၊) ဘိန္နံ- ဖျက်ဆီးအပ်သည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့" ဣတိ- ဤသို့၊ ဉတွာ- သိ၍၊ တံ- ထိုသားတော် ဣသိသိင်ရသေ့ငယ်ကို၊ ဩဝဒန္တော- ဆုံးမတော်မူလိုသည်ဖြစ်၍၊ "ဣမသ္မာ'ဟံ (ပ)

နဿတိ ပြဟ္မစာရိ”တိ- “ကြမသ္မာ’ဟံ (ပ) နဿတိ ပြဟ္မစာရိ”ဟူကုန်သော၊ ဆ ဂါထာယော- ခြောက်ဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

(၅၁) တာတ- ချစ်သားကြသိသိင်၊ ဂန္ဓဗ္ဗဒေဝစ္ဆရသယံသေဝိတေ- ဂန္ဓဗ္ဗ နတ်သမီးအပေါင်းတို့၏ မှီဝဲရာဖြစ်ထသော၊ ကြသိနံ- ရသေ့သူမြတ်တို့၏၊ အာဝါသေ- နေရာဖြစ်ထသော၊ သနန္တနမှိ- ရှည်ကြာဟောင်းမြင့်လေပြီး ထသော၊ ဇောတိရသေ- ပူဇော်သော မီးအရောင်ဖြင့် ပြောင်ပြောင်ထွန်းပထ သော၊ ကြမသ္မာကြမသ္မိ- ဤသို့သဘောရှိသော၊ ဝနမှိ- ဟိမဝန္တာတော၌၊ ဝသန္တော- နေသော၊ တွံ- သင်ချစ်သားသည်၊ ယံအနဘိရတိံ- အကြင် ပညာရှိတို့အား မထိုက်လျော်သော ငြီးငွေ့ခြင်းသို့၊ ပတ္တော- ရောက်ချေပြီ၊ ဧတာဒိသံ- ထိုသို့သဘောရှိသော၊ အရတိံ- ငြီးငွေ့ခြင်းသို့၊ နပါပုဏေထ- မရောက်သင့်ပါတကား။

(၅၂) တာတ- ချစ်သား ကြသိသိင်၊ လောကေ- လောက၌၊ သတ္တာနံ- သတ္တဝါ တို့အား၊ မိတ္တာနိ- အဆွေခင်ပွန်းတို့မည်သည်၊ ဘဝန္တိ- ရှိသည်လည်း ဖြစ်ကုန်၏၊ [အထော (တတော)]- ထိုမှတစ်ပါး၊ န ဟောန္တိ- မရှိသည်လည်း ဖြစ်ကုန်၏၊ တတ္ထ- ထိုအဆွေခင်ပွန်း ရှိမရှိဖြစ်ကုန်သော သူနှစ်ဦးတို့တွင်၊ ယေသံ- အကြင်သူတို့အား၊ ဟောန္တိ- အဆွေခင်ပွန်းရှိသည်ဖြစ်ကုန်၏၊ တေ- ထိုအဆွေခင်ပွန်းရှိသော သူတို့သည်၊ ဉာတီသု- အဆွေအမျိုးတော်ကုန်သော၊ မိတ္တေသု- အဆွေခင်ပွန်းတို့၌သာလျှင်၊ ပေမံ- ချစ်ခြင်းကို၊ ကရောန္တိ- ပြုကြကုန်၏၊ ယော- အကြင် ကြသိသိင်သည်၊ အဟံ- ငါသည်၊ ကုတော- အဘယ်အရပ်မှ၊ အာဂတော- လာသည်၊ အမှိ- ဖြစ်၏၊ ကြတိ- ဤသို့၊ ဧတ္တကမ္ပိ- ဤမျှကိုလည်း၊ နေဝဇာနာတိ- မသိသည်သာတည်း၊ အထ- ထိုသို့ မသိဘဲလျက်၊ အယဥ္စဇမ္မော- ဤ ကြသိသိင်ရသေ့ယုတ်သည်လျှင်၊ ကိဿဝါ- အဘယ်မည်သောအကြောင်းကြောင့်လျှင်၊ နိဝိဋ္ဌော- မိန်းမ၌ အဆွခင်ပွန်း ဟူသော အမှတ်ဖြင့် ချစ်ကျွမ်းဝင်ရလေသနည်း။

(၅၃) တာတ- ချစ်သား ကြသိသိင်၊ ပုနပ္ပုနံ- အဖန်တလဲလဲ၊ သံဝါ သေနဟိ- ပေါင်းဖော်ခြင်းကြောင့်သာလျှင်၊ မိတ္တာနိ- အဆွေခင်ပွန်းတို့သည်၊ သန္ဓိယန္တိ- တစ်ပေါင်းတည်း ဖြစ်ကုန်၏၊ [အသံဂန္တု(အသင်္ဂန္တု)]- မပေါင်းဖော်သော သူအား၊ သွေဝမိတ္တော- ထိုအဆွေခင်ပွန်းသည်လျှင်၊ အသံဝါသေန- မပေါင်းဖော်ခြင်းကြောင့်၊ [ဇီရတိ(ဇီရတိ)]- ပျက်စီး၏။

(၅၄) တာတ- ချစ်သား၊ တုဝံ- သင်သည်၊ ဗြဟ္မစာရိ- ဤကျောင်းသို့လာသော ရှင်ရသေ့ကို၊ သစေ ဒက္ခသိ- အကယ်၍မြင်ရပြန်အံ့၊ တုဝံ- သင်သည်၊ ဗြဟ္မစာရိနာ- ဤကျောင်းသို့လာသောရှင်ရသေ့နှင့်၊ [စေသလ္လပေ (သစေ- သလ္လပေသိ)]- အကယ်၍ပြောဟောပြန်အံ့၊ အထ- ထိုသို့မြင်ပြန် ပြောဟောပြန်သည်ရှိသော်၊ သမ္ပန္နသဿံ- ပြည့်စုံသော ကောက်ပင်ကို၊ မဟောဒကေန- ပြင်းထန်စွာသော ရေသည်၊ နိဟရိယတိ ဣဝ- မျှောလေ အပ်သကဲ့သို့ တထာ- ထို့အတူ၊ ဣမံတပေါဂုဏံ- ဤမြတ်သော အကျင့်တည်း ဟူသောဂုဏ်ကို၊ ခိပ္ပံ- လျင်စွာ၊ တွံ- သင်သည်၊ ပဟိဿသိ- မျှောစေလတ္တံ့။

(၅၅) တာတ- ချစ်သား ဣသိသိင်္ဂ၊ တွံ- သင်သည်၊ ဗြဟ္မစာရိ- ဤ ကျောင်းသို့ လာသော ရသေ့ကို၊ ပုနပိ- တစ်ဖန်လည်း၊ နဒက္ခသိစေ- မတွေ့ပြန်သည်ဖြစ်အံ့၊ တွံ- သင်သည်၊ ဗြဟ္မစာရိနာ- ဤကျောင်းသို့လာသော ရသေ့နှင့်၊ ပုနပိ- တစ်ဖန်လည်း၊ နသလ္လပေစေ- မပြောဆိုပြန်သည်ဖြစ်အံ့၊ သမ္ပန္နသဿံ- ပြည့်စုံသော ကောက်ပင်ကို၊ မဟောဒကေန- များစွာသော ရေသည်၊ [ပဟိဿသိ(ပဟေဿသိ)]ဣဝ- ရွှင်စေဘိသကဲ့သို့၊ တထာ- ထိုအတူ၊ ဣမံဉဿုဂတံ- ဤရသေ့ ရဟန်းတို့၏ တန်ခိုးအရှိန်ကို၊ တွံ- သင်သည်၊ ခိပ္ပံ- လျင်စွာ၊ [ပဟိဿသိ (ပဟေဿသိ)]- ရွှင်စေလတ္တံ့။

(၅၆) တာတ- ချစ်သား ဣသိသိင်္ဂ၊ မနုဿလောကေ- လူ့ပြည်၌၊ ဝိရူပ- ရူပေန- အထူးထူးသော အဆင်းဖြင့်၊ တောနိဘူတာနိစ- ထိုဘီလူးမတို့သည် လည်း၊ စရန္တိ- လှည့်ပတ်သွားလာတတ်ကုန်၏၊ တာနိ- ထိုဘီလူးမတို့ကို၊ သပညော- ပညာရှိသော၊ နရော- ယောကျ်ားသည်၊ နသေဝေထန-သေဝေယျ- မမှီဝဲရာ၊ ဗြဟ္မစာရီ- မြတ်သော အကျင့်ကို ကျင့်သော ရသေ့ ရဟန်းသည်၊ အာသဇ္ဇနံ- မှီဝဲခြင်းသို့၊ ပတွာ- ရောက်၍၊ နဿတိ- ပျက်စီးတတ်၏။

တတ္ထ- ထိုဣမသ္မာစသော ဂါထာတို့၌၊ ဣမသ္မာတိ- ဣမသ္မာဟူသည်ကား၊ ဣမသ္မိံ- ဤသို့သဘောရှိသော၊ ဟန္တိ- ဟံဟူသည်ကား၊ နိပါတမတ္တံ- နိပါတ်မျှတည်း၊ ဇောတိရသေတိ- ဇောတိရသေဟူသည်ကား၊ ဟုယမာနဿ- ယဇ်ပူဇော်အပ်သော၊ ဇောတိနော- ယဇ်မီး၏၊ ရံသိသြဘာသိတေ- အရောင်ဖြင့် ပြောင်ပြောင်တောက်သော၊ သနန္တနမ္ဟီတိ- သနန္တနမှိဟူသည်ကား၊ ပေါရာဏကေ- ရှေးကာလ၌ဖြစ်သော၊ ပါပုဏေထာတိ- ပါပုဏေထဟူသည်ကား၊ ပါပုဏေယျ- ရောက်ရာ၏၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ တာတ- ချစ်သား၊ ဧဝရူပေ-

ဤသို့သဘောရှိသော၊ ဝနေ- တော၌၊ ဝသန္တော- နေလျက်၊ ယံ တံ့- အကြင် သင်သည်၊ အရတိ- မမွေ့လျော်ခြင်းသို့ ပတ္တော- ရောက်ခဲ့ပြီ၊ ဧတာဒိသံ- ဤသို့ သဘောရှိသော ငြီးငွေ့ခြင်းသို့ န ပါပုဏေယျ- မရောက်ရာ၊ ပဏ္ဍိတော- ပညာရှိသော၊ ကုလပုတ္တော- အမျိုးကောင်းသားသည်၊ ပတ္တုံ- ရောက်ခြင်းငှာ၊ နာရဟတိ- မထိုက်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဘဝန္တီတိ- ဘဝန္တိဟူသည်ကား၊ ဣမံ ဂါထံ- ဤဂါထာကို၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ အန္တောဂတမေဝ- မိမိစိတ်ထဲ၌သာလျှင်၊ ဘာသတိ- ဆို၏၊ အယံ- ဤသည်ကား၊ ဧတ္ထ- ဤဂါထာ၌၊ အဓိပ္ပါယော- အဓိပ္ပါယ်တည်း၊ လောကေ- လောက၌၊ သတ္တာနံ- သတ္တဝါတို့အတွက်၊ မိတ္တာနိ နာမ- မိတ်ဆွေတို့မည်သည်၊ ဟောန္တိပိ- ရှိလည်းရှိကုန်၏၊ န ဟောန္တိပိ- မရှိလည်း မရှိကုန်၊ တတ္ထ- ထိုရှိ မရှိနှစ်မျိုးတို့တွင်၊ ယေသံ- အကြင် ပုဂ္ဂိုလ်တို့အား၊ ဟောန္တိ- ရှိကုန်၏၊ တေ- ထိုပုဂ္ဂိုလ်တို့သည်၊ အတ္တနော- မိမိ၏၊ ဉာတိသုစ- ဆွေမျိုးတို့၌လည်းကောင်း၊ မိတ္တေသု စ- မိတ်ဆွေတို့၌လည်းကောင်း၊ ပေမံ- ချစ်ခြင်းကို၊ ကရောန္တိ- ပြုကြကုန်၏၊ အယဥ္စ ဇမ္ဗောတိ- အယဥ္စ ဇမ္ဗောဟူသည်ကား၊ မိဂသိင်္ဂေါ- မိဂသိင်္ဂသည်၊ လာမကော- ယုတ်ညံ့၏၊ **ကိဿ ဝါ နိဝိဋ္ဌောတိ**- ကိဿ ဝါ နိဝိဋ္ဌောဟူသည်ကား၊ ကေန နာမ- အဘယ်မည်သော၊ ကာရဏေန- အကြောင်းကြောင့်၊ တသ္မိံ မာတုဂါမေ- ထိုမာတုဂါမ၌၊ မိတ္တသညာယ- မိတ်ဆွေဟူသော အမှတ်ဖြင့်၊ နိဝိဋ္ဌော- စွဲဘိသနည်း၊ သော- ထိုမိဂသိင်္ဂသည်၊ မိဂိယာ- သမင်းမ၏၊ ကုစ္ဆိသ္မိံ- ဝမ်း၌၊ နိဗ္ဗတ္တိတ္တာ- ဖြစ်၍၊ အရညေ- တော၌၊ ဝဍ္ဎိတတ္တာ- ကြီးပွားသည်၏အဖြစ်ကြောင့်၊ ကုတော- အဘယ်မှ၊ အာဂတော- လာသည်၊ အမှိ- ဖြစ်သနည်း၊ ဣတိ- ဤသို့၊ အတ္တနော- မိမိ၏၊ အာဂတဋ္ဌာနမတ္တမ္ပိ- လာရာအရပ်ဌာနမျှကိုလည်း၊ န ဇာနာတိ- မသိ၊ ဉာတိမိတ္တေ- ဆွေမျိုးမိတ်ဆွေတို့ကို၊ ပဂေဝ- အဘယ်မှာလျှင် သိနိုင်ပါအံ့နည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

**ပုနပ္ပုနန္တိ**- ပုနပ္ပုနံဟူသည်ကား၊ တာတ- ချစ်သား၊ မိတ္တာနိ နာမ- မိတ်ဆွေတို့မည်သည်၊ ပုနပ္ပုနံ- အဖန်ဖန်၊ သံဝါသေန- ပေါင်းဖော်ခြင်းဖြင့်၊ သံသေဝနေန- တကွ မှီဝဲခြင်းဖြင့်၊ သန္ဓီယန္တိ- ဆက်စပ်ကုန်၏။ ဃဋီယန္တိ- ဆက်စပ်ကုန်၏၊ **သွေဝ မိတ္တောတိ**- သွေဝ မိတ္တောဟူသည်ကား၊ သော ဧဝ မိတ္တော- ထိုမိတ်ဆွေသည်ပင်လျှင်၊ အသံဂန္တု- မပေါင်းဖော်သည်ရှိသော်၊ အသမာဂစ္ဆန္တဿ- မပေါင်းဖော်သော ပုရိသဿ- ယောကျ်ားအတွက်၊ အသမာဂမသင်္ခါတေန- တကွမပေါင်းဆုံခြင်းဟု ဆို

အပ်သော၊ တေနအသံဝါသေန- ထိုမပေါင်းဖော်ခြင်းကြောင့်၊ ဇီရတိ- ဆွေးမြေ့၏။ ဝိနဿတိ- မိတ်ဆွေအဖြစ်မှ ပျက်တတ်၏၊ သစေတိ- သစေဟူသည်ကား၊ တသ္မာ- ထို့ကြောင့်၊ တာတ- ချစ်သား၊ သစေ- အကယ်၍၊ တွံ- သင်သည်၊ ပုနပိ- တစ်ဖန် လည်း၊ တံ- ထိုရသေ့ပျိုကို၊ ဒက္ခသိ- မြင်ငြားအံ့၊ တေန ဝါ- ထိုသို့မြင်ခြင်းကြောင့် လည်း၊ သလ္လပိဿသိ- စကားပြောဆိုအံ့၊ အထ- ထိုသို့ပြောဆိုသည်ရှိသော်၊ ယထာ နာမ- ဥပမာမည်သည်ကား၊ နိပ္ဖန္နသဿံ- ပြီးပြည့်စုံသော ကောက်ကို၊ မဟောဃေ- န- ကြီးမားသော ရေအလျဉ်သည်၊ ဟရီယတိ ယထာ- ဆောင်ယူအပ်ဘိသကဲ့သို့၊ ဧဝံ- ဤအတူ၊ (တွံ- သင်သည်၊) အတ္တနော- မိမိ၏၊ ဣမံ တပေါဂုဏံ- ဤတပ အကျင့်၏ ဂုဏ်သိက္ခာကို၊ ပဟိဿသိ- စွန့်ပစ်ရလတ့်၊ ဟာရေဿသိ- ဆောင်ယူစေ လတ့်၊[၁] ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ဉဿာဂတန္တိ- ဉဿာဂတံဟူသည်ကား၊ သမဏတေဇံ- ရဟန်း၏တန်ခိုးကို။

ဝိရူပရူပေနာတိ- ဝိရူပရူပေနဟူသည်ကား၊ ဝိဝိဓရူပေန- အထူးထူးသော အဆင်းဖြင့်၊[၂] ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ တာတ- ချစ်သား၊ ဟိ- မှန်၏၊ မနုဿလောကသ္မိံ- လူ့လောက၌၊ ယက္ခိနိယောတိ- ဘီလူးမဟု ဆိုအပ်ကုန်သော၊ ဧတာနိ ဘူတာနိ- ထိုဖုတ်ပြိတ္တာတို့သည်၊ ဝိဝိဓရူပပဋိစ္ဆန္နေန- အထူးထူးသော အဆင်းတည်းဟူသော အဖုံးအကွယ်ဖြင့်၊[၃] အတ္တနော- မိမိ၏၊ ရူပေန- အဆင်းဖြင့်၊ အတ္တနော- မိမိ၏၊ ဝသံ- အလိုသို့၊ ဂတေ- ရောက်ကုန်သော သူတို့ကို၊ ခါဒိတုံ- စားခြင်းငှာ၊ စရန္တိ- လှည့်လည်ကြကုန်၏၊ တာနိ- ထိုဘီလူးမတို့ကို၊ သပညော-

---

၁။ ဟာရေဿတိ =ဤအမျိုးသမီးနှင့် တွေ့ဆုံမှုကြောင့် သင်သည် မိမိတပဂုဏ်ကို မျှောပစ် လိုက်ရလိမ့်မည်-ဟု ဆိုလိုသည်၊ ဆောင်စေသည်ဆိုသည်မှာ မျှောပစ်လိုက်ခြင်းပင်တည်း၊ မိုးထိမူပါဠိတော် နိဿယ၌ န- ထည့်၍ အနက်ပေးထား၏၊ ပါဠိ၌ န- မပါပေ။

၂။ ဝိရူပရူပေန= ဝိ-ဖောက်ပြန်သော၊ ရူပ-အဆင်း။ မိမိ၏ ပင်ကိုယ်အဆင်းမှ တစ်ပါး တစ်မျိုးတစ်ပါးသော အဆင်းရှိသူကို ဝိပရူ-ဟုယူ၊ ထိုတစ်မျိုးတစ်ခြားသော အဆင်းရှိသူ၏ အသွင်သဏ္ဌာန်ဖြင့်ဟု အဓိပ္ပါယ်ရ၏၊ ဘီလူးမများမှာ ပင်ကိုယ်အားဖြင့် အဆင်းမလှချေ၊ ထိုမလှသော အဆင်းကို ဖုံးကွယ်၍ တခြားလှပ ချောမောသော အဆင်းရှိသူ အသွင်သဏ္ဌာန်ကို ယူထားသောအားဖြင့်ဟု ဆိုလိုသည်၊ ဝိဝိဓရူပေန-ဟု အဋ္ဌကထာဖွင့်ခြင်းမှာ အဓိပ္ပါယ်တူသာ။

၃။ ဝိဝိဓရူပပဋိစ္ဆန္နေန= ဤပုဒ်သည် အတ္တနော ရူပေန-ဝိသေသနပုဒ်ဖြစ်သည်၊ မိမိ၏- ဆိုသည်မှာ ဘီးလူးမ၏ ပင်ကိုယ်မလှပသော အဆင်းမဟုတ်၊ ထိုပင်ကိုယ်အဆင်းကို ဖုံးကွယ် ထားသော အထူးထူးသော အဆင်းဟု ဆိုလိုသည်။

ပညာရှိသော၊ နရော- လူသည်၊ န သေဝေထ- မမှီဝဲရာ၊ ဟိ- မှန်၏၊ တာဒိသံ- ထိုသို့သဘောရှိသော၊ ဘူတံ- ဖုတ်ပြီးတ္တာကို၊ အာသဇ္ဇ- ကပ်ငြိ၍၊ နံ- ထိုဖုတ်ပြီးတ္တာမသို့ ပတွာ- ရောက်၍၊ ဗြဟ္မစာရီ- မြတ်သော အကျင့်ရှိသော သူသည်၊ နဿတိ- ပျက်စီးရ၏၊ (တွံ- သင်သည်၊) တာယ ယက္ခိနိယာ- ထိုဘီလူးမသည်၊ ဒိဋ္ဌော- မြင်အပ်သည်၊ အသိ- ဖြစ်၏၊ တာယ ယက္ခိနိယာ- ထိုဘီလူးမသည်၊ န ခါဒိတော- မစားအပ်သည်၊ အသိ- ဖြစ်၏၊ ဣတိ- ဤသို့၊ ပုတ္တံ- သားကို၊ ဩဝဒိ- ဆုံးမ၏။

သော- ထိုဣသိသိင်္ဂရသေ့ငယ်သည်၊ ပိတု- ခမည်းတော်ရှင်ရသေ့ကြီး၏၊ ကထံ- စကားကို၊ သုတွာ- ကြားရ၍၊ "သာ- ထိုမိန်းမသည်၊ ယက္ခိနီ ကိရ- ဘီလူးမဖြစ် သတတ်၊" ဣတိ- ဤသို့၊ ဘီတော- ကြောက်လန့်သည်ဖြစ်၍၊ စိတ္တံ- (မင်းသမီးသို့ ပြေးသွားသော) စိတ်ကို၊ နိဝတ္တေတွာ- ပြန်လည်စေ၍၊ "တာတ- ဖခင်၊ ဧတ္တော (ဧတတော)- ဤကျောင်းမှ၊ (ဧတ္တော- ကား နိပါတ်ပုဒ်၊) န ဂမိဿာမိ- မသွားပါအံ့၊ (တုမှေ- သင်ဖခင်တို့သည်၊) မေ- အကျွန်ုပ်အား၊ ခမထ- သည်းခံတော်မူပါကုန်၊" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) ခမာပေသိ- သည်းခံစေပြီ၊ သောပိ- ထိုခမည်းတော် ရှင်ရသေ့ကြီးသည်လည်း၊ နံ- ထိုသားတော် ဣသိသိင်္ဂရသေ့ငယ်ကို၊ သမဿာပေတွာ- သက်သာရာရစေ၍၊ "မာဏဝ- လုလင်၊ တွံ- သင်သည်၊ ဧဟိ- လာလှည့်၊ မေတ္တံ- မေတ္တာကို၊ (သတ္တဝါများ ကြီးပွားစေလိုခြင်းကို)၊ ဘာဝေဟိ- ပွားစေလော့၊ ကရုဏံ- ကရုဏာကို၊ ဘာဝေဟိ- ပွားစေလော၊ မုဒိတံ- မုဒိတာကို၊ ဘာဝေဟိ- ပွားစေလော၊ ဥပေက္ခံ- ဥပေက္ခာကို၊ ဘာဝေဟိ- ပွားစေလော။" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) ဗြဟ္မဝိဟာရဘာဝနံ- ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ပွားများခြင်းကို၊ အာစိက္ခိ- ပြောကြားတော်မူပြီ၊ သော- ထိုသားတော်ဣသိသိင်္ဂ ရသေ့ငယ်သည်၊ တထာ- ခမည်းတော် ရှင်ရသေ့ကြီး ပြောကြားသည့်အတိုင်း၊ ပဋိပဇ္ဇိတွာ- ကျင့်၍၊ ပုန- တစ်ဖန်၊ ဈာနာဘိညာ- ဈာန်အဘိညာဉ်တို့ကို၊ နိဗ္ဗတ္တေသိ- ဖြစ်စေပြီ။

သတ္ထာ- ဘုရားရှင်သည်၊ ဣမံ ဓမ္မဒေသနံ- ဤနိဋ္ဌိနိကာဇာတ်တရားဒေသနာ တော်ကို၊ အာဟရိတွာ- ဆောင်တော်မူ၍၊ သစ္စာနိ- သစ္စာတရားလေးပါးတို့ကို၊ ပကာသေတွာ- ပြတော်မူ၍၊ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ၊ သစ္စပရိယောသာနေ- သစ္စာတရားလေးပါးတို့ကို ပြတော်မူသည်၏အဆုံး၌၊ ဥက္ကဏ္ဌိ- တဘိက္ခု- သာသနာတော်၌ငြီးငွေ့ဆန့်ကျင် မပျော်ရွှင်၍ လူထွက်ချင်သော ရဟန်း သည်၊ သောတာပတ္တိဖလေ- သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌဟိ- တည်ပြီ၊ (ဣဒါနိ-

ယခုအခါ၌) ပုရာဏ ဒုတိယိကာ- သာသနာတော်၌ ငြီးငွေ့ဆန့်ကျင် မပျော်ရွှင်၍ လူထွက်ချင်သော ရဟန်း၏မယားဟောင်းသည်၊ တဒါ- ထိုအခါ၌၊ နိဋ္ဌိနိကာ- မင်းသမီး နိဋ္ဌိနိကာသည်၊ အဟောသိ- ဖြစ်ပြီ၊ (ဣဒါနိ- ၌၊) ဥက္ကဏ္ဌိတဘိက္ခု- သာသနာတော်၌ ငြီးငွေ့ဆန့်ကျင် မပျော်ရွှင်၍ လူထွက်ချင်သော ရဟန်းသည်၊ (တဒါ- ၌၊) ဣသိသိင်္ဂေါ- ဣသိသိင်္ဂရှင်ရသေ့ငယ်သည်၊ အဟောသိ- ဖြစ်ပြီ၊ (ဣဒါနိ- ၌၊) အဟမေဝ- ငါဘုရား သည်သာလျှင်၊ (တဒါ- ၌၊) ပိတာပန- ခမည်းတော် ရှင်ရသေ့ကြီးသည်ကား၊ အဟောသိ- ဖြစ်ခဲ့ပြီ၊ ဣတိ- ဤသို့ (ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ၊) ပဌမာ- ရှေးဦးစွာသော၊ နိဋ္ဌိနိကာဇာတကဝဏ္ဏနာ- နိဋ္ဌိနိကာဇာတ်၏အဖွင့်သည်၊ (နိဋ္ဌိတာ- ပြီးဆုံးခြင်းသို့ ရောက်ပြီ။)

❁ ❁ ❁

## ၂။ ဥမ္မာဒန္တီဇာတ် (၁၂၇)

သတ္ထာ- ဘုရားရှင်သည်၊ နိဝေသနံ ကဿနု’ဒံ သုနန္ဒာ”တိ ဣဒံ- “နိဝေသနံ ကဿနု’ဒံ သုနန္ဒာ-အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤဥမ္မာဒန္တီ ဇာတ်တော်ကို၊ ဇေတဝနေ- ၌၊ ဝိဟရန္တော- သီတင်းသုံးတော်မူနေစဉ်၊ ဥက္ကဏ္ဌိတ- ဘိက္ခုံ- သာသနာတော်၌ငြီးငွေ့သော ရဟန်းကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ- ဟောတော်မူပြီ။

ကိရ- ချဲ့ဦးအံ့၊ ဝါ- တစ်ဆင့်စကား ကြားဖူးသည်ကား၊ သော- ထိုသာသနာ တော်၌ ငြီးငွေ့သော ရဟန်းသည်၊ ဧကဒိဝသံ- တစ်နေ့သ၌၊ သာဝတ္ထိယံ- သာဝတ္ထိမြို့၌၊ ပိဏ္ဍာယ- ဆွမ်းအလို့ငှာ၊ စရန္တော- သွားသည်ရှိသော်၊ အလင်္ကတပဋိယတ္တံ- တန်ဆာဆင်ခြင်းနှင့် စပ်သော၊ ဥတ္တမရူပဓရံ- မြတ်သော အဆင်းကိုဆောင်သော၊ ဧကံ- တစ်ယောက်သော၊ ဣတ္ထိံ- မိန်းမကို၊ ဩလောကေတွာ- ကြည့်၍၊ ပဋိဗဒ္ဓစိတ္တော- တပ်စွန်း (တပ်မက်)သော စိတ်ရှိသည်၊ ဟုတွာ- ဖြစ်၍၊ စိတ္တံ- စိတ်ကို၊ နိဝတ္တေတုံ- ပြန်လည်စေခြင်းငှာ၊ အသက္ကောန္တော- မတတ်နိုင်သည်ဖြစ်၍၊ ဝိဟာရမေဝ- ကျောင်းသို့ သာလျှင်၊ အာဂန္တွာ- ပြန်ခဲ့၍၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ သလ္လဝိဒ္ဓေါ- မြားစူးသော၊ ဘင်္ဂမိဂပဋိဘာဂေါ ဝိယ- တုန်လှုပ်သော သမင်နှင့် တူသကဲ့သို့၊ ရာဂါတုရော- ရာဂသည် နှိပ်စက်အပ်သည်ဖြစ်၍၊ ကိသော- ပိန်သည်၊ ဓမနိသန္ထတ

ဂတ္တော- အကြောပြိုင်ပြိုင်ထနေသော ကိုယ်ရှိသည်၊ ဥပ္ပဏ္ဍုပ္ပဏ္ဍုကဇာတော- ဖြစ်သော အလွန့်အလွန် ဖျော့တော့သော အဆင်းရှိသူ၏အဖြစ်ရှိသည်၊ အနဘိရတော- မမွေ့လျော်သည်၊ (ဟုတ္ဝာ- ဖြစ်၍) ဧကိရိယာပထေပိ- တစ်ခုသော ဣရိယာပုတ်၌လည်း၊ စိတ္တဿာဒံ- စိတ်၏သာယာခြင်းကို၊ အလဘန္တော- မရသည်ဖြစ်၍၊ အာစရိယဝတ္တာဒီနိ- ဆရာအား(ပြုသော) ဝတ်အစရှိသည်တို့ကို၊ ပဟာယ- စွန့်ပယ်၍၊ ဥဒ္ဒေသပရိပုစ္ဆာ- ကမ္မဋ္ဌာနာနုယောဂရဟိတော- ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်း, ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၌ အားထုတ်ခြင်းမှ ကင်းသည်ဖြစ်၍၊ ဝိဟာသိ- နေပြီ၊ သော- ထိုရဟန်းကို၊ သဟာယဘိက္ခူဟိ- အပေါင်းအဖော် အဆွေခင်ပွန်းဖြစ်ကုန်သော ရဟန်းတို့သည်၊ "အာဝုသော- ငါ့ရှင်၊ တွံ- သင်သည်၊ ပုဗ္ဗေ- ရှေး၌၊ သန္တိန္ဒြိယော- ငြိမ်သက်သော ဣန္ဒြေရှိ၏၊ ဝိပ္ပသန္နမုခဝဏ္ဏော- အထူးသဖြင့် ကြည်လင်သော မျက်နှာအဆင်းရှိ၏၊ ဣဒါနိ- ယခုအခါ၌ကား၊ နော တထာ- ထိုရှေးနှင့် မတူ၊ ကာရဏံ- အကြောင်းသည်၊ ကိံ နုခေါ- အဘယ်နည်း၊" ဣတိ- ဤသို့၊ ပုဋ္ဌော- မေးအပ်သော ငြီးငွေ့သော ရဟန်းသည်၊ "အာဝုသော- ငါ့ရှင်တို့ (အဟံ- တပည့်တော်သည်၊) အနဘိရတော- မမွေ့လျော်ခြင်းသည်၊ အမှိ- ဖြစ်၏၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။

အထ- ထိုအခါ၌၊ နံ- ထိုရဟန်းကို၊ တေ- ထိုသီတင်းသုံးဖော် ရဟန်းတို့သည်၊ "အာဝုသော- ငါ့ရှင်၊ သာသနေ- သာသနာတော်၌၊ အဘိရမ- မွေ့လျော်လော၊ ဗုဒ္ဓုပ္ပါဒေါနာမ- ဘုရားဖြစ်ခြင်းမည်သည်၊ ဒုလ္လဘော- အလွန်ရခဲ၏၊ သဒ္ဓမ္မဿဝနဉ္စ- သူတော်ကောင်းတို့၏ တရားကို နာရခြင်းသည်လည်း၊ တထာ- ထို့အတူ၊ (ဒုလ္လဘံ- အလွန်ရခဲ့၏၊) မနုဿပဋိလာဘောစ- လူအဖြစ်ကို ရခြင်းသည်လည်း၊ (ဒုလ္လဘော- အလွန်ရခဲ၏၊) သော တွံ- ထိုသင်သည်၊ မနုဿပဋိလာဘံ- လူအဖြစ်ကို ရခြင်းကို၊ ပဋိလဘိတ္ဝာ- ရ၍၊ ဒုက္ခဿန္တကိရိယံ- ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းကို၊ ပတ္ထယမာနော- တောင့်တသည်ဖြစ်၍၊ အဿုမုခံ- မျက်ရည်ယိုသော မျက်နှာရှိသော၊ ဉာတိဇနံ- ဆွေမျိုးဖြစ်သော သူကို၊ ပဟာယ- စွန့်၍၊ သဒ္ဓါယ- သဒ္ဓါတရားဖြင့်၊ ပဗ္ဗဇိတ္ဝာ- ရဟန်းပြု၍၊ ကိံ ကာရဏာ- အဘယ်အကြောင်းကြောင့်၊ ကိလေသဝသံ- ကိလေသာ၏ အလိုသို့၊ ယာသိ- လိုက်ရဘိသနည်း၊ ဧတေ ကိလေသာနာမ- ထိုကိလေသာတို့ မည်သည်ကား၊ ဂဏ္ဍုပ္ပါဒကပါဏကံ- တီဖြစ်သော သတ္တဝါကို၊ ဥပါဒါယ- အစပြု၍၊ သဗ္ဗဗာလဇန သာဓာရဏာ- အလုံးစုံကုန်သော လူမိုက်တို့နှင့် ဆက်ဆံကုန်၏၊ ယေ- အကြင် ငါးပါးကုန်သော ကာမဂုဏ်တို့သည်၊ တေသံ- ထိုကိလေသာတို့၏၊ ဝတ္ထုဘူတာ-

တည်ရာဖြစ်ကုန်၏၊ တေပိကာမာ- ထိုငါးပါးကုန်သော ကာမဂုဏ်တို့သည်လည်း၊ အပ္ပဿာဒါ- သာယာဖွယ် မရှိကုန်၊ ဗဟုဒုက္ခာ- များစွာကုန်သော ဆင်းရဲခြင်းရှိ ကုန်၏၊ ဗဟုပါယာသာ- များစွာကုန်သော ပင်ပန်းခြင်းရှိ ကုန်၏၊ ဧတ္ထ- ဤငါးပါးကုန်သော ကာမဂုဏ်တို့၌၊ ဘိယျော- လွန်စွာ၊ အာဒီနဝေါ- အပြစ်သည်၊ (ဟောတိ- ဖြစ်၏၊) ကာမာ- ကာမဂုဏ်တို့သည်၊ အဋ္ဌိကင်္ကလူပမာ- အရိုးစုနှင့် တူကုန်၏၊ ကာမာ- ကာမဂုဏ်တို့သည်၊ မံသပေသူပမာ- သားတစ်နှင့်တူ ကုန်၏၊ ကာမာ- ကာမဂုဏ် တို့သည်၊ တိဏုက္ကူပမာ- မြက်မီးရှူးနှင့် တူကုန်၏၊ ကာမာ- ကာမဂုဏ်တို့သည်၊ အင်္ဂါရကာသူပမာ- မီးကျီးတွင်းနှင့် တူကုန်၏၊ ကာမာ- ကာမဂုဏ်တို့သည်၊ သုပိနကူပမာ- အိပ်မက်နှင့် တူကုန်၏၊ ကာမာ- ကာမဂုဏ်တို့သည်၊ ယာစိတကူပမာ- ချေးငှားအပ်သော ဥစ္စာနှင့် တူကုန်၏၊ ကာမာ- ကာမဂုဏ်တို့သည်၊ ရုက္ခဖလူပမာ- အသီးရှိသော သစ်ပင်လျှင် ဥပမာရှိကုန်၏၊ ကာမာ- ကာမဂုဏ်တို့သည်၊ အသိသူ- နူပမာ- သံလျက်, စဉ်းတီးတုံးနှင့် တူကုန်၏၊ ကာမာ- ကာမဂုဏ်တို့သည်၊ သတ္တိသူ- လူပမာ- လှံ, တံစူးဝါးနှင့် တူကုန်၏၊ ကာမာ- ကာမဂုဏ်တို့သည်၊ သပ္ပသိရူပမာ- မြွေဟောက်ဦးခေါင်းနှင့် တူကုန်၏၊ ကာမာ- ကာမဂုဏ်တို့သည်၊ အဂ္ဂိက္ခန္ဓူပမာ- မီးပုံကြီးနှင့် တူကုန်၏၊ တွံ နာမ- သင်မည်သည်၊ ဧဝရူပေ- ဤသို့သဘောရှိသော၊ ဗုဒ္ဓသာသနေ- ဘုရားရှင်၏သာသနာတော်၌၊ ပဗ္ဗဇိတွာ- ရဟန်းပြု၍၊ ဧဝံ- ဤသို့၊ အနတ္ထကာရကာနံ- အကျိုးမဲ့ကို ပြုတတ်ကုန်သော၊ ကိလေသာနံ- ကိလေသာတို့၏၊ ဝသံ- အလိုသို့၊ ဂတော- လိုက်သည်၊ အသိ- ဖြစ်အံ့လော၊" ဣတိ- ဤသို့၊ ဩဝဒိတွာ- ဆိုဆုံးမကုန်၍၊ အတ္တနော- မိမိ၏၊ ကထံ- စကားကို၊ ဂါဟာပေတုံ- ယူစေခြင်းငှာ၊ အသက္ကောန္တာ- မတတ်ကုန်သည်ဖြစ်၍၊ သတ္ထု- ဘုရားရှင်၏၊ သန္တိကံ- အထံတော်ဖြစ် သော၊ ဓမ္မသဘံ- တရားသဘင်သို့၊ နတွာ- ဆောင်ယူကုန်၍၊ "ဘိက္ခဝေ- ရဟန်းတို့၊ အနိစ္ဆမာနကံ- အလိုမရှိသော၊ ဘိက္ခုံ- ရဟန်းကို၊ ကိံ- အဘယ်ကြောင့်၊ အာနယိတ္ထ- ဆောင်ယူခဲ့ကြကုန်သနည်း၊" ဣတိ- ဤသို့၊ ဝုတ္တေ- မေးတော်မူအပ်သည်ရှိသော်၊ "ဘန္တေ- အရှင်ဘုရား၊ အယံဘိက္ခု- ဤရဟန်းသည်၊ (သာသနေ- သာသနာတော်၌၊) ဥက္ကဏ္ဌိတောကိရ- ငြီးငွေ့သတတ်၊" ဣတိ- ဤသို့၊ အာဟံသု- လျှောက်ကြားကြကုန်ပြီ၊ သတ္ထာ- ဘုရားရှင်သည်၊ "(ဘိက္ခု- ရဟန်း၊) သစ္စံ ကိရ- မှန်ပေသလော၊" ဣတိ- ဤသို့၊ ပုစ္ဆိတွာ- မေးတော်မူ၍၊ "ဘန္တေ- မြတ်စွာဘုရား၊ သစ္စံ- မှန်ပေ၏၊" ဣတိ- ဤသို့၊ ဝုတ္တေ- လျှောက်ကြားအပ်သည်ရှိသော်၊ "ဘိက္ခု- ရဟန်း၊ ပေါရာဏက-

ပဏ္ဍိတာ- ရှေးပညာရှိတို့သည်၊ ရဇ္ဇံ- တိုင်းနိုင်ငံကို၊ အနုသာသန္တာပိ- ဆုံးမကုန်လျက်လည်း၊ ကိလေသေ- ကိလေသာသည်၊ ဥပ္ပန္နေ- ဖြစ်သည်ရှိသော်၊ တဿ- ထိုကိလေသာ၏၊ ဝသံ- အလိုသို့ အဂန္တွာ- မလိုက်ကုန်မူ၍၊ စိတ္တံ- စိတ်ကို၊ နိဝါရေတွာ- တားမြစ်ကုန်၍၊ အယုတ္တကံ- မသင့်လျော်သောအမှုကို၊ န ကရိံသု- မပြုကုန်ပြီ၊" ဣတိ- ဤသို့ ဝတွာ- မိန့်တော်မူ၍၊ အတီတံ- အတိတ်ကို၊ အာဟရိ- ဆောင်တော်မူပြီ။

**အတိတ်ဝတ္ထု၊**

အတီတေ- လွန်လေပြီးသောအခါ၌၊ သိဝိရဋ္ဌေ- သိဝိတိုင်း၌၊ အရိဋ္ဌပုရနဂရေ- အရိဋ္ဌပုရမြို့၌၊ သိဝိနာမ- သိဝိအမည်ရှိသော၊ ရာဇာ- မင်းသည်၊ ရဇ္ဇံ- မင်း၏ အဖြစ်ကို၊ ကာရေသိ- ပြုစေပြီ၊ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ တဿ- ထိုသိဝိမင်း၏၊ အဂ္ဂမဟေသိယာ- မိဖုရားကြီး၏၊ ကုစ္ဆိသ္မိံ- ဝမ်း၌၊ နိဗ္ဗတ္တိ- ဖြစ်ပြီ၊ အဿ- ထိုဘုရားလောင်း၏၊ "သိဝိကုမာရော"တွေဝ နာမံ- "သိဝိသတို့သား" ဟူသောအမည်ကို သာလျှင်၊ ကရိံသု- ပြုကြကုန်ပြီ၊ သေနာပတိဿပိ- စစ်သူကြီးအားလည်း၊ ပုတ္တော- သားသည်၊ ဇာယိ- ဖွားပြီ၊ အဿ- ထိုစစ်သူကြီးသားအားကား၊ "အဘိရပါကော"တိ နာမံ- "အဘိရပါရက"ဟူသောအမည်ကို၊ ကရိံသု- ပြုကုန်ပြီ၊ တေ ဥဘောပိ- ထိုသိဝိမင်း၏သား စစ်သူကြီး၏သားနှစ်ပါးတို့သည်လည်း၊ သဟာယာ- အပေါင်းအဖော် သူငယ်ချင်းတို့သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ အဘိဝဍ္ဎန္တာ- ကြီးကြကုန်သည်၊ သောဠသဝဿိကာ- တစ်ဆယ့်ခြောက်နှစ်ရှိကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ တက္ကသိလံ- တက္ကသိုလ်ပြည်သို့ ဂန္တွာ- သွားကုန်ပြီး၍၊ သိပ္ပံ- အတတ်ကို၊ ဥဂ္ဂဏှိတွာ- သင်ယူပြီး၍၊ အာဂမိံသု- ပြန်လာခဲ့ကြကုန်ပြီ၊ ရာဇာ- ခမည်းတော် သိဝိမင်းကြီးသည်၊ ပုတ္တဿ- သားတော်အား၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ အဒါသိ- ပေးတော်မူပြီ၊ သောပိ- ထိုသားတော် သိဝိမင်းသည်လည်း၊ အဘိပါရကံ- အဘိပါရကကို၊ သေနာပတိဋ္ဌာနေ- စစ်သူကြီး အရာ၌၊ ဌပေတွာ- ထား၍၊ ဓမ္မေန- တရားသဖြင့်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေသိ- ပြုစေပြီ။

တသ္မိံယေဝ နဂရေ- ထိုအရိဋ္ဌပုရမြို့၌သာလျှင်၊ အသီတိကောဋိဝိဘဝဿ- ကုဋေရှစ်ဆယ်စည်းစိမ်ဥစ္စာရှိသော၊ တိရိဋိဝစ္ဆဿနာမ- တိရိဋိဝစ္ဆအမည်ရှိသော၊ သေဋ္ဌိနော- သူဌေး၏၊ ဓီတာ- သမီးသည်၊ ဥတ္တမရူပဓရာ- မြတ်သော အဆင်းကို ဆောင်သည်၊ သောဘဂ္ဂပ္ပတ္တာ- တင့်တယ်ခြင်း၏ အထွတ်သို့ ရောက်သည်၊ သုဘ-

လက္ခဏေန- တင့်တယ်သော လက္ခဏာနှင့်၊ သမန္နာဂတာ- ပြည့်စုံသည်၊ (ဟုတ္ဝာ- ဖြစ်၍၊) နိဗ္ဗတ္တိ- ဖြစ်ပြီ၊ တဿာ- ထိုသတိုးသမီးအား၊ နာမဂ္ဂဟဏဒိဝသေ- အမည်မှည့်သော နေ့၌၊ "ဥမ္မာဒန္တီ"တိနာမံ- "ဥမ္မာဒန္တီ"ဟူသော အမည်ကို၊ ကရိံသု- မှည့်ကုန်ပြီ၊ သာ- ထိုဥမ္မာဒန္တီသတိုးသမီးသည်၊ သောဠသဝဿိကကာလေ- တစ်ဆယ့်ခြောက်နှစ်ရှိသောအခါ၌၊ အတိက္ကန္တ မာနုသဝဏ္ဏာ- လူတို့၏အဆင်းကို လွန်သည်၊ ဒေဝစ္ဆရာ- ဝိယ- နတ်သမီးကဲ့သို့ အဘိရူပါ- လွန်သော အဆင်းရှိသည်၊ ဒဿနီယာ- ကြည့်ရှုခြင်းငှာ ထိုက်သည်၊ ပါသာဒိကာ- ကြည်လင်ခြင်းကို ဖြစ်စေတတ်သည်၊ ပရမာယ- မြတ်သော၊ ဝဏ္ဏပေါက္ခရတာယ- အဆင်း, ကိုယ်သဏ္ဌာန်တို့၏အဖြစ်နှင့်၊ သမန္နာဂတာ- ပြည့်စုံသည်၊ အဟောသိ- ဖြစ်ပြီ၊ ယေ ယေ ပုထုဇ္ဇနာ- အကြင် အကြင် ပုထုဇဉ်တို့သည်၊ တံ- ထိုဥမ္မာဒန္တီသတို့သမီးကို၊ ပဿန္တိ- မြင်ကုန်၏၊ တေတေ(ဇနာ)- ထိုထိုပုထုဇဉ်တို့သည်၊ သကဘာဝေန- မိမိကိုယ်အဖြစ်ဖြင့်၊ သဏ္ဌာတုံ- ကောင်းစွာ တည်ခြင်းငှာ၊ အသက္ကောန္တာ- မတတ်နိုင်ကြကုန်သည်ဖြစ်၍၊ သုရာပါနမဒမတ္တာ ဝိယ- သေရည်ကို သောက်ခြင်းကြောင့် မူးယစ်ခြင်းဖြင့် ယစ်မူးကုန်သူတို့ကဲ့သို့၊ ကိလေသမဒေန- ကိလေသာဟူသော ယစ်မူးခြင်းဖြင့်၊ မတ္တာ- ယစ်မူးကုန်သည်၊ ဟုတ္ဝာ- ဖြစ်ကုန်၍၊ သတိံ- သတိကို၊ ပစ္စုပဋ္ဌာပေတုံ- ရှေးရှုတည်စေခြင်းငှာ၊ သမတ္ထာနာမ- စွမ်းနိုင်ကုန်သူမည်သည်၊ နာဟေသုံ- မရှိကုန်ပြီ။

အထ- ထိုအခါ၌၊ အဿာ- ထိုဥမ္မာဒန္တီသတိုးသမီး၏၊ ပိတာ- ဖခင်ဖြစ်သော၊ တိရိဋိဝစ္ဆော- တိရိဋိဝစ္ဆသူဌေးသည်၊ ရာဇာနံ- သိဝိမင်းထံသို့၊ ဥပသင်္ကမိတွာ- ချဉ်းကပ်၍၊ "ဒေဝ- အရှင်မင်းမြတ်၊ မမ- အကျွန်ုပ်၏၊ ဂေဟေ- အိမ်၌၊ ဣတ္ထိရတနံ- မိန်းမရတနာသည်၊ ဥပ္ပန္နံ- ဖြစ်ပြီ၊ ရညော၀- အရှင်မင်းမြတ်အားသာလျှင်၊ အနုစ္ဆဝိကံ- သင့်လျော်လျောက်ပတ်၏၊ လက္ခဏ ပါဌကေ- လက္ခဏာကို ဖတ်တတ်ကုန်သော၊ ဗြာဟ္မဏေ- ပုရောဟိတ်ပုဏ္ဏားတို့ကို၊ ပေသေတွာ- စေတော်မူ၍၊ တံ- ထိုမိန်းမရတနာကို၊ ဝီမံသာပေတွာ- စုံစမ်းစေ၍၊ ယထာရုစိ- အလိုတော် မြတ်ရှိတိုင်း၊ ကရောဟိ- ပြုတော်မူပါလော၊ ဣတိ- ဤသို့၊ အာဟ- လျှောက်ကြားပြီ၊ ရာဇာ- သိဝိမင်းကြီးသည်၊ "သာဓူ"တိ- "ကောင်းပြီ"ဟု၊ ဝတွာ- ဆို၍၊ ဗြာဟ္မဏေ- ပုရောဟိတ်ပုဏ္ဏားတို့ကို၊ ပေသေသိ- စေတော်မူပြီ၊ တေ- ထိုပုရောဟိတ် ပုဏ္ဏားတို့သည်၊ သေဋ္ဌိဂေဟံ- တိရိဋိဝစ္ဆသူဌေး၏အိမ်သို့၊ ဂန္တွာ- သွားကြကုန်၍၊ ကတသက္ကာရသမ္မာနာ- ပြုအပ်သော အရိုအသေပြုခြင်း, ကောင်းစွာ မြတ်နိုးခြင်း ရှိကုန်သည်ဖြစ်၍၊ ပါယာသံ- နို့ယနာ

ထမင်းကို၊ ပရိဘုဉ္ဇိံသု- စားကြကုန်ပြီ၊ တသ္မိံခဏေ- ထိုခဏ၌၊ ဥမ္မာဒန္တီ- ဥမ္မာဒန္တီ သတိုးသမီးသည်၊ သဗ္ဗာလင်္ကာရပဋိမဏ္ဍိတာ- အလုံးစုံသော တန်ဆာဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍၊ တေသံ- ထိုပုရောဟိတ်ပုဏ္ဏားတို့၏၊ သန္တိကံ- အထံသို့၊ အဂမာသိ- သွားပြီ၊ တေ- ထိုပုရောဟိတ်ပုဏ္ဏားတို့သည်၊ တံ- ထိုဥမ္မာဒန္တီသတိုးသမီးကို၊ ဒိသွာ- မြင်ကုန်၍၊ သတိံ- သတိကို၊ ပစ္စုပဋ္ဌာပေတုံ- ရှေးရှုတည်စေခြင်းငှာ၊ အသက္ကောန္တာ- မတတ်နိုင်ကုန်သည်ဖြစ်၍၊ ကိလေသမဒမတ္တာ- ကိလေသာဟူသော ယစ်မူးခြင်းဖြင့် ယစ်မူးကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ အတ္တနော- မိမိ၏၊ ဝိပ္ပကတဘောဇနဘာဝံ- မပြီးသေးသော ထမင်းစားခြင်း ကိစ္စရှိကုန်သည်၏အဖြစ်ကို၊ န ဇာနိံသု- မသိကြကုန်ပြီ၊ ဧကစ္စေ- အချို့ကုန်သော ပုရောဟိတ်ပုဏ္ဏားတို့သည်၊ အာလောပံ- ထမင်းလုပ်ကို၊ ဂဟေတွာ- ယူ၍၊ "ဘုဉ္ဇိဿာမာ"တိ- "စားကုန်အံ့"ဟု၊ သညာယ- အမှတ်ဖြင့်၊ သီသေ- ဦးခေါင်း၌၊ ဌပေသုံ- ထားကုန်ပြီ၊ ဧကစ္စေ- အချို့ကုန်သော ပုရောဟိတ်ပုဏ္ဏားသည်၊ ဥပကစ္ဆန္တရေ- လက်ကတီးကြား(ချိုင်းကြား)၌၊ ခိပိံသု- ချကုန်ပြီ၊ ဧကစ္စေ- အချို့ကုန်သော ပုရောဟိတ်ပုဏ္ဏားသည်၊ ဘိတ္တိံ- နံရံကို၊ ပဟရိံသု- တိုးဝှေ့ကြကုန်ပြီ၊ သဗ္ဗေ- အလုံးစုံကုန်သော ပုဏ္ဏားတို့သည်၊ ဥမ္မတ္တကာဝ- ရူးကုန်သည်သာလျှင်၊ အဟေသုံ- ဖြစ်ကုန်ပြီ၊ သာ- ထိုဥမ္မာဒန္တီသည်၊ တေ- ထိုပုရောဟိတ်ပုဏ္ဏားတို့ကို၊ ဒိသွာ- မြင်၍၊ "ဣမေ- ဤအရူးတို့သည်၊ မမ- ငါ၏၊ လက္ခဏံ- လက္ခဏာကို၊ ဝီမံသိဿန္တိ ကိရ- စုံစမ်းကြကုန်အံ့သတတ်၊ နေ- ထိုပုရောဟိတ်ပုဏ္ဏားတို့ကို၊ ဂီဝါယံ- လည်ပင်း၌၊ ဂဟေတွာ- ကိုင်၍၊ နီဟရထ- နှင်ထုတ်လိုက်ကြကုန်လော၊" ဣတိ- ဤသို့၊ (ဝတွာ- ဆို၍၊) နီဟရာပေသိ- နှင်ထုတ်စေပြီ။

တေ- ထိုပုရောဟိတ်ပုဏ္ဏားတို့သည်၊ မင်္ကုဘူတာ- မျက်နှာမသာကုန်သည်ဖြစ်၍၊ ရာဇနိဝေသနံ- မင်း၏နေရာနန်းတော်သို့၊ ဂန္တွာ- သွားကုန်ပြီး၍၊ ဥမ္မာဒန္တိယာ- ဥမ္မာဒန္တီအား၊ ကုဒ္ဓါ- အမျက်ထွက်ကုန်သည်ဖြစ်၍၊ "ဒေဝ- အရှင်မင်းမြတ်၊ သာ- ဣတ္ထီ- ဥမ္မာဒန္တီအမည်ရှိသော ထိုမိန်းမသည်၊ ကာလကဏ္ဏီ- သူယုတ်မတည်း၊ တုမှာကံ- အရှင်မင်းမြတ်တို့အား၊ န အနုစ္ဆဝိကာ- မထိုက်မလျော်ပါ၊" ဣတိ- ဤသို့၊ ဝဒိံသု- တင်လျှောက်ကြကုန်ပြီ၊ ရာဇာ- သိဝိမင်းသည်၊ "ကာဠကဏ္ဏီကိရ- သူယုတ်မဖြစ်သတတ်၊" ဣတိ- ဤသို့၊ တံ- ထိုဥမ္မာဒန္တီကို၊ န အာဏာပေသိ- စေခိုင်းတော်မမူစေပြီ။

သာ- ထိုဥမ္မာဒန္တီသည်၊ တံ ပဝတ္တိံ- ထိုသတင်းစကားကို၊ သုတွာ- ကြား၍၊ "အဟံ- ငါသည်၊ ကာဠကဏ္ဏိကိရ- သူယုတ်မဖြစ်သတတ်၊ ဣတိ- ဤသို့၊ ရညာ- မင်းသည်၊ န ဂဟိတာ- မယူအပ်၊ ကာဠ ကဏ္ဏိယောနာမ- သူယုတ်မတို့မည်သည်၊ ဧဝရူပါ- ဤသို့သဘောရှိကုန်သည်၊ န ဟောန္တိ- မဖြစ်ကုန်၊ ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ "ဟောတု- ရှိပါစေ၊ ပန- စင်စစ်သော်ကား၊ တံ ရာဇာနံ- ထိုမင်းကို၊ သစေ ပဿိဿာမိ- အကယ်၍မြင်ငြားအံ့၊ ဇာနိဿာမိ- သိအံ့"၊ ဣတိ- ဤသို့၊ တသ္မိံ- ထိုသိဝိမင်း၌၊ အာဃာတံ- ရန်ငြိုးကို၊ ဗန္ဓိ- ဖွဲ့ပြီ၊ အထ- ထိုမှနောက်၌၊ နံ- ထိုဥမ္မာဒန္တီကို၊ ပိတာ- ဖခင်သူဌေးကြီးသည်၊ အဘိပါရကဿ- စစ်သူကြီး အဘိပါရကအား၊ အဒါသိ- ပေးပြီ၊ သာ- ထိုဥမ္မာဒန္တီသည်၊ တဿ- ထိုစစ်သူကြီး အဘိပါရက၏၊ ပိယာ- ချစ်အပ်သူသည်၊ မနာပါ- နှလုံးကို တိုးပွားစေတတ်သူသည်၊ အဟောသိ- ဖြစ်ပြီ။

ပန- အဖို့တစ်ပါးကို ဆိုဦးအံ့၊ ကဿကမ္မဿ- အဘယ်ကောင်းမှု၏၊ နိဿန္ဒေန- အကျိုးဆက်ကြောင့်၊ သာ- ထိုဥမ္မာဒန္တီသည်၊ ဧဝံ- ဤသို့၊ အဘိရူပါ- အဆင်းလှသည်၊ အဟောသိ- ဖြစ်လေသနည်း၊ ဣတိ- ဤသို့၊ (ဝုတ္တေ- မေးအပ်သည်ရှိသော်၊) ရတ္တဝတ္ထဒါနဿ- ဝတ်ပန်းဆိုးသော (နီသော) အဝတ်ကို လှူဒါန်းခြင်း၏၊ နိဿန္ဒေန- အကျိုးဆက်ကြောင့်၊ (အဘိရူပါ- အဆင်းလှခြင်းသည်၊ အဟောသိ- ဖြစ်ပြီ၊) ဣတိ- ဤသို့ (ဝိဿဇ္ဇိတော- ဖြေဆိုအပ်၏၊) ကိရ- ချဲ့ဦးအံ့၊ သာ- ထိုဥမ္မာဒန္တီသည်၊ အတီတေ- လွန်လေပြီးသောအခါ၌၊ ဗာရာဏသိယံ- ဗာရာဏသီပြည်၌၊ ဒလိဒ္ဒကုလေ- ဆင်းရဲသောအမျိုး၌၊ နိဗ္ဗတ္တိတွာ- ဖြစ်၍၊ ဥဿဝဒိဝသေ- ပွဲသဘင်နေ့၌၊ ပုညသမ္ပန္နာ- ကောင်းမှုကံနှင့် ပြည့်စုံကုန်သော၊ ဣတ္ထိယော- မိန်းမတို့သည်၊ ကုသုမ္ဘရတ္တဝတ္ထံ- ဝတ်ပန်းဖြင့် ဆိုးအပ်သော အဝတ်ကို၊ နိဝါသေတွာ- ဝတ်ကုန်၍၊ အလင်္ကတာ- တန်ဆာဆင်ကုန်လျက်၊ ကီဠန္တိယော- ကစားရွှင်မြူးကြကုန်သည်တို့ကို၊ ဒိသွာ- မြင်၍၊ တာဒိသံ- ထိုအဝတ်နှင့် အလားတူသော၊ ဝတ္ထံ- အဝတ်ကို၊ နိဝါသေတွာ- ဝတ်၍၊ ကီဠိတုကာမာ- ကစားခြင်းငှာ အလိုရှိသည်၊ ဟုတွာ- ဖြစ်၍၊ မာတာပိတူနံ- မိဘတို့အား၊ အာရောစေတွာ- ပြောကြား၍၊ တေဟိ- ထိုမိဘတို့သည်၊ "အမ္မ- ချစ်သမီး၊ မယံ- ငါတို့သည်၊ ဒလိဒ္ဒါ- ဆင်းရဲကုန်၏၊ နော- ငါတို့အား၊ ဧဝရူပံ- ဤသို့သဘောရှိသော၊ ဝတ္ထံ- အဝတ်သည်၊ ကုတော- အဘယ်မှာရှိအံ့နည်း၊" ဣတိ- ဤသို့၊ ဝုတ္တေ- ဆိုအပ်သည်ရှိသော်၊ "တေနဟိ- ထိုသို့ဖြစ်လျှင်၊ မံ- ငါ့ကို၊ ဧကသ္မိံ- တစ်ဦးသော၊ အဍ္ဎကုလေ- ချမ်းသာကြွယ်ဝသော အမျိုး၌၊ ဘတိံ- ခစားခြင်းကို၊ ကာတုံ- ပြုခြင်းငှာ၊

ရှိ၏၊ [အသာဓု(အသာခုံ)]- မကောင်းသော၊ ဇတံကမ္မံ- ထိုအမှုကို၊ အဟံ- ငါသည်၊ နစအဘိရောစယာမိ- မနှစ်သက်သည်သာတည်း၊ ယေဝါပိရာဇာ- နော- အကြင် ပြည့်ရှင်မင်းတို့သည်ကား၊ ဥ တ္တာန- သိ၍၊ သယံ- ကိုယ်တိုင်၊ ကရောန္တိ- ပြုကုန်၏၊ တေသံ- ထိုမင်းတို့၏၊ ကမ္မံ- အမှုကို၊ အဟံ- ငါသည်၊ ရောစေမိ- နှစ်သက်တော်မူ၏၊ မယှံ- ငါ၏၊ ဣမာဥပမာ- ဤနှစ်ပါးသော ဥပမာတို့ကို၊ တုဝံ- သင်သည်၊ သုဏောဟိ- နာလော။

(၁၀၄) အဘိပါရက- အမောင် အဘိပါရက၊ တရမာနာနံ ဂစ္ဆန္တာနံ- သွားကုန်သော၊ ဂဝံ- နွားတို့တွင်၊ ပုင်္ဂဝေါ- ရှေ့ဆောင်နွားမင်းဥသဘသည်၊ ဇိမ္မံ- ကောက်တကျစ်၊ စေဂစ္ဆတိ- သွားငြားအံ့၊ နေတ္တေ- ရှေ့ဆောင် နွားမင်းဥသဘသည်၊ ဇိမ္မံ- ကောက်တကျစ်၊ ဂတေ- သွားသည်၊ သတိ- ရှိသော်၊ သဗ္ဗာ- ခပ်သိမ်းကုန်သော၊ တာဂါဝီ- ထိုနောက်လိုက်နွားအပေါင်း တို့သည်၊ ဇိမ္မံ- ကောက်တကျစ်၊ ဂစ္ဆန္တိ- သွားကုန်၏။

(၁၀၅) အဘိပါရက- အမောင် အဘိပါရက၊ ဧဝမေဝ- ဤအတူလျှင်၊ မနုဿေသု- လူတို့တွင်၊ ယောရာဇာ- အကြင် ပြည့်ရှင်မင်းသည်၊ သေဋ္ဌ- သမ္မတော- အမြတ်ဟူ၍ သမုတ်အပ်သော သူသည်၊ ဟောတိ- ဖြစ်၏၊ သောရာဇာ- ထိုအမြတ်ဟူ၍ သမုတ်အပ်သော် ပြည့်ရှင်မင်းသည်၊ အဓမ္မံ- မတရားသော အကျင့်ကို၊ စရတိစေ- ကျင့်ငြားအံ့၊ ဣတရာ- မင်းမှတစ်ပါး သော၊ ပဇာ- သတ္တဝါသည်ကား၊ ပဂေဝ- အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ အဓမ္မံ- မတရားသော အကျင့်ကို၊ အတိဝိယ- အလွန်လျှင်၊ စရတိယေဝ- ကျင့်လေသည်သာတည်း၊ အဘိပါရက- အမောင် အဘိပါရက၊ ရာဇာ- ပြည့်ရှင်မင်းသည်၊ အဓမ္မိကော- တရားမကျင့်သည်၊ ဟောတိစေ- ဖြစ်ငြားအံ့၊ ဧဝံသတိ- ဤသို့ပြည့်ရှင်မင်း တရားမကျင့်သည်ရှိသော်၊ သဗ္ဗံရဋ္ဌံ- အလုံးစုံသော တိုင်းနိုင်ငံသည်၊ ဒုက္ခံ- ဆင်းရဲစွာ၊ သေတိဝသတိ- နေရ၏။

(၁၀၆) အဘိပါရက- အမောင် အဘိပါရက၊ တရမာနာနံဂစ္ဆန္တာနံ- သွားကုန်သော၊ ဂဝံ- နွားတို့တွင်၊ ပုင်္ဂဝေါ- ရှေ့ဆောင်နွားမင်းဥသဘသည်၊ ဥဇုံ- ဖြောင့်စွာ၊ ဂစ္ဆတိစေ- သွားငြားအံ့၊ နေတ္တေ- ရှေ့ဆောင်နွားမင်းဥသဘ သည်၊ ဥဇုံ- ဖြောင့်စွာ၊ ဂတေ- သွားသည်၊ သတိ- ရှိသော်၊ သဗ္ဗာ- ခပ်သိမ်း ကုန်သော၊ တာဂါဝီ- ထိုနောက်လိုက်နွားအပေါင်းတို့သည်၊ ဥဇုံ- ဖြောင့်စွာ၊ ဂစ္ဆန္တိ- သွားကုန်၏။

(၁၀၇) အဘိပါရက- အမောင် အဘိပါရက၊ ဧဝမေဝ- ဤအတူလျှင်၊ မနုဿေသု- လူတို့တွင်၊ ယောရာဇာ- အကြင်မင်းသည်၊ သဋ္ဌသမ္ဗတော- အမြတ်ဟူ၍ သမုတ်အပ်သော သူသည်၊ ဟောတိ- ဖြစ်၏၊ သောရာဇာပိ- ထိုမင်းသည်လည်း၊ ဓမ္မံ- တရားကို၊ စရတိစေ- ကျင့်ငြားအံ့၊ ဣတရာ- မင်းမှတစ်ပါးသော၊ ပဇာ- သတ္တဝါသည်၊ ပဂေဝ- အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ စရတိဧဝ- ကျင့်သည်သာလျှင်တည်း၊ [အဘိပါရက(အဘိပါဒ-က)]- အမောင် အဘိပါရက၊ ရာဇာ- မင်းသည်၊ ဓမ္မိကော- တရားစောင့်သည်၊ ဟောတိစေ- ဖြစ်ငြားအံ့၊ ဧဝံသတိ- ဤသို့မင်းတရား စောင့်သည်ရှိသော်၊ သဗ္ဗရဋ္ဌံ- အလုံးစုံသော တိုင်းနိုင်ငံသူ အပေါင်းသည်၊ သုခံ- ချမ်းသာစွာ၊ သေတိဝသတိ- နေရ၏။

(၁၀၈) အဘိပါရက- အမောင် အဘိပါရက၊ အဟံ- ငါသည်၊ အဓမ္မေန- တရားမကျင့်သဖြင့်၊ အမရတ္တံ- နိဗ္ဗာန်ကို၊ နစာပိအဘိပတ္ထယေ- ဆုမပန်ဆင်၊ သဗ္ဗံ- အလုံးစုံသော၊ ဣမံဝါပထဝိံ- ဤမြေအပြင်ကိုလည်း၊ ဝိဇေတုံ- တိုင်းနိုင်ငံပြုအံ့သောငှာ၊ နက္ကဉ္ဆာမိ- အလိုမရှိ။

(၁၀၉) အဘိပါရက- အမောင် အဘိပါရက၊ ဣဓေဝ္စမသ္မိံလောကေ- ဤလောက၌၊ မနုဿေသု- လူတို့၌၊ ယံကိဉ္စိ- အလုံးစုံသော၊ ရတနံ- သဝိညာဏက အဝိညာဏက ဖြစ်သောရတနာသည်၊ ဝိဇ္ဇတိ- ရှိ၏၊ ဂါဝေါ- နွားတို့လည်းကောင်း၊ ဒါသော- ကျွန်လည်းကောင်း၊ ဟိရညဉ္စ- ရွှေလည်းကောင်း၊ ဝတ္ထိယံ- ကာသိကတိုင်း၌ဖြစ်သော အဝတ်လည်းကောင်း၊ ဟရိစန္ဒနံ- စန္ဒကူးရွှေလည်းကောင်း၊ ဣတိ- ဤသို့၊ ဣမာနိ ရတနာနိ- ဤရတနာတို့သည်၊ ဝိဇ္ဇန္တိ- ရှိကုန်၏။

(၁၁၀) အဿိတ္ထိယောပိ- လေနှင့်တူသော လျင်မြန်ခြင်းရှိကုန်သော မြင့်မြတ်သော အဆင်းကို ဆောင်ကုန်သော မိန်းမတို့ကိုလည်းကောင်၊ ယဉ္စာပိရတနံ- အကြင်ခုနှစ်ပါး အပြားရှိသော ရတနာကိုလည်းကောင်း၊ ယဉ္စာပိမဏိကံ- အကြင် အဖိုးများစွာထိုက်သော ပတ္တမြားတုံးကိုလည်းကောင်း၊ ဣမေစန္ဒသူရိယာ- ဤလနေတို့သည်၊ အဘိပါလယန္တိ- စောင့်ကုန်၏၊ အဘိပါဒက- အမောင် အဘိပါဒက၊ ဟိယသ္မာ- အကြင့်ကြောင့်၊ အဟံ- ငါသည်၊ သိဝိနံ- သိဝိတိုင်းသူတို့၏၊ မဇ္ဈေ- အလယ်၌၊ ဥဿဘော- မြတ်သော မင်းသည်၊ ဟုတွာ- ဖြစ်၍၊ ဇာတော- ဖြစ်သည်၊ အမှိ- ဖြစ်၏၊ တသ္မာ- ထိုကြောင့်၊ တဿဟေတု- ထိုဆိုအပ်ခဲ့ပြီးသော ရတနာအပေါင်း

ဖြစ်သော စကြာဝတေးမင်း၏ စည်းစိမ်ဟူသော အကြောင်းကြောင့်လည်း၊ ဝိသမံ- အညီညွတ်သော အကျင့်ကို၊ နစရေယျံ- မကျင့်အံ့။

(၁၁၁) အဘိပါရက- အမောင် အဘိပါရက၊ ယသ္မာ- အကြင့်ကြောင့်၊ နေတာ- လူအများကို နတ်ပြည်သို့ ပို့ဆောင်တတ်ထသော၊ ဟိတာ- လူအများ၏ စီးပွားကို ဆောင်တတ်ထသော၊ ဥဂ္ဂတော- တရားကျင့်သော မင်းဟူ၍ ဇမ္ဗူကျွန်းအလုံး၌ ကျော်စောထသော၊ ရဋ္ဌပါလော- တိုင်းနိုင်ငံသူ အပေါင်းကို စောင့်ရှောက်တတ်ထသော၊ သိဝီနံ- သိဝိတိုင်းကို အစိုးရသော ရှေးမင်းမြတ်တို့၏၊ ဓမ္မံ- အစဉ်အဆက်ဖြစ်သော တရားကို၊ အပစယမာနော- ပူဇော်ထသော၊ သော အဟံ- ထိုငါသည်၊ ဓမ္မမေဝ- တရားကိုသာလျှင်၊ အနုဝိစိန္တယန္တော- ကြံဆင်ခြင်တော်မူ၍၊ တသ္မာ- ထိုကြောင့်၊ [သကေစိတ္တ- ဝသေန(သကစိတ္တဝသေန)]- မိမိစိတ်၏ အစွမ်းအားဖြင့်၊ ဝတ္တော- ကျင့်အံ့။

(၁၁၂) မဟာရာဇ- မြတ်သော မင်းကြီး၊ ဟိယသ္မာ- အကြင့်ကြောင့်၊ တဝ- အရှင်မင်းမြတ်၏၊ ပညာ- ပညာတော်သည်၊ တာဒိသီ- ထိုအရှင်မင်းမြတ်၏ အကျင့်နှင့် တူသော သဘောရှိသည်၊ ဟောတိ- ဖြစ်၏၊ တသ္မာ- ထိုကြောင့်၊ အဒ္ဓါ- စင်စစ်၊ တုဝံ- အရှင်မင်းမြတ်သည်၊ စိရံ- မြင့်ရှည်စွာ၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ နိစ္စံ- အမြဲ၊ အဗျာသံ- ပျက်စီးခြင်းကင်းသည်ကို၊ [အဗျာသနံဝိသံ (နိဝိသံ)]- အဆိပ်ကင်းသည်ကို၊ ကရိဿသိ- ပြုတော်မူ လတ္တံ့။

(၁၁၃) မဟာရာဇ- မြတ်သော မင်းကြီး၊ တွံ- အရှင်မင်းမြတ်သည်၊ ယံဓမ္မံ- အကြင်တရားတော်ကို၊ နပ္ပမဇ္ဇသိ- မေ့လျော့တော်မမူပေ၊ ဇဝ်က္ကမိနာ ကာရဏေန- ဤသို့သော အကြောင်းအားဖြင့်၊ တေ- အရှင်မင်းမြတ်အား၊ မယံ- အကျွန်ုပ်တို့သည်၊ အနုမောဒါမ- ဝမ်းမြောက်ပါကုန်၏၊ ဓမ္မံ- တရားကို၊ ပမဇ္ဇ- မေ့လျော့၍၊ က္ကသရော- အစိုးရသော၊ ခတ္တိယော- ပြည့်ရှင်မင်းသည်၊ ရဋ္ဌာ- တိုင်းနိုင်ငံမှ၊ စဝတိ- ရွေ့လျော၏။

(၁၁၄) မဟာရာဇ- မြတ်သော မင်းကြီး၊ မာတာပိတူသု- မယ်တော် ခမည်းတော်တို့၌၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ခတ္တိယ- အရှင်မင်းမြတ်၊ က္ကဝ- ဤပစ္စုပ္ပန်ဘဝ၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်၍၊ တွံရာဇာ- အသင်မင်းမြတ်သည်၊ သဂ္ဂံ- နတ်ပြည်သို့ ဂမိဿသိ- လားတော်မူ ရလတ္တံ့။

(၁၁၅) မဟာရာဇ- မြတ်သော မင်းကြီး၊ ပုတ္တဒါရေသု- သားတော်သမီးတော် အရှင်မိဖုရားတို့၌၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ခတ္တိယ- အရှင်မင်းမြတ်၊ တွံရာဇာ- မြတ်သော မင်းသည်၊ ဣဓ- ဤပစ္စုပ္ပန်ဘဝ၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူ၍၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- လားတော်မူရလတ္တံ့။

(၁၁၆) မဟာရာဇ- မြတ်သောမင်းကြီး၊ တွံ- အရှင်မင်းကြီးသည်၊ မိတ္တာ- မစ္စေသု- အဆွေခင်ပွန်း အမတ်တို့၌၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော့၊ ခတ္တိယ- အရှင်မင်းမြတ်၊ တွံရာဇာ- အသင်မင်းမြတ်သည်၊ ဣဓ- ဤပစ္စုပ္ပန် ဘဝ၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူ၍၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- လားတော်မူရလတ္တံ့။

(၁၁၇) မဟာရာဇ- မြတ်သော မင်းကြီး၊ တွံ- အရှင်မင်းကြီးသည်၊ ဝါဟနေ- သုစ- ဆင်ယာဉ် မြင်းယာဉ်တို့၌လည်းကောင်း၊ ဗလေသုစ- ဗိုလ်ပါတို့၌ လည်းကောင်း၊ ဓမ္မံ- တရားကို စရ- ကျင့်တော်မူလော့၊ ခတ္တိယ- အရှင်မင်းမြတ်၊ တွံရာဇာ- အသင်မင်းမြတ်သည်၊ ဣဓ- ဤပစ္စုပ္ပန်ဘဝ၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူ၍၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- လားတော်မူရ လတ္တံ့။

(၁၁၈) မဟာရာဇ- မြတ်သော မင်းကြီး၊ တွံ- အရှင်မင်းကြီးသည်၊ ဂါမေသုစ- ရွာသူတို့၌လည်းကောင်း၊ နိဂမေသုစ- နိဂုံးသူတို့၌လည်းကောင်း၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ခတ္တိယ- အရှင်မင်းမြတ်၊ တွံရာဇာ- အရှင်မင်းမြတ်သည်၊ ဣဓ- ဤပစ္စုပ္ပန်ဘဝ၌၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ခတ္တိယ- အရှင်မင်းမြတ်၊ တွံရာဇာ- အရှင်မင်းမြတ်သည်၊ ဣဓ- ဤပစ္စုပ္ပန်ဘဝ၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူ၍၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- လားတော်မူရလတ္တံ့။

(၁၁၉) မဟာရာဇ- မင်းမြတ်၊ တွံ- အရှင်မင်းမြတ်သည်၊ ရဋ္ဌေသုစ- တိုင်းနိုင်ငံသူတို့၌လည်းကောင်း၊ ဇနပဒေသုစ- ဇနပုဒ်သူတို့၌လည်းကောင်း၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ခတ္တိယ- အရှင်မင်းမြတ်၊ တွံရာဇာ- အရှင်မင်းမြတ်သည်၊ ဣဓ- ဤပစ္စုပ္ပန်ဘဝ၌၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ခတ္တိယ- အရှင်မင်းမြတ်၊ တွံရာဇာ- အရှင်မင်းမြတ်သည်၊

ဣဓ- ဤပစ္စုပ္ပန်ဘဝ၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူ၍၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- လားတော်မူရလတ္တံ့။

(၁၂၀) မဟာရာဇ- မြတ်သော မင်းကြီး၊ တွံ- အရှင်မင်းကြီးသည်၊ သမဏေသုစ- ရဟန်းတို့၌လည်းကောင်း၊ ဗြာဟ္မဏေသုစ- ပုဏ္ဏားတို့၌လည်းကောင်း၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ခတ္တိယ- အရှင်မင်းမြတ်၊ တွံရာဇာ- အရှင်မင်းမြတ်သည်၊ ဣဓ- ဤပစ္စုပ္ပန်ဘဝ၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူ၍၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- လားတော်မူရလတ္တံ့။

(၁၂၁) မဟာရာဇ- မြတ်သော မင်းကြီး၊ တွံ- အရှင်မင်းကြီးသည်၊ မိဂပက္ခီသု- သားငှက်တို့၌၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ ခတ္တိယ- အရှင်မင်းမြတ်၊ တွံရာဇာ- အရှင်မင်းမြတ်သည်၊ ဣဓ- ဤပစ္စုပ္ပန်ဘဝ၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူ၍၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- လားတော်မူရလတ္တံ့။

(၁၂၂) မဟာရာဇ- မြတ်သော မင်းကြီး၊ တွံ- အရှင်မင်းကြီးသည်၊ ဓမ္မံ- တရားကို၊ စရ- ကျင့်တော်မူလော၊ သုစိဏ္ဏော- ကောင်းစွာ ကျင့်အပ်သော၊ ဓမ္မော- တရားတော်သည်၊ သုခံ- ချမ်းသာခြင်းကို အာဝဟတိ- ဆောင်တတ်၏၊ တွံရာဇာ- အရှင်မင်းမြတ်သည်၊ ဣဓ- ဤပစ္စုပ္ပန်ဘဝ၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်တော်မူ၍၊ သဂ္ဂံ- နတ်ပြည်သို့၊ ဂမိဿသိ- လားတော်မူရလတ္တံ့။

(၁၂၃) ဣဓ- ဤလောက၌၊ ဓမ္မံ- တရားကို၊ စရိတွာန- ကျင့်၍၊ သဗြဟ္မကာ- ဗြဟ္မာနှင့် တကွကုန်သော၊ ဣန္ဒာဒေဝါ- သိကြားကာမာဝစရနတ်တို့သည်၊ သုစိဏ္ဏေန- ကောင်းစွာ ကျင့်အပ်သော သုစရိုက်တရားကြောင့်၊ ဒိဝံ- နတ်ပြည် ဗြဟ္မာ့ပြည်သို့၊ ပတ္တာ- ရောက်ကုန်၏၊ ရာဇ- မင်းမြတ်၊ ဓမ္မံ- တရားကို၊ [မာပါမဒေါ(မာပမာဒ)]- မေ့လျော့တော်မမူလင့်၊

တတ္ထ- ထိုဇနိန္ဒစသော ဂါထာတို့၌၊ **သဗ္ဗာပိ**တိ- သဗ္ဗာပိဟူသည်ကား၊ ဇနိန္ဒ- အိုမင်းမြတ်၊ အဟံ- ငါသည်၊ ဧတံ- ထိုဥမ္မာဒန္တီကို၊ ဧကကော၀- တစ်ဦးချင်းသာ၊ ပဋိစ္ဆာဒေတွာ- ဝန်ခံစေ၍၊ အာနေဿာမိ- ဆောင်ခဲ့အံ့၊ တသ္မာ- ထို့ကြောင့်၊ မမဥ္စ- အကျွန်ုပ်ကိုလည်းကောင်း၊ တုဝဥ္စ- သင်မင်းကြီးကိုလည်းကောင်း၊ ဌပေတွာ- ထား၍၊ အညာ- အခြားသော၊ သဗ္ဗာပိ- အလုံးစုံလည်းဖြစ်သော၊ ပဇာ- လူတို့သည်၊ ဣမဿ ကတဿ- ဤပြုအပ်သော အမှု၏၊ အာကာရမတ္တမ္ပိ- အခြင်းအရာမျှကိုလည်း၊ န

ဇညာ န ဇာနိဿန္တိ- မသိကုန်လတံ့၊ **ဘုသေဟိ**တိ- ဘုသေဟိဟူသည်ကား၊ တာယ- ထိုဥမ္မာဒန္တီနှင့်၊ သဒ္ဓိံ- အတူ၊ အဘိရမန္တော- မွေ့လျော်လျက်၊ အတ္တနော- မိမိ၏၊ တဏှာဝနထံ- တဏှာအလိုကို၊ ဘုသံ- ပြင်းစွာ၊ ကရောဟိ- ပြုလော့၊ ဝဍ္ဎေဟိ- ပွားစေလော၊ မနောရထံ- စိတ်အလိုကို၊ ပူရေဟိ- ပြည့်စေလော၊ **သဇာဟီ**တိ- သဇာဟိဟူသည်ကား၊ ပန- ဆက်၍ဆိုဦးအံ့၊ မနောရထံ- စိတ်အလိုကို၊ ပူရေတွာ- ပြည့်စေပြီး၍၊ တေ- သင်မင်းကြီးသည်၊ သစေ န ရုစ္စတိ- အကယ်၍ မနှစ်သက်တော့အံ့၊ အထ- ထိုအခါ၌၊ နံ- ထိုဥမ္မာဒန္တီကို၊ သဇာဟိ- စွန့်လော့၊ မယှမေဝ- ငါ့အားသာလျှင်၊ ပဋိဒေဟိ- ပြန်ပေးလော့၊ **ကမ္မကရန္တိ**- ကမ္မကရံဟူသည်ကား၊ သမ္မ အဘိပါရက- အိုအဘိပါရက၊ ယော မနုဿော- အကြင်လူသည်၊ ပါပကံ- ယုတ်မာသော၊ ကမ္မံ- အမှုကို၊ ကရောန္တော- ပြုလျက်၊ သော- ထိုသူသည်၊ ပစ္ဆာ- နောက်ကာလ၌၊ လ္ကေ- ဤလောက၌၊ အညေ- ငါမှတစ်ပါး အခြားသူတို့သည်၊ က္ကဒံ ပါပကမ္မံ- ဤမကောင်းမှုကို၊ မာ မညိံသု- မသိပါစေကုန်၊ မာ ဇာနန္တု- မသိပါစေကုန်၊ လ္ကတိ- ဤသို့၊ မညတိ- မှတ်ထင်၏၊ စိန္တေတိ- ကြံစည်၏၊ ဇတံ- ဤအကြံအစည်သည်၊ တဿ- ထိုပုဂ္ဂိုလ် အတွက်၊ ဒုစိန္တိတံ- မကောင်းသော အကြံအစည်တည်း၊ ကိံကာရဏာ?- အဘယ် အကြောင်းကြောင့်နည်းဟူမူကား၊ ဇတံ- ဤအမှုကို၊ ကရောန္တံ- ပြုနေစဉ်၊ ဘူတာနိ- သတ္တဝါတို့သည်၊ ပဿန္တိ- သိမြင်ကုန်၏၊ လ္ကတိ- ထို့ကြောင့်တည်း၊ ယေ စ ဗုဒ္ဓါ- အကြင်ဘုရားရှင်တို့သည်လည်းကောင်း၊ ယေ စ ပစ္စေကဗုဒ္ဓါ- အကြင် ပစ္စေကဗုဒ္ဓါတို့ သည်လည်းကောင်း၊ ယေ စ ဗုဒ္ဓပုတ္တာ- အကြင် ဘုရားသားတော် ရဟန်းတော်တို့သည် လည်းကောင်း၊ လ္ကဒ္ဓိယာ- တန်ခိုးဖြင့်၊ ယုတ္တာ- ယှဉ်ကုန်၏၊ တေ စ- ထိုပုဂ္ဂိုလ်တို့သည် လည်း၊ နံ- ထိုမကောင်းမှုကို၊ ပဿန္တိယေဝ- သိမြင်ကုန်သည်သာ၊ န မေ ပိယာတိ- န မေ ပိယာဟူသည်ကား၊* သမ္မ အဘိပါရက- အိုအဘိပါရက၊ လ္ကေ လောကသ္မိံ- ဤလောက၌၊ သကလာယပိ- အလုံးစုံလည်းဖြစ်သော၊ ပထဝိယာ- မြေ၌၊ ဥမ္မာဒန္တီ- ဥမ္မာဒန္တီသည်၊ မေ- ငါ၏၊ န ပိယာ- မယားမဟုတ်၊ လ္ကတိ- ဤသို့၊ တေ- သင်၏၊ ဇဝံ- ဤသို့ ပြောသောစကားကို၊ ကောစိ- တစ်စုံတစ်ယောက်သော သူသည်၊ သဒ္ဒဟေယျနု- ယုံကြည်ရာသလော။

* န မေ ပိယာ= အဋ္ဌကထာအလို အဆွေအဘိပါရက ဤမြေပြင်အလုံး၌ ဥမ္မာဒန္တီသည် ငါ့မယား မဟုတ်ပါဟု သင်၏ ဤပြောစကားကို ယုံကြည်မည့်သူ တစ်ဦးတစ်ယောက်ရှိပါ့မ လားဟု အဓိပ္ပါယ်ရ၏၊ မိုးထိမူပါဠိတော်နိဿယ၌ ဤဝါကျကို အနက်တစ်မျိုးကြံဆထားသည်။

**သီဟောဝ သေလဿ ဂုဟန္တိ**- သီဟောဝ သေလဿ ဂုဟံဟူသည်ကား၊ မဟာရာဇ- မြတ်သော မင်းကြီး၊ တွံ- သင်သည်၊ တံ- ထိုဥမ္မာဒန္တီကို၊ ဣစ္ဆ- ဤနန်းတော်သို့ သစေ န အာနေသိ- အကယ်၍ မဆောင်ယူလိုအံ့၊ အထ- ထိုအခါ၌၊ သီဟော- ခြင်္သေ့မင်းသည်၊ ကိလေသပရိဠာဟေ- ကိလေသာပူပန်ခြင်းသည်၊ ဥပ္ပန္နေ- ဖြစ်လတ်သော်၊ သီဟပေါတိကာယ- ခြင်္သေ့မ၏၊ ဝသနဋ္ဌာနံ- နေရာအရပ်ဖြစ်သော၊ မဏိဂုဟံ- ပတ္တမြားဂူသို့ ဥပေတိ ယထာ- ချဉ်းကပ်သကဲ့သို့ ဧဝံ- ဤအတူ၊ တဿာ- ထိုဥမ္မာဒန္တီ၏၊ ဝသနဋ္ဌာနံ- နေရာအရပ်သို့၊ ဂစ္ဆ- သွားပါလော့၊ တတ္ထ- ထိုအရပ်၌၊ အတ္တနော- မိမိ၏၊ ပတ္ထနံ- တောင့်တမှုကို၊ ပူရေဟိ- ပြည့်စေပါလော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **သုခပ္ပလန္တိ**- သုခပ္ပလံဟူသည်ကား၊ သမ္မ အဘိပါရက- အို အဘိပါရက၊ ပဏ္ဍိတာ- ပညာရှိတို့သည်၊ ဒုက္ခေန- ဆင်းရဲသည်၊ ဖုဋ္ဌာ- တွေ့ထိအပ်သည်၊ သမာနာ- ဖြစ်လတ်သော်၊ အတ္တနော- မိမိ၏၊ သုခဝိပါကဒါယကကမ္မံ- ချမ်းသာတည်းဟူသော အကျိုးကို ပေးတတ်သော အမှုကို၊ န ပရိစ္စဇန္တိ- မစွန့်ကုန်၊ သမ္မောဟိတာ- တွေဝေသည်၊ ဟုတွာ ဝါပိ- ဖြစ်၍လည်း၊ မောဟေန- မောဟသည်၊ မူဠှာ- တွေဝေအပ်သည်ဖြစ်၍၊ သုခေန- ချမ်းသာဖြင့်၊ မတ္တာ- ယဇ်ကုန်သည်ဖြစ်၍၊ ပါပကမ္မံ နာမ- မကောင်းမှုမည်သည်ကို၊ န သမာစရန္တိ- မကျင့်ကုန်၊ **ယထာသုခံ သာမိ ကရောဟိ ကာမန္တိ**- ယထာသုခံ သာမိ ကရောဟိ ကာမံဟူသည်ကား၊ သာမိ သိဝိရာဇ- အရှင်သိဝိမင်း၊ အတ္တနော- မိမိ၏၊ ဒါသိံ- ကျွန်မကို၊ ပရိစာရေန္တဿ- လုပ်ကျွေးစေသော သူအား၊ ဂရဟာ နာမ- ကဲ့ရဲ့ခြင်းမည်သည်၊ နတ္ထိ- မရှိ၊ တွံ- သင်သည်၊ ယထာသုခံ- ချမ်းသာသည့်အားလျော်စွာ၊ ယထာဇ္ဈာသယံ- အလိုရှိသည့်အားလျော်စွာ၊ ကာမံ- အလိုကို၊ ကရောဟိ- ပြုလော့၊ အတ္တနော- မိမိ၏၊ ဣစ္ဆံ- အလိုကို၊ ပူရေဟိ- ပြည့်စေလော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **န တေန သော ဇီဝတိ**တိ- န တေန သော ဇီဝတိဟူသည်ကား၊ သမ္မ အဘိပါရက- အို အဘိပါရက၊ ယော- အကြင်သူသည်၊ (အဟံ- ငါသည်၊) ဣဿရော- အစိုးရသူသည်၊ အမှိ- ဖြစ်၏၊ ဣတိ- ဤသို့ ပါပံ- မကောင်းမှုကို၊ ကရောတိ- ပြု၏၊ ကတွာ စ- ပြုပြီး၍လည်း၊ မံ- ငါ့ကို၊ ဒေဝမနုဿာ- နတ်လူတို့သည်၊ ကိံ- အဘယ်ကို၊ ဝက္ခန္တိ- ဆိုကုန်လတံ့နည်း၊ ဣတိ- ဤသို့၊ န ဥတ္တသတိ- မကြောက်၊ န ဩတ္တပ္ပတိ- မလန့်၊ သော- ထိုသူသည်၊ တေန ကမ္မေန- ထိုမကောင်းမှုကံကြောင့်၊ ဒီဃကာလံ- ရှည်စွာသော ကာလပတ်လုံး၊ န စ ဇီဝတိ- အသက်လည်း မရှင်၊ ခိပ္ပမေဝ- လျင်မြန်စွာ

သာလျှင်၊ မရတိ- သေရ၏၊ ပန- ဆက်၍ဆိုဦးအံ့၊ ဒေဝတာပိ- နတ်တို့သည်လည်း၊ ဣမဿ ပါပရညော- ဤယုတ်မာသော မင်းအား၊ ရဋ္ဌေန- မင်းအဖြစ်ဖြင့်၊ ကိံ- အဘယ်မူအံ့နည်း၊ ဝါဠူကဃဋ္ဋံ- သဲအိုးကို၊ ဂလေ- လည်၌၊ ဗန္ဓိတွာ- ချည်နှောင်၍၊ မရဏံ- သေခြင်းကသာလျှင်၊ အဿ- ထိုပုဂ္ဂိုလ်အတွက်၊ ဝရံ- မြတ်၏၊ ဣတိ- ဤသို့ လာမကေန- ယုတ်ညံ့ သော၊ စက္ခုနာ- မျက်စိဖြင့်၊ ဩလောကေန္တိ- ကြည့်ကုန်၏၊

**အညာတကန္တိ**- အညာတကံဟူသည်ကား၊ မဟာရာဇ- မြတ်သော မင်းကြီး၊ အညေသံ- အခြားသော သူတို့၏၊ သန္တကံ- ဥစ္စာကို၊ တေဟိ သာမိကေဟိ- ထိုဥစ္စာ အရှင်တို့သည်၊ ပဒိန္နံ- ပေးလှူအပ်သော၊ ဒါနံ- အလှူဒါနကို၊ အတ္တနော- မိမိ၏၊ ဓမ္မေ- တရား၌၊ ဌိတာ- တည်ကုန်သော၊ ယေ- အကြင်သူတို့သည်၊ ပဋိစ္ဆန္တိ- ခံယူကုန်၏၊ တတ္ထ- ထိုသို့ခံယူရာ၌၊ တေ ပဋိစ္ဆကာ စ- ထိုအလှူခံသော ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ တေ ဒါယကာ စ- ထိုအလှူပေးသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ သဗ္ဗေပိ- ခပ်သိမ်းကုန်သော ပုဂ္ဂိုလ်တို့သည်လည်း၊ သုခဖလံ- ချမ်းသာသော အကျိုး ကိုပေးသော၊ ကမ္မံဝ- ကံကိုသာလျှင်၊ ကရောန္တိ- ပြုကုန်၏၊ ဟိ- မှန်၏၊ ပဋိဂ္ဂါဟကေ- အလှူခံပုဂ္ဂိုလ်သည်၊ ပဋိဂ္ဂဏှန္တေ- ခံယူသည်ရှိသော်၊ တံ ဒါနံ- ထိုအလှူသည်၊ ဒါယကဿ- ပေးသောသူအတွက်၊ မဟန္တံ- ကြီးသော၊ ဝိပါကံ- အကျိုးကို၊ ဒေတိ- ပေး၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ ယော အတ္တဒုက္ခေနာတိ- ယော အတ္တဒုက္ခေနဟူသည်ကား၊ သမ္မ အဘိပါရက- အို အဘိပါရက၊ ယော- အကြင်သူ သည်၊ ဒုက္ခေန- ဆင်းရဲသည်၊ ပီဠိတော- နှိပ်စက်အပ်သည်ဖြစ်၍၊ အတ္တနော- မိမိ၏၊ တံ- ထိုဆင်းရဲကို၊ ပရဿ- သူတစ်ပါး၏၊ (သရီရေ- ကိုယ်၌၊) ဒဟတိ- တင်ထား၏၊ အတ္တနော- မိမိ၏၊ သရီရတော- ကိုယ်မှ၊ အပနေတွာ- ခွါ၍၊ ပရဿ- သူတစ်ပါး၏၊ သရီရေ- ကိုယ်၌၊ ခိပတိ- ပစ်ချ၏၊ ဝါ- တစ်နည်းကား၊ ပရဿ- သူတစ်ပါး၏၊ သုခေန- ချမ်းသာဖြင့်၊ အတ္တနော- မိမိ၏၊ သုခံ- ချမ်းသာကို၊ ဒဟတိ- တင်ထား၏၊ ပရဿ- သူတစ်ပါး၏၊ သုခံ- ချမ်းသာကို၊ ဂဟေတွာ- ယူ၍၊ အတ္တနိ- မိမိ၌၊ ပက္ခိပတိ- တင်ထား၏၊ အတ္တနော- မိမိ၏၊ ဒုက္ခံ- ဆင်းရဲကို၊ ဟရိဿာမိ- ပယ်ရှားအံ့၊ ဣတိ- ဤသို့ ပရံ- သူတစ်ပါးကို၊ ဒုက္ခိတံ- ဆင်းရဲခြင်းရှိသည်ကို၊ ကရောတိ- ပြု၏၊ အတ္တာနံ- မိမိကိုယ်ကို၊ သုခေဿာမိ- ချမ်းသာစေအံ့၊ ဣတိ- ဤသို့ ပရံ- သူတစ်ပါးကို၊ ဒုက္ခိတံ- ဆင်းရဲခြင်းရှိသည်ကို၊ ကရောတိ- ပြု၏၊ အတ္တာနံ- မိမိကိုယ်ကို၊ သုခေဿာမိ- ချမ်းသာစေအံ့၊ ဣတိ- ဤသို့ ပရဿ- သူတစ်ပါး၏၊ သုခံ- ချမ်းသာကို၊ နာသေတိ-

ဖျက်ဆီး၏၊ သော- ထိုသူသည်၊ ဓမ္မံ- တရားကို၊ န ဇာနာတိ- မသိ၊ ယော ပန- အကြင်သူသည်ကား၊ ဧဝံ- ဤသို့ ဇာနာတိ- သိ၏။

မယှံ- ငါ့အား၊ ကြောဒံ သုခဒုက္ခံ- ဤချမ်းသာဆင်းရဲသည်၊ ယထေဝ- ရှိသကဲ့သို့၊ တထာ- ထို့အတူ၊ ပရေသံ- သူတစ်ပါးတို့အား၊ (သုခ ဒုက္ခံ- ချမ်းသာဆင်းရဲသည်၊ အတ္ထိ- ရှိ၏၊) ဣတိ- ဤသို့ (ဇာနာတိ- သိ၏၊) သ-သော- ထိုပုဂ္ဂိုလ်သည်၊ ဝေဒိ- စင်စစ်၊ ဓမ္မံ- တရားကို၊ ဇာနာတိ နာမ- သိသည်မည်၏၊ ဣတိ အယံ- ဤသည်ကား၊ ဧတိဿာ ဂါထာယ- ဤဂါထာ၏၊ အတ္ထော- အနက်တည်း။

**ပိယေန တေ ဒမ္မီ**တိ- ပိယေန တေ ဒမ္မိဟူသည်ကား၊ ပိယေန- ချစ်အပ်သော၊ ကာရဏဘူတေန- အကြောင်းဖြစ်သော တရားဖြင့်၊ ပိယံ- ချစ်အပ်သော၊ ဖလံ- အကျိုးကို၊ ပတ္ထေန္တော- တောင့်တလျက်၊ ဒမ္မိ- ပေး၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ပိယံ လဘန္တီ**တိ- ပိယံ လဘန္တိဟူသည်ကား၊ သံသာရေ- သံသရာ၌၊ သံသရန္တာ- ကျင်လည်ရကုန်သည်ရှိသော်၊ ပိယမေဝ- ချစ်အပ်သော တရားကိုသာ၊ လဘန္တိ- ရကုန်၏၊ **ကာမဟေတုကန္တိ**- ကာမဟေတုကံဟူသည်ကား၊ သမ္မ အဘိပါရ- က- အဆွေ အဘိပါရက၊ ကာမဟေတုကံ- ကာမတည်းဟူသော အကြောင်းကြောင့်၊ အယုတ္တံ- မသင့်သော အမှုကို၊ ကတွာ- ပြု၍၊ အတ္တာနံ- မိမိကိုယ်ကို၊ ဝဓိဿာမိ- သတ်အံ့၊ ဣတိ- ဤသို့ မေ- ငါ၏၊ ပရိဝိတက္ကော- အကြံအစည်သည်၊ ဥပ္ပန္နတိ- ဖြစ်၏၊ **မယှ သတီ**န္တိ- မယှ သတီဟူသည်ကား၊ မမ- ငါ၏၊ သန္တကံ- ဥစ္စာတည်း၊ မယှ သတီတိပိ- မယှ သတီဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ ဘဝတိ- ရှိ၏၊ မမ- ငါ၏၊ သန္တကာ- ဥစ္စာဖြစ်သော မယားတည်း၊ ဣတိ ဧဝံ- ဤသို့ မညမာနော- မှတ်ထင်သည်ဖြစ်၍၊ သစေ- အကယ်၍၊ တွံ- သင်သည်၊ တံ- ထိုဥစ္စာကို၊ န ကာမေသိ- အလိုမရှိပါအံ့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **သဗ္ဗဇနဿာ**တိ- သဗ္ဗဇနဿဟူသည်ကား၊ သဗ္ဗာ- အလုံးစုံကုန်သော၊ သေနိယော- စစ်တပ်တို့ကို၊ သန္နိပါတာပေတွာ- စုဝေးစေပြီး၍၊ တဿ သဗ္ဗဇနဿ- ထိုအလုံးစုံသော လူအပေါင်း၏၊ (သိဗ္ဗာ- အလယ်၌၊) အယံ- ဤဥမ္မာဒန္တီသည်၊ မယှံ- ငါ၏၊ အဟိတာ- အစီးအပွားမဲ့ကို ပြုကျင့်သူတည်း၊ ဣတိ- ဤသို့ဆို၍၊ ပရိစ္စဇိဿာမိ- စွန့်ပါအံ့၊ **တတော အဝှယေသီ**တိ- တတော အဝှယေသိဟူသည်ကား၊ တတော- ထိုစွန့်ပြီးသောအခါမှ၊ တံ- ထိုဥမ္မာဒန္တီကို၊ အပရိဂ္ဂဟိ တတ္တာ- မသိမ်းပိုက်အပ်သော မယားဖြစ်သည်၏အဖြစ်ကြောင့်၊ အာနေယျာသိ- ဆောင်ယူပါလော၊ **အဒူသိယန္တိ**- အဒူသိယံဟူသည်ကား၊ အနပရာဓံ-

အပြစ်မရှိသောသူကို၊ ကတ္တေတိ- ကတ္တေဟူသည်ကား၊ တမေဝ- ထိုအဘိပါရက စစ်သူကြီးကိုပင်၊ အပရေန- တစ်ပါးသော၊ နာမေန- အမည်ဖြင့်၊ အာလပတိ- ခေါ်ဝေါ်၏၊ ဟိ- မှန်၏၊ သော- ထိုအဘိပါရကစစ်သူကြီးသည်၊ ရညော- မင်း၏၊ ဟိတံ- အစီးအပွားကို၊ ကရောတိ- ပြုတတ်၏၊ တသ္မာ- ထို့ကြောင့်၊ ကတ္တာတိ- ကတ္တာဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ **န စာပိ တျဿာ**တိ- န စာပိ တျဿဟူသည်ကား၊ ဧဝံ- ဤသို့လျှင်၊ အကိစ္စကာရီတိ- မပြုသင့်သော အမှုကိုပြုသူဟူ၍၊ နဂရေ- မြို့၌၊ တဝ- သင်၏၊ ကောစိ- တစ်စုံတစ်ယောက်သော၊ ပက္ခောပိ- အသင်းအပင်းသည်လည်း၊ န ဘဝေယျ- မရှိရာ။

**နိန္ဒန္တိ**- နိန္ဒဟူသည်ကား၊ ကေဝလံ- သက်သက်၊ ဥပဝါဒမေဝ- စွပ်စွဲရုံမျှသာလျှင်၊ န- မဟုတ်သေး၊ သစေပိ- အကယ်၍လည်း၊ မံ- ငါ့ကို၊ ကောစိ- တစ်စုံတစ်ယောက်သော သူသည်၊ သမ္မုခါ- မျက်မှောက်၌၊ နိန္ဒိဿတိ ဝါ- ကဲ့ရဲ့မူလည်း ကဲ့ရဲ့အံ့၊ ပသံသိဿတိ ဝါ- ချီးမွမ်းမူလည်း ချီးမွမ်းအံ့၊ ဒေါသံ- အပြစ်သို့၊ အာရောပေန္တော- တင်လျက်၊ ဂရဟိဿတိ ဝါ ပန- ကဲ့ရဲ့မူလည်း ကဲ့ရဲ့အံ့၊ အဟံ- ငါသည်၊ တံ နိန္ဒံပိ- ထိုကဲ့ရဲ့ခြင်းကိုလည်းကောင်း၊ တံ ပသံသံပိ- ထိုချီးမွမ်းမှုကိုလည်းကောင်း၊ ဂရဟဉ္စ- အပြစ်တင်၍ကဲ့ရဲ့ခြင်းကိုလည်းကောင်း၊ သဗ္ဗံ- အလုံးစုံကို၊ သဟိဿာမိ- သည်းခံအံ့၊ သဗ္ဗံ- အလုံးစုံသော၊ ဧတံ- ဤရှုတ်ချခြင်း ကဲ့ရဲ့ခြင်းစသော အရာသည်၊ မမ- ငါ့အထံသို့၊ အာဂစ္ဆတု- လာပါစေ၊ ဣတိ- ဤသို့၊ ဝဒတိ- ဆို၏၊ **တမှာ**တိ- တမှာဟူသည်ကား၊ ယော- အကြင်သူသည်၊ ဧတေ နိန္ဒာဒယော- ထိုရှုတ်ချခြင်းအစရှိသည်တို့ကို၊ န ဂဏှာတိ- မခံယူ၊ တမှာ ပုရိသာ- ထိုယောကျ်ားမှ၊ ဣဿရိယသင်္ခါတာ- အစိုးရခြင်းဟု ဆိုအပ်သော၊ သိရီ စ- အသရေသည်လည်းကောင်း၊ ပညာသင်္ခါတာ- ပညာဟုဆိုအပ်သော၊ လက္ခီ စ- ကျက်သရေသည်လည်းကောင်း၊ ထလဋ္ဌာနတော- ကြည်းကုန်း အရပ်မှ၊ သုဝုဋ္ဌိသင်္ခါတော- ကောင်းစွာ ရွာသွန်းအပ်သော မိုးရေဟု ဆိုအပ်သော၊ အာပေါ- ရေအလျဉ်သည်၊ အပေတိ ဝိယ- ကင်းဘိသကဲ့သို့၊ န ပတိဋ္ဌာတိ- မတည်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ဧတ္တော**တိ- ဧတ္တောဟူသည်ကား၊ မမ- ငါ၏၊ တဿာ- ထိုဥမ္မာဒန္တီကို၊ ဣတော ပရိစ္စတ္တကာရဏာ- ဤစွန့်လွှတ်ခြင်းဟူသော အကြောင်းကြောင့်၊ **ဓမ္မာတိသာရဉ္စ**တိ- ဓမ္မာတိသာရဉ္စဟူသည်ကား၊ ဓမ္မံ- ကုသိုလ်တရားကို၊ အတိက္ကမိတွာ- ကျော်လွန်၍၊ ပဝတ္တံ- ဖြစ်သော၊ ယံ ကိဉ္စိ- တစ်စုံတစ်ခုသော၊ အကုသလံ ဝါ- အကုသိုလ်သည်မူလည်း၊ ဟောတိ- ဖြစ်၏၊

**ပစ္စုတ္တရိသာမိ**တိ- ပစ္စုတ္တရိသာမိဟူသည်ကား၊ သမ္ပဋိစ္ဆိသာမိ- ခံယူပါအံ့၊ ဓာရယိဿာမိ- ဆောင်ယူပါအံ့၊ **ထာဝရာနံ တသာန**န္တိ- ထာဝရာနံ တသာနံ ဟူသည်ကား၊ မဟာပထဝီ- ကြီးမားသော မြေအပြင်သည်၊ ခီဏာသဝါနံ- ရဟန္တာ ပုဂ္ဂိုလ်တို့၏၊ (ကိဉ္စိ- တစ်စုံတစ်ခုသော အမှုကိုလည်းကောင်း၊) ပုထုဇ္ဇနာနဉ္စ- ပုထုဇဉ် ပုဂ္ဂိုလ်တို့၏၊ ကိဉ္စိ- တစ်စုံတစ်ခုသော အမှုကိုလည်းကောင်း၊ သမ္ပဋိစ္ဆတိယထာ- ခံယူဘိသကဲ့သို့၊ သဗ္ဗံ- အလုံးစုံကို၊ အဓိဝါသေတိယထာ- သည်းခံဘိသကဲ့သို့၊ တထေဝ- ထို့အတူ၊ အဟမ္ပိ- ငါသည်လည်း၊ သဗ္ဗံ- အလုံးစုံသော၊ ဇေတံ- ထိုရှုတ်ချခြင်း ကဲ့ရဲ့ခြင်းစသည်ကို၊ သမ္ပဋိစ္ဆိသာမိ- ခံယူပါအံ့၊ အဓိဝါသေဿာမိ- သည်းခံပါအံ့၊ ဣတိ- ဤအနက်ကို၊ ဒီပေတိ- ပြ၏၊ **ဧကောဝိမ**န္တိ- ဧကောဝိမံဟူသည်ကား၊ အဟံ- ငါသည်၊ ဧကော- တစ်ယောက်တည်းဖြစ်၍သာလျှင်၊ အတ္တနော- မိမိ၏၊ ဣမံ ဒုက္ခ- ဘာရံပိ- ဤဆင်းရဲတည်းဟူသော ဝန်ကိုလည်း၊ ဟာရယိဿာမိ- ဆောင်ယူပါအံ့၊ ဓာရယိဿာမိ- ဆောင်ယူပါအံ့၊ ဝဟိဿာမိ- ဆောင်ယူပါအံ့၊ **ဓမ္မေ ဌိတော**တိ- ဓမ္မေ ဌိတောဟူသည်ကား၊ ဝိနိစ္ဆယဓမ္မေစ- ဆုံးဖြတ်ကြောင်းဖြစ်သော တရား၌ လည်းကောင်း၊ ပဝေဏိဓမ္မေစ- အစဉ်အဆက်ဖြစ်သော တရား၌လည်းကောင်း၊ တိဝိဓသုစရိတဓမ္မေ စ- သုံးပါးအပြားရှိသောသုစရိတ် တရား၌လည်းကောင်း၊ ဌိတော- တည်သည်၊ ဟုတွာ- ဖြစ်၍။

**သဂ္ဂါပဂ**န္တိ- သဂ္ဂါပဂံဟူသည်ကား၊ ဒေဝ- မင်းကြီး၊ ဧတံ ပုညကမ္မံ နာမ- ဤကုသိုလ်ကောင်းမှုမည်သည်၊ သဂ္ဂါပဂံ- နတ်ပြည်သို့ လားကြောင်းသည်၊ ဟောတိ- ဖြစ်၏၊ **ယညေ ဓန**န္တိ- ယညေ ဓနံဟူသည်ကား၊ ယညဓနံ- ယဇ်ပူဇော်ဖို့ ဥစ္စာသည်၊ အယမေဝ ဝါ- ဤယည ဓနံဟူသော ပါဌ်သည်ပင်လျှင်၊ ပါဠော- ပါဌ်သည်၊ (ဘဝတိ- ဖြစ်၏၊) **သဒါ**တိ- သဒါဟူသည်ကား၊ ဥမ္မာဒန္တီပိ- ဥမ္မာဒန္တီသည်လည်း၊ မမ- ငါ၏၊ သဟာယိကာ- အပေါင်းအဖော်မသည်၊ ဟောတိ- ဖြစ်၏၊

တွမ္ပိ- သင်အဘိပါရကသည်လည်း၊ သဟာယကော- အဆွေခင်ပွန်းသည်၊ ဟောတိ- ဖြစ်၏၊ **ပိတရော**တိ- ပိတရောဟူသည်ကား၊ ဗြဟ္မာနော- ဗြဟ္မာတို့သည်၊ **သဗ္ဗေ**တိ- သဗ္ဗေဟူသည်ကား၊ ကေဝလံ- သက်သက်၊ ဒေဝဗြဟ္မာနောဝ- နတ်ဗြဟ္မာ တို့သည်သာလျှင်၊ န- မဟုတ်သေး၊ သဗ္ဗေ- အလုံးစုံကုန်သော၊ ရဋ္ဌဝါသိနောပိ- တိုင်းသူပြည်သားတို့သည်လည်း၊ မံ- ငါ့ကို၊ ပဿထ- ရှုလော့၊ ဘော- အိုအချင်းတို့၊ သဟာယကဿ- သူငယ်ချင်း၏၊ သဟာယိကာ- သူငယ်ချင်းမဖြစ်သော၊ ဘရိယာ-

မယားကို၊ ဣမိနာ- ဤမင်းကြီးသည်၊ ဂေဟေ- အိမ်၌၊ ကတာ- မယားအဖြစ်ကို ပြုအပ်ပြီ၊ ဣတိ- ဤသို့၊ နိန္ဒေယျုံ- ကဲ့ရဲ့ကုန်ရာ၏၊ **န ဟေတဓမ္မန္တိ**- န ဟေတဓမ္မံ ဟူသည်ကား၊ ဟိ- မှန်၏၊ ဧတံ- ဤဥမ္မာဒန္တီ ကိုသိမ်းပိုက်ခြင်းကို၊ အဓမ္မံကံ- မတရားသော အမှုဟူ၍၊ (နဟိဝဋ္ဋံ- မဆိုကုန်ရာ၊) **ယံ တေ မယာတိ**- ယံ တေ မယာဟူသည်ကား၊ ယသ္မာ- အကြင့်ကြောင့်၊ မယာ- ငါသည်၊ သာ- ထို ဥမ္မာဒန္တီကို၊ တုယှံ- သင့်အား၊ ဒိန္နာ- ပေးအပ်ပြီ၊ တသ္မာ- ထို့ကြောင့်၊ ဧတံ- ထိုဥမ္မာဒန္တီကို သိမ်းပိုက်ခြင်းကို၊ အဓမ္မောတိ- အဓမ္မဟူ၍၊ န ဝဒိဿန္တိ- မဆိုကုန်လတ္တံ့၊ **သတန္တိ**- သတံဟူသည်ကား၊ သန္တာနံ- သူတော်ကောင်းဖြစ်ကုန်သော၊ ဗုဒ္ဓါဒီနံ- ဘုရားအစရှိသော ပုဂ္ဂိုလ်တို့၏၊ ခန္တိမေတ္တာဘာဝနာသီလာစာရသင်္ခါတာနိ- ခန္တိမေတ္တာဘာဝနာ- သီလအာစာရဟု ဆိုအပ်ကုန်သော၊ ဓမ္မာနိ- တရားတို့သည်၊ သုဝဏ္ဏိတာနိ- ကောင်းစွာ ချီးမွမ်းအပ်ကုန်၏၊ သမုဒ္ဒဝေလာဝ- သမုဒ္ဒရာကမ်းကိုကဲ့သို့၊ ဒုရစ္စယာနိ- လွန်နိုင်ခဲ ကုန်၏၊ တသ္မာ- ထို့ကြောင့်၊ သမုဒ္ဒေါ- သမုဒ္ဒရာသည်၊ ဝေလံ- ကမ်းကို၊ နာတိက္ကမတိ- ယထာ- မကျော်လွန်ဘိသကဲ့သို့၊ ဧဝံ- ဤအတူ၊ အဟမ္ပိ- ငါသည်လည်း၊ သီလဝေလံ- သီလတည်းဟူသော ကမ်းကို၊ နာတိက္ကမိဿာမိ- မကျော်လွန်အံ့၊ ဣတိ- ဤသို့၊ ဝဒတိ- ဆို၏။

**အာဟုနေယျော မေသိတိ**- အာဟုနေယျော မေသိဟူသည်ကား၊ မဟာရာဇ- မြတ်သော မင်းကြီး၊ တွံ- သင်မင်းကြီးသည်၊ မမ- အကျွန်ုပ်၏၊ အာဟုနပါဟုန သက္ကာရသာနုစ္ဆဝိကော- အဝေးမှဆောင်ယူ၍ လှူအပ်သော အလှူဝတ္ထုဧည့်သည် အလို့ငှာ ယူဆောင်လာသော အလှူဝတ္ထု ပူဇော်သက္ကာကို ခံယူခြင်းငှာ လျောက်ပတ် သူသည်၊ **ဓာတာ ဝိဓာတာ စသိ ကာမပါလောတိ**- ဓာတာ ဝိဓာတာ စသိကာမပါလော ဟူသည်ကား၊ တွံ- သင်မင်းကြီးသည်၊ မမ- အကျွန်ုပ်၏၊ ဒေဝ ဓာရဏာတော- နတ်ပြည်ကို ဆောင်တတ်သောကြောင့်၊ ဓာတာ- ဆောင်တတ်သူပါတည်း၊ ဣဿ- ရိယသုခဿ- အစိုးရခြင်း ချမ်းသာကို၊ ဝိဒဟနတော- စီရင်တတ်သောကြောင့်၊ ဝိဓာတာ- စီရင်တတ်သူသည်၊ ဣစ္ဆိတပတ္ထိတာနံ- အလိုရှိအပ် တောင့်တအပ်ကုန် သော၊ ကာမာနံ- ကာမတို့ကို၊ ပါလနတော- စောင့်ရှောက်တတ်သောကြောင့်၊ ကာမပါလော- ဝတ္ထုကာမတို့ကို စောင့်ရှောက်တတ်သူတည်း၊ **တယိ ဟုတာတိ**- တယိ ဟုတာဟူသည်ကား၊ တုယှံ- သင်မင်းကြီးအား၊ ဒိန္နာ- ပေးအပ်ပါပြီ၊ **ကာမေန မေတိ**- ကာမေန မေဟူသည်ကား၊ မမ- အကျွန်ုပ်၏၊ ကာမေန- အလိုအားဖြင့်၊ မမ-

အကျွန်ုပ်၏၊ ပတ္ထနာယ- တောင့်တမှုဖြင့်၊ ဥမ္မာဒန္တိ- ဥမ္မာဒန္တီကို၊ ပဋိစ္ဆ- လက်ခံပါ၊ ဣတိ ဧဝံ- ဤသို့ အဘိပါရကော- အဘိပါရကစစ်သူကြီးသည်၊ ရညော- မင်းကြီးအား၊ ဒေတိ- ပေး၏၊ ရာဇာ- မင်းကြီးသည်၊ မယှံ- ငါ့အဖို့ န အတ္ထော- အလိုမရှိ ဣတိ- ဤသို့ ပဋိက္ခိပတိ- ပယ်မြစ်၏၊ ဘူမိယံ- မြေ၌၊ ပတိတံ- ကျသော၊ သာကုဏိကပစ္ဆိံ- ငှက်လှော်င်ချိုင့်ကို၊ ပိဋ္ဌိပါဒေန- ခြေဖမိုးဖြင့်၊ ပဟရိတွာ- ပုတ်ခတ်၍၊ အဋဝိယံ- တောအုပ်၌၊ ခိပန္တာ ဝိယ- ပစ်ကုန်ဘိသကဲ့သို့၊ ဥဘောပိ- နှစ်ဦးသားတို့သည်လည်း၊ နံ- ထိုဥမ္မာဒန္တီကို၊ ဇဟန္တေဝ- စွန့်ကြကုန်သည်သာ၊ ဣဒါနိ- ယခုအခါ၌၊ ရာဇာ- မင်းသည်၊ ပုန- တစ်ဖန်၊ အကထနတ္ထာယ- စကားမဆိုစိမ့်သောငှာ၊ တံ- ထိုအဘိပါရကကို၊ သန္တဇ္ဇေန္တော- ခြိမ်းခြောက်လိုသည်ဖြစ်၍၊ **အဒ္ဓါ ဟိ**တိဂါထံ- အဒ္ဓါ ဟိအစရှိသော ဂါထာကို၊ အာဟ- ဆိုပြီ၊ တတ္ထ- ထိုအဒ္ဓါ ဟိစသော ဂါထာ၌၊ **ကတ္တပုတ္တာ**တိ- ကတ္တပုတ္တာဟူသည်ကား၊* အဿ- ထိုအဘိပါရက၏၊ ပိတာပိ- ဖခင်သည်လည်း၊ ကတ္တာဝ- အမတ်သည်သာလျှင်၊ ဟောတိ- ဖြစ်၏၊ တေန- ထို့ကြောင့်၊ နံ- ထိုအဘိပါရကကို၊ ဧဝံ- ဤသို့ ကတ္တပုတ္တာဟူ၍၊ အာလပတိ- ခေါ်၏၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ အဒ္ဓါ- မချွတ်၊ တွံ- သင်သည်၊ ဣတော- ဤကာလမှ၊ ပုဗ္ဗေ- ရှေး၌၊ မယှံ- ငါ့အတွက်၊ သဗ္ဗဓမ္မံ- အလုံးစုံသော တရားကို၊ အစရိ- ကျင့်ခဲ့ပြီ၊ ဟိတမေဝ- အစီးအပွားကိုသာလျှင်၊ ဝုဍ္ဎိမေဝ- တိုးပွားမှုကိုသာလျှင်၊ အကာသိ- ပြုခဲ့ပြီ၊ ဣဒါနိ ပန- ယခုအခါ၌ကား၊ ပဋိပက္ခော- ဆန့်ကျင်ဘက်သည်၊ ဟုတွာ- ဖြစ်၍၊ ဗဟုံ- များစွာသော စကားကို၊ ကထေသိ- ဆိုခဲ့ပြီ၊ ဧဝံ- ဤသို့ မာ ဝိပ္ပလပသိ- မပြောဆိုပါလင့်၊ တေ- သင့်အား၊ အညော- ငါမှတစ်ပါးသော၊ ဒွိပဒေါ- အခြေနှစ်ချောင်းရှိသော၊ နရော- လူပုဂ္ဂိုလ်သည်၊ အတ္ထိနု- ရှိလေသလော၊ ဣမ ဇီဝလောကေ- ဤသက်ရှိလောက၌၊ အရုဏောယေဝ- အရုဏ်တတ်ချိန်၌ပင်လျှင်၊ သောတ္ထိကတ္တာ- သင်၏ချမ်းသာ စီးပွားကိုပြုမည့်သူသည်၊ ကော- အဘယ်သူနည်း၊ ဟိ- ချဲ့ဦးအံ့၊ သစေ- အကယ်၍၊ အဟံ ဝိယ- ငါကဲ့သို့သော၊ အညော- တစ်ပါးသော၊ ရာဇာ- မင်းသည်၊ တဝ- သင်၏၊ ဘရိယာယ- မယား၌၊ ပဋိဗဒ္ဓစိတ္တော- တပ်မက်သော စိတ်သည်၊ အဘဝိဿ- ဖြစ်ငြားအံ့၊ အန္တောအရုဏေ-

---

* ကတ္တပုတ္တာ= အမတ်၏သားဟု အဋ္ဌကထာအဓိပ္ပါယ်ဖွင့်ထား၏၊ မိုးထိမူပါဠိတော်နိဿယ၌ ကတ္တ-နှင့် ပုတ္တ-ကို နှစ်ပုဒ်ခွဲ၍ ဝိသေသန ဝိသေသျအဖြစ် အနက်ကြံဆထား၏၊ အဋ္ဌကထာနှင့် မကိုက်ညီပေ။

ယေဝ- အရဏ်မတတ်မီအတွင်း၌ပင်လျှင်၊ တဝ- သင်၏၊ သီသံ- ဦးခေါင်းကို၊ ဆိန္နာပေတွာ- ဖြတ်စေ၍၊ တံ- ထိုဥမ္မာဒန္တီကို၊ အတ္တနော- မိမိ၏၊ ဃရေ- အိမ်၌၊ ကရေယျ- မယားအဖြစ်ပြုရာ၏၊ အဟံ ပန- ငါတမူကား၊ အကုသလဘယေနေဝ- အကုသိုလ်မှ ကြောက်ခြင်းကြောင့်သာလျှင်၊ န ကရောမိ- မယားအဖြစ်ကို မပြု၊ တုဏှီ- ဆိတ်ဆိတ်၊ ဟောဟိ- ဖြစ်လော့၊ မေ- ငါ့အား၊ တာယ- ထိုဥမ္မာဒန္တီဖြင့်၊ န အတ္ထော- အလိုမရှိ၊ ဣတိ- ဤသို့၊ တံ- ထိုအဘိပါရကကို၊ သန္တဇ္ဇေသိ- ခြိမ်းခြောက်ခဲ့ပြီ။

သော- ထိုအဘိပါရကသည်၊ တံ- ထိုစကားကို၊ သုတွာ- ကြားရ၍၊ ပုန- တစ်ဖန်၊ ကိဉ္စိ- တစ်စုံတစ်ခုကို၊ ဝတ္တုံ- ဆိုခြင်းငှာ၊ အသက္ကောန္တော- မစွမ်းနိုင်သည်ဖြစ်၍၊ ရညော- မင်းကြီးကို၊ ထုတိဝသေန- ချီးမွမ်းခြင်း၏အစွမ်းဖြင့်၊ **တုဝံ နု**တိ ဂါထံ- တုဝံ နုဟူသော ဂါထာကို၊ အာဟ- ဆိုပြီ၊ တဿ- ထိုဂါထာ၏၊ အတ္ထော- အနက်ကား၊ မဟာရာဇ- မြတ်သော မင်းကြီး၊ တွညေဝ- သင်မင်းကြီးသည်သာလျှင်၊ သကလ- ဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ်၌၊ သဗ္ဗေသံ- ခပ်သိမ်းကုန်သော၊ နရိန္ဒာနံ- မင်းတို့ထက်၊ သေဋ္ဌော- မြတ်သူတည်း၊ တွံ- သင်မင်းကြီးသည်၊ အနုတ္တရော- လွန်မြတ်သူတည်း၊ တွံ- သင်မင်းကြီးသည်၊ ဝိနိစ္ဆယဓမ္မပဝေဏိဓမ္မသုစရိတဓမ္မာနံ- ဆုံးဖြတ်ကြောင်း တရား အစဉ်အဆက်လာသောတရား သုစရိုတ်တရားတို့ကို၊ ဂေါပါယနေန- လုံခြုံစေခြင်းဖြင့်၊ ဓမ္မဂုတ္တော- တရားစောင့်ရှောက်သူတည်း၊ တေသံ- ထိုတရားတို့ကို၊ ဝိဒိတတ္တာ- သိသူ၏အဖြစ်ကြောင့်၊ **ဓမ္မဝိဒူ**- တရားကို သိသူတည်း၊ တွံ- သင်မင်းကြီးသည်၊ သုမေဓော- ကောင်းသော ပညာရှိသူသည်၊ (အသိ- ဖြစ်တော်မူ၏၊) သော တွံ- ထိုသင်မင်းကြီးသည်၊ ယံ ဓမ္မံ- အကြင်တရားကို၊ ဂေါပေသိ- စောင့်ရှောက်ပြီ၊ တေနေဝ- ထိုမင်းကြီးစောင့်ရှောက်သော တရားသည်ပင်လျှင်၊ ဂုတ္တော- စောင့်ရှောက် အပ်သည်ဖြစ်၍၊ စီရံ- ကြာမြင့်စွာ၊ ဇီဝ- အသက်ရှည်တော်မူလော့၊ ဓမ္မပါလက- အိုတရားကို စောင့်ရှောက်တတ်သူ၊ ဓမ္မဂေါပက- အိုတရားကို စောင့်ထိန်းတတ်သူ၊ ရာဇဝရာ- အိုမင်းမြတ်၊ မေ- အကျွန်ုပ်အား၊ ဓမ္မဉ္စ- တရားကိုလည်း၊ ဒေသေဟိ- ဟောပါလော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

အထ- ထိုအခါ၌၊ ရာဇာ- မင်းကြီးသည်၊ ဓမ္မံ- တရားကို၊ ဒေသေန္တော- ဟောလိုသည်ဖြစ်၍၊ **တဒိဃာ**တိအာဒိ- တဒိဃာအစရှိသော ဂါထာကို၊ အာဟ- ဟောတော်မူပြီ၊ တတ္ထ- ထိုတဒိဃာစသော ဂါထာ၌၊ **ဣဃာ**တိ- ဣဃာဟူသည်ကား၊

စောဒနတ္တေ- တိုက်တွန်းခြင်းအနက်၌၊ နိပါတော- နိပါတ်ပုဒ်တည်း၊ ယသ္မာ- အကြင့်ကြောင့်၊ မံ- ငါ့ကို၊ တွံ- သင်သည်၊ စောဒေသိ- တိုက်တွန်းခဲ့ပြီ၊ တသ္မာ- ထို့ကြောင့်၊ တ္တတိ အတ္ထော- ဤကား အနက်တည်း၊ **သတန္တိ**- သတံဟူသည်ကား၊ ဗုဒ္ဓါဒီဟိ- ဘုရားအစရှိကုန်သော၊ သပ္ပုရိသေဟိ- သူတော်ကောင်းတို့သည်၊ အာသေဝိတံ- အမြဲမပြတ် မှီဝဲအပ်သော၊ **သာဓူ**တိ- သာဓုဟူသည်ကား၊ သုန္ဒရော- ကောင်းသော၊ ပသတ္ထော- ချီးမွမ်းအပ်သော၊ ဝိနိစ္ဆယပဝေဏိသုစရိတဓမ္မေ- ဆုံးဖြတ်ကြောင်းတရား အစဉ်အဆက်လာသောတရား သုစရိတ်တရားတို့ကို၊ ရောစေတိ- နှစ်သက်တတ်၏၊ တ္တတိတသ္မာ- ထို့ကြောင့်၊ **ဓမ္မရုစိ**- တရားကို နှစ်သက်တတ်သော၊ ဟိ- မှန်၏၊ တာဒိသော- ထိုကဲ့သို့သဘောရှိသော ပုဂ္ဂိုလ်သည်၊ ဇီဝိတံ- အသက်ကို၊ ဇဟန္တောပိ- စွန့်ရသော်လည်း၊ အကိစ္စံ- မပြုသင့်သော အမှုကို၊ န ကရောတိ- မပြု၊ တသ္မာ- ထို့ကြောင့်၊ သာဓု- ကောင်း၏၊ **ပညာဏဝါ**တိ- ပညာဏဝါဟူသည်ကား၊ ဉာဏသမ္ပန္နော- ဉာဏ်နှင့် ပြည့်စုံသော၊ **မိတ္တာနမဒ္ဒုဗ္ဘော**တိ- မိတ္တာနမဒ္ဒုဗ္ဘောဟူသည်ကား၊ မိတ္တာသ- မိတ်ဆွေကို၊ အဒုဿနဘာဝေါ- မပြစ်မှားခြင်း၏ အဖြစ်သည်၊ **ဌိတဓမ္မဿာ**တိ- ဌိတဓမ္မဿဟူသည်ကား၊ ပတိဋ္ဌိတတိဝိဓမ္မဿ- တည်သော သုံးပါးအပြားရှိသော တရားရှိသော၊ **အာသေထာ**တိ- အာသေထ ဟူသည်ကား၊ အာသေယျုံ- နေကုန်ရာ၏၊ နိသီဒေယျုံ- နေကုန်ရာ၏၊ စ- ဆက်၍ ဆိုဦးအံ့၊ ဧတံ- ဤအာသေထဟူသော စကားရပ်သည်၊ ဒေသနာသီသမေဝ- ဒေသနာတော်၏ ဦးခေါင်းမျှသာတည်း၊ ပန- ဆက်၍ဆိုဦးအံ့၊ စတ္တာရောပိ- လေးပါး လည်းဖြစ်ကုန်သော၊ ဣရိယာပထေ- ဣရိယာပုတ်တို့ကို၊ သုခံ- ချမ်းသာစွာ၊ ကပ္ပေယျုံ- ပြုစီရင်ကုန်ရာ၏၊ တ္တတိ အယံ- ဤသည်ကား၊ ဧတ္ထ- ဤအာသေယျုံဟူသော ပုဒ်၏၊ အတ္ထော- အနက်တည်း၊ **သီတစ္ဆာယာယာ**တိ- သီတစ္ဆာယာယဟူသည်ကား၊ ပုတ္တဒါရဉာတိမိတ္တာနံ- သားမယားဆွေမျိုးမိတ်ဆွေတို့၏၊ သီတလာယ- အေးချမ်းသော၊ ဆာယာယ- အရိပ်၌၊ **သံဃရေ**တိ- သံဃရေဟူသည်ကား၊ သကဃရေ- မိမိအိမ်၌၊ အတ္တနော- မိမိ၏၊ ဂေဟေ- အိမ်၌၊ တ္တတိ- ဤကား၊ အတ္ထော- အနက်တည်း၊ အဓမ္မဗလိဒဏ္ဍာဒီဟိ- မတရားသော အခွန်ဒဏ်ပေးခြင်း အစရှိသည်တို့သည်၊ အနုပဒ္ဒုတာ- မနှိပ်စက်အပ်သည်ဖြစ်၍၊ သုခံ- ချမ်းသာစွာ၊ ဝသေယျုံ- နေကုန်ရာ၏၊ တ္တတိ- ဤအနက်ကို၊ ဒဿေတိ- ပြ၏၊ **န စာဟမေတန္တိ**- န စာဟမေတံဟူသည်ကား၊ သမ္မ အဘိပါရက- အဆွေ အဘိပါရက၊ အသမေက္ခိတ္ဝာ- ဉာဏ်ဖြင့် မဆင်ခြင်မူ၍၊

ကတံ- ပြုအပ်သော၊ ယံ ဧတံ အသာဓုကမ္မံ- အကြင် မကောင်းသော အမှုသည်၊ (အတ္ထိ- ရှိ၏၊) ဧတံ- ဤအမှုကို၊ အဟံ- ငါသည်၊ န ရောစယာမိ- မနှစ်သက်၊ **ယေ ဝါပိ ဥတ္တာနာ**တိ- ယေ ဝါပိ ဥတ္တာနဟူသည်ကား၊ ယေ ဝါ ပန ရာဇာနော- အကြင်မင်းတို့သည်၊ ဥတ္တာ- သိ၍၊ တုလေတွာ- နှိုင်းချိန်၍၊ တီရေတွာ- စူးစမ်း၍၊ သယံ- ကိုယ်တိုင်၊ ကရောန္တိ- ပြုကုန်၏၊ အဟံ- ငါသည်၊ တေသံ- ထိုမင်းတို့၏၊ ကမ္မံ- အမှုကို၊ ရောစေမိ- နှစ်သက်၏၊ က္ကတိ- ဤကား၊ အဓိပ္ပါယော- အဓိပ္ပါယ်တည်း၊ ဥပမာ က္ကမာတိ- ဥပမာ က္ကမာဟူသည်ကား၊ ပန- ဆက်၍ဆိုဦးအံ့၊ က္ကမသ္မိံ အတ္ထေ- ဤအနက်အဓိပ္ပါယ်၌၊ တွံ- သင်သည်၊ မယှံ- ငါ၏၊ ဒွေ- နှစ်ပါးကုန်သော၊ က္ကမာ ဥပမာ- ဤဥပမာတို့ကို၊ သုဏောဟိ- နာဦးလော့။

**ဇိမ္ဟန္တိ**- ဇိမ္ဟံဟူသည်ကား၊ ဝင်္ကံ- ကောက်သော၊ **နေတ္တေ**တိ- နေတ္တေဟူသည်ကား၊ ယော- အကြင် နွားလားဥသဘသည်၊ ဂါဝိယော- နွားမတို့ကို၊ နေတိ- ဆောင်တတ်၏၊ တသ္မိံ ဇေဋ္ဌကဥသဘေ- ထိုအကြီးအကဲဖြစ်သော နွားလားဥသဘသည်၊ **ပဂေဝါ**တိ- ပဂေဝဟူသည်ကား၊ တသ္မိံ- ထိုအကြီးအကဲဖြစ်သော ပုဂ္ဂိုလ်သည်၊ အဓမ္မံ- မတရားသောအမှုကို၊ စရန္တေ- ကျင့်သည်ရှိသော်၊ က္ကတရာ- ဤအကြီးအကဲမှ တစ်ပါးကုန်သော၊ ပဇာ- သတ္တဝါတို့သည်၊ ပဂေဝ စရတိ- အဘယ်မှာ မကျင့်ဘဲရှိအံ့နည်း၊ အတိဝိယ- အလွန်လျှင်၊ ကရောတိ- ပြုတတ်၏၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **မမ္ဗိကော**တိ- ဓမ္မိကောဟူသည်ကား၊ စတ္တာရိ- လေးပါးကုန်သော၊ အဂတိဂမနာနိ- မလားအပ်သောအရာသို့ လားခြင်းတို့ကို၊ ပဟာယ- ပယ်၍၊ ဓမ္မေန- တရားသဖြင့်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေန္တေ- ပြုစေလျက်၊ **အမရတ္တန္တိ**- အမရတ္တံ ဟူသည်ကား၊ ဒေဝတ္တံ- နတ်၏အဖြစ်သို့၊ **ရတနန္တိ**- ရတနံဟူသည်ကား၊ သဝိညာဏကာ ဝိညာဏကရတနံ- သက်ရှိသက်မဲ့ဖြစ်သော ရတနာသည်၊ (အတ္ထိ- ရှိ၏၊) **ဝတ္ထိယန္တိ**- ဝတ္ထိယံဟူသည်ကား၊ ကာသိကဝတ္ထမေဝ- ကာသိတိုင်းဖြစ် အဝတ်လည်းကောင်း၊ **အဿတ္ထိယော**တိ- အဿတ္ထိယောဟူသည်ကား၊ ဝါတသမဂတိအဿေပိ- လေနှင့် အညီအမျှ သွားနိုင်သော မြင်းကိုလည်းကောင်း၊ ဥတ္တမရူပရော- မြတ်သော အဆင်းကို ဆောင်ကုန်သော၊ က္ကတ္ထိယောပိ- မိန်းမတို့ကိုလည်းကောင်း၊ **ရတနံ မဏိကဍ္ဍာ**တိ- ရတနံ မဏိကဍ္ဍဟူသည်ကား၊ သတ္တဝိဓရတနဍ္ဍ- ခုနစ်ပါး အပြားရှိသော ရတနာကိုလည်းကောင်း၊ မဟဂ္ဃဘဏ္ဍကဍ္ဍ- အဖိုးများစွာ ထိုက်တန်သော ရတနာကိုလည်းကောင်း၊ **အဘိပါလယန္တိ**တိ- အဘိပါလယန္တိဟူသည်ကား၊ အာလောကံ-

အလင်းရောင်ကို၊ ကရောန္တာ- ပြုကုန်လျက်၊ ရက္ခန္တိ- စောင့်ရှောက်ကုန်၏၊ **နတဿာ**တိ- န တဿဟူသည်ကား၊ တဿ စက္ကဝတ္တိရဉ္ဇဿပိ- ထိုစကြဝတေးမင်း၏ အဖြစ်၏လည်း၊ ဟေတု- အကြောင်းကြောင့်၊ ဝိသမံ- မညီမညွတ်သည်ကို၊ န စရေယျံ- မကျင့်ရာ၊ **ဥသဘောမှီ**တိ- ဥသဘောမှိဟူသည်ကား၊ ယသ္မာ- အကြင့်ကြောင့်၊ အဟံ- ငါသည်၊ သိဝိနံ- သိဝိတိုင်းသူတို့၏၊ မဇ္ဈေ- အလယ်၌၊ ဇေဋ္ဌကရာဇာ- အကြီးအကဲမင်းသည်၊ ဟုတွာ- ဖြစ်၍၊ ဇာတော- ဖြစ်ခဲ့ပြီ၊ တသ္မာ- ထို့ကြောင့်၊ စက္ကဝတ္တိရဉ္ဇကာရဏံ- စကြဝတေးမင်းအဖြစ်၏အကြောင်းဖြစ်သော၊ ဝိသမံပိ- မညီညွတ်သော အကျင့်ကို လည်း၊ န စရာမိ- မကျင့်ရာ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **နေတာ**တိ- နေတာဟူသည်ကား၊ မဟာဇနံ- လူများအပေါင်းကို၊ ကုသလေ- ကုသိုလ်တရား၌၊ ပတိဋ္ဌာပေတွာ- တည်စေ၍၊ ဒေဝနဂရံ- နတ်ပြည်သို့၊ နေတာ- ဆောင်တတ်သည်၊ ဟိတကရဏေန- အစီးအပွားကို ပြုခြင်းဖြင့်၊ တဿ- ထိုလူများအပေါင်း၏၊ ဟိတာ- အစီးအပွားကို ဆောင်တတ်သည်၊ သိဝိရာဇာ- သိဝိမင်းသည်၊ ဓမ္မစာရိကိရ- တရားကို ကျင့်သုံးသတတ်၊ ဣတိ- ဤသို့ သကလဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ်၌၊ ဉာတတ္တာ- ထင်ရှားသည်၏အဖြစ်ကြောင့်၊ ဥဂ္ဂတော- ကျော်စောသူသည်၊ သမေန- တရားနှင့် ညီသဖြင့်၊ ရဋ္ဌပါလနတော- တိုင်းနိုင်ငံကို စောင့်ရှောက်တတ်သောကြောင့်၊ ရဋ္ဌပါလော- တိုင်းနိုင်ငံကို စောင့်ရှောက်တတ်သူတည်း၊ **အပစာယမာနော**တိ- အပစာယမာနော ဟူသည်ကား၊ သိဝိနံ- သိဝိတိုင်းသားဖြစ်ကုန်သော၊ ပေါရာဏက ရာဇူနံ- ရှေးမင်းတို့၏၊ ပဝေဏိဓမ္မံ- အစဉ်အဆက်တရားကို၊ အပစာယမာနော- ရိုသေလေးစားသူသည်၊ **သောတိ**- သောဟူသည်ကား၊ သော အဟံ- ထိုငါသည်၊ တမေဝဓမ္မံ- ထိုအစဉ် အဆက်လားသော တရားကိုပင်လျှင်၊ အနုဝိစိန္တယန္တော- ကြံစည် စဉ်းစားတတ်သူသည်၊ (ဟောတိ- ဖြစ်၏၊) တသ္မာ တေန ကာရဏေန- ထိုအကြောင်းကြောင့်၊ အတ္တနော- မိမိ၏၊ စိတ္တဿ- စိတ်၏၊ ဝသေ- အလို၌၊ န ဝတ္တာမိ- မကျင့်အံ့။

ဧဝံ- ဤသို့လျှင်၊ မဟာသတ္တဿ- ဘုရားအလောင်း၏၊ ဓမ္မကထံ- တရား စကားကို၊ သုတွာ- ကြားရ၍၊ အဘိပါရကော- အဘိပါရကစစ်သူကြီးသည်၊ ထုတိံ- ချီးကျူးစကားကို၊ ကရောန္တော- ပြုလိုသည်ဖြစ်၍၊ **အဒ္ဓါ**တိ အာဒိံ- အဒ္ဓါအစရှိသော စကားကို၊ အာဟ- ဆိုပြီ၊ **နပ္ပမဇ္ဇသီ**တိ- နပ္ပမဇ္ဇသိဟူသည်ကား၊ အတ္တနာ- မိမိသည်၊ ကထိတဓမ္မံ- ဟောအပ်သော တရားကို၊ နပ္ပမဇ္ဇသိ- မမေ့လျော့၊ တတ္ထေဝ- ထိုတရား၌သာလျှင်၊ ဝတ္တေသိ- ကျင့်၏၊ **ဓမ္မံ ပမဇ္ဇာ**တိ- ဓမ္မံ ပမဇ္ဇဟူသည်ကား၊ ဓမ္မံ- တရားကို၊

ပမုဿိတွာ- မေ့၍၊ အဂတိဝသေန- အဂတိ၏အစွမ်းဖြင့်၊ ဂန္တွာ- သွား၍၊ ဧဝံ- ဤသို့လျှင်၊ သော- ထိုအဘိပါရကသည်၊ တဿ- ထိုသိဝိမင်းကြီး၏၊ ထုတိ- ချီးကျူးစကားကို၊ ကတွာ- ပြု၍၊ ဓမ္မံ- တရားကို၊ စရ- ကျင့်ပါလော့၊ ဣတိ- ဤသို့၊ ဓမ္မစရိယာယ- တရားကို ကျင့်ခြင်း၌၊ နိယောဇေန္တော- တိုက်တွန်းလိုသည်ဖြစ်၍၊ ဥတ္တရိပိ- အလွန်းလည်း၊ ဒသ- ဆယ်ပါးကုန်သော၊ ဩဝါဒဂါထာ- ဩဝါဒဂါထာတို့ကို၊ အဘာသိ- ရွတ်ဆိုပြီ၊ တာသံ- ထိုဂါထာတို့၏၊ အတ္ထော- အနက်သည်၊ ဟေဋ္ဌာ- အောက်ဖြစ်သော၊ တေသကုဏဇာတကေ- တေသကုဏဇာတ်၌၊ (ဇာ၊၂၊၁၇။) ဝဏ္ဏိတောဝ- ဖွင့်ဆိုအပ်ပြီးသည်သာ။

ဧဝံ- ဤသို့၊ ဝါ- ဧဝံ (ဣမာဟိ ဂါထာဟိ) ဤဂါထာတို့ဖြင့်၊ အဘိပါရက သေနာပတိနာ- အဘိပါရကစစ်သူကြီးသည်၊ ရညော- သိဝိမင်းအား၊ ဓမ္မေ- တရားစကားကို၊ ဒေသိတေ- ဟျှောက်တင်အပ်သည်ရှိသော်၊ ရာဇာ- သိဝိမင်းသည်၊ ဥမ္မဒန္တိယာ- ဥမ္မာဒန္တီ၌၊ ပဋိဗဒ္ဓစိတ္တံ- တပ်မက်(စွဲလန်း)သော စိတ်ကို၊ ဝိနောဒေသိ- ပယ်ဖျောက်တော်မူပြီ။

သတ္ထာ- ဘုရားရှင်သည်၊ ဣမံ ဓမ္မဒေသနံ- ဤဥမ္မာဒန္တီဇာတ်တရားဒေသနာတော်ကို၊ အာဟရိတွာ- ဆောင်တော်မူ၍၊ သစ္စာနိ- သစ္စာတို့ကို၊ ပကာသေတွာ- ပြတော်မူ၍၊ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ၊ သစ္စပရိယောသာနေ- သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌၊ သော ဘိက္ခု- သာသနာတော်၌ ငြီးငွေ့ဆန့်ကျင် မပျော်ရွှင်သည်ဖြစ်၍ လူထွက်ချင်သော ထိုရဟန်းသည်၊ သောတာပတ္တိဖလေ- သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌာသိ- တည်ပြီ (ဣဒါနိ- ယခုအခါ၌) အာနန္ဒော- အရှင်အာနန္ဒာသည်၊ တဒါ- ထိုအခါ၌၊ သုနန္ဒသာရထိ- သုနန္ဒရထားထိန်းသည်၊ အဟောသိ- ဖြစ်ပြီ၊ တဒါ- ထိုအခါ၌၊ အဘိပါရကော- အဘိပါရကစစ်သူကြီးသည်၊ (ဣဒါနိ- ၌၊) သာရိပုတ္တော- အရှင်သာရိပုတ္တရာသည်၊ (အဟောသိ- ဖြစ်ပြီ)၊ ဣဒါနိ- ယခုအခါ၌၊ ဥပ္ပလဝဏ္ဏာ - ဥပ္ပလဝဏ်သည်၊ (တဒါ- ၌၊) ဥမ္မဒန္တီ- ဥမ္မာဒန္တီသည်၊ (အဟောသိ- ဖြစ်ပြီ)၊ (ဣဒါနိ- ၌၊) ဗုဒ္ဓပရိသာ- ဘုရားပရိသတ်တို့သည်၊ (တဒါ- ၌၊) သေသပရိသာ- ကြွင်းကုန်သော ပရိသတ်တို့သည်၊ (အဟေသုံ- ဖြစ်ကုန်ပြီ၊) (ဣဒါနိ- ၌၊) အဟမေဝ- ငါဘုရားသည်သာလျှင်၊ (တဒါ- ၌၊) သိဝိရာဇာ- သိဝိမင်းသည်၊ အဟောသိ- ဖြစ်ခဲ့ဖူးပြီ၊ ဣတိ- ဤသို့၊ (ဇာတကံ- ဇာတ်တော်ကို၊

သမောဓာနေသိ- ပေါင်းတော်မူပြီ။) ဒုတိယာ- နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ ဥမ္မဒန္တီဇာတကဝဏ္ဏနာ- ဥမ္မာဒန္တီဇာတ်၏ အဖွင့်သည်။ (နိဋ္ဌိတာ- ပြီးဆုံးခြင်းသို့ ရောက်ပါပြီ။)

❖ ❖ ❖

## ၃။ မဟာဗောဓိဇာတ် (၅၂၈)

သတ္ထာ- ဘုရားရှင်သည်၊ ကိံနု ဒဏ္ဍံ ကိမဇိနန္တိ ဣဒံ- "ကိံနု ဒဏ္ဍံ ကိမဇိနံ" အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤမဟာဗောဓိဇာတ်တော်ကို၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော- သီတင်းသုံးတော်မူစဉ်၊ ပညာ- ပါရမိံ- ပညာပါရမီကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ- ဟောတော်မူပြီ။

ဝတ္ထု- ပစ္စုပ္ပန်ဝတ္ထုသည်၊ မဟာဥမင်္ဂဇာတကေ- မဟာဥမင်္ဂဇာတ်၌၊ အာဝိ- ထင်ရှားစွာ၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ပန- အထူးကား၊ တဒါ- ထိုအခါ၌၊ သတ္ထာ- ဘုရားရှင်သည်၊ "ဘိက္ခဝေ- ရဟန်းတို့၊ ဣဒါနေဝ- ယခုအခါ၌သာလျှင်၊ (တထာ- ဂတော- ငါဘုရားသည်၊ ပညဝါ- ပညာရှိတော်မူသည်၊ ပရပ္ပဝါဒပ္ပမဒ္ဒနော- သူတစ်ပါးတို့၏ အယူဝါဒကို ချိုးဖဲ့ဖျက်ဆီးတော်မူနိုင်သည်၊) န- မဟုတ်သေး၊ ပုဗ္ဗေပိ- ရှေး၌လည်း၊ တထာဂတော- ငါဘုရားသည်၊ ပညာဝါယေဝ- ပညာရှိတော်မူသည်သာလျှင်တည်း၊ ပရပ္ပဝါဒပ္ပမဒ္ဒနောယေဝ- သူတစ်ပါးတို့၏အယူဝါဒကို ချိုးဖဲ့ဖျက်ဆီးတော်မူနိုင်သည် သာလျှင်တည်း၊" ဣတိ- ဤသို့ ဝတွာ- မိန့်တော်မူ၍၊ အတီတံ- အတိတ်ကို၊ အာဟရိ- ဆောင်တော်မူပြီ။

### အတိတ်ဝတ္ထု

အတီတေ- လွန်လေပြီးသောအခါ၌၊ ဗာရာဏသိယံ- ဗာရာဏသီပြည်၌၊ ဗြဟ္မဒတ္တေ- ဗြဟ္မဒတ်မင်းသည်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေန္တေ- ပြုစေသည်ရှိသော်၊ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ ကာသိရဋ္ဌေ- ကာသိတိုင်း၌၊ အသီတိကောဋိ- ဝိဘဝဿ- ကုဋေရှစ်ဆယ်ဥစ္စာရှိသော၊ ဥဒိစ္စဗြာဟ္မဏ မဟာသာလဿ- ထင်ရှား ကျော်ကြားသော များသော ဥစ္စာရှိသော ပုဏ္ဏား၏၊ ကုလေ- အမျိုး၌၊ နိဗ္ဗတ္တိ- ဖြစ်ပြီ၊ အဿ- ထိုဘုရားလောင်းအား၊ "ဗောဓိကုမာရော"တိ နာမံ- "ဗောဓိသတို့သား"

ဟူသောအမည်ကို၊ ကရိသု- မှည့်ကုန်ပြီ၊ သော- ထိုဗောဓိသတို့သားသည်၊ ဝယပ္ပတ္တော- အရွယ်သို့ ရောက်သည်ဖြစ်၍၊ တက္ကသိလာယံ- တက္ကသိုလ်ပြည်၌၊ ဥဂ္ဂဟိတသိပ္ပေါ- သင်အပ်ပြီးသော အတတ်ရှိသည် (ဟုတွာ- ဖြစ်၍၊) ပစ္စာဂန္တွာ- တစ်ဖန် ပြန်လာ၍၊ အဂါရမဇ္ဈေ- အိမ်၏အလယ်၌၊ ဝသန္တော- နေလျက်၊ အပရဘာဂေ- နောက်အဖို့၌၊ ကာမေ- အလိုရှိအပ်သော ဝတ္ထုကာမတို့ကို၊ ပဟာယ- စွန့်၍၊ ဟိမဝန္တပဒေသံ- ဟိမဝန္တာအရပ်သို့၊ ပဝိသိတွာ- ဝင်၍၊ ပရိဗ္ဗာဇကပဗ္ဗဇ္ဇံ- ပရိဗိုဇ် ရဟန်းအဖြစ်ကို၊ ပဗ္ဗဇိတွာ- ပြု၍၊ တတ္ထေဝ- ထိုဟိမဝန္တာအရပ်၌သာလျှင်၊ ဝနမူလဖလာဟာရော- တောသစ်မြစ်, တောသစ်သီးဟူသော အစာအာဟာရရှိသည်ဖြစ်၍၊ စိရံ- ကြာမြင့်စွာ၊ ဝသိတွာ- နေ၍၊ ဝဿာရတ္တသမယေ- မိုးလလွန်သောအခါ၌၊ ဟိမဝန္တာ- ဟိမဝန္တာမှ၊ ဩရုယှ- ဆင်း(သက်)၍၊ စာရိကံ- ဒေသစာရီလှည့်လည်ခြင်းကို၊ စရန္တော- သွားသည်ရှိသော်၊ အနုပုဗ္ဗေန- အစဉ်သဖြင့်၊ ဗာရာဏသိံ- ဗာရာဏသီပြည်သို့၊ ပတွာ- ရောက်၍၊ ရာဇုယျာနေ- မင်း၏ဥယျာဉ်တော်၌၊ ဝသိတွာ- နေ၍၊ ပုနဒိဝသေ- နက်ဖြန်နေ့၌၊ ပရိဗ္ဗာဇကသာရုပ္ပေန- ပရိဗိုဇ်ရဟန်းအား လျောက်ပတ်သော အားဖြင့်၊ နဂရေ- မြို့၌၊ ဘိက္ခာယ- ဆွမ်းခံခြင်းငှာ၊ စရန္တော- သွားသည်ရှိသော်၊ ရာဇဒ္ဒါရံ- မင်းအိမ်တံခါးသို့၊ ပါပုဏိ- ရောက်ပြီ။

တမေနံ- ထိုဆွမ်းခံဝင်သော ဗောဓိပရိဗိုဇ်ကို၊ သီဟပဉ္ဇရေ- ခြင်္သေ့ခံသော လေသာပြတင်းပေါက်၌၊ ဌိတော- ရပ်သော၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ ဒိသွာ- မြင်၍၊ တဿ- ထိုဗောဓိပရိဗိုဇ်၏၊ ဥပသမေ- ဣန္ဒြေတော်၏ ငြိမ်သက်ခြင်း၌၊ ပသီဒိတွာ- ကြည်ညို၍၊ တံ- ထိုဗောဓိပရိဗိုဇ်ကို၊ အတ္တနော- မိမိ၏၊ ဘဝနံ- နန်းတော်သို့၊ ပဝေသေတွာ- ဝင်စေတော်မူ၍၊ ရာဇပလ္လင်္ကေ- မင်း၏ပလ္လင်၌၊ နိသီဒါပေတွာ- ထိုင်နေစေပြီး၍၊ ကတပဋိသန္ထာရော- ပြုအပ်ပြီးသော စကား အစေ့အစပ်ရှိသည် ဖြစ်၍၊ ထောကံ- အနည်းငယ်သော၊ ဓမ္မကထံ- တရားစကားကို၊ သုတွာ- နာကြားပြီး၍၊ နာနဂ္ဂရသဘောဇနံ- အထူးထူးသော, မြတ်သော, အရသာရှိသော ဘောဇဉ်ကို၊ ဒါပေသိ- လှူစေပြီ၊ မဟာသတ္တော- ဘုရားလောင်း ဗောဓိပရိဗိုဇ်သည်၊ ဘတ္တံ- ဆွမ်းကို၊ ဂဟေတွာ- ခံယူတော်မူ၍၊ စိန္တေသိ- ကြံပြီ၊ (ကိံ စိန္တေသိ- အဘယ်သို့ ကြံတော်မူ သနည်း၊) "ဣဒံ ကုလံနာမ- ဤမင်းမျိုးမည်သည်၊ ဗဟုဒေါသံ- များသော အပြစ်ရှိ သည်၊ ဗဟုပစ္စာမိတ္တံ- များသော ရန်သူရှိသည်၊ ဟောတိ- ဖြစ်၏၊ မမ- ငါ့အား၊ ဥပ္ပန္နံ- ဖြစ်လာသော၊ ဘယံ- ဘေးကို၊ ကော- အဘယ်သူသည်၊ နိတ္ထရိဿတိနုခေါ-

ထုတ်ဆောင်နိုင်လတ္တံ့ နည်း။” ဣတိ- ဤသို့ စိန္တေသိ- ကြံပြီ၊ (စိန္တေတွာ- ကြံပြီး၍၊) သော- ထိုဗောဓိပရိဗိုဇ်သည်၊ အဝိဒူရေ- အနီး၌၊ ဌိတံ- တည်သော၊ ရာဇဝလ္လဘံ- မင်းနှင့်အကျွမ်းဝင်သော၊ ဧကံ- တစ်ကောင်သော၊ ပိင်္ဂလသုနခံ- ပိင်္ဂလမည်သော ခွေးကို၊ ဒိသွာ- မြင်၍၊ မဟန္တံ- ကြီးစွာသော၊ ဘတ္တ ပိဏ္ဍံ- ထမင်းစိုင်ကို၊ ဂဟေတွာ- ကိုင်၍၊ တဿ- ထိုပိင်္ဂလမည်သော ခွေးအား၊ ဒါတုကာမတာကာရံ- ပေးလိုသော အခြင်းအရာကို၊ ဒဿေသိ- ပြပြီ၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ ဉ တွာ- သိ၍၊ သုနခဿ- ခွေး၏၊ ဘာဇနံ- စားခွက်ကို၊ အာဟာရာပေတွာ- ဆောင်ယူစေပြီး၍၊ ဘတ္တံ- ထမင်းခဲကို၊ ဂါဟာပေတွာ- ယူစေ၍၊ ဒါပေသိ- ပေးစေပြီ၊ မဟာသတ္တောပိ- ဘုရားလောင်း ဗောဓိပရိဗိုဇ်သည်လည်း၊ တဿ- ထိုခွေးအား၊ ဒတွာ- ပေး၍၊ ဘတ္တကိစ္စံ- ဆွမ်းစားခြင်းကိစ္စကို၊ နိဋ္ဌပေသိ- ပြီးစေပြီ၊ ရာဇာပိ- ပြဟ္မဒတ်မင်းသည် လည်း၊ အဿ- ဘုရားလောင်း ဗောဓိပရိဗိုဇ်၏၊ ပဋိညံ- ဝန်ခံခြင်းကို၊ ဂဟေတွာ- ယူ၍၊ အန္တောနဂရေ- မြို့တွင်း၌၊ ရာဇုယျာနေ- မင်းဥယျာဉ်တော်၌၊ ပဏ္ဏသာလံ- သစ်ရွက်မိုးသော ကျောင်းကို၊ ကာရေတွာ- ဆောက်စေ၍၊ ပဗ္ဗဇိတပရိက္ခာရေ- ရသေ့ရဟန်းတို့၏ အသုံးအဆောင် ပရိက္ခရာတို့ကို၊ ဒတွာ- လှူ၍၊ တံ- ထိုဘုရားလောင်း ဗောဓိပရိဗိုဇ်ကို၊ တတ္ထ- ထိုကျောင်း၌၊ ဝါသာပေသိ- နေစေပြီ၊ ဒေဝသိကဉ္စ- နေ့တိုင်း နေ့တိုင်းလည်း၊ ဒွေ တယောဝါရေ- နှစ်ကြိမ်သုံးကြိမ်တို့တိုင်တိုင်၊ အဿ- ထိုဘုရားလောင်း ဗောဓိပရိဗိုဇ်အား၊ ဥပဋ္ဌာနံ- ဆည်းကပ်ခစားခြင်းသို့၊ အဂမာသိ- သွားပြီ၊ ဘောဇန- ကာလေပန- ဆွမ်းဘုဉ်းပေးသော ကာလ၌ကား၊ မဟာ သတ္တော- ဘုရားလောင်း ဗောဓိပရိဗိုဇ်သည်၊ နိစ္စံ- အမြဲ၊ ရာဇပလ္လင်္ကေယေဝ- မင်းပလ္လင်၌သာလျှင်၊ နိသီဒိတွာ- ထိုင်နေ၍၊ ရာဇဘောဇနမေဝ- မင်း၏စားဖွယ် သောက်ဖွယ် ဘောဇဉ်ကိုသာ၊ ဘုဥ္ဇတိ- ဘုဉ်းပေးတော်မူ၏၊ ဧဝံ- ဤသို့၊ ဒွါဒသ သံဝစ္ဆရာနိ- တစ်ဆယ့်နှစ်နှစ်တို့သည်၊ အတီတာနိ- လွန်ကုန်ပြီ။

တဿ ပန ရညော- ပြဟ္မဒတ်မင်းအားကား၊ ပဉ္စ- ငါးယောက်ကုန်သော၊ အမစ္စာ- အမတ်တို့သည်၊ အတ္ထဉ္စ- အကျိုးကိုလည်းကောင်း၊ ဓမ္မဉ္စ- အကြောင်းကို လည်းကောင်း၊ အနုသာသန္တိ- ဆုံးမကုန်၏၊ တေသု- ထိုငါးယောက်ကုန်သော အမတ်တို့တွင်၊ ဧကော- တစ်ယောက်သော အမတ်သည်၊ အဟေတုကဝါဒီ- (သတ္တဝါတို့သည်) အကြောင်းကံတရားမရှိဘဲ ကောင်းကျိုး ဆိုးကျိုးကို ခံစံကြရသည်ဟု အယူဝါဒရှိ၏၊ ဧကော- တစ်ယောက်သော အမတ်သည်၊ ဣဿရ ကတဝါဒီ-

(လောကကို)အစိုးရသော မဟာဗြဟ္မာသည် ပြုလုပ်ဖန်ဆင်းအပ်၏ဟု အယူဝါဒရှိ၏၊ ဧကော- တစ်ယောက်သော အမတ်သည်၊ ပုဗ္ဗေကတဝါဒီ- ရှေး၌ပြုဖူးခဲ့သော ကံကြောင့် ချမ်းသာဆင်းရဲ၏ဟု အယူဝါဒရှိ၏၊ ဧကော- တစ်ယောက်သော အမတ်သည်၊ ဥစ္ဆေဒဝါဒီ- အတ္တကောင်, သတ္တဝါကောင်သည် သေပြီးနောက် ထပ်၍မဖြစ်, အဆက်ပြတ်၏ဟူသော အယူဝါဒရှိ၏၊ ဧကော- တစ်ယောက်သော အမတ်သည်၊ ခတ္တဝိဇ္ဇဝါဒီ- မိဘတို့ကိုသော်လည်း သတ်၍ မိမိအကျိုးကိုသာ ပြုအပ်၏ဟု အယူဝါဒ ရှိ၏၊ တေသု- ထိုအမတ်တို့တွင်၊ အဟေတုကဝါဒီ- အဟေတုက၏ အယူရှိသော အမတ်သည်၊ "ဣမေ သတ္တာ- ဤသတ္တဝါတို့သည်၊ သံသာရသုဒ္ဓိကာ- အကြောင်း မရှိ, သံသရာဖြင့် စင်ကြယ်ကုန်၏၊" ဣတိ- ဤသို့၊ မဟာဇနံ- လူအများကို၊ ဥဂ္ဂဏှာပေသိ- ယူစေပြီ၊ ဣဿရကတဝါဒီ- ဣဿရကတဝါဒရှိသော အမတ်သည်၊ "အယံလောကော- ဤသက်ရှိသက်မဲ့ တစ်လောကလုံးကို၊ ဣဿရနိမ္မိတော- အစိုးရသော မဟာဗြဟ္မာ(ဗိဿနိုး)သည် ဖန်ဆင်းအပ်၏၊" ဣတိ- ဤသို့၊ မဟာဇနံ- လူအများကို၊ ဥဂ္ဂဏှာပေသိ- ယူစေပြီ၊ ပုဗ္ဗေကတဝါဒီ- ပုဗ္ဗေကတဝါဒရှိသော အမတ်သည်၊ "ဣမေသံ သတ္တာနံ- ဤသတ္တဝါတို့အား၊ သုခံ ဝါ- ချမ်းသာသည်လည်းကောင်း၊ ဒုက္ခံဝါ- ဆင်းရဲသည်လည်းကောင်း၊ ဥပ္ပဇ္ဇမာနံ- ဖြစ်သည်ရှိသော်၊ ပုဗ္ဗေကတေနေဝ- ရှေး၌ပြုအပ်သော ကံကြောင့်သာလျှင်၊ ဥပ္ပဇ္ဇတိ- ဖြစ်၏၊" ဣတိ- ဤသို့၊ မဟာဇနံ- လူအများကို၊ ဥဂ္ဂဏှာပေသိ- ယူစေပြီ၊ ဥစ္ဆေဒဝါဒီ- ဥစ္ဆေဒဝါဒရှိသော အမတ်သည်၊ "ဣတော- ဤပစ္စုပ္ပန်ဘဝမှ၊ ပရလောကံ- တမလွန်ဘဝသို့၊ ဂတောနာမ- သွားသော သူမည်သည်၊ နတ္ထိ- မရှိ၊ အယံလောကော- ဤ (ပစ္စုပ္ပန်) လောကသည်၊ ဥစ္ဆိဇ္ဇတိ- ပြတ်၏၊" ဣတိ- ဤသို့ မဟာဇနံ- လူအများကို၊ ဥဂ္ဂဏှာပေသိ- ယူစေပြီ၊ ခတ္တဝိဇ္ဇဝါဒီ- ခတ္တဝိဇ္ဇဝါဒရှိသော အမတ်သည်၊ "မာတာပိတရောပိ- မိဘတို့ကိုလည်း၊ မာရေတွာ- သတ်၍၊ အတ္တနောဝ- မိမိ၏သာလျှင်၊ အတ္ထော- အကျိုးကို၊ ကာတဗ္ဗော- ပြုအပ်၏၊" ဣတိ- ဤသို့၊ မဟာဇနံ- လူအများ ကို၊ ဥဂ္ဂဏှာပေသိ- ယူစေပြီ။

တေ- ထိုအမတ်တို့သည်၊ ရညော- ဗြဟ္မဒတ်မင်း၏၊ ဝိနိစ္ဆယေ- ဆုံးဖြတ်သော တရားသူကြီးအရာ၌၊ နိယုတ္တာ- တည်ကုန်လျက်၊ လဉ္ဇခါဒကာ- လာဘ် (တံစိုးလက်ဆောင်)ကို စားကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ အဿာမိကံ- ဥစ္စာရှင် မဟုတ်သော သူကို၊ သာမိကံ- ဥစ္စာရှင်ကို၊ (ကရောန္တိ- ပြုကုန်၏၊) သာမိကံ- ဥစ္စာရှင်ကို၊ အဿာမိကံ- ဥစ္စာရှင်မဟုတ်သည်ကို၊ ကရောန္တိ- ပြုကုန်၏။

အထ- ထိုအခါ၌၊ ဧကဒိဝသံ- တစ်နေ့သ၌၊ ကူဋ္ဋပရာဇိတော- ကောက်ကျစ်စဉ်းလဲသောအားဖြင့် တရားစီရင်ခြင်းကြောင့် ရှုံးသော၊ ဧကော- တစ်ယောက်သော၊ ပုရိသော- ယောကျ်ားသည်၊ ဘိက္ခာယ- ဆွမ်းအလို့ငှာ၊ စရန္တံ- ကြွတော်မူသော၊ ရာဇဂေဟံ- မင်း၏နန်းတော်သို့ ပဝိသန္တံ- ဝင်သော၊ မဟာသတ္တံ- ဘုရားလောင်းကို၊ ဒိသွာ- မြင်၍၊ ဝန္ဒိတွာ- ရှိခိုး၍၊ "ဘန္တေ- အရှင်ဘုရား၊ တုမှေ- အရှင်ဘုရားတို့သည်၊ ရာဇဂေဟေ- အရှင်မင်းကြီး၏နန်းတော်၌၊ ဘုဥ္စမာနာ- ဆွမ်းဘုဉ်းပေးကုန်သည်ဖြစ်၍၊ လဥ္စံ- တံစိုးလက်ဆောင်ကို၊ ဂဟေတွာ- ယူ၍၊ လောကံ- လူကို၊ ဝိနာသေန္တေ- ဖျက်ဆီးကုန်သော၊ ဝိနိစ္ဆယာမစ္စေ- တရားစီရင်ဆုံးဖြတ်ကုန်သော အမတ်တို့ကို၊ ကသ္မာ- အဘယ်ကြောင့်၊ အဇ္ဈုပေက္ခထ- လျစ်လျူရှုတော်မူကုန်ဘိသနည်း၊ ဣဒါနိ- ယခုအခါ၌၊ ပဉ္စဟိ- ငါးယောက်ကုန်သော၊ အမစ္စေဟိ- အမတ်တို့သည်၊ ကူဋ္ဋကာရကဿ- ကောက်ကျစ်သောအားဖြင့် တရားတွေ့တတ်သော သူ၏၊ ဟတ္ထတော- လက်မှ၊ လဥ္စံ- တံစိုးလက်ဆောင်ကို၊ ဂဟေတွာ- ယူ၍၊ သာမိကော- ဥစ္စာရှင်သည်၊ သမာနော၀- ဖြစ်ပါလျက်ပင်၊ အသာမိကော- ဥစ္စာရှင်မဟုတ်သည်ကို၊ ကတော- ပြုအပ်ပြီ" ဣတိ- ဤသို့ (ဝတွာ- လျှောက်ထား၍၊) ပရိဒေဝိ- ငိုကြွေးပြီ။

သော- ထိုဘုရားလောင်းသည်၊ တသ္မိံ- ထိုတရားရှုံးသော ယောကျ်ား၌၊ ကာရုညဝသေန- သနားတော်မူသည်၏ အစွမ်းအားဖြင့်၊ ဝိနိစ္ဆယံ- တရားဆုံးဖြတ်ရာသို့ ဂန္တွာ- သွား၍၊ ဓမ္မေန- တရားသဖြင့်၊ ဝိနိစ္ဆိနိတွာ- စီရင်ဆုံးဖြတ်၍၊ သာမိကညေဝ- ဥစ္စာရှင်ဖြစ်သော သူကိုသာလျှင်၊ သာမိကံ- ဥစ္စာရှင်ကို၊ အကာသိ- ပြုတော်မူ၏၊ မဟာဇနော- များစွာသော လူသည်၊ ဧကပ္ပဟာရေနေဝ- တပြိုင်နက်သာလျှင် ဖြစ်သော၊ မဟာသဒ္ဒေန- ကျယ်သော အသံဖြင့်၊ သာဓုကာရံ- ကောင်းချီးကြွေးကြော်သော အခြင်းအရာကို၊ အဒါသိ- ပေးပြီ၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ တံ သဒ္ဒံ- ထိုအသံကို၊ သုတွာ- ကြား၍၊ "အယံ- ဤအသံသည်၊ ကိံ သဒ္ဒေါနာမ- အဘယ်အသံမည်သနည်း" ဣတိ- ဤသို့ ပုစ္ဆိတွာ- မေး၍၊ တမတ္ထံ- ထိုအကြောင်းကို၊ သုတွာ- ကြားသိရ၍၊ ကတဘတ္တကိစ္စံ- ပြုအပ်ပြီးသော ဆွမ်းဘုဉ်းပေးခြင်း ကိစ္စရှိသော၊ မဟာသတ္တံ- ဘုရားလောင်းအထံသို့ ဥပနိသီဒိတွာ- အနီး၌နေ၍၊ "ဘန္တေ- အရှင်ဘုရား၊ အဇ္ဇ- ယနေ့ ဝေါ- အရှင်ဘုရားတို့သည်၊ အဍ္ဍော- တရားကို၊ ဝိနိစ္ဆိတောကိရ- ဆုံးဖြတ်တော်မူအပ်သလော၊" ဣတိ- ဤသို့ ပုစ္ဆိ- မေးပြီ၊ မဟာရာဇ- မြတ်သော မင်းကြီး၊ အာမ- ဆုံးဖြတ်သည် မှန်၏၊ ဣတိ- ဤသို့ (အာဟ- လျှောက်တင်ပြီ၊) ဘန္တေ-

အရှင်ဘုရား၊ တုမှေသု- အရှင်ဘုရားတို့သည်၊ ဝိနိစ္ဆနန္တေသု- စီရင်ဆုံးဖြတ်တော်မူကုန်သည်ရှိသော်၊ မဟာဇနဿ- လူအများ၏၊ ဝုဍ္ဎိ- စီးပွားချမ်းသာသည်၊ ဘဝိဿတိ- ဖြစ်ပါလတ္တံ့၊ ဣတော- ဤနေ့မှ၊ ပဋ္ဌာယ- စ၍၊ တုမှေဝ- အရှင်ဘုရားတို့သည်သာလျှင်၊ ဝိနိစ္ဆနထ- စီရင်ဆုံးဖြတ်တော်မူပါ ကုန်လော၊” ဣတိ- ဤသို့ (အာဟ- လျှောက်ပြီ၊) မဟာရာဇ- မြတ်သော မင်းကြီး၊ မယံ- ငါတို့သည်၊ ပဗ္ဗဇိတာနာမ- ရဟန်းမည်ကုန်၏၊ အမှာကံ- ငါတို့အား၊ ဧတံ ကမ္မံ- ထိုတရား(အမှု)ကို၊ ကမ္မံ- (စီရင်သော) အမှုသည်၊ န (ဝဋ္ဋတိ) မအပ်၊ ဣတိ- ဤသို့ (အာဟ- ပြောဆိုပြီ၊) ဘန္တေ- အရှင်ဘုရား၊ မဟာဇနေ- လူအများ၌၊ ကာရုညေန- သနားတော်မူခြင်းဖြင့်၊ ကာတုံ- စီရင်ဆုံးဖြတ်တော်မူခြင်းငှာ၊ ဝဋ္ဋတိ- အပ်ပါ၏၊ တုမှေ- အရှင်ဘုရားတို့သည်၊ သကလဒိဝသံ- အလုံးစုံသော နေ့တို့ပတ်လုံး၊ မာ ဝိနိစ္ဆိနထ- ဆုံးဖြတ်တော်မမူကုန်လင့်၊ ဥယျာနတော- ဥယျာဉ်တော်မှ၊ ဣဓ- ဤနန်းတော်သို့၊ အာဂစ္ဆန္တာပန- ကြွလာတော်မူကုန်သည်ရှိသော်ကား၊ ဝိနိစ္ဆယဋ္ဌာနံ- တရားစီရင်ရာအရပ်သို့၊ ဂန္တွာ- ကြွတော်မူ၍၊ ပါတောစ- စောစောကသာလျှင်၊ စတ္တာရော- လေးပါးကုန်သော၊ အဋ္ဋေ- တရား(မှုခင်း)တို့ကို၊ ဝိနိစ္ဆိနထ- ဆုံးဖြတ်တော်မူကုန်လော၊ ဘုတွာ- ဆွမ်းဘုဉ်းပေးတော်မူပြီး၍၊ ဥယျာနံ- ဥယျာဉ်တော်သို့ ဂစ္ဆန္တာ- ကြွတော်မူလိုကုန်သည်ရှိသော်၊ စတ္တာရော- လေးပါးကုန်သော တရားတို့ကို၊ (ဝိနိစ္ဆနထ- ဆုံးဖြတ်တော်မူကုန်လော၊) ဧဝံ- ဤသို့ဆုံးဖြတ်စီရင်တော်မူကုန်သည်၊ (သန္တေသု- ရှိကုန်လတ်သော်၊) မဟာဇနဿ- လူအများအား၊ ဝုဍ္ဎိ- စီးပွားချမ်းသာခြင်းသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဣတိ- (အာဟ- လျှောက်ပြီ) သော- ထိုဘုရားလောင်း ပရိဗိုဇ်ရဟန်းသည်၊ တေန- ထိုပြဟ္မဒတ်မင်းသည်၊ ပုနပ္ပုနံ- အဖန်တလဲလဲ၊ ယာစိယမာနော- တောင်းပန်အပ်သည်ရှိသော်၊ “သာဓူ”-တိ- ကောင်းပြီဟု၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံတော်မူပြီး၍၊ တတော- ထိုနေ့မှ၊ ပဋ္ဌာယ- စ၍၊ တထာ- ထိုပြဟ္မဒတ်မင်းလျှောက်ထားတောင်းပန်သည့်အတိုင်း၊ အကာသိ- ပြုပြီ။

ကူဋဋ္ဋကာရကာ- ကောက်ကျစ်စဉ်းလဲစွာ တရားတွေ့တတ်ကုန်သော သူတို့သည်၊ ဩကာသံ- အခွင့်ကို၊ န လဘိံသု- မရကုန်ပြီ၊ တေပိ အမစ္စာ- ထိုအမတ်တို့သည်လည်း၊ လဉ္ဇံ- တံစိုးလက်ဆောင်ကို၊ အလဘန္တာ- မရကုန်သည်ဖြစ်၍၊ ဒုဂ္ဂတာ- ဆင်းရဲကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ စိန္တယိံသု- ကြံကြကုန်ပြီ၊ (ကိံ စိန္တယိံသု- အဘယ်သို့ ကြံကြကုန်သနည်း၊) “ဗောဓိပရိဗ္ဗာ ဇကဿ- ဗောဓိပရိဗိုဇ်ရဟန်း၏၊ ဝိနိစ္ဆိနနကာလတော- တရားဆုံးဖြတ်ရာအခါမှ၊ ပဋ္ဌာယ- စ၍၊ မယံ- ငါတို့သည်၊

ကိဉ္စိ- တစ်စုံတစ်ခုကိုမျှ၊ န လဘာမ- မရကုန်၊ ဟန္ဒ- ယခု၊ နံ- ထိုဗောဓိပရိဗိုဇ်ရဟန်းကို၊ "ရာဇဝေရိကော"တိ- "အရှင်မင်းကြီး၏ရန်သူ"ဟု၊ ဝတွာ- လျှောက်တင်၍၊ ရညော- အရှင်မင်းကြီး၏၊ အန္တရေ- နှလုံးတော်၌၊ ပရိဘိန္ဒိတွာ- ချစ်ခြင်းကို ဖျက်၍၊ မာရာပေဿာမ- သတ်စေကုန်အံ့၊" ဣတိ- ဤသို့၊ (စိန္တယိံသု- ကြံကြကုန်ပြီ၊) (စိန္တယိတွာ- ကြံကြကုန်ပြီး၍၊) တေ- ထိုအမတ်တို့သည်၊ ရာဇာနံ- ဗြဟ္မဒတ်မင်းသို့၊ ဥပသင်္ကမိတွာ- ချဉ်းကပ်ကုန်၍၊ "မဟာရာဇ- အရှင်မင်းမြတ်၊ ဗောဓိပရိဗ္ဗာဇကော- ဗောဓိပရိဗိုဇ်ရဟန်းသည်၊ တုမှာကံ- အရှင်မင်းမြတ်တို့၏၊ အနတ္ထကာမော- အကျိုးမဲ့ကို အလိုရှိ၏၊" ဣတိ- ဤသို့ ဝတွာ- လျှောက်တင်ကုန်၍၊ အသဒ္ဒဟန္တေန- မယုံကြည်သည်၏အဖြစ်ကြောင့်၊ ရညော- ဗြဟ္မဒတ်မင်း သည်၊ "ဧသော- ဤဗောဓိပရိဗိုဇ်ရဟန်းသည်၊ သီလဝါ- သီလရှိ၏၊ ဉာဏသမ္ပန္နော- ဉာဏ်နှင့် ပြည့်စုံ၏၊ ဧဝံ- ဤသို့၊ န ကရိဿတိ- မပြုလတ္တံ့၊" ဣတိ- ဤသို့၊ ဝုတ္တေ- ဆိုအပ်လတ်သော်၊ "မဟာရာဇ- အရှင်မင်းမြတ်၊ တေန- ထိုအရှင်မင်းမြတ်သည်၊ သကလနဂရ ဝါသိနော- အလုံးစုံသော မြို့၌နေကုန်သော သူတို့ကို၊ အတ္တနော- မိမိ၏၊ ဟတ္ထေ- လက်၌၊ ကတွာ- ပြု၍၊ ကေဝလံ- သက်သက်၊ အမှေယေဝ ပဉ္စဇနေ- အကျွန်ုပ်တို့ ငါးယောက်ကိုသာလျှင်၊ ကာတုံ- ပြုခြင်းငှာ၊ နသက္ကာ- မတတ်နိုင်၊ အမှာကံ- အကျွန်ုပ်တို့၏၊ ဝစနံ- စကားကို၊ သစေ န သဒ္ဒဟထ- အကယ်၍ ယုံကြည်တော်မမူကုန်အံ့၊ တဿ- ထိုဗောဓိပရိဗိုဇ်၏၊ ဣဓ- ဤနန်းတော်ကို၊ အာဂမနကာလေ- လာသော အခါ၌၊ ပရိသံ- ပရိသတ်ကို၊ ဩလောကေထ- ကြည့်တော်မူပါကုန်လော၊" ဣတိ- ဤသို့၊ အာဟံသု- လျှောက်တင်ကုန်ပြီ။

ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ "သာဓူ"တိ- "ကောင်းပြီ"ဟု၊ သီဟပဉ္ဇရေ- ခြင်္သေ့ ခံသော လေသာပြတင်းပေါက်၌၊ ဌိတော- ရပ်လျက်၊ အာဂစ္ဆန္တံ- လာနေသော၊ တံ- ထိုဗောဓိပရိဗိုဇ်ရဟန်းကို၊ ဩလောကေန္တော- ကြည့်သည်ရှိသော်၊ ပရိဝါရံ- အခြံအရံနှင့် တကွဖြစ်သည်ကို၊ ဒိသွာ- မြင်၍၊ အတ္တနော- မိမိ၏၊ အညာဏေန- မလိမ္မာသည်၏ အဖြစ်ကြောင့်၊ အဍ္ဍကာရကမနုဿေ- တရား(မှုခင်း)တွေ့ကုန်သော လူတို့ကို၊ "တဿ- ထိုဗောဓိပရိဗိုဇ်၏၊ ပရိဝါရာ"တိ- "အခြံအရံတို့"ဟု၊ မညမာနော- အောက်မေ့လျက်၊ ဘိဇ္ဇိတွာ- (အချစ်)ပျက်၍၊ တေ အမစ္စေ- ထိုအမတ်တို့ကို၊ ပက္កောသာပေတွာ- ခေါ်စေ၍၊ "ကိန္တိ- အဘယ်သို့၊ ကရောမ- ပြုရကုန်အံ့နည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ၊ ဒေဝ- အရှင်မင်းမြတ်၊ နံ- ထိုဗောဓိပရိဗိုဇ်ရဟန်းကို၊ ဂဏှာပေထ- ဖမ်းစေ

တော်မူလော၊ ဣတိ- ဤသို့၊ (အာဟံသု- လျှောက်တင်ကုန်ပြီ၊) ဩဠာရိကံ- ရုန့်ရင်းကြမ်းကြုတ်သော၊ အပရာဓံ- အပြစ်ကို၊ အပဿန္တာ- မမြင်ကုန်လျက်၊ ကထံ- အဘယ်သို့၊ ဂဏှာမ- ဖမ်းရအံ့နည်း၊ ဣတိ- ဤသို့၊ (အာဟ- ဆိုပြီ၊) မဟာရာဇ- အရှင်မင်းမြတ်၊ တေန ဟိ- ထိုသို့ဖြစ်လျှင်၊ အဿ- ထိုဗောဓိပရိဗိုဇ်ရဟန်း၏၊ ပကတိ ပရိဟာရံ- လျှမြဲတိုင်းသော ပူဇော်သက္ကာရကို၊ ဟာပေထ- ယုတ်စေတော်မူကုန်လော၊ တံ- ထိုပူဇော်သက္ကာရကို၊ ပရိဟာယန္တံ- ဆုတ်ယုတ်စေသည်ကို၊ ဒိသွာ- မြင်၍၊ ပဏ္ဍိတော- ပညာရှိသော၊ ပရိဗ္ဗာဇကော- ဗောဓိပရိဗိုဇ်ရဟန်းသည်၊ ကဿစိ- တစ်စုံတစ်ယောက်သော သူအား၊ အနာရောစေတွာ- မပြောကြားမူ၍၊ သယမေဝ- မိမိအလိုလိုသာလျှင်၊ ပလာယိဿတိ- ပြေးလတ္တံ့၊ ဣတိ- ဤသို့၊ (အာဟံသု- လျှောက်တင်ကုန်ပြီ။)

ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ "သာဓူ"တိ- "ကောင်းပြီ"ဟု၊ ဝတွာ- ဆို၍၊ အနုပုဗ္ဗေန- အစဉ်သဖြင့်၊ တဿ- ထိုဗောဓိပရိဗိုဇ်ရဟန်းအား၊ ပရိဟာရံ- ပူဇော်သက္ကာရကို၊ ပရိဟာပေသိ- ယုတ်စေပြီ၊ ပဌမဒိဝသံ- အစစွာသော နေ့၌၊ တာဝ- ရှေးဦးစွာ၊ နံ- ထိုဗောဓိပရိဗိုဇ်ရဟန်းအား၊ (ဝါ-ကို၊) တုစ္ဆပလ္လင်္ကေယေဝ- အခင်းမရှိ အချည်းနှီးသော ပလ္လင်၌သာလျှင်၊ နိသီဒါပေသုံ- နေစေကုန်ပြီ၊ သော- ထိုဗောဓိပရိဗိုဇ် ရဟန်းသည်၊ တုစ္ဆပလ္လင်္ကံ- အချည်းနှီးသော ပလ္လင်ကို၊ ဒိသွာဝ- မြင်၍သာလျှင်၊ ရညော- ဗြဟ္မဒတ်မင်း၏၊ ပရိဘိန္နဘာဝံ- အချစ်ပျက်သည်၏အဖြစ်ကို၊ ဥတွာ- သိ၍၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ ဥယျာနံ- ဥယျာဉ်သို့၊ ဂန္တွာ- သွား၍၊ တံဒိဝသမေဝ- ထိုနေ့၌ပင်လျှင်၊ ပက္ကမိတုကာမော- ဖဲသွားခြင်းငှာ အလိုရှိသည်၊ ဟုတွာပိ- ဖြစ်၍လည်း၊ "ဧကန္တေန- စင်စစ်အားဖြင့်၊ ဥတွာ- သိ၍၊ ပက္ကမိဿာမိ- ဖဲသွားအံ့၊" ဣတိ- ဤသို့ ကြံ၍၊ နပက္ကာမိ- မဖဲပြီ၊ အထ- ထို့နောင်မှ၊ ပုနဒိဝသေ- နက်ဖြန်နေ့၌၊ တုစ္ဆပလ္လင်္ကေ- အချည်းနှီးပလ္လင်၌၊ နိသိန္နဿ- နေသော၊ အဿ- ထိုဗောဓိပရိဗိုဇ်ရဟန်းအား၊ ရညော- ဗြဟ္မဒတ်မင်း၏၊ ပကတိဘတ္တဉ္စ- လျှမြဲတိုင်းသော ဆွမ်းကိုလည်းကောင်း၊ အညဉ္စ- တစ်ပါးသော ဆွမ်းကိုလည်းကောင်း၊ ဂဟေ-တွာ- ယူ၍၊ မိဿကဘတ္တံ- ရောနှော သော ဆွမ်းကို၊ အဒံသု- ပေးကြကုန်ပြီ၊ တတိယဒိဝသေ- သုံးရက်မြောက်သော နေ့၌၊ မဟာတလံ- မြတ်သော နန်းတော်အပြင်သို့၊ ပဝိသိတုံ- ဝင်ခြင်းငှာ၊ အဒတွာ- မပေးမူ၍၊ သောပါနသီသေယေဝ- လှေခါးဦး၌သာလျှင်၊ ဌပေတွာ- ထား၍၊ မိဿက- ဘတ္တံ- ရောနှောသောဆွမ်းကို၊ အဒံသု- ပေးကြကုန်ပြီ၊ သော- ထိုဘုရားလောင်း

ဗောဓိပရိဗ္ဗိုဇ်ရဟန်းသည်၊ တမ္ပိ- ထိုရောနှောသော ဆွမ်းကိုလည်း၊ အာဒါယ- ယူ၍၊ ဥယျာနံ- ဥယျာဉ်တော်သို့ ဂန္ဒာ- သွား၍၊ ဘတ္တကိစ္စံ- ဆွမ်းစားခြင်း ကိစ္စကို၊ အကာသိ- ပြုတော်မူပြီ၊ စတုတ္ထဒိဝသေ- လေးရက်မြောက်သော နေ့၌၊ ဟေဋ္ဌာပါသာဒေ- နန်းတော်ပြာသာဒ်အောက်၌၊ ဌပေတွာ- ထား၍၊ ကဏာဇကဘတ္တံ- ဆန်ကွဲထမင်းကို၊ အဒံသု- ပေးကြကုန်ပြီ၊ သော- ထိုဘုရားလောင်း ဗောဓိပရိဗ္ဗိုဇ်ရဟန်းသည်၊ တမ္ပိ- ထိုဆန်ကွဲထမင်းကိုလည်း၊ ဂဟေတွာ- ယူ၍၊ ဥယျာနံ- ဥယျာဉ်တော်သို့ ဂန္ဒာ- သွား၍၊ ဘတ္တကိစ္စံ- ဆွမ်းစားခြင်း ကိစ္စကို၊ အကာသိ- ပြုတော်မူပြီ၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ အမစ္စေ- အမတ်တို့ကို၊ ပုစ္ဆိ- မေးတော်မူပြီ၊ (ကိံ ပုစ္ဆိ- အဘယ်သို့မေးတော်မူသနည်း။)

"ဗောဓိပရိဗ္ဗာဇကော- ဗောဓိပရိဗ္ဗိုဇ်ရဟန်းသည်၊ သက္ကာရေ- ပူဇော်သက္ကာရကို၊ ပရိဟာပိတေပိ- ဆုတ်ယုတ်စေသော်လည်း၊ န ပက္ကမတိ- မဖဲ၊ နံ- ထိုဗောဓိပရိဗ္ဗိုဇ် ရဟန်းကို၊ ကိန္တိ- အဘယ်သို့လျှင်၊ ကရောမ- ပြုရကုန်အံ့နည်း၊" ဣတိ- ဤသို့ (ပုစ္ဆိ- မေးပြီ၊) ဒေဝ- အရှင်မင်းမြတ်၊ သော- ထိုဗောဓိပရိဗ္ဗိုဇ်ရဟန်းသည်၊ ဘတ္တတ္ထာယ- ဆွမ်းအကျိုးငှာ၊ န စရတိ- မကျင့်၊ ဆတ္တတ္ထာယပန- ထီးနန်းအကျိုး ငှာသာ၊ စရတိ- ကျင့်၏၊ ဘတ္တတ္ထာယ- ဆွမ်းအကျိုးငှာ၊ သစေ စရေယျ- အကယ်၍ ကျင့်ငြားအံ့၊ ပဌမဒိဝသံယေဝ- ရှေးဦးစွာသော နေ့၌ပင်လျှင်၊ ပလာယေယျ- ပြေးလေရာ၏၊ ဣတိ- ဤသို့ (အာဟံသု- လျှောက်တင်ကြကုန်ပြီ၊) ဣဒါနိ- ယခုအခါ၌၊ ကိံ- အဘယ်သို့၊ ကရောမ- ပြုရကုန်အံ့နည်း၊" ဣတိ- ဤသို့ (ရာဇာ- ပြဟ္မဒတ်မင်းသည်၊ ပုစ္ဆိ- မေးတော်မူပြီ၊) မဟာရာဇ- အရှင်မင်းမြတ်၊ သွေ- နက်ဖြန်၌၊ နံ- ထိုဗောဓိပရိဗ္ဗိုဇ် ရဟန်းကို၊ ဃာတာပေထ- သတ်စေတော်မူကုန်လော၊ ဣတိ- ဤသို့ (အာဟံသု- လျှောက်တင်ကြကုန်ပြီ။)

သော- ထိုပြဟ္မဒတ်မင်းသည်၊ "သာဓူ"တိ- ကောင်းပြီဟု၊ တေသံ- ထိုအမတ် တို့၏၊ ဟတ္ထေယေဝ- လက်၌သာလျှင်၊ ခဂ္ဂေ- သန်လျက်တို့ကို၊ ဌပေတွာ- ထား၍၊ "သွေ- မနက်ဖြန်၌၊ အန္တရဒွါရေ- တံခါးမ, တံခါးငယ်တို့၏အကြား၌၊ ဌတွာ- ရပ်၍၊ ပဝိသန္တသောဝ- ဝင်လာစဉ်သာလျှင်ဖြစ်သော၊ အဿ- ထိုဗောဓိပရိဗ္ဗိုဇ်ရဟန်း၏၊ သီသံ- ဦးခေါင်းကို၊ ဆိန္ဒိတွာ- ဖြတ်၍၊ ခဏ္ဍာခဏ္ဍိကံ- အပိုင်းအပိုင်းရှိသည်ကို၊ ကတွာ- ပြု၍၊ ကဉ္စိ- တစ်စုံတစ်ယောက်သော သူကို၊ အဇာနာပေတွာ- မသိစေမူ၍၊ ဝစ္စကုဋိယံ- ရေအိမ်တွင်း၌၊ ပက္ခိပိတွာ- ချပြီး၍၊ နှတွာ- ရေချိုး၍၊ အာဂစ္ဆေယျာထ- လာခဲ့ကြ ကုန်လော၊" ဣတိ- ဤသို့ အာဟ- ဆိုပြီ၊ တေ- ထိုအမတ်တို့သည်၊ "သာဓူ"တိ-

ကောင်းပြီဟု၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ "သွေ- နက်ဖြန်၌၊ အာဂန္တွာ- လာကုန်၍၊ ဧဝံ- ဤသို့ ကရိဿာမ- ပြုကုန်အံ့၊" ဣတိ- ဤသို့ အညမညံ- အချင်းချင်း၊ ဝိစာရေတွာ- စီရင်ကုန်၍၊ ဧဝံ- ဤသို့၊ အတ္တနော- မိမိ၏၊ နိဝေသနံ- အိမ်သို့၊ အဂမံသု- သွားကြကုန်ပြီ။

ရာဇာပိ- ပြဟ္မဒတ်မင်းသည်လည်း၊ သာယံ- ညဉ့်အခါ၌၊ ဘုတ္တဘောဇနော- ဘောဇဉ်ကို သုံးဆောင်အပ်ပြီးသည်ဖြစ်၍၊ သိရိသယနေ- အသရေရှိသော အိပ်ရာ၌၊ နိပဇ္ဇိတွာ- လျောင်း၍၊ မဟာသတ္တဿ- ဘုရားလောင်း၏၊ ဂုဏေ- ဂုဏ်ကျေးဇူးတို့ကို၊ အနုဿရိ- အောက်မေ့ပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုပြဟ္မဒတ်မင်းအား၊ တာဝဒေဝ- ထိုအောက်မေ့စဉ်ခဏ၌ပင်လျှင်၊ သောကော- စိုးရိမ်ခြင်းသည်၊ ဥပ္ပဇ္ဇိ- ဖြစ်ပြီ၊ သရီရတော- ကိုယ်မှ၊ သေဒါ- ချွေးတို့သည်၊ မုစ္စိံသု- ထွက်ကုန်ပြီ၊ သယနေ- အိပ်ရာ၌၊ အဿာသံ- သက်သာရာကို၊ အလဘန္တော- မရသည်ဖြစ်၍၊ အပရာပရံ- ထိုမှ ဤမှ၊ ပရိဝတ္တိ- တပြောင်းပြန်ပြန်ဖြစ်ပြီ၊ အထ- ထိုအခါ၌၊ အဿ- ထိုပြဟ္မဒတ်မင်း၏၊ အဂ္ဂမဟေသီ- မိဖုရားကြီးသည်၊ ဥပနိပဇ္ဇိ- အနီး၌ အိပ်ပြီ၊ သော- ပြဟ္မဒတ်မင်းသည်၊ တာယ- ထိုမိဖုရားကြီးနှင့်၊ သဒ္ဓိံ- အတူတကွ၊ သလ္လာပမတ္တမ္ပိ- စကားပြောဆိုခြင်းကို မျှလည်း၊ န ကရိ- မပြုပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုပြဟ္မဒတ်မင်းကို၊ သာ- ထိုမိဖုရားကြီးသည်၊ "မဟာရာဇ- အရှင်မင်းကြီး၊ ကိံ နုခေါ- အဘယ်ကြောင့်၊ သလ္လာပမတ္တမ္ပိ- စကားပြောဟောခြင်းကိုမျှလည်း၊ န ကရောထ- ပြုတော်မမူကုန်သနည်း၊ အပိ- စင်စစ်သော်ကား၊ မေ- ငါ့အား၊ ကောစိ- တစ်စုံတစ်ခုသော၊ အပရာဓော- အပြစ်သည်၊ အတ္ထိ နု ခေါ- ရှိသလော၊" ဣတိ- ဤသို့၊ (ပုစ္ဆိ- မေးလျှောက်ပြီ၊) ဒေဝိ- ရှင်မိဖုရား၊ နတ္ထိ- မရှိ၊ အပိ စ ခေါ- စင်စစ်သော်ကား၊ ဗောဓိပရိဗ္ဗာဇကော- ဗောဓိပရိဗိုဇ်ရဟန်းသည်၊ အမှာကံ- ငါတို့၏၊ ပစ္စတ္ထိကော- ရန်သူသည်၊ ဇာတောကိရ- ဖြစ်သတတ်၊ ဣတိ(တသ္မာ)- ထို့ကြောင့်၊ တဿ- ထိုဗောဓိပရိဗိုဇ်ရဟန်းအား၊ သွေ- နက်ဖြန်၌၊ ဃာတနတ္ထာယ- သတ်ခြင်းအကျိုးငှာ၊ ပဉ္စ- ငါးယောက်ကုန်သော၊ အမစ္စေ- အမတ်တို့ကို၊ အာဏာပေသိံ- စေလွှတ်လိုက်ပြီ၊ တေ ပန- ထိုအမတ်ငါးယောက်တို့သည်ကား၊ နံ- ထိုဗောဓိပရိဗိုဇ်ရဟန်းကို၊ မာရေတွာ- သတ်ပြီး၍၊ ခဏ္ဍာခဏ္ဍိကံ- အပိုင်း အပိုင်းရှိသည်ကို၊ ကတွာ- ပြုကုန်၍၊ ဝစ္စကူပေ- ကျင်ကြီးတွင်း၌၊ ပက္ခိပိဿန္တိ- ပစ်ချကုန်လတ္တံ့၊ သော ပန- ထိုဗောဓိပရိဗိုဇ်ရဟန်းသည်ကား၊ အမှာကံ- ငါတို့အား၊ ဒွါဒသ သံဝစ္ဆရာနိ- တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး၊ ဗဟုံ- များစွာသော၊ ဓမ္မံ- တရားကို၊ ဒေသေသိ-

ဟောလေပြီ၊ မယာ- ငါသည်၊ အဿ- ထိုဗောဓိပရိဗိုဇ်ရဟန်း၏၊ ဧကောပရာဓောပိ- တစ်စုံတစ်ခုသော အပြစ်ကိုလည်း၊ ပစ္စက္ခတော- မျက်မှောက်အားဖြင့်၊ န ဒိဋ္ဌပုဗ္ဗော- ရှေး၌ မမြင်အပ်ခဲ့ဖူးချေ၊ ပရပတ္တိယေန- သူတစ်ပါး၏ စကားကို ယုံကြည်သည်၊ ဟုတွာ- ဖြစ်၍၊ တဿ- ထိုဗောဓိပရိဗိုဇ်ရဟန်းကို၊ မယာ- ငါသည်၊ ဝဓော- သတ်လေဟူ၍၊ အာဏတ္တော- စေခိုင်းအပ်ပြီ၊ တေန ကာရဏေန- ထိုအကြောင်းကြောင့်၊ သောစာမိ- စိုးရိမ်၏၊ ဣတိ- ဤသို့ (အာဟ- ဆိုပြီ၊) အထ- ထိုသို့ပြောဆိုသောအခါ၌၊ နံ- ထိုပြဟ္မဒတ်မင်းကို၊ သာ- ထိုမိဖုရားကြီးသည်၊ "ဒေဝ- အရှင်မင်းကြီး၊ တေ- ထိုအရှင်မင်းကြီး၏၊ သော- ထိုဗောဓိပရိဗိုဇ်ရဟန်းသည်၊ ပစ္စတ္ထိကော- ရန်သူသည်၊ သစေ ဇာတော- အကယ်၍ဖြစ်ငြားအံ့၊ တံ- ထိုဗောဓိပရိဗိုဇ်ရဟန်းကို၊ ဃာတေန္တော- သတ်သည်ရှိသော်၊ ကိံ- အဘယ်သို့ သောစသိ- စိုးရိမ်တော်မူသနည်း၊ ပစ္စတ္ထိကံ နာမ- ရန်သူမည်သည်ကို၊ ပုတ္တမ္ပိ- သားကိုသော်လည်း၊ ဃာတေတွာ- သတ်၍၊ အတ္တနော- မိမိ၏၊ သောတ္ထိဘာဝေါ- ချမ်းသာသည်အဖြစ်ကို၊ ကာတဗ္ဗော- ပြုအပ်၏သာလျှင်တည်း၊ မာ သောစိတ္ထ- စိုးရိမ်တော်မမူလင့်၊" ဣတိ- ဤသို့ အဿာသေသိ- သက်သာရာရစေပြီ၊ သော- ထိုပြဟ္မဒတ်မင်းသည်၊ တဿာ- ထိုမိဖုရားကြီး၏၊ ဝစနေန- စကားဖြင့်၊ ပဋိလဒ္ဓဿာသော- ရအပ်သော သက်သာခြင်းရှိသည်ဖြစ်၍၊ နိဒ္ဒံ- အိပ်ပျော်ခြင်းသို့၊ ဩက္ကမိ- ရောက်ပြီ။

တသ္မိံ ခဏေ- ထိုခဏ၌၊ ကောလေယျကော- နန်းတွင်း၌ ပေါက်ဖွားသော၊ ပိင်္ဂလသုနခေါ- ပိင်္ဂလအမည်ရှိသော ခွေးသည်၊ တံ ကထံ- ထိုစကားကို၊ သုတွာ- ကြား၍၊ "သွေ- နက်ဖြန်၌၊ မယာ- ငါသည်၊ အတ္တနော- မိမိ၏၊ ဗလေန- အစွမ်းဖြင့်၊ အဿ- ထိုဗောဓိပရိဗိုဇ်ရဟန်းအား၊ ဇီဝိတံ- အသက်ကို၊ ဒါတုံ- ပေးခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊" ဣတိ- ဤသို့ စိန္တေတွာ- ကြံ၍၊ ပုနဒိဝသေ- နက်ဖြန်နေ့၌၊ ပါတောဝ- စောစောကပင်လျှင်၊ ပါသာဒါ- နန်းတော်ပြသာဒ်ထက်မှ၊ ဩရုယှ- သက်ဆင်း၍၊ မဟာဒွါရံ- တံခါးမသို့၊ အာဂန္တွာ- လာပြီး၍၊ ဥမ္မာရေ- တံခါးခုံပေါ်၌၊ သီသံ- ဦးခေါင်းကို၊ ကတွာ- ပြု၍၊ မဟာသတ္တဿ- ဘုရားလောင်း ဗောဓိပရိဗိုဇ်ရဟန်း၏၊ အာဂမနမဂ္ဂံ- လာလတ္တံ့သော လမ်းကို၊ ဩလောကေန္တော- ကြည့်မျှော်လျက်သာလျှင်၊ နိပဇ္ဇိ- ဝပ်နေပြီ၊ တေပိ အမစ္စာ- ထိုအမတ်တို့သည်လည်း၊ ပါတောဝ- စောစောကပင်လျှင်၊ ခဂ္ဂဟတ္ထာ- လက်၌ သန်လျက်ရှိကုန်သည်ဖြစ်၍၊ အာဂန္တွာ- လာကုန်၍၊ ဒွါရန္တရေ- တံခါးမ, တံခါးငယ်တို့၏ အကြား၌၊ အဋ္ဌံသု- တည်ကုန်ပြီ၊ ဗောဓိသတ္တောပိ-

ဘုရားလောင်း ဗောဓိပရိဗ္ဗိုဇ်ရဟန်းသည်လည်း၊ ဝေလံ- အချိန်အခါကို၊ သလ္လက္ခေတွာ- မှတ်၍၊ ဥယျာနာ- ဥယျာဉ်တော်မှ၊ နိက္ခမ္မ- ထွက်ခဲ့၍၊ ရာဇဒွါရံ- မင်းအိမ်တံခါးသို့၊ အာဂန္တွာ- သွားလေပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုဘုရားလောင်း ဗောဓိပရိဗ္ဗိုဇ်ကို၊ သုနခေါ- ပိင်္ဂလအမည်ရှိသော ခွေးသည်၊ ဒိသွာ- မြင်လေ၍၊ မုခံ- ခံတွင်းကို၊ ဝိဝရိတွာ- ဖွင့်၍၊ စတသော- လေးချောင်းကုန်သော၊ ဒါဌာ- အစွယ်တို့ကို၊ ဒဿေတွာ- ပြ၍၊ "ဘန္တေ- အရှင်ဘုရား၊ တွံ- အရှင်ဘုရားသည်၊ ဇမ္ဗုဒီပတလေ- ဇမ္ဗူဒိပ်ကျွန်းအပြင်၌၊ အညတ္ထ- တစ်ပါးသော ရပ်၌၊ ဘိက္ခံ- ဆွမ်းကို၊ န လဘတိ ကိံ- မရသလော၊ အမှာကံ- အကျွန်ုပ်တို့၏၊ ရာဇာ- အရှင်မင်းကြီးသည်၊ တဝ- အရှင်ဘုရားအား၊ မာရဏတ္ထာယ- သတ်စေခြင်းအကျိုးငှာ၊ ခဂ္ဂဟတ္ထေ- လက်၌သန်လျက်ရှိကုန်သော၊ ပဉ္စ- ငါးယောက်ကုန်သော၊ အမစ္စေ- အမတ်တို့ကို၊ ဒွါရန္တရေ- တံခါးနှစ်ခုတို့၏ အကြား၌၊ ဌပေသိ- ထားတော်မူပြီ၊ တွံ- အရှင်ဘုရားသည်၊ နလာဋ္ဌေန- နဖူးပြင်ဖြင့်၊ မစ္စုံ- သေမင်းကို၊ ဂဟေတွာ- ဆောင်ယူခဲ့၍၊ မာ အာဂမိ- မလာလင့်၊ သီဃံ- လျင်မြန်စွာ၊ ပက္ကမ- ဖဲသွားလေလော၊" ဣတိ- ဤသို့၊ မဟာသဒ္ဒေန- ပြင်းထန်စွာသော အသံဖြင့်၊ ဝိရဝိ- ဟောင်ပြီ၊ သော- ထိုဘုရားလောင်း ဗောဓိပရိဗ္ဗိုဇ်ရဟန်းသည်၊ သဗ္ဗရုတညာဏတာယ- အလုံးစုံသော သတ္တဝါတို့၏ အသံကို သိသည်၏အဖြစ်ကြောင့်၊ တမတ္ထံ- ထိုအကြောင်းကို၊ ဉတွာ- သိ၍၊ တတောဝ- ထိုအရပ်မှသာလျှင်၊ နိဝတ္တိတွာ- ပြန်လည်၍၊ ဥယျာနံ- ဥယျာဉ်တော်သို့၊ ဂန္တွာ- သွား၍၊ ပက္ကမနတ္ထာယ- (အရပ်တစ်ပါးသို့) ဖဲသွားခြင်း အကျိုးငှာ၊ ပရိက္ခာရေ- ပရိက္ခရာတို့ကို၊ အာဒိယိ- ယူပြီ။

ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ သီဟပဉ္ဇရေ- ခြင်္သေ့ခံသော လေသာတံခါးဝ၌၊ ဌိတော- ရပ်လျက်၊ တံ- ထိုဘုရားလောင်း ဗောဓိပရိဗ္ဗိုဇ်ရဟန်းကို၊ အာဂစ္ဆန္တဉ္စ- လာသည်ကိုလည်းကောင်း၊ ဂစ္ဆန္တဉ္စ- (ပြန်လည်၍)သွားသည်ကိုလည်းကောင်း၊ ဒိသွာ- မြင်၍၊ "အယံ- ဤဗောဓိပရိဗ္ဗိုဇ်ရဟန်းသည်၊ မမ- ငါ၏၊ ပစ္စတ္ထိကော- ရန်သူသည်၊ သစေ ဘဝေယျ- အကယ်၍ဖြစ်ငြားအံ့၊ ဥယျာနံ- ဥယျာဉ်တော်သို့၊ ဂန္တွာ- သွားပြီး၍၊ ဗလံ- ရဲမက်ဗိုလ်ပါကို၊ သန္နိပါတာပေတွာ- စုရုံးစည်းဝေးစေ၍၊ ကမ္မသဇ္ဇော- (ယုဒ္ဓ- သဇ္ဇော)- စစ်ထိုးမှုကို စီရင်ပြင်ဆင်ထားသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ (မမ- ငါ၏၊ ပစ္စတ္ထိကော- ရန်သည်၊) နောစေဘဝေယျ- အကယ်၍မဖြစ်ငြားအံ့၊ အတ္တနော- မိမိ၏၊ ပရိက္ခာရေ- မရှိမဖြစ်လိုအပ်သော ပရိက္ခရာတို့ကို၊ ဂဟေတွာ- ယူ၍၊ ဂမနသဇ္ဇော-

ပြေးသွားအံ့သောငှာ အစီအရင်ရှိသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ တာဝ- ရှေးဦးစွာ၊ အဿ- ထိုဗောဓိပရိဗိုဇ်ရဟန်း၏၊ ကိရိယံ- အမူအရာကို၊ ဇာနိဿာမိ- သိအောင်ပြုအံ့၊" ဣတိ- ဤသို့ ဥယျာန်- ဥယျာဉ်သို့ ဂန္တွာ- သွား၍၊ အတ္တနော- မိမိ၏၊ ပရိက္ခာရေ- မရှိမဖြစ်လိုအပ်သော ပရိက္ခရာတို့ကို၊ အာဒါယ- ယူ၍၊ "ဂမိဿာမိ"တိ- သွားအံ့ဟု၊ ပဏ္ဏသာလတော- သစ်ရွက်မိုးသော ကျောင်းမှ၊ နိက္ခန္တံ- ထွက်သော၊ မဟာသတ္တံ- ဘုရားလောင်း ဗောဓိပရိဗိုဇ်ကို၊ စက်မနကောင်ငှယံ- စကြိုဦး၍၊ ဒိသွာစ- မြင်၍သာလျှင်၊ ဝန္ဒိတွာ- ရှိခိုး၍၊ ဧကမန္တံ- တင့်သင့်လျောက်ပတ်သော အရပ်၌၊ ဌိတော- ရပ်လျက်၊ (ပုစ္ဆန္တော- မေးလျှောက်လိုသည်ဖြစ်၍)၊ "ကိံနု ဒဏ္ဍံ ကိမဇိနံ (ပ) ကိံ နု ပတ္ထယသေ ဒိသံ"န္တိ- "ကိံ နု ဒဏ္ဍံ ကိမဇိနံ (ပ) ကိံ နု ပတ္ထယသေ ဒိသံ"ဟူသော၊ ပဌမံ- ရှေးဦးစွာသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၂၄) ဗြာဟ္မဏ- မကောင်းမှုကို အပပြုပြီးသော ရှင်ရဟန်း၊ တွံ- အရှင်ဘုရားသည်၊ တရမာနရူပေါ- လျင်မြန်သော သဘောရှိလျက်၊ ဒဏ္ဍံ- တောင်ဝှေးကို၊ ကိံန္နုအဟာသိ- အဘယ်ကြောင့် ဆောင်ယူဘိသနည်း၊ အဇိနံ- သစ်နက်ရေကို၊ ကိံအဟာသိ- အဘယ်ကြောင့်ဆောင်ယူဘိသနည်း၊ ဆတ္တံ- ထီးကို၊ ကိံအဟာသိ- အဘယ်ကြောင့် ဆောင်ယူဘိသနည်း၊ ဥပါဟနံ- ဘိနပ်ကို၊ ကိံအဟာသိ- အဘယ်ကြောင့်ဆောင်ယူဘိသနည်း၊ အင်္ကုသဥ္စ- သပိတ်အိပ်ဆွဲသော ချွန်းကောက်ကိုလည်း၊ ကိံအဟာသိ- အဘယ်ကြောင့် ဆောင်ယူဘိသနည်း၊ ပတ္တဥ္စ- သပိတ်ကိုလည်း၊ ကိံအဟာ-သိ- အဘယ်ကြောင့် ဆောင်ယူဘိသနည်း၊ သံဃာဋိဥ္စာပိ- ဒုကုဋ်ကိုလည်း၊ ကိံအဟာသိ- အဘယ် ကြောင့် ဆောင်ယူဘိသနည်း၊ တွံ- အရှင်ဘုရားသည်၊ [ကိံနုဒိသံ(ကိန္နုဒိသံ)]- အဘယ်အရပ်မျက်နှာကိုလျှင်၊ ပတ္ထယသေ- သွားခြင်းငှာ တောင့်တတော်မူသနည်း။

တဿ- ထိုကိံ နု ဒဏ္ဍံစသော ဂါထာ၏၊ အတ္ထော- အနက်သည်ကား၊ ဘန္တေ- အရှင်ဘုရား၊ ပုဗ္ဗေ- ရှေး၌၊ တွံ- အရှင်သည်၊ အမှာကံ- ငါတို့၏၊ ယရံ- အိမ်သို့၊ အာဂစ္ဆန္တော- လာသည်ရှိသော်၊ ဒဏ္ဍာဒီနိ- တောင်ဝှေးအစရှိသည်တို့ကို၊ န ဂဏှာ-သိ- မကိုင်ဆောင်၊ အဇ္ဇ ပန- ယနေ့၌ကား၊ ကေန ကာရဏေန- အဘယ်အကြောင်းကြောင့်၊ ဒဏ္ဍဥ္စ- တောင်ဝှေးကိုလည်းကောင်း၊ အဇိနဥ္စ- သစ်နက်ရေအခင်းကိုလည်း ကောင်း၊ ဆတ္တုပါဟနဥ္စ- ထီးဖိနပ်ကိုလည်းကောင်း၊ မတ္တိက ပသိဗ္ဗကောလမ္ဗန-

အက္ကိုသဥ္စ- မြေသပိတ်အိတ်ကို ဆွဲကြောင်းဖြစ်သော ချွန်းချိတ်ကိုလည်းကောင်း၊ မတ္တိကပတ္တဥ္စ- မြေသပိတ်ကိုလည်းကောင်း၊ သံယာဋ္ဌိဥ္စ- ဒုကုဋ္ဋိကိုလည်းကောင်း၊ ဣတိ- ဤသို့ သဗ္ဗေပိ- အလုံးစုံလည်းဖြစ်ကုန်သော၊ ဣမေ ပရိက္ခာရေ- ဤပရိက္ခရာတို့ကို၊ တရမာနရူပေါ- အဆောတလျင် ခရီးကြွလိုသော သဘောရှိသည်၊ (ဟုတ္တာ- ဖြစ်၍၊) ဂဏှာသိ- ကိုင်ဆောင်၏၊ ကတရံ- အဘယ်မည်သော၊ ဒိသံ- အရပ်မျက်နှာသို့ (ဂန္တုံ- သွားခြင်းငှာ၊) ပတ္ထေသိနု- တောင့်တသနည်း၊ ကတ္ထ- အဘယ်အရပ်သို့ ဂန္တုကာမော- သွားခြင်းငှာအလိုရှိသည်၊ အသိ- ဖြစ်သနည်း၊ ဣတိ- ဤသို့ ပုစ္ဆိ- မေးပြီ။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ မဟာသတ္တော- ဘုရားလောင်း ဗောဓိပရိဗိုဇ် ရဟန်းသည်၊ 'အယံ- ဤမင်းသည်၊ အတ္တနာ- မိမိသည်၊ ကတကမ္မံ- ပြုအပ်သော အမှုကို၊ န ဇာနာတိ- မသိ၊ ဣတိ- ဤသို့ မညတိ- မှတ်ထင်လေ၏၊ (တသ္မာ- ထို့ကြောင့်၊) နံ- ထိုပြဟ္မဒတ်မင်းကို၊ ဇာနာပေဿာမိ- သိစေအံ့၊" ဣတိ- ဤသို့၊ (ဇာနာပေန္တော- သိစေတော်မူလိုသည်ဖြစ်၍၊) "ဒွါဒသေတာနိ ဝဿာနိ (ပ) ဝီတသဒ္ဒံ မံ ပတိ"တိ- "ဒွါဒသေတာနိ ဝဿာနိ (ပ) ဝီတသဒ္ဒံ မံ ပတိ" ဟူကုန်သော၊ ဒွေဂါထာ- နှစ်ဂါထာတို့ကို၊ အဘာသိ- ဆိုတော်မူပြီ။

(၁၂၅) မဟာရာဇ- မင်းမြတ်၊ တဝန္တိကေ- ဒါယကာမင်းမြတ်အထံ၌၊ ဝသိတာနိ- မင်းမြတ်ကို အမှီပြု၍နေအပ်ကုန်သော၊ ယာနိဒွါဒသဝဿာနိ- အကြင် တစ်ဆယ့်နှစ်နှစ်တို့သည်၊ သန္တိ- ရှိကုန်၏၊ ဧတာနိဒွါဒသဝဿာနိ- ထိုတစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး၊ ပိင်္ဂလေန- ပိင်္ဂလအမည်ရှိသော၊ သောဏေန- အရှင်မင်းမြတ်၏ ခွေးတော်သည်၊ မံ- ငါ့ကို၊ အဘိကူဇိတံ- ပြင်းထန်စွာ ဟောင်ဖူးသည်ကို၊ အဟံ- ငါသည်၊ နာဘိဇာနာမိ- မသိစဘူး။

(၁၂၆) မံပတိ- ငါ၏ကိုယ်တွင်း၌၊ သဘရိယဿ- မိဖုရားနှင့်တကွ၊ ဝီတသဒ္ဒဿ- သဒ္ဒါကြည်ညိုခြင်းကင်းထသော၊ တဝ- အရှင်မင်းမြတ်၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ သွာယံသောအယံသုနခေါ- ထိုခွေး တော်ပိင်္ဂလသည်၊ သုက္ကဒါဌ်- ဖြူသော အစွယ်လေးချောင်းကို၊ ဝိဒံသယံ- ဖော်ပြလျက်၊ ဒိတ္တော၀- ဆုံးမဘိသကဲ့သို့၊ မံ- ငါ့ကို၊ နဒတိ- ပြင်းစွာ ဟောင်၏။

တတ္ထ- ထိုဒွါဒသေတာနိစသော ဂါထာတို့၌၊ **အဘိကူဇိတန္တိ**- အဘိကူဇိတံဟူသည်ကား၊ တဝ- သင်၏၊ ဧတေန သုနခေန- ထိုခွေးသည်၊ ဧဝံ- ဤသို့ မဟာဝိရ-

ဝေန- ကျယ်စွာသော ဟောင်သံဖြင့်၊ ဝိရဝိတံ- ရှေး၌ဟောင်ခဲ့ဖူးသည်ကို၊ (အဟံ-ငါသည်၊) န ဇာနာမိ- မသိ၊ **ဒိတ္တော ဝါ**တိ- ဒိတ္တော ဝဟူသည်ကား၊ ဒပ္ပိတောဝိယ-မာန်မူသကဲ့သို့၊[၁] (ဝါ) ငါ့ကို ဆုံးမဘိသကဲ့သို့၊ **သဘာရိယသာ**တိ- သဘာရိယဿဟူသည်ကား၊ သဘာရိယဿ- မယားနှင့် တကွဖြစ်သော၊ တဝ- သင်၏၊ မမ- ငါ့ကို၊ မာရဏတ္ထာယ- သတ်စိမ့်သောငှာ၊ ပဋ္ဌန္နံ- ငါးယောက်ကုန်သော၊ အမစ္စာနံ- အမတ်တို့ကို၊ အာဏတ္တဘာဝံ- စေခိုင်းသည်၏အဖြစ်ကို၊[၂] ကထေန္တဿ- ပြောဆိုနေစဉ်၊ သုတွာ- ကြားရ၍၊ ကိံ- အသို့နည်း၊ တွံ- သင်သည်၊ အညတ္ထ- တစ်ပါးသော အရပ်၌၊ ဘိက္ခံ- ဆွမ်းကို၊ န လဘသိ- မရလေသလော၊ ရညာ- မင်းသည်၊ တေ- သင့်ကို၊ ဝဓော- သတ်ခြင်းကို၊ အာဏတ္တော- စေခိုင်းအပ်ပြီ၊ က္လစ- ဤအရပ်သို့၊ မာဂစ္ဆိ- မကြွပါလင့်၊ က္လတိ- ဤသို့ ဒိတ္တော၀- မာန်မူသကဲ့သို့ နဒတိ- ဟောင်၏၊ ဝီတသဒ္ဒဿ

---

**၁။** ဒပ္ပိတော ဝိယ= ဒိတ္တော-ပုဒ်သည် ဒီပ-ဓာတ်၊ ထွန်းပခြင်း အနက်ဖြင့်လည်း ရုပ်ပြီးနိုင်၏၊ သက္ကတ၌ ဒပ-ဓာတ်၊ မာန်မူခြင်းအနက်ဖြင့်လည်း ရုပ်ပြီးနိုင်၏၊ ဤ၌ ဒပ္ပိတော-ဟု ဖွင့်သဖြင့် တောက်ပခြင်းအနက် ဟောမဟုတ်ဟု သိနိုင်သည်၊ ပါဠိတော်နိဿယ၌ ဒိတ္တော၀-ကို ဆုံးမဘိသကဲ့သို့ဟု အနက်ပေးထားသည်၊ အဓိပ္ပါယတ္ထဟုသိလေ၊ ခွေးထီးများတစ်ကောင်နှင့် တစ်ကောင်တွေ့လျှင် သွားဖြဲ၍ ဟောင်ကြ မာန်မူကြခြင်းဖြစ်သည်၊ ဤ၌လည်း ရဟန်းကိုမြင်လျှင် အသံ ကျယ်ကျယ်ဖြင့် ဟောင်လေ၏။

**၂။** အာဏတ္တဘာဝံ= အာဏာပုဒ်ကို ပါဠိဆရာတို့က အဏ-ဓာတ်၊ အာဏ-ဓာတ်ဟု ရုပ်ကြံကြ၏၊ သက္ကတ၌ အာ-ရှေ့ရှိသော ဇ္ဉာ (ဇ နှင့် ဉ ကို အထက်အောက်ဆင့်ရမည်၊ ဆင့်မရ၍ ဤအတိုင်းရိုက်ထားသည်၊)-ဓာတ်ဖြစ်သည်၊ ဇဉ-၌ ဇ-ဗျည်းအားကောင်းလျှင် ဇာနာတိ-ဟု ပါဠိရုပ်ဖြစ်၍ ဉ-ဗျည်းအား ကောင်းလျှင် ဉာယတိ-ဟု ပါဠိရုပ်ဖြစ်၏၊ ၎င်း ဉာ-သည် စ-ဝဂ်မှ ဋ-ဝဂ်သို့ ဌာန်ပြောင်းလျှင် ဏ-ဗျည်းဖြစ်သွား၏၊ ဥပမာ ငါးဆယ်သချ်ာအနက်ဟော ပညာသ-မှ ပဏ္ဏာသ-သို့ ပြောင်းသကဲ့သို့တည်း၊ ဤပုဒ်လည်း ထို့အတူ ဏ-သို့ပြောင်း၍ အာဏာဟု ဖြစ်သည်၊ ဓာတ်နောင် ကာရိတ်ပစ္စည်းသက်၊ ၎င်းပစ္စည်းကို ချေ၊ ကာရိုက်ပစ္စည်းကျေလျှင် ၎င်းနေရာ၌ ပ-ဗျည်းကလေးကျန်နေတတ်၏၊ ၎င်း ပ-ဗျည်းသည် ကျေသွားသော ကာရိုက်ပစ္စည်းကို ထွန်းပြ၏၊ ၎င်း ပ-ဗျည်းသည် နောက်၌သရရှိလျှင် သရကိုမှီ၍တည်သော်လည်း၊ ဗျည်းရှိလျှင်မူ ထိုဗျည်းနှင့် အသံတူသဒိသရုပ်ပြုရသည်၊ ဤ-နောက်က တ-ပစ္စည်းသက်ထား၍ ၎င်း တ-နှင့် သဒိသပြုသော် တ္တ-ဟု သံယုတ်ဖြစ်သွားသည်၊ သိ+စေ=ဟု အနက်ရ၏၊ ဤဟာကို လုပ်ရမည် ဤဟာကို မလုပ်ရ၏ သိစေခြင်းသည်ပင် အမိန့်ပေးခြင်းဖြစ်သည်၊ စေခိုင်းခြင်းဟု လည်းဆိုရ၏၊ အာဏတ္တဿ ဘာဝေါ-ဟု သမာသ်တွဲ၍ စေခိုင်းသည်၏အဖြစ်ဟု အနက်ထွက်၏၊ စေခိုင်းသည်၏ အဖြစ်ဆိုသည်မှာ စေခိုင်းကြောင်းဖြစ်သော အမိန့်ပေးသည့် စကားပင်တည်း၊ ထိုစကားကို ပြောနေစဉ်ကြားသိ၍-ဟု အဓိပ္ပါယ်အဖြောင့်ယူလေ။

မံ ပတီတိ- ဝီတသဒ္ဒဿ မံ ပတိဟူသည်ကား၊ မမ- ငါ၏၊ အန္တရေ- အတွင်း၌၊ (ဝါ) မမန္တရေ- ငါ့အပေါ်၌၊ ဝိဂတသဒ္ဒဿ- ကင်းသောသဒ္ဒါတရားရှိသော၊ တဝ- သင်၏၊ ဝစနံ- စကားကို၊ သုတွာ ဧဝ- ကြား၍သာလျှင်၊ နဒတိ- ဟောင်၏၊ က္ကတိ- ဤသို့ အာဟ- ပြောပြီ။

တတော- ထို့နောင်မှ၊ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ အတ္တနော- မိမိ၏၊ ဒေါသံ- အပြစ်ကို၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ ခမာပေန္တော- သည်းခံစေ (ကန်တော့လို) သည်ဖြစ်၍၊ "အဟု ဧဝ ကတော (ပ) ဗြာဟ္မဏ မာ'ဂမာ"တိ- "အဟု ဧဝ ကတော (ပ) ဗြာဟ္မဏ မာ'ဂမာ"-ဟူသော၊ စတုတ္ထံ- လေးခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

(၁၂၇) ဗြာဟ္မဏ- မကောင်းမှုကို အပပြုပြီးသော အရှင်မြတ်၊ မမ- အကျွန်ုပ်၏၊ ဒေါသံ- အပြစ်ကို၊ ယထာ- အကြင် အခြင်းအရာဖြင့်၊ ဘာသသိ- ဆိုတော်မူ၏၊ တထာ- ထိုအရှင်ဘုရားဆိုတော်မူတိုင်း၊ မယာ- အကျွန်ုပ်သည်၊ ဧသဧသောဒေါသော- သတ်ပေတော့ဟူ၍ စေခြင်းဟူသော ဤအပြစ်ကို၊ ကတော- ပြုအပ်သည်၊ အဟု- ဖြစ်ချေ၏၊ ဧသဧသောအဟံပန- ဤသို့ ဗောဓိပရိဗိုဇ်ကို သတ်ပေတော့ဟူ၍ စေမိသော အပြစ်ရှိသော အကျွန်ုပ် သည်ကား၊ ဘိယျော- အတိုင်းထက်အလွန်၊ ပသီဒါ-မိ- ယခု ကြည်ညိုလှပါပြီ၊ ဗြာဟ္မဏ- မကောင်းမှုကို အပပြုပြီးသော အရှင်မြတ်၊ ဝသ- ဤ၌တွင်သာ နေတော်မူပါလော၊ မာဂမာ- တစ်ပါးသော အရပ်သို့ ကြွတော်မမူပါလင့်။

တတ္ထ- ထိုအဟု ဧသစသော ဂါထာ၌၊ **ဘိယျော**တိ- ဘိယျောဟူသည်ကား၊ သစ္စံ- မှန်၏၊ မယာ- ငါသည်၊ ဧဝံ- ဤသို့ အာဏတ္တံ- စေခိုင်းအပ်ပြီ၊ အယံ- ဤ စေခိုင်းခြင်းသည်၊ မေ- ငါ၏၊ ဒေါသော- အပြစ်တည်း၊ ပန- ဆက်၍ဆိုဦးအံ့၊ ဧသ အဟံ- ထိုငါသည်၊ က္ကဒါနိ- ယခုအခါ၌၊ အဓိကတရံ- ပို၍၊ တယိ- သင်၌၊ ပသီဒါမိ- ကြည်ညိုပါ၏၊ က္ကဓေဝ- ဤအရပ်၌သာလျှင်၊ ဝသ- နေပါလော့၊ အညတ္ထ- တစ်ပါးသော အရပ်သို့၊ မာ ဂမိ- မကြွပါလင့်၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ မဟာသတ္တော- ဘုရားလောင်း ဗောဓိပရိဗိုဇ်ရဟန်းသည်၊ "မဟာရာဇ- မြတ်သော မင်းကြီး၊ ပဏ္ဍိတာနာမ- ပညာရှိ မည်သည်တို့သည်၊ တာဒိသေန- ထိုသို့သဘောရှိသော၊ ပရပတ္တိယေန- သူတစ်ပါးတို့၏ စကားကို ယုံကြည်တတ်သော၊ အပစ္စက္ခကာရိနာ- မျက်မြင်ပြုလေ့မရှိသော သူနှင့်၊

သဒ္ဓိံ- အတူတကွ၊ န ဝသန္တိ- မနေကုန်၊” က္လတိ- ဤသို့၊ ဝတွာ- ဆို၍၊ တဿ- ထိုပြဟ္မဒတ်မင်း၏၊ အနာစာရံ- မရှိမသေပြုခြင်းကို၊ ပကာသေန္တော- ထင်ရှားပြုတော်မူလိုသည်ဖြစ်၍၊ “သဗ္ဗသေတော (ပ) ဟောမ အပ္ပိယာ”တိ- “သဗ္ဗသေတော (ပ) ဟောမ အပ္ပိယာ”ဟူကုန်သော၊ (နဝ ဂါထာ- ကိုးဂါထာတို့ကို၊) အာဟ- ဆိုပြီ။

(၁၂၈) မဟာရာဇ- မင်းမြတ်၊ ပုရေ- ရှေးအခါ၌၊ တယာ- သင်မင်းမြတ်သည်၊ မမ- ငါအား၊ ဒိန္နော- လှူအပ်သော၊ ဩဒနော- ဆွမ်းသည်၊ သဗ္ဗ-သေတော- အလုံးစုံဖြူသည်၊ အာသိ- ဖြစ်၏၊ တတောပိ- ထိုနောင်မှလည်း၊ သဗလော- ကြောင်ကျားသည်၊ အဟု- ဖြစ်ပြီ၊ က္လဒါနိ- ယခုတမူကား၊ သဗ္ဗလောဟိတကော- အလုံးစုံနီသည်၊ ဇာတော- ဖြစ်၏၊ က္လဒါနိ- ယခု၊ မမ- ငါအား၊ ပက္ကမိတုံ- အရပ်တစ်ပါးသို့ သွားအံ့သောငှာ၊ ကာလော-အခါသင့်ပြီ။

(၁၂၉) မဟာရာဇ- မင်းမြတ်၊ ပုရေ- ရှေးအခါ၌၊ မမ- ငါ၏၊ အဗ္ဘာ-အကျိုးငှာ၊ ပညတ္တံ- ခင်းအပ်သော၊ အာသနံ- နေရာသည်၊ အဗ္ဘန္တရံ-ထီးဖြူဆောင်သော ရာဇပလ္လင်ဟု ဆိုအပ်သော အတွင်းတော်၌၊ အာသိ-ဖြစ်၏၊ တတော- ထိုနောင်မှ၊ မဇ္ဈေ- လှေကားတော်ဦးဟု ဆိုအပ်သော အလယ်၌၊ အာသိ- ဖြစ်၏၊ တတော- ထိုနောင်မှ၊ ဗဟိ- အပ၌၊ ဟောတိ-ဖြစ်၏၊ နိဒ္ဓမနာ- လည်ဆစ်ကို ကိုင်၍ နှင်ထုတ်ခြင်းကို၊ ပုရာဟောတိ-မဖြစ်မီခင်၊ အဟံ- ငါသည်၊ သယမေဝ- အလိုလိုသာလျှင်၊ ဝဇာမိ-သွားတော့အံ့။

(၁၃၀) အနောဒကံ- ရေမရှိသော၊ ဥဒပါနံ- ရေတွင်းကို၊ နသေဝေယျ- ကလဝ-မမှီဝဲရာသကဲ့သို့၊ တထာ- ထို့အတူ၊ မဟာရာဇ- မင်းမြတ်၊ ဝီတသဒ္ဓံ-ကြည်ညိုခြင်းကင်းသော သူကို၊ နသေဝေယျ- မမှီဝဲရာ၊ နံ- ထိုရေမရှိသော ရေတွင်းကို၊ သစေပိအနုခဏေ- အကယ်၍လည်း ယက်ရာ တူးရာသေး၏၊ တထာပိ- ထိုသို့ တူးငြား ယက်ငြားသော်လည်း၊ ဝါရိ- ရေသည်၊ ကဒ္ဒမဂန္ဓိကံ-ညွန်စော်နံ့သည်၊ ဘဝေယျ- ဖြစ်ရာ၏။

(၁၃၁) မဟာရာဇ- မင်းမြတ်၊ ဥဒကတ္ထိကော- ရေကို အလိုရှိသော သူသည်၊ ရဟာဒံ- နက်စွာသော ရေအိုင်ကြီးသို့၊ ပတွာ- ရောက်၍၊ ပသန္နံ- ကြည်လင်သော ရေကို၊ ပယိရူပါသေယျက္လဝ- မှီဝဲသုံးဆောင်ရာသကဲ့သို့၊ တထာ-ထို့အတူ၊ ပဏ္ဍိတော- ပညာရှိသော သူသည်၊ ပသန္နမေဝ- မိမိအား

ကြည်ညိုသော သူကိုသာလျှင်၊ သေဝေယျ- ပေါင်းဖော် မှီဝဲရာ၏၊ အပ္ပသန္နံ- မိမိအား မသဒ္ဓါ မကြည်ညိုသော သူကို၊ ဝိဝဇ္ဇယေ- ရှောင်လွှဲ ခွါရဲရာ၏။

(၁၃၂) မဟာရာဇ- မင်းမြတ်၊ ဘဇန္တံ- မိမိကို မှီဝဲဆည်းကပ်သော၊ ပုရိသံ- မိမိစီးပွား ချမ်းသာကို အလိုရှိသော ယောကျ်ားကို၊ ဘဇေ- မှီဝဲဆည်းကပ် ရာ၏၊ အဘဇန္တံ- မိမိကို မမှီဝဲ မဆည်းကပ်သော ရန်သူကို၊ [နဘဇ္ဇယေ (နဘဇယေ)]- မမှီဝဲ မဆည်းကပ်ရာ၊ ယော- အကြင်သူသည်၊ ဘဇန္တံ- မိမိကို မှီဝဲဆည်းကပ်သော မိတ်ဆွေခင်ပွန်းဖြစ်သော သူကို၊ [နဘဇ္ဇတိ (နဘဇတိ)]- မမှီဝဲ မဆည်းကပ်၊ သော- ထိုသူသည်၊ အသပ္ပုရိသဓမ္မော- သူယုတ်မာတို့၏ အကျင့်ရှိသော သူမည်၏။

(၁၃၃) မဟာရာဇ- မင်းမြတ်၊ သာခဿိတော- သစ်ခက်ကို မှီသော၊ မိဂေါယထာ- မျောက်ကဲ့သို့၊ ယော- အကြင်သူသည်၊ ဘဇန္တံ- မိမိကို ဆည်းကပ်သော သူကို၊ နဘဇတိ- မဆည်းကပ်၊ သေဝမာနံ- မိမိကို မှီဝဲသော သူကို၊ နသေဝတိ- မမှီဝဲ၊ သော- ထိုသူသည်၊ ဝေ- စင်စစ်၊ မနုဿပါပိဋ္ဌော- အလွန်ယုတ်မာသော သူမည်၏။

(၁၃၄) မဟာရာဇ- မင်းမြတ်၊ အစ္စာဘိက္ခဏသံသဂ္ဂါ- မပြတ်ပေါင်းဖော် လွန်ခြင်းကြောင့်လည်းကောင်း၊ အသမောသရဏေနစ- မပေါင်းဖော်ခြင်း ကြောင့်လည်းကောင်း၊ အကာလေ- မလျောက်ပတ်သောကာလ၌၊ ယာစနာယစ- ချစ်မြတ်နိုးသော ဥစ္စာကို တောင်းခြင်းကြောင့်လည်းကောင်း၊ ဧတေနကာရဏေန- ထိုဆိုအပ်ပြီးသော အကြောင်းကြောင့်၊ မိတ္တာ- အဆွေခင်ပွန်းတို့သည်၊ [ဇီရန္တိ(ဇိရန္တိ)]- ဆွေးမြည့် ပျက်စီးကုန်၏။

(၁၃၅) တသ္မာ- ထိုကြောင့်၊ အဘိက္ခဏံ- အစဉ်မပြတ်၊ နဂစ္ဆေ- မဆည်း ကပ်ရာ၊ စိရာစိရံ- အလွန်မြင့်ရှည်စွာလည်း၊ နစဂစ္ဆေ- မဆည်းကပ်ဘဲ မနေရာ၊ ကာလေန- လျောက်ပတ်သောကာလ၌၊ ယာစံ- တောင်းအပ်သော ဥစ္စာကို၊ ယာစေယျ- တောင်းရာ၏၊ ဧဝံဣမိနာ ပကာရေန- ဤသို့သော အပြားအားဖြင့်၊ စရမာနေ- ကျင့်သည်ရှိသော်၊ မိတ္တာ- အဆွေခင်ပွန်းတို့သည်၊ [နဇီယရေ(နဇိယျရေ)]- မဆွေမြည့် မပျက်စီးကုန်။*

---

* နစဂစ္ဆေ=မဆည်းကပ်ဘဲမနေရာဟု ပဋိသေဓ နှစ်ချက်ပြထားသဖြင့် ဆည်းကပ်ရ မည်ဟု အဓိပ္ပါယ်ရသည်၊ အဋ္ဌကထာနှင့် မညီပေ အလွန်အချိန်ကြာမှ မသွားပါနှင့် အချိန်သိပ် မကြာခင်သွားပါဟု ဆိုလိုသည်။

(၁၃၆) မဟာရာဇ- မင်းမြတ်၊ အတိစိရံ- အလွန်ကြာမြင့်စွာ၊ နိဝါသေန- နေခြင်းကြောင့်၊ ပိယော- ချစ်မြတ်နိုးသော သူသည်၊ အပ္ပိယော- မုန်းသော သူသည်၊ ဘဝတိ- ဖြစ်တတ်ချေ၏၊ မဟာရာဇ- မင်းမြတ်၊ မယံ- ငါတို့သည်၊ တေ- သင်မင်းမြတ်၏၊ အပ္ပိယာ- မုန်းတော်မမူသည်၊ ပုရာဟောမ- မဖြစ်ကုန်မီ၊ တံ- သင်မင်းမြတ်ကို၊ အာမန္တခေါ်- ပန်ကြား၍သာလျှင်၊ ဂစ္ဆာမ- သွားပါကုန်အံ့။

တတ္ထ- ထိုသဗ္ဗသေတောစသော ဂါထာတို့၌၊ **သဗ္ဗသေတော**တိ- သဗ္ဗသေတောဟူသည်ကား၊ မဟာရာဇ- မြတ်သော မင်းကြီး၊ ပဌမမေဝ- ရှေးဦးကပင်လျှင်၊ တဝ- သင်၏၊ နိဝေသနေ- နေအိမ်၌၊ မမ- ငါ့အတွက်၊ ဩဒနော- ထမင်းသည်၊ သဗ္ဗသေတော- အလုံးစုံဖြူသည်၊ အဟောသိ- ဖြစ်ခဲ့ပြီ၊ ယံ- အကြင် ထမင်းကို၊ တွံ- သင်သည်၊ ဘုဥ္ဇသိ- စား၏၊ တမေဝ- ထိုထမင်းကိုသာလျှင်၊ ဒါပေသိ- ပေးစေ၏၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **တတော**တိ- တတောဟူသည်ကား၊ တတော ပစ္ဆာ- ထိုမှနောက်၌၊ ပရိဘေဒကာနံ- ကုန်းတိုက်သူတို့၏၊ ဝစနံ- စကားကို၊ ဂဟေတွာ- ယူ၍၊ တဝ- သင်၏၊ မယိ- ငါ့အပေါ်၌၊ ဝိရတ္တကာလေ- ချစ်ခြင်းကင်းသောအခါ၌၊ သဗလော- ပြောက်ကျားသော၊ မိဿကောဒနော- အရောအရောသော ထမင်းသည်၊ ဇာတော- ဖြစ်ခဲ့ပြီ၊ **ဒါနိ**တိ- ဒါနိဟူသည်ကား၊ က္ကဒါနိ- ယခုအခါ၌၊ သဗ္ဗလောဟိတကော- အလုံးစုံနီသော ထမင်းသည်၊ ဇာတော- ဖြစ်ခဲ့ပြီ၊ **ကာလော**တိ- ကာလောဟူသည်ကား၊ အဂုဏညဿ- ဂုဏ်ကျေးဇူးကို မသိသော၊ တဝ- သင်၏၊ သန္တိကာ- အထံမှ၊ က္ကဒါနိ- ယခုအခါ၌၊ မမ- ငါ၏၊ ပက္ကမိတုံ- ပယ်ခွါခြင်းငှာ၊ ကာလော- အချိန်တည်း၊ **အဗ္ဘန္တရန္တိ**- အဗ္ဘန္တရံဟူသည်ကား၊ ပဌမံ- ရှေးဦးစွာ၊ မမ- ငါ့အတွက်၊ အဗ္ဘန္တရံ- အတွင်းဖြစ်သော၊ အာသနံ- နေရာသည်၊ အာသိ- ဖြစ်ခဲ့ပြီ၊ အလင်္ကတမဟာတလမ္ပိ- တန်ဆာဆင်အပ်သော ကြီးမားသော နန်းရင်ပြင်၌၊ ဥဿိတ သေတစ္ဆတ္တေ- စိုက်ထောင်အပ်သော ထီးဖြူရှိသော၊ ရာဇပလ္လင်္ကေယေဝ- ရာဇပလ္လင်၌သာလျှင်၊ မံ- ငါ့ကို၊ နိသီဒါပေသုံ- နေစေခဲ့ကြကုန်ပြီ၊ **မဇ္ဈေ**တိ- မဇ္ဈေဟူသည်ကား၊ သောပါနမတ္တကေ- စောင်းတန်းထိပ်၌၊ **ပုရာ နိဒ္ဓမနာ ဟောတိ**တိ- ပုရာ နိဒ္ဓမနာ ဟောတိဟူသည်ကား၊ ယာဝ- အကြင်မျှလောက်၊ ဂီဝါယံ- လည်ကို၊ ဂဟေတွာ- ကိုင်၍၊ နိက္ကမနာ- နှင်ထုတ်ခြင်းသည်၊ န ဟောတိ- မဖြစ်သေး၊ (တာဝ- ထိုသို့လည် ကိုကိုင်၍ မနှင်ထုတ်မီ။)

**အနုခဏေ**တိ- အနုခဏေဟူသည်ကား၊ အနုဒကံ- ရေမရှိသော၊ ဥဒပါနံ- ရေတွင်းသို့၊ ပတ္တော- ရောက်သော၊ ပုရိသော- ယောကျ်ားသည်၊ ဥဒကံ- ရေကို၊ အပဿန္တော- မမြင်သည်ဖြစ်၍၊ ကလလံ- ရွံ့ညွန်ကို၊ ဝိယူဟိတွာ- ဖယ်ရှား၍၊ သစေပိအနုခဏေယျ- အကယ်၍ကား တစ်ဖန်ထပ်၍ တူးရာ၏၊ တထာပိ- ထိုသို့ပင်ထပ်၍ တူးပါသော်လည်း၊ တံ- ထိုရေတွင်းသည်၊ ဝါရိ ကဒ္ဒမဂန္ဓိကံ- ရွံ့နံ့နံ့သောရေရှိသည်၊ ဘဝေယျ- ဖြစ်ရာ၏၊ အမနုညတာယ- နှစ်သက်ဖွယ် မဟုတ်သည်၏အဖြစ်ကြောင့်၊ န ပိဝေယျ- မသောက်ရာ၊ တထေဝ- ထို့အတူပင်၊ ဝီတသဒ္ဓံ- ကင်းသောသဒ္ဓါတရားရှိသော သူသို့ ပယိရုပါသန္တေန- ချဉ်းကပ်သဖြင့်၊ လဒ္ဓပစ္စယာပိ- ရအပ်သောပစ္စည်းသည်လည်း၊ ပရိတ္တာ စေဝ- နည်းသည်လည်းကောင်း၊ လူခါ စ- ခေါင်းပါးသည်လည်းကောင်း၊ (ဘဝေယျ- ဖြစ်ရာ၏၊) အမနုညာ- နှစ်သက်ဖွယ် မရှိသည်၊ အပရိဘောဂါရဟာ- သုံးဆောင်ခြင်းငှာ မထိုက်သည်၊ (ဘဝေယျ- ဖြစ်ရာ ၏၊) ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ပသန္နန္တိ**- ပသန္နံဟူသည်ကား၊ ပတိဋ္ဌိတသဒ္ဓံ- တည်သော သဒ္ဓါတရားရှိသော သူကို၊ **ရဟာဒန္တိ**- ရဟာဒံဟူသည်ကား၊ ဂမ္ဘီရံ- နက်သော၊ မဟာရဟာဒံ- ကြီးစွာသော ရေအိုင်သို့၊ **ဘဇန္တန္တိ**- ဘဇန္တံဟူသည်ကား၊ အတ္တာနံ- မိမိကိုယ်ကို၊ ဘဇန္တမေဝ- မှီဝဲဆည်းကပ်သော သူသို့သာလျှင်၊ ဘဇေယျ- မှီဝဲဆည်းကပ်ရာ၏၊ အဘဇန္တန္တိ- အဘဇန္တံဟူသည်ကား၊ ပစ္စတ္ထိကံ- ရန်သူကို၊ (ဝါ) မိမိအကျိုးကို မလိုလားသူကို၊ **န ဘဇ္ဇယေ**တိ- န ဘဇ္ဇယေဟူသည်ကား၊ န ဘဇေယျ- မမှီဝဲမဆည်းကပ်ရာ၊ **န ဘဇ္ဇတီ**တိ- န ဘဇ္ဇတိဟူသည်ကား၊ ယော ပုရိသော- အကြင်ယောကျ်ားသည်၊ အတ္တာနံ- မိမိကိုယ်ကို၊ ဘဇန္တံ- မှီဝဲဆည်းကပ်သော၊ ဟိတစိတ္တံ- အစီးအပွားကို လိုလားသော စိတ်ရှိသော၊ ပုဂ္ဂလံ- ပုဂ္ဂိုလ်ကို န ဘဇတိ- မမှီဝဲ မဆည်းကပ်၊ သော- ထိုယောကျ်ားသည်၊ အသပ္ပုရိသဓမ္မော နာမ- သူတော်ကောင်း တရားမရှိသူမည်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **မနုဿပါပိဋ္ဌော**တိ- မနုဿပါပိဋ္ဌောဟူသည်ကား၊ မနုဿလာမကော- လူယုတ်မာသည်၊ ပတိကုဋ္ဌော- စက်ဆုတ်အပ်သူသည်၊ သဗ္ဗပစ္ဆိမကော- အညံ့ဆုံးသော သူသည်၊ **သာခဿိ တော**တိ- သာခဿိတောဟူသည်ကား၊ မက္ကဋော- မျောက်သည်။

**အစ္စာဘိက္ခဏသံသဂ္ဂါ**တိ- အစ္စာဘိက္ခဏသံသဂ္ဂါဟူသည်ကား၊ အတိဝိယ- အလွန်လျှင်၊ အဘိဏှသံသဂ္ဂေန- မပြတ်ပေါင်းဖော်ခြင်းကြောင့်၊ **အကာလေ**တိ- အကာလေဟူသည်ကား၊ အယုတ္တပ္ပတ္တကာလေ- မလျောက်ပတ်သည်၏အဖြစ်သို့

ရောက်သောအခါ၌၊ ပရဿ- သူတစ်ပါး၏၊ ပိယဘဏ္ဍံ- ချစ်အပ်သော ဥစ္စာကို၊ ယာစနာယ- တောင်းခြင်းဖြင့်၊ မိတ္တာ- မိတ်ဆွေတို့သည်၊ ဇီရန္တိ နာမ- ဆွေးမြေ့ကုန်သည်မည်၏၊ တွမ္ပိ- သင်သည်လည်း၊ အတိစိရံ- အလွန်ကြာမြင့်စွာ၊ နိဝါသေန- နေသဖြင့်၊ မယိ- ငါ၌၊ မိတ္တိံ- မိတ်ကို၊ ဘိန္ဒိ- ဖျက်ဆီးပြီ၊ **တသ္မာ**တိ- တသ္မာဟူသည်ကား၊ ယသ္မာ- အကြင့်ကြောင့်၊ အစ္စာဘိက္ခဏသံသဂ္ဂေနစ- မပြတ်ပေါင်းဖော်ခြင်းကြောင့်လည်းကောင်း၊ အသမောသရဏေန စ- မတွေ့ဆုံ မပေါင်းဖော်ခြင်းကြောင့်လည်းကောင်း၊ မိတ္တာ- မိတ်တို့သည်၊ ဇီရန္တိ- ဆွေးကုန်၏၊ တသ္မာ- ထို့ကြောင့်၊ **စိရာစိရန္တိ**- စိရာစိရံဟူသည်ကား၊ စိရကာလံ- ကြာမြင့်သော အချိန်ကို၊ ဝီတိနာမေတွာ- ကုန်လွန်စေ၍၊ စိရံ- ကြာမြင့်သော အချိန်သို့ န ဂစ္ဆေ- မရောက်ရာ၊ န ဥပသင်္ကမေယျ- မကပ်ရာ၊ **ယာစန္တိ**- ယာစံဟူသည်ကား၊ ယာစိတဗ္ဗံ- တောင်းအပ် တောင်းသင့်သော၊ ဘဏ္ဍကံ- ဘဏ္ဍာကို၊ ယုတ္တကာလေ- သင့်သောအခါ၌၊ ယာစေယျ- တောင်းရာ၏၊ **န ဇီယရေ**တိ- န ဇီယရေဟူသည်ကား၊ ဧဝံ- ဤသို့လျှင်၊ မိတ္တာ- မိတ်တို့သည်၊ န ဇီရန္တိ- မဆွေးကုန်၊ **ပုရာ တေ ဟောမ အပ္ပိယာ**တိ- ပုရာ တေ ဟောမ အပ္ပိယာ ဟူသည်ကား၊ ယာဝ- အကြင်မျှလောက်သော ကာလပတ်လုံး၊ တဝ- သင်၏၊ အပ္ပိယာ- မချစ် မနှစ်သက်အပ်သူသည်၊ န ဟောမ- မဖြစ်၊ တာဝ- ထိုမျှလောက်သော ကာလပတ်လုံး၊ တံ- သင့်ကို၊ အာမန္တေတွာဝ- ပန်ကြား၍သာလျှင်၊ ဂစ္ဆာမ- သွားကုန်အံ့၊ တ္တတိ- ဤကား၊ အတ္ထော- အနက်တည်း။

(တံ- ထိုစကားကို၊ သုတွာ- ကြား၍၊) ရာဇာ- ပြဟ္မဒတ်မင်းသည်၊ (အတ္တနော- မိမိ၏၊ ရဋ္ဌ- တိုင်းပြည်သို့၊ ပုန- တစ်ဖန်၊ နိဝတ္တိတုံ- ပြန်လည် ကြွတော်မူခြင်းငှာ၊ အဘိယာစန္တော- တောင်းပန်လိုသည်ဖြစ်၍၊)၊ "ဧဝံ စေ ယာစမာနာနံ (ပ) ပုန ကယိရာသိ ပရိယာယ"န္တိ- "ဧဝံ စေ ယာစမာနာနံ (ပ) ပုန ကယိရာသိ ပရိယာယံ" ဟူသော၊ (ဂါထံ- ဂါထာကို၊) အာဟ- ဆိုပြီ။

(၁၃၇) ဘန္တေ- အရှင်ဘုရား၊ ဧဝံကမိနာပကာရေန- ဤသို့သော အပြားအားဖြင့်၊ တေ- အရှင်ဘုရားအား၊ ယာစမာနာနံ- တောင်းပန်အပ်သော အကျွန်ုပ်တို့၏၊ အဉ္ဇလိ- လက်အုပ်ချီခြင်းကို၊ တွံ- အရှင်ဘုရားသည်၊ နာဝဗုဇ္ဈသိ- သိတော်မမူငြားအံ့၊ ပရိစာရိကာနံ[သတံ(သတ္တာနံ)]- အလုပ်အကျွေး ပစ္စည်းဒါယကာဖြစ်ကုန်သော၊ နော- အကျွန်ုပ်တို့၏၊ ဝစနံ- လျှောက်ထား တောင်းပန်သော စကားကို၊ နကရောသိ- နာယူတော်မမူသည်ဖြစ်ငြားအံ့၊ ဧဝံ- ဤသို့ နာယူ

တော်မမူသည်ရှိသော်၊ တံ- အရှင်ဘုရားကို၊ အဘိယာစာမ- အထူးတောင်းပန်ပါကုန်ဦးအံ့၊ ပုနပရိယာယံ- ဤနေပြည်တော်သို့ တစ်ဖန် ပြန်လည်တော်မူခြင်းငှာ အလှည့်ကို၊ ကယိရာသိ- ပြုတော်မူပါဦးလော။

တတ္ထ- ထိုဧဝံ စေစသော ဂါထာတို့၌၊ **နာဝဗုဇ္ဈသီ**တိ- နာဝဗုဇ္ဈသိဟူသည်ကား၊ ဘန္တေ- အရှင်ဘုရား၊ ဧဝံ- ဤသို့၊ ယာစန္တေန- တောင်းပန်စကားပြောကြားသော၊ မယာ- တပည့်တော်သည်၊ ကတံ- ပြုအပ်သော၊ အဉ္ဇလိံ- လက်အုပ်ကို၊ သစေ န ဇာနာသိ- အကယ်၍မသိအံ့၊ သစေ န ပဋိဂ္ဂဏှာသိ- အကယ်၍မခံယူအံ့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ပရိယာယန္တိ**- ပရိယာယံဟူသည်ကား၊ ပုန- တစ်ဖန်၊ ဣဓ- ဤအရပ်သို့၊ အာဂမနာယ- ပြန်လာခြင်းငှာ၊ ဧကဝါရံ- တလှည့် တစ်ကြိမ်ကို၊ ကရေယျာသိ- ပြုတော်မူပါ၊ ဣတိ- ဤသို့၊ ယာစတိ- တောင်းပန်၏။

ဗောဓိသတ္တော- ဘုရားလောင်း ဗောဓိပရိဗိုဇ်ရဟန်းသည်၊ (သမ္ပဋိစ္ဆန္တော- ဝန်ခံတော်မူလိုသည်ဖြစ်၍၊) "ဧဝံ စေ နော ဝိဟရတံ (ပ) အဟောရတ္တာန မစ္စယေ" တိ- "ဧဝံ စေ နော ဝိဟရတံ (ပ) အဟောရတ္တာန မစ္စယေ"ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဆိုပြီ။

(၁၃၈) [ရဋ္ဌဝဒ္ဓန(ရဋ္ဌဝဍ္ဎန)]- တိုင်းနိုင်ငံသူ ရှင်လူအများကို ပွားစေတော်မူတတ်သော၊ မဟာရာဇ- မင်းမြတ်၊ တုယှံဝါပိ- သင်မင်းမြတ်အားလည်းကောင်း၊ မယှံဝါပိ- ငါ့အားလည်းကောင်း၊ ဧဝံဝိဟရတံ- ဤသို့ ကွေကွင်း၍ နေကြလတ္တံ့ကုန်သော၊ နောအမှာကံ- ငါတို့အား၊ အန္တရာယော- အန္တရာယ်သည်၊ နဟေဿတိစေ- မဖြစ်ပါငြားအံ့၊ ဧဝံသတိ- ဤသို့ အန္တရာယ်မဖြစ်ကြပါသည်ရှိသော်၊ အဟောရတ္တာနံ- နေ့ညဉ့်တို့၏၊ အစ္စယေ- လွန်ခြင်းသည်၊ သတိ- ရှိသော်၊ အပ္ပေဝနာမပဿေမ- မြင်ရကုန်ငြားအံ့လည်းမသိ။

တတ္ထ- ထိုဧဝံ စေ နောစသော ဂါထာ၌၊ **ဧဝံ စေ နော**တိ- ဧဝံ စေ နော ဟူသည်ကား၊ မဟာရာဇ- မြတ်သော မင်းကြီး၊ ဧဝံ- ဤသို့၊ နာနာ- အသီးသီးသည်၊ (ဝါ) ကွဲကွာသည်၊ ဟုတွာ- ဖြစ်၍၊ ဝိဟရန္တာနံ- နေကုန်သော၊ အမှာကံ- ငါတို့မှာ၊ အန္တရာယော- အန္တရာယ်သည်၊ သစေ န ဟေဿတိ- အကယ်၍မဖြစ်အံ့၊ တုယှံ ဝါ- သင့်အတွက်သော်လည်းကောင်း၊ မယှံ ဝါ- ငါ့အတွက်သော်လည်းကောင်း၊ ဇီဝိတံ- အသက်ရှင်ခြင်းသည်၊ ပဝတ္တိဿတိ- ဖြစ်လတံ့၊ ဣတိ- ဤအနက်ကို၊ ဒီပေတိ- ပြ၏၊

**ပဿေမာ**တိ- ပဿေမဟူသည်ကား၊ အပိ နာမ ပဿေယျာမ- တွေ့မူလည်း တွေ့ရာ၏။

ဧဝံ- ဤသို့၊ ဝတွာ- ဆို၍၊ မဟာသတ္တော- ဘုရားလောင်း ဗောဓိပရိဗိုဇ်သည်၊ ရညော- ပြဟ္မဒတ်မင်းအား၊ ဓမ္မံ- တရားကို၊ ဒေသေတွာ- ဟောတော်မူ၍၊ "မဟာရာဇ- မင်းမြတ်၊ အပ္ပမတ္တော- မမေ့မလျော့ခြင်းသည်၊ ဟောဟိ- ဖြစ်တော်မူလော။" ဣတိ- ဤသို့ ဝတွာ- ဆို၍၊ ဥယျာနာ- ဥယျာဉ်တော်မှ၊ နိက္ခမိတွာ- ထွက်ခဲ့၍၊ ဧကသ္မိံ- တစ်ခုသော၊ သဘာဂဋ္ဌာနေ- တင့်သင့်လျောက်ပတ်သော အရပ်၌၊ ဘိက္ခာယ- ဆွမ်းအလို့ငှာ၊ စရိတွာ- လှည့်လည်၍၊ ဗာရာဏသိတော- ဗာရာဏသီပြည်မှ၊ နိက္ခမ္မ- ထွက်သွားလေ၍၊ အနုပုဗ္ဗေန- အစဉ်အတိုင်းအားဖြင့်၊ ဟိမဝန္တောကာသမေဝ- ဟိမဝန္တာအရပ်သို့သာလျှင်၊ ဂန္တွာ- သွား၍၊ ကိဉ္စိ- အတန်ငယ်သော၊ ကာလံ- ကာလပတ်လုံး၊ ဝသိတွာ- နေ၍၊ ပုန- တစ်ဖန်၊ ဩတရိတွာ- (ဟိမဝန္တာမှ) သက်ဆင်း၍၊ ဧကံ- တစ်ခုသော၊ ပစ္စန္တဂါမံ- တိုင်းစွန်ပြည်ဖျားအရပ်ကို၊ နိဿာယ- အမှီပြု၍၊ အရညေ- တော၌၊ ဝသိ- နေပြီ။

ပန- အဖို့တစ်ပါးကို ဆိုဦးအံ့၊ တဿ- ထိုဗောဓိပရိဗိုဇ်ရဟန်း၏၊ ဂတကာလတော- သွားရာအခါမှ၊ ပဋ္ဌာယ- စ၍၊ တေ အမစ္စာ- ထိုအမတ်တို့သည်၊ ပုန- တစ်ဖန်၊ ဝိနိစ္ဆယေ- တရား(မှုခင်း) ဆုံးဖြတ်ရာ၌၊ နိသီဒိတွာ- ထိုင်နေကုန်၍၊ ဝိလောပံ- ဖျက်ဆီးခြင်းကို၊ ကရောန္တာ- ပြုကုန်လျက်၊ စိန္တယိံသု- ကြံကြကုန်ပြီ၊ (ကိံ စိန္တယိံသု- နည်း၊) "မဟာဗောဓိပရိဗ္ဗာဇကော- မဟာဗောဓိပရိဗိုဇ်သည်၊ ပုန- တစ်ဖန်၊ သစေ အာဂမိဿတိ- အကယ်၍လားငြားအံ့၊ နော- ငါတို့၏၊ ဇီဝိတံ- အသက်သည်၊ နတ္ထိ- ရှိတော့မည်မဟုတ်၊ နုခေါ- စင်စစ်သော်ကား၊ အဿ- ထို မဟာဗောဓိပရိဗိုဇ်၏၊ အနာဂမနကာရဏံ- မလာလတ္တံ့သော အကြောင်းကို၊ ကိံ- အဘယ်သို့၊ ကရေယျာမ- ပြုကြကုန်အံ့နည်း"၊ ဣတိ- ဤသို့၊ စိန္တယိံသု- ကြံကြကုန်ပြီ၊ အထ- ထိုအခါ၌၊ နေသံ- ထိုအမတ်တို့အား၊ ဧတံ ဧသော- ဤအကြံသည်၊ အဟောသိ- ဖြစ်ပြီ၊ (ကိံ အဟောသိ- နည်း၊) "ဣမေသတ္တာ- ဤသတ္တဝါတို့သည်၊ ပဋိဗဒ္ဓဋ္ဌာနံနာမ- တပ်မက်သူရှိရာအရပ် မည်သည်ကို၊ ဇဟိတုံ- စွန့်ခြင်းငှာ၊ နသက္ကောန္တိ- မတတ်နိုင်ကုန်၊ ဣဓ- ဤမြို့၌၊ အဿ- ထိုဗောဓိပရိဗိုဇ်ရဟန်း၏၊ ပဋိဗဒ္ဓဋ္ဌာနံ- တပ်မက်နှစ်သက်ရာဌာနသည်ကား၊ ကိံနုခေါ- အဘယ်နည်း၊" ဣတိ- ဤသို့သော အကြံသည်၊ အဟောသိ- ပြီ၊ တတော- ထို့နောင်မှ၊ "ရညော- ပြဟ္မဒတ်မင်း၏၊ အဂ္ဂမဟေသီ- မိဖုရားကြီးတည်း၊" ဣတိ- ဤသို့၊ ဥ တွာ-

သိ၍၊ “ယံ (ယသ္မာ)- အကြင်အကြောင်းကြောင့်၊ သော- ထိုဗောဓိပရိဗိုဇ်သည်၊ ဣမံ- ဤမိဖုရားကို၊ နိဿာယ- အမှီပြု၍၊ အာဂစ္ဆေယျ- လာပြန်လာရာ၏၊ ဧတံ ဌာနံ- ထိုအကြောင်းသည်၊ ဝိဇ္ဇတိ ခေါ ပန- ရှိချေ၏သာလျှင်တည်း၊ ပဋိကစ္စေဝ- ဗောဓိပရိဗိုဇ် မလာမီကပင်လျှင်၊ နံ- ထိုမိဖုရားကို၊ မာရာပေဿာမ- သတ်စေကုန်အံ့၊” ဣတိ- ဤသို့ (စိန္တေတွာ- ကြံကြကုန်၍) တေ- ထိုအမတ်တို့သည်၊ ရာဇာနံ- ဗြဟ္မဒတ်မင်းကို၊ ဧတံ- ဤစကားကို၊ အဝေါစုံ- လျှောက်တင်ကုန်ပြီ၊ “ဒေဝ- အရှင်မင်းမြတ်၊ ဣမသ္မိံ- ဒိဝသေ- ဤနေ့၌၊ နဂရေ- မြို့တော်၌၊ ဧကာ- တစ်ခုသော၊ ကထာ- စကားကို၊ (အမှေဟိ- အကျွန်ုပ်တို့သည်၊) သူယတိ- ကြားအပ်၏၊ ဣတိ- ဤသို့၊ (အဝေါစုံ- ကုန်ပြီ၊) ကထာနာမ- စကားမည်သည်၊ ကိံ- အဘယ်နည်း၊ ဣတိ- ဤသို့၊ (ပုစ္ဆိ- မေးတော်မူပြီ၊) (မဟာရာဇ- အရှင်မင်းမြတ်၊) မဟာဗောဓိပရိဗ္ဗာဇကောစ- မဟာ ဗောဓိပရိဗိုဇ်သည်လည်းကောင်း၊ ဒေဝီစ- မိဖုရားကြီးသည်လည်းကောင်း၊ အညမညံ- အချင်းချင်း၊ သာသနပဋိသာသနံ- သတင်းစကား, တုံ့ပြန်သော သတင်း စကားကို၊ ပေသေန္တိ ကိရ- မှာကြားပို့သစေကုန်သတတ်၊ ဣတိ- ဤသို့၊ (အဝေါစုံ- လျှောက်တင်ကုန်ပြီ၊) ကိန္တိ- အဘယ်သို့လျှင်၊ ကတွာ- ပြု၍၊ (ပေသေန္တိ- မှာကြား ပို့သစေခိုင်းကုန်သနည်း၊) ဣတိ- ဤသို့၊ (ပုစ္ဆိ- မေးတော်မူပြီ၊) “(ဒေဝီ- အရှင်မိဖုရား)၊ အတ္တနော- မိမိ၏၊ ဗလေန- အစွမ်းဖြင့်၊ ရာဇာနံ- ဗြဟ္မဒတ်မင်းကို၊ မာရာပေတွာ- သတ်စေ၍၊ မမ- ငါ့အား၊ သေတစ္ဆတ္တံ- ထီးဖြူကို၊ ဒါတုံ- ပေးခြင်းငှာ၊ သက္ကာနုခေါ- တတ်နိုင်ပါမည်လော၊” ဣတိ- ဤသို့၊ တေန- ထိုမဟာဗောဓိပရိဗိုဇ်သည်၊ ဒေဝိယာ- အရှင်မိဖုရားအား၊ ပေသိတံကိရ- ပို့ဆောင်စေခိုင်းအပ်သတတ်၊ “ရညော- မင်းအား၊ မာရဏံနာမ- သေစေခြင်းမည်သည်၊ မမ- အကျွန်ုပ်၏၊ ဘာရော- တာဝန်တည်း၊ မဟာဗောဓိပရိဗ္ဗာဇကော- မဟာဗောဓိပရိဗိုဇ်သည်၊ ခိပ္ပံ- လျင်မြန်စွာ၊ အာဂစ္ဆတု- ကြွလာလှည့်၊” ဣတိ- ဤသို့၊ တာယပိ- ထိုမိဖုရားကြီးသည်လည်း၊ အဿ- ထိုမဟာ ဗောဓိပရိဗိုဇ်အား၊ ပေသိတံ- မှာကြားစေခိုင်းအပ်ပြီ၊ (ဣတိ- ဤသို့၊ အဝေါစုံ- လျှောက်တင်ကြကုန်ပြီ၊) ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ ပုနပ္ပုနံ- အဖန်တလဲလဲ၊ ကထေန္တာနံ- လျှောက်တင်ကြကုန်သော၊ တေသံ- ထို အမတ်တို့၏၊ (ဝစနံ- စကားကို၊) သဒ္ဒဟိတွာ- ယုံကြည်၍၊ “ဣဒါနိ- ယခုအခါ၌၊ ကိံ- အဘယ်သို့၊ ကတ္တဗ္ဗံ- ပြုအပ် သနည်း၊” ဣတိ- ဤသို့၊ ပုစ္ဆိတွာ- မေးတော်မူ၍၊ “(ဒေဝ- အရှင်မင်းမြတ်၊) ဒေဝီံ- မိဖုရားကြီးကို၊ မာရေတုံ- သတ်ခြင်းငှာ၊ ဝဋ္ဋတိ- ထိုက်ပါ၏၊” ဣတိ- ဤသို့၊ ဝုတ္တေ-

လျှောက်တင်အပ်သော်၊ အနုပပရိက္ခိတွာဝ- မစုံစမ်း မဆင်ခြင်မူ၍သာလျှင်၊ "တေနဟိ- ထိုသို့ဖြစ်လျှင်၊ တုမှေဝ- သင်တို့သည်ပင်လျှင်၊ နံ- ထိုမိဖုရားကြီးကို၊ မာရေတွာ- သတ်၍၊ ခဏ္ဍာခဏ္ဍိကံ- အပိုင်းအပိုင်းရှိသည်ကို၊ ဆိန္ဒိတွာ- ဖြတ်၍၊ ဝစ္စကူပေ- ကျင်ကြီးတွင်း၌၊ ခိပထ- ပစ်ချကုန်လော၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ တေ- ထိုအမတ်တို့သည်၊ တထာ- ထိုသို့စီရင်သည့်အတိုင်း၊ ကရိံသု- ပြုကြကုန်ပြီ၊ တဿာ- ထိုမိဖုရားကြီးကို၊ မာရိတဘာဝေါ- သတ်စေအပ်သည်၏အဖြစ်သည်၊ သကလနဂရေ- အလုံးစုံသော မြို့၌၊ ပါကဋော- ထင်ရှားကျော်စောသည်၊ အဟောသိ- ဖြစ်ပြီ။

အထ- ထိုအခါ၌၊ "ဣမိနာ- ဤမင်းသည်၊ နော- ငါတို့၏၊ နိရပရာဓာ- အပြစ်မရှိသော၊ မာတာ- မယ်တော်မိဖုရားကြီးကို၊ မာရိတာ- သတ်စေအပ်ပြီ၊" ဣတိ- ဤသို့၊ အဿာ- ထိုမိဖုရားကြီး၏၊ စတ္တာရော- လေးယောက်ကုန်သော၊ ပုတ္တာ- သားတော်တို့သည်၊ ရညော- ပြဟ္မဒတ်မင်း၏၊ ပစ္စတ္ထိကာ- ရန်သူတို့သည်၊ အဟေသုံ- ဖြစ်ကြကုန်ပြီ၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ မဟာဘယပ္ပတ္တော- ကြီးစွာသော ဘေးသို့ ရောက်သည်၊ အဟောသိ- ဖြစ်ပြီ။

မဟာသတ္တော- ဘုရားလောင်း မဟာဗောဓိပရိဗိုဇ်ရဟန်းသည်၊ ပရမ္ပရာယ- အဆင့်ဆင့်အားဖြင့်၊ တံ ပဝတ္တိံ- ထိုသတင်းစကားကို၊ သုတွာ- ကြား၍၊ "မံ- ငါကို၊ ဌပေတွာ- ထား၍၊ အညော- ငါမှတစ်ပါးသော၊ တေ ကုမာရေ- ထိုမင်းသား လေးယောက်တို့ကို၊ သညာပေတွာ- သိစေ၍၊ ပိတရံ- ခမည်းတော် ပြဟ္မဒတ်မင်းကို၊ ခမာပေတုံ- သည်းခံစေခြင်းငှာ၊ သမတ္ထောနာမ- စွမ်းနိုင်သော သူမည်သည်၊ နတ္ထိ- မရှိ၊ ရညောစ- မင်းအားလည်း၊ ဇီဝိတံ- အသက်ကို၊ ဒဿာမိ- ပေးအံ့၊ ကုမာရေစ- မင်းသားလေးယောက်တို့ကိုလည်း၊ ပါပတော- မကောင်းမှုမှ၊ မောစေဿာမိ- လွတ်စေအံ့၊" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ၊ (စိန္တေတွာ- ကြံပြီး၍၊) သော- ထိုဘုရားလောင်း ဗောဓိပရိဗိုဇ်သည်၊ ပုနဒိဝသေ- နောက်တစ်နေ့၌၊ ပစ္စန္တဂါမံ- ပစ္စန္တရစ်ရွာသို့၊ ပဝိသိတွာ- ဝင်၍၊ မနုဿေဟိ- လူတို့သည်၊ ဒိန္နံ- ပေးလှူအပ်သော၊ မက္ကဋမံသံ- မျောက်သားကို၊ ခါဒိတွာ- ဘုန်းပေးတော်မူပြီး၍၊ တဿ- ထိုမျောက်၏၊ စမ္မံ- သားရေကို၊ ယာစိတွာ- တောင်း၍၊ ဂဟေတွာ- ယူ၍၊ အဿမပဒေ- သင်္ခမ်းကျောင်း၌၊ သုက္ခာပေတွာ- ခြောက်စေပြီး၍၊ နိဂ္ဂန္ဓံ- အနံ့မရှိအောင်၊ ကတွာ- ပြု၍၊ နိဝါသေသိပိ- ဝတ်လည်း ဝတ်ပြီ၊ ပါရုပေသိပိ- ရုံလည်း ရုံပြီ၊ အံသေပိ-

ပခုံး၌လည်း၊ ဌပေသိ- တင်ပြီ၊ ကိံ ကာရဏာ- အဘယ်အကြောင်းကြောင့်၊ (ဧဝံ- ဤသို့၊ ကရော-သိ- ပြုသနည်း၊) "(မက္ကဋော- မျောက်သည်၊) မေ- ငါ့အား၊ ဗဟူပကာရော- များစွာ ကျေးဇူးရှိ၏၊" ဣတိ- ဤသို့ ဝစနတ္ထာယ- ဆိုခြင်းအကျိုးငှာ၊ (ကရောသိ- ပြုတော်မူပြီ၊) သော- ထိုဘုရားလောင်းဗောဓိပရိဗိုဇ်သည်၊ တံ စမ္မ- ထိုမျောက်သားရေကို၊ အာဒါယ- ယူ၍၊ အနုပုဗ္ဗေန- အစဉ်အတိုင်းအားဖြင့်၊ ဗာရာဏသိံ- ဗာရာဏသီပြည်သို့၊ ဂန္တွာ- ရောက်၍၊ ကုမာရေ- မင်းသားတို့ကို၊ ဥပသင်္ကမိတွာ- ချဉ်းကပ်တော် မူ၍၊ "(ကုမာရေ- မင်းသားတို့၊) ပိတုဃာတက- ကမ္မံနာမ- အဖကိုသတ်သော မကောင်းမှုကံမည်သည်၊ ဒါရုဏံ- ကြမ်းကြုတ်လှစွာသော မကောင်းကျိုးရှိ၏၊ တံ- ထိုပိတုဃာတကကံကို၊ ဝေါ- သင်မင်းသားတို့သည်၊ န ကာတဗ္ဗံ- မပြုအပ်၊ အဇရာမရော- မအို, မသေ(နေရ)သော၊ သတ္တောနာမ- သတ္တဝါမည်သည်၊ နတ္ထိ- မရှိ အဟံ- ငါသည်၊ တုမှေ- သင်မင်းသားတို့ကို၊ အညမည်- အချင်းချင်း၊ သမဂ္ဂေ- တင့်သင့်ညီညွတ်သည်တို့ကို၊ ကရိဿာမိစ္စေဝ- ပြုအံ့ဟူ၍ သာလျှင်၊ အာဂတော- လာ၏၊ တုမှေ- သင်မင်းသားတို့သည်၊ မယာ- ငါသည်၊ သာသနေ- သတင်းစကားကို၊ ပဟိတေ- စေအပ်သည်ရှိသော်၊ အာဂန္တေဝယျာထ- လာကြကုန်လော၊" ဣတိ- ဤသို့ ကုမာရေ- မင်းသားတို့ကို၊ ဩဝဒိတွာ- ဆုံးမပြီး၍၊ အန္တောနဂရေ- မြို့တွင်း၌၊ ဥယျာနံ- ဥယျာဉ်တော်သို့ ပဝိသိတွာ- ဝင်၍၊ မက္ကဋစမ္မ- မျောက်သားရေကို၊ အတ္ထရိတွာ- ခင်း၍၊ သိလာပဋ္ဋေ- ကျောက်ဖျာ၌၊ နိသီဒိ- ထိုင်နေပြီ။

အထ- ထိုအခါ၌၊ နံ- ထိုဘုရားလောင်း ဗောဓိပရိဗိုဇ်ကို၊ ဥယျာနပါလကော- ဥယျာဉ်စောင့်သည်၊ ဒိသွာ- မြင်၍၊ ဝေဂေန- လျင်မြန်စွာ၊ ဂန္တွာ- သွား၍၊ ရညော- ပြဟ္မဒတ်မင်းအား၊ အာရောစေသိ- လျှောက်ကြားပြီ၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ သုတွာဝ- ကြား၍သာလျှင်၊ သဥ္စာတသောမနဿော- ကောင်းစွာဖြစ်သော ဝမ်းမြောက်ခြင်းရှိသည်၊ ဟုတွာ- ဖြစ်၍၊ တေ အမစ္စေ- ထိုအမတ်တို့ကို၊ အာဒါယ- ခေါ်၍၊ တတ္ထ- ထိုဥယျာဉ်သို့၊ ဂန္တွာ- သွား၍၊ မဟာသတ္တံ- ဘုရားလောင်း ဗောဓိ ပရိဗိုဇ်ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ ဧကမန္တံ- တင့်သင့်လျောက်ပတ်သော အရပ်၌၊ နိသီဒိတွာ- ထိုင်နေ၍၊ ပဋိသန္ထာရံ- နွေးထွေးပျူငှာ လောကဝတ်ပြုခြင်းကို၊ ကာတုံ- ပြုခြင်းငှာ၊ အာရဘိ- အားထုတ်ပြီ၊ မဟာသတ္တော- ဘုရားလောင်း ဗောဓိပရိဗိုဇ်သည်၊ တေန- ထိုပြဟ္မဒတ်မင်းနှင့်၊ သဒ္ဓိံ- အတူတကွ၊ အသမ္မောဒိတွာ- မဝမ်းမြောက်မူ၍၊

မက္ကဋစမ္မမေဝ- မျောက်သားရေကိုသာ၊ ပရိမဒ္ဒိ- သုံးသပ်ပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုဘုရားလောင်း ဗောဓိပရိဗိုဇ်ကို၊ "ဘန္တေ- အရှင်ဘုရား၊ တုမှေ- အရှင်ဘုရားတို့သည်၊ မံ- အကျွန်ုပ်ကို၊ အကထေတွာ- မပြောဆိုမူ၍၊ မက္ကဋစမ္မမေဝ- မျောက်သားရေကိုသာလျှင်၊ ပရိမဇ္ဇထ- သုံးသပ်တော်မူကုန်ဘိ၏၊ ဝေါ- အရှင်ဘုရားတို့အား၊ က္ကဒံ- ဤမျောက်သားရေသည်၊ မယာ- အကျွန်ုပ်ထက်၊ ကိံ ဗဟူပကာရတရံ- ကျေးဇူးကြီးမြတ်လေသလော၊" ဣတိ ဧဝံ- ဤသို့၊ အာဟ- မေးလျှောက်ပြီ၊ မဟာရာဇ- ဒါယကာမင်းမြတ်၊ သေ ဧသော ဝါနရော- ဤမျောက်သည်၊ မေ- ငါ့အား၊ ဗဟူပကာရော- များသော ကျေးဇူးရှိသည်၊ အာမ- ဟုတ်၏၊ အဟံ- ငါသည်၊ အဿ- ထိုမျောက်၏၊ ပိဋ္ဌေ- ကျောက်ကုန်း၌၊ နိသီဒိတွာ- ထိုင်(စီး)၍၊ ဝိစရိံ- သွားရပြီ၊ အယံ- ဤမျောက်သည်၊ မေ- ငါ၏၊ ပါနီယဃဋံ- သောက်ရေအိုးကို၊ အာဟရိ- ဆောင်ပေပြီ၊ ဝသနဋ္ဌာနံ- နေရာအရပ်ကို၊ သမ္မဇ္ဇိ- တံမြက်လှည်းပေးပြီ၊ မမ- ငါအား၊ အာဘိသမာစာရိကဝတ္တံ ပဋိဝတ္တံ- ထူးကဲမြင့်မြတ်သော အကျင့်ဖြစ်သော ဝတ်ကြီးဝတ်ငယ် (သီလသိက္ခာ)ကို၊ အကာသိ- ပြုပြီ၊ အဟံပန- ငါသည်ကား၊ အတ္တနော- မိမိ၏၊ ဒုဗ္ဗလစိတ္တတာယ- အားနည်းသော စိတ်ရှိသည်၏အဖြစ်ကြောင့်၊ အဿ- ထိုမျောက်၏၊ မံသံ- အသားကို၊ ခါဒိတွာ- စား၍၊ စမ္မံ- သားရေ(အရေ)ကို၊ သုက္ခာပေတွာ- ခြောက်စေ၍၊ အတ္ထရိတွာ- ခင်း၍၊ နိသီဒါမိစေဝ- ထိုင်လည်း ထိုင်၏၊ နိပဇ္ဇာမိစ- အိပ်လည်း အိပ်၏၊ ဧဝံ- ဤအကြင် အကြင်ဆိုအပ်ပြီးသော နည်းဖြင့်၊ ဧသ ဧသော- ဤမျောက်သည်၊ မယှံ- ငါ့အား၊ ဗဟူပကာရော- များစွာ ကျေးဇူးရှိပေ၏၊ ဣတိ- ဤသို့၊ (အာဟ- ဆိုပြီ၊) ဣတိ- ဤသို့၊ သော- ထိုဘုရားလောင်း ဗောဓိပရိဗိုဇ်သည်၊ တေသံ- ထိုအမတ်တို့၏၊ ဝါဒေ- အယူတို့ကို၊ ဘိန္ဒနတ္တာယ- ဖျက်ဆီးခြင်းအကျိုးငှာ၊ ဝါနရစမ္မေ- မျောက်သားရေ၌၊ ဝါနရဝေါဟာရံ- မျောက်ဟူ၍ခေါ်ဝေါ် (ပြောဆို)ခြင်းကို၊ အာရောပေတွာ- တင်၍၊ တံ တံ ပရိယာယံ- ထိုထိုအကြောင်း ပရိယာယ်ကို၊ သန္ဓာယ- ရည်ရွယ်၍၊ က္ကမံ ကထံ- ဤစကားကို၊ ကထေသိ- ဆိုတော်မူပြီ၊ ဟိ- ထိုစကားသည် မှန်၏၊ သော- ထိုဘုရားလောင်း ဗောဓိပရိဗိုဇ်သည်၊ တဿ- ထိုမျောက်၏၊ (ဥပရိ- အရေပေါ်၌၊) နိဝတ္ထပုဗ္ဗတ္တာ- ရှေး၌နေအပ်ဖူးသည်၏ အဖြစ်ကြောင့်၊ "ပိဋ္ဌေ- ကျောက်ကုန်း၌၊ နိသီဒိတွာ- စီးထိုင်၍၊ ဝိစရိံ- သွားရပြီ၊" ဣတိ=က္ကမံကထံ- ဤစကားကို၊ အာဟ- ဆိုတော်မူပြီ၊ တံ(စမ္မံ)- ထိုမျောက်(သား)ရေကို၊ အံသေ- ပခုံး၌၊ ကတွာ- တင်၍၊ ပါနီယ ဃဋဿ- သောက်ရေအိုးကို၊ အာဟဋပုဗ္ဗတ္တာ- ရှေး၌(ထမ်းပိုး)

ဆောင်ယူအပ်သည်၏အဖြစ်ကြောင့်၊ "ပါနီယယဋ္ဌံ- သောက်ရေအိုးကို၊ အာဟရိ- ထမ်းပိုးရွက်ဆောင်ပြီ၊" ဣတိ- ဤသို့သော စကားကို၊ အာဟ- ဆိုတော်မူပြီ၊ တေန ဓမ္မေန- ထိုမျောက်(သား)ရေဖြင့်၊ ဘူမိယံ- မြေ၌၊ သမ္မဋ္ဌပုဗ္ဗတ္တာ- ရှေး၌တံမြက်လှည်း အပ်ဖူးသည်၏အဖြစ်ကြောင့်၊ "ဝသနဋ္ဌာနံ- နေရာအရပ်ကို၊ သမ္မဇ္ဇိ- တံမြက်လှည်း ဖူးပြီ၊" ဣတိ(ဝစနံ)- ဤသို့သော စကားကို၊ အာဟ- ဆိုတော်မူပြီ၊ နိပန္နကာလေ- (လျောင်း)အိပ်သော ကာလ၌၊ တေန စမ္မေန- ထို မျောက်(သား)ရေနှင့်၊ ပိဋ္ဌိယာ- ဘုရားလောင်း ဗောဓိပရိဗိုဇ်ကျောတော်၏၊ ဝါ- ကို၊ အက္ကန္တကာလေ- နင်းသော ကာလ၌၊ ပါဒါနံ- ခြေတော်တို့၏၊ ဝါ- တို့ကို၊ ဖုဋ္ဌပုဗ္ဗတ္တာ- ရှေး၌တွေ့ထိအပ်ဖူးသည်၏ အဖြစ်ကြောင့်၊ "မေ- ငါ့အား၊ ဝတ္တပဋိဝတ္တံ- ဝတ်ကြီး ဝတ်ငယ်ကို၊ အကာသိ- ပြုဖူးပြီ" ဣတိ(ဣမံဝစနံ)- ဤသို့သော စကားကို၊ အာဟ- ဆိုတော်မူပြီ၊ ဆာတကာလေပန- မွတ်သိပ် ဆာလောင်သောအခါ၌ကား၊ တဿ- ထိုမျောက်၏၊ မံသံ- အသားကို၊ လဘိတွာ- ရ၍၊ ခါဒိတတ္တာ- ခဲစားအပ်ပြီးသည်၏ အဖြစ်ကြောင့်၊ "အဟံ ပန- ငါသည်ကား၊ အတ္တနော- မိမိ၏၊ ဒုဗ္ဗလစိတ္တတာယ- အားနည်းသော စိတ်ရှိသည်၏ အဖြစ်ကြောင့်၊ တဿ- ထိုမျောက်၏၊ မံသံ- အသား ကို၊ ခါဒိ- စားပြီ၊" ဣတိ (ဣမံ ဝစနံ)- ဤသို့သော စကားကို၊ အာဟ- ဆိုတော်မူပြီ။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ တေ အမစ္စာ- ထိုအမတ်တို့သည်၊ "တေန- ထိုဗောဓိပရိဗိုဇ်သည်၊ ပါဏာတိပါတော- သူတစ်ပါးအသက်ကို သတ်ခြင်းကို၊ ကတော- ပြုအပ်ပြီ၊" ဣတိသညာယ- ဤသို့သော အမှတ်ဖြင့်၊ "ဘော- အိုပရိသတ် အပေါင်းတို့၊ ပဗ္ဗဇိတဿ- ရဟန်း၏၊ ကမ္မံ- အမှုကို၊ (တုမှေ- သင်တို့သည်၊) ပဿထ- ရှုကြပါကုန်လော၊ မက္ကဋံ- မျောက်ကို၊ မာရေတွာ- သတ်၍၊ မံသံ- မျောက်သားကို၊ ခါဒိတွာ- စား၍၊ စမ္မံ- အရေကို၊ ဂဟေတွာ- ယူ၍၊ ဝိစရတိကိရ- လှည့်လည်သတတ်၊" ဣတိ- ဤသို့ ပါဏိံ- လက်ခုပ်ကို၊ ပဟရိတွာ- တီး၍၊ ပရိဟာသံ- ပြက်ရယ်ခြင်းကို၊ အကံသု- ပြုကြကုန်ပြီ။

မဟာသတ္တော- ဘုရားလောင်း ဗောဓိပရိဗိုဇ်သည်၊ တေ- ထိုအမတ်တို့ကို၊ တထာ- ထိုအခြင်းအရာအားဖြင့်၊ ကရောန္တေ- ပြက်ရယ်ပြုကုန်သည်တို့ကို၊ ဒိသွာ- မြင်တော်မူ၍၊ "ဣမေ- ဤအမတ်တို့သည်၊ အတ္တနော- မိမိ၏၊ ဝါဒဘေဒနတ္ထာယ- အယူဝါဒကို ဖျက်ဆီးခြင်းအကျိုးငှာ၊ မမ- ငါ၏၊ စမ္မံ- မျောက်ရေကို၊ အာဒါယ- ယူ၍၊ အာဂတဘာဝံ- လာသည်၏အဖြစ်ကို၊ န ဇာနန္တိ- မသိကြကုန်၊ နေ- ထိုအမတ်တို့

ကို၊ ဇာနာပေယျာမိ- သိစေအံ့၊" က္လတိ- ဤသို့နှလုံးသွင်း၍၊ အဟေတုကဝါဒိံ- အဟေတုကဝါဒီအမတ်ကို၊ တာဝ- ရှေးဦးစွာ၊ အာမန္တေတွာ- ခေါ်၍၊ "အာဝုသော- ဒါယကာ၊ တွံ- သင်သည်၊ ကသ္မာ- အဘယ်ကြောင့်၊ မံ- ငါ့ကို၊ ပရိဟာသသိ- ပြက်ရယ်ပြုဘိသနည်း၊" က္လတိ- ဤသို့ ပုစ္ဆိ- မေးတော်မူပြီး (ဘိက္ခု- အိုရဟန်း၊) မိတ္တဒုဗ္ဘိကမ္မသင်္ခစေဝ- အဆွေခင်ပွန်းကိုပြစ်မှားသော အမှုကိုလည်းကောင်း၊ ပါဏာတိပါတသင်္ခစ- သူတစ်ပါးအသက်ကို သတ်ခြင်းကိုလည်းကောင်း၊ ကတတ္တာ- ပြုအပ်သည်၏အဖြစ်ကြောင့်၊ (ပရိဟာသာမိ- ပြက်ရယ်ပြု၏၊) က္လတိ- ဤသို့၊ (အာဟ- ဆိုပြီ၊) တတော- ထို့နောင်မှ၊ မဟာသတ္တော- ဘုရားလောင်း ဗောဓိပရိဗိုဇ်သည်၊ "(အာဝုသော- ဒါယကာ၊) ယောပန- အကြင်သူသည်ကား၊ (တဝ- သင်၏၊) ဂတိယာစေဝ- လားရာဂတိအားလည်းကောင်း၊ တေ- သင်၏၊ ဒိဋ္ဌိယာစ- အယူဝါဒအားလည်းကောင်း၊ သဒ္ဒဟိတွာ- ယုံကြည်၍၊ ဧဝံ- ဤသို့ အဆွေခင်ပွန်းကို ပြစ်မှားခြင်းအမှု, ပါဏာတိပါတအမှုကို၊ ကရေယျ- ပြုလေရာ၏၊ တေန- ထိုသူသည်၊ ကိံ- အဘယ်အမှုကို၊ ဒုက္ကဋံ- မကောင်းသဖြင့် ပြုအပ်သနည်း၊" က္လတိ- ဤသို့၊ (ဝတွာ- ဆို၍၊) တဿ- ထိုအဟေတုကဝါဒအမတ်၏၊ ဝါဒံ- အယူဝါဒကို၊ ဘိန္ဒန္တော- ဖျက်ဆီးတော်မူလိုသည်ဖြစ်၍၊ "ဥဒီရဏာစေဝ သံဂတျာ (ပ) ဟိ တာဒိသော"တိ- "ဥဒီရဏာစေဝ သံဂတျာ (ပ) ဟိ တာဒိသော"ဟူကုန်သော၊ (က္လမာတိသော ဂါထာ- ဤသုံးဂါထာတို့ကို၊) အာဟ- ဆိုပြီ။

(၁၃၉) အာဝုသော- ဒါယကာ၊ လောကော- လောကသည်၊ သံဂတျာစ- ခြောက်ပါးသော အမျိုးသားတို့တွင် တစ်ပါးပါးသော အမျိုးသို့ရောက်သဖြင့် လည်းကောင်း၊ ဘာဝါယ- သဘောအားဖြင့်လည်းကောင်း၊ အနုဝတ္တတိ- ချမ်းသာခြင်း ဆင်းရဲခြင်းသို့ ရောက်၏၊ အကာမာ- အလိုမရှိသဖြင့်၊ အကရဏီယံဝါ- မကောင်းမှုကိုလည်းကောင်း၊ ကရဏီယံဝါပိ- ကောင်းမှုကို လည်းကောင်း၊ ကုဗ္ဗတိ- ပြု၏၊ က္လတိ- ဤသို့ တွံ- သင်ဒါယကာသည်၊ ဝဒတိ- ဆို၏၊ အယံ- ဤစကားသည်၊ တဝ- သင်၏၊ ဥဒီရဏာစေ- စကားဖြစ်ငြားအံ့၊ ဧဝံသန္တေ- ဤသို့သင့်စကားဖြစ်သည်ရှိသော်၊ ကောနာမ- အဘယ်မည်သော သတ္တဝါသည်၊ ပါပေန- မကောင်းမှုဖြင့်၊ [လိပ္ပတိ (လိမ္ပတိ)]- လိမ်းကျံမည်နည်း။

(၁၄၀) အာဝုသော- ဒါယကာ၊ တဝ- သင်၏၊ သော အတ္ထောစ- ထိုအဟေတုကဝါဒဟုဆိုအပ်သောအနက်သည်လည်းကောင်း၊ သော ဓမ္မောစ- ထိုအနက်ကို

ပြတတ်သော သဒ္ဒါသည်လည်းကောင်း၊ ကလျာဏော- ကောင်းမြတ်သည်၊ ဟောတိစေ- ဖြစ်ငြားအံ့၊ ပါပကော- ယုတ်မာသည်၊ နစဟောတိစေ- မဖြစ်ငြားအံ့၊ ဘောတော- သင်ဒါယကာ၏၊ ဝစန်- အကြောင်းမရှိဘဲ သတ္တဝါတို့သည် ဆင်းရဲချမ်းသာကို ခံရကုန်၏ဟူသော စကားသည်၊ သစ္စံစေ- မှန်ငြားအံ့၊ ဧဝံသတိ- ဤသို့မှန်သည်ရှိသော်၊ မယာ- ငါသည်၊ ဝါနရော- မျောက်ကို၊ သုဟတော- သတ်အပ်သည် ကောင်းပါတောင်းတကား။

(၁၄၁) ဟိသစ္စံ- မျောက်ကို သတ်အပ်သည်ကား ကောင်းစွဟူ၍ ဆိုအပ်သော ငါစကားသည် မှန်၏၊ ဘောတော- အရှင်၏၊ ဝါဒေါ- အယူဝါဒသည်၊ တာဒိသော- ထိုငါပြုသောအမှုနှင့် တူသော သဘောရှိ၏၊ တသ္မာ- ထို့ကြောင့်၊ မမ- ငါအား၊ ဂရဟမာနေ- ကဲ့ရဲ့မိသော အပြစ်ကို၊ ဝိဇာနိ ယာစေ- သိသည် ဖြစ်ငြားအံ့၊ ဧဝံသတိ- ဤသို့ သိသည်ရှိသော်၊ မံ- ငါကို၊ တွံ- သင်ဒါယကာသည်၊ နဂရဟေယျာသိ- မကဲ့ရဲ့ရာ။

တတ္ထ- ထိုဥဒီရဏာစသော ဂါထာတို့၌၊ **ဥဒီရဏာ**တိ- ဥဒီရဏာဟူသည်ကား၊ ကထာ- စကားသည်၊ **သံဂတျာ**တိ- သံဂတျာဟူသည်ကား၊ သံဂတိယာ- ဘဝခြောက်မျိုးတို့တွင် တစ်မျိုးသို့ ကပ်ရောက်ခြင်းဖြင့်၊ ဆန္န- ခြောက်ပါးကုန်သော၊ အဘိဇာတီနံ- အမျိုးဇာတ်တို့တွင်၊ တံ တံ အဘိဇာတိံ- ထိုထိုအမျိုးဇာတ်သို့၊ ဥပဂမနေန- ကပ်ရောက်ခြင်းဖြင့်၊ **ဘာဝါယမနုဝတ္တတီ**တိ- ဘာဝါယမနုဝတ္တတိဟူသည်ကား၊ ဘာဝေန- ပင်ကိုယ်သဘောအားဖြင့်၊ အနုဝတ္တတိ- ဖြစ်၏၊ ကရဏတ္ထေ- ကရိုဏ်းအနက်၌၊ သမ္ပဒါနံ- သမ္ပဒါန်ဝိဘတ်တည်း၊ **အကာမာ**တိ- အကာမာဟူသည်ကား၊ အကာမေန- အလိုမရှိသဖြင့်၊ အနိစ္ဆာယ- အလိုမရှိသဖြင့်၊ **အကရဏီယံ ဝါ ကရဏီယံ ဝါပိ**တိ- အကရဏီယံ ဝါ ကရဏီယံ ဝါပိဟူသည်ကား၊ အကတ္တဗ္ဗံ- မပြုသင့်သော၊ ပါပံ ဝါ- မကောင်းမှုကိုလည်းကောင်း၊ ကတ္တဗ္ဗံ- ပြုသင့်သော၊ ကုသလံ ဝါ- ကောင်းမှုကိုလည်းကောင်း၊ **ကုဗ္ဗတီ**တိ- ကုဗ္ဗတိဟူသည်ကား၊ ကရောတိ- ပြု၏၊ **ကွိဓာ**တိ- ကွိဓာဟူသည်ကား၊ ကွေ- ဤအရာ၌၊ ကော- အဘယ်သူသည်၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ တွံ- သင်သည်၊ အဟေတုကဝါဒီ- အဟေတုကအယူရှိသူသည်၊ သတ္တာနံ- သတ္တဝါတို့၏၊ သံကိလေသာယ- ညစ်ညူးခြင်းငှာ၊ ဟေတု- အကြောင်းသည်၊ နတ္ထိ- မရှိ၊ ပစ္စယော- အကြောင်းသည်၊ နတ္ထိ- မရှိ၊ ဣတိ အာဒိဒိဋ္ဌိကော- ဤသို့စသော အယူရှိသူသည်၊ (အသိ- ဖြစ်၏၊)

အယံ လောကော- ဤလောကသည်၊ သံဂတိယာ စေဝ- ဂတိခြောက်မျိုးတို့တွင် တစ်မျိုးသို့ လားရောက်ခြင်းဖြင့်လည်းကောင်း၊ သဘာဝေန စ- ပင်ကိုယ်သဘော အားဖြင့်လည်းကောင်း၊ အနုဝတ္တတိ- ဖြစ်၏၊ ပရိဏာမတိ- ကိုင်းညွတ်၏၊ တတ္ထ တတ္ထ- ထိုထိုဘဝ၌၊ သုခဒုက္ခံ- ချမ်းသာဆင်းရဲကို၊ ပဋိသံဝေဒေတိ- ခံစားရ၏၊ အကာမကောဝ- အလိုမရှိဘဲသာလျှင်၊ ပါပံ ဝါ- မကောင်းမှုကိုလည်းကောင်း၊ ပုညံ ဝါ- ကောင်းမှုကို လည်းကောင်း၊ ကရောတိ- ပြု၏၊ ဣတိ- ဤသို့၊ ဝဒသိ- ဆိုဘိ၏၊ တဝ- သင်၏၊ အယံ ဥဒီရဏာ- ဤစကားသည်၊ တထာ- ထိုသို့ဆိုသည့်အတိုင်း၊ သစေ(ဘဝတိ)- အကယ်၍ဖြစ်အံ့၊ ဧဝံ သန္တေ- ဤသို့ဖြစ်သည်ရှိသော်၊ ဣဓ- ဤလောက၌၊ အကာမကရဏီယသ္မိံ- အလိုမရှိဘဲပြုရာ၌၊ အတ္တနော- မိမိ၏၊ ဓမ္မတာယ- ပင်ကိုယ် သဘောအားဖြင့်၊ ပဝတ္တမာနေ- ဖြစ်သော၊ ပါပေ- မကောင်းမှု၌၊ ကော- အဘယ်မည် သော၊ သတ္တော- သတ္တဝါသည်၊ ပါပေန- မကောင်းမှုဖြင့်၊ လိပ္ပတိ- လိမ်းကျံပါအံ့၊ ဟိ- မှန်၏၊ အတ္တနာ- မိမိသည်၊ အကတေန- မပြုအပ်သော၊ ပါပေန- မကောင်းမှုဖြင့်၊ သစေ လိပ္ပတိ- အကယ်၍လိမ်းကျံအံ့ (ယော- အကြင် သူသည်၊ ပါပေန- မကောင်းမှုဖြင့်) န လိပ္ပေယျ- မလိမ်းကျံရာ၊ ကောစိ- တစ်စုံတစ်ယောက်သော၊ (သော- ထိုသူသည်၊) န- မရှိလေရာ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

**သော စေ**တိ- သော စေဟူသည်ကား၊ အဟေတုကဝါဒသင်္ခါတော- အဟေတု ကဝါဒဟုဆိုအပ်သော၊ တဝ- သင်၏၊ သော ဘာသိတတ္ထော စ- ထိုဆိုအပ်သော အနက်သည်လည်းကောင်း၊ အတ္ထဇောတကော- အနက်ကိုထွန်းပြတတ်သော၊ သော ဓမ္မော စ- ထိုသဒ္ဒါသည်လည်းကောင်း၊ ကလျာဏော- ကောင်းသည်၊ န စ ပါပ- ကော- မယုတ်ညံ့သည်၊ (စေ ဟောတိ- အကယ်၍ဖြစ်အံ့၊) အဟေတူ- အကြောင်း မရှိမူ၍၊ အပ္ပစ္စယာ- အကြောင်းမရှိမူ၍၊ သတ္တာ- သတ္တဝါတို့သည်၊ သံကိလိဿန္တိ- ညစ်နွမ်းရကုန်၏၊ သုခဒုက္ခံ- ချမ်းသာဆင်းရဲကို၊ ပဋိသံဝေဒိယန္တိ- ခံစားရကုန်၏၊ ဣတိ- ဤသို့၊ ဘောတော- အရှင်သည်၊ ဣဒံ ဝစနံ- ဤစကားသည်၊ သစ္စံ စေ- အကယ်၍မှန်ငြားအံ့၊ မယာ- ငါသည်၊ ဝါနရော- မျောက်ကို၊ သုဟတော- ကောင်းစွာ သတ်အပ်သည်မည်၏၊ ဧတ္ထ- ဤမျောက်ကို သတ်ရာ၌၊ မမ- ငါ့အတွက်၊ ဒေါသော- အပြစ်သည်၊ ကော- အဘယ်မှာရှိအံ့နည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း၊ **ဝိဇာနိယာ**တိ- ဝိဇာနိယာဟူသည်ကား၊ ဟိ- မှန်၏၊ သမ္ဗ- အဆွေ၊ တွံ- သင်သည်၊ အတ္တနော- မိမိ၏၊ ဝါဒဿ- ဝါဒ၏၊ အပရာဓံ- အပြစ်ကို၊ သစေ ဇာနေယျာသိ-

အကယ်၍သိခဲ့ငြားအံ့၊ မံ- ငါ့ကို၊ န ဂရဟေယျာသိ- မကဲ့ရဲ့လေရာ၊ ကိံကာရဏာ?- အဘယ်အကြောင်းကြောင့် နည်းဟူမူကား၊ ဟိ- အကြောင်းကား၊ ဘောတော- အရှင်၏၊ ဝါဒေါ- ဝါဒသည်၊ တာဒိသော- ထိုကဲ့သို့သဘောရှိ၏၊ တသ္မာ- ထို့ကြောင့်၊ အယံ- ဤရဟန်းသည်၊ မမ- ငါ၏၊ ဝါဒံ- ဝါဒကို၊ ကရောတိ- ပြု၏၊ ဣတိ- ဤသို့၊ မံ- ငါ့ကို၊ (တွံ- သင်သည်၊) ပသံသေယျာသိ- ချီးမွမ်းရာ၏၊ ပန- စင်စစ်ကား၊ အတ္တနော- မိမိ၏၊ ဝါဒံ- ဝါဒကို၊ အဇာနန္တော- မသိသည်ဖြစ်၍၊ မံ- ငါ့ကို၊ ဂရဟသိ- ကဲ့ရဲ့ဘိ၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- (ဣမာဟိဂါထာဟိ)- ဤဂါထာတို့ဖြင့်၊ မဟာသတ္တော- ဘုရားလောင်း ဗောဓိပရိဗိုဇ်သည်၊ တံ- ထိုအဟေတုကဝါဒိအမတ်ကို၊ နိဂ္ဂဏှိတွာ- နှိပ်တော်မူ၍၊ အပ္ပဋိဘာဏံ- ဉာဏ်၌ရှေးရှုမထင်ခြင်းကို၊ ဝါ- ဉာဏ်ကင်းသည်ကို၊ အကာသိ- ပြုတော်မူပြီ၊ သောပိ- ထိုအဟေတုကဝါဒီအမတ်သည်လည်း၊ ရာဇပရိသတိ- မင်း၏ ပရိသတ်၌၊ မင်္ကုဘူတော- မျက်နှာမသာယာသည်ဖြစ်၍၊ ပတ္တက္ခန္ဓော- ဦးခေါင်းငိုက် ဆိုက်ကျသည်ဖြစ်၍၊ နိသီဒိ- ထိုင်နေပြီ။

မဟာသတ္တောပိ- ဘုရားလောင်း ဗောဓိပရိဗိုဇ်သည်လည်း၊ တဿ- ထိုအဟေတုကဝါဒီအမတ်၏၊ ဝါဒံ- အယူဝါဒကို၊ ဘိန္ဒိတွာ- ဖျက်ဆီးတော်မူပြီး၍၊ ဣဿရကတဝါဒိံ- လောကကိုအစိုးရသော မဟာဗြဟ္မာသည် ပြုလုပ်အပ်၏ဟု အယူရှိသော အမတ်ကို၊ အာမန္တေတွာ- ခေါ်တော်မူ၍၊ "အာဝုသော- ဒါယကာ၊ တွံ- သင်သည်၊ ဣဿရနိမ္မိတဝါဒံ- မဟာဗြဟ္မာ(ဗိဿနိုး) အစိုးရသော သူသည် ဖန်ဆင်းအပ်၏ဟူသော အယူဝါဒကို၊ သာရတော- အနှစ်သာရအားဖြင့်၊ ယဒိ ပစ္စေသိ- အကယ်၍ယုံကြည်အံ့၊ (ဧဝံသတိ- ဤသို့ ယုံကြည်သည်ရှိသော်၊) ကသ္မာ- အဘယ်ကြောင့်၊ မံ- ငါ့ကို၊ ပရိဟသသိ- ပြက်ရယ်ပြုရဘိသနည်း၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ (တံ- ထိုအယူဝါဒကို၊ ဘိန္ဒန္တော- ဖျက်ဆီးတော်မူလိုသည်ဖြစ်၍)၊ "ဣဿရော သဗ္ဗလောကဿ (ပ) ဝါဒေါ ဟိ တာဒိသော"တိ- "ဣဿရော သဗ္ဗလောကဿ (ပ) ဘောတောဝါဒေါဟိ တာဒိသော"ဟူကုန်သော၊ (ဣမာတိဿောဂါထာ- ဤသုံးဂါ ထာတို့ကို၊) အာဟ- ဆိုတော်မူပြီ။

(၁၄၂) အာဝုသော- ဒါယကာ၊ သဗ္ဗလောကဿ- အလုံးစုံသော သတ္တဝါ၏၊
ဇီဝိတဥ္စ- အသက်မွေးခြင်းကိုလည်းကောင်း၊ [ဣဒ္ဓိ(ဣဒ္ဓိ)]ဗျသနဘာဝဥ္စ- တန်ခိုးပြည့်စုံခြင်း ပျက်စီးခြင်း အပြစ်ကိုလည်းကောင်း၊ ကလျာဏပါပကံ-

ကောင်း မကောင်းသော၊ ကမ္မဥ္စ- ကုသိုလ် အကုသိုလ်ကိုလည်းကောင်း၊ ဣဿရော- ပြဟ္မာဗိဿနိုးအစိုးရသော သူသည်၊ သစေကုပ္ပေတိ- အကယ်၍ စီရင်သည်ဖြစ်အံ့၊ ဧဝံသန္တေ- ဤသို့ ပြဟ္မာဗိဿနိုးအစိုးရသော သူ စီရင်သည်ရှိသော်၊ ပုရိသော- သတ္တဝါသည်၊ နိဒ္ဒေသကာရီ- ညွှန်ပြ စီရင်သည်ကိုသာ ပြုလေ့ရှိသည်ဖြစ်၍၊ ပါပေန- မကောင်းမှုဖြင့်၊ [နလိပ္ပတိ (နလိမ္ပတိ)]- မလိမ်းကျံပါတကား၊ ဣဿရော- ပြဟ္မာဗိဿနိုး အစိုးရသော သူသည်သာ၊ တေန- ထိုမကောင်းမှုဖြင့်၊ [လိပ္ပတိ(လိမ္ပတိ)]- လိမ်းကျံလူးကပ် ပါလေသည်တကား။

(၁၄၃) အာဝုသော- ဒါယကာ၊ တဝ- သင်၏၊ သောတာဒိသော- ထိုသို့ သဘောရှိသော၊ အတ္ထောစ- ပြဟ္မာဗိဿနိုးအစိုးရသောသူ ဖန်ဆင်းစီရင်၏ ဟူသော အနက်သည်လည်းကောင်း၊ ဓမ္မောစ- ထိုအနက်ကိုပြတတ်သော သဒ္ဒါသည်လည်းကောင်း၊ ကလျာဏော- ကောင်းမြတ်သည်၊ ဟောတိစေ- ဖြစ်ငြားအံ့၊ ပါပကော- ယုတ်မာသည်၊ နစဟောတိစေ- မဖြစ်ငြားအံ့၊ ဘောတော- သင်ဒါယကာ၏၊ ဝစနံ- ပြဟ္မာဗိဿနို အစိုးရသောသူ ဖန်ဆင်းစီရင်၏ဟူသော စကားသည်၊ သစ္စံ စေ- မှန်ငြားအံ့၊ ဧဝံသတိ- ဤသို့ မှန်သည်ရှိသော်၊ မယာ- ငါသည်၊ ဝါနရော- မျောက်ကို၊ သုဟတော- သတ်အပ်သည် ကောင်းစွတကား။

(၁၄၄) ဟိသစ္စံ- မျောက်ကို သတ်အပ်သည် ကောင်းစွာတကားဟူ၍ ဆိုအပ် သော စကားသည် မှန်၏၊ အာဝုသော- ဒါယကာ၊ ဟိယသ္မာ- အကြင့်ကြောင့်၊ ဘောတော- သင်ဒါယကာ၏၊ ဝါဒေါ- ဝါဒသည်၊ တာဒိသော- ထိုငါပြုသော အမှုနှင့် တူသော သဘောရှိ၏၊ တသ္မာ- ထို့ကြောင့်၊ မမ- ငါ့အား၊ စောဒိယ- မာနေ- ကဲ့ရဲ့သည်ရှိသော်၊ အတ္တနော- မိမိ၏၊ ဝါဒဿ- အယူဝါဒအား၊ အပရာဓံ- ကဲ့ရဲမိသောအပြစ်ကို၊ ဝိဇာနိယာစေ- သိငြားအံ့၊ ဧဝံသတိ- ဤသို့ သိသည်ရှိသော်၊ မံ- ငါကို၊ တွံ- သင်သည်၊ နဂရဟေ-ယျာသိ- မကဲ့ရဲ့ရာ။

တတ္ထ- ထိုဣဿရောစသော ဂါထာတို့၌၊ **ကပ္ပေတိ ဇီဝိတန္တိ**- ကပ္ပေတိ ဇီဝိတံ ဟူသည်ကား၊ သစေ- အကယ်၍၊ ပြဟ္မာ ဝါ- ပြဟ္မာသည်လည်းကောင်း၊ အညော- အခြားသော၊ ကောစိ- တစ်စုံတစ်ယောက်သော၊ ဣဿရော ဝါ- အစိုးရသူသည် လည်းကောင်း၊ တွံ- သင်သည်၊ ကသိယာ- လည်ထွန်ခြင်းဖြင့်၊ ဇီဝ- အသက်မွေးလော့၊ တွံ- သင်သည်၊ ဂေါရက္ခေန- နွားကို ထိန်းကျောင်းခြင်းဖြင့်၊ (ဇီဝ- အသက်မွေးလော့၊)

က္ကတိ ဧဝံ- ဤသို့ သဗ္ဗလောကဿ- အလုံးစုံသော လောက၏၊ ဇီဝိတံ- အသက်ကို (ဝါ) ရှင်သန်မှုကို၊ သံဝိဒဟတိ- စီရင်အံ့၊ ဝိစာရေတိ- စီမံခန့်ခွဲအံ့၊ **က္ကဒ္ဓိ ဗျသနဘာဝဥ္စာ**တိ- က္ကဒ္ဓိ ဗျသနဘာဝဥ္စဟူသည်ကား၊ က္ကဿရိယာဒိဘေဒါ- ဖန်ဆင်းခြင်းစသည် အပြားရှိကုန်သော၊ က္ကဒ္ဓိယော စ- တန်ခိုးအစွမ်းတို့သည်လည်းကောင်း၊ ဉာတိဝိနာသာဒိကံ- ဉာတိ (ဆွေမျိုး) ပျက်စီးခြင်းအစရှိသော၊ ဗျသနဘာဝဥ္စ- ပျက်စီးခြင်း၏ အဖြစ်ကိုလည်းကောင်း၊ သေသံ- ကြွင်းကျန်သော၊ ကလျာဏပါပကံ- အကောင်း အဆိုးဖြစ်သော၊ သဗ္ဗံ- အလုံးစုံသော၊ ကမ္မဥ္စ- ကံကိုလည်းကောင်း၊ က္ကဿရော၀- ဖန်ဆင်းသူသည်သာ၊ ယဒိ ကပ္ပေတိ ကရောတိ- အကယ်၍ ပြုငြားအံ့၊ **နိဒ္ဒေသကာရီ**တိ- နိဒ္ဒေသကာရီဟူသည်ကား၊ တဿ- ထိုအစိုးရသူ၏၊ နိဒ္ဒေသံ- ညွှန်ပြချက်ကို၊ အာဏတ္တိမေဝ- စေခိုင်းမှုကိုသာ၊ သေသော- ကြွင်းသော၊ ယော ကောစိ- တစ်စုံ တစ်ယောက်သော၊ ပုရိသော- ယောကျာ်းသည်၊ ယဒိ ကရောတိ- အကယ်၍ ပြုငြားအံ့၊ ဧဝံ သန္တေ- ဤသို့ပြုသည်ရှိသော်၊ ယော ကောစိ- တစ်စုံတစ်ယောက်သော၊ ပုရိသော- ယောကျာ်းသည်၊ ပါပံ- မကောင်းမှုကို၊ ကရောတိ- ပြု၏၊ တဿ- ထိုမကောင်းမှု၏၊ က္ကဿရေန- ဖန်ဆင်းရှင်သည်၊ ကတတ္တာ- ပြုအပ်သည်၏အဖြစ်ကြောင့်၊ က္ကဿရော၀- ဖန်ဆင်းရှင်သည်သာလျှင်၊ တေန ပါပေန- ထိုမကောင်းမှုဖြင့်၊ လိပ္ပတိ- လိမ်းကျံ၏၊ သေသံ- ကြွင်းသော စကားရပ်ကို၊ ပုရိမနယေနေ၀- ရှေ့နည်းဖြင့်သာလျှင်၊ ဝေဒိတဗ္ဗံ- သိအပ်၏၊ စ- ထို့အပြင်၊ က္ကမ- ဤနေရာ၌၊ ယထာ ဝေဒိတဗ္ဗံ- သိအပ်သကဲ့သို့ ဧဝံ- ဤအတူ၊ သဗ္ဗတ္ထ- အလုံးစုံသော အရာ၌၊ ဝေဒိတဗ္ဗံ- သိအပ်၏။

က္ကတိ- ဤသို့၊ သော- ထိုဘုရားလောင်း ဗောဓိပရိဗိုဇ်သည်၊ အမ္ဗတော၀- သရက်ပင်မှသာလျှင်၊ မုဂ္ဂရံ- တင်းပုတ်ကို၊ ဂဟေတွာ- ယူ၍၊ အမ္ဗံ- သရက်သီးကို၊ ပါတေန္တောဝိယ- ကျစေ(ကြွေစေ)သကဲ့သို့၊ က္ကဿရကရဏေနေ၀- လောကကို အစိုးရသော မဟာဗြဟ္မာသည် ပြုလုပ်(ဖန်ဆင်းခြင်း)ဖြင့်သာလျှင်၊ က္ကဿရကတဝါဒံ- လောကကို အစိုးရသော မဟာဗြဟ္မာသည် ပြုလုပ်(ဖန်ဆင်း)အပ်၏ဟု ပြောဆိုကြောင်း အယူဝါဒကို၊ ဘိန္ဒိတွာ- ဖျက်ဆီးတော်မူပြီး၍၊ ပုဗ္ဗေကတဝါဒိံ- ရှေး၌ပြုဖူးသော ကံကြောင့် ချမ်းသာဆင်းရဲ၏ဟု အယူရှိသော အမတ်ကို၊ အာမန္တေတွာ- ခေါ်တော်မူ ၍၊ "အာဝုသော- ဒါယကာ၊ တွံ- သင်သည်၊ ပုဗ္ဗေကတဝါဒံ- ပုဗ္ဗေကတဝါဒကို၊ သစ္စံ- မှန်၏ဟူ၍၊ ယဒိမညသိ- အကယ်၍အောက်မေ့အံ့၊ (မှတ်ထင်အံ့၊) (ဧဝံ- ဤသို့ အောက်မေ့သည်၊ သတိ- ရှိလတ်သော်၊) မံ- ငါ့ကို၊ ကိံ- အဘယ်ကြောင့်၊ ပရိဟာသသိ

ဝါ- ပြက်ရယ်ပြုဘိသနည်း၊" က္ကတိ- ဤသို့ ဝတွာ- ဆို၍၊ (တမ္ပိ- ထို အယူဝါဒကိုလည်း၊ ဘိန္ဒန္တော- ဖျက်ဆီးတော်မူလိုသည်ဖြစ်၍)၊ "သစေ ပုဗ္ဗေကတ-ဟေတု၊ (ပ) ဝါဒေါ ဟိ တာဒိသော"တိ- "သစေ ပုဗ္ဗေကတ ဟေတု (ပ) ဝါဒေါ ဟိ တာဒိသော" ဟူကုန်သော၊ (က္ကမာတိသောဂါထာ- ဤသုံးဂါထာတို့ကို၊) အာဟ- ဆိုတော်မူပြီ။

(၁၄၅) အာဝုသော- ဒါယကာ၊ ပုဗ္ဗေကတဟေတု- ရှေးဘဝ၌ပြုအပ်သော ကံကြောင့်သာလျှင်၊ လောကော- သတ္တဝါသည်၊ သုခဒုက္ခံ- ချမ်းသာ ဆင်းရဲခြင်းသို့၊ သစေနိဂစ္ဆတိ- အကယ်၍ရောက်အံ့၊ တေန- ထိုသတ္တဝါ သည်၊ ပေါရာဏကံ- ရှေး၌ဖြစ်သော၊ ယံပါပံ- အကြင် မကောင်းမှုကို၊ ကတံ- ပြုအပ်ပြီ၊ ဧသော- ဤသတ္တဝါသည်၊ က္ကဒါနိ- ယခုအခါ၌၊ တံက္က- ဏံတမှာက္ကဏမှာ- ထိုမြီးဟောင်းမှ၊ သစေမုစ္စတေ- အကယ်၍ လွတ်သည် ဖြစ်အံ့၊ ဧဝံသန္တေ- ဤသို့လွတ်သည်ရှိသော်၊ သောသတ္တော- ထိုသတ္တဝါသည်၊ ပေါရာဏကံပေါရာဏကာ- ရှေးမကောင်းမှုတည်းဟူသော မြီးဟောင်းမှ၊ မုစ္စတိယထာ- လွတ်သကဲ့သို့၊ ဧဝံတထာ- ထိုအတူ၊ မမပိ- ငါ့အားလည်း၊ က္ကဏမောက္ခော- မြီးမှလွတ်ခြင်းသည်၊ ဟောတိ- ဖြစ်၏၊ က္ကဓ- ဤလောက၌၊ ကောနာမ- အဘယ်မည်သော သူသည်၊ ပါပေန- မကောင်းမှုဖြင့်၊ [လိပ္ပတိ (လိမ္ပတိ)]- လိမ်းကျံလိမ့်မည်နည်း။

(၁၄၆) အာဝုသော- ဒါယကာ၊ သောတာဒိသော- ထိုသို့သဘောရှိသော၊ အတ္တောစ- ရှေးဘဝကပြုအပ်သော ကံကြောင့်သာလျှင် ချမ်းသာဆင်းရဲ ဖြစ်၏ဟူသော အနက်လည်းကောင်း၊ ဓမ္မောစ- အနက်ကိုပြတတ်သော သဒ္ဒါလည်းကောင်း၊ ကလျာဏောစ- မှန်ကန်ကောင်းမြတ်ငြားအံ့၊ ပါပကော- ယုတ်မာသည်၊ န စ ဟောတိစေ- မဖြစ်ငြားအံ့၊ ဘောတော- ဒါယကာ၏၊ ဝစနံ- ရှေးဘဝကပြုအပ်သော ကံကြောင့် ချမ်းသာဆင်းရဲဖြစ်၏ဟူသော စကားသည်၊ သစ္စံ- မှန်ငြားအံ့၊ ဧဝံသတိ- ဤသို့မှန်သည်ရှိသော်၊ မယာ- ငါသည်၊ ဝါနရော- မျောက်ကို၊ သုဟတော- သတ်အပ်သည် ကောင်းစွာ တကား၊ ဟိသစ္စံ- မျောက်ကို သတ်အပ်သည်ကား ကောင်းစွဟူ၍ ဆိုအပ်သော စကားသည် မှန်၏။

(၁၄၇) အာဝုသော- ဒါယကာ၊ ဟိယသ္မာ- အကြင့်ကြောင့်၊ ဘောတော- ဒါယကာ၏၊ ဝါဒေါ- အယူဝါဒသည်၊ တာဒိသော- ထိုငါပြုအပ်သော အမှုနှင့် တူသော သဘောရှိ၏၊ တသ္မာ- ထိုကြောင့်၊ မမ- ငါ့အား၊ စောဒိမာနေ-

အပြစ်တင်သည်ရှိသော်၊ အတ္တနာ- မိမိ၏၊ ဝါဒဿ- အယူဝါဒအား၊ အပရာဓံ- တင့်မိသောအပြစ်ကို၊ တွံ- သင်သည်၊ ဝိဇာနိယာစေ- သိငြားအံ့၊ ဧဝံသတိ- ဤသို့ သိသည်ရှိသော်၊ မံ- ငါ့ကို၊ နဂရဟေယျာသိ- မကဲ့ရဲ့လေရာ။

တတ္ထ- ထိုသစေ စသော ဂါထာတို့၌၊ **ပုဗ္ဗေကတဟေတူ**တိ- ပုဗ္ဗေကတ ဟေတု ဟူသည်ကား၊ ပုဗ္ဗကတဟေတု- ရှေးဘဝ၌ပြုအပ်သော ကံဟူသော အကြောင်းကြောင့်၊ ပုရိမဘဝေ- ရှေးဘဝ၌၊ ကတကမ္မကာရဏေနေဝ- ပြုအပ်သော ကံဟူသော အကြောင်းကြောင့်သာလျှင်၊ **တမေသော မုစ္စတေ ကူဏာန္တိ**- တမေသော မုစ္စတေ ကူဏံဟူသည်ကား၊ ယော- အကြင်သူသည်၊ ဝဓဗန္ဓာဒီဟိ- သတ်ခြင်း နှောင်ဖွဲ့ခြင်း အစရှိသည်တို့ဖြင့်၊ ဒုက္ခံ- ဆင်းရဲသို့၊ ပါပုဏာတိ- ရောက်၏၊ တေန- ထိုသူသည်၊ ကတံ- ပြုအပ်သော၊ ပေါရာဏကံ- ရှေး၌ဖြစ်သော၊ ယံ ပါပံ- အကြင် မကောင်းမှုသည်၊ (အတ္ထိ- ရှိ၏၊) တံ- ထိုမကောင်းမှုသည်၊ ကူဒါနိ- ယခုဘဝ၌၊ ကူဏံ- ကြွေးမြီးသည်၊ (ဟောတိ- ဖြစ်၏၊) သော- ထိုဤဘဝ၌ ဆင်းရဲသို့ ရောက်သော သူသည်၊ (တတော- ထိုကြွေးမြီးမှ) ယဒိ မုစ္စတိ- အကယ်၍လွတ်သည် မည်အံ့၊ ဧဝံ သန္တေ- ဤသို့ဖြစ်သည်ရှိသော်၊ မမပိ- ငါ့အဖို့လည်း၊ ဧသ- ဤမျောက်ကို သတ်ခြင်းသည်၊ ပေါရာဏကကူဏာ- တော- ရှေးဖြစ်သော ကြွေးမြီးမှ၊ မောက္ခော- လွတ်သည်၊ (ဟောတိ- ဖြစ်၏၊)[၂] ဟိ- ချဲ့ဦးအံ့၊ အနေန မက္ကဋေန- ဤမျောက်သည်၊ ပုဗ္ဗေ- ရှေးဘဝ၌၊ ပရိဗ္ဗာဇကေန-

၁။ ရှေးဘဝရဟန်းဖြစ်စဉ်က မျောက်ဖြစ်ခဲ့သော ငါ့ကို သတ်ခဲ့သဖြင့် မျောက်အကုသိုလ်ကြွေးတင်ရှိခဲ့သည်၊ ယခုဘဝမျောက်ကနေ ရဟန်းဖြစ်သော ငါက ရှေးဘဝ ရဟန်းကနေ ယခုမျောက်ဖြစ်နေသော သူကို သတ်လိုက်သည့်အတွက် ထိုမျောက်ကလေးသည် တင်နေသော အကုသိုလ်ကြွေးမှ လွတ်မြောက်သွားသည်၊ အကယ်၍သာ ငါမသတ်လျှင် ထိုမျောက်ကြွေးမှ မလွတ်မြောက်နိုင်ပေဟု ဆိုလိုသည်။

၂။ မောက္ခော-ဤပုဒ်ကို ပါဠိဆရာတို့က မုစ-ဓာတ်၊ တ-ပစ္စည်းဟု ပုဒ်ပြီးကြကြ၏၊ စ-နှင့် တ-ပေါင်းစပ်လျှင် တ္တ-သာဖြစ်နိုင်စရာရှိ၏၊ က္ခ-ဟုမဖြစ်နိုင်ပေ၊ ထို့ကြောင့် အချို့ဆရာတို့ကား မောက္ခ-ဓာတ်၊ အ-ပစ္စည်းဟု ပုဒ်ပြီးကြကုန်၏၊ ဤသို့ဖြစ်ရခြင်းမှာ သက္ကတ၌ မုစ-ဓာတ်နောင် သ-ပစ္စည်းဆက်၍ စ-နှင့် သ-တို့တွေ့ဆုံသောအခါ က္ခ-သို့ပြောင်းသော တုမိစ္ဆတ္ထကြိယာ ပုဒ်ရှိသည်၊ ထိုတုမိစ္ဆတ္ထကြိယာပုဒ်ကို အာချာတ်ဝိဘတ် မသက်ဘဲ နာမ်ပုဒ်အနေဖြင့် အသုံးပြုသော အခါ မောက္ခ-ဟု ရုပ်ပုံစံဖြစ်သွားတော့၏၊ ထို့ကြောင့် မောက္ခ-ဓာတ်ဟု ကြံခြင်းက ပါဠိပုဒ်အနေဖြင့် သင့်တော်မည်ဟု ထင်ရ၏၊ ဤပုဒ်နှင့် ဓာတ်ပစ္စည်း ယောင်မှားတတ်သော ပါမောက္ခ-ဟူသော ပုဒ်လည်းရှိ၏၊ ထိုပုဒ်မှာ ပ-ရှေ့ရှိသော မုခ-ဓာတ်ဖြစ်၏၊ ပမုခ-အကြီးအမှူး ဟူသော အနက်ကို

ပရိဗ္ဗိုဇ်ရဟန်းသည်၊ ဟုတွာ- ဖြစ်ခဲ့၍၊ အဟံ- ငါသည်၊ မက္ကဋော- မျောက်သည်၊ သမာနော- ဖြစ်လတ်သော်၊ မာရေတွာ- သတ်၍၊ ခါဒိတော- စားအပ်သည်၊ ဘဝိဿာမိ- ဖြစ်အံ့၊ ဣတိ- ဤသို့ဘဝ၌၊ မက္ကဋတ္တံ- မျောက်အဖြစ်သို့ ပတ္တော- ရောက်သော၊ သွာယံ- ထိုရှေးဘဝက ပရိဗိုဇ်ကို၊ ပရိဗ္ဗာဇကတ္တံ- ပရိဗိုဇ်ရဟန်းအဖြစ်သို့ ပတ္တေန- ရောက်သော၊ မယာ- ရှေးဘဝက မျောက်ဖြစ်ခဲ့ဖူးသော ငါသည်၊ မာရေတွာ- သတ်၍၊ ခါဒိတော- စားအပ်သည်၊ ဘဝိဿတိ- ဖြစ်လတ့်၊ ဣတိ- ဤသို့ အပြန်အလှန် သတ်၍စားရာ၌၊ ကော- အဘယ်သူသည်၊ ပါပေန- မကောင်းမှုဖြင့်၊ လိပ္ပတိ- လိမ်းကျံအံ့နည်း၊ ဣတိ- ဤ ကား၊ အတ္တော- အနက်တည်း။

ဣတိ- ဤသို့၊ သော- ထိုဘုရားလောင်း ဗောဓိပရိဗိုဇ်သည်၊ တဿ- ထိုပုဗ္ဗေကတဝါဒီအမတ်၏၊ ဝါဒမ္ပိ- အယူဝါဒကိုလည်း၊ ဘိန္ဒိတွာ- ဖျက်ဆီးတော်မူ၍၊ ဥစ္ဆေဒဝါဒိံ- ဥစ္ဆေဒဝါဒီအမတ်သို့ အဘိမုခံ- ရှေးရှုသည်ကို၊ ကတွာ- ပြု၍၊ "အာဝုသော- ဒါယကာ၊ တွံ- သင်သည်၊ 'ဒိန္နံ- ပေးလှူကြောင်း ဒါနစေတနာ၏ အကျိုးသည်၊ နတ္ထိ- မရှိ' ဣတိအာဒိနိ- ဤသို့အစရှိသည်တို့ကို၊ ဝတွာ- ဆို၍၊ 'ဣဓေဝ- ဤပစ္စုပ္ပန်ဘဝ၌သာလျှင်၊ သတ္တာ- သတ္တဝါတို့သည်၊ ဥစ္ဆိဇ္ဇန္တိ- ပြတ်ကုန်၏၊ ပရလောကံ- တမလွန်ဘဝသို့ ဂတာနာမ- သွားကုန်သော သူတို့မည်သည်၊ နတ္ထိ- မရှိကုန်၊' ဣတိ- ဤသို့ မညမာနော- မှတ်ထင်လျက်၊ ကသ္မာ- အဘယ်ကြောင့်၊ မံ- ငါ့ကို၊ ပရိဟာသသိ- ပြက်ရယ်ပြုဘိ သနည်း၊" ဣတိ- ဤသို့၊ သန္တဇ္ဇေတွာ- ခြိမ်းခြောက်၍၊ (တဿ- ထိုအမတ်၏၊ ဝါဒမ္ပိ- အယူကိုလည်း၊ ဘိန္ဒန္တော- ဖျက်ဆီးတော်မူလိုသည်ဖြစ်၍)၊ "စတုန္နံယေဝုပါဒါယ (ပ) ဘောတော ဝါဒေါ ဟိ တာဒိသော" တိ- "စတုန္နံယေ-ဝုပါဒါယ (ပ) ဘောတော ဝါဒေါ ဟိ တာဒိသော"ဟူကုန်သော၊ (ဣမာစတဿော ဂါထာ- ဤလေးဂါထာတို့ကို) အာဟ- ဆိုတော်မူပြီ။

(၁၄၈) အာဝုသော- ဒါယကာ၊ ပါဏိနံ- သတ္တဝါတို့၏၊ ရူပံ- ရူပက္ခန္ဓာသည်၊ စတုန္နံယေဝ- ပထဝီအစရှိသော လေးပါးသော မဟာဘုတ်တို့ကိုသာလျှင်၊ ဥပါဒါယ- စွဲ၍၊ သမ္ဘောတိ- ဖြစ်၏၊ ယတောစ- အကြင်ပထဝီ အစရှိသော

ဟော၏၊ ပမုခ-နောင် ဏျ-ထပ်ဆင့်သက်၍ ပါမောက္ခ-ဟု ရုပ်ဖြစ်၏၊ အကြီးအမျူး၏ ဖြစ်ကြောင်းဖြစ်သော ရာထူးဌာနန္တရကိုရ၏၊ ခ-ဗျည်းနှင့် ယ-ဗျည်း ပေါင်းစပ်လျှင် ချ- ဟုဖြစ်ရမည်ဖြစ်သော်လည်း ဤ၌ က္ခ-ဟု ဖြစ်သွား၏။

မဟာဘုတ်ကြောင့်သာလျှင်၊ ရူပံ- ရူပက္ခန္ဓာသည်၊ သမ္ဘောတိ- ဖြစ်၏၊ မရဏကာလေ- သေသောကာလ၌၊ တတ္တေဝ- ထိုပထဝီအစရှိသော ဘုတ်အပေါင်းကိုသာလျှင်၊ ရူပံ- ရူပက္ခန္ဓာသည်၊ အနု ပဂစ္ဆတိ- ဆည်းကပ်ဝင်လေ၏။

(၁၄၉) ဣဓေဝ- ဤပစ္စုပ္ပန်လောက၌သာလျှင်၊ ဇီဝေါ- သတ္တဝါသည်၊ ဇီဝတိ- အသက်ရှင်၏၊ ပေစ္စ- ဘဝတစ်ပါး၌၊ နိဗ္ဗတ္တော- ဖြစ်သောသတ္တဝါသည်၊ ဣဓ- ဤပစ္စုပ္ပန်လောကသို့၊ အနာဂန္တွာ- မရောက်လာမူ၍၊ ပေစ္စ- တမလွန်ဘဝ၌၊ ဝိနဿတိ- ပျက်စီးလေ၏၊ ယေဗာလာစ- အကြင် ပညာမရှိကုန်သော သူတို့သည်လည်းကောင်း၊ ယေပဏ္ဍိတာစ- အကြင် ပညာရှိကုန်သော သူတို့သည်လည်းကောင်း၊ သန္တိ- ရှိကုန်၏၊ အယံ- ဤသို့သဘောရှိသော၊ လောကော- ပညာရှိမှဲ့ဖြစ်သော လူအပေါင်းသည်၊ ဥစ္ဆိဇ္ဇတိ- ဘဝတစ်ပါးသို့ မပြောင်းမသွား ပစ္စုပ္ပန်ဘဝတွင်သာ ပြတ်လေတော့သည်တည်း၊ ဣတိ- ဤသို့၊ တွံ- သင်သည်၊ ဝဒသိ- ဆို၏၊ ဧဝံယထာ ဝုတ္တနယေန- အကြင်အကြင် သင်ဆိုအပ်သော နည်းဖြင့်၊ လောကသ္မိံ- သတ္တဝါအပေါင်းသည်၊ ဥစ္ဆိဇ္ဇမာနေ- ပြတ်သည်ရှိသော်၊ ဣဓ- ဤလောက၌၊ ကော- အဘယ်သူသည်။ ပါပေန- မကောင်းမှုဖြင့်၊ [လိပ္ပတိ (လိမ္ပတိ)]- လိမ်းကျံလိမ်မည်နည်း။

(၁၅၀) အာဝုသော- ဒါယကာ၊ သောတာဒိသော- ထိုသို့သဘောရှိသော၊ အတ္ထောစ- ဥစ္ဆေဒဝါဒဟူသော အနက်သည်လည်းကောင်း၊ ဓမ္မောစ- အနက်ကို ပြတတ်သော သဒ္ဒါသည်လည်းကောင်း။ ကလျာဏောစေ- ကောင်းငြားအံ့၊ ပါပကော- ယုတ်မာသည်၊ န စ ဟောတိစ- မဖြစ်ငြားအံ့၊ ဘောတော- ဒါယကာ၏၊ ဝစနံ- သတ္တဝါသည် သေလွန်သည်မှနောက်၌ ပြတ်လေတော့သည်ဟူသော စကားသည်၊ သစ္စံစေ- မှန်ငြားအံ့၊ မယာ- ငါသည်၊ ဝါနရော- မျောက်ကို၊ သုဟတော- သတ်အပ်သည်ကား ကောင်း၏။

(၁၅၁) ဟိသစ္စံ- မျောက်ကို သတ်အပ်သည်ကား ကောင်း၏ဟူသော စကားသည် မှန်၏၊ အာဝုသော- ဒါယကာ၊ ဟိယသ္မာ- အကြင်ကြောင့်၊ ဘောတော- ဒါယကာ၏၊ ဝါဒေါ- အယူသည်၊ တာဒိသော- ထိုငါပြုသော အမှုနှင့် တူသော သဘောရှိ၏၊ တသ္မာ- ထိုကြောင့်၊ မမ- ငါအား၊ ဂါရယှမာနေ- ကဲ့ရဲ့သည်ရှိသော်၊ အတ္တနော- မိမိ၏၊ ဝါဒဿ- အယူဝါဒအား၊

အပရာဓံ- ကဲ့ရဲ့မိသော အပြစ်ကို၊ ဝိဇာနိယာစေ- သိငြားအံ့၊ ဧဝံသတိ- ဤသို့သိသည်ရှိသော်၊ တွံ- သင်သည်။ မံ- ငါ့ကို၊ နဂရဟေယျာသိ- မကဲ့ရဲ့လေရာ။

တတ္ထ- ထိုစတုန္နံယေဝစသော ဂါထာတို့၌၊ **စတုန္နန္တိ**- စတုန္နံဟူသည်ကား၊ ပထဝီအာဒီနံ- ပထဝီအစရှိကုန်သော၊ ဘူတာနံ- မဟာဘုတ်တို့ကို၊ **ရူပန္တိ**- ရူပံဟူသည်ကား၊ ရူပက္ခန္ဓော- ရူပက္ခန္ဓာသည်၊ **တဗ္ဗော၀ါ**တိ- တဗ္ဗော၀ဟူသည်ကား၊ ယတော- အကြင် မဟာဘုတ်မှ၊ တံ ရူပံ- ထိုရူပက္ခန္ဓာသည်၊ သမ္ဘောတိ- ဖြစ်၏၊ နိရုဇ္ဈနကာလေပိ- ချုပ်သောအခါ၌လည်း၊ တဗ္ဗော၀- ထိုမဟာဘုတ်၌ပင်လျှင်၊ အနုပဂစ္ဆတိ- ပြန်၍ ကပ်ရောက်၏၊ ဣမိနာ- ဤစကားရပ်ဖြင့်၊ တဿ- ထိုအမတ်၏၊ စာတုမဟာဘူတိကော- လေးပါးသော မဟာဘုတ်ရုပ်ရှိသော၊ အယံ ပုရိသော- ဤယောကျ်ားသည်၊ ယဒါ- အကြင်အခါ၌၊ ကာလံ- သေခြင်းကို၊ ကရောတိ- ပြု၏၊ တဒါ- ထိုအခါ၌၊ ပထဝီ- ပထဝီဓာတ်သည်၊ ပထဝီကာယံ- ပထဝီဓာတ် အစုအဝေးသို့ အနုပေတိ အနုပဂစ္ဆတိ- ကပ်ရောက်၏၊ အာပေါ- အာပေါဓာတ်သည်၊ တေဇော- တေဇောဓာတ်သည်၊ ဝါယော- ဝါယောဓာတ်သည်၊ ဝါယောကာယံ- ဝါယောဓာတ် အစုအဝေးသို့ အနုပေတိ အနုပဂစ္ဆတိ- ကပ်ရောက်၏၊ အာကာသံ- ကောင်းကင်သို့၊ ဣန္ဒြိယာနိ- ဣန္ဒြေတို့သည်၊ သင်္ကမန္တိ- ပြောင်းကုန်၏၊ အာသန္ဒိပဉ္စမာ- ညောင်စောင်းလျှင် ငါးယောက်မြောက်ဖြစ်ကုန်သော၊[၁] ပုရိသာ- ယောကျ်ားတို့သည်၊ မတံ- သေသူကို၊ အာဒါယ- ယူ၍၊ ဂစ္ဆန္တိ- သွားကြကုန်၏၊ ယာဝ အာဠာဟနာ- သုသာန် တိုင်အောင်၊ ပဒါနိ- ကိုယ်ကောင်တို့သည်၊ ပညာယန္တိ- ထင်ရှားကုန်၏၊ ကာပေါတကာနိ- ခိုချေအဆင်းရှိကုန်သော၊[၂] အဋ္ဌီနိ- ရိုးတို့သည်၊ ဘဝန္တိ- ဖြစ်ကုန်၏၊ အာဟုတိယော- ပေးလှူပူဇော်ခြင်းတို့သည်၊ ဘသ္မန္တာ- ပြာလျှင်အဆုံးရှိကုန်၏၊ ယဒိဒံ ဒါနံ- အကြင်အလှူသည်၊ (အတ္ထိ- ရှိ၏၊ တံ- ထိုအလှူကို၊) ဒတ္တုပညတ္တံ- လူမိုက်တို့ပညတ်အပ်၏၊ တေသံ- ထိုလူမိုက်တို့၏၊ တုစ္ဆာ- အချည်းအနှီးသော၊ မုသာ-

---

၁။ အာသန္ဒိပဉ္စမာ=ဆဋ္ဌမူ စာအုပ်၌ အာသန္ဒိ-ဟု စာမှားနေ၏၊ ညောင်စောင်းခြေလေးခု၌ ကိုင်ထားသော ယောကျ်ားလေးယောက်နှင့် ညောင်စောင်းပေါင်းလျှင် ငါးခုရှိ၍ အာသန္ဒိပဉ္စမာ-ဟု ဆိုသည်၊ (သီလက္ခန် အဋ္ဌကထာ-၁၄၉-၌ရှု)

၂။ ကာပေါတက=ကပေါတ-ခိုငှက်၊ ကာပေါတက-ခိုငှက်ကဲ့သို့သော အဆင်းရှိသော မီးခိုးရောင်ဖြော့၊ လူ့အရိုး၏ အဆင်းကို ဖော်ပြရာတွင် သုံးသည်။

ချို့ယွင်းသော၊ ဝိလာပေါ- စကားသည်၊ (ဘဝတိ- ဖြစ်၏၊) ယေ ကေစိ- ခပ်သိမ်းကုန်သော လူတို့သည်၊ အတ္ထိကဝါဒံ- ကုသိုလ်ကောင်းမှုရှိ၏ဟူသော ဝါဒကို၊ **ဝဒန္တိ**- ဆိုကုန်၏၊ ဗာလေ စ- လူမိုက်တို့သည်လည်းကောင်း၊ ပဏ္ဍိတေ စ- ပညာရှိတို့သည်လည်းကောင်း၊ ကာယဿ- ကိုယ်ခန္ဓာ၏၊ ဘေဒါ- ပျက်စီးခြင်းမှ၊ (ပရံ- နောက်၌၊) ဥစ္ဆိဇ္ဇန္တိ- ပြတ်ကုန်၏၊ ဝိနဿန္တိ- ပျက်စီးကုန်၏၊ မရဏာ- သေသည်မှ၊ ပရံ- နောက်၌၊ န ဟောန္တိ- မရှိကုန်၊ ကုတိ- ဤသို့၊ ကမ္မံ ဒိဋ္ဌိံ- ဤအယူဝါဒကို၊ ပတိဋ္ဌာပေသိ- တည်စေခဲ့ပြီ၊ ကုဓေဝါတိ- ကုဓေဝဟူသည်ကား၊ ကုမသ္မိံယေဝ လောကေ- ဤလောက၌သာလျှင်၊ ဇီဝေါ- သတ္တဝါသည်၊ ဇီဝတိ- အသက်ရှင်၏၊ **ပေစ္စ ပေစ္စ ဝိနဿတီ**တိ- ပေစ္စ ပေစ္စ ဝိနဿတိဟူသည်ကား၊ ပရလောကေ- တစ်ပါးသော လောက၌၊ နိဗ္ဗတ္တော- ဖြစ်သော၊ သတ္တော- သတ္တဝါသည်၊ ဂတိဝသေန- ဂတိ၏အစွမ်းဖြင့်၊ ကုမ- ဤလောကသို့၊ အနာဂန္တွာ- မလာမူ၍၊ တတ္ထေဝ ပရလောကေ- ထိုတစ်ပါးသော လောက၌သာလျှင်၊ ဝိနဿတိ- ပျက်စီး၏၊ ဥစ္ဆိဇ္ဇတိ- ပြတ်၏၊ ဧဝံ- ဤသို့လျှင်၊ လောကသ္မိံ- လောကသည်၊ ဥစ္ဆိဇ္ဇမာနေ- ပြတ်သည်ရှိသော်၊ ကုမ- ဤလောက၌၊ ကော- အဘယ်သူသည်၊ ပါပေန- မကောင်းမှုဖြင့်၊ လိပ္ပတိ- လိမ်းကျံအံ့နည်း၊ ကုတိ- ဤကား၊ အတ္ထော- အနက်တည်း။

ကုတိ- ဤသို့လျှင်၊ သော- ထိုဗောဓိပရိဗိုဇ်သည်၊ တဿပိ- ထိုအမတ်၏လည်း၊ ဝါဒံ- ဝါဒကို၊ ဘိန္ဒိတွာ- ချိုးဖျက်၍၊ ခတ္တဝိဇ္ဇဝါဒိံ- ခတ္တဝိဇ္ဇာအယူရှိသော အမတ်ကို၊* အာမန္တေတွာ- ခေါ်၍၊ အာဝုသော- ဒါယကာ၊ တွံ- သင်သည်၊ မာတာပိတရောပိ- အမိအဖတို့ကိုလည်း၊ မာရေတွာ- သတ်၍၊ အတ္တနော- မိမိ၏၊ အတ္တော- အကျိုးကို၊ ကာတဗ္ဗော- ပြုအပ်၏၊ ကုတိ- ဤသို့၊ ကမ္မံ လဒ္ဓိံ- ဤအယူကို၊ ဥဂ္ဂဏှိတွာ- ထမ်းရွက်၍၊(ဝါ)ချီးမြှောက်၍၊ ဝိစရန္တော- လှည့်လည်လျက်၊ ကသ္မာ- အဘယ့်ကြောင့်၊ မံ- ငါ့ကို၊ ပရိဟာသသိ- ပြက်ရယ်ပြုဘိသနည်း၊ ကုတိ- ဤသို့၊ ဝတွာ- ဆို၍၊ (တဿ- ထိုအမတ်၏၊ ဝါဒမ္ပိ- အယူဝါဒကိုလည်း၊ ဘိန္ဒန္တော- ဖျက်ဆီးလိုသည်ဖြစ်၍)၊ "အာဟု

---

* ခတ္တဝိဇ္ဇာ=ခ်ိ-ဓာတ် အစိုးရခြင်းအနက်၊ တ-ပစ္စည်းသက်၍ မင်း အုပ်ချုပ်သူ လူတန်းစားကို ခတ္တ-ဟုယူ၊ ၎င်းတို့တတ်သင့် တတ်ထိုက်သော ပညာရပ်ကို ခတ္တဝိဇ္ဇာ-ဟု ခေါ်၏၊ ခေတ်စကားဖြင့်နိုင်ငံရေးသိပ္ပံ ဘာသာရပ်ဟု ခေါ်နိုင် အုပ်ချုပ်မှုအတတ်ပညာတည်း၊ ရှေးခေတ်ရာဇသတ်ကျမ်းများလည်း ဤ၌ပါဝင်မိမိအကျိုးစီးပွားအတွက် အမိအဘကိုပင်သော်လည်း သတ်သင့်လျှင်သတ်ရမည်ဟု ထိုကျမ်းတို့၌ မိန့်ဆိုထားသည်။

ခတ္တိယဝိဒါ (ပ) တာဒိသော သိယာ"တိ- "အာဟ ခတ္တိယဝိဒါ (ပ) တာဒိသော သိယာ"ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဆိုတော်မူပြီ။

(၁၅၂) အာဝုသော- ဒါယကာ၊ လောကေ- လောက၌၊ ဗာလာ- ပညာမရှိဘဲလျက်၊ ပဏ္ဍိတမာနိ ‌ - မိမိကိုယ်ကို ငါပညာရှိဟု ထင်မှတ်ကုန်သော၊ [ခတ္တဝိဒါ(ခတ္တဝိဇ္ဇာ)]- မိဘဟူသော မျိုးစေ့ကို ဖျက်ဆီးအပ်၏ဟု အယူရှိကုန်သော သူတို့သည်၊ တာဒိသော- ထိုသို့မိဘစသည်တို့ကို သတ်သင့်သော သဘောရှိသော၊ အတ္တော- မိမိအလိုသည်၊ သိယာစေ- ဖြစ်ငြားအံ့၊ ဧဝံသတိ- ဤသို့ဖြစ်သည်ရှိသော်၊ မာတရံပိ- အမိကိုလည်းကောင်း၊ ပိတရံပိ- အဖကိုလည်းကောင်း၊ ဟနေ- သတ်ရာ၏၊ အထော- ထိုမှ တစ်ပါး၊ ဇေဋ္ဌံပိ- အစ်ကိုကိုလည်းကောင်း၊ ဘာတရံပိ- ညီကိုလည်းကောင်း၊ ပုတ္တဝါရေစ- သားမယားတို့ကို လည်းကောင်း၊ ဟနေယျ- သတ်ရာ၏၊ ဣတိ- ဤသို့၊ အာဟု- ဆိုကုန်၏၊ နေသံ- ထိုခတ္တဗိဇဆရာတို့တွင်၊ တွံပိ- သင်သည်လည်း၊ အညတရော- တစ်ယောက်ပင်တကား။

တတ္ထ- ထိုအာဟုစသော ဂါထာ၌၊ **ခတ္တဝိဒါ**တိ- ခတ္တဝိဒါဟူသည်ကား၊ ခတ္တဝိဇ္ဇာ- ခတ္တဝိဇ္ဇာကျမ်းတတ်ကုန်သူတို့သည်၊ အယမေဝ ဝါ- ဤခတ္တဝိဇ္ဇာသည်ပင်လျှင်၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ- ဖြစ်၏၊) ဧတံ- ဤခတ္တဝိဒါဟူသည်၊ ခတ္တဝိဇ္ဇာစရိယာနံ- ခတ္တဝိဇ္ဇာကို တတ်ကုန်သော ဆရာတို့၏၊ နာမံ- အမည်တည်း၊ **ဗာလာ ပဏ္ဍိတမာနိနော**တိ- ဗာလာ ပဏ္ဍိတမာနိနောဟူသည်ကား၊ ဗာလာ- သူမိုက်တို့သည်၊ သမာနာပိ- ဖြစ်ကုန်လျက်လည်း၊ မယံ- ငါတို့သည်၊ ပဏ္ဍိတာ- ပညာရှိကုန်၏၊ အတ္တနော- မိမိ၏၊ ပဏ္ဍိတဘာဝံ- ပညာရှိသည်၏အဖြစ်ကို၊ ပကာသေမ- ပြကုန်အံ့၊ ဣတိ- ဤသို့၊ မညမာနာ- မှတ်ထင်ကုန်သည်ဖြစ်၍၊ ပဏ္ဍိတမာနိနော- ပညာရှိဟု ထင်မှတ်ကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ ဧဝံ- ဤသို့၊ အာဟု- ဆိုကြပြီ၊ အတ္ထော စေတိ- အတ္ထော စေဟူသည်ကား၊ အတ္တနော- မိမိ အတွက်၊ ယထာရုစေါ- အကြင်သို့ သဘောရှိသော၊ ကောစိ- တစ်စုံတစ်ခုသော၊ အတ္ထော- အကျိုးစီးပွားသည်၊ သစေ သိယာ- အကယ်၍ ဖြစ်ငြားအံ့၊ ကိဉ္စိ- တစ်စုံတစ်ခုကိုမျှ၊ န ပရိဝဇ္ဇေ-ယျ- မရှောင်ရာ၊ သဗ္ဗံ- အလုံးစုံကို၊ ဟနေယျေဝါ- သတ်မူလည်း သတ်ရာ၏၊ ဣတိ- ဤသို့၊ ဝဒန္တိ- ဆိုကုန်၏၊ တွမ္ပိ- သင်အမတ်သည်လည်း၊ နေသံ- ထိုခတ္တဝိဇ္ဇာတတ်ကုန်သူတို့တွင်၊ အညတရော- တစ်ယောက်တည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်ကည်း။

(မဟာသတ္တော- ဘုရားလောင်း ဗောဓိပရိဗိုဇ်သည်၊) ဧဝံ(ဣမာယ ဂါထာယ)- ဤဂါထာဖြင့်၊ တဿ- ထိုခတ္တဝိဇ္ဇာဝါဒီအမတ်၏၊ လဒ္ဓိံ- အယူကို၊ ပတိဋ္ဌာပေတွာ- တည်စေပြီး၍၊ အတ္တနော- မိမိ၏၊ လဒ္ဓိံ- အယူကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသည်ဖြစ်၍၊ "ယဿ ရုက္ခဿ (ပ) ဝါဒေါ ဟိ တာဒိသော"တိ- "ယဿ ရုက္ခဿ (ပ) ဝါဒေါ ဟိ တာဒိသော"ဟူကုန်သော၊ (ဣမာ စတဿော ဂါထာ- ဤလေးဂါထာတို့ကို၊) အာဟ- ဆိုတော်မူပြီ။

(၁၅၃) အာဝုသော- ဒါယကာ၊ ဟိယသ္မာ- အကြင့်ကြောင့်၊ မိတ္တဒုဗ္ဘော- အဆွေခင်ပွန်း ပြစ်မှားသော သူသည်၊ ပါပကော- ယုတ်မာသည်၊ ဟောတိ- ဖြစ်၏၊ တသ္မာ- ထို့ကြောင့်၊ ယဿရုက္ခဿ- အကြင်သစ်ပင်၏၊ [ဆာယာယ (ဆာယာယံ)]- အရိပ်၌၊ နိသီဒေယျဝါ- နေမူလည်း နေဖူးငြားအံ့၊ သယေယျဝါ- အိပ်မူလည်း အိပ်ဖူးငြားအံ့၊ တဿ- ထိုသစ်ပင်၏၊ သာခံ- သစ်ခက်သစ်ရွက်ကို၊ [နဘဉ္ဇေယျ(နဘိဉ္ဇေယျ)]- မချိုးမဖျက်ရာ၊ ဣတိ- ဤသို့၊ အမှာကံ- ငါတို့၏၊ အာစရိယာ- ဆရာတို့သည်၊ ဝဏ္ဏယန္တိ- ချီးမွမ်းတော်မူကုန်၏။

(၁၅၄) တွံပန- သင်သည်မူကား၊ အတ္တေ- အလိုသည်၊ သမုပ္ပန္နေ- ဖြစ်သည်ရှိသော်၊ သမူလံအပိ- အမြစ်နှင့် တကွပင်သော်လည်း၊ [အဗ္ဗဟေ (အဗ္ဗုဟေ)]- နုတ်ရာ၏၊ ဣတိ- ဤသို့၊ ဝဒေသိ- ဆို၏၊ အထ- ထိုသို့ သင်ဆိုတိုင်းပြုသင့်သည်ရှိသော်၊ မေ- ငါအား၊ [သမ္ဗလေန(သံဗလေနာပိ)]- ရိက္ခာဖြင့်လည်း၊ အတ္တော- အလိုရှိရကား၊ မယာ- ငါသည်၊ ဝါနရော- မျောက်ကို၊ သုဟတော- သတ်အပ်သည် ကောင်းစွတကား။

(၁၅၅) အာဝုသော- ဒါကာယ၊ သောတာဒိသော- ထိုသို့သဘောရှိသော၊ အတ္တောစ- အလိုရှိသော မိဘကိုပင်သော်လည်း သတ်အပ်၏ဟူသော အနက်သည်လည်းကောင်း၊ ဓမ္မောစ- အနက်ကိုပြတတ်သော သဒ္ဒါသည် လည်းကောင်း၊ ကလျာဏောစ- ကောင်းငြားအံ့၊ ပါပကော- ယုတ်မာသည်၊ န စ ဟောတိစေ- မဖြစ်ငြားအံ့၊ ဘောတော- ဒါယကာ၏၊ ဝစနံ- စကားသည်၊ သစ္စံစေ- မှန်ငြားအံ့၊ မယာ- ငါသည်၊ ဝါနရော- မျောက်ကို၊ သုဟတော- သတ်အပ်သည် ကောင်းစွ။

(၁၅၆) အာဝုသော- ဒါယကာ၊ ဟိသစ္စံ- မှန်၏၊ ဘောတော- ဒါကာယာ၏၊ ဝါဒေါ- အယူဝါဒသည်၊ တာဒိသော- ထိုငါပြုသောအမှုနှင့် အလားတူသည်၊ ဟိယသ္မာ- အကြင့်ကြောင့်၊ ဟောတိ- ဖြစ်၏၊ တသ္မာ- ထိုကြောင့်၊

တွံ- သင်သည်၊ မမ- ငါအား၊ စောဒိယမာနေ- ကဲ့ရဲ့သည်ရှိသော်၊ အတ္တ-
နော- မိမိ၏၊ ဝါဒဿ- အယူဝါဒအား၊ အပရာဓံ- ကဲ့ရဲသော အပြစ်ကို၊
ဝိဇာနိယာစေ- သိငြားအံ့၊ မံ- ငါကို၊ နဂရဟေ ယျာသိ- မကဲ့ရဲ့ရာ။

တတ္ထ- ထိုယသ ရုက္ခဿစသော ဂါထာတို့၌၊ အမ္ဘော ခတ္တဝိဒ- အိုခတ္တဝိဇ္ဇာ အတတ်ကိုတတ်သူ၊ အမှာက- ငါတို့၏၊ အာစရိယာ ပန- ဆရာတို့သည်ကား၊ ဧဝံ- ဤသို့၊ ဝဏ္ဏယန္တိ- ဖွင့်ဆိုကုန်၏၊ အတ္တနာ- မိမိသည်၊ ပရိဘုတ္တစ္ဆာယဿ- သုံးဆောင်အပ်သော အရိပ်ရှိသော၊ ရုက္ခဿပိ- သစ်ပင်၏လည်း၊ သာခံ ဝါ- အခက် ကိုလည်းကောင်း၊ ပဏ္ဏံ ဝါ- အရွက်ကိုလည်းကောင်း၊ န ဘဉ္ဇေယျ- မချိုးဖျက်ရာ၊ ကိံကာရဏာ?- အဘယ်အကြောင်းကြောင့်နည်းဟူမူကား၊ ဟိ- မှန်၏၊ မိတ္တဒုဗ္ဘော- အဆွေခင်ပွန်းကို ပြစ်မှားခြင်းသည်၊ ပါပကော- ယုတ်မာ၏၊ တွံ ပန- သင်သည်ကား၊ ဧဝံ- ဤသို့၊ ဝဒေသိ- ဆိုဘိ၏၊ အထ- ထိုမှတစ်ပါး၊ အတ္ထေ- အကျိုးစီးပွားသည်၊ သမုပ္ပန္နေ- ဖြစ်လတ်သော်၊ သမူလမပိ သမူလံအပိ- အမြစ်ရင်းနှင့် တကွလည်း၊ အဗ္ဗဟေ- နှုတ်ပစ်ရာ၏၊ ဣတိ- ဤသို့ (ဝဒေသိ- ဆိုဘိ၏၊) စ- ဆက်၍ဆိုဦးအံ့၊ မမ- ငါ့အတွက်၊ ပါထေယျေန- ရိက္ခာဖြင့်၊ အတ္ထော- အလိုသည်၊ အဟောသိ- ဖြစ်ခဲ့ပြီ၊ တသ္မာ- ထို့ကြောင့်၊ သစေပိ- အကယ်၍လည်း၊ ဧသ- ဤမျောက်ကလေးကို၊ မယာ- ငါသည်၊ ဟတော- သတ်သည်ဆိုဦးတော့၊ တထာပိ- ထိုသို့သတ်သော်လည်း၊ မေ- ငါ့အတွက်၊ သမ္ဗလေနာပိ- ရိက္ခာဖြင့်လည်း၊ အတ္ထော- အကျိုးရှိ၏၊ မယာ- ငါသည်၊ ဝါနရော- မျောက်ကို၊ သုဟတော- ကောင်းစွာ သတ်အပ်သည် မည်၏။

ဧဝံ- ဤသို့လျှင်၊ သော- ထိုရှင်ရသေ့သည်၊ တဿပိ- ထိုအမတ်၏လည်း၊ ဝါဒံ- ဝါဒကို၊ ဘိန္ဒိတွာ- ချိုးဖျက်၍၊ ပဥ္စသု- ငါးယောက်ကုန်သော၊ အပဋိဘာနေသု- စကားမဆိုကုန်သော၊ တေသု- ထိုအမတ်တို့သည်၊ နိသိန္နေသု- ထိုင်နေကုန်သည်ရှိသော်၊ ရာဇာနံ- မင်းကို၊ အာမန္တေတွာ- ခေါ်၍၊ “မဟာရာဇ- မင်းကြီး၊ တွံ- သင်သည်၊ ပဥ္စ- ငါးယောက်ကုန်သော၊ ဣမေ ရဋ္ဌဝိလောပကေ- ဤတိုင်းပြည်ကို ဖျက်ဆီးကုန် သော၊ မဟာစောရေ- ခိုးသူကြီးတို့ကို၊ ဂဟေတွာ- ယူ၍၊ ဝိစရသိ- လှည့်လည်ဘိ၏၊ အဟော- အော်၊ ဗာလော- မိုက်ပေစွ၊ ဟိ- အကြောင်းကား၊ ဧဝရူပါနံ- ဤသို့သဘော ရှိသော ပုဂ္ဂိုလ်တို့ကို၊ သံသဂ္ဂေန- ပေါင်းဖော်ခြင်းဖြင့်၊ ပုရိသော- ယောကျ်ားသည်၊ ဒိဋ္ဌဓမ္မိကမ္ပိ- ဤမျက်မှောက်၌လည်းဖြစ်သော၊ သမ္ပရာယိကမ္ပိ- တမလွန်၌လည်း ဖြစ်သော၊ မဟာဒုက္ခံ- ကြီးစွာသော ဆင်းရဲသို့၊ ပါပုဏေယျာ- ရောက်ရာ၏၊” ဣတိ-

ဤသို့ ဝတွာ- ဆို၍၊ ရညော- မင်းအား၊ ဓမ္မံ- တရားကို၊ ဒေသေန္တော- ဟောလိုသည် ဖြစ်၍၊ "အဟေတုဝါဒေါ (ပ) ဒုက္ခန္တော ကဋုကုဒြယော"တိ- "အဟေတုဝါဒေါ (ပ) ဒုက္ခန္တော ကဋုကုဒြယော"ဟူသော၊ ဂါထာဒွယံ- ဂါထာနှစ်တို့၏ အပေါင်းကို၊ အာဟ- ဆိုတော်မူပြီ။

(၁၅၇) မဟာရာဇ- မင်းမြတ်၊ အဟေတုကဝါဒေါ- အကြောင်းမရှိဟု အယူရှိသော၊ ယောပုရိသောစ- အကြင်ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဣဿရ- ကုတ္တိကော- ပြဟ္မာဗိဿနိုးအစိုးရသောသူ ဖန်ဆင်းစီရင်သည်ဟု အယူရှိသော၊ ယောပုရိသောစ- အကြင်ပုဂ္ဂိုလ်သည်လည်းကောင်း၊ ပုဗ္ဗေကတီ- ရှေးဘဝ၌ ပြုအပ်သော ကံကြောင့်သာ ချမ်းသာ ဆင်းရဲဖြစ်၏ဟု အယူရှိသော၊ ယောပုရိသောစ- အကြင်ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဥစ္ဆေဒီ- သေသည်မှ နောက်၌ သတ္တဝါသည် မဖြစ်ပြီ ပြတ်လေတော့သည်ဟု အယူဝါဒရှိသော၊ ယောပုရိသောစ- အကြင်ပုဂ္ဂိုလ်သည်လည်းကောင်း၊ ခတ္တဗိဇ္ဇော- ခတ္တဗိဇ္ဇ အယူရှိသော၊ ယောနရောစ- အကြင်ပုဂ္ဂိုလ်သည်လည်းကောင်း၊ သန္တိ- ရှိကုန်၏။

(၁၅၈) လောကေ- လောက၌၊ တေတောဒိသာ- ထိုသို့သဘောရှိကုန်သော၊ အသပ္ပုရိသာ- သူတော်မဟုတ်သူယုတ်တို့သည်၊ ဗာလာ- ပညာမရှိကုန် ဘဲလျက်၊ ပဏ္ဍိတမာနိနော- မိမိကိုယ်ကို ငါပညာရှိဟု ထင်မှတ်ကြကုန်၏၊ တာဒိသော- ထိုသို့သဘောရှိသော သူယုတ်မာသည်၊ ပါပံ- မကောင်းမှုကို။ ကရေယျ- မိမိလည်း ပြုရာ၏၊ အထော- ထို့ပြင်၊ အညမ္ပိ- သူတစ်ပါးကိုလည်း၊ ကာရယေ- ပြုစေရာ၏၊ အသပ္ပုရိသ သံသဂ္ဂေါ- သူတော်မဟုတ် သူယုတ်မာနှင့် ပေါင်းဖော်သော သူသည်။ [ဒုက္ခန္တော(ဒုက္ခက္ခန္ဓော)]- ဆင်းရဲအစုကို ခံရ၏၊ ကဋုကုဒြယော- ပြင်းထန် ပူပန်သော မကောင်းကျိုးကို ရ၏။

တတ္ထ- ထိုအဟေတုဝါဒေါစသော ဂါထာတို့၌၊ **တာဒိသော**တိ- တာဒိသော ဟူသည်ကား၊ မဟာရာဇ- မင်းကြီး၊ ပဉ္စ- ငါးယောက်ကုန်သော၊ ဧတေ ဒိဋ္ဌိဂတိကာ- ဤမှားသော အယူရှိကုန်သော သူတို့သည်၊ ယာဒိသာ- အကြင်သို့ သဘောရှိကုန်၏၊ တာဒိသော- ထိုကဲ့သို့သဘောရှိသော၊ ပုရိသော- ယောကျ်ားသည်၊ သယမ္ပိ- ကိုယ်တိုင်း လည်း၊ ပါပံ- မကောင်းမှုကို၊ ကရေယျ- ပြုရာ၏၊ ယော- အကြင်သူသည်၊ အဿ- ထိုသို့သဘောရှိသော သူ၏၊ ဝစနံ- စကားကို၊ သုဏာတိ- နာယူ ၏၊ တံ အညမ္ပိ- ထိုစကားကိုလိုက်နာသော အခြားသူကိုလည်း၊ (ပါပံ- မကောင်းမှုကို၊) ကာရယေ-

ပြုစေရာ၏၊ **ဒုက္ခန္တောတိ**- ဒုက္ခန္တောဟူသည်ကား၊[၁] ဧဝရူပေဟိ- ဤသို့သဘောရှိကုန်သော၊ အသပ္ပုရိသေဟိ- သူတော်ကောင်းမဟုတ်ကုန်သော သူတို့နှင့်၊ သဒ္ဓိ- အတူတကွ၊ သံသဂ္ဂေါ- ပေါင်းဖော်ခြင်းသည်၊ ဣဓလောကေပိ- ဤလောက၌လည်းကောင်း၊ ပရလောကေပိ- တမလွန်လောက၌လည်းကောင်း၊ ဒုက္ခန္တော- ဆင်းရဲလျှင် အဆုံးရှိသည်၊ ကဋုကုဒြယော၀- ပြင်းထန်သော မကောင်းကျိုးကို ပွားစေတတ်သည်သာလျှင်၊ ဟောတိ- ဖြစ်၏၊ ပန- ဆက်၍ဆိုဦးအံ့၊ ဣမဿ အတ္ထဿ- ဤအနက်ကို၊ ပကာသနတ္ထံ- ပြခြင်းအကျိုးငှာ၊ ယာနိ ကာနိစိ ဘိက္ခဝေ ဘယာနိ ဥပ္ပဇ္ဇန္တိ သဗ္ဗာနိ တာနိ ဗာလတောတိသုတ္တံ- ယာနိ ကာနိစိ ဘိက္ခဝေ ဘယာနိ ဥပ္ပဇ္ဇန္တိ သဗ္ဗာနိ တာနိ ဗာလတောဟူသော သုတ်ကို၊ အာဟရိတဗ္ဗံ- ဆောင်အပ်၏၊ ဘိက္ခဝေ- ရဟန်းတို့၊ ယာနိ ကာနိစိ- အမှတ်မထား တစ်ပါးပါးကုန်သော၊ ဘယာနိ- ဘေးတို့သည်၊ ဥပ္ပဇ္ဇန္တိ- ဖြစ်ကုန်၏၊ သဗ္ဗာနိ- အလုံးစုံလည်းဖြစ်ကုန်သော၊ တာနိ- ထိုဘေးတို့သည်၊ ဗာလတော- လူမိုက်ကြောင့်၊ ဥပဇ္ဇန္တိ- ဖြစ်ကုန်၏၊ **ဝေါဓဇာတက သဥ္ဇီဝဇာတက အကိတ္တိဇာတကာဒီဟိစ**- ဝေါဓဇာတ် သဥ္ဇီဝဇာတ် အကိတ္တိဇာတ်အစရှိသည်တို့ဖြင့်လည်း၊[၂] အယံအတ္ထော- ဤအနက်ကို၊ ဒီပေတဗ္ဗော- ပြအပ်၏။ (ဧဝံ- ဤသို့၊ ဝတွာ- တရားဟောပြီး၍) ဣဒါနိ- ယခုအခါ၌၊ ဩပမ္မဒဿန ဝသေန- ပမာပြသည်၏အစွမ်းအားဖြင့်၊ ဓမ္မဒေသနံ- တရားဟောပြောခြင်းကို၊ ဝဍ္ဎေန္တော- ပွားစေတော်မူလိုသည်ဖြစ်၍၊ “ဥရဗ္ဘရူပေန ဝကဿု (ပ) ဣန္ဒ္ဓောဝ အသုရာဓိပေါ” တိ- “ဥရဗ္ဘရူပေန ဝကဿု (ပ) ဣန္ဒ္ဓောဝ အသုရာဓိပေါ”ဟူကုန်သော၊ (စတုဗ္ဗိသ ဂါထာယော- နှစ်ဆယ်လေးဂါထာတို့ကို၊) အာဟ- ဟောတော်မူပြီ။

(၁၅၉) မဟာရာဇ- မင်းမြတ်၊ ပုဗ္ဗေ- ရှေးကာလ၌၊ ဝကော- သားရဲသည်။ ဥရဗ္ဘရူပေန- ဆိတ်အသွင်ဖြင့်၊ အသံကိတော- ရွံရှာခြင်း ကင်းသည်ဖြစ်၍၊ အဇယူထံ- ဆိတ်အပေါင်းသို့၊ ဥပေတိ- ကပ်၏၊ ဥရဏိ- သတ်ပုတ် ညှဉ်းဆဲ

---

**၁။** ဒုက္ခန္တော=ဤ၌ အန္တ-သဒ္ဒါသည် အထွတ်အထိပ်ဟူသော အနက်ကိုဟော၏၊ ထို့ကြောင့် ကဋုကုဒြယော-ဟု ဖွင့်သည်၊ ဒုက္ခဿအန္တကိရိယာယ-ပုဒ်၌ ဆင်းရဲ၏အဆုံးဆိုသည်မှာ ဆင်းရဲချုပ်ရာနိဗ္ဗာန်ကို ဆိုလိုသည်၊ ဤ၌ကား ဒုက္ခ၏ အထွတ်အထိပ် (ဝါ) ပြင်းထန်သော ဆင်းရဲဟု ဆိုလိုသည်၊ ကဋုက= နာကျင်မှုဆင်းရဲ) ဥဒြယ-တိုးပွားခြင်း၊ မိုးထိမူနိဿယ၌ ဒုက္ခန္ဓ-ဟု ပါဌ်ကွဲရှိ ဒုက္ခအစုအဝေး-ဟု အနက်ပေးထားသင့်သကဲ့သို့ပင် ထင်မိသည်။

**၂။** (အ၊ နိ၊ ၃၊ ၁)၊ (ဇာ၊ ၁၊ ၁၃-၁၃၈)၊ (ဇာ၊ ၁၊ ၁၊ ၁၅၀) (ဇာ၊ ၁၊ ၁၃-၈၃)။

သော်လည်း မမြည်တတ်သောကြောင့် ဉရဏီအမည်ရှိသော၊ အဇိကဋ္ဌ- ဆိတ်မကိုလည်းကောင်း၊ အဇဋ္ဌ- ဆိတ်ဖိုကိုလည်းကောင်း၊ ဟန္တွာ- သတ်၍၊ ဥတြာသယိတွာ- ဆိတ်အပေါင်းကို ထိတ်လန့်စေ၍၊ ယေန- အကြင် အရပ်သို့ ကာမံ- ပြေးသွားလို၏၊ တေန- ထိုသွားလိုရာ အရပ်သို့ ပလေတိ- ပြေးသွား လေ၏။

(၁၆၀) မဟာရာဇ- မင်းမြတ်၊ တထာဝိဓေ- ထိုသို့ဆိတ်ယောင်ဆောင်သဖြင့် ဆိတ်အပေါင်းကို သတ်၍ စားတတ်သော သားရဲနှင့်တူသော သဘာရှိ ကုန်သော၊ ဧကေ- အချို့ကုန်သော၊ [သမဏဗြဟ္မဏာသေ(သမဏဗြဟ္မဏာ)]- ရဟန်းပုဏ္ဏားတို့သည်၊ ဆဒနံကတွာ- ရဟန်းယောင်ဆောင်၍၊ မနုဿေ- လူတို့ကို၊ ဝဥ္စယန္တိ- လှည့်စားတတ်ကုန်၏၊ ကိံဆဒနံကရောန္တိ- အဘယ်သို့ ရဟန်းယောင်ဆောင်ကြကုန်သနည်းဟူမူကား၊ အနာသကာ- တစ်စုံတစ်ခု သော အစာအာဟာရကို မစားဟန်ပြုကြကုန်၏၊ ထဏ္ဍိလသေယျကာစ- မြေ၌ အိပ်ဟန်လည်း ပြုကြကုန်၏၊ ရဇောဇလ္လံ- မြူအညစ်အကြေးကို၊ ဓာရယန္တိ- ဆောင်ကြကုန်၏၊ ဥက္ကုဋိကပ္ပဓာနံ- ဆောင့်ကြောင့်ထိုင်၍ အားထုတ်ခြင်းလုံ့လကို၊ ကရောန္တိ- ပြုကြကုန်၏၊ ပရိယာယဘတ္တဥ္စ- ခုနှစ်ရက်တစ်ကြိမ် ဆယ်ရက်တစ်ကြိမ် တင်လဲကို စားခြင်းဟု ဆိုအပ်သော အလှည့်အားဖြင့် စားဟန်ကိုလည်း၊ ကရောန္တိ- ပြုကြကုန်၏၊ အပါနကတ္တာ- ရေမသောက်ဟန်ပြုကြကုန်၏၊ ပါပါစာရာ- ယုတ်မာသော အကျင့်ရှိကုန် လျက်၊ အရဟန္တော- ငါ့ကို ရဟန္တာတည်းဟူ၍၊ ဝဒါနာ- ပြောဆိုကြကုန်၏၊ ဣတိ- ဤသို့၊ ဆဒနံကရောန္တိ- ရဟန်းယောင်ဆောင်ကြကုန်၏။

(၁၆၁) မဟာရာဇ- မင်းမြတ်၊ လောကေ- လောက၌၊ ဗလာ- မလိမ္မာ ကုန်ဘဲလျက်၊ ပဏ္ဍိတမာနိနော- မိမိကိုယ်ကို ငါပညာရှိဟူ၍ ထင်မှတ်ကြ ကုန်သော၊ ဧတေပုဂ္ဂလာ- ထိုပုဂ္ဂိုလ်တို့သည်၊ အသပ္ပုရိသာ- သူတော်မဟုတ် သူယုတ်နှင့်နှင့်တို့တည်း၊ မဟာရာဇ- မင်းမြတ်၊ တာဒိသော- ထိုသို့သဘောရှိသော သူယုတ်မာသည်၊ ပါပံ- မကောင်းမှုကို၊ ကရေယျ- မိမိသော်လည်း ပြုရာ၏၊ အတော- ထိုမြို့၊ အညမ္ပိ- တစ်ပါးသော သူကိုလည်း၊ ကရေယေ- ပြုစေရာ၏၊ မဟာရာဇ- မင်းမြတ်၊ အသပ္ပုရိသသံသဂ္ဂေ- သူတော်မဟုတ် သူယုတ်တို့နှင့် ပေါင်းဖော်သော သူသည်။ [ဒုက္ခန္တော (ဒုက္ခက္ခန္ဓော)]- ဆင်းရဲအစုကို ခံရသည်၊ ဟောတိ- ဖြစ်၏၊ ကဋုကုဒြယော- စပ်ခါးပြင်းထန် ပူပန်သော မကောင်းကျိုးကို ခံရသည်၊ ဟောတိ- ဖြစ်၏။

(၁၆၂) မဟာရာဇ- မင်းမြတ်၊ ယေသတ္တာ- အကြင်သတ္တဝါတို့သည်၊ ဝီရိယံ- ဉာဏသမ္ပယုတ်ဖြစ်သော ဝီရိယ၏အကျိုးသည်၊ နတ္ထိ- မရှိ ဣတိ ဣဒံဝစနံ- ဤသို့သော စကားကို၊ အာဟု- ဆိုကုန်၏၊ ယေသတ္တာ- အကြင် သတ္တဝါတို့ သည်၊ အဟေတုံ- အကြောင်းကင်း၍ဖြစ်၏ဟူသော အယူကို၊ ပဋိစ္စ- စွဲ၍၊ အပဝဒန္တိ- ဆိုကုန်၏၊ ယေသတ္တာ- အကြင် သတ္တဝါတို့သည်၊ ပရကာရဋ္ဌ- သူတစ်ပါးတို့အား ကျေးဇူးပြုခြင်းကိုလည်းကောင်း၊ အတ္တကာရဋ္ဌ- မိမိအား သူတစ်ပါးတို့၏ ကျေးဇူးပြုခြင်းကိုလည်းကောင်း၊ တုစ္ဆံ- အချည်းနှီးဟူ၍၊ သမဝဏ္ဏယုံ- အမျှပြု ဆိုကုန်၏။

(၁၆၃) မဟာရာဇ- မင်းမြတ်၊ လောကေ- လောက၌၊ ဗာလာ- ပညာမရှိ ကုန်ဘဲလျက်၊ ပဏ္ဍိတမာနိနော- မိမိကိုယ်ကို ငါပညာရှိဟု ထင်မှတ်ကုန်သော၊ ဧတေသတ္တာ- ထိုသတ္တဝါတို့သည်၊ အသပ္ပုရိသာ- သူတော်မဟုတ် သူယုတ် နှင့်နှင့်တို့တည်း၊ မဟာရာဇ- မင်းမြတ်၊ တာဒိသော- ထိုသို့သဘောရှိသော သူယုတ်မာသည်၊ ပါပံ- မကောင်းမှုကို၊ ကရေယျ- မိမိသော်လည်း ပြုရာ၏၊ အထော- ထိုမှို၊ အညမ္ပိ- တစ်ပါးသော သူကိုလည်း၊ ကာရယေ- ပြုစေရာ၏၊ မဟာရာဇ- မင်းမြတ်၊ အသပ္ပုရိသ-သံသဂ္ဂေါ- သူယုတ်မာနှင့် ပေါင်းဖော် သော သူသည်၊ [ဒုက္ခန္တော(ဒုက္ခ-ဣန္ဒော)]- ဆင်းရဲအစုကို ခံရ၏၊ ကဋုကုဒြယော- သာယာခြင်း ကင်းသော အကျိုးကို ရ၏။

(၁၆၄) ဟိသစ္စံ- မှန်၏၊ မဟာရာဇ- မင်းမြတ်၊ ဝီရိယံ- ဉာဏသမ္ပယုတ် ဖြစ်သော ကာယိကစေတသိကဝီရိယအကျိုးသည်၊ သစေ နအသ- အကယ်၍ မရှိသည်ဖြစ်ငြားအံ့၊ ကလျာဏပါပကံကမ္မံ- ကောင်းမှုကံ မကောင်းမှုကံ၏အကျိုးသည်၊ သစေနအသ- အကယ်၍မရှိသည် ဖြစ်ငြားအံ့၊ ဧဝံသန္တေ- ဤသို့ဖြစ်သည်ရှိသော်၊ ရာဇာ- မင်းသည်။ ဝဍ္ဎကိံ- လက်သမား စသည်ကို၊ နဘရေ- မမွေးမြူရာ၊ ယန္တာနိပိ- ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ် အစရှိသည်တို့ကိုလည်း၊ နကာရယေ- မပြုစေရာ။

(၁၆၅) မဟာရာဇ- မင်းမြတ်၊ ယသ္မာစ- အကြင်ကြောင့်လည်း၊ ဝီရိယံ- ဝီရိယ၏အကျိုးသည်လည်းကောင်း၊ ကလျာဏပါပကံကမ္မံ- ကောင်းမှု မကောင်းမှု၏ အကျိုးသည်လည်းကောင်း၊ အတ္ထိ- ရှိ၏၊ တသ္မာ- ထို့ကြောင့်၊ ရာဇာ- မင်းသည်၊ ယန္တာနိ- ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်စသည်တို့ကို၊ ကာရေတိ- ပြုစေ၏၊ ဝဍ္ဎကိံ- လက်သမားအစရှိသော သူကို၊ ဘရတိ- မွေး၏။

(၁၆၆) မဟာရာဇ- မင်းမြတ်၊ ဝဿသတံ- အနှစ်တစ်ရာပတ်လုံး၊ ဒေဝေါ- မိုးသည်၊ ယဒိနဝဿေ- အကယ်၍မရွာငြားအံ့၊ ဟိမံ- ဆီးနှင်းသည်၊ ယဒိနပတေ- အကယ်၍ မကျငြားအံ့၊ ဧဝံသတိ- ဤသို့ အနှစ်တစ်ရာပတ်လုံး မိုးမရွာ ဆီးနှင်းမကျသည်ရှိသော်၊ အယံလောကော- ဤလောကသည်၊ ဥစ္ဆိဇ္ဇေယျ- ပြတ်ရာ၏၊ အယံပဇာ- ဤသတ္တဝါအပေါင်းသည်၊ ဝိနဿေယျ- ပျက်စီးရာ၏။

(၁၆၇) မဟာရာဇ- မင်းမြတ်၊ ယသ္မာ- အကြင်ကြောင့်၊ ဒေဝေါစ- မိုးသည်လည်း၊ ဝဿတိ- ရွာ၏၊ ဟိမဉ္စ- ဆီးနှင်းသည်လည်း၊ [အနုဖုသာယတိ (အနုဖုသိယတိ)]- မိုး၏နောက်၌ကျ၏၊ တသ္မာ- ထိုကြောင့်၊ သဿာနိ- ကောက်တို့သည်။ ပစ္စန္တိ- မှည့်ကုန်၏၊ စိရံ- မြင့်ရှည်စွာ၊ ရဋ္ဌဉ္စ- တိုင်းနိုင်ငံသူကိုလည်း၊ ပါလိတေ- စောင့်ရှောက်၏။

(၁၆၈) မဟာရာဇ- မင်းမြတ်၊ တရမာနာနံ- သွားကုန်သော၊ ဂဝံ- နွားတို့တွင်၊ ပုင်္ဂဝေါ- ရှေ့ဆောင်နွားမင်းဥသဘသည်၊ ဇိမှံ- ကောက်တကျစ်၊ ဂစ္ဆတိစေ- သွားငြားအံ့၊ နေတ္တေ- ရှေ့ဆောင်နွားမင်းဥသဘသည်၊ ဇိမှံ- ကောက်တကျစ်၊ ဂတေ- သွားသည်၊ သတိ- ရှိသော်၊ သဗ္ဗာ- ခပ်သိမ်းကုန်သော။ တာ- ထိုနောက်လိုက်နွားတို့သည်၊ ဇိမှံ- ကောက်တကျစ်၊ ဂစ္ဆန္တိ- သွားကုန်၏။

(၁၆၉) မဟာရာဇ- မင်းမြတ်၊ ဧဝမေဝ- ဤအတူသာလျှင်၊ မနုဿေသု- လူတို့တွင်၊ ယောရာဇာ- အကြင်မင်းသည်၊ သေဋ္ဌသမ္မတော- အထွတ်အမြတ်ဟု သမုတ်အပ်သော သူသည်၊ ဟောတိ- ဖြစ်၏၊ သောရာဇာ- ထိုမင်းသည်၊ အဓမ္မံ- မတရားသော အကျင့်ကို၊ စရတိစေ- ကျင့်ငြားအံ့၊ ဧဝံ- ဤသို့မင်းသည် မတရားသော အကျင့်ကို ကျင့်သည်ရှိသော်၊ ဣတရာ- မင်းမှတစ်ပါးသော၊ ပဇာ- ပြည်သူပြည်သားသည်ကား၊ ပဂေဝ- အဘယ်သို့ ဆိုဖွယ်ရာရှိအံ့နည်း၊ အဓမ္မံ- မတရားသော အကျင့်ကို၊ အတိဝိယ- အလွန်လျှင်၊ စရတိဧဝ- ကျင့်သည်သာလျှင်တည်း၊ မဟာရာဇ- မင်းမြတ်၊ ရာဇာ- မင်းသည်၊ အဓမ္မိကော- မတရားသော အကျင့်ကို ကျင့်သည်၊ ဟောတိစေ- ဖြစ်ငြားအံ့၊ ဧဝံ- ဤသို့ မင်းသည် မတရားသော အကျင့်ကို ကျင့်သည်ရှိသော်၊ သဗ္ဗရဋ္ဌံ- အလုံးစုံသော တိုင်းနိုင်ငံသူသည်။ ဒုခံ- ဆင်းရဲငြိုငြင်စွာ၊ သေတိဝသတိ- နေရ၏။

(၁၇၀) မဟာရာဇ- မင်းမြတ်၊ တရမာနာနံ- သွားကုန်သော၊ ဂဝံ- နွားတို့တွင်၊ ပုင်္ဂဝေါ- ရှေ့ဆောင်နွားမင်းဥသဘသည်၊ ဥဇုံ- ဖြောင့်စွာ၊ ဂစ္ဆတိ-

စေ- သွားပြီးအံ့၊ နေတွေ- ရွှေဆောင်နွားမင်းဥသဘသည်၊ ဥဇုံ- ဖြောင့်စွာ၊ ဂတေ- သွားသည်၊ သတိ- ရှိသော်၊ သဗ္ဗာ- ခပ်သိမ်းကုန်သော၊ တာ- ထိုနောက်လိုက် နွားတို့သည်၊ ဥဇုံ- ဖြောင့်စွာ၊ ဂစ္ဆန္တိ- သွားကုန်၏။

(၁၇၁) မဟာရာဇ- မင်းမြတ်၊ ဧဝမေဝ- ဤအတူသာလျှင်၊ မနုဿေသု- လူတို့တွင်၊ ယောရာဇာ- အကြင်မင်းသည်၊ သေဋ္ဌသမ္မတော- အထွတ်အမြတ်ဟု သမုတ်အပ်သောသူသည်၊ ဟောတိ- ဖြစ်၏၊ သော ရာဇာ- ထိုမင်းသည်၊ ဓမ္မံ- တရားကို၊ စရတိစေ- ကျင့်ငြားအံ့၊ ဧဝံ- ဤသို့ မင်းတရားကျင့်သည်၊ သတိ- ရှိသော်၊ ဣတရာ- မင်းမှ တစ်ပါးသော၊ ပဇာ- ပြည်သူပြည်သားသည်၊ ပဂေဝ- အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ ဓမ္မံ- တရားကို၊ စရတိဧဝ- ကျင့်သည်သာလျှင်တည်း၊ မဟာရာဇ- မင်းမြတ်၊ ရာဇာ- ပြည့်ရှင်မင်းသည်၊ ဓမ္မိကော- တရားကျင့်သည်၊ ဟောတိစေ- ဖြစ်ငြားအံ့၊ ဧဝံ- ဤသို့ မင်းတရားကျင့်သည်၊ သတိ- ရှိသော်၊ သဗ္ဗရဋ္ဌံ- အလုံးစုံသော တိုင်းနိုင်ငံသူသည်၊ သုခံ- ချမ်းမြေ့သာယာစွာ၊ သေတိ-ဝသတိ- နေရ၏။

(၁၇၂) မဟာရာဇ- မင်းမြတ်၊ ယောဇနော- အကြင် သူသည်၊ ဖလိနော- ချိုမြိန်မြတ်သော အရသာရှိသော အသီးကို ဆောင်သော၊ မဟာရုက္ခဿ- သရက်ပင်မြတ်၏၊ အာမကံဖလံ- အသီးစိမ်းကို ဆိန္ဒတိ- ဆွတ်၏၊ သောဇနော- ထိုသူသည်၊ အဿ- ထိုသရက်သီး၏၊ ရသဉ္စ- အရသာကိုလည်း၊ နဇာနာတိ- မခံစားရ၊ အဿ- ထိုသရက်သီး၏၊ ဗီဇဉ္စ- မျိုးစေ့သည်လည်း၊ ဝိနဿတိ- ပျက်စီး၏။

(၁၇၃) မဟာရာဇ- မင်းမြတ်၊ ယောရာဇာ- အကြင်မင်းသည်၊ မဟာ ရုက္ခူပမံ- ချိုမြိန်မြတ်သော အရသာရှိသော အသီးကိုဆောင်သော သရက်ပင်မြတ်နှင့် တူသော၊ ရဋ္ဌံ- တိုင်းနိုင်ငံကို၊ အဓမ္မေန- အဂတိသို့ လားသဖြင့်၊ ပသာသတိ- ဆုံးမစီရင်၏၊ သောရာဇာ- ထိုမင်းသည်၊ အဿ- ထိုတိုင်းနိုင်ငံ၏၊ ရသဉ္စ- အရသာကိုလည်း၊ နဇာနာတိ- မခံစားရ၊ အဿ- ထိုမင်း၏၊ ရဋ္ဌဉ္စ- တိုင်းနိုင်ငံသည်လည်း၊ ဝိနဿတိ- ပျက်စီး၏။

(၁၇၄) မဟာရာဇ- မင်းမြတ်၊ ယောဇနော- အကြင်သူသည်၊ ဖလိနော- ချိုမြိန်မြတ်သော အရသာနှင့် ပြည့်စုံသော အသီးကိုဆောင်သော၊ မဟာ ရုက္ခဿ- သရက်ပင်မြတ်၏၊ ပက္ကံဖလံ- ထိုသရက်သီးမှည့်ကို၊ ဆိန္ဒတိ- ဆွတ်ယူ၏၊ သောဇနော- ထိုသူသည်။ အဿ- ထိုသရက်သီး၏၊ ရသဉ္စ-

အရသာကိုလည်း၊ ဝိဇာနာတိ- ခံစားရ၏၊ အဿ- ထိုသရက်သီး၏၊ ဗီဇဉ္စ- မျိုးစေ့သည်လည်း၊ နနဿတိ- မပျက်စီး။

(၁၇၅) မဟာရာဇ- မင်းမြတ်၊ ယောရာဇာ- အကြင်မင်းသည်၊ မဟာ ရုက္ခူပမံ- ချိုမြိန်မြတ်သော အရသာရှိသော အသီးကိုဆောင်သော သရက်ပင်မြတ်နှင့် တူသော၊ ရဋ္ဌံ- တိုင်းနိုင်ငံကို၊ ဓမ္မေန- တရားသဖြင့်၊ ပသာသတိ- ဆုံးမစီရင်၏၊ သောရာဇာ- ထိုမင်းသည်၊ အဿ- ထိုပြည်တိုင်းကား၏၊ ရသဉ္စ- အရသာကို လည်း၊ ဝိဇာနာတိ- ခံစားရ၏၊ အဿ- ထိုမင်း၏၊ ရဋ္ဌဉ္စ- တိုင်းနိုင်ငံသည် လည်း၊ နနဿတိ- မပျက်စီး။

(၁၇၆) မဟာရာဇ- မင်းမြတ်၊ ယောစရာဇာ- အကြင်မင်းသည်လျှင်၊ ဇနပဒံ- ဇနပုဒ်သူကို၊ အဓမ္မေန- အဂတိလေးပါးသို့ လားရောက်သော အားဖြင့်၊ ပသာသတိ- ဆုံးမစီရင်၏၊ ခတ္တိယော- ရေမြေကို အစိုးရသော၊ သောရာဇာ- ထိုမင်းသည်၊ [သဗ္ဗောသဓီဟိ(သဗ္ဗောသဓိဘိ)]- အလုံးစုံသော အမြစ် အခွံ အရွက် အပွင့် အသီး ထောပတ် ဆီးဦး အစရှိကုန်သော ဆေးတို့နှင့်၊ ဝိရုဒ္ဓေါ- ဆန့်ကျင့်ဘက်သည်၊ ဟောတိ- ဖြစ်၏။

(၁၇၇) မဟာရာဇ- မင်းမြတ်၊ တထေဝ- ထိုမှတစ်ပါးလျှင်၊ ယောရာဇာ- အကြင်မင်းသည်၊ နေဂမေစ- နိဂုံး၌နေကုန်သော သူကြွယ်တို့ကိုလည်း ကောင်း၊ ယေဝါဏိဇာ- အကြင်ကုန်သည်တို့သည်၊ ကယဝိက္ကယေ- ရောင်းဝယ်ခြင်း၌၊ ယုတ္တာ- လုံ့လပြုကုန်၏၊ ဩဇဒါနဗလီကာရေ- ထိုသို့ အရပ်မှ ဥစ္စာကို ဆောင်ယူခဲ့ခြင်း အခွန်အတုတ်ပေးခြင်း၏ အစွမ်းအားဖြင့် ဩဇာကို ပေးခြင်း ခြောက်စုတစ်စု ဆယ်စုတစ်စုအစရှိသော အခွန်အတုတ် ပေးခြင်းကို ပြုတတ်ကုန်သော၊ တေဝါဏိဇေ- ထိုကုန်သည်တို့ကိုလည်းကောင်း၊ ဟိံသံဟိံသန္တော- ညှဉ်းဆဲတတ်သည်၊ ဟောတိ- ဖြစ်၏၊ သသောရာဇာ- ထိုမင်းသည်၊ ကောသေန- ကျီကြနှင့်၊ ဝိရုဇ္ဈတိ- ဆန့်ကျင်ဘက် ဖြစ်၏။

(၁၇၈) မဟာရာဇ- မင်းမြတ်၊ ယောရာဇာ- အကြင်မင်းသည်၊ ပဟာရဝန- ခေတ္တညူ- ဗိုလ်မှူး ဗိုလ်ချုပ်တို့၏ နေသင့်ရာ ခေတ်ကို သိကုန်သော လေးသမားတို့ကိုလည်းကောင်း၊ သင်္ဂါမေ- စစ်ထိုးခြင်း၌၊ [ကကနိဿမေ (ကကနိယမေ)]- ကောင်းစွာ သင်အပ် ကျင့်အပ်သော အမှုရှိကုန်သော သူရဲကောင်းဖြစ်ကုန်သော၊ ဥဿိတေ- ကျော်စောထင်ရှားကုန်သော အမတ်ကြီးတို့ကိုလည်းကောင်း၊ ဟိံသယံ ဟိံသယန္တော- ညှဉ်းဆဲတတ်

ညှဉ်းဆဲစေတတ်၏၊ သသောရာဇာ- ထိုမင်းသည်၊ ဗလေန- ဗိုလ်ပါနှင့်၊ ဝိရုဇ္ဈတိ- ဆန့်ကျင်ဘက်ဖြစ်၏။

(၁၇၉) မဟာရာဇ- မင်းမြတ်၊ အဓမ္မစာရီ- တရားမကျင့်သော၊ ခတ္တိယော- ရေမြေကို အစိုးရသော၊ ယောရာဇာ- အကြင်မင်းသည်၊ နေဂမာဒယော- နိဂုံးသူအစရှိသည်တို့ကို၊ ဟိံသတိယထာ- ညှဉ်းဆဲသကဲ့သို့၊ တထေဝ- ထိုအတူသာလျှင်၊ [သညတေ(သံယမေ)]- ကိုယ်နှုတ်နှလုံးကို စောင့်ရှောက်ကုန်ထသော၊ [ဗြဟ္မစာရိနော(ဗြဟ္မစရိယေ)]- မြတ်သော အကျင့်ကို ကျင့်ကုန်ထသော၊ ဣသယော- ဂုဏ်ကျေးဇူးကို ရှာတတ်ကုန်သော ရသေ့ရဟန်းတို့ကို၊ ဟိံသံဟိံသန္တော- ညှဉ်းဆဲတတ်သည်၊ ဟောတိ- ဖြစ်၏၊ သောရာဇာ- ထိုမင်းသည်၊ သဂ္ဂေန- နတ်ပြည်နှင့်၊ ဝိရုဇ္ဈတိ- ဆန့်ကျင့်ဘက် ဖြစ်၏။

(၁၈၀) မဟာရာဇ- မင်းမြတ်၊ အဓမ္မဋ္ဌော- တရား၌မတည်သော၊ ယောစ- ရာဇာ- အကြင်မင်းသည်လျှင်၊ [အဒူသိကံ(အဒူသကံ)]- အပြစ်မရှိသော၊ ဘရိယံ- မိဖုရားကို၊ ဟန္တိဟနသိ- သတ်၏၊ သောရာဇာ- ထိုမင်းသည်။ [လုဒ္ဒံပ္ပသဝတိ(လုဒ္ဒံပ္ပသဝတိ)]- ရုန့်ရင်း ကြမ်းကြုတ်သော ငရဲ၌ဖြစ်ခြင်း၏ အကြောင်း မကောင်းမှုကို၊ ပသဝတေ- ပွားစေ၏၊ ပုတ္တေဟိစ- သားတို့နှင့်လည်း၊ ဝိရုဇ္ဈတိ- ဆန့်ကျင်ဘက် ဖြစ်၏။

(၁၈၁) မဟာရာဇ- မင်းမြတ်၊ ရာဇာ- မင်းသည်၊ ဇနပဒေစ- ဇနပုဒ်သူ၌လည်းကောင်း၊ နေဂမေသုစ- နိဂုံးသူတို့၌လည်းကောင်း၊ ဗလေသုစ- ဗိုလ်ပါတို့၌လည်းကောင်း၊ ဓမ္မံ- တရားကို၊ စရေ- ကျင့်ရာ၏၊ ဣသယော- စ- ရသေ့ရဟန်းတို့ကိုလည်း၊ နဟိံသေယျ- မညှဉ်းဆဲရာ၊ ပုတ္တ ဒါရေ- သားမယား၌၊ သမံ- တရားနှင့်အညီ၊ စရေ- ကျင့်ရာ၏။

(၁၈၂) မဟာရာဇ- မင်းမြတ်၊ အသုရာဓိပေါ- အသုရာတို့ကို နှိပ်စက်လွှမ်းမိုး အစိုးရသော၊ ဣန္ဒော- သိကြားမင်းသည်၊ သပတ္တေ- မိမိရန်သူတို့ကို၊ သမ္ပကမ္ပေတိဣဝ- ထိတ်လန့် တုန်လှုပ်စေသကဲ့သို့၊ တထာ- ထို့အတူ၊ ဘူမိပတိ- မြေကို အစိုးရသော၊ ရဋ္ဌပါလော- တိုင်းနိုင်ငံသူတို့ကို စောင့်ရှောက်တတ်သော၊ အကောဓနော- အမျက်မထွက်သော၊ တာဒိသော- ထိုတရားစောင့်သော ရှေးမင်းတို့နှင့် တူသော သဘောရှိသော၊ သသောရာဇာ-

ထိုမင်းသည် သပတ္တေ- မိမိရန်သူတို့ကို ရာဇတေဇေန- မင်း၏ တန်ခိုးအရှိန်ဖြင့်
သမ္ဘကမ္ပေတိ- ထိတ်လန့် တုန်လှုပ်စေနိုင်၏။ ဣတိ- ဤသို့လျှင် အပြီးတည်း။

တတ္ထ- ထိုဥရဗ္ဘရူပေနစသော ဂါထာတို့၌၊ **ဝကသ္သုတိ**- ဝကသ္သုဟူသည်ကား၊ ဝကော အဿု- ဝံပုလွေသည်၊ **အဿုတိ**- အဿုဟူသည်ကား၊ နိပါတမတ္တံ- နိပါတ်ပုဒ်မျှတည်း၊ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ မဟာရာဇ- မြတ်သော မင်းကြီး၊ ပုဗ္ဗေ- ရှေး၌၊ ဧကော- တစ်ကောင်သော၊ ဥရဗ္ဘရူပေါ- ဆိတ်ပမာဏရှိသော၊ ဝကော- ဝံပုလွေသည်၊ အဟောသိ- ရှိခဲ့ပြီ၊ တဿ- ထိုဝံပုလွေ၏၊ နင်္ဂုဋ္ဌမတ္တမေဝ- အမြီးမျှသည်သာ၊ ဒီဃံ- ရှည်လျား၏၊ ပန- ဆက်ဦးအံ့၊ သော- ထိုဝံပုလွေသည်၊ တံ- ထိုရှည်သော အမြီးကို၊ အန္တရသတ္ထိမှိ- ပေါင်ကြား၌၊ ပက္ခိပိတွာ- ထည့်သွင်း၍၊ ဥရဗ္ဘရူပေန- ဆိတ်အသွင်ဖြင့်၊ အသံကိတော- မကြောက်ရွံ့မူ၍၊ အဇယူထံ- ဆိတ်အုပ်သို့၊ ဥပေတိ- ကပ်လေ၏၊ တတ္ထ- ထိုဆိတ်အုပ်၌၊ ဥရဏိကစ္စ- သိုးကိုလည်းကောင်း၊ အဇိကစ္စ- ဆိတ်ထီးကိုလည်းကောင်း၊ အဇစ္စ- ဆိတ်မကိုလည်းကောင်း၊ ဟန္တွာ- သတ်၍၊ ယေနကာမံ- အလိုရှိရာအရပ်သို့ ပလေတိ- ပြေးသွားလေ၏၊ **တထာဝိဓေကေတိ**- တထာဝိဓေကေဟူသည်ကား၊ တထာဝိဓာ- ထိုကဲ့သို့သဘောရှိကုန်သော၊ ဧကေ- အချို့ကုန်သော၊ သမဏဗြာဟ္မဏာ- ရဟန်းပုဏ္ဏားတို့သည်၊ ပဗ္ဗဇ္ဇာလိင်္ဂေန- ရဟန်းအသွင်ဖြင့်၊ ဆဒနံ- အဖုံးအလွှမ်းကို၊ ကတွာ- ပြု၍၊ အတ္တာနံ- မိမိကိုယ်ကို၊ ဆာဒေတွာ- ဖုံးလွှမ်း၍၊ မဓုရဝစနာဒီဟိ- ချိုမြိန်သော စကားအစရှိသည်တို့ဖြင့်၊ ဟိတကာမာ ဝိယ- အစီးအပွားကိုလိုလား သူတို့ကဲ့သို့ ဟုတွာ- ဖြစ်၍၊ လောကံ- လူအပေါင်းကို၊ ဝဉ္စေန္တိ- လှည့်ပတ်ကုန်၏၊ အနာသကာတိ အာဒိ- အနာသကာ ဤသို့အစရှိသော စကားရပ်ကို၊ တေသံ- ထိုရဟန်းပုဏ္ဏားတို့၏၊ ဆဒနဿ- အဖုံးအလွှမ်းကို၊ ဒဿနတ္ထံ- ပြခြင်းအကျိုးငှာ၊ ဝုတ္တံ- ဆိုအပ်၏၊ ဟိ- ချဲ့ဦးအံ့၊ ကေစေ- အချို့ကုန်သော သမဏပြဟ္မဏတို့သည်၊ မယံ- ငါတို့သည်၊ အနာသကာ- အစားအစာကို မစားကုန်၊ ကိဥ္စိ- တစ်စုံတစ်ခုကိုမျှ န အာဟာရေမ- မစားသောက်ကုန်၊ ဣတိ- ဤသို့၊ မနုဿေ- လူတို့ကို၊ ဝဉ္စေန္တိ- လှည့်ပတ်ကုန်၏၊ အပရေ- တစ်ပါးကုန်သော ရဟန်းပုဏ္ဏားတို့သည်၊ မယံ- ငါတို့သည်၊ ထဏ္ဍိလသေယျကာ- ယဇ်မြေလျှင် အိပ်ယာရှိကုန်၏၊ ဣတိ- ဤသို့၊ (ဝဒန္တိ- ဆိုကုန်၏၊) အညေသံ ပန- အခြားသော ရဟန်းပုဏ္ဏားတို့၏ကား၊ ရဇောဇလ္လံ- မြူအညစ်အကြေးသည်၊ ဆဒနံ- အဖုံးအလွှမ်းသည်၊ (ဟောတိ- ဖြစ်၏၊) အညေသံပန- အခြားသော

ရဟန်းပုဏ္ဏားတို့၏ကား၊ ဥက္ကုဋိကပ္ပဓာနံ- ဆောင့်ကြောင့်ထိုင်သည်၏ အဖြစ်ဟူသော အားထုတ်ခြင်းသည်၊ (ဆဒနံ- အဖုံးအလွှမ်းသည်၊ ဟောတိ- ဖြစ်၏၊) တေ- ထိုရဟန်း ပုဏ္ဏားတို့သည်၊ ဂစ္ဆန္တာပိ- သွားကုန်သော်လည်း၊ ဥပ္ပတိတွာ- ခုန်၍၊ ဥက္ကုဋိကာဝ- ဆောင့်ကြောင့်သာလျှင်၊ ဂစ္ဆန္တိ- သွားကုန်၏၊ အညေသံ-ပန- အခြားသော ရဟန်း ပုဏ္ဏားတို့၏ကား၊ သတ္တာဟဒသာဟာဒိဝါရဘောဇနသင်္ခါတံ- ခုနှစ်ရက်တစ်ကြိမ် ဆယ်ရက်တစ်ကြိမ်စသော အလှည့်ဖြင့် အစားအစာကို စားခြင်းဟု ဆိုအပ်သော၊ ပရိယာယဘတ္တဆဒနံ- အလှည့်ကျအစားအစာကို စားခြင်းတည်းဟူသော အဖုံး အလွှမ်းသည်၊ (ဟောတိ- ဖြစ်၏၊) အပရေ- အခြားသော ရဟန်းပုဏ္ဏားတို့သည်၊ အပါနကတ္တာ- သောက်ရေကို မသောက်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ မယံ- ငါတို့သည်၊ ပါနီယံ- သောက်ရေကို၊ န ပိဝါမ- မသောက်ကုန်၊ ဣတိ- ဤသို့၊ ဝဒန္တိ- ဆိုကုန်၏၊ **အရဟန္တော ဝဒါနာ**တိ- အရဟန္တော ဝါဒနာဟူသည်ကား၊ ပါပါစာရာ- ယုတ်မာသော အကျင့်ရှိကုန်သည်၊ ဟုတွာပိ- ဖြစ်ကုန်၍လည်း၊ မယံ- ငါတို့သည်၊ အရဟန္တော- ရဟန္တာတို့တည်း၊ ဣတိ- ဤသို့၊ ဝဒန္တာ- ဆိုကုန်လျက်၊ ဝိစရန္တိ- လှည့်လည်ကုန်၏၊ **ဧတေ**တိ- ဧတေဟူသည်ကား၊ မဟာရာဇ- မင်းကြီး၊ ပဥ္စ- ငါးယောက်ကုန်သော၊ ဣမေ ဝါ ဇနာ- ဤလူတို့သည်မူလည်း၊ ဟောန္တု- ဖြစ်ပစေကုန်၊ အညေ ဝါ- အခြားသော သူတို့သည်မူလည်း၊ (ဟောန္တု- ဖြစ်ပစေကုန်၊) ယာဝန္တော- အကြင်မျှလောက်ကုန်သော သူတို့သည်၊ ဒိဋ္ဌိဂတိကာနာမ- များယွင်းသော အယူရှိကုန် သည်မည်၏၊ သဗ္ဗေပိ- အလုံးစုံလည်းဖြစ်ကုန်သော၊ ဧတေ- ထိုလူတို့သည်၊ အသပ္ပုရိသာ- သူတော်ကောင်း မဟုတ်ကုန်၊ ယမာဟူတိ- ယမာဟု-ဟူသည်ကား၊ ယေ- အကြင်သူတို့သည်၊ အာဟု- ဆိုကုန်၏၊ ယေ- အကြင် သူတို့သည်၊ ဝဒန္တိ- ဆိုကုန်၏။

**သစေ ဟိ ဝီရိယံ နာဿာ**တိ- သစေ ဟိ ဝီရိယံ နာဿဟူသည်ကား၊ မဟာရာဇ- မင်းကြီး၊ ဉာဏသမ္ပယုတ္တံ- ဉာဏ်နှင့်ယှဉ်သော၊ ကာယိကစေတသိက ဝီရိယံ- ကိုယ်၌ဖြစ်သော အားထုတ်မှု စိတ်၌ဖြစ်သော အားထုတ်မှုသည်၊ သစေ န ဘဝေယျ- အကယ်၍မဖြစ်ငြားအံ့၊ **ကမ္မန္တိ**- ကမ္မံဟူသည်ကား၊ ကလျာဏပါပကံ- အကောင်း မကောင်းအတိုင်းဖြစ်သော၊ ကမ္မမ္ပိ- ကံသည်လည်း၊ ယဒိ န ဘဝေယျ- အကယ်၍ မဖြစ်ငြားအံ့၊ **န ဘရေ**တိ- န ဘရေဟူသည်ကား၊ ဧဝံ သန္တေ - ဤသို့ ဖြစ်သည်ရှိသော်၊ ဝဍ္ဍကိံ ဝါ- လက်သမားကိုလည်းကောင်း၊ အညေ- အခြားကုန်သော၊

ကာရကေ၀ါ- အမှုကိစ္စကို ပြုတတ်သော သူတို့ကိုလည်းကောင်း၊ ရာဇာ- မင်းသည်၊ န ပေါသေယျ- မမွေးမြူနိုင်ရာ၊ **နပိ ယန္တာနိ**တိ- နပိ ယန္တာနိဟူသည်ကား၊ တေဟိ- ထိုလက်သမားစသည်တို့ကို၊ သတ္တဘူမိက ပါသာဒါဒီနိ- ဘုံခုနစ်ဆင့်ရှိသောပြာသာဒ် အစရှိသည်တို့ကိုလည်းကောင်း၊ ယန္တာနိ- စက်ယန္တယားတို့ကိုလည်းကောင်း၊ နပိ ကာရေယျ- မပြုလုပ်စေနိုင်ရာ၊ ကိံကာရဏာ?- အဘယ်အကြောင်းကြောင့်နည်း ဟူမူကား၊ ဝီရိယဿစေ၀- အားထုတ်မှု၏လည်းကောင်း၊ ကမ္မဿ စ- ကံ၏လည်း ကောင်း၊ အဘာဝါ- မရှိခြင်းကြောင့်တည်း၊ **ဥစ္စိဋ္ဌေယျာ**တိ- ဥစ္စိဋ္ဌေယျဟူသည်ကား၊ မဟာရာဇ- မင်းကြီး၊ ဧတ္တကံ- ဤမျှလောက်သော၊ ကာလံ- ကာလပတ်လုံး၊ ဒေ၀ေါ- မိုးသည်၊ ယဒိ နေဝ ဝဿေယျ- အကယ်၍မရွာသွန်းငြားအံ့၊ ဟိမံ- ဆီးနှင်းသည်၊ န ပတေယျ- မကျငြားအံ့၊ အထ- ထိုအခါ၌၊ ကပ္ပဋ္ဌာနကာလေ ဝိယ- ကမ္ဘာပျက်ရာ အခါကဲ့သို့၊ အယံ လောကော- ဤလောကသည်၊ ဥစ္စိဋ္ဌေယျ- ပြတ်ရာ၏၊ ပန- ဆက်၍ဆိုဦးအံ့၊ ဥစ္ဆေဒဝါဒိနာ- ဥစ္ဆေဒအယူရှိသော ပုဂ္ဂိုလ်သည်၊ ကထိတနိယာမေန- ဆိုအပ်သော နိယာမအားဖြင့်၊ ဥစ္ဆေဒေါ နာမ- ပြတ်ခြင်းမည်သည်၊ နတ္ထိ- မရှိ၊ **ပါလိတေ**တိ- ပါလိတေဟူသည်ကား၊ ပါလယတိ- စောင့်ရှောက်၏။

**ဝဝံ စေ**တိ- ဝဝံ စေအစရှိသော၊ စတဿော- လေးခုကုန်သော၊ ဂါထာ- ဂါထာတို့ကို၊ ရညော- မင်းအား၊ ဓမ္မဒေသနာယမေ၀- တရားဟောခြင်း အကျိုးငှာ သာလျှင်၊ ဝုတ္တာ- ဆိုအပ်ပြီ၊ မဟာရုက္ခဿာတိအာဒိကာ- မဟာရုက္ခဿ အစရှိသော ဂါထာတို့ကိုလည်း၊ တထာ- ထို့အတူ၊ (ဝုတ္တာ- ဆိုအပ်ပြီ) တတ္ထ- ထိုဂါထာတို့၌၊ **မဟာရုက္ခဿာ**တိ- မဟာရုက္ခဿဟူသည်ကား၊ မဓုရအမ္ဗရုက္ခဿ- ချိုမြိန်သော အသီးကို ဆောင်သော သရက်ပင်၏၊ **အဓမ္မေနာ**တိ- အဓမ္မေနဟူသည်ကား၊ အဂတိ ဂမနေန- မလားအပ်သည်ကို လားခြင်းဖြင့်၊ **ရသဉ္စဿ န ဇာနာတီ**တိ- ရသဥ္စဿ န ဇာနာတိဟူသည်ကား၊ အဓမ္မိကော- တရားမစောင့်သော၊ ရာဇာ- မင်းသည်၊ ရဋ္ဌဿ- တိုင်းနိုင်ငံ၏၊ ရသံ- အရသာကို၊ ဩဇံ- ဩဇာကို၊ န ဇာနာတိ- မသိ၊ အာယသမ္ပတ္တိံ- တိုးပွားခြင်းဟူသော စည်းစိမ်ချမ်းသာကို၊ န လဘတိ- မရ၊ **ဝိနဿတီ**တိ- ဝိနဿတိဟူသည်ကား၊ သုညံ- ဆိတ်သုဉ်းသည်၊ ဟောတိ- ဖြစ်၏၊ မနုဿာ- လူတို့ သည်၊ ဂါမနိဂမေ- ရွာနိဂုံးတို့ကို၊ ဆဍ္ဍေတွာ- စွန့်၍၊ ပစ္စန္တံ- ပစ္စန္တရစ်သို့၊ ပဗ္ဗတဝိသမံ- တောင်ကုန်းဒေသ မညီညွတ်သော အရပ်သို့ ဘဇန္တိ- ချဉ်းကပ်ကြကုန်၏၊ သဗ္ဗာနိ- အလုံးစုံကုန်သော၊ အာယမုခါနိ- တိုးပွားခြင်း၏အကြောင်းတို့သည်၊ ပစ္ဆိဇ္ဇန္တိ-

ပြုတ်ကုန်၏၊ **သဗ္ဗောသဓိဟိ**တိ- သဗ္ဗောသဓိဟိဟူသည်ကား၊ သဗ္ဗေဟိ- အလုံးစုံကုန်သော၊ မူလတစပတ္တပုပ္ဖဖလာဒီဟိစေဝ- အမြစ် အခေါက် အခွံ အပွင့် အသီးအစရှိသည်လည်းဖြစ်ကုန်သော၊ သပ္ပိနဝနီတာဒီဟိ- ထောပတ်ဆီဦးအစရှိကုန်သော၊ ဩသဓေဟိစ- ဆေးတို့ဖြင့်လည်းကောင်း၊ ဝိရုဠ္ဟတိ- ဆန့်ကျင်၏၊ တာနိ- ထိုဆေးတို့သည်၊ န သမ္ပဇ္ဇန္တိ- အဆီဩဇာ မပြည့်စုံကုန်၊ ဟိ- မှန်၏၊ အဓမ္မိကရညော- တရားမစောင့်သော မင်း၏၊ ပထဝီ- မြေသည်၊ နိရောဇာ- ဩဇာမရှိသည်၊ ဟောတိ- ဖြစ်၏၊ တဿာ- ထိုမြေ၏၊ နိရောဇတာယ- အဆီဩဇာမရှိသည်၏အဖြစ်ကြောင့်၊ ဩသဓာနံ- ဆေးတို့၏၊ ဩဇာ- ဩဇာသည်၊ န ဟောတိ- မဖြစ်၊ တာနိ- ထိုဆေးတို့သည်၊ ရောဂဉ္စ- ရောဂါကိုလည်း၊ ဝူပသမေတုံ- ငြိမ်းစေခြင်းငှာ၊ န သက္ကောန္တိ- မစွမ်းနိုင်ကုန်၊ ဣတိ- ဤသို့လျှင်၊ သော- ထိုမင်းသည်၊ တေဟိ- ထိုဆေးတို့ဖြင့်၊ ဝိရုဒ္ဓေါ နာမ- ဆန့်ကျင်သည်မည်သည်၊ ဟောတိ- ဖြစ်၏။

**နေဂမေ**တိ- နေဂမေဟူသည်ကား၊ နိဂမဝါသိကုဋုမ္ဗိကေ- နိဂုံး၌နေသော သူကြွယ်တို့ကို၊ **ဟိံသ**န္တိ- ဟိံသံဟူသည်ကား၊ ဟိံသန္တော- ညှဉ်းဆဲလျက်၊ ပီဠေန္တော- နှိပ်စက်လျက်၊ **ယေ ယုတ္တာ**တိ- ယေ ယုတ္တာဟူသည်ကား၊ ယေ- အကြင်သူတို့သည်၊ ကယဝိက္ကယေ- ကုန်ရောင်းကုန်ဝယ်၌၊ ယုတ္တာ- ယှဉ်ကုန်၏၊ အာယာနံ- တိုးပွားခြင်းတို့၏၊ မုခါ- အကြောင်းဖြစ်ကုန်၏၊ ထလဇလပထဝါဏိဇာ- ကုန်းလမ်း ရေလမ်းဖြင့် ကုန်သွယ်ကြကုန်၏၊ တေ စ- ထိုသူတို့ကိုလည်း၊ ဟိံသန္တော- ညှဉ်းဆဲသည်ဖြစ်၍၊ **ဩဇဒါနဗလီကာမရ**တိ- ဩဇဒါနဗလီကာရေဟူသည်ကား၊ တတော တတော- ထိုထိုအရပ်မှ၊ ဘဏ္ဍာဟရဏသုက်ဒါနဝသေန- အခွန်ဘဏ္ဍာကို ပေးဆောင်ခြင်း ကင်းခွန်ကို ပေးဆောင်ခြင်း၏ အစွမ်းဖြင့်၊ ဩဇဒါနဥ္စေဝ- ဩဇာကို ပေးခြင်းကိုလည်းကောင်း၊ ဆဘာဂဒသဘာဂါဒိဘေဒံ- ခြောက်ဖို့တစ်ဖို့ပေးခြင်း ဆယ်ဖို့တစ်ဖို့ပေးခြင်းစသည်အပြားရှိသော၊ ဗလိဥ္စ- အခွန်အတုတ်ကိုလည်းကောင်း၊ ကရောန္တေ- ပြုတတ်သူတို့ကို၊ **သ ကောသေနာ**တိ- သ ကောသေနဟူသည်ကား၊ သော အဓမ္မိကရာဇာ- ထိုတရားမစောင့်သော မင်းသည်၊ ဧတေ- ထိုကုန်သည်တို့ကို၊ ဟိံသန္တော- ညှဉ်းဆဲလျက်၊ ဓနဓညေဟိ- ဥစ္စာစပါးတို့မှ၊ ပရိဟာယန္တော- ဆုတ်ယုတ်သည်ဖြစ်၍၊ ကောသေန- ကျီဖြင့်၊ ဝိရုဠ္ဟတိ နာမ- ဆန့်ကျင်သည်မည်၏၊ **ပဟာရဝရခေတ္တညူ**တိ- ပဟာရဝရခေတ္တညူဟူသည်ကား၊ က္ကမသ္မိံ ဌာနေ- ဤအရပ်၌၊ ဝိဒ္ဓိတုံ- ထိုးပစ်ခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ ဣတိ ဧဝံ- ဤသို့ ပဟာရဝရာနံ-

ထိုးပစ်အပ်သော ရာထူးအားဖြင့် ကြီးမြတ်သူတို့၏၊[၁] ခေတ္တံ- နေရာကို၊ ဇာနန္တေ- သိကုန်သော၊ ဓနုဂ္ဂဟေ- လေးသမားတို့ကို၊ **သင်္ဂါမေ ကတနိဿမေတိ-** သင်္ဂါမေ ကတနိဿမေဟူသည်ကား၊[၂] ယုဒ္ဓေ- စစ်ပွဲ၌၊ သုကတကမ္မေ- ကောင်းစွာပြုအပ်ပြီးသောအမှုကိစ္စရှိကုန်သော၊ မဟာယောဓေ- စစ်သူကြီးတို့ကို၊ **ဥဿိတေတိ-** ဥဿိတေဟူသည်ကား၊ ဥဂ္ဂတေ- ကျော်စောကုန်သော၊ ပညာတေ- ထင်ရှားကုန်သော၊ မဟာမတ္တေ- အမတ်ကြီးတို့ကို၊ **ဟိ သယန္တိ-** ဟိ သယံဟူသည်ကား၊ ဧဝရူပေ- ဤသို့သဘောရှိသော ပုဂ္ဂိုလ်တို့ကို၊ သယံ ဝါ- ကိုယ်တိုင်မူလည်း၊ ဟိံသန္တော- ညှင်းဆဲလျက်၊ ပရေဟိ ဝါ- သူတစ်ပါးတို့ကိုမူလည်း၊ ဟိံသာပေန္တော- ညှင်းဆဲစေလျက်၊ **ဗလေနာတိ-** ဗလေနဟူသည်ကား၊ ဗလကာယေန- ဗိုလ်အစုဖြင့်၊ ဟိ- ချဲ့၍ဆိုဦးအံ့၊ တထာဝိဓံ- ထိုသို့သဘောရှိသော၊ ရာဇာနံ- မင်းကို၊ အယံ- ဤမင်းသည်၊ ဗဟုကာရေ- ကျေးဇူးများကုန်သော၊ အတ္တနော- မိမိ၏၊ ရဇ္ဇဒါယကေပိ- မိမိမင်းအဖြစ်ကို ပေးတတ်သူတို့ကိုလည်း၊ ဟိံသတိ- ညှင်းဆဲတတ်၏၊ အမှေပန- ငါတို့ကိုမူကား၊ ကိမင်္ဂ- အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း၊ ဣတိ- ဤသို့ အဝသေသာ- စစ်သူကြီးမှ ကြွင်းကျန်ကုန်သော၊ ယောဓာပိ- စစ်သည်တို့ကိုလည်း၊ ဝိဇဟန္တိယေဝ- စွန့်ကြကုန်သည်သာ၊ ဣတိ- ဤသို့လျှင်၊ သော- ထိုမင်းသည်၊ ဗလေန- စစ်တပ်နှင့်၊ ဝိရုဒ္ဓေါ နာမ- ဆန့်ကျင်သည်မည်သည်၊ ဟောတိ- ဖြစ်၏။

**တထေဝ ဣသယော ဟိံသန္တိ-** တထေဝ ဣသယော ဟိံသံဟူသည်ကား၊ စ- ဆက်၍ဆိုဦးအံ့၊ နေဂမာဒယော- နိဂုံးသူအစရှိသည်တို့ကို၊ (ဟိံသန္တော) ယထာ- ညှင်းဆဲကုန်ဘိသကဲ့သို့၊ တထေဝ- ထို့အတူပင်၊ ဧသိတဂုဏေ- ရှာမှီးတတ်သော ဂုဏ်ရှိကုန်သော၊ ပဗ္ဗဇိတေ- ရဟန်းတို့ကို၊ အက္ကောသနပဟာရဏာဒီဟိ- ဆဲရေးခြင်း ပုတ်ခတ်ခြင်းအစရှိသည်တို့ဖြင့်၊ ဟိံသန္တော- ညှင်းဆဲလျက်၊ အဓမ္မစာရီ- မတရားသော

---

၁။ ပဟာရဝရာနံ= ပဟာရ-ပုတ်ခတ်ခြင်း-ဤနေရာ၌ မြားဖြင့် ထိုးပစ်ခြင်းကိုယူ၊ ဝရ-သဒ္ဒါ မြတ်သူ အထတ်တန်းစား၊ အဓိကထား၍ မြားဖြင့် ထိုးပစ်ရမည့် ရာထူးအရ အထတ်တန်းကျသော ပုဂ္ဂိုလ်များကို ဆိုလိုသည်။

၂။ ကတနိဿမေ= ကတ-ကို သုကတ-ဟု ဖွင့်ပြီး နိဿမေ-ကို ကမ္မေ-ဟု ဖွင့်သည်၊ နိဿမေ-မှာ နိ-ရှေးရှိသော သမု-ဓာတ် ငြိမ်းအေးခြင်းအနက်ဟောဖြစ်သည်၊ ငြိမ်သက်ခြင်း အေးချမ်းခြင်း မရှိဆိုသည်မှာ လှုပ်ရှားတတ်ကြွနေသည်ဟု ဆိုလိုသည်၊ အားထုတ်ခြင်း လုံ့လဝီရိယ စိုက်ထုတ်ခြင်းတည်း၊ စစ်မြေပြင်၌ အားထုတ်မှုကြီးသူ တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူဟု အဓိပ္ပါယ်ရ၏။

အကျင့်ကို ကျင့်သော၊ ရာဇာ- မင်းသည်၊ ကာယဿ- ကိုယ်ခန္ဓာ၏၊ ဘေဒါ- ပျက်သည်မှ၊ (ပရံ- နောက်၌၊) အပါယမေဝ- အပါယ်သို့သာလျှင်၊ ဥပေတိ- ကပ်ရောက်ရ၏၊ သဂ္ဂေ- နတ်ပြည်၌၊ နိဗ္ဗတ္တိတုံ- ဖြစ်ခြင်းငှာ၊ န သက္ကောတိ- မစွမ်းနိုင်၊ ဣတိ- ဤသို့၊ သဂ္ဂေန- နတ်ပြည်နှင့်၊ ဝိရုဒ္ဓေါ နာမ- ဆန့်ကျင်သည်မည်သည်၊ ဟောတိ- ဖြစ်၏၊ **ဘရိယံ ဟန္တွာ အဒူသိကန္တိ**- ဘရိယံ ဟန္တွာ အဒူသိကံဟူသည်ကား၊ အတ္တနော- မိမိ၏၊ ဗာဟုစ္ဆာယာယ- လက်ရုံးအရိပ်၌၊[၁] ဝဍ္ဎိတံ- ကြီးပွားသော၊ ပုတ္တဓီတာဟိ- သားသမီးတို့ဖြင့်၊ သံဝဍ္ဎံ- ပွားစည်းသော၊ သီလဝတိံ- သီလရှိသော၊ ဘရိယံ- မယားကို၊ မိတ္တပတိရူပကာနံ- မိတ်ဆွေတုဖြစ်ကုန်သော၊ စောရာနံ- ခိုးသူတို့၏၊ ဝစနံ- စကားကို၊ ဂဟေတွာ- ယူ၍၊ မာရေတိ- သတ်၏၊ **လုဒ္ဒံ ပသဝတေ ဌာနန္တိ**- လုဒ္ဒံ ပသဝတေ ဌာနံဟူသည်ကား၊ သော- ထိုမင်းသည်၊ အတ္တနော- မိမိ၏၊ နိရယူပပတ္တိ- ငရဲ၌ဖြစ်ခြင်းကို၊ ပသဝတိ- ပွားစေ၏၊ နိပ္ဖာဒေတိ- ပြီးစေ၏၊ **ပုတ္တေဟိ စာတိ**- ပုတ္တေဟိ စဟူသည်ကား၊ ဣမသ္မိံယေဝ အတ္တဘာဝေ- ဤဘဝ၌ပင်လျှင်၊ အတ္တနော- မိမိ၏၊ ပုတ္တေဟိ- သားတို့နှင့်၊ သဒ္ဓိံ- တကွ၊ ဝိရုဇ္ဈတိ- ဆန့်ကျင်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဇဝံ- ဤသို့လျှင်၊ သော- ထိုရှင်ရသေ့သည်၊ အဿ- ထိုမင်း၏၊ ပဥ္စန္နံ- ငါးယောက်ကုန်သော၊ တေသံ ဇနာနံ- ထိုအမတ်တို့၏၊ ကထံ- စကားကို၊ ဂဟေတွာ- ယူ၍၊ ဒေဝိယာ- မိဖုရားကို၊ မာရိတဘာဝဥ္စ- သတ်အပ်သည်၏အဖြစ်ကိုလည်းကောင်း၊ ပုတ္တာနံ- သားတို့၏၊ ဝိရုဒ္ဓဘာဝဥ္စ- ဆန့်ကျင်ဘက်ဖြစ်သည်၏ အဖြစ်ကိုလည်းကောင်း၊ သန္ဓိမုခေ- အိမ်ခြံဝ၌၊ စောရံ- ခိုးသူကို၊ စူဠာယံ- ယောင်ထုံး၌၊ ဂဏှန္တော ဝိယ- ဆွဲကိုင်ဘိသကဲ့သို့၊ ကထေသိ- ပြောဆိုပြီ၊ ဟိ- ချဲ့၍ဆိုဦးအံ့၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ တေသံ အမစ္စာနံ- ထိုအမတ်တို့ကို၊ နိဂ္ဂဏှနဥ္စ- နှိပ်ခြင်းကိုလည်းကောင်း၊[၂] ဓမ္မဒေသနဥ္စ- တရားဟောကြားခြင်းကိုလည်းကောင်း၊ (ကတွာ- ပြုပြီး၍၊) စ- ထို့အပြင်၊ ဒေဝိယာ- မိဖုရားကို၊ တေဟိ- ထိုအမတ်တို့သည်၊

၁။ ဗာဟုစ္ဆာယာယ=လက်ရုံးအရိပ်-ဟုသဒ္ဒါနက်ယူ၊ ဇနီးမယားဖြစ်သူသည် ယောကျာ်း၏ ဘုန်းလက်ရုံးကို မှီခို၍နေရသဖြင့် လက်ရုံးရိပ်၌ ကြီးပွားသူဟု ဆိုရသည်။

၂။ နိဂ္ဂဏှနဥ္စ= ရှေ့၌အာဝိကရဏတ္ထဥ္စ-ဟု ပါဌ်ရှိသည်ကို ထောက်၍ ဤ၌လည်း နိဂ္ဂဏှနတ္ထဥ္စ-ဓမ္မဒေသ နတ္ထဥ္စ-ဟုပါဌ်ရှိလျှင် ကောင်းမည်၊ အတ္ထ-ပုဒ်ကျနေသည်ဟုထင်မိ၏၊ သို့သော် ပါဌ်ရှိအတိုင်းဖြစ်အောင် အနက်ပေးလိုက်သည်။

မာရိတဘာဝဿ- သတ်အပ်သည်၏အဖြစ်ကို၊ အာဝိကရဏတ္ထံ- ထင်စွာပြုခြင်း အကျိုးငှာ၊ တတ္ထ- ထိုနန်းတော်၌၊ အနုပုဗ္ဗေန- အစဉ်အားဖြင့်၊ ကထံ- စကားကို၊ အာဟရိတွာ- ဆောင်၍၊ ဩကာသံ- အခွင့်ကို၊ ကတွာ- ပြု၍၊ ဧတမတ္ထံ- ဤအကြောင်းတရားကို၊ ကထေသိ- ဟောကြားခဲ့ပြီ၊ ရာဇာ- မင်းသည်၊ တဿ- ထိုမဟာဗောဓိပုရိဗိုဇ်၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ အတ္တနော- မိမိ၏၊ အပရာဓံ- အပြစ်ကို၊ ဇာနိ- သိခဲ့ပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုမင်းကို၊ မဟာ-သတ္တော- ဘုရားအလောင်းတော်သည်၊ မဟာရာဇ- မင်းကြီး၊ ဣတော- ဤအခါမှ၊ ပဋ္ဌာယ- စ၍၊ ဧဝရူပါနံ- ဤသို့သဘောရှိကုန်သော၊ ပါပါနံ- မကောင်းသူတို့၏၊ ကထံ- စကားကို၊ ဂဟေတွာ- ယူ၍၊ ပုန- တစ်ဖန်၊ ဧဝံ- ဤသို့၊ မာ အကာသိ- မပြုပါလင့်၊ ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ဩဝဒန္တော- ဆုံးမလိုသဖြင့်၊ ဓမ္မံ စရေတိအာဒိ- ဓမ္မံ စရေစသော ဂါထာကို၊ အာဟ- ဆိုပြီ။

တတ္ထ- ထိုဓမ္မံ စရေစသော စကားရပ်၌၊ **ဓမ္မံ စရေ**တိ- ဓမ္မံ စရေဟူသည်ကား၊ မဟာရာဇ- မင်းကြီး၊ ရာဇာ နာမ- မင်းမည်သည်၊ ဇနပဒံ- ဇနပုဒ်သူအပေါင်းကို၊ အဓမ္မိကေန- မတရားသော၊ ဗလိနာ- အခွန်ဖြင့်၊ အပီဠေန္တော- မနှိပ်စက်မူ၍၊ ဇနပဒေ- ဇနပုဒ်သူအပေါင်း၌၊ ဓမ္မံ- တရားကို၊ စရေယျ- ကျင့်ရာ၏၊ သာမိကေ- ပိုင်ရှင်တို့ကို၊ အသာမိကေ- ပိုင်ရှင်မဟုတ်သူတို့ကို၊ အကရောန္တော- မပြုမူ၍၊ နေဂ-မေသု- နိဂုံးသူတို့၌၊ ဓမ္မံ- တရားကို၊ စရေယျ- ကျင့်ရာ၏၊ အဋ္ဌာနေ- အရာမဟုတ်သည်၌၊ အကိလမေန္တော- မပင်ပန်းစေမူ၍၊ ဗလေသု- စစ်သည်တို့၌၊ ဓမ္မံ- တရားကို၊ စရေယျ- ကျင့်ရာ၏၊ ဝဓဗန္ဓအက္ကောသပရိဘာသေ- သတ်ခြင်း နှောင်ဖွဲ့ခြင်း ဆဲရေးခြင်း ရေရွတ်ခြင်းတို့ကို၊ ပရိဟရန္တော- ပယ်ရှားလျက်၊ စ- ထို့အပြင်၊ ပစ္စယေ- ပစ္စည်းတို့ကို၊ နေသံ- ထိုရသေ့တို့ကို၊ ဒဒန္တော- ပေးလှူလျက်၊ ဣသယော- ရသေ့တို့ကို၊ န ဝိဟိံသေယျ- မညှင်းဆဲရာ၊ မိတရော- သားသမီးတို့ကို၊ ယုတ္တဋ္ဌာနေ- သင့်သောအရာ၌၊ ပတိဋ္ဌာပေန္တော- တည်စေလျက်၊ စ- ထို့အပြင်၊ ပုတ္တေ- သားတို့ကို၊ သိပ္ပါနိ- အတတ်တို့ကို၊ သိက္ခာပေတွာ- သင်စေ၍၊ သမ္မာ- ကောင်းစွာ၊ ပရိဟရန္တော- ဆောင်လျက်၊ ဘရိယံ- မယားကို၊ ဣဿရိယဝေါဿဂ္ဂအလင်္ကာရ-ဒါနသမ္မာနနာဒီဟိ- အစိုးရမှုကို ပေးခြင်း အဆင်တန်ဆာကို ပေးခြင်း မြတ်နိုးခြင်း အစရှိသည်တို့ဖြင့်၊ အနုဂ္ဂဏှန္တော- ချီးမြှောက်လျက်၊ ပုတ္တဒါရေ- သားမယား၌၊ သမံ-အညီအမျှ၊ စရေယျ- ကျင့်ရာ၏၊ **သ တာဒိသော**တိ- သ တာဒိသောဟူသည်ကား၊

တာဒိသော- ထိုကဲ့သို့သဘောရှိသော၊ သော ရာဇာ- ထိုမင်းသည်၊ ပဝေဏိ- အစဉ်အဆက်ကို၊ အဘိန္ဒိတွာ- မချိုးဖျက်မူ၍၊ ဓမ္မေန- တရားဖြင့်၊ သမေန- မျှတမှုဖြင့်၊ ရဋ္ဌံ- မင်းအဖြစ်ကို၊ ကာရေန္တော- ပြုစေလျက်၊ ရာဇာဏာယ- မင်းအာဏာဖြင့်၊ ရာဇတေဇေန- မင်းတန်ခိုးဖြင့်၊ သပတ္တေ- ရန်သူတို့ကို၊ သမ္ဗကမ္မေတိ- တုန်လှုပ်စေ၏၊ တာသေတိ- ခြိမ်းခြောက်၏၊ စာလေတိ- လှုပ်ရှားစေ၏၊ **ကုန္တော၀ါ**တိ ကုဒံ- ကုန္တော၀ါဟူသော ဤစကားကို၊ ဥပမတ္ထံ- ဥပမာပြုခြင်းအကျိုးငှာ၊ ဝုတ္တံ- ဆိုအပ်ပြီ၊ အသုရေ- အသူရာတို့ကို၊ ဇေတွာ- အောင်၍၊ အဘိဘဝိတွာ- လွှမ်းမိုး၍၊ ဋ္ဌိတကာလတော- တည်သောအခါမှ၊ ပဋ္ဌာယ- စ၍၊ အသုရာဓိပေါတိ- အသူရာတို့၏အရှင်ဟူ၍၊ သဉ္ဇံ- ရေတွက်ခြင်းသို့၊ ဂတော- ရောက်သော၊ ကုန္တော- သိကြားမင်းသည်၊ အတ္တနော- မိမိ၏၊ သပတ္တဘူတေ- ရန်သူဖြစ်၍ဖြစ်ကုန်သော၊ အသုရေ- အသူရာတို့ကို၊ ကမ္မေသိ ယထာ- တုန်လှုပ်စေဘိသကဲ့သို့၊ တထာ- ထို့အတူ၊ ကမ္မေတိ- တုန်လှုပ်စေ၏၊ ကုတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့လျှင်၊ မဟာသတ္တော- အလောင်းတော်သည်၊ ရညော- မင်းအား၊ ဓမ္မံ- တရားကို၊ ဒေသေတွာ- ဟော၍၊ စတ္တာရောပိ- လေးယောက်လည်းဖြစ်ကုန်သော၊ ကုမာရေ- မင်းသားတို့ကို၊ ပက္ကောသာပေတွာ- ခေါ်စေ၍၊ ဩဝဒိတွာ- ဆုံးမ၍၊ ရညော- မင်း၏၊ ကတကမ္မံ- ပြုအပ်သော အမှုကို၊ ပကာသေတွာ- ထင်စွာပြု၍၊ ရာဇာနံ- မင်းကို၊ ခမာပေတွာ- သည်းခံစေ၍၊ မဟာရာဇ- မင်းကြီး၊ ကုတော- ဤအခါမှ၊ ပဋ္ဌာယ- စ၍၊ အတုလေတွာ- မနှိုင်းချိန်မူ၍၊ ပရိဘေဒကာနံ- ကုန်းတိုက်သူတို့၏၊ ကထံ- စကားကို၊ ဂဟေတွာ- ယူ၍၊ ဧဝရူပံ- ဤသို့သဘောရှိသော၊ သာဟသိကကမ္မံ- အဆောတလျင်ပြုအပ်သော အမှုကို၊ မာ အကာသိ- မပြုလင့်၊ တုမှေပိ ကုမာရာ- သင်မင်းသားတို့သည်လည်း၊ ရညော- မင်းကို၊ မာ ဒုဗ္ဘိတ္ထာ- မပြစ်မှားကြကုန်လင့်၊ ကုတိ- ဤသို့ သဗ္ဗေသံ- အလုံးစုံသော သူတို့အား၊ ဩဝါဒံ- အဆုံးအမကို၊ အဒါသိ- ပေးပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုမဟာဗောဓိပုရိဗိုဇ်ကို၊ ရာဇာ- မင်းသည်၊ အာဟ- ပြောပြီ၊ ဘန္တေ- အရှင်ဘုရား၊ အဟံ- တပည့်တော်သည်၊ တုမှေသု စ- သင်တို့၌လည်းကောင်း၊ ဒေဝိယာ စ- မိဖုရား၌လည်းကောင်း၊ အပရဇ္ဈန္တော- ပြစ်မှားသည်ဖြစ်၍၊ ကုမေ- ဤအမတ် ငါးယောက်တို့ကို၊ နိဿာယ- မှီ၍၊ ဧတေသံ- ထိုအမတ်တို့၏၊ ကထံ- စကားကို၊ ဂဟေတွာ- ယူ၍၊ ဧတံ ပါပကမ္မံ- ဤယုတ်မာသော အမှုကို၊ ကရိံ- ပြုခဲ့ပြီ၊ ပဉ္စပိ- ငါးယောက်လည်းဖြစ်ကုန်သော၊ ကုမေ- ဤအမတ်တို့ကို၊

မာရေမိ- သတ်ပါအံ့၊ ဣတိ- ဤသို့၊ အာဟ- ပြောပြီ၊ မဟာရာဇ- မင်းကြီး၊ ဧဝံ- ဤသို့၊ ကာတုံ- ပြုခြင်းငှာ၊ န လဗ္ဘာ- မရအပ်၊ ဣတိ- ဤသို့၊ အာဟ- ပြောပြီ၊ တေန ဟိ- ထိုသို့ဖြစ်လျှင်၊ တေသံ- ထိုအမတ်တို့၏၊ ဟတ္ထပါဒေ- လက်ခြေတို့ကို၊ ဆေဒါပေမိ- ဖြတ်စေအံ့၊ ဣတိ- ဤသို့၊ အာဟ- ပြောပြီ၊ ဣဒမ္ပိ- ဤလက်ခြေဖြတ်ခြင်းကိုလည်း၊ ကာတုံ- ပြုခြင်းငှာ၊ န လဗ္ဘာ- မရအပ်၊ ဣတိ- ဤသို့၊ အာဟ- ပြောပြီ၊ ရာဇာ- မင်းသည်၊ ဘန္တေ- အရှင်ဘုရား၊ သာဓု- ကောင်းပြီ၊ ဣတိ- ဤသို့ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ တေ- ထိုအမတ် ငါးယောက်တို့ကို၊ သဗ္ဗသံဟရဏော- အလုံးစုံရုပ်သိမ်းမှုတို့ကို* ကတွာ- ပြု၍၊ ပဉ္စစူဠာကရဏဂဒ္ဒူလဗန္ဓနဂေါမယာသိဉ္စနေဟိ- ဆံထုံးငါးခုပြုခြင်း သရေကြိုးဖြင့် ဖွဲ့ချည်ခြင်း နွားချေးရေဖြင့် သွန်းလောင်းခြင်းတို့ဖြင့်၊ အဝမာနေတွာ- ရှုတ်ချမှုကို ပြု၍၊ ရဋ္ဌာ- တိုင်းနိုင်ငံမှ၊ ပဗ္ဗာဇေသိ- နှင်ထုတ်စေပြီ၊ ဗောဓိသတ္တော- ဘုရားအလောင်းတော်သည်၊ တတ္ထ- ထိုတိုင်းပြည်၌၊ ကတိပါဟံ- ရက်အနည်းငယ်၊ ဝသိတွာ- နေ၍၊ အပ္ပမတ္တော- မမေ့လျော့သည်၊ ဟောဟိ- ဖြစ်လော့၊ ဣတိ- ဤသို့၊ ရာဇာနံ- မင်းကို၊ ဩဝဒိတွာ- ဆုံးမ၍၊ ဟိမဝန္တံယေဝ- ဟိမဝန္တာသို့သာလျှင်၊ ဂန္တွာ- သွား၍၊ ဈာနာ ဘိညာ- ဈာန်အဘိညာဉ်တို့ကို၊ နိဗ္ဗတ္တေတွာ- ဖြစ်စေ၍၊ ယာဝဇီဝံ- အသက်ထက်ဆုံး၊ ဗြဟ္မဝိဟာရေ- ဗြဟ္မဝိဟာရတရားတို့ကို၊ ဘာဝေတွာ- ပွားစေ၍၊ ဗြဟ္မလောကူပဂေါ- ဗြဟ္မပြည်သို့ ကပ်ရောက်ရသည်၊ အဟောသိ- ဖြစ်ခဲ့ပြီ။

သတ္ထာ- မြတ်စွာဘုရားသည်၊ ဣမံ ဒေသနံ- ဤမဟာဗောဓိဇာတ်တရားဒေသနာကို၊ အာဟရိတွာ- ဆောင်တော်မူ၍၊ "ဘိက္ခဝေ- ရဟန်းတို့၊ ဣဒါနေဝ- ယခုအခါ၌သာလျှင်၊ (တထာဂတော- မြတ်စွာဘုရားသည်၊ ပညဝါယေဝ- ပညာရှိသည်သာ၊) န- မဟုတ်သေး၊ ပုဗ္ဗေပိ- ရှေးအလောင်းတော်ဘဝ၌လည်း၊ တထာဂတော- မြတ်စွာဘုရားသည်၊ ပညဝါယေဝ- ပညာရှိသည်သာ၊ ပရပ္ပဝါဒပ္ပမဒ္ဒနောယေဝါ- သူတစ်ပါးတို့၏ ဝါဒကို နှိမ်နင်းနိုင်သည်သာ၊" ဣတိ- ဤသို့၊ ဝတွာ- ဆိုတော်မူ၍၊ ဇာတကံ- ဇာတ်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ၊ တဒါ- ထိုမဟာဗောဓိပုရိဗိုဇ်ဖြစ်သောအခါ၌၊ ပဉ္စ- ငါးယောက်ကုန်သော၊ ဒိဋ္ဌိဂတိကာ- မိစ္ဆာအယူရှိသူတို့သည်၊ (ဣဒါနိ- ယခုအခါ၌၊) ပူရဏကဿပမက္ခလိဂေါသာလပကုဓကစ္စာန-

* သဗ္ဗသံဟရဏော- အလုံးစုံရုပ်သိမ်းခြင်းဟူသည် ၎င်းတို့အား အပ်နှင်းထားသော ရာထူးဌာနန္တရ စည်းစိမ်အားလုံးကို ရုပ်သိမ်းခြင်းဖြစ်သည်၊ သဟာဿပဟရဏော-ဟု ပါဠ်ကွဲရှိသေး၏၊ အကြိမ်တစ်ထောင် ရိုက်နှက်မှုတို့ကို-ဟုအနက်ပေးလေ။

အဇိတာကေသကမ္ဗလနိဂဏ္ဌနာဋ္ဌပုတ္တာ- ပူရဏကဿပ မက္ခလိဂေါသာလ ပကုဓကစ္စာန အဇိတကေသကမ္ဗလ နိဂဏ္ဌနာဋ္ဌပုတ္တတို့သည်၊ အဟေသုံ- ဖြစ်ကုန်ပြီ၊ (တဒါ- ထိုအခါ၌၊) ပိင်္ဂလသုနခေါ- ခွေး ကြောင်ကြီးသည်၊ (တဒါနိ- ၌) အာနန္ဒော- အာနန္ဒာသည်၊ (အဟောသိ- ဖြစ်ခဲ့ပြီ၊) (တဒါ- ၌) မဟာဗောဓိပရိဗ္ဗာ-ဇကော ပန- မဟာဗောဓိပရိဗိုဇ်သည်ကား၊ (တဒါနိ- ၌၊) အဟမေဝ- ငါဘုရားသည်သာလျှင်၊ အဟောသိ- ဖြစ်ခဲ့ပြီ၊ ဣတိ- ဤသို့၊ (ဇာတကံ- ဇာတ်တော်ကို၊ သမောဒါနေသိ- ပေါင်းတော်မူပြီ။) တတိယော- သုံးခုမြောက်သော၊ မဟာဗောဓိဇာတကဝဏ္ဏနာ- မဟာဗောဓိဇာတ်သည်၊ နိဋ္ဌိတာ- ပြီးပြီ။

ဇာတကုဒ္ဒါနံ- ဇာတ်တို့၏ဥဒါန်းကား၊ သနိင္ဂိနိကမဝှယနော- သနိင္ဂိနိကနှင့် တကွဖြစ်သောကြောင့် နိင္ဂိနိကာဟုခေါ်ဆိုအပ်သော၊ ပဋ္ဌမော- ပဌမဇာတ်လည်း ကောင်း၊ ပန- ဆက်ဦးအံ့၊ သဥမ္မဒန္တိဝရော- ဥမ္မာဒန္တီမိန်းမမြတ်နှင့် တကွဖြစ်သော၊ ဒုတိယော- နှစ်ခုမြောက်သော ဥမ္မာဒန္တီဇာတ်လည်းကောင်း၊ ပန- ဆက်ဦးအံ့၊ ဗောဓိ-သိရိဝှယနော- ဗောဓိသိရီဟူ၍ခေါ်ဆိုအပ်သော၊ တတိယော- သုံးခုမြောက်သော မဟာဗောဓိဇာတ်လည်းကောင်း၊ ပန- ဆက်ဦးအံ့၊ သုဘာသိတာ- တင့်တယ်ခြင်းရှိ ကုန်သော၊ တိဏိ- သုံးပါးသော ဇာတ်တို့ကို၊ ဇိနေန- မြတ်စွာဘုရားသည်၊ ကထိ-တာ- ဟောတော်မူအပ်ကုန်ပြီ။ ပဏ္ဏာသနိပါတဝဏ္ဏနာ- ပဏ္ဏာသနိပါတ်အဖွင့်သည်၊ နိဋ္ဌိတာ- ပြီးပြီ။ ။

၁၃၇၄-ခု၊ ပထမဝါဆိုလဆန်း ၉-ရက်၊ ၂၈-၆-၂၀၁၂ ဗုဒ္ဓဟူးနေ့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)မှ ရိုက်နှိပ် စိစစ်ပြီးစီးသည်။

## အရှင်သာသနဝရ ရေးသားထုတ်ဝေပြီး ကျမ်းစာအုပ်များ

၁။ ဗုဒ္ဓဝင်နှင့် ဓမ္မစကြာ (တတိယအကြိမ်) (၂၀၀၉)
၂။ ဗုဒ္ဓ၏ ပုံတော်နှင့် ဂုဏ်တော်များ (၁၉၉၉)
၃။ မိဘမေတ္တာ (ဒုတိယအကြိမ်) (၂၀၀၉)
၄။ ဘဝငြိမ်းချမ်းအောင် နေမယ် (၂၀၀၀)
၅။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
ဥပရိပဏ္ဏာသ (၁) (တတိယအကြိမ်) (၂၀၁၂)
၆။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
ဥပရိပဏ္ဏာသ (၂) (တတိယအကြိမ်) (၂၀၁၂)
၇။ ဓမ္မလက်ဆောင် (၂၀၀၁)
၈။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
မူလပဏ္ဏာသ (ဒုတိယအကြိမ်) (၂၀၁၁)
၉။ ပိဋက ဝိနိစ္ဆယကထာ (၁) (၂၀၀၇)
၁၀။ စိန်ရတနာ ပါဠိသင်နည်း (ဒုတိယအကြိမ်) (၂၀၁၁)
၁၁။ ပရိတ်တော် အဓိပ္ပာယ် ကြည်ညိုဖွယ် (၂၀၀၈)
၁၂။ ပရိတ်တော် လင်္ကာများ (၂၀၀၈)
၁၃။ ပဋ္ဌာန်းလင်္ကာများ (၂၀၀၈)
၁၄။ သဒ္ဒါ့အုတ်မြစ် (၂၀၀၉)
၁၅။ ဓမ္မပဒအဋ္ဌကထာ နိဿယ (ပထမတွဲ) (၂၀၁၀)

၂၈၄၉၈
၂၄-၁၂-၂၀၁၃

**ဖြန့်ချိရေး**

**– သစ္စာမဏ္ဍိုင်စာပေ၊ ရွှေတိဂုံတောင်ဘက်မုခ်**
**ဖုန်း–၀၁–၃၈၇၈၄၉၊ ၀၉–၅၁၂၅၂၈၅**

## ဓမ္မဗိမာန်ထုတ် ကျမ်းစာအုပ်များ

၁။ ဂါထာသူစိ (ဒုတိယအကြိမ်) (၂၀၁၀)
၂။ ဗုဒ္ဓဘာသာအရေး ဓမ္မဒသသန အတွေးအမြင်များ (၂၀၀၃)
၃။ WHAT BUDDHISM HAS TO OFFER THE WORLD (2003)
၄။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင် (၂၀၀၃)
၅။ ဣတိဝုတ်ပါဠိတော် နိဿယသစ် (၂၀၀၃)
၆။ သီလက္ခန် အဋ္ဌကထာ မြန်မာပြန် (၂၀၀၃)
၇။ အဋ္ဌသာလိနီ စည်းမျဉ်းရောင်ခြည် (၂၀၀၃)
၈။ ပိဋကတ်ဝတ္ထုလမ်းညွှန် (၂၀၀၄)
၉။ ဗုဒ္ဓညွှန်ပြ အလှကမ္ဘာ (၂၀၀၄)
၁၀။ မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာတော် (၂၀၀၄)
၁၁။ KHANDHA (THE AGGREGATES) AND THEIR NATURE (2005)
၁၂။ ဥဒါန်းပါဠိတော် နိဿယသစ် (၂၀၀၅)
၁၃။ သီလက္ခန်စည်းမျဉ်း အဖြေ (၂၀၀၅)
၁၄။ နေတ္တိအဋ္ဌကထာနိဿယ (ပထမတွဲ) (၂၀၀၅)
၁၅။ ဘာသာဋီကာလမ်းညွှန် (၂၀၀၇)
၁၆။ နေတ္တိအဋ္ဌကထာနိဿယ (ဒုတိယတွဲ) (၂၀၀၇)
၁၇။ သုတ်မဟာဝါအဋ္ဌကထာ မြန်မာပြန် (၂၀၀၉)
၁၈။ မဟာဝဂ္ဂဋီကာ နိဿယ (ပထမတွဲ) (၂၀၁၀)
၁၉။ မဟာဝဂ္ဂဋီကာ နိဿယ (ဒုတိယတွဲ) (၂၀၁၀)
၂၀။ အင်္ဂုတ္တိုရ်ပါဠိတော် နိဿယ (ပထမတွဲ) (၂၀၁၀)
၂၁။ အင်္ဂုတ္တိုရ်ပါဠိတော် နိဿယ (ဒုတိယတွဲ) (၂၀၁၀)
၂၂။ အင်္ဂုတ္တိုရ်ပါဠိတော် နိဿယ (တတိယတွဲ) (၂၀၁၁)
၂၃။ အင်္ဂုတ္တိုရ်ပါဠိတော် နိဿယ (စတုတ္ထတွဲ) (၂၀၁၁)

**ဖြန့်ချိရေး**

**– သစ္စာမဏ္ဍိုင်စာပေ၊ ရွှေတိဂုံတောင်ဘက်မုခ်**
**ဖုန်း–၀၁–၃၈၇၈၄၉၊ ၀၉–၅၁၂၅၂၈၅**